မြန်မာ့
စွယ်စုံကျမ်း
နှစ်ချုပ်

၆၇၄



၁၉၇၉

၁၉၂၅၂

မြန်မာ့
စွယ်စုံကျမ်း
နစ်ချုပ်



၁၉၇၉

ပဌမအကြိမ် ပုံနှိပ်ခြင်း၊ ၅၀၀၀

(၁၉၇၉)

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်အဖွဲ့၊
ညွှန်ကြားရေးမှူး ဦးကျော်အုံးက (မှတ်ပုံတင်အမှတ် - ၀၂၃၂၆) ဖြင့် စာပေဗိမာန်
ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် - ၀၂၁၅၁) ဖြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ် ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ် တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပါပြီ။ ယင်းသို့အတွဲပြည့်ထုတ်ဝေပြီးရုံဖြင့် စာပေဗိမာန်သည် တာဝန်ကျေပြီဟု မယူဆခဲ့ပါ။

စွယ်စုံကျမ်းပုံနှိပ်ထုတ်ဝေသူတို့သည် စွယ်စုံကျမ်းနောက်ဆုံးအတွဲကိုပုံနှိပ် ထုတ်ဝေပြီးတိုင်း မိမိတို့ ထုတ်ဝေခဲ့သော စွယ်စုံကျမ်းကို အစဉ်အမြဲ ခေတ်မီနေစေရန်နှစ်စဉ်လိုပင် နှစ်ချုပ်ကျမ်းများကိုအဖြည့်ကျမ်းများအဖြစ် ဆက်လက်၍ ပုံနှိပ် ထုတ်ဝေ ခဲ့ကြသည်သာ ဖြစ်ပေသည်။

ဤလူဘောင်သမိုင်းစဉ်သည် တဖြည်းဖြည်းတရွေ့ရွေ့အားဖြင့် အဆင့်ဆင့်ပြောင်းလဲ၍ နေလေသည်။ ခေတ် ဟောင်းစနစ်ဟောင်းတို့သည်လည်း တဖြည်းဖြည်း ချုပ်ငြိမ်းခဲ့ပြီဖြစ်သည်။ ၁၉၇၀ ခုနှစ်အတွင်းဖြစ်ပျက်ခဲ့သော ဤလူ ဘောင်သမိုင်းစဉ်သည် ၁၉၇၉ ခုနှစ်နှင့်မတူနိုင်တော့ချေ။ နိုင်ငံတနိုင်ငံ၏ သမိုင်းဖြစ်စဉ်ကိုကြည့်ပါ။ ၁၉၇၀ ခုနှစ်တွင် အုပ်ချုပ်ခံနယ်မြေတခုသည် ၁၉၇၉ ခုနှစ်တွင် လုတ်လပ်ရေးရသော သမ္မတနိုင်ငံဖြစ်လာသည်လည်းရှိသည်။ နယ်မြေ အမည်ပါပျောက်၍ အခြားနယ်မြေများနှင့် ပူးပေါင်းသွားသည်လည်းရှိသည်။ အမည်သစ်ပြောင်း၍ သွားသည်လည်းရှိ သည်။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အချို့ရာထူးအရှိန်အဟုန် အတက်အကျလည်းရှိသည်။ ကွယ်လွန် သွားကြသည် လည်းရှိသည်။ သိပ္ပံစက်မှု သမိုင်းစဉ်ပြောင်းလဲ တိုးတက်သည်လည်းရှိသည်။ ယင်းသို့သောနွေ့စဉ် ပြောင်းလဲဖြစ် ပေါ်နေသောသမိုင်းစဉ်များကို စွယ်စုံကျမ်းပြုစု ပုံနှိပ်ထုတ်ဝေသူတို့သည် မျက်ခြည်ပြတ်ခံ၍ မဖြစ်ပါ။

စွယ်စုံကျမ်း ဖတ်ပရိသတ် များအား ကမ္ဘာ့သမိုင်းဖြစ်စဉ်များကို နောက်ဆုံးအခြေအနေအထိ သုတေသနပြု၍ တင်ပြရမည်မှာ စွယ်စုံကျမ်းထုတ်ဝေသူတို့၏ တာဝန်တရပ်ဟု ယူဆသည့်အတိုင်း ဗြိတိန်နိုကစွယ်စုံကျမ်းထုတ်ဝေရေးတိုက် သည် ဗြိတိန်နိုကစွယ်စုံကျမ်း နှစ်ချုပ်ကိုလည်း၊ ကမ္ဘာ့စွယ်စုံကျမ်းထုတ်ဝေရေးတိုက်သည် ကမ္ဘာ့စွယ်စုံကျမ်းနှစ်ချုပ်ကိုလည်း၊ ထိုမှတပါး အခြားအခြားသော စွယ်စုံကျမ်းပုံနှိပ်ထုတ်ဝေသော စာပေတိုက်ကြီးများသည် စွယ်စုံကျမ်းနှစ်ချုပ်အသီး သီးကိုလည်း ပြုစုပုံနှိပ်ထုတ်ဝေလေ့ ရှိပါသည်။

ထို့အတူပင် မြန်မာ့စွယ်စုံကျမ်းပုံနှိပ်ထုတ်ဝေသော စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်း နောက်ဆုံးအတွဲကို ထုတ်ဝေပြီးသည်နှင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ကို ပုံနှိပ်ထုတ်ဝေရန်ကြိုးပမ်းခဲ့ရာ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၇၀ ကို ပုံနှိပ်ထုတ်ဝေခဲ့အပြီး မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၉ ကို ဆက်လက် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ ယခုမြန်မာ့စွယ်စုံ ကျမ်း နှစ်ချုပ် ၁၉၇၉ ကို စာပေပညာရှင်များ၏အကူအညီဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာ ဝမ်းမြောက်ရပါသည်။ ယင်းသို့ပြုစုထုတ်ဝေရာ၌ ကူညီကြသူ စာပေပညာရှင်များအားလည်း အထူးကျေးဇူး တင်ရှိ ကြောင်း ဖော်ပြအပ်ပါသည်။

စာပေဗိမာန်

ဤကျမ်းကိုမရှစားမိ

အောက်ပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း စီစဉ်ပုံကို သဘောပေါက်၍ ကိုးကား ကျမ်းတဆူအဖြစ် လွယ်ကူစွာ အသုံးပြုတတ်ပေလိမ့်မည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၇၉ သည် မြန်မာ့စွယ်စုံကျမ်း၏ အဖြည့်ကျမ်းတခု ဖြစ်သည်။ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၇၀ ပါအကြောင်းရပ်တို့နှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ ပုံစံဆိုသော် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဒီ၏အကြောင်းရပ်သည် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၇၀၊ စာမျက်နှာ ၁၃၅ တွင်ဖော်ပြပြီးဖြစ်သည်။ ယင်းအကြောင်းရပ် ပြုစုစဉ်က အင်ဒီရာဂန္ဒီသည် အိန္ဒိယနိုင်ငံအထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ အရေးနိမ့်၍ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးရချိန်ဖြစ်သည်။ ယခုစွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၉ ပြုစုထုတ်ဝေချိန်တွင် အင်ဒီရာဂန္ဒီသည်ပြည်နယ်ကြားဖြတ်ရွေးကောက်ပွဲတခုမှပြန်လည်အနိုင်ရရှိကာ နိုင်ငံရေးဇာတ်စင်ပေါ်သို့ပြန်လည်တက်လာချိန်ဖြစ်သည်။ ထို့ကြောင့် စွယ်စုံနှစ်ချုပ် ၇၉၊ အက္ခရာစဉ်အညွှန်းတွင် ဂန္ဒီ, အင်ဒီရာ၊ ၇၉ – ၁၁၂။ ၇၈ – ၁၃၅ ဟုအညွှန်းပြကာ ယင်းအတွဲပါ အကြောင်းအရာများနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ၁၉၇၀ ခုနှစ် နှစ်ကုန်ပိုင်းအထိ ပြုစုထားပါသည်။ စွယ်စုံကျမ်းများ၌ မပါသေးသော အကြောင်းရပ်များ၌မူ ညွှန်းချက်များ မပါပါ။ ထုတ်ဝေပြီး စွယ်စုံကျမ်းများ၌အပြန်အလှန်ညွှန်းသည့်အခါ အတွဲအမှတ်နှင့် စာမျက်နှာများဖော်ပြထားပါသည်။ ဤနှစ်ချုပ်ပါအကြောင်းရပ်ကို ညွှန်းလိုသည့်အခါ အကြောင်းရပ်အမည်ကို ဖော်ပြညွှန်းဆိုထားပါသည်။

မြန်မာ့စွယ်စုံကျမ်းများ၌မပါခဲ့ပဲ ၁၉၇၀ ပြည့်နှစ် မတိုင်မီက ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများကိုမူ သက်ဆိုင်ရာကျမ်းတွဲများ ပြန်လည်ပုံနှိပ်သည့်အခါ ဖြည့်စွက်ချက်အဖြစ် ထည့်သွင်းဖော်ပြမည် ဖြစ်ပါသည်။ ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းတွင် ကွယ်လွန်ခဲ့သူများကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၉ တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ ပုံစံအားဖြင့် မိုးညှင်းဆရာတော်၊ မိုးကုတ်ဆရာတော်စသည်တို့သည် ၁၉၇၀ ပြည့်နှစ်ရှေ့ပိုင်းတွင် ပျံလွန်တော်မူသဖြင့် စွယ်စုံအတွဲ ၉ ပြန်လည်ပုံနှိပ်သည့်အခါ ဖြည့်စွက်ထည့်သွင်းဖော်ပြမည်ဖြစ်ပြီး လင်းခေး ဦးထွန်းမြင့်၊ ဝေဘူဆရာတော်တို့ကဲ့သို့ ၁၉၇၀ ပြည့်နှစ်နှင့် ယင်းနောက်ပိုင်းတွင် ကွယ်လွန်၊ ပျံလွန်သူပုဂ္ဂိုလ်တို့ကို မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် ၁၉၇၉ တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ဤကျမ်း၌ ၁၉၇၀ ခုနှစ်အတွင်းအရာများကို ၁၉၇၉ တွင်ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၁၉၇၉ ခုနှစ်အတွင်းအဖြစ်အပျက်များကိုမူ နှစ်ချုပ် ၁၉၈၀ တွင်ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းကိုအပိုင်းလေးပိုင်းခွဲ၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၇၀ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို နေ့စဉ်မှတ်တမ်းသဘော ဖော်ပြထားသည်။ ဒုတိယပိုင်းတွင် ၁၉၇၀ ခုနှစ်အတွင်းထူးခြား၍ စိတ်ဝင်စားဘွယ်ရာ အကြောင်းရပ်များကိုရွေးချယ်စိစစ်၍ ဆောင်းပါးကြီးများအဖြစ် ပြုစုကာ တင်ပြထားပါသည်။ တတိယပိုင်း၌ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ပါသင့်ပါထိုက်သော အကြောင်းရပ်များကိုအက္ခရာစဉ်၍ က မှ အအက္ခရာအထိအက္ခရာစဉ်အလိုက် ဖော်ပြထားပါသည်။

စတုတ္ထပိုင်း၌မူ ၁၉၇၀ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ ပုဂ္ဂိုလ်ထူးများ၏ စာရင်းကို ဖော်ပြပါသည်။ ထို့အပြင် စွယ်စုံနှစ်ချုပ်ပါအကြောင်းရပ်များကို အလွယ်တကူ ရှာဖွေနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း ၁

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ ၁-၃၈

ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကျောက်ရုပ် ဖွင့်ပွဲ
အခမ်းအနား (သတင်းစာတ်ပုံ) ၃၉

အပိုင်း ၂

ထူးခြားသော အကြောင်းရပ်များ

— မူးယစ်ဆေးဝါး အန္တရာယ် ၄၀-၅၀

— ဆေးပညာနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း ၅၁-၅၇

— အာဖရိက ၅၈-၆၉

— အဏ္ဏဝါသိုက်ကြီး ၇၀-၇၈

အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါး
အန္တရာယ်ကို စုပေါင်းကာကွယ် တိုက်ဖျက်ကြရမည်။ ၇၉
(သတင်းစာတ်ပုံ)

အပိုင်း ၃

မြန်မာ့ စွယ်စုံကျမ်း ဖြည့်စွက်ချက်များ ၈၀-၂၉၈

အပိုင်း ၄

၁၉၇၈ ခုနှစ် အတွင်း ကွယ်လွန်ခဲ့သော ပုဂ္ဂိုလ်ထူးများ ၂၉၉
(မြန်မာနှင့် နိုင်ငံတကာ)

အကွာရာစဉ်အညွှန်း ၃၀၁

စဉ်	အမည်	ဘာသာ	သင်္ချာ	သိပ္ပံ	လူမှုရေး	ပျမ်းမျှ
၁	ကိုမင်းလွင်	၇၂	၈၄	၇၆	၈၀	၇၈.၀
၂	မအေးသီတာ	၈၅	၉၁	၈၈	၉၄	၈၈.၀
၃	ဦးကျော်ဇင်	၆၈	၇၅	၇၀	၇၂	၇၁.၀
၄	ဒေါ်ခင်မာလေး	၉၀	၉၆	၉၂	၈၈	၉၁.၀
၅	ကိုဇော်ဝင်းထွန်း	၆၅	၇၀	၆၈	၇၅	၆၉.၀
၆	မခင်ဦးဆွေ	၇၈	၈၂	၈၀	၈၅	၈၀.၀
၇	ကိုသန်းဝေ	၅၉	၆၄	၆၁	၆၈	၆၃.၀
၈	မြတ်နိုးစန္ဒာ	၉၂	၉၅	၉၀	၉၆	၉၃.၀
၉	ကိုအောင်ကြီး	၇၅	၇၈	၇၃	၈၀	၇၆.၀
၁၀	မသီတာဦး	၈၈	၉၂	၈၅	၉၀	၈၇.၀

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ



အောင်ဆန်းတံခွန်ဘွဲ့

ပြည်ထောင်စုတံခွန်ဘွဲ့

တံခွန်ဘွဲ့



လမ်းစဉ်ဇာနည်ဘွဲ့





ပြည်ထောင်စုဇာနည်ဘွဲ့

ဇာနည်ဘွဲ့



အောင်ဆန်းသူရိယဘွဲ့

သီဟသူရဘွဲ့

သူရဘွဲ့



ဆိုရှယ်လစ်ဒီမိုကရေစီစွယ်စုံထူးချွန်တံဆိပ်



မံထူးချွန်တံဆိပ် (ပထမဆင့်)



စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)



စီမံထူးချွန်တံဆိပ် (တတိယဆင့်)



လူမှုထူးချွန်တံဆိပ် (ပထမဆင့်)



လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)



လူမှုထူးချွန်တံဆိပ် (တတိယဆင့်)



ဆိုရှယ်လစ်စီးပွားရေးစွယ်စုံထူးချွန်တံဆိပ်



လယ်ယာစီးပွားထူးချွန်တံဆိပ်
(ပထမဆင့်)



လယ်ယာစီးပွားထူးချွန်တံဆိပ်
(ဒုတိယဆင့်)



လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)



စက်မှုစီးပွားထူးချွန်တံဆိပ် (ပထမဆင့်)



စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)



စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)



အောင်ဆန်းတံဆိပ်



သီဟဗလတံဆိပ်



သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်



အရေးတော်ပုံတံဆိပ်



လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်



လွတ်မြောက်ရေးတံဆိပ်





စစ်မှုထမ်းကောင်းတံဆိပ်



ပြည်သူ့သားကောင်းတံဆိပ်



စွန့်လွှတ်သူတံဆိပ်



နိုင်ငံတော် စစ်မှုထမ်းတံဆိပ်



ပြည်ပရန်နှိမ်တံဆိပ်



ပြည်သူ့စစ် တိုက်ပွဲဝင်တံဆိပ်



ရဲသီဟတံဆိပ်



ရဲသူရတံဆိပ်



ရဲဗလတံဆိပ်



ရဲသူရိန်တံဆိပ်



ရဲကျော်စွာတံဆိပ်



ရဲကျော်သူတံဆိပ်



ရဲမူထမ်းကောင်းတံဆိပ်



နိုင်ငံတော် ရဲမူထမ်းတံဆိပ်

(ဘွဲ့တံဆိပ်များ၊ စာမျက်နှာ ၂၀၄-၌)

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ



နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် လာရောက်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် တိန့်ရှောင်ဖိန်အား မင်္ဂလာဒုံ လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ခဲ့သည်

ဇန္နဝါရီလ

၁ တီဟီရန်မြို့တွင် အမေရိကန် သမ္မတ ဂျင်မီကာတာ၊ ဂျော်ဒန်ဘုရင်ဟူစိန်နှင့် အီရန် ရှားဘုရင်တို့သည် နှစ်သစ်ကူးပွဲ အခမ်းအနားကို အတူတက္ခ ဆင်နွဲအပြီးတွင် သမ္မတကာတာနှင့် ဘုရင်ဟူစိန်တို့သည် အီဂျစ်နှင့်အဇူရီယယ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ဂျော်ဒန်နိုင်ငံပါဝင်ရေးကို ညှိနှိုင်းဆွေးနွေးကြသည်။

ခုနစ်နိုင်ငံ ခရီးစဉ်တွင် တတိယမြောက်နိုင်ငံအဖြစ် အိန္ဒိယနိုင်ငံသို့အမေရိကန်သမ္မတ ကာတာ ရောက်ရှိလာသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲနှင့် ဆန္ဒမဲပေးပွဲကို နိုင်ငံတဝန်းလုံးစတင်ကျင်းပသည်။

၂ နယူးဒေလီမြို့တွင် ကျင်းပသော အမေရိကန်သမ္မတ ကာတာအား တည်ခင်းသည့် နိုင်ငံတော်ဧည့်ခံပွဲတွင် အိန္ဒိယ သမ္မတရက်ဒီက အိန္ဒိယ သမုဒ္ဒရာဒေသများတွင် စစ်မဲ့စေရေးအတွက် အင်အားကြီးနိုင်ငံများက စစ်အား ဖြန့်ထားမှုများကို အဆုံးသတ်ကြရန် မေတ္တာရပ်ခံ ပြောကြားသည်။

၃ အမေရိကန် သမ္မတနှင့် အိန္ဒိယ ဝန်ကြီးချုပ်တို့သည် နျူးကလီးယားလက်နက် ပြန့်ပွားမှု ရပ်စဲသင့်သည် ဟူသော သဘောတူညီချက်ပါဝင်သည့် နှစ်နိုင်ငံ ကြေငြာချက် ထုတ်ပြန်သည်။

ခုနစ်နိုင်ငံခရီးစဉ်တွင် စတုတ္ထ နိုင်ငံအဖြစ် ဆအူးဒီအာရေဗျနိုင်ငံသို့ အမေရိကန်သမ္မတ ကာတာရောက်ရှိလာသည်။ ဆအူးဒီအာရေဗျဘုရင် ခါလက်နှင့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး အဓွန့်ရှည်စွာ တည်တံ့ရေးအတွက် ဆွေးနွေးကြသည်။

ဗုဒ္ဓဘာသာနိုင်ငံများ စုပေါင်း၍ နိုင်ငံတကာ ဗုဒ္ဓသာသနာ့ဗိမာန်တခု တည်ထောင်ရန် သီရိလင်္ကာနိုင်ငံ ယဉ်ကျေးမှုရေးရာဝန်ကြီး ဟူဂူလီသည် မြန်မာ၊ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့မှ သံတမန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းဗိမာန်ကို သီရိလင်္ကာဝန်ကြီးချုပ်လှူဒါန်းသော ကိုလံဗိုမြို့ ဆင်ခြေဖုံးရှိ ၉က ၄၀ ကျယ်သော မြေကွက်ပေါ်တွင် ဆောက်လုပ်မည်ဖြစ်သည်။

၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၏ ၃၀ နှစ်မြောက်လွှတ်လပ်ရေးနေ့ဖြစ်သည်။

ခုနစ်နိုင်ငံ ခရီးစဉ်တွင် ပဉ္စမ နိုင်ငံအဖြစ် အီဂျစ်နိုင်ငံသို့ သမ္မတ ကာတာရောက်ရှိလာသည်။ သမ္မတ ကာတာနှင့် အီဂျစ်သမ္မတ အန္နဝါဆဒတ် တို့သည် အက်ဆွမ်မြို့တွင် ညှိနှိုင်းဆွေးနွေးကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ(ဃ)တွင် အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များအရဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင် တံဆိပ်များရရှိကြသော စစ်မှုထမ်းများနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား ဘွဲ့တံဆိပ်များအပ်နှင်းသည်။

၅ မဲခေါင်မြစ် ရေလွှမ်းမှု ထိန်းသိမ်းရေးအတွက် ဗီယက်နမ်၊ လောနှင့် ထိုင်းနိုင်ငံတို့သည် ယာယီကော်မတီတရပ် ဖွဲ့စည်းကြောင်း ပူးတွဲကြေငြာချက်ကို သဘောတူလက်မှတ် ရေးထိုးကြသည်။

ပြင်သစ်သို့ ရောက်ရှိနေသော အမေရိကန်သမ္မတ ဂျင်မီကာတာနှင့် ပြင်သစ်သမ္မတ ဂစ္စကတ်ဒက်စတိုင်းတို့သည် အရှေ့အလယ်ပိုင်း နျူးကလီးယားထုတ်လုပ်မှု၊ အာဖရိက ဦးချိုဒေသ၌ တိုက်ခိုက်နေမှုနှင့် နျူထရွန်ဗုံးကိစ္စများကို ဆွေးနွေးသည်။

၆ ဂျပန်တို့သည် အမေရိကန် ကုမ္ပဏီများမှထုတ်လုပ်သော ပစ္စည်းများကို

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

ပိုမိုဝယ်ယူရန် ငြင်းဆိုခဲ့လျှင် ဂျပန်နိုင်ငံမှ တင်သွင်းသော ပစ္စည်းများကိုလည်းပြန်လည်ဆန့်ကျင် တုံ့ပြန်ရမည်ဟု အမေရိကန် အထက်လွှတ်တော် ဘဏ္ဍာရေး ကော်မတီဝင်နှစ်ဦးက ပြောကြားသည်။

၇ ဂျော်ဒန်မြစ်အနောက်ဘက်ဒေသနှင့် ဂါဇာကမ်းမြောင်တို့တွင် ပယ်လက်စတိုင်များအတွက် နောက်ဆုံး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး၍ ကြားဖြတ် ပူးတွဲအုပ်ချုပ်ရ လိမ့်မည်ဖြစ်ရာ ယင်းသို့ဖြင့် အရှေ့အလယ်ပိုင်း၌ လိပ်ခဲတည်းလည်းဖြစ်နေမှုပြဿနာကို ဖြေရှင်း နိုင်လိမ့်မည်ဟု အမေရိကန်သမ္မတ ဂျင်မီကာတာ၏ ကိုးရက်ကြာ ခုနစ်နိုင်ငံခရီးစဉ်အပြီး ဗရပ်ဆဲမြို့မှ ဝါရှင်တန်မြို့သို့အပြန်တွင် သတင်းထောက်များအား ထုတ်ဖော်ပြောကြားသည်။

ဆိုင်းနိုင်းဒေသမှအင္ဇရီယယ်တပ်အားလုံးအပြည့်အဝရုပ်သိမ်းရေးကို အင္ဇရီယယ်ခေါင်းဆောင်များနှင့် မိမိသဘောတူညီမှု ရပြီးဖြစ်သည်ဟု အီဂျစ်သမ္မတ ဆဒတ်က အောက်တိုဘာ အပတ်စဉ် မဂ္ဂဇင်းနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

၈ စိုက်ပရပ်ကျွန်းပြဿနာနှင့် စပ်လျဉ်း၍ မိမိတို့အစိုးရက ကျင့်သုံးလိုသည့် ဝါဒသဘောထားမှာ စိုက်ပရပ်ရှိ လူမျိုးနှစ်မျိုး တန်းတူမှုပေါ် အခြေခံရေး ဖြစ်သည်ဟု အန်ကာရာမြို့သို့ တူရကီအစိုးရသစ်နှင့် ညှိနှိုင်းရန် ရောက်ရှိနေသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကုဗား လ ဟိုင်း အား တူရကီ နိုင်ငံခြားရေးဝန်ကြီးသစ် ဂွန်နစ်အုတ်ကန်က ပြောကြားသည်။

ပယ်လက်စတိုင်တို့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေးကို ဦးတည် အကောင်အထည် ဖော်မည့် ကြားကာလကို ငါးနှစ်အချိန်အထိ လက်ခံနိုင်ကြောင်း အီဂျစ် သမ္မတအနှဝါဆဒတ်က အက်ဆွမ်မြို့တွင် သတင်းထောက်များအား ထုတ်ဖော်ပြောကြားသည်။

၉ အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ်မှ မိုင်ပေါင်း ၆၀၀၀ ကျော်တွင်တည်ရှိသော ပစိဖိတ်ကျွန်း ၁၆ ကျွန်းတို့သည် မြောက်မရီယာနာကျွန်းများ ဓနသဟာယ အမည်ဖြင့် အမေရိကန် ပြည်ထောင်စု၏ နယ်မြေ ဖြစ်လာသည်။

ဆူဒန်နိုင်ငံသမ္မတ ဂဖားနီမီရီနှင့် အီဂျစ်သမ္မတအနှဝါဆဒတ်တို့သည် ခါတွမ်းမြို့တွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လှုပ်ရှားမှုများကို ဆွေးနွေးကြပြီး ပူးတွဲ သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။

အီဂျစ်နိုင်ငံသို့ ရောက်ရှိနေသော အီရန်နိုင်ငံ ရှားဘုရင်သည် အီဂျစ်သမ္မတဆဒတ်နှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လှုပ်ရှားမှုများကိုအက်ဆွမ်မြို့တွင်ဆွေးနွေးကြသည်။

၁၀ ပယ်လက်စတိုင်နိုင်ငံ ထူထောင်ခြင်းကို ဟန့်တားရန် အီရန်နိုင်ငံ ရှားဘုရင်က အီဂျစ် ဂျော်ဒန်နိုင်ငံတို့နှင့် ပူးပေါင်းလုပ်ဆောင်နေသည်ဟု ပယ်လက်စတိုင် လွှတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ခေါင်းဆောင် အာရဖတ်က စွပ်စွဲလိုက်သည်။

ချက်ကိုဆလိုဗားကီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြည်ပ ကုန်သွယ်ရေးဝန်ကြီး မစ္စတာအန်ဒရေဗာချတ်နှင့်အဖွဲ့ဝင်ခုနစ်ဦးတို့သည် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။ စီမံကိန်းသုံးရပ်ကို စက်မှုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် တည်ဆောက်ရေး အတွက် ဆွေးနွေးညှိနှိုင်းရန်နှင့် စာချုပ် ချုပ်ဆိုရန်လာရောက်ခြင်းဖြစ်သည်။

၁၁ အီဂျစ်ကာကွယ်ရေးဝန်ကြီး ဂမာဆီ ခေါင်းဆောင်သော အီဂျစ်ကိုယ်စားလှယ်အဖွဲ့နှင့် အင္ဇရီယယ် ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး ဝိုက်ဇမန်း ခေါင်းဆောင်သော အင္ဇရီယယ်ကိုယ်စားလှယ်အဖွဲ့တို့သည် ကိုင်ရိုမြို့တွင် အီဂျစ်-အင္ဇရီယယ် စစ်ဖက်ရေးရာ ကော်မတီ အစည်းအဝေး ပြုလုပ်သည်။

အမေရိကန်နိုင်ငံက ကြီးမှူးကျင်းပသော အာရှအရှေ့ပိုင်းဒေသဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပူးတွဲညှိနှိုင်းမှုညီလာခံကို စက်ာပူမြို့တွင် ကျင်းပသည်။

၁၂ အိုင်ဗရီကို့စ နိုင်ငံတွင် ငါးရက်ကြာ ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်လျက်ရှိသော ပြင်သစ်သမ္မတ ဂစ္စကတ်ဒက်စတိုင်းက အိုင်ဗရီကို့စပါလီမန်တွင် အာဖရိကတိုက်သည် အာဖရိက လူမျိုးများ အတွက် ဖြစ်ရမည်ဟူသောခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားသည်။

ဆာယု ၂၇ အာကာသယာဉ်သည် အာကာသတွင်းရှိ ဆာလျှု ၆ နှင့် ဆာယု ၂၆ အာကာသယာဉ် အတွဲနှင့် မောစကိုစံချိန် ၁၇ နာရီ ၆ မိနစ်တွင် ချိတ်ဆက်မိသွားပြီဖြစ်သည်။ ကမ္ဘာပတ် အာကာသစခန်းယာဉ်နှင့် အာကာသယာဉ် နှစ်စင်းတို့ ပါဝင်သော လူ လိုက်ပါသည့် သုတေသနယာဉ်တွဲကြီးကို အာကာသယာဉ်သမိုင်းတွင် ပထမဆုံးအဖြစ် ကမ္ဘာမြေနှင့် အနီးဆုံးကမ္ဘာပတ် လမ်းကြောင်းတွင် ဖန်တီးထားခြင်း ဖြစ်သည်။

ပြည်ထောင်စု သမ္မတ ဂျာမနီ နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီး ဌာနဝန်ကြီး မာရီယာ ရှလိုင်းသည် အဖွဲ့ဝင်များနှင့်အတူ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။

၁၃ အမေရိကန်သမ္မတ ဂျင်မီကာတာ၏ ကုန်သွယ်ရေး သံတမန်ကြီး ရောဗတ်စတြော့နှင့် ဂျပန်ပြည်ပ စီးပွားရေးဝန်ကြီး ဥရှိဗာတို့သည် အမေရိကန် ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့၏ ငါးလကြာပြီဖြစ်သော ကုန်သွယ်ရေးစစ်ပွဲကို ယာယီ ရပ်ဆိုင်းထားရန် သဘောတူညီကြသည်။

အာရှအရှေ့ပိုင်း ဒေသများ၌ ကမ်းလွန်ရေနံနှင့် အခြားဓာတ်သတ္တုများ ရှာဖွေရေးတွင် ဒေသန္တရ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ တိုးချဲ့ပြုလုပ်နိုင်ရန်အတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်က ဒေါ်လာ သုံးသန်းမျှ ထုတ်ပေးမည်ဟု ကြေငြာသည်။

၁၄ အဖွဲ့ဝင်အရပ်သား ၁၁ ဦးနှင့် စစ်ဖက်ဆိုင်ရာပုဂ္ဂိုလ်ငါးဦး ပါဝင်ဖွဲ့စည်းသည့် အကြံပေးကောင်စီကို စစ်အုပ်ချုပ်ရေး ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဇီယာအူးလဟတ်က ခန့်ထားကြောင်း ကြေငြာချက် ထုတ်ပြန်သည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖအေအို) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အက်ဒွပ်မာဥမားသည် အဖွဲ့ဝင် သုံးဦးနှင့်အတူ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

၁၅ တောင်အာရှနိုင်ငံများအတွင်း ရေရရှိရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေး အလားအလာများ စူးစမ်းရှာဖွေရန်

ဗင်္ဂလားဒေ့ရှနှင့် နီပေါနိုင်ငံတို့ သဘောတူညီမှုရကြောင်း ဒက္ကားသို့အစိုးရည့်သည်အဖြစ် လာရောက် လည်ပတ်သော နီပေါဘုရင်၏ လေးရက်ကြာခရီး အပြီးတွင် ထုတ်ပြန်သော ပူးတွဲ ကြေငြာချက်တွင် ဖော်ပြသည်။

၁၆ နိုင်ငံတကာ နေထောင်ခြည် စွမ်းအင်ညီလာခံကို နယူးဒေလီမြို့တွင် စတင် ကျင်းပရာ အနာဂတ်၌ နေထောင်ခြည် စွမ်းအင်ကို လောင်စာအဖြစ် အသုံးပြုရေး ညှိနှိုင်းကြသည်။

ဣတလီဝန်ကြီးချုပ် အင်ဒရီရော့တီနှင့် ယင်း၏ လူနည်းစုခရစ်ယန် ဒီမိုကရက်တစ် ပါတီအစိုးရအဖွဲ့သည် ရာထူးမှနုတ်ထွက်လိုက်သည်။

ကမ္ဘာပတ် လမ်းကြောင်းအတွင်း ရုရှက ပစ်လွှတ်ထားသော ဆာလျှု ၆၊ ဆာယု ၂၆ နှင့် ဆာယု ၂၇ အာကာသယာဉ် သုံးစင်းတွဲတွင် သုတေသနနှင့် စမ်းသပ်မှုများ အောင်မြင်စွာ လုပ်ဆောင်ခဲ့ကြသော အာကာသယာဉ်မှူး ဗလာဒီမားဂျနီဗီကော့နှင့် အိုလက်မာကရော့တို့သည် ဆာယု ၂၆ အဆင်းယာဉ်ဖြင့် ကြိုတင်သတ်မှတ်ထားသော နေရာသို့ ပြန်လည်ဆင်းသက်သည်။



ယူဂိုစလားဗီးယား ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံ ဒုတိယသမ္မတကြီး မစ္စတာ စတီဗင်ဒိုရွန် စကီးက နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယုအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

၁၇ အီဂျစ်နှင့် အင်ဒရီယယ်တို့၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆိုင်ရာ နိုင်ငံရေး ညှိနှိုင်းပွဲကို ဂျရူးဆလမ်မြို့ တွင် ပြုလုပ်သည်။

တူရကီနိုင်ငံ ရီပတ်ဗလီကန် ပြည်သူပါတီ (အာပီပီ) ခေါင်းဆောင် ဗူလင့်အီးစီဗစ် ခေါင်းဆောင်သည့် တူရကီ အစိုးရသစ်သည် အမျိုးသားလွှတ်တော်၏ ယုံကြည်မှုကို မဲခွဲ၌ အနိုင်ရရှိလိုက်သည်။

၁၈ ဂျရူးဆလမ်မြို့တွင် ကျင်းပနေသော အင်ဒရီယယ်နှင့်အီဂျစ်တို့၏ နိုင်ငံရေးခေါ်မတိ ညှိနှိုင်းပွဲတွင် အင်ဒရီယယ်ဝန်ကြီးချုပ် မိနာချင်ဗယ်ဂင်နှင့် နိုင်ငံခြားရေးဝန်ကြီး မိုရှေဒါယန်းတို့၏ကြေငြာချက်များ အပေါ် အီဂျစ်အစိုးရက မကျေနပ်သဖြင့် ဆွေးနွေးပွဲကို ရုတ်တရက် ရပ်ဆိုင်းကြောင်းကြေငြာလိုက်ပြီး အီဂျစ် ကိုယ်စားလှယ်အဖွဲ့ကို ပြန်ခေါ်လိုက်သည်။

၁၉ တောင်အာဖရိက အုပ်ချုပ်သော နယ်မြေ၏ အနာဂတ်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းရန် ကုလသမဂ္ဂ အထူးအစည်းအဝေးတရပ်ကို ဧပြီလ နောက်ပိုင်းတွင် ခေါ်ယူ ကျင်းပရန် ကုလသမဂ္ဂ၏ နမီးဗီးယား ဆိုင်ရာ ကောင်စီက ထောက်ခံထားသည်ဟု ကုလသမဂ္ဂက ကြေငြာသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယုတို့၏ ဖိတ်ကြားချက်အရ ယူဂိုစလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံတော် နိုင်ငံတော် ဥသျှောင်အဖွဲ့ဝင် ဒုတိယသမ္မတ မစ္စတာ စတီဗင်ဒိုရွန်စကီး၊ ဇနီးနှင့် အဖွဲ့သည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်တွင် ငါးရက်ကြာ နေထိုင်ရန် အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည်။

၂၀ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်မှ အမေရိကန် နုတ်ထွက် သွားခြင်းကြောင့် ဘဏ္ဍာရေးအကျပ်အတည်းရှိလာရမှုကို ကျော်လွှားနိုင်စေရန် ဆအူးဒီအာရေဗျက ယခင်ထည့်ဝင်ငွေ၏ နှစ်ဆတိုးပြီး ထည့်ဝင်မည် ဖြစ်ကြောင်း၊ အခြားနိုင်ငံများကလည်း ထည့်ဝင်ငွေတိုးခဲ့မည်ဟု သိရသည်။

၂၁ ရိုဒီးဇီးယားနိုင်ငံတွင်း၌ အခြေစိုက် နေထိုင်လျက် ရှိသောလူမည်းခေါင်းဆောင်သုံးဦးနှင့် မိမိတို့ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ဗြိတိသျှအစိုးရက ပစ်ပယ်ထားသည်ဟု မြို့တော်အပြင်ဖက်ရှိ လူမည်းအုပ်ချုပ်ရေးအဆောက်အဦဖွင့်ပွဲတွင်ရိုဒီးဇီးယားဝန်ကြီးချုပ် မစ္စတာစမစ်က ထုတ်ဖော်ပြောကြားသည်။

၂၂ တရုတ်နှင့် ဗင်္ဂလားဒေ့ ရှုန့်နိုင်ငံတို့ ချုပ်ဆို လက်မှတ်ရေးထိုးလိုက်သော လူသုံးကုန်ဖလှယ်ရေး စာချုပ်သစ်အရ ကုန်သွယ်မှု တိုးခဲ့ လုပ်ကိုင်ကြမည်ဟု တရားဝင် ကြေငြာသည်။

၂၃ နျူးကလီးယား လက်နက် စမ်းသပ်ဖောက်ခဲ့မှုများ လုံးဝ ပိတ်ပင်ရေးနှင့်

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

ပတ်သက်သော စာချုပ်မူကြမ်း ရေးဆွဲရေး ဆွေးနွေးပွဲကို ရုရှ၊ အမေရိကန်နှင့် ဗြိတိန်တို့သည် ဂျီနီဗာမြို့တွင် ပြန်လည်ကျင်းပသည်။

ကမ္ဘာ့ အချမ်းသာဆုံး နိုင်ငံများအဖို့ ယင်းတို့၏ ပိုလျံသော အမေရိကန် ဒေါ်လာ ငွေများဖြင့် ရွှေဝယ်ယူ စုဆောင်းရာတွင် ကန့်သတ်ထားသည့် နှစ်နှစ်သက်တမ်း စည်းကမ်းကို ဇန်ဝါရီလ ၃၁ ရက်တွင် လျှော့ချရန် သဘောတူညီကြသည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ကြေငြာသည်။

၂၄ နျူးကလီးယားအင်အားသုံး ဓာတ်အားပေးစက် သယ်ဆောင်ထားပြီး ပုံမှန်လုပ်ငန်း မလုပ်နိုင်တော့သည့် ရုရှစစ်ရေးဂြိုဟ်တု တလုံးသည် ကနေဒါ အနောက်မြောက်ကောင်းကင်ယံ ကမ္ဘာ့လေထုအတွင်းတွင် ပျက်စီးသွားခဲ့သည်။ သို့သော်လည်း ကနေဒါနိုင်ငံ အနောက်မြောက်ဖက် နယ်မြေတဝိုက်တွင် အနုမြူ ရောင်ခြည် ကျရောက်မှု မတွေ့ရကြောင်း ကနေဒါစစ်ဖက်မှ ပြောကြားသည်။

၂၅ သြစတြေးလီးယားနိုင်ငံ အမျိုးသားနေ့ဖြစ်သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယ ဝန်ကြီးချုပ်တိန့်ရှောင်ဖိန်သည် အဖွဲ့ဝင် ၂၅ ဦးနှင့်အတူ မြန်မာနိုင်ငံတွင် ခြောက်ရက်ကြာနေထိုင်ရန် အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည်။

၂၆ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့ ဖြစ်သည်။

အရွှေတောင်အာရှ နိုင်ငံများအဖွဲ့ ဘဏ်လုပ်ငန်းဆိုင်ရာ ဒုတိယ အကြိမ်မြောက် ညီလာခံကို ဗန်ကောက်မြို့တွင် ကျင်းပသည်။

၂၇ ဂျီနီဗာမြို့၌ အခြေစိုက်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ လက်ထောက်အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ဂျပန်နိုင်ငံမှ ကာဇူဟိုဖရန်စစ်ယို့ရှိမူရာအား ခန့်အပ်လိုက်ကြောင်း ကြေငြာသည်။

ဥရောပဘုံစျေး၏ ငါးလုပ်ငန်းပေါ်လစီနှင့် စပ်လျဉ်း၍ မပြေမလည် ဖြစ်နေသည့် ကိစ္စကို ဖြေရှင်းရန် ဘာလင်မြို့တွင် ကျင်းပသော ဝန်ကြီးအဆင့် ဆွေးနွေးပွဲသို့ ဗြိတိန် ကိုယ်စားလှယ်က မတက်ရောက်ပဲ သပိတ်မှောက်သည်။

၂၈ အမေရိကန်သမ္မတ ကာတာ၏ ဖိတ်ကြားချက်အရ အီဂျစ်သမ္မတ ဆဒတ်သည် အမေရိကန်နိုင်ငံသို့ လာရောက် လည်ပတ်မည်ဟု အိမ်ဖြူတော်မှကြေငြာသည်။

၂၉ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပမည့် အီဂျစ်နှင့် အဇွရီယယ် စစ်ဖက်ရေးရာ ကော်မတီ အစည်းအဝေးသို့ အဇွရီယယ် ကိုယ်စားလှယ် ပြန်လည် တက်ရောက်ရေးကို အဇွရီယယ်အစိုးရက သဘောတူ ဆုံးဖြတ်လိုက်သည်။

အတွဲပေါင်း ၂၀၀ ပါရှိသော ကမ္ဘာ့စာပေ စာကြည့်တိုက် အမည်ရှိ စာအုပ်ကြီးကို ဆိုဗီယက်နိုင်ငံ၌ ပြုစုပြီးစီးသွားပြီ ဖြစ်သည်။ ယင်း စာအုပ်ကြီးသည် ကမ္ဘာ့စာပေ ယဉ်ကျေးမှု သမိုင်းတွင်ပထမဆုံး ထူးခြားသည့် စာအုပ်ကြီး ဖြစ်သည်။

၃၀ ကမ်ပူးချားနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံ နယ်နိမိတ် သတ်မှတ်ရေး အတွက် ညှိနှိုင်းရန် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဥပါဒစ်ပချာရီယန်ကွန်းသည် ကမ်ပူးချား နိုင်ငံသို့ ရောက်ရှိလာသည်။

၃၁ နေတိုးနှင့် ဝါဆောစာချုပ် အဖွဲ့ဝင် တပ်သားများ လျှော့ချရေး ဆယ့်လေးကြိမ်မြောက် အစည်းအဝေးကို ဗီယင်းနားမြို့တွင် ကျင်းပသည်။

နီပေါနိုင်ငံတွင် အလည်အပတ် ရောက်ရှိနေသော ယူဂိုစလားဗီးယား ဒုတိယသမ္မတ စတီဗင်ဒိုရွန်စကီးနှင့် နီပေါဘုရင် တို့သည် နှစ်နိုင်ငံပူးတွဲကြေငြာချက် ထုတ်ပြန်သည်။

ဖေဖွာရီလ

၁ အမေရိကန်နှင့်စစ်မဟာမိတ် စာချုပ်များ ချုပ်ဆိုထားမှုကြောင့် လက်နက် ရောင်းချမှု ကင်းလွတ်ခွင့် ပေးထားရသော မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ဝင် နိုင်ငံများ၊ ဂျပန်၊သြစတြေးလီးယားနှင့် နယူးဇီလန်တို့မှလွဲ၍ အခြား နိုင်ငံများအားလုံးဆို့ ယခုနှစ်အတွင်း လက်နက် ရောင်းချမှုကို ဒေါ်လာတန်ဖိုး အားဖြင့် ရှစ်ရာခိုင်နှုန်း အထိ လျှော့ချမည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ကာတာက ကြေငြာသည်။

၂ အီဂျစ်သမ္မတ ဆဒတ် စတင်ခဲ့သည့် အဇွရီယယ်နှင့် တိုက်ရိုက် ညှိနှိုင်းရေး ဝါဒကို ဆန့်ကျင်သော အာရပ် ခေါင်းဆောင်များဖြစ်သည့် အယ်လဂျီးရီးယားသမ္မတဗူမီဒီယင်၊ ဆီးရီးယား သမ္မတ အာဆတ်၊ လစ်ဗျဝန်ကြီးချုပ် အဗ္ဗဒူဆလမ်ဂျော့လောက်၊ တောင်ယေမင် လက်ရှိအာဏာရ အမျိုးသား လွတ်မြောက်ရေး တပ်ဦးခေါင်းဆောင် အဗ္ဗဒူဖတာ အစ္စမေးနှင့် ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ခေါင်းဆောင် အာရဖတ်တို့ ပါဝင်သော ဒုတိယအကြိမ် ထိပ်သီး ညီလာခံကို အယ်လဂျီးရီးယား နိုင်ငံ၊ အယ်လဂျီးရီးယားမြို့၌ စတင်ကျင်းပသည်။

အမေရိကန်သမ္မတ ကာတာနှင့် အရွှေအလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးရန် ရှစ်နိုင်ငံခရီးစဉ်၏ ပထမခရီးတထောက် ဖြစ်သော မိုရော့ကိုနိုင်ငံ ရာဗတ်မြို့သို့ အီဂျစ်သမ္မတ အနှဝါဆဒတ် ရောက်ရှိလာသည်။

၃ တရုတ်နိုင်ငံနှင့် ဥရောပ ဘုံစျေးအဖွဲ့ (အီးအီးစီ)တို့ ငါးနှစ် ကုန်သွယ်ရေး စာချုပ်တခုကို ဗရပ်ဆယ်မြို့၌ သဘောတူ လက်မှတ်ရေးထိုးလိုက်သည်။ ဘုံစျေးအဖွဲ့နှင့် ဆိုရှယ်လစ် နိုင်ငံကြီး တနိုင်ငံတို့ ပထမဆုံး ချုပ်ဆိုသော စာချုပ်ဖြစ်သည်။

၄ သီရိလင်္ကာသမ္မတနိုင်ငံ အမျိုးသားနေ့ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် ဂျေယျဝါဒိနီသည် သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးသမ္မတ အဖြစ်ဖြင့် ကျမ်းသစ္စာ ကျိန်ဆိုကာ ရာထူး လက်ခံလိုက်သည်။

အီဂျစ်သမ္မတ၏ အဇွရီယယ်နှင့် ငြိမ်းချမ်းရေး ရွှေဆောင်ရွှေရွက်ပြု ဆောင်ရွက်မှုတွင် တရုတ်ပြည်သူ သမ္မတနိုင်ငံက အီဂျစ်သမ္မတ ဆဒတ်အား အတိအလင်းထောက်ခံကြောင်း ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ကြေငြာသည်။

အမေရိကန် သမ္မတ ကာတာနှင့် အီဂျစ်သမ္မတ ဆဒတ်တို့သည် အရွှေ အလယ်ပိုင်း

ငြိမ်းချမ်းရေးညှိနှိုင်းပဲ့ကို မေရီလန်းပြည်နယ် ကင့်ဒေးဗစ်စခန်းတွင် ပြုလုပ်သည်။

၅ အယ်လဂျီးရီးယားနိုင်ငံ အယ်လဂျီးယား၊ဆီးရီးယား၊ လစ်ဗျ၊ တောင်ယေမင်နှင့် ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) တို့၏ဒုတိယအကြိမ်ထိပ်သီးညီလာခံအပြီး ပူးတွဲ နိုင်ငံရေး ကြေငြာ စာတန်းတစောင် ထုတ်ပြန်လိုက်သည်။ ကြေငြာစာတန်းပါ အဓိကအချက်နှစ်ချက်မှာ အီဂျစ်နှင့် အဆက်အသွယ် ရပ်ဆိုင်းထားရေးနှင့် ယင်းနိုင်ငံတို့ အပြန်အလှန် ကာကွယ်ရေး စာချုပ် ချုပ်ဆိုရေးတို့ ဖြစ်သည်။

ဆာလျှံ ၆၊ ဆာယု ၂၇ နှင့် ပရိဂရက် ၁ တို့ ပါဝင်သော အာကာသ ယာဉ်တွဲ၏ ကမ္ဘာပတ် လမ်းကြောင်းကို ရရှအာကာသ ယာဉ်မှူးများ ဖြစ်ကြသော ရိုမန်နင်ကိုနှင့် ဂရက်ချကိုတို့က ပြုပြင်ပေးလိုက်ကြသည်။

၆ နယူးဇီလန်နိုင်ငံ အမျိုးသားနေ့ဖြစ်သည်။

တရုတ်ပြည်သူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် တိန့်ရှောင်ဖိန်သည် နီပေါနိုင်ငံတွင် သုံးရက်ကြာ ချစ်ကြည်ရေးခရီး ပြီးဆုံးသဖြင့် တရုတ်နိုင်ငံသို့ ပြန်လည် ထွက်ခွာသည်။

မြန်မာနိုင်ငံ၏ ငါးလုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်းအတွက် အထူးအခွင့်အရေးဖြင့် ပေးသောချေးငွေအမေရိကန်ဒေါ်လာ ၂၆ သန်း ထောက်ပံ့ရန် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) က အတည်ပြုလိုက်သည်။

၇ အီဂျစ်သမ္မတ ဆဒတ်သည် အမေရိကန်ထံမှ လက်နက် ရရှိရေးအတွက် အမေရိကန် ကွန်ဂရက်မှ အချက်အချာဖြစ်သော ပဂ္ဂိုလ်များထံ မေတ္တာရပ်ခံသည်။

လက်ဗန္ဓနှစ်စတပ်နှင့် အာရပ် ငြိမ်းချမ်းရေးတပ်ဖွဲ့မှ ထုတ်ပြန်သော ပူးတွဲကြေငြာချက်တွင် ပဂ္ဂိုလ်ချင်း အငြင်းပွားမှုမှအစပြု၍ ဆီးရီးယား၏ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့များနှင့် လက်ဗန္ဓန် အမြဲတမ်းတပ်ဖွဲ့များ ပဋိပက္ခဖြစ်ပွားသည်ဟု ဖော်ပြသည်။

၈ အမေရိကန်နှင့် ပနားမား နိုင်ငံတို့ ပနားမားတူးမြောင်း အုပ်ချုပ်ရေး ဆိုင်ရာ စာချုပ်သစ်များချုပ်ဆိုရေး၊ အမေရိကန်နှင့် ရှရှ သေနင်္ဂဗျူဟာလက်နက်များ ကန့်သတ်ရေး စာချုပ်သစ် ချုပ်ဆိုရေးတို့အပါအဝင် ၁၉၇၈ ခုနှစ်အတွက် အမေရိကန်၏ နိုင်ငံခြားရေးဝါဒရည်မှန်းချက်များကို နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်စကအမေရိကန် အောက်လ်တတ်တော်သို့ တင်ပြလိုက်သည်။

၉ အီဂျစ်သမ္မတ ဆဒတ်သည် ဗြိတိန် ဝန်ကြီးချုပ် ကယ်လဟန်နှင့် လန်ဒန်မြို့တွင်၎င်း၊ အနောက်ဂျာမနီ ဝန်ကြီးချုပ် ရှမစ်နှင့် ဟမ်းဗတ်မြို့တွင်၎င်း တွေ့ဆုံ ညှိနှိုင်းကြပြီးနောက် နှစ်ဦးစလုံးကအီဂျစ်၏ ငြိမ်းချမ်းရေးအတွက် ဦးဆောင်ကြိုးပမ်းမှုများကို ထောက်ခံကြောင်း ထုတ်ဖော် ပြောဆိုသည်။

ပဲရစ်မြို့တွင် ကျင်းပနေသော ကုလသမဂ္ဂရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏အဖွဲ့ဝင် ၂၄ နိုင်ငံပါဝင်သည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ ဝန်ကြီးများအဆင့် အစည်းအဝေးတွင် စက်မှုနိုင်ငံကြီး များ၏ စိုက်ပျိုးရေးဝန်ကြီးများက ရိက္ခာအရေးပေါ်သိုလှောင်မှုတရပ် လိုအပ်ကြောင်း၊ ကမ္ဘာ့စျေးကွက်တွင် ရိက္ခာစျေးနှုန်းများ အကြီးအကျယ်စျေးကစားမှုကို ကာကွယ်ရန်လိုအပ်ကြောင်းနှင့် တတိယကမ္ဘာ့ နိုင်ငံများ၏ ရိက္ခာထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် အကူအညီ အထောက်အပံ့ လိုအပ်ကြောင်း ပြောဆိုကြသည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

၁၀ ကမ္ဘာတဝန်းလုံးမှပင်လယ်ရေကြောင်းကျွမ်းကျင်သူများသည် ပင်လယ်ပြင်၌ ရေနံသင်္ဘောများ လုံခြုံမှုအာမခံရေးနှင့် ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး နည်းလမ်းများ ရှာကြံရာတွင် ခိုင်မာသော သဘောတူညီမှု ရရှိသွားပြီဟု ပြောရေးဆိုခွင့် ရှိသူတဦးက ပြောကြားသည်။

ဗင်္ဂလားဒေရှ၊ အိန္ဒိယနှင့် မြန်မာသုံးနိုင်ငံ ငှက်ဖျားရောဂါတိုက်ဖျက်ရေး ညှိနှိုင်းဆွေးနွေးပဲ့ကို ရန်ကုန်မြို့ဆရာဝန်များအသင်းတိုက်တွင် ကျင်းပပြီးစီးသည်။ အဆိုပါအစည်းအဝေးနောက်တကြိမ်ညှိနှိုင်းပဲ့ကို ၁၉၇၉ ခုနှစ်တွင် အိန္ဒိယတွင်ကျင်းပရန်ဆုံးဖြတ်ကြသည်။

၁၁ မြေထဲပင်လယ်ကို ညစ်ညမ်း စေမှုအန္တရာယ်မှကာကွယ်ပေးမည့်သဘောတူညီချက် စာချုပ်သုံးရပ်ကို မြေထဲပင်လယ်ခြောက်နိုင်ငံဖြစ်သော စပိန်၊ တျူနစ်ရှား၊ မိုနာကို၊ လက်ဗန္ဓန်၊ မော်လတာနှင့် ယူဂိုစလားဗီးယားနိုင်ငံတို့ကအတည်ပြုလိုက်သည်။

လက်ဗန္ဓန်နှင့် ဆီးရီးယားတပ်များ ထပ်မံတိုက်ခိုက်ခြင်း မပြုကြရန် နှစ်နိုင်ငံ ခေါင်းဆောင်များ ပေရွတ်မြို့တွင် ငါးနာရီကြာ ဆွေးနွေးသည်။

၁၂ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ ၃၁ နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်သည်။

အီဂျစ်သမ္မတ ဆဒတ်သည် ရူမေးနီးယားသမ္မတ နီကိုလေ ချောင်ဆက်စကူးနှင့် ဗူခါရက်မြို့တွင် တွေ့ဆုံညှိနှိုင်းပြီး ပြင်သစ်သမ္မတနှင့် ဆွေးနွေးညှိနှိုင်းရန် ပဲရစ်မြို့သို့ ထွက်လာသည်။

လက်ဗန္ဓန်နိုင်ငံ၌ စစ်၏အကိုင်းခက်များကို ဤသို့ကြုံတွေ့စံစားခဲ့ရသည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ်သည်။



၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

၁၃ ဆစ်ဒနီမြို့တွင် ကျင်းပနေသော သြစတြေးလီးယား၊ ဗင်္ဂလားဒေ့ရှ၊ ဖီဂျီ၊ အိန္ဒိယ၊ မလေးရှား၊ နော်ရူး၊ နယူးဇီလန်၊ပါပူယာ နယူးဂင်းနီ၊ စင်္ကာပူ၊ သီရိလင်္ကာ၊ တွန်ဂါနှင့် အနောက်ဆာမိုဝါ နိုင်ငံတို့ ပါဝင်သည့် ဓနသဟာယ အဖွဲ့ဝင် နိုင်ငံ ခေါင်းဆောင်များ၏ ဒေသဆိုင်ရာ အစည်းအဝေး၌ ကမ္ဘာကြီးတွင် ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရန်သဘောတူကြသည်။

အီဂျစ်သမ္မတ ဆဒတ်က ပြင်သစ်နိုင်ငံမှ လက်နက် တောင်းခံခြင်းမပြုကြောင်း ပြင်သစ်သမ္မတ ဂစ္စကတ် ဒက်စတိုင်းနှင့် ပဲရစ်မြို့တွင် တွေ့ဆုံဆွေးနွေးပြီး သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

၁၄ အမေရိကန်သမ္မတ ကာတာ အစိုးရသည် အဇွရီယယ်နိုင်ငံသို့ လေယာဉ်အစင်း ၉၀၊ ဆအူးဒီအာရေဗျနိုင်ငံသို့ လေယာဉ်အစင်း ၆၀ နှင့် အီဂျစ်နိုင်ငံသို့ လေယာဉ်အစင်း ၅၀ ရောင်းချရန် စီစဉ်ထားကြောင်း ကြေငြာသည်။

တကမ္ဘာလုံးသို့ လျှပ်စစ်ဓာတ်အား ပေးနိုင်မည့်ဂြိုဟ်တု ၁၁၂ လုံးကို အာကာသတွင်း ပစ်လွှတ်ထားရေး အစီအစဉ်တရပ်ကို ၂၀၂၅ ခုနှစ် အမှီပြုလုပ်ရန် အမေရိကန်နိုင်ငံအာသာဒီလစ်တယ် ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ပီတာဂလေဆာက အမေရိကန်နိုင်ငံ သိပ္ပံပညာထွန်းကားရေးအသင်း အစည်းအဝေး၌ တင်ပြသည်။

၁၅ ရိုဒီးဇီးယားလူမည်းနှင့် လူဖြူခေါင်းဆောင်များသည် ဇင်ဗာဗွေတွင် လူမည်းအများစု အုပ်စိုးရေးအတွက် အဓိကကျသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ အချက်များအပေါ် သဘောတူညီမှု ရရှိပြီး အသွင်ကူးပြောင်းရေး အစိုးရတဖွဲ့ဖွဲ့စည်းရန် မျှော်လင့်ကြောင်း ဆော့စဗာရီမြို့တွင်ပြုလုပ်သော ပြည်တွင်းဖြေရှင်းရေး ဆွေးနွေးပွဲ၏ ၃၇ ကြိမ်မြောက် အစည်းအဝေး အပြီးတွင် ထုတ်ဖော်ကြေငြာလိုက်သည်။

၁၆ ရုရှနှင့် မြန်မာနိုင်ငံတို့ သံတမန်ဆက်သွယ်မှု နှစ် ၃၀ မြောက်နေ့ဖြစ်သည်။

တရုတ်ဒုကုန်သွယ်ရေးဝန်ကြီး လျူစီဝင်းနှင့် ဂျပန်အဖွဲ့ ခေါင်း ဆောင် အီနာယာမာတို့သည် တရုတ်နှင့်ဂျပန် ပထမဆုံးသော ရေရှည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ပီကင်းမြို့တော် ပြည်သူမဟာခန်းမဆောင်တွင် လက်မှတ် ရေးထိုးကြသည်။

၁၇ ဖင်းလန်နိုင်ငံဝန်ကြီးချုပ်ဆောဆာ၏ ငါးပါတီ ညွှန့်ပေါင်းအစိုးရသည် ဖင်းလန်နိုင်ငံသုံး မတ်ငွေတန်ဖိုး ချမှုတွင် သဘောထား ကွဲခဲ့ရသဖြင့် အစိုးရအဖွဲ့ ရာထူးမှ နုတ်ထွက်ကြောင်း တင်သွင်းသော်လည်း သမ္မတ ကက်ကိုနင်က ဝန်ကြီးချုပ်အား အိမ်စောင့် အစိုးရကို ပြန်လည်ခေါင်းဆောင်စေသည်။

ရူမေးနီးယား နိုင်ငံတွင် အလုပ်သမား ကောင်စီများသို့ အာဏာပိုမိုပေးရေးအပေါ် အခြေခံလျက် လောလောဆယ် ကျင့်သုံးနေသော ဗဟိုချုပ်ကိုင်မှု တင်းကျပ်သည့်စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွဲ့စည်းရန် စီမံချက်များ စီစဉ်ဆောင်ရွက်လျက် ရှိသည်ဟု ရူမေးနီးယား နိုင်ငံသမ္မတ နီကိုလေချောင်ဆက်စကူးက ဗီယင်းနားတွင် ထုတ်ဖော် ကြေငြာသည်။

၁၈ အင်ဒိုနီးရှားနိုင်ငံတွင် တရားဝင်လည်ပတ်ရန် ရောက်ရှိနေသော ထိုင်းဝန်ကြီးချုပ်ကရီယန်ဆက်ချာမာနန်နှင့်အင်ဒိုနီးရှား သမ္မတ ဆူဟာတိုတို့သည် နှစ်နိုင်ငံအပြန်အလှန် အကျိုးစီးပွားရေး ကိစ္စများကို ဆွေးနွေးကြသည်။

ပယ်လက်စတိုင် အမျိုးသားလက်နက်ကိုင် နှစ်ဦးက အီဂျစ်သမ္မတဆဒတ်၏ အကြံပေးအရာရှိ ယူဆွတ်ဆီဗေးကို စိုက်ပရပ်နိုင်ငံ၌ လုပ်ကြံသတ်ဖြတ်၍ အာရပ်ထိပ်တန်းအရာရှိ ဆယ်ဦးနှင့် ကနေဒါ အမျိုးသားတဦးတို့ကို ဓားစာခံများအဖြစ် ခေါ်ဆောင်ကာ စိုက်ပရပ် လေကြောင်းကုမ္ပဏီပိုင် ခရီးသည်တင်ဂျက်လေယာဉ် တစင်းဖြင့် စိုက်ပရပ်မှ ထွက်ခွာသွားသည်။

၁၉ စိုက်ပရပ်ကျွန်း လာနာကာလေဆိပ်တွင် ရပ်နားထားသည့် အပိုင်စီးခံ လေယာဉ်ကို အကြမ်းဖက်သမားတို့ လက်မှ ကယ်တင်ရန်အတွက် အီဂျစ် ကွန်မန်ဒိုတပ်ဖွဲ့စေလွှတ်သည်။ သို့သော် အကြမ်းဖက်သမားများက စိုက်ပရပ်အမျိုးသားများထံ အညွှံခံလိုက်ကြသည်။

အဇွရီယယ်တို့ ဆိမ်းပိုက်ထားသော အာရပ်နယ်မြေများတွင် ဂျူးလူမျိုးများအိုးအိမ်အတည်တကျ ထူထောင်နေထိုင်မှုများနှင့်စပ်လျဉ်းသော ပြဿနာကို လေ့လာရန် အတွက် အဇွရီယယ်အစိုးရအဖွဲ့၏အထူးအစည်းအဝေး တရပ် ကျင်းပမည် ဖြစ်ကြောင်း အဇွရီယယ်အစိုးရက ထုတ်ပြန် ကြေငြာသည်။

၂၀ စိုက်ပရပ်နိုင်ငံ လာနာကာ လေဆိပ်တွင် စိုက်ပရပ် အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့နှင့် အီဂျစ် ကွန်မန်ဒို တပ်သားတို့ တိုက်ပွဲ ဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ စိုက်ပရပ်တွင် ရှိနေသော အီဂျစ်သံတမန်အဖွဲ့ကို ပြန်လည်ရုပ်သိမ်းရန်နှင့် ကိုင်ရိုမြို့တွင်ရှိသော စိုက်ပရပ်သံတမန် ပုဂ္ဂိုလ်များကိုလည်း ပြန်ခေါ်ရေးအတွက် စိုက်ပရပ် နိုင်ငံသို့ အကြောင်းကြားရန်အီဂျစ်အစိုးရအဖွဲ့က ဆုံးဖြတ် လိုက်သည်။

ဆီးရီးယားသမ္မတ အာဆတ်သည်အီဂျစ် အဇွရီယယ် ငြိမ်းချမ်းရေး ဆွေးနွေးမှုနှင့် စပ်လျဉ်းသော တန်ပြန်ရေး နည်းလမ်းများကို ရုရှခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးရန် မောစကိုမြို့သို့ ရောက်ရှိလာသည်။

၂၁ ကနေဒါနိုင်ငံပေါ်တွင် ကျရောက်ပျက်စီးခဲ့သည့် ကော့စမော့ဂြိုဟ်တု ၉၅၄ ကြောင့် ဖြစ်ပေါ်လာရသော ပျက်စီးထိခိုက်မှုအတွက် ရုရှက လျော်ကြေး ပေးမည်ဟု ကုလသမဂ္ဂ သိပ္ပံနှင့် စက်မှုအတတ်ပညာဆိုင်ရာဆပ်ကော်မတီ အစည်းအဝေးသို့ တက်ရောက်လာသည့် ရုရှကိုယ်စားလှယ် သိပ္ပံပညာရှင် ဖီဒါရော့က ပြောသည်။

ကနေဒါနိုင်ငံပေါ်သို့ ကျရောက် ပျက်စီးခဲ့သော ဆိုဗီယက်နိုင်ငံမှ ကော့စမော့ဂြိုဟ်တု ၉၅၄ ၏ ပစ္စည်း အစိတ် အပိုင်း တစိတ် တဒေသ



၁၉၇၈ ခုနှစ် ဖြစ်ရပ်မျာ

ကြေငြာချက် ချောက်ကြိမ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်သည်။ အခမ်းအနားကိုဝါရှင်တန်မြို့တွင်ကျင်းပပြီး တရုတ်လိုလားသော အဖွဲ့အစည်း အများစုက အမေရိကန်နှင့် တရုတ်သံတမန် ပြန်ဆက်ရန် တောင်းဆိုကြသည်။

မတ်လ

၁ အပြည်ပြည်ဆိုင်ရာ ဌေကြေး ရန်ပုံငွေအဖွဲ့က ရွှေများကို လေလံတင်ရောင်းချရာ ဒေါ်လာငွေ ၇၃ သန်းနီးပါးရရှိ၍ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများ အတွက် အထူးထောက်ပံ့ရေး ရန်ပုံငွေအဖွဲ့သို့ငွေကြေးကူညီရေးတွင် အထောက်အကူ ပြုမည်ဟု ကြေငြာသည်။

အမေရိကန်ဒေါ်လာငွေသည် အနောက်ဂျာမနီတွင် ဗဟိုဘဏ်က ကြားဝင်ဆောင်ရွက်နေသည့် ကြားမှ နောက်ထပ် တန်ဖိုးကျဆင်းရခြင်းမှာ အမေရိကန် ကုန်ဂရက်တွင် လိပ်ခဲတည်းလည်း ဖြစ်နေသော အမျိုးသားစွမ်းအင်ဆိုင်ရာ လိုအပ်ချက်ပေါ်တွင် မူတည်ရသည်ဟုသမွတ အိမ်ဖြူမှ ပြောကြားပြစ်တင်လိုက်သည်။

၂ ရိုဒီးဇီးယားနိုင်ငံ ဝန်ကြီးချုပ် အိယန်စမစ်၊ဘုန်းတော်ကြီး မူဇိုရိဝါ၊ ဘုန်းတော်ကြီး ဆီသိုလီနှင့် လူမျိုးရေး အကြီးအကဲ ချီရုတို့ပါဝင်သော ဆော့စဟာရီဆွေးနွေးပွဲက နှစ်ပေါင်း ၁၀၀ ခန့် လူဖြူ စိုးမိုးချယ်လှယ်မှုကိုအဆုံးသတ်စေမည့်ကြားဖြတ်အစိုးရတဖွဲ့ ဖွဲ့စည်းရန် လမ်းရှင်းပေးလိုက်ပြီ ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာသည်။

ရုရှ အာကာသ ယာဉ်မှူး အလက်ဇီဂူဗာရေနှင့် ချက်ကိုဆလို ဗားကီးယား နိုင်ငံသား ဗလာဒီဗာရီမတ်တို့ လိုက်ပါသော ဆာယု ၂၈ အာကာသယာဉ်ကို လွှတ်တင်လိုက်သည်။

အိန္ဒိယနှင့် နီပေါနိုင်ငံတို့ နှစ်နှစ်ခွဲနီးပါး အပြန်အလှန် စေ့စပ်ညှိနှိုင်းပွဲများ ပြုလုပ်ပြီး ကုန်းတွင်း၌ တည်ရှိသော နီပေါနိုင်ငံ၏ ပင်လယ်ရပ်ခြား ကုန်သွယ်ရေး အတွက် ကုန်

၂၃ အရှေ့ အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး သဘောတူညီမှုရရှိရေးနှင့် စပ်လျဉ်းသော အီဂျစ်နိုင်ငံ၏ နောက်ဆုံးအကြံပေးချက်များကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး အဲဗရက် အက်သာတန်က အင်္ဂလိပ်ယယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမိုရှေဒါယန်းထံသို့ တင်ပြသည်။

၂၄ အိန္ဒိယနှင့်ဗီယက်နမ်နှစ်နိုင်ငံအကြား သိပ္ပံနှင့် နည်းပညာဆိုင်ရာ စိုက်ပျိုးရေးသုတေသန၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှု ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများ တိုးချဲ့ရန်အတွက်သဘောတူ စာချုပ်လေးခုကို လက်မှတ်ရေးထိုးကြသည်။ စာချုပ်လက်မှတ်ရေးထိုးပွဲသို့အိန္ဒိယဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းနှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ဒေါင်းတို့ တက်ရောက်ကြသည်။

အမေရိကန်၊ ဂျပန်နှင့် အနောက်ဥရောပမှ စီးပွားရေးပါရဂူများ ပါဝင်သော သုံးပွင့်ဆိုင် ကော်မရှင်သည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းနှစ်များတွင် ဆန်စပါးကို ကိုယ့်ဝမ်းစာကိုယ် ဖူလုံအောင် ထုတ်လုပ်နိုင်ရေးအတွက် ပဲရစ်မြို့တွင် ဆွေးနွေးကြပြီး ဒေါ်လာကုဋေ ၅,၄၀၀ သုံးစွဲအကောင်အထည် ဖော်ရမည့် အစီအစဉ်တရပ်ကို ရေးဆွဲကြသည်။

၂၇ ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ လက်နက်ဖျက်သိမ်းရေးဆိုင်ရာအထူးအစည်းအဝေးကို ဂျီနီဗာမြို့၌ကျင်းပရာ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက သဝဏ်လွှာတစောင် ပေးပို့သည်။

၂၈ ပဲရစ်မြို့တွင် ကျင်းပသော ၂၄ နိုင်ငံ ပါဝင်သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)၏ နှစ်ရက်ကြာအစည်းအဝေးတွင် ကုန်မြူနစ်မဟုတ်သော စက်မှုနိုင်ငံများသည် ယင်းတို့၏ စီးပွားရေးပေါ် လစီကိုပြောင်းလဲကာ အနောက်ဂျာမနီ၊ ဂျပန်နှင့် အမေရိကန်နိုင်ငံကြီး သုံးနိုင်ငံသာမကပဲ အဖွဲ့ဝင်နိုင်ငံအားလုံး၏ စီးပွားရေးတိုးတက်မှုများတိုးချဲ့စုပေါင်းဆောင်ရွက်သွားရန် လုပ်ငန်းစဉ်တရပ်ချမှတ်သည်။

၁၉၇၂ ခုနှစ်က အမေရိကန် သမ္မတ နစ်ကဆင်နှင့် တရုတ် ဝန်ကြီးချုပ် ချူအင်လိုင်းတို့နှစ်ဦး လက်မှတ် ရေးထိုးခဲ့သော ရှန်ဟဲ

၂၂ တောင်အာဖရိကတွင် စက်ဆုပ်ဖွယ်ကောင်းသော လူမျိုးခွဲခြားရေး ဥပဒေများ ပြီးဆုံးသွားစေရန် ယင်းဒေသသို့ တကမ္ဘာလုံးက ရေနံမပို့ပဲ ဝိုင်းဝန်းပိတ်ဆို့ကြရန်၊တောင်အာဖရိကသို့ လက်နက်ရောင်းချမှုမပြုကြရန်၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်ကို အပြည့်အဝ အကောင်အထည်ဖော်ကြရန် ကုလသမဂ္ဂ လူမျိုးခွဲခြားနှိပ်ကွပ်မှု ဆန့်ကျင်ရေးကော်မတီဥက္ကဋ္ဌ လက်စလီဟာရီမန်က တိုက်တွန်းပြောဆိုသည်။

အာဖဂန်စတန် သမ္မတ မိုဟမက်ဒါဝတ်သည် အာဖဂန်စတန်နိုင်ငံ ဒုတိယသမ္မတအဖြစ် ဘဏ္ဍာရေးဝန်ကြီး ဆယိအမ္ဗဒူလီလာအား ခန့်အပ်လိုက်ကြောင်း ကဗူးအသံလွှင့်ဌာနမှ ကြေငြာသည်။

၂၅ တရုတ်နိုင်ငံ ကုန်မြူနစ်ပါတီ ၁၁ ကြိမ်မြောက် ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးကို ပီကင်းမြို့တွင် ခြောက်ရက်တိုင် ကျင်းပရာ နောက်ဆုံးနေ့ဖြစ်သည်။

နယူးဒေလီမြို့တွင် ကျင်းပလျက် ရှိသော ပဉ္စမအကြိမ်မြောက် နိုင်ငံတကာ ဂျုံမျိုးဗီဇဆိုင်ရာ ဆွေးနွေးပွဲ၌ ထင်ရှားသောသိပ္ပံပညာရှင်တဦးဖြစ်သူ ဒေါက်တာ ဗော်လတ်က လာမည့်ခရစ် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ရိက္ခာထုတ်လုပ်မှု နှုန်းထားကိုယခုထက် နှစ်ဆတိုးပြီး တန်ချိန် သန်းပေါင်း ၆၆၀၀ ထုတ်လုပ်ရန် လိုသည်ဟု ပြောကြားသည်။

၂၆ ဗီယက်နမ်၊ လောနှင့်ထိုင်းနိုင်ငံတို့က ပဲ့ဖွဲစည်းပေးထားသော ကြားဖြတ် မဲခေါင်မြစ် ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဟနွိုင်မြို့တွင် ကျင်းပပြီးနောက် မဲခေါင်မြစ်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများက အထောက်အပံ့ ပေးကြရန် သုံးနိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးကွဲလွဲချက်များရှိသော်လည်း ပြည်ထောင် ချင်း ချင်း ပူးတွဲဆောင်ရွက်ကြရန်တို့ကို သဘောတူညီကြကြောင်း ကြေငြာချက် ထုတ်ပြန်သည်။

ထိုင်းနှင့်မလေးရှား နှစ်နိုင်ငံ နယ်စပ်၌ ကုန်မြူနစ် ပြောက်ကျား တိုးအား နှိမ်နင်းရေးတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ကြရန် ထိုင်းဝန်ကြီးချုပ် ကရီယန်ဆက်နှင့် မလေးရှား ဝန်ကြီးချုပ် ဟူစိန် အုန်း တို့ သဘော တူညီလိုက်ကြသည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

ပစ္စည်းများ ဖြတ်သန်းသယ်ဆောင်ခွင့် ပေးရေး သီးခြား စာချုပ်နှင့် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို နှစ်နိုင်ငံကိုယ်စားလှယ် အဖွဲ့များ ခတ္တမန္တ။မြို့တွင် လက်မှတ် ရေးထိုးကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးကို ရန်ကုန်မြို့ သမ္မတ အိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမတွင် စတင်ကျင်းပသည်။

၃ ရှိဒီးဇီးယားဝန်ကြီးချုပ် စမစ်အစိုးရနှင့် ရှိဒီးဇီးယားလူမည်း အမျိုးသားခေါင်းဆောင်များသည် ရှိဒီးဇီးယား ပြည်တွင်း ပဋိပက္ခငြိမ်းချမ်းရေးဆိုင်ရာ သဘောတူစာချုပ်ကို ဆော့စဗာရီမြို့၌ လက်မှတ်ရေးထိုးလိုက်ကြသည်။

ဆာလျှု. ၆ နှင့် ဆာယု ၂၇ ချိတ်ဆက်ထားသော ကမ္ဘာ့ပတ် ရှရှ အာကာသစခန်းယာဉ်ကို ရှရှနှင့် ချက်ကိုဆလိုဗားကီးယားယာဉ်မှူးတို့ လိုက်ပါသွားသည့် ဆာယု ၂၈ အာကာသ ယာဉ်က မောစကို စံတော်ချိန် ည ၈ နာရီ ၁၀ မိနစ်တွင် ချိတ်ဆက်မိသည်ဟု တပ်စ သတင်းဌာနက ဖော်ပြသည်။

၅ ရှရှသမ္မတ ဗရက်ဇြင်းနှင့် ချက်ကိုဆလိုဗားကီးယားသမ္မတ ဂူစတပ်ဟူဆက်တို့သည် အာကာသအတွင်း လည်ပတ်လျက်ရှိသော ဆာလျု ၆၊ ဆာယု ၂၇ နှင့် ဆာယု ၂၈ ချိတ်ဆက်ယာဉ်များမှ နိုင်ငံတကာ အာကာသယာဉ်မှူးများထံသို့ ဂုဏ်ပြုသဝဏ်လွှာတစောင်စီ ပေးပို့လိုက်သည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ညှိနှိုင်းပွဲများသို့ ဂျော်ဒန်နိုင်ငံ ပါဝင်လာရေးအတွက် စည်းရုံးရန်ကြိုးပမ်းသည့် အနေဖြင့် အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး အက်သာတန်သည် ဂျော်ဒန်ဘုရင် ဟူစိန်နှင့် တွေ့ဆုံညှိနှိုင်းသည်။

ပိုင်မမစ်နိုင်ငံ မာပူတိုမြို့၌ ရှိဒီးဇီးယား မျိုးချစ်တပ်ဦး ခေါင်းဆောင် အင်ကိုပို့နှင့် မူဂါဗီတို့ နှစ်ရက်ကြာညှိနှိုင်းပြီး ရှိဒီးဇီးယား ဝန်ကြီးချုပ် စမစ်နှင့် လူမည်းခေါင်းဆောင် သုံးဦးတို့ သဘောတူညီခဲ့သည့် ပြည်တွင်းပြဿနာ ငြိမ်းချမ်းရေးကို ကန့်ကွက်လိုက်သည်။

၁ အာဖဂန်စတန်သမ္မတ မိုဟာမက် ဒါဝတ်သည် အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာ လာရောက်လည်ပတ်အပြီး အိန္ဒိယနှင့် အာဖဂန်စတန်နှစ်နိုင်ငံ ပူးတွဲ ကြေငြာချက် ထုတ်ပြန်သည်။

သမ္မတ

ရေး ရောက်ရှိနေသော တရုတ်ကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် ဝမ်ပင်နန်က အိန္ဒိယဝန်ကြီးချုပ် ဒေဆိုင်းနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

၁၂ အနောက် ဂျာမနီ ဝန်ကြီးချုပ်ဟောင်း ဝီလီဗရန့် ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၇ ဦးပါဝင်သည့် တတိယကမ္ဘာ့နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၏ နှစ်ရက်ကြာ စည်းဝေးပွဲကို အနောက် ဂျာမနီနိုင်ငံ လျူဆန်နိမြို့တွင် ကျင်းပသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် လီရှန်နင့်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ပထမဆုံးအကြိမ် ရောက်ရှိလာရာ ဖိလစ်ပိုင် သမ္မတ ဖာဒီနန်မားကို့စနှင့် ဇနီးတို့က ခမ်းနားစွာ ကြိုဆိုသည်။

၁၃ ဗူလဂေးရီယား သမ္မတ နိုင်ငံတော် သမ္မတကြီးဇီးကော့သည် ဗူလဂေးရီးယား နိုင်ငံခြားရေးဝန်ကြီးနှင့် အခြားထိပ်တန်းအရာရှိများ လိုက်ပါလျက် ဂျပန်နိုင်ငံတွင်ခြောက်ရက်ကြာနေထိုင်ညှိနှိုင်းဆွေးနွေးရန် တိုကျိုမြို့သို့ ရောက်ရှိလာသည်။

ဂွါတီမာလာ နိုင်ငံ သမ္မတသစ် အဖြစ် ဗိုလ်ချုပ်ကြီး ဂါဆီယာအား ရွေးချယ်တင်မြှောက်သည်။

၁၄ ကုလသမဂ္ဂလက်အောက်ခံ ဖွံ့ဖြိုးရေးနှင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ဂါနာနိုင်ငံမှ ကက်နက်ဒက်ဇီးအား ခန့်အပ်လိုက်ကြောင်း အထွေထွေ အတွင်း ရေးမှူးချုပ် ကု ဗားလဟိုင်းက ကြေငြာသည်။

အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအေယူ) က ကမကထပြုသော အာဖရိကပြန်ကြားရေးဝန်ကြီးများ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယူဂန်းဒါးနိုင်ငံ ကမ်ပါလာ မြို့တွင် ကျင်းပရာ အဖွဲ့ဝင် ၁၇ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၁၅ လက်ဗန္ဓန် တောင်ပိုင်းတွင် ပယ်လက်စတိုင် အမျိုးသားများ မျိုးပြုတ်စေရေးအတွက် အဇ္ဇရီယယ်တို့က အစုလိုက်အပြုံလိုက်ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းကို ရပ်ဆိုင်းစေရန် အီဂျစ် နိုင်ငံခြားရေးဝန်ကြီးကမဲက နိုင်ငံကြီးများအား တိုက်တွန်း လိုက်သည်။ အာရပ် အဖွဲ့ချုပ်ကလည်း ကုလသမဂ္ဂက ချက်ချင်း ကြားဝင်ဆောင်ရွက်ပေးရန် အထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းထံသို့ မေတ္တာရပ်ခံလိုက်သည်။

အမေရိကန်၏ ဒေါ်လာငွေကြေး ဆက်လက် ကျဆင်းခဲ့လျှင် ရေနံ တင်ပို့ ရောင်းချသောနိုင်ငံများအဖွဲ့(အိုပက်)အနေဖြင့် ရေနံ တစည်လျှင် အမေရိကန် ဒေါ်လာငွေ ၅၀ အထိ တိုးမြှင့်မည်ဟုအင်ဒိုနီးရှား သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး မိုဟာမက် ဆတ်လီက သမ္မတ ဆူဟာတိုနှင့် တွေ့ဆုံညှိနှိုင်းအပြီးတွင် ပြောကြားသည်။

၁၆ ရုရှ အာကာသယာဉ်မှူးများ ဖြစ်ကြသော ရိုမန်နင်ကိုနှင့် ဂရက်ချကို တို့သည် ကမ္ဘာပတ် အာကာသ သုတေသနယာဉ် ဆားလျု. ၆ ပေါ်တွင် ၉၆ ရက်ကြာ သိပ္ပံနှင့်စက်မှုပညာ သုတေသနနှင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြပြီးနောက် မောစကိုစံတော်ချိန် ၁၄း၁၉ နာရီတွင် ကမ္ဘာသို့ပြန်လည်ဆင်းသက်ကြသည်။

ပယ်လက်စတိုင်နှင့် လက်ဗန္ဓန် စစ်သည်များနှင့်အတူ အဇ္ဇရီယယ်အား ဆန့်ကျင်တိုက်ပွဲဝင်ရန် လက်ဗန္ဓန်နိုင်ငံ တောင်ပိုင်းသို့ မိမိသွားမည်ဟု ပယ်လက်စတိုင်လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ခေါင်းဆောင် ယာဆာ အာရဖတ်က ဗေရွတ်မြို့၌ ကြေငြာသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ဖြေရှင်းရာတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်



၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

ဣတလီအာဏာရ ခရစ်ယန် ဒီမိုကရက်ပါတီဥက္ကဋ္ဌ အယ်လဒိုမိုရိုအား လက်ဝဲယိမ်းတပ်နီ အကြမ်းဖက် သမားများက ဖမ်းဆီးပြန်ပေးဆွဲသွားကြပြီး ကိုယ်ရံတော် ငါးဦးကိုလည်း သတ်ကြသည်။ တူရင်မြို့၌ ရုံးတင်စစ်ဆေးနေသည့်တပ်နီခေါင်းဆောင် ကာစီယိုအပါအဝင်ရဲဘော် ၁၅ ဦးကို ၄၈ နာရီအတွင်း လွှတ်ပေးရမည်ဟုတောင်းဆိုလိုက်ပြီး မလွှတ်ပေးပါက မိုရိုကို သတ်ပစ်မည်ဟုလည်း ခြိမ်းခြောက်လိုက်သည်။

၁၇ ခရစ် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်က ပနားမားနိုင်ငံသို့ လွှဲပြောင်းပေးအပ်ရမည့် ပနားမားတူးမြောင်း ကြားနေပြုလုပ်ရေးစာချုပ်ကို အမေရိကန်အထက်လွှတ်တော်က အတည်ပြုလိုက်ကြောင်း အေအက်ဖပီသတင်းတရပ်က ဖော်ပြသည်။

ဇမ္ဗီးယား နိုင်ငံတွင်းသို့ ရိုဒီးဇီးယားက ကျူးကျော်တိုက်ခိုက်မှုကို ဘက်မလိုက်အုပ်စုခြောက်နိုင်ငံက ပြစ်တင်ရှုတ်ချသော အဆိုကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက တညီတညွတ်တည်း လက်ခံလိုက်သည်။

ကုန်းတွင်းပိုင်း နိုင်ငံဖြစ်သည့် ဗိုလစ်ဗီးယားနိုင်ငံအား ပင်လယ်ထွက်ပေါက်ပြန်လည်ပေးအပ်ရေးညှိနှိုင်းရာတွင် ချီလီနိုင်ငံကငြင်းပယ်ခဲ့သဖြင့် ဗိုလစ်ဗီးယားနိုင်ငံက ချီလီနိုင်ငံကို သံတမန်အဆက်အသွယ် ဖြတ်တောက်လိုက်သည်။

၁၈ လက်ဗန္ဓန်နိုင်ငံတောင်ပိုင်းတွင် ကုလသမဂ္ဂတပ်များ ထားရှိရန်နှင့် လက်ဗန္ဓန်မှ အဇ္ဇရီယယ်တပ်များ ချက်ချင်းရုပ်သိမ်းပေးရန် အမေရိကန်နိုင်ငံက ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တောင်းဆိုလိုက်သည်။

တရုတ်ပြည့်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် လီရှင်နင့်သည် ကိုယ်စားလှယ်အဖွဲ့ဝင် ၃၃ ဦးနှင့်အတူ အစိုးရဧည့်သည်တော်အဖြစ် ဗင်္ဂလားဒေ့ရှနိုင်ငံ ဒက္ကားမြို့သို့ ရောက်ရှိလာသည်။

ဣတလီနိုင်ငံ ဝန်ကြီးချုပ်ဟောင်း နှင့် ခရစ်ယန်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ အယ်လပ်မိုရိုအား ပြန်ပေး ဆွဲသူများက မိုရိုကို ချုပ်နှောင်ထားရှိရာ ပြည်သူ အကျဉ်းစခန်းတွင်း

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှား

မှာပင် စစ်ဆေးမည် ဖြစ်ကြောင်း ကြေငြာလိုက်သည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အလီဘူတိုအား လှတ်တော်အမတ် အာမက်ရာဇာက ဆူရီကိုသတ်ရန် အမိန့်ပေးမှုဖြင့် မသေမချင်း ကြိုးပေးသတ်ရန် လာဟို တရားရုံး ချုပ်က အမိန့်ချမှတ်သည်။

၁၉ ပြင်သစ်နိုင်ငံတွင် အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပ ပြီးစီးသွားသည်။ အမျိုးသား လှတ်တော် အသစ်တွင် ဒီဂေါ်ဒါဒီများ၊ ကစ္စကတ် ဒက်စတိုင်း၏ ရိပတ်ဗလစ်ကန်များနှင့် လက်ျာဂိုက်းအယူသည်းများပါဝင်ပွဲစည်းထားသည့် ညွှန်ပေါင်း အစိုးရအပွဲသည် အမတ်ဦးရေ ၄၉၁ ဦးရှိသော လှတ်တော်၌ အမတ်ဦးရေ ၂၄၆ နေရာ ရရှိ၍ အများစုအင်အားဖြင့် အစိုးရအာဏာ ပြန်လည်ရရှိလာသည်။

လက်ဗန္ဓနတောင်ပိုင်းမှ အင္ဂရိယယ်တပ်များချက်ချင်းရုပ်သိမ်းပေးရန် အမေရိကန်က တင်သွင်းထားသော အဆိုကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မဲခဲဆုံးဖြတ်ရှိအင္ဂရိယယ်တပ်များ ချက်ချင်းရုပ်သိမ်းပေးရန် တောင်းဆိုလိုက်သည်။ စစ်ဒေသသို့ ကုလသမဂ္ဂတပ်များ စေလွှတ်ရေးကိုလည်း ဆုံးဖြတ်သည်။

ဂျာတလီဝန်ကြီးချုပ်ဟောင်း မိုရိုကို ပြန်ပေးဆွဲသွားပြီးနောက် ခြိမ်းခြောက်မှုများပြုလုပ်နေသည့်ကြားမှပင် ဂျာတလီအစိုးရ တရားသူကြီးများက အကြမ်းဖက်ဂိုဏ်းဝင် တပ်နီတပ်ပွဲခေါင်းဆောင်များအား တရားစီရင်စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်သွားမည်ဟု ထုတ်ပေါ်ကြေငြာသည်။

၂၀ အင္ဂရိယယ် လုံခြုံရေးကို အာမခံသည့် သဘောတူညီချက်တရပ် ရရှိသည်နှင့် တပြိုင်နက် လက်ဗန္ဓနတောင်ပိုင်းမှ ယိမ်တပ်များကိုရုပ်သိမ်းပေးရန် အင္ဂရိယယ်က အသင့်ရှိသည်ဟု အင္ဂရိယယ် ကာကွယ်ရေးဝန်ကြီးဝိုက်ဇမန်းက တယ်အဝစ်မြို့၌ထုတ်ပေါ်ကြေငြာသည်။

၂၁ ပါကစ္စတန် အမျိုးသားနှစ်ပတ်လည် နေ့ဖြစ်သည်။

ရိုဒီးဇီးယားနိုင်ငံတွင် နှစ်ပေါင်း ၁၀၀ ခန့် လူဖြူလူမျိုး ကြီးစိုးချယ်လှယ်မှုကို ယခုနှစ် အကုန်တွင် အဆုံးသတ်စေပြီး လူမည်းအုပ်ချုပ်မှုကို ဖန်တီးမည့် လူမျိုးပေါင်းစုံပါဝင်သည့်ကြားဖြတ်အစိုးရအပွဲသည် ဆော့စဗာရီမြို့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

တောင်အာဖရိကမှ နှလုံးခဲစိတ်မှုပါရှုဒေါက်တာဗားနဒ်သည် အသက် ၇၈နှစ်ရွယ်ကင်ညာ အမျိုးသမီးလေးတဦး၏ အသည်းမှ နှလုံးသွေးကြော အစားထိုး ခဲစိတ်ကုသပေးလိုက်ရာ အောင်မြင်သည်ဟု သိရသည်။

၂၂ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကုဗားလဟိုင်းသည် ပယ်လက်စတိုင် လွှတ်မြောက်ရေးအပွဲ (ပီအယ်အို) ခေါင်းဆောင် ယာဆာအာရဖတ်ထံသို့ လက်ဗန္ဓနတောင်ပိုင်း အခြေအနေနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပီအယ်အိုက ပူးပေါင်းဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်းသတင်လွှာတစောင် ပေးပို့လိုက်သည်။

အင်ဒိုနီးရှား အမျိုးသား လှတ်တော်က ဗိုလ်ချုပ်ကြီး ဆူဟာတိုအား အင်ဒိုနီးရှား သမ္မတအဖြစ် တည်တည်တ်တည်း ဆုံးဖြတ်ကာ ပြန်လည်တင်မြှောက်လိုက်သည်။

၂၃ မြိတိန်နိုင်ငံ၏ နိုင်ငံခြားရေးနှင့် ဓနဥသဟာယရေးရာ တွဲဖက် ဝန်ကြီးလော့ဒ်ဝိုရွန်စီဇောတ်သည် မလေးရှား ဝန်ကြီးချုပ် ဒါတုတ်ဟူစိန်အုန်းနှင့် ကွာလာလမ်ပူမြို့တွင် နှစ်နာရီ ကျော်ကြာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။

အင်ဒိုနီးရှား နိုင်ငံခြားရေး ဝန်ကြီးဟောင်း မစ္စတာအဒမ်မာလစ်သည် အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတအဖြစ်ဆောင်ရွက်ရန် အမျိုးသားလှတ်တော် ဒုတိယသဘာပတိ မာရှဲရိရွေမှောက်၌ ကျမ်းသစ္စာ ကျိန်ဆိုသည်။

၂၄ အမေရိကန်သမ္မတကာတာနှင့် အင္ဂရိယယ် ဝန်ကြီးချုပ် ဗယ်ဂင်တို့ ဝါရှင်တန်မြို့တွင် တွေ့ဆုံညှိနှိုင်းကြရာတွင် လေးနက်သော ကွဲလွဲမှုများရှိနေသော်ငြားလည်း အင္ဂရိယယ်နိုင်ငံ၏ လုံခြုံရေးကို အမေရိကန်က အာမခံလျက်ပင် ရှိနေသေးကြောင်းနှင့် အင္ဂရိယယ် အမေရိကန် ကာကွယ်ရေး စာချုပ်ကိုပင် စဉ်းစားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဗန့်စက ဝါရှင်တန်တွင် ပြုလုပ်သော သတင်းစာရှင်းပွဲတွင် ထုတ်ဖော် ကြေငြာသည်။

ထိုင်းနိုင်ငံသို့ ထောက်ရှုလာသော လောနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် ဖုန်ဆီဗာဆုတ်နှင့် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ကရိယန်ဆက် ချာမာနန်တို့ ဗန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေးအပြီး မဲခေါင်မြစ်ကို ထိုင်းနှင့် လောနှစ်နိုင်ငံအကြား ကုန်သွယ်ရေးအပြန်အလှန်ပြုရာတွင် အထောက်အကူ ပြုသည့်ငြိမ်းချမ်းသော မြစ်တသွယ်အဖြစ် ထားရှိရန် သဘောတူညီလိုက်သည်ဟု ကြေငြာသည်။

၂၅ ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ဖြစ်သည်။

အိန္ဒိယ မဟာမင်းကြီး ကေသိအက်စ် ပီနွန်နှင့် ဗင်္ဂလားဒေ့ရှသမ္မတ၏ ရေလွှမ်းမိုးမှုထိန်းချုပ်ရေးနှင့် ဆည်မြောင်းဆိုင်ရာ အကြံပေးအရာရှိ ဘီအမ်အက်ဗတ်တို့သည် နေ့ရာသီဂဟိမြစ်ရေ ခွဲဝေသုံးစွဲရေးဆိုင်ရာ နှစ်နိုင်ငံအဆိုပြုချက်များကို ဒက္ကားမြို့တွင် အလဲအလှယ် ပြုလုပ်ကြသည်။

အီဂျစ်နှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဒေါ်လာသန်း ၁၂၀ ပိုး ကူး သန်း ရောင်း ဝယ် ရေး အတွက် ကုန်သွယ်ရေး သဘောတူစာချုပ် တရပ်ကိုနှစ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးများက ကိုင်ရိမ့်တွင် လက်မှတ်ရေးထိုးကြသည်။

၂၆ ဗင်္ဂလားဒေ့ရှ ပြည်သူသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

လူမျိုးရေးခွဲခြားသုတ်သင်မှုများ စိုးမိုးမှုမလွတ်မြောက်ရေးအတွက် တိုက်ပဲ့ဝင်လျက်ရှိသော ဇင်ဗာဗွေ ပြည်သူတို့၏ တရားမျှတသော လက်နက်ကိုင် တိုက်ပဲ့တိုးခဲ့ရေးကို အာဖရိကရွှေတန်း နိုင်ငံများဖြစ်သော ဗော့ဆွာနာ၊ ဇမ်ဘီးယား၊ မိုဇမ်ဗစ်နှင့် တန်ဇားနီးယားနိုင်ငံတို့မှ သမ္မတများက ထောက်ခံ ကြောင်း၊ ဒါအက်စလမ်မြို့တွင်နှစ်ရက်ကြာပြုလုပ်သော ထိပ်သီး ညီလာခံအပြီး ကြေငြာချက်တွင် ပေါ်ပြသည်။

၂၇ လာမည့် နှစ်အနည်းငယ် အတွင်း တင့်ကားများကို မြိတိန်နှင့် ပူးတွဲထုတ်လုပ်ရေး အစီအစဉ်ရှိသဖြင့် အီရန်နိုင်ငံသို့ မြိတိန်က ရှားတင့်ကား အစင်းပေါင်း ၁၀၀၀ ရောင်းချမည်ဟု တိဟီရန်မြို့၌ မြိတိန်

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

ဒီနှစ်မတ် နိုင်ငံခြားရေးဝန်ကြီး အန်ဒါဆင်တို့ ဗရပ်ဆယ်မြို့တွင် လက်မှတ်ရေးထိုးကြသည်။

၄ ဟန်ဂေရီ ပြည်သူသမ္မတ နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

နိုင်ငံ ၂၅ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းနှစ်ရပ်မှ အရာရှိများ တက်ရောက်ကြသော နိုင်ငံတကာ ရေဒီယို စက်မှုပညာ ညှိနှိုင်းပွဲကိုမလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပပြုလုပ်သည်။

ရုရှနှင့် ဂျီဗူတီနိုင်ငံတို့ သံအမတ်ကြီး အဆင့်ဖြင့် သံတမန်ဆက်သွယ်မှု ပြုရန်သဘောတူညီပြီဖြစ်ကြောင်း တပ်စသတင်း ဌာနမှ ကြေငြာသည်။

၅ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကုဗားလဟိုင်းနှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်အိုဝင်တို့သည် ရိုးဒီးဇီးယား လွတ်လပ်ရေးအငြင်းပွားမှု၊ နမ်ဗီးယား (အနောက်တောင်အာဖရိက) လွတ်လပ်ရေးပြဿနာများနှင့်အခြားအရေးတကြီးကိစ္စများကို လန်ဒန်မြို့တွင် ညှိနှိုင်းဆွေးနွေးကြသည်။

ဗင်္ဂလားဒေ့ရှ သမ္မတ ဇီယာရာမန်သည် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် အတတ်ပညာပူးပေါင်း ဆောင်ရွက်မှု တိုးချဲ့ရေးကို ဂျပန်ဝန်ကြီးချုပ် ဖုကူဒါနှင့် ညှိနှိုင်းဆွေးနွေးရန် အတွက် ဂျပန်နိုင်ငံတိုက်ရိုက်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ပြင်သစ် ဝန်ကြီးချုပ်အဖြစ် ပြန်လည် တာဝန်ပေးအပ်ခြင်းခံရသော ရေမွန်ဗားသည် အဖွဲ့ဝင် ၁၉ ဦးပါဝင်သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၆ လက်ဗန္ဓန် တောင်ပိုင်းမှ အင်္ဂရိယယ် တပ်များ အမြန်ရုပ်သိမ်းရေးအဟုက်ကို အထူးစိုးရိမ်သဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် (၄၂၅) ကို အမြန်အကောင်အထည်ဖော်ရန် အင်္ဂရိယယ် ဝန်ကြီးချုပ် မစ္စတာဗယ်ဂင်ထံ အကြောင်းကြားစာပေးပို့လိုက်သည်။

ကာကွယ်ရေဝန်ကြီး ဖရက်မူလေးက ထုတ်ဖော် ကြေငြာသည်။

ဆီးရီးယား သမ္မတ အာဆတ်က လွတ်တော်ဥက္ကဋ္ဌ အလီအယ်ဟာလာဗီအား အစိုးရအဖွဲ့သစ် ဖွဲ့စည်းရန် တိုက်တွန်းလိုက်ကြောင်း ဒမတ်စကတ်မြို့တွင် တရားဝင်ကြေငြာသည်။

၂၀ အင်္ဂရိယယ် ကာကွယ်ရေးဝန်ကြီးဝိုက် ဇမန်းသည် အီဂျစ်သမ္မတ ဆဒတ်နှင့် ကိုင်ရိုမြို့တွင် တွေ့ဆုံဆွေးနွေးပြီး လက်ဗန္ဓန် တောင်ပိုင်းတွင် ကုလသမဂ္ဂတပ်များ တပ်ဖြန့်ပြီးသည်နှင့်တပြိုင်နက် ထိုဒေသမှ အင်္ဂရိယယ်တပ်များကို ရုပ်သိမ်းပေးမည် ဖြစ်ကြောင်း ကြေငြာသည်။

၂၁ အပြည်ပြည်ဆိုင်ရာ ဒွေကြေးရန်ပုံငွေအဖွဲ့၏ တရားဝင် ရှေ့ဆောင်နှုန်းကို ဖျက်သိမ်းရန်နှင့် အဖွဲ့၏အထူးထုတ်သုံးခွင့်ပိုမိုသုံးစွဲလာစေရန် ဒွေကြေး လဲလှယ်ရေး နှုန်းထားများနှင့်စပ်လျဉ်း၍ အဖွဲ့အပေါ် အခွင့်အာဏာသစ်များ ပေးကမ်းရေးအတွက် အဖွဲ့ဝင် နိုင်ငံများက သဘောတူညီကြသည်ဟု ရိုက်တာသတင်းဌာနမှ ဖော်ပြသည်။

ပြင်သစ်နိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် လက်ျာဗဟိုညွှန်ပေါင်းပါတီများ၏ အောင်ပွဲအပြီးတွင် အစိုးရအဖွဲ့ဟောင်း အလိုအလျောက် နုတ်ထွက်သည်။ သမ္မတ ဗလာရီဂစ္စကတ်ဒင်္ဂက်စတိုင်းက ရေမွန်ဗားကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်အပ်လိုက်ပြီး အစိုးရသစ်ဖွဲ့စည်းရန် ညွှန်ကြားလိုက်သည်။

၉ ပြီလ

၁ လူမည်းအာဖရိကနိုင်ငံသို့ ပထမဆုံး လာရောက် လည်ပတ်သည့် အမေရိကန်သမ္မတ ဂျင်မီကာတာသည်နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စမြို့သို့ရောက်ရှိလာရာ နိုင်ငံအကြီးအကဲ ဗိုလ်ချုပ်ကြီးအိုဘက်ဆန်ဂျိုက အခမ်းအနားဖြင့် ကြိုဆိုသည်။

အာဖရိကတိုက် အရှေ့ဖက် ကျွန်းဆွယ်မှ ပြည်သူတသန်းကျော်တို့မှာ မိုးခေါင်မှု၊ ရေလွှမ်းမိုးမှုနှင့် စစ်ဘေးစစ်ဒဏ်တို့ကြောင့် ငတ်မွတ်ခေါင်းပါးခြင်း၊ အိုးမဲ့ အိမ်မဲ့ဖြစ်ရခြင်းများနှင့် ရင်ဆိုင်နေရကြောင်း ကယ်ဆယ်ရေး အရာရှိများက နိုင်ရိုဗီမြို့တွင် ထုတ်ဖော်ပြောကြားသည်။

၂ အမေရိကန်သမ္မတ ဂျင်မီကာတာနှင့် နိုင်ဂျီးရီးယားနိုင်ငံ အကြီး အကဲ ဗိုလ်ချုပ်ကြီးအိုဘက်ဆန်ဂျိုတို့သည် အာဖရိက ပြဿနာများကို လေဂို့စမြို့တွင် နှစ်ရက်ကြာဆွေးနွေးပြီး အနောက်တောင်အာဖရိကဒဋ္ဌ အသားအရောင် ခွဲခြားခြင်းစနစ်ကို ရှင်းလင်း သုတ်သင်ပစ်ရန် ကတိပြုချက်ပါသည့် ပူးတွဲကြေငြာချက် ထုတ်ပြန်သည်။

၃ ဘက်မလိုက် နိုင်ငံများမှ သတင်းဌာနများ၏ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ဂျကာတာမြို့တွင် ကျင်းပသည်။

တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ) တို့သည် ငါးနှစ်ကြာနောင်ကြိုးမဲ့ကုန်သွယ်ရေးသဘောတူစာချုပ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီး လီချင်းနှင့်

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

မျိုးစေ့ပျံပြိုးတိုးတက်မှု စိမ်ကိန်း လုပ်ငန်းအတွက် ကမ္ဘာ့ကုလသမဂ္ဂပြိုးမှုအစီအစဉ်မှ ကျမ်းကျင်မှုအကူအညီပေးရန် သဘောတူညီချက် စာတန်းကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ ကိုယ်စား စိမ်ကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ မောင်ရိန် နှင့် ကမ္ဘာ့ဘဏ်မှ ကိုယ်စား လှယ် မစွတာကက်နက်ဝပ်တို့ လက်မှတ်ရေးထိုးကြသည်။

၂ အာရှယ် ထောက် သူ တိုင်း တိုက် ရိုက် မဲပေးခွင့်ဖြင့် ဥရောပပါလီမန်၏ပထမအကြိမ် ရွေးကောက်ပွဲကို မူလစီစဉ်ထားသည့် အချိန်ထက် တနှစ် နောက်ကျကာ ကျင်းပရန် ဥရောပဘုံစျေးအပ္ပဝင်နိုင်ငံများ၏အစိုးရအပ္ပ အကြီးအကဲများက သတ်မှတ် လိုက်သည်။

ကြာသပတေး ဂြိုဟ်နှင့် စနေဂြိုဟ်များသို့ အန်းကပ် ပျံသန်းလေ့လာပြီး စကြာဝဠာအတွင်း ထိုးဖောက်ဝင်ထောက်သွားရန်စီစဉ်၍ ပစ်လွှတ် ထားခဲ့သော ဗွိုင်ယေဂျာ ၂ အာကာသယာဉ်သည် ကမ္ဘာမှအဆက် အသွယ်ပြု ပေးပို့ နေသော အချက်အလက် များကို လက်ခံရယူရန်ပျက်ကွက်သွားကြောင်း အမေရိကန် အမျိုးသား လေကြောင်းနှင့် အာကာသအပ္ပဲ(နာဆာ)မှထုတ်ပြန် ကြေငြာသည်။

၃ ကုလသမဂ္ဂ လက်နက် ပိတ်ဆို့ရေး ပြဋ္ဌာန်းချက်နှင့်အညီ ပြင်သစ် နိုင်ငံက တောင်အာဖရိကသို့ တိုက်သင်္ဘော အသေးစား နှစ်စင်းနှင့် ရေငုပ်သင်္ဘော နှစ်စင်း လွှဲပြောင်း ပေးအပ်ရန် ငြင်းဆို သဖြင့် အနောက်အုပ်စုအတွက် သေနင်္ဘာဟာဆိုင်ရာ ဂုတ်ဟုတ်အင် ရေကြောင်း သွားလာမှု ကာကွယ်ရေးကိုတောင် အာဖရိကနိုင်ငံကဆောင်ရွက်တော့မည်မဟုတ်ကြောင်းတောင်အာဖရိက ရေတပ်ဗိုလ်ချုပ် ကျစီဝေါလတာက ပို့အယ်လင်ဗက်မြို့၌သတိပေးပြောကြားသည်။

၄ ဆိုမာလီယာ သမ္မတ ဆယ်ဗားက မိမိ၏ အစိုးရအပ္ပအား ပြုတ်ချ အာကာသိမ်းရန် ကြိုးပမ်းသည့်စစ်ယက်အထူရှိနှင့် တပ်သားအချို့ကို အစိုးရကနှိမ်နင်းပြိုခဲ့လိုက်သည်ဟု အသံလွှင့်ကြေငြာသည်။

၅ ကျပန်နိုင်ငံသို့ ငါးရက်ကြာ ချစ်ကြည်ရေးခရီး သွားရောက် လည်ပတ်ခဲ့သော ဗင်္ဂလားဒေ့ရှ သမ္မတ ဇီယာရာမန်က ဗင်္ဂလားဒေ့ရှနှင့် ကျပန်နှစ်နိုင်ငံဆက်ဆံရေး လမ်းသစ်များ ပွင့်ခဲ့ကြောင်း ပြောကြားသည်။

၆ လက်ဗန္ဓန် တောင်ပိုင်းတွင် တပ်စဲ့ ၁၀ ထားသောမိမိတို့၏ တပ်များကို ဖြစ်နိုင်သမျှ အလျင်အမြန်ဆုံး ရုပ်သိမ်း ပေးရန် ဆန္ဒရှိကြောင်း အင်္ဂရိယယ် ဝန်ကြီးချုပ် ဗယ်ဂင်က ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်အား ထုတ်ဖော်ပြောကြားသည်။

၇ နှစ်ကာလ လုတ်လပ်စွာ ပေါင်းစည်းရေးပုံစံဖြင့် ကျန်းပေါင်း ၂၁၀၀ ကျော် ပါရှိသော မိုက်ခရိုနီးရှားကျန်းစုကို အချက် ရှစ်ချက်ပါ မူဝါဒများ ကြေငြာချက်ဟု အမည်ပေးထားသည့်သဘောတူစာချုပ်ကို အမေရိကန်သမ္မတ၏ အထူးကိုယ်စားလှယ်နှင့် မိုက်ခရိုနီးရှားကျန်းစု အဆင့်အတန်း ကော်မရှင်သုံးဦးတို့ ဟာဝိုင်ယီကျန်းဟီလိုမြို့တွင် လက်မှတ်ရေးထိုးကာ အာဏာအပြည့်အဝရှိသော ပြည်တွင်းကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရပ္ပစည်းခွင့်ပေးလိုက်သည်။

၈ ပိလစ်ပိုင်နိုင်ငံတွင် ငါးနှစ်ခွဲကြာ စစ်မိန့်ဖြင့် အုပ်ချုပ်ခဲ့ပြီးနောက် ပထမဆုံး အကြိမ် ကျင်းပသည့် ရွေးကောက်ပွဲသည် နိုင်ငံရေးတည်ငြိမ်မှုအတွက် ဖွေးမြူး ခြေလှမ်းတရပ် ဖြစ်သည်ဟု ဖိလစ်ပိုင်သမ္မတ မားကိုစက ထုတ်ဖော်ပြောကြားသည်။

၉ လက်ဗန္ဓန် တောင်ပိုင်းရှိ အင်္ဂရိယယ် တပ်များကိုပထမအဆင့်အဖြစ်စတင် ရုပ်သိမ်းလိုက်သည်။

၁၀ ဆာ့ဒီအာရေဗျနိုင်ငံက စစ်ရေးလေ့ကျင့်မှုလက်နက်တပ်ဆင်ရေးတွင် နှစ်စဉ်ဒေါ်လာ သန်း ၈၀၀ သုံးစွဲနေခြင်းမှာ ဆာ့ဒီအာရေဗျ အနေဖြင့် လိုအပ်လျှင် အရေ အလယ်ပိုင်း စစ်ရေးတွင် ဝင်ရောက် စွက်ဖက်နိုင်သည့် အဓိပ္ပာယ်ဖြစ်သည်ဟု ဆာ့ဒီအာရေဗျ မင်းသားဖါဒ်ကပဲရစ်မြို့တွင် သတင်းပေး ပြောကြားလိုက်သည်။

၁၁ ဝါရှင်တန်မြို့သို့ ရောက်ရှိနေသော ဂူပေးနီးယားနိုင်ငံသမ္မတ ချောင်ဆက်စကူးနှင့် အမေရိကန်သမ္မတ ဂျင်မီကာတာတို့သည် အိမ်ဖြူတော်တွင် မိနစ် ၉၀ ကြာ ဆွေးနွေးကြပြီးနောက် နှစ်နိုင်ငံပူးတွဲကြေငြာချက် ထုတ်ပြန်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မြင့်မောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အပ္ပဲသည် ဗင်္ဂလားဒေ့ရှနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခဲ့သွားသည်။

၁၃ လက်ဗန္ဓန် တောင်ပိုင်းရှိ အင်္ဂရိယယ် တပ်များသည် တပ်ရုပ်သိမ်းရေး၏ ဒုတိယကဏ္ဍကို စတင်ကာ တိုင်ဘေမြို့ အနောက်ဖက် မိုင်အနည်းငယ် အကွာရှိ ကန်တာရာမြို့အထိ ဆုတ်ပေးလိုက်သည်။

အိုင်ဗရီကိုစနှင့် ဂင်းနီနိုင်ငံ တို့သည် သံတမန် ဆက်သွယ်မှုများ အမြန် ပြန်လုပ်ရန် ဆုံးဖြတ်ထားကြောင်း နှစ်နိုင်ငံပူးတွဲကြေငြာချက်တွင် ဖော်ပြထားသည်။

၁၅ ရိုဒီးဇီးယား မျိုးချစ် တပ်ဦး ပူးတွဲ ခေါင်းဆောင်များဖြစ်ကြသော အင်ကိုမိန့်နှင့် မူဂါဘီတို့သည် ဖြိတိန် နိုင်ငံခြားရေးဝန်ကြီးဒေးဗစ်အိုဝင်၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်စ၊ ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး အင်ဒရူးယန်းတို့နှင့်ဒါအက်စလမ်မြို့၌တွေ့ဆုံညှိနှိုင်းအပြီး ရိုဒီးဇီးယားမျိုးချစ်တပ်ဦးပြောက်ကျားလှုပ်ရှားမှုအပ္ပဲက ရိုဒီးဇီးယား ပဋိပက္ခတွင် ပါဝင် ပတ်သက်သည့်ပါတီအားလုံးနှင့်ဆိုင်သော ညီလာခံသို့ တက်ရောက်ရန် သဘောတူညီလိုက်သည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးချိန်မှ စ၍ ဂျာတလီနိုင်ငံကို အုပ်ချုပ်ခဲ့သော ခရစ်ယန် ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင် မိုရိုအား ပြည်သူ တရားရုံးတရုံးက စစ်ဆေး စီရင် ခဲ့ပြီး နှံပတ်တစ် နိုင်ငံရေး အကျဉ်းသားအဖြစ် အပြစ်တွေ့ရှိသဖြင့် သေဒဏ်ချမှတ်လိုက်သည်ဟု အစွန်းထောက် တပ်နီများက ရောမ၊မီလန်၊ တူရင်၊ ဂျီနိုအာတို့တွင် တပြိုင်နက်တည်း ထုတ်ဝေဖြန့်ဖြူး ကြေငြာလိုက်သည်။

၁၆ ရိုဒီးဇီးယား မျိုးချစ်တပ်ဦး ပြောက်ကျားမဟာမိတ်အပ္ပဲ အမျိုးသားရေးခေါင်းဆောင်များနှင့် ရိုဒီးဇီးယားအနာဂတ် အရေးကို ညှိနှိုင်းဆွေးနွေးမှုများအပြီး ဖြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်အိုဝင်က ဖြိတိန်ကိုလိုနီမှ ခဲ့ထွက်သွားသည့် ရိုဒီးဇီးယားနိုင်ငံတွင်ပြည်တွင်းစစ်တရပ်ဖြစ်ပွားမည့်အန္တရာယ် အမှန်တကယ် ရှိနေကြောင်း ဒါရက်စလမ်မြို့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှား

ဗင်္ဂလားဒေ့ရှ ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး အဖြစ် ထွက်ခွာ သွားခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် မြင့်မောင် ခေါင်းဆောင်သော မြန်မာကိုယ် စားလှယ် အဖွဲ့သည် လေကြောင်း ခရီး ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာသည်။

မဟာသင်္ကြန်အတက်နေ့ ဖြစ်သည်။ မြန်မာ သက္ကရာဇ် ၁၃၃၉ ခုနှစ် နှောင်း တန်ခူးလဆန်း ၉ ရက် တနင်္ဂနွေနေ့ မြန်မာစံတော်ချိန်နံနက် ၆ နာရီ ၄၅ မိနစ် ၂၄ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အတာတက်၍ ၁၃၄၀ ပြည့် နှစ်သို့ ကူးပြောင်းသည်။

၁၇ ဒီမိုကရက်တစ် ကမ်ပူးချား နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသား လွတ်လပ်ရေးနေ့ဖြစ်သည်။

၁၈ ဂျ ရူး ဆ လမ်း မြို့ သို့ ရောက် ရှိ လာသောကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းနှင့် အင်္ဂရိယယ် ဝန်ကြီးချုပ်ဗယ်ဂင်တို့သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၄၂၅ နှင့် အညီ အင်္ဂရိယယ်တပ်များ လက်ဗနွန်တောင်ပိုင်းမှရုပ်သိမ်းရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ အာရှဒေသဆိုင်ရာ အသက်မွေး ဝမ်းကျောင်းပညာ သင်ကြားရေး ညှိနှိုင်း ဆွေးနွေးပွဲကို ဂျကာတာမြို့တွင် စတင်ကျင်းပသည်။

၁၉၇၈ ခုနှစ်အတွက် ရုရှနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံတို့ အကြား ကုန်သွယ်ရေးနှင့် ငွေပေးချေရေး သဘောတူစာချုပ် တရပ်ကို ပီကင်းမြို့တွင် လက်မှတ် ရေးထိုးကြသည်။

၁၉ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းသည် စိုက်ပရပ်သမ္မတ ကိုင်ပရီယာနီနှင့် တူရကီနွယ်ဖွား စိုက်ပရပ် အမျိုးသားများ၏ ခေါင်းဆောင် ဒင်းတပ်တို့နှစ်ဦးစလုံးနှင့်တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ရန် စိုက်ပရပ်နိုင်ငံ နီကိုးရှားမြို့သို့ ရောက်ရှိလာသည်။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဒေါက်တာ ဆီလင်အယ်ဟောဲ့စပွဲစည်းခဲ့သည့် လက်ဗနွန်အစိုးရအဖွဲ့၏ နုတ် ထွက် လွှာ ကို သမ္မတဆာကစ်ထံသို့ တင်သွင်းသည်။

၂၀ လက်ဗနွန် နိုင်ငံတွင် ထားရှိသော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်အတွက် ငွေကြေးသုံးစွဲမှုဆိုင်ရာ ကိစ္စနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပြုရန် ကုလသမဂ္ဂ အထွေထွေညီလာခံက စီမံခန့်ခွဲရေးနှင့် ဗတ်ဂျက်ကော်မတီသို့ လွှဲအပ်သည်။ အင်အား ၂၅၀၀ ရှိသော တပ်အတွက် ဒေါ်လာ ၅၀ ဒသမ ၇ သန်း ကုန်ကျမည်ဟု အထွေထွေအတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက ခန့်မှန်းသော်လည်း ဗတ်ဂျက်ကော်မတီက ဒေါ်လာ ၅၄ သန်းအထိသာ သုံးစွဲရန်ထောက်ခံသည်။

ရုရှနှင့် အမေရိကန်တို့ အပြန်အလှန် အကျိုးစီးပွားပြဿနာများကို ညှိနှိုင်း ဆွေးနွေးရန် မောစကိုမြို့သို့ ရောက်ရှိလာသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်စနှင့် ရုရှနိုင်ငံခြားရေးဝန်ကြီး ဂရိုမီကို တို့ ကရင်မလင်တွင် ဆွေးနွေးကြသည်။

၂၁ တောင်ကိုရီးယား အစိုးရအား ငွေထုတ်ချေးရေးကို အမေရိကန် ကွန်ဂရက်က အတည်ပြုပေးခြင်းမရှိသည့်အတွက် တောင်ကိုရီးယားရှိ အမေရိကန်ကြည်းတပ်၊ တပ်ရင်းနှစ်ရင်း ရုပ်သိမ်းရေးကို ရက်အကန့်အသတ်မရှိ ရွှေဆိုင်းထားရန် အမေရိကန် သမ္မတ ကာတာက ဆုံးဖြတ်လိုက်ကြောင်း အိမ်ဖြူမှ ကြေငြာသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖအေအို)က နိုင်ငံပေါင်း ၁၃ နိုင်ငံအတွက် စားနပ်ရိက္ခာ ကူညီထောက်ပံ့ရေးတွင် အမေရိကန် ဒေါ်လာ သန်း ၁၃၀ သုံးစွဲမည်ဖြစ်ကြောင်း ရောမမြို့တွင် ထုတ်ဖော်ကြေငြာသည်။

၂၂ အရှေ့အလယ်ပိုင်း၌ ကျယ်ကျယ်ပြန့်ပြန့် အကျုံးဝင်သည့် ငြိမ်းချမ်းရေး ဖြေရှင်းမှုတရပ် ရရှိရေးကို ဆောင်ရွက်ရန် အမေရိကန်က အပြည့်အဝ တာဝန်ယူအာမခံထားသည်ဟု အမေရိကန် အထူး သံတမန် အက်သာတန်က ကိုင်ရိုမြို့တွင် ပြောကြားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဗန့်စသည် မောစကိုမြို့တွင် ရုရှ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် ရုရှ ဦးစီးလှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဗရက်ဇညက်၊ နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကို တို့နှင့် တွေ့ဆုံဆွေးနွေးပြီး ရုရှ-အမေရိကန် နှစ်နိုင်ငံ ပူးတွဲကြေငြာချက် ထုတ်ပြန်သည်။ ကြေငြာချက်တွင် မဟာဗျူဟာထိုးစစ်လက်နက်များ ကန့်သတ်ရေးစာချုပ် သစ်ကို ဆောလျင်စွာ ချုပ်ဆိုရေး၊ နျူးကလီးယား လက်နက်များ စမ်းသပ်မှု ပိတ်ပင်တားမြစ်ရေးကို စောနိုင်သမျှစောပြီး ပြုလုပ်ရေးတို့ပါဝင်သည်။

၂၃ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလှုပ်ရှားမှုများအပေါ် အာရပ်နိုင်ငံများ၏ ကွဲလွဲချက်များကို ရင်ကြားစေ့ပေးခြင်းဖြင့် အာရပ်ကမ္ဘာ သွေးစည်း ညီညွတ်ရေး တည်ဆောက်ရန် နည်းလမ်းများရှာကြံသည့် အနေနှင့် နှစ်ရက်ကြာ ဆွေးနွေးပွဲကို ခါတွန်မြို့၌ စတင်ကျင်းပသည်။

အယူဝါဒ တဖက်စွန်းရောက် တပ်နီများက ပြန်ပေးဆွဲထားသည့် ဂျတလီနိုင်ငံ ခရစ်ယန် ဒီမိုကရစ်တစ်ပါတီ ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ် မိုရိုအား လူသားချင်းစာနာသောစိတ်ဖြင့် နောက်ထပ်အချိန်ဆွဲမထားပဲ ပြန်လွှတ်ပေးရန် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းကိုယ်တိုင် ပုဂ္ဂိုလ်ရေးအရ မေတ္တာရပ်ခံလိုက်သည်။

၂၄ ကုလသမဂ္ဂမှ ကြီးမှူး၍ နမီးဗီးယား ဆိုင်ရာ အထူး အစည်းအဝေးကို စတင်ကျင်းပရာနိုင်ငံများကုလသမဂ္ဂ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်စေရေးအတွက် အနောက်အုပ်စု နိုင်ငံတို့က အင်အား သုံး၍ ပိုမို အကျပ်ကိုင်ပေးရန်နှင့် နမီးဗီးယား လွတ်လပ်ရေးအတွက် ကြာဖြတ်ကာလ စီစဉ်ဆောင်ရွက်ပေးရန် ကုလသမဂ္ဂက တာဝန်ယူသင့်ကြောင်း နိုင်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီး ဂါဘာက ပြောကြားလိုက်သည်။

၂၅ အပဲ့ဝင် ၄၃ နိုင်ငံပါဝင်သော အာရှပဲ့ဖြိုးရေးဘဏ် (အေဒီဘီ) အုပ်ချုပ်ရေးမှူးများ အဖွဲ့၏ ၁၁ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဗီယင်းနားမြို့တွင် ကျင်းပရာ ကမ်ပူးချားနိုင်ငံက မတက်ရောက်ပဲ ၄၂ နိုင်ငံမှ ကိုယ်စားလှယ် ၈၀၀ ခန့်တက်ရောက်သည်။

ဖြတိန်နှင့် အမေရိကန်တို့ တင်ပြသော ရှိဒီးဇီးယားနိုင်ငံ၏ ပဲ့စည်းပုံ အခြေခံဆိုင်ရာ အနာဂတ်ရေးကို ဆုံးဖြတ်မည့် ပါတီစုံပါဝင်သော ညီလာခံသစ်တရပ် ခေါ်ယူရေး အဆို

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှား

ယူကြောင်းဖြင့် သမ္မတ ကာတာက အင်ဇရီယယ်ဝန်ကြီးချုပ် ဗယ်ဂင်အား သမ္မတအိမ်မှူးတော်၌ ပြောကြားလိုက်သည်။

ဂျပန်ဝန်ကြီးချုပ် ဖူကူဒါသည် သုံးရက်ကြာ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ရှိလာသည်။

ပုသိမ် မုံရွာလမ်းမကြီးပေါ်ရှိ ဥသျစ်ပင်မြန်အောင်အပိုင်းတွင် တည်ဆောက်ပြီးသွားသော သူရဲတန်းချောင်းတံတားကြီးကို ဖွင့်လှစ်လိုက်သည်။

၂ ကုလသမဂ္ဂ အထွေထွေ ညီလာခံအစည်းအဝေး၌ နမီးဗီးယားဆိုင်ရာ စုံညီကော်မတီက နမီးဗီးယား ကြေငြာချက်၊ နမီးဗီးယားတွင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် အမျိုးသား လွတ်လပ်ရေးဆိုင်ရာ တိုက်ပဲ့အစီအစဉ်ကို အတည်ပြုရန် တင်ပြသည်။

တရုတ်ဒုတိယဝန်ကြီးချုပ် ကူမူဦးဆောင်သော ထိပ်တန်းအစိုးရမစ်ရှင်အဖွဲ့သည် ပြင်သစ်၊ ဆွစ်ဇာလန်၊ ဗဲလ်ဂျီယမ်၊ ဒိန်းမတ်နှင့် ပြည်ထောင်စု သမ္မတ ဂျာမန် နိုင်ငံများသို့ ထွက်ခွာသွားသည်။

၃ နမီးဗီးယား ကြေငြာချက်နှင့် နမီးဗီးယား လွတ်လပ်ရေး တိုက်ပဲ့ အစီအစဉ်တို့ကို ကုလသမဂ္ဂအထွေထွေ ညီလာခံ နမီးဗီးယားဆိုင်ရာ အထူး အစည်းအဝေးက ကန့်ကွက်မဲ မရှိပြင့် အတည်ပြုလိုက်သည်။

ပီပီတို့၏ တော်လှန်ရေးသည် အာဖရိကနိုစတန်နိုင်ငံတွင် မြေရှင် ပဒေသရာဇ်စနစ်နှင့် မျိုးရိုးစဉ်ဆက် အုပ်ချုပ်မှုစနစ်တို့ကို အဆုံးသတ်စေရန် ရည်ရွယ်ကြောင်း အာဖရိကနိုစတန်နိုင်ငံ သမ္မတဟောင်း ပိုဟာမက်ဒါဝတ်အား ပြုတ်ချ အာဏာသိမ်းမှုကို လမ်းညွှန်ခဲ့သူ ဒုတိယဗိုလ်မှူးကြီး အဗ္ဗဒုကာဒါက ကူးမြို့၌ ပြောကြားသည်။

၄ နျူးကလီးယား လက်နက် အထွေထွေ စမ်းသပ်မှုများနှင့် လုံးဝပိတ်ပင်ရေးတို့နှင့် စပ်လျဉ်း၍ စာချုပ်မူကြမ်းရေးဆွဲရန် ရည်ရွယ်ချက်ဖြင့် ဂူဂျ၊ အမေရိကန်နှင့် မြိတိန်တို့ ဆွေးနွေးပဲ့ကျင်းပသည်။

ဆုဒန်သမ္မတ နီမေရီသည် အီဂျစ်သမ္မတ ဆဒတ်နှင့် အာရပ်အချင်းချင်း ပြန်လည်သင့်မြတ်ရေးအတွက် အလက်ဇန္ဒရီးယား မြို့တွင် တွေ့ဆုံဆွေးနွေးကြသည်။

အစင်း ၂၀၀ ထောင်းချရေးတွင် အမေရိကန် အစိုးရနှင့် ကွန်ဂရက်အကြား ပဋိပက္ခများရှိနေသည့်အထဲမှ အမေရိကန်သမ္မတ ကာတာသည် ယင်းအငြင်းပွားနေသော စီမံကိန်းကို အမေရိကန်ကွန်ဂရက်သို့ ပေးပို့တင်ပြလိုက်၍ အင်ဇရီယယ် လိုလားသော အုပ်စုများက ပြင်းပြင်းထန်ထန် ကန့်ကွက်ကြသည်။

၂၉ တတိယကမ္ဘာသည် နိုင်ငံခြားပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်မပေးနိုင်လျှင် ဖွံ့ဖြိုးဆဲ နိုင်ငံများ၌ အနောက်နိုင်ငံများ၏ ငွေရင်း မြှုပ်နှံမှုများ ရပ်စဲသွားနိုင်ကြောင်း အနောက်ဂျာမနီ ဝန်ကြီးချုပ် ရှမစ်က ဟမ်းဘွတ်မြို့တွင် ကျင်းပသော နိုင်ငံတကာ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဖွံ့ဖြိုးရေးပါရဂူများ အစည်းအဝေး၌ သတိပေး ပြောကြားသည်။

ဂျာတလီ နိုင်ငံခြားရေးဝန်ကြီးနှင့် ဂျာတလီ နိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးတို့သည် သိပ္ပံနှင့်စက်မှု ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တရပ်ကို ရောမမြို့တွင် လက်မှတ်ရေးထိုးကြသည်။

၃၀ ဆိုဒင်နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

အာဖရိကနိုစတန်နိုင်ငံအား လူအသေအပျောက်အနည်းဆုံးဖြင့် တော်လှန်ရေးဆင်နွှဲကာ အာဖရိကနိုစတန်ဒီမိုကရက်တစ် သမ္မတနိုင်ငံဟု ခေါ်တွင်စေမည်ဖြစ်ကြောင်း၊ နိုင်ငံအကြီးအကဲနှင့် ဝန်ကြီးချုပ်သည် နှုမိုအာမက် တာဆာကီဖြစ်ကြောင်း တော်လှန်ရေးစစ်ကောင်စီက ကူး အသံလွှင့်ဌာနမှ ကြေငြာသည်။

၁၅ ကြိမ်မြောက် လူရည်ချွန် စီမံကိန်းမှ လူရည်ချွန် ဆုရ လူရည်ချွန်များ၏ ရန်ကုန် စုပေါင်း လူရည်ချွန် စခန်းဖွင့်ပွဲကို ရန်ကုန်မြို့တွင် ပြုလုပ်ထာလူရည်ချွန်စီမံကိန်း ဗဟိုကော်မတီ နာယကပညာရေးဌာန ဝန်ကြီး ဒေါက်တာ ခင်မောင်ဝင်းက အဖွင့် အမှာစကား ပြောကြားသည်။

ဧပြီလ

၁ အင်ဇရီယယ် နိုင်ငံ၏ ထုသက်မှန် လုံခြုံရေးအတွက် အမေရိကန်က တာဝန်

ကို ရှီဒီးဇီးယားနိုင်ငံ အသွင်ကူးပြောင်းရေးဆိုင်ရာ ကြားပြတ်အစိုးရက ပယ်ချလိုက်သည်။

နမီးဗီးယားပြရှင်းရေးဆိုင်ရာ အနောက်အုပ်စုအဆိုများကို တောင်အာဖရိကနိုင်ငံက လက်ခံလိုက်ခြင်းဖြင့် မိုမို အနှစ် ၅၀ ကျော် အုပ်ချုပ်လာသည့်နယ်မြေတခုအတွင်း၌ကုလသမဂ္ဂကြီးကြပ်မှုဖြင့် အရွယ် ရောက်သူတိုင်း မဲပေးပိုင်ခွင့်ရှိသည့် ရွေးကောက်ပွဲ ကျင်းပရေးအတွက်လမ်းဖွင့်ပေးလိုက်သည်ဟုတောင်အာဖရိက အစိုးရအပွဲ့ အစည်း အဝေးအပြီး ကိပ်တောင်းမြို့၌ ကျင်းပသော လွှတ်တော်တွင် ဝန်ကြီးချုပ် ဗော့စတာက ထုတ်ဖော် ကြေငြာသည်။

၂၆ ဆိုဗီယာမြို့တွင် ကျင်းပသော ဟန်ဂေရီ၊ ဗူလဂေးရီးယား၊ ပိုလန်၊ ရူမေးနီးယား၊ ဂျူဂျနှင့် ချက်ကိုဆလိုဗားကီးယား၊ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်သည့် ဝါဆောစာချုပ်ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများကော်မတီအစည်းအဝေးက နိုင်ငံတကာ တင်းမာမှု လျော့ပါးရေးကို ကြိုးပမ်းမည့် ပီပီတို့၏ ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုလိုက်ကြောင်း ကြေငြာသည်။

၂၇ အမျိုးသား တော်လှန်ရေးကောင်စီက အာဖရိကနိုစတန်သမ္မတ ပိုဟာမက်ဒါဝတ်အား ပြုတ်ချလိုက်ပြီး အာဏာသိမ်းလိုက်သည်ဟု အာဖရိကနိုစတန် ရေဒီယိုက ကြေငြာသည်။

၂၈ အာဖရိကနိုစတန်အစိုးရသစ်၏ တပ်မဲ့များက အာဏာသိမ်းထုတွင် အသတ်ခံရသော သမ္မတဒါဝတ်၏ အင်အားစုများကို အပြီးအပိုင် ဆက်လက် နှိမ်နင်းလျက်ရှိရာ အထက်တန်း စစ်ဗိုက် အရာရှိ များလည်း လက်နက် ချကြသည်ဟု ကူးရေဒီယိုက ကြေငြာသည်။ အာဏာသိမ်းခေါင်းဆောင်မှာ အသက် ၃၇ နှစ်အရွယ်ရှိ လေတပ်အရာရှိအဖွဲ့ခါဒီ ဖြစ်သည်။

အီဂျစ်၊ အင်ဇရီယယ်နှင့် ဆအူးဒီအာရေဗျသုံးနိုင်ငံသို့ အမေရိကန် စစ်လေယာဉ်

တရုတ်၊ ရုရှ နှစ်နိုင်ငံအကြား နယ်ခြားပြဿနာဆွေးနွေးပွဲကို ၁၄ လကြာ ရပ်ဆိုင်းထားရာမှ ပီကင်းမြို့တွင် ပြန်လည် ကျင်းပသည်။

၅ ဆဟဲ ဒေသဟုခေါ်သော အာဖရိက တိုက်ကမ်းခြေဒေသတွင် မိုးခေါင် ရေရှားလျက်ရှိရာ လူခုနစ်သန်းတို့ အစာရေစာ ငတ်ပြီး သေကြေပျက်စီးရမည့်ဘေးနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာ နှင့်လယ်ယာ စိုက်ပျိုးရေးအဖွဲ့ (အက်ဖအို)က လေ့လာတွေ့ရှိခဲ့သည်။

ဘက်မလိုက်နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေးကို အာဖဂန်စတန်နိုင်ငံ ကဗူးမြို့တွင် မကျင်းပတော့ပဲ ကျူးဗား နိုင်ငံ ဟာဗားနားမြို့၌ ကျင်းပမည်ဟု ကျူးဗား နိုင်ငံက ကြေငြာသည်။

၆ အန်ဂိုလာနိုင်ငံအား မေလ ၄ ရက်နေ့က ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းကြောင့် တောင်အာဖရိကနိုင်ငံကို ရေနှင့်လက်နက် ပိတ်ဆို့မှုစသော အရေးယူအပြစ်ပေးမှုများကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပြဋ္ဌာန်းပေးရန် ဘက်မလိုက် နိုင်ငံများ၏ ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့က တိုက်တွန်းလိုက်သည်။

ရုရှသမ္မတဗရက်ဇညက်နှင့် နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကို၊ အနောက်ဂျာမနီမှ ဝန်ကြီးချုပ် ဟဲလမွတ်ရှမစ်နှင့် ဟန်း(စ) ဒီးထရိဂင်ရှာတို့သည် စီးပွားရေးနှင့် စက်မှုလုပ်ငန်း ရေရှည်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တခုကို ဗုဒ္ဓဟူးမြို့၌ လက်မှတ်ရေးထိုးသည်။

၇ အင်္ဂရိယယ်နိုင်ငံ တည်ထောင်သည့် နှစ် ၃၀ မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် မေလ ၆ ရက်နေ့ကဂျူးဆလမ်းမြို့အတွင်းသို့ ဒုံးကျည်လက်နက်များဖြင့် အပြင်းအထန် တိုက်ခိုက်ခဲ့သည်ဟု ပယ်လက်စတိုင် ပြောက်ကျားများက ကြေငြာ၏။

အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ (အေစီယင်)၏ ပထမ အကြိမ် ကုန်စည်ပြပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဖွင့်လှစ် သည်။

၈ ဝန်ကြီးချုပ် မမ်ဒူဆလင်းဦးဆောင်သော အဖွဲဝင် ၃၀ ပါသည့် အီဂျစ် အစိုးရသစ်ကို ဖွဲ့စည်းလိုက်သည်။

ဆီးရီးယားနိုင်ငံ သမ္မတ အာဆတ်နှင့် ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ ခေါင်းဆောင် အာရဖတ်တို့သည် လွတ်မြန်နန်တောင်ပိုင်း အခြေအနေနှင့် စပ်လျဉ်း၍ ခြောက်နာရီကြာ တွေ့ဆုံ ဆွေးနွေးကြောင်း ဒမက်စကပ်မြို့၌ ထုတ်ဖော်ကြေငြာသည်။

၉ ချက်ကိုဆလို ဗားကီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ဖြစ်သည်။

နှစ်လနီးပါးကြာ လက်ဝဲတပ်နိုတို့၏ ပြန်ပေးဆွဲခံရသော ဂျတလိဝန်ကြီးချုပ်ဟောင်း အယ်လဒိုမိုရို့၏ အလောင်းကို ရောမမြို့ပေါ်ရှိ လမ်းတလမ်းတွင် စွန့်ပစ်ထားသော ကားတစီးထဲ၌ ရင်ညွန့်တွင် သေနတ်ဒဏ်ရာ လေးချက်ဖြင့် တွေ့ရှိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲကြီး၏ ၃၀ ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံကို ဂျီနီဗာမြို့တွင် စတင် ကျင်းပသည်။

၁၀ ရုရှနှင့် ငြိမ်းချမ်းရေး လိုလားသော နိုင်ငံများက လက်နက်ဖျက်သိမ်းရေး ကမ္ဘာ့ညီလာခံတရပ် ကျင်းပရန် တိုက်တွန်း အဆိုပြုခြင်းကို ကုလသမဂ္ဂက ထောက်ခံသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ကရိယန် ဆတ်ချန်မာနန် သည် ညွှန့်သည်တော် အဖြစ်နှစ်ရက်ကြာ နေထိုင်လည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။

၁၁ အင်္ဂရိယယ်နိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ ဖြစ်သည်။

အမေရိကန်နှင့် ရုရှနိုင်ငံတို့သည် သမားရိုးကျ လက်နက်ရောင်းချမှုလျော့ရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သမ္မတကာတာ၏ ပြောခွင့်ရပုဂ္ဂိုလ် ဟော့ဒင်း ကာတာက ဝါရှင်တန်မြို့တွင် ပြောကြားသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့မှ ဟိမဝန္တာတောင်တက်အဖွဲသည်အမြင့်ဂ,၁၆၇ မီတာ(၂၆,ဂဂ၇ ပေ)ရှိ ဒေါင်လာဂီရိတောင်ထိပ်သို့ ကျောက်ဆောင် ထူထပ်၍ အခက်ခဲဆုံး ဖြစ်သော တောင်ဖက် လမ်းမှနေပြီး မေလ ၁၀ ရက်နေ့က အောင်မြင်စွာ တက်ရောက် နိုင်ခဲ့ကြောင်းကြေငြာသည်။

၁၂ တတိယကမ္ဘာ့နိုင်ငံများတွင် အခြေခံကျန်းမာရေး လုပ်ငန်းများ ပိုမို ကောင်းမွန်စွာလုပ်ဆောင်နိုင်ရေးကို ဦးတည်သောအချက် ၁၄ ချက်ပါ အစီအစဉ်တရပ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲနှစ်ပတ်လည် ညီလာခံက လက်ခံအတည်ပြုလိုက်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ကရိယန် ဆတ်ချန်မာနန်သည် မြန်မာနိုင်ငံတွင် ညွှန့်သည်တော်အဖြစ် သုံးရက်ခန့် နေထိုင်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

၁၃ အိန္ဒိယ သမ္မဒ္ဓရာ အတွင်းရှိ ကိုမိုရိကျွန်းစု နိုင်ငံတွင် သမ္မတ အလီဆိုင်လီကို ဖြုတ်ချပြီး စစ်ဗိုက်က အာဏာသိမ်းယူလိုက်သည်။

၁၄ အိန္ဒိယသမ္မဒ္ဓရာအတွင်းမှ ကိုမိုရိကျွန်းများတွင် ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ အိမ်ပြင်မထွက်ရန် အာဏာသိမ်းခေါင်းဆောင်များက အမိန့်ထုတ်ပြန်လိုက်ပြီး ကျွန်းစုများအကြား ဆက်သွယ်မှုများကို ဖြတ်ထားလိုက်ကြောင်း ရေဒီယို မက်ဒါဂတ် စကာက ကြေငြာသည်။

ဇိုင်ယာနိုင်ငံ အရှေ့တောင်ပိုင်း ရှာဘာပြည်နယ် (ယခင်ကတန်ဂါ)ရှိ ကိုဝေဇီသတ္တုတွင်းမြို့ကို သူပုန် ၄၀၀၀ ခန့် ဝင်ရောက်တိုက်ခိုက်ကြောင်း ဇိုင်ယာနိုင်ငံကကြေငြာသည်။

၁၅ ဝန်ကြီးချုပ်ဟော့ခေါင်းဆောင်သော လက်ဗန္ဓန် အစိုးရအဖွဲသည် လွန်ခဲ့သည့်တလခန့်က နုတ်ထွက်လွှာ တင်ခဲ့ပြီးမှ ပြန်လည်ခန့်ထားခြင်း ခံရသည်။

ဥက်ဖျားထောဂါ ဖြစ်ပွား သူ ဦးရေမှာ လွန်ခဲ့သောငါးနှစ်အတွင်းက နှစ်ဆကျော်တိုးခဲ့ရာ အရှေ့တောင်အာရှတွင် အများဆုံးဖြစ်ပွားခဲ့ကြောင်းဖြင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၁၆ ဇိုင်ယာနိုင်ငံ တောင်ပိုင်းတွင်ရှိသည့် အချက်အချာကျသော သတ္တုတွင်း

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

မြို့ဖြစ်သည့် ကိုဝေဇီမြို့ကို ဇိုင်ယာသူပုန်များက သိမ်းပိုက်ထားရာ သူပုန်များလက်မှ မြို့ကို ကယ်တင်ရေးအတွက် ဇိုင်ယာအစိုးရက ရာပေါင်းများစွာသောလေထီးတပ်သားများကို လေယာဉ်ဖြင့် ပေးပို့လိုက်သည်။

ကမ်ပူးချားနှင့် ဗီယက်နမ်တပ်များသည် ပန္ဒမ်းပင်မြို့၏ တောင်ဖက် မိုင် ၄၀ အကွာ နှစ်နိုင်ငံနယ်စပ်တွင် တိုက်ပွဲဖြစ်ပွားကြောင်း ကမ်ပူးချားရေဒီယိုက ကြေငြာသည်။

၁၇ အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ (အေစီယင်)သည် ယခု နှစ် လည်လောက်တွင် ထုတ်ကုန်အမျိုးအစား ၇၁ မျိုးမှ ၇၅၀ အထိ တိုးမြှင့်၍ ဦးစားပေး ကုန်သွယ်ရေးအစီအစဉ်များ ခဲ့ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းဖြင့် ပီလစ်ပိုင် သမ္မတမားကို့စက အေစီယင်အဖွဲ့ ကုန်သည်ကြီးများ နှီးနှောဖလှယ်ပွဲတွင် ပြောကြားလိုက်သည်။

ယူဂိုစလားဗီးယားနိုင်ငံတွင် ဝန်ကြီးချုပ် ဗာဆိလင် ဂျုံရင်အိုဗစ် ဦးဆောင်သည့်အဖွဲ့ ဝင် ၂၉ ဦးပါဝင်သော အစိုးရအဖွဲ့သစ် ဖွဲ့စည်းလိုက်သည်။

၁၈ အင်ကိုပိုနှင့်မွာဂါဘိတို့ဦးဆောင်သော မျိုးချစ်တပ်ဦး၏ဦးဆောင်မှုဖြင့် ဇင်ဗာဗွေ (ရိုဒီးဇီးယား)နိုင်ငံကို ကိုယ့်ကြမ္မာကိုယ် ပန်တီးနိုင်ခွင့်ရရေးအတွက် တောင်းဆိုထားသော ဆုံးဖြတ်ချက် မူကြမ်းတရပ်ကို ဟာဗားနားမြို့၌ ယခုအပတ် ကျင်းပသော ဘက်မလိုက် ၂၅ နိုင်ငံများ ညီနှီး ဆွေးနွေးပွဲက အတည်ပြုလိုက်သည်။

ဝန်ကြီးအဆင့် ဘက်မလိုက်ဖွဲ့ရေးအစည်းအဝေးကို ဂျုံးဗားနိုင်ငံ ဟာဗားနားမြို့တွင် စတင် ကျင်းပသည်။

၁၉ ပင်လယ်ပြင်ညဒေဆိုင်ရာကုလသမဂ္ဂ အပွဲကြီး၏ နောက်ဆုံးစည်းဝေးပွဲကို ဂျီနီဗာမြို့၌ ကျင်းပပြီးစီးသွားရာ သဘောတူညီချက် အများအပြား ရရှိသွားသည်။

ပီရူးနိုင်ငံ စစ်အစိုးရသည် ဟနိုင်ငံလုံး အရေးပေါ်အခြေအနေ ကြေငြာလိုက်ပြီး အခြေခံ ညဒေပါ အခွင့်အရေးများကိုလည်း ရုပ်သိမ်းလိုက်သည်။

ဆော်လမွန်ကျွန်းစုအား လွတ်လပ်ရေးပေးမည့် ညဒေကြမ်းကို မြိတိသျ အောက်လွတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုလိုက်သည်။ ယင်းညဒေအရ ဆော်လမွန်ကျွန်းစုသည် ဇူလိုင်လ ၇ ရက်နေ့တွင် လွတ်လပ်သောနိုင်ငံ ဖြစ်လာမည်။

၂၀ ကျူးဗားနိုင်ငံက ဇိုင်ယာနိုင်ငံ ရှာဘာပြည်နယ်တွင် တိုက်ခိုက်လျက်ရှိသောသူပုန်များနှင့် မိမိတို့ ဆက်စပ်မှုမရှိဟု ကြေငြာသည်။

အမေရိကန် နိုင်ငံက သောကြာဂြိုဟ် စူးစမ်းရေးအတွက် ပိုင်အိုးနီးယား ဗီးနပ် ၁ ဂြိုဟ်တုကို အခက်အခဲမရှိ အာကာသအတွင်း လွှတ်တင်လိုက်သည်။

၂၁ နိုင်ငံပေါင်း ၁၃ နိုင်ငံသို့ အမေရိကန် ဒေါ်လာသန်း ၁၃၀ ပိုးရှိသော စားနပ်ရိက္ခာများ ထောက်ပံ့ကူညီရန် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့မှ ခွင့်ပြုလိုက်သည်။

ရွှမေးနီးယား သမ္မတ ချောင်ဆက်စကူးသည် ကိုရီးယားဒီပို့ကရက်တစ်သမ္မတ ကင်အီဆွန်းနှင့် ပျန်ယန်မြို့၌ တွေ့ဆုံဆွေးနွေးသည်။

၂၂ လက်ဗန္ဓနနိုင်ငံတောင်ပိုင်းတွင် ပယ်လက်စတိုင် ပြောက်ကျားတို့ စိမ့်ဝင်မှုကို တားဆီးရန် ကုလသမဂ္ဂအဖွဲ့ကြီးက အင်္ဂလိပ်အား ထပ်မံ ကတိပေးကြောင်း အင်္ဂလိပ် နိုင်ငံခြားရေးဝန်ကြီးဒါယန်းက ကျွန်ုး ဆလမ်းမြို့၌ ပြောကြားသည်။

၂၃ လက်နက်ပျက်သိမ်းရေးဆိုင်ရာ ကုလသမဂ္ဂ အထူးညီလာခံတရပ်ကို ကုလသမဂ္ဂဌာနချုပ်တွင် ဖွင့်လှစ်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ စတုတ္ထအကြိမ်အစည်း အဝေး ကို အလုံလမ်းသမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဥက္ကဋ္ဌကြီး ဦးနေဝင်းကဆောင်ရွက်သည်။

၂၄ စိုက်ပရမ်မ တွရကီတပ်များရုပ်သိမ်းရေး၊ ကုလသမဂ္ဂတပ် ရုပ်သိမ်းရေး တိုက်တွန်းချက်ကို အလေးမပြု၊ ကျွမထားလျင် တူရကီနိုင်ငံအား ကုလသမဂ္ဂက တားမြစ် ပိတ်ပင်မှုပြုကာ အရေးယူသင့်ကြောင်း စိုက်ပရပ် သမ္မတကိုင်ပရီယာနိုက ကုလသမဂ္ဂ အထူးညီလာခံတွင် ပြောကြားသည်။

မလေးရှားနိုင်ငံ အရှေ့ဖက် ဆာရာဝပ်နှင့် ဆားဗား ပြည်နယ် အကြားခံ့ တည်ရှိသည့် ဘရူးနေးနိုင်ငံအား လွတ်လပ်ရေး ပေးမည့် ဖြိတိန်နိုင်ငံ၏ အစီအစဉ်ကို အင်ဒိုနီးရှားနိုင်ငံက ကြိုဆိုပါသည်ဟု ပြန်ကြားရေး ဝန်ကြီးဗိုလ်ချုပ်ကြီး အလီမာတိုပိုက ပြောကြားသည်။

၂၅ အာဂျင်တီးနား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်သည်။

အရှေ့တောင်အာရှမှ သေဆုံးသူ ၅၀% သည် အသက်ငါးနှစ်အောက် ကလေးများ ဖြစ်သည်ဟု အရှေ့တောင်အာရှ နိုင်ငံများ အဖွဲ့ (အေစီယင်) ကလေးသူငယ် ဆေးပညာအဖွဲ့ချုပ်က ကြေငြာသည်။

၂၆ ငြိမ်းချမ်းရေးရရန် အလာအလာ များရှိနေသည့် ပစ္စပ္ပန် ကာလတွင် လက်နက်ပျက်သိမ်းရေးကို ဖိလုပ်သင့်သည်ဟု ယူနက်စကို ညွှန်ကြားရေးမူးချုပ် အာမာဒိ မာတာမဗိုးက ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏လက်နက်ပျက်သိမ်းရေး အထူးအစည်းအဝေး၌ တိုက်တွန်းပြောကြားသည်။

ဗီယက်နမ်ရှိတရုတ်လူမျိုးများကို ဗီယက်နမ် အာဏာပိုင်များကနှိပ်စက်သည်ဟူသော တရုတ်တို့၏ စွပ်စွဲချက်မှာ မမှန်ကန်ကြောင်း ဗီယက်နမ်နိုင်ငံက ငြင်းဆိုသည်။

၂၇ အမေရိကန်သမ္မတ ကာတာနှင့် ရုရှနိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုတို့သည် သေနင်္ဘာဟာ လက်နက် ကန့်သတ်ရေးနှင့်တက္က အာဏရိကအရေးအခင်းများအပါအဝင် အခြားသော ပြဿနာများကို ဝါရှင်တန်မြို့၌ ဆွေးနွေးကြသည်။

၂၈ အာဏရိက အရေးအခင်းများတွင် အရှေ့အနောက် ကွဲလွဲမှုများက ဩဇာလွှမ်းမိုးသင့်ကြောင်း အရှေ့အနောက်ကွဲလွဲမှုများကို အာဏရိကတိုက်တွင် ပျံ့နှံ့အောင် ခွင့်မပြုကြောင်း အနောက်ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး ဂျင်ရှာက ကိုယ်တိုင်တွေ့ ပြောကြားသည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

၂၉ အီဂျစ် သမ္မတ အနှဝါဆဒတ်သည် အရှေ့ အလယ်ပိုင်း ငြိမ်းချမ်းရေး အတွက်အဇ္ဇရီယယ်နှင့်တိုက်ရိုက်ညှိနှိုင်းမှုများ အင်တိုက် အားတိုက် ပြုလုပ်ရန် မေတ္တာရပ်ခံကြောင်း အဇ္ဇရီယယ် သမ္မတသစ် ယစ်ဇတ် နဗွန်းက ဂျရူးဆလမ်းမြို့တွင် သမ္မတအဖြစ် ခံယူပွဲ၌ ပြောကြားသွားသည်။

ကိုမိုရှိ အစိုးရအဖွဲ့ ခေါင်းဆောင်အဖြစ်မှ ဖယ်ရှားခြင်းခံရသောအလီဆိုင်လီ(၄၃ နှစ်) သည် ဖမ်းဆီးထားရာမှ ထွက်ပြေးရန် ကြိုးစားခိုက် အစောင့်များ၏ ပစ်ခတ်ခံရခြင်း ကြောင့်သေဆုံးသွားကြောင်းကြေငြာသည်။

၃၀ အနုမြူလက်နက် တပ်ဆင်မှု လျှော့ချရေးအတွက် အဓိက အနုမြူလက်နက် နိုင်ငံကြီး နှစ်ခုဖြစ်သော အမေရိကန်နှင့် ရုရှတို့တွင် အထူးသဖြင့် ကြီးလေးသော တာဝန်များရှိကြောင်း ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဆိုနိုဒါက ကုလသမဂ္ဂ အထွေထွေ ညီလာခံ လက်နက်ဖျက်သိမ်းရေး အထူးအစည်းအဝေးတွင် ပြောကြားသည်။

အာရှနိုင်ငံများသို့ ခရီးလှည့်လည်ခဲ့သည့် ရူမေးနီးယားသမ္မတ ချောင်ဆက်စကူး သည် နယူးဒေလီမြို့၌ သုံးနာရီကြာ ခေတ္တရပ်နားပြီးနောက် အိန္ဒိယဝန်ကြီးချုပ်မိုရာဂျီဒေဆိုင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက် ရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာ အဓိကပြဿနာများကို ညှိနှိုင်းဆွေးနွေးကြသည်။

၃၁ လက်ဗနွန်တောင်ပိုင်းတွင် ပယ်လက်စတိုင်နှင့် ခရစ်ယန် တပ်ဖွဲ့များ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်လျက် ရှိသည်။

မြန်မာနိုင်ငံအလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာန ဝန်ကြီး ဦးမန်းစံမြတ်ရွှေနှင့် အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဇွန်လ ၅ ရက်နေ့မှ ၂၈ ရက်ထိ ကျင်းပမည့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (အိုင်၊ အယ်၊ အို) ၏ ၆၄ ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

ဇွန်လ

၁ မြေထဲပင်လယ် အပန်းဖြေစခန်း လာတာကီယာမြို့တွင်ကျင်းပခဲ့သော ဆီးရီးယားနိုင်ငံ သမ္မတ အာဆတ်နှင့် လက်ဗနွန်နိုင်ငံသမ္မတ ဆာကစ်တို့၏နှစ်ရက်ကြာ ဆွေးနွေးပွဲမှာ ပြီးဆုံးသည်။

အမေရိကန်နှင့်ရုရှတို့သည် နေရောင်ခြည်စွမ်းအား အကျိုးသက်ရောက်မှုကို တိုင်းတာရန် နှစ်နိုင်ငံ ပူးတွဲစမ်းသပ်ရေးအတွက် ယခုလကုန်ပိုင်းတွင် ကမ္ဘာ့လေထု အထက်ပိုင်းသို့ ဒုံးပျံကိုးခုပစ်လွှတ်လိမ့်မည်ဟုကြေငြာသည်။

၂ အရှေ့နှင့် အနောက်အုပ်စု များက အာဖရိက တိုက်အား စစ်မြေပြင်အဖြစ် အသုံးပြုခြင်းကို အာဖရိက နိုင်ငံများက ဆန့်ကျင်ကြရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံ လက်နက်ဖျက်သိမ်းရေး အထူးအစည်းအဝေးတွင် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ကယ်လဟန်က တိုက်တွန်း လိုက်သည်။

စစ်တလင်းဖြစ်ခဲ့ရသော ရှားဗားပြည်နယ် ကိုဝေဇီမြို့ရှိ သတ္တုတွင်းအားလုံးတွင် သတ္တုတူးဖော်ရေး လုပ်ငန်းများ ပြန်လည်ပြုလုပ်နေပြီဖြစ်ကြောင်းဖြင့် ဇိုင်ယာနိုင်ငံ၏ အဇက်သတင်းဌာနမှ ကြေငြာသည်။

၃ ဣတလီ သမ္မတ နိုင်ငံ တည်ထောင်သည့်နှစ်ပတ်လည်နေ့ ဖြစ်သည်။

ဂရိဝန်ကြီးချုပ် ကရာမန်လစ်သည် စိုက်ပရပ်ကိစ္စ၊ အေဂျီယန်ပင်လယ် အငြင်းပွားမှုကိစ္စတို့ကြောင့် အခြေအနေ ဆိုးရွားနေသည့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် ကြိုးပမ်းချက် အဖြစ် မကျူးကျော်ရေး စာချုပ် ချုပ်ဆိုရန် တူရကီနိုင်ငံအား အဆိုပြုသည်။

၄ ဇိုင်ယာနိုင်ငံ ရှားဗားပြည်နယ် လုံခြုံရေးအတွက် ကျားသစ်စစ်ဆင်ရေးဟု အမည်ပေးထားသော ပြင်သစ်တပ်များ ဝင်ရောက်တာဝန်ယူ ကူညီမှု ပြီးဆုံးသည်။

တူရကီဝန်ကြီးချုပ် အက်စီဗစ်က ဂရိဝန်ကြီးချုပ် ကရာမန်လစ်၏ မကျူးကျော်ရေး စာချုပ် ချုပ်ဆိုရန် အဆိုပြုချက်ကို ဂရိနှင့် တူရကီဆက်ဆံရေး တင်းမာမှု လျှော့ပါးရေးအတွက် မိမိလက်သင့်ခံရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

၅ ရှေ့လမှစ၍ ၁၉၇၈-၇၉ ခုနှစ်တွင် ဆွီဒင်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ ၂၂ နိုင်ငံသို့ဖွံ့ဖြိုးရေးအတွက် ဒေါ်လာသန်း ၉၀၀ ခန့် ကူညီထောက်ပံ့မည်ဖြစ်ရာ ဗီယက်နမ်ကအကူအညီအများဆုံးရမည်ဖြစ်ပြီးတန်ဇားနီးယား ကဒုတိယ၊ အိန္ဒိယက တတိယ အများဆုံးရကြမည်ဟု ကြေငြာသည်။

ကာကွယ်ရေးဝန်ကြီးနှင့် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရကျော်ထင်ခေါင်းဆောင်သော ချစ်ကြည်ရေး စစ်မစ်ရှင်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

၆ အဇ္ဇရီယယ်အစိုးရကယင်း၏ရပ်တည်ချက်ကို အလျှော့ မပေးသမျှ အဇ္ဇရီယယ်နှင့် အီဂျစ်ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ပြန်လည်ကျင်းပမည် မဟုတ်ကြောင်းအီဂျစ် သမ္မတ ဆဒတ်က ပြောကြားလိုက်သည်။

ဗင်္ဂလားဒေ့ရှ ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဌာန အတွင်းဝန် မစ္စတာ တာအရပ်ဟူစိန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ ကိုယ်စားလှယ် အဖွဲ့နှင့် မြန်မာ - ဗင်္ဂလားဒေ့ရှ နယ်ခြား ကိစ္စနှင့် နှစ်နိုင်ငံ အကျိုးတူ ကိစ္စများကို ဆွေးနွေးရန် အတွက် လေကြောင်း ခရီးဖြင့် ရန်ကုန်မြို့မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိလာသည်။

၇ ရုရှ နိုင်ငံသည်၊ အမေရိကန် ပြည်ထောင်စုနှင့် ဆန့်ကျင်ရေး သို့မဟုတ် ပူးပေါင်း ဆောင်ရွက်ရေး လမ်းစဉ် နှစ်ရပ်အနက် ကြိုက်ရာလမ်းကို ရွေးနိုင်ကြောင်း၊ အမေရိကန်ကမူ ရုရှတို့ ကြိုက်သည့်နည်းဖြင့် ရင်ဆိုင်ရန် အင်အား အပြည့်အဝဖြင့် အသင့်ရှိသည်ဟု သမ္မတ ကာတာက အနှုပိုလစ်မြို့တွင် အဓိက ပေါ်လစီ မိန့်ခွန်းတရပ် ပြောကြားရာ၌ ထည့်သွင်း ပြောဆို သွားသည်။

အိန္ဒိယ သမုဒ္ဒရာ အတွင်းရှိ နိုင်ငံခြားစစ်အခြေစိုက်စခန်းအားလုံးကိုရုပ်သိမ်းရန် နီပေါနိုင်ငံခြားရေးဝန်ကြီးက လက်နက်ဖျက်သိမ်းရေးအထူးအစည်းအဝေး၌ ဆော်သြပြောဆိုသည်။

ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတအစိုးရမှ ပါလီမန်အစိုးရသို့ ကူးပြောင်းရေးအစီအစဉ်တရပ်အနေဖြင့် သမ္မတမားကို့စသည် ဖိလစ်ပိုင်နိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်အဖြစ် ၁၂ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုမည်ဖြစ်ကြောင်း သမ္မတနန်းတော်မှ ထုတ်ပြန် ကြေငြာသည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

၈ တတိယ ကမ္ဘာ့နိုင်ငံ များသည် ကြီးမားသောစျေးကွက်များ ဖြစ်လာနိုင်သော်လည်း စက်မှု ထွန်းကားသော နိုင်ငံများက တတိယ ကမ္ဘာ့နိုင်ငံများအား လက်တွေ့ကျကျ ကူညီထောက်ပံ့ခြင်း မပြုနိုင်ပဲ ပျက်ကွက်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ မက္ကနာမားရားက တိုကျိုမြို့ ဂျပန် သတင်းစာအသင်းတွင် ဝေဖန်ပြောကြားသည်။

၉ လက်ဗန္ဓန်တောင်ပိုင်းဆိုက်ဒါမြို့အနီး ပယ်လက်စတိုင်ရေတပ်အခြေခံစခန်းတခုကို အင္ဇရီယယ် ရေတပ်မှ တိုက်သဘော်များက ပစ်ခတ်တိုက်ခိုက်သဖြင့် လူသုံးဦးသေဆုံးပြီး ၁၀၀ ခန့် ဒဏ်ရာ ရသည်ဟု ပယ်လက်စတိုင် အရာရှိတဦးက ဆိုက်ဒါတွင် အတည်ပြု ပြောဆိုသည်။

အာဖရိက တိုင်းရင်းသား ကျန်းမာရေး ဝန်ကြီး ခြောက်ဦးနှင့် အထက်တန်း အရာရှိများသည် တရုတ်နိုင်ငံသို့ ၁၀ ရက်နေ့မှစ၍ သုံးပတ်ကြာ သွားရောက်လည်ပတ်ကြမည်ဟု ကမ္ဘာ့ ကျန်းမာရေး အဖွဲ့က ကြေငြာသည်။

၁၀ ပေါ်တူဂယ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့ ဖြစ်သည်။

တောင် အာဖရိက နိုင်ငံ၏ အုပ်စိုးမှု အောက်တွင်ရှိနေသေးသော နမီးဗီးယား(အနောက်တောင်အာဖရိက)ကိစ္စနှင့်စပ်လျဉ်း၍ အာဖရိကတောင်ပိုင်းမှ ရွှေတန်းနိုင်ငံငါးနိုင်ငံ ဖြစ်သော အန်ဂိုလာ၊ဗော့ဆွာနာ၊ မိုဇမ်ဗစ်၊ တန်ဇားနီးယားနှင့် ဇမ္ဗီးယားနိုင်ငံ တို့သည် အန်ဂိုလာနိုင်ငံ လူအန်းဒါး မြို့တွင် နှစ်ရက်ကြာထိပ်သီးညီလာခံကို စတင်ကျင်းပသည်။

တရုတ် ပြည်သူ သမ္မတ နိုင်ငံသို့ ဇွန်လ ၅ ရက်နေ့က ထွက်ခွာသွားခဲ့ကြသော ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရကျော်ထင် ခေါင်းဆောင်သည့် ချစ်ကြည်ရေး စစ်မစ်ရှင်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

၁၁ အနောက်တောင် အာဖရိက ပြည်သူ အဖွဲ့ (ဆွာပို)က နမီးဗီးယား၏ အနာဂတ်ရေးနှင့် စပ်လျဉ်း၍ အနောက်အုပ်စုငါးနိုင်ငံတို့နှင့် ပြန်လည် ဆွေးနွေး ညှိနှိုင်းရန် သဘောတူလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံသမ္မတ မားကို့စက စစ်အုပ်ချုပ်ရေး အောက်တွင် ပထမဆုံးသော လွှတ်တော်ကို စတင်ဖွင့်လှစ် ပေးလိုက်သည်။ ထို လွှတ်တော်တွင် ကိုယ်စားလှယ် ၁၉၃ ဦး ပါဝင်သည်။

၁၂ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွှတ်လပ်ရေးနေ့ ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ ငါးနှစ်သက်တမ်းအတွက် ဗင်္ဂလားဒေ့ရှနိုင်ငံ၏ ပထမဆုံး တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းခံရသော သမ္မတအဖြစ် ဗိုလ်ချုပ်ကြီး ဇီယာရာမန်သည် ကျမ်းသစ္စာကျိန်ဆိုသည်။

တရုတ်ပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင်၊ တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်း ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကိုမိုးဂျိုး (၈၆ နှစ်) ပီကင်းမြို့တွင် ကွယ်လွန် သည်။

၁၃ လက်ဗန္ဓန်တောင်ပိုင်းမှ အင္ဇရီယယ်တပ်များ ရုပ်သိမ်းမှု ပြီးဆုံးပြီ ဖြစ်ကြောင်း အင္ဇရီယယ် နိုင်ငံခြားရေး ဝန်ကြီး မိုရှေ့ဒါယန်းက ကုလသမဂ္ဂသို့ အကြောင်းကြားလိုက်သည်။

ကမ္ဘာ့ သစ်ထုတ်လုပ်မှုနှင့် သစ်သုံးစွဲမှုသည် မမျှမတ ဖြစ်နေသဖြင့် အချို့သော ဒေသများတွင် သစ်မဖူလုံမှုများ ဖြစ်ပေါ်လိမ့်မည်ဟု ကုလသမဂ္ဂ စားနပ် ရိက္ခာနှင့် လယ်ယာ စိုက်ပျိုးရေးအဖွဲ့ (အက်ဖအေအို) ၏ ကြို့တင်ခန့်မှန်းချက် တရပ်ကို ထုတ်ပြန်ကြေငြာလိုက်သည်။

၁၄ လက်ဗန္ဓန်တောင်ပိုင်းမှ အင္ဇရီယယ်တပ်များကို ပြန်လည် ရုပ်သိမ်းပြီးပြီ ဖြစ်ရာ ယခုအခါ လက်ဗန္ဓန်၌ ကုလသမဂ္ဂ လုပ်ငန်းစဉ် ဒုတိယကဏ္ဍကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတင်သည်။

၁၅ ဣတလီ သမ္မတ ဂီယိုဗန်နီလီ ယွန်နီ (၆၉ နှစ်)သည် မိမိအနေဖြင့် အခွန်များပေးဆောင်ရန် တာဝန်များကို ရှောင်တိမ်းခြင်းနှင့် ငွေရေးကြေးရေး မမှန်မကန်များပြုလုပ် နေကြောင်း သတင်းများ ထွက်ပေါ် လာသည်ကို တုံ့ပြန်သော အား ဖြင့် သမ္မတရာထူးမှ နုတ်ထွက်ကြောင်း ကြေငြာသည်။ သမ္မတသစ်မရွေးချယ်မီ အထက်လွှတ်တော်ဥက္ကဋ္ဌ အမင်တိုရီမန်ဖန်နီ (၇၀) နှစ်ကကြားကာလနိုင်ငံ အကြီးအကဲအဖြစ် ဆောင်ရွက်သည်။

၁၆ အမေရိကန်သမ္မတကာတာနှင့် ပနားမား အစိုးရ အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး အိုမာတိုရီဂျိုစ်တို့သည် အသစ်ချုပ်ဆိုထားပြီး ဖြစ်သော ပနားမားတူးမြောင်း ဆိုင်ရာ စာချုပ်နှစ်ခုကို တရားဝင် အတည်ပြုသည့်အနေဖြင့် စာချွန်များလဲလှယ်ကြသည်။ အမေရိကန်အစိုးရက လောလောဆယ် အမေရိကန်က ထိန်းသိမ်းထားသော ပနားမားတူးမြောင်းကို ၁၉၉၉ ခုနှစ်ကုန် နောက်ဆုံး ထား၍ ပနားမား အစိုးရ လက်သို့ တဖြည်းဖြည်း လွှဲပြောင်းပေးရေး စာချုပ် ဖြစ်သည်။

ဇမ္ဗီးယားနိုင်ငံ သမ္မတ ကင်းနက် ကအွန်ဒါအား လာမည့် ရွေးကောက် ပွဲတွင် အာဏာရညီညွတ်သောအမျိုးသားကာကွယ်ရေး ပါတီ၏ ပြိုင်ဖက် မရှိ သမ္မတ လောင်းအဖြစ် ရွေးချယ်လိုက်သည်။ ကအွန်ဒါသည် ၁၉၆၄ မှစ၍ ဇမ္ဗီးယားနိုင်ငံ၏သမ္မတဖြစ်လာခဲ့သည်။

၁၇ အီဂျစ်နှင့် ယင်းနိုင်ငံအား ဆန့်ကျင်သော သဘောထား တင်း မာ သည့် အာရပ်နိုင်ငံများ အကြား မသင့် မတင့်ဖြစ်မှုအဆုံး သတ်ရေး အတွက် ဆူဒန်နိုင်ငံ သမ္မတ ဂဖား နီမေရီ၏ ကြိုးပမ်းချက် များမှ အကျိုးကျေးဇူးများကို ပြန်လည် သုံးသပ်ရန် ဆူဒန်နိုင်ငံ ခါတွန်မြို့၌ ခြောက်နိုင်ငံ ပါဝင်သော အာရပ် သွေးစည်း ညီညွတ်ရေး ကော်မတီ အစည်းအဝေးကို စတင်ကျင်းပ ပြုလုပ်သည်။

အရွှေတောင် အာရှ နိုင်ငံများ အသင်း (အေစီယင်)ဝင် နိုင်ငံများ၏ စက်မှု ဆိုင်ရာ ပူးတွဲစီမံကိန်းများတွင် ဂျပန်နိုင်ငံက ဘဏ္ဍာငွေအကူအညီ တိုးချဲ့ ပေးရေး ကတိကို ထပ်မံ အတည်ပြုလိုက်သည်။

၁၈ အရွှေအလယ်ပိုင်းတွင် ငြိမ်းချမ်းရေး ထူထောင် ပြီးနောက် ငါးနှစ် ကြာသောအခါတွင်သိမ်းပိုက်ထားသောအနောက်ဖက်ကမ်းနှင့် ဂါဇာ ကမ်းမြောင် ဒေသ၏ အနာဂတ်နှင့် စပ်လျဉ်း၍ ဆွေးနွေး သွားရန် အင္ဇရီယယ်က သဘောတူမည် ဖြစ်ကြောင်း အင္ဇရီယယ်အစိုးရအဖွဲ့က ကြေငြာသည်။

ပနားမားတူးမြောင်းအား ပနားမားနိုင်ငံသို့ ၁၉၉၉ ခုနှစ် နောက်ဆုံး ထား၍ တဖြည်းဖြည်း လွှဲပြောင်း ပေးရေးတွင် မျိုးချစ်စိတ်ပြည့်ဝသော ပူးပေါင်း ဆောင်ရွက်မှု ပြကြရန် တူးမြောင်း ဒေသရှိ အမေရိကန် အမျိုးသားများအား အမေရိကန်သမ္မတကာတာက ဧတွဆုံတိုက်တွန်းလိုက်သည်။

ဩစတြေးလီးယား၊မလေးရှားနှင့်စက်ပူဝန်ကြီးချုပ်များသည် နိုင်ငံတကာစီးပွားရေး

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှ

ပါကစ္စတန်နိုင်ငံ စစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဇီယာအူးလဟတ်သည် အရပ်သားနိုင်ငံရေးသမားများနှင့် အမျိုးသား ညီညွတ်ရေးအစိုးရ ဖွဲ့မည့်အစား စစ်အုပ်ချုပ်ရေးမှူးအဖြစ် ဆက်လက်အာဏာယူထားမည်ဟု ကြေငြာသည်။

၂၆ တည်ငြိမ်သော ရေနံဈေးနှုန်း ရရှိရေးအတွက် အိုပက် ၁၃ နိုင်ငံနှင့် အနောက်စက်မှု နိုင်ငံများ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆာအူးဒီအာရေဗျ ရေနံဝန်ကြီး ယာမနီက ဘူမိဗေဒ ပညာရှင်များ၏ နိုင်ငံတကာ ညီလာခံ ဖွင့်ပွဲတွင် တိုက်တွန်းသည်။

ရာထူးမှ နုတ်ထွက်သွားသော တောင်ယေမင်သမ္မတ ဆလမ်းရှကရီအလီ၏ နေရာတွင်ဝန်ကြီးချုပ်အလီနာဆာ မိဟာမက်ဟက်ကာနီအား အစားထိုးခန့်အပ် လိုက်ကြောင်း ဖြင့် အီရက်သတင်းဌာနမှ ကြေငြာသည်။

၂၇ ကမ္ဘာပေါ်တွင် ကလေးမွေးနှုန်းသည် ၁၉၆၀ ပြည့်နှစ်များမှစ၍ သိသိ သာသာ ကျဆင်း ခဲ့သော်လည်း ၂၀ ရာစုနှစ်အကုန်တွင်ကမ္ဘာ့လူဦးရေသည် လက်ရှိ သန်း ၄၀၀၀ ထက် သန်း ၁၈၀၀ တိုးကာသန်း ၅၈၀၀ အထိရှိလာမည်ဟု ကုလသမဂ္ဂမှ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖရိက - အာရှ ပြည်သူ့သွေးစည်း ညီညွတ်ရေးအဖွဲ့၏ နှစ်ရက်ကြာ အထူးညီလာခံကို ကိုလံဗိုမှီတွင် စတင်ကျင်းပရာ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး ဟာမစ်က ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် စစ်မှုထမ်းဟောင်းများအဖွဲ့ ဒုတိယအကြိမ် ဗဟိုဦးစီးအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေရှိ အစည်းအဝေး ခန်းမဆောင်၌ စတင်ကျင်းပရာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း တက်ရောက်သည်။

၂၈ ပြင်သစ်၊ အမေရိကန်၊ ရုရှနှင့် ဗြိတိန်တို့သည် ဂျိနီဗာလက်နက် ဖျက်သိမ်းရေးစည်းဝေးပွဲ ပြန်လည်ကျင်းပရန် သဘောတူလိုက်ကြသည်။

ဇယားများနှင့်ပတ်သက်ပြီး အကြီးအကျယ် ကွဲလွဲလျက်ပင်ရှိသေးကြောင်းဖြင့် အနောက်အုပ်ဖုဖက်မှ ပြောကြားသည်။

၂၃ မပြတ်မသား ဖြစ်နေသော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ထိပ်သီးညှိနှိုင်းမှုများ ပြန်လည် ပြုလုပ်နိုင်ရန် အတွက် ထိပ်သီးဆွေးနွေးပဲ့မျာ ကျင်းပရန် အမေရိကန်က စီစဉ်လျက် ရှိသည်ဟုကြေငြာသည်။

နမီးဗီးယားနိုင်ငံသည် နိုင်ငံတနိုင်ငံအဖြစ် ရပ်တည်ခြင်း မရှိသေးသော်လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်အို)၏ ၁၃၇ ခုမြောက် အဖွဲ့ဝင် အဖြစ် အသိအမှတ်ပြု လက်ခံလိုက်သည်။

၂၄ အင်ဒရိယယ်တို့ သိမ်းပိုက်ထားသော ဂျော်ဒန် အနောက်ဖက်ကမ်းနှင့် ဂါဇာဒေသတို့ကို အာရပ်အုပ်စိုးမှု အောက်သို့ ပြန်လည် ရောက်ရှိရေးအတွက် အသေးစိတ် အစီအစဉ်တရပ်ကိုအီဂျစ်နိုင်ငံက ပြင်ဆင်ရေး ဆွဲနေကြောင်း၊ အီဂျစ် နိုင်ငံခြားရေး ဝန်ကြီးက ကိုင်ရိုမြို့တွင် ပြောကြားလိုက်သည်။

မြောက်ယေမင်နိုင်ငံသမ္မတ ဒုဗိုလ်မှူးကြီး အာမက်ဟူစိန်အယ်ဂါရှမီသည် အိမ်နီးချင်း တောင် ယေမင်နိုင်ငံ သမ္မတထံမှ စေလွှတ်သော ကိုယ်စားလှယ်က သယ်ဆောင်လာသည့်ပါဆယ်ထုပ်မှုံး ပေါက်ကွဲ၍ သေဆုံးသွားကြောင်း၊ ထိုကိုယ်စားလှယ်လည်း သေဆုံးသွားကြောင်း ဆာနာအသံလွှင့်ဌာနမှ ကြေငြာသည်။

မြောက်ယေမင်သမ္မတ၏ တာဝန်ဝတ္တရားများကို အသစ် ဖွဲ့စည်းလိုက်သော ယေမင် အာရပ်သမ္မတနိုင်ငံ ဥပဒေပြု ပြည်သူ့ကောင်စီသို့ လွှဲအပ်ပြီးစီးသွားပြီဖြစ်ကြောင်း အီရတ်သတင်းဌာနမှ ကြေငြာသည်။

၂၅ အန်ဂိုလာနှင့် အမေရိကန် နှစ်နိုင်ငံ စလုံးက ပုံမှန်ဆက်ဆံရေး ထူထောင်သွားရန် လိုလားကြပါသည်ဟု အမေရိကန် ပြည်ထောင်စု၏ ကုလသမဂ္ဂဆိုင်ရာ ဒုတိယသံအမတ် မက္ကဟင်နရီက လူအန်းဒါးမြို့တွင် ပြောကြားသည်။

တောင်ယေမင်တပ်တွင် တပ်စုအချို့ထကြွ ပုန်ကန်လျက်ရှိရာ အေဒင်မြို့ရှိ တောင်ယေမင်သမ္မတနှင့်တော်ကို လေယာဉ် အမြောက်အမြားဖြင့်တိုက်ခိုက်ကြောင်း အီရတ်သတင်းဌာနက ပြောကြားသည်။

နှင့် အခြားသော အရေးကိစ္စများ ညှိနှိုင်းဆွေးနွေးရန် မလေးရှားနိုင်ငံကွာလာလမ်ပူမြို့၌ ငါးနာရီကြာတွေ့ဆုံကြသည်။

၁၉ လက်ဗန္ဓန် တောင်ပိုင်းမှ ခရစ်ယန် ပြည်သူစစ်အဖွဲ့ဝင်များကဗဟိုအစိုးရအပေါ် ပုန်ကန်ကြောင်း ကြေငြာလိုက်သည်။ ထို့နောက် နယ်စပ်ဒေသသို့ဝင်ရောက်ရန် ကြိုးစားသော ကုလသမဂ္ဂ တပ်ဖွဲ့များကိုလည်း တိုက်ခိုက် သွားမည် ဖြစ်ကြောင်း သတိပေးလိုက်သည်။

ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)ဝင် နိုင်ငံများမှ ရေနံဝန်ကြီးများက ရေနံဈေးနှုန်းကို ယခုနှစ်ကုန်အထိ ဈေးမမြှင့်ပဲ လောလောဆယ် ဈေးနှုန်းအတိုင်း ထားရှိရေးကို အိုပက်အဖွဲ့ဝန်ကြီးများအဆင့် ညီလာခံတွင် သဘော တူညီလိုက်ကြသည်။

၂၀ အီဂျစ်နိုင်ငံသမ္မတ ဆဒတ်က အင်ဒရိယယ်တို့ သိမ်းပိုက်ထားသော ဂျော်ဒန်အနောက်ဖက်ကမ်းနှင့် ဂါဇာဒေသတို့၏ အနာဂတ်အရေးနှင့် စပ်လျဉ်း၍ အင်ဒရိယယ်တို့၏ နောက်ဆုံးသဘောထားကို ဝေဖန်လိုက်သည်။

၂၁ နိုင်ငံမှ သိပ်ပံနှင့် ယဉ်ကျေးမှု ပါရဂူ ၁၀၀ ကျော်တို့ တက်ရောက်သည့် ညီလာခံတရပ်ကို ဗဟန်းမြို့တွင် စတင်ကျင်းပသည်။

၂၁ ခရစ်ယန် ပြည်သူစစ် အဖွဲ့များက ဆန့်ကျင် တားဆီးနေသည့် ကြားမှ ပင် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့များသည် လက်ဗန္ဓန် တောင်ပိုင်းတွင် တပ်စခန်းများတိုးချဲ့ချထားလျက်ရှိကြောင်း ကုလသမဂ္ဂက ကြေငြာသည်။

၂၂ ဂျော်ဒန်မြစ် အနောက်ဖက် ကမ်းအား ဂျော်ဒန်ဘုရင် ဟူစိန်အစိုးရသို့ ပြန်လွှဲရန်နှင့် ဂါဇာ ကမ်းမြောင်ဒေသအား အီဂျစ်သို့ ပြန်လွှဲရန် မိမိ တောင်းဆိုချက်သည် အောင်မြင်လိမ့်မည် ဖြစ်ကြောင်း ယုံကြည်သည်ဟု အီဂျစ်သမ္မတ ဆဒတ်က ကိုင်ရိုမြို့တွင် ပြောကြားသည်။

နေတိုးနှင့် ဝါဆောစာချုပ် အဖွဲ့များမှ စေ့စပ် ဆွေးနွေးရေးသမားများသည် တပ်လျှော့ချရေး ၁၇၄ ကြိမ်မြောက် စည်းဝေးပွဲကို ဗီယင်နာမြို့တွင်ကျင်းပရာ ကွန်မြူနစ်တို့ဖက်မှ တင်ပြလာသော စစ်အင်အား စာရင်း

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

အီဂျစ်အစိုးရပြင်ဆင်နေသော ငြိမ်းချမ်းရေးအစီအစဉ်ကို အဇွရီယယ်နိုင်ငံက အပြုသဘော တုံ့ပြန်မည်ဆိုပါက အမေရိကန်နှင့် အဇွရီယယ်နိုင်ငံခြားရေး ဝန်ကြီးများ တက်ရောက်မည့် လန်ဒန် ညီလာခံသို့ မိမိတက်ရောက်ရန် အသင့်ရှိကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ကမ်က ကိုင်ရှိမြို့တွင် ပြောကြားလိုက်သည်။

၆၄ ကြိမ်မြောက် နိုင်ငံတကာ အလုပ်သမားညီလာခံသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် သုံးပတ်ကြာ ကျင်းပပြီးနောက် ပြီးဆုံးသွားသည်။ ညီလာခံအပြီးမသတ်မီ အိုင်အယ်အို ညွှန်ကြားရေးမှူးချုပ်က အိုင်အယ်အိုမှ အမေရိကန် နုတ်ထွက်သည့် ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားရန် မေတ္တာရပ်ခံလိုက်သည်။

၂၉ ရှိဒီးဇီးယားပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ခြင်းမရှိလျှင် ဇင် ဗာဗွေ (ရှိဒီးဇီးယား) ပြည်သူတို့အတွက် ဆိုးရွားပြင်းထန်သော အလားအလာ များနှင့်အတူ အာဖရိက တောင်ပိုင်းဒေသတခုလုံး စစ်မီးဟုန်းဟုန်း တောက်မည်ဟု လူဆာကာမြို့တွင် အစိုးရ ဧည့်သည်အဖြစ် ရောက်ရှိ နေသော အနောက်ဂျာမန် ဝန်ကြီးချုပ် ဟဲလမွတ်ရှမစ်က သတိပေးပြောကြားလိုက်သည်။

တောင်ယေမင် နိုင်ငံတွင် ခေါင်းဆောင် အပြောင်းအလဲ လုပ်ခဲ့သော်လည်း နိုင်ငံခြားရေးဝါဒကိုမူ ပြောင်းလဲမည်မဟုတ်ဟု နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဆာလီမူတီက ပြောကြားကြောင်း အေဒင် အသံလွှင့်ဌာနမှ ကြေငြာသည်။

၃၀ ကမ္ဘာပေါ်တွင် လက်နက်ယှဉ်ပြိုင်မှုများ ထိန်းသိမ်းမရ ဖြစ်ပွားလာကာ လူသားတရပ်လုံး ပျက်ပြုန်း ပျောက်ကွယ်ရမည့် အန္တရာယ် တားဆီးနိုင်ရေးသို့ ဦးတည်သော လုပ်ငန်းအစီအစဉ်မူကြမ်းတခုကို ကုလသမဂ္ဂအထွေထွေညီလာခံက သဘောတူလက်ခံကာ လက်နက်ဖျက်သိမ်းရေး အထူးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နေစကြာဝဋ္ဌာကြီး တခုလုံးသည် နှစ်ပေါင်း ကုဋ္ဌေ ၅၀၀၀ အတွင်း ပျက်ပြုန်းချုပ်ငြိမ်းသွားတော့မည် ဖြစ်ကြောင်း သာဓက များတွေ့ရှိထားပြီဟု အမေရိကန်နိုင်ငံကာလီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ဇူလိုင်လ

၁ ကနေဒါနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ဖြစ်သည်။

လက်ဗနွန်အစိုးရသည် လက်တွေ့အားဖြင့် အာဏာမရှိကြောင်း လက်ဗနွန် ဝန်ကြီးချုပ်ဟော့က ဗေရွတ်မြို့တွင် ဝန်ခံပြောကြားလိုက်သည်။ လက်ဗနွန်နိုင်ငံတွင် အခြေအနေဆိုးရွားနေသဖြင့် ယင်းအခြေအနေမျိုးတွင် မိမိ၏အစိုးရအဖွဲ့ နုတ်ထွက်၍ မဖြစ်နိုင်သေးကြောင်းလည်း ပြောကြားသည်။

အမေရိကန်နိုင်ငံများအဖွဲ့(အိုအေအက်)၏ အထွေထွေညီလာခံ ၁၀ ရက်ကြာ ဆွေးနွေးပွဲပြီးဆုံးသည်။

၂ ဂျော်ဒန်မြစ် အနောက်ဖက်ကမ်းနှင့် ဂါဇာ ဒေသမှ အဇွရီယယ်တို့ ရုပ်သိမ်းခြင်းမပြုလျှင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ရနိုင်မည်မဟုတ်ဟု အမေရိကန် ဒုတိယ သမ္မတ မွန်ဒေးက အဇွရီယယ် လွှတ်တော်တွင် ကျင်းပသော ညစာစားပွဲ၌ ထုတ်ဖော်ပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်ခေါင်းဆောင်သော မြန်မာ့ကုန်သွယ်မှုနှင့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ၁၀ ရက်ကြာမျှ နေထိုင်ပြီး နိုင်ငံအကျိုးအတွက် စိုက်ပျိုးရေး၊ သစ်တော၊ ငါးပုစွန်လုပ်ငန်းနှင့် အခြားသော စီးပွားရေး ကိစ္စရပ်များကို လေ့လာဆွေးနွေးရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

၃ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးနှင့် စပ်လျဉ်း၍ တင်းမာသော လမ်းစဉ်တရပ်ကို အမေရိကန်သမ္မတ ကာတာက ချမှတ်လိုက်ပြီး မိမိသတ်မှတ်ထားသော သုံးငွေအဆင့်ထက်ပိုသည့် မည်သည့် ဥပဒေပြုမှုကိုမဆို ဗီတိုအာဏာသုံး၍ ပယ်ဖျက်မည် ဖြစ်ကြောင်း ကြေငြာသည်။

ကျယ်ဝန်းသော အမေဇုံမြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ပူးပေါင်းဆောင်ရွက်ရန် စာချုပ်တရပ်ကို တောင်အမေရိက ရှစ်နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများ လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ကြသည်။

၄ အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည် လွှတ်လပ်ရေးနေ့ဖြစ်သည်။

လက်ဗနွန်နိုင်ငံတွင် အပြင်းအထန် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဆီးရီးယား ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ဖွဲ့များနှင့် ခရစ်ယန် လက်ျာ တပ်ဖွဲ့များသည် ငါးကြိမ်မြောက် အပစ်အခတ်ရပ်စဲရန် သဘောတူညီလိုက်ကြသည်။

ရှိဒီးဇီးယားနိုင်ငံတွင် ပြောက်ကျားစစ်ပြီးဆုံးရန် တိကျပြတ်သားသော ရလဒ်များ ရရှိထားပြီဖြစ်သောကြောင့် ရွေးကောက်ပွဲများကို ယခုနှစ်မကုန်မီ ကျင်းပနိုင်လိမ့်မည်ဟု လူမည်း အမျိုးသားရေးခေါင်းဆောင် ဘုန်းတော်ကြီး မူဇိုရီဝါက ပြောကြားလိုက်သည်။

၅ အမေရိကန် ဒုတိယ သမ္မတ မွန်ဒေးမှ တဆင့် အဇွရီယယ်သို့ တင်ပြလိုက်သော အီဂျစ်၏ တင်းမာသည့် ငြိမ်းချမ်းရေး အဆိုပြုချက်များကို ထုတ်ပြန် လိုက်သည်။ ဂျရူးဆလမ်းမြို့ဟောင်းအပါအဝင် ဂျော်ဒန် အနောက်ဖက်ကမ်းခြေနှင့် ဂါဇာကမ်းမြောင် ဒေသမှငါးနှစ်အတွင်း အဇွရီယယ်ရုပ်သိမ်းပေးရန်နှင့် ယင်းဒေသကို အီဂျစ်နှင့်ဂျော်ဒန်တို့၏ ကြီးကြပ်မှုဖြင့် ရွေးချယ်သောပယ်လက်စတိုင် ကိုယ်စားလှယ်အဖွဲ့များဖြင့် ယာယီအုပ်ချုပ်ရေးအဖွဲ့ဖွဲ့၍ အုပ်ချုပ်သွားရန်တင်ပြသည်။

ကုလသမဂ္ဂ လူမှုရေးနှင့် စီးပွားရေး ကောင်စီ (အီကိုဆော့)၏ ဒုတိယမြောက် နှစ်ဝက်အစည်းအဝေးကို ဂျီနီဗာမြို့တွင် စတင်ကျင်းပသည်။ ဆွေးနွေးမည့်အကြောင်းအရာများတွင် အာဖရိကနိုင်ငံများသို့ အကူအညီပေးရေးကိစ္စသည် အဓိကဖြစ်သည်။

၆ နှလုံးသား ခွဲစိတ်ကုသပြီးသည့် နောက်ပိုင်းတွင် ကြီးကြီးကျယ်ကျယ် ရှုပ်ထွေး လာမှု မရှိသော နှလုံး ရောဂါသည် တဦးအား သုံးနာရီကြာသည်အထိ စိတ်ချစွာ နှလုံးရပ်ထားနိုင်သည့် နည်းသစ်တခုကို တွေ့ရှိထားပြီဖြစ်ကြောင်း ဂျပန်ဆရာဝန်အဖွဲ့တဖွဲ့မှ ထုတ်ဖော်ပြောကြားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်အုန်းခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံနယ်ခြားပြဿနာ

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှား

နှင့် လူဝင်မှုကိစ္စများကို ဆွေးနွေးရန် ဗင်္ဂလား ဒေရှနိုင်ငံ၊ ဒက္ကားမြို့သို့ ထွက်ခွာသွားသည်။

၂ ၁၈၉၃ ခုနှစ်မှစ၍ ဗြိတိသျှကာကွယ် စောင့်ရှောက်မှုအောက်သို့ ရောက်ရှိခဲ့သော ဆော်လမွန်ကျွန်းစုကို လွတ်လပ်ရေးပေးလိုက်ရာ ဘုရင်ခံချုပ်အဖြစ် ဘတ်ဒီလေဒီဗီဆီ(၃၇ နှစ်)အား၎င်း။ ဝန်ကြီးချုပ်အဖြစ် ပီတာကီနိုလိုရီးယား (၃၅ နှစ်) အား၎င်း ခန့်အပ်သည်။

၈ ဣတလီနိုင်ငံ၏ သတ္တမမြောက်သမ္မတ အဖြစ် ဝါရင့်ဆိုရှယ်လစ်တဦးဖြစ်သူ ဆန္ဒရိပါတီနီ အား ပါလီမန်နှင့် ဒေသကိုယ်စားလှယ်များက ၁၆ ကြိမ်တိတိ မဲပေး၍ ရွေးချယ်တင်မြှောက်လိုက်ကြသည်။

စိုက်ပရပ်နိုင်ငံမှ တူရကီတပ်သား ၁,၂၅၀ ပြန်လည် ရုပ်သိမ်းမည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေငြာသည်။

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတုတ် ဟူစိန်အွန်းသည် အထွေထွေ ရွေးကောက်ပွဲတွင် မဲပေါင်း ၁၉,၇၆၀ မဲဖြင့်ပြန်လည် အရွေးခံရကြောင်း ရွေးကောက်ပွဲ ကော်မရှင်က ကြေငြာသည်။

၉ အီဂျစ်နိုင်ငံသမ္မတအနေဝါဆဒတ်သည် အင်ဇရိယယ်အတိုက်အခံခေါင်းဆောင် ရှိမွန်ပီရက်နှင့် တွေ့ဆုံညှိနှိုင်းပြီး လန်ဒန်မြို့တွင် ကျင်းပမည့် အီဂျစ်၊ အင်ဇရိယယ် ဆွေးနွေးပွဲ မအောင်မြင်လျှင် အန္တရာယ်ကြီးမားသော အခြေအနေမျိုးသို့ ဆိုက်ရောက်နိုင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးတင်အုန်းခေါင်းဆောင်သော မြန်မာ့ကိုယ်စားလှယ်အဖွဲ့သည် ဗင်္ဂလားဒေရှ ပြည်သူသမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံ နယ်ခြားအခြေအနေနှင့် လူဝင်မှုကိစ္စရပ်များကို ဆွေးနွေးပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

၁၀ ဂါနာနိုင်ငံတွင် အုပ်ချုပ်နေသော စစ်ကောင်စီက အုပ်ချုပ်ရေးအာဏာကို ပြည်သူတို့က ရွေးကောက်တင်မြှောက်လိုက်သော အစိုးရသို့ ၎ရွေးနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လွှဲအပ်မည်ဖြစ်ကြောင်း ဂါနာနိုင်ငံအကြီးအကဲသစ် ဗိုလ်ချုပ် ဖရက်စီလျှံအကူဖို က ပြောကြားသည်။

ဓနသဟာယစာတိုက်လုပ်ငန်း ညီလာခံကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် စတင်ဖွင့်လှစ်သည်။

၁၁ မွန်ဂိုလီးယား ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် ပြည်သူ့ တော်လှန်ရေးနေ့ဖြစ်သည်။

မလေးရှားနိုင်ငံမှ ဒါတုတ်အလီဗင်အဗ္ဗဒုလာ(၅၂ နှစ်)သည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အေစီယင်) အထွေထွေ အတွင်းရေးမှူးသစ်အဖြစ် တာဝန် ဝတ္တရားများကို စတင် ထမ်းဆောင်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်ခေါင်းဆောင်သော မြန်မာ့ကုန်သွယ်မှုနှင့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ၁၀ ရက်ကြာ နေထိုင်၍ နှစ်နိုင်ငံစီးပွားရေးကိစ္စရပ်များကို ဆွေးနွေးပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာသည်။

၁၂ တောင်အာဖရိကနှင့် ရိုဒီးဇီးယား နိုင်ငံများကို ရေနံသပိတ်မှောက်ရေး အတွက် စည်းရုံးလှုပ်ဆောင်ရန် အာဖရိက နိုင်ငံများက သဘောတူလိုက်ကြသည်။

အမေရိကန်နိုင်ငံ၊ နီဗားဒါးစမ်းသပ်ကွင်းတွင် မြေအောက်ချုံးကလီးယားစမ်းသပ်မှုတခုကို ပြုလုပ်လိုက်ကြောင်း အမေရိကန် လောင်စာစွမ်းအင်ဌာနမှ ကြေငြာသည်။

၁၃ အင်ဇရိယယ် ကာကွယ်ရေး ဝန်ကြီး အီဇာဝိုက်ဇမန်းသည် ဩစတြီးယား နိုင်ငံ ဖူရှယ်မြို့သို့ ရောက်ရှိလာကာ အီဂျစ်သမ္မတ အန္ဝါဆဒတ်နှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးညှိနှိုင်းမှုများ ပြန်လည်ပြုလုပ်သည်။

ယခုနှစ်မကုန်မီ နမီးဗီးယားလွတ်လပ်ရေး အတွက် ဆောင်ရွက်ရန် အနောက်အုပ်စုမှ တင်ပြသော အစီအစဉ်တရပ်ကို အနောက် တောင်အာဖရိကပြည်သူအဖွဲ့ (ဆွာပို) ဥက္ကဋ္ဌ ဆန်နုဂျိုမာက လက်ခံလိုက်ပြီ ဖြစ်သည်။

၁၄ အီရက် သမ္မတနိုင်ငံ နှစ်ပတ်လည် အမျိုးသားနေ့ဖြစ်သည်။

ပြင်သစ်သမ္မတနိုင်ငံ၏နှစ်ပတ်လည်အမျိုးသားနေ့ဖြစ်သည်။

နှစ်နိုင်ငံပုံမှန်ဆက်ဆံမှု ထူထောင်ရေးကို ဦးတည်သည့် ဆွေးနွေးမှုများ ဆက်လက်

ကျင်းပရန် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် အချိန်မရွေး၊ နေရာမရွေး တွေ့ဆုံရန် အသင့်ရှိကြောင်း ဗီယက်နမ် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဖန်ဟီယင်က ပြောကြားလိုက်သည်။

၁၅ တောင်အာဖရိကဝန်ကြီးချုပ် ဗော့စတာသည် နိုင်ငံခြားရေး ဝန်ကြီးဘိုသာ၊ နမီးဗီးယားဆိုင်ရာ တောင်အာဖရိက အုပ်ချုပ်ရေးမှူးချုပ် စတင်းတို့နှင့် ပရိတိုးရီးယားမြို့တွင် နမီးဗီးယားအရေး ဆွေးနွေးကြသည်။ နမီးဗီးယားပြဿနာဖြေရှင်းရေး အတွက် အနောက်အုပ်စုတို့ အစီအစဉ်ကို အနောက်တောင် အာဖရိက ပြည်သူ အဖွဲ့က လက်ခံလိုက်ရာမှ ဖြစ်ပေါ်လာသည့် အခြေအနေသစ်ကို လေ့လာသုံးသပ်ကြသည်။

၁၆ ရိုဒီးဇီးယားလွတ်လပ်ရေး မကြေငြာမီတွင် လူမည်းလူမျှားစု အုပ်စိုးရေး အငြင်းပွားမှုတွင်ပါဝင်သည့် ပါတီအားလုံးကို ညီလာခံမခေါ်လျှင် ရိုဒီးဇီးယားလူမည်းများ အကြားပြည်တွင်းစစ် မလွဲမသွေ ဖြစ်ပေါ်လာနိုင်ကြောင်း ဇမ်ဘီးယား သမ္မတ ကင်နက်ကအွန်ဒါးက ပြောကြားလိုက်သည်။

ဇိုင်ယာနိုင်ငံနှင့် အန်ဂိုလာနိုင်ငံတို့သည် ပုံမှန်ဆက်ဆံမှု ထူထောင်ရေးအတွက် ဆွေးနွေးပွဲကို ဗရာဇာဗေးမြို့၌စတင်ကျင်းပသည်။

၁၇ ဗွန်းမြို့တွင်ကျင်းပသော အနောက်အင်အားကြီး နိုင်ငံထိပ်သီးတို့၏ နှစ်ရက်ကြာအစည်းအဝေး ပြီးဆုံးသွားသည်။ စီးပွားရေး ပြန်လည်နာလှန်ထူရေးကို အာမခံချက်ပေးနိုင်ရေးအတွက် စုပေါင်းဆောင်ရွက်ရေး အခြေခံ အချက်များနှင့် စပ်လျဉ်း၍ သဘောတူညီမှု ရရှိသွားသည်။

၁၈ အရှေ့အလယ်ပိုင်းအရေး နှင့် စပ်လျဉ်း၍ အီဂျစ်နှင့် အင်ဇရိယယ်တို့ လန်ဒန်မြို့တွင် တိုက်ရိုက်ဆွေးနွေးပွဲ တရက် ကျင်းပပြီးနောက် သဘောကွဲလွဲမှုများ ရှိနေကြသော်လည်း ဆက်လက် ဆွေးနွေးရန် သဘောတူကြသည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

အာဖရိကညီညွတ်ရေးအဖွဲ့(အို အေ ယူ) ထိပ်သီးအစည်းအဝေးကို ဆူဒန်နိုင်ငံ ခါတွန်မြို့တွင် စတင်ကျင်းပသည်။ နိုင်ငံအကြီးအကဲ ၃၀ ခန့် တက်ရောက်ကြသည်။

၁၉ အီဂျစ်၊ အင္ဂရီယယ်နှင့် အမေရိကန်တို့၏ သုံးပွင့်ဆိုင် အရှေ့အလယ်ပိုင်းဆွေးနွေးပွဲသည် နှစ်ပတ်အတွင်းထပ်မံတွေ့ဆုံရန် မျှော်လင့်ရကြောင်း အရှေ့ အလယ်ပိုင်းဆိုင်ရာ လန်ဒန်ဆွေးနွေးပွဲသို့ တက်ရောက်နေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်စက ပြောကြား လိုက်သည်။

ပယ်လက်စတိုင် အချင်းချင်းအကြမ်းဖက်မှုများ ရပ်ဆိုင်းကြရန် ပယ်လက် စတိုင်လွတ်မြောက်ရေးအဖွဲ့ ဗဟိုကောင်စီက တိုက်တွန်းလိုက်ပြီး ပြောက်ကျားခေါင်းဆောင်များ ပြန်လည်စုစည်းရေးအတွက် စေ့စပ်ညှိနှိုင်းပေးရေးအစည်းအဝေးတရပ် ကျင်းပရန် သဘောတူလိုက်ကြသည်။

၂၀ အင္ဂရီယယ်နိုင်ငံ၏ ငြိမ်းချမ်းရေးအစီအစဉ်သည် အင္ဂရီယယ်တို့ သိမ်းပိုက်ထားသော နယ်မြေများတွင် စစ်အုပ်ချုပ်ရေးကို ဖျက်သိမ်းကာ ယင်းနယ်မြေများ၌ နေထိုင်သူများအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေး ထူထောင်ပေးရန် တည်းဟူသော အင္ဂရီယယ်၏ ဆန္ဒအပေါ် အခြေခံကြောင်းဖြင့် အင္ဂရီယယ် နိုင်ငံခြားရေးဝန်ကြီး မိုရှေဒါယန်းက တဲအဗစ်မြို့တွင် ပြောကြားလိုက်သည်။

နိုင်ငံတော်ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ(စ)နှင့် နိုင်ငံတော်ကောင်စီ ဥပဒေ ပုဒ်မ ၂၀ တို့တွင် အပ်နှင်းထားသော လုပ်ငန်း တာဝန် အရ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အမိန့်ကြော်ငြာစာ အမှတ် (၃၂/၇၈) ဖြင့် ထုတ်ပြန် ကြေငြာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မြင့်မောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယူဂိုစလားဗီးယားနိုင်ငံ ဗဲလဂရိတ်မြို့တွင် ကျင်းပမည့် ၁၉၇၈ ခုနှစ် ဘက်မလိုက်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာ သွားသည်။

၂၁ ဗဲလဂျီယမ်နိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ဖြစ်သည်။

ဗိုလစ်ဗီးယားနိုင်ငံတွင် လေတပ်ဗိုလ်ချုပ်ကြီးဟွမ်ပီရီဒါသည် သမ္မတဗိုလ်ချုပ်ကြီး ဟူးဂိုဘန်ဇာထံမှ အာဏာများကို သိမ်းယူလိုက်သည်။

၂၂ ပိုလန်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားလွတ်မြောက်ရေးနေ့ဖြစ်သည်။

အာဖရိက ညီညွတ်ရေး အဖွဲ့ ထိပ်သီးအစည်းအဝေးပွဲ ပြီးဆုံးသွားသည်။ ဆုံးဖြတ်ချက်ပေါင်း ၂၅၀ ကို လေ့လာချမှတ် အတည်ပြုခဲ့ကြသည်။

၂၃ အီဂျစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာခင်မောင်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနက်စကိုက ကြီးမှူး၍ သီရိလင်္ကာနိုင်ငံ ကိုလံဗိုမြို့တွင် ကျင်းပမည့် အာရှနှင့် သမုဒ္ဒရာဒေသဆိုင်ရာ ပညာရေးဝန်ကြီးများနှင့် စီးပွားရေးစီမံကိန်းအတွက် တာဝန်ရှိပုဂ္ဂိုလ်များ၏ စတုတ္ထအကြိမ်မြောက် ဒေသဆိုင်ရာညီလာခံသို့ တက်ရောက်ရန် လေကြောင်းဖြင့်ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

၂၄ အာရှနှင့် သမုဒ္ဒရာဒေသဆိုင်ရာ ပညာရေးဝန်ကြီးများနှင့် စီးပွားရေး စီမံကိန်းအတွက် တာဝန်ရှိပုဂ္ဂိုလ်များ၏ ကိုးရက်ကြာညီလာခံကို ကိုလံဗိုမြို့၌ သီရိလင်္ကာသမ္မတက ဖွင့်လှစ်ပေး လိုက်သည်။

၂၅ ရုရှနှင့် အမေရိကန် ပြည်ထောင်စုတို့သည် ကမ္ဘာ့တင်းမာမှု လျော့ပါးရေးကို ထပ်မံကြိုးပမ်း လုပ်ဆောင်ကြရန် ယူဂိုစလားဗီးယားနိုင်ငံသမ္မတ တီးတိုးက ဘက်မလိုက်နိုင်ငံ ဝန်ကြီးများ ညီလာခံအဖွင့်၌ နှီးဆော်ပန်ကြားလိုက်သည်။

ဗြိတိန်နိုင်ငံမှ မစွက်လက်စလေဘရောင်း (၃၂ နှစ်)သည် ကမ္ဘာ့ပထမဆုံးစမ်းသပ် ဖန်ပြွန်ထဲမှကလေး(မေထုန်မဲ့ကလေး)ကို အောင်မြင်စွာ မွေးဖွားလိုက်သည်။

၂၆ အီဂျစ် သမ္မတ ဆဒတ်နှင့် အင္ဂရီယယ် ဝန်ကြီးချုပ်ဗယ်ဂင်တို့၏ထိပ်သီးဆွေးနွေးပွဲများ ပြန်လည်ပြုလုပ်ရေးအတွက် တင်းကျပ်သော ကန့်သတ်ချက်များကို အီဂျစ်ကချမှတ်လိုက်ပြီး ထိုသို့သော စေ့စပ်ဆွေးနွေးမှုများမှာ သာမန်အားဖြင့် အချိန်ဖြုန်းခြင်းသာ လျှင်ဖြစ်ကြောင်း ဟူသော ထင်မြင် ချက်ကို ကြေငြာလိုက်သည်။

၂၇ အနောက်တောင်အာဖရိက နယ်မြေပေါ်တွင် နမီးဗီးယားနိုင်ငံထူထောင်သောအခါတွင် ဝေါဗစ်ဘေး ဆိပ်ကမ်းမြို့ကို နမီးဗီးယားနိုင်ငံက ပိုင်ဆိုင်ရမည်ဟု ကုလသမဂ္ဂလုံခြုံရေး ကောင်စီက မဲပေး ဆုံးဖြတ်လိုက်သည်။

၂၈ အိန္ဒိယ သမုဒ္ဒရာအတွင်း ကျွန်းငယ်ပေါင်း ၁၂၀၀ ပါဝင်သောကျွန်းစုပေါ်၌ တည်ရှိသော မော်လဒိုက် သမ္မတနိုင်ငံတွင် သမ္မတသစ်ရွေးကောက်ပွဲ စတင်ကျင်းပသည်။

နိုင်ငံတော် ကောင်စီသည် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ အပ်နှင်းရန် စိစစ်ရေး အဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်းဖြင့် နိုင်ငံတော်ကောင်စီက အမိန့်ကြော်ငြာစာ အမှတ် (၄၀/၇၈)ဖြင့် ထုတ်ပြန်ကြေငြာသည်။ ဥက္ကဋ္ဌ အဖြစ် နိုင်ငံတော်ကောင်စီဝင် ဦးမင်းသိမ်းက ဆောင်ရွက်မည်ဖြစ်သည်။

၂၉ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲလိပ်ခဲတည်းလည်းဖြစ်နေမှု ဖယ်ရှားရန်အမေရိကန် ပြည်ထောင်စုက ကောင်းမွန်သော အဆိုပြုချက်များကို တင်ပြလာလျှင် အီဂျစ်နိုင်ငံက အင္ဂရီယယ်နိုင်ငံနှင့်အတူနောက်ထပ်ကျင်းပမည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် အ သင့် ရှိ ကြောင်း ဖြင့် အီဂျစ် နိုင်ငံခြားရေးဝန်ကြီးကမဲက ကိုင်ရှိမြို့တွင် ပြောကြားလိုက်သည်။

အာကာသတွင်ပျံသန်းနေသော ဆားလျှု ၆၊ ဆာယု ၂၉ နှင့် ပရိုဂရက် ၂ အာကာသယာဉ်မှူးများသည် အာကာသဟင်းလင်းပြင်သို့ ထွက်၍ စခန်းယာဉ်၏ အပြင်ပိုင်းတွင်တပ်ဆင်ထားသော သိပ္ပံကရိယာကိုဖြုတ်၍ အချို့အစိတ်အပိုင်းကို အစားထိုးလဲလှယ်တပ်ဆင်ခြင်းများ ပြုလုပ်ကြသည်။

၃၀ မိုဇမ်ဗစ်နိုင်ငံအတွင်းရှိ လူမည်းအမျိုးသား ပြောက်ကျားအခြေခံစခန်းများကို ရိုဒီးဇီးယား လက်နက်ကိုင် တပ်ဖွဲ့များက

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှား

ရှာဖွေရေး ကိုယ်စားလှယ် အဖွဲ့တဖွဲ့သည် နယူးယောဂ်မှ နမီးဗီးယား သို့ ထွက်ခွာသွားသည်။

၄ ကမ္ဘာပေါ်တွင် ပထမဦးဆုံး အကြိမ် ဆီးအိမ်ဝရို့ ပရော့စတိတ်ဂလင်း အစားထိုးကုသခြင်းကို ပြင်သစ်ဆရာဝန်တဦးက အောင်မြင်စွာ ခွဲစိတ်ကုသပေးလိုက်သည်။

သီရိလင်္ကာနိုင်ငံ ကိုလံဗိုမြို့တွင် ကျင်းပခဲ့သော အာရှနှင့်သမုဒ္ဒရာဒေသဆိုင်ရာ ပညာရေးဝန်ကြီးများနှင့် စီးပွားရေးစီမံကိန်း အတွက် တာဝန်ရှိ ပုဂ္ဂိုလ်များ၏ စတုတ္ထအကြိမ်မြောက် ဒေသဆိုင်ရာ ညီလာခံသို့ တက်ရောက်ခဲ့သော ပညာရေးဝန်ကြီး ဒေါက်တာခင်မောင်ဝင်း ခေါင်းဆောင်သည့် မြန်မာ့ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

၂ ဟွန်ဒူးရပ်နိုင်ငံတွင် သမ္မတ ဂျွန်အယ် ဗာတိုမယ်ဂါကတ်စထရိုအား ရာထူးမှ ဖြုတ်ချလိုက်ပြီး အဖွဲ့ဝင်သုံးဦး ပါဝင်သော စစ်အုပ်ချုပ်ရေး အဖွဲ့ဖြင့် အစားထိုး လိုက်ကြောင်း တေဂူဆီဂါပါ အသံလွှင့် ဌာနမှ ကြေငြာသည်။

မစ္စတာ တာဘေအေယာလာ သည် ကိုလံဗီယာနိုင်ငံ၏ သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၈ အီဂျစ်သမ္မတဆဒတ်နှင့် အင်ဇရိယယ် ဝန်ကြီးချုပ် ဗယ်ဂင်တို့ တက်ရောက်မည့်ထိပ်သီး ညီလာခံကို မေရီလင်း ပြည်နယ် ဒေးဗစ် အပန်းဖြေစခန်း၌ စက်တင်ဘာလ ၅ ရက်နေ့တွင် အမေရိကန် သမ္မတ ကာတာက ကြီးမှူးကျင်းပမည်ဖြစ်ကြောင်း အိမ်ဖြူတော်မှ ကြေငြာသည်။

အရှေ့တောင် အာရှနိုင်ငံများ အသင်း (အေစီယင်) အသင်းဝင် နိုင်ငံများ၏ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းမှုများတွင် အမေရိကန်က ပူးပေါင်းကူညီရန် ကတိပြုကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီး ရီသော်ဒင်က ကွာလာလမ်ပူတွင် ထုတ်ဖော်ပြောကြားသည်။

ရုရှနိုင်ငံ၏ ပရိုဂရက် ၂ ကုန်တင် အာကာသ ယာဉ်သည် ဆား.လျှ. ၆၊ ဆာယု ၂၉ အာကာသ ယာဉ်တွဲနှင့် ကမ္ဘာပတ် လမ်းကြောင်းအတွင်း အောင်မြင်စွာ ချိတ်ဆက် ပံ့သန်းခဲ့သည်။

၃ ကင်ဆာစွဲကပ်နေသည့် ကလပ်စည်းများကို ဖျက်ဆီးရန် အတွက် ကမာကောင်ကို အသုံးပြုနိုင်သည်ဟု ဂျပန်အမျိုးသား ကင်ဆာရောဂါ တိုက်ဖျက်ရေး ဌာနမှ သုတေသီတို့က ကြေငြာသည်။

၁၉၇၈-၇၉ စီမံကိန်း လျာထားချက်နှင့် အညီ တိုးချဲ့ စိုက်ပျိုးထွက်ရှိလာသော စပါးများအနက် ပိုလျှံစပါးများကို လျာထားသည့် အတိုင်း အပြည့်အဝ ဝယ်ယူရရှိရေးနှင့် စိုက်ပျိုးစရိတ်ခွေးငွေများ ပြန်လည်ကောက်ခံရရှိရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ဝန်ကြီး အဖွဲ့ စီးပွားရေး ညှိနှိုင်းမှုကော်မတီနှင့် ပြည်နယ်တိုင်းပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများ၏ ညှိနှိုင်းဆွေးနွေးပွဲကို ဝန်ကြီး ချုပ်ရုံးအစည်းအဝေး ခန်းမ၌ကျင်းပသည်။

၄ တောင်ပိုင်းအာဖရိကရှိ လူမျိုးခွဲခြားရေးစနစ်ဖြင့် အုပ်ချုပ်သော အစိုးရများကို ဝိုင်းပယ် ဆန့်ကျင်သပိတ်မှောက်ကြရန် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီက မေတ္တာရပ်ခံပန်ကြားသည်။

ကုန်သွယ်မှုတွင် မဟာရာမ်တံတိုင်းကာမှုကို ဖြိုဖျက်ရေးနှင့်စျေးနှုန်း မတည်ငြိမ်မှု များမှ ကုန်ပစ္စည်း တခုချင်းကို ကာကွယ်ရေး အတွက် တောင်နှင့်မြောက် ကြိုးပမ်းမှုများတွင် အပြုသဘောကထွက်မှ ပါဝင် ဆောင်ရွက် မည်ဖြစ်ကြောင်း အမေရိကန်နှင့် အာရှ ငါးနိုင်ငံ ဘို့က သဘောတူညီသည်။

၅ ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ် ကုဗားလဟိုင်းက မဟာ အင်အားကြီးနိုင်ငံများအား ကမ္ဘာ့လက်နက် ပြိုင်ဆိုင်မှု အသုံးစရိတ်ကိုလျှော့ချ၍ ငတ်မွတ်ခေါင်းပါးမှု လျော့နဲပပျောက်စေရန် ပိုမိုသုံးစွဲစေလိုကြောင်း ဆော့စဘတ်မြို့တွင် ကျင်းပသည့် သံတမန် များ၏ ၂၁ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် တိုက်တွန်းပြောကြားသည်။

နမီးဗီးယား နယ်မြေ လွတ်လပ်ရေးအတွက် စီစဉ် အကောင်အထည်ဖော်ရန်ကုလသမဂ္ဂမှ အဖွဲ့ဝင် ၅၀ ပါဝင်သော အချက်အလက်

ဝင်ရောက်တိုက်ခိုက်ကြကြောင်း ရှိဒီးဇီးယား စစ်ဌာနချုပ်က ကြေငြာသည်။

အာရှနှင့် ပစိဖိတ်နိုင်ငံများအား အကျိုးပြုရန်အတွက် စုပေါင်းဖွဲ့စည်းထားသောကျေးလက်ဖွံ့ဖြိုးရေးဗဟိုဌာနတခု ထူထောင်ရန် ၁၂ နိုင်ငံက ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၁၄ ကြိမ်မြောက် ဒေသဆိုင်ရာညီလာခံ၌ မေတ္တာရပ်ခံလိုက်သည်။

၁၁ သီးနှံတိုးတက်ဖြစ်ထွန်းရေးနှင့် လယ်ယာထွက်ကုန် ပိုမိုများပြားရေး လုပ်ငန်းများအတွက် ဒေသဆိုင်ရာကော်မရှင်တရပ် ဖွဲ့စည်းဆောင်ရွက်ရန် ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနဝန်ကြီး(၊ရီဒါကာနာဆတ်က ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ ၁၄ ကြိမ်မြောက် ဒေသဆိုင်ရာညီလာခံ၌ မေတ္တာရပ်ခံလိုက်သည်။

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ၁၇ နိုင်ငံမှ ပေးဆပ်ရန်ရှိသော ချေးငွေများနှင့် အတိုးများ စုစုပေါင်း စတာလင်သန်းပေါင်း ၉၀၀ ကို ဗြိတိန်နိုင်ငံက လျော်ပစ်မည်ဟု ပင်လယ်ရပ်ခြား ဖွံ့ဖြိုးရေးဝန်ကြီး ဂျူဒစ်ဟတ်က လန်ဒန်မြို့တွင် ကျင်းပသော ပါလီမန်အစည်းအဝေး၌ ပြောကြားသည်။

ဩဂုတ်လ

၁ ဆွစ်ဇာလန် နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

မြန်မာတနိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာနများနှင့် လုပ်သားပြည်သူများ အတွက် ၁၉၇၇–၇၈ ဘဏ္ဍာနှစ်တွင် လျှပ်စစ် ဓာတ်အား ကော်ပိုရေးရှင်းက လျှပ်စစ် ဓာတ်အား ၉၃၁,၂၄၀,၀၀၀ ကီလိုဝပ် ထုတ်လုတ် ပေးခဲ့ရာ ၅၇၂,၄၀၀,၀၀၀ ကီလိုဝပ်ကို ပြည်သူများက သုံးစွဲပြီး ၄၀၄,၃၀၇,၃၉၄ ကီလိုဝပ်ကို စက်ရုံ အလုပ်ရုံ ရုံးဌာနများက သုံး စွဲ ခဲ့ ကြ သည်။ လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းက ငွေကျပ် သန်းပေါင်းတရာကျော် (၁၂၆,၁၄၀,၀၀၀) ရရှိခဲ့သည်ဟု ကြေငြာသည်။

၂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ (အက်ဖအေအို)၏ ၁၄ ကြိမ်မြောက် ဒေသဆိုင်ရာ ညီလာခံ ပြီးဆုံးသွားသည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှား

၉ စက်ဘူသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ဖြစ်သည်။

ဆူဒန် ရေဘေးဒုက္ခသည်များ၊ ကိပ်ဗာဒီ ကျွန်းမိုးခေါင်ရေရှား ဒဏ်သင့် ဒုက္ခသည်များနှင့် အီသီအိုးပီးယားမှ စစ်ဒဏ်နှင့် မိုးခေါင်ရေရှားဒဏ်ကို ခံကြရသည့် ဒုက္ခသည်များအတွက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ အအရေးပေါ် စားနပ်ရိက္ခာအကူအညီပေးမှုကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ကြေငြာသည်။

၁၀ ဘေလျှတ်မြို့တွင် အာရပ်ငြိမ်းချမ်းရေး တပ်ပွဲများနှင့် လက်ဗန္ဓနံ ခရစ်ယန်ခေါင်းဆောင်များ၏ အကူအညီဖြင့် လက်ဗန္ဓနံ အာဏာပိုင်များက လုံခြုံရေးဆောင်ရွက်ချက်များ ပြုလုပ်ခဲ့ရာ ဘေလျှတ်မြို့ အလွှေပိုင်း ဒေသ အားလုံးနီးပါးတွင် ရက် ၄၀ အတွင်း ပထမဦးဆုံး အေးချမ်းသွားပြီဖြစ်သည်။

ဘက်မလိုက်နိုင်ငံ အချင်းချင်း ကြိုဟ်တွ့မှုတဆင့် ရေဒီယိုနှင့် ရုပ်မြင်သံကြား ဆက်သွယ်ရေး ထူထောင်ရန်ကိစ္စနှင့် ပတ်သက်၍ နယူးဒေလီမြို့တွင် အိန္ဒိယ၊ယူဂိုစလားဗီးယား၊ ကိုရီးယား ဒီမိုကရက် တစ် ပြည်သူသမ္မတနိုင်ငံ၊ အယ်လ်ဂျီးရီးယား၊ နိုင်ဂျီးရီးယား၊ ကင်ညာနှင့် ဂိုင်ယာနာ နိုင်ငံများမှ ပါရဂူများ၏ သုံးရက်ကြာညီလာခံပြီးဆုံးသည်။

၁၁ အမေရိကန်နိုင်ငံ ဒေဗစ်စခန်းရှိ စက် တင်ဘာလ ၅ ရက်တွင် ကျင်းပမည့် အရွှေအလယ်ပိုင်း ထိပ်သီးဆွေးနွေးပွဲအတွက် ဆအူးဒီအာရေဗျ၏ ထောက်ခံမှုကို ရရှိထားပြီ ဖြစ်ကြောင်း အမေရိကန် နိုင်ငံ ခြားရေးဌာနမှ ကြေငြာသည်။

တကြိမ်တခါမျှ မတွေ့ဘူး မကြုံဘူးသေးသည့် အပြည့်စုံဆုံးသော သဘာဝ စာမူတခုကို ဆိုဗီယက်နိုင်ငံ တတ်မေ နစ္စတန်ဒေသတွင် တူးဖော်ရရှိကြောင်း တပ်စသတင်းဌာနက ကြေငြာသည်။

၁၂ နေနှင့် ကမ္ဘာမြေကြီးကို သိပ်ပံညာရှင်တို့ စူးစမ်းလေ့လာနိုင်ရန် အလှိုင္ဂ ပြုလုပ်ထားသော ကြိုဟ်တွ့ တလုံးကို အာကာသသို့အမေရိကန်က လွှတ်တင်သည်။

အာရှနှင့် ပစိဖိတ်ဒေသ အသည်းထောက်ကြိုတင်ကာကွယ်ရေးအသင်းကို စက်ဘူမြို့၌ ပွဲစည်းလိုက်သည်။

အီစတန်ဘူတွင် ကျင်းပသော ငါးရက်ကြာ ကမ္ဘာ့စီးပွားရေးစနစ်သစ်နှင့်ပတ်သက်သော နှီးနှောဖလှယ်ပွဲပြီးဆုံးသည်။

၁၃ အင်္ဂရိယယ် ဝန်ကြီးချုပ် ဗယ်ဂင် အိဂျစ်သမ္မတ ဆဒတ်တို့နှင့် ဒေးဗစ် စခန်း၌ဆွေးနွေးရန်စီစဉ်ထားသည့်ကိစ္စသည် ပိမိ၏နိုင်ငံရေးနှင့် ဘဝရွှေရေးကိုထိခိုက်လာနိုင်ကြောင်း အမေရိကန်သမ္မတ ဂျင်မီကာတာက အမေရိကန်သတင်းနှင့်ကမ္ဘာ့သတင်းမဂ္ဂဇင်းမှ ပုဂ္ဂိုလ်များနှင့် ဝါရှင်တန်မြို့တွင် တွေ့ဆုံထွေးခဲ့ ပြောကြားသည်။

မြောက်ကိုရီးယား သမ္မတ ကင်အီဆွန်းသည် ညှိသည်တော် လစ်ဗျ ဝန်ကြီးချုပ် ဂျာလောက်နှင့်ပျန်ယန်မြို့ ၌တွေ့ဆုံဆွေးနွေးသည်။

၁၄ လူမျိုးရေးဝါဒ ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံကို စတင်ကျင်းပရာ နိုင်ငံပေါင်း ၁၀၀ မှ ကိုယ်စလှယ်များ တက်ရောက်ကြသည်။

ပြန်မာနိုင်ငံ၏ စီးပွားရေး အခြေအနေသည် သိသိသာသာတိုးတက် ကောင်းမွန်လာကြောင်း၊ ၁၉၇၇-၇၈ ခုဘဏ္ဍာရေးနှစ်က စီးပွားရေး ပွဲပြိုးမှုနှုန်းသည် ခြောက်ရာခိုင်နှုန်းမြင့်မားလာရာ ၁၉၇၈-၇၉ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ ဆက်တိုက် ကောင်းမွန်နေကြောင်းဖြင့် နိုင်ငံ တကာ ငွေကြေး ရန်ပုံငွေအပွဲကြီး (အိုင်အမ်အက် ဖ) မှထုတ်ဝေသော နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအပွဲလေ့လာ သုံးသတ်ချက် စာစောင်တွင် ဖော်ပြထားသည်။

၁၅ ကိုရီးယားသမ္မတ နိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်သည်။

၂၀ ထုတ်နှစ် အကုန် ၂၁ ထုတ်နှစ် အကူးဌ လူဦးရေ သန်းပေါင်း ၆၀၀ မှာ ဆင်းရဲမွဲတေသည့်ဘဝနှင့် ရင်ဆိုင်ရလောက်အောင် သက်တမ်းတိုတောင်း ကြလိမ့်မည်ဟု ကမ္ဘာ့ဘဏ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ ကုန်းသန်း ထောင်း ဝယ်ရေး ဝန်ကြီးဌာန အတွင်းဝန်မစွတာဗီချန်နိဝပ်ရန် ခေါင်းဆောင်သော ထိုင်းကုန်သွယ်ရေး မစ်ရှင် အပွဲသည် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားသည်။

၁၆ နမီးဗီးယား မြောက်ပိုင်းတွင် လက်နက်ကိုင် လှုပ်ရှားမှုများ တိုးတက်များပြား လာကြောင်း သတင်းများ ရရှိသဖြင့် စိုးရိမ်မကင်းဖြစ်မိသည်ဟု ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက ထုတ်ဖော် ပြောကြားသည်။

ပြည်သူ ကျန်းမာရေးစီမံချက်ပါ ကဏ္ဍတရပ်ဖြစ်သော ထောက် သယ် ဆောင်မည့် ပိုးမွှားကောင်များမှတဆင့် ကူး စက် သော ထောက်များ နှိမ်နှင်းရေး လုပ်ငန်း အတွက် မြန်မာနိုင်ငံနှင့် ကနေဒါနိုင်ငံတို့၏ နှစ်နိုင်ငံသဘောတူညီမှု စာချုပ်ကို ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးသည်။ ယင်းသဘော တူညီမှုအရ ကနေဒါ နိုင်ငံက မြန်မာနိုင်ငံသို့ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၅ သန်း ထည့်ဝင် ကူညီမည်ဖြစ်သည်။

၁၇ အင်ဒိုနီးရှားသမ္မတ နိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်သည်။

အာဖဂန်စတန်နိုင်ငံတွင် နေထိုင်ဟာမ်မက် တာကာရီ အစိုးရအား ပြုတ်ချ အာဏာသိမ်းရန် လုပ်ကြံမှုကို အာဖဂန်တပ်ပွဲများက နှိမ်နှင်းလိုက်ပြီး ကာကွယ်ရေးဝန်ကြီး ဇိုလ်မှူးချုပ် ဒါဂါဝေါအား ဖမ်းဆီးကြောင်း၊ ကာဘူးရေဒီယိုမှ အသံလွှင့်ကြေငြာသည်။

၁၈ မြောက်ဝင်ရိုးစွန်းနှင့် အနီးကပ်ဆုံး ကျွန်းငယ်တခုကို ဒိန်းမတ်နိုင်ငံ မြေပုံတိုင်းတာရေးဆွဲရေး အဖွဲ့ဝင်များက ရှာဖွေတွေ့ရှိကြသည်ဟု ကြေငြာသည်။ ထိုကျွန်းငယ်မှာ အလျား ၃၃ ကိုက်၊ အနံ ၃၃ ကိုက်ရှိကာ ယခင်ကတွေ့ရှိသော မြောက်ဝင်ရိုးစွန်းနှင့် အနီးဆုံး ကျွန်းထက် ၁၃၂၀ ကိုက်နီးကပ်သည်။

၁၉ အာဖဂန်စတန် နိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်သည်။

ရှီဒီးဇီးယား ပြောက်ကျားခေါင်းဆောင် ထောဘတ်မူဂါဘီ သည် ရှီဒီးဇီးယားအရေးညှိနှိုင်းဆွေးနွေးရေးဦးတည်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ဂျီးရီးယားနိုင်ငံ ခေါင်းဆောင်အိုဘာဆန်ဂျိုနှင့် လာဂို့မြို့တွင် တွေ့ဆုံ ဆွေးနွေးသည်။

၂၀ အာဖဂိုက အလယ်ပိုင်းဒေသတခုလုံး အကျိုး ဖြစ်ထွန်းစေမည့် ချစ်ကြည်

ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် နည်းလမ်း များကို အန်ဂိုလာ နိုင်ငံ သမ္မတ နက်တိုနှင့် ဇိုင်ယာ နိုင်ငံသမ္မတ မိုဘူတူတို့ ကင်ရှာဆာမြို့တွင် တွေ့ဆုံဆွေးနွေးကြသည်။

၂၁ အသုံးပြုပြီး ပစ္စည်းများနှင့် အခြား အလေအလွင့်များ တင်ဆောင်ထား သော လူမပါသည့် ဆိုဗီယက်ကုန်ပစ္စည်းသယ် ယူပို့ဆောင်ရေးယာဉ် ပရိုဂရက် ၃ သည် လူ ပါသော ဆားလျှု ၆ ကမ္ဘာပတ် အာကာသ သုတေသနစခန်းမှခွဲထွက်ပြီး ၎င်း၏အင်အား ဖြင့် ပျံသန်းနေကြောင်း တပ်စသတင်းဌာနမှ ကြေငြာသည်။

နေတိုးအဖွဲ့သည် ဝါဆောစာချုပ် အဖွဲ့ ထက် စစ်ရေးစွမ်းရည် နိမ့်ကျလျက်ရှိသည့် ပြင် နည်းဗျူဟာ အဏုမြူလက်နက်တွင် အ သာရနေမှုလည်းလျော့ကျနေပြီဖြစ်ကြောင်း အမေရိကန် ထောက်လှန်းရေး အေဂျင်စီ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၂ နယူးဒေလီတွင် ကျင်းပလျက်ရှိသော အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာစီးပွား ရေးနှင့် လူမှုရေးကောင်စီ (အက်စကက်) အစည်းအဝေးက ယင်းဒေသအတွင်းရှိ နိုင်ငံ အချင်းချင်း စီးပွားရေးတိုးချဲ့မှုပြုရေးနှင့် ပူး ပေါင်း ဆောင်ရွက်ရေး အစီအစဉ် တရပ်ကို အတည်ပြုသည်။

ကင်ညာ နိုင်ငံ သမ္မတ ကင်ညာတာ ယိုမို (၇၅) နှစ်သည် နိုင်ရိုဘီမြို့တွင် ကွယ် လွန်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်သည် လယ်ယာစိုက် ပျိုးရေးနှင့် စက်မှုလယ်ယာ စီမံကိန်းအတွက် မြန်မာနိုင်ငံသို့ ဒေါ်လာ ၃၁.၅ သန်း ချေး ငှားရန် အတည်ပြုသည်။

၂၃ ရူမေးနီယား ဆိုရှယ်လစ်သမ္မတ နိုင်ငံ ၏ နှစ်ပတ်လည် အမျိုးသား နေ့ ဖြစ်သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ဩစတြီးယား နိုင်ငံတွင် ကျန်းမာရေးအစစ်ဆေးခံရန် အ တွက် ဇနီးဒေါ်နီနီမြင့်နှင့် အဖွဲ့ဝင်များလိုက် ပါလျက် မင်္ဂလာဒုံလေဆိပ်မှ လေကြောင်း ခရီးဖြင့် ထွက်ခွာသွားသည်။

၂၄ တောင်အာဖရိက နိုင်ငံခြားရေးဝန် ကြီးဘိုသာနှင့် ရိုဒီးဇီးယား ကြား ဖြတ်အုပ်ချုပ်မှုကောင်စီ (အက်စကို) အဖွဲ့ဝင် လေးဦးတို့သည် ဆော့ဘာရီမြို့တွင် သုံးနာရီ ကြာလျှို့ဝှက် ဆွေးနွေးကြသည်။

ဩဂုတ်လ ၈ ရက်နေ့က ကမ္ဘာပတ်လမ်း ကြောင်းအတွင်းသို့ လွှတ်တင်ခဲ့သော ဆိုဗီယက်၏ အလိုအလျောက် ပို့ဆောင်ရေး အာကာသယာဉ် ပရိုဂရက် ၃ ၏ ပျံသန်း ဆောင်ရွက်မှု လုပ်ငန်းမှာ ပြီးဆုံးသွားပြီဟု တပ်စသတင်းဌာနက ဖော်ပြသည်။

၂၅ လူတို့သည် အိုမင်းလာသည်နှင့်အမျှ ဥာဏ်ရည် ချို့တဲ့လာသည် ဟူသော အယူအဆမှာ မမှန်ကန်ကြောင်း၊ အိုမင်းသူ များအား လေ့ကျင့်ပေးလျှင် ဥာဏ်ရည် ပို ထက်လာနိုင် ကြောင်း ဖြင့် အမေရိကန်နိုင်ငံ ပင်ဆီဗေးနီးယား ပြည်နယ် တက္ကသိုလ်မှ ဒေါက်တာ ခါရီဝီးလစ်က ၁၀ ကြိမ်မြောက် နိုင်ငံတကာဆိုင်ရာ ဇရာ ဗေဒ ညီလာခံသို့ တင်ပြသည်။

ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံ ဆေး ဝါး သုတေသန ဌာနအတွက် ၁၉၇၈–၇၉ ဘဏ္ဍာနှစ်အတွင်း ဂျပန်ယန်းငွေသန်းပေါင်း ၁၃၀၀ (ကျပ် ၄၅.၅ သန်းခန့်) အထောက် အကူပေးရေးစာချန်လွှာများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက် တာမောင်ရှိန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီး မစ္စတာ ကာဇုဟီဒေကိုမူရိုတို့ လက်မှတ်ရေးထိုးသည်။

၂၆ ဗရင်ဂျီရဟန်းမင်း အတိုင်ပင်ခံဘုန်း တော်ကြီးများအဖွဲ့က ဗရင်ဂျီရဟန်း မင်း၏ အတိုင်ပင်ခံ အယ်ဘီနိုလူစီယာနီ (၆၅ နှစ်)အား ဗရင်ဂျီဘာသာဝင်တို့၏ ၂၆၃ ယောက်မြောက် ရဟန်းမင်းကြီးအဖြစ် ရွေး ချယ်တင်မြှောက်သည်။

ရိုဒီးဇီးယား အမျိုးသားရေး ခေါင်း ဆောင် မူဂါဘီက ရိုဒီးဇီးယားပြဿနာ ဖြေ ရှင်းရေး ဆွေးနွေးရန် ကျင်းပမည့် ပါတီ ပေါင်းစုံ ညီလာခံသို့ တက်ရောက်ရန် ဆန္ဒ ရှိကြောင်း ဒါရက်ဆလမ်း မြို့တွင် ပြော ကြားသည်။

၂၇ အီရန်နိုင်ငံတွင် မူဆလင် အတိုက်အခံ ဂိုဏ်းတခု၏ ဆန့်ကျင် ဆူပူလှုပ်ရှားမှု များကြောင့် ရှစ်လကြာ အဓိကရုဏ်းများ ပေါ်ပေါက်ခဲ့ပြီးနောက် ဝန်ကြီးချုပ် သစ် အဖြစ် ရှရစ်အေမာမီကို ရှားဘုရင်က ခန့်အပ်

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

ခဲ့သည်။ အစိုးရသစ်၏ ပထမဦးစားပေးလုပ် ငန်းသည် အစွလမ်မူဝါဒများ ဖြစ်ကြောင်း ကြေငြာသည်။

၂၈ ပေါ်တူဂယ်နိုင်ငံ၏ ဝန်ကြီးချုပ် သစ် အဖြစ် နိုဘရီဒါ ကော့စတာအား သမ္မတ အန်းနက်က တရားဝင်ခန့်ထား ကြောင်း ကြေငြာသည်။

ဂျပန်နိုင်ငံ အစိုးရထံမှ ထောက်ပံ့ကူညီမှု စနစ်အရ ဒေသကောလိပ်များအတွက် ဂျပန် ယန်းငွေ သန်းပေါင်း ၅၀၀၊ (ကျပ် ၁၅.၅ သန်း) အကူအညီရယူရန် စာချန်လွှာကို ဂျပန် သံအမတ်ကြီးမစ္စတာကာဇု ဟီ ဒေကို မူရိုနှင့် ပညာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ မောင်မောင်အေးတို့က လက်မှတ် ရေးထိုးသည်။

၂၉ ဆိုဗီယက်ပြည်ထောင်စုသည် နျူးက လီးယား လက်နက်ဖြင့် ဖျက်ဆီး နိုင် သည့် စွမ်းအားအရာတွင် အမေရိကန်ကို ၁၉၈၅ ခုနှစ် ပတ်ဝန်းကျင်တွင် အမှီလိုက်နိုင် လိမ့်မည်ဟု အမေရိကန်နိုင်ငံ လက်နက်ဖျက် သိမ်းရေးအေဂျင်စီ ညွှန်ကြားရေးမှူး ပေါဝမ် ကေးက ဝါရှင်တန်မြို့တွင် ပြောကြားသည်။

သမဝါယမ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူး ကြီးစိန်ထွန်းခေါင်းသောင်သော အဖွဲ့ဝင် ၁၂ ဦးပါဝင်သည့် ချစ်ကြည်ရေးနှင့် လေ့လာရေး မစ်ရှင်အဖွဲ့သည် ဘီအေစီ လေကြောင်းခရီး ဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားသည်။

ဂျပန်နိုင်ငံအစိုးရက နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်အရ ဂျူဗလီဇာတ်ရုံ အတွက် လျှပ်စစ်ပစ္စည်းနှင့် အသံဖက် ဆိုင်ရာ ပစ္စည်းများ တပ်ဆင်ရန် ၁၉၇၈–၇၉ ဘဏ္ဍာနှစ်အတွင်း ဂျပန်ယန်းငွေသန်းပေါင်း ၃၀ (ကျပ် ၉,၆၁,၇၀၀) ခန့် အထောက်အကူ ပေးရေး စာချန်လွှာကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ ကာဇုဟီဒေကိုမူ ရိုနှင့် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာခင်မောင်ညွှန့်တို့ လက်မှတ် ရေးထိုးသည်။

၃၀ တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌဟွကိုဖုန်း နှင့် အီရန်နိုင်ငံရှားဘုရင်တို့ တီဟီရန်

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ



ငြိမ်းချမ်းရေးဘောင် သတ်မှတ်ချက်ဆိုင်ရာ စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော အီဂျစ်သမ္မတ ဆဒတ်၊ အမေရိကန်သမ္မတ ကာတာနှင့် အဇ္ဇရီယယ်ဝန်ကြီးချုပ် ဗယ်ဂင်တို့ကို အိမ်ဖြူတော်တွင် ဤသို့ ပြုံးရှင်စွာ တွေ့ရသည်။

မြောက်ဖက်ဆားဒါဘတ်နန်းတော်တွင်ပထမ ဆုံးသောထိပ်သီး ဆွေးနွေးပွဲတရပ်ကို စတင် ပြုလုပ်ရာနိုင်ငံတကာ ရေးရာများကို အဓိက ထားညှိနှိုင်းကြကြောင်း ကြေငြာသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာ စိုက်ပျိုးရေး အဖွဲ့၏ အကူအညီဖြင့် ပြုလုပ် သော ရေယာဉ်မှူးများအတွက် ငါး ပုစွန်ဖမ်း အထူးရက်တို သင်တန်းဖွင့်ပွဲကို ပြည်သူ့ပုလဲ နှင့် ငါးလုပ်ငန်း ကော်ပိုရေးရှင်း သင်တန်း ကျောင်းတွင် ကျင်းပသည်။

၃၁ မလေးရှားနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

ရိုဒီးဇီးယား သမ္မတ ဂျန်ရက်ဟော သည် ဆော့ဘာရီမြို့တွင် ကွယ်လွန် သွားပြီ ဖြစ်ကြောင်း တောင်အာဖရိက သတင်း ဌာနက ဖော်ပြသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော်အတွင်း နိုင်ငံသား၊ နိုင်ငံခြားသား စစ်ဆေးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ ရာ ယင်းသို့စစ်ဆေးခြင်း မခံယူလိုသဖြင့် ရခိုင်ပြည်နယ်အတွင်းမှ ဗင်္ဂလားဒေ့ရှ နိုင်ငံ ဖက်သို့ ထွက်ပြေး တိမ်းရှောင် သွားကြသူ များအား မြန်မာနိုင်ငံနှင့် ဗင်္ဂလားဒေ့ရှ နိုင်ငံ နှစ်ဖက်သဘောတူညီချက်အရ ဩဂုတ် လ ၃၁ ရက်နေ့မှစ၍စနစ်တကျစစ်ဆေးလက် ခံသည်။

စက်တင်ဘာလ

၁ ကမ္ဘာ့ အဓိက အင်အားကြီးနိုင်ငံ များသည် ၁၉၇၉ ခုနှစ်မှစ၍ သုံးနှစ် ကာလအတွက် လက်နက် အသုံး စရိတ်များ လျှော့ချပြီး ၎င်းမှ စုဆောင်း ရရှိမည့် ငွေ များကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အကူအညီအ ဖြစ် အသုံးပြုသွားရန် ဆိုဗီယက် ကိုယ်စား လှယ်က ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကုလသမဂ္ဂညီလာ ခံတွင် အဆိုပြုသည်။

လူဆာကာမြို့တွင် ရိုဒီးဇီးယား ပြဿနာ ဆိုင်ရာ ထိပ်သီး ညီလာခံ တရပ်ကို စတင် ကျင်းပရာ တန်ဇားနီးယား၊ အန်ဂိုလာ၊ မိုဇမ်ဗစ်နှင့် ဗော့ဆွာနာ နိုင်ငံများမှ သမ္မတ များတက်ရောက်သည်။

၂ ၁၉၆၇ ခုနှစ်ကသိမ်းပိုက်ထားခဲ့သော အာရပ် နယ်မြေများ ပေါ်မှ အဇ္ဇရီ ယယ်တပ်များ လုံးဝပြန်လည် ရုပ်သိမ်းပေး ရေးနှင့်ပယ်လက်စတိုင်တို့၏ ကိုယ်ပိုင်ဆုံးဖြတ် ခွင့် ရရှိရေး တည်းဟူသော မူများအပေါ် တွင် အခြေမခံသည့် မည်သည့် အရှေ့အလယ် ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲကိုမျှ ဂျော်ဒန် နိုင်ငံက တက်ရောက်နိုင်မည် မဟုတ်ကြောင်း ဂျော်ဒန်ဘုရင် ဟူစိန်က အမှန်မြို့တွင် ထုတ် ဖော်ပြောကြားသည်။

၃ ရိုဒီးဇီးယားဝန်ကြီးချုပ်အီယန် စမစ် တွင် မည်သည့် နည်းနှင့်မျှ အာဏာ လွှဲပြောင်းပေးလိုသည့်ဆန္ဒမရှိဟု လူဆာကာ တွင် ကျင်းပပြီးစီးခဲ့သော ရွှေတန်း ငါးနိုင်ငံ သမ္မတတို့၏ အစည်းအဝေး၌ တညီတညွတ် တည်း ဆုံးဖြတ်ခဲ့ကြောင်း တန်ဇားနီးယား သမ္မတ ညီရေးရေးက ပြောကြားသည်။

လိုက်ပဇစ် နိုင်ငံတကာ ကုန်စည်ပြပွဲကို စတင်ဖွင့်လှစ်လိုက်ရာ အနောက်အုပ်စု နိုင်ငံ များမှ ပြခန်းရှင် ၁၅၀၀ အပါအဝင် နိုင်ငံတ ကာမှ ပြခန်းရှင်ပေါင်း ၆၀၀၀ ကျော် တက် ရောက်၍ သက်ဆိုင်ရာ ကုန်စည်များကို ခင်း ကျင်း ပြသသည်။

၄ ကမ္ဘာတဝန်းလုံးတွင်နှလုံးအစားထိုး ကုသမှုများ၊ တစထက်တစ တိုးတက် များပြားလာလျက်ရှိရာ ယခုအခါတွင် နှလုံး အစားထိုးကုသခံယူပြီး အသက်ရှင်လျက် ရှိ နေသူပေါင်း ၄၀၆ ဦးရှိသည်ဟု နိုင်ငံ ၃၀ မှ ဆရာဝန်များနှင့် သုတေသီများ တက်ရောက် သော သတ္တမအကြိမ်မြောက် နိုင်ငံတကာဆိုင် ရာ လူအင်္ဂါအစိတ်အပိုင်း အစားထိုးကုသမှု ညီလာခံဖွင့်ပွဲတွင် နယူးယော့မြို့မှ ပါမောက္ခ ရန်ဒေါဂရီယက်က တင်ပြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူး ချုပ် မြင့်မောင် ခေါင်းဆောင်သော အဖွဲ့ဝင် ငါးဦးပါဝင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ သည် ပျန်ယန်မြို့တွင် ကျင်းပမည့် အကြိမ် ၃၀ မြောက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ထွက် ခွာသွားသည်။

အဆင့်မြင့် စီးပွားရေး စီမံခန့်ခွဲမှု သင် တန်းအမှတ်စဉ် (၁) ဖွင့်ပွဲ အခမ်းအနားကို ဝန်ကြီးချုပ်ရုံး အစည်းအဝေး ခန်းမတွင် ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင် မောင်ခ တက်ရောက်၍ အမှာစကား ပြော ကြားသည်။

၅ တတိယကမ္ဘာ့နိုင်ငံများ၏ လူနေမှုအ ဆင့်အတန်း တိုးတက်ရန် စက်မှု နိုင်ငံများ အပေါ် မှီခို အားထားခြင်း ထက် ကိုယ့်အားကိုယ်ကိုးခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း ဓနသဟာယ အထွေ ထွေအတွင်းရေးမှူး ရမ်ဖောက ဂျော့တောင်း မြို့၌ ထုတ်ဖော်ပြောကြားသည်။

၆ အမေရိကန် သမ္မတ ဂျင်မီကာတာ သည် အဇ္ဇရီယယ်ဝန်ကြီးချုပ်ဗယ်ဂင် နှင့်၎င်း၊ အီဂျစ်သမ္မတ အနွဝါဆဒတ်နှင့် ၎င်း သီးခြား တွေ့ဆုံကာ ဒေးဗစ် ထိပ်သီးအစည်း အဝေးကို စတင်ဖွင့်လှစ်ပေးလိုက်သည်။

၇ တတိယ ကမ္ဘာမှ ဆရာဝန်များ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံများ သို့ သွား

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှား

ရောက်အလုပ်လုပ် ကိုင်နေကြသည့် ပြဿနာသည်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အမျိုးသား ကျန်းမာရေးအစီအစဉ်များအောင်မြင်ရေးအတွက် အဓိကကျသော အခက်အခဲတရပ် ဖြစ်သည်ဟု ဆိုဗီယက် ပြည်ထောင်စု အလယ်ပိုင်းရှိ အယ်မာအာတာမြို့၌ ကျင်းပလျက် ရှိသော နိုင်ငံတကာဆိုင်ရာ ဆေးဝါးကုသမှု ညီလာခံ၌ ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ကိုယ်စားလှယ် များကတင်ပြ ဆွေးနွေးကြသည်။

၈ အကြမ်းဖက်သမားတို့က ချူးကလီးယား ပစ္စည်းများကို သုံးစွဲမှုမှ ဟန့်တား ကာကွယ်ရေးအတွက် သဘော တူညီချက်တရပ်ကို နိုင်ငံ ၄၀ မှ ကိုယ်စားလှယ်များ တက်ရောက်သော အစည်းအဝေး တရပ်တွင် သဘောတူညီချက် ရရှိပြီးကြောင်း နိုင်ငံတကာ အနုမြူအင်အားအေဂျင်စီ (အိုင်အေအီးအေ)က ထုတ်ဖော် ကြေငြာသည်။

နိုင်ငံတကာ စာမတတ်သူ ပပျောက်ရေး နေ့ဖြစ်ရာ ရန်ကုန်မြို့တွင် စာမတတ်သူ ပပျောက်ရေးနေ့ အထိမ်း အမှတ် ပြပွဲ ပြိုင်ပွဲများ ကျင်းပသည်။

၉ ဗူးလဂေးရီးယား ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသား လွတ်မြောက်ရေးနေ့ ဖြစ်သည်။

ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ (ဒီပီအာကေ) တည်ထောင်သည့် အကြိမ် (၃၀) မြောက်နှစ်ပတ်လည်နေ့ဖြစ်သည်။

စာမတတ်သူ ပပျောက်ရေးအတွက် တိုက်ပွဲဝင်မှုမှာ မိမိတို့ ခေတ်ကာလအတွက်အလွန် အမင်းအရေးတကြီး ဖြေရှင်းရန်လိုအပ်သော ပြဿနာများအနက် တခုဖြစ်ကြောင်း ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၏ ဦးဆောင်ညွှန်ကြားရေးမှူးက ပဲရစ်မြို့တွင် ထုတ်ဖော် ပြောကြားသည်။

၁၀ တောင်အာဖရိက နိုင်ငံသည် အာ
အနောက်တောင် အာဖရိကနယ်မြေ (နမီးဗီးယား)ကိစ္စကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်း တင်ပြထားသော အစီအစဉ်နှင့်ပတ်သက်၍ အနောက်အုပ်စု ငါးနိုင်ငံနှင့် ၎င်း၊ ကုလသမဂ္ဂနှင့်၎င်း သဘောထားချင်း ဖလှယ်လျက် ရှိသည်ဟု တောင်အာဖရိက နိုင်ငံခြားရေး ဝန်ကြီး ဘိုသာက ဂျိုဟန်နက်စကတ်မြို့တွင် ပြောကြားလိုက်သည်။

ဖြိတိန်နိုင်ငံသည် ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ ပေးမည့် ထောက်ပံ့ငွေများအနက် အချို့ကို ဖြိတိန်နိုင်ငံတွင်း၌ပင် အသုံးပြုကာ ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ ကျေးလက် လူနေမှု ဘဝကို တမှုတ်ခြင်း မြှင့်တင် ပေးနိုင်စေမည့် လောင်စာစွမ်းအားသစ်များ ရရှိရေးအတွက် သုတေသန ပြုလုပ် သွားမည် ဖြစ်ကြောင်း ဖြိတိန် မဟာမင်းကြီးရုံးမှ ကြေငြာသည်။

၁၁ ချူးကလီးယား လက်နက်ပိုင် နိုင်ငံများက ချူးကလီးယား လက်နက် မရှိသော နိုင်ငံများကို မခြိမ်းခြောက် နိုင်ရန် အာမခံချက်ပေးသော နိုင်ငံတကာ သဘော တူညီ ချက် မူကြမ်း တရပ် ကို ကုလ သမဂ္ဂ အထွေထွေ ညီလာခံကြီး၌ ဆွေးနွေးရန် ဆိုဗီယက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဂရိုမီကိုက တင်သွင်းသည်။

မူးယစ်ဆေးဝါး မှောင်ခို ထောင်း ဝယ်မှု တိုက်ဖျက်ရေး ညှိနှိုင်းမှုဆိုင်ရာ ပထမဆုံးနိုင်ငံတကာ ညီလာခံတရပ်ကို ဗူးလဂေးရီးယား နိုင်ငံ ဗာနာမြို့တွင် စတင်ကျင်းပရာ ၂၄ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၁၂ အီဂျစ်နှင့်အင်္ဂလိပ်ယဉ်တို့သည် တဖက်နှင့်တဖက် လိုက်လျောမှုကို ပြသကြပြီး ဒေးဗစ်စခန်း၌ ကျင်းပလျက် ရှိသော ထိပ်သီးဆွေးနွေးပွဲတွင် အတားအဆီးအထစ်အငေါ့ မရှိကြောင်း အိမ်ဖြူတော်မှ ဂျိုဒီပါဝဲက ပြောကြားသည်။

အခြေခံ ကျန်းမာရေးကို အခြေခံ လူ့အခွင့်အရေးတရပ် အဖြစ်ဖြင့် အသိအမှတ်ပြုရန် ဆော်သြချက် တရပ်ကို ဆိုဗီယက်ပြည်ထောင်စု အယ်မာအက်တာမြို့၌ ကျင်းပပြီး သွားသော နိုင်ငံတကာ အခြေခံ ကျန်းမာရေး ညီလာခံမှ ထုတ်ပြန်သည်။

၁၃ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းတင် ဦးဆောင်သော မြန်မာ စီးပွားမစ်ရှင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရံပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ် နှစ်ပတ်လည် အစည်းအဝေးများသို့ တက်ရောက်ရန် အမေရိကန် ပြည်ထောင်စု နိုင်ငံ ဝါရှင်တန် မြို့သို့ ထွက်ခွာသွားသည်။

၁၄ ကုလသမဂ္ဂတပ်မျှားကိုရုပ်သိမ်းလိုက်လျှင် လက်ဗန္ဓနှင့် တောင်ပိုင်း အခြေအနေများ ပိုမိုဆိုးဝါး လာနိုင်သောကြောင့် ကုလသမဂ္ဂတပ်မျှားကို လက်ဗန္ဓန်၌ နောက်ထပ်ခြောက်လ ဆက်လက် ထားခွင့်ပေးရန် အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက လုံခြုံရေးကောင်စီသို့ တောင်းခံသည်။

၁၅ ကော့စတာရီကာ သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်သည်။

မီးလောင်ဒဏ်များနှင့် အခြား မီးလောင်ပျက်စီးစေသည့် လက်နက်များ အားလုံးကို လုံးဝ ပိတ်ပင်ရေး ကုလသမဂ္ဂအဆိုကို အမေရိကန်က လိုက်နာကျင့်သုံးရန် ငြင်းဆိုမည် ဖြစ်ကြောင်း အမေရိကန် ကိုယ်စားလှယ်က ကုလသမဂ္ဂ၏ လက်နက်များဆိုင်ရာ ပကာမ ညီလာခံ၌ ထုတ်ဖော် ပြောကြားသည်။

၁၆ နမီးဗီးယား လွတ်လပ်ရေး တောင်းဆိုမှုကို ကျေနပ်အောင် ဆောင်ရွက်မပေးလျှင် အနောက်တောင် အာဖရိက ပြည်သူ အဖွဲ့ (ဆွာပို)အနေဖြင့် ပြောက်ကျားစစ်ကို ဆက်လက်ဆင်နွှဲသွားမည် ဖြစ်ကြောင်း ဆွာပိုအဖွဲ့ဥက္ကဋ္ဌ ဆန်နုဂျိုမာက နယူးယောဒ်မြို့တွင် ပြောကြားသည်။

လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ နိုင်ငံတော်ကောင်စီမှ ကြေငြာချက် အမှတ် (၃/၇၈)ကို ထုတ်ပြန်ကြေငြာသည်။

၁၇ ဒေးဗစ်စခန်း သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲမှ ပေါ်ထွက် လာသော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဘောင်သတ်မှတ်ချက်ဆိုင်ရာ စာရွက်စာတန်း နှစ်ခုကို အမေရိကန်သမ္မတ ကာတာ၊ အီဂျစ် သမ္မတ ဆဒတ်နှင့် အင်္ဂလိပ်ယဉ် ဝန်ကြီးချုပ် ဗယ်ဂင်တို့ လက်မှတ်ရေးထိုးသည်။

အာရှတွင် ပထမဆုံးကျင်းပသော ပဉ္စမ အကြိမ်မြောက် စားနပ်ရိက္ခာ၊ သိပ္ပံနှင့်စက်မှုဆတတ်ပညာဆိုင်ရာ နိုင်ငံတကာ ကွန်ဂရက်ကို တိုကျိုမြို့တွင် စတင် ဖွင့်လှစ်ရာ နိုင်ငံ ၅၀ မှ အတတ် ပညာရှင်နှင့် သိပ္ပံ ပညာရှင်ပေါင်း ၂၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ပါကစ္စတန် တရားလွှတ်တော်ချုပ်က စစ်အုပ်ချုပ်ရေးအကြီးအကဲ ဇီယာအူးလဟတ်အား ပါကစ္စတန်နိုင်ငံ သမ္မတအဖြစ် ခန့်အပ်လိုက်သည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

၁၈ ဒေးဗစ်စခန်း သဘော တူညီချက်များသည် ဆီးရီးယား အပါအဝင် အရှေ့ အလယ်ပိုင်းနိုင်ငံ အားလုံးအတွက် တရားမျှတမှုပေါ် အခြေခံ၍ ငြိမ်းချမ်းရေး ထူထောင်ရန် လမ်းဖွင့်ပေးလိုက်ပြီး ဖြစ်ကြောင်း၊ အီဂျစ်သမ္မတ ဆဒတ်က ကိုင်ရှိမြို့တွင် ပြောကြားသည်။

သတ်မှတ်သီးနှံများ အပြည့်အဝ စိုက်ပျိုးရေး၊သီးနှံများကို သတ်မှတ်ထားသောအချိန်ကာလအတွင်း ရောင်းချရေး၊ရောင်းချမှုပျက်ကွက်သူအား စိုက်ပျိုးလုပ်ပိုင်ခွင့်ရှုပ်သိမ်းရေး တို့နှင့် ပတ်သက်သည့် အမိန့် ကြော်ငြာစာ အမှတ် (၄/၇၈) ကို လယ်ယာနှင့် သစ်တောဝန်ကြီးဌာနမှ ထုတ်ပြန်ကြေငြာသည်။

၁၉ ၃၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးကို စတင်ကျင်းပရာ ထိုညီလာခံတွင် ဆော်လမွန်ကျွန်းစုနိုင်ငံသည် ၁၅၀ မြောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

ဒေးဗစ်ထိပ်သီးအစည်းဝေးတွင် လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်သော အီဂျစ်– အဇ္ဇရီယယ် ငြိမ်းချမ်းရေး သဘော တူညီချက်များကို ဂျော်ဒန်နိုင်ငံ၊ ဆအူးဒီအာရေဗျ နိုင်ငံနှင့်အီရတ်နိုင်ငံတို့က လက်မခံကြောင်း ကြေငြာသည်။

၂၀ အီဂျစ်နှင့် အဇ္ဇရီယယ် ငြိမ်းချမ်းရေး စာချုပ်ကို နှစ်လအတွင်း လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း အီဂျစ်သမ္မတ အနှဝါဆဒတ်က ကိုင်ရှိမြို့တွင် ကြေငြာသည်။

လယ်ယာနှင့်သစ်တောဝန်ကြီးဌာနမှစပါး အထွက်တိုးရေးနှင့် ပတ်သက်သည့် တောင်သူလယ်သမားကြီးများအား နှိုးဆော်ချက် အမှတ် (၄/၇၈)ကို ထုတ်ပြန်ကြေငြာသည်။

၂၁ အနောက်အာဖရိက ငါးနိုင်ငံတို့၏ လေးရက်ကြာ နေစွမ်းအင် ညီလာခံ ကျင်းပပြီးစီးသွားပြီ ဖြစ်သည်။

ဒုတိယ အကြိမ် ပြည်သူ လွှတ်တော် ဒုတိယ အစည်းအဝေးကို ၁၉၇၈ ခုအောက်တိုဘာလ ၂၃ ရက်နေ့တွင် ကျင်းပရန် ခေါ်ယူခြင်းနှင့် ပတ်သက်သော အမိန့် ကြော်ငြာစာ အမှတ်(၄/၇၈)ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီမှ ထုတ်ပြန်ကြေငြာသည်။

၂၂ အဇ္ဇရီယယ်နှင့်ငြိမ်းချမ်းရေး သဘော တူညီမှု ရအောင် ဆောင်ရွက်ရာတွင် လက်တွဲပါဝင်ကြရန် အီဂျစ်သမ္မတ အနှဝါဆဒတ်က ဂျော်ဒန်၊ ဆီးရီးယားနှင့် လက်ဗန္ဓန် နိုင်ငံတို့အား ရာဘတ်မြို့တွင် တိုက်တွန်းပြောကြားသည်။

၂၃ နိုင်ငံတကာ အနုမြူစွမ်းအင် အေဂျင်စီ၏ ၂၂ ကြိမ်မြောက် အစည်းအဝေးကို ဩစတြီးယားနိုင်ငံ ဗီယင်းနားမြို့တွင် ကျင်းပပြီးစီး သွားသည်။

အယ်လဂျီးရီးယား၊ လစ်ဗျ၊ ဆီးရီးယား၊ တောင်ယေမင်နှင့် ပယ်လက်စတိုင် လွှတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) တို့ ပါဝင်ဖွဲ့စည်းထားသော အာရပ် တပ်ဦးက မိမိတို့ တပ်ဦးသည် အီဂျစ်နှင့် စီးပွားရေး အဆက်အသွယ် နိုင်ငံရေးအဆက်အသွယ် အားလုံးဖြတ်မည်ဖြစ်ကြောင်း ဒမစကတ်မြို့တွင်ကြေငြာသည်။

၂၄ မြန်မာနိုင်ငံ ပြည်သူလွှတ်တော် သဘာပတိ အဖွဲ့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ပြည်သူ လွှတ်တော် ဒုတိယ နာယကကြီး မိုဟာမက်အစ်နေးနီ ဦးဆောင်သည့် အင်ဒိုနီးရှား ပြည်သူလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ငါးရက်ကြာ ချစ်ကြည်ရေးခရီး လည်ပတ်ရန် လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

၂၅ အမေရိကန်သမ္မတ ကာတာက မိမိသည်ကမ္ဘာ့ခေါင်းဆောင်တဦးအဖြစ် ဂုဏ်သိက္ခာကို ထိန်း ထားနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သောကြောင့် ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကမ္ဘာ့ ဘဏ္ဍာရေး ခေါင်းဆောင်များအားဝါရှင်တန်မြို့တွင် ပြောကြားသည်။

၁၉၇၈ – ၇၉ ခုနှစ်အတွက် တောင်သူလယ်သမားများ စိုက်ပျိုး ထုတ်လုပ်သော စပါးများ ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် ပတ်သက်၍ စည်းကမ်း သတ်မှတ်ခြင်းနှင့် စပ်ဆိုင်သော အမိန့်ကြော်ငြာစာအမှတ်(၄/၇၈)ကို ကုန်သွယ်ရေး ဝန်ကြီး ဌာနမှ ထုတ်ပြန်ကြေငြာသည်။

၂၆ စစ်၏ အန္တရာယ်ကြီးတရပ်ကိုနောက်ထပ် မကြုံတွေ့ရန် အတွက် အစွမ်းကုန် ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အကယ်၍ စစ်အန္တရာယ်သစ်တရပ်ကို ကြုံတွေ့ရလျှင် ပြီးခဲ့သော ကမ္ဘာစစ်ကြီး နှစ်ခုစလုံးထက် ပိုမိုကြီးမားသော ဆုံးရှုံးပျက်သုန်းမှုနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်းဖြင့် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိမီကိုက ၃၃ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ၌ ထုတ်ဖော်ကြေငြာသည်။

မြန်မာနိုင်ငံနှင့် ဗဂ်လားဒေ့ရှ နိုင်ငံတို့သဘော တူညီချက်အရ ဗဂ်လားဒေ့ရှနိုင်ငံမှ ပြန်လည်ဝင် ရောက်လာသူများအား ဟသ်ာစိမံချက်ဖြင့် စနစ်တကျ စိစစ် လက္ခံလျက်ရှိရာ ယနေ့အထိ ဝင်ရောက်လာသူပေါင်းမှာ ၁၆၅ ဦး ရှိသွားပြီ ဖြစ်သည်။

၂၇ လူသားတို့၏ ငြိမ်းချမ်းရေး၊စည်ပင်ဝပြောရေးနှင့် လုံခြုံရေးတို့အတွက် ဓနအင်အားများကို အသုံးပြုနိုင်ရန် အလို့ငှာ လက်နက်ပြိုင်ဆိုင်မှုကိုရပ်စဲဖို့ လိုအပ်ကြောင်း ဇူတလီ၊ နိုင်ငံခြားရေး ဝန်ကြီး ဖော်လာနီက ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် ပြောကြားသည်။

အေစီယင် လွှတ်တော်အဖွဲ့ (အီပို) ပထမ အထွေထွေ ညီလာခံ၏ ပထမအကြိမ်အဖွဲ့ဝင် စုံညီအစည်းအဝေးကို စက်ာပူမြို့တွင် စတင်ကျင်းပရာ အေစီယင်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင် စက်ာပူနှင့် ထိုင်းနိုင်ငံတို့မှ လွှတ်တော်အမတ် ၅၅ ဦး တက်ရောက်ကြသည်။

၂၈ အဇ္ဇရီယယ်နှင့် အီဂျစ်တို့ ငြိမ်းချမ်းရေးစာချုပ် လက်မှတ် ရေးထိုးရန် အနှောင့်အယှက် အဟန့်အတားများ မရှိတော့ကြောင်းဖြင့် အဇ္ဇရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်နှင့် အီဂျစ်သမ္မတ ဆဒတ်တို့က အာမခံချက်ပေးထားပြီး ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျင်မီ ကာတာက ဝါရှင်တန်မြို့တွင် ထုတ်ဖော်ပြောကြားသည်။

၂၆၃ ပါးမြောက် ဗရင်ဂျီသာသနာပိုင် ရဟန်းမင်းဂျန်ပေါလ်(၆၅)နှစ်သည် ဗာတီကင်မြို့တွင် နှလုံးရောဂါဖြင့် ပျံလွန်တော်မှုသည်။

၂၉ ကမ္ဘာ တဝန်း ပျက်စီး ဆုံးရှုံးမှုကို ရှောင်ရှားရန် နည်းလမ်းမှာ ကမ္ဘာ တဝန်းလုံး ပူးပေါင်း လက်တွဲရေးပင် ဖြစ်ကြောင်း စက်ာပူ နိုင်ငံခြားရေး ဝန်ကြီးက

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျာ

သည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်သော နှစ်နိုင်ငံတို့၏ သဘောထား ဖြစ်ကြောင်း ဆီးရိုးယား - ဆိုဗီယက် နှစ်နိုင်ငံ ပူးတွဲကြေငြာချက်တွင် ဖော်ပြထားသည်။

၂ ဥရောပနှင့် အမေရိကန် ပြတိုက်များတွင် ထောက်ရှုနေသော အနုပညာလက်ရာပစ္စည်းအချို့ကို သက်ဆိုင်ရာ မူရင်းနိုင်ငံများ၊ အများအားဖြင့် အာဖရိကနှင့် အာရှနိုင်ငံများသို့ ပြန်လည်ပေးသင့်ကြောင်း စစ္စလီကျွန်း၊ တော်ဖီနာမြို့တွင် ကျင်းပသော ယူနက်စကို အစည်းအဝေး၌ တညီတညွတ်တည်း သဘောတူခဲ့ကြသည်။

ဝါရှင်တန်မြို့၌ စတင်ကျင်းပမည့် အီဂျစ်-အင်္ဂလိပ်ယဉ် ဆွေးနွေးညှိနှိုင်းပဲ့ ကာလအတွင်း မှာပင် ငြိမ်းချမ်းရေးစာချုပ် လုပ်ငန်းကိစ္စ ပြီးပြတ် သွားစေရန် အီဂျစ်က လိုလားကြောင်းဖြင့် အီဂျစ်ယာယီနိုင်ငံခြားရေး ဝန်ကြီး ဗူထရိုဂါလီက ပြောကြားသည်။

၈ ရိုဒီးဇီးယားဝန်ကြီးချုပ် အီယန်စမစ်အား အမေရိကန်သို့လာရောက်လည်ပတ်ခွင့်ပြုခြင်းဖြင့် အမေရိကန်က တရားမဝင်သောရိုဒီးဇီးယားအစိုးရကို ထုတ်ဖော် မကြေငြာသော်လည်း အသိအမှတ် ပြုရာရောက်ကြောင်းဖြင့် ရိုဒီးဇီးယား အမျိုးသားခေါင်းဆောင် မူဂါဘိက စွပ်စွဲ ပြောကြားသည်။

ဆီးရိုးယားနိုင်ငံ သမ္မတနှင့် လက်ဗန္ဓန်နိုင်ငံသမ္မတတို့၏ သဘော တူညီချက်အရ လက်ဗန္ဓန်နိုင်ငံရှိ ရွှေတန်းစခန်းများအားလုံးတွင် ယမန်နေ့က အပစ်အခတ်ရပ်စဲလျက် ရှိသည်ဟု ဆီးရိုးယား တပ်များဖြင့် အဓိက ဖွဲ့စည်းထားသော အာရပ် ငြိမ်းချမ်းရေးတပ်ဖွဲ့က ကြေငြာသည်။

၉ လွန်ခဲ့သော နွေရာသီက ကုလသမဂ္ဂ ဌာနချုပ်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံ၏ လက်နက် ဖျက်သိမ်းရေး အထူးအစည်းအဝေးက ဖွဲ့စည်းပေးလိုက်သည့် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးကော်မရှင်သစ်၏ ပထမအကြိမ် အစည်းအဝေးကို ကျင်းပသည်။

၃၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် မြန်မာနိုင်ငံ ကိုယ်စား

ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် ပြောကြားသည်။

၃၀ အီဂျစ်နှင့် အင်္ဂလိပ်ယဉ် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရေး အတွက် အလျင်အမြန် ဆောင်ရွက်သွားကြရန် သဘောတူထားကြပြီ ဖြစ်ကြောင်းဖြင့် အမေရိကန် ပြည်ထောင်စု၏ အရှေ့အလယ်ပိုင်း ဆိုင်ရာ အထူးသံတမန် အက်သာတန်က ကိုင်ရိုမြို့တွင် ပြောကြားလိုက်သည်။

အောက်တိုဘာလ

၁ တရုတ် ပြည်သူ သမ္မတနိုင်ငံ၏ ၂၉ ကြိမ်မြောက် နှစ်ပတ်လည် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။

နိုင်ကျိုးရိုးယား ပြည်ထောင်စု သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုသည် ရုရှနှင့် အခြားသော နိုင်ငံများအား ဂြိုဟ်တုများကို အသုံးပြု၍ ထောက်လှမ်းခြင်း ပြုသည်ဟု သမ္မတကာတာက ပထမဆုံးတရားဝင် ထုတ် ဖော်ပြောကြားသည်။

၂ နမီးဗီးယားကိုတောင်အာဖရိကနိုင်ငံ၏အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ရန် ပြောက်ကျား စစ်ဆင်နွဲလျက်ရှိသော အနောက်တောင် အာဖရိက ပြည်သူအဖွဲ့ (ဆွာပို)အား ဘက်မလိုက် နိုင်ငံများ လှုပ်ရှားမှုအဖွဲ့၏ အဖွဲ့ဝင် အဖြစ်လက်ခံလိုက်သည်။

အမေရိကန် သမ္မတ ဂျင်မီကာတာသည် အီဂျစ်နိုင်ငံသို့ အလည်အပတ် လာရောက်ပြီး အင်္ဂလိပ်ယဉ် - အီဂျစ် စာချုပ် လက်မှတ်ထိုးပွဲသို့ တက်ရောက်ပါရန် အီဂျစ်သမ္မတ အန္နဝါ ဆဒတ်က ဖိတ်ကြားသည်။

တတိယကမ္ဘာ့နိုင်ငံများ၏ စားနပ်ရိက္ခာ အခြေအနေသည် အကျပ်အတည်းနှင့် ရင်ဆိုင်ရမည့်အဆင့်၌ ရှိနေကြောင်း အက်ဖအေအို ညွှန်ကြားရေးမှူးချုပ် အက်ဒွပ်ဆူးမားက ၁၁ ကြိမ်မြောက် ဥရောပဆိုင်ရာ အက်ဖအေအို ဒေသန္တရ ညီလာခံ၌ ရှင်းလင်း တင်ပြသည်။

၇ ၃၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တက်ရောက်ရန်နိုင်ငံခြားရေးဝန်ကြီး ဗိုလ်မှူးချုပ်မြင့်မောင်ခေါင်း ဆောင်သည့် မြန်မာ့ ကိုယ်စားလှယ်အဖွဲ့သည် နယူးယောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အရှေ့တောင် အာရှ နိုင်ငံများ အသင်း (အေစီယင်) အနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအာမခံချာ၌ အရေးပါအသုံးဝင်သော နေရာမှပါဝင် ဆောင်ရွက်နိုင်လိမ့်မည်ဟုယုံကြည်ကြောင်း ရှိမေးနိုးယားသမ္မတ ချောင်ဆတ်စကူးက ပြောကြားသည်။

၄ ဂျီဒီအာ နိုင်ငံတော်ကောင်စီ သဘာပတိ အရစ်ဟွန်နက်ကာနှင့် ဆီးရိုးယားသမ္မတနိုင်ငံ သမ္မတအာဆတ်တို့ ခေါင်းဆောင်သော နှစ်နိုင်ငံပါတီနှင့် အစိုးရ ကိုယ်စားလှယ်များ ဆွေးနွေးပွဲသည် ဘာလင်မြို့တွင် ပြီးဆုံးသွားသည်။

ပြင်သစ်နိုင်ငံက လက်ဗန္ဓန်နိုင်ငံ၌ ပစ်ခတ်မှုရပ်စဲရန် စီစဉ်သည်ကို အမေရိကန်ပြည်ထောင်စုက အပြည့်အဝ ထောက်ခံသည်ဟု အမေရိကန် နိုင်ငံခြားရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဟော့ဒင်းကာတာက ပြောသည်။

၅ အခြေခံနိုင်ငံရေးသင်တန်း အမှတ်စဉ် ၃၇ ဆင်းပွဲကို ဗဟိုနိုင်ငံရေးတက္ကသိုလ်ခန်းမဆောင်တွင် ကျင်းပသည်။ ဗဟို နိုင်ငံရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးကျော်စိုးတက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသွားသည်။

အာဖရိကတောင်ပိုင်း ကိုလိုနီ ဖျက်သိမ်းရေးကို ပြင်သစ်နိုင်ငံက အလေးအနက် သဘောထားပါသည်ဟု ဗရာဇီးနိုင်ငံသို့အလည် အပတ်ရောက်ရှိနေသော ပြစ်သစ်နိုင်ငံသမ္မတ ဂစ္စကတ်ဒင်စတိုင်းက ပြောကြားသည်။

ပိုလန်နိုင်ငံဖွား အမေရိကန် စာရေးဆရာ အိုက်ဆက်ဘာရှီ ဘစ်ဆင်းဂါးသည် ၁၉၇၈ ခုနှစ် စာပေနိုဗယ်ဆု ချီးမြှင့်ခံရသည်။ မစ္စတာဆင်းဂါး (၇၄ နှစ်) သည် ၂၀ ရာစုနှစ်အစဝါဆောမြို့ ရဟူဒီလူမျိုးများ နေထိုင်ရာရပ်ကွက်တွင် နေထိုင်ခဲ့ရသည့် ဘဝအကြောင်းကို ယီးဒစ်ရှ်ဘာသာ (အရှေ့ဥရောပ နိုင်ငံများတွင် နေထိုင်သော ရဟူဒီလူမျိုးများ သုံးစွဲသည့် ဂျာမန်ဘာသာ)ဖြင့် အများဆုံးရေးသားလေ့ရှိသည်။

၆ ၁၉၆၇ ခုနှစ် စစ်ပွဲတွင် သိမ်းပိုက်ထားသော အာရပ်နယ်မြေအားလုံးမှ အင်္ဂလိပ်တပ်များ လုံးဝရုပ်သိမ်းပေးရေး၊ ပယ်လက်စတိုင် အာရပ်ပြည်သူတို့၏ တရားဝင် အမျိုးသားအခွင့်အရေးရုပ်လုံး ဖော်ပေးရေးတို့

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

လှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မြင့်မောင်က မိန့်ခွန်းပြောကြားသည်။

၁၀ ကမ္ဘာ့ စီးပွားရေး စည်ပင်တိုးတက် ဖွံ့ဖြိုးရေးအတွက် ငွေကြေးများဆက် သွယ်မှုတည်ငြိမ်ရန် လိုအပ်ကြောင်းဖြင့် ဂျာမနီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရှမစ်က တိုကျိုမြို့တွင် ပြောကြားသည်။

ဥရောပ ဘုံစျေးအဖွဲ့က အဖွဲ့ဝင် မဟုတ်သော ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ယခုနှစ်ပေးအပ်မည့်ဖွံ့ဖြိုးရေးအကူအညီများအနက် အာရှက လေးပုံ သုံးပုံရရှိမည်ဟု ဘုံစျေးအဖွဲ့ ဝန်ကြီးများ အစည်းအဝေးက ဆုံးဖြတ်လိုက်သည်။

၁၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ဩစတြီးယားနိုင်ငံသို့ ကျန်းမာရေး စစ်ဆေးခံရန် သွားရောက်ခဲ့ရာမှ ပြန်လည်ရောက်ရှိလာသည်။

အသားအရောင်ခွဲခြားသော ပေါ်လစီကို စွန့်လွှတ်ပါရန် တောင်အာဖရိက နိုင်ငံအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် က နိုင်ငံတကာ အသားအရောင် ခွဲခြားမှု တိုက်ဖျက်ရေးနှစ်ကို ကုလသမဂ္ဂက လိုက်နာကျင့်သုံးဆောင်ရွက်သော အထိမ်းအမှတ်အဖြစ် မေတ္တာရပ်ခံလိုက်သည်။

၁၂ စပိန်နိုင်ငံ၏ နှစ်ပတ်လည်အမျိုးသား နေ့ ဖြစ်သည်။

အိန္ဒိယနိုင်ငံ တဝန်းတွင် ရင်ဆိုင်ကြုံတွေ့နေရသော ဆင်းရဲမှုကို ဖယ်ရှားရန်ကျေးလက်တောရွာများ ဖွံ့ဖြိုးရေးကိုအစွမ်းကုန် ကြိုးပမ်းသွားမည်ဟု အိန္ဒိယ ဝန်ကြီးချုပ် မိုရာဂျီ ဒေဆိုင်းက ထုတ်ဖော်ပြောကြားသည်။

၁၃ လက်ဗန္ဒန်နိုင်ငံ ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာ မိသားစုတွင် တာဝန်ရှိသည်ဟု ကုလသမဂ္ဂဆိုင်ရာ လက်ဗန္ဒန်နိုင်ငံ ကိုယ်စားလှယ်ကထုတ်ဖော်ပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံမှ ဒေါက်တာ အာဘာ၊ အမေရိကန် ပြည်ထောင်စု ဂျန်ဟော့ပ်ကင်း တက္ကသိုလ်မှ ဒေါက်တာနာသန်နှင့် စမစ်တို့အား ၁၉၇၈ ခုနှစ် နိုဗဲဆေးပညာဆု ချီးမြှင့် လိုက်ကြောင်း သက်ဆိုင်ရာမှ ကြေငြာသည်။

၁၄ တရုတ်နှင့် ဂျပန် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး စာချုပ် အတည်ပြုဖလှယ်သည့် အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံတွင် တံဆိပ်ခေါင်းနှစ်မျိုး ထုတ်ဝေမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေး ဝန်ကြီး ဆိုနိုဒါက ထုတ်ဖော်ပြောသည်။

ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံက ပေးအပ်သော မတ်ငွေသုံးသန်းသုံးသိန်းတန် သင်ကြားမှု အထောက်အကူပြု ပစ္စည်းများကို မြောက်ဗီယက်နမ်ပညာရေး ဝန်ကြီးဌာနတွင် အခမ်းအနားဖြင့် ပေးအပ်သည်။

၁၅ အီဂျစ်နှင့် အင္ဂရီယယ် နှစ်နိုင်ငံကြား ငြိမ်းချမ်းရေးရရှိပါက ဆူးအက်တူးမြောင်း၏ အခွန်ငွေကို နှစ်ဆတိုးကာ နှစ်စဉ် အခွန်ငွေ ဒေါ်လာ သန်း ၁၀၀၀ အထိ ရရှိနိုင်မည် ဖြစ်ကြောင်း ဆူးအက် တူးမြောင်း အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အာမက်မက်အာဝါက ပြောကြားသည်။

ဂျပန်နှင့် တရုတ် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး စာချုပ်ကို ဂျပန်နိုင်ငံ အောက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီဝင်များက အများစုဆန္ဒမဲဖြင့် အတည်ပြုသည်။

သမ္မတ ကာတာ၏ အပိုင်းငါးပိုင်း ပါရှိသော စွမ်းအင်အစီအစဉ်ဆိုင်ရာ ဥပဒေကြမ်းကို အမေရိကန် ကွန်ဂရက်က ထောက်ခံမဲ ၆၀၊ ကန့်ကွက်မဲ ၁၇ မဲဖြင့် အတည်ပြုသည်။

၁၆ ပိုလန်လူမျိုး ဗရင်ဂျီဂိုဏ်းချုပ် ကာဂို ဝိုတီလာ (၅၈ နှစ်) အား ဗရင်ဂျီသာ သနာပိုင် ရဟန်းမင်းကြီးအဖြစ် ရွေးချယ်တင်မြှောက်သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံ ခေတ်မီ တိုးတက်အောင် ကြိုးပမ်းရေး လုပ်ငန်းများ၌ တရုတ်လူငယ် များသည် အားစိုက် ခွန်စိုက် ပါဝင် ဆောင်ရွက်ကြရန် တရုတ် ကွန်မြူနစ် ပါတီ ဒုဥက္ကဋ္ဌ လီရှန်နင့်က တိုက်တွန်းသည်။

၁၇ ၁၉၇၈ ခုနှစ် ဓာတုဗေဒ နိုဗဲဆုကို ဗြိတိန်နိုင်ငံ ကွန်းဝဲခရိုင် ဗိုဒမင်မြို့ရှိ ဂလင်း သုတေသန စမ်းသပ်ခန်းမှ ဒေါက်တာ ပီတာမစ်ရှင် (၅၈ နှစ်) အား ချီးမြှင့်သည်။

၁၉၇၈ ခုနှစ် ရူပဗေဒ နိုဗဲဆုကို အမေရိကန် ပြည်ထောင်စုမှ ဒေါက်တာအာနိုအေပင်ဇီယာ၊ ဒေါက်တာ ရောဘတ်ဝီလဆင်နှင့် ဆိုဗီယက်ပြည်ထောင်စုမှ ဒေါက်တာ ပျိုင်တာလီယွန်တီဗစ်ကာပစ်ဆာတို့အား ချီးမြှင့်သည်။

ဗီယက်နမ်နှင့် စက်ာပူ နှစ်နိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်မှု စီးပွားရေးသိပ္ပံနှင့် နည်းပညာရပ် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီသည်။

၁၈ ဗီယက်နမ်နှင့် ဗူးလဂေးရီးယား နှစ်နိုင်ငံသည် စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်များကို ဟန္ဒိုင်တွင် ချုပ်ဆိုသည်။

တရုတ် - ဂျပန် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး စာချုပ် အတည်ပြုရေး ဥပဒေကြမ်းကို ဂျပန်လွှတ်တော်က တခဲနက်မဲပေးထောက်ခံ အတည်ပြုသည်။

အဏုမြူ ဗုံးကြဲတိုက်ခိုက်မှုကို ခံခဲ့ရဘူးသော ဂျပန်နိုင်ငံက မဟာ အင်အားကြီးနိုင်ငံများအား အဏုမြူလက်နက်များ စမ်းသပ် ထုတ်လုပ်ခြင်းတို့ကို လုံးဝရပ်စဲကြရန် မေတ္တာရပ်ခံသည်။

၁၉ ရိုဒီးဇီးယားတပ်များသည် ဇမ္ဗီးယား နိုင်ငံအတွင်းရှိ ပြောက်ကျားအခြေခံစခန်းများကို ဝင်ရောက် တိုက်ခိုက်သည်ဟု ရိုဒီးဇီးယား စစ်ဌာနချုပ်က ကြေငြာသည်။

ဆိုင်းနိုင်းဒေသတွင်ထားရှိသော ကုလသမဂ္ဂ အရေးပေါ် တပ်များကို နောက်ထပ်တနှစ် ဆက်လက်ထားရှိရန် လုံခြုံရေးကောင်စီသို့ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက အကြံပေးသည်။

၂၀ ဇမ္ဗီးယားနှင့် မိုဇမ်ဗစ် နိုင်ငံများ အတွင်းသို့ ရိုဒီးဇီးယား စစ်လေယာဉ်များ ဝင်ရောက် တိုက်ခိုက်ခဲ့သည့် ကိစ္စကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက ပြင်းပြင်းထန်ထန် ရှုတ်ချသည်။

ဂျပန်အစိုးရအဖွဲ့ ပုံမှန် အစည်းအဝေးက တရုတ် ဂျပန် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးစာချုပ်ကို အတည်ပြုကြောင်း တရားဝင် ဆုံးဖြတ်သည်။

၂၁ ရိုဒီးဇီးယားတွင် နိုင်ငံရေး ပါတီသစ် တရပ်ဖြစ်သော အမျိုးသား မဟာ မိတ်အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှား

မနီလာ မြောက်ဖက်တွင် ရီတာလေနီကြမ်းဝင်ရောက် တိုက်ခတ် သွားခြင်းကြောင့် စပါးခင်းများစွာ ပျက်စီးဆုံးရှုံး ခဲ့ရခြင်းကို အကြောင်းပြုလျက် ဖိလစ်ပိုင်ဆန်များ ပြည်ပသို့တင်ပို့ခြင်းကို ဆိုင်းငံ့ထားရန် ဖိလစ်ပိုင် သမ္မတမားကို့စက အမိန့်ပေးသည်။

၂၉ တူရကီ သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

ထိုရောက်စဉ် ချက်ချင်းအရေးယူ ထိန်းသိမ်းခြင်း မပြုလျှင် သစ်တောများက လူသား၏အနာဂတ်ကောင်းကျိုးကိုဖြည့်ဆည်းထောက်ကူ ပေးနိုင်တော့မည်မဟုတ်၍ နိုင်ငံအစိုးရများ အနေဖြင့် အစွမ်းကုန်သစ်တောထိန်းသိမ်းမှုပြုရန် ဂျကာတာ၌ ကျင်းပပြီးစီးသွားသောရှစ်ကြိမ်မြောက် ကမ္ဘာ့သစ်တောညီလာခံက နှိုးဆော်သည်။

၃၀ နမီးဗီးယား(အနောက်တောင် အာဖရိက)မှာ ယခုထိတောင်အာဖရိကထိန်းချုပ်မှု အောက်တွင် ရှိနေသေးသော် လည်း ၎င်းမှာ ကုလသမဂ္ဂပညာရေး၊သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ ၁၄၅ နိုင်ငံမြောက် အဖွဲ့ဝင် အဖြစ် ရောက်ရှိသွားပြီ ဖြစ်သည်။

တရုတ်ပြည်တွင် နှစ်ပေါင်း ၃၀၀ အတွင်း တတိယ အကြိမ်မြောက် အဆိုး ရွားဆုံးသော မိုးခေါင် ရေရှားမှုနှင့် ရင်ဆိုင်တွေ့ကြုံနေရရာ ထိုမိုးခေါင်ရေရှားမှု ဒဏ်ကြောင့် လာမည့်နွေဦးပေါက်ကာလတွင် လယ်သမားအများအပြားအဖို့ ဆန်စပါးစိုက်ပျိုးရန်မဖြစ်နိုင်သည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်ဟု တရုတ်ပြည်သစ် သတင်းဌာနမှ ဖော်ပြသည်။

၃၁ ဝါရှင်တန်မြို့ ဘလဲယား ဂေဟာတွင် အမေရိကန်၊ အီဂျစ်နှင့် အင်္ဂရိယယ် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ၁၀ ရက်ရပ်ခဲ့ပြီးမှ ပြန်လည်ကျင်းပရာ အမေရိကန်က အင်္ဂရိယယ်နှင့် အီဂျစ် ငြိမ်းချမ်းရေးစာချုပ်အတွက် မူကြမ်းသစ်ကို တင်ပြသည်ဟု တရားဝင် ကြေငြာသည်။

ယူဂန်းဒါး တပ်မှားသည် တန်ဇားနီးယားနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ရာ (ဆော့)နှင့်ပတ်သက်၍ ရုရှနိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုနှင့် နှစ်ရက်ကြာ တွေ့ဆုံ ဆွေးနွေးပြီးနောက် မောစကိုမြို့မှ ပြန်လည်ထွက်ခွာသည်။

၂၅ ရေနံထုတ်လုပ်သူများက လာမည့်နှစ်တွင် ရေနံစျေးနှုန်းမြှင့်တင်ရန် ဆန္ဒရှိသည်။ သို့သော် ရေနံစျေးနှုန်းကို အလွန်အမင်း မြှင့်မည်မဟုတ်ဟု ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)အတွင်းရေးမှူးချုပ်က ထုတ်ဖော်ပြောကြားသည်။

မဟာအင်အားလွန် နိုင်ငံကြီးများအား လက်နက်ဖျက်သိမ်း ခိုင်းနိုင်သည့် အာဏာကို တတိယ ကမ္ဘာ့နိုင်ငံများအား ပေးအပ်သင့်ကြောင်းဖြင့် ကုလသမဂ္ဂတွင် တရုတ်ကိုယ်စားလှယ်က ပြောဆိုသည်။

၂၆ ဩစတြီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

မလေးရှားနိုင်ငံ၌ နိုဝင်ဘာ ၁ ရက်နေ့မှ စတင်ပြီး သတင်းစာတစောင်လျှင် လက်ရှိစျေးနှုန်းထက် ငါးဆင့်တိုးမြှင့် ရောင်းချသွားမည်ဖြစ်ကြောင်း မလေးရှားသတင်းစာများက ကြေငြာသည်။

ဒုတိယအကြိမ် ပြည်သူလွှတ်တော်ဒုတိယအစည်းအဝေး အောင်မြင်စွာ ပြီးဆုံးသွားသည်။

၂၇ ၁၉၇၈ ခုနှစ်အတွက် နိုဗင်ဘာလ ရေးဆုကို အင်္ဂရိယယ် ဝန်ကြီးချုပ် ဗယ်ဂင်နှင့်အီဂျစ်သမ္မတ ဆဒတ်တို့အား ပူးတွဲချီးမြှင့်လိုက်၏။

အီဂျစ်နိုင်ငံ၏ သီးနှံ စိုက်ပျိုးရေးပညာသုတေသနလုပ်ငန်း စီမံချက်အတွက် ဒေါ်လာ ၂၇ သန်းချေးရန် အပြည်ပြည် ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့(အိုင်ဒီအေ)က အတည်ပြုသည်။

ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အန်ဒရေဂရိုမီကိုနှင့် ပြင်သစ်သမ္မတ ဂစ္စကတ်ဒက်စတိုင်း တို့သည်ပြင်သစ်နိုင်ငံ အလီဆေးနန်းတော်၌တွေ့ဆုံဆွေးနွေးသည်။

၂၈ ကနေဒါနှင့် ဆိုဗီယက်ပြည်ထောင်စု တို့သည် ကုန်သွယ်ရေး အပါအဝင် နှစ်နိုင်ငံ နှစ်ရှည်ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးသည်။

၁၉၇၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အာဏာတည်ခဲ့သည့် အိန္ဒိယနှင့် အင်ဒိုနီးရှား နိုင်ငံတို့၏ ကုန်သွယ်ရေး သဘောတူညီချက်ကို အင်ဒိုနီးရှား သမ္မတ ဆူဟာတို့က အတည်ပြုသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟို အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

၂၂ ဆိုဗီယက် ခေါင်းဆောင်ကြီး လီနင့် နှင့် လက်ပွန်းတတီး လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော ဆိုဗီယက် ခေါင်းဆောင်များအနက် နောက်ဆုံး အသက်ရှင် ကျန်ရစ်သူ အနှတ်စ်တပ်မီကိုယန် (၇၃ နှစ်) သည် မောစကိုမြို့တွင် ကွယ်လွန်သည်။

အီဂျစ်နှင့် အင်္ဂရိယယ်နိုင်ငံတို့သည် အနှစ် ၃၀ ကြာ စစ်မက် ဖြစ်ပွားနေသော အခြေအနေကို အဆုံးသတ်မည့် ငြိမ်းချမ်းရေး စာချုပ်အတွက် အခြေခံ အချက်များနှင့် ပတ်သက်၍ နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့များက သဘောတူညီကြပြီဟု ကြေငြာသည်။

၂၃ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ဒုတိယ အကြိမ် ပြည်သူလွှတ်တော် ဒုတိယအစည်းအဝေးကို ရန်ကုန်မြို့ အလုံလမ်း သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟို အစည်းအဝေးခန်းမ၌ စတင် ကျင်းပရာ နိုင်ငံတော် သမ္မတ ကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းအမှူးပြုသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၄၆ ဦး တက်ရောက်သည်။

ဂျပန်နှင့်တရုတ် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး စာချုပ်အတည်ပြု စာချွန်ဖလှယ်ပွဲကို ဂျပန်ဝန်ကြီးချုပ်၏နေအိမ်တွင် ကျင်းပသည်။ စာချုပ်၏ သက်တမ်းမှာ ၁၀ နှစ် ဖြစ်သည်။

၂၄ အိန္ဒိယနိုင်ငံ၏ လူဦးရေ ထက်ဝက်နီးပါးမှာ ဆင်းရဲတွင်း နက်နေကြသည်ဟုအိန္ဒိယ ဘဏ္ဍာရေးဝန်ကြီးပတေးက ကြေငြာသည်။

အနောက်စက်မှုနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အကူအညီ တိုးပေးရန်ထက် လျှော့ပေးနေကြောင်း ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့က ပြစ်တင်ဝေဖန်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဗန့်စသည် မဟာဗျူဟာ လက်နက်ကန့်သတ်ရေး

၁၉၇၈ ခုနှစ် ဖြစ်ရပ်မျှ ား

ထိုကျူးကျော်မှုကို တားဆီးရန် လိုအပ်သော အရေးယူ ဆောင်ရွက်မှုအား လုံး စီစဉ်ဆောင် ရွက်သွားမည်ဟု တန်ဇားနီးယား နိုင်ငံက ကြေငြာသည်။

နိုဝင်ဘာလ

၁ အယ်လဂျီးရီးယား ဒီ မို က ရက် တစ် ပြည်သူ သမ္မတနိုင်ငံ၏ အမျိုးသား နေ့ ဖြစ်သည်။

တန်ဇားနီးယားနိုင်ငံ အနောက်မြောက် ပိုင်းရှိ နယ်မြေတစိတ်တဒေသကို ယူဂန်းဒါး တပ်များက သိမ်းပိုက်ထားကြောင်း ယူဂန်း ဒါးနိုင်ငံ ကမ်ပါလာ အသံလွှင့်ဌာနမှ ကြေ ငြာသည်။

၂ အာဂဘသ ပျံသန်းမှု သမိုင်းတွင် ရက်ပေါင်း ၁၄၀ ကြာ လူလိုက်ပါ ပျံ သန်းခဲ့သော အစီအစဉ်အောင်မြင်စွာ ပြီးဆုံး သွားသည်။ ကမ္ဘာပတ်လမ်းကြောင်းရှိ ဆား လျု. ၆ နှင့် ဆာယုယာဉ်စုပေါ် တွင် လက်တွေ့ စမ်းသပ်မှုများကို အစီအစဉ်အတိုင်း ပြုလုပ်ခဲ့ ကြသော ဆိုဗီယက်အာကာသယာဉ်မှူးဗလာ ဒီမာကိုဗလီနော့်နှင့် အလက်ဇန္ဒာ အီဗန်ချင် ကိုသည် ကမ္ဘာ မြေပြင်သို့ ချောမောစွာ ပြန်လည် ထွက်ရှိကြသည်။

တန်ဇားနီးယားနှင့်ယူဂန်းဒါးနိုင်ငံတို့တိုက် ပွဲများ အဆုံးသတ်ကြရန် ကုလသမဂ္ဂအထွေ ထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက မေတ္တာရပ်ခံသည်။

၄ ဆိုဗီယက်နှင့် အမေရိကန် ပြည် ထောင်စုတို့သည် မဟာဗျူဟာလက် နက် ကန့်သတ်ရေး (ဆော့) ဆွေးနွေးပွဲကို ဂျီနီဗာမြို့တွင် ပြန်လည် ကျင်းပကြကြောင်း ကြေငြာသည်။

ဆိုဗီယက်နှင့် ဗီယက်နမ်နိုင်ငံတို့၏ ချစ် ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာ ချုပ်ကို မော်စကိုမြို့တွင် လက်မှတ်ရေးထိုး သည်။

တောင်အာဖရိကနိုင်ငံနှင့် နိုင်ငံရေး၊ စီး ပွားရေးနှင့် စစ်ရေးအရ ပူးပေါင်းဆောင် ရွက်သည့် နိုင်ငံအား လုံးကို ပြင်းထန်စွာဆွတ် ချကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံ ကိုလိုနီစနစ် ဖျက်သိမ်းရေးကော်မတီက ဆုံး ဖြတ်ချက်တရပ် ချမှတ်သည်။

၇ ဗြိတိသျှလက်အောက်တွင် နှစ်ပေါင်း ၂၀၀ ကျော်နေခဲ့ရသော ဒိုမီနီကာ ကျွန်းသူကျွန်းသား ၇၆,၀၀၀ တို့သည် ယနေ့မှ စ၍ လွတ်လပ်သွားကြပြီဖြစ်ထု အစိုးရ အ ဆောက်အအုံများ ပေါ် ၌ လွှင့်ထူထားသော ဗြိတိသျှအလံများကိုဖြုတ်ချကာ အမျိုးသား အလံများကို လွှင့်ထူလိုက်ကြပြီး လွတ်လပ် ရေးအခမ်းအနားများ ကျင်းပကြသည်။

ဆိုဗီယက်နှင့် အမေရိကန် ပြည်ထောင်စု တို့သည် မဟာဗျူဟာ လက်နက်များဆိုင်ရာ သဘောတူစာချုပ်ကို မကြာမီချုပ်ဆိုနိုင်ကြ လိမ့်မည်ဟု မျှော်လင့်ကြောင်း ဆိုဗီယက်ဝန် ကြီးချုပ် ကိုဆီဂင်က ပြောသည်။

၅ တရုတ်ပြည်သူသမ္မတနိုင်ငံ ဒုတိယဝန် ကြီးချုပ် တိန့်ရှောင် ဖိန်သည် ကိုယ် စားလှယ်အဖွဲ့ဝင် ၄၀ ကို ခေါင်းဆောင်၍ ထိုင်းနိုင်ငံတွင် အစိုးရည့်သည်အဖြစ် ၎င်း ရက်ကြာ နေထိုင်ရန် ဗန်ကောက်မြို့သို့ ရောက်ရှိလာသည်။

တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ် တင်မြှောက်ခြင်းဥပဒေကို နိုင်ငံ တော်ကောင်စီက ထုတ်ပြန်ကြေငြာသည်။

၆ အီရန်နိုင်ငံတွင်ဖြစ်ပေါ် လျက်ရှိသော အကြမ်းဖက်မှုများကို ရပ် စဲ စေ ရန် အတွက် ရှား ဘု ရင် သည် ၂၅ နှစ်ကာလ အတွင်း ပထမဆုံးသော စစ်အစိုးရကိုပဲ့စည်း လိုက်သည်။

ယူဂန်းဒါးနှင့် တန်ဇားနီးယားတို့၏ ပဋိ ပက္ခကို ဆုဒန်နိုင်ငံက ကြားဝင် ပြန်ပြေပေး ရန် ကမ်းလှမ်းသည်ကို ယူဂန်းဒါး သမ္မတ အာမင်က လက်ခံလိုက်ကြောင်း ကြေ ငြာသည်။

၇ ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ၏ ၆၁ ကြိမ်မြောက် မဟာအောက်တိုဘာ ဆိုရှယ်လစ် တော်လှန် ရေးနေ့ဖြစ်သည်။

အာဂျင်တီးနားသမ္မတ ဗီဒယ်လာ၏ ရွေ မှောက်၌ အာဂျင်တီးနားလက်ယာ ကွန်ဆာ ဗေးတစ် အစိုးရသစ် ကျမ်း သစ္စာ ကျိန် ဆိုသည်။

ဗီယက်နမ်နှင့် လောနိုင်ငံတို့ကုန်သွယ်ရေး သဘောတူ စာချုပ်တရပ်ကို လောနိုင်ငံ ဗီ ယင်ကျန်းမြို့၌ လက်မှတ် ရေးထိုးကြသည်။

၈ ရိုဒီးဇီးယားနိုင်ငံ ငြိမ်းချမ်းရေး အ တွက် ပြောက်ကျား မျိုးချစ်တပ်ဦး နှင့် ဆွေးနွေးမှုမှတပါး အခြားနည်းလမ်းမရှိ ကြောင်းဖြင့် ရိုဒီးဇီးယား ကြားဖြတ်အစိုးရ အဖွဲ့ဝင် တိုင်းရင်းသား လူမျိုးစုခေါင်းဆောင် ချီရောက ထုတ်ဖော်ပြောကြားသည်။

တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးမှုအတွက် လိုအပ်သမျှသော လုပ်ငန်းရပ် အားလုံးကို ဖိလစ်ပိုင် အစိုးရက လုပ်ဆောင်သွားမည်ဟု ဖိလစ်ပိုင်သမ္မတ မားကို့စက နိုင်ငံတဝန်းသို့ အာမခံချက် ပေးသည်။

၉ ဆိုဗီယက်ပြည်ထောင်စုသည် ယင်း၏ ရေတပ်ကို မကြာသေးမီက အင်အား ပြည့်တင်းတိုးခဲ့ခဲ့သော်လည်း အမေရိကန်ရေ တပ်သည် အရွှေ့ပျားဒေသ ပစိဖိတ်သမုဒ္ဒရာ ပြင်ကို ကြီးစိုးချယ်လှယ် နိုင်သေးသော အ ခြေအနေ၌ရှိသည်ဟု အမေရိကန် ကာကွယ် ရေးဝန်ကြီးဌာန ဝန်ကြီး ဟာရိဘရောင်းက သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

ပြင်သစ်နိုင်ငံ ဆာဗေကောဆေးရုံမှနှလုံး ခွဲစိတ်ကုဌာန အကြီးအကဲ ပါမောက္ခဂျန်ရှိ မွန်တီနှင့်အပွဲသည် နှလုံးအတု ပုံစံတမျိုးကို တီထွင်နိုင်ပြီဖြစ်ကြောင်း ကြေငြာသည်။

၁၀ အရွှေ့ဂျာမန်နယ်မြေကို ပြတ်၍ အ နောက်ဘာလင်နှင့် ဟမ်းဘတ်မြို့ကို ဆက်သွယ်ပေးမည့် အဝေးပြေးလမ်းမကြီး အသစ် ပေါက်လုပ်ရေးအစီ အစဉ်ကို အရွှေ့ ဂျာမန်နှင့် အနောက်ဂျာမန်တို့ သဘောတူ ကြသည်။

တရုတ်ပြည်သူသမ္မတနိုင်ငံ ဒုတိယဝန်ကြီး ချုပ် တိန့်ရှောင် ဖိန်၏ ထိုင်းနိုင်ငံ ချစ်ကြည် ရေးခရီးတွင် အပြုသဘော ဆောင်သော ရလဒ်များ ထွက်ပေါ် ခဲ့သည်ဟု ထိုင်းဝန်ကြီး ချုပ် ကရိယန်ဆက်ချာမာနန်က ဗန်ကောက် မြို့တွင် ထုတ်ဖော်ပြောကြားသည်။

၁၁ ဗီယက်နမ်နိုင်ငံနှင့် ယူ ကို စ လား ဗီး ယား နိုင်ငံတို့သည် နှစ်နိုင်ငံ လေ ကြောင်း သယ်ယူပို့ဆောင်ရေး စာချုပ်တရပ် ကို ဟနွိုင်မြို့တွင် လက်မှတ်ရေးထိုး လိုက်ကြ ကြောင်း ဗီယက်နမ် သတင်းဌာနက ဖော် ပြသည်။

၁၉၇၈ ခုနှစ် ပြစ်ရပ်များ

တောင်အာဖရိက နိုင်ငံသည် အန်ဂိုလာ နိုင်ငံအား စစ်မကြေငြာပဲတိုက်ခိုက်နေသည်ဟု အန်ဂိုလာသမ္မတနက်တိုက စွပ်စွဲလိုက်သည်။

၁၂ ဂျပန်နှင့် အမေရိကန် နိုင်ငံတို့သည် လက်နက်များနှင့် စစ်ရေးဆိုင်ရာ အတတ်ပညာကိုပူးတွဲ သုတေသနပြုလုပ်ကြမည်ဟု ဂျပန် စီးပွားရေးသတင်းစာ တစောင်က ဖော်ပြ လိုက်သည်။

တရုတ်ဒုတိယဝန်ကြီးချုပ်တိန့်ရှောင် ဖိန်သည် စက်ဘူနိုင်ငံတွင်အစိုးရည့်သည်တော် အဖြစ် နေထိုင်လည်ပတ်ရန် ရောက်ရှိလာပြီး မွန်းလွဲပိုင်းတွင် စက်ဘူဝန်ကြီးချုပ်နှင့် ပထမ ဆုံးအကြိမ် တွေ့ဆုံ ဆွေးနွေးသည်။

၁၃ ၁၉၇၇–၇၈ ခုနှစ် အမျိုးသား စာပေ ဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၁၉၇၇ ခုနှစ် အတွက် သက်ဆိုင်ရာဘာသာရပ် အသီးသီးတွင် အကောင်းဆုံး စာအုပ်များအဖြစ် ရွေးချယ်၍ အမျိုးသားစာပေဆု ချီးမြှင့်ရန် ဆုံးဖြတ် ကြောင်း ထုတ်ပြန် ကြေငြာသည်။

စက်ဘူနိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော တရုတ်ဒုတိယ ဝန်ကြီးချုပ် တိန့်ရှောင် ဖိန်သည် စက်ဘူဝန်ကြီးချုပ် လီကွမ်ယူနှင့် မိနစ် ၁၅၀ ကြာ ဆွေးနွေးခဲ့ရာ တရား ဝင်ဆွေးနွေးမှုများ ပြီးဆုံးသွားသည်။

၁၄ သိမ်းပိုက်ထားသောတန်ဇားနီးယား နယ်မြေမှ ယူရန်းဒါးတပ်များ ပြန်လည် ရုပ်သိမ်းကြရန် သမ္မတ အီဒီအာမင်က အမိန့်ပေးလိုက်သည်။

အရှေ့တောင်အာဂရှ နိုင်ငံများအဖွဲ့ (အေစီယင်) ငါးနိုင်ငံမှ မူးယစ် ဆေးဝါးကျွမ်းကျင်သူများ၏ ငါးရက်ကြာအစည်းအဝေးကို ဂျာကာတာမြို့တွင် စတင်ကျင်းပသည်။

နမီးဗီးယား အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ချုပ်၏ လုပ်ဆောင်ချက်များကို တောင်အာဖရိက နိုင်ငံက နိုဝင်ဘာ ၂၅ ရက် အထိ ပူးပေါင်း ဆောင်ရွက်ခြင်း မပြုလျှင် အမေရိကန်ပြည်ထောင်စုက တောင်အာဖရိက နိုင်ငံအား စီးပွားရေး ပိတ်ဆို့တားဆီးရေးကို စဉ်းစားရန် ပြင်ဆင်မှုများ ပြုလုပ်ရလိမ့်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတိပေးသည်။

၁၅ ကျော်ဒန်၊ ဆအူးဒီအာရေဗျနှင့် ပယ်လက်စတိုင် လူမျိုးများ မပါပဲ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အလုံးစုံ ပြေရှင်းရေးမှာ မဖြစ်နိုင်ကြောင်းမော်ရိုကိုဘုရင်ဟတ်ဆန်က ဝါရှင်တန်မြို့တွင် ပြောကြားသည်။

နမီးဗီးယားတွင် ပြည်သူ့ လွှတ်တော် အထွေထွေ ရွေးကောက်ပွဲများကို ဒီဇင်ဘာ ၄ ရက်မှ ဂ ရက် အထိ ကျင်းပသွားမည်ဟု တောင်အာဖရိက နိုင်ငံက ထပ်မံ အတည်ပြုသည်။

၁၆ ဆိုဗီယက်ပြည်ထောင်စုနှင့် ဗီယက်နမ်တို့ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးစာချုပ် ချုပ်ဆို ခဲ့ခြင်းသည် အရှေ့တောင် အာရှဒေသ တည်ငြိမ် ရေး ကို အကြီးအကျယ် ထိခိုက်စေနိုင်ကြောင်း အမေရိကန် ပြည်ထောင်စုက ဆိုဗီယက်ပြည်ထောင်စုအား သတိပေးသည်။

ဥရောပ အလယ်ပိုင်းတပ်များ လျှော့ချရေးဆိုင်ရာ ၁၈ ကြိမ်မြောက် ဗီယင်းနာ ညီလာခံမှာ လိပ်ခဲတည်းလည်းဖြစ်ကာ ပြီးဆုံးသွားသည်။

၁၇ အာဖရိက ညီညွတ်ရေးအဖွဲ့ (အိုအယူ) ကော်မတီမှတန်ဇားနီးယားနိုင်ငံ သမ္မတ ညီရေးရေးနုတ်ထွက် သွားကြောင်း တန်ဇားနီးယားက အတည်ပြုသည်။

တရုတ်ပြည်၏ လယ်ယာ ထွက်ကုန်များ တိုးတက်ရေးကို ကြိုးပမ်းရန် အမေရိကန်နှင့် တရုတ်နိုင်ငံ သိပ္ပံနှင့် ကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာ လုပ်ငန်းများအပြန်အလှန်လည် ပတ် လေ့လာမှုများ ပြုလုပ်ကြမည်ဟု အမေရိကန် စိုက်ပျိုးရေးဝန်ကြီး ဘော့ဘတ်လန်းက ဝါရှင်တန်မြို့ သတင်းစာရှင်းပွဲ၌ထုတ်ဖော်ပြောသည်။

၁၈ အမေရိကန် ပြည်ထောင်စုနှင့် အနောက် အုပ် စု သည် ရှားဘုရင်ကို ကယ်တင် လိုသည့်ဆန္ဒဖြင့် အီရန်နိုင်ငံ၌ စစ်ရေးအရ ဝင်ရောက် စွက်ဖက်ခြင်းမပြုရန် ရုရှသမ္မတဗရက်ဇဉက်က သတိပေးသည်။

ဗီယက်နမ်နှင့် ဗဲလ်ဂျီယမ် နိုင်ငံတို့သည် ၁၉၇၈–၇၉ ခု အတွက် စီးပွားရေး၊ စက်မှုနှင့် အတတ်ပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူ စာချုပ်ကို လက်မှတ် ရေးထိုး လိုက်ပြီ ဖြစ်ကြောင်း ဗီယက်နမ် သတင်းဌာနက ကြေငြာသည်။

၁၉ ယူဂန်းဒါးနှင့် တိုက်နေရသော စစ်သည် တန်ဇားနီယား နိုင်ငံအတွက် ရေရှည်တိုက်ပွဲကြီးတခုဖြစ်မည်ဟု တန်ဇားနီးယား ဝန် ကြီး ချုပ် အက် ဒှပ် ဆို ကိုင်း က ပြောသည်။

အီရန်နိုင်ငံတွင် ရှားဘုရင်အာဏာ တည်မြဲစေရန် အမေရိကန် ပြည်ထောင်စုက ဝင်

အီရန်အရေးအခင်းများကြောင့် ပိတ်ထားခဲ့ရသော ရေနံပိုက်များကို အီရန်တော်လှန်ရေးရဲဘော်များက ပြန်လည်ဖွင့်လှစ်၍ ရေနံများ တင်ပို့ပြန်ဖြူးရန် စီစဉ်ခဲ့ကြသည်။



၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

ဈောက်စွက်ဖက်ရန် မရည်ရွယ်ပဲ နိုင်ငံရေး စီးပွားရေး၊ လုံခြုံရေးတို့တွင် ရင်းနှီးစွာ ဆက်ဆံနေမှုကို ဆက်၍ ထိန်းသိမ်းသွားရန် သာရည်ရွယ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဗန့်စက ဝါရှင်တန်တွင် ပြောသည်။

၂၀ ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ) နှင့် အရှေ့တောင် အာရှ နိုင်ငံများအဖွဲ့ (အေစီယင်) တို့၏ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်သည် အပြန်အလှန် အကျိုးရှိကြောင်း ဥရောပ ဘုံစျေးအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများနှင့် အေစီယင်နိုင်ငံခြားရေးဝန်ကြီးများက ထုတ်ဖော် ပြောသည်။

လက်ဗန္ဓန် တောင်ပိုင်းတွင် ကုလသမဂ္ဂ တပ်သား ၆၀၀၀ တို့၏ ငြိမ်းချမ်းရေး ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကို လက်ဗန္ဓန် ခရစ်ယန်တပ်ဖွဲ့များ ဟန့်တားနေခြင်း အတွက်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကုဗား လဟိုင်းက အပြစ်တင် ပြောကြားသည်။

၂၁ သတင်းစာနှင့် ပတ်သက်သော ကြေငြာချက် မူကြမ်း တရပ်ကို ယူနက်စကိုအဖွဲ့မှ တရားဝင် ထုတ်ပြန်သည်။

တရုတ်ပြည်သည် မြောက်ပိုင်းရှိလယ်ယာမြေများကို သဲမုန်တိုင်း ဒဏ်နှင့် မြေဆီလွှာ ပျက်စီးမှုဒဏ်မှ ကာကွယ်ပေးရန်အတွက် မိုင် ၃၀၀၀ အလျားရှိသော အစိမ်းရောင် မဟာတံတိုင်းကြီးကို တည်ဆောက်မည်ဟု တရုတ်ပြည်သစ် သတင်းဌာနမှ ကြေငြာသည်။

၂၂ အိန္ဒိယနိုင်ငံတွင် အလုပ်အကိုင် နေရာအချိုကို မျက်မမြင်များ အတွက် သီးသန့်ထားကာ မျက်မမြင်များအားအလုပ်ပေး သွား ရန် ဆုံး ဖြတ် ထား ကြောင်း ဖြင့် ပထမအကြိမ်အာရှ မျက်မမြင်များ ညီလာခံ ဖွင့်ပွဲ၌ အိန္ဒိယဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းက ကြေငြာသည်။

ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) သည် ခြောက်နှစ်ကြာ ရေးဆွဲခဲ့သော လူထုဆက်သွယ်ရေး လုပ်ငန်းဆိုင်ရာ ကြေငြာချက်တစောင်ကို လက်ခံအတည်ပြုရာ အဖွဲ့ဝင် ၁၄၆ နိုင်ငံမှ ကိုယ်စားလှယ်များက အသံဖြင့် ထောက်ခံ အတည်ပြုသည်။

၂၃ ရိုဒီးဇီးယား ငြိမ်းချမ်းရေး ဆိုင်ရာ ဖြိတိန်နိုင်ငံ၏ ဆောင်ရွက်ချက်သစ်ကို မိမိထောက်ခံကြောင်း အမေရိကန်သမ္မတ ကာတာက ကြေငြာသည်။

ဗီယက်နမ် နိုင်ငံ တောင်ပိုင်းတွင် လူငယ် ၁ ဒသမ ၂ သန်းကျော်တို့သည် အမျိုးသား တည်ဆောက်ရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့တွင် ပါဝင်ဆောင်ရွက်လျက် ရှိကြသည်ဟု ဗီယက်နမ်သတင်းဌာနမှ ဖော်ပြသည်။

ဖိလစ်ပိုင် နိုင်ငံတွင် သမ္မတ အစိုးရ ပုံစံသို့ ပြန်ပြောင်းရန်နှင့် ပါလီမန်အုပ်ချုပ်ရေးစနစ် ပယ်ဖျက်ရန် လှုပ်ရှားမှု များကို ဖိလစ်ပိုင် သမ္မတမားကို့စက ဆန့်ကျင်သည်။

၂၄ ဗိုလီးဗီးယားနိုင်ငံတွင် လက်နက်ကိုင်တပ်များက အာဏာသိမ်းပြီး သမ္မတ ယွန်ပီရီးဒါးကို ဖြုတ်ချ လိုက်ကြောင်း ကြေငြာချက်တရပ်ကို ဗိုလီးဗီးယား စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဒေးဗစ်ပါဒီလာ အရန်စီဘီယာက ထုတ်ပြန်သည်။ ဗိုလီးဗီးယားနိုင်ငံတွင် လေးလအတွင်း ဒုတိယ အကြိမ် အာဏာသိမ်းခြင်း ဖြစ်သည်။

ဂျပန်လူငယ် ၆၀ ရာခိုင်နှုန်း နီးပါးတို့သည် ဂျပန်လူအဖွဲ့အစည်းကို တနေရာမဟုတ် တနေရာတွင် မကျေမနပ် ဖြစ်နေကြသည်ဟု ဂျပန်ဝန်ကြီးချုပ်ရုံးမှ ထုတ်ပြန်သော လူငယ်ရေးရာ အစီရင် ခံစာ၌ ဖော်ပြသည်။

ပြည်သူတရုတ်ပြည်နှင့် အမေရိကန်ပြည်ထောင်စုတို့ ပုံမှန် ဆက်ဆံရေးအတွက် နည်းလမ်းတရပ်ကို ပြည်သူ တရုတ်ပြည်က အကြံပေးတင်ပြသည်ဟု အမေရိကန်အထက် လွှတ်တော် အမတ် အက်မန်း မတ် စကီး က ပြောသည်။

၂၅ နော်ဝေးနိုင်ငံ အောစလိုမြို့၌ ကျင်းပရန် စီစဉ်ထားသော နိုဗဲဆု ပေးပွဲသို့ ငြိမ်းချမ်းရေးဆု တက်ရောက်ယူရန် မိမိအနေဖြင့် မဆုံးဖြတ်ရသေးကြောင်း၊ မိမိ၏ဆုံးဖြတ်ချက်မှာ ငြိမ်းချမ်းရေး ပူးတွဲရရှိသူ အင္ဇရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်နှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲအခြေအနေပေါ် တွင်တစိတ်တဒေသ အားဖြင့် မူတည်နေသည်ဟု သမ္မတ ဆဒတ်က ပြောကြားသည်။

အင္ဇရီယယ် အစိုးရက အတည် ပြုခဲ့ပြီး အီဂျစ်အစိုးရပိုင်း၏ လက်ခံမှု မရသေးသော အဆိုပြုထားပြီးဖြစ်သည့် အီဂျစ် အင္ဇရီယယ် ငြိမ်းချမ်းရေး စာချုပ်မူကြမ်း စာသားကို အမေရိကန် ပြည်ထောင်စုက တရားဝင်ထုတ်ပြန်သည်။

၂၆ အီဂျစ်နှင့် အင္ဇရီယယ် ငြိမ်းချမ်းရေး စာချုပ် မူကြမ်း အတွက် တတိယမြောက် နောက်ဆက်တွဲ မှတ်တမ်းကို အင္ဇရီယယ်အစိုးရက ထုတ်ပြန်သည်။

ရေနံ အကြီးအကျယ် ထုတ်လုပ်သောနိုင်ငံများဖြစ်ကြသည့် ဆအူးဒီအာရေဗျ၊ အီရန်၊ အီရတ်၊ကော့တာနှင့် အာရပ် စော်ဘွားများ ပြည်ထောင်စုတို့သည် လာမည့် ဇန္ဓဝါရီလမှစ၍ ရေနံစျေးနှုန်း တိုးမြှင့်သွားရန် သဘောတူညီခဲ့ကြသည်ဟု အာရပ် စော်ဘွားများ ပြည်ထောင်စု ရေနံဝန်ကြီးက ကြေငြာသည်။

၂၇ တန်ဇားနီးယားဝပ်များသည် ကြေးစားတပ်သား ၅၀၀ အ ကူအ ညီ ဖြင့် ယူဂန်းဒါးနယ်မြေအတွင်း ဝင်ရောက် ကျူးကျော်လာပြီး တန်ဇားနီးယားဝပ်များသည် မူတူဗူလာနယ်စပ်မြို့ကို သိမ်းပိုက် လိုက်သည်ဟု ယူဂန်းဒါးရေဒီယိုက ကြေငြာသည်။

ဂျပန်ဝန်ကြီးချုပ် ဖူကူဒါသည် အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် ပြန်လည် အရွေးခံရရေးအတွက် ကြိုးပမ်းတော့မည် မဟုတ် ကြောင်း ကြေငြာသည်။

နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်သော နိုင်ငံများ အပေါ် အရေးယူသည့် ကုလသမဂ္ဂပရွိညာဉ် စာတမ်း ပုဒ်မ ၇ အရလုံခြုံရေးကောင်စီအနေဖြင့်အင္ဇရီယယ်အပေါ် လက်နက်တင်ပို့မှုအားလုံး ရပ်ပစ်ပြီး သပိတ်မှောက်ရေးအတွက် အမိန့်ထုတ်ပြန်ရန် တောင်းဆိုထားသော အဆိုတရပ်ကို ကုလသမဂ္ဂ အထွေထွေ ညီလာခံ နိုင်ငံရေး ကော်မရှင်က အတည်ပြုလိုက်သည်။

၂၈ မော်ရီတေးနီးယား အစွလမ် သမ္မတ နိုင်ငံ၏ နှစ်ပတ်လည် လွှတ်လပ်ရေးနေ့ ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာမည့် မစ္စတာ အိုဟီရာက အမေရိကန်ပြည်ထောင်စုနှင့် ချစ်ကြည်ရေးသည် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေး ပေါ် လစီတွင် အဓိကအရေးပါသည့် အချက်ဖြစ်သည်ဟု အာဏာရ လစ်ဗရယ်ဒီမိုကရက်တစ် ပါတီ ဝင်များသို့ ထုတ်ပြန်သည့် ပေါ် လစီ ကြေငြာချက်တွင်ဖော်ပြသည်။

အီဂျစ်– အင္ဇရီယယ် ငြိမ်းချမ်းရေး စာချုပ်ချုပ်ပြီးနောက် ကိုးလအတွင်း ဆိုင်းနိုင်းဒေသရှိ အင္ဇရီယယ်တပ်များကို နယ်မြေ ၆၀



မြန်မာ့ဆင်စွယ်များကို ပထမဆုံးအကြိမ် ဆင်စွယ်လေလံပွဲပြုလုပ်၍ နိုင်ငံခြားတိုင်းပြည်များသို့ ရောင်းချခဲ့သည်။

၁၉၇၀ ခုနှစ် ဖြစ်ရပ်များ

၂ နမီးဗီးယား ပြဿနာဆိုင်ရာ တောင်အာဖရိကအစိုးရနှင့် အနောက်နိုင်ငံတို့၏ ညှိနှိုင်းဆွေးနွေးမှုများတွင် အခက်အခဲကြုံနေရပြန်ကြောင်းဖြင့် တောင်အာဖရိကနိုင်ငံခြားရေးဝန်ကြီး ပစ်တိုသာက သတင်းစာဆရာများအား လေဆိပ်တွင် ပြောကြားသည်။

၇ အနာဂတ် ကာလတွင် ရှိဒီးဇီးယား နိုင်ငံ၌ ပဲ့စဉ်းမည့်လူများစု အစိုးရသည် လက်ရှိကြားကာလ အစိုးရနှင့် တပုံစံတည်း ဖြစ်လိမ့်မည်ဟု ဝန်ကြီးချုပ် အီယန် စမစ်က ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်း ပြောကြားသည်။

အန်ဂိုလာ ပြည်သူ သမ္မတ နိုင်ငံသည် နယ်ခြံနှင့် လူမျိုး ခွဲခြားရေး သမားများ၏ ဆန့်ကျင်တိုက်ခိုက်ရာ ပစ်မှတ်အဖြစ် ယခုတိုင် တည်ရှိနေသေးသည်ဟု အန်ဂိုလာ ပြည်သူ လွတ်မြောက်ရေးအဖွဲ့ အလုပ်သမား ပါတီ ဥက္ကဋ္ဌနှင့် အန်ဂိုလာ ပြည်သူ သမ္မတနိုင်ငံ သမ္မတ နက်တိုက ပြောကြားသည်။

၈ အိုက္ခစ်လုံခြုံရေးတပ်ဖွဲ့ဝင်တို့က ကိုင်ရိုမြို့ရှိ ဗူလဂေးရီးယား နိုင်ငံသံရုံးကို သိမ်းခဲ့သဖြင့် ဗူလဂေးရီးယားအစိုးရကအိုက္ခစ် သံအမတ်ကြီးနှင့် သံရုံး အဖွဲ့ဝင်များအား ဗူလဂေးရီးယားနိုင်ငံမှ သုံးရက်အတွင်း ထွက်ခွာသွားရန် အကြောင်းကြားလိုက်ပြီး ကိုင်ရိုမြို့ရှိ ဗူလဂေးရီးယား သံအဖွဲ့ဝင်များအားလည်း ပြန်လည်ခေါ်ယူ ထားကြောင်း ဗူလဂေးရီးယားသတင်းဌာနက ဖော်ပြသည်။

နှစ်ရက်ကြာမည့် ဥရောပ ဘုံစျေး အဖွဲ့ထိပ်သီးအစည်းအဝေးကို ဗရပ်ဆဲတွင် စတင်ကျင်းပသည်။

၅ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မွေးနေ့အခါသမယဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီးရှိ နိုင်ငံတကာဆိုင်ရာ ဆန်စပါး သုတေသနဌာနတွင် ပြုလုပ်နေသော သုတေသန လုပ်ငန်းများကြောင့် အာရှတိုက်တွင် လောလော ဆယ်၌ စပါးစိုက်ပျိုး၍ မရသော မြေကေသန်းပေါင်း များစွာတွင် စပါး စိုက်ပျိုးနိုင်

ထုခိုင်နှုန်းခန့် ရှပ်သိမ်းမည်ဖြစ်ရာ ယင်းဒေသများကို အုပ်ချုပ်ရန် အီဂျစ် သမ္မတက အုပ်ချုပ်ရေးမှူး နှစ်ဦးခန့်သော အမိန့် ကြေငြာချက်တရပ် ထုတ်ပြန် လိုက်သည်။

လယ်ယာနှင့် သစ်တောဝန်ကြီးဌာန သစ်လုပ်ငန်းကော်ပိုရေးရှင်းပိုင် ဆင်များမှာ ဆင်စွယ်ပေါင်း ၆၇ ချောင်း အလေးချိန်ဂရမ် ၆၀၀ ခန့်ရှိသော အဖိုးတန် မြန်မာဆင်စွယ်ရတနာများကို နိုင်ငံခြားငွေရရှိရန် ပထမဆုံးအကြိမ်အဖြစ် လေလံတင်ရောင်းချခဲ့ရာ နိုင်ငံပေါင်းစုံမှ လာရောက်ကြည့်ရှု ဝယ်ယူခဲ့ကြသည်။

၂၆ ယူဂိုစလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတ နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ဖြစ်သည်။

အယ်လဗေးနီးယား ပြည်သူ ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ဖြစ်သည်။

မကွာဆီကိုနိုင်ငံတွင် ပြင်းထန်သောငလျင် နှစ်ကြိမ်လှုပ်ရာ လူနှစ်ဦးထက် မနည်းသေဆုံးပြီး ၁၅ ဦးထက် မနည်း ထိခိုက်ဒဏ်ရာရသည်ဟု ယူပီအိုင်သတင်းတရပ်က ဖော်ပြသည်။

အနောက်နှင့်အရှေ့ ဂျာမနီနိုင်ငံ တို့သည် နှစ်နိုင်ငံနယ်စပ် သဘောတူညီချက် တရပ်ကို တရားဝင်လက်မှတ် ရေးထိုးသည်ဟု ရိုက်တာသတင်းက ဖော်ပြသည်။

၂၀ အမေရိကန်ပြည်ထောင်စုသည် တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် သံတမန်ဆက်သွယ်ရန် သန္နိဋ္ဌာန် ချထားမြဲချထားသည်ဟု သတင်းစာရှင်းပွဲတွင် အမေရိကန် သမ္မတ ကာတာက ပြောသည်။

ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ် ဖြစ်လာတော့မည့် မာဆာယိုရှိအိုဟိရာသည် အာကာရလစ်ဗရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ဥက္ကဋ္ဌအဖြစ် တရားဝင် တင်မြှောက်ခြင်းခံရသည်။

မကွာဆီကို နိုင်ငံတွင် လူကိုးဦး သေဆုံးခဲ့သော ငလျင်လှုပ်ပြီး၍ ၂၄ နာရီ မကြာမီမှာပင် နောက်ထပ် ငလျင်တခု ထပ်မံ လှုပ်ပြန်ရာ လူရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရကြပြီး အဆောက်အအုံများစွာတို့ ကွဲအက်ကုန်သည်ဟု ယူပီအိုင် သတင်းတရပ်က ဖော်ပြသည်။

ဒီဇင်ဘာလ

၁ အိန္ဒိယနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် အနုမြူစွမ်းအင် လုပ်ငန်း အပါအဝင် လုပ်ငန်း နယ်ပယ်အများ အပြားတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ရှည် စာချုပ်တရပ်ကို လက်မှတ် ရေးထိုးလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ အလုပ် လက်မဲ့များ တိုးတက် များပြား လာနေသည့် ပြဿနာလျော့နည်း သက်သာစေရန် အင်ဒိုနီးရှားနိုင်ငံသားများကို တိုင်းတပါးသို့ သွားရောက် အလုပ်လုပ်ကိုင်ဖို့ အားပေးမည်ဟု လူအင်အားဝန်ကြီးဌာန ဝန်ကြီး ဟာရွန်ဇိန်းက ပြောကြောင်း အင်တာရာ သတင်းဌာနက ဖော်ပြသည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

ဖွယ် ရှိသည်ဟု အဆိုပါ သုတေသနဌာနမှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

ပယ်လက်စတိုင် ပြဿနာနှင့် ပတ်သက်သောကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးကို စတင်ကျင်းပသည်။

၆ ဖင်လန်နိုင်ငံ၏ လွတ် လပ်ရေးနေ့ဖြစ်သည်။

ဝန်ကြီးချုပ် တာကေအိုဟူကူဒါ ခေါင်းဆောင်သော ဂျပန် အစိုးရအဖွဲ့တဖွဲ့လုံးသည် ရာထူးမှ နုတ်ထွက်သည်။

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဓီအား ကွန်ဂရက်ပါတီဝင်အမတ်အုပ်စု၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်သည်။

၇ အစိုးရ အရာရှိကြီး လောကမှ နိုင်ငံရေးနယ်သို့ ဝင်လာခဲ့သော မစ္စတာ မာဆာယိုရှိအိုဟီရာ (၆၈ နှစ်) အား ဂျပန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် လွှတ်တော် နှစ်ရပ်စလုံးက ရွေးချယ်တင်မြှောက်လိုက်ကြသည်။

ဝါဆောအဖွဲ့ဝင် နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးကို အရှေ့ဘာလင်တွင်သုံးရက်ကြာ ကျင်းပခဲ့ရာ ယနေ့ပြီးဆုံးသွားပြီ ဖြစ်သည်။

၈ အင်ဒိယယ် ဝန်ကြီးချုပ် ဟောင်း မစ္စက်ဂိုလဒါမေယာ (၈၀ နှစ်) သည် လွန်ခဲ့သော ၁၂ နှစ်ကြာ ကာလက စွဲကပ်ခဲ့သော သွေးကင်ဆာ ရောဂါကြောင့် ညနေပိုင်းတွင် ဂျွန်းဆလမ်းမြို့ ဟက်ဒက်ဆာဆေးရုံ၌ ကွယ်လွန်သွားသည်။

တရုတ်ပြည်သည် အကျုပ္ပြုလက်နက်များထုတ်လုပ်ရာတွင် အောင်မြင် နေသော်လည်း စစ်နှင့်မဆိုင်သောကိစ္စများ၌ အကျုပ္ပြုစွမ်းအင်ကို အသုံးပြုရာတွင်မူ အမေရိကန်ပြည်ထောင်စုထက် အနှစ် ၂၀ ကျော် ခေတ်နောက်ကျနေသေးကြောင်းဖြင့် တရုတ်ပြည် သိပ္ပံ သုခမိန်အဖွဲ့ ခေါင်းဆောင် ဖန်ယီက ပြောသည်ဟု ယူပီအိုင်သတင်းက ဖော်ပြထားသည်။

၉ အန်ဂိုလာနိုင်ငံ အာကာရအမ်ပီအယ် အေပါတီ ဗဟိုကော်မတီက အန်ဂိုလာဝန်ကြီးချုပ် လိုပိုဒိုနက်စီမင်အား ရာထူးမှ ဖြုတ်ချလိုက်သည်။

ဘိန်းဖြူ ဂရမ် ၁၀၀ ထက် ပို၍ လက်ဝယ်ထားသူများအား သေဒဏ် သို့မဟုတ် ထောင်ဒဏ်တသက် ပေးနိုင်သည့် ဥပဒေမူကြမ်းကို ထိုင်းဥပဒေပြုလွှတ်တော်သို့ သောကြာနေ့က ပထမအကြိမ် တင်သွင်းရာ ကန့်ကွက်မှု မရှိပဲ အတည်ပြုလိုက်သည်။

၁၀ အိုဂျစ်နှင့် အင်ဒိယယ်တို့ ရေးဆွဲချမှတ်ခဲ့သော ငြိမ်းချမ်းရေး မူကြမ်းသည် အရှေ့အလယ်ပိုင်း ဒေသတခုလုံး ငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်း ဖြစ်သည်ဟု ၁၉၇၈ ခု ငြိမ်းချမ်းရေး နိုဗဲဆုရှင် အင်ဒိယယ် ဝန်ကြီးချုပ် မီနာချင်ဗယ်ဂင်က ငြိမ်းချမ်းရေး နိုဗဲဆုယူပွဲ၌ ပြောကြားသည်။

ဗင်္ဂလားဒေ့ရှနှင့် အိန္ဒိယ နိုင်ငံ တို့သည် ဗင်္ဂလားဒေ့ရှမြောက်ပိုင်းရှိ တီစတာ မြစ်ရေကို ခွဲဝေသုံးစွဲကြရန် သဘောတူညီချက် ရရှိကြသည်။

စာပေ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ဆေးနှင့်စီးပွားရေး ဘာသာရပ်များတွင် ၁၉၇၈ ခုနှစ်အတွက် နိုဗဲဆုများ ဆွတ်ခူး ရရှိသူတို့သည် စတော့ဟုမ်းတွင် ဆွီဒင်ဘုရင်ဂါလစတက်ထံမှ ဆုများကို လက်ခံယူသည်။

၁၁ မိုဇမ်ဗစ်နိုင်ငံ ပိုင်နက် အတွင်း၌ တည်ဆောက်ထားသော လူမည်းအမျိုးသားရေး ဝါဒီ ပြောက် ကျား များ၏ ရိက္ခာ သိုလှောင်ရုံများကို ရိုဒီးဇီးယား စစ်လေယာဉ်များက ဖျက်ဆီး ချေမှုန်းလိုက်သည်ဟု ရိုဒီးဇီးယား တပ်မတော်က ကြေငြာသည်။

အိန္ဒိယအစိုးရပြန်ကြားရေးနှင့် အသံလွှင့်ဌာနဝန်ကြီး အယ်ကေအာ်ဝန်နီသည် ဘက်မလိုက် နိုင်ငံများအတွက် သတင်းဖြန့်ချိရေး ဆိုင်ရာ စာနယ်ဇင်း အတတ်ပညာသင်တန်း



ဂျပန်နိုင်ငံလစ်ဗရယ်ဒီမိုကရက်တစ်ပါတီရွေးကောက်ပွဲကြီးတွင် အနိုင်ရကာ ဝန်ကြီးချုပ်ဖြစ်လာသူ မစ္စတာ မာဆာရှိရှိအိုဟီရာ(အလယ်ပုံ)နှင့် ရှုံးနိမ့်ခဲ့သူ ဝန်ကြီးချုပ်ဟောင်း တာကီအိုဖူကူတာ(ယာပုံ)တို့ကို မဲစာရင်းကြေငြာအပြီး ဤသို့ တွေ့မြင်ရသည်။

၁၉၇၈ ခုနှစ် ပြစ်ရပ်များ

၁၈ ထိုင်းနိုင်ငံ၏ ပဲ့စည်းပုံအခြေခံ ဥပဒေ သစ်ကို ထိုင်းအမျိုးသား ဥပဒေပြု လွှတ်တော်က ၃၀၀ မဲ ၉ မဲဖြင့် အတည်ပြုလိုက်သည်။

အိန္ဒိယ ဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဒီ အား အခွင့်အရေး အလဲသုံးစားပြုမှု၊ မထိမဲ့ မြင်ပြုမှုဖြင့် လွှတ်တော်မှ ထုတ်ပယ်ရန် ဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းက တိုက်တွန်းထား သည့် ကိစ္စကို အိန္ဒိယလွှတ်တော်၌ စတင်ဆွေး နွေးသည်။

၁၉ ၁၉၇၅ ခုနှစ်က အင်ဒီရာဂန္ဒီ၏ သား ဆန်ဂျေ၏ မော်တော်ကားထုတ်လုပ် ရေးလုပ်ငန်းကို စုံစမ်းစစ်ဆေးစဉ် ဝန်ကြီး ချုပ်ဟောင်း အင်ဒီရာဂန္ဒီက မိမိ၏အရှိန်အဝါ ကိုသုံးကာ စုံစမ်းစစ်ဆေးမှုများကို ဟန့်တား ပိတ်ဆို့ခဲ့မှုဖြင့် အင်ဒီရာဂန္ဒီအား အိန္ဒိယလွှတ် တော်မှ ထုတ်ပယ်ကာ လက်ရှိ လွှတ်တော် အစည်းအဝေးမပြီးမချင်း အချုပ်ချထားရန် လွှတ်တော်က အမိန့်ထုတ်ပြန်သည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးသဘော တူညီချက်ရရှိရေးအတွက် အာရပ်တို့ အနေ ဖြင့် ကုလသမဂ္ဂ၏ ၁၉၆၇ ခု ဆုံးဖြတ်ချက် အမှတ် (၂၄၂) ထပ်မံအတည်ပြုခြင်း၊ ထပ်မံ အဓိပ္ပာယ်ဖွင့်ခြင်းတို့ကို ထပ်မံ လုပ်ဆောင် နိုင်သည်ဟု ဂျော်ဒန်ဘုရင် ဟူစိန်က လန်ဒန် မြို့တွင် ဗြိတိန်သတင်းထောက်များအား ပြော ပြသည်။

စိုက်ပျိုးရေးကဏ္ဍတွင် တရုတ်နှင့် ယူကို စလားဗီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက် ရေးအတွက် ကျယ်ပြန့်သော အလားအလာ များရှိနေခြင်းအပေါ် မိမိကျေနပ် နှစ်သိမ့်မိ သည်ဟု တရုတ်ပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဟွာကိုဖုန်းက ထုတ်ဖော်ပြောဆိုသည်ဟု တ ရုတ်ပြည်သစ်သတင်းဌာနမှ ဖော်ပြသည်။

၂၀ အင်ဒိရယ် စစ်လေယာဉ်များသည် လက်ဗန္ဓနာ တောင်ပိုင်းရှိ ပြောက် ကျားစခန်းဟု ယူဆရသည့် နေရာများကို လေကြောင်းမှ တိုက်ခိုက်ကြသည်။

ကမ္ဘာ့ကလေးငယ်များ တထောင်အနက် ထက်ဝက်ခန့်မှာ ရိက္ခာပြုစု စောင့်ရှောက်မှု၊ ပညာရေးနှင့် ဘဝအာမခံချက်များ ကင်းမဲ့

သစ်ကို ဖွင့်လှစ်ပေးလိုက်သည်။ အဆိုပါသင် တန်းတွင် ပြဿိုးဆဲ ၁၄ နိုင်ငံမှသတင်းစာဆရာ များ တက်ရောက်လေ့လာကြသည်။

၁၂ အင်ဒရိယယ်ဝန်ကြီးချုပ်ဟောင်း ဂိုလ ဒါမေယာ၏ နိုင်ငံတော်စျာပန အ ခမ်းအနားကို လွှတ်တော်၌ ကျင်းပပြီးနောက် ရုပ်ကလာပ်ကို မောင့်ဟာဇယ် တောင်ကုန်း တွင် မြေမြှုပ်သင်းဂြိုဟ်သည်။

အင်ဒရိယယ် အနေဖြင့် ဂျော်ဒန်မြစ် အ နောက်ဖက် ကမ်းတွင် လူနေဒေသသစ်များ တည်ဆောက်ခြင်းကို မရပ်စဲလျှင် အင်ဒရိယယ် သို့ အကူအညီများတိုးပေးရေးကို အမေရိကန် လွှတ်တော်က ထောက်ခံရန် ဝန်လေးလိမ့်မည် ဟု အင်ဒရိယယ် ခေါင်းဆောင်များအား မိမိ သတိပေးပြောကြားခဲ့ကြောင်း အထက်လွှတ် တော်အမတ် ရောဘတ်ကဝါရှင်တန်မြို့သတင်း စာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

၁၃ နျူးထရွန် ဓာတ်ရောင်ခြည်ပုံးကို တီ ထွင် ထုတ်လုပ်နိုင်သည့်တိုင် စမတ်ပုံး ဟု အမည်တွင်နေသော လက်နက်များကို တီ ထွင် ထုတ်လုပ်ရန်အတွက် ဒေါ်လာသန်းနှင့် ချီ၍ အသုံးပြုရန် အမေရိကန်ပြည်ထောင်စုက အသင့်ပြင် ထားသည်ဟု အမေရိကန် ကာ ကွယ်ရေး ဝန်ကြီးဘာရောင်းက နယူးမက္ကဆီကို ဝိုက်ဆင်း ဒုံးပစ်စခန်းတွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ အလုပ်လက်မဲ့ အရည် အချင်းပြည့် အင်ဂျင်နီယာစုစုပေါင်းတသိန်း ခန့်ရှိသည်ဟု ပါလီမန်တွင် မေးကြားသော မေးခွန်းကို ဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းက ဖြေကြားသည်။

၁၄ ယဉ်ကျေးမှုပစ္စည်းများ လက်ဝယ်ရှိ နေခြင်းကိုသတင်းပို့ရန် ပျက်ကွက်သူ များအား ယဉ်ကျေးမှုပစ္စည်း ထိန်းသိမ်း စောင့်ရှောက်ရေး ဥပဒေတွင်ပါရှိသည့် သုံး နှစ်ကန့်သတ် သက်တမ်း လွန်သွားသည့်တိုင် တရားစွဲဆိုခြင်း ခံရမည်ဟု တောင်ကိုရီးယား တရားရုံးချုပ်က စီရင်ချက်ချရာတွင် ဖော်ပြ ထားသည်။

အင်ဒရိယယ်နိုင်ငံသို့ လက်နက်တင်ပို့မှုကို ပိတ်ပင်ရေးအတွက် အမိန့်တရပ် ချမှတ်ပေး ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား ကုလ သမဂ္ဂအထွေထွေညီလာခံက တိုက်တွန်းလိုက် သည်။ ယင်းအဆိုကို ထောက်ခံမဲ ၇၂ မဲ၊ ကန့်ကွက်မဲ ၃၀ မဲဖြင့် အတည်ပြုလိုက်သည်။ မဲမပေးသူ ၃၇ ဦးရှိသည်။

၁၅ အမေရိကန်ပြည်ထောင်စုနှင့် ပြည်သူ့ တရုတ်ပြည် တို့သည် ၁၉၇၉ ခု ဇန္နဝါရီလ ၁ ရက်မှစ၍ တရားဝင် သံတမန် အဆက်အသွယ်များ ပြုလုပ်ကြရန် သဘော တူညီမှု ရရှိကြပြီဟု အမေရိကန်သမ္မတကာ တာက ဝါရှင်တန်မြို့ ရုပ်မြင်သံကြားမှ မိန့် ခွန်းပြောရာတွင် ကြေငြာသည်။ထို့ပြင် မတ် လ ၁ ရက်နေ့မှစ၍ သံအမတ်ကြီးများဖလှယ် မည်ဟုလည်း မစ္စတာကာတာက ဆက်လက် ပြောကြားသည်။

၁၆ ပြည်သူ့ တရုတ်ပြည်နှင့် အမေရိကန် ပြည်ထောင်စုတို့ ဆက်ဆံရေးပုံမှန်ပြု လုပ်ပြီးသည့် နောက်ပိုင်း၌ အမေရိကန်က ထိုင်ဝမ်သို့လက်နက်များ ဆက်လက်ရောင်းချ နေမည်ဆိုသောကိစ္စကို ပြည်သူ့တရုတ်ပြည်က သဘောမတူကြောင်း တရုတ်ပြည် ကွန်မြူနစ် ပါတီဥက္ကဋ္ဌကြီး ဟွာကိုဖုန်းက ပီကင်းမြို့ရှိ ပြည်သူ့ခန်းမကြီး၌ ကျင်းပသော သတင်းစာ ရှင်းပွဲ၌ ပြောကြားသည်။

အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ (အေ စီယင်) ၏စက်မှုဖြည့်စွက်ရေး အစီအစဉ်အရ မလေးရှားနိုင်ငံနှင့် အင် ဒို နီး ရှား နိုင်ငံတွင် ယူရီးယားဓာတ်မြေဩဇာ စိမ်ကိန်းများ အ ကောင်အထည်ဖော်ရန် သဘော တူညီချက် များကို အေစီယင်စီးပွားရေး ဝန်ကြီးဌာနဝန် ကြီးများက ပဏာမ လက်မှတ်ရေးထိုး ကြသည်။

၁၇ ရေနံစိမ်း အခြေခံစျေးနှုန်းကိုအဆင့် ဆင့် တိုးမြှင့်သွားမည်ဖြစ်ရာ ဒွေနှစ် အကုန်တွင် ယခုလက်ရှိ စျေးနှုန်းထက် ၁၄ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် ရေနံတင်ပို့ ရောင်းချသော နိုင်ငံများ အဖွဲ့ (အိုပက်)က ဆုံးဖြတ်လိုက်သည်ဟု အဘူဒါ ဘီမှ ယူပီအိုင်သတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့်တရုတ်တို့ သံတမန် ဆက် သွယ်ရေးပြုလုပ်မှုသည် ဆိုဗီယက်နှင့် အမေ ရိကန်တို့၏ မဟာဗျူဟာ လက်နက်ဖျက် သိမ်းရေးဆွေးနွေးပဲ့ကိုထိခိုက်လိမ့်မည်မဟုတ် ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်စက အင်ဘီစီ ရုပ်မြင်သံကြား၏ မေးမြန်းမှုကို ဖြေကြားရာတွင် ထည့်သွင်း ပြောကြားသည်။

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ

စဲ့တပ်ထားသည့် ရွေးကောက်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း ပါရှင်းစာပေပါမောက္ခ အိန်ဂျယ်လိုပီမွန်တစ်ဆိတ်သူက ဤတလိအမျိုးသား စာကြည့်တိုက်တွင် တွေ့ခဲ့သည်ဟု ကြေငြာသည်။

၂၈ နီပေါနိုင်ငံ ဘုရင်မင်းမြတ်၏ မွေးနေ့ဖြစ်သည်။

ဤတလိနိုင်ငံ အနောက်ပက်ကမ်းခြေ မိုင် ၂၀၀ ခန့်ကိုဗဟိုပြု၍ပြင်းထန်သောမြေငလျင် တခု တုန်လှုပ်သွားသည်။ မြေငလျင်အင်အားသည် မာကယ်လီစကေးရှစ်ခန့်ရှိပြီး လူဦးရေထူထပ်သော ဒေသများရှိ အဆောက်အအုံများ ပျက်စီးဘွယ်ရှိသည်ဟု ထိုမဖွိုမှ ကြေငြာသည်။

၂၉ အိန္ဒိယ နိုင်ငံသည် ဗီယက်နမ် နိုင်ငံပြန်လည်ထူထောင်ရေးအတွက်စက်မှုနည်းပညာနှင့်စီးပွားရေးအကူအညီများ ပေးအပ်ရန် အသင့်ရှိသည်ဟု အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး ဗီဟာရီဗက်ပရေးက ဗီယက်နမ် နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒုယင်ဒွေထရင့်နှင့် တွေ့ဆုံခဲ့ရာတွင် ပြောကြားသည်။

လာမည့်နှစ်တွင်ရရှိနိုင်ငံ၏ဆန်စပါးထွက်ရှိမှုသည် လူ ၁၀,၀၀၀ လျှင် ၁၃၇ ယောက်နှုန်းဖြင့် ကမ္ဘာတွင် ဆက်လက်ဦးဆောင်နေမည် ဖြစ်ကြောင်း မေလကို နယူးစ်အင်ဖော်မေးရှင်းသတင်းစာက ဖော်ပြသည်ကို တပ်စသတင်းဌာနက ကြေငြာသည်။

၃၀ ဥရောပ မြောက်ပိုင်းတွင် နှင်းများထူထပ်စွာ ကျဆင်း ခဲ့ခြင်းကြောင့် အနောက် ဘာလင်မှာ အခြား နိုင်ငံများနှင့် အဆက်အသွယ် ပြတ်သွားသည်။

အာဟရိကတိုက်တွင် ကိုလိုနီအားလုံးဖျက်သိမ်းရေးအတွက် အာဟရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ)က နောက်ဆုံး အောင်ပွဲခံသည့် အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု အိုအေယူ အတွင်းရေးမှူးချုပ် အီဒမ်ကိုလိုက အာဟရိကနိုင်ငံများသို့ နှစ်သစ်ကူးသတင်းစကား ပါးရာတွင် ဖော်ပြသည်။

၃၁ အီရန်နိုင်ငံ ရှားဘုရင်သည် အတိုက်အခံခေါင်းဆောင် ရှပူဘတ်ဇာ ကတင်ပြသော အစိုးရသစ်ဖွဲ့စည်းရေး အဆိုကို လက်ခံလိုက်ပြီဖြစ်ရာ မိမိအနေဖြင့် ဆက်လက်ကြိုးပမ်း လုပ်ဆောင် သွားမည် ဖြစ်ကြောင်း ပြောကြားသည်ဟု တီဟီရန် အသံလွှင့်ဌာနက ကြေငြာသည်။

နှင့် ကျမ်းကျင်မှုနယ်ပယ်၌ နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လုပ်ကိုင်သွားရန် သဘော တူညီချက်တရပ် လက်မှတ်ရေးထိုးသည်။

၂၄ အမေရိကန်နှင့် အခြား အနောက်အုပ်စုဝင် နိုင်ငံများ အနေဖြင့် ရေနံအသုံး မလျှော့ကြလျှင် ၂၀၀၀ ခု ဝန်းကျင် လောက်တွင် ရေနံစိမ်းစျေးမှာ တစည်လျှင် ဒေါ်လာ ၂၀ ပင် ကျော်သွားနိုင်သည်ဟု ဆအူးဒီအာရေဗျ ရေနံဝန်ကြီးဌာန ဝန်ကြီးရှိတ် အာမက်ဇာ ကီယာမာနီက ဝါရှင်တန်စတားသတင်းစာမှဟုဂိုလ်များကို ပြောကြားသည်။

၂၅ ဒီဇင်ဘာလ ၂၁ ရက်နေ့က သောကြာဂြိုဟ်ပေါ်သို့ ဆိုဗီယက်တို့လွှတ်တင်သည့် သိပ္ပံစူးစမ်းရေး ကရိယာများ၏ ကမ္ဘာသို့ပြန်ပို့သော အချက် အလက်များအရ ဤကမ္ဘာကြီးနှင့် သောကြာဂြိုဟ်တို့သည် ဓာတုဗေဒ သဘာဝပွဲစည်းဖြစ်ပေါ်မှု မတူပဲ များစွာ ကွဲပြားနေသည်ကို တွေ့ရကြောင်း တပ်စသတင်းဌာနက ကြေငြာသည်။

ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအပွဲ (အေစီယင်)အပွဲဝင် နိုင်ငံများတွင် အမျိုးသားယဉ်ကျေးမှု ပွဲပြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရန် ဒေါ်လာ ၂၆ သန်းထောက်ပံ့မည်ဟု သဘော တူညီထားကြောင်း ကြေငြာသည်။

၂၆ အိန္ဒိယဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဓီသည် ပါလီမန်၏ ဆုံးဖြတ်ချက်အပိုနှစ်အရထောင်ထဲတွင် ခုနစ်ရက်မျှ အချုပ်ခံရပြီးနောက် ပီမိုနေအိမ်သို့ ပြန်လည်ထောက်ရှိလာသည်။

ဗီယက်နမ်နိုင်ငံနှင့် အာဟာနိစတန်နိုင်ငံတို့သည် ယဉ်ကျေးမှု၊ ပြန်ကြားရေးနှင့် ပညာရေးဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးသဘော တူညီချက်ကို လက်မှတ်ရေးထိုးကြောင်း ကဗူးရေဒီယိုမှ အသံလွှင့် ကြေငြာသည်။

၂၇ အယ်လဂျီးရီးယားနိုင်ငံသမ္မတ ဗူမီဒီယင်သည် ထောဂါစေဒနာ တာရှည်ခံစားနေရာမှ အသက် ၅၁ နှစ်အရွယ်တွင်ကွယ်လွန်သွားသည်။

ပါရှန်းကဈာဆရာ ဟာနူဆီက ရေးသားခဲ့သည့် ၁၂၁၇ ခုနှစ် ပြေလ ၁၂ ရက်နေ့ဟုနေ့

လျက်ရှိနေကြောင်း ကမ္ဘာ့ခရစ်ယန် ဘုရားကျောင်းများကောင်စီ အထွေထွေ အတွင်းရေးမှူးချုပ်က ခရစ်စမတ်ပွဲတော် အထိမ်းအမှတ်အဖြစ် သဝဏ်လွှာပေးပို့ထုတ်ဝေခဲ့ပြထားသည်။

၂၃ ဆိုဗီယက် ပြည်ထောင်စုက စက်တင်ဘာလ ၁၂ ရက်နေ့က ပစ်လွှတ်ခဲ့သည့် ဗီနေရာ ၁၂ အာကာသယာဉ်ဖြင့် ပါသွားသော လေ့လာရေး ယာဉ်တစင်းသည် သောကြာဂြိုဟ်ပေါ်သို့ဆင်းသက်ဆင်းကာ လီနင်၏ပုံနှင့် ဆိုဗီယက်ပြည်ထောင်စု၏ နိုင်ငံတော် တံဆိပ်တုံးတခုကို ဂြိုဟ်မျက်နှာပြင်ပေါ်၌ ချထားပေးသည်။

အမေရိကန် ပြည်ထောင်စုနှင့် ပြည်သူတရုတ်ပြည်တို့ သံတမန်အဆက်အသွယ်များ ပုံမှန်ပြုလုပ်တော့မည့် ကိစ္စ နှင့် ပတ်သက်၍ အမေရိကန်သမ္မတ ကာတာက ဆိုဗီယက်ဦးစီးလွှတ်တော်ချုပ် သဘာပတိအပွဲဥက္ကဋ္ဌ လီယိုနစ်ဗရက်ဇေဂျက်နှင့် သဝဏ်လွှာများ ဖလှယ်ခဲ့သည်ဟု တပ်စသတင်းဌာနက ကြေငြာသည်။

၂၂ နမီးဗီးယားတွင် ကုလသမဂ္ဂကြီးကြီးမှူးကျင်းပမည့် ရွေးကောက်ပွဲကို ၁၉၇၉ ခု စက်တင်ဘာလထက် နောက်မကျပဲ ကျင်းပမည်ဆိုလျှင် ယင်းအစီအစဉ်ကို လက်ခံရန် နမီးဗီးယား တိုင်းပြူပြည်ပြူ လွှတ်တော်က တရားဥပဒေနှင့် အတည်ပြုလိုက်သည်။

အန်ဂိုလာသမ္မတ နက်တိုက ရုပ်သိမ်းပေးရန် ဆန္ဒရှိသောအချိန်တွင် ကျူးဘားတပ်များသည် အန်ဂိုလာနိုင်ငံမှ ရုပ်သိမ်းသွားမည်ဟု ကျူးဘားဒုသမ္မတ ရိုးဒရစ်က လွှတ်တော်အမတ်များအား ပြောကြားသည်။

၂၃ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ သုံးကြိမ်မြောက်စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ကြောင်း တရုတ်ပြည်သစ် သတင်းဌာနက ကြေငြာသည်။

အိန္ဒိယနှင့် ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာ)တို့သည် သိပ္ပံ၊ စီးပွားရေး


ဗိုလ်ချုပ်အောင်ဆန်းမြင်းစီး
ကျောက်ရုပ်



မြန်မာ့မြေဆီလွှာတွင် အဆိပ်ပန်းများ ဆက်လက်ဖူးပွင့်မလာနိုင်ရန် ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ်

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများကို အမျိုးသားရေးလှုပ်ရှားမှုအသွင် ဖြင့် စုပေါင်းဆောင်ရွက်ကြရန် ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထအစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်ချခဲ့သည်။ ယင်းဆုံးဖြတ်ချက်နှင့်အညီ မူးယစ်ဆေးဝါးများ၏ အခြေခံသီးနှံပင်များဖြစ်သော ဘိန်းပင်၊ ဆေးခြောက်ပင်များကို မစိုက်ပျိုးကြရန်ပညာပေးခြင်း၊ ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးများကို လက်ဝယ်ထား ရှိသူ၊ ဈောင်းဝယ်သူများကို အရေးယူအပြစ်ပေးခြင်း စသည်တို့ကို အစိုးရနှင့်ပြည်သူလက်တွဲကာ ပူးပေါင်း နှိမ်နင်းလျက် ရှိနေပြီဖြစ်သည်။

မူးယစ်ဆေးဝါး စားသုံးမှု သို့မဟုတ် ဆေးဝါး အလွဲသုံးစားမှုသည် ကမ္ဘာနှင့်အဝန်း ကျဆောက် လျက် ရှိသောကြီးမားသည့် အန္တရာယ်တရပ်ဖြစ်လျက် ရှိသည်။ ထို့ကြောင့်ပင် ကမ္ဘာ့ကုလသမဂ္ဂ အပွဲကကြီးမှူးလျက် အပြည်ပြည်ဆိုင်ရာအစီအစဉ်များဖြင့်၎င်း၊တနိုင်ငံချင်းအစီအစဉ်များဖြင့်၎င်း မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းများကို ဖိဖိစီးစီး ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါး သုံးစွဲမှုသည် ကမ္ဘာပေါ်တွင် ၂၀ ရာစုနှစ်စွန်းစအချိန်ကပင် ပြဿနာ ထွေပြား လာနေခဲ့သောအကြောင်းဖြစ်ခဲ့သည်။ သို့သော် ထိုစဉ်က ဘိန်းစားမှုသည်သာ အဓိကဖြစ်သည်။ ဘိန်းပင်ခေါ် ပေါ်ပီပင်မှ ရရှိသော အစေးများကို အဆိချက်လုပ်၍ ဝါးမျိုခြင်း၊ ရှူရှိုက်ခြင်း ဖြစ်သည်။

အခုအခါတွင်မူ ဘိန်းပင်မှရသော ဘိန်းမခေါ် ဂိုးဂိုးဘိန်းတမျိုးတည်းကိုသာမဟုတ်ပဲ ယင်း ဘိန်းမဲကို အဆင့်ဆင့် သန့်စင်အောင် ချက်လုပ်ပေါင်းခံ၍ထားသော ဟယ်ရိုအင်ခေါ် အာနိသင် ထက်မြက်သည့် ဘိန်းများကို အငွေ့ရှူခြင်း၊ ဆေးလိပ်တွင် ထည့်၍ ဖွာခြင်း၊ အရည် ဖျော်၍ သွေးကြောအတွင်းသို့ ထိုးသွင်းခြင်းနည်းများဖြင့် သုံးစွဲလာကြပြန်သည်။ ထို့ကြောင့် မူးယစ် ဆေးဝါးအန္တရာယ် ကာကွယ်ရေးအတွက် နိုင်ငံတကာပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြသည့် လုပ် ငန်းကို လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ခန့်မှ စတင်ဆောင်ရွက်ခဲ့ကြလေသည်။

မူးယစ်ဆေးဝါး သုံးစွဲမှု ပုံစံနှံလာသည့် ဤခေတ်တွင် ဘိန်းပင်ကို အကြောင်းပြု၍ ရရှိသော ရိုးရိုးဘိန်းကိုသာမက မော်ဖင်း၊ ကိုဒင်းစသည်တို့ကိုပါ အသုံးအစွဲ များလာခဲ့သည်။ မော်ဖင်းသည် အကိုက်အခဲ ပျောက်ဆေးအဖြစ် ဆေးဖက်ဝင်သည်။ ကိုဒင်းသည် ချောင်းဆိုးပျောက်ဆေး အဖြစ် အသုံးဝင်သည်။ ကျမ်းကျင် လိမ္မာသူတို့သာလျှင် အတိုင်း အဆဖြင့် ချင့်ချိန် သုံးစွဲရသော ဆေးမယ်များ ဖြစ်သည်။

ထိုဆေးဖက်ဝင်ပစ္စည်းများကို ဆေးဝါး ကိစ္စအတွက် မဟုတ်ပဲ ယင်းတို့၏ မူးယစ်မှု၊ ထုံထိုင်းမှု၊ အိပ်ပျော်မှု၊ ခေတ္တ ခဏ စိတ်ပြေလက်ပျောက်မှုတို့ကို အကြောင်းပြု၍လွန်လွန် ကဲကဲ သုံးစွဲလာသောအခါ ဆေးဝါးအလွဲသုံးစားမှု ဖြစ်လာသည်။ အဆင်အခြင်မရှိ သုံးစွဲကြသဖြင့် ဆေးမဖြစ်ပဲ ဘေး ဖြစ်လာခဲ့ပေသည်။ အထူးသဖြင့် ကိုယ်စိတ် နုနယ်သော လူငယ်များ၌ ထိုဆေးဝါးကို သုံးစွဲသောအခါ စွဲလမ်းမှုဖြစ်ခဲ့ ရသည်။ ဆက်တိုက် သုံးစွဲပါ များသောအခါ ကိုယ်စိတ် ကျန်းမာရေးကို ထိပါးပျက်စီးစေပြီး လျှင် လူညွှန့်တုံးသော အဖြစ်သို့ ရောက်ကြရလေသည်။

ဆေးဖက်ဝင် ပစ္စည်းများအနက် ကိုကာရွက်မှရရှိသော ကုတ်ကင်းသည် ထုံဆေးအဖြစ် အသုံးဝင်သည်။ ထိုဆေးကို လည်း ဘိန်းထွက်ပစ္စည်းများနည်းတူ တရားမဝင် သုံးစွဲနေ ကြသည်ကို တွေ့ရပြန်သည်။

ဆေးဖက်မဝင်သော်လည်း ဆေးလိပ်နှင့်အရက်တို့ကဲ့သို့ ထုံထိုင်းဆေး၊ အာရုံဖြေဆေး အဖြစ် သုံးစွဲသော ဆေး ခြောက်ပင်မှရသည့် မာရီယွန်နာခေါ် ဆေးခြောက်ကိုစားမှု၊ ရှူမှုသည်လည်း အခြား မူးယစ်ဆေးဝါးများ စားသုံးမှုနှင့် အတူ ကျယ်ပြန့်လာခဲ့သည်ကို တွေ့ရှိရသည်။

နောက်ပိုင်း၌ အပင်နှင့်အရွက်တို့မှ ရရှိသော ဆေးများ ကိုသာ မကတော့ပဲ ဆေးဝါး အလို့ငှာ ဓာတ်ခဲ့ခန်း၌ ဖန်တီးပြုပြင် ထုတ်လုပ်သော ဓာတုဗေဒ ဆေးများဖြစ်သည့် အကိုက်အခဲအတွက်သုံးသော ပက်သဒင်း၊ အိပ်ပျော်ရန်နှင့် စိတ်ငြိမ်သက်ရန်သုံးသော ဗာဗီကျူရိတ်ခေါ် ဆေးများ၊ စိတ်ကြွရန်အတွက် သုံးသော အမ်ဖီတိုမင်း ဆေးများကို မလိုအပ်ပဲနှင့် သုံးစွဲလာခဲ့ကြသည်။ ယင်းအမျိုးဝင် ဆေး များ၏ အမည်နာမ များများမှာ ထုတ်လုပ်သော ကုမ္ပဏီကို လိုက်၍ အမျိုးမျိုး ကွဲပြားသည်။ ထို ဆေးများကိုပါ စားမျိုခြင်း၊ ရှူရှိုက်ခြင်း၊ ထိုးသွင်းခြင်း နည်းများဖြင့် သုံးစွဲလာခဲ့ကြသည်။ အထူးသဖြင့် ခေတ်မီဆေးဝါး အမျိုး မျိုး ပေါများသောနိုင်ငံများ၌ အိပ်ဆေး၊ မှိန်းဆေး၊ ထိုး ဆေး၊ယစ်ဆေး၊စိတ်ငြိမ်ဆေးအမျိုးမျိုးတို့ကို မလိုအပ်ပဲနှင့် စိတ်အလိုလိုက်ကာ အလျဉ်းသင့်သလို သုံးစွဲကြသည်။



ဘိန်းခင်းများဖျက်ဆီးရခြင်းနှင့် အခြားသီးနှံပင်များ အစားထိုးစိုက်ပျိုးရခြင်းတို့၏
ရည်ရွယ်ချက်များကို ဘိန်းခင်းများမဖျက်ဆီးမီ သက်ဆိုင်ရာမှ
ဤသို့ရှင်းလင်းတင်ပြခဲ့သည်။

မူးယစ်ဆေးဝါး အန္တရာယ်



အမေရိကန် ကွန်ဂရက်လွှတ်တော်မှ မစ္စတာ လက်စတာဝုပ်
ခေါင်းဆောင်သော ကွန်ဂရက်လွှတ်တော်အမတ်များကလည်း
ပြည်သူလူထုနှင့်အတူ ဘိန်းစိုက်ခင်းများကို ပါဝင်ဖျက်ဆီးခဲ့ကြသည်။

အဆိုပါ ဆေးဝါးမှန်သမျှသည် စားသုံးသူ၏ စိတ်ကို ၎င်း၊ ကိုယ်ကိုယ်ကိုယ်

၄၀၀၀ က) အရှေ့အလယ်ပိုင်းမှ ဆူမားရီးယား လူမျိုးတို့က စတင်သုံးစွဲခဲ့ကြသည်ဟု မှတ်တမ်းများဖွဲ့ဆိုသည်။ အီဂျစ် လူမျိုး၊ ဂရိ (ခေါမ) လူမျိုးတို့၏ ယဉ်ကျေးမှု ခေတ်ဦးများက သုံးစွဲဘူးကြသည်ဟုလည်း သိရသည်။ ဥရောပတိုက်တွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ခန့်က စတင်၍သုံးစွဲခဲ့သည်ဟုဆိုသည်။

ဆေးဖက်ဝင်ပစ္စည်းအဖြစ်မှာမူ ခရစ်နှစ် ၉၀၀ ခန့်က အာရပ် ဆေးပညာရှင်များ စတင်သုံးစွဲခဲ့ကြသည်ဟု သိရသည်။ ဥရောပနှင့် အရှေ့ အလယ်ပိုင်းသို့ ဘိန်း ရောက်ရှိလာသည်မှာ အာရပ် ကုန်သည်များက ယူဆောင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထိုအချိန်က ဘိန်းကို ဝမ်းကိုက်ရောဂါကုထုတွင် သုံးစွဲခဲ့သည်။ ထို့နောက် ၁၇ ရာစု အလယ်ခန့်တွင် အာရှတိုက်၌ ဘိန်းရှူခြင်း အလေ့အထ ပြန့်ပွားလာသည်ကို တွေ့ရသည်။

ကမ္ဘာ့ သမိုင်းကိုကြည့်ပါလျှင် မူးယစ် ဆေးဝါး၌ထိပ်ဆုံးက ပါဝင်သော ဘိန်းနှင့်စပ်လျဉ်း၍ စစ်ပွဲများ ဖြစ်ပွားခဲ့သည်ကိုပင် တွေ့ရသည်။ ၁၉ ရာစု အစပိုင်းက ဥရောပကုန်သည်ကြီးများဖြစ်သော ဂျားဒင်း၊မက်သားဆင်နှင့်ဒင်၊ ဂိုးဇက်ဟင်နရီစသူတို့သည် အိန္ဒိယနိုင်ငံ၌စိုက်ပျိုးသည့် ဘိန်းများကို တရုတ်ပြည်သို့ သွင်းယူခဲ့ကြသည်။ ထိုစဉ်က ဘိန်းများ တင်သွင်း၍ ရရှိသောအမြတ်ငွေမှာ တနှစ်လျှင်စတာလင် ပေါင် ခြောက်သန်းမျှ တန်ဖိုးရှိခဲ့သည်။ ဤကဲ့သို့ ဥရောပ ကုန်သည်ကြီးများက တိုင်းသူပြည်သားများကို ဘိန်းဖြင့် ဖျက်ဆီး၍ အကျိုးအမြတ် ရှာသည်ကို တရုတ် အာဏာပိုင်တို့က မကျေမနပ်ဖြစ်ကာ ကန်တုန်မြို့ရှိ ဘိန်းသိုလှောင်ရုံများကို ဝင်ရောက် မီးရှို့ ဖျက်ဆီးခဲ့သည်။ ဤအရေးကို အကြောင်းပြု၍ တရုတ်နှင့် ဗြိတိသျှတို့ မကျေ

နိုင်ငံတော်အတွက် အကျိုးရှိမည့်သီးနှံပင်များကို အစားထိုးစိုက်ပျိုးရန် အသင့်ရှိနေကြပြီဖြစ်သော ပြည်ထောင်စုတိုင်းရင်းသားလုပ်သားပြည်သူများ





ကောက်ရိုး၊ မြက်ခြောက်၊ မိုးဟိန်း စသည်ဖြင့် အမည်အမျိုးမျိုးပေးထားသော စစ်ဆင်ရေးများဖြင့် မူးယစ်ဆေးဝါးပင်များကို ဝိုင်းဝန်းဖျက်ဆီး နှိမ်နင်းခဲ့သည်။

မလည်ဖြစ်ကာ ပထမ ဘိန်းစစ်ပွဲ (၁၈၃၉-၄၀) ဖြစ်ပွားပြီးနှစ်ပေါင်း မကြာမီပင် ဒုတိယဘိန်းစစ်ပွဲ (၁၈၅၆-၁၈၆၀) ဖြစ်ပွားရပြန်သည်။ ဘိန်း စားသုံးခြင်းကြောင့် တရုတ်လူမျိုးတို့သည် ကုန်ထုတ်လုပ်မှု ကျဆင်းခြင်း အတွေးအခေါ် အဆင့်အတန်း နိမ့်ခြင်းနှင့် အချင်းချင်း ညီညွတ်ရေး ပျက်ပြားခြင်း ဖြစ်ခဲ့ရသည့်အပြင် မိမိတို့ နိုင်ငံအား နိုင်ငံခြားသားများက မတရား ဝင်ရောက် ချယ်လှယ်၍ အမြတ်ထုတ်ခြင်းကိုခံခဲ့ရသည်။ ထို့ကြောင့် ဘိန်းအစ နယ်ခဲ့ စနစ်ကဟု ဆိုကြလေသည်။

မြန်မာနိုင်ငံသို့မူ ခရစ် ၁၅၀၀ ပြည့်နှစ်တွင် ဆီဇာဖရက် ဒရစ်အမည်ရှိ ဣတလီအမျိုးသား တဦးက အိန္ဒိယမှ တင်သွင်းခဲ့သည်ဟုဆိုသည်။ ခရစ်နှစ်၁၇၂၄ ခုနှစ်တွင်အင်္ဂလိပ်နှင့် မြန်မာတို့ ရှင်မဖြူကျန်း အရေးနှင့် စပ်လျဉ်း၍ ပထမအကြိမ် စစ်ဖြစ်ပွားခဲ့ရာတွင် အင်္ဂလိပ်တို့က အရေးသာ၍ ရခိုင်ပြည်ကို သိမ်းပိုက်မိသည်။ ထိုအခါ ရခိုင်ပြည်ဒေသတွင် အင်္ဂလိပ်အစိုးရက ဘိန်းကို စတင်ရောင်းချခဲ့သည်။ အင်္ဂလိပ်အစိုးရ၏ ထိုအချိန်က ရသုံးငွေ ဘတ်ဂျက်၏ ခုနစ်ပုံတပုံမှာဘိန်းမှရသော အခွန်ငွေဖြစ်သည်ဟုလည်း ဆိုလေသည်။

သို့သော် မြန်မာနိုင်ငံတွင် ကိုယ့်မင်းကိုယ်ချင်း အုပ်စိုးခဲ့သည့် သမိုင်းစဉ်ဆက်၌ ဘိန်းပြဿနာဟူ၍ မပေါ်ပေါက်ခဲ့ဘူးချေ။ မြန်မာ့ အာယုဗွေဒ ဆေးကျမ်းတွင် ဘိန်းကို ဆေးအတွက် အသုံးဝင်သည့် ပစ္စည်းတရပ်အဖြစ် အသိအမှတ်ပြုထားသည့်အလျောက် ဆေးဝါးဖော်စပ်ရန် နိုင်ငံ



အမေရိကန်နိုင်ငံ ကွန်ဂရက်လွှတ်တော်မှ
အာရှနှင့်ပစိဖိတ်ရေးရာများဆိုင်ရာ
နိုင်ငံခြားဆက်ဆံရေးဆပ်ကော်မတီ ဥက္ကဋ္ဌ
ကွန်ဂရက် လွှတ်တော်အမတ် မစ္စတာ လက်စတာဝုဖ်နှင့်
အဖွဲဝင်များ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး
တားဆီးနှိမ်နင်းရေးပြပွဲကို ကြည့်ရှုခဲ့သည်။



အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန
အပြည်ပြည် ဆိုင်ရာ မူးယစ်ဆေးဝါးဆိုင်ရာ
အထက်တန်းအကြံပေး အရာရှိမစ္စစ်မာသီယာဖာလကို
မူးယစ်ဆေး တားဆီးရေးပြပွဲတွင် တွေ့ရသည်။

ခြားကုန်သည်များထံ ဘိန်းအနည်းအကျဉ်းမျှ ဝယ်ယူခဲ့ခြင်းမျိုးသာ ရှိခဲ့သည်။

ဗြိတိသျှ လက်အောက် မြန်မာနိုင်ငံတွင် နိုင်ငံတွင်းသို့ ဝင်ထွက်ခွင့် ပေးထားသည့် တိုင်း တပါး နိုင်ငံခြားသားများတွင် ဘိန်းစားသူများ ပေါ်ပေါက်ခဲ့သည့်အလျောက် ဘိန်းသုံးစွဲသူများ ရှိလာခဲ့သည်။ အင်္ဂလိပ် အစိုးရသည် ၁၈၇၈ ခုနှစ် ဘိန်းအက်ဥပဒေကို အခြား ကိုလိုနီနိုင်ငံများနည်းတူ ပြဋ္ဌာန်းခဲ့သည်။ ယင်းအက်ဥပဒေအရ ဘိန်းသယ်ယူခြင်းနှင့်ရောင်းချခြင်းကို ဗြိတိသျှ အစိုးရက ပြုလုပ်ခဲ့သည်။ ထို့မှတဆင့် ဗြိတိသျှ အစိုးရကမြန်မာနိုင်ငံယစ်မျိုးဌာနကို ၁၉၀၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး သံလွင်မြစ် အရှေ့ဖက်ဒေသတွင် ဘိန်းစိုက်ပျိုးခွင့်ပေး၍ ယင်းနယ်မြေ ဒေသရှိ တိုင်းရင်းသားများအား လွှတ်လပ်စွာ ဘိန်း သုံးစွဲခွင့် ပြုခဲ့သည်။

ထိုအခါ အစိုးရက တရားဝင် ဘိန်းရောင်းချသည့် နည်းကို ကျင့်သုံးခဲ့သည်နှင့်အမျှ စီးပွားရေး ဝိသမလောဘသား ဘိန်းရောင်းဝယ်ဖောက်ကားသူများသည် ဘိန်းပုန်းခန်းများကို ခိုးဝှက် ဖွင့်လှစ်ခဲ့ပြီး ဘိန်းစားသုံးမှုကို ပြန့်ပွား စေခဲ့သည်။ ယင်းဘိန်းပုန်းခန်းများတွင် ဘိန်းကိုသာမကအခြားမူးယစ်ဆေးဝါးများဖြစ်သော ကုတ်ကင်း၊မော်ဖီယားစသည့် အမျိုးအစားတို့ကိုပါ ခိုးဝှက်တင်သွင်း ရောင်းချခဲ့ကြသည်။

မြန်မာနိုင်ငံ လွှတ်လပ်ရေး ရပြီးသည့်နောက် ၁၉၄၈ ခု၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအတွင်း ဘိန်းစား၊ ဘိန်းရှူခြင်းများကို ငါးနှစ်အတွင်း အပြီးအပိုင် ရှင်းလင်းရေး စီမံချက်ဖြင့်ဆောင်ရွက်ခဲ့သည်။ သို့သော်ထိုရောက်စွာ မဆောင်ရွက်နိုင်ခဲ့ချေ။ တဖန် ၁၉၅၁ ခုနှစ်တွင်နိုင်ငံတော်အစိုးရဘိန်းလေ့လာရေး ကော်မတီတရပ်ကို ခန့်အပ်ဖွဲ့စည်း၍ လေ့လာစုံစမ်းခဲ့သော်လည်း လက်တွေ့တွင်မူ ဘိန်းပယျောက်ရေး လုပ်ငန်းကို အကောင်အထည် မဖော်နိုင်ခဲ့ချေ။

၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ဘိန်းပင်စိုက်ပျိုးခြင်းကို အမြစ်ပါ မကျန်ဖျက်ဆီးရန်၊ မူးယစ်ဆေးဝါး စွဲလမ်းသူများအား ဆေးဝါးကုသရန်နှင့် ခေတ်မမှီတော့သော ဆေးဝါး ဥပဒေများကို ပြင်ဆင် ပြဋ္ဌာန်းရန် ရည်ရွယ်ချက်များဖြင့် ဘိန်းစူးစမ်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ထိုအဖွဲ့သည် ၁၉၆၃ ခုနှစ်၊ဧပြီလ ၂၂ ရက်နေ့တွင် လုပ်ငန်းစတင်သည်။

၁၉၆၄ ခုနှစ်တွင် ကုလသမဂ္ဂမှ ဘိန်း လေ့လာရေးအဖွဲ့တဖွဲ့ကို မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ပြီး ဘိန်း စိုက်ပျိုးမှုကို လေ့လာစေခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဗဟို လှုံ့ဆြော်ရေးနှင့် အုပ်ချုပ်မှု ကော်မတီက ဦးဆောင်၍ ဘိန်း စိုက်ပျိုးမှု ပယျောက်ရေးကို ဌာနပေါင်းစုံ ပါဝင်သော အဖွဲ့တဖွဲ့ ဖွဲ့စည်း

ပြီး လက်တွေ့ ကွင်းဆင်းခဲ့သည်။ အဆိုပါအဖွဲ့၏ တင်ပြချက်များအရ၊ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလမှစ၍ ရှမ်းပြည်တွင် ယခင် လိုင်စင်ရ ဘိန်းဆိုင်များကို ပိတ်ပစ်ခဲ့သည်။ ဘိန်းပင်များအစားအခြားသီးနှံများကို အစားထိုး စိုက်ပျိုးရန် စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့ ဘိန်းပပျောက်ရေး စီမံချက်များကို ချမှတ်လုပ်ဆောင်ခဲ့သော်လည်း မှောင်ခို စျေးကွက်များသို့ ဘိန်းစိမ်းများ ရောက်ရှိသွားခဲ့ရာ မသမာသူတို့၏ ကိုယ်ကျိုးအမြတ်ရှာမှုများကြောင့် ဘိန်းမည်းမှ ဘိန်းဖြူ အဖြစ်သို့ ပြောင်းလဲ၍ နိုင်ငံတကာသို့ ပြန်လည် ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၇၂ ခုနှစ်ခန့်မှစ၍ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများတွင် ဘိန်းဖြူအန္တရာယ်သည် တမုဟုတ်ချင်း ဝင်ရောက်လာသည်။ ယင်းအန္တရာယ်နှင့်အတူ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ၏ အန္တရာယ်နှင့်လည်း ရင်ဆိုင်ကြုံတွေ့လာရသည်။

ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါးများသည် သုံးစွဲသူ၏ အာရုံကြောကို ထိခိုက်စေပြီး အာရုံကြော လုပ်ငန်းကို ပျက်စီးစေသည်။ သတိမေ့ခြင်း၊ ဇွဲမရှိပဲစိတ်ဓာတ်ကျခြင်း၊ ကိုယ်ရည်ကိုယ်သွေး ခံနိုင်ရည်အင်အားကျဆင်းခြင်း၊ စိတ်ငယ်ခြင်း၊ ခွန်အား သွေးသားခန်းခြောက်ဆုတ်ယုတ်ခြင်း၊ စသည်တို့ကို ခံစားရ၍ မခံရပ်နိုင်သော ဝေဒနာများဖြင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ရတတ်သည်။

ယင်းအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန် ၁၉၇၄ ခု၊ ဖေဖွဝါရီလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅ ဖြင့်မြန်မာနိုင်ငံ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးဥပဒေတရပ်ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေ၏ ရည်ရွယ်ချက်မှာ မြန်မာတမျိုးသားလုံး လူညွှန့်မတုံးစေရန် ကာကွယ်ခြင်းဖြစ်သည်။ ယင်းဥပဒေသည် ဘိန်းဥပဒေများကို လွှမ်းခြုံသွားသည့်အပြင် မူးယစ်ဆေးဝါး အန္တရာယ် အသွယ်သွယ်ကိုလည်း ပြတ်ပြတ်သားသား နှိမ်နင်း သွားနိုင်မည့် ဥပဒေတရပ်ဖြစ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ပေါ်ပေါက်ပြီးနောက် ၁၉၇၄ ခု မတ်လ ၂ ရက်နေ့တွင် ပေါ်ထွန်းလာသည့် ပထမအကြိမ် ပြည်သူ လွှတ်တော်ကလည်း ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အစည်းအဝေး၌ တမျိုးသားလုံး လူညွှန့်တုံးစေမည့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ၏ အန္တရာယ်မှ တားဆီးကာကွယ်ခြင်းကို ပိုမို ထိရောက်အောင်မြင်စေရန် အမျိုးသားအမြင်

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသော မြို့နယ်အသီးသီးမှ ကျောင်းသားလူငယ်များ



ယစ်ဆေးထိန်းသိမ်းကွပ်ကဲမှု နိုင်ငံတကာအားထုတ်မှုများ



ဆေးထိုးအပ်ဖြင့် လက်မောင်း
သွေးကြောအတွင်းသို့ မူးယစ်ဆေးဝါး
ထိုးနှံနေသော ဆေးစွဲလူငယ်တဦး

၁၉၀၉ ခုနှစ်။ ။ကမ္ဘာ့အရှေ့ဖျား ဘိန်းစွဲမှုကို ထိန်းသိမ်းကွပ်ကဲရန် ၁၃ နိုင်ငံ ပါဝင်သော ဘိန်းကော်မရှင်ဖွဲ့ပြီး တရုတ်ပြည် ရှန်ဟိုင်း မြို့၌ စည်းဝေးသည်။ ဘိန်းစိုက်ခြင်း၊ ဘိန်းရှူခြင်းနှင့် ဘိန်းကုန်ကူးခြင်းကို တားမြစ်ပို့ဆုံးဖြတ်ချက် ၉ ခု ချမှတ်သည်။

၁၉၂၀ ခုနှစ်။ ။ဒိန်းမတ်နိုင်ငံ ဟိဂ်မြို့၌ ဘိန်းကွပ်ကဲရေးအတွက် ပထမဆုံးအကြိမ် နိုင်ငံတကာအစည်းအဝေးကို ကျင်းပရာ ဘိန်း၊ မော်ဖင်းနှင့် ကုတ်ကင်းအပါအဝင် အခြားသော ယစ်ဆေးမျိုးကို ဥပဒေဖြင့် တားဆီးရန် သဘောတူသည်။

၁၉၂၅ ခုနှစ်။ ။ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကမ္ဘာ့ နိုင်ငံပေါင်းချုပ် အသင်းကြီး၏ စီမံခန့်ခွဲမှုဖြင့် နိုင်ငံအစိုးရတိုင်းက မိမိတို့ နိုင်ငံတွင်း၌ ဘိန်းနှင့်ကုတ်ကင်း စသည်တို့ အသုံးပြုခြင်းကို စာရင်းအင်းတင်ရန် ဇဟို မူးယစ်ဆေးဝါး အဖွဲ့များ ဖွဲ့စေသည်။ မူးယစ်ဆေးဝါးတင်သွင်းခြင်း၊ ပြည်ပတင်ပို့ခြင်းကို ကြပ်မသည်။

၁၉၃၁ ခုနှစ်။ ။ကမ္ဘာပေါ်တွင် ဆေးပညာနှင့် သိပ္ပံပညာ စူးစမ်း လေ့လာမှုအတွက် ယစ်ဆေးများ ထုတ်လုပ်မှုကို ကန့်သတ်ရန် ဂျီနီဗာမြို့၌ပင် သဘောတူစာချုပ်တရပ် ချုပ်ဆိုသည်။

၁၉၃၆ ခုနှစ်။ ။အန္တရာယ် ရှိသော ဆေးဝါးများ တရားမဝင် ပို့ဆောင်မှုကို နှိမ်နင်းရန်သဘောတူစာချုပ်လက်မှတ်ရေးထိုးသည်။ ကျူးလွန်သူများကို နိုင်ငံ ကူး၍ အရေးယူပိုင်ခွင့် အတွက် စီမံသည်။

၁၉၄၆ ခုနှစ်။ ။ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ ပေါ်လာ၍ နိုင်ငံပေါင်းချုပ် အသင်းကြီး၏ ယခင်လုပ်ငန်းအားလုံးကို ဆက်ခံလျက် မူးယစ်ဆေးအန္တရာယ် ကာကွယ်မှု ကော်မရှင် ဖွဲ့စည်းသည်။

၁၉၄၈ ခုနှစ်။ ။မူးယစ်ဆေးဝါး စာရင်းတွင် ခေတ်ပေါ် ယစ်ဆေးများကို အကျုံးဝင်အောင် ထည့်သွင်းကာ ပြင်ဆင်နိုင်ငံ ပဲရစ်မြို့၌သဘောတူ အတည်ပြုသည်။

၁၉၅၃ ခုနှစ်။ ။ဘိန်းစိုက်ပျိုး ထုတ်လုပ်သော နိုင်ငံများမှ တွင် စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုကို ကန့်သတ်ရန် ကုလသမဂ္ဂ၏ စီမံအုပ်ချုပ်မှုအောက်၌ အမြဲတမ်း ဇဟိုအဖွဲ့ ထား၌ရန် သဘောတူသည်။

၁၉၆၁ ခုနှစ်။ ။ယခင် ရှိပြီး မူးယစ် ဆေးဝါး ထိန်းသိမ်းကွပ်ကဲမှုစာချုပ်များကို စုပေါင်း၍ တခုတည်း ဖြစ်အောင် ကုလသမဂ္ဂ အဖွဲ့က အားထုတ် ဆောင်ရွက်သည်။ နိုင်ငံ ၁၀၈ နိုင်ငံ ပါဝင်သည်။

၁၉၇၁ ခုနှစ်။ ။လွန်ခဲ့သော ၁၅ နှစ် အတွင်း အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ စိတ်ကြွဆေးများကို အသုံးများလာသော ကြောင့် ဘေးဖြစ် နိုင်ကြောင်းကိုကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က ပေါ်ထုတ်သည်။ အန္တရာယ်ရှိသော ဆေးဝါးများ စာရင်းကိုနိုင်ငံအလိုက်ဥပဒေဖြင့် ကန့်သတ်ပေးရန် သဘောတူညီချက် ပြုလုပ်သည်။ နိုင်ငံပေါင်း ၅၀ က ပါဝင် ဆောင်ရွက်သည်။

၁၉၇၂ ခုနှစ်။ ။ကမ္ဘာပေါ်တွင် ဆေးဝါး အလွဲသုံးမှုနှင့် ယစ်ဆေးသုံးစွဲမှု တိုးတက် ပွားများလာသောကြောင့် အခြေအနေနှင့်အညီဖြစ်စေရန် သဘောတူချက်များကို ကုလသမဂ္ဂက ပြုပြင်ကြပ်မသည်။ ဆေးစွဲသူ လူနာများကို ပြန်လည်ပျိုးထောင်ရေးနှင့် ကုသရေးအစီအစဉ်များကို ချမှတ်သည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အစီအစဉ်သစ် ချမှတ်သည်။ နိုင်ငံပေါင်း ၅၀ က နိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုသည်။

ဖြင့် တမျိုးသားလုံး စည်းရုံးတိုက်ဖျက်ရေးအတွက် တမျိုးသားလုံး လှုပ်ရှား ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့လေသည်။

ပြည်သူလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အညီပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး လုပ်ငန်းများ၊ ဆေးဝါး ကုသရေး လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ တရားဝင်ခွင့်ပြုချက်အရ စိုက်ပျိုးရရှိသည့် ဘိန်းဝယ်ယူရေး လုပ်ငန်းများ၊ ကျောင်းသား လူငယ်များအား မူးယစ် ဆေးဝါး အန္တရာယ်ကို အသိဉာဏ်ပေးရေး လုပ်ငန်းများနှင့် လုပ်သားပြည်သူများအား ပညာပေး လှုံ့ ဆော်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် အဖွဲ့များ ဖွဲ့ပေးခဲ့သည်။

မြန်မာနိုင်ငံအတွင်း စိမံခန့်ခွဲမှု ကင်းဝေးသောနေရာ ဒေသတို့တွင် လက်နက်ကိုင် သောင်းကျန်းသူများသည် ယင်းတို့၏ မြေပေါ် မြေအောက် ကိုယ်စားလှယ်များနှင့် ဘိန်းချက်ခြင်း၊ သယ်ဆောင်ရောင်းချခြင်းများကိုယင်းတို့၏ ရပ်တည်မှုအတွက် ပြုလုပ်ခဲ့ကြရာ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လက်နက်ကိုင် သောင်းကျန်းသူများ၏ အန္တရာယ်သည် တခုနှင့်တခု ဆက်စပ်နေသော အန္တရာယ် ဖြစ်ကြောင်း သိသာနိုင်ပေသည်။

ထို့ကြောင့် စိမံခန့်ခွဲမှု လက်လှမ်းမှီသော နယ်မြေဒေသများတွင် ပြည်သူ ရဲနှင့် စိမံခန့်ခွဲရေး ဝန်ထမ်းများက မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးတာဝန်ကို ပြည်သူတို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။ စိမံခန့်ခွဲရေးသဘောအရ လက်လှမ်းမမှီနိုင်သောဒေသများတွင် သောင်းကျန်းသူတို့၏ တရားမဝင် ဘိန်းစိုက်ခင်းများကို ပြည် သူ တပ်မတော်က တာဝန်ယူ နှိမ်နင်းလျက်ရှိသည်။ တပ်မတော်က သောင်းကျန်းသူ ဘိန်းချက်စခန်းများကို အောင်မြင်စွာတိုက်ခိုက်ချေမှုန်းလျက်ရှိရာ မိုးဟိန်းစစ်ဆင်ရေး အဆင့် ၄ အထိ တက်လှမ်းနိုင်ခဲ့သည်။

၁၉၇၅ ခုမှ စ၍ ရှမ်းပြည်နယ် အဖြူရောင် နယ်မြေခြောက်မြို့နယ်တွင် ပြည်သူရဲအင်အားကို အသုံးပြုလျက် မဲလုံး၊ နှင်းပန်း၊ ပေါက်ပန်းနှင့် တောင်ထိပ်ပန်း စစ်ဆင်ရေးအသွင်ဖြင့် ဒေသခံ တိုင်းရင်းသားများ အကူအညီယူကာ ဖျက်ဆီးခဲ့သည်။ ချင်းပြည်နယ်၌ ၁၉၇၅-၇၆ ခုနှစ်တွင် ဇင်နူး၊ ထွမ်ရမ်း စစ်ဆင်ရေးများဖြင့် ဘိန်းခင်းများကို ဖျက်ဆီးခဲ့ရပြီး ၁၉၇၈ ခုအတွင်း ဘိန်းစိုက်ပျိုးခြင်းမှာ မရှိသလောက် ပပျောက်သွားခဲ့သည်။ ထို့ပြင် ဒေသလိုက် မြန်မာပြည် အနှံ့အပြားတွင် ငရဲပန်း၊ ကောက်ရိုး၊ မြက်ခြောက်စသော စစ်ဆင်ရေးများကိုလည်း ပြုလုပ်ခဲ့သည်။

ပြည်နယ်နှင့်တိုင်းအလိုက် ဘိန်းစိုက်ခင်းများအောင်မြင်စွာ ဖျက်ဆီးခဲ့ပြီးနောက် မူးယစ်ဆေးဝါး စွဲသူများအား ပြန်လည်ထူထောင်ရေးကိုလည်း တဖက်က အားထုတ် လုပ်ကိုင်ပေးသည်။ လူမှုဝန်ထမ်းဝန်ကြီးဌာနသည် ၁၉၇၈ ခုနှစ် ဇူလိုင်လအတွင်းက ဆေးစွဲသူများအား ပြန်လည် ထူထောင်ရာတွင် စေတနာဝန်ထမ်း ကူညီမည့်သူများ၏ သင်တန်းအမှတ်စဉ် ၁ ကို ပြုလုပ်ခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးအမြဲသုံးစွဲသူများအား မှတ်ပုံတင်ရေးနှင့် ဆေးဝါးကုသရေးများနှင့်ပတ်သက်၍ ကြီးကြပ် ကွပ်ကဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၁၉၇၈ ခုနှစ်အကုန်အထိ မှတ်ပုံတင်ထားသူ ပေါင်း ၂၉,၇၀၂ ဦးရှိသည်။ ကုသရေး အပိုင်းတွင် အချက်အချာကျသော မြို့ကြီးများမှာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မြစ်ကြီးနား၊ ပုတာအို၊ လားရှိုးနှင့် ကျိုင်းတုံမြို့များဖြစ်သည်။

တိုင်းနှင့်ပြည်နယ်များတွင် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်း၍ ဖမ်းဆီး အရေးယူခဲ့သော အမှုများမှာ ဘိန်းအမှု ၆၁၆ မှုတွင် အလေးချိန် ၁,၀၆၃ ကီလိုကျော်၊ဘိန်းဆီ ၁၅၃ မှုတွင် ၃၉ ကီလိုကျော်၊ ဘိန်းမှုန့် ၅၆ မှုတွင် ၄၉ ကီလိုကျော်၊



ခရီးသည်တို့သယ်ဆောင်လာသော လက်ဆွဲသေတ္တာများကို အထူးလေ့ကျင့်ထားသောခွေးများဖြင့် အနံ့ခံစေလျက် မူးယစ်ဆေးဝါး အန္တရာယ်ပြန့်ပွားမှုကို တားမြစ်ကာကွယ်လျက်ရှိကြသည်။

ဘိန်းဖြူ ၇၄၆ မူတွင် ၇၅ ကီလိုကျော်၊ ဆေးခြောက်မှု ၁၉၃ မှုတွင် ၁၆၄ ကီလိုကျော်တို့ကို ၁၉၇၈ ခုနှစ်အတွင်း ဖမ်းဆီးနိုင်ခဲ့သည်။

မူးယစ်ဆေးဝါး အမှုများကို အရေးယူခဲ့ရာတွင် ၁၉၇၆ ခုနှစ်တွင် ၃,၉၃၀ မှုရှိခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် - ၄,၂၄၆ မှုကို အရေးယူနိုင်ခဲ့သည်ဟု သိရသည်။

နိုင်ငံတကာနှင့် မူးယစ်ဆေးဝါး

မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး၌ကမ္ဘာနှင့် အဝန်း လုပ်ကိုင် ဆောင်ရွက်မှုများကိုလည်း အများအပြား တွေ့ရှိနိုင်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ပင်မအဖွဲ့အစည်းတခုဖြစ်သောစီးပွားရေးနှင့် လူမှုရေးကောင်စီ၏ လက်အောက်၌ ကမ္ဘာ့ ကုလသမဂ္ဂ၏ ယစ်ဆေးများဆိုင်ရာ ဌာနတခု ထားရှိသည်။ ထိုဌာနကို ဦးစီးသော ကုလသမဂ္ဂ ယစ်ဆေးများဆိုင်ရာ ကော်မရှင်သည် ၁၉၇၈ ခုနှစ်၊ ဖေဖွာရီလ ၁၂ ရက်နေ့မှ ၂၄ ရက်နေ့ အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ပဉ္စမ အကြိမ်မြောက် အထူး အစည်းအဝေး တရပ်ကို ကျင်းပခဲ့သည်။ ကော်မရှင်တွင် နိုင်ငံပေါင်း ၃၀ မှ ကိုယ်စားလှယ်များ ပါဝင်သည်။

အဆိုပါယစ်ဆေး ကော်မရှင်၏ မူလလုပ်ငန်းမှာ နိုင်ငံတကာတွင် မူးယစ်ဆေးဝါး ပြဿနာ ထိန်းသိမ်း ကွပ်ကဲရေး ဖြစ်သည်။ ပြီးခဲ့သည့် ၁၉၇၈ ခုနှစ် ဖေဖွာရီလ အထူး အစည်းအဝေး၌ တင်ပြသုံးသပ် ဆွေးနွေးခဲ့သော အချက်အလက်များတွင် အောက်ပါအချက်များ ပါဝင်သည်။

ယင်းတို့မှာ ကမ္ဘာပေါ်တွင် မူးယစ် ဆေးဝါးများကို တရားမဝင် ပို့ဆောင်သယ်ယူမှု၊ ဆေးဝါး အလွဲသုံးစားမှု၊ အပြည်ပြည်ဆိုင်ရာ ဆေးဝါး သဘောတူ စာချုပ်များကို အကောင်အထည် ဖော်မှု၊ နိုင်ငံ အသီးသီးတွင် ဆေးဝါး အသုံးအတွက် ဘိန်းစသည့် ဆေးဝါးများ လိုအပ်မှု၊ ဆေးဝါး အလွဲသုံးမှု သုတေသနပြုရေးနှင့် ကုလသမဂ္ဂ ဆိုင်ရာ ယစ်ဆေးအလွဲသုံးမှု ထိန်းသိမ်းကာကွယ်ရေးရန်ပုံငွေအဖွဲ့၏ လုပ်ငန်း အစီအစဉ်များ အကောင်အထည် ဖော်မှုတို့ ဖြစ်သည်။

တရားမဝင် သယ်ဆောင်မှု

ယစ်ဆေး ကော်မရှင်၏ သုံးသပ်ချက်၌ မူးယစ်ဆေးဝါးများ တရားမဝင် သယ်ယူ ပို့ဆောင်မှုတွင် အာဖရိကခွဲ ဆေးခြောက်များကို သယ်ယူမှုက အဓိက ဖြစ်သည်။ စိတ်လှုပ်ရှားစေတတ်သော အခြားဓာတုဆေးဝါးများကို တရားမဝင် သယ်ယူမှုမှာ ပြောပလောက်အောင် မရှိဟုဆိုသည်။ ဆေးဝါးများ သယ်ယူမှုနှင့် စပ်လျဉ်း၍ သတင်း အချက်အလက် စုဆောင်း ရရှိရန် အခွင့်အလမ်း နည်းပါး နေသေးခြင်းကိုလည်း ဖော်ပြထားသည်။ ၁၉၇၇ ခုနှစ်အတွင်း၌ မက်ဒါကက် စကာကျန်း နိုင်ငံတွင် ဆေးခြောက်ဖမ်းဆီးရမိမှု လျော့နည်းသွားသည်။ မိုရော့ကို နိုင်ငံတွင် ဆေးခြောက်စိုက်ပျိုးမှု လျော့သွားသည်။ သို့သော် မိုရော့ကိုနှင့် ဆင်နီဂေါနှစ်နိုင်ငံတို့၌ယစ်ဆေး အသယ်အပို့ ထူပြောလာသည်ဟုဆိုသည်။

အမေရိကတိုက် နိုင်ငံများတွင် ကုတ်ကင်း၊ ဆေးခြောက်နှင့် ဟယ်ရိုအင် သယ်ဆောင်မှု ပြဿနာမှာ အဓိကဖြစ်

မူးယစ်ဆေးဝါး အလွဲသုံးစားပြုခဲ့သူများကို ကုသရာ၌ ကျမ်းကျင်သူပညာရှင်များက ဤသို့စိတ်ရှည်ရှည်ထားကာ ကုသပြုပြင်ပေးရသည်။



သည်။ ၁၉၇၆ ခုနှစ်တွင် မော်ဖင်း ဖမ်းဆီးရမိမှုမှာ အနည်းအကျဉ်းမျှ ဖြစ်သည်ဟု ဆိုသည်။ ဘိန်းဖမ်းဆီး ရရှိမှုမှာလည်း ယခင်နှစ်များထက် လျော့နည်းသွားသည်။ဟယ်ရိုအင်အပို့အယူမှာ အမေရိကန် ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံ နှစ်ခုတွင် ထူပြောသည်ဟုဆိုသည်။ အာဂျင်တီးနားနိုင်ငံတွင် ကုတ်ကင်းထုတ်သော ကိုကာရွက်ကို ခိုးထုတ်မှု သိသိသာသာ နည်းပါးသွားသည်။ ဗဟုဇီးနိုင်ငံတွင် ၁၉၇၇ ခုနှစ်၌ မူးယစ်ဆေးဝါး အမျိုးမျိုး ဖမ်းဆီး ရရှိမှု ပိုလာခဲ့သည်။ ကနေဒါနိုင်ငံတွင် ဟယ်ရိုအင်ကို အာဏာပိုင်တို့က အဓိကထား၍ နှိမ်နင်း တိုက်ဖျက်နေသည်။ ထိုဒေသသို့ ရောက်ရှိသော ဟယ်ရိုအင် ၉၉ ရာခိုင်နှုန်းသည် အရှေ့တောင်အာရှမှလာသည်ဟုဆိုသည်။ ဆေးခြောက်များကို တန်နှင့်ချီ၍ ဖမ်းဆီးရမိမှုများကို မကြာခဏတွေ့ရသည်။ ကိုလုံးဗီးယာနိုင်ငံတွင် ဆေးခြောက်စိုက်ပျိုးမှု ကျယ်ပြန့်လာသည်ဟုဆိုသည်။ အမေရိကန်နိုင်ငံတွင် ၁၉၇၈ ခုနှစ် ပထမသုံးလပိုင်း၌ ဆေးခြောက်တန်ချိန် ၅၀၀ မျှ ဖမ်းဆီးနိုင်ခဲ့သည်။

ဥရောပတွင် ဟယ်ရိုအင် သယ်ယူမှုမှာ တိုးလာသည်။ အရှေ့အလယ်ပိုင်းနိုင်ငံများမှ မူးယစ်ဆေးဝါး သယ်ဆောင်သူများသည် ဩစတြီးယား နိုင်ငံကို ဖြတ်၍ အနောက်ဥရောပသို့ အကူးအသန်း များနေကြောင်း တွေ့ရသည်။ ဗဲလ်ဂျီယမ်နိုင်ငံတွင် ဆေးခြောက်သယ်ယူမှုမှာ မတိုးမဆုတ်တန့်နေသည်။ ပြင်သစ် နိုင်ငံတွင် အရှေ့တောင် အာရှမှဝင်လာသော ဟယ်ရိုအင် ပြဿနာများ ရှိနေသည်။ အခြို့ဆေးဝါးများသည် ဗန်ကောက်မြို့မှ ပြင်သစ်နိုင်ငံကိုဖြတ်၍ အမေရိကန်သို့ လမ်းပေါက်နေခြင်းဖြစ်ကြောင်း ပြင်သစ် အာဏာပိုင်တို့က ထုတ်ဖော် ပြောဆိုသည်။ ကုတ်ကင်းမှာ ပြင်သစ်ကိုဖြတ်၍ အင်္ဂလန်နှင့် အနောက် ဂျာမနီသို့ အဓိက ပေးပို့နေခြင်းဖြစ်သည်ဟု သိရ၏။ တူရကီနိုင်ငံတွင် တရားဝင် ခွင့်ပြုထားသော ဘိန်းခင်းများမှ ခိုးထုတ်သည့် ပစ္စည်းများကို ဧခြရာခံ၍ မရသော်လည်း ဟယ်ရိုအင်ချက်လုပ်သည့် ဘိန်းများမှာ ဤဒေသတဝိုက်မှ လာသည်ဟု ယူဆကြသည်။ ဂရိနိုင်ငံတွင် ၁၉၇၆ ခုနှင့် ၁၉၇၇ ခုနှစ် အတွင်းက ဆေးခြောက်နှင့် ဟယ်ရိုအင် အများအပြား ဖမ်းဆီးရရှိခဲ့သည်။ လွတ်လပ်နိုင်ငံသို့ အရောက် အပေါက် နှုန်းမှာ တိုးလာသည်။ ဆွီဒင်နိုင်ငံ၌ ဖမ်းဆီး ရရှိသော ယစ်ဆေးများတွင် ဆေးခြောက်သည်အဓိက ဖြစ်နေသည်။

အရှေ့အလယ်ပိုင်းဒေသသို့ ယစ်ဘေးသယ်ယူမှုမှာမြေထဲပင်လယ်ကို ဖြတ်၍ အနီးအနားနိုင်ငံတဝိုက်မှ သယ်ယူခြင်း ဖြစ်သည်။ အီဂျစ်နိုင်ငံသို့ လက်ဗန္ဓနိုင်ငံမှ ဝင်လာသော ဆေးခြောက် အစေးများရှိသည်။ အီဂျစ်နိုင်ငံ နိုင်းမြစ်ဝှမ်းကျွန်းသောင်ထွန်းသော ဒေသများ၌ ဘိန်းပင် စိုက်ပျိုးကြသည်။ အီရန်နိုင်ငံတွင် ၁၉၇၇ ခုနှစ်၌ မော်ဖင်းနှင့် ဟယ်ရိုအင်တို့ကို ကီလိုဂရမ် အတော်များများ ဖမ်းဆီး ရရှိနေသည်။ လက်ဗန္ဓနိုင်ငံသို့ ခေတ်ပေါ် ယစ်ဆေး အမျိုးမျိုး တိုး၍ ဝင်နေသည်ဟုဆိုသည်။

ပြည်နယ်နှင့် တိုင်းအလိုက် ဘိန်းစိုက်ခင်းများ ဖျက်ဆီးနှိမ်နင်းခဲ့သည့် အခြေအနေပြ ဇယား

ပြည်နယ် / တိုင်း အမည်	၁၉၇၅ / ၇၆ ခု	၁၉၇၆ / ၇၇ ခု	၁၉၇၇ / ၇၈ ခု
ကချင်ပြည်နယ်	၁၁၈.၀၀	၂၂၈.၈၃	၈၇.၄၃
ကယားပြည်နယ်	၇၃.၅၀	၁၉၀.၀၀	—
ချင်းပြည်နယ်	၇၂၄.၀၀	၄၁.၅၅	၁၀.၃၃
စစ်ကိုင်းတိုင်း	၀.၄၀	—	၇.၀၀
မကွေးတိုင်း	—	၁၄.၀၀	—
မန္တလေးတိုင်း	၃၄၉.၅၀	၁၉၀.၅၀	—
ရှမ်းပြည်နယ်	၈၀၃၉.၈၅	၈၁၀၄.၆၁	၁၀၁၆.၇၉
စုစုပေါင်း	၉၃၀၉.၂၅	၈၇၆၉.၄၉	၁၀၂၂.၅၅

ဤကဲ့သို့ တရားမဝင် သယ်ယူပို့ဆောင်မှုများကို နိုင်ငံအတွင်း၌ ကြပ်မ ပိတ်ပင်တားဆီးမှုနှင့် ဒေသကြီးအတွင်း နိုင်ငံအချင်းချင်း အပြန်အလှန် ပူးပေါင်း ကူညီခြင်းဖြင့် ရှင်းလင်းနိုင်သော လမ်းစများကို တင်ပြခဲ့ကြသည်။

မူးယစ်ဆေးဝါး အန္တရာယ်

ဆေးဝါးအလွဲသုံးမှုတွင် ဘိန်းသုံးစွဲမှုသည် အဓိက ဖြစ်နေကြောင်း နိုင်ငံများစွာ၌ တွေ့ရသည်။ အရှေ့တောင်အာရှနှင့် အာရှအလယ်ပိုင်းဒေသတို့၌ မြို့နေလူငယ်များကို ထိုအကျင့်က ဖိစီးနေသည်။ ဆင်းရဲသော ဒေသများ၌ လူလတ်နှင့် လူကြီးပိုင်းတို့ ဘိန်းကို စွဲမြဲစွာ သုံးစွဲနေမှုကို တွေ့ရသည်။ ပက်သဒင်း၊ မီသာဒုန်းနှင့် အခြားဓာတ်ဆေးများ သုံးစွဲမှုများလာသော်လည်း မကြီးကျယ်လှချေ။

ဆေးခြောက်ကို မြို့နေ လူငယ်များ သုံးစွဲမှုမှာ သိသာလာသည်။ တောရောမြို့ပါ သုံးစွဲမှု အမြစ်မပြတ်သေးသည့် လက္ခဏာများကို တွေ့ရသည်။ ကုတ်ကင်သုံးစွဲခြင်း၊ ကိုကာရွက်ကိုဝါးခြင်း၊ ငုံခြင်းတို့သည် တောင်အမေရိက နိုင်ငံများ၌ တွေ့ရသည်။ ထိုဓလေ့သည် ဥရောပသို့ အတန်ငယ် ပျံ့နှံ့လာခဲ့သည်။

စိတ်ငြိမ်၊ စိတ်ကြွဆေး၊ မှိန်းဆေးများကို သုံးစွဲခြင်း အထူးသဖြင့် လူငယ်များအတွင်း၌ တိုးပွားသည်။ မြောက်အမေရိကတိုက်တွင် အထူးသိသာသည်။ တုပ၍ ထုတ်လုပ်နိုင်သော ဆေးသစ်များ ပေါ်လာသည်။ အရက်နှင့် ယစ်ဆေးကို ရောနှော သုံးစွဲမှု အလေ့လည်း တိုးပွားလာသည်။

သုတေသနလုပ်ငန်း

ယစ်ဆေး အမျိုးမျိုးကို နှိမ်နှင်းရန်နှင့် အကျိုးရှိရှိ နည်းမှန်လမ်းမှန် အသုံးပြုရန်မှာ ယင်းတို့၏ ဓာတုဖွဲ့စည်းပုံ သဘာဝနှင့် အာနိသင်များကို ခွဲခြား၍ သိရှိမှ အောင်မြင်နိုင်ပေမည်။ ထို့ကြောင့် ယစ်ဆေး စမ်းသပ် မှုဓာတ်ခွဲဌာနများကို နိုင်ငံအလိုက်သော်ငှင်း၊ ကုလသမဂ္ဂ ယစ်ဆေး ကော်မရှင်မှ ဖွင့်လှစ်ထားသော ဌာနခွဲ၏ အကူ အညီဖြင့် သော်ငှင်း လုပ်ကိုင်ဆောင်ရွက်နေကြသည်။ ပုံစံအားဖြင့် မက်ဒါဂက် စကာကျွန်း နိုင်ငံ၌ ပေါက်ရောက်သော ခတ်ခေါ် အပင်တမျိုးကို စမ်းသပ်နေကြသည်။ ကက်သီနုန်နှင့် အခြား ဒြပ်ပေါင်းများ ပါဝင်မှု အချိုးအစားကို စစ်ဆေး ဖော်ထုတ်နေကြသည်။ အလွဲသုံးလျှင် အန္တရာယ်ရှိသော ကြောင့် ယစ်ဆေး စာရင်းသွင်းနိုင်သည့် အပင်များ၊ ဆေးများကိုကန့်သတ်ချက်ထားနိုင်ရန်ဖြစ်ပေသည်။ ဟယ်ရိုအင်ဆိုလျှင် မည်သို့ဓာတ်သဘာဝ ဖွဲ့စည်းမှုရှိသော ဟယ်ရိုအင်သည် မည်သည့်အရပ်ဒေသမှလာသည်ဟု ခြေရာကောက်နိုင်ရန် ဓာတ်ခွဲ စမ်းသပ်ဖို့ လိုသည်။ အသစ် တွေ့ရှိသော သတင်း အချက် သဲလွန်စများကို နိုင်ငံတကာသို့ ဖြန့်ဝေ၍ ကြိုတင် အသိပေးထားနိုင်စေရန်လည်းဖြစ်သည်။

ဆေးခြောက် မီးခိုးငွေ့သဘာဝကို စစ်တမ်းပြုဖော်ထုတ်ရာ၌ ဂရိနိုင်ငံ အေသင်မြို့မှ ဓာတ်ခွဲဌာနမှာ အတော်အတန် အောင်မြင်မှုတွေ့ရသည်။ ဆေးခြောက်သုံးစွဲမှု၏ အကျိုးအပြစ်မှာ မပြောပလောက်ဟု ယူဆနေသူများ ရှိသဖြင့် ဗီဇစနစ်တွင် မည်မျှ ဘေးဥပဒ်ဖြစ်နိုင်သည်ကို အခိုင်အမာ ဖော်ထုတ်တင်ပြနိုင်ရန်လည်း လိုနေပြန်သည်။

ထိုသို့သော သုတေသန ဓာတ်ခွဲခန်းများ၏လုပ်ငန်းဖြင့် ခြေရာကောက်ရေး၊စစ်ဆေးရေး၊ ကန့်သတ်ရေးတို့ကို ပြုလုပ်နိုင်ရန် လေ့လာတွေ့ရှိချက် စာအုပ်စာတန်းများ၊ ဓာတ်ခွဲခန်းပစ္စည်းကရိယာများ၊ဓာတ်ဆေးများကို ကူညီထောက်ပံ့ယင်း မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ် တိုက်ဖျက်ရေး၌ တတပ်တအား တခန်းတကဏ္ဍ လုပ်ဆောင်ကြရန် အားသွန်နေကြခြင်းဖြစ်သည်။

တရားဝင်သုံးစွဲရန်လိုအပ်ချက်

မူးယစ်ဆေးဝါး စာရင်းဝင် ပစ္စည်းများမှာ ကျန်းမာရေးနှင့် ဆေးဝါးလုပ်ငန်းအတွက် မရှိမဖြစ် လိုအပ်သော အရာများ ဖြစ်နေပြန်သောကြောင့် ယင်းတို့ကို လုံးဝ ထုတ်လုပ်ခြင်းမပြုရန် တားဆီးပိတ်ပင်၍ ဖြစ်နိုင်ကောင်းသည် မဟုတ်ပေရာ ဘိန်းနှင့် ဓာတ်ဆေးများဆိုင်ရာ၌ နိုင်ငံအလိုက် လိုအပ်မှု ပမာဏကို အပိုအလိုနည်းပါးနိုင်သမျှ နည်းပါးစေရန်စီမံကိန်းချ၍ ထုတ်လုပ်ပါမှ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တိုက်ဖျက်ရေးကို အထောက်အကူ ပြုနိုင်မည် ဖြစ်သည်။ ဘိန်းပင်၏ အရိုးခြောက်များမှာ ဆေးဝါး အသုံးအတွက် လိုအပ်သည်ဖြစ်ရာ အနုတ်အသိမ်း မှန်ကန်ဖို့ အရေးကြီးသည်။ စိုက်ပျိုးဧက စနစ်ကျဖို့ လိုအပ်သည်။ ဘိန်းပင်ရိုးတံတွင် မော်ဖင်း၊ ကိုဒင်း၊ မီသိန်းစသော ဓာတ်များ မည်မျှပါဝင်ဖွဲ့စည်းထားသည်ကိုလည်း အပင် အမျိုးအစားအလိုက် သုတေသန ပြုလုပ်ရန် လိုအပ်နေပေသေးသည်။ဖမ်းဆီးရမိသော ဆေးဝါးများကို ပြန်လည် ရောင်းချမှု၌ထိန်းသိမ်း ဆောင်ရွက်မှု လိုအပ်ကြောင်းမှာလည်း ထင်ရှားသည်။ ကိန်းဂဏန်းများကို မှတ်သား၍ နိုင်ငံတကာ အဖွဲ့အစည်းသို့ အစီရင်ခံပါမှနိုင်ငံတကာ စုပေါင်းထိန်းချုပ်မှု စနစ် ပီပြင်လာမည်ဖြစ်သည်။

ယခုအခါ၌ ကုလသမဂ္ဂအဖွဲ့ကြီး၏ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်လက်အောက်တွင် ပါဝင် ဖွဲ့စည်းထားသော မူးယစ်ဆေးဝါး အလွဲသုံးမှု ကာကွယ်တားဆီးရေးရန်ပုံငွေ အဖွဲ့သည် ၁၉၇၈ ခုနှစ်အတွက် ရန်ပုံငွေဒေါ်လာ ၁၀၃ သိန်း (မြန်မာငွေ သိန်း ၅၀၀ ခန့်) ဖြင့် အလုပ်လုပ်လျက်ရှိသည်။ ၁၉၇၇ ခုနှစ်က ဒေါ်လာငွေ သိန်း ၇၀ (မြန်မာငွေ သိန်း ၃၅၀ ခန့်) ဖြင့် လုပ်ကိုင်ခဲ့ရသည်။ ၁၉၇၉ ခုနှစ်အတွက် ရန်ပုံငွေကို နိုင်ငံတကာ ထည့်ဝင်ငွေများဖြင့် တိုးချဲ့ သတ်မှတ်၍ လူသားအားလုံး အညွှန့်တုံးစေမည့် ကိစ္စကို ကာကွယ်တားဆီးရန်ရှိပေသည်။ ။

ဦးမျိုးသန့်

ဆေးပညာနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း



ယနေ့ ဆေးသိပ္ပံပညာရှင်များသည် ရောဂါဝေဒနာရှင်များအား အသားပို အစားထိုးမှုကို အခြေခံ၍ ကိုယ်ရေပြားမှ အစပြု၍ အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများကို အစားထိုးကုသရန် လက်တွေ့ စမ်းသပ်ခဲ့ကြရာ ကုသနည်း လေးနည်းကို တွေ့ရှိခဲ့ကြလေသည်။

ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် နှလုံး အစားထိုးကုသမှု ခံယူခဲ့သော တောင်အာဖရိက ကိပ်တောင်မြို့မှ နှလုံးရောဂါရှင် မစ္စတာလူဝစ်ဝါရှင်စကီး နှလုံးအစားထိုး ကုသမှု ခံယူအပြီး သူနာပြု ဆရာမကလေးတဦးနှင့် အတူတွေ့ရပုံ။ နှလုံးအစားထိုး ကုသမှုခံယူခဲ့သူမှာ ၁၈ ရက် တိုင်တိုင် အသက်ရှင်ခဲ့သည်။

လူသားတို့သည် ရှေးအခါကပင် ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးခြင်းနှင့် ပတ်သက်၍ စိတ်ကူးအမျိုးမျိုး ရှိခဲ့ကြသည်။ ခေါမလူမျိုးတို့၏ လူတပိုင်းနှားတပိုင်း ဒဏ္ဍာရီဆန်ဆန် ရုပ်ထုများနှင့် မနုဿီဟက္ခဲသို့သော လူကိုယ်ခန္ဓာတွင် အခြားသတ္တဝါများ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများတပ်ဆင်ထားသည့်အခြားရုပ်ထု များကို ထောက်ရှုခြင်း အားဖြင့် ယင်းသို့ စိတ်ကူး ရှိခဲ့ကြောင်း သိသာသည်။ သို့သော် ယင်းစိတ်ကူးမျိုးနှင့် ဆက်စပ်နေသော စူးစမ်းမှုများကို အားမပေးခဲ့ကြပေ။ ထိုအချိန်က အဆိုပါ စိတ်ကူးမျိုးကို ဘာသာရေးနှင့် ဒဏ္ဍာရီဆိုင်ရာ ရုပ်ထုများပြုလုပ်ရေး ကိစ္စများ၌သာ တွေ့ရှိခဲ့ရသည်။

၁၉၀၃ ခုနှစ် ရောက်မှသာ သိပ္ပံပညာရှင် စီ၊ အို၊ ဂျင် ဆန်သည် ကြွက်များနှင့် သုတေသန ပြုရာ၌ ကြွက်ငယ်တကောင်၌ ပေါက်နေသော အသားပိုကိုယူ၍ အခြားကြွက်ငယ်တကောင်တွင် အစားထိုးကြည့်သည်။ အဆိုပါ အသားပိုမှာ အခြားကြွက်တွင် ရှင်သန်လျက် ရှိကြောင်း အမှတ်မထင် တွေ့ရသည်။ ယင်းသို့ အစားထိုးပေးရာ၌ မျိုးရိုးမတူညီသော ကြွက်ငယ်များထက် မျိုးရိုးဗီဇတူသော ကြွက်များတွင် အသားပို ပေါက်နှုန်း ပိုများကြောင်း ကြေငြာခဲ့သည်။ ယင်းသို့ကြေငြာပြီးသည့် နောက်ပိုင်းတွင် ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးခြင်းကို လူအများ စိတ်ဝင်စားလာကြသည်။

ဆေးသိပ္ပံပညာရှင်တို့သည် အသားပို အစားထိုးမှုကိုအခြေခံ၍ကိုယ်ရေပြားမှအစ အခြားကိုယ်အင်္ဂါ အစိတ်အပိုင်းများကို အစားထိုးရန် လက်တွေ့စူးစမ်းခဲ့ကြသည်။ ယင်းသို့အားဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးမှုဆိုင်ရာ နည်းလေးနည်းကို တွေ့ရှိကြသည်။

ပထမနည်းမှာ အော်တို ထရန်စပလန်တေးရှင်းဟုခေါ်သော ခန္ဓာကိုယ် တခုမှ ယူသော အင်္ဂါအစိတ်အပိုင်းများကို ထိုခန္ဓာကိုယ်၌ပင် အစားထိုးကုသခြင်း ဖြစ်သည်။

ဒုတိယနည်းမှာ အိုင်ဆိုဂျနစ် ထရန်စပလန်တေးရှင်းဟု ခေါ်သော နည်းဖြစ်သည်။ ယင်းနည်းမှာ မျိုးရိုးဗီဇတူသော သတ္တဝါအချင်းချင်း အင်္ဂါအစိတ်အပိုင်းများ အစားထိုးပေးခြင်း ဖြစ်သည်။ ပုံစံအားဖြင့် မျိုးတူအချင်းချင်း သားစပ်ဖောက်ထားသည့် တိရစ္ဆာန်မျိုး၊ သို့မဟုတ် အစစအရာရာ တူညီသော အမ္ဘာမွေး အချင်းချင်း အင်္ဂါအစိတ်အပိုင်း အစားထိုး ကုသခြင်း ဖြစ်သည်။

တတိယနည်းမှာ အယ်လိုဂျနစ် ထရန်စပလန်တေးရှင်းဟု ခေါ်သော နည်းဖြစ်သည်။ ယင်းနည်းမှာ မျိုးတူသော သတ္တဝါအချင်းချင်း အင်္ဂါအစိတ်အပိုင်း အစားထိုးခြင်းဖြစ်သည်။ ပုံစံအားဖြင့် ခွေးတကောင်၏ကျောက်ကပ်ကို အခြားခွေးတကောင်တွင် အစားထိုးခြင်းမျိုး သို့မဟုတ် လူတယောက်၏ အရေပြားကို အခြားလူတယောက်တွင် အစားထိုး၍ ကုသခြင်းမျိုးဖြစ်သည်။ သို့သော် အဆိုပါနည်းတွင် လူနာအနေဖြင့် အထူး စီစဉ်ထားသော ကုသမှုမျိုးကို ကြိုတင်ခံယူထားရန် လိုသည်။ သို့မဟုတ်ပါက သွေးဖြူဥများ၏ တုံ့ပြန် တိုက်ခိုက် ဖျက်ဆီးမှုကိုခံရတတ်သည်။

စတုတ္ထနည်းမှာ ဇီနိုဂျနစ် ထရန်စပလန်တေးရှင်းဟု ခေါ်သော နည်းဖြစ်သည်။ ယင်းနည်းမှာ မျိုးစိတ်မတူသော သတ္တဝါအချင်းချင်း အင်္ဂါအစိတ်အပိုင်းအစားထိုး ပေးခြင်းဖြစ်သည်။ ဤနည်းသည် တတိယနည်းကဲ့သို့ပင် သွေးဖြူဥများ၏ တုံ့ပြန်တိုက်ခိုက် ဖျက်ဆီးမှုပြုသည့် ပြဿနာမျိုးနှင့် တွေ့ရတတ်သည်။

ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးမှုတွင် အင်္ဂါအစိတ်အပိုင်း လက်ခံမည့်သူနှင့် ပေးလှူမည့်သူတို့၏ တစ်ရှူးနှင့် သွေးအမျိုးအစားသည် တူညီခြင်းမရှိတတ်ပေ။ ထိုအချက်ကြောင့် ကုသမှုခံယူမည့်သူအတွက် အန္တရာယ် ဖြစ်စေတတ်သည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာလူသွေးတွင်သွေးနီဥနှင့်သွေးဖြူဥဟူ၍ နှစ်မျိုးရှိသည့်အနက် သွေးဖြူဥများသည် လူတွင် ရောဂါမရစေရန်ကာကွယ်ပေးရုံမက လူကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်လာသည့် မည်သည့် ရောဂါပိုးကိုမဆို တုံ့ပြန်တိုက်ခိုက် ဖျက်ဆီးပစ်သည်။ သွေးဖြူဥ၏ ယင်းသို့ တုံ့ပြန်တိုက်ခိုက်နိုင်သည့် အစွမ်းကြောင့် အစားထိုးလိုက်သော အင်္ဂါအစိတ်အပိုင်းကိုလည်း ရောဂါပိုးများကို တိုက်ဖျက်သည့် နည်းတူသွေးဖြူဥများက တုံ့ပြန် တိုက်ခိုက် ဖျက်ဆီးကြသည်။ ထို့ကြောင့် ကိုယ်အင်္ဂါအစားထိုးမှု ပြုသည့်အခါ လူနာ၏ကိုယ်ခန္ဓာအနေဖြင့် လက်သင့်မခံနိုင်သည့် အခြေအနေမျိုးဖြစ်လာတတ်သည်။ ထို့ကြောင့်ကိုယ်အင်္ဂါအစိတ်အပိုင်းအစားထိုးမှုသည် အောင်မြင်သင့်သလောက် အောင်မြင်မှုမရရှိခဲ့ချေ။

ဆေးသိပ္ပံ ပညာရှင်များသည် ဆက်လက်စူးစမ်းမှုအမျိုးမျိုး ပြုလုပ်ခဲ့ကြပြီးနောက် သွေးဖြူဥတို့၏ တုံ့ပြန်တိုက်ခိုက်မှု အာနိသင်ကို လျော့ပါးသွားစေမည့် နှိမ်နည်းလေးမျိုးကို ရှေ့ပြေး တီထွင်ခဲ့သည်။ ပထမနည်းမှာ ကုသမှုခံယူသည့် လူနာ၏ ကိုယ်ခန္ဓာတွင်းရှိ ဆဲများကို မပျက်စီးစေသည့် အတိုင်းအတာအထိ ပြင်းထန်သော အိပ်စရေးဓာတ်ရောင်ခြည်များ ပေးသောနည်းဖြစ်သည်။ ယင်းနည်းကို အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံအချို့တို့တွင် အသုံးပြုသည်။ သို့သော် ယင်းနည်းကို အသုံးပြုခြင်းကြောင့် မကောင်းကျိုးများ ဖြစ်ပေါ်လာနိုင်သည်။ အိပ်စရေးရောင်ခြည်ပေးရာ၌ ကိုယ်ခံကောင်းအောင် ဆောင်ရွက်ပေးသော သွေးဖြူဥများ ပျက်စီးကုန်သဖြင့် လူနာအနေဖြင့် ကိုယ်ခံကောင်းမွန်လာသည့် အချိန်အထိ အနာမယဉ်းဖို့ အရေးကြီးသည်။ အိပ်စရေး ဓာတ်ရောင်ခြည်သည် တိုတောင်းသော အချိန်ခန့်လောက်သာ အာနိသင်သက်ရောက်မှုရှိခြင်းကြောင့် အစဉ်မပြတ် ပေးဖို့လိုသည်။ အိပ်စရေးရောင်ခြည် အစဉ်မပြတ်ပေးရသောကြောင့် ပြင်ပမှ ရောဂါပိုးများ အလွယ်တကူ ဝင်ရောက်နိုင်သည့် အခြေအနေမျိုး ဖြစ်လာသည်။ ထို့ကြောင့် ဤနည်းသည် အောင်မြင်မှု မရနိုင်သည့်ဖက်က ပိုများသည်ဟူ၍ အချို့ဆေးသိပ္ပံပညာရှင်တို့က ယူဆကြသည်။ အချို့ဆေးသိပ္ပံပညာရှင်များကမူ အဆိုပါနည်းကို တိရစ္ဆာန်များ၌ လက်တွေ့စမ်းသပ်ကြည့်ရာ အောင်မြင်ကြောင်း တွေ့ခဲ့ရသည်။ ကျောက်ကပ် ချတ်ယွင်းနေသော လူနာများကို ကျောက်ကပ်အစားထိုး ကုသမှုပြုရာတွင် အသုံးပြု သည်။

ဒုတိယနည်းမှာ လူနာ၏ ကိုယ်ခန္ဓာအတွင်းရှိ ဆဲပြန့်ပွားမှုကို ဆိုင်းငံ့စေနိုင်သည့် ဆေးဝါးမျိုးကို အသုံးပြုခြင်းဖြစ်သည်။ ကင်ဆာ ရောဂါသည်များကို ကုသရာ၌ဆဲများ မကြီးထွား မပွားများနိုင်အောင် ဟန့်တားနိုင်သော အာနိသင်ရှိသည့် ဆေးဝါးများကို အသုံးပြုရာမှ အဆိုပါနည်းကို ဆေးသိပ္ပံရှင်များက တွေ့ခဲ့ခြင်းဖြစ်သည်။ ယခုအခါ အများဆုံး သုံးသော ဆေးများမှာ ဆေးသိပ္ပံလောက၌ အဇာသိယိုပရိုင်းဟူ၍၎င်း၊ စီးပွားရေးလောက၌ အင်မူရန်ဟူ၍၎င်း အမည်တွင်နေသော ဆေးဖြစ်သည်။ အလားတူ အာနိသင်ရှိသော အက်တီနိုမိုင်ဆင်စီခေါ် အခြားဆေးဝါးကိုလည်း သုံးသည်။ ယင်းကဲ့သို့ အာနိသင်ရှိသော ဆေးဝါးများကို အသုံးပြုလာနိုင်ခြင်းကြောင့် အစစ အရာရာ တူညီသည့် အမှာပူးများကိုသာမက အမှာပူး မဟုတ်သူများကိုပါ အင်္ဂါအစိတ်အပိုင်းများ အစားထိုးလဲပေးနိုင်မည့် လမ်းစပွင့်လာသည်ဟု သိပ္ပံပညာရှင်များက ဆိုသည်။ သို့သော် ဤဆေးမျိုးတို့သည် ဆဲပွားများမှုကို ဟန့်တားရာ၌ အားပြင်းသော ဆေးများဖြစ်၍ ဆေး၏ တုံ့ပြန်မှုကြောင့် သွေးအားနည်းရောဂါ၊ သွေးလွန်ရောဂါ၊ မှိုတက်နာနှင့် ရောဂါပိုးဝင် ပြည်တည်နာတို့ ဖြစ်လာတတ်သည်။

တတိယနည်းမှာ အဒရီနယ်ဂလင်းမှထွက်သော ဟိုမုန်းနှင့် ယင်းကဲ့သို့ အာနိသင်ရှိသော ဆေးဝါးမျိုးကို အသုံးပြုခြင်းဖြစ်သည်။ ယင်းနည်းကို အသုံးပြုရာ၌ ပထမနည်းတွင် အင်္ဂါအစိတ်အပိုင်း အစားထိုးသည်နှင့် တပြိုင်နက် လူနာကို ဆေးခပ်ပြင်းပြင်းစ၍ ပေးသည်။ ထို့နောက် ဆေးအတိုင်းအတာကို တဖြည်းဖြည်း လျှော့ပေးပြီး လူနာအခြေအနေ ကောင်းသောအခါ ဆေးတိုက်ခြင်းကို ရပ်စဲလိုက်သည်။ ဒုတိယနည်းမှာ လူနာ၌ လက်မခံနိုင်သည့် အခြေအနေပြလာမှဆေးကို စပေးခြင်းဖြစ်သည်။ သို့သော် ယင်းနည်းများ၌ဆေး၏ တန်ပြန်မှုကြောင့် အရိုးပွရောဂါ၊ အစာအိမ်လမ်းကြောင်း၌ ပြည်တည်နာရောဂါနှင့် သွေးတိုးရောဂါများ စွဲကပ်လာတတ်သည့်အပြင် လူနာ၏ မျက်နှာလည်း ရောင်အမ်းလာတတ်သည်။

စတုတ္ထနည်းမှာ လူ၏ ရင်ခေါင်းအတွင်းရှိ သိုင်းမတ်ကလန်းကို ခွဲစိတ်ထုတ်ပစ်ခြင်းဖြစ်သည်။ ယင်းသို့ ထုတ်ပစ်ရခြင်းအကြောင်းမှာ သိုင်းမတ်ကလန်းသည် တုံ့ပြန်မှုကို ဖြစ်ပေါ်စေသည့် ပစ္စည်းများကို ထုတ်ပေးခြင်းကြောင့် ဖြစ်သည်ဟု သိပ္ပံပညာရှင်အချို့က ယူဆကြသည်။ သို့သော် အဆိုပါနည်းကို ကြက်ငယ်များဖြင့် လက်တွေ့ စမ်းသပ်ကြည့်ရာ၌ ကြက်ငယ်များသည် အင်္ဂါအစိတ်အပိုင်း အစားထိုးခံယူပြီးနောက် မကြာမီမှာပင် အခြားရောဂါစွဲကပ်၍ သေဆုံးသည်ကို တွေ့ရသည်။ ထို့ကြောင့် ယင်းနည်း အသုံးပြုရေးနှင့် ပတ်သက်၍ အတိအကျပြောရန် စောလွန်းသေးသည်ဟု အချို့ သိပ္ပံပညာရှင်များက ဆိုကြသည်။

သွေးအစားထိုးကုသမှု

လူတဦး၏ သွေးကိုယူ၍ အခြားတဦးအား ပေးသွင်းကုသခြင်းမှာလည်း အင်္ဂါ အစိတ်အပိုင်း အစားထိုး ကုသနည်းတမျိုးဖြစ်သည်။

အင်္ဂလိပ်ဆေးသိပ္ပံပညာရှင် ဝီလျံဟာဗေးသည် ၁၆၁၆ ခုနှစ်တွင် လူ၏ကိုယ်ခန္ဓာအတွင်း၌ရှိသော သွေးလည်ပတ်မှုစနစ်ကို စူးစမ်းတွေ့ရှိခဲ့သည်။ ယင်းအချက်ကို အခြေခံ၍ အင်္ဂလိပ်ဆေးသိပ္ပံပညာရှင်ရစ်ချတ်လိုးဝါးက ခွေးတကောင်မှသွေးကို အခြားခွေးတကောင်အား ပေးသွင်းသော လက်တွေ့စူးစမ်းမှုများကို ၁၆၆၅ ခုနှစ်အတွင်း၌ ပြုလုပ်ခဲ့သည်။ ၁၆၆၇ ခုနှစ်တွင် လိုးဝါးသည် သိုးငယ်တကောင်မှ သွေးကို လူ၏ကိုယ်ခန္ဓာအတွင်းသို့ပေးသွင်းသော လက်တွေ့စူးစမ်းမှုမျိုးကို ပြုလုပ်ရာ လူသေဆုံးခဲ့သည်။ ပြင်သစ်နိုင်ငံတွင်လည်း အလားတူ လက်တွေ့စူးစမ်းမှုမျိုးကို ဆေးသိပ္ပံပညာရှင် ဂျန်းဘက်တစ်တီဒင်နိစ်ကလည်း ပြုလုပ်ခဲ့ရာ အစိုးရကဒင်နိစ်အား လူသေမှုဖြင့်အပြစ်ပေးပြီး အဆိုပါ စူးစမ်းမှုမျိုးကို တရားဥပဒေဖြင့် တားမြစ်ခဲ့သည်။

၁၈၇၅ ခုနှစ်တွင် အင်္ဂလန်၌ မီးဖွားသော အမျိုးသမီးများ သွေးသွန်မှုကြောင့် အသေအပျောက် များသဖြင့် ဆေးသိပ္ပံပညာရှင် ဂျိမ်းဘလန်ဒါးက ယင်းပြဿနာကို ဖြေရှင်းရေးအတွက် လူတဦး၏ သွေးကို အခြားတဦးတွင် ပေးသွင်းနိုင်မည့် လက်တွေ့ စူးစမ်းမှုမျိုးကို ပြုလုပ်ခဲ့သည်။ ယင်းအချိန်မှစ၍ ၁၉၀၀ ပြည့်နှစ်အထိ ဆေးသိပ္ပံပညာရှင်များသည် လက်တွေ့စူးစမ်းမှု အမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။ ၁၉၀၀ ပြည့်နှစ်၌ ဇီဝဗေဒပညာရှင် ကားလ်လန်စတီနာ ဆိုသူက အေ - ဘီ - အို ဟူသော သွေးအုပ်စုတို့ကို စူးစမ်းတွေ့ခဲ့သည်။ ယင်းအချက်ကို အခြေခံ၍ ဆေးသိပ္ပံပညာရှင်များက လက်တွေ့စူးစမ်းမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ရာ အောင်မြင်မှုရခဲ့သည်။ ထိုနောက် ဆေးသိပ္ပံပညာရှင်များသည် ပိုမိုကောင်းမွန်သော နည်းသစ်များနှင့် ကရိယာများကို တီထွင်နိုင်ခဲ့သဖြင့် သွေးသွင်းကုသမှု အခြေအနေမှာ တရှိန်ထိုးတိုးတက်လာခဲ့သည်။

မျက်မှောက်ခေတ်တွင် သွေးအားနည်းခြင်း၊ မီးဖွားပြီးသွေးသွန်ခြင်း၊ အနာမှ သွေးထွက်များခြင်း၊ ဒဏ်ရာကြောင့် သွေးထွက်များခြင်းနှင့် အချို့ ခွဲစိတ်ကုသခြင်းတို့အတွက် အသက်ကယ်ကုသနည်းတမျိုးမှာ လူတဦး၏သွေးကို အခြားတဦးအား ပေးသွင်းကုသခြင်းပင် ဖြစ်သည်။

အရေပြားအစားထိုးမှု

ပြင်းထန်သည့် မီးလောင်ဒဏ်ရာ ရရှိသောလူနာ၏ သွေးကြည်ရည်များ မဆုံးရှုံးရန် ကာကွယ်လိုသည့်အခါ ဒဏ်ရာရသည့် နေရာတွင် အရေပြားအစားထိုး ပေးလေ့ရှိသည်။ ယင်းနည်းမှာ အယ်လိုဂျနစ် နည်းဖြစ်သည်။ ဆေးသိပ္ပံပညာရှင်များကမူ အဆိုပါနည်းဖြင့် အစားထိုးထားသော အရေပြားများသည်။ အခြားအင်္ဂါအစိတ်အပိုင်းများထက် တုံ့ပြန်မှုကို အမြန်ဆုံးခံရတတ်သည်ဟု ဆိုသည်။

မျက်ကြည်လွှာအစားထိုးမှု

မျက်ကြည်လွှာသည် မျက်စိ အလင်းရရှိရေး အတွက် အဓိကကျသော အင်္ဂါအစိတ်အပိုင်းများအနက် တခုဖြစ်သည်။ထို့ကြောင့် မျက်ခမ်းစပ်ရောဂါကြောင့်၎င်း၊ မျက်စိဒဏ်ရာရမှုကြောင့်၎င်း၊ အပြင်တိမ်ဖြစ်ပြီး မျက်ကြည်လွှာပျက်စီးသောအခါတွင်လည်း မျက်စိအလင်း ကွယ်တတ်လေသည်။

ယင်းအခြေအနေမျိုးတွင် မျက်ကြည်လွှာ အစားထိုးကုသမှုကို အော်တိုထရန်စပလန် တေးရှင်းနည်း သို့မဟုတ်



အယ်လိုဂျနစ်နည်းဖြင့် ပြုလုပ်ပေးသည်။ အစားထိုးကုသရာ၌လည်း အစားထိုးရန် လိုအပ်သော မျက်ကြည်လွှာတခုတည်းကို အစားထိုးခြင်းမျိုးကို၎င်း၊ မျက်ကြည်လွှာတုတခုလုံး အစားထိုးခြင်းကို၎င်း လိုအပ်သလို ပြုလုပ်လေသည်။

မျက်ကြည်လွှာအစားထိုးကုသမှုတွင် အသုံးပြုနိုင်သော လူသေမှ မျက်ကြည်လွှာမှာ အပူပိုင်းဒေသတွင် ကွယ်လွန်ပြီး ၂၄ နာရီအတွင်းဖြစ်ပြီး အအေးပိုင်းဒေသတွင် ကွယ်လွန်ပြီး ၁၂ နာရီအတွင်းဖြစ်သည်။ သို့သော်ကွယ်လွန်သူတဦး၏ မျက်လုံးအား ၄ ဒီဂရီ ဆင်တီဂရိတ်အပူချိန်ဖြင့် သိုလှောင်ထားမည်ဆိုလျှင် ကွယ်လွန်ပြီး ၄၈ နာရီအတွင်း အသုံးပြုနိုင်သည် ဟု ဆိုသည်။

အရိုးအစားထိုးမှု

အရိုးကျိုးသဖြင့် သာမန်နည်းဖြင့် ကုသပါသော်လည်း အရိုးပြန်မဆက်သော အခါမျိုးတွင် အော်တိုထရန်စပလန်တေးရှင်းနည်းကိုသုံး၍ ကုသလေသည်။

ကျောက်ကပ်အစားထိုးမှု

ကျောက်ကပ် ရောဂါကြောင့် အသက် အန္တရာယ်နှင့် ရင်ဆိုင်နေရသူများကို ကျောက်ကပ်အစားထိုးပေးသည်။ ယင်းသို့အစားထိုးပေးရာတွင် အယ်လိုဂျနစ် နည်းကို အသုံးပြုသည်။ ကုသမှုမပြုမီ ခဲ့စိတ်ကုသမှုခံနိုင်ရည်ရှိရန်နှင့် ခဲ့စိတ်ခြင်းပြုနေစဉ် အသက်မဆုံးရှုံး နိုင်ရန် လူနာကို ကြိုတင်ကုသမှုမျိုး ပြုလုပ်ပေးရသည်။ လူနာ၏ ကိုယ်ခန္ဓာအတွင်း၌ အဆိပ်အတောက် ဖြစ်နိုင်သည့်အညစ်အကြေးများ ကင်းစင်ရန်အတွက်၎င်း၊ သွေးများသန့်စင်ရန် အတွက်၎င်း၊ ကိုယ်ခန္ဓာအတွင်း လည်ပတ်နေသော အရည်များ ပုံမှန်လည်ပတ်နိုင်ရန်အတွက်၎င်း ကျောက်ကပ်ကဲ့သဖြင့် ပြုလုပ်ပေးရသည်။ (နှစ်ချုပ် ၇၈ – ၁၁၆ — ၌။) ကျောက်ကပ် အစားထိုး ကုသမှုပြုရာ၌ အသက်ရှင်လျက်ရှိသူတဦး၏ ကျောက်ကပ်ကိုသော်၎င်း၊ လူသေတဦး၏ ကျောက်ကပ်ကိုသော်၎င်း အသုံးပြုလေ့ရှိသည်။ အသက်ရှင်နေသူတဦး၏ ကျောက်ကပ်ကို အသုံးပြုသည့်အခါ၌ အစားထိုးပြီးသည်နှင့် တပြိုင်နက် အစားထိုးထားသော ကျောက်ကပ်ကို ပုံမှန်အလုပ် လုပ်ဆောင် လာနိုင်ရန် ကျောက်ကပ်စက်ဖြင့် ကူညီပေးရသည်။ ယင်းသို့ ကူညီပေးစဉ် လက်မခံနိုင်သည့် အခြေအနေမျိုး အကယ်၍မကြုံတွေ့ခဲ့လျှင် အစားထိုးထားသည့် ကျောက်ကပ်သည် ပုံမှန်အလုပ် လုပ်နိုင်မည့် ကျောက်ကပ် ဖြစ်လာလိမ့်မည်ဟု ယူဆနိုင်သည်။ တနည်းအားဖြင့် ဆိုသော် ကျောက်ကပ် အစားထိုးပြီးစအချိန်၌ ကျောက်ကပ် စက်၏ အကူအညီဖြင့် ကျောက်ကပ်လှုပ်ရှားနေစဉ် လက်မခံနိုင်သည့် အခြေအနေမျိုး လူနာ၌ မဖြစ်ပေါ်ခဲ့လျှင် အစားထိုးသည့် ကျောက်ကပ်သည် အနည်းဆုံးရက်သတ္တပတ် သုံးပတ် အများဆုံး ရက်သတ္တပတ် ခြောက်ပတ်ခန့် အကြာတွင် ပုံမှန်အတိုင်းဖြစ်လာလိမ့်မည်ဟု ဆိုနိုင်သည်။

ပြင်းထန်စွာ မီးလောင်ခံရသော လူငယ်တဦးကို အမေရိကန်နိုင်ငံမှ ဆရာဝန်များ၏ ဦးဆောင်မှုဖြင့် အရေပြား အစားထိုး ကုသပေး၍ အသက်ကယ်နိုင်ခဲ့ပြီဖြစ်သည်။
ကုသပေးပုံမှာ မီးလောင်ခံရသော နေရာများတွင် တခြားလူများ၏ အရေပြားများနှင့် အစားထိုးပေးခြင်း ဖြစ်သည်။
လူနာ၏ ပင်ကိုယ်အသားကိုမွေးယူခြင်းဖြစ်သည်။
ပုံမှာ ပြင်းထန်စွာ မီးလောင်ခံရသော လူငယ်တဦးကို
ဆရာဝန်များက အရေပြားများ အစားထိုး ကုသပေးနေပုံဖြစ်သည်။
ဆရာဝန်များ၏ ကုသမှုကို ခံယူအပြီး
တနှစ်ခန့်အကြာတွင် ယင်းလူနာမှာ
လုံးဝပျောက်ကင်းသွားခဲ့သည်ကို တွေ့ရသည်။

လူသေတဦး၏ ကျောက်ကပ်ကို အသုံးပြုသောအခါ၌ လူနာသက်သာသာရှိရန် အမျိုးမျိုးထပ်မံ ကုသပေး



မျက်ကြည်လွှာ အစားထိုးကုသရာတွင်
(၁) တလွှာလုံးကိုဖျင်း၊ (၂) အပေါ်ယံလွှာကိုသာ ယူ၍ဖျင်း အစားထိုး ကုသနိုင်သည်။ ထိုနှစ်မျိုးလုံးတွင် မျက်ကြည်လွှာ၏ တစိတ်တပိုင်းကိုသာ အစားထိုးခြင်းနှင့် မျက်ကြည်လွှာတခုလုံးကို အစားထိုးခြင်းဟူ၍ နှစ်မျိုးလုပ်နိုင်သည်။ ပုံတွင်ပြထားသည့် (က) နှင့် (ခ)မှာ မျက်ကြည်လွှာ၏ အပေါ်ယံလွှာကိုသာ ဖြတ်ယူ၍ အစားထိုးခြင်းဖြစ်ပြီး၊ (က)မှာ တစိတ်တပိုင်းကိုသာ အစားထိုးခြင်းကိုပြထား၍ (ခ)မှာ မျက်ကြည်လွှာအဝိုင်းအပြည့် တခုလုံး အစားထိုးခြင်း ဖြစ်သည်။ (ဂ)နှင့် (ဃ)မှာ မျက်ကြည်လွှာတခုလုံးကို အစားထိုးခြင်းဖြစ်ပြီး (ဂ)မှာ တစိတ်တပိုင်းကို အစားထိုးခြင်းပြထားပြီး၊ (ဃ)မှာ မျက်ကြည်လွှာအပြည့်တခုလုံး အစားထိုးခြင်းကို ပြထားပါသည်။

ရပြန်သည်။ အသုံးပြုသော ကျောက်ကပ်သည် ဆီးထုတ်လုပ်ခြင်းမပြုနိုင်သေးသဖြင့် ကျောက်ကပ်စက်ကို ကျောက်ကပ်က ဆီးပြန်လည်ထုတ်လုပ်နိုင်သည့်အချိန်အထိ အသုံးပြုရသည်။ ထို့ပြင် အခြားသော နည်းမျိုးများဖြင့်လည်း လိုအပ်သလို ထပ်မံကုသပေးရသေးသည်။ယင်းသို့ လိုအပ်သည့် ကုသမှုအမျိုးမျိုးဖြင့် ကုသပြီးနောက် အနည်းဆုံး ရက်သတ္တပတ် ခြောက်ပတ်နှင့် အများဆုံး နှစ်လခန့် အကြာ၌ လူနာသည် ကျန်းမာလာတော့သည်။

အယ်လိုဂျနစ် နည်းဖြင့် ကျောက်ကပ် အစားထိုးမှုကို အမေရိကန်နိုင်ငံတွင် ၁၉၅၅ ခုနှစ်ကပင် အောင်မြင်စွာ လုပ်ကိုင်ခဲ့သည်။ ထို့နောက် ဆက်လက် လုပ်ကိုင်ခဲ့ရာ ၁၉၆၅ ခုနှစ်အထိ ကျောက်ကပ်အစားထိုးမှု ပေါင်း ၂၅၀ ကျော်ကို အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြုလုပ်နိုင်ခဲ့သည်။ ၁၉၇၇ ခုနှစ် မတ်လအတွင်း၌ နယူးယောက်မြို့ရှိ ဆေးရုံတရုံမှ ဆေးသိပ္ပံပညာရှင် ဝီလျံစတူဗန်းဗော့လာသည် မောစကိုမြို့မှ ရုရှ ဆေးသိပ္ပံပညာရှင် ရှမာကော့ဗ်က ပေးပို့လိုက်သော ကျောက်ကပ်တခုကို အသက် ၃၀ နှစ်ရှိ လူနာတဦးတွင် အစားထိုးပေးခဲ့သည်။ အဆိုပါ ကျောက်ကပ်မှာ အထက်ပါလူနာတွင် အစားထိုးမပေးမီ ၄၈ နာရီအလိုတွင် မောစကိုမြို့၌ ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ရုရှ လူငယ်တဦး၏ ကျောက်ကပ်ဖြစ်လေသည်။

အသည်းအစားထိုးမှု

အသည်းအစားထိုးမှုကိုလည်း အယ်လိုဂျနစ် နည်းဖြင့် ပြုလုပ်သည်။ ယင်းကုသမှုတွင်လည်း ကျောက်ကပ်အစားထိုးပေးရာ၌ ကြုံတွေ့ရသော အခက်အခဲမျိုးနှင့် ရင်ဆိုင်ရသည်။ ဆေးသိပ္ပံပညာရှင်များသည် အသည်းအစားထိုးမှုကို တိရစ္ဆာန်များနှင့် နှစ်ပေါင်းများစွာ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ယခုအခါ အတော် အောင်မြင်လျက်ရှိသည်ဟု သိရသည်။

အသည်း၌ဆဲပေါင်းများစွာပါရှိပြီး ယင်းတို့မှာ အလွယ်တကူ ပျက်စီးတတ်သည်။ သို့သော် တုံ့ပြန်မှုမဖြစ်စေရန် အသုံးပြုသော ဆေးဝါးများတွင် ရေဒီယိုသတ္တိကြွ ဆေးတမျိုးကိုပါ ထည့်သွင်း အသုံးပြုသဖြင့် ဆဲများ မပျက်စီးနိုင်ကြောင်း သိရသည်။ အသည်းအစားထိုးပေးရာ၌ အများအားဖြင့် လူသေ၏ အသည်းကိုယူ၍ အသုံးပြုလေ့ရှိသည်။ တခါတရံ အစားထိုးပေးသည့် အသည်းအတွင်း အောက်ဆီဂျင်ဓာတ် နည်းပါးသည့် အန္တရာယ်မျိုးနှင့်လည်း ရင်ဆိုင်ကြရသည်။

အသည်းအစားထိုးမှု အောင်မြင်ရေးမှာ လူနာ၏ ပင်ကိုယ် အခြေခံအပေါ် ၌လည်း မူတည်သည်။ အသည်းရောဂါကြောင့် မေ့မြော သွားတတ်သူများနှင့် ပြင်းပြင်းထန်ထန် ဖျားနာနေသူများသည် အသည်းအစားထိုးကုသမှုခံယူရန် မသင့်သော လူနာမျိုး ဖြစ်ပြီး သည်းခြေခေါင်း ပိတ်ရောဂါ စွဲကပ်နေသည့် မွေးကင်းစ ကလေးငယ်များနှင့် အသည်းကင်ဆာကဲ့သို့ အသည်းရောဂါ စွဲကပ်နေသော လူနာများသည် အသည်းအစားထိုးပေးသင့်သော လူနာမျိုးဟူ၍ ဆေးသိပ္ပံပညာရှင်များက ယူဆထားကြသည်။

နှလုံးအစားထိုးမှု

ဆေးသိပ္ပံပညာရှင်များသည် နှလုံး အစားထိုးမှုအောင်မြင်ရေးအတွက် အယ်လိုဂျနစ်နည်းကို သုံး၍ တိရစ္ဆာန်များဖြင့် နှစ်ပေါင်းများစွာ လက်တွေ့ စမ်းသပ်ခဲ့သည်။

နောက်မှ ယင်းနည်းဖြင့် လူတဦး၏ နှလုံးသားကို အခြား သူတဦးတွင် အစားထိုးပေးခဲ့ခြင်း ဖြစ်သည်။

နှလုံးအစားထိုးရာ၌ အဓိကဖြစ်ပေါ်လာသော ပြဿနာများမှာ အစားထိုးထည့်သည့် နှလုံးအတွင်း၌ အောက်ဆီဂျင် ဓာတ်ငွေ့မပြည့်ဝခြင်းနှင့် နှလုံးခုန်နှုန်း မမှန်ခြင်း တို့ဖြစ်သည်။ ယင်းပြဿနာများ ပြေလည်ရန်အတွက် အစားထိုးထည့်သည့်နှလုံးအတွင်းသို့အောက်ဆီဂျင်ပါသော သွေးများ၊ သို့မဟုတ် အေးစက်နေသော သွေးများကို ပျံ့နှံ့အောင် နှလုံး အဆုတ်စက်ဖြင့် ကူညီပေးရသည်။ ထို့အပြင် အစားထိုးထားသည့် နှလုံး ပုံမှန်အလုပ် လုပ်လာနိုင်သည်အထိ လူနာကို နှလုံး–အဆုတ် စက်ဖြင့် အသက်ဆက်ပေးရသည်။

ကမ္ဘာတွင် ပထမဆုံးအကြိမ် နှလုံးအစားထိုးမှုကို တောင် အာဖရိကနိုင်ငံ ကိပ်တောင်းမြို့ ဂရုရှူးဆေးရုံမှ ဆေးသိပ္ပံပညာရှင် ဒေါက်တာ ခရစ်ရှင်ဗားနတ် ဦးဆောင်သော ဆေးသိပ္ပံပညာရှင်တစုက ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ နှလုံးရောဂါ စွဲကပ်နေသူ အသက် ၅၅ နှစ်ရှိ ဝေဒနာရှင်တဦး၏နှလုံးကို မော်တော်ကားတိုက်၍ သေဆုံးသွားသော အသက် ၂၅ နှစ်ရှိအမျိုးသမီးတဦး၏ နှလုံးသားဖြင့် အစားထိုးပေးခဲ့ခြင်း ဖြစ်သည်။ ကုသမှုခံယူသူမှာ ၁၈ ရက်တိုင်တိုင် အသက်ရှင်ခဲ့သည်။

ကမ္ဘာတွင် ဒုတိယအကြိမ် နှလုံးအစားထိုးကုသမှုကို အမေရိကန် ဆေးသိပ္ပံပညာရှင် ဒေါက်တာ ကန်ထရိုဝစ် ဦးဆောင်သော ဆေးသိပ္ပံပညာရှင်တစုက ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ဝမ်းတွင်းပါ နှလုံးရောဂါသည် ၁၉ ရက်သား ကလေးငယ်၌ ဦးနှောက်ချိုတဲ့သော ရောဂါဖြင့် မွေးဖွား လာသည့် သုံးရက်သား ကလေးငယ်၏ နှလုံးဖြင့် အစားထိုး ပေးခြင်းဖြစ်သည်။ ကုသမှုခံယူသည့် ကလေးငယ်သည် နောက်နာရီဝက်ခန့် အသက်ရှင်ခဲ့သည်။

ထို့နောက် ၁၉၆၈ ခုနှစ် ဇန္ဓဝါရီလ ၂ ရက်နေ့တွင် ဒေါက်တာ ဗားနတ်သည် ကမ္ဘာတွင် တတိယ အကြိမ်၊ ၁၉၆၈ ခုနှစ် ဇန္ဓဝါရီလ ၆ ရက်နေ့တွင် အမေရိကန် ဆေးသိပ္ပံပညာရှင် ဒေါက်တာ ရှမ်းဝေသည်ကမ္ဘာတွင် စတုတ္ထ အကြိမ်၊ ၁၉၆၈ ခုနှစ် ဇန္ဓဝါရီလ ၉ ရက်နေ့တွင် အမေရိကန် ဆေးသိပ္ပံပညာရှင်များ စုပေါင်း၍ ကမ္ဘာတွင် ပဉ္စမ အကြိမ် စသည်ဖြင့် နှလုံးအစားထိုးမှုများ အသီးသီး ပြုလုပ်ခဲ့သည်။ ယနေ့အထိ နှလုံး အစားထိုးမှုပေါင်း ၂၈ ကြိမ်ခန့် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ တောင်အာဖရိကနိုင်ငံ တနိုင်ငံတည်းတွင် ၁၅ ကြိမ် ပြုလုပ်ခဲ့သည်။

နှလုံးအစားထိုးရာ၌ အစားထိုးမည့် နှလုံးသည် ရောဂါရခြင်းသော်၎င်း၊ ဒဏ်ရာရခြင်းသော်၎င်း လုံးဝမရှိရ၊ အကောင်းပကတိ ဖြစ်ရသည်။ လူနာသည် နှလုံးပေးလှူမည့်သူနှင့် သွေးအမျိုးအစားချင်း တူညီရမည်။ သို့မဟုတ် ယင်းလူ၏ သွေးကို လက်ခံနိုင်မည့် အခြေအနေရှိရသည်။ ထို့ပြင် နှလုံးပေးလှူမည့်သူ၏ တစ်ရှူးနှင့် လူနာသည်၏ တစ်ရှူးတို့သည်လည်း အချင်းချင်း သင့်တင့်ရသည်။

အဆုတ်အစားထိုးမှု

အဆုတ်အစားထိုးမှုတွင်လည်း အခြား အင်္ဂါအစိတ်အပိုင်းများအစားထိုးသကဲ့သို့ပင် သွေးဖြူဥများ၏ တုံ့ပြန်မှုများ ကြုံရသည်၊ သိပ္ပံပညာရှင်များသည် အယ်လိုဂျနစ်နည်းကို အသုံးပြု၍ အဆုတ်အစားထိုးမှုကို ခွေးများဖြင့် လက်တွေ့စမ်းသပ်ခဲ့သည်။ ယနေ့အထိ လူသားအချင်းချင်း အဆုတ်အစားထိုး ကုသပေးမှုမှာ တခုတည်းသာ ရှိသေးသည်။ ယင်းအဆုတ်အစားထိုးမှုတွင် လူနာမှာ လက်ဝဲအဆုတ်အတွင်း လေအောင်းသည့် ရောဂါကြောင့် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသူ ဖြစ်သည်။ ဆေးသိပ္ပံပညာရှင်များသည် လူသေ၏ လက်ဝဲအဆုတ်ကို အဆိုပါလူနာတွင် အစားထိုး ပေးခဲ့သည်။ အဆိုပါ လူနာမှာ ကုသမှုခံယူပြီးနောက် ခုနှစ်ရက်ခန့်အကြာတွင် အစားထိုးထားသော အဆုတ်၌ ပြင်ပမှ ရောဂါပိုးများ စွဲကပ်လာပြီး ရုတ်တရက် အခြေအနေ ဆိုးရွားလာကာ သေဆုံးခဲ့လေသည်။

အင်ဒိုကရိုင်း အင်္ဂါများ အစားထိုးမှု

အင်ဒိုကရိုင်း အင်္ဂါများ အစားထိုးမှုဆိုသည်မှာ အင်ဒိုကရိုင်းဂလင်းများ ဖြစ်ကြသည့် ပန်ကရိနှင့် အဒရီနယ်ကဲ့သို့သော ဂလင်းများကို အစားထိုးခြင်း ဖြစ်သည်။ ကိုယ်ခန္ဓာအတွင်း ဖြစ်ပေါ်သော ဓာတုပစ္စည်းများ ပုံမမှန်လျှင် မျက်နှာနှင့်အခြား ကိုယ်အစိတ်အပိုင်းများရှိ အရိုးနှင့် တစ်ရှူးများ အားနည်းလာပြီး သွေးတိုးရောဂါနှင့် ဆီးချိုရောဂါပါ စွဲကပ် ဖြစ်လာတတ်သည်။ ယင်းသို့သော ဝေဒနာများ စွဲကပ်လာလျှင် အခြေအနေကိုလိုက်၍ ပန်ကရိကို သော်၎င်း၊ အဒရီနယ် ဂလင်းကို သော်၎င်း အစားထိုး ကုသပေးရသည်။ ကုသပေးသော နည်းမှာ အယ်လိုဂျနစ် ထရန်စပလန်တေးရှင်း အစားထိုးကုသနည်း ဖြစ်သည်။ အဒရီနယ်ကဲ့သို့သော ဂလင်းမျိုးနှင့် ပတ်သက်သည့် ရောဂါများ ကုသရာ၌ အဆိုပါ ဂလင်း၏ အစိတ်အပိုင်း အနည်းငယ်ကို ဖြတ်တောက်၍ ပေါင်သားတွင် အစားထိုးပေးခြင်းဖြင့် ကုသရသည်ဟု ဆိုသည်။

ဆေးပညာနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်း



ကျောက်ကပ် အစားထိုး ကုသရာတွင်
ကျောက်ကပ်စီးဂလင်းကို နဂိုမူလအတိုင်းထားလျက်
ရောဂါရ ကျောက်ကပ်ကိုသာ
ဖယ်ရှားထုတ်ပစ်သည်။ ကျောက်ကပ်အသစ်ကို
တင်ပါးရိုးတွင် နေသားတကျ တပ်ဆင်ပြီးနောက်
ယင်းနှင့်အတူပါရှိသော ဆီးပြွန်၊ သွေးလွှတ်ကြောနှင့်
သွေးပြန်ကြော အစိတ်အပိုင်းများကို
လူနာ၏ ဆီးပြွန်နှင့် သွေးကြောများတို့ကို
ဆက်သွယ်ချုပ်ပေးထားရသည်။

သရက်ရွက် အစားထိုးမှု

လူ၏သရက်ရွက်မှ တစ်ရှူးများ အစားထိုးမှုကို အယ်လိုဂျနစ်နည်းဖြင့် အမေရိကန် နိုင်ငံ၊ ဒန်ဗာ ဆေးသုတေသန ဌာနတွင် ၁၉၆၅ ခုနှစ်ခန့်မှစ၍ ပြုလုပ်ခဲ့သည်။ ယင်း သို့ပြုခဲ့သော ကုသမှုများ၌ ကုသမှု တခုမှလွဲ၍ ကျန်ကုသမှုများတွင် အသုံးပြုခဲ့သော အင်္ဂါအစိတ်အပိုင်းများမှာ လူနာနှင့် ဆွေနီးမျိုးစပ် မတော်စပ်သူများ၏ အင်္ဂါအစိတ်အပိုင်းများ ဖြစ်သည်ဟု သိရသည်။

ယင်းကုသမှု၌ ဖြစ်တတ်သော ရောဂါမှာ သွေးနှဲများ ပျက်စီးခြင်းကြောင့် ဖြစ်ရသော သွေးအားနည်း ရောဂါ ပင်ဖြစ်သည်။ အစားထိုး ပေးသည့် တစ်ရှူးများကို တုံ့ပြန်သည့် အခြေအနေမျိုး ရှိသည်ဟူ၍ကား အတိအကျ မသိရသေးဟု ဆေးသိပ္ပံပညာရှင်များက ဆိုသည်။

အူလမ်းကြောင်းအတွင်း တစ်ရှူးအစားထိုးမှု

ယင်းကုသမှုကို အယ်လိုဂျနစ်နည်းဖြင့် အမေရိကန် နိုင်ငံနှင့် ရုရှနိုင်ငံများ၌ တိရစ္ဆာန်များအား အစမ်းကုသ ပေးခဲ့သည်။ အင်္ဂါအစိတ်အပိုင်း ကြီးကြီးမားမားကို အစားထိုးပေးရာတွင် တုံ့ပြန်မှု ဖြစ်ပေါ်ပြီး အကုအသ ခံယူသော တိရစ္ဆာန်မှာ သေရသည်။ သို့သော် သေးငယ်သော အင်္ဂါအစိတ်အပိုင်းများ အစားထိုးပေးရာတွင်မူ တုံ့ပြန်မှုကို ဆေးဝါးများဖြင့် နှိမ်နင်းပေးခြင်းအားဖြင့် အောင်မြင်မှုရှိသည်ဟု ဆေးသိပ္ပံပညာရှင်များက ဆိုကြလေသည်။

အင်္ဂါအစိတ်အပိုင်း အစားထိုးပေးရာတွင် လူနာနှင့် အင်္ဂါအစိတ်အပိုင်း ပေးလှူမည့် သူတို့အချင်းချင်း သွေး အမျိုးအစား တူရသည်။ သို့မဟုတ် တဦး၏ သွေးကို တဦးက လက်ခံနိုင်သည့် အခြေအနေမျိုးရှိရသည်။ တဦး၏ တစ်ရှူးကိုလည်း တဦးက လက်ခံနိုင်သည့် အခြေအနေ ရှိရန်ဟူသော အချက်မှာလည်း အရေးကြီးသည်။ ယင်း ကဲ့သို့ တူညီမှုမျိုးမရှိပါက လူနာတွင် လက်မခံနိုင်သည့် တုံ့ပြန်မှုများ ဖြစ်ပေါ်လာပြီး ကုသမှု အောင်မြင်ရန် မလွယ်ကူချေ။

အခြားအခက်အခဲမှာ လိုအပ်သည့် အင်္ဂါအစိတ်အပိုင်း များကို လွယ်လင့်တကူ မရနိုင်ခြင်းပင် ဖြစ်သည်။ လူ သေမှ အင်္ဂါအစိတ်အပိုင်းကို အသုံးပြုနိုင်သည့် အခြေ အနေမျိုးရှိသော်လည်း အဆိုပါ လူသေ၏ ဆွေမျိုးသား ချင်းများထံမှ သဘောတူညီမှုမျိုးကို အချိန်မီရရန် မလွယ် ကူပေ။ အထူးသဖြင့် နှလုံးအစားထိုးပေးရာတွင် အစား ထိုးရမည့် နှလုံးသားသည် အပြစ်ကင်းစင်ပြီး လောလော လပ်လပ် သေဆုံးသူထံမှ ဖြစ်ရသည်။ ထို့ကြောင့် အဆို ပါ အင်္ဂါအစိတ်အပိုင်းနှင့် စပ်လျဉ်း၍ ကြိုကြိုတင်တင် စီစဉ်မှုများ စနစ်တကျ ပြုလုပ်ထားရန် လိုသည်။

ယခုအခါ၌ ဆေးသိပ္ပံပညာရှင်များသည် အင်္ဂါအစိတ် အပိုင်း အစားထိုးမှု အောင်မြင်ရေးအတွက် ဆက်လက် ၍ သုတေသနပြုလျက်ရှိကြသည်။ အလားတူပင် တုံ့ပြန်မှု ကို နှိမ်နင်းပေးမည့် အစွမ်းထက်သော ဆေးဝါးများကိုလည်း စမ်းသပ် ဖော်စပ်လျက်ရှိသည်။ လိုအပ်သော အင်္ဂါအစိတ် အပိုင်းများ လွယ်လင့်တကူရနိုင်ရန် သွေးလှူဘဏ်ကဲ့သို့ အင်္ဂါအစိတ်ပိုင်းများစုဆောင်းသည့် ဘဏ်မျိုးမှာ အမေရိ ကန် ပြည်ထောင်စု မာရီလန်ပြည်နယ် ဘိသိစတာရှိ ရေတပ် ဆေးသိပ္ပံကျောင်းတွင် တခုရှိသည်။ အဆိုပါဘဏ် မျိုး ဖြစ်မြောက်ရေးမှာ ဆေးသိပ္ပံပညာရှင်များ၏ အဓိက ရည်မှန်းချက် ဖြစ်လေသည်။ ။

ဦးမောင်မောင်ရင်

အာဖရိက

အာဖရိကတိုက်တွင် ကျွန်ကုန်ကူးသည့်စနစ် အမြစ်စွဲခဲ့သည်မှာ ယနေ့မှစ၍ ရေတွက်သော် နှစ်ပေါင်း ၂၅၀ ခန့် ကြာရှိခဲ့ပြီ ဖြစ်သည်။ ခရစ်နှစ် ၁၆၀၀ မှ ၁၈၀၀ ခုနှစ်အတွင်းတွင် အာဖရိကတိုက်မှလူမည်း ၁၅ သန်းခန့်သည် ကျွန်ကူးသန်းရောင်းဝယ်ရေး စနစ်ဆိုးဒဏ်ကို အလူးအလဲခံခဲ့ကြရရှာသည်။ ထိုကြောင့်ပင် အာဖရိကတိုက်ကြီးကို အမှောင်တိုက်ကြီးဟု တချိန်က ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ဥရောပတိုက်သားများသည် အာဖရိကတိုက်ရှိနိုင်ငံများအား ကိုလိုနီနိုင်ငံများအဖြစ် ပြုပြင်ပွဲစည်းခဲ့ကြရာ တိုင်းရင်းသားများက အမျိုးသားရေးလှုပ်ရှားမှုများဖြင့် ကိုလိုနီစနစ်ကို တိုက်ဖျက်ခဲ့ကြသည်။ လွတ်လပ်သောနိုင်ငံများ ထူထောင်ခဲ့ကြသည်။သို့သော် အာဖရိကတိုက်အတွင်းရှိ နိုင်ငံအများ၏ နိုင်ငံရေးလှုပ်ရှားမှုများမှာ အနည်းနှင့်အများဆိုသလို ရှိနေဆဲပင်ဖြစ်လေသည်။

အာဖရိကတိုက်ကြီးသည် ယခုအခါတွင် ကမ္ဘာ့နိုင်ငံရေးနှင့် လူမှုရေးဇာတ်ခုံတွင် အရေးပါအရာရောက်လျက်ရှိပေသည်။

အာဖရိကတိုက်သည် ကမ္ဘာ့မြေမျက်နှာပြင်၏ ငါးပုံတပုံမှန်ရှိ၍ ကမ္ဘာတွင် ဒုတိယ အကြီးဆုံးတိုက်ကြီးဖြစ်သည်။ ရာသီဥတု ပူပြင်းလှပြီး ရောဂါဘယထူပြောလှသော အာဖရိကတိုက်သည် သယံဇာတပစ္စည်းများ ပေါကြွယ်လှသည်။ သယံဇာတပစ္စည်းများ ပေါကြွယ်လှသော်လည်း တိုင်းရင်းသားများမှာ ဆင်းရဲမွဲတေလျက်ပင် ရှိသေးသည်။ စာမတတ်သူဦးရေမှာလည်း ရာခိုင်နှုန်း ၉၀ ကျော်ရှိသေးသည်။

ကျွန်ကူးသန်းရောင်းဝယ်ရေးစနစ်သည် အာဖရိကတိုက်တွင် နှစ်ပေါင်း ၂၅၀ ခန့်ကြာမြင့်ခဲ့သည်။ နောက်ပိုင်းတွင် ဥရောပတိုက်သားများသည် အာဖရိကနိုင်ငံများအား ကိုလိုနီပြုခဲ့ကြ၍ တိုင်းရင်းသားများအား ဖိနှိပ်ချုပ်ချယ်ကာ သွေးစုပ်ခဲ့လေသည်။ ကိုလိုနီအရင်းရှင်များ ဖြစ်ကြသော ပြင်သစ်၊ ဗြိတိသျှ၊ ပေါ်တူဂယ်၊ ဗဲလ်ဂျီယမ်၊ စပိန်၊ ဣတလီနှင့် ဂျာမန်နိုင်ငံတို့သည် ယင်းတို့၏ ကိုလိုနီများကို ဖိနှိပ်ခဲ့ကြလေသည်။

ကိုလိုနီအရှင်များက ဖိနှိပ်ခဲ့ကြသော်လည်း ကိုလိုနီအများသည် အမျိုးသားရေး လှုပ်ရှားမှုများဖြင့် ကိုလိုနီစနစ်ကို တွန်းလှန်ကာ လွတ်လပ်သော နိုင်ငံများအဖြစ် ထူထောင် လာခဲ့ကြသည်။ လွတ်လပ်ရေးနှင့်အတူ ကိုလိုနီအမွေဆိုးများပါရရှိခဲ့ကြသဖြင့် ပြဿနာအဖုဖုကို ရင်ဆိုင်ခဲ့ကြရသည်။ ထို့ကြောင့် နိုင်ငံများသည် မိမိတို့၏ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ကိုလိုက်၍ နိုင်ငံရေးလမ်းစဉ်များကို ချမှတ်ထူထောင်ခဲ့ကြရသည်။

အာဖရိက နိုင်ငံအများသည် ကမ္ဘာ့အရေးအခင်းများနှင့် အာဖရိကတိုက်လုံးဆိုင်ရာအရေးအခင်းများတွင် စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်မှုများ ရှိခဲ့သော်လည်း မိမိတို့အချင်းချင်း ဆက်ဆံမှုများတွင်မူ မပြေလည်မှုအစ၊ ငြင်းခုံမှုအလယ်၊ လက်နက်ကိုင်တိုက်ပွဲအဆုံး စသည်ဖြစ်ရပ်များလည်း ရှိခဲ့သည်။ ယခုလည်း ရှိဆဲပင်ဖြစ်သည်။

အီသီအိုးပီးယား နိုင်ငံ အရေးအခင်း

သက်ဦးဆံပိုင် ဘုရင်စနစ်ဖြင့် ၄၄ နှစ်ကြာမျှ အုပ်စိုးခဲ့သော ဘုရင်လက်မှအာဏာကို ၁၉၇၄ ခုနှစ် စက်တင်ဘာလတွင် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီက သိမ်းပိုက်ခဲ့လေသည်။ (နှစ်ချုပ် ၇၈–၃၀၉—ရှ။)

စစ်အုပ်ချုပ်ရေးကောင်စီ၏ ဥက္ကဋ္ဌဖြစ်လာသူ ဒုတိယဗိုလ်မှူးကြီး မင်္ဂျစ်စတူဟေလီမေရိယံထံသို့ ကျူးဗား ဝန်ကြီးချုပ် ကက်စထြိုက ဂုဏ်ပြုလွှာ ပေးပို့ခဲ့သည်။ အီသီအိုးပီယားမြောက်ပိုင်းရှိ အီရစ်ထရီယားပြည် ခွဲထွက်ရေးသူပုန်များကို နှိမ်နင်းမှုနှင့်စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများဖြစ်သော ဆူဒန်၊ ဆိုမာလီနိုင်ငံတို့နှင့် ဆက်ဆံရေးပျက်ပြားခဲ့ရသည်။ အီသီအိုးပီးယား အစိုးရသည် အထက်ပါပုန်ကန်မှုများအပြင် အခြားပုန်ကန်လှုပ်ရှားမှု လေးများကိုလည်း နှိမ်နင်းနေရသည်။

အီသီအိုးပီးယားနိုင်ငံသည် နှစ်ပေါင်း ၃၀ နီးပါးမျှ အရင်းရှင်အုပ်စုများ၌ ရပ်တည်ခဲ့သော်လည်း ယခုအခါတွင် ဆိုရှယ်လစ်အုပ်စုဖက်သို့ ကူးပြောင်းလျက်ရှိသည်။ ၁၉၇၇ ခုနှစ် ဖေဖွဝါရီလတွင် အမေရိကန်ပြည်ထောင်စုက လူအခွင့်အရေးများ ဖောက်ဖျက်သည်ဟုဆိုကာ စစ်ရေးအကူအညီပေးမှုများ ရပ်ဆိုင်းခဲ့သဖြင့် နိုင်ငံခြင်းဆောင် မင်္ဂျစ်စတူက အမေရိကန် သံအမှဲဝင်များအပြင် အခြားကျွမ်းကျင်သူများကိုပါ အီသီအိုးပီးယားနိုင်ငံမှ နှင်ထုတ်ခဲ့သည်။ ထို့နောက် မေလတွင် မင်္ဂျစ်စတူသည် ရုရှနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားထောက်ခဲ့ပြီး ချစ်ကြည်ရေးစာချုပ်တရပ် ချုပ်ဆိုခဲ့သည်။

သန်းပေါင်းများစွာသော အာဖရိကတိုက်သားများသည် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်ဆိုင်ခွင့်ကို လိုလားတောင့်တ မျှော်လင့်နေကြပြီဖြစ်သည်။ (ယာမုံ)



အိုဂါဒင်စစ်ပွဲတွင် အီသီအိုးပီးယားတို့က အပေါ်စီးရလာခဲ့သောအခါ အမေရိကန်ပြည်ထောင်စုသည် ဆိုမာလီနိုင်ငံကျူးကျော်ခံရလျှင် ယင်းစစ်ပွဲတွင် တိုက်ရိုက်ပါဝင်လာနိုင်ကြောင်း သတိပေးခဲ့သဖြင့် အီသီအိုးပီးယားနိုင်ငံက ဆိုမာလီနိုင်ငံကို ကျူးကျော်မည်မဟုတ်ကြောင်း ၁၉၇၈ ခုနှစ်ဦးပိုင်းတွင် ကတိပြုခဲ့လေသည်။

ဆိုမာလီနှင့်တိုက်ပွဲဖြစ်ပွားပြီးနောက်ပိုင်းတွင် အီသီအိုးပီးယားနိုင်ငံအကြီးအကဲ ဒုတိယဗိုလ်မှူးကြီး မင်ကျစ်စတူသည် အရှေ့ဖက်သို့ပိုမို ယိမ်းသွားခဲ့လေသည်။ ထိုကြောင့် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ဆိုဗီယက်ပြည်ထောင်စု၊ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ချက်ကိုဆလိုဗားကီးယား၊ ဟန်ဂေရီ၊ ရူမေးနီးယား၊ ယူဂိုစလားဗီးယားနှင့် ပိုလန်နိုင်ငံတို့သို့ သွားရောက်လည်ပတ်ခဲ့ရာ ယင်းခရီးမှာလွန်စွာအောင်မြင်ပြီး ပစ္စည်းအကူအညီများသာမက စိတ်ဓာတ်ရေးရာ အားပေးထောက်ခံမှုများပါ မဟာမိတ် ဆိုရှယ်လစ်နိုင်ငံများက ကူညီအားပေးရန် ကတိပြုကြောင်းဖြင့် မင်ကျစ်စတူက ထုတ်ဖော်ပြောခဲ့သည်။

အီသီအိုးပီးယား–ဆိုမာလီယာ

အီသီအိုးပီးယားနိုင်ငံ၏ အိုဂါဒင်သဲကန္တာရတွင် အီသီအိုးပီးယားစစ်တပ်များနှင့် ဆိုမာလီယာနိုင်ငံက အားပေးထောက်ခံနေသော အနောက်ပိုင်း ဆိုမာလီလွတ်မြောက်ရေးတပ်ဦးအမည်ခံ ပြောက်ကျားများသည် အပြင်းအထန်တိုက်ပွဲဖြစ်ပွားနေသည်။ ဆိုဗီယက် ရုရှ၏ မဟာမိတ်ဖြစ်သော အီသီအိုးပီးယားနှင့် ဆိုမာလီတို့တိုက်ပွဲသည် နှစ်ဦးနှစ်ဖက် ရှိသမျှ အင်အားများကိုသုံး၍ တိုက်ကြသော စစ်ပွဲကြီးအသွင်သို့ဦးတည်ခဲ့သည်။ သံတမန်ဆက်သွယ်မှု များကိုလည်း ဖြတ်တောက် လိုက်ကြသည်။ ကြည်းတပ် များသာမက လေတပ်များပါ ပါဝင်လာပြီး ဗုံးကြဲတိုက်ခိုက် ခဲ့ကြသည်။

အိုဂါဒင်သဲကန္တာရတွင် တိုက်ခိုက်နေသူများမှာပြောက်ကျားများသာမက ဆိုမာလီယာနိုင်ငံ၏ အမြဲတမ်း စစ်တပ်များနှင့် လေတပ်တို့ပါ ပါဝင်ခဲ့သည်ဟု အီသီအိုးပီးယားတို့က စွပ်စွဲခဲ့သည်။ထို့အတူ အီသီအိုးပီးယားတို့ ဖက်တွင်လည်း ကျူးဗား စစ်သားများနှင့် တောင်ယေမင်တပ်များက ဝင်ရောက်ကူညီတိုက်ခိုက်ခဲ့သည့်အပြင် ဆီးရီးယား လေယာဉ်မှူးများကလည်း ပါဝင်တိုက်ခိုက်ခဲ့သည်ဟု ဆိုမာလီနိုင်ငံက ပြန်လည်စွပ်စွဲခဲ့လေသည်။ ဆိုမာလီနှင့် အီသီအိုးပီးယားတို့ ပြဿနာကို အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ) က ကူညီဖြေရှင်းပေးသော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ ကုလသမဂ္ဂအဖွဲ့ကြီးကလည်း အီသီအိုးပီးယားနှင့် ဆိုမာလီနိုင်ငံတို့အား တိုက်ပွဲများ ရပ်စဲရန် ၁၉၇၇ ခုနှစ်အောက်တိုဘာလတွင် မေတ္တာရပ်ခံခဲ့သည်။ သို့သော် ယင်းမေတ္တာရပ်ခံချက်ကို နှစ်နိုင်ငံစလုံးက ဝေဖန်ခဲ့လေသည်။

စစ်ပွဲတွင်ပါဝင်လျက်ရှိသော အင်အားမှာ အီသီအိုးပီးယားဖက်တွင် ၈၀,၀၀၀ ခန့်ရှိ၍ ဆိုမာလီဖက်တွင် ၃၅,၀၀၀ ခန့်ရှိသည်ဟု ခန့်မှန်းကြသည်။အီသီအိုးပီးယားတို့ဖက်မှ ရှရှဗိုလ်ချုပ်များနှင့်ကျူးဗားတပ်များက ပါဝင်ကူညီတိုက်ခိုက်ကြသည်ဟု ဆိုသည်။ လေယာဉ်နှင့် တင့်ကားများကိုသုံး၍ နှစ်ဖက်ပြင်းထန်စွာတိုက်ခိုက်ကြသည်။ ၁၉၇၈ ဧနှစ် ပြီလတွင် ဆိုမာလီယာနိုင်ငံတွင် အာဏာသိမ်းရန်ကြိုးပမ်းမှုပေါ်ခဲ့သဖြင့် ဆိုမာလီတပ်များကို ပြန်လည်ရုပ်သိမ်းခဲ့ရသဖြင့် တိုက်ပွဲကြီးမှာ ရပ်စဲသွားခဲ့သည်။ သို့သော် ပြောက်ကျားများကမူ လှုပ်ရှားဆဲပင်ရှိနေသည်။

အီသီအိုးပီးယားနှင့် ဆိုမာလီနိုင်ငံတို့သည် အိုဂါဒင်နယ်ကိစ္စနှင့်စပ်လျဉ်း၍ တိုက်ပွဲများဖြစ်ပွားခဲ့ကြပြီးနောက်ဆက်

အနောက်ပိုင်း ဆိုမာလီ လွတ်မြောက်ရေး တပ်ဦး၏အကူအညီဖြင့် တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေသော တိုဂါဒင် သဲကန္တာရအတွင်းမှ ဆိုမာလီ ပြည်သူများ





ဆိုမာလီနိုင်ငံတော် အလံကို အလေးပြု
နသောတပ်သားတဦး (ဝဲအပေါ်ပုံ)
ခတ် မီလက်နက် ကိုင်ဆောင်ထားသူ
ဆိုမာလီ အမျိုး သမီးတဦး (ဝဲအောက်ပုံ)





အီသီ အိုးပီးယားနှင့် ဆိုမာလီစစ်ပွဲအပြီးတွင် နှစ်နိုင်ငံ
စစ်သုံပန်းများ လဲလှယ်ရန် ပြင်ဆင်နေစဉ်

ဆံမှုတန်းနေခဲ့ရာမှယခုအခါတွင်ပုံမှန်ဆက်ဆံနိုင်ရေးအတွက် ရောင်ခြည်ဦးပေါ်လာပြီ ဖြစ်သည်။ အီသီအိုးပီးယားနိုင်ငံ ဖက်မှရုရှတို့က ကူညီခဲ့သည့်အတွက် ဆိုမာလီနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ကွဲပြဲခဲ့စေကာမူ အနာဂတ်တွင် ဆိုဗီယက်ပြည်ထောင်စုနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုလားပါသည်ဟု ဆိုမာလီသမ္မတက ၁၉၇၉ ခုနှစ် ဇန္နဝါရီလ ၂၁ နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အီသီအိုးပီးယား–ဂျီဗူတီအရေး

ပြင်သစ်ကိုလိုနီဘဝမှ ၁၉၇၇ ခုနှစ်ဇွန်လတွင် လွတ်လပ်ရေးရရှိခဲ့သော ဂျီဗူတီနိုင်ငံ မြောက်ပိုင်းနယ်စပ်ရှိ အဖားလွတ်မြောက်ရေး တပ်ဦးသည် အီသီအိုးပီးယားနိုင်ငံတွင် ၁၉၇၄ ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့သော မြေယာပြုပြင်ရေး စနစ်များကို မလိုလားသဖြင့် အီသီအိုးပီးယားအား ပုန်ကန်တိုက်ခိုက်လျက်ရှိလေသည်။ (နှစ်ချုပ် ၇၈–၁၄၁—ရှု။) အဖားလူမျိုးစုအများမှာ ဂျီဗူတီနိုင်ငံတွင်း၌လည်း နေထိုင်သဖြင့် လူမျိုးချင်းနီးစပ်မှုရှိသောကြောင့် လွတ်လပ်စ ဂျီဗူတီနိုင်ငံနှင့် အီသီအိုးပီးယားနိုင်ငံတို့မှာ ဆက်ဆံရေးတင်းမာခဲ့ရသည်။ အီသီအိုးပီးယားလေယာဉ်များက အဖားလွတ်မြောက်ရေးတပ်ဦးများ စခန်းချရာ ဂျီဗူတီနိုင်ငံ မြောက်ပိုင်းကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ပြင်သစ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျီဗူတီနိုင်ငံသမ္မတ ယမ်စန်ဂူလက်က အင်အားကြီးနိုင်ငံများသည် အာဖရိကဦးချိုဒေသ (အီသီအိုးပီးယား၊ ဆိုမာလီ၊ ဂျီဗူတီနိုင်ငံများဟည်ရှိရာ)မှ ရှောင်ရှားကြလိမ့်မည်ဟု မိမိမြော်လင့်ကြောင်းဖြင့် ထုတ်ဖော်ပြောခဲ့သည်။

ဇိုင်ယာသမ္မတနိုင်ငံ အရေးအခင်း

၁၉၀၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ကိုလိုနီဖြစ်ခဲ့၍ ဗဲလဂျီယမ်ကွန်ဂိုဟု အမည်တွင်ခဲ့သော ဇိုင်ယာနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရခဲ့သည်။

အရင်းရှင်တဦးဖြစ်သူ ကွန်ဂိုအမျိုးသား မစ္စတာရှန်ဗီသည် ကတန်းဂါးနိုင်ငံ၏သမ္မတဖြစ်ကြောင်း ကြေငြာလိုက်ရာ ဗဲလဂျီယမ်နိုင်ငံကလည်း ရှန်ဗီအား အားပေးအား မြှောက် ပြုခဲ့လေသည်။

ကတန်းဂါးအရေးအခင်းနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂသို့ ကွန်ဂိုအစိုးရကတိုင်ကြားခဲ့ရာ ကုလသမဂ္ဂတပ်ဖွဲ့များသည် ကွန်ဂိုနိုင်ငံအတွင်းသို့ ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရသည်။ ၁၉၆၃ ခုနှစ်တွင် ကတန်းဂါးပြည်နယ်သည် ကွန်ဂိုနိုင်ငံနှင့် ပြန်လည်ပူးပေါင်းခဲ့သဖြင့် ရွှန်ဗီကို ကွန်ဂိုနိုင်ငံဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၆၅ ခုနှစ် နိုဝင်ဘာလတွင် ဂျင်နရယ်မိုဗူတူးက အာဏာသိမ်းပိုက်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် သမ္မတဖြစ်လာသူ မိုဗူတူးက ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံအား ဇိုင်ယာသမ္မတနိုင်ငံအဖြစ်ရင်း၊ ကတန်းဂါးပြည်နယ်အား ရှားဘားပြည်နယ်ဟူ၍ရင်း အမည်ပြောင်းလဲခဲ့လေသည်။

၁၉၇၆ ခုနှစ်တွင် လွတ်လပ်ရေးရရှိ၍ အာဏာရရှိလာသည့် အန်ဂိုလာနိုင်ငံ၊ အန်ဂိုလာလွတ်မြောက်ရေး ပြည်သူလှုပ်ရှားမှုအဖွဲ့သည် ဇိုင်ယာနိုင်ငံနှင့် ပုံမှန်ဆက်ဆံနိုင်ရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ဇိုင်ယာနှင့်အန်ဂိုလာ နှစ်နိုင်ငံစလုံးသည် တဦးနှင့်တဦး ကျေနပ်မှုမရှိပဲ မိမိတို့အား ပုန်ကန်နေသူများကို အကူအညီပေးလျက်ရှိသည်ဟု အပြန်အလှန် စွပ်စွဲလျက်ရှိကြသည်။

ရှားဘားပြည်နယ်ကို ဇိုင်ယာနိုင်ငံက လက်မလွှတ်လိုသကဲ့သို့ အန်ဂိုလာနိုင်ငံ၏ ထောက်ခံမှုရနေသော ယင်းပြည်နယ်ခွဲထွက်ရေးသမားများကလည်း ခွဲထွက်ရေးကြိုးပမ်းလျက်ရှိကြသည်။ ရှားဘားပြည်နယ် ခွဲထွက်ရေးသမားများကို နှိမ်နှင်းရန် သမ္မတမိုဗူတူးက ပြင်သစ် ဗဲလဂျီယမ်နှင့်အမေရိကန်ပြည်ထောင်စုတို့သို့ လက်နက်အကူအညီများ တောင်းခံခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ ဗဲလဂျီယမ်၊ဂျာမနီသမ္မတနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ပြင်သစ်စသည့် နိုင်ငံတို့က မိုဗူတူး၏ မေတ္တာရပ်ခံချက်အရ အကူအညီအမျိုးမျိုး ပေးခဲ့ကြသည်။ ထိုနည်းတူ မိုရော့ကို၊ ယူဂန်းဒါးနိုင်ငံတို့ကလည်း အကူအညီများ ပေးခဲ့ကြပြီး တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည်လည်း ဇိုင်ယာနိုင်ငံဖက်မှ ရပ်တည်ခဲ့ကြသည်။

အန်ဂိုလာနိုင်ငံသည် ဇိုင်ယာနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ မည်သို့မျှပါဝင်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့ပြီး ဇိုင်ယာနိုင်ငံအား အကူအညီပေးနေသော နိုင်ငံများကို အန်ဂိုလာကာကွယ်ရေးဌာနက ဝေဖန်ပြောဆိုခဲ့သည်။ ရုရှကလည်း ဇိုင်ယာနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခိုက်မှုတွင် ရုရှပါဝင်ပတ်သက်လျက်ရှိသည်ဟူသော ဇိုင်ယာနိုင်ငံ၏စွပ်စွဲချက်ကို ငြင်းဆိုခဲ့လေသည်။ ထိုနည်းတူ ကျူးဗားနိုင်ငံကလည်း ဇိုင်ယာနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခိုက်မှုတွင် ကျူးဗားတပ်မှားပါဝင်နေသည်ဟု ဇိုင်ယာနိုင်ငံ၏စွပ်စွဲချက်ကို ငြင်းဆိုခဲ့လေသည်။

ရှားဘားပြည်နယ် ခွဲထွက်လိုသူ သူပုန်အင်အား ၄၀၀၀ ခန့်သည် ၁၉၇၈ ခုနှစ် မေလတွင် ရှားဘားပြည်နယ်ရှိ သတ္တုတွင်းအချက်အချာမြို့များဖြစ်သည့် ကိုဝေဇီနှင့်မွတ်ရှာရှားကို ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ နိုင်ငံတကာသို့ ဇိုင်ယာနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ပြင်သစ်လေထီးတပ်၊ ဗဲလဂျီယမ်တပ်နှင့်ဇိုင်ယာတပ်တို့က သူပုန်များကိုဝင်ရောက်တိုက်ခိုက်ပြီး နယ်မြေများကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ နိုင်ငံခြားသား ၂၀၀ ကျော် သတ်ဖြတ်ခံခဲ့ရသည်။ အမေရိကန်နှင့် အီဂျစ်တို့ကလည်း အကူအညီများပေးပို့ခဲ့သည်။ဗဲလဂျီယမ်ဝန်ကြီးချုပ် အဆိုပြုချက်အရ အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ) က အဖွဲ့ဝင်နိုင်ငံများအား ကူညီရန် အိုအေယူအဖွဲ့၏ ကွပ်ကဲအုပ်ချုပ်မှုအောက်တွင် ထားရှိမည့် အာဖရိက တပ်ဖွဲ့တပ်ဖွဲ့ ထူထောင်ရန် တိုက်တွန်းခဲ့လေသည်။

ထူထောင်ပွဲစည်းခဲ့သော အာဖရိကနိုင်ငံစုံတပ်ဖွဲ့တွင် ခုနစ်နိုင်ငံမှတပ်သားပေါင်း ၂၆၀၀ ကျော် ပါဝင်၍ ရှားဘားပြည်နယ်ရှိ ပြင်သစ်နှင့် ဗဲလဂျီယမ်တပ်များနေရာတွင် အစားထိုးတာဝန်ယူလျက်ရှိသည်။ အိမ်နီးချင်းကွန်ဂိုနိုင်ငံရှိ စခန်းများမှ သူပုန်များသည် ဝင်ရောက်နှောင့်ရှက်လျက်ပင်ရှိသဖြင့် ရှားဘားပြည်နယ်အရေးမှာ မအေးချမ်းသေးသောအခြေအနေတွင်ပင် ရှိနေပေသည်။

စပင်းနစ်ဆဟာရ အရေးအခင်း

အာဖရိကတိုက် အနောက်မြောက်ကမ်းရိုးတန်းတွင် တည်ရှိသော စပင်းနစ်ဆဟာရဒေသတခုလုံးနီးပါးသည် သဲကန္တာရဆဲသော မြေများဖြစ်သဖြင့် မြေဩဇာညံ့ဖျင်းလှသည်။ သို့သော် ၁၉၆၃ ခုနှစ်တွင် ဗူးကရားအရပ်၌ ဖော့စဖိတ်သတ္တုများ တွေ့ရှိလာပြီး တူးဖော်ရောင်းချလာနိုင်သဖြင့် စပင်းနစ်ဆဟာရသည် စီးပွားရေးအရ အရေးပါလာခဲ့သည်။ (နှစ်ချုပ် ၇၈–၁၄၄—ရှ။)

မိုရော့ကိုနိုင်ငံသည် လွတ်လပ်လာသည့် အချိန်မှစ၍ စပင်းနစ်ဆဟာရ ဒေသပိုင်ဆိုင်ရေးကို အရေးဆိုလာခဲ့သည်။ ကုလသမဂ္ဂတွင်လည်း တင်ပြခဲ့သည်။ မော်ရိတေးနီယားနိုင်ငံကလည်း စပင်းနစ်ဆဟာရဒေသပိုင်ဆိုင်ရေးနှင့် စပ်လျဉ်း၍ စပိန်နိုင်ငံနှင့်ဆွေးနွေးလိုကြောင်းဖြင့် ကုလသမဂ္ဂကိုလိုနီဆိုင်ရာ အထူးကော်မတီသို့ တင်ပြခဲ့ပြန်ရာ စပင်းနစ် ဆဟာရ အရေးမှာ ရှုပ်ထွေး လာလေသည်။

အယ်လ်ဂျီးရီးယားနိုင်ငံကမူ စပင်းနစ်ဆဟာရဒေသကို သီးခြားလွတ်လပ်သော နိုင်ငံတနိုင်ငံအဖြစ် ရှိစေလိုသည်။



အာဖရိကနိုင်ငံများ

၁ မိုရိုကိုနိုင်ငံ
၂ အယ်လ်ဂျီးရီးယား သမ္မတနိုင်ငံ
၃ တျူနစ်ဇီးယား သမ္မတနိုင်ငံ
၄ လစ်ဗျအာရပ် ပြည်သူသမ္မတနိုင်ငံ
၅ အီဂျစ်အာရပ်သမ္မတနိုင်ငံ
၆ စပင်းနစ် ဆဟာရ
၇ မော်ရီတေးနီးယား
အစ္စလာမ်သမ္မတနိုင်ငံ
၈ မာလီသမ္မတနိုင်ငံ
၉ အထက်ဗော်လတာသမ္မတနိုင်ငံ
၁၀ နိုင်ဂျာသမ္မတနိုင်ငံ
၁၁ ချဒ်သမ္မတနိုင်ငံ
၁၂ ဆူဒန်ဒီမို ကရက်တစ်သမ္မတနိုင်ငံ
၁၃ အီသီအိုးပီးယား ဆိုရှယ်လစ်နိုင်ငံ
၁၄ ဆိုမာလီယာဒီမိုကရက်တစ်
သမ္မတနိုင်ငံ
၁၅ ဆင်နီဂေါသမ္မတနိုင်ငံ
၁၆ ဂမ်ဘီယာသမ္မတနိုင်ငံ
၁၇ ဂင်းနီဗစ်ဆောသမ္မတနိုင်ငံ
၁၈ ဂင်းနီသမ္မတနိုင်ငံ
၁၉ ဆီယားရာလေအွန်နိုင်ငံ
၂၀ လိုက်ဗီးရီးယားသမ္မတနိုင်ငံ
၂၁ အိုင်ဗရီကို့စ် သမ္မတနိုင်ငံ
၂၂ ဂါနာသမ္မတ်နိုင်ငံ
၂၃ တိုဂိုသမ္မတနိုင်ငံ
၂၄ တိုဂိုသမ္မတနိုင်ငံ
၂၅ ဗယ်နင်ပြည်သူ သမ္မတနိုင်ငံ
၂၆ နိုင်ဂျီးရီးယားသမ္မတနိုင်ငံ
၂၇ ကမ္မရွန်းပြည်ထောင်စု သမ္မတနိုင်ငံ
၂၈ အလယ်ပိုင်း အာဖရိက အင်ပိုင်ယာ
၂၉ အီကွေတိုရီယယ်ဂင်းနီ
သမ္မတနိုင်ငံ
၃၀ ဂါဗွန်သမ္မတနိုင်ငံ
၃၁ ကွန်ဂိုပြည်သူသမ္မတနိုင်ငံ
၃၂ ဇိုင်ယာသမ္မတနိုင်ငံ
၃၃ ယူဂန်းဒါးနိုင်ငံ
၃၄ ကင်ညာသမ္မတနိုင်ငံ
၃၅ အာစမ်းဒါး သမ္မတနိုင်ငံ
၃၆ ဗူရွန်ဒီသမ္မတနိုင်ငံ
၃၇ တန်ဇားနီးယား ပြည်ထောင်စု
သမ္မတနိုင်ငံ
၃၈ အန်ဂိုလာပြည်သူသမ္မတနိုင်ငံ
၃၉ ဇမ်ဘီးယား သမ္မတနိုင်ငံ
၄၀ မာလာဝီသမ္မတနိုင်ငံ
၄၁ မိုဇမ်ဗစ်ပြည်သူသမ္မတနိုင်ငံ
၄၂ နမီးဗီးယား
၄၃ ဗော့ဆွာနာသမ္မတနိုင်ငံ
၄၄ ရီဒီးဇီးယားနိုင်ငံ
၄၅ တောင်အာဖရိကသမ္မတနိုင်ငံ
၄၆ လီဆိုသိုနိုင်ငံ
၄၇ ဆွာဇီလန်နိုင်ငံ
၄၈ ဂျီဗူတီသမ္မတနိုင်ငံ

ကုလသမဂ္ဂ၏မေတ္တာရပ်ခံချက်အရ အပြည်ပြည်ဆိုင်ရာ တရားရုံးက မော်ရိတေးနီယားနှင့် မိုရော့ကိုနိုင်ငံတို့သည် စပင်းနစ်ဆဟာရအား ပိုင်ဆိုင်ခဲ့ဘူးခြင်း မရှိကြောင်း ဖြင့် ၁၉၇၅ ခု အောက်တိုဘာလတွင် ထင်မြင်ချက်ပေးခဲ့လေသည်။

စပင်းနစ် ဆဟာရ ဒေသကို မိုရော့ကိုက ပိုင်ဆိုင်ကြောင်း ပြသရန်အတွက် လက်နက်မဲ့ မိုရော့ကိုနိုင်ငံသား ၃၅၀,၀၀၀ သည် စပင်းနစ်ဆဟာရ ဒေသသို့ ချီတက်မည်ဟု မိုရော့ကိုဘုရင်က ကြေငြာခဲ့ပြီးနောက် ၁၉၇၅ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံသား ၎၀,၀၀၀ သည် စပင်းနစ်ဆဟာရ ဒေသတွင်းသို့ ချီတက်ဝင်ရောက်ခဲ့သည်။

မိုရော့ကိုနိုင်ငံသည် စပင်းနစ် ဆဟာရဒေသကို သိမ်းယူရန် ကြိုးပမ်းလာလျှင် ပြန်လည်တိုက်ထုတ် မည်ဟု စပိန်နိုင်ငံက ကြေငြာကာ စစ်တပ်များ တပ်လှန့်ထားသည်။ အယ်လဂျီးရီးယားနိုင်ငံက နယ်စပ်အနီးတွင် တပ်အင်အား ၆၃,၀၀၀ ကို စုရုံးထားသကဲ့သို့ မိုရော့ကိုနိုင်ငံကလည်း နယ်စပ်တွင် တပ်အင်အား ၂၅,၀၀၀ ကို စုရုံးထားလေသည်။ စပင်းနစ်ဆဟာရအတွက် စပိန်ကို တော်လှန်တိုက်ခိုက်နေသော ပိုလီစာရီယိုတပ်ဦး ပြောက်ကျားများကလည်း မိုရော့ကိုနိုင်ငံမှ ချီတက်လာမည့်သူများကို ခုခံတိုက်ခိုက်မည်ဟု ကြေငြာခဲ့သည်။

ထိုအခါ လူထုချီတက်ပဲ့ ရပ်သိမ်းသွားခဲ့သည်။ ထို့နောက် စပိန်၊ မိုရော့ကိုနှင့် မော်ရိတေးနီးယားနိုင်ငံတို့သည် စပင်းနစ်ဆဟာရ အရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလာကြသည်။ မိုရော့ကိုဘုရင်က စပင်းနစ်ဆဟာရဒေသကို မိုရော့ကိုနှင့် မော်ရိတေးနီးယားနှစ်နိုင်ငံသို့ ခွဲဝေပေးရန် သုံးနိုင်ငံ အစည်းအဝေးက သဘောတူညီမှုရရှိခါနီးပြီဟု ၁၉၇၅ ခုနှစ် နိုဝင်ဘာလတွင် ကြေငြာခဲ့သည်။ စပိန်ကလည်း ကြေငြာခဲ့သည်။

၁၉၇၆ ခုနှစ် ဧပြီလတွင် မိုရော့ကိုနှင့် မော်ရိတေးနီးယားနိုင်ငံတို့သည် စပင်းနစ်ဆဟာရကို ခွဲဝေယူလိုက်ကြသည်။ တခါနိုတည်းမှာပင် ပိုလီစာရီယို တပ်ဦးတို့ကလည်း စပင်းနစ်ဆဟာရဒေသကို ဆဟာရပ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ တည်ထောင်ကြောင်း ကြေငြာခဲ့သည်။ စပင်းနစ်ဆဟာရဒေသသည် အမည်ပျောက်ကွယ်သွားခဲ့သော်လည်း ငြိမ်းချမ်းမှုကား မရရှိသေးပေ။

ဆဟာရဟူသော အမည်ပျောက်ကွယ်ခဲ့သည်မှန်သော်လည်း တိုင်းရင်းသားများကား ပျောက်ကွယ်သွားခြင်းမရှိသဖြင့် အယ်လဂျီးရီးယားနိုင်ငံ၏ ငံထောက်ခံအားပေးမှုကို ရယူကာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် လွတ်လပ်ခွင့်တို့အတွက် တိုက်ပွဲဝင်လျက်ရှိကြသည်မှာ ယခုတိုင်ပင်ဖြစ်သည်။ ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နှင့် ၁၇ ရက်နေ့ တိုက်ပွဲများ



အာဖရိကတိုက် နိုင်ငံရေးသည် ကျွက်ကဲ့သို့သော စစ်ပြေးဒုက္ခသည်များ၏ ဝမ်းရေးကိုပြည့်ဆည်းပေးရန် လွယ်ကူမည် မဟုတ်ပေ။

တွင် မိုရော့ကိုတပ်သား အမြောက်အများကို သုတ်နိုင်ခဲ့သည်ဟု ဆဟာရ လွတ်လပ်ရေးတပ်ဦးက ကြေငြာလေသည်။

မိုရော့ကိုနိုင်ငံကို ခုခံတိုက်ခိုက်နေသော်လည်း မော်ရိတေးနီးယားတွင် အာဏာသိမ်းမှုများဖြစ်ပွားခဲ့၍ အစိုးအပြောင်းအလဲဖြစ်ကာ အစိုးရသစ်က ဆဟာရအရေးနယ်လျဉ်း၍ ပျော့ပြောင်းသော မူဝါဒများ ကျင့်လာသဖြင့် မော်ရိတေးနီးယားနှင့် ဆဟာရ လွတ်လပ်ရေးတပ်ဦးတို့အကြား ဆက်ဆံရေးပြေပြစ်လာလေသည်။

မော်ရိတေးနီးယားနိုင်ငံက အပစ်အခတ်များ ရပ်စဲငြိမ်းချမ်းစွာ ဖြေရှင်းရန် သဘောထားများကို ထုတ်ပြသခဲ့သော်လည်း မိုရော့ကိုနိုင်ငံကမူ ဆဟာရအရေးနယ်လျဉ်း၍ ယင်း၏ မူလသဘောထားကို ပြောင်းလဲမှုမဟုတ်ကြောင်း ကြေငြာထားသဖြင့် ဆဟာရအရေးငြိမ်းချမ်းမှုရရှိနိုင်ဦးမည် မဟုတ်သေးချေ။

အီကျစ်–လစ်ဗျ အရေးအခင်း

အီကျစ်နိုင်ငံနှင့် လစ်ဗျနိုင်ငံတို့သည် ဘာသာရေးချင်းတူညီသော နိုင်ငံများဖြစ်သည့်အပြင် နိုင်ငံရေး အယူအဆချင်းလည်း တချိန်က တူခဲ့ကြသဖြင့် နှစ်နိုင်ငံပူးပေါင်း

"လစ်ဂျစ်"နိုင်ငံထူထောင်ရေးပင် ကြိုးပမ်းခဲ့ကြဘူးသည်။ မြေနေရာကျယ်ဝန်းသော လစ်ဗျနိုင်ငံနှင့် လူဦးရေ များပြားသော အီဂျစ်နိုင်ငံတို့ ပေါင်းစည်းနိုင်ပါက နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတို့တွင် တောင့်တင်းလာမည်ဟု နှစ်နိုင်ငံစလုံးက မြော်လင့်ခဲ့ကြသည်။ သို့သော် အောင်မြင်သည့် အခြေအနေသို့ မရောက်ရှိခဲ့ပဲ တနိုင်ငံနှင့်တနိုင်ငံ ဝေဖန်မှုများဖြင့်သာ အဆုံးသတ်ခဲ့သည်။

နှစ်နိုင်ငံ တင်းမာမှုသည် အီဂျစ်နှင့် ရုရှနိုင်ငံတို့ မပြေမလည် ဖြစ်လာသည့်အချိန်တွင် ပိုမို၍ ဆိုးရွားလာပြီး တနိုင်ငံနှင့်တနိုင်ငံ အပြင်းအထန် ဝေဖန်တိုက်ခိုက်လာသည်။ အီဂျစ်နိုင်ငံက လစ်ဗျနိုင်ငံအကြီးအကဲ ဗိုလ်မှူးကြီး ကဒတ်ဖီကို အမည်ထုတ်ဖော်၍ ဝေဖန်ခဲ့သလို လစ်ဗျနိုင်ငံကလည်း အီဂျစ်သမ္မတ အန္နဝါဆဒတ် အမည်ကို ထုတ်ဖော်တိုက်ခိုက်လာသည်။ တနိုင်ငံနှင့်တနိုင်ငံ သံကွာချမှု၊ ဝေဖန်တိုက်ခိုက်မှု အပြစ်ဖို့မှုတို့သည် ပိုမိုမြင့်မားလာပြီးနောက် ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် တဖက်နှင့်တဖက် စစ်ခင်းရသည့် အခြေအနေသို့ ရောက်ခဲ့လေသည်။

ပယ်လက်စတိုင် ပြောက်ကျား ခေါင်းဆောင် ယာဆာ အာရဖတ်၊ အာရပ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး အယ်လကျီးရီးယားနိုင်ငံ သမ္မတ ဗူမီဒီယင် စသော ခေါင်းဆောင်များ၏ ကြားဝင်ဖြန်ဖြေပေးမှုကြောင့် တိုက်ခိုက်မှုများကို ရပ်စဲရန် လစ်ဗျနှင့် အီဂျစ်နှစ်နိုင်ငံစလုံးက ဇူလိုင်လတွင်ပင် သဘောတူညီခဲ့ကြသဖြင့် တိုက်ပွဲများ ပြီးဆုံးခဲ့လေသည်။

နယ်စပ်တွင် စစ်ပွဲကြီးအသွင်ဖြင့် လေယာဉ်များ၊ တင့်ကားများ၊ အမြောက်ကြီးများ၊ ဒုံးကျည်များပါ သုံးစွဲတိုက်ခိုက်ခဲ့သော စစ်ပွဲရပ်စဲပြီး တလခန့်အကြာတွင် နှစ်နိုင်ငံစလုံးက သံ့ပန်းများ အလဲအလှယ်ပြုလုပ်ခဲ့လေသည်။ သို့သော်လည်း လစ်ဗျနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့ ဆက်ဆံရေးမှာ ပုံမှန်အနေအထားသို့ မရောက်ရှိသေးပေ။ အင်္ဂရိယယ် အမေရိကန် ပြည်ထောင်စုနှင့် အီဂျစ်တို့၏ ဒေးဗစ်စခန်းဆွေးနွေးပွဲ သဘောတူညီချက်ကိုလည်း လစ်ဗျနိုင်ငံက အပြင်းအထန် ကန့်ကွက်လျက်ရှိလေသည်။

တောင်အာဖရိကနိုင်ငံ အရေးအခင်း

တောင်အာဖရိက သမ္မတနိုင်ငံသည် လူဖြူ လူနည်းစုက လူမည်းအပေါ် စိုးမိုးချယ်လှယ်အုပ်ချုပ်နေသော နိုင်ငံဖြစ်သည်။ အိမ်နီးချင်း နိုင်ငံများဖြစ်သော မိုဇမ်ဗစ်နှင့် အန်ဂိုလာ နိုင်ငံများတွင် လူမည်းများ အာဏာရရှိလာသဖြင့် လူဖြူအုပ်ချုပ်ရေး အခြေယိုင်လာမည်ကို စိုးရိမ်ကာ လူမည်း နိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ရန် ကြိုးပမ်းလာသည်။ အာဖရိကတိုက်ရှိ နိုင်ငံများအနက် တောင်အာဖရိကသမ္မတနိုင်ငံသည် လူဖြူဦးရေ အများဆုံးရှိပြီး စိန်၊ ရွှေ၊ ယူရေနီယံသတ္တုနှင့် အခြားအဖိုးတန် ဓာတ်သတ္တုအများအပြားလည်း ထွက်ရှိသည့်အပြင် စက်မှုလုပ်ငန်းလည်း ထွန်းကားလျက်ရှိသည်။

၁၉၄၈ ခုနှစ် ရွေးကောက်ပွဲတွင် အသားရောင် ခွဲခြားခြင်း စနစ်ကို ပါတီ၏ကြွေးကြော်သံအဖြစ်ထား၍ မဲဆွယ်ကာ အာဏာရရှိလာခဲ့သော လူဖြူများ၏ အမျိုးသားပါတီသည် အသားရောင် ခွဲခြားခြင်းစနစ်ကို တရားဝင်ကျင့်သုံးလာခဲ့သည်။ အသားရောင်ခွဲခြားမှုသည် တောင်အာဖရိကပြည်ထောင်စုမတိုင်မီကပင် ရှိခဲ့သော်လည်း ၁၉၄၈ ခုနှစ် နောက်ပိုင်းတွင် ပိုမိုကျင့်သုံးလာခဲ့ရာ ၁၉၀၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ အသားရောင် ခွဲခြားခြင်းစနစ်အရ ကျင့်သုံးရန် ထုတ်ပြန်ခဲ့သည့် ဥပဒေပေါင်းမှာ ၂၀၀ မျှရှိခဲ့လေသည်။

တောင်အာဖရိက အစိုးရသည် အသားရောင် ခွဲခြားအုပ်ချုပ်မှုကို တောင်အာဖရိက သမ္မတနိုင်ငံ၌သာမက မိမိအုပ်ချုပ်မှုအောက်တွင်ရှိနေသော အနောက်တောင် အာဖရိက (နမီးဗီးယား)တွင်လည်း ကျင့်သုံးလျက်ရှိလေသည်။ အသားရောင်ခွဲခြားခြင်းစနစ် ကျင့်သုံးမှုကို ရပ်စဲရန် ကုလသမဂ္ဂက တောင်အာဖရိက အစိုးရအား အကြိမ်ကြိမ်တိုက်တွန်းခဲ့သော်လည်း တောင်အာဖရိက အစိုးရက လိုက်နာခြင်းမရှိခဲ့ချေ။ ထို့ကြောင့် ၁၉၇၄ ခုနှစ်တွင် ကျင်းပသော ၂၉ ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံတွင် ယင်းနိုင်ငံအား ကုလသမဂ္ဂမှ ထုတ်ပယ်ရန် အာဖရိကနိုင်ငံ အများက တောင်းဆိုခဲ့လေသည်။ တောင်အာဖရိကနိုင်ငံအား ကုလသမဂ္ဂမှ ထုတ်ပယ်ရေး တောင်းဆိုချက် မအောင်မြင်သော်လည်း ကုလသမဂ္ဂ ညီလာခံသို့ တက်ရောက်လာသော တောင်အာဖရိကနိုင်ငံ ကိုယ်စားလှယ်၏ ခန့်အပ်လွှာကိုမူ ပယ်ချနိုင်ခဲ့ကြသည်။

အနောက်နိုင်ငံ အများစုကလည်း တိုင်းရင်းသား လူမည်းများဖက်မှ ရပ်တည်လာခဲ့သောကြောင့် တောင်အာဖရိက အုပ်ချုပ်ရေးတွင် လွှတ်တော် သုံးရပ်ဖြင့် အုပ်ချုပ်ရန် တောင်အာဖရိက ဝန်ကြီးချုပ် ဂျန်ဗော်စတာက ၁၉၇၇ ခုနှစ် ဩဂုတ်လတွင် တင်ပြခဲ့သည်။ ယင်း လွှတ်တော် သုံးရပ်မှာ လူဖြူများသက်သက် ပါဝင်သော လွှတ်တော်တရပ်၊ အိန္ဒိယ လူမျိုးများသက်သက် ပါဝင်သော လွှတ်တော်တရပ်နှင့် အသားရောင်ရှိသူများသက်သက်ပါဝင်သော လွှတ်တော်တရပ်ဖြစ်ပြီး ထိုလွှတ်တော် သုံးရပ်တွင် ဝန်ကြီးချုပ်တဦးစီရှိရမည်ဟု ဆိုသည်။

တောင်အာဖရိကနိုင်ငံသည် မိမိ၏ နိုင်ငံပြဿနာသာမက မိမိ အုပ်ချုပ်မှုအောက်တွင်ရှိနေသော အနောက်တောင် အာဖရိက (နမီးဗီးယား) အရေးနှင့် စပ်လျဉ်း၍



ပြည်တွင်းစစ်ဘေးဒဏ်ကို အပြေးအလွှား ရှောင်ရှားနေကြသော အန်ဂိုလာပြည်သူများ

လည်း ခေါင်းခဲလျက်ရှိသည်။ အနောက်တောင်အာဖရိက ပြည်သူအဖွဲ့(ဆွာပို)တို့ဖက်မှ ကျူးဗားစစ်သားများက ဝင်ရောက် တိုက်ခိုက်ပေးနေသဖြင့် ၁၉၇၈ ခုနှစ် ဩဂုတ်လတွင် သုံးပန်းများ အလဲအလှယ်ပြုရာ၌ ကျူးဗားစစ်သားသုံးဦးနှင့် တောင်အာဖရိက လူဖြူစစ်သား ရှစ်ဦးတို့ ပါဝင်ခဲ့သည်ဟု ဆိုသည်။ ထိုနှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ် အပြောင်းအလဲ ဖြစ်ခဲ့သော်လည်း နိုင်ငံရေးလမ်းစဉ်ပြောင်းလဲမည်မဟုတ်ဟု ဝန်ကြီးချုပ်သစ်က ကြေငြာခဲ့လေသည်။

အနောက်တောင်အာဖရိက(နမီးဗီးယား)အရေးအခင်း

နမ်းဗီးယား၏ ပထမကိုလိုနီပိုင်ရှင်များမှာ ဂျာမန်တို့ဖြစ်သော်လည်း ပထမကမ္ဘာစစ်အပြီး ၁၉၂၀ ပြည့်နှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အစောင့်အရှောက်ခံအဖြစ် တောင်အာဖရိကပြည်ထောင်စု (တောင်အာဖရိက သမ္မတနိုင်ငံ)၏ အုပ်ချုပ်မှုအောက်၌ ထားရှိခဲ့သည်။

တောင်အာဖရိက သမ္မတနိုင်ငံသည် အသားအရောင်ခဲခြားအုပ်ချုပ်မှုကို နမီးဗီးယားတွင် ပိုမိုတင်းကြပ်စွာ ကျင့်သုံးသဖြင့် တိုင်းရင်းသားများမှာ ကျေးကျွန်များသဖွယ် ခံစားနေကြရသည်။ အမျိုးသားရေး လှုပ်ရှားမှုခေါင်းဆောင်များကို ရက်စက်စွာ အပြစ်ဒဏ်များနှင့် သေဒဏ်များချမှတ်သလို ကျန်အဖွဲ့ဝင်များကိုလည်း ထောင်ချ၍ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့သည်။

နှိပ်စက်မှုခံ တိုင်းရင်းသားများသည် ၁၉၆၆ ခုနှစ် ဧပြီလတွင် လက်နက်စွဲကိုင်ကာ တောင်အာဖရိကအစိုးရအား ပုန်ကန်လာတော့သည်။ ယင်းပုန်ကန်လှုပ်ရှားမှုသည် အန်ဂိုလာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ ပိုမိုပြင်းထန်လာခဲ့သည်။ လက်နက်ကိုင် လှုပ်ရှားမှုတရုပ်လုံးကို အနောက်တောင် အာဖရိက ပြည်သူအဖွဲ့(ဆွာပို)က ဦးဆောင်လျက်ရှိသည်။

နမီးဗီးယားတွင် အသားရောင်ခဲခြား အုပ်ချုပ်ပြီး နိုင်ငံရေး ညှဉ်းပန်းမှုများ ရှိနေခြင်းကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၆၅ ခုနှစ်တွင် တောင်အာဖရိက နိုင်ငံနှင့် အဓိက ကုန်သွယ်နေကြသော နိုင်ငံများအား တောင်အာဖရိက အစိုးရနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ရပ်စဲပေးကြပါရန် မေတ္တာရပ်ခံခဲ့လေသည်။

တောင်အာဖရိက သမ္မတနိုင်ငံ၏ နမီးဗီးယား ထိန်းသိမ်း စောင့်ရှောက်မှု သက်တမ်းသည် ကုန်ဆုံးသွားပြီဖြစ်ကြောင်းဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၆၆

ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည်။ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို အကြိမ်ကြိမ် အခါခါ ငြင်းပယ်ခဲ့သောကြောင့် ၁၉၇၄ ခုနှစ်တွင် ကျင်းပသော အထွေထွေ ညီလာခံသို့ တက်ရောက်လာသည့် တောင်အာဖရိကနိုင်ငံမှ ကိုယ်စားလှယ်၏ ခန့်အပ်လွှာကို အထွေထွေညီလာခံက ပယ်ချခဲ့လေသည်။

နမီးဗီးယားနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂအဖွဲ့ကြီးက ဝင်ရောက် ဆောင်ရွက်ကညီသကဲ့သို့ နိုင်ငံအများကလည်း ကူညီဖြေရှင်းပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

တောင်အာဖရိက သမ္မတ နိုင်ငံ သည် ပြည်သူအများက လက်ခံထားသော အနောက်တောင်အာဖရိက ပြည်သူအဖွဲ့(ဆွာပို)ကိုမူ လက်ခံအသိအမှတ်ပြုခြင်းမရှိပဲ အင်အားနည်းပါးသော အခြား အမျိုးသားရေး ပါတီသစ် ခေါင်းဆောင်များဖြင့်သာ နိုင်ငံရေးများ ဆွေးနွေးပြီး ၁၉၇၈ ခုနှစ်တွင် နမီးဗီးယားအား လွတ်လပ်ရေးပေးရန် ညှိနှိုင်းလျက်ရှိသည်ဟုဆိုသည်။ ယင်းသို့ ဆွေးနွေးညှိနှိုင်းချက်နှင့်အညီ နမီးဗီးယားအား လွတ်လပ်ရေးပေးသည့်အထိ အုပ်ချုပ်သွားရန် အုပ်ချုပ်ရေးမှူးသစ်အဖြစ် တရားသူကြီးတဦးဖြစ်သူ မစ္စတာမာသိနစ်စတင်းအား ၁၉၇၇ ခုနှစ် စက်တင်ဘာလကပင် ခန့်အပ်ခဲ့လေသည်။

ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အနောက်နိုင်ငံကြီးများကပါ နမီးဗီးယားပြဿနာကို ဝိုင်းဝန်းဖြေရှင်းနေကြသော်လည်း ပြဿနာမှာ ပြေလည်သည်မရှိနိုင်သေးချေ။ တိုက်ပွဲအရှိန်သည်လည်း ကျသွားသည်မရှိရုံမက တိုးတက်လျက် ရှိလေသည်။

အန်ဂိုလာနှင့် ဇမ်ဗီးယား နယ်စပ်တွင် ပြောက်ကျားများက ဝင်ရောက်တိုက်ခိုက်နေမှုသည် ကုလသမဂ္ဂက ကြီးကြပ်ဆောင်ရွက်နေသော နမီးဗီးယားလွတ်လပ်ရေးကို အဟန့်အတား ဖြစ်စေလိမ့်မည်ဟု တောင်အာဖရိက နိုင်ငံက ၁၉၇၈ ခုနှစ် သြဂုတ်လတွင် သတိပေးခဲ့သည်။ ထို့ပြင် နမီးဗီးယားတွင် ငြိမ်းချမ်းမှုမရှိသမျှ ကာလပတ်လုံး ယင်းနယ်မြေတွင် တောင်အာဖရိက တပ်များ ထားရှိရလိမ့်မည်ဟုလည်း ဆက်လက်ပြောကြားခဲ့လေသည်။

တောင်အာဖရိက အစိုးရသည် နမီးဗီးယား အရေးနှင့် စပ်လျဉ်း၍ စစ်ရေးဖြင့် တဖုံ စေ့စပ် ဆွေးနွေးရေးဖြင့် တသွယ် အဖြေရှာလျက်ရှိရာ လူများစု အုပ်ချုပ်ရေး စနစ်ထူထောင်ရန် အနောက် အင်အားကြီး ငါးနိုင်ငံ၏ တိုက်တွန်းချက်ကို လက်ခံခဲ့ပြန်သည်။ ကုလသမဂ္ဂ၏ ကြီးကြပ်မှုဖြင့် လူများစု အုပ်ချုပ်ရေး ရရှိနိုင်ရန်အတွက် ရွေးကောက်ပွဲ ကျင်းပရန် ပထမတွင် တောင်အာဖရိက နိုင်ငံက

ဂါနာသမ္မတနိုင်ငံ ကူမာဆီမြို့၏လူစည်ကားရာ မြို့လယ်လမ်းမကြီး





ဇင်ဗာဗွေ မျိုးချစ်ခေါင်းဆောင် မူဂါဗီနှင့် အင်ကိုမို

သဘောတူညီခဲ့သော်လည်း ဝေါလဗစ် ပင်လယ်အော်ဆိပ်ကမ်းနယ်မြေအား နမီးဗီးယားတွင် ထည့်သွင်းပေါင်းစည်းရမည်ဆိုသော လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် အပြင်းအထန် ကန့်ကွက်ပြီး နမီးဗီးယားတွင် မိမိတို့ သဘောကျတဖက်သတ် ရွေးကောက်ပွဲ ကျင်းပသွားမည်ဟု ကြေငြာ ခဲ့လေသည်။

ထို့နောက် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့ရာတွင် အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပို) က ပါဝင်ယှဉ်ပြိုင်ခြင်း မပြုချေ။ အမတ်နေရာ ၅၀ ရှိသည့် အနက် ၄၁ နေရာကို ဒီမိုကရက်တစ် တန်ဟော မဟာမိတ်ပါတီက ရရှိခဲ့သည်။ သို့သော် ယင်းရွေးကောက်ပွဲကို ကုလသမဂ္ဂက အသိအမှတ် မပြုချေ။

ကုလသမဂ္ဂသည် ယခင်က ရည်ရွယ်ထားခဲ့သည့်အတိုင်း အထွေထွေရွေးကောက်ပွဲကို ၁၉၇၉ ခုနှစ် ဧပြီလတွင် နမီးဗီးယား၌ ကျင်ပပေးမည် ဖြစ်လေသည်။ အနောက်တောင် အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပို) သည် အထက်ပါ ရွေးကောက်ပွဲကို သပိတ် မှောက်ခဲ့သော်လည်း ကုလသမဂ္ဂမှ ကြီးမှူးကျင်းပမည့် လာမည့် ရွေးကောက်ပွဲတွင်မူ ပါဝင်ယှဉ်ပြိုင်မည်ဟု ဆိုသည်။ အနောက် အင်အားကြီးငါးနိုင်ငံသည် တောင်အာဖရိက နိုင်ငံက တဖက်သတ် ပြုလုပ်ခဲ့သော ရွေးကောက်ပွဲနှင့် လာမည့် ဧပြီလတွင် ပြုလုပ်မည့် ကုလသမဂ္ဂက ကြီးကြပ်သည့်ရွေးကောက်ပွဲနှစ်ခု ဆက်စပ်မှု ရရှိနိုင်ရေးအတွက် တောင်အာဖရိကနိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ရန် ကြိုးပမ်းလျက် ရှိကြသည်ဟု ဆိုသည်။

အရေးပါသော အချို့အချက်များကို လိုက်လျှောမည်ဆိုလျှင် ကုလသမဂ္ဂကြီးကြပ်မှုဖြင့် လာမည့်နှစ် (၁၉၇၉) တွင် ကျင်းပပြုလုပ်မည့် နမီးဗီးယား ရွေးကောက်ပွဲကို လက်ခံမည်ဆိုသော အချက်နှင့် အချို့အချက်များကို နမီးဗီးယား တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ် ခဲ့ကြောင်းဖြင့် တောင်အာဖရိက နိုင်ငံက ကုလသမဂ္ဂသို့ ၁၉၇၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နေ့တွင် အကြောင်းကြားခဲ့သည်။

ရိုဒီးဇီးယားအရေးအခင်း

၁၉၆၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက်နေ့တွင် ဝန်ကြီးချုပ် အီယန်စမစ်နှင့် လူဖြူလူနည်းစု အစိုးရက ရိုဒီးဇီးယားကိုလိုနီ၏ လွှတ်လပ်ရေးကို တဖက်သတ် ကြေငြာခဲ့သည်။ ကိုလိုနီပိုင်ရှင် ဗြိတိသျှ အစိုးရက ရိုဒီးဇီးယား အစိုးရအား သူပုန် အစိုးရ အဖြစ် ကြေငြာခဲ့ပြီး ကုန်သွယ်မှု ရပ်ဆိုင်းလိုက်သကဲ့သို့ ကုလသမဂ္ဂ အဖွဲ့ကြီးကလည်း ရိုဒီးဇီးယား အစိုးရသစ်အား ရှုတ်ချခဲ့ပြီးလျှင် ယင်းနိုင်ငံအား အသိအမှတ် မပြုကြရန် မေတ္တာ ရပ်ခံခဲ့လေသည်။

လူဖြူလူနည်းစု အစိုးရ၏ ဖိနှိပ်မှုများကြောင့် ၁၉၅၉ ခုနှစ် လောက်မှ စ၍ နိုင်ငံရေး ပါတီများ ဖွဲ့စည်းကာ အမျိုးသားရေး လှုပ်ရှားမှုကို လုပ်ဆောင် လာကြသည်။ ၁၉၅၉ ခုနှစ်တွင် နေရှင်နယ် ဒီမိုကရက်တစ် ပါတီကိုငှင်း၊ ၁၉၆၁ ခုနှစ်တွင် အာဖရိက ပြည်သူ့ညီညွတ်ရေးအဖွဲ့(ဇာပူး) ကိုငှင်း၊ ၁၉၆၂ ခုနှစ်တွင် အာဖရိက အမျိုးသား ညီညွတ်ရေးအဖွဲ့ (ဇာနူး) ကိုငှင်းတည်ထောင်ခဲ့ကြရာ ရိုဒီးဇီးယား အစိုးရကလည်း ယင်းပါတီတို့ကို ပိတ်ပင်ခဲ့ပြီး ခေါင်းဆောင်များကို ဖမ်းဆီးခဲ့လေသည်။

ဗြိတိသျှ အစိုးရသည် တိုင်းရင်းသားများ အရေးနှင့် စပ်လျဉ်း၍ ရိုဒီးဇီးယား အစိုးရနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့သော်လည်း အောင်မြင်မှု မရခဲ့ပေ။ သို့သော်လည်း ရိုဒီးဇီးယား အစိုးရသည်။ အသားအရောင် ခွဲခြားအုပ်ချုပ်မှုကို လျှော့ချခဲ့ပြီး ဖမ်းဆီးထားသော နိုင်ငံရေး ခေါင်းဆောင်များကိုလည်း ၁၉၇၄ ခုနှစ်တွင် လွှတ်ပေးခဲ့သည့် အပြင်

အာဖရိကတိုက် နိုင်ငံရေး လှုပ်ရှားမှု သတင်းများကို ဖတ်ရှုနေကြသော ဆလစ်ဗရီမြို့မှ လူမည်းများ





ကုလသမဂ္ဂလုံခြုံရေး ကောင်စီ သို့တက်ရောက်
လေ့လာခွင့်ရသူ အနောက်တောင် အာဖရိက ပြည်သူ့အဖွဲ့မှ
ခေါင်းဆောင် တဦးဖြစ်သူ သီအိုဘင် ဂျာ (ဝဲပုံ)

အမေရိကန်နှင့် ဗြိတိန်တို့၏ အဆိုပြုချက် များသည် ရိုဒီးဇီးယားပါတီပေါင်းစုံ ဆွေးနွေးပဲ့ ဖြစ်မြောက်ရေးကို အနှောင့်အယှက် ဖြစ်စေသည်ဟု အမျိုးသား ခေါင်းဆောင် ရောဗတ်မူဂါဘီက ၁၉၇၈ ခုနှစ် ဩဂုတ်လထဲတွင် ထုတ်ဖော်ပြောခဲ့သည်။

ရိုဒီးဇီးယား၌ ၁၉၇၈ ခုနှစ်တွင် ရွေးကောက်ပဲ့ ဖြစ်မြောက်ရန် အလားအလာ မမြင်ကြောင်း ပါတီစုံ ဆွေးနွေးပဲ့ အောင်မြင်မှု ရမှသာလျှင် ၁၉၇၉ ခုနှစ်တွင် ရွေးကောက်ပဲ့ ဖြစ်မြောက်နိုင်ရန် လမ်းမြင်ကြောင်းဖြင့် အာဖရိက ပြည်သူ ညီညွတ်ရေးအဖွဲ့ (ဇာပူး) ဒုတိယ ဥက္ကဋ္ဌက ၁၉၇၈ ခုနှစ် ဩဂုတ်လတွင် ထုတ်ဖော်ပြောခဲ့လေသည်။

အာဖရိက ပြည်သူညီညွတ်ရေးအဖွဲ့ (ဇာပူး) ဒုတိယ ဥက္ကဋ္ဌက ဟောကိန်းထုတ်ခဲ့သည့် အတိုင်း အမေရိကန်နှင့် ဗြိတိန်တို့၏ အဆိုပြုချက်များကို ပထမပိုင်းတွင်ငြင်းပယ်ခဲ့ကြပြီး၊ ဖြစ်နိုင်ဖွယ်ရာ မရှိကြောင်းဖြင့် ခေါင်းဆောင်အချို့က ပြောခဲ့ကြလေသည်။ သို့သော်လည်း ယင်းခေါင်းဆောင်တို့သည် ၁၉၇၈ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့ကြပြီး နောက်တွင်မူ စည်းကမ်းချက် ကြိုတင် သတ်မှတ်ထားခြင်း မရှိပါက ပါတီစုံညီလာခံသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ကြေငြာခဲ့လေသည်။

ညှိနှိုင်းသဘောတူချက်များအရ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပဲ့ကျင်းပပြီး ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကို လွတ်လပ်ရေးနေ့အဖြစ် သတ်မှတ်ရန်ကြေငြာခဲ့လေသည်။ သို့သော် စစ်ရေး အခြေအနေများ ပိုမို ဆိုးရွားလာသောကြောင့် ရွေးကောက်ပဲ့ကို ၁၉၇၉ ခုနှစ် ဧပြီလသို့ ရွှေဆိုင်း ခဲ့ရပြန်လေသည်။

ဤသို့အာဖရိကတိုက်ရှိ နိုင်ငံအများ၏နိုင်ငံရေးလှုပ်ရှားမှုသည် အနည်းအများ ဆိုသလို ရှိနေဆဲပင် ဖြစ်ပေသည်။

ဦးဘဝင်း

လူမည်းနိုင်ငံအစိုးရ များနှင့်လည်း အာဖရိကတိုက် ငြိမ်းချမ်းရေးကို ဆွေးနွေးခဲ့လေသည်။ ယင်း ဆွေးနွေးပဲ့သို့ ရိုဒီးဇီးယားရှိ နိုင်ငံရေး ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ပြီး အာဖရိက အမျိုးသား ကောင်စီအဖွဲ့ကြီးနှင့် ပေါင်းစည်းဆောင်ရွက်ရန် သဘောတူညီမှု ရရှိခဲ့သည်ဟု ဆိုသည်။

အေးချမ်းစွာ အာဏာ ရယူလိုသောအင်ကိုမို ခေါင်းဆောင်သည့် အဖွဲ့နှင့် ရိုဒီးဇီးယားအစိုးရတို့ ဆွေးနွေးပဲ့ ပျက်ပြားသွားသဖြင့် ပြောက်ကျားများသည် ဇမ္ဗီးယား ရိုဒီးဇီးယားနယ်စပ်တွင် ပိုမိုထက်တြ လှုပ်ရှားလာလေသည်။

အမေရိကန်ပြည်ထောင်စုသည် လူမည်းများ အရေးကို တရား မျှတစွာနှင့် လျင်မြန်စွာ ဖြေရှင်း နိုင်ရန်အတွက် လူမျိုးစု အုပ်ချုပ်ရေး ပြောင်းလဲရန် မူ ၁၀ ချက်ကို တင်ပြခဲ့သည်။ ကမ္ဘာ့ ကုလသမဂ္ဂ အတွင်းရေးမှူးကလည်း ရိုဒီးဇီးယားနိုင်ငံတွင် လူမျိုးစု အုပ်ချုပ်ရေးကို အသိအမှတ်မပြုလျှင် အာဖရိက တောင်ပိုင်း အခြေအနေများ ပိုမို ဆိုးရွားလာနိုင်သည်ဟု ထုတ်ဖော်ပြောခဲ့သည်။

ပြောက်ကျားများ၏ တိုက်ပဲ့အရှိန်သည် ပိုမိုမြင့်မားလာသည်။ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးကစ်ဆင်းဂျားသည် ၁၉၇၆ ခုနှစ်တွင် အာဖရိကတိုက်သို့ လှန်းပျံခရီးသွားကာ သံတမန်ရေးရာ ဆွေးနွေးမှုများကို ရိုဒီးဇီးယားဝန်ကြီးချုပ် အီယန်စမစ်နှင့် ပြုလုပ်ပြီး အမေရိကန်၊ ဗြိတိန်ပူးတွဲအဆိုပြုချက်တရပ် တင်ပြခဲ့သည်။

ဗြိတိန်ဦးဆောင်သော ရိုဒီးဇီးယားအရေး ဆွေးနွေးပဲ့ကို ၁၉၇၆ ခုနှစ် အောက်တိုဘာလတွင် ဂျိန်ဗာမြို့၌ကျင်းပခဲ့ကြသည်။ ယင်းဆွေးနွေးပဲ့သို့ နိုင်ငံရေး ပါတီများမှ ခေါင်းဆောင်များနှင့် ဝန်ကြီးချုပ် အီယန်စမစ်တို့ တက်ရောက်ခဲ့လေသည်။ သို့သော် ဆွေးနွေးပဲ့ အောင်မြင်မှု မရခဲ့ပေ။

ကုလသမဂ္ဂကြီးနှင့် နိုင်ငံအချို့ ဖိအား ပေးမှုကြောင့် ရိုဒီးဇီးယားနိုင်ငံသည် တိုင်းရင်းသားများ အပေါ် လိုက်လျောခဲ့သည်။ ဗြိတိန်၊ အမေရိကန်တို့ ပူးတွဲ၍ ရိုဒီးဇီးယားအရေးနှင့် စပ်လျဉ်းသည့် စကား‌ဖြူ စာတန်းတစောင်ကို ၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။

ဝန်ကြီးချုပ်အီယန်စမစ်သည် လူတကိုယ် တမဲစနစ်ကို ခြင်းချက်ဖြင့် လက်ခံခဲ့သည့် အပြင် လက်ရှိ တပ်ဖွဲ့များကို အသွင်ကူးပြောင်းရေးကာလတွင် ဖျက်သိမ်းရန် စဉ်းစားမည်ဟုဆိုသည်။ ထို့ပြင် လူမျိုးစု အုပ်စိုးရေး ပြုပြင်ပြောင်းလဲမှုသည် ၁၉၇၇ ခုနှစ် ကုန်လောက်တွင် ဖြစ်လာနိုင်ဖွယ်ရာရှိသည်ဟု ဝန်ကြီးချုပ် အီယန်စမစ်က ဆက်လက်ပြောခဲ့သည်။



အင်္ကျီ သိုက်ကြီး

အင်္ကျီဝါသည်သုံးစွဲရှိမကုန်နိုင်သော ဘဏ္ဍာတိုက်ကြီးတခုဟု ယူဆခဲ့ကြသည့် အလျောက် အင်္ကျီဝါသိပ်သည်းမှုသုတေသနပညာရှင် အဖွဲ့ပေါင်း များစွာက ရေအောက်တွင် စူးစမ်းမှုများ ပြုလုပ်လျက်ရှိကြသည်။ အင်္ကျီဝါကို အနာဂတ် အတွက် အဓိကစုဆောင်းအင်၊ ဓာတ်သတ္တုသယံဇာတပစ္စည်း၊ ဆေးဝါးနှင့်ရိက္ခာတို့ထုတ်ရှိရာ အကောင်းဆုံးဒေသတခုဟူ၍ တွေ့ရှိလာကြပြီဖြစ်လေသည်။

မြန်မာ့အင်္ကျီဝါပြင်မှ ပရိတီန်းဓာတ် ကြွယ်ဝသော ငါးများကို သတ်မှတ် စံချိန်ထက် ကျော်လွန်၍နေစဉ်ဖမ်းယူနိုင်ပြီ ဖြစ်သည်။

အဏ္ဏဝါ သိုက်ကြီး

ကျွန်ုပ်တို့မြို့တင်းနေထိုင်ရာကျွဲကမ္ဘာကိုရေထု(သမုဒ္ဒရာ)နှင့် မြေထု(ကုန်းမြေ)ဟူ၍ အပိုင်း နှစ်ပိုင်း ခွဲခြားရနိုင်သည်။ ကမ္ဘာတဝန်းလုံး၏ အကျယ်အဝန်းသည် စတုရန်းမိုင်ပေါင်း ၁၉၇ သန်း ဖြစ်သည်။ ယင်းအနက် ပင်လယ်သမုဒ္ဒရာဟူသော ရေပြင်၏ အကျယ်အဝန်းသည် စတုရန်းမိုင်ပေါင်း ၁၃၉ သန်း ဖြစ်၍ ရေထုသည် ကမ္ဘာတဝန်းလုံး၏ ၇၁ ရာခိုင်နှုန်းမျှ ရှိလေသည်။

ပင်လယ်သမုဒ္ဒရာ၏ ထုထည်ကို မှန်းဆကြည့်သော အခါ၌မူ ကုဗမိုင်ပေါင်း သန်း ၃၃၀ မျှ ရှိမည်ဟု ခန့်မှန်းရသည်။ ပင်လယ်ပြင်မှ အထက်ရှိကမ္ဘာမြေပြင်၏ထုထည်မှာကား ကုဗမိုင်ပေါင်း ၂၃ သန်းမျှသာ ရှိသည် ဖြစ်၍ ထုထည်ချင်း ယှဉ်ကြည့်လျှင် ရေထုသည် မြေထုထက် ၁၅ ဆမျှ ကြီးသည်ကို တွေ့ရသည်။ ပင်လယ် သမုဒ္ဒရာတို့၏ အနက်ကား သာမည ပေတရာ နှစ်ရာမှ စ၍ ပေပေါင်း ၃၇,၈၀၀(ခုနစ်မိုင်ခန့်) အထိ နက်ရှိုင်းသည်။ မြေပြင်ပေါ် ၌ အမြင့်ဆုံး ဧဝရက် တောင်ထွတ်သည်ပင်လျှင် ပေပေါင်း ၂၉,၀၂၈ ပေသာ မြင့်သည်။ ထိုမျှ အပြောကျယ်သော အဏ္ဏဝါသည် အသက်ဇီဝတို့ မူလ အစ ဖြစ်ထွန်းရာ နေရာ ဖြစ်သည်ဟု ဇီဝဗေဒပညာရှင်တို့က ဆိုကြသည်။ ထိုအဆို အရ အဏ္ဏဝါ၌ရှိသော ပင်ရင်း အခြေ အမြစ် သက်ရှိသက်မဲ့ ပစ္စည်းတို့ မည်မျှပေါများ (၀ါ) အဏ္ဏဝါသိုက်ကြီး မည်မျှ ကြွယ်ဝသည်ကို အမြွက်မျှ ဖော်ပြပါမည်။

ကုန်းမြေသည် ကမ်းစပ်မှ ပင်လယ်ထဲသို့ အကျယ် နှစ်မိုင်ခန့်မှ မိုင် ၆၀၀ ခန့်အထိ ဆင်ခြေလျော နိမ့်ဆင်းသည်။ ကမ်းခြေမှ မိုင် ၆၀၀ ခန့် ဝေးသော နေရာသို့ ရောက်လျှင် ပင်လယ်အနက်မှာ ပေ ၅၀၀ မှ ၇၀၀ အထိ ရှိတတ်သည်။ ယင်း ဆင်ခြေလျောဒေသကို ကမ်းဦးရေတိမ်ပိုင်းဟု ခေါ်သည်။ ကမ်းဦးရေတိမ်ပိုင်းမှ လွန်သော် ပင်လယ်အောက် မြေပြင်သည် ရုတ်တရက် နက်ရှိုင်းစွာဆင်းသွားပြန်သည်။ ထိုအခါ ယင်း နေရာ ဒေသကို ပင်လယ်ကမ်းစောက်ပိုင်းဟု ခေါ်သည်။ ယင်းအပိုင်းမှာ အကျယ်အဝန်းအားဖြင့် မိုင် ၂၀ အမျှားဆုံး ဖြစ်၍ အနက်မှာ ပေပေါင်း ၆၀၀၀ ကျော်မှ ၈၀၀၀ အထိ ရှိသည်။ ယင်း နေရာမှ လွန်သော် သမုဒ္ဒရာဝမ်း၌ရှိသော မြေပြင်သည် တဖန် ပြေပြေ နိမ့်ဆင်းသွားပြန်သည်။ ထိုနေရာ ဝန်း ကျင် သည် ကမ်းဦးရေတိမ်ပိုင်းထက် သုံးဆမျှ ကျယ်ဝန်းသည်။ သို့သော် ကမ်းဦးရေတိမ်ပိုင်းမှာကဲ့သို့ မြေပြင်သည် မညီညွတ်ချေ။ ပေပေါင်း ၃၀,၀၀၀ ကျော်အထိနက်သော ချောက်ကြီးများ ရှိသည်။ နေမှ ရသော အလင်းရောင်သည် ရေအောက် ပေပေါင်း ၁၂၀၀ ကျော်အထိကိုသာဖောက်ထွင်းနိုင်သည်။ သို့သော် အလွန်ကြည်လင်သော ရေထု၌ အလင်းရောင် သည် ပေ ၂၀၀၀ အထိ စူးသည်ဟုလည်း ဆိုကြ၏။ ထို အနက်မှ လွန်သော် နေရောင်မရှိဟု ဆိုရမည်။ သို့ရာတွင် ရေသတ္တဝါတို့သည် မိမိကိုယ်မှ ထွက်သော အလင်းရောင်

မြန်မာ့အဏ္ဏဝါပြင်မှ ဖမ်းဆီးရမိသော ပုစွန်မျှားသည် နိုင်ငံခြားစျေးကွက်တွင် ရောင်းပန်းလှုနေပြီ ဖြစ်သည်။



ဖြင့် သွားလာ လှုပ်ရှား၍ အစာ ရေစာကို ရှာဖွေစား သောက်နိုင်ကြ၏။

ထိုအဏ္ဏဝါပြင်ကျယ်ထဲ၌ မည်သည့်အဖိုးထိုက်အဖိုးတန် သယံဇာတပစ္စည်းများ ရှိပါသနည်း။

ရေကို အမှီပြု၍ကျွန်ုပ်တို့သည် နေ့စဉ် သားငါး ပုစွန်တို့ အပြင် ကျောက်ပင့် ကျောက်ချောဟူခေါ် သောမှော်ပင် များကိုလည်း စားသုံးနေကြသည်ကို အမျှားသိကြသည်။ သို့သော် ယင်းတို့မှတပါး အခြား အဖိုးထိုက် အဖိုးတန် ရတနာများ ရှိပါသေးသလော။

ရတနာထဲတွင် စာရင်းဝင်သော ပုလဲကို ရေသတ္တဝါ ကနုကမာမှရသည်။ယခုခေတ်၌အဖိုးထိုက်တန်သော ပုလဲကို ပေါပေါများများ ရနိုင်အောင် ပုလဲမွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်နေကြသည်။ စင်စစ် အဏ္ဏဝါသိုက်သည် ပုလဲကို သာမက ရွှေနှင့်စိန်ကိုလည်းပေးနိုင်သည်။ ပင်လယ်သမုဒ္ဒရာ ရေ ကုဗမိုင်တမိုင်မှ ရွှေတန်ချိန် ၂၅ တန် ရနိုင်သည်။ သို့သော် ရွှေကို ပင်လယ်သမုဒ္ဒရာမှ ထုတ်နုတ်ယူရသည်မှာ အလွန် စရိတ်စက ကြီးလှသည်။ ထို့ကြောင့် ရွှေကိုလိုလျှင် ကုန်း မြေမှသာ ထုတ်နုတ်ယူငင်နေကြ၏။ စိန်ကိုမူကား အဏ္ဏဝါ ထဲမှထုတ်နုတ်ယူငင်လျှင် တွက်ခြေ ကိုက်သည်။ အနောက် တောင်အာဖရိက ကမ်းခြေတွင် အမေရိကန်အမျိုးသား ဆယ်မျူယယ် ကောလင်း ဆိုသူသည် ပင်လယ်ထဲမှစိန်ကို ထုတ်နေသည်။ စိန်သတ္တုတွင်းလုပ်ငန်းရှင်တို့က ပင်လယ် သမုဒ္ဒရာထဲ၌ စိန်သည် မြေပြင်မှာထက် ငါးဆမက ပို၍ ထွက်သည်ဟု ဆိုကြ၏။ ယခုအခါ တောင်အာဖရိကတိုက် နှင့် ရုရှနိုင်ငံတို့တွင်လည်း အဏ္ဏဝါမှ စိန်ကို ထုတ်လုပ်သော လုပ်ငန်းများ လုပ်ကိုင်နေကြ၏။

စိန်၊ ရွှေ၊ ပုလဲ စသော ပစ္စည်းတို့ကို လူတို့ စားသုံး ခြင်းမပြုရသော်လည်း အသက် မသေနိုင်။ တကယ်တမ်း အဖိုးထိုက် အဖိုးတန်ပစ္စည်းမှာ ရေ ဖြစ်သည်။ ကျွန်ုပ်တို့ သည် ရေကို အလကား ရနေကြသောကြောင့် အဖိုးထိုက် တန်မှန်း မသိကြခေ့။ သို့ရာတွင် မိုးခေါင်၍ ရေရှားသော အခါ၌မူကား ရေနှင့်တူသော အခြား အဖိုးတန်ပစ္စည်းဟူ၍ လောကမှာ မရှိဟု သိကြရသည်။ယခုခေတ်၌ အမေရိကန် နိုင်ငံစသော စက်မှုဖွံ့ဖြိုးသည့် နိုင်ငံတို့တွင် ရေရှားမိုးရှား ဖြစ်နေသောကြောင့် ရေ၏တန်ဖိုး အဖိုးမဖြတ်နိုင်ကြောင်း ကို လက်တွေ့သိရှိနားလည်နေကြသည်။ ထို့ကြောင့် ရေ ရရှိရေးအတွက် ဇောမ ဆည်ကြီး၊မြောင်းကြီး၊ရေကာတာ ကြီးတို့ကို တည်ဆောက်နေကြ၏။ ယင်းတို့ကား မိုးကို

ပုလဲမွေးမြူရေးလုပ်ငန်းတွင် ရေငုပ်ကျွမ်းကျင်သူများ၏ အကူအညီသည် အရေးပါလှသည်။





အဏ္ဏဝါအောက်မှရရှိခဲ့သော ကမာကောင်များမှ
ပုလဲရတနာများကို စိစစ်ရွေးချယ်နေသူ အတတ်ပညာရှင်တဦး

အမှီသဟဲပြုရသည်။ မိုးခေါင်သော ဒေသတွင် ရေကိုမည်သို့ ရအောင်ရှာမည်နည်း။

ဤကဲ့သို့ မေးရသောအခြေသို့ ဆိုက်သောအခါ ကျွန်ုပ်တို့သည် ပင်လယ်သမုဒ္ဒရာ၏ ရေထုကို ဂရုမမူပြုလာကြသည်။ တကမ္ဘာလုံးဥွသုံးစွဲနေသော ရေပမာဏ စုစုပေါင်းအနက် သုံးရာခိုင်နှုန်းမျှသာ လူတို့သောက်သုံးသောရေဖြို့ဖြစ်သည်။ ကျန်ရေတို့ကို အခြား ကိစ္စတို့ဥွ သုံးစွဲသည်။ ရှစ်ဆယ်ရာခိုင်နှုန်းမျှရှိသော ပင်လယ်ရေသည် ဝင်ရိုးစွန်းနှစ်ဖက်တွင် ဆီးနှင်းပြင် ရေခဲပြင်အဖြစ်ဖြင့် တည်ရှိသည်။ ထို့ကြောင့် လိုသမျှ ရေကို ကျန်ရှိနေသေးသော ပင်လယ်သမုဒ္ဒရာထဲမှ ထုတ်နုတ်ယူရဖို့သာရှိမည်။ ကမ္ဘာ၏ သုံးပုံနှစ်ပုံမှာရေထုဖြစ်သောကြောင့် ယင်းကဲ့သို့ ထုတ်လုပ်ယူငင်လျှင် ရေလက်ကျန်နည်းမည်ကို မစိုးရိမ်ရချေ။ ယခုအခါ အမေရိကန် ပြည်ထောင်စု ကာလီဖိုးနီးယားနယ် ဆန်ဒီယေးဂိုးမြို့ ပင်လယ်ရေငန်မှ ရေချို ထုတ်သော ရွှေပြားစိမ်းကိန်းနှင့် အလားတူ စီမံကိန်းများ ပေါ်ပေါက်သော ၁၉၆၁ ခုနှစ်မှ စ၍ ယင်း ရေချိုချက်လုပ်ခြင်း လုပ်ငန်းမှာ ရေရှား မိုးရှား အာရပ် နိုင်ငံများ အထိ ပြန့်နှံ့တွင်ကျယ်လာပြီဖြစ်သည်။ စင်စစ် အမေရိကန်ပြည်ထောင်စုပင်လျှင် မိမိတနိုင်ငံလုံး သုံးစွဲနေသော ဆားစုစုပေါင်း ပမာဏ၏ ၈၀ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိသည်။

တွင်းထွက်ပစ္စည်းများ

ပင်လယ်ရေထဲတွင် စီးပွားရေးအရထုတ်နုတ်ယူငင်လျှင် အကျိုးရှိနိုင်သော တွင်းထွက်ပစ္စည်း အမျိုးပေါင်း ၆၀ ရှိသည်။ ယင်းတို့အနက် ဆား၊ ဗရိုမင်း၊ မက်ဂနီဇီယမ်နှင့် ရေချိုကို ထုတ်နုတ်ယူငင်သော လုပ်ငန်းသည် အလွန်အရေးကြီးပြီးလျှင်လွယ်လွယ်ကူကူနှင့် တွင်တွင်ကျယ်ကျယ် လုပ်ဆောင်၍ရနိုင်သော လုပ်ငန်းဖြစ်သည်။ ကုဗစတုရန်းတမိုင်ထုထည်ရှိသော ပင်လယ်ရေကို ဆားချက်လျှင် ဆားတန်ချိန် ၁၆၆ သန်း ရနိုင်၏။ တကမ္ဘာလုံးမှာ ရှိရှိသမျှသော ပင်လယ်ရေကို ချက်လျှင်မူကား ဆားတန်ချိန် သန်းပေါင်း ၁,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀ ရနိုင်ရာသည်။ ယင်းကိန်းဂဏန်းကို မျက်စိထဲမှာ ထင်းကနဲ ပေါ်အောင် သရုပ်ဖော်ပြရသော် ယင်းသို့ ချက်လုပ်ရသော ကမ္ဘာ့ တဝန်းလုံး၏ ဆားကိုရှိရှိသမျှသောကမ္ဘာ့မြေပြင်ပေါ် တွင်ပုံကြည့်ပါ။ ထိုဆားပုံကြီးသည် ပေပေါင်း ၅၀၀ ထူပါလိမ့်မည်။ ပင်လယ်ရေမှ ချက်၍ရသော ဆားထဲတွင် ဆိုဒီယမ်ကလို ရိုက်ခေါ် အိမ်သုံးဆားချည်း ၈၅ ရာခိုင်နှုန်း ပါသည်။ ကျန် ၁၅ ရာခိုင်နှုန်းထဲမှမူကား မက်ဂနီဇီယမ် ကလိုရိုက်၊ မက်ဂနီဇီယမ် ဆာလဖိတ်၊ ကယ်လဆီယမ်ဆာလဖိတ်၊ပိုတက်ဆီယမ်ဆာလဖိတ်၊ ကယ်လဆီယမ် ကာဗွန်နိတ်နှင့် မက်ဂနီဇီယမ် ဗရိုမိုက်တို့ ပါရှိသည်။ အဆိုပါ ဒြပ်ပေါင်းတို့ကို ကြည့်လျှင် ယင်းတို့ဥွ မက်ဂနီဇီယမ် ဒြပ်စင် အမျိုးပေါင်းများစွာ ပါဝင်နေသည်ကို တွေ့ရလိမ့်မည်။ မက်ဂနီဇီယမ်ကို ပေါ့ပါးခိုင်ခံ့တောင့်တင်းသော သတ္တုကို ပြုလုပ်ရာ၌ အသုံးများသည်။ ထို့ကြောင့် ယင်းဒြပ်စင်ကို ပင်လယ်ရေမှ မြောက်များစွာ ထုတ်နုတ်ယူငင်နေကြသည်။ အမေရိကန်ပြည်ထောင်စုတွင် ယင်းသို့ ထုတ်နုတ်ယူငင်ရာ၌ ပင်လယ်ရေ ပေါင် ၁၀၀၀ လျှင် မက်ဂနီဇီယမ် တပေါင်ရအောင် ထုတ်လုပ်နေကြသည်။ ပင်လယ်ရေ ထုထည် ကုဗတမိုင်လျှင် မက်ဂနီဇီယမ် တန်ချိန် ၁၈ သန်း ထွက်နိုင်သည်။ ထို့ပြင် ဗရိုမင်းသည်လည်း အရေးကြီးသည် ဖြစ်၍ အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာ့လိုအင် ၈၀ ရာခိုင်နှုန်းသောဗရိုမင်းကို ပင်လယ်ရေမှ ထုတ်လုပ်ပေးလျက် ရှိသည်။ ပင်လယ်ရေတတန်မှ ဗရိုမင်း တပေါင်နီးပါးကိုထုတ်ယူနိုင်သည်။ တက်ဆက်ပြည်နယ် ဖရီးပို့မြို့ ဒေါင်း ဓာတုဗေဒကုမ္ပဏီသည် ၁၉၃၃ ခုနှစ်၌ တနှစ်လျှင် တန်ချိန် ၂၀,၀၀၀ ကျဖြင့် ဗရိုမင်းကို ထုတ်လုပ်ပေးလျက် ရှိသည်။

ရှိရှိသမျှသော ကမ္ဘာ့ ပင်လယ်ရေထဲမှ ကြေးတန်ချိန် သန်းပေါင်း ၁၅,၀၀၀၊မန်ဂနိတန်ချိန် သန်းပေါင်း ၁၅,၀၀၀၊ ယူရေနီယမ်တန်ချိန် သန်းပေါင်း ၂၀,၀၀၀၊ ငွေ တန်ချိန် သန်းပေါင်း ၅၀၀၊ရွှေတန်ချိန်သန်းပေါင်း ၁၀ သန်း စသဖြင့် ထုတ်ယူ၍ရနိုင်သည်။ ဗိုရွန်ခေါ်သော ဒြပ်စင်ကိုမူကား

တန်ခါန် ၇,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀ အထိ ထုတ်ယူနိုင်မည်ဟု ဆိုသည်။

ထိုမျှ ကြွယ်ဝသော ဓာတ်သတ္တုတို့ အပြင် ဓာတ်မြေဩဇာ ထုတ်လုပ်ရေးကို အထောက်အကူပြုနိုင်သော ဖေ့စဖာရိုက်ကိုလည်းတွေ့ရှိထားပြီဖြစ်ရာ ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်တို့သည် ပင်လယ်ရေမှ ဓာတ်မြေဩဇာ ထုတ်ယူခြင်းကို တီထွင်ကြံဆ၍ လုပ်ကိုင်ရန် ပြင်ဆင်နေကြသည်။ ထို့ပြင် ပင်လယ်ရေထဲတွင် ဆိုင်းရှိနေသော နုန်းစသည်တို့မှ ဆစ်လီကွန်ကို ထုတ်ယူနိုင်သည်လည်း ရှိသေး၏။ ပင်လယ်ကြမ်းပြင်တွင်တည်ရှိသော သဲနှင့် ကျောက်စသည့် ဝတ္ထု ပစ္စည်းတို့သည် ဆောက်လုပ်ရေးဌာ အသုံးဝင်ကြောင်းကို အမျာသိပြီးဖြစ်၍ အကျယ်မဆိုလိုက်ပါ။

ယခုခေတ်၌ စက်မှုလုပ်ငန်းရှင်များ အထူး မျက်စိ ကျနေသော ပစ္စည်းမှာ ပင်လယ်ကြမ်းပြင်ပေါ်တွင် သဘာဝ အတိုင်း တည်ရှိနေသော သတ္တုလုံးများ ဖြစ်သည်။ ယင်းတို့ကား အာလူးအရွယ် နီးပါးရှိသော မဲခဲ့ချောက်ချောက် အထောင် "ဓာတ်လုံး"များ ဖြစ်သည်။ ယင်းတို့ကို အိန္ဒိယသမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ ဝမ်းပြင်ထဲ၌ တွေ့ရှိသည်။ ယင်းတို့ကို ဓာတ်ခဲ့ကြည့်သော အခါ မန်ဂနိဇြစ်စင် ၅၀ ရာခိုင်နှုန်း၊ ကြေး၊ နစ်ကယ်နှင့် ကိုဗော့တို့က ၂ ရာခိုင်နှုန်းစသဖြင့် ပါဝင်ကြောင်းတွေ့ရှိရသည်။ သံနှင့် ဆစ်လီကွန်တို့လည်း အနည်းငယ်စီ ပါဝင်ကြသည်။ ဂျပန်နှင့် အမေရိကန် သတ္တုကုမ္ပဏီတို့သည် ယင်း "ဓာတ်လုံး"များမှ မန်ဂနိကို ထုတ်ယူရန် ကြိုးပမ်းလျက်ရှိကြသည်။ မန်ဂနိသည် သံမဏိကို မာကျောစေရန်ပြုပြင်ပေးနိုင်သောကြောင့် အလွန် အသုံးဝင်၏။

ပင်လယ်ကြမ်းပြင် အပေါ်ယံတွင်ခဲမြဿနှင့်တကွ အခြားတွင်းထွက်များကိုလည်း တွေ့ရှိရသည်။ ခဲမြဿမှာ အလွန် အသုံးဝင်သည်။ ထို့ကြောင့် ယခုအခါ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့တွင် ယင်း ခဲမြဿနှင့် တကွ အပြိုက်ကိုပါ ပင်လယ်ထဲမှပြန်ရအောင် ဒရက်ဂျ ခေါ် ရေထွန်ဖြင့် ကော်၍ ထုတ်နုတ်ယူငင်လျက်ရှိသည်။

ကမ်းဦးရေတိမ်ပိုင်းနှင့် ပင်လယ်ကမ်းစောက်ပိုင်း နှစ်ပိုင်း စပ်ထာဒေသအဝှန်းကိုကုန်းမြေနယ်နိမိတ်ဟု မှတ်ယူကြသည်။ ထိုဒေသ၌ ရေနံနှင့်တကွ ဓာတ်ငွေများ ထွက်သည်။ ယေဘုယျဆိုလျှင် ကမ်းဦးရေတိမ်ပိုင်းသည် ကမ်းစပ်မှ မိုင် ၂၀၀ ခန့်ကျယ်သည်ဖြစ်၍ ထိုအကျယ်အဝန်း၌ ပေ ၃၀၀ ကျော် နက်သော နေရာတို့တွင် အချုပ် အခြာအာဏာပိုင်သော နိုင်ငံတို့ကရေနံနှင့်ဓာတ်ငွေတို့ကို တူးဖော်ကြသည်။ သို့ရာတွင် အချို့သောရေနံကုမ္ပဏီတို့သည် ပေပေါင်း ၁၃၀၀ ကျော် နက်သော ပင်လယ်မှလည်း ရေနံနှင့် ဓာတ်ငွေတို့ကို တူးဖော်ထုတ်လုပ် နေကြ၏။ ယခုအခါ ပင်လယ်ပြင် စီးပွားရေး ဇုန်နယ်နိမိတ်ကို မိုင် ၂၀၀ ဟူ၍ သတ်မှတ်သော နိုင်ငံတို့ များပြားလာလျက်ရှိသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂသည် နိုင်ငံအများစုက သဘောတူပြဋ္ဌာန်းနိုင်မည့် ပင်လယ်ပြင် အက်ဥပဒေကို သတ်မှတ်ရန်ကြိုးပမ်းဆဲ ဖြစ်သည်။

ပင်လယ်အောက်မှ ရေနံကို ထုတ်လုပ်နိုင်သည့် ဒေသများမှာ မက္ကဆီကို ပင်လယ်ကွေ့၊ တရုတ်တောင်ပင်လယ်၊ ပါရှင်းပင်လယ်ကွေ့၊ ကက်စပျန် ပင်လယ်၊ အာတိတ်ဇုံစသည်တို့ဖြစ်သည်။ ယခုခေတ်၌ ဗြိတိသျှတို့သည် နော့သဆီးဟု ခေါ်သော မြောက်ပင်လယ်ထဲမှ ရေနံနှင့် ဓာတ်ငွေတို့ကို အောင်မြင်စွာ ထုတ်နုတ်ယူငင်လျက် ရှိနေကြသည်။

အထက်တွင် ပင်လယ်သမုဒ္ဒရာ၌ တွင်းထွက် ပစ္စည်း အမျိုးပေါင်း ၆၀ ရှိသည်ဟု ဖော်ပြခဲ့ပြီး ဖြစ်၏။ ယင်းတို့အနက် ဆားဓာတ်ပျော်ဝင်နေသော ပင်လယ်ရေနှစ်ထဲ၌ ပါဝင်သည့် ဒြပ်စင် အမျိုးပေါင်း ၄၄ မျိုးကား ထုထည် အများအနည်းကိုလိုက်၍ အောက်ပါအတိုင်း ဖြစ်၏။



လွန်ခဲ့သော နှစ် ၁၅၀ မတိုင်မီက ဓာတ်သတ္တု သယံဇာတ ပစ္စည်းကြွယ်ဝ ပေါများလှသော ကမ္ဘာမြေကြီးမှ

ကြွယ်ဝသမျှကို လူတို့ ကုန်စင်အောင် ထုတ်ယူခြင်းမပြုကြ ချေ။ သို့ရာတွင် စက်မှုတော်လှန်ရေးကြီး ပေါ်ပေါက် သောအခါ တွင်းထွက် သတ္တု၊ ရေနံ၊ကျောက်မီးသွေးတို့ကို ထုတ်နုတ်သုံးစွဲခဲ့ရာ ယင်းပစ္စည်းများသည် မလုံမလောက် ဖြစ်လာသည်။ ဤအကြောင်းကြောင့် စွမ်းအင်ချို့တဲ့နေ ခြင်းပြဿနာကို ဖြေရှင်းရန် ကျွန်ုပ်တို့ အမျိုးမျိုးကြံဆ နေကြရပြီ။ ယင်း စွမ်းအင်ကို ပေးသော တွင်းထွက် ပစ္စည်းတို့အပြင် အခြား တွင်းထွက် ဓာတ်သတ္တုများလည်း အထွက်နှင့် သုံးစွဲမှု မမျှမတ ဖြစ်နေကြသည်။ သို့သော် တွင်းထွက်နှင့် သြဂဲနစ် ပစ္စည်းတို့သည် ကုန်းမြေမှ သမုဒ္ဒရာ ထဲသို့ တနှစ်လျှင် တန်ချိန်သန်းပေါင်း ၆,၅၀၀ မျှ စီးဆင်း လျက်ရှိရာ ယင်းတို့မှ ဓာတ်သတ္တုများကို ပြန်လည် ရရှိအောင် ကြံစည်တီထွင် ဆောင်ရွက်နေဆဲ ဖြစ်သည်။ သြဂဲနစ်ပစ္စည်းဟူသည်ကား ကာဗွန်ဓာတ်ကို အခြေခံသော အပင်လောကနှင့် တိရစ္ဆာန် လောကတို့မှ ထွက်သော ပစ္စည်းဖြစ်သည်။ စင်စစ် အပင်နှင့် တိရစ္ဆာန်တို့သည် ကမ္ဘာ့စွမ်းနပ်ရိက္ခာ အတွက် အခြေခံ ပစ္စည်း ဖြစ်လေရာ ယင်းတို့ကိုအဏ္ဏဝါပင်ရင်း အခြေအမြစ် ပစ္စည်းများ အဖြစ် ဖြင့် ထုတ်ဖော်ရေးသားရပေဦးမည်။

အပင်လောကနှင့် တိရစ္ဆာန် လောကတို့တွင် မူလ အခြေခံသည် ပရိုတိုပလက်ဇမ်ဖြစ်၏။ ပရိုတိုပလက်ဇမ် ဟူသည်ကား ကာဗွန်၊ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်နှင့် ဟိုက် ဒရိုဂျင်တည်းဟူသော အခြေခံဒြပ်စင်တို့ ဓာတ်ပြုရာမှ ဖြစ် ပေါ် လာသော ဒြပ်ပေါင်းများဖြင့် တည်ဆောက်ထားသည့် အကျိအခဲ့ဖြစ်သည်။ ယင်း ဒြပ်ပေါင်း များတွင် ဖော့စဖော ရပ်၊ ဆာလဖာ၊ သံ၊ ဆိုဒီယမ်၊ ကလိုရင်းနှင့် မက်ဂနီဆီယမ်တို့

ပေပေါင်း ၁၇,၀၀၀ နှင့်သော အဏ္ဏဝါကြမ်းပြင်တွင် တွေ့ရသော မင်ဂနီဖြစ်စင်များ ပါဝင်သောသတ္တုလုံးများ





သမုဒ္ဒရာကြမ်းပြင်တွင် ရှင်သန်နေသောအပင်များကို ရှာဖွေသုတေသီတို့က အမြဲမပြတ်သုတေသနပြုကြရသည်။

သည်လည်း အထောက်အပံ့ အဖြစ်ဖြင့် တခုချင်းသော် ၎င်း၊ အားလုံး ပေါင်း၍သော်၎င်း ဖွဲ့စည်း ပါဝင်ကြသည်။ ပင်လယ်သမုဒ္ဒရာထဲ၌ အဆိုပါ ကာဗွန် အစ ရှိသော အခြေခံနှင့် အထောက်အပံ့ ဓာတ်တို့သည် ဒြပ်စင်အဖြစ် ဖြင့်သော်၎င်း၊ ဒြပ်ပေါင်း အဖြစ်ဖြင့်သော်၎င်း ပျော်ဝင် လျက်ရှိနေကြသည်။ ထို့ကြောင့် ပင်လယ် သမုဒ္ဒရာသည် အပင်နှင့် သတ္တဝါတို့ပေါက်ဖွားရန် အခြေခံ ပင်ရင်းနေရာ ဌာန ဖြစ်ပေသည်။

ဤ ကမ္ဘာမြေကြီးပေါ်တွင် ပေါက်ဖွားနေထိုင်ကြသော အပင်နှင့် တိရစ္ဆာန်တို့သည် အမျိုးအမည်အားဖြင့်၎င်း၊ အရေအတွက်အားဖြင့်၎င်း များလှစွာ၏။ သမုဒ္ဒရာ၌ပေါက် ဖွားနေထိုင်ကြသော အပင်နှင့် တိရစ္ဆာန်တို့ကား အမျိုး အမည်အရေအတွက်အားဖြင့် ထို့ထက်ပင် ပို၍ များပြားလှ ပေသည်။ထို့ကြောင့် ကမ္ဘာ့စွမ်းနပ်ရိက္ခာမျက်စိဖြင့် သမုဒ္ဒရာ ကို ကြည့်၍ ပြောရသော် သမုဒ္ဒရာသည် ဧရာမ ဟင်း အိုးကြီးတခုဖြစ်သည်။ သို့သော် ရှေးက လူတို့သည် ထို ဟင်းအိုးကြီးထဲမှ ဟင်းမျိုးစုံကို ပြည့်ပြည့်ဝဝနှိုက်ယူ စား သောက်ခြင်း မပြုခဲ့ကြချေ။ ယခုခေတ်တွင်မြေပြင်မှရသော သယံဇာတပစ္စည်းနှင့် စားနပ်ရိက္ခာပစ္စည်းတို့ ချို့တဲ့လာ သော အရေးအခင်းကြောင့် သမုဒ္ဒရာထဲမှ အစားအစာ အမျိုးမျိုးကို ထုတ်နုတ်ယူငင်စားသောက်ကြရန် ကြိုးပမ်း လျက်ရှိနေကြပြီ။

ပင်လယ်သမုဒ္ဒရာထဲ၌ နေထိုင်စားသောက်ကြသော ရေ သတ္တဝါများအဖို့ အခြေခံ အစားအစာမှာ ဆဲလ်တခုတည်း ဖြင့် အရိုးခံ ပဲ့စည်းထားသော ဒိုင်အက်တမ်နှင့် ယင်း



မြန်မာနိုင်ငံ မုတ္တမကမ်းနှီး ရေတိမ်ပိုင်းတွင်
အ သုံးပြုခဲ့သော ကမ်းလွှန်ပင်လယ်ရေနံတူးစင်ကြီး

အမျိုးနှင့် နီးစပ်သော အပင်များဖြစ်သည်။ ယင်းတို့သည် ရေတွင် ပျော်ဝင်နေသောဓာတ်သတ္တုများကို နေ၏ စွမ်းအင်ဖြင့် ယှဉ်၍ အလင်းမှီစုဖွဲ့ခြင်းနည်းဖြင့်သကြား၊အဆီ၊ ပရိုတင်းဟူသော သြဂဲနစ်ဝတ္ထုတို့ကို ဖန်တီးပေးသည်။

ပေ ၆၀၀ အနက်ရှိသော သမုဒ္ဒရာ ရေပြင် တဝှန်းလုံးသည် ဒိုင်အက်တမ် အပါအဝင် အပင်မွှားကလေးများ၏ ဌာနီဖြစ်သည်။ ယင်းကို သက်ရှိအကောင်တို့၏ရှေးဦးဖြစ်သော ပရိုတိုဇုန်းတို့က စားသောက်ကြ၏။ ယင်း အပင်မွှားနှင့် အကောင်မွှားတို့သည်ယေဘုယျအားဖြင့် ငါး ပုဇွန်ကဏန်း အကောင်ကြီးများကဲ့သို့ ရေတွင်ကူးခတ်သွားလာနိုင်ကြသည်မဟုတ်၊ ရေအယဉ်ထဲတွင်သာ အလိုက်သင့် မျောပါနေတတ်ကြသည်။ ယင်းကဲ့သို့ ရေထဲတွင် မျော၍ ရေစီးကြောင်းကိုလိုက်ပြီးလျှင် ထိုမှ ဤမှ လှည့်လည်နေရခြင်းကို ထောက်ရှု၍ ယင်းအပင်နှင့် အကောင်ထုထည် အစုအဝေးကို ပလင်ကတန်ဟု ခေါ်သည်။ ပလင်ကတန် စာရင်းထဲတွင်ပါဝင်သော အပင်နှင့် အကောင်အမျိုးပေါင်းမှာ ၁၅,၀၀၀ ခန့် ရှိသည်။ ထိုပလင်ကတန်တို့ကို ပုဇွန်၊ ကဏန်း၊ ခုံး၊ ယောက်သွား၊ ငထိုး၊ ရေလက်ဝါးနှင့် ငါးပေါက်ကလေးများမှအစ ငကွေးသျှပ်၊ငပြား (ဝါ) ငကွေးညှပ်၊ ကော့ဒငါး၊ ဟဲရင်းငါး၊ ဟက်ဒဂ်ငါး စသည့် အလွယ်အလတ်စားငါးများ အလယ်၊ ငမန်း၊ ငလိပ်ကျောက်နှင့် ဝေလငါး စသည့် ငါးကြီးများ အဆုံး အားလုံးသော ရေသတ္တဝါတို့က စားသောက်ကြ၏။ ရေသတ္တဝါ အချင်းချင်းတို့သည် ငယ်သောအကောင်ကို ကြီးသောအကောင်၊ ကြီးသောအကောင်ကို ထို့ထက် ကြီးသော အကောင် စသဖြင့် စားသောက်လေ့ရှိကြ၏။

အလင်းရောင် အရောက်အပေါက်နည်းသော ပေ ၆၀၀ နှင့် ပေ ၁၀၀၀ အနက် စပ်ကြား ပင်လယ် ရေလွှာတွင် မှီဝဲနေထိုင်ကြသော သတ္တဝါတို့အပြီ စားစရာအပင်ဟူ၍ မရှိတော့ချေ။ ထိုကြောင့် ထိုနေရာတွင် ဇာတ်တူသားချင်းစားသော သတ္တဝါတို့ အများဆုံး မှီတင်းနေထိုင်ကြသည်။ ထိုမျှထက် ပို၍နက်သောရေလွှာတွင်မူကား ဟကတိ အလင်းရောင်ကို ဘယ်မှာမှ မရနိုင်သောကြောင့် သတ္တဝါတို့သည် မိမိကိုယ်မှ ထွန်းတောက်သော အလင်းရောင်ဖြင့် သွားလာ၍ အစာရှာဖွေစားသောက်ကြသည်။ အချို့ ငါးမျိုးမျိုးဦး ရင်ဆူးတောင်မှ အလင်းရောင် ထုတ်သည်။ ထိုအလင်းရောင်ဖြင့် အစာရှာသည်။ တခါတရံ ယင်း အလင်းရောင်သည် အသက်အန္တရာယ်ကို ကာကွယ်ပေးသော ဟစ္စည်းလည်းဖြစ်သည်။ မှောင်ကြီးမဲမဲတွင်အစာရှာပေရသည်ဖြစ်ရာ အချို့သော ငါးသတ္တဝါတို့၏ ဦးခေါင်းထက်၌ ငါးမျှားတန်သဘွယ် အမွေးအမှင်များ ပါသည်။ မကြာမီကရှာဖွေတွေ့ရှိသည့် ငါးမျှားတတ်သော ငါးတမျိုးသည် အာခံတွင်းမှ မီးဝင်းဝင်းတောက်စေသော အင်္ဂါရုပ်ဖြင့် ငါးတို့ကို မိမိပါးစပ်ထဲ ဝင်လာအောင် ဖျားယောင်းခေါ်ယူတတ်ပေသည်။ မျှားသောအားဖြင့် စက္ခုအာရုံ၌ ချို့တဲ့ကြသည်ဖြစ်၍ ယင်း ငါးသတ္တဝါတို့သည် ပရိယာယ်အမျိုးမျိုးဆင်၍ အစာကို ရှာပြီးလျှင် မိမိကိုယ်ကိုလည်း မိမိကာကွယ်ကြသည်။ လျှပ်စစ်ငရွဲ၏ ခန္ဓာကိုယ်မှ လျှပ်စစ်ခတ်စီးဆင်းခြင်းသည်အရင်းခံအားဖြင့် ကိုယ်ခံကောင်းစေလို၍ ဖြစ်ပေသည်။

သမုဒ္ဒရာသည် မြေပြင်ထက် ရာသီဥတု သပ္ပာယမျှတသည်။ သမုဒ္ဒရာရေထု၌ အပူချိန်သည် ဖာရင်ဟိုက် ၉၆ ဒီဂရီထက်မမျှားချေ။ အနည်းဆုံးမှာလည်း ဖာရင်ဟိုက် ၂၉ ဒီဂရီအောက်သို့မကျချေ။ ပေ ၉၀၀ အနက် အောက်တွင် ပင်လယ်ကြမ်းပြင်၏ အပူချိန်မှာ ဖာရင်ဟိုက်၃၇.၄ ဒီဂရီ မှန်တမ်းရှိသည်။ ထို့ကြောင့်သက်ရှိသတ္တဝါတို့ကောင်းစွာပျော်မွေ့နေထိုင်နိုင်ကြသည်။ထုံးစံအားဖြင့်ငါးများသည် အအေးပိုင်းဒေသတို့၌ပေါများသည်။ သို့သော်အပူပိုင်းဒေသတို့သည် မျိုးပေါက်ပွားခြင်းကို လွန်စွာ အားပေးသည်ဖြစ်ရာ ယင်း ဒေသများ၌ ငါးအမျိုးအမည် အလွန်များပြားသည်။

ကမ်းဦးရေတိမ်ပိုင်းမှလွန်သော် ရေသတ္တဝါတို့မှာ နည်းပါးသွားကြသည်။ သို့သော် သမုဒ္ဒရာကြမ်းပြင်တို့၌ရှိသော သတ္တဝါတို့ကို သုတေသန ပြုကြလျှင် သမုဒ္ဒရာနက်နက်၌ ငါးဖမ်းခြင်း လုပ်ငန်းသည်ယခုထက် ပိုမို တိုးတက် ဖွံ့ဖြိုးလာပေဦးမည်။ ထိုအခါ ရှေးက လူတို့မစားသော ရေသတ္တဝါတို့ကို စားသောက်လာနိုင်ကြလိမ့်မည်။ ၁၉၅၁ ခုနှစ်တွင် ပီလစ်ပိုင် ကျွန်း၏ အနောက် ဖက်နှင့် ဂျားဗား ကျွန်း၊

ဆူမတြားကျန်းတောင်ဖက်ပင်လယ်ပြင်တို့တွင် ဂလာသီယာခေါ် အဏ္ဏဝါသုတေသန သင်္ဘောသည် ဇော်နီယိုနှင့် ဆွန်ဒါချိုင့်ဒေသတို့၌ သုတေသန ပြုခဲ့၏။ ထိုနေရာ ဒေသတွင် ပေပေါင်း ၂၃,၄၀၀ အနက်၌ သံမဏိကြိုးတပ်သော ဆဲပိုက်ဖြင့် ငါးဖမ်းရာ ပင်လယ်မျှော့ အမျိုးပေါင်း ၃၀၀၀၊ ပင်လယ်မှို အမျိုးပေါင်း ၄၀၊ သန္တာနက်၊ ရေလက်ဝါး၊ ခရု၊ ခုံး အကောင် အမျိုးမျိုးနှင့် ခုနစ်လက်မ အရှည် ရှိသော ဗရူတိုလစ် ငါးတကောင်ကိုဖမ်းဆီးရမိသည်။

ယင်း သုတေသနသင်္ဘောသည် ကမ္ဘာကို နှစ်ပတ်ခဲ့ပတ်သော ခရီးနှင့်တူညီသည့် မိုင်ပေါင်း ၆၃,၇၀၀ ကို လှည့်လည်ခဲ့ရာ ရှေးကကျန်ပ်တို့ မမြင်ဖူး မတွေ့ဖူးသော ရေသတ္တဝါအမျိုးမျိုးကို အထက်ပါအတိုင်း အကြိမ်ကြိမ် တွေ့ရှိခဲ့၏။ ယင်း တွေ့ရှိချက်တို့သည် အနာဂတ်တွင် စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက်အပံ့ ပြုပေလိမ့်မည်။ ယခုခေတ်၌ ပင်လျှင် ရှေးက မစားဖူးသော ပင်လယ်ငါးသတ္တဝါတို့ကို စားသောက်လာကြပြီ။

ရှေးအခါက အနောက် ဥရောပနိုင်ငံတို့တွင် ငမန်း၊ လိပ်ကျောက် စသည်တို့ကို စားလေ့ စားထမရှိချေ။ စားပြန်ပါလျှင်လည်း အလွန်တန်ဖိုးကြီးလေးလှသောအရသာ အဖြစ်ဖြင့် စည်းစိမ်ရှင်တို့ကသာ မှီဝဲကြသည်။ ယခုအခါ၌မူကား ယင်းတို့ကို စားရကောင်းမှန်း သိလာကြပြီ။

ကျန်ပ်တို့ အရှေ့တိုင်းသားများသည် ငပိ၊ ငချဉ် စသည်တို့ကို ကြိုက်နှစ်သက်ကြသည်။ ယင်းတို့သည်ပရိုတင်းဓာတ် ပြည့်ဝသော အစားအစာဖြစ်သည်။ ယခုအခါ အနောက်တိုင်းသားတို့သည် ပရိုတင်းဓာတ် ကြွယ်ဝသော ငါး ပရိုတင်းအနှစ်ကို ထုတ်လုပ်စီမံ၍ သုံးဆောင်လျက်ရှိနေကြပြီ။ ယင်း ငါးပရိုတင်းအနှစ်ကို စား၍မကောင်းဟု ယူဆသော ငါးသတ္တဝါထံမှ ထုတ်နုတ်ယူငင်၍စားကောင်းအောင်ပြုပြင်ပေးနိုင်ရာ နောင်အခါတွင် ပရိုတင်းချို့တဲ့၍ အာဟာရဓာတ် မပြည့်မဝဖြစ်ရသော အခြင်းအရာတို့ကို ပပျောက်အောင် ဆောင်ရွက်ပေးနိုင်ဘွယ် ရှိလေသည်။ ထို့ပြင် ယင်းပရိုတင်းအနှစ်ကို တိရစ္ဆာန်မွေးမြူရေးအတွက်အစာအဖြစ်ဖြင့်လည်း သုံးစွဲနိုင်သည်။ တိရစ္ဆာန်မွေးမြူရေးအခြေအနေ တိုးတက်ကောင်းမွန်လျှင် အသား ပရိုတင်းထုတ်လုပ်မှု အခြေအနေလည်း တိုးတက် ကောင်းမွန်လာလိမ့်မည်။

ယခုခေတ်၌ အဏ္ဏဝါဗေဒသည် လွန်စွာ တိုးတက်လျက်ရှိရာ ကမ္ဘာ့စားနပ်ရိက္ခာကို အထောက်အကူ ပြုနိုင်သော ပစ္စည်းများထုတ်နုတ်ယူငင်သုံးစွဲရေးအတွက် သိပ္ပံပညာရှင်တို့က ကြံစည်ကြိုးပမ်းလျက် ရှိနေကြသည်။ မြောက်အတ္တလန္တိတ်သမုဒ္ဒရာ၏ အနောက်ဖက်နှင့် အမေရိကန် ပြည်ထောင်စု၏ အရှေ့ဖက်စပ်ကြားတွင် ဆာဂတ်ဆို ပင်လယ်ရှိသည်။ ထိုပင်လယ်ပြင်၌ ပလင်ကတန်ပေါများသည်။ ယင်း ပလင်ကတန်ကို ရေစစ်ဖြင့် အနယ်ကိုစစ်ယူဘိသကဲ့သို့ စစ်ယူ၍ ဓာတ်ခွဲကြည့်ရာ၊ ပရိုတင်း ၅၅ ရာခိုင်နှုန်း၊ ကာဗို ဟိုက်ဒြိတ် (သကြားနှင့် ကစီရည်) ၁၅ ရာခိုင်နှုန်း၊ အဆီလေးရာခိုင်နှုန်းနှင့် ဗီတာမင်အနည်းငယ်ပါဝင်ကြောင်းတွေ့ရ၏။ ယင်းတို့ကို ယူ၍ ကြက်ကို စမ်းသပ်ကျွေးကြည့်ရာ ပလင်ကတန်ချည်းသက်သက်ဖြင့် ကြက်၏ အသက်ရှင်စေခြင်းငှာ မလုံလောက်သော်ငြားလည်း ပင်လယ်ငါးနှင့် ကောက်ပဲသီးနှံတို့ဖြင့်ရောရွက်ကျွေးကြည့်သောအခါ အသက်ရှင်ခြင်းငှာ လုံလောက်သည်ကို တွေ့ရ၏။ ပလင်ကတန်တွင်ပါရှိသော ယူဖောဆီယာဆူပါဗာ အကောင်များကို ပင်လယ်သားတို့က ကရီလဟူ၍လည်း ခေါ်ကြသည်။ ယင်း အကောင်သည် ဝေလငါးပြာမျိုး၏ အာဟာရ ဖြစ်သည်။ တန်ချိန် ၉၀ လေးသော ယင်း ဝေလငါးမျိုးသည် တနေ့လျှင် ကရီလတန်ချိန်သုံးတန်အထိ စားသည်။ ယင်းကို ပင်လယ်ရေမှ စစ်ထုတ်၍ စားစရာကဲ့သို့ အသုံးပြုလျှင် အမေရိကန်ပြည်ထောင်စုတခုလုံးက လိုအပ်သော စားနပ်ရိက္ခာတန့်စ်စာအတွက် ဖူလုံလိမ့်မည်ဟု တွက်ဆကြသည်။

ပလင်ကတန်ကို ရေကန်နှင့် မွေးမြူလျှင် ရနိုင်သည်။ ယင်းသို့ မွေးမြူလျှင် ခလော်ရဲလာခေါ်သော အယ်လဂျေအပင်တမျိုးသည် အထူးလျင်မြန်စွာ ပေါက်ပွားကြောင်း တွေ့ရှိရသည်။ ယင်းကို သုံးရက်တခါ သဲ့ယူ၍ရနိုင်သည်။ ဤကား ယင်း အပင်ကို သုံးရက်တခါ ကောက်ရိတ်သိမ်း၍ အသစ်တဖန်ပြန်၍စိုက်ပျိုးခြင်းဟူသော အဓိပ္ပာယ်ရှိသည်။ ပြောင်းဖူးပင်ကိုစိုက်ပျိုးလျှင် ကိုးပတ်မှ ၁၃ ပတ် အကြာ၌ ကောက်ပင်ရိတ်သိမ်းနိုင်သည်။ ခလော်ရဲလာ စိုက်ပျိုးခြင်းနှင့်ပြောင်းစိုက်ပျိုးခြင်းကို နှိုင်းယှဉ်ကြည့်ကြပါလေ။ ယင်း ခလော်ရဲလာသည် တကေလျှင် တန်ချိန်၃၀ ထွက်နိုင်သည်။ ဤကဲ့သို့ အထွက်ကောင်း၍ အမြန် ရိတ်သိမ်းနိုင်သော သဘာဝကြောင့် အနာဂတ်၌အာကာသခရီးရှည်ထွက်လျှင် ယင်းအယ်လဂျေကို အာကာသယာဉ်ထဲ၌ပင်စိုက်ပျိုး၍ အာဟာရဖြည့်တင်းစေရန် သိပ္ပံပညာရှင်တို့က အကြံပြုလျက်ရှိကြသည်။ ယင်း အပင်၌ပရိုတင်းဓာတ် ရာခိုင်နှုန်း ၅၀ ပါသည်ဖြစ်ရာ ယင်းကို အသားဓာတ် အနှံပေး၍ ပြုလုပ်လျှင် အသားဓာတ်ကို အစားထိုးပေးနိုင်လိမ့်မည်။ အယ်လဂျေမှုန့်သည်ဂျုံမှုန့်နှင့်တူသောကြောင့်ယင်းကိုကိတ်မုန့်ပေါင်မုန့် ဖုတ်ဘိသကဲ့သို့ ဖုတ်၍ မှီဝဲစားသောက်လျှင် ရနိုင်သည်။

စေ့းတွင် ရောင်းချသော ကျောက်ချောမုန့် သည် ပင်လယ်ကျောက်ချောမှ လုပ်သော မုန့်ဖြစ်သည်။ ယင်း ပင်လယ်ကျောက်ချောသည်ပင်လျှင် အယ်လဂျီအကြီးစားဖြစ်သည်။

ယင်းတို့သည် ကျောက်အစရှိသော မြေကြီး အခိုင်အမာ တခုခုကို မှီ၍ ပေါက်ကြသည်ဖြစ်၍ များသော

အားဖြင့် ကျောက်ဆောင်ထူထပ်ရာ ပင်လယ်ကမ်းခြေတွင် ပေါက်ရောက်သည်။ လှိုင်းဒဏ် လေဒဏ်ကြောင့် အမြစ်ကျွတ်၍ ပင်လယ်ထဲ၌ မျောနေသော ကျောက်ပင့်မျိုးသည် အလွန်ပေါများသည်။ ယင်းတို့သည် တခါတရံ ၁၁၅ ပေ အရှည်ရှိသည်ကို တွေ့ရ၏။ ရေတွင် မျောနေနိုင်သော ကျောက်ပင့်တမျိုးမှာ ဆာဂတ်ဆို ပင်လယ်ထဲတွင် ပေါက်ရောက်သော ဆာဂတ်ဆမ် ကျောက်ပင့် ဖြစ်သည်။

ယင်း ပင်လယ်ပြင်တွင် တန်ခိုန် ခုနစ်သန်းမျှရှိသော ကျောက်ပင့်တို့သည် မိုင် ၁၀၀၀ မှ ၂၀၀၀ အထိ ကျယ်ဝန်းသော ရေပြင်၌ ပေါလော မျောနေကြသည်။ ပင်လယ်ကျောက်ချေသည် ရေတွင် ပျော်ဝင်လျက်ရှိသောဓာတ်သတ္တုတို့ကို စုတ်ယူစားသောက်၍ အရွက်၌ သိုမှီးထားလေ့ရှိရာ ယင်းတို့ကို အစားအစာကဲ့သို့ အသုံးချကြရုံမျှမက ယင်းတို့မှ အိုင်အိုဒင်း၊ ဆိုဒါ၊ ပိုတက်စသော ဓာတ်တို့ကို ထုတ်ယူကြသည်။ ပိုတက်ဆီယမ်၊ ဖော့စဖောရပ်နှင့်နိုက်ထရိုဂျင်စသော ဓာတ်တို့ဖြင့် ပြည့်ဝသော ကျောက်ချေများကို ဓာတ်မြေဩဇာထုတ်လုပ်ရာ၌ အသုံးပြုကြသည်။

ပင်လယ်ငါးဖမ်းခြင်း လုပ်ငန်း၌ ပီရူးနိုင်ငံသည် ထိပ်တန်းနိုင်ငံ ဖြစ်သည်။ ယခုခေတ်၌ ယင်း လုပ်ငန်းသည် အလွန်ကျယ်ဝန်းလျက်ရှိရာ ၁၉၅၇ ခုနှစ်၌ ပီရူးနိုင်ငံသည် ငါးတန်ခိုန် ၆၄,၀၀၀ ကို ဖမ်းယူခဲ့ရာ ၁၉၆၃ ခုနှစ်သို့ရောက်သော် ငါးတန်ခိုန် ၁,၁၅၉,၀၀၀ အထိ ဖမ်းယူခဲ့လေသည်။

ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် ရုရှနိုင်ငံတို့သည်လည်း ငါးဖမ်းလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ကြသည်။ ဂျပန်နှင့် ရုရှ ခေတ်မီ ငါးဖမ်းသင်္ဘောတို့သည် အမေရိကန် ပြည်ထောင်စု ကမ်းခြေနှင့် မိုင် ၄၀ မျဉ်းသောအရပ်သို့ လာရောက်ငါဖမ်းကြသည်။ အမေရိကန် ပြည်ထောင်စုကား ငါးဖမ်းလုပ်ငန်း၌ ပဉ္စမလိုက်သည်။ ၁၉၅၄ ခုနှစ်တွင် ငါးပေါင်ချိန် ၂,၇၀၅,၀၀၀ ဖမ်းခဲ့ရာ ၁၉၆၃ ခုနှစ်တွင် ပေါင်ချိန် ၂,၄၅၅,၀၀၀ မျှသာဖမ်းယူနိုင်ခဲ့လေသည်။

ပင်လယ်ငါးဖမ်းခြင်း လုပ်ငန်းအပြင် ငါးမွေးမြူရေးလုပ်ငန်းလည်း ရှိသေးသည်။ ယင်းတို့ကို ကုန်းတွင်၌သာမက ပင်လယ်ကမ်းစပ်တို၌လည်း လုပ်ကိုင်ကြ၏။ ပုဇွန်၊ ကဏန်း၊ ခုံး၊ ယောက်သွား၊ ကနုကမာ စသည်တို့ကို ပင်လယ်နား၌ပင်လျင် မွေးမြူ၍ ရနိုင်သည်။ ခုံးကောင် တခါအုလျင် တသန်းအုသည်။ ကနုကမာ တခါအုလျင် သန်းပေါင်းများစွာအုသည်။

အမေရိကန် ပြည်ထောင်စု၊ ဩစတြေးလီးယား၊ ပြင်သစ်၊ အင်္ဂလန်၊ ဟော်လန်၊ နော်ဝေ၊ ဂျပန်၊ ဟောင်ကောင်ဟူသော နိုင်ငံတို့တွင် ပုလဲအတွက်သာမက စားနပ်ရိက္ခာအတွက်လည်း ကနုကမာနှင့်ခုံးတို့ကို မွေးမြူလျက်ရှိကြသည်။ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီရှားနိုင်ငံနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ မှစ၍ ငါးပုဇွန် မွေးမြူရေးကို လုပ်ဆောင်ခဲ့သော နိုင်ငံများဖြစ်သည်။

ဖိလစ်ပိုင်၌ တနှစ်လျင် ငါးပေါင်ချိန် ၁၇ သန်းရအောင် မွေးမြူလျက်ရှိ၏။ မြောက်ပင်လယ်နှင့် ဟာဝိုင်ယီကျွန်းအစပ်ပင်လယ်ပြင်တို့တွင် အစာရေစာချို့တဲ့သော အရပ်မှ ငါး ပုဇွန်တို့ကို သယ်ယူ၍ပလင်ကတန်စသော အစာပေါများရာ နေရာ၌ ပြန်လည်နေရာချထား၍ မွေးမြူကြ၏။

ပင်လယ်ငါးဖမ်းရာ၌ ယခုခေတ်တွင် အလွန်အမင်း အတိုင်းအဆမသီ ငါးဖမ်းနေကြသောကြောင့်၊ ငါးပြုန်းတီးမည့်အခြေကို စိုးရိမ်နေကြသည်။ ငါးဖမ်းရာ၌လည်း သူပိုင်နက်ငါပိုင်နက်ဟူ၍ မကြာခဏ အငြင်းပွားကြသည်။ ပင်လယ်ပြင် ထဲသို့ စက်ရုံအလုပ်ရုံတို့မှ ဓာတ်သတ္တုအမှိုက်သရိုက်တို့ကိုသွန်ချနေကြခြင်းကြောင့်၎င်း၊ ပင်လယ်ထဲတွင် ရေနံတင်သင်္ဘောများ နစ်မြုပ်ပျက်စီး၍ ရေနံယိုဖိတ်ခြင်းကြောင့်၎င်း၊ ပင်လယ်သမုဒ္ဒရာ ညစ်ညမ်းမှုအတွက်လည်း စိုးရိမ်မကင်းဖြစ်နေကြသည်။

ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတို့သည် စီးပွားရေးဇုန်ယ် မိုင် ၂၀၀ အထိ သတ်မှတ်ခြင်းအပါအဝင် ပင်လယ်ပြင်ဥပဒေကို ပြဋ္ဌာန်း၍ အက္ကဝါပင်ရင်း အခြေအမြစ်များ ပျက်စီးပြုန်းတီးခြင်းမဖြစ်ရလေအောင် စနစ်တကျ ထုတ်နုတ်ယူငင် သုံးစွဲနိုင်ကြစေရန် တိုင်ပင်ညှိနှိုင်းဆောင်ရွက်လျက် ရှိနေကြသည်။

ဦးထင်ဖတ်

ရေအောက်ပစ္စည်းများကို စူးစမ်းလေ့လာနေသော အက္ကဝါဗေဒ ပညာရှင်များ၊



ပုဇွန်တောင်မြို့နယ်

မူးယစ်ဆေးဝါးအန္တရာယ်ရှုတ်ချပွဲ

၈.၁.၇၉



အမျိုးသားရေးလှုပ်ရှားမှုအသင်းဖြင့်

မူးယစ်ဆေးဝါးအန္တရာယ်ကို

စုပေါင်းကာကွယ် တိုက်ဖျက်ကြရမည်။

ကချင်ပြည်နယ်။ ။(နှစ်ချုပ်ဂုဂ—ဂ၂—ဂ္ဂ။)ကချင်ပြည်နယ်သည် အကျယ်အဝန်းအားဖြင့် ၃၄,၃၇၉ စတုရန်းမိုင်ရှိသည်။ မြန်မာတနိုင်ငံလုံး အကျယ်အဝန်း၏ ၁၃ ရာခိုင်နှုန်းရှိသည်။

ကချင်ပြည်နယ်၏ လူဦးရေသည် ၇၆၅,၄၅၄ ယောက်ရှိသည်။ ပြည်နယ်တခုလုံး၏ လူဦးရေတိုးနှုန်းမှာ ၂.၄၃ ရာခိုင်နှုန်းရှိသည်။

ကချင်ပြည်နယ်၏ အဓိက စီးပွားရေး လုပ်ငန်းသည် လယ်ယာလုပ်ငန်းဖြစ်သည်။ မြစ်ဝှမ်းလွင်ပြင် ဒေသများ၌ စပါး၊ ကြံ၊ မြေပဲတို့ကို အဓိကထား စိုက်ပျိုးသည်။ သီးနှံအမျိုးမျိုး စိုက်ပျိုးသည့်ကမှာ ၄.၀၄ သိန်းခန့် ရှိသည်။



သီးထပ်သီးညှပ်စိုက်ပျိုးသည့်ကမှာ နှစ်သောင်းခွဲခန့် ရှိသည်။ ၁၉၇၇—၇၈ ခုနှစ်အတွင်း စပါးစိုက်ပျိုးသည့်ကမှာ ၂၉၀,၁၈၆ ကေရှိပြီးအောင်မြင်သည့်ကမှာ ၂၇၈,၉၅၅ ကေဖြစ်သည်။ တကေ စပါးအထွက်နှုန်းမှာ ၃၃.၃၁ တင်း ဖြစ်သည်။ မြေပဲစိုက်ကမှာ ၂၇,၁၂၃ ကေဖြစ်ပြီး အောင်မြင်သည့်ကမှာ ၂၆,၅၅၈ ကေဖြစ်သည်။ တကေမြေပဲအထွက်နှုန်းမှာ ၃၆.၄၁ တင်းဖြစ်သည်။ ကြံစိုက်ပျိုးသည့် ကမှာ ၅,၄၂၇ ကေရှိပြီး အောင်မြင်သည့်ကမှာ ၄,၅၂၉ ကေဖြစ်သည်။ တကေ ကြံအထွက်နှုန်းမှာ ၁၃.၅၈ တန်ဖြစ်သည်။

မြေရိယာ ၂၃,၈၃၇ ကေကို ဆည်ရေ ပေးသွင်းနိုင်ရန် ကျပ် ၇၈.၃၀ သိန်းအကုန်အကျခံ၍ ဆည်မြောင်းများတည်ဆောက် ခဲ့သည်။ ဝါးရှောင်ဆည်၊ မြို့သစ်ကလေးဆည်၊ ကုလားကုန်းဆည်တို့သည် ဆည်ရေသောက် လယ်များ အတွက် အရေးပါလေသည်။ နှစ်ရှည်လုပ်ငန်းကြီးအဖြစ် ကျပ် ငွေသိန်း ၂၄၀ အကုန်အကျခံ၍ ဖော်ထုတ်မည့် ပေါင်နက်ချောင်းဆည်နှင့် ပူတာအိုဆည်တို့ ပြီးစီးပါက မြေရိယာ ၂၉,၀၀၀ ကေကို ဆည်ရေ ပေးသွင်းနိုင်ဦးမည် ဖြစ်သဖြင့် ကချင်ပြည်နယ် စိုက်ပျိုးရေးလုပ်ငန်း ပိုမိုဖြစ်ထွန်းလာမည် ဖြစ်လေသည်။

ကချင်ပြည်နယ်၏ သယံဇာတပစ္စည်းများတွင် ရွှေ၊ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်း၊ ကျောက်စိမ်း၊ ကျောက်သလင်းနှင့် ကျောက်မီးသွေးတို့ ပါဝင်သည်။ နမ္မားရွှေတွင်းနှင့် ဖားကန့်ကျောက်စိမ်းတွင်းတို့မှာ လွန်စွာ ထင်ရှားသည်။ ၁၉၇၆—၇၇ ခုနှစ်က ကျောက်စိမ်းပိဿာချိန် ၁၉,၂၂၁ ကို ပြည်သူပိုင်လုပ်ငန်းကလွှမ့် ထုတ်လုပ်ခဲ့သည်။ သမဝါယမ အသင်းအဖွဲ့များက ကျောက်ကြီး၊ ကျောက်သေး၊ လမ်းခင်းကျောက်၊ဘေ ာလုံးကျောက် ကျင်းပေါင်း ၂.၃၇၆ ထုတ်လုပ်ခဲ့သည်။ ၁၉၇၆—၇၇ ခုနှစ်တွင် ပြည်သူပိုင် နမ္မတီး သကြားစက်မှ သကြားတန်ချိန် ၂,၅၃၄ တန် ထုတ်လုပ်ခဲ့ လေသည်။

ကချင်ပြည်နယ်တွင် သမဝါယမ အသင်းပေါင်း ၅၃၈ သင်းရှိပြီးအသင်းသားဦးရေမှာ ၁၂၉,၂၃၈ယောက်ရှိသည်။ ကျေးရွာသမဝါယမအသင်း ၃၂၈ သင်း ရှိပြီး စားသုံးသူ သမဝါယမအသင်းမှာ ၆၃ သင်းရှိသည်။ ထို့အပြင် မြို့နယ် သမဝါယမအသင်းစု၊ မြို့နယ်သမဝါယမအသင်းများ၊ အခြေခံ သမဝါယမအသင်းစုများ၊ လယ်ယာကုန်ထုတ်သမဝါယမ အသင်းများ၊ ငါးဖမ်းကုန်ထုတ်သမဝါယမအသင်း၊တပ်တွင်း သမဝါယမအသင်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့ သမဝါယမအသင်း များနှင့် ငွေစုငွေချေး သမဝါယမအသင်းများကိုလည်း ဖွဲ့စည်း တည်ထောင်ထားလေသည်။

၁၉၇၇—၇၈ ခုနှစ် ယာယီစာရင်းအရ မူလတန်းကျောင်း ပေါင်း ၆၃၁ ကျောင်း၊ အလယ်တန်းကျောင်း ၄၈ ကျောင်း



ရွှေကျင်လုပ်ငန်းသည် ကချင်လူမျိုးတို့၏ ဓိုးရာလုပ်ငန်းတခုဖြစ်သည်။

နှင့် အထက်တန်းကျောင်း ၂၁ ကျောင်းရှိသည်။ ထို့အပြင် ဆရာအတတ်သင်ကျောင်း၊ အခြေခံ ယက်ကန်းကျောင်း၊ စိုက်ပျိုးမွေးမြူရေး အထူးလုပ်ငန်းပညာသင်ကျောင်း၊ မြစ်ကြီးနားကောလိပ်နှင့် ဒေသကောလိပ် တို့ကိုလည်း ဖွင့်လှစ်ထားရှိသည်။

ကတက်စထြော်ဖီ သီအိုရီ။ ။ကတက်စထြော်ဖီ သီအိုရီသည် ၁၉၆၀ ပြည့်နှစ်ကမှ ပေါ်ပေါက်ခဲ့သော သစ်ပင်ဘာသာခွဲ တခုဖြစ်သည်။ ယင်းဘာသာရပ်ကို တီထွင်သော ပုဂ္ဂိုလ်မှာ ပဲရစ်မြို့ရှိ အထက်တန်းသိပ္ပံ လေ့လာရေး တက္ကသိုလ်မှ ပါမောက္ခ သွမ်းဖြစ်သည်။

ကဘက်စထြော်ဖီကို တိုက်ရိုက် မြန်မာဘာသာဖြင့် ပြန်ဆိုပါက ကပ်ဆိုးဟု ပြန်ရပေမည်။ သို့သော် သစ်ပင်တွင်သုံးသော အဓိပ္ပာယ်မှာ အခြေအနေတခုမှ တခုသို့ ရုတ်တရက်ပြောင်းသွားခြင်း ဖြစ်သည်။

ဥပမာပြရသည်ရှိသော် လေယာဉ်တစင်း လေထဲ၌ ပျံဝဲနေစဉ် ရုတ်တရက် ပေါက်ကွဲသွားခြင်း၊ အလွန်ဆင်းရဲသော လူတယောက်သည် သိန်းထီပေါက်သဖြင့် ချက်ချင်းချမ်းသာသွားခြင်း၊ ရုပ်ရှင်လောကတွင် ဝါဝါဝင်းရွှေသည် 'စိတ်' ဇာတ်ကားကို ရိုက်ပြီးပြီးချင်း နေ့ချင်းညချင်း ကျော်ကြားသွားခြင်း၊ အမေရိကန် နိုင်ငံတွင် အယ်လဗစ်ပရက်စလေသည် လော်လီကားမောင်းနေရာမှ သီချင်းတပုဒ် ဆိုလိုက်ရုံဖြင့် ချက်ချင်း ကမ္ဘာကျော်မင်းသားဖြစ်သွားခြင်း၊ တဖန် အယ်လဗစ်ပရက်စလေသည်ပင် မကြာသေးမီက ရုတ်တရက် သေဆုံးသွားခြင်းဟူသော ဖြစ်ရပ်မျှားသည် ကတက်စထြော်ဖီမျှားပင် ဖြစ်လေသည်။

ယခုအခါ သစ်ပျှာပညာရှင် အချို့တို့သည် ကတက်စထြော်ဖီ သီအိုရီကို လက်တွေ့ပြဿနာမျှား ဖြစ်ကြသော ငလျင်လှုပ်မည့်အချိန်ကို ခန့်မှန်းခြင်း၊ ရုတ်တရက် သေဆုံးနိုင်သောရောဂါမျှားကြောင့် အသက်ဆုံးရှုံးခြင်းတို့မှ ကာကွယ်နည်းမျှား ရှာဖွေခြင်းနှင့်အလားတူ ပြဿနာမျှား ဖြစ်ကြသည့် မမျှော်လင့်သော အကြောင်းတခုခုကြောင့် ရုတ်တရက် ဆိုက်ရောက်နိုင်သော ဘေးအန္တရာယ်တို့မှ ကာကွယ်ခြင်းတို့တွင် အသုံးချရန် ကြိုးစားလျက်ရှိလေသည်။

ကနေဒါနိုင်ငံ။ ။ကနေဒါနိုင်ငံတွင် ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၂၃,၃၂၀,၀၀၀ ရှိသည်။ ၁၉၇၆ ခုနှစ် လူဝင်မှု စာရင်း ဇယားအရ ဒုတိယကမ္ဘာစစ်ကြီး အပြီး နှစ်ပေါင်း ၂၀ အတွင်း ကနေဒါနိုင်ငံသို့ နိုင်ငံခြားသား နှစ်သန်းခန့် ဝင်ရောက် အခြေချခဲ့လေသည်။



ဝန်ကြီးချုပ် ပီယဲအီလီယော့ထရူးဒိုးသည် ၁၉၆၈ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ အထွေထွေ ရွေးကောက်ပွဲ၌ လက်စတာဘောင်ပီယာဆန်ကို အနိုင်ရရှိကာ လစ်ဗရယ်ပါတီ ခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခံရသူဖြစ်သည်။

၁၉၇၆ ခုနှစ်တွင် ကနေဒါနိုင်ငံ အစိုးရသည် အမျှားပြည်သူတို့နှင့်ဆိုင်သော ပြစ်မှုဆိုင်ရာဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ကနေဒါနိုင်ငံ ပဋိစည်းပုံ အခြေခံဥပဒေတွင် ပြင်သစ်ဘာသာစကားနှင့် ပတ်သက်သော အခွင့်အရေးများကိုအဆိုပြုပြဋ္ဌာန်းထားရာ၌ ကဲ့လွဲမှုများ ရှိနေခြင်းကို မကျေနပ်သည့် အနေဖြင့် ကာကွယ်ရေးဝန်ကြီး မစ္စတာ ဂျိမ်းရစ်ချတ်ဆန်သည် ရာဇူးမှ နုတ်ထွက် သွားခဲ့သည်။ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကား အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အခြေခံဥပဒေတွင် ရုံးသုံး ဘာသာစကား အက်ဥပဒေ ပြဋ္ဌာန်းသင့်ကြောင်းနှင့် ပြည်နယ်အဆိုက် ဘာသာစကား နှစ်မျိုး သုံးစွဲခွင့် ပြုသင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်နယ်ဝန်ကြီးချုပ်များပါဝင်သော တိုရင်တိုမြို့တွင် ကျင်းပသည့် ညီလာခံ၌ သဘောတူညီမှု ရရှိခဲ့သည်။

၁၉၇၇ ခုနှစ်တွင် ကိုဗက်ပြည်နယ်ဝန်ကြီးချုပ် ရီနီလီဗက်စကို၏ အစိုးရအဖွဲ့သည် ကိုဗက်ပြည်နယ်ကို ကနေဒါ ပြည်ထောင်စုမှခွဲထွက်ရန် အဆိုပြုခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ ကိုဗက်ပြည်နယ် ခွဲထွက်ရေးအတွက် ဥပဒေ ပြင်ပမှ အကြမ်းဖက်နည်းများဖြင့် ဆောင်ရွက် ခဲ့လျှင် ကနေဒါနိုင်ငံ၏ ညီညွတ်ရေးကို ထိန်းသိမ်းရန်အလို့ငှာ ကနေဒါဝန်ကြီးချုပ် ထရူးဒိုးက စစ်ရေးအရ အရေးယူမှုနှင့် လက်နက်ကိုင် တပ်များကို အသုံးပြုရမည်ဟု ထုတ်ပေါ် ပြောကြားခဲ့လေသည်။

လက်ရှိ ဆိုးနိတ်လွတ်တော်ကို အထက်လွတ်တော်သစ်နှင့် အစားထိုးရန်နှင့် နိုင်ငံသားများအတွက် အခွင့်အရေး ကြေငြာချက်များ ပါဝင်သော အခြေခံဥပဒေ ပြောင်းလဲရေး အဆိုပြုချက်သစ်များကို ဝန်ကြီးချုပ်ထရူးဒိုးက ၁၉၇၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် လွတ်တော်သို့ တင်သွင်းခဲ့

သည်။ ယင်းအခြေခံဥပဒေ ပြောင်းလဲမှုကို ၁၉၇၁ ခုနှစ်တွင် စတင်မည်ဟု ခန့်မှန်းသည်။ ယင်း အခြေခံဥပဒေ ပြောင်းလဲမှုအရ ပြိတိန်နိုင်ငံ ဘုရင်မသည် ကနေဒါနိုင်ငံ၏ စိုးစံသူဘုရင်မအဖြစ် ဆက်လက် တည်ရှိနေမည် ဖြစ်သော်လည်း ဘုရင်မ၏ ကိုယ်စားလှယ်ဖြစ်သော ဘုရင်ခံချုပ်၏ အခန်းကဏ္ဍသည် တမျိုးတဖုံပြောင်းလဲသွားမည်ဖြစ်သည်။ နောင်တွင် ဘုရင်ခံချုပ်သည် ဘုရင်မ၏ ကိုယ်စားလှယ် အဖြစ်ထက် ကိုယ်ပိုင်အခွင့်အာဏာ ပိုမိုရရှိလာမည် ဖြစ်သည်။ လက်ရှိ ဆိုးနိတ်အစား ပြည်ထောင်စု လွှတ်တော် တရပ် ဖွဲ့စည်းပေးကာ အထက်လွှတ်တော်တွင် ပြည်နယ် ကိုယ်စားလှယ်ပါဝင်မှု ပိုမိုတိုးတက် ကောင်းမွန်စေရန်နှင့် ယင်း ပြည်ထောင်စု လွှတ်တော်သည် ကနေဒါနိုင်ငံတွင် အင်္ဂလိပ်နှင့်ပြင်သစ်တို့၏ အဆင့်အတန်းကို စောင့်ရှောက် ပေးရန် ဟူသောအချက်များ ပါဝင်သည့် အခြေခံဥပဒေ ပြောင်းလဲရေး ဥပဒေကြမ်းကို အောက်လွှတ်တော်တွင် ဆွေးနွေးခဲ့ကြသည်။

၁၉၇၀ ခုနှစ် ဇန်နဝါရီလအတွင်းတွင် ဆိုဗီယက် စစ်ရေးကြိုဟ်တု ကော့စ်မော့စ် ၅၅၄ သည် စက်ချုတ်ယွင်းနေရာမှ ကနေဒါမြောက်ပိုင်းဒေသ အထက်ရှိ ကမ္ဘာ့လေထုထဲသို့ ပျက်ကျခဲ့ရာ ကနေဒါနိုင်ငံ လေထုအတွင်း၌ ချုံးကလိုးယား ဓာတ်ကြွမှုများ ဖြစ်ပေါ် ခဲ့သည်။ ယင်း စစ်ရေးကြိုဟ်တု ပျက်ကျမှုနှင့် စပ်လျဉ်း၍ မည်သည့် ပျက်စီးမှုအတွက်မဆို လျော်ကြေးပေးမည်ဖြစ်ကြောင်းကို ဆိုဗီယက်ပြည်ထောင်စု က ကြေငြာခဲ့လေသည်။

ကဘော်ချိုင့်ဝှမ်းစိမ်းကိန်း
(ဆည်မြောင်းများ၊ မြန်မာနိုင်ငံ—ရှ။)

ကယားပြည်နယ်။ ။(နှစ်ချုပ် ၇၈—၇၄—ရှ။) ကယားပြည်နယ်၏ အကျယ်အဝန်းမှာ ၄,၅၃၈ စတုရန်းမိုင်ရှိသည်။တနိုင်ငံလုံးအကျယ်အဝန်း၏ ၁.၇၃ ရာခိုင်နှုန်းခန့် ရှိသည်။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ရှိ ပြည်နယ်ခုနစ်ခုအနက် အငယ်ဆုံးပြည်နယ်ဖြစ်သည်။

ကယားပြည်နယ်၏ လူဦးရေသည် ၁၃၀,၉၁၃ ယောက် ရှိသည်။ပြည်နယ်တခုလုံး၏ လူဦးရေတိုးနှုန်းမှာ ၂.၁၇ ရာခိုင်နှုန်းခန့်ရှိသည်။

ကယားပြည်နယ်၏ အဓိကလုပ်ငန်းမှာ လယ်ယာနှင့် သစ်လုပ်ငန်းဖြစ်သည်။ သီးနှံအမျိုးမျိုးစိုက်ပျိုးသည့် မြေကမှာ ၅၅စ်သောင်းကျော်ရှိသည်။ သီးထပ်သီးညှပ် စိုက်ပျိုးသည့်ကမှာ တထောင်ရှိသည်။

ကယားပြည်နယ်



၁၉၇၇–၇၈ ခုနှစ်အတွင်းက စပါး စိုက်ပျိုးသည့် ကေ ၅၅,၃၉၀ ရှိပြီး အောင်မြင်သည့်ကေမှာ ၅၄,၇၀၄ ကေ ဖြစ်သည်။ တကေ စပါးအထွက်နှုန်းမှာ ၃၂၀ တင်းဖြစ်သည်။ မြေပဲစိုက်ကေမှာ ၅,၉၁၉ ကေဖြစ်ပြီး အောင်မြင်သည့်ကေမှာ ၅,၉၁၆ ကေဖြစ်သည်။ တကေ မြေပဲ အထွက်နှုန်းမှာ ၂၃ တင်းဖြစ်သည်။

ကယားပြည်နယ်တွင် ငွေတောင်ဆည်နှင့် မိုးပြဲဆည် ကြီးများတည်ဆောက်ထားသည်။ဆက်လက်တည်ဆောက်ဆဲ ဆည်မြောင်းတာတမံနှင့် ရေနုတ်မြောင်းများလည်း ရှိသည်။ မိုးပြဲရေကာတာလုပ်ငန်းကို ၁၉၆၃ ခုနှစ်က စတင်ခဲ့ရာ ခန့်မှန်းထားသည့်အတိုင်း ၁၉၇၁ ခုနှစ် စက်တင်ဘာလတွင် ပြီးဆုံးအောင်မြင်ခဲ့သည်။ ကျပ်ငွေ သိန်းပေါင်း ၃၇၆.၇၇ ကုန်ကျသည်။လောပိတစက်ရုံမှ လျှပ်စစ်ဓာတ်အားပေးစက်ကြီး ခြောက်လုံးဖြင့် လျှပ်စစ် ဓာတ်အား ၁၆၀,၀၀၀ ကီလိုဝပ်ကို တန့်စပတ်လုံး ထုတ်လုပ် ပေးနိုင်ခဲ့သည်။ ဘီလူးချောင်း၏ တဝိုက်တွင်ရှိသော မြေကေပေါင်း ၂၇,၀၀၀ ကျော်ကို တန့်စပတ်လုံးရေသွင်းစိုက်ပျိုးနိုင်အောင် နိုင်ငံတော်အစိုးရက စီစဉ်ပေးခဲ့သည်။ မိုးပြဲရေလှောင်ကန်အတွင်း သားငါး အကြီးအကျယ်မွေးမြူခဲ့သည့်အပြင် အင်းလေးကန်မှ လွိုင်ကော်အထိ ရေလမ်းများ ကောင်းမွန်လာ၍ တန့်စပတ်လုံး မော်တော် သဘော်ဘများဖြင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းတို့ကို လုပ်ကိုင်ခဲ့သည်။

ကယားပြည်နယ် လွိုင်ကော်မြို့မှ ကျောက်ပြားစက်ရုံ



မော်ချီးသတ္တုတွင်းမှ ထွက်သော သတ္တုများကို နိုင်ငံခြားသို့ပင် တင်ပို့နိုင်ခဲ့သည်။ ၁၉၇၆–၇၇ ခုနှစ်က ခဲမဖြူ၊ အဖြိုက်နက် စသည့် သတ္တုတန်ချိန် ၃၇၆ တန်နှင့် ခနောက်စိမ်းသတ္တု ၄၁၄ တန်ကို ပြည်သူပိုင် ကဏ္ဍမှ ထုတ်လုပ်နိုင်ခဲ့သည်။ ကျောက်ဖြင့် ပြီးသော အသုံးအဆောင်ပစ္စည်းများအတွက် လောပိတကျောက်တောင်မှ ကျောက်များကို အသုံးပြုနိုင်ရန် လွိုင်ကော်မြို့တွင် ကျောက်ပြားစက်ရုံတရုံ တည်ဆောက် ထားသည်။လွိုင်ကော်ကျောက်ပြားစက်ရုံမှ ကျောက်စားပွဲ၊ ကျောက်ပန်းအိုး၊ ကျောက်ပြာခံခွက်၊ ဘီလိယက်ခုံ၊ ကြမ်းခင်းကျောက်ပြားစသည်တို့ အထိ ထုတ်လုပ်နိုင်ခဲ့ပေသည်။

ကယားပြည်နယ်တွင် သမဝါယမ အသင်းပေါင်း ၁၅၂ သင်းရှိပြီး အသင်းသားဦးရေမှာ ၂၆,၄၁၆ ရှိသည်။ ကျေးရွာသမဝါယမအသင်း ၈၄ သင်း၊ စားသုံးသူသမဝါယမ အသင်း ၂၂ သင်းရှိသည်။ ထို့အပြင် မြို့နယ် သမဝါယမ အသင်း၊ အခြေခံသမဝါယမအသင်းစု၊ စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်း၊ လယ်ယာကုန်ထုတ် သမဝါယမအသင်း တပ်တွင်း သမဝါယမအသင်း၊ ပြည်သူရဲတပ်ဖွဲ့ သမဝါယမ အသင်းနှင့် ငွေစုငွေချေးသမဝါယမ အသင်း များကိုလည်း ဖွဲ့စည်း တည်ထောင်ထားသည်။

၁၉၇၇–၇၈ ခုနှစ် စာရင်းအရ မူလတန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်းနှင့် အထက်တန်းကျောင်း ၄ ကျောင်းရှိသည်။ ထို့အပြင် စိုက်ပျိုးမွေးမြူရေးကျောင်း တကျောင်းနှင့် အခြေခံ ယက်ကန်းကျောင်း တကျောင်းတို့လည်း တည်ရှိလေသည်။

ကရင်ပြည်နယ်။ ။(နှစ်ချုပ် ၇၈–၈၆—ရှ။)ကရင်ပြည်နယ်၏ အကျယ်အဝန်းမှာ ၁၁,၇၃၁ စတုရန်းမိုင် ဖြစ်သည်။ မြန်မာ တနိုင်ငံလုံးအကျယ်အဝန်း၏ ၄.၄၉ ရာခိုင်နှုန်း ဖြစ်သည်။

ကရင်ပြည်နယ်၏ လူဦးရေခန့်မှန်းခြေသည် ၈၅၅,၁၉၉ ယောက်ရှိပြီး နှစ်စဉ်လူဦးရေ တိုးနှုန်းမှာ ၂.၂၅ ယောက် ဖြစ်သည်။ ယင်းတို့အနက် ဖားအံ မြို့နယ်တွင် လူဦးရေ အများဆုံးဖြစ်သည်။



ကရင်ပြည်နယ်၏ အဓိက စီးပွားရေး လုပ်ငန်းသည် လယ်ယာလုပ်ငန်းဖြစ်၍ ၁၉၇၆– ၇၇ ခုနှစ်က သီးနှံအမျိုးမျိုး စိုက်ပျိုးသည့် ဧရိယာ ကော ၅.၆၇ သိန်းရှိသည်။ သီးထပ်၊ သီးညှပ်စိုက်ပျိုးသည့် ဧရိယာကော ၁၁,၀၀၀ ကျော် ရှိသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ မြေပဲ၊ ကြက်ပေါင်စေး၊ ဆေးရွက် ကွမ်းသီး၊ နှမ်းနှင့် ကြံတို့ ဖြစ်သည်။ အုန်း၊ ကွမ်း၊ ဒူးရင်း၊ လိမ္မော်၊ တည်ပင်း၊ မင်းကွတ်၊ ပဲ အမျိုးမျိုးတို့လည်း ဖြစ်ထွန်းကြသည်။ ၁၉၇၇–၇၈ ခုနှစ် အတွင်း စပါးစိုက်ပျိုးသည့် ကေမှာ ၄၆၇,၉၅၄ ရှိပြီး အောင်မြင်သည့် ကေမှာ ၄၆၄,၇၂၁ က ဖြစ်သည်။တက စပါး အထွက်နှုန်းမှာ ၂၀:၃၃ တင်းဖြစ်သည်။ မြေပဲစိုက် ကေမှာ ၁၃,၂၂၃ ကရှိ၍ အောင်မြင်သည့် ကေမှာ ၁၂,၈၇၈ က ဖြစ်ပြီး တကအထွက်နှုန်းမှာ ၂၅.၈၂ တင်းဖြစ်လေသည်။

ကရင်ပြည်နယ်၏ ထက်ဝက်ခန့်သည် အပြဲစိမ်းသစ်တော များပုံးလွှမ်းလျက်ရှိသည်။ သစ်တောကြိုးဝိုင်း ဧရိယာသည်

၁,၆၂၀ စတုရန်းမိုင်ရှိသည်။ သစ်တောများမှ ကျွန်းသစ်၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ သက်န်း၊ ကညင်၊ အင်၊ သစ်ယာနှင့် ပိတောက်ထွက်သည်။ သစ်တောထွက်ပစ္စည်းများမှာ ကြိမ်၊ ဝါး၊ ဖာလာစေ့၊ ပျားရည်၊ အင်တဲ့၊ သစ်ခွပန်းနှင့် ထင်းမီးသွေးတို့ ဖြစ်သည်။

ကရင်ပြည်နယ်တွင် သမဝါယမအသင်းပေါင်း ၃၃၀ ရှိပြီး အသင်းသားဦးရေ ၁၂၉,၁၆၂ ယောက် ရှိလေသည်။ ကျေးရွာ သမဝါယမအသင်း ၂၄၆ သင်းရှိပြီး စားသုံးသူ သမဝါယမအသင်းသည် ၂၆ သင်းရှိသည်။ထို့ပြင် မြို့နယ်သမဝါယမအသင်း၊ အခြေခံသမဝါယမအသင်း၊ စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်း၊ တပ်တွင်းသမဝါယမအသင်း၊ ပြည်သူ့ရဲတပ်ဖွဲ့သမဝါယမအသင်းနှင့် ငွေစုငွေချေး သမဝါယမ အသင်းများကို ဖွဲ့စည်းထားလေသည်။

၁၉၇၇–၇၈ ခုနှစ် ယာယီစာရင်းအရ မူလတန်းကျောင်း ၅၀၆ ကျောင်း၊ အလယ်တန်းကျောင်း ၄၃ ကျောင်း၊ အထက်တန်းကျောင်း ၁၁ ကျောင်းရှိသည်။ ထို့အပြင်စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၊ အခြေခံယက်ကန်းကျောင်း၊ ဒေသကောလိပ် တကျောင်းကို ဖွင့်လှစ်ထားလေသည်။

ကာတာ့ဂျင်မီ

(အမေရိကန်ပြည်ထောင်စု—ရှု။)

ကားပေါ့အန်နာတိုလီ။ ။ကမ္ဘာ့စစ်တုရင် ချန်ပီယံတို့၏ သမိုင်းတွင်မော်ကွန်း အသစ်တင်လာသူ ရုရှအမျိုးသား အန်နာတိုလီ ကားပေါ့သည် ၁၉၇၇ ခုနှစ် ဖီလစ်ပိုင်နိုင်ငံ ဘာဂိုအိုမြို့၌ ကျင်းပသော ကမ္ဘာ့စစ်တုရင်ပြိုင်ပွဲကြီးတွင် ယှဉ်ပြိုင်သူ ဗစ်တာကော့ချန်ဂျိုင်အား ၆ ပွဲ ၅ ပွဲ နှင့် အနိုင်ရရှိခဲ့သူဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကားပေါ့ အနိုင်ရရှိခဲ့သည့်အတွက် ချန်ပီယံကားပေါ့က အမေရိကန်ဒေါ်လာ သုံးသိန်းခွဲနှင့် ကော့ချန်ဂျိုင်က ဒေါ်လာနှစ်သိန်းကြေးရခဲ့ကြသည်။ ကမ္ဘာ့စစ်တုရင်ပြိုင်ပွဲသမိုင်းတွင် အမြင့်ဆုံးဆုကြေးများဖြစ်သည်။ အသက် ၂၇ နှစ်သာရှိသေးသည့် ကားပေါ့သည် လီနင်ဂရက်တက္ကသိုလ်မှ ဘောဂဗေဒဘွဲ့ရ ကျောင်းသားတဦး ဖြစ်သည်။ ရုရှပြည် အုရယ်နယ်၏ ရှေးဟောင်း မြို့တော်ကလေး တမြို့ဖြစ်သော ဇလာတောက် မြို့တွင် ၁၉၅၁ ခုနှစ် မေလ ၂၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။ သူသည်ခုနစ်နှစ်သား အရွယ်ကပင် စစ်တုရင်ကို စတင်ကစား



ကရင်ပြည်နယ်မှ ဓမ္မပဲစိုက်ပျိုး သီးနှံဝင်းတဝင်း



ကမ္ဘာ့စစ်တုရင်ချန်ပီယံအန်နာတိုလီကားပေါ့

ခဲ့ရာ အသက်တဆဲ့ငါးနှစ် အရွယ်(၁၉၆၆) တွင် စစ်တုရင် ဆရာဘွဲ့ကို ရရှိခဲ့သည်။ တဖန်ထပ်ဆင့်၍ ၁၉၆၉ ခုနှစ်၌ အငယ်တန်း ကမ္ဘာ့ချန်ပီယံ ဖြစ်ခဲ့ပြန်သည်။ နောက်တနှစ် အကြာတွင် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဆရာကြီးအဖြစ် ထပ်မံဆွတ်ခူးနိုင်ခဲ့ပြန်လေသည်။ ၁၉၇၀ ပြည့်နှစ်တွင် စစ်တုရင် ဆရာကြီးစာရင်းဝင်ဖြစ်လာပြီးနောက် ကမ္ဘာ့ပြိုင်ပွဲကြီး လေးပွဲတွင် အနိုင်ရကာ ၁၉၇၄ ခုနှစ်တွင် ကမ္ဘာ့ချန်ပီယံ ဖြစ်လာသည်။ ပြိုင်ပွဲကြီးပေါင်း ၁၆ ပွဲ ကစားခဲ့ရာ ပြိုင်ပွဲ ၁၃ ပွဲ၌ အနိုင်ရပြီး ပွဲစဉ်ပေါင်း ၁၈၇ ပွဲ ကစားခဲ့ကာ ၈၈ ပွဲနိုင်၊ ၉၃ ပွဲသရေ ၆ ပွဲရှုံးထားသည်။ စစ်တုရင်သတင်း ထောက်များက ချီးမြှင့်သော အောစကာဆုကိုလည်း ရယူနိုင်ခဲ့သူဖြစ်သည်။ ကားပေါ့သည် မိမိ၏ အမိနိုင်ငံတွင်းရှိ မောစကိုမြို့တွင် ၁၉၇၁ ခုနှစ်တွင်၎င်း၊ နိုင်ငံအပ ပင်လယ် ရပ်ခြား ဟေစတင်၌ ၁၉၇၁ ၁၉၇၂ ခုတွင်၎င်း၊ စန်အန်တိုနီယို၌ ၁၉၇၂ ခုနှစ်တွင်၎င်း၊ မက်ဒရစ်တွင် ၁၉၇၃ ခုနှစ်တွင်၎င်း စစ်တုရင်ပြိုင်ပွဲများကို အဆက်မပြတ် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပွဲစဉ်တိုင်လိုလိုပင် အောင်ပွဲရရှိခဲ့သည်။

၁၉၇၄ ခုနှစ်တွင် နိ(ခ)မြို့၌ အကောင်းဆုံး အိုလံပစ် စစ်တုရင်ဗိုလ်အဖြစ် စံချိန် တင်နိုင်ခဲ့သည်။ အသက် ၂၄ နှစ် မပြည့်မီကပင် ကားပေါ့သည် နာမည်ကျော် စစ်တုရင် ဆရာကြီး စာရင်းဝင်များဖြစ်သော လက်ဖ်ပေါလုဂေရက် စကီဘောရစ်စပတ်စကီ - ဗစ်တာကော့ချနွိုင်တို့နှင့်ယှဉ်ပြိုင် အနိုင်ယူခဲ့ဘူးသူဖြစ်သည်။ အမေရိကန် စစ်တုရင် ချန်ပီယံ ဖစ်ရှာနှင့်လည်း ယှဉ်ပြိုင်ခဲ့ဘူးသူ ဖြစ်သည်။

အန်နာတိုလီကားပေါ့သည် ဤသို့စစ်တုရင် ကစားရာ၌သာ ထူးချွန်သူမဟုတ်သေးချေ။ ငယ်စဉ်အခါကတဲကပင် ပညာရေး၌ ထူးချွန်သူ ဖြစ်ခဲ့၏။ အလယ်တန်း ပညာကို ဆည်းပူးစဉ်ကပင်ရွှေတံဆိပ်ဆုချီးမြှင့်ခံခဲ့ရသည်။

ကားပေါ့သည် စိတ်ဓာတ်ခိုင်မာသည်။ သို့ကြောင့်ပင် အောင်မြင်ခြင်းသရဖူကို ဆောင်းနိုင်ခဲ့သည်။ သူသည် အမိနိုင်ငံနှင့် မည်မျှပင် ဝေးကွာသောဒေသသို့ ရောက်နေသော်လည်း သူအမိနိုင်ငံမှ နေ့စဉ်လိုပင် အားပေးစာ၊ သံကြိုးစာများကို ပေးပို့ရရှိနေ၍ သူမှာယှဉ်ပြိုင်ရာ၌ ခွန်အားအပြည့် ရှိနေကြောင်းဖြင့် သတင်းစာ ဆရာများအား ဖွင့်ထုတ်ပြောကြားခဲ့သည်။ သူကလည်း အများမျှော်လင့်သလို ကြိုးစားကြောင်း သက်သေပြနိုင်ခဲ့သည်။

ကားပေါ့သည် "လက်ရွေးစဉ် အားကစားနည်းများ ၁၉၆၇–၁၉၇၇" ဟူသော စာအုပ်တအုပ်ကို သူကိုယ်တိုင် ရေးသားထုတ်ဝေခဲ့လေသည်။

ကုလသမဂ္ဂ။ ။၃၂ ကြိမ်မြောက် ကုလသမဂ္ဂ နှစ်ပတ်လည်အထွေထွေညီလာခံကို ကုလသမဂ္ဂလုပ်ထုံးလုပ်နည်းနှင့်အညီ ၁၉၇၇ ခု စက်တင်ဘာလ တတိယအပတ်မှစ၍ ဒီဇင်ဘာလ ဒုတိယပတ်အထိ ကျင်းပခဲ့သည်။ ယင်းညီလာခံ၏ ဆုံးဖြတ်ချက်အသီးသီးအရ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်လတ္တံ့သော လုပ်ငန်းများကို ၁၉၇၈ ခုနှစ်ဆန်းသည်မှစ၍ ဆက်လက်အကောင်အထည်ဖော်ကြသည်။

ကုလသမဂ္ဂ ပင်မအဖွဲ့များ၊ အထူးအဖွဲ့များ၊ ကော်မတီများ၊ ကော်မရှင်များစသည့် အဖွဲ့အစည်း အသီးသီးတို့သည် ၁၉၇၈ ခု စက်တင်ဘာလ တတိယအပတ်တွင် တဖန်စတင် ကျင်းပရဦးမည့် ၃၃ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေညီလာခံသို့ အချိန်မီ တင်ပြနိုင်ရန် လုပ်ဆောင်ဖွယ်ရာရှိသည်တို့ကို မရပ်မနား လှုပ်ရှားဆောင်ရွက်ကြရသည်။

ထူးခြားသော ၁၉၇၈ ခုနှစ်

၁၉၇၈ ခုနှစ်ကား ထူးခြားသောနှစ်ဖြစ်သည်။ နှစ်စဉ်ပုံမှန် ကျင်းပမြဲဖြစ်သော ၃၃ ကြိမ်မြောက် အထွေထွေညီလာခံအပြင် အထွေထွေညီလာခံ၏ အထူးအစည်းအဝေးကြီး သုံးခုကိုလည်း ကျင်းပခဲ့ရသည်။ သာမန်နှစ်ပတ်လည်ညီလာခံနှင့်ဆိုလျှင် ၁၉၇၈ ခုနှစ် တနှစ်တည်း၌ အထွေထွေညီလာခံကြီးလေးခုတိတိ ကျင်းပခဲ့ရသောနှစ်ဖြစ်သည်။



စနစ်တကျ ပြန်လည်ပြုပြင်ဖွဲ့စည်းထိုက်သော လက်နက်ဖျက်သိမ်းရေး ကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးပွဲ

အထွေထွေညီလာခံ၏ ရှစ်ကြိမ်မြောက် အထူးအစည်းအဝေး

ညီလာခံ၏ရှစ်ကြိမ်မြောက်အထူးအစည်းအဝေးကိုနယူးယော့မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ၁၉၇၈ ခု ဧပြီလ ၂၀ နှင့် ၂၁ ရက်နေ့များတွင် ကျင်းပခဲ့သည်။

လက်ဗန္ဓန်နိုင်ငံတောင်ပိုင်းဒေသတွင် အခြေစိုက်လျက်ရှိနေသည်ဆိုသော ပယ်လက်စတိုင် ပြောက်ကျားစခန်းများကို ခြေမှုန်းရန်ဟူသော အကြောင်းပြချက်ဖြင့် ၁၉၇၈ ခု မတ်လ ၁၄ ရက်မှ ၁၅ ရက်သို့အကူး သန်းခေါင်ယံအချိန်တွင် အဇ္ဇရီယယ်လက်နက်ကိုင်တပ်များက လက်ဗန္ဓန်နိုင်ငံ တောင်ပိုင်းဒေသအတွင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ လေကြောင်းမှလည်း ဗုံးကြဲတိုက်ခိုက်ခြင်းပြုလေသည်။

လက်ဗန္ဓန်နိုင်ငံတောင်ပိုင်းဒေသကို ခြေကုပ်ယူ၍ ပယ်လက်စတိုင်ပြောက်ကျားတပ်သားများက အဇ္ဇရီယယ်နိုင်ငံအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ထိုးဖောက်ဝင်ရောက်ခြင်း၊ ဖောက်ခွဲရေးတပ်များစေလွှတ်ခြင်း၊ သတ်ဖြတ်ခြင်းတို့ကို တားဆီးရန်အလို့ငှာ လုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပ၍ ဆွေးနွေးစဉ်းစားဆောင်ရွက်ပေးပါဟု အဇ္ဇရီယယ်နိုင်ငံက မေတ္တာရပ်ခံသည်။ လက်ဗန္ဓန်နိုင်ငံကလည်း ယင်း၏တောင်ပိုင်းဒေသကို အဇ္ဇရီယယ်လက်နက်ကိုင်တပ်သားများက အလုံးအရင်းဖြင့် ကျူးကျော်ချင်းနင်းဝင်ရောက်တိုက်ခိုက်ခြင်းကို အရေးယူတားဆီးရန်အတွက် လုံခြုံရေးကောင်စီ အစည်းအဝေးတရပ် ကျင်းပပေးပါဟု မေတ္တာရပ်ခံလေသည်။

၁၉၇၈ ခု မတ်လ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယင်းကိစ္စအတွက် ဆုံးဖြတ်ချက် နှစ်ရပ်ချမှတ်ခဲ့သည်။

လက်ဗန္ဓန်နိုင်ငံ၏ ပိုင်နက်နယ်မြေတည်တံ့မှု အချုပ်အခြာအာဏာပိုင်မှုနှင့် လွတ်လပ်မှုကို ရိုသေလေးစားကြရန်ငှင်း၊ လက်ဗန္ဓန်နိုင်ငံ၏ ပိုင်နက်နယ်မြေ တည်တံ့မှုကို ချိုးဖောက်ရာရောက်သည့် အဇ္ဇရီယယ်နိုင်ငံ၏ စစ်ရေးအရလှုပ်ရှားတိုက်ခိုက်မှုတို့ကို ချက်ချင်းရပ်ဆိုင်းလျက် အဇ္ဇရီယယ် လက်နက်ကိုင်တပ်များ လက်ဗန္ဓန်နိုင်ငံမှ ချက်ချင်းထွက်ခွာသွားကြရန်ငှင်း၊ လက်ဗန္ဓန်နိုင်ငံတောင်ပိုင်းဒေသမှ အဇ္ဇရီယယ် လက်နက်ကိုင်တပ်များ ဆုတ်ခွာမှုကို ကြပ်မတ်ကြည့်ရှုရန် ပျက်ပြားနေသော ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ပြန်လည်တည်ဆောက်နိုင်ရန်နှင့် ယင်းဒေသတွင် လက်ဗန္ဓန်အစိုးရ၏ အာဏာစက်ခိုင်မာစွာ ပြန်လည်သက်ရောက်စေရန်အတွက် ကူညီဆောင်ရွက်ရန် ကုလသမဂ္ဂယာယီတပ်ဖွဲ့တခု တည်ထောင်ရန်ငှင်း လုံခြုံရေးကောင်စီက ဆုံးဖြတ်လိုက်လေသည်။ အဆိုပါဆုံးဖြတ်ချက်သည် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၄၂၅ (၁၉၇၈) အဖြစ် အတည်ဖြစ်သွားလေသည်။

ပထမ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သည့် အနေဖြင့် အတွင်းရေးမှူးချုပ်က တင်ပြသော အစီရင်ခံစာကို လုံခြုံရေးကောင်စီက အတည်ပြုလိုက်ရာ ယင်းကို ဆုံးဖြတ်ချက်အမှတ် ၄၂၆ (၁၉၇၈) ဟု ခေါ်လေသည်။

အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် လက်ဗန္ဓန်နိုင်ငံတောင်ပိုင်းဒေသထွင် ထားရှိမည့် ကုလသမဂ္ဂ ယာယီတပ်ဖွဲ့တွင် တပ်သားအင်အား ၄၀၀၀ အထိ ထားရှိရန်

ပထမအဆင့်အနေဖြင့် ခြောက်လသက်တမ်းအတွက် လျာထားလျက် ယင်းတပ်ဖွဲ့အတွက်ကုန်ကျမည်ဟု ခန့်မှန်းသည့် အမေရိကန်ဒေါ်လာ ၆၀ သန်းကို ကုလသမဂ္ဂဝင် နိုင်ငံအားလုံးက အချိုးကျ ကျခံရမည်။ ကုလသမဂ္ဂအသုံးစရိတ်အဖြစ် သတ်မှတ်ရန်တို့ ပါရှိလေသည်။

ကုလသမဂ္ဂ ယာယီတပ်ဖွဲ့အတွက် အကုန်အကျခံရန် မမြော်လင့်ပဲ ပေါ်ပေါက်လာသော အသုံးစရိတ်ငွေကို အထွေထွေညီလာခံတွင် တင်ပြ၍ အတည်ပြုချက်ရယူရန်လို အပ်သောကြောင့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထူးအစည်းအဝေးတရပ်ကို ၁၉၇၈ ခု ဧပြီလ ၂၀ နှင့် ၂၁ ရက် နေ့များတွင် ကျင်းပခဲ့ရခြင်းဖြစ်သည်။

လက်ဗန္ဓနနိုင်ငံတောင်ပိုင်းဒေသတွင် ချထားမည့် ကုလသမဂ္ဂ ယာယီတပ်ဖွဲ့၏ ပထမ ခြောက်လသက်တမ်းအတွက် ခန့်မှန်းခြေ ကုန်ကျစရိတ်ငွေကို အထွေထွေညီလာခံကြီးက အတည်ပြုပြီးနောက် ကုလသမဂ္ဂဝင် နိုင်ငံအသီးသီးအနေဖြင့် မည်သို့မည်ပုံ ခဲဝေကျခံကြရမည်ကိုလည်း သတ်မှတ်ပေးလိုက်သည်။ ထို့ပြင် အင်ဒိယယ်နိုင်ငံအားလည်း လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၄၂၅ (၁၉၇၈) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ထပ်လောင်း၍ တောင်းဆိုလိုက်လေသည်။



ကုလသမဂ္ဂညီလာခံ အစည်းအဝေးခွင်အဖွင့်မိန့်ခွန်း ပြောကြားနေသော သဘာပတိကြီးနှင့် အတွင်းရေးမှူးချုပ် ကုဗားလဟိုင်း

အထွေထွေညီလာခံ၏ ကိုးကြိမ်မြောက် အထူးအစည်းအဝေး

နမီးဗီးယားခေါ် အနောက်တောင် အာဖရိကဒေသ ပြဿနာကို စဉ်းစားဆွေးနွေးရန် ၁၉၇၈ ခုနှစ် ဧပြီလ ၂၄ ရက်နေ့မှ မေလ ၃ ရက်နေ့အထိ ကိုးကြိမ်မြောက် အထူးအစည်းအဝေးကို ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသည်။

နမီးဗီးယားခေါ် အနောက်တောင်အာဖရိက ဒေသအား နိုင်ငံပေါင်းစုံ အသင်းချုပ်ကြီး၏ စာချုပ်အရ တာဝန်ယူချုပ်ခဲ့သော တောင်အာဖရိက နိုင်ငံအစိုးရသည် ကုလသမဂ္ဂ စာချုပ်အရ ယင်းဒေသကို ကုလသမဂ္ဂ အထိန်းသိမ်းခံ ပြည်နယ်တခု အဖြစ်သို့ ပြောင်းလဲ အပ်နှင်းလျက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံအဆင့်သို့ ရောက်အောင် ဆောင်ရွက် ပေးရန် တာဝန် ရှိသည်ကို လျစ်လျူရှုကာ ကုလသမဂ္ဂက အဖန်တလဲလဲ ချမှတ်ခဲ့သော ဆုံးဖြတ်ချက် များကို မထေမဲ့မြင် ပြုလုပ်နေလေသည်။

နမီးဗီးယားဒေသကို လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်အဆင့်သို့ ဆောင်ကြဉ်းပေးနိုင်ရန်အတွက် တာဝန်ယူ ဆောင်ရွက်ရန်အလို့ငှာ ကုလသမဂ္ဂ နမီးဗီးယားကောင်စီကို ဖွဲ့စည်းခဲ့သည်။ နမီဗီးယားနှင့် စပ်လျဉ်းသောကိစ္စအဝဝကို တောင်အာဖရိကအစိုးရက ကုလသမဂ္ဂ နမီးဗီးယားကောင်စီသို့ ချက်ချင်းလွှဲပြောင်းပေးရန် ၁၉၆၇ ခုနှစ်တွင် ကျင်းပသော အထွေထွေညီလာခံအထူးအစည်းအဝေးက ဆုံးဖြတ်ခဲ့လေသည်။

သို့ရာတွင် ကုလသမဂ္ဂ၏သက်တမ်းသာလျှင် နှစ်ပေါင်း ၃၀ ကျော်လာ ခဲ့သည်။ နမီးဗီးယား ကောင်စီ၏ သက်တမ်းသာလျှင် ဆယ်နှစ် ဆယ်မိုး ကြာရှိ လာခဲ့သည်။ နမီးဗီးယားပြဿနာကား မပြေလည်သေးချေ။ တောင်အာဖရိကနိုင်ငံက ကုလသမဂ္ဂ၏ဩဇာကိုဆက်လက်၍ ဂုဏ်တုဖက်ပြိုင် အာခံမြဲ အာခံနေလေသည်။ သို့ဖြစ်၍ ၁၉၇၇ ခုနှစ် ဆောင်းရာသီတွင် ကျင်းပသော ၃၂ ကြိမ်မြောက် အထွေထွေ ညီလာခံကြီးက နမီးဗီးယား ပြဿနာကို ဆွေးနွေးရန် ၁၉၇၈ ခုနှစ်အတွင်းတွင် အထူးအစည်းအဝေးတရပ် ခေါ်ယူကျင်းပသင့်သည်ဟူ၍ ဆုံးဖြတ်ခဲ့လေသည်။ ဤနည်းဖြင့် အထွေထွေညီလာခံ၏ ကိုးကြိမ်မြောက်အထူးအစည်းအဝေးကို ကျင်းပရန်အကြောင်း ဆိုက်လာရပြန်လေရာ ၁၉၇၈ ခုနှစ်အတွင်းတွင် ဒုတိယအကြိမ်မြောက် ကျင်းပသော အထူးအစည်းအဝေးဖြစ်လေသည်။

ယင်း အစည်းအဝေးက နမီးဗီးယားဆိုင်ရာ ကြေငြာချက်နှင့် နမီးဗီးယား၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် အမျိုးသားလွတ်လပ်ရေးဆိုင်ရာ ဥဒေါ်လုပ်ငန်းစဉ်ကို ချမှတ်ခဲ့သည်။

တောင်အာဖရိက အစိုးရသည် နမီးဗီးယားဒေသမှ ချက်ခြင်းအကြွင်းမဲ့ရုပ်သိမ်းထွက်ခွာသွားရမည်ဟု အထွေထွေညီလာခံအထူးအစည်းအဝေးကြီးကထပ်မံတောင်းဆိုသည်။ အနောက်တောင်အာဖရိကပြည်သူအဖွဲ့၏ ခေါင်းဆောင်မှုဖြင့် အမျိုးသား လွတ်မြောက်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်နေကြခြင်းကို ထောက်ခံသည်။ ငြိမ်းချမ်းသောနည်းဖြင့် အကြေအလည် စေ့စပ်ဖြေရှင်းကြမည်ဆိုလျှင်လည်း အနောက်တောင် အာဖရိက ပြည်သူ အဖွဲ့သာလျှင် နမီးဗီးယားပြည်သူတို့၏ ကိုယ်စားလှယ်အစစ်အမှန်များဖြစ်သောကြောင့် ယင်းအဖွဲ့ကြီးနှင့် စေ့စပ်ဆွေးနွေးဖြေရှင်းမှသာလျှင် ဖြစ်နိုင်မည်ဟု ယူဆကြောင်းကို ညီလာခံကြီးက ထပ်မံဖော်ပြသည်။

တောင်အာဖရိကနိုင်ငံက နမီးဗီးယားဒေသအား ဆက်လက်၍ အုပ်ချုပ်နေခြင်းနှင့် ယင်းသို့သော တရားမဝင်သည့် အုပ်ချုပ်စိုးမိုးမှုတို့ကို သက်ဆိုးရှည်အောင် ကြိုးပမ်းနေခြင်းကို အထွေထွေညီလာခံကြီးက ရှုတ်ချပြစ်တင်သည်။ ဆက်လက်၍ သွေးစုပ် ချယ်လှယ်ခွင့် ရရှိနိုင်ရန် ၎င်း၊ သယံဇာတ ပစ္စည်းများနှင့် အထူးသဖြင့် နျူးကလီးယား လက်နက်အင်အား တည်ဆောက်ရေး အတွက် ယူရေနီယံသတ္တုများကို ဆက်လက်ထုတ်ယူခွင့်ရရန်အတွက် ၎င်း၊ အနောက်တောင် အာဖရိက ပြည်သူအဖွဲ့၏ အင်အားစုများကို နှိမ်နင်းရန် စစ်အင်အား တိုးချဲရန်အတွက် ၎င်း ကြိုးပမ်း အားထုတ်နေမှုများကို ပြစ်တင်ရှုတ်ချသည်။

ကုလသမဂ္ဂ နမီးဗီးယားကောင်စီ၏ လုပ်ငန်းများကို ကုလသမဂ္ဂဝင် နိုင်ငံအားလုံးက ထောက်ခံအားပေးကြရန်နှင့် လုံခြုံရေးကောင်စီအနေဖြင့် ၎င်းအား ကုလသမဂ္ဂ စာချုပ်အခန်း ၇ တွင်ပါသည့် ပြဋ္ဌာန်းချက်များအရ ပေးအပ်ထားသောအာဏာတို့ကိုအသုံးပြုလျက် တောင်အာဖရိကနိုင်ငံအား စီးပွားရေး ကုန်သွယ်ရေး အဆက်အသွယ်ဖြတ်ခြင်း၊ ရေနံနှင့် စွမ်းအင်ရောင်းဝယ်မှုပိတ်ပင်ခြင်း၊ လက်နက်များရောင်းဝယ်ဖောက်ကားပေးကမ်း ထောက်ပံ့မှုပိတ်ပင်ခြင်း စသည်များ ပြုလုပ်ရန်လည်း အထွေထွေညီလာခံကြီးက တိုက်တွန်းလေသည်။

လုံခြုံရေးကောင်စီသည် ၁၉၇၈ ခု ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပသောအစည်းအဝေး၌ နမီးဗီးယားကိစ္စနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်နှစ်ရပ်ကို ချမှတ်ခဲ့သည်။

ပထမဆုံးဖြတ်ချက်အရ ကုလသမဂ္ဂ၏ကြပ်မတ်ကွပ်ကဲမှုဖြင့် လွတ်လပ်စွာဆန္ဒပြုနိုင်သော ရွေးကောက်ပွဲများ ကျင်းပခြင်းဖြင့် နမီးဗီးယား နိုင်ငံ၏ လွတ်လပ်ရေးကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းငှာ လိုအပ်သော စီမံခန့်ခွဲမှုများပြုလုပ်ရန်အတွက် အထူးကိုယ်စားလှယ်တဦး ခန့်ထားရန်နှင့် နမီးဗီးယား လွတ်လပ်ရေးအတွက် လိုအပ်သောစီမံချက်များကိုရေးဆွဲ၍ တတ်နိုင်သမျှ ဆောလျင်စွာတင်ပြရန်လည်း လုံခြုံရေးကောင်စီက အတွင်းရေးမှူးချုပ်အား မေတ္တာရပ်ခံသည်။ နမီးဗီးယားဒေသ လွတ်မြောက်ရေးအတွက် သက်ဆိုင်ရာကာယကံရှင်အားလုံးက အစွမ်းကုန် ကြိုးပမ်းအားထုတ်ကြရန်လည်း လုံခြုံရေးကောင်စီက တိုက်တွန်းခဲ့သည်။

လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ရန်မလိုခဲ့ချေ။ အဖွဲ့ဝင်အားလုံးက တညီတညွတ်တည်း ထောက်ခံခဲ့ကြလေသည်။ ဤဆုံးဖြတ်ချက် အရ ဝါးလဗီး ပင်လယ်ကွေ့ကို နမီးဗီးယား၏တစိတ်တဒေသအဖြစ် အသိအမှတ်ပြုခြင်းဖြင့် နမီးဗီးယားဒေသ၏ ပိုင်နက်နယ်မြေ တည်တံ့မှုကို ခိုင်မြဲစေရမည်ဟု လုံခြုံရေးကောင်စီက ကြေငြာသည်။ ယင်းကြေငြာချက်အတိုင်း ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်သော အစီအစဉ်များကို အမြန်ဆုံးစတင်ပြုလုပ်ရန်လည်း ဆုံးဖြတ်သည်။ ဤရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေဆဲ ဖြစ်သောကြားကာလ၌ ယင်းရည်မှန်းချက် အကောင်အထည်ဖော်မှုလုပ်ငန်းကို ထိခိုက်စေမည့် မည်သည့်နည်းနှင့်ဖြစ်စေ တောင်အာဖရိကနိုင်ငံက ဝါးလဗီးပင်လယ်ကွေ့ကို အသုံးမပြုရဟု ကြေငြာသည်။ လုံခြုံရေးကောင်စီ အနေဖြင့်ပင်လယ်ကွေ့ပြဿနာကို ဆက်လက်ဆွေးနွေးသွားရန်လည်း ဆုံးဖြတ်သည်။

အဆိုပါ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် များကို အကောင်အထည် ဖော်ရန်အတွက် အတွင်းရေမှူးချုပ်က အစီအစဉ် ရေးဆွဲတင်ပြခဲ့သော်လည်း ယင်းအစီအစဉ် အသေးစိတ် အချက်အလက်အချိုနှင့် စပ်လျဉ်း၍ အာဖရိကနိုင်ငံက ကန့်ကွက်လျက် ရှိသောကြောင့် ယခုအချိန်အထိ ဆက်လက်၍ အကောင်အထည် မဖော်နိုင်သေးပဲ ရှိလေသည်။

အတွင်းရေးမှူးချုပ်၏ စီမံချက်မှာ အနောက်နိုင်ငံကြီး ငါးနိုင်ငံက လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သောအဆိုပြုချက်ကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲထားသော စီမံချက်ပင် ဖြစ်၏။ စပ်ကူးမတ်ကူးကာလတွင် ကြီးကြပ်ကွပ်ကဲရေးအတွက် ကုလသမဂ္ဂအဖွဲ့တခု ဖွဲ့စည်းရန် အစီအစဉ်လည်း ပါဝင်၏။ ယင်းအဖွဲ့တွင် ကုလသမဂ္ဂ တပ်ဖွဲ့ဝင် ကြည်း တပ်သား ၅၀၀၀ ခန့်နှင့် အခြားတပ်သား ၂၃၀၀ ခန့် ပါဝင်ရန်လည်း လျာထားသည်။ ကျွမ်းကျင်သူနှင့် အရပ်သား ၁၂၀၀ ခန့်ကိုလည်း အုပ်ချုပ် စီမံခန့်ခွဲရေး အပိုင်းမှ ပါဝင်စေရန် အစီအစဉ် ရှိသည်။ အတွင်းရေးမှူးချုပ်က ယင်းစီမံချက်ကို စတင် အကောင်အထည်ဖော်သည်မှ ခုနစ်လအတွင်း နမီးဗီးယား လွတ်လပ်ရေးကြေငြာနိုင်ရန်ဟု လျာထားလျက် တနှစ်အတွင်း နမီးဗီးယားနိုင်ငံ

တွင် လွတ်လပ်စွာ ဆန္ဒပြု နိုင်သောရွေးကောက်ပွဲကို ကျင်းပ ပြီးစီး၍ စိမံချက်အား လုံး အကောင်အထည်ဖော်ပြီး ဖြစ် ရန် ရည်မှန်းချက်ရှိလေသည်။

ကုလသမဂ္ဂအဖွဲဝင်ဦးရေကိစ္စ၊ တောင်အာဖရိက စစ်တပ် များ ရုပ်သိမ်းရေးကိစ္စနှင့် အနောက်တောင် အာဖရိက ပြည်သူအဖွဲ၏ လွတ်မြောက်ရေးတပ်တို့၏ကဏ္ဍစသည်တို့နှင့် စပ်လျဉ်း၍ သဘောကွဲလွဲနေသောကြောင့် ယခုတိုင်အောင် အတွင်းရေးမှူးချုပ်၏ စိမံချက်ကို အကောင်အထည်မဖော် နိုင်သေးချေ။

အထွေထွေညီလာခံ၏ ၁၀ ကြိမ်မြောက် အထူးအစည်းအဝေး

အထွေထွေညီလာခံ၏ ၁၀ ကြိမ်မြောက် အထူးအစည်း အဝေးကြီးကို ကုလသမဂ္ဂဌာနချုပ်၌ ၁၉၇၈ ခုနှစ် မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂၈ ရက်နေ့အထိ ကျင်းပရန် စီစဉ်ခဲ့ သော်လည်း လုပ်ငန်းကိစ္စများ မပြီးပြတ်နိုင်သောကြောင့် ၁၉၇၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ လင်းအားကြီးကျမှပင် အစည်းအဝေးကို ရုပ်သိမ်းနိုင်ခဲ့လေသည်။

အစည်းအဝေးတွင် လက်နက် ဖျက်သိမ်းရေးကိစ္စ တခု တည်းကိုသာ စဉ်းစားဆွေးနွေးရန် စီစဉ် ကျင်းပသော အစည်းအဝေးကြီး ဖြစ်သည်။ လက်နက် ဖျက်သိမ်းရေး နှင့် စပ်လျဉ်း၍ ကြေငြာချက်တရပ်ကို မဲခွဲရခြင်းမရှိပဲ တညီတညွတ်တည်း အတည်ပြုနိုင်ခဲ့လေသည်။ ယင်းကြေ ငြာချက်တွင် အပိုင်းလေးပိုင်း ပါရှိသည်။ ယင်းတို့မှာ (က) နိဒါန်း၊ (ခ) မူဝါဒ၊ (ဂ) ရွေလှုပ်ငန်းစဉ်နှင့် (ဃ) လက်နက်ဖျက်သိမ်းရေးဆွေးနွေးမှုအပွဲ ပွဲစည်းခြင်းတို့ ဖြစ် လေ၏။

လက်နက်ဖျက်သိမ်းရေးဘာသာရပ်တွင်အကျုံးဝင်သော လုပ်ငန်းကဏ္ဍအသီးသီးနှင့် စပ်လျဉ်းလျက် မည်သို့သော ဦးစားပေးအစီအစဉ်ဖြင့် ဆက်လက် ဆွေးနွေး ကြမည်ကို ချမှတ်ပေးနိုင်ခဲ့သည်။ လက်နက်ဖျက်သိမ်းရေး ဆွေးနွေးမှု တွင် ရွေးရှု ဦးတည်ရမည့်ပန်းတိုင်နှင့် အခြေခံရမည့် မူဝါဒ တို့ကို ပို၍ ပီပီပြင်ပြင်ဖော်ထုတ်နိုင်ခဲ့သည်။ ပြဿနာအရပ် ရပ်၏ ရှုပ်ထွေး နက်နဲခက်ခဲ ကျယ်ပြန့်ပုံကို ပိုမိုသဘော ပေါက်ခွင့်ရလာကြသည်။ ဂျီနီဗာ လက်နက်ဖျက်သိမ်းရေး ကော်မတီကိုလည်း ပိုမို၍ သင့်တင့်မျှတစွာ တိုးခဲ့ဖွဲ့စည်း နိုင်ခဲ့သည်။ မူလက ၃၁ နိုင်ငံသာ ပါဝင်သော်လည်း နှုန်း ကလီးယား လက်နက်နိုင်ငံကြီး ငါးနိုင်ငံအပါအဝင် နိုင်ငံ ပေါင်း ၃၇ မှ ၄၀ အထိ တိုးခဲ့ ဖွဲ့စည်း ခဲ့သည်။ ၎င်းပြင် ရှိပြီးဖြစ်သော လက်နက်ဖျက်သိမ်းရေးကော်မရှင်၏ တာဝန် နှင့် လုပ်ငန်းများကို ပြုပြင်သတ်မှတ်ခြင်းနှင့် အထွေထွေညီ လာခံ၏ နိုင်ငံရေးရာကော်မတီတွင် လက်နက် ဖျက်သိမ်း ရေးဘာသာရပ်သက်သက်ကိုသာ ဆွေးနွေးရန် ဆုံးဖြတ်ခြင်း စသည်တို့ကိုလည်း တွေ့ရလေသည်။

တိုးခဲ့ဖွဲ့စည်းလိုက်သော ဂျီနီဗာလက်နက်ဖျက်သိမ်းရေး ကော်မတီသည်၎င်း၊ စနစ်တကျ ပြုပြင်ဖွဲ့စည်းလိုက်သော လက်နက်ဖျက်သိမ်းရေး ကော်မရှင်သည်၎င်း အထွေထွေ ညီလာခံ၏ ၁၀ ကြိမ်မြောက် အထူးအစည်းအဝေးမှ ချမှတ် ခဲ့သော ကြေငြာချက်ကို ဆက်လက် အကောင်အထည် ဖော်ရန်ကြိုးပမ်းဆောင်ရွက်လျက် ရှိလေသည်။

အခြားမည်သည့်အကျိုးထူးတစုံတရာမျှ မရရှိလိုက်သည့် တိုင်အောင် လက်နက်ဖျက်သိမ်းရေးသည် ကမ္ဘာ့ငြိမ်းချမ်း ရေးနှင့် လုံခြုံရေးအတွက် မည်မျှအရေးပါပုံကို ကမ္ဘာ့လူထု ကြီးအနေဖြင့် ပိုမိုကြားသိနားလည်သဘောပေါက်ခွင့် ရခဲ့ ခြင်းသည်ပင်လျှင် အကျိုးကျေးဇူး များလှပြီ ဖြစ်သော ကြောင့် အထွေထွေ ညီလာခံ၏ ၁၀ ကြိမ်မြောက် အထူး အစည်းအဝေးမှာ သမိုင်းတွင်ရစ်မည့် အစည်းအဝေးကြီး ဖြစ်သည်။

အခြားသော ကုလသမဂ္ဂ အပွဲအစည်းများ

အထွေထွေညီလာခံမှအပ ကျန်သောကုလသမဂ္ဂ ပင်မ အပွဲအစည်းများ ဖြစ်ကြသည့် စီးပွားရေးနှင့် လူမှုရေး ကောင်စီ၊ မလွတ်လပ်သေးသော ပြည်နယ်များ ထိန်း သိမ်းရေးကောင်စီ၊ အတွင်းရေးမှူးချုပ်ရုံး၊ အပြည်ပြည် ဆိုင်ရာ တရားရုံးချုပ် စသည်တို့ အနေဖြင့်လည်း နာ:ရ သည်ဟူ၍ မရှိခဲ့ချေ။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အတွက် ပဓာနတာဝန်ယူရသော လုံခြုံရေး ကောင်စီမှာ ကား ဆိုဖွယ်ရာမရှိတော့ချေ။ လက်ဗန္ဓနိုင်ငံတောင်ပိုင်း သို့ အင္ဂရိယယ်တပ်များ ကျူးကျော်ဝင်ရောက်ခြင်း၊ ရိုဒီး ဒီးယားတပ်များက ဇမ်ဘီးယားနိုင်ငံတွင်းသို့ ဝင်ရောက် တိုက် ခိုက်ခြင်း၊ တောင်အာဖရိကနိုင်ငံက အန်ဂိုလာနိုင်ငံကို ဝင် ရောက်တိုက်ခိုက်ခြင်း စသော အရေးပေါ်ကိစ္စများကိုလည်း ဆွေးနွေးစဉ်းစားခဲ့ရသည်။ ရိုးဒီးဒီးယား ပြည်တွင်းတွင် မျိုးချစ်တပ်ဦးများမပါပဲ လူဖြူလူနည်းစု ခေါင်းဆောင် များနှင့် ပြည်တွင်းရှိ လူမည်းခေါင်းဆောင်အချို့ ကျိတ်၍ တဖက်သတ် ရွေးကောက်ပွဲများ ကျင်းပခြင်း၊ နမီးဗီးယား တွင် တောင်အာဖရိကနိုင်ငံက ကုလသမဂ္ဂညီလာခံ၏ အသိ အမှတ်ပြုခြင်းခံရသော အနောက်တောင်အာဖရိက ပြည်သူ အဖွဲ့ကိုယ်စားလှယ်များမပါပဲ ရွေးကောက်ပွဲများ တဖက် သတ် ကျင်းပသွားခြင်းစသည်ကိစ္စများအတွက်လည်း လုံခြုံ ရေးကောင်စီ အစည်းအဝေးများ ကျင်းပဖြေရှင်းခဲ့ရသည်။

အင္ဂရိယယ်နှင့် ဆီးရီးယားနိုင်ငံအကြားရှိ ဂိုလန် ကုန်း မြင့်တွင် နှစ်ဖက်တပ်များ ခဲခြားရေးအတွက် ၁၉၇၄ ခုနှစ်



ကုလသမဂ္ဂအရေးပေါ်တပ်ဖွဲ့၏ ကိစ္စရပ်များကို
ဆွေးနွေးနေသော လုံခြုံရေးကောင်စီ
အစည်းအဝေး (အပေါ်ပုံ)
ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်၍
ကုလသမဂ္ဂအရေးပေါ်တပ်ဖွဲ့များကို စစ်ဆေးနေသော
အတွင်းရေးမှူးချုပ်ကုဗားလဟိုင်း။ (ယာပုံ)
အထွေထွေညီလာခံ ခန်းမတွင် ကုလသမဂ္ဂ
အထိမ်းအမှတ်ပွဲတော် ကျင်းပနေစဉ်။
အောက်တိုဘာလ ၂၄ ရက်နေ့သည်
ကုလသမဂ္ဂနေ့ ဖြစ်သည်။ (ဝဲအောက်ပုံ)





မှစ၍ ချထားသော်ငှာ ကုလသမဂ္ဂတပ်ဖွဲ့၊ ဆိုင်းနိုင်းကျန်းဆွယ်တွင် ၁၉၇၃ ခုနှစ်မှစ၍ ချထားသော ကုလသမဂ္ဂ အရေးပေါ် တပ်ဖွဲ့၊ စိုက်ပရပ်တွင် ချထားသော ကုလသမဂ္ဂတပ်ဖွဲ့နှင့် လက်ဗန္ဓနိုင်ငံတောင်ပိုင်းတွင် ချထားသော ကုလသမဂ္ဂယာယီတပ်ဖွဲ့တို့၏ သက်တမ်းကုန်ဆုံးတိုင်း ခြောက်လ၊ တနှစ်စသည်ဖြင့် သက်တမ်းတိုးမြှင့်ရန် သင့် မသင့်ကိုလည်း လုံခြုံရေးကောင်စီကပင် စဉ်းစားဆွေးနွေးပြီးနောက် ယခုတိုင်ပင်ဆက်လက်ကွပ်ကဲဆောင်ရွက်လျက်ရှိလေသည်။

စီးပွားရေး၊ လူမှုရေး စသည့် ကိစ္စများ

စီးပွားရေး၊ လူမှုရေးစသော ကိစ္စများမှာ များပြားလှသည့်အလျောက် ကုလသမဂ္ဂအဖွဲ့များ၊ ကုလသမဂ္ဂအထူးအဖွဲ့များ၊ ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေး ကော်မရှင်များနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းပေါင်းများစွာတို့က သူကဏ္ဍနှင့်သူ ဆောင်ရွက်ခဲ့ကြလေသည်။

၁၉၇၀ ခုနှစ် မတ်လမှ မေလအထိ ဂျီနီဗာမြို့တွင်၎င်း၊ ဩဂုတ်လမှ စက်တင်ဘာလအထိ နယူးယောဂ်မြို့တွင်၎င်း ကျင်းပခဲ့သော ပင်လယ်ပြင်ညဒေ ရေးဆွဲရေး အစည်းအဝေး၊ ၁၉၇၀ ခုနှစ် စက်တင်ဘာလ ပထမပိုင်းတွင် အာဂျင်တီးနားနိုင်ငံ ဗွေနီအိုင်ရက်မြို့၌ ကျင်းပခဲ့သော တိစိဒိစိခေါ် ဖွံ့ဖြိုးဆဲ နိုင်ငံများအချင်းချင်း ကျွမ်းကျင်မှုပညာရပ် ပူးပေါင်းကူညီရေး ညီလာခံ၊ ဂျီနီဗာမြို့တွင် ကျင်းပခဲ့သော လူမျိုးခွဲခြားမှု တိုက်ဖျက်ရေး ကမ္ဘာလုံးညီလာခံ စသည်တို့မှာ ၁၉၇၀ ခုနှစ်အတွင်း ကျင်းပသော အစည်းအဝေးများအနက် အရေးပါသော အစည်းအဝေးကြီးများဖြစ်ကြလေသည်။

စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ နှစ်စဉ်ပုံမှန် ကျင်းပမြဲ ဖြစ်သော အစည်းအဝေးနှစ်ကြိမ်နှင့် မလွတ်လပ်သေးသော ပြည်နယ်များ ထိန်းသိမ်းရေးကောင်စီ၏ နှစ်စဉ်ပုံမှန် အစည်းအဝေးနှစ်ကြိမ်တို့မှာလည်း ၁၉၇၀ ခုနှစ်တွင် ထုံးစံအတိုင်း ကျင်းပခဲ့သည်။ ၎င်းတို့မှာ နှစ်ဟောင်းက ပြီးခဲ့သော ကုလသမဂ္ဂ နှစ်ပတ်လည် အထွေထွေ ညီလာခံနှင့် နောက်တကြိမ် နှစ်ပတ်လည်အထွေထွေညီလာခံမကျင်းပမီ ကာလအတွင်းတွင် အလုပ်အများပြားဆုံးအဖွဲ့အစည်းများ ဖြစ်ကြသည်။

၃၃ ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံ

၃၃ ကြိမ်မြောက် အထွေထွေညီလာခံကို ၁၉၇၀ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် စခဲ့သည်။ ကုလသမဂ္ဂ ပင်မအဖွဲ့အစည်းများ အသီးသီးနှင့် အထူးအဖွဲ့ခွဲ များနှင့် ဒေသဆိုင်ရာ စီးပွားရေးကော်မရှင်များ အသီးသီး၏ အစီရင်ခံစာများကို သုံးသပ်ဆွေးနွေးခြင်း၊ လစ်လပ်သော အဖွဲ့ဝင်ရာထူးနေရာများအတွက် ဖြည့်စွက်ရွေးကောက် တင်မြှောက်ခြင်း၊ ကျင်းပပြီးစီးခဲ့သော အထွေထွေ ညီလာခံ အဆက်ဆက်က ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များ အကောင်အထည် ဖော်ခြင်းနှင့် စပ်လျဉ်း၍ စိစစ်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်အသစ်များ ချမှတ်ခြင်း စသည်တို့ကို လုပ်ရိုးလုပ်စဉ်အတိုင်းဆောင်ရွက်ခဲ့သည်။ ရိုးဒီးဇီးယား၊ နမီးဗီးယားအရှေ့အလယ်ပိုင်းနှင့် ပယ်လက်စတိုင်ပြဿနာ၊ ကိုလိုနီနယ်ပယ်များ လွတ်မြောက်ရေး၊ အပြည်ပြည် ဆိုင်ရာ စီးပွားရေး စနစ်သစ်တရပ်ဆောင်ရွက်ရေးနှင့် ကုလသမဂ္ဂ ဗဟိုကျက်စိစွတို့ကို ရှေ့တန်းတင် ဦးစားပေး၍ ဆွေးနွေးခဲ့ကြသည်။

ဗြိတိသျှတို့၏ လက်အောက်ခံဘဝမှ လွတ်မြောက်လာသော ဆော်လမွန်ကျန်းစု နိုင်ငံနှင့် ဒိုမင်နီကန်ဓနသဟာယနိုင်ငံတို့သည် ၁၉၇၀ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့နှင့် ဒီဇင်ဘာလ ၁၀ ရက်နေ့ အသီးသီးတွင် ကုလသမဂ္ဂ ဝင်ခွင့်ရကြသောကြောင့် ကုလသမဂ္ဂဝင် နိုင်ငံအရေအတွက် စုစုပေါင်း ၁၄၃ ရှိရာမှ ၁၅၁ သို့ တိုးလာသည်။

၃၃ ကြိမ်မြောက် အထွေထွေညီလာခံ၌ နမီးဗီးယား ကိစ္စမှအပ အားလုံးဆွေးနွေး ဆုံးဖြတ်ပြီးဖြစ်၍ အစည်းအဝေး ပထမပိုင်းကို ၁၉၇၀ ခု ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ရုပ်သိမ်းလိုက်သည်။ နမီးဗီးယား ပြဿနာကိုမူ ၁၉၇၉ ခုနှစ်ဆန်းကျမှ ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြလေသည်။

ကိုပိုရိုကျန်းစု သမ္မတနိုင်ငံ။ တွင်း မိုဇမ်ဗစ် ရေလက်ကြား



။အိန္ဒိယ သမုဒ္ဒရာ အမက်ဒါဂတ်စကာကျန်း၏ အနောက် မြောက်ဖက်နှင့် အာဖရိက အရှေ့တောင်ဖက် ကမ်းခြေအနီးရှိ ကိုပိုရို ကျန်းစု သမ္မတနိုင်ငံတွင် ၁၉၇၇ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၂၇၀,၀၀၀ ရှိသည်။ ကိုပိုရို ကျန်းစုနိုင်ငံ၏ အကျယ်အဝန်းမှာ ဂဖဂ စတုရန်းမိုင်ရှိသည်။ မြို့တော်မှာ ဂရင်းကိုပိုရိုကျန်းပေါ် ရှိ ပိုရိုနီမြို့ဖြစ်သည်။

ကိုပိုရိုကျန်းစု သမ္မတနိုင်ငံတွင် ၁၉၇၀ ခုနှစ် မေလ ၁၃ ရက်နေ့တွင် နိုင်ငံရေး၊ စစ်ရေးညွှန်ကြားမှုအဖွဲ့က သမ္မတ

အလီဆို့ငိုးလီယာအားဖြုတ်ချ၍ အာဏာသိမ်းခဲ့ပြီး လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ လွတ်လပ်စွာသုံးစွဲခွင့်များပါဝင်သော ယခင် အစိုးရလက်ထက်က ဆုံးရှုံးခဲ့သည့် အခွင့်အရေးများကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးမည်ဟု အစိုးသစ်အဖွဲ့က ထုတ်ပြန် ကြေငြာခဲ့လေသည်။

၁၉၇၈ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အကြီးအကဲဖြစ်သူ အဗ္ဗဒူလာဟီမိုဟာမက် လက်သို့ စစ်ညွှန်ကြားရေးအဖွဲ့က အာဏာလွှဲအပ် ပေးခဲ့သည်။ ကိုမိုရိုကျန်းစုတွင် လစ်ဗရယ်ဆိုရှယ်လစ်ဝါဒကို ကျင့်သုံးမည်။ ဒီမိုကရေစီ အဆောက်အအုံများ ပြန်လည်ထူထောင်ကာ ပြည်သူဝန်ထမ်း လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးမည်ဟု အစိုးရသစ်က ကြေငြာချက်တရပ် ထုတ်ပြန်လိုက်အပြီးတွင် ကျန်းစုတွင်ပါဝင်သော မိုဟီလီ ကျန်းနှင့် အန်ဂျူအန်ကျန်းတို့သည် အစိုးရသစ်နှင့်ပူးပေါင်းလိုက်ကြသည်။ ရာထူးမှဖြုတ်ချခြင်းခံရသော ကိုမိုရိုကျန်းစု သမ္မတနိုင်ငံအကြီးအကဲ အလီဆို့ငိုးလီယာသည် ထိန်းသိမ်းထားရာမှ ထွက်ပြေးရန် ကြံစည်မှုဖြင့် ပစ်သတ် ခံလိုက်ရလေသည်။

ပြင်သစ်နိုင်ငံနှင့် ကိုမိုရိုကျန်းစုနိုင်ငံတို့သည် သံအမတ်ကြီးအဆင့်ဖြင့် သံတမန်ဆက်ဆံမှု ပြန်လည်ထူထောင်ကြမည်ဟု ဆုံးဖြတ်လိုက်ကြသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ပတ်သက်၍ ကိုမိုရိုနိုင်ငံ လက်ရှိအာဏာရ နိုင်ငံရေးစစ်ဖက်ဆိုင်ရာ ညွှန်ကြားရေးအဖွဲ့ ပူးတွဲသဘာပတိများဖြစ်ကြသော အာမက်အဗ္ဗဒူလာနှင့် မိုဟာမက်အာမက်တို့သည် ပြင်သစ်နိုင်ငံသို့ ၁၉၇၈ ခုနှစ် ဇွန်လ ၁၀ ရက်နေ့က သွားရောက်ခဲ့ကြသည်။

ကွယ်လွန်သူသမ္မတ အလီဆို့ငိုးလီက ၎င်းအား ရာထူးမှ ဖယ်ရှားအာဏာမယူမီ ၁၉၇၅ ခုနှစ်အတွင်းက အာမက်အဗ္ဗဒူလာက ကိုမိုရိုကျန်းစုနိုင်ငံအား တဖက်သတ် လွတ်လပ်ရေး ကြေငြာပြီးနောက် ပြင်သစ်နှင့် ကိုမိုရိုနိုင်ငံတို့မှာ သံတမန် အဆက်အသွယ် ဖြတ်တောက်ခဲ့ရလေသည်။



တရုတ် စာပေ ပညာရှင် ကိုမိုးကြိုး

ကိုမိုးကြိုး (ခရစ် ၁၈၉၁ – ၁၉၇၈)။ ။တရုတ်စာပေပညာရှင်နှင့် သမိုင်းပညာရှင်အဖြစ်ထင်း၊ ရှေးဟောင်းပစ္စည်းသုတေသီနှင့် တော်လှန်ရေးသမားကြီးအဖြစ်ဖြင့်ထင်း ထင်ရှားသော ကိုမိုးကြိုးကို ၁၈၉၁ ခုနှစ်တွင် ဇီချမ်နယ် လိုရှန်းမြို့၌ မြေပိုင်ရှင် ကုန်သည် မိဘနှစ်ပါးမှ ဖွားမြင်ခဲ့သည်။ သူ၏ ငယ်နာမည်မှာ ကူကိုင်းချင်ဖြစ်၍ ၁၉၁၇ ခုနှစ်တွင်မှ ကိုမိုးကြိုး ဟူသော အမည်သို့ ပြောင်းလဲခဲ့လေသည်။ ငယ်စဉ်က တိုကျိုမြို့ အမှတ် ၁ တန်းမြင့်ကျောင်း၊ အိုကာယာမာ အမှတ် ၆ တန်းမြင့်ကျောင်း တို့တွင် ပညာ သင်ကြား၍ ကျူးရှု ဘုရင့် ဆေးတက္ကသိုလ်တွင် အထက်တန်း ပညာကို ဆက်လက်ဆည်းပူးခဲ့လေသည်။

ကိုမိုးကြိုး သည် ၁၉၂၀ ပြည့်နှစ်တွင် စာ ပေ တိုက် တခု တည် ထောင် ခဲ့သည်။ ၁၉၂၇ ခုနှစ် နှစ်ချုပ် ပုန် ကန် ထ ကြွမှုတွင် ပါဝင်ခဲ့သဖြင့် ဂျပန်နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်နေခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပြန်လာပြီး ကယ်ဆယ်ရေး စာစောင်တိုက်ကို တည်ထောင်ခဲ့လေသည်။

ခရစ် ၁၉၁၇ ခုနှစ်တွင် ကိုမိုးကြိုးသည် အိန္ဒိယ ကဗျာဆရာ ရာဘင်ဒရာနတ်တဂိုး၏ ကဗျာများကို တရုတ် ဘာသာဖြင့် ပြန်ဆို ထုတ်ဝေခဲ့လေသည်။ သူသည် ၁၉၃၀ ပြည့်နှစ်၌ ရှန်ဟိုင်းမြို့တွင် လက်ဝဲစာရေးဆရာများအသင်းကြီးကို စည်းရုံးဖွဲ့စည်းခဲ့လေသည်။ တရုတ် ဂျပန် စစ်ပွဲကာလတွင် ချုံကင်းမြို့၌နေကာ ပြဇာတ်များနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ စာပေများကို ရေးသားခဲ့သည်။

ဂျပန်နိုင်ငံတွင် ကြာရှည်စွာ နေခဲ့ဘူးသော ကိုမိုးကြိုးသည် တရုတ်-ဂျပန် မိတ်ဆွေဖြစ်အသင်း၏ အကျိုးဆောင် နာယကအဖြစ်လည်း ဆောင်ရွက်ခဲ့လေသည်။

ကိုမိုးကြိုးသည် တရုတ်သိပ္ပံ အကယ်ဒမီ၏ နာယကအဖြစ်ဌာန၊ တရုတ်နိုင်ငံစာပေနှင့် အနုပညာရှင်များအဖွဲ့၏ နာယကအဖြစ်ဌာန ဆောင်ရွက်ခဲ့လေသည်။

၁၉၃၇ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ အမျိုးသား စစ်ကောင်စီ နိုင်ငံရေးသင်ကြားလေ့ကျင့်မှု ဘုတ်အဖွဲ့ တတိယဌာနကြီး၏ ညွှန်ကြားရေးမှူးဖြစ်၍ ယင်းအဖွဲ့၏ယဉ်ကျေးမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ် ၁၉၄၀ မှ ၁၉၄၅ အထိ တာဝန်ယူခဲ့လေသည်။ ထို့ပြင် တရုတ်ပြည်သူ့အစိုးရ ဗဟို ကောင်စီဝင် အဖြစ်ဌာန၊ ဒုတိယဝန်ကြီးချုပ် အဖြစ်ဌာန ဆောင်ရွက်ခဲ့လေသည်။

ကိုမိုးကြိုးသည် တရုတ်ကွန်မြူနစ်ပါတီသို့ ၁၉၅၀ ခုနှစ်တွင် ဝင်ရောက်ခဲ့၏။ ၁၉၆၉ ခုနှစ် ပါတီ၏ ကိုးကြိမ်မြောက် ညီလာခံတွင် ဗဟိုကော်မတီဝင်အဖြစ်ဌာန၊ ၁၉၇၃ ခုနှစ်

ပါတီ၏ ဆယ်ကြိမ်မြောက် ညီလာခံတွင် ဗဟိုကော်မတီဝင် အဖြစ်ရင်း အရွေးခံခဲ့ရသည်။

ကိုမိုးကြိုးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယ ဝန်ကြီးချုပ်ဖြစ်စဉ်က ယဉ်ကျေးမှု၊ ပညာရေးနှင့် ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနများကိုပါ ပူးတွဲ တာဝန်ယူခဲ့သည်။ တရုတ်ပြည်သစ် ငြိမ်းချမ်းရေးကော်မတီ၏ ဥက္ကဋ္ဌနှင့် နာယက တာဝန်များကိုလည်း ထမ်းဆောင်ရသည်။ ၁၉၅၁ ခုနှစ်တွင် စတာလင် ငြိမ်းချမ်းရေးဆုကို ဆွတ်ခူးရရှိသည်။

ကိုမိုးကြိုး ရေးသားထုတ်ဝေခဲ့သော စာအုပ်များတွင် ကြွေကျပြီး သစ်ရွက်များ ၁၉၂၄၊ ရှေးတရုတ်အပွဲအစည်း ဆိုင်ရာ သုတေသနစာတန်း၊ ကြေးဝါခေတ်နှင့် ဘာသာ စာအုပ်များ ပါဝင်လေသည်။

ကိုမိုးကြိုးသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဝင်အဖြစ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ်ရင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့ အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ်ရင်း ဆက်လက် တာဝန်ယူခဲ့လေသည်။

သူသည် အချိန်ကြာစွာ မကျန်းမမာဖြစ်ပြီး ၁၉၇၈ ခုနှစ် ဇွန်လ ၁၂ ရက်၊ အသက် ၈၆ နှစ်အရွယ်တွင် ပီကင်းမြို့တော်၌ ကွယ်လွန်သွားခဲ့သည်။

ကိုလုံးဗီးယားသမ္မတနိုင်ငံ။ ။ကိုလုံးဗီးယား သမ္မတနိုင်ငံသည် တောင်အမေရိကတိုက်၏အနောက် မြောက်ဖက်တွင် တည် ရှိ သော နိုင်ငံတနိုင်ငံ ဖြစ်သည်။



ကိုလုံးဗီးယားသမ္မတနိုင်ငံ၏ မြောက်ဖက်တွင် ကာရစ်ဗီယံပင်လယ်၊ အရှေ့မြောက်ဖက်တွင် ဗင်နီဇွဲးလား သမ္မတနိုင်ငံ၊ အရှေ့တောင် ဖက်တွင် အက်ကွာဒေါ် သမ္မတနိုင်ငံနှင့် ပီရူးသမ္မတနိုင်ငံ၊ အနောက်ဖက်တွင် ပစိဖိတ် သမုဒ္ဒရာနှင့် အနောက်မြောက်ဖက်တွင် ပနားမားသမ္မတနိုင်ငံတို့ ဝန်းရံလျက်ရှိသည်။

ကိုလုံးဗီးယားသမ္မတနိုင်ငံ၏ အနောက်ဖက်တွင် အင်ဒီးတောင်တန်းများရှိပြီး တောင်နှင့် အရှေ့ဖက်တွင် အမေဇုံလွင်ပြင်နှင့်အိုရီနိုကိုလွင်ပြင်တို့ တည်ရှိကြသည်။ မြေဩဇာကောင်းမွန်သည့် အရှေ့ဖက်တောင်တန်းရှိ မြေနိမ့်ဒေသတွင် လူနေထူထပ်သည်။

ကိုလုံးဗီးယား သမ္မတနိုင်ငံ၏ ထုသိဉ်တုမှာ ယေဘုယျအားဖြင့် အပူပိုင်းဒေသထုသိဉ်တုမျိုး ဖြစ်သည်။ မြောက်ပိုင်းပစိဖိတ်ကမ်းခြေ၊ အလယ်ပိုင်း မက်ဒါလီနာမြစ်ဝှမ်းဒေသနှင့် အမေဇုံမြစ်ဝှမ်းဒေသရှိသစ်တောများတွင် နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၁၀၀ ခန့်ရွာသွန်းတတ်သည်။ တောင်ပိုင်းတွင် ခြောက်သွေ့သောထုသိဉ်တုရှိသည်။

ကိုလုံးဗီးယား သမ္မတ နိုင်ငံ၏ အကျယ် အဝန်းမှာ ၄၅၅,၃၅၅ စတုရန်းမိုင်ရှိသည်။ ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၂၅,၀၅၀,၀၀၀ ရှိသည်။ စပိန်နှင့် အင်ဒီးယန်းသွေးနှောသော ဗက်စတီဇိုတိုင်းရင်းသား ၆၈ ရာခိုင်နှုန်း၊ ဥရောပတိုက်သား ၂၀ ရာခိုင်နှုန်း၊ အင်ဒီးယန်းလူမျိုး ၇ ရာခိုင်နှုန်းနှင့် နီဂရိုးလူမျိုး ၅ ရာခိုင်နှုန်းရှိသည် မြို့တော်မှာ ဗိုဂိုးတားမြို့ဖြစ်သည်။

ကိုလုံးဗီးယားသမ္မတနိုင်ငံ၏ အဓိက စိုက်ပျိုးရေးထွက်ကုန်မှာ ကာဖီဖြစ်သည်။ ကာဖီလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ၏ရာခိုင်နှုန်း ၆၀ ကိုရရှိသည်။ ဂျွေ၊ ငွေ့၊ကြေးနီ၊ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊သံ၊ ခဲ၊ နှစ်ကယ်နှင့် အခြားကျောက်မျက်ရတနာများလည်း ထွက်ရှိလေသည်။

၁၄၉၃ ခုနှစ်တွင် စပိန်ဟိုသည် နိုင်ငံ၏ မြောက်ပက်ကာရစ်ဗီယံ ကမ်းခြေသို့ စတင်ဝင်ရောက်ပြီး ၁၅၁၀ ပြည့်နှစ်တွင် ကုန်းတွင်းပိုင်းသို့ဝင်ရောက်အခြေချနေထိုင်ခဲ့ကြသည်။ ၁၅၃၈ ခုနှစ်တွင် နယူးဂရမ်နာဒါနိုင်ငံ ဟု ခေါ် တွင်ခဲ့သည်။ ထို့နောက် ၁၈၁၉ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် တောင်အမေရိက၏ လွတ်မြောက်ရေးခေါင်းဆောင် ဆိုင်မွန်ဗိုလီဗာသည်ဗိုယာဘာမြို့၌ စပိန်တပ်များကို အောင်မြင်စွာ တိုက်ထုတ်ခဲ့ပြီး ယင်းနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် လွတ်လပ်ရေးကြေငြာခဲ့သည်။ဗိုလီဗာသည် ကိုလုံးဗီးယား၊ ဗင်နီဇွဲလား၊ ပနားမားနှင့် အဲက်ကွေဒေါ် နိုင်ငံတို့ကို ပူးပေါင်း၍ မဟာကိုလုံး၊ဗီးယားနိုင်ငံအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

၁၈၁၉ ခုနှစ်မှ ၁၈၃၀ ပြည့်နှစ်အတွင်း ဗင်နီဇွဲးလားနှင့် အက်ကွေဒေါ်နိုင်ငံတို့သည် မဟာကိုလုံးဗီးယားမှ အသီးသီး ခွဲထွက်သွားခဲ့ကြသည်။ ထိုစဉ်က ဗိုလီဗာ၏ ဒုတိယသမ္မတဖြစ်သည့် ဖရန်စစ္စကို ဒီပေါလဆန်တန်ဒါသည် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ကို လိုလားသည့် လစ်ဗရယ်ပါတီကို တည်ထောင်ခဲ့သည်။

၁၈၃၀ ပြည့်နှစ်တွင် ပြည်တွင်းနိုင်ငံရေးအားပြိုင်မှုများကြောင့်အကြမ်းဖက်မှု၊ဆူပူမှုများဖြစ်ပွားခဲ့သည်။ ၁၈၉၉ ခုနှစ်မှ ၁၉၀၃ ခုနှစ်တိုင်အောင် ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရသည်။ ပြည်တွင်းစစ် ဖြစ်ပွားနေစဉ်မှာပင် ၁၉၀၃ ခုနှစ်တွင် ပနားမားနိုင်ငံသည် ကိုလုံးဗီးယားနိုင်ငံမှ ခွဲထွက်သွားခဲ့သည်။

၁၉၃၀ ပြည့်နှစ်မှ ၁၉၄၆ ခုနှစ်အတွင်း စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သော်လည်း

ပြည်တွင်းရေးပြဿနာများကိုမူ မဖြေရှင်းနိုင်ခဲ့ချေ။ ဒုတိယ ကမ္ဘာစစ်ပြီး နောက်ပိုင်းတွင်ပုန်ကန်မှု၊ ထကြွမှုများနှင့် လုယက်တိုက်ခိုက်မှုများ နိုင်ငံအနှံ့အပြား ဖြစ်ပွားခဲ့သည်။ ၁၉၅၀–၅၃ ခုနှစ်အတွင်း ရွှေကောက် တင်မြောက်ခံရသော သမ္မတလောရီယန်နိုဂိုမက်၏ လက်ထက်တွင် အကြမ်းဖက် ဆူပူမှုများ ပိုမိုပြင်းထန်စွာ ဖြစ်လာခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဗိုလ်ချုပ်ဂူစတာဗိုရှိဂျာစ်ပင်နယ်လာက အာဏာသိမ်း၍ သမ္မတအဖြစ် အုပ်ချုပ်ခဲ့သည်။ သို့သော် စီးပွားရေး လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်မဖော်နိုင်ခြင်း၊ လူထုထောက်ခံမှုကျဆင်းလာခြင်းတို့ကြောင့် ၁၉၅၈ ခုနှစ် မေလတွင် ဗိုလ်မှူးချုပ် ဂါဗရီယယ်ပါရီ ခေါင်းဆောင်သောစစ်ဦးစီးအဖွဲ့က အာဏာသိမ်းခဲ့ပြန်သည်။ ၁၉၅၇ ခုနှစ် ဒီဇင်ဘာလတွင် ပြည်သူဆန္ဒခံယူပြီး ပဲ့စည်းပုံ အခြေခံဥပဒေကိုပြင်ဆင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် အမျိုးသား တပ်ဦး၏ ဆက်တိုက် အုပ်ချုပ်မှုကို ပြည်သူတို့က မကျေမနပ် ဖြစ်လာကြပြီး ၁၉၇၀ ပြည့်နှစ် ဧပြီလတွင် ကျင်းပသောသမ္မတရွေးကောက်ပွဲတွင် အတိုက်အခံပါတီတို့က ခေါင်းဆောင်၍ ဆူပူဆန္ဒပြခဲ့ရာမှ အဓိကရုဏ်းများ ဖြစ်ပွားခဲ့လေသည်။

၁၉၇၁ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း ကိုလုံးဗီးယားနိုင်ငံတွင် ကျောင်းသားနှင့် အလုပ်သမားဆန္ဒပြမှုများ၊ နိုင်ငံရေးပြန်ပေးဆွဲမှုများနှင့် နိုင်ငံရေးလုပ်ကြံမှုများသာ လွှမ်းမိုးခဲ့သဖြင့် အရေးပေါ် အမိန့်ကို အကြိမ်ကြိမ် ထုတ်ပြန်ခဲ့ရသည်။ အစိုးရအဖွဲ့ကိုလည်း သုံးကြိမ်တိုင်တိုင် ပြောင်းလဲဖွဲ့စည်းပေးခဲ့ရသည်။ ၁၉၇၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့၌ ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် လစ်ဗရယ်ပါတီမှ အဲလ်ဖွန်ဆိုလိုပက်ဇ်မစ် ချီဆန်သည် သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

၁၉၇၅ ခုနှစ်တွင် နိုင်ငံရေးမတည်ငြိမ်မှုများ ပြန်လည် ဖြစ်ပွား လာခဲ့သည်။ နိုင်ငံအနှံ့ပွင့် အလုပ်သမားနှင့် ကျောင်းသားတို့၏ သပိတ်မှောက်ဆန္ဒပြမှုများ၊ ပြည်တွင်း ပြောက်ကျား တပ်ဖွဲ့များ ထကြွမှုများတို့ကြောင့် သမ္မတ မစ်ချီဆန်သည် ဇွန်လ ၂၆ ရက်နေ့တွင် တနိုင်ငံလုံးသို့ အရေးပေါ် အခြေအနေထုတ်ပြန်၍ အုပ်ချုပ်ခဲ့ရလေသည်။

ထို့ပြင် ၁၉၇၆ ခုနှစ် တနှစ်လုံးလိုလိုပင် လက်ဝဲကျောင်းသား ဆူပူလှုပ်ရှားမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ဗိုဂိုးတားတက္ကသိုလ်ကို နှစ်ကြိမ်တိုင်တိုင် ပိတ်ထားခဲ့ရလေသည်။

၁၉၇၈ ခုနှစ် ဇွန်လတွင် ကျင်းပသောသမ္မတရွေးကောက်ပွဲတွင် လစ်ဗရယ်ပါတီမှ ဒေါက်တာ ဂျူလီယိုဆီစာတာဘေးအေယာလာသည် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ကင်ဆာရောဂါ။ ။ကင်ဆာရောဂါသည် လူမျိုးမရွေး၊ အာသက်မရွေး၊ ဆင်းရဲချမ်းသာမရွေး ဖြစ်တတ်လေသည်။ တိရစ္ဆာန် မှန်သမျှလည်း ကင်ဆာရောဂါ ဖြစ်တတ်သည်။ ကမ္ဘာပေါ်တွင် လူဟူ၍ စတင် ပေါ်ပေါက်ခဲ့စဉ် ကတည်းက ပင် ကင်ဆာရောဂါကြောင့် လူအများ သေကြေနိုင်ခဲ့စရာ အကြောင်းရှိသည်ဟု ဆေးသိပ္ပံပညာရှင်များက ယူဆကြသည်။ ယခုအခါ၌ ကမ္ဘာတဝန်းလုံးတွင် ကင်ဆာရောဂါ ဖြစ်ပွားမှု ပိုမိုများပြားလာသည်။ တဖက်က ဆေးသိပ္ပံထွန်းကား တိုးတက် လာခဲ့သော်လည်း ကင်ဆာ ရောဂါကြောင့် အသက်ဆုံးရှုံးရသူများမှာ ကြောက်ခမန်းလိလို ဖြစ်သည်။ စက်မှုလက်မှုထွန်းကားသည့် နိုင်ငံများ၌ ဆိုလျှင် လူသေမှုငါးမှုတွင် ကင်ဆာ ရောဂါကြောင့်သေဆုံးမှု တမှု ပါဝင်သည်။ နှလုံးရောဂါမှ လွဲလျှင် ကင်ဆာရောဂါသည် လူသေအများဆုံး ရောဂါ ဖြစ်သည်။ အမေရိကန်နိုင်ငံတနိုင်ငံတည်း၌ပင် တနေ့လျှင် ကင်ဆာရောဂါကြောင့် လူပေါင်းတထောင်ခန့် သေနေရသည်။ တကမ္ဘာလုံး ခြုံကြည့်လျှင် နှစ်စဉ်လူပေါင်း ငါးသန်းခန့် ကင်ဆာ ရောဂါကြောင့် သေဆုံး ရသည်။

"ကင်ဆာ" ဟူသော ဝေါဟာရသည် ဂရိဘာသာ စကားဖြစ်ပြီး အဓိပ္ပာယ်မှာ ကဏန်းကောင် ဖြစ်သည်။ ကဏန်းကောင်အညှပ်ခံရသကဲ့သို့ ခန္ဓာကိုယ်အတွင်း ထိုး၍ ထိုး၍ နာသောရောဂါ တမျိုးဟု အစွဲပြု၍ ဂရိလူမျိုး ဆေးသိပ္ပံပညာရှင် ဟစ်ပိုကရေးတီးက ယင်းကဲ့သို့သော ရောဂါမျိုးကို ကင်ဆာရောဂါဟူ၍ ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်သည်။ ကဏန်းကောင်သည် နေရာအနှံ့ခြေများဖြန့်၍ သွားသကဲ့သို့ ခန္ဓာကိုယ်နေရာအနှံ့ ဖြန့်၍ ဖြစ်တတ်သော ရောဂါမျိုးဟူ၍လည်း အဓိပ္ပာယ်ရသည်။

ကင်ဆာရောဂါ နှစ်မျိုးနှစ်စား ရှိသည်။ ပထမကင်ဆာရောဂါအမျိုးအစားကို ဆေးသိပ္ပံဝေါဟာရအားဖြင့် ကာဆီနိုးမားဟုခေါ်သည်။ အက်ပီသီလီယယ်ဆဲခေါ် ခန္ဓာကိုယ် အစိတ်အပိုင်းများကို ဖုံးအုပ်ထားသော ဆဲများထဲ၌ ဖြစ်ပေါ်လာသောအကျိတ်အဖုများကို ကာဆီနိုးမားဟု ခေါ်သည်။ အက်ပီသီလီယယ်ဆဲများကို အရေပြား၊ အူပေါ် အမြှေးနှင့် အလားတူ အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများ၌ တွေ့ရသည်။ ကင်ဆာရောဂါ ဖြစ်ပွားမှု ၁၀ မှုတွင် ကိုးမှုမှာ ကာဆီနိုးမားအမျိုးအစား ဖြစ်သည်။ ဒုတိယ ကင်ဆာအမျိုးအစားကို ဆာကိုးမားဟု ခေါ်သည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများ တခုနှင့်တခု အားယူ၍ ဆက်ပေးထားသည့် တစ်ရှူးများတွင် ဆာကိုးမားခေါ် ကင်ဆာရောဂါမျိုး ဖြစ်တတ်သည်။ အများအားဖြင့် ဆာကိုးမားသည် အရိုးနှင့်သွေးဖြူဂလင်းများ၌ ဖြစ်တတ်သည်။

တနည်းဆိုရသော် ကင်ဆာရောဂါသည် တျူးမားခေါ် ပုရောင်နာများဖြစ်ပေါ်ရာမှ အစပြုသည့် ရောဂါမျိုး ဖြစ်သည်။ ရိုးရိုးပုရောင်နာများသည် အရေပြားပေါ်၌ ပေါ်လာတတ်ပြီး တနေရာ တည်း၌သာ သတ်သတ် မှတ်မှတ် ပေါက်သည်။ ယင်းပုရောင်နာ ရိုးရိုးသည် လူ အသက်ကို တခါတရံအန္တရာယ်ပြုတတ်သော်လည်း ကင်ဆာရောဂါကဲ့သို့ ခန္ဓာကိုယ်အနှံ့ ပြန့်နှံ့ခြင်းမရှိပေ။ ထိုကြောင့် ယင်းကဲ့သို့ ရိုးရိုးတျူးမားများကို ဆေးသိပ္ပံအားဖြင့် အယဉ်စားတျူးမားဟုခေါ်ပြီး ကင်ဆာရောဂါဖြစ်လာမည့်တျူးမားများကို မူ ဆိုးဝါးသော တျူးမားဟု ခေါ်ကြသည်။

ခန္ဓာကိုယ်ထဲရှိ ဆဲများ သာမန်ပုံမှန်အတိုင်း ကြီးထွားရမည့်အစား ရုတ်တရက်လျင်မြန်စွာ ပရမ်းပတာ တိုးပွားလာမှုကြောင့် ကင်ဆာရောဂါ ဖြစ်ပေါ်ရခြင်း ဖြစ်သည်။ ယင်းကဲ့သို့သော ဆဲများ ဖြစ်ပေါ်လာမှုကြောင့် ခန္ဓာကိုယ် အစိတ်အပိုင်းများ ပုံမှန်အလုပ်မလုပ် နိုင်ကြတော့ပေ။ ကင်ဆာဆဲများသည် အစဉ် ခန္ဓာကိုယ် တနေရာတည်းတွင် တိုးပွားလာပြီးနောက် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ပြန့်နှံ့သည်ဟု ယူဆကြသည်။ ဥပမာ အရိုးတနေရာ၌ အစပျိုးခဲ့သည့် ကင်ဆာရောဂါသည် အဆုတ်ကဲ့သို့သော အခြား ခန္ဓာကိုယ် အစိတ်အပိုင်းများသို့ ပြန့်နှံ့နိုင်လေသည်။

ကင်ဆာရောဂါကြောင့် ဖြစ်ပေါ်လာသော တျူးမားများထဲ၌ တွေ့ကြရသော ဆဲများသည် ယင်းတို့ ကြီးထွားလာသည့် ခန္ဓာကိုယ်အစိတ် အပိုင်းများရှိ ဆဲများနှင့် ပုံသဏ္ဌာန်တူကြသည်။ သိုင်းရွိုက် ဂလင်းများ၌ ဖြစ်သော ကင်ဆာဆဲများသည် သိုင်းရွိုက်ဂလင်းထဲ၌ တွေ့ရသော ဆဲများနှင့်ငင်း၊ အသည်းများ၌ ဖြစ်သော ကင်ဆာ ဆဲများသည် အသည်းထဲ၌ တွေ့ကြရသော ဆဲများနှင့်ငင်း ပုံသဏ္ဌာန်ချင်း တူသည်။

ယောကျ်ားများ၌ ဖြစ်တတ်သော ကင်ဆာရောဂါနှင့် မိန်းမများ၌ ဖြစ်တတ်သော ကင်ဆာရောဂါ များသည် အမျိုးအစားအားဖြင့်ကွဲပြားသည်။ယောကျ်ားနှင့်မိန်းမများရှိ လိင်ဂလင်းများမှ ထုတ်ပေးသည့် ဟိုမုန်းများ တမျိုးနှင့် တမျိုး ကွဲပြားခြင်းသည် အဓိက အကြောင်းရပ်တရပ် ဖြစ်နိုင်သည်ဟုဆိုသည်။ ကင်ဆာရောဂါဖြစ်တတ်သော အစိတ်အပိုင်းများကို အများ အနည်းထား၍ အစဉ်အတိုင်း ပေါ်ပြရပါမူ ယောကျ်ားများ၌ အစာအိမ်၊ အသည်း၊ စအို၊ ဒူး၊ အစာပြွန်နှင့် သွားများ၌ ဖြစ်တတ်ပြီး မိန်းမများ၌မူ သားအိမ်၊ သားမြွတ်၊ အစာအိမ်၊ အသည်း အူနှင့် စအိုများ၌ ဖြစ်တတ်သည်။

အသက် ၄၀ ကျော်သူများသည် ငယ်ရွယ်သူများထက် ပို၍ ကင်ဆာရောဂါ ဖြစ်နိုင်သည်ဟုဆိုသည်။

ကင်ဆာရောဂါ ဖြစ်ကြရာ၌ သေဆုံးရပုံချင်းမှာ ကင်ဆာရောဂါတမျိုးနှင့်တမျိုး မတူပေ။ အချို့ကင်ဆာများ၌ တျူးမားများသည် နာဗ်ကြောကို ဖိနှိပ် ကြသဖြင့် လူနာမှာ မချိမဆံ့ ဝေဒနာ ခံစားရပြီး အသက် ဆုံးရှုံးရသည်။ အရိုး၌ ဖြစ်သော ကင်ဆာရောဂါ၌ ကင်ဆာရောဂါ စဲနေသော အရိုးထဲတွင် နောက်ထပ်သွေးဆဲများဖြစ်ပေါ်ခြင်း မရှိတော့သဖြင့် လူနာသည် သွေးဖျော့နာဖြင့် သေဆုံးရသည်။ အဆုတ်၌ ကင်ဆာ ရောဂါ စဲလျင်လည်း လူနာသည် အသက်ရှူမရတော့ပဲ သေဆုံး ရသည်။ အစာအိမ်၌ ကင်ဆာရောဂါဖြစ်ပြန်လျင် မည်သည့် အာဟာရကိုမျှ မစားသောက်နိုင်တော့ပဲ နောက်ဆုံး၌ လူနာသည် အာဟာရပြတ်၍ သေ ဆုံးရသည်။

ကင်ဆာရောဂါဖြစ်ရသည့် အဓိက အကြောင်းရင်းများမှာ အများအပြားရှိသည်။ အချို့ကင်ဆာရောဂါများသည် တသမတ်တည်း ဖြစ်ပေါ်နေသော ဆူခြင်းကြောင့် ဖြစ်ရသည်။ ဘေးသို့ချွန်ထွက်နေသော သွားများကလျှာကို အမြဲပွတ်တိုက်ပြီး ဆူပေးခဲ့လျင် လျှာ၌ ကင်ဆာရောဂါ ဖြစ်လာနိုင်သည်။ ကျက်ခဲသော အနာများ၌ မကြာခဏ ဆူခြင်းခံရပါက ယင်းအနာသည် ကင်ဆာရောဂါ အသွင်သို့ ကူးပြောင်းလာနိုင်သည်။ ကတ္တရာစေး၊ ဆိုးဆေးနှင့် စိန်ပါသည့် ဆေးကဲ့သို့သော ဓာတုဗေဒပစ္စည်း များနှင့် ကိုင်တွယ်၍ အလုပ်လုပ်ရသော အလုပ်သမားများ၌လည်း ကင်ဆာရောဂါ ဖြစ်တတ်သည်။

စမ်းသပ်ခန်းများ၌ ကြွက်များကို ကျောက်မီးသွေးမှထွက်သည့် ကတ္တရာစေးများဖြင့် စမ်းသပ်ကြည့်ရာ၌ ကြွက်များတွင် ကင်ဆာရောဂါ ဖြစ်လာကြောင်း တွေ့ကြရသည်။ နေဒဏ်နှင့် လေဒဏ်ကို နှစ်ပေါင်းများစွာ ခံခဲ့ရသော သင်္ဘောသားနှင့် လယ်သမားများ၌ အရေပြား ကင်ဆာရောဂါ အများဆုံးဖြစ်တတ်သည် သို့သော် အစားအသောက်များကြောင့် ကင်ဆာရောဂါ ဖြစ်ရသည် ဆိုသော အချက်ကိုမူ ယနေ့အထိ အတိအကျ မသိရသေးပေ။

ဆီးအိမ်နှင့် စအိုများ၌ စဲတတ်သည့် ကင်ဆာ ရောဂါမှာ ခန္ဓာကိုယ်ထဲရှိ ကပ္ပလားကောင် များကြောင့် ဖြစ်ရသည်။ ယင်း ကပ္ပလားကောင်များသည် ဆီးအိတ်နှင့် စအိုကို ဆူပေးသောကြောင့် ကြာလာလျှင် ကင်ဆာရောဂါ ဖြစ်လာတတ်သည်။ အဆုတ်ကင်ဆာနှင့် လည်ချောင်းကင်ဆာကဲ့သို့သော ကင်ဆာရောဂါများမှာ ဆူပေးသည့် ဆေးလိပ်ငွေ့ကဲ့သို့သော မီးခိုးများကို ရှူရှိုက်ရသောကြောင့် ဖြစ်ရသည်ဟု ယူဆကြသည်။ အချို့သော ဗက်တီးရီးယားနှင့် ဗိုင်းရပ်ပိုးများသည် ကင်ဆာရောဂါကို ဖြစ်စေသလောဟူသော အချက်နှင့် စပ်လျဉ်း၍ သိပ္ပံပညာရှင်များသည် နှစ်ရှည်လများ သုတေသန ပြုခဲ့ကြသော်လည်း ယနေ့ထက်

တိုင် အတိအကျမသိကြရသေးချေ။ ဤအချက်ကို ထောက်ရှုခြင်းဖြင့် ကင်ဆာရောဂါသည် ကူးစက်တတ်သော ရောဂါမဟုတ်ကြောင်း သေချာသည်။ အခြို့သိပ္ပံပညာရှင်များကလည်း ကင်ဆာရောဂါသည် မျိုးရိုးလိုက်၍ ဖြစ်တတ် သလော ဟူသော အချက်နှင့် စပ်လျဉ်း၍ စူးစမ်း လေ့လာခဲ့ကြသည်။ မျိုးရိုးအလိုက် အခြို့လူများသည် ကင်ဆာရောဂါဖြစ်ဖို့ ပို၍ လမ်းများသည်ဟု ယခုအခါ ယုံကြည်ထားကြသည်။

ကင်ဆာရောဂါများကို ကုသရာ၌ ရောဂါရှိမရှိ အချိန်မီသိရှိနိုင်ရန် အလွန်ပင်အရေးကြီးသည်။ အကယ်၍ အချိန်မီ ကင်ဆာရောဂါဟု အတိအကျ သိရှိရပါက ပျောက်ကင်းအောင် ကုသပေးနိုင်သည်။ ကျက်ခဲသော အနာများနှင့် ခန္ဓာကိုယ်ပေါ်၌ ပေါ်လာသော အကျိတ်အခဲများကို ဆရာဝန်နှင့် အချိန်မီ ပြသရသည်။ အိက်စရေးခေတ်မှန် ရိုက်ကြည့်ခြင်းအားဖြင့် ကင်ဆာရောဂါဟုတ်မဟုတ်သိနိုင်သည်။ ကင်ဆာရောဂါစွဲနေသော အင်္ဂါအစိတ်အပိုင်းမှ အသားစများကို ဖြတ်ယူ၍ စစ်ဆေးကြည့်ရှုသည့် ဗိုင်းအော့ပစီခေါ် နည်းအရလည်း စစ်ဆေးကြည့်ပါက ကင်ဆာရောဂါဟုတ်မဟုတ် သိနိုင်သည်။

အရေပြား၌ စွဲသော ကင်ဆာရောဂါနှင့် ကိုင်တွယ်ရလွယ်ကူသော အခြားအင်္ဂါအစိတ်အပိုင်းများ၌ ဖြစ်သည့် ကင်ဆာများကို အိက်စရေးရောင်ခြည် အားဖြင့်ငင်း၊ ရေဒီယမ်ရောင်ခြည်အားဖြင့်ငင်းထိရောက်စွာကုသပေးနိုင်သည်။ ခန္ဓာကိုယ်အတွင်းပိုင်း၌ ဖြစ်သော ကင်ဆာ ရောဂါများကိုမူ ကင်ဆာရောဂါ ဟုတ်မဟုတ် ခွဲခြားရ ခက်ခဲသကဲ့သို့ ကုသရာ၌လည်း ခက်ခဲသည်။ ယင်းကဲ့သို့ ခန္ဓာကိုယ်အတွင်းပိုင်း၌ ဖြစ်သည့် ကင်ဆာရောဂါများကို ကုသရာ၌ ကင်ဆာရောဂါစွဲနေသော တျူးမားနှင့်တကွ ယင်းနှင့် သက်ဆိုင်သည့် အခြား အင်္ဂါအစိတ်အပိုင်းများကိုပါ ခွဲစိတ်ပြီး ဖြတ်ထုတ်ပစ်ရသည်။ ကင်ဆာ ရောဂါ ဟုတ်မဟုတ် စောစော သိရလေလေ ခွဲစိတ်ကုသမှုမှာ အောင်မြင်မှု များလေလေ ဖြစ်သည်။ တခါတရံ တကိုယ်လုံး ကင်ဆာရောဂါ ပြန့်နှံ့နေသည့် အချိန်ကျမှ ကင်ဆာ ရောဂါမှန်း သိရတတ်သည်။ အချို့ကင်ဆာရောဂါမျိုးသည် အခြား ကင်ဆာရောဂါမျိုးထက် ကုသရ လွယ်ကူသည်။ ကင်ဆာရောဂါများ အနက် ကုသရအလွယ်ကူဆုံးမှာ အရေပြား ကင်ဆာ ရောဂါပင် ဖြစ်လေသည်။

ကိပ်ဗာဒီသမ္မတနိုင်ငံ။ ။ကိပ်ဗာဒီ သမ္မတနိုင်ငံသည် အာဖရိကတိုက် အနောက်ဖက် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း၌ တည်ရှိပြီး၊ကျွန်းကြီး ဆယ်ကျွန်းနှင့် ကျွန်းက



လေး ငါးကျွန်း ပါဝင်သည့် ကျွန်းစုနိုင်ငံ ဖြစ်သည်။ ကိပ်ဗာဒီ၏ အရှေ့ဖက် တွင် တည် ရှိသော ဆီနီဂေါ သမ္မတနိုင်ငံ ဒါကာမြို့မှ အနီးဆုံး ကျွန်းသည် ၃၇၀ မိုင် ကွာဝေးပြီး အဝေးဆုံးကျွန်းသည် ၅၃၅ မိုင် ကွာဝေးသည်။ကိပ်ဗာဒီကျွန်းစုသည် လခြမ်းပုံသဏ္ဌာန်တည်ရှိပြီး အနောက်မြောက်ဖက် လေလာထုအရပ်ရှိ ကျွန်းများကို ဝင်းဝါဒ်ကျွန်းစုသို့မဟုတ် ဗာလာဗင်တို့ ကျွန်းစုဟူ၍ငင်း ခေါ်ဝေါ်ပြီး တောင်ဖက် လေကွယ်အရပ်ရှိ ကျွန်းများကို လီဝါဒ်ကျွန်းစု သို့မဟုတ် ဆိုတာဗင်တို့ ကျွန်းစုဟူ၍ငင်း ခေါ်ဝေါ်သည်။ ဗာလာဗင်တိုကျွန်းစုတွင် ဆန်တိုအန်တာအို၊ ဗိုဝါဗစ္စတာ၊ ဆားလ၊ ဆာအိုနီကိုလော၊ ဆာအိုဗီစင်တေနှင့် ဆန်တာလူဇီယာကျွန်းများ ပါဝင်သည်။ဆိုတာဗင်တိုကျွန်းစုတွင်ပါဝင်သည့် ကျွန်းများမှာ ဗရာဗာ၊ ဖိုရို၊ မေယိုနှင့် ဆာအိုတီယာရိုတို့ ဖြစ်သည်။

ကိပ်ဗာဒီသမ္မတနိုင်ငံ၏ အကျယ်အဝန်းမှာ ၁,၅၅၇ စတုရန်းမိုင်ရှိပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ စုစုပေါင်း ၃၁၀,၀၀၀ ရှိသည်။ဥရောပနှင့် အာဖရိက သွေးရောနှောသော လူမျိုးစုများနှင့် နီဂရိုးများ နေထိုင်ကြသည်။ ဥရောပတိုက်သားများ အနည်းငယ် ရှိသည်။ ကိပ်ဗာဒီနိုင်ငံသားအားလုံးလိုလိုပင် ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပြီး ပေါ်တူဂယ် ဘာသာစကားနှင့် ဒေသခံဘာသာစကားတို့ရောစပ်နေသည့် ခရီယူလိုဘာသာစကားကို အများဆုံး ပြောဆိုကြသော်လည်း တရားဝင် ရုံးသုံး ဘာသာစကားအဖြစ် ပေါ်တူဂယ် ဘာသာစကားကို အသုံးပြုကြသည်။ မြို့တော်ပရေယာမြို့သည် နိုင်ငံ၏အကြီးဆုံးကျွန်းဆာအိုတီယာရိုကျွန်းပေါ်တွင် တည်ရှိသည်။

ကိပ်ဗာဒီကျွန်းများသည် မူလက မီးတောင်ကျွန်းများဖြစ်သဖြင့် မီးတောင်ချော်ကျောက်ဆောင်များ ပေါများသည်။ ဗိုရိုကျွန်းပေါ်ရှိ ၉,၂၈၁ ပေမြင့်သည့် ပီကိုတောင်မှာ ကိပ်ဗာဒီနိုင်ငံတွင် အမြင့်ဆုံးဖြစ်ပြီး ၁၆ ရာစု၊ ၁၇ ရာစုနှစ်များအတွင်းက အကြိမ်ကြိမ်ပေါက်ကွဲခဲ့သည့် မီးတောင်ဖြစ်သည်။ မီးတောင်များပေါက်ကွဲမှုကြောင့် ကျွန်းများပေါ်တွင် မကြာခဏ ငလျင်လှုပ်ရာ ၁၈၄၇ ခုနှစ်အတွင်းက လှုပ်ခဲ့သောငလျင်မှာ အကြီးကျယ်ဆုံးဖြစ်သည်။ ပင်လယ်ပြင်ရာသီဥတုရှိသဖြင့် အပူအအေးမျှတသော်လည်း တနှစ်ပတ်လုံး ရွာသွန်းသော မိုးရေချိန်မှာ ၅ လက်မမှ ၁၀ လက်မ အထိသာ ရှိသည်။ ဆဟာရသဲကန္တာရမှ သဲမုန်တိုင်းများ

တိုက်ခတ်မှုကြောင့် ထူထပ်သည့်သဲမြူနှင်းများ မကြာခဏ ကျရောက်တတ်သည်။

ကိပ်ဗာဒီ ကျွန်းစုကို ၁၄၅၆ ခုနှစ်က ဣတာလျံလူမျိုး ကပ္ပတိန် အယ်ဗစ်ကာဒါမော့စတိုက စတင်တွေ့ရှိသည်ဟု ယူဆရသော်လည်း ၁၄၆၀ ပြည့်နှစ်တွင် ဒီယိုရိုရမ်းနှင့် အန်တိုနီယိုဒါနီလွှာတို့က မေယိုကျွန်းနှင့် ဆာအိုတီယာရှိ ကျွန်းတို့ကို စတင်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ သူတို့နှစ်ဦးက မေယိုကျွန်းဟု အမည်ပေးခဲ့ခြင်း ဖြစ်၏။ ၁၄၆၀ ပြည့်လွန် နှစ်များတွင် ပေါ်တူဂယ်လူမျိုးများ စတင်ရောက်ရှိလာကြ ပြီး အာဖရိကတိုက်မှ နီဂရိုးလူမျိုးများကို ခေါ်ဆောင် လာကာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထို့ပြင် ပေါ်တူဂယ် ဂင်းနီဒေသနှင့် ကျွန်ကုန်ကူးရာ လမ်း ကြောင်းတွင် တည်ရှိသဖြင့် ကျွန်ကုန် ကူးသူတို့အတွက် ကျွန်စုဆောင်းရာအချက်အချာဒေသဖြစ်လာသည်။ ၁၄၆၅ ခုနှစ်တွင် ပေါ်တူဂယ်တို့၏ ကိုလိုနီနိုင်ငံ ဖြစ်လာပြီးနောက် ကိပ်ဗာဒီ ကျွန်းစုတွင် လာရောက် အခြေစိုက် နေထိုင်သူ ပေါ်တူဂယ်လူမျိုးများ တိုးတက်များပြား လာလေသည်။ ၁၅၃၂ ခုနှစ်တွင် ခရစ်ယန် သာသနာပြုများ စတင်ရောက်ရှိ လာပြီးနောက် ကိုလိုနီအုပ်ချုပ်ရေးမှူးတဦးကို ၁၅၈၇ ခုနှစ် တွင် စတင်ခန့်အပ်ခဲ့သည်။ ၁၆ ရာစုနှင့် ၁၇ ရာစုနှစ်များ အတွင်း ဗြိတိသျှ၊ ဒတ်ချနှင့် ပြင်သစ်တို့ကကိပ်ဗာဒီကျွန်း စုကို သိမ်းပိုက်ရန် ကြိုးစားကြသော်လည်း မအောင်မြင် ခဲ့ကြချေ။

ပေါ်တူဂယ်လက်အောက်ခံဘဝတွင်နေထိုင်ခဲ့ကြရသော ကိပ်ဗာဒီ ကျွန်းသူကျွန်းသားများသည် ပေါ်တူဂယ်လူမျိုး တို့၏ လက်ဝါးကြီးအုပ်ချုပ်မှုဒဏ်ကို မခံနိုင်ကြသဖြင့် အိမ် နီးချင်း နိုင်ငံများသို့ အများအပြား ဂရှပြောင်းသွားကြ သည်။ ကိပ်ဗာဒီ ကျွန်းစု၌ဆက်လက် နေထိုင်သူများက လည်း လွတ်လပ်ရေးအတွက် တိုက်ပွဲဆင်နွဲခဲ့ကြရာ ၁၉၅၁ ခုနှစ်တွင် ကိုလိုနီနယ်မြေအဖြစ်မှ ပင်လယ်ရပ်ခြားပြည်နယ် တခု အဖြစ်သို့ရောက်ရှိလာသည်။

၁၉၅၆ ခုနှစ်တွင် ပေါ်တူဂယ်ပိုင် ဂင်းနီနိုင်ငံနှင့် ကိပ်ဗာ ဒီကျွန်းစု လွတ်လပ်ရေးအတွက် အာဖရိကန်ပါတီက လွတ် လပ်ရေးကြိုးပမ်းမှုကို စတင်ဦးဆောင်လာသည်။ ၁၉၆၃ ခုနှစ်တွင် ကိပ်ဗာဒီကျွန်းစု၌ အထွေထွေပုန်ကန်ထကြွမှုကြီး ဖြစ်ပွားခဲ့သည်။၁၉၇၄ ခုနှစ်တွင်ပေါ်တူဂယ်အစိုးရနှင့်ပီအေ အိုင်ဂျီစီတို့သည် အမျိုးသားလွတ်တော် ရွေးကောက်ပွဲများ ကျင်းပရန် သဘောတူညီချက်များရရှိခဲ့သည်။ ၁၉၇၅ ခုနှစ် ဇွန်လတွင်အမျိုးသားလွတ်တော် ရွေးကောက်ပွဲများကျင်း ပရာ ပီအေအိုင်ဂျီစီမှ ကိုယ်စားလှယ်များ အများစုမှာ အမျိုးသားလွတ်တော် ကိုယ်စားလှယ်များအဖြစ်ရွေးချယ် ခံရသည်။ ထိုနှစ်ဇူလိုင်လ ၅ ရက်နေ့တွင် ပေါ်တူဂယ်အစိုးရ မှ အာဏာလွှဲပြောင်းရယူပြီး ကိပ်ဗာဒီကျွန်းစု လွတ်လပ် ရေး ရရှိခဲ့သည်။ ကိပ်ဗာဒီ နိုင်ငံသည် ၄၄ နိုင်ငံမြောက် လွတ်လပ်ရေးရရှိသော အာဖရိကနိုင်ငံ ဖြစ်သည်။ သမ္မတ အဖြစ် ပီအေအိုင်ဂျီစီ အတွင်းရေးမှူး အရစ္စတစ်ဒီးစပရေ ယာကို ရွေးချယ်တင်မြောက်ခဲ့သည်။ သမ္မတသည် အိမ် နီးချင်းနိုင်ငံများသို့ သွားရောက် မှီခိုနေကြသောကိပ်ဗာဒီ ကျွန်းသူ ကျွန်းသားများကို ကိပ်ဗာဒီနိုင်ငံသို့ ပြန်လာကြ ရန်နှင့် နိုင်ငံ တည်ဆောက်ရေးတွင် ပါဝင် ကူညီကြရန် ဖိတ်ခေါ်ခဲ့သည်။

ကိပ်ဗာဒီကျွန်းစုသည် မြေဆီလွှာညွှံဖျင်းမှုကြောင့် နိုင်ငံ မြေအားလုံး၏ ၉.၉ ရာခိုင်နှုန်းကိုသာလျှင် စိုက်ပျိုးရေး အတွက် အသုံးပြုနိုင်သည်။ ဂျုံ၊ဌက်ပျော၊ ပြောင်း ကန်စွန်း ဥ၊ ကာဖီ၊ ပဲအမျိုးမျိုး၊ ဆေးရွက်ကြီး၊ ကြံစသည်တို့ကို အဓိကထား၍ စိုက်ပျိုးကြသည်။ ကျောက်တူးဖော်ခြင်း၊ ဆားချက်ခြင်း၊ သကြားချက်ခြင်း၊အရက်ချက်ခြင်း၊ရေငန် မှ ရေချိထုတ်လုပ်ခြင်း စသောလုပ်ငန်းများကိုလည်း လုပ် ကိုင်ကြသည်။ ဆာအိုဗီစင်တေ ကျွန်းတွင် ပင်လယ်ရေမှ ရေချိထုတ်သည့် စက်ရုံတရုံတည်ရှိသည်။ဆန်တိုအန်တာအို ကျွန်း၌ ကြံမှအရက်ချက်သည့်အိမ်တွင်းစက်မှုလုပ်ငန်းအပြင် တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းကိုလည်းလုပ်ကိုင်ကြသည်။ ကိပ်ဗာဒီ ကျွန်းစုသည် အာဖရိက တိုက် အနောက်ဖက် ကမ်းရှိးတန်းမှမိုင် ၅၀၀ ခန့်သာ ကွာဝေးပြီး အတ္တလန္တိတ် ရေကြောင်းလမ်း၏ အဓိက နေရာတွင် တည်ရှိသဖြင့် အာ ဖရိကမှ တောင်အမေရိက တိုက်သို့အသွား လေယာဉ်များ၊ သဘောကြီးများ လောင်စာဆီဖြည့်ရာ ဌာနကြီး တခုအ ဖြစ်အလွန် အရေးပါသည်။

ကိပ်ဗာဒ်နိုင်ငံသည် ၁၄၁ နိုင်ငံမြောက်ကုလသမဂ္ဂအဖွဲ့ ဝင် နိုင်ငံဖြစ်ပြီး အာဖရိကညီညွတ်ရေး အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးဗိုလ်လုပ္ပဲ။ ။ ကမ္ဘာ့ ဖလား ဘောလုံးဗိုလ်လုပ္ပဲကို ၁၉၃၀ ပြည့်နှစ်တွင် ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယို၌ စတင်ပြုလုပ်ခဲ့သည်။ ယင်းဗိုလ်လုပ္ပဲကို ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်မှကြီးမှူး၍ ကျင်းပခဲ့လေသည်။ ဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌမှာ ပြင်သစ်နိုင်ငံသား ဂျူးလစရီမေးဆိုသူ ဖြစ်သည်။ ဘောလုံးချန်ပီယံ ဆုဖလားအမည်ကိုလည်း ဂျူးလစရီမေးဖလားဟု အမည်ပေးခဲ့လေသည်။

ဥရုဂွေး (၁၉၃၀)

ဥရုဂွေးနိုင်ငံ၌ကျင်းပသော ပထမအကြိမ် ကမ္ဘာ့ဖလား ဘောလုံးဗိုလ်လုပ္ပဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံများအတွက်



၁၁ ကြမဖြောက ကမ္ဘာ့ဘောလုံး ဗုလလုပ္ပတွင် အိမ်ရှင်အာဂျင်တီးနားအသင်းက ဟော်လန်အသင်းကို အနိုင်ကစား၍ ဗိုလ်စွဲခဲ့သည်။

ခရီးစရိတ်နှင့်နေထိုင်စားသောက်စရိတ်တို့ကို အိမ်ရှင်ဥရုဂွေးနိုင်ငံက အကုန်အကျခံကာပေးပြီး ဘောလုံးကစားကွင်းအသစ်ကိုပါ ဆောက်လုပ်ခဲ့သည်။ ယင်းသို့ ကုန်ကျစရိတ်များကို အိမ်ရှင်နိုင်ငံက ပေးသော်ငြားလည်း ခရီးဝေးကွာခြင်း၊ ဘောလုံးသမားများကို ရက်ရှည်လများ ခေါ်ထားရခြင်း စသည်တို့ကြောင့် ဥရောပမှ ထိပ်သီး ဘောလုံးသင်းများဖြစ်သော ဣတလီ၊ စပိန်၊ ဩစတြီးယား၊ ဟန်ဂေရီ၊ ဂျာမနီ၊ ဆွီဇာလန်၊ ချက်ကိုဆလိုဗားကီးယားတို့ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုခဲ့ချေ။ ဂရိတ်ဗြိတိန်နိုင်ငံဟုခေါ်သော အင်္ဂလန်၊ စကော့တလန်၊ဝေလနှင့်အိုင်ယာလန်တို့မူ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၌ မပါဝင်သောကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမပြုခဲ့ရချေ။

ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဘောလုံးသင်းများမှာ ပြင်သစ်၊ မက္ကဆီကို၊ အာဂျင်တီးနား၊ ချီလီ၊ ယူဂိုစလားဗီးယား၊ ဗဆာဇီး၊ ဗိုလစ်ဗီးယား၊ ရူမေးနီးယား၊ ပီရူး၊ ဥရုဂွေး၊ အမေရိကန်၊ ဗဲလဂျီယမ်၊ ပါရာဂွေးတို့ ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲ၌ ဥရုဂွေးက အာဂျင်တီးနားကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဣတလီ (၁၉၃၄)

ဒုတိယအကြိမ် ကမ္ဘာ့ ဖလား ဘောလုံးဗိုလ်လုပွဲကို ဣတလီနိုင်ငံတွင် ပြုလုပ်ခွင့်ပေးရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်စည်းဝေးပွဲများကိုရှစ်ကြိမ်ပြုလုပ်ခဲ့ရသည်။ဣတလီအစိုးရက ဣတလီ ဘောလုံးသင်း အနိုင် ရရေးအတွက် ဗိုလ်ချုပ် ဗက်ကာရိုကို ဣတလီ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌတာဝန်ပေးပြီးဆောင်ရွက်စေခဲ့သည်။ ယခုပြိုင်ပွဲသို့ လက်ရှိချန်ပီယံ ဥရုဂွေးလာ မပြိုင်သောကြောင့် ချန်ပီယံ မပါပဲ ယှဉ်ပြိုင်ရသည့်ပွဲ ဖြစ်ခဲ့သည်။

ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံများမှာရူမေးနီးယား၊ချက်ကိုဆလိုဗားကီးယား၊ ဂျာမနီ၊ ဗဲလဂျီယမ်၊ ဩစတြီးယား၊ ပြင်သစ်၊ စပိန်၊ ဗဆာဇီး၊ ဆွီဇာလန်၊ ဟော်လန်၊ ဆွီဒင်၊ အာဂျင်တီးနား၊ ဟန်ဂေရီ၊ အီဂျစ် အမေရိကန်နှင့် ဣတလီတို့ဖြစ်သည်။ ဗိုလ်လုပွဲ၌ အိမ်ရှင်ဣတလီက ချက်ကိုဆလိုဗားကီးယားကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ တတိယ ဗိုလ်လုပွဲ၌ ဂျာမနီက ဩစတြီးယားကို ၃ ဂိုး ၂ ဂိုးဖြင့်နိုင်ကာ တတိယရသွားသည်။

ပြင်သစ် (၁၉၃၈)

တတိယအကြိမ် ကမ္ဘာ့ ဖလားဘောလုံး ဗိုလ်လုပွဲကို ပြင်သစ်နှင့်အာဂျင်တီးနားနိုင်ငံတို့ အပြိုင်ပြုလုပ်ခွင့်တောင်းခံခဲ့သော်လည်း ပြင်သစ်ကို ဦးစားပေးခွင့်ပြုခဲ့သည်။ဥရုဂွေးမပါဝင်ပဲ ရှိနေသေးပြီး ဩစတြီးယားနှင့် စပိန်တို့နိုင်ငံရေးကြောင့် နုတ်ထွက်သွားသည်။ ပြိုင်ပွဲကို မြို့တမြို့တည်း၌ မပြုလုပ်တော့ပဲမြို့ကြီးအများအပြား၌ခွဲခဲ့ကာပြုလုပ်ခဲ့သည်။

ဗိုလ်လုပွဲတွင် ဣတလီက ဟန်ဂေရီကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရကာ ဒုတိယအကြိမ် ဆက်တိုက် ဗိုလ်စွဲသွားသည်။ တတိယဗိုလ်လုပွဲ၌ ဗဆာဇီးက ဆွီဒင်ကို ၄ ဂိုး ၂ ဂိုးဖြင့် နိုင်ကာ တတိယရသည်။

ဗဆာဇီး (၁၉၅၀)

ဒုတိယ ကမ္ဘာစစ်ပွဲ ဖြစ်ပွားနေ၍ ၁၉၄၂ နှင့် ၁၉၄၆ ကမ္ဘာ့ဖလားဘောလုံးဗိုလ်လုပွဲများကိုမပြုလုပ်နိုင်ခဲ့ပဲစတုတ္ထအကြိမ် ကမ္ဘာ့ဘောလုံး ဗိုလ်လုပွဲကို ၁၉၅၀ ပြည့်နှစ်တွင် ဗဆာဇီးနိုင်ငံ၌ ပြုလုပ်နိုင်ခဲ့သည်။အာဂျင်တီးနား၊ ဟန်ဂေရီ၊ ချက်ကိုဆလိုဗားကီးယားနှင့် ဩစတြီးယား ဘောလုံးသင်းတို့ ပါဝင် ယှဉ်ပြိုင်ခြင်း မပြုပဲနေကြသည်။ အင်္ဂလန် ဘောလုံးသင်း ပထမအကြိမ်ပါဝင်ယှဉ်ပြိုင်ပြီး ဆိုဗီယက်ပြည်ထောင်စုနှင့် ဂျာမနီတို့ အဖွဲ့ဝင် နိုင်ငံ မဟုတ်သေး၍ မပါဝင်ပဲ နေခဲ့ကြသည်။

နောက်ဆုံးဗိုလ်လုပွဲ၌ ဥရုဂွေးက ဗဆာဇီးကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရ ဗိုလ်စွဲသွားသည်။ ဗဆာဇီးနှင့် ဥရုဂွေးပွဲကို ပရိသတ်နှစ်သိန်း လာကြည့်ရာ ပရိသတ်အများဆုံး စံချိန်ပင် ဖြစ်နေသည်။ ဆွီဒင်က စပိန်ကို ၃ ဂိုး ၁ ဂိုးဖြင့် နိုင်၍ တတိယရသွားသည်။

ဆွစ်ဇာလန် (၁၉၅၄)

ပဉ္စမအကြိမ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံဦးရေ ပိုမိုတိုးတက်လာသည်။ ဗိုလ်လုပွဲ၌အနောက်ဂျာမနီက ဟန်ဂေရီကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရကာဗိုလ်စွဲသွားသည်။တတိယဗိုလ်လုပွဲ၌ဩစတြီးယားက ဥရုဂွေးကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရကာ တတိယရသည်။

ဆွီဒင် (၁၉၅၈)

ဆဋ္ဌမအကြိမ် ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့်နိုင်ငံဦးရေပိုမိုတိုးတက်လာခဲ့သည်။ဗိုလ်လုပွဲတွင် ဗဏ္ဍီးက အိမ်ရှင် ဆွီဒင်ဘောလုံးသင်းကို ၅ ဂိုး ၂ ဂိုးဖြင့်အနိုင်ရကာ ဗိုလ်စွဲခဲ့သည်။ တတိယဗိုလ်လုပွဲ၌ ပြင်သစ်က အနောက်ဂျာမနီကို ၆ ဂိုး ၃ ဂိုးဖြင့် အနိုင်ရကာ တတိယရသည်။

ချီလီ (၁၉၆၂)

သတ္တမအကြိမ် ကမ္ဘာ့ဖလားဘောလုံး ဗိုလ်လုပွဲ၌လည်း ပါဝင်ယှဉ်ပြိုင်သူ ဦးရေ တိုးမြဲတိုးလာခဲ့သည်။နာမည်ကြီးဩစတြီးယား တသင်းသာခြေစစ်ပွဲ၌ မပြိုင်ပဲ နေခဲ့သည်။ ဗိုလ်လုပွဲတွင် ချန်ပီယံဗဏ္ဍီးက ချက်ကိုဆလိုဗားကီးယားကို ၃ ဂိုး ၁ ဂိုးဖြင့်နိုင်ကာ ဒုတိယအကြိမ် ဆက်တိုက်ဗိုလ်စွဲသည်။ တတိယဗိုလ်လုပွဲ၌ အိမ်ရှင်ချီလီနိုင်ငံက ယူဂိုစလားဗီးယားကို ၁ ဂိုးကိုးမရှိဖြင့် အနိုင်ရကာ တတိယရသွားသည်။

အင်္ဂလန် (၁၉၆၆)

အဋ္ဌမ အကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံး ဗိုလ်လုပွဲတွင် ပါဝင် ယှဉ်ပြိုင်သည့် နိုင်ငံဦးရေ တိုးမြဲ တိုးလာသည်။ အိမ်ရှင် အင်္ဂလန်နှင့် အာဂျင်တီးနား ဘောလုံးသင်းတို့ ကွာတားဖိုင်နယ်ပွဲ ကစားရာတွင် အာဂျင်တီးနား ဘောလုံးသင်းနှင့် ဒိုင်လူကြီးပြဿနာ ဖြစ်ပွားရာမှ အာဂျင်တီးနား ဘောလုံးသင်း ခေါင်းဆောင်ရာတင် ထုတ်ပယ်ခံရ၍ ပြဿနာကြီးဖြစ်ပွားခဲ့ရသည်။

အာရှတိုက်မှ မြောက်ကိုရီးယားက ကြေးစား ထိပ်သီး ဂျတလီကိုအနိုင်ရ၍ ဂျတလီ ဘောလုံးသင်းကို ဂျတလီနိုင်ငံက ပြစ်တင်ဝေဖန်သည်။ ဗိုလ်လုပွဲတွင် အင်္ဂလန်က အနောက် ဂျာမနီကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။တတိယဗိုလ်လုပွဲ၌ ပေါ် တူဂယ်က ဆိုဗီယက်ယူနီယံ ကို ၂ ဂိုး ၁ ဂိုးဖြင့်နိုင်ကာ တတိယရသည်။

မက္ကဆီကို (၁၉၇၀)

မက္ကဆီကိုတွင် ကျင်းပသော နဝမအကြိမ်မြောက်ကမ္ဘာ့ဖလား ဘောလုံးဗိုလ်လုပွဲတွင်လည်း ပါဝင် ယှဉ်ပြိုင်သည့် နိုင်ငံဦးရေများပြား တိုးတက်ဆဲပင် ဖြစ်သည်။ ဗိုလ်လုပွဲ

တွင် ဗဏ္ဍီးက ဥရုတလိကို ၄ ဂိုး ၁ ဂိုးဖြင့်အနိုင်ရကာတတိယအကြိမ်ဗိုလ်စွဲသွားသည်။သုံးကြိမ်ဗိုလ်စွဲသူ ဗဏ္ဍီးဘောလုံးသင်းသည် ရွှေဖြင့် ပြုလုပ်ထားသည့် ကမ္ဘာ့ ရွှေဖလားကို အပိုင်ရသွားသည်။ တတိယဗိုလ်လုပွဲ၌ အနောက် ဂျာမနီက ဥရုဂွေးကို ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရကာ တတိယရသွားသည်။

အနောက်ဂျာမနီ (၁၉၇၄)

အနောက် ဂျာမနီတွင် ကျင်းပသော ၁၀ ကြိမ်မြောက် ကမ္ဘာ့ ဘောလုံး ဗိုလ်လုပွဲ၌လည်း ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံဦးရေ တိုးတက်လာဆဲဖြစ်သည်။ ဤဘောလုံး ဗိုလ်လုပွဲအတွက် ကမ္ဘာ့ ချန်ပီယံရွှေဖလားအသစ်ပြုလုပ်ရပြီးကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဖလားဟူ၍ အမည်ပေးသည်။ ဗိုလ်လုပွဲ၌ အိမ်ရှင် အနောက်ဂျာမနီက ဟော်လန်သင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရကာဗိုလ်စွဲသည်။ တတိယဗိုလ်လုပွဲတွင် ပိုလန်က ဗဏ္ဍီးကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရကာ တတိယရသည်။

အာဂျင်တီးနား (၁၉၇၈)

ဤ ၁၁ ကြိမ်မြောက်ကမ္ဘာ့ ဘောလုံးဗိုလ်လုပွဲ ဒုတိယခြေစစ်ပွဲ ပါဝင် ကစားနိုင်သော နိုင်ငံဦးရေ အများဆုံးဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲတွင်အိမ်ရှင် အာဂျင်တီးနားက ဟော်လန်ကို ၃ ဂိုး ၁ ဂိုး ဖြင့်အနိုင်ရကာ ဗိုလ်စွဲခဲ့သည်။ တတိယ ဗိုလ်လုပွဲ၌ ဗဏ္ဍီးက ဥရုတလိကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရကာ တတိယ ရသွားသည်။ ဗဏ္ဍီး ဘောလုံးသင်းသည် ပြိုင်ပွဲအစအဆုံး အံရွှံးမရှိသည့် တခုတည်းသော အသင်းပင် ဖြစ်သည်။ကမ္ဘာ့ဖလားဘောလုံး ဗိုလ်လုပွဲများမှ ကမ္ဘာကျော် ဘောလုံးသမား လူချွန်များ ပေါ်ထွက်လာခဲ့ပေသည်။

၁၉၇၂ ခုနှစ်အတွက် ကမ္ဘာ့ဖလား ဘောလုံးဗိုလ်လုပွဲကို ကိုလုံးဗီးယားနိုင်ငံ၌ ပြုလုပ်ရန် ဖြစ်ပေသည်။

ကျောက်မျက်ရတနာပြပွဲ၊ မြန်မာ့

။ ၁၉၆၄ ခုနှစ် ဒီဇင်ဘာလမှအစပြု၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ရှိ အင်းယားကန်ဟော်တယ်တွင် စတင်ကျင်းပခဲ့သည်။ ၁၉၇၈ ခုနှစ် ဇန္နဝါရီလအတွင်းကျင်းပသည့်ကျောက်မျက်ရတနာ ပြပွဲအထိ ၁၅ ကြိမ်မျှ ခင်းကျင်း ပြသခဲ့ပြီး ဖြစ်သည်။

မြန်မာ့ ကျောက်မျက်ရတနာများ ပြသရောင်းချပွဲသို့ နိုင်ငံတကာမှ ရတနာကုန်သည်ကြီးများက လာရောက်၍ မြန်မာ့အဖိုးတန် ကျောက်မျက်ရတနာများကို ဝယ်ယူခဲ့ကြသည်။



မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသခဲ့သော ပဥ္စရုပရုပ်ဟန်ခြံ မြန်မာ့ဆိုင်းဝိုင်း ပုံစံငယ်တခု

မြန်မာ့ ကျောက်မျက်ရတနာပြပွဲနှင့် ရောင်းချပွဲကို စတင်ခင်းကျင်းခဲ့သည့် ၁၉၆၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ နိုင်ငံတကာမှ ရကနာကုန်သည်ကြီးများ ဝယ်ယူခဲ့သည့် နှစ်အလိုက်ငွေကြေးပမာဏမှာ အောက်တွင်ဖော်ပြပါ စာရင်းအတိုင်းဖြစ်သည်။

၁၉၆၄ ခုနှစ်	ကျပ်ငွေ	၂.၁၂ သန်း
၁၉၆၅ ခုနှစ်	ကျပ်ငွေ	၁၀.၆၆ သန်း
၁၉၆၆ ခုနှစ်	ကျပ်ငွေ	၈.၆၀ သန်း
၁၉၆၈ ခုနှစ်	ကျပ်ငွေ	၈.၂၅ သန်း
၁၉၆၉ ခုနှစ်	ကျပ်ငွေ	၁၁.၅၆ သန်း
၁၉၇၀ ခုနှစ်	ကျပ်ငွေ	၇.၃၉ သန်း
၁၉၇၁ ခုနှစ်	ကျပ်ငွေ	၁၂.၅၇ သန်း
၁၉၇၂ ခုနှစ်	ကျပ်ငွေ	၁၂.၁၃ သန်း
၁၉၇၃ ခုနှစ်	ကျပ်ငွေ	၅၇.၄၆ သန်း
၁၉၇၄ ခုနှစ်	ကျပ်ငွေ	၂၁.၃၄ သန်း
၁၉၇၅ ခုနှစ်	ကျပ်ငွေ	၁၃.၂၄ သန်း
၁၉၇၆ ခုနှစ်	ကျပ်ငွေ	၂၅.၃၆ သန်း
၁၉၇၇ ခုနှစ်	ကျပ်ငွေ	၃၄.၆၉ သန်း
၁၉၇၈ ခုနှစ်	ကျပ်ငွေ	၄၈.၁၉ သန်း

တို့ဖြစ်သည်။

၁၉၇၃ ခုနှစ်အတွင်း၌ နဝမအကြိမ်မြောက် ရတနာပြပွဲနှင့် အထူးရတနာပြပွဲတို့ကိုခင်းကျင်းခဲ့ရာ ဝင်ငွေများအထူးများပြားစွာ ရရှိခဲ့လေသည်။

မြန်မာ့ကျောက်မျက် ရတနာများကို ရောင်းချရာတွင် လေးကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲအထိ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲဟူသော ရတနာသုံးမျိုးကိုသာ အဓိကထား၍ ရောင်းချခဲ့သော်လည်း ငါးကြိမ်မြောက် မြန်မာ့ရတနာပြပွဲမှစ၍ ကျောက်စိမ်းရုပ်ထု ရုပ်ထွင်းများနှင့် လက်ဝတ်ရတနာများကိုပါ ထည့်သွင်းရောင်းချလာခဲ့သည်။

၁၆ ကြိမ်မြောက် မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲရတနာများ၏ ပြပွဲတွင် မြန်မာ့ကျောက်မျက် အတွဲများကို လေလံတင်ရောင်းချခဲ့ရာ မြန်မာ ကျပ်ငွေ ၃,၈၈,၈၃,၂၉၀ ဒသမ ၈၉ တန်ဖိုးရှိသော ကျောက်မျက်ရတနာများကို နိုင်ငံခြား ကုန်သည်ကြီးများက ဝယ်ယူသွားကြ၏။ ထို့ပြင် မြန်မာ့ကျောက်စိမ်းဖြင့် ထုလုပ်ထားသော ရုပ်ထု၊ ရုပ်ထွင်းများကို ခင်းကျင်းပြသခဲ့ရာ မြန်မာ ကျပ်ငွေ ၁,၅၄,၂၅၅ ဒသမ ၁၄ ဖိုးခန့် ရောင်းချခဲ့ရသည်။ မြန်မာ့ရတနာပြပွဲသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ရတနာကုန်သည်ကြီးပေါင်း ၃၄၂ ဦးတက်ရောက်ခဲ့သည်။





ကောင်းကင် တခွင်လုံး မှောင်အတိ ကျသွားလောက်အောင် များပြားလှသောကျိုင်းကောင်အုပ်ကြီး တအုပ်

ကျိုင်းကောင်။ ။ ကျိုင်းကောင်သည် သိုးနှဖျက်ပိုး မွှားများအနက် အဆိုးဝါးဆုံး ပိုးမွှားတမျိုး ဖြစ်သည်။

ကျိုင်းကောင်မျိုးစုများစွာရှိသည့်အနက် အဖျက်အဆီး သန်လှသော ကျိုင်းကောင်မျိုးစုများသည် အပူရှိန်မြင့်မား၍ မိုးများသော အပူပိုင်းရာသီဥတုရှိသည့် ဒေသများနှင့် သဲကန္တာရများတွင် ပေါက်ပွား. ပြန့်နှံ့နေတတ်ကြသည်။ ကျိုင်းကောင်အမများသည် တကြိမ်လျှင် ဥပေါင်း ၄၀၀ ခန့် အထိ ဥလေ့ရှိပြီး ၁၀ ရက်မှ ရက် ၂၀ အတွင်း ပေါက်ပွားကြသည်။ ရက်သတ္တပတ် ငါးပတ်မှ ခြောက်ပတ်ခန့်အကြာတွင် အရွယ်ရောက်လာသော ကျိုင်းကောင်ကြီးများဖြစ်လာကြသည်။ ကျိုင်းကောင်များ မျိုးဆက်တဆက်နှင့် တဆက် သုံးလခန့်သာ အသက်ကွာသည်။

ကျိုင်းကောင်တကောင်သည် တရက်လျှင် မိမိခန္ဓာကိုယ် အလေးချိန်၏ နှစ်ဆရှိသော အစာပမာဏကို စားသောက်နိုင်သည်။ တစ်စတုရန်းမိုင်ခန့်ရှိသော ကျိုင်းကောင်အုပ်မှာ အလေးချိန်အားဖြင့် ခုနစ်တန်ခန့်ရှိရာ တရက်လျှင် ၁၄ တန်ခန့်ရှိသော အစာတို့ကို စားသောက်ဖျက်ဆီးနိုင်စွမ်းရှိသည်။ ကျိုင်းကောင်အုပ်များ ကျရောက်လျှင် တခါတရံ နေပြောက်မထိုးနိုင်လောက်အောင်ပင် ကောင်းကင်တခွင်လုံး မှောင်အတိ ကျနေတတ်သည်။ တကြိမ်ကျရောက်သည့် ကျိုင်းကောင်အုပ်ကြီးမှာ စတုရန်းမိုင် ၁၀၀ မှ ၄၀၀ ခန့်အထိ ရှိတတ်သည်။ ကျိုင်းကောင်အုပ်ကြီးကျလျှင် စိမ်းလန်းစိုပြေနေသည့် စိုက်ပျိုးခင်းကြီးများသည် မကြာမီပင် ပြောင်တလင်းခါသွားအောင် စားသောက်ဖျက်ဆီးခံရသည်။

သဲကန္တာရကျိုင်းကောင်များသည် အလျား သုံးလက်မ လေးလက်မအထိရှိသည်။ အရောင်အဆင်းမှာ အကောင်ငယ်လေးများတွင် အနက်ရောင်ရှိပြီး ကိုယ်ပေါ်၌ အဝါနှင့် ပန်းရောင် အမှတ်များပါရှိလေသည်။ အရွယ်ရောက်ပြီး သဲကန္တာရ ကျိုင်းကောင်ကြီးများမှာ အလွန် တောက်ပသော အဝါရောင် အဆင်းရှိသည်။ အတောင် နှစ်စုံရှိသည့် အနက် ရွှေအတောင်ဖက်တွင် အနက်ပြောက်များ ပါရှိပြီး မျက်စေ့အတွင်း၌ အစင်းတန်းလေးများပါရှိလေသည်။

သဲကန္တာရကျိုင်းကောင်တအုပ်လျှင် ကောင်ရေအားဖြင့် အလွန်များပြားပြီး ဧရိယာအားဖြင့် စတုရန်းမိုင် ၂၅၀ မျှ ကျယ်ပြန့်လောက်အောင် ကျိုင်းကောင်အုပ်ကြီးများမှာ ကြီးမားလှသည်။ စတုရန်းတမိုင်မျှ ကျယ်ပြန့်သော သဲကန္တာရကျိုင်းကောင်တအုပ်တွင် ကျိုင်းကောင်ရေ သန်းပေါင်း ၁၆၀ အထိ ပါဝင်တတ်ပြီး စုစုပေါင်းအလေးချိန်မှာ တန် ၃၀၀ မျှရှိတတ်သည်။ ယင်းကျိုင်းကောင်များသည်

စိုက်ပျိုးထားသော သီးနှံပင်အားလုံးကိုသာမက ချုံမျိုး၊ မြက်မျိုး၊ ပေါင်းပင်မျိုးအားလုံးနှင့် စိမ်းစိမ်းစိုစိုရှိသမျှကို စားသောက်ဖျက်ဆီးပစ်တတ်ကြသည်။

သဲကန္တာရကျိုင်းကောင်မျိုး၏ ပျံသန်းနှုန်းမှာ တနာရီလျှင် မိုင် ၅၀ မှ ၆၀ အထိ ပျံသန်းနိုင်သည်။ အမြင့်ပေ ၇၀၀၀ ကျော်အထိ ပျံတက်တတ်ပြီး နေ့ဖက်တွင် ပျံသန်းပြီး ညဖက်တွင် နားခိုနေတတ်ကြသည်။

၁၉၇၈ ခုနှစ် ဇွန်လဆန်းက အီသီအိုးပီးယားနိုင်ငံနှင့် ဆိုမာလီနိုင်ငံ တို့တွင် သဲကန္တာရကျိုင်းကောင်မျိုးကျရောက်ခဲ့သည်။ ဇွန်လ ၂၀ ရက်နေ့က ကင်ညာနိုင်ငံတွင် ကျိုင်းကောင်မျိုးတွေ့ရှိရသည်။ လက်ဗန္ဓနိုင်ငံတောင်ပိုင်းတွင် ထိုရက်အတွင်းက ကျိုင်းကောင်မျိုးကျရောက်သောကြောင့် စိုက်ပျိုးရေး အခြေအနေဆိုးဝါးစေခဲ့သည်။ အီရန်နိုင်ငံတွင်လည်း တီဟီရန်မြို့မြောက်ဖက် ၆၂၀ မိုင်ကွာသည့် ဂူဇက်စတန်နှင့် ဟော်မိုဇန်ပြည်နယ်မျိုးရှိ စိုက်ခင်းမျိုးတွင် ကျိုင်းကောင်အုပ်မျိုး ကျရောက်ခဲ့ကြောင်း မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာနက ကြေငြာခဲ့လေသည်။ ဇွန်လ ၂၆ ရက်နေ့က ကျိုင်းကောင်မျိုးသည် အိုမန်ပင်လယ်ကို ဖြတ်၍ အီရှိယနိုင်ငံ အနောက်မြောက်ပိုင်း ဒေသများဖြစ်သော ဂူဂျာရတ်၊ ရာဂျာသန်နှင့် ဟာရိယာနာပြည်နယ်များတွင် ကျိုင်းကောင်အုပ်နှစ်ဒါဇင်ခန့် ကျရောက်ခဲ့သည်။ ထို့အပြင် ပါကစ္စတန်ခရိုင်နှစ်ခရိုင်တွင်လည်း ကျိုင်းကောင်အုပ် ၁၅ အုပ်ခန့် ကျရောက်ခဲ့လေသည်။

ထိုနှစ်ဇူလိုင်လ ၁၉ ရက်နေ့၌ အမေရိကန်ပြည်ထောင်စု ကိုလိုရာဒို၊ ကင်းဆပ်၊ နီဗရာစကာပြည်နယ်များရှိ ဂျုံခင်းများ၊ပြောင်းခင်းများတွင် ကျိုင်းကောင်မျိုး သန်းနှင့်ချီ၍ ကျရောက်ခဲ့သည့်အတွက် အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့ရလေသည်။ ၁၉၇၈ ခုနှစ် ကျိုင်းကောင်မျိုး ပြန့်ပွားမှုအန္တရာယ်သည် ၁၆ နှစ်ကာလအတွင်း အဆိုးဝါးဆုံး ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း သဲကန္တာရကျိုင်းကောင်မျိုးနှင့်တူသော အခြားကျိုင်းကောင်မျိုးမျိုးသည် ၁၉၇၈ ခုနှစ် ဇွန်လအတွင်းက ကျရောက်ခဲ့သည်ဟု စိုက်ပျိုးရေးကော်ပိုရေးရှင်းမှ ထုတ်ပြန်ကြေငြာခဲ့လေသည်။

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌၎င်း၊ စစ်ကိုင်းတိုင်းမြင်းမူမြို့နယ်၌၎င်း၊ ဇူလိုင်လအတွင်းတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌၎င်း၊ သြဂုတ်လအတွင်းတွင် ဧရာဝတီတိုင်း ဇလွန်မြို့နယ်၌၎င်း အသီးသီးကျရောက်ခဲ့သည်။

မြန်မာနိုင်ငံသို့ ကျရောက်ခဲ့သော ကျိုင်းကောင်တအုပ်လျှင် ကောင်ရေငါးထောင်မှ တသောင်းအထိ ပါသည်။ ယင်းကျိုင်းကောင်များကျလျှင်ကျခြင်း စိုက်ပျိုးရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ကျိုင်းကောင်များကျရောက်သည့် ဒေသအသီးသီးသို့သွားရောက်၍ ကာကွယ်နှိမ်နှင်းပေးခဲ့သည်။

ကျိုင်းကောင်အုပ်များ ကျရောက်လာမှ နှိမ်နှင်းခြင်းထက် မပေါက်ပွားမီနှင့် ကြီးပြင်းဆဲအချိန်တွင် ကြိုတင်သုတ်သင်ပစ်ခြင်းက ယင်းတို့၏ ဘေးအန္တရာယ်ကို ပိုမို ကာကွယ်နိုင်သည်။ ကျိုင်းကောင်များ ဥချုပြီးချိန်တွင် မြေကို နာနာထွန်ပေးခြင်းဖြင့် ဥများကို ဖျက်ဆီးပစ်နိုင်သည်။ အခြားကကျိုင်းကောင်ကလေးများ ပေါက်ပွားချိန်၌ ဒလိမ့်တုံးဖြင့်လိမ့်၍ ဖျက်ဆီးပစ်ကြသည်။ အခြားအရပ်ဒေသများတွင် ကျိုင်းကောင်များလာမည့်လမ်း၌ ကျင်းနက်နက်တူးပြီး ကျင်းထဲကျလာသော ကျိုင်းကောင်များကို မြေဖို့ပစ်ခြင်း သို့မဟုတ် မီးရှို့ပစ်ခြင်းဖြင့် သုတ်သင်ကြသည်။ ထို့အပြင် စိုက်ခင်းများပေါ်သို့ ပိုးသတ်ဆေးများပက်ဖြန်းကာ ကျိုင်းကောင်များကို တိုက်ဖျက်နှိမ်နှင်းနိုင်လေသည်။

ကြက်မောက်တောင်ဆည်
(ဆည်မြောင်းများ၊ မြန်မာနိုင်ငံ—ရှ။)

ကွတ်ကျန်းစု။ ။ ဟာဗေးကျန်းစုဟုလည်းခေါ်သော ကွတ်ကျန်းစုသည် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း၊ နယူးဇီလန်



ကျန်း၏ အရှေ့မြောက်ဖက် တောင် လတ္တီတွဒ် ဂံ နှင့် ၂၃° ၊ အနောက်လောင်ဂျီတွဒ် ၁၅၆° နှင့် ၁၆၇° အတွင်း၌ တည်ရှိသည်။ ကျန်းကြီး ခြောက်ကျန်းနှင့် ကျန်းငယ် ကိုးကျန်းစုစုပေါင်းကျန်း ၁၅ ကျန်းပါဝင်သည့် ကျန်းစု ဖြစ်သည်။ ယင်းကျန်းစုတွင် ပါဝင်သောကျန်းများကို နှစ်ပိုင်းခွဲခြားထားရာ အောက်ဖက်ပိုင်း ကျန်းများအုပ်စုတွင် ရာရိုတွန်ဂါ၊ မန်ဂေယာ၊ အက်တီယူ၊ အစ်ကျူတာကီ၊ မောင်္ကီ၊ မိတီယာရို၊ မန်နွေးနှင့် တီအော်ယိုတူကျန်းနှင့် တာကူတီယာ ကျန်းတို့ပါဝင်သည်။ မြောက်ပိုင်းကျန်းများ အုပ်စုတွင် နာဆော့၊ ပါလမာစတန်၊ ပန်ရိုင်း၊ မင်နီဟီကီ၊ ရာကာဟန်ဂါ၊ ပူကာပူကာနှင့် ဆူဝါရိုးကျန်းများပါဝင်သည်။ အောက်ဖက်ပိုင်း ကျန်းအုပ်စုတွင်ပါဝင်သော ရာရိုတွန်ဂါကျန်းသည် ကွတ်ကျန်းစုတွင် အကြီးဆုံးကျန်းဖြစ်ပြီး ကျန်းပတ်အလျားမိုင် ၂၀ ရှိသည်။ ကျန်းပတ်အလျားမိုင် ၄၀ ရှိသော နီယူးကျန်းသည် ပထဝီအနေထားအရ ကွတ်ကျန်းစုတွင်ပါဝင်သော်လည်း သီးခြားကိုယ်ပိုင် အုပ်ချုပ်ရေးရ

သော ကျန်းဖြစ်သည်။ ယင်းနိယူးကျန်းအပါအဝင် ကွတ်ကျန်းစုသည် ၉၃ စတုရန်းမိုင်ကျယ်ဝန်းသည်။ ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၁,၃၁၇ ဖြစ်သည်။

ကွတ်ကျန်းစုကို ဖြတိသျ လူမျိုး နယ်သစ်ရှာဖွေရေးသမား ကက်ပတိန် ဂျိမ်းစကွတ်က ၁၇၇၃ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သဖြင့် တွေ့ရှိသူ၏ အမည်ကို အစွဲပြု၍ ကွတ်ကျန်းစုဟု အမည်တွင်လာသည်။ ၁၈၈၈ ခုနှစ်တွင် ကွတ်ကျန်းစုကို ဖြတိသျတို့ကသိမ်းယူပြီး ဘုရင်ခံတဦးခန့်အပ်ကာ အုပ်ချုပ်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ပြဋ္ဌာန်းသော ကွတ်ကျန်းစု ပဲ့စည်းပုံအခြေခံဥပဒေအရ ကွတ်ကျန်းစုသည် ၁၉၆၅ ခု ဩဂုတ်လ ၄ ရက်နေ့တွင် ပြည်တွင်း ကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိခဲ့သည်။ ပြည်တွင်း ကိုယ်ပိုင် အုပ်ချုပ်ရေး အခွင့်အာဏာ အပြည့်အဝရရှိသော်လည်း နယူးဇီလန်နိုင်ငံ အုပ်ချုပ်ရေး အောက်တွင် ပူးတွဲထားရှိကာ ကွတ်ကျန်းစုကို နယူးဇီလန်နိုင်ငံ၏ ပင်လယ်ရပ်ခြား ဒေသတခုအဖြစ် သတ်မှတ်ထားသည်။

ကွတ်ကျန်းစု အစိုးရ အဖွဲ့တွင် ဝန်ကြီးချုပ်တဦးနှင့် ဝန်ကြီး ငါးဦးအထိ ပါဝင်သည်။ ကွတ်ကျန်းစု ဘုရင်ခံသည် ဘုရင်ခံချုပ်ဖြစ်လာပြီး ကွတ်ကျန်းစုအုပ်ချုပ်ရေးတွင် ဖြတိသျ ဘုရင်မကို ကိုယ်စားပြုရသည့်ပြင် နယူးဇီလန်နိုင်ငံ အစိုးရကိုလည်း ကိုယ်စားပြုရသည်။ ကွတ်ကျန်းစု၏ပထမဆုံး ဘုရင်ခံချုပ်မှာ အာဂျီဒေးဗစ်ဖြစ်သည်။ ဝန်ကြီးချုပ်မှာ ဆာအဲလဗတ်ဟင်နရီဖြစ်သည်။ ကွတ်ကျန်းစုတွင် ၁၃ နှစ်ကြာ အာဏာရခဲ့သော ဆာအဲလဗတ်ဟင်နရီ အစိုးရကို ၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ကွတ်ကျန်းစု တရားသူကြီးချုပ်က ဖြုတ်ချလိုက်သည်။ ဖြတိသျ ဓနသဟာယသမိုင်းတလျှောက်တွင် အစိုးရအဖွဲ့ကို တရားသူကြီးချုပ်က အမိန့်ပြင့် ဖြုတ်ချခဲ့သည်မှာ ပထမအကြိမ်ဖြစ်သည်။ တရားသူကြီးချုပ် မစ္စတာ ရဗန်ဒွန်းက ကွတ်ကျန်းစုတွင် ၁၃ နှစ်က အာဏာရခဲ့သော ဝန်ကြီးချုပ် ဆာအဲလဘတ်ဟင်နရီ အစိုးရသည် အဂတိ လိုက်စားမှုများ ကျယ်ပြန့်စွာပြုလုပ် ခဲ့ကြောင်းတွေ့ရှိရသည်ဟု စွပ်စွဲခဲ့လေသည်။ ယင်းဝန်ကြီးချုပ်နေရာတွင် အတိုက်အခံ ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဒေါက်တာတွန်ဒေးဗစ်ကို အစိုးရ အဖွဲ့ပဲ့ရန် မေတ္တာရပ်ခံ ခဲ့လေသည်။

ကွတ်ကျန်းစုတွင် နေထိုင်ကြသူများမှာ အများအားပြင့် ခရစ်ယန် ဘာသာဝင်များ ဖြစ်ကြသည်။ တိုင်းရင်းဘာသာစကားဖြစ်သော မာအိုရီ ဘာသာစကားကို ပြောဆိုကြသည့်ပြင် စာသင်ကျောင်း များ၌လည်း မာအိုရီဘာသာစကားကို သင်ကြား ပေးသည်။ ကျောင်းနေစ ပထမနှစ်နှစ်တွင် ဘာသာရပ်အားလုံးကို မာအိုရီဘာသာစကားဖြင့်သာ သင်ကြားသည်။ အင်္ဂလိပ်ဘာသာစကားကို ကျောင်းသင်ဘာသာရပ် တခုအနေဖြင့် သင်ကြားရန် ပြဋ္ဌာန်းသည်။ အစိုးရကျောင်းများ သာမက သာသနာပြုကျောင်းများလည်းရှိသည်။ အစိုးရကျောင်း အလယ်တန်းအဆင့်တွင်သင်ကြားသော သင်ရိုးများမှာ နယူးဇီလန်နိုင်ငံပြည်နယ် အစိုးရကျောင်းများ သင်ရိုးနှင့်တူညီသည်။

ရွှောက်သီး၊ခရမ်းချဉ်သီး၊အုန်းသီးဆံခြောက်၊ကနုကမာကောင်များကို နိုင်ငံခြားသို့ တင်ပို့သည်။ အများဆုံး ကုန်သွယ်သည့် နိုင်ငံများမှာ နယူးဇီလန်၊ ဩစတြေးလီးယား၊ ဂျပန်၊ အမေရိကန်နှင့် ရုရှနိုင်ငံတို့ဖြစ်သည်။

ပို့ဆောင်ဆက်သွယ်ရေး အနေဖြင့်လည်း နယူးဇီလန်နိုင်ငံနှင့် ကွတ်ကျန်းစု ထာရှိတွန်ဂါကျန်းတို့ကို အပတ်စဉ် ပံ့သန်းသော လေယာဉ်ခရီးစဉ်ရှိသည့်အပြင် တလတခါ ထွက်သော ရေလမ်းသဘော်ခရီးစဉ်လည်း ရှိလေသည်။

ခဲဆိပ် သင့်ခြင်း
(ပတ်ဝန်းကျင်ညစ်ညမ်းမှု—၌။)

ခိုစီးဂလိုက်ဒါ။ ။ခိုစီးဂလိုက်ဒါ စီးခြင်းသည် အားကစားနည်း တမျိုးဖြစ်၏။ ဥရောပနှင့် အမေရိက နိုင်ငံတို့တွင် မူလက ခိုစီးဂလိုက်ဒါကို အပျော်သက်သက် စီးခဲ့ကြသော်လည်း နောက်ပိုင်းတွင် တဦးနှင့်တဦး ယှဉ်ပြိုင်ကြရာမှ အားကစားနည်း တရပ်အဖြစ် ပြောင်းလဲလာခဲ့သည်။

ခိုစီးဂလိုက်ဒါသည် ၁၉ ရာစုနှစ် အတွင်းက စတင် ပေါ်ပေါက်ခဲ့သည်။ ထိုအချိန်က ဝေဟင်တွင် ပံ့သန်းနိုင်ရန် လူသားတို့ ကြံစည်ကြိုးပမ်းကြသည့် နည်းလမ်းများတွင် ခိုစီးဂလိုက်ဒါ၏ ရှေ့ပြေးဖြစ်သောလေယာဉ်များပါဝင်ခဲ့၏။ အဆိုပါ လေယာဉ်များသည် အတောင်တထပ်၊ သို့မဟုတ် အတောင် နှစ်ထပ် ရှိကြ၏။ စီးနင်းမည့် သူသည် ယင်းအတောင်အောက်ဖက် ဗဟိုချက်တွင် ခိုစီးရှိ လိုက်ပါရ၏။ တောင်ထိပ် သို့မဟုတ် အဆောက်အဦတခု၏အပေါ်မှ အောက်ဖက်သို့ ပံ့ဝဲ၍ ဆင်းရသည်။

၁၉ ရာစုနှစ် အစပိုင်းတွင် ဂျာမနီနိုင်ငံ အုန်းမြို့သား အပ်ချုပ်သမားတဦးဖြစ်သူ အဲလဘရက်လှဒဝစ်ဘာဘလင်ဂါသည် ခိုစီးဂလိုက်ဒါတမျိုးကို တည်ဆောက်ပြီး လေတွင် ပံ့ဝဲနိုင်ခဲ့၏။ ၁၈၁၁ ခု မတ်လ ၃၁ ရက်နေ့တွင် ဘာဘလင်ဂါသည် လူထုပရိသတ် ၁၅,၀၀၀ မျက်မှောက်တွင် ဒန်ညုပြစ်ကို ဖြတ်ကျော်ပံ့သန်းရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ချေ။



ခိုစီးဂလိုက်ဒါစီးခြင်းသည် ခေတ်မီအားကစားနည်းတမျိုးဖြစ်သည်။

ဘာဘာလင်ဂါနောက် ခိုစီးဂလိုက်ဒါကို ပိုမို တိုးတက်ကောင်းမွန်အောင် ကြံဆောင်ခဲ့သူမှာ ဂျာမန် လူမျိုး အော်တိုလီလီယန်သဲဖြစ်၏။ လီလီယန်သဲသည် ဖယောင်းစိမ်ထားသော ပိတ်စများ၊မိုးမခသားများဖြင့်တည်ဆောက်ထားသော ငှက်အတောင် သဏ္ဌာန်ရှိ ခိုစီး ဂလိုက်ဒါဖြင့် အကြိမ်ပေါင်း ၂၀၀၀ ကျော် ပျံသန်းခဲ့သည်။ အဝေးဆုံး ပျံသန်းနိုင်သည့်အကွာအဝေးမှာ၅စ်ဖာလုံခန့်ဖြစ်သည်။ဂလိုက်ဒါကို လေထဲတွင် လိုသလို ထိန်းသိမ်းနိုင်ရန် လီလီယန်သဲသည် ခန္ဓာကိုယ်ကိုလှုပ်ရှားပေး၏။ ယင်းသို့ ခန္ဓာကိုယ်ဖြင့် ထိန်းသည့်နည်းစနစ်ကို ခေတ်ပေါ် ခိုစီးဂလိုက်ဒါများတွင် ဆက်လက်အသုံးပြုလျက် ရှိကြသည်။ ၁၈၉၆ ခု သြဂုတ် ၉ ရက်နေ့တွင်စမ်းသပ်ပျံသန်းနေစဉ် လီလီယန်သဲသည် ဂလိုက်ဒါကို ထိန်းသိမ်းနိုင်ခြင်း မရှိတော့သည့်အတွက် ဂလိုက်ဒါသည် အရှိန်ဖြင့် ထိုးကျပျက်စီးခဲ့၏။ လီလီယန်သဲသည် ဂလိုက်ဒါ ပျက်ကျရာမှရသည့် ဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

နောက်ပိုင်းတွင် အင်္ဂလန်နိုင်ငံမှပါစီပီးလချားနှင့် အမေရိကန် နိုင်ငံမှ အောက်တော်ဗာခုနှစ်တို့သည် လီလီယန်သဲ၏ နည်းလမ်းကို အခြေပြုကာ ခိုစီးဂလိုက်ဒါများကို ဆက်လက် တည်ဆောက်ခဲ့သည်။ သို့သော် ထိုအချိန်တွင် စက်တပ် လေယာဉ်များ စတင်ပေါ် ပေါက်လာပြီဖြစ်ရာ ခိုစီးဂလိုက်ဒါများ၏ တိုးတက်မှု အရှိန်အဟုန်မှာ တန့် သွား ခဲ့ ပြီး တဖြည်းဖြည်း မှေးမှိန်သွားခဲ့သည်။

စရိတ်သက်သာစွာဖြင့် လေတွင် ပျံဝဲနိုင်သည့် အတွေ့အကြုံရရှိရေးအတွက် ခိုစီးဂလိုက်ဒါကို ပြန်လည်ဖော်ထုတ်ရန် ကြိုးပမ်းလာကြရာမှ ခိုစီးဂလိုက်ဒါ၏ အခန်းကဏ္ဍသည် ပြန်လည် ဆန်းသစ်လာခဲ့သည်။ ၁၉၇၂ ခုတွင် အင်္ဂလန်နိုင်ငံ၌ ခိုစီးဂလိုက်ဒါကို စီးနင်းကြသူ အရေအတွက်သည်အနည်းငယ်မျှသာရှိခဲ့သော်လည်း ၁၉၇၈ ခုနှစ်တွင် ၅,၀၀၀ ခန့် အထိ ရှိလာခဲ့၏။ အမေရိကနိုင်ငံတွင်မူ ၂၅,၀၀၀ ခန့်ရှိလာ၏။ တကမ္ဘာလုံးတွက်သော် ခိုစီးဂလိုက်ဒါ စီးနင်းသူပေါင်း ၆၀,၀၀၀ ခန့် ရှိမည်ဟု ခန့်မှန်းကြသည်။

ခိုစီးဂလိုက်ဒါသည် သမားရိုးကျ ဂလိုက်ဒါ (စက်မဲ့လေယာဉ်)ထက် စရိတ်သက်သာခြင်း၊ တည်ဆောက်ရန် သို့မဟုတ် ဝယ်ယူရန် လွယ်ကူခြင်း တို့ကြောင့် ယင်းကို အပျော်စီး သက်သက် အဖြစ်သာမက အားကစားနည်း တမျိုးအဖြစ်လည်း တွင်ကျယ်စွာ အသုံးပြုလာခဲ့ခြင်း ဖြစ်ပေသည်။ မျက်မှောက်ခေတ်တွင် အသုံးပြုလျက်ရှိသော ခိုစီးဂလိုက်ဒါအမျိုးအစားများအနက် တြိဂံပုံစံအတောင်ရှိ ခိုစီးဂလိုက်ဒါကို အသုံးများကြ၏။ ယင်းကို ရိုဂယ်လိုဟု လည်းခေါ်ကြ၏။ အာကာသ ယာဉ်များကို မြေပြင်သို့ ဆင်းသက်လာစေရန် ဖရန်စစ်ရိုဂယ်လို ဆိုသူ တီထွင်သော တြိဂံပုံစံအတောင်ကို အခြေပြု တည်ဆောက်ထားသောကြောင့် ရိုဂယ်လိုဟု ခေါ်ဝေါ်ခြင်း ဖြစ်၏။ ယင်းရိုဂယ်လို ပျံဝဲသည့်အခါတိုးဝင်လာသော လေကြောင့် ဖောင်းကြွနေသောအတောင်သည် ကတော့်ခြမ်း နှစ်ခြမ်းကို ဘေးချင်း ယှဉ်ထားသကဲ့သို့ ဖြစ်လာသည်။ အတောင်ကို ထိုကဲ့သို့ ဖောင်းကြွလာနိုင်အောင် ပျော့ပြောင်းသော အဝတ်၊ နိုင်လွန် စသည်တို့ဖြင့် ပြုလုပ်လေ့ရှိ၏။ အခြို့ ခိုစီးဂလိုက်ဒါများတွင်မူ သမားရိုးကျ ဂလိုက်ဒါကဲ့သို့ပင် ခိုင်ခံ့ တောင့်တင်းသော အတောင်များ တပ်ဆင်ထားကြသည်။

ခိုစီးဂလိုက်ဒါကို စီးရာတွင် တတောင်ဆစ်ကို ကွေး၍ တန်းနှစ်တန်းကို လက်ဖျားမှ တတောင်ဆစ်အထိ ကပ်ထားပြီး ထောက်ထားသော လက်နှစ်ဖက်ကို အားပြုကာ ခိုစီးကြ၏။ အခြို့ကမူ ရွေ့မှ တန်းကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကားပြီး ခန္ဓာကိုယ်ကို ကြိုးဖြင့် တွဲလဲဆွဲကာ ထိုင်လျက်ဖြစ်စေ၊ မှောက်လျက် ဖြစ်စေ စီးကြ၏။ ဂလိုက်ဒါကို ထိန်းသိမ်း ပွဲကိုင်ရန်အတွက် မူခန္ဓာကိုယ်ကိုလိုသည့်ဖက်သို့ အရွေ့ အပြောင်းပြုလုပ်ပေးရသည်။

ခိုစီးဂလိုက်ဒါကို လေထဲသို့ရောက်အောင် လွှတ်တင်ရာတွင် နည်းအမျိုးမျိုးကို အသုံးပြုကြ၏။ အခြို့ကမူ တောင်ဆင်ခြေလျှောတလျှောက် ပြေးဆင်းကြ၏။ အချို့ကမူ ဂလိုက်ဒါကို ကြိုးနှင့်ချည်ပြီး ရွေ့မှဆွဲပြေးကြသည်။

ခိုမေနီ, အာယတိုလာ။ ။ အာယတိုလာ ခိုမေနီသည် အီရန်အလယ်ပိုင်းဒေသ ဇာတိဘုံးဖြစ်သည်။ ၁၉၀၀ ပြည့်နှစ်တွင်ဖွားမြင်သည်။ သူ၏ ဖခင်မှာ မွတ်ဆလင် ဘုန်းကြီးဖြစ်သည်။ ဘုရင့်အုပ်ချုပ်ရေးစနစ်ကို မနှစ်သက်သော ဖခင်ဖြစ်သူသည် ဘုရင့်လက်ပါးစေတို့၏ သတ်ဖြတ်



အီရန်ရှားဘုရင်၏အုပ်ချုပ်မှုစနစ်ကို တော်လှန်ခဲ့သူ အာယတိုလာခိုမေနီ

ခြင်းကို ခံခဲ့ရသည်။ အီရက်သို့ ဘုရားဖူးသွားစဉ် အသတ်ခံရခြင်းဖြစ်သည်။

အာယတိုလာခိုမေနီသည် အီရန်အလယ် ပိုင်း ရှိ သာသနာရေး မြို့တော်ကွမ်၌ စာပေ သင်ကြားတတ် မြောက် ခဲ့သည်။ မွလ္လာ ဘုန်းတော်ကြီး ဘဝမှ မူဂျာဟစ် ထေရ်ကြီး၊ ဝါ ကြီး ဖြစ် လာသော အ ခါ ဂိုဏ်းချုပ်သဖွယ် မြင့်ကျယ်လာသော အာယတိုလာဘွဲ့ကို ရရှိသည်။

အာယတိုလာခိုမေနီသည် 'လျှို့ဝှက်ချက်များကို တွေ့ရှိခြင်း' အမည်ပေးထားသည့် စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ပါးလာဗီရှား၏ဖခင် ရီဇာရှား၏ လုပ်ရပ်မှားများကို ထုတ်ဖော် ရေးသားထားသည်။

ရီဇာရှား၏ သားဖြစ်သူ ပါးလာဗီရှားသည် အာယတိုလာခိုမေနီကို ပြည်နှင်ဒဏ်ပေးလိုက်ရာ အိမ်နီးချင်း နိုင်ငံဖြစ်သော အီရက်တွင် သွားရောက်ခိုလှုံသည်။ ပရောဖက်မိုဟာမက်၏ သားမက်ဖြစ်သူ အလီ၏ သခ်ျိုင်းတော်ရှိရာ နာဂျတ်ဖ်မြို့၌ တိမ်းရှောင်နေထိုင်ကာ အီရန်ပြည်အတွင်းရှိ တော်လှန်ရေး အပေါင်းအသင်းတို့နှင့် အဆက်မပြတ် ဆက်သွယ်လှုံ့ဆော်ခဲ့လေသည်။

အာယတိုလာခိုမေနီ၏ ဆန္ဒမှာ အီရန်နိုင်ငံကို အစ္စလမ်သမ္မတနိုင်ငံ ထူထောင်ရန် ဖြစ်သည်။ အာဏာရှင်သဖွယ် အုပ်ချုပ်စိုးစံသောဘုရင်စနစ်ကို ဖျက်သိမ်းရမည်ဟု သူအခိုင်အမာရပ်တည်သည်။

ပါးလာဗီရှား၏ အခြေအနေသည် ပိုရှ် ဆိုးရွားလာသောအခါ ရှားသည် ရင်ခွင်ပိုက် အစိုးရဖွဲ့ရန် စီစဉ်သည်။ အမေရိကန်ပြည်၌ ပညာသင်ကြားနေသော သားတော် အိမ်ရှေ့မင်းသားမှာ အသက် ၂၁ နှစ်မပြည့်သေးသဖြင့် ရင်ခွင်ပိုက်အစိုးရဖွဲ့ခြင်း ဖြစ်သည်။ ထိုရင်ခွင်ပိုက် အစိုးရကို ခိုမေနီက အသိအမှတ်မပြုပေ။

ထိုနောက် ရှားဘုရင်သည် ဘက်ခ်တီးယား ရပ်သေး အစိုးရကို ဖွဲ့ပြန်သည်။ ဘက်ခ်တီးယား အစိုးရသည် တိုင်းပြည်မှ ထွက်ရမည့် ဘုရင်က ခန့်သူများ ဖြစ်သောကြောင့် တရားမဝင်ဟုဆိုကာ ခိုမေနီက လက်မခံချေ။

တိုင်းပြည်သို့ပြန်လာရန် ဘုရင့်သားမက်တော်က သွေးဆောင်သော်လည်း "ရှားဘုရင် ရှိနေသမျှ အီရန်ကို ငါမပြန်"ဟု ခေါင်းခါ ငြင်းပယ်ခဲ့လေသည်။

သူထံလာရောက်သူ လူငယ်လူရွယ်များကို ဆီးရီးယားသို့ပို့ကာ ဒမတ်စကတ်မြို့အနီးရှိ ပယ်လက်စတိုင်စခန်း၌ နေစေသည်။ ထိုစခန်း၌ ပြည်သူ လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ဝင်တို့က ထိုလူငယ်လူရွယ်တို့ကို စစ်သင်တန်း၊ နိုင်ငံရေးသင်တန်းများ ပို့ချသင်ပြသည်။ နာဂျတ်ဖ်၌နေစဉ်သူ၏သား ဆာယိမူစတာဖာမှာ ဘုရင့်သူသျှိများ၏ အသတ်ခံရပြန်သည်။

ခိုမေနီ၏ သတင်းသည် ထင်ရှားကျော်ကြားလာသောအခါ အီရက်တွင် နေမဖြစ်တော့သဖြင့် ကော့တာနိုင်ငံဖက်သို့ ထွက်ခွာလာခဲ့သည်။ ကော့တာနိုင်ငံအစိုးရလည်း လက်မခံသောကြောင့် ပြင်သစ်ပြည်သို့ သွားရောက်ကာ ပဲရစ်မြို့၌ ခိုလှုံနေထိုင်ခဲ့လေသည်။

ရှားဘုရင်သည် ဇန္ဒဝါရီလ ၁၆ ရက်နေ့တွင် တီဟီရန်မှ ထွက်ခွာသွားခဲ့ရာ ၁၉၇၉ ခုနှစ် ဇန္ဒဝါရီလတွင် သူသည် အီရန်နိုင်ငံသို့ ပြန်ချိန်သင့်ပြီဟု ဆုံးဖြတ်သည်။

ပြင်သစ် ဂျမ်ဘိုဂျက် လေယာဉ်ကို စင်းလုံးငှားသည်။ သား၊ သားမက်များ၊ ကျန်းမာရေးဆရာဝန်၊ နိုင်ငံရေးလက်ထောက်များ ခြံရံကာ သတင်းစာဆရာ ၁၅၀ နှင့် အတူ အီရန်နိုင်ငံ တီဟီရန်မြို့သို့ ပြန်လာခဲ့သည်။

တီဟီရန်သို့ ဖေဖွာရီလ ၁ ရက်နေ့နံနက် ၉ နာရီ ၄၀ မိနစ်တွင် ရောက်ရှိသောအခါ အီရန်ပြည်သူတို့က ကြိတ်ကြိတ်တိုး ကြိုဆိုခဲ့ကြသည်။

ကြိုဆိုသူ လူလှိုင်းလုံးများ အကြားမှ ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင်သည့် အခြေသို့ပင် ရောက်လာလေသည်။ ထိုစဉ်တွင် အာယတိုလာခိုမေနီကို ရဟတ်ယာဉ်သို့ပြောင်းရွှေ့ခေါ်ယူပြီးမှ တည်းခိုရာ ဗိမာန်သို့ ဆောင်ယူခဲ့ရလေသည်။

ချီလီသမ္မတနိုင်ငံ။ ။ချီလီ သမ္မတနိုင်ငံသည် တောင်အမေရိကတိုက် ပစိဖိတ်သမုဒ္ဒရာကမ်းခြေဖက်တွင် တည်ရှိပြီး နိုင်ငံ အကျယ် အဝန်းမှာ စတုရန်း မိုင်ပေါင်း ၂၉၂,၂၅၇ ရှိလေသည်။ ၁၉၇၇ ခုနှစ် ခန့်မှန်းချက် အရ လူဦးရေ ၁၀,၆၆၀,၀၀၀ ရှိသည်။ ချီလီ သမ္မတနိုင်ငံ၏ မြို့တော်မှာ ဆန်တီယာဂိုမြို့ဖြစ်သည်။



ချီလီသမ္မတနိုင်ငံ၏ မြောက်ဖက်တွင် ပီရူးနိုင်ငံ၊ အရှေ့ဖက်တွင် ဗိုလစ်ဗီးယားနှင့် အာဂျင်တီးနားနိုင်ငံ၊ တောင်ဖက်နှင့် အနောက်ဖက်တို့တွင် ပစိဖိတ် သမုဒ္ဒရာတို့ တည်ရှိလေသည်။

နိုင်ငံ၏ မြေမျက်နှာသွင်ပြင်အရ ချီလီနိုင်ငံကို သုံးပိုင်းပိုင်းခြားနိုင်သည်။ အရှေ့ဖက်တွင် အန်းဒီးတောင်တန်းဒေသ၊ အနောက်ဖက်တွင် ကမ်းမြောင်ဒေသနှင့် အလယ်ပိုင်းတွင် တောင်ကြားဒေသများ ဖြစ်သည်။ အထက်ပိုင်းတွင် မိုးအသင့်အတင့် ရွာသွန်း၍ တောင်ပိုင်းတွင် မိုးများစွာ ရွာသွန်းသော ရာသီဥတုရှိသည်။

မြောက်ပိုင်းတွင် သတ္တုတူးဖော်ခြင်း လုပ်ငန်းကိုင်း၊ အလယ်ပိုင်းတွင် လယ်ယာစိုက်ပျိုးခြင်း လုပ်ငန်းကိုင်း၊ တောင်ပိုင်းတွင် သစ်လုပ်ငန်းကိုင်း အဓိကထား၍ လုပ်ကိုင်ကြလေသည်။

ချီလီနိုင်ငံသည် စပိန်လက်အောက်၌ နှစ်ပေါင်း ၃၀၀ ကျော်နေခဲ့ရပြီး ၁၈၁၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် ပြဋ္ဌာန်းသော အုပ်ချုပ်ရေး ဥပဒေအရ နိုင်ငံတော် သမ္မတကို ခြောက်နှစ်တကြိမ် ပြည်သူတို့က တိုက်ရိုက်ရွေးကောက် တင်မြှောက်ရသည်။ အထက်လွှတ်တော်တွင် အမတ် ၅၀ ဦး၊ အောက်လွှတ်တော်တွင် အမတ် ၁၅၀ ဦး ပါဝင်သည်။ အထက်လွှတ်တော် အမတ်များ၏ သက်တမ်းမှာ ၈ နှစ်ဖြစ်၍ အောက်လွှတ်တော် အမတ်များ၏သက်တမ်းမှာ ၄ နှစ်ဖြစ်သည်။

လူများစုကိုးကွယ်သော ဘာသာမှာ ရိုမန်ကက်သလစ် (ဗရင်ဂျီ)ဘာသာဖြစ်သည်။ စပိန်စကားကို အများဆုံးပြောဆိုကြသည်။ ချီလီနိုင်ငံ၌ အရွယ်ရောက်သူတိုင်း စစ်ပညာ မသင်မနေရ စနစ်ကို ပြုလုပ်ထားသဖြင့် ယခုအခါ လူငယ်တိုင်း စစ်ပညာ တတ်မြောက်လေ့ကျင့်ပြီးဖြစ်သည်။

ချီလီသမ္မတနိုင်ငံတွင် နိုင်ငံရေးပါတီကြီး လေးခုရှိရာ ခရစ်ယန် ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားပါတီ၊ ကွန်မြူနစ်ပါတီနှင့် ဆိုရှယ်လစ်ပါတီ ဟူ၍ ဖြစ်သည်။ အထွေထွေရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ပါတီကမဲအများဆုံးရရှိသဖြင့် ဆိုရှယ်လစ်ပါတီ ခေါင်းဆောင် ဒေါက်တာ ဆယ်လဗာဒို အယ်လန်ဒီသည် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၄ ရက်နေတွင် နိုင်ငံတော် သမ္မတ ဖြစ်လာလေသည်။ သမ္မတ ဒေါက်တာ ဆယ်လဗာဒိုအယ်လန်ဒီ၏ လက်ထက်တွင် ကျူးဗားနိုင်ငံ၊ တရုတ်ပြည်သူ သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်စွာ ဆက်ဆံခဲ့လေသည်။ ၎င်းသည် ချီလီနိုင်ငံတွင်းရှိ အမေရိကန် ကုမ္ပဏီများကို လျော်ကြေးပေးမည်ဟု ကတိပြုကာ နိုင်ငံပိုင်သိမ်းခဲ့လေသည်။

ချီလီနိုင်ငံတွင် ၁၉၇၃ ခုနှစ်အတွင်း၌ အထွေထွေသပိတ်ကြီး ဖြစ်ပေါ်လေရာ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက်

နေ့တွင် တပ်မတော်မှ နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့လေသည်။ တပ်မတော်မှ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး သြဂတ်စတိုပင်နိုချက်အူဂါတီက နိုင်ငံတော် သမ္မတအဖြစ် ဆက်ခံ အုပ်ချုပ်ခဲ့သည်။

၁၉၇၅ ခုနှစ်အတွင်း ကမ္ဘာ့စျေးကွက်တွင် ချီလီသမ္မတနိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်သော ကြေးနီစျေးများ အလွန်ကျဆင်းခဲ့သဖြင့် စီးပွားရေး ကျပ်တည်းလာကာ ၁၉၇၅ ခုနှစ် အောက်တိုဘာလတွင် ငွေစက္ကူသစ်များကို ထုတ်ခဲ့ရလေသည်။

သမ္မတ သြဂတ်စတိုပင်နိုချက် အစိုးရသည် ချီလီနိုင်ငံမှ ခရစ်ယန် ဒီမိုကရက်တစ်ပါတီကို ၁၉၇၇ ခု၊ မတ်လ ၁၂ ရက်နေ့တွင် ဖျက်သိမ်းကြောင်း ကြေငြာခဲ့လေသည်။

ခရစ်ယန် ဒီမိုကရက်တစ်ပါတီကလည်း ချီလီနိုင်ငံတွင်း တွင် ဒီမိုကရေစီ ဝါဒကို ပြန်လည် အကောင်အထည်ဖော်၍ အရပ်သား အစိုးရကို ပြန်လည်အစားထိုး တင်မြှောက်ရန် အတွက် သမ္မတ ပင်နိုချက်၏ ၁၉၈၀ ပြည့်နှစ်အထိ အာဏာတည်မြဲရေး အစီအမံကို လက်မခံပဲ ကန့်ကွက်ကြောင်းကို ၁၉၇၇ ခုအောက်တိုဘာလ ၁၇ ရက်နေ့တွင် ကြေငြာခဲ့လေသည်။

ချက်ကိုဆလိုဗားကီးယားဆိုရှယ်လစ်သမ္မတနိုင်ငံ။ ။

ချက်ကိုဆလိုဗားကီးယားဆိုရှယ်လစ်သမ္မတနိုင်ငံသည် ယခင်က သြစတြီးယား၊ ဟန်ဂေရီ နိုင်ငံတွင် ပါဝင်ခဲ့သော နယ်မြေများကို ပထမ ကမ္ဘာစစ်အပြီး တွင်စုပေါင်းဖွဲ့စည်းတည်ထောင်ခဲ့သော သမ္မတနိုင်ငံ တခု ဖြစ်သည်။ ယင်းသည် ဥရောပတိုက် အလယ်ပိုင်းတွင်တည်ရှိ၍မြောက်ဖက်တွင်ဂျာမနီနိုင်ငံ၊ပိုလန်နိုင်ငံတို့နှင့်၎င်း၊ တောင်ဖက်တွင်သြစတြီးယား၊ ဟန်ဂေရီ၊ ရူမေးနီးယားနိုင်ငံတို့နှင့်၎င်း နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည်။



နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၄၉,၃၇၁ မိုင်ရှိသည်။ ၁၉၇၇ ခန့်မှန်းချက်အရလူဦးရေ ၁၅,၀၃၀,၀၀၀ ဖြစ်သည်။ချက်ကိုဆလိုဗားကီးယားနိုင်ငံတွင် ဗိုဟီးမီးယား၊ ဗိုရေးဗီးယား ဆိုင်လီးရှားနှင့် ဆလိုဗားကီးယား ဟူ၍ ပြည်နယ် ၃ ခု ရှိသည်။

ချက်ကိုဆလိုဗားကီးယား နိုင်ငံသည် ကောက်ပဲသီးနှံစိုက်ပျိုးနိုင်လောက်အောင် မိုးရေအလုံအလောက်ရရှိသော

နိုင်ငံဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊သယံဇာတပစ္စည်းများတူးဖော်သည့်လုပ်ငန်း၊ သိုး၊ နွားမွေးမြူရေးလုပ်ငန်းတို့ လုပ်ကိုင်ကြသည့်အနက် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းမှာ အဓိက လုပ်ငန်းဖြစ်သည်။ သကြား၊ မုန်လာ၊ ပြောင်း၊ မုယောစပါး၊ အာလူး၊ ဂျုံ၊ မြင်းစားဂျုံနှင့် ရိုင်းဂျုံတို့ စိုက်ပျိုးသည်။ ဟော့ခေါ်ဗီယာခတ်ဆေးပင်များကိုလည်း အကြီးအကျယ် စိုက်ပျိုးသည်။

ချက်ကိုဆလိုဗားကီးယားနိုင်ငံသည် သယံဇာတပစ္စည်းကြွယ်ဝ၍ ကျောက်မီးသွေး၊ သံ၊ ဘော်၊ ကြေးနီ၊ ခဲနှင့် သတ္တု တူးဖော်ရေးလုပ်ငန်းတို့ကိုလည်း လုပ်ကိုင်သည်။

၁၉၁၄ ခုနှစ်တွင်ဖြစ်ပွားသော ကမ္ဘာစစ်ကြီး အတွင်း၌ အမျိုးသားခေါင်းဆောင်ကြီး တောမတ်၊ ဂျီ၊ မာဆာရစ်၏ စွမ်းဆောင်ချက်များကြောင့် စစ်ကြီး ပြီးဆုံးသည့်အခါ ဩစတြီးယား၏လက်အောက်မှ လွတ်မြောက်ခဲ့ပြီး ၁၉၁၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ချက်ကိုဆလိုဗားကီးယားသမ္မတနိုင်ငံကို တည်ထောင်နိုင်ခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး မာဆာရစ်အား ပထမဦးဆုံး သမ္မတအဖြစ် တင်မြောက်ခဲ့ကြသည်။ ချက်နှင့်ဆလိုဗက် လူမျိုးတို့ ပူးပေါင်း၍ နိုင်ငံသစ် တည်ထောင်ထားသည်ကို အစွဲပြု၍ ချက်ကိုဆလိုဗားကီးယားနိုင်ငံဟု မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

၁၉၃၉ ခုနှစ်တွင် ဂျာမန်စစ်တပ်များက ချက်ကိုဆလိုဗားကီးယား နိုင်ငံကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်ပြီး ဗိုဟီးမီးယားနှင့် မိုရေးဗီးယားဟူ၍ ပြည်နယ်နှစ်ခု ခွဲကာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည်အထိ အုပ်စိုးခဲ့လေသည်။ ၁၉၄၀ ပြည့်နှစ်တွင် လန်ဒန်မြို့တွင်ချက်ကိုဆလိုဗားကီးယား ယာယီအစိုးရကို တည်ထောင်၍ တော်လှန်ခဲ့ကြသည်။ ၁၉၄၅ တွင် ချက်ကိုဆလိုဗားကီးယား နိုင်ငံ၏ မဟာမိတ်ကြိုးကိုင်အဖွဲ့ အုပ်ချုပ်ရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ နယ်မြေများကို ပြန်လည်ရရှိခဲ့သည်။ မကြာမီ ချက်ကိုဆလိုဗားကီးယားနိုင်ငံသည် ဆိုရှယ်လစ် နိုင်ငံ ဖြစ်လာပြီး နိုင်ငံတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများကို ပြည်သူပိုင် ပြုလုပ်ခဲ့သည်။ ထိုနှစ်အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

၁၉၆၈ ခုနှစ်တွင် သမ္မတ နိုဗော့တနီသည် သမ္မတရာထူးကို စွန့်လွှတ်ခဲ့ရလေသည်။ ထိုနေရာတွင် ဂျင်နရယ်ဆဗိုဗိုဒါက လက်ခံပြီး အိုဒရစ်ချားနစ်က ဝန်ကြီးချုပ် ဖြစ်လာကာ ဝန်ကြီးအဖွဲ့သစ်ကို ပြန်လည် ဖွဲ့စည်းခဲ့လေသည်။

ထို့နောက် အလက်ဇန္ဒားဒူဗချက် ဦးဆောင်သော ချက်ခေါင်းဆောင်များသည် ချက်ကိုဆလိုဗားကီးယားနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ချမှတ် ဆောင်ရွက်ခဲ့ကြသည်။ ယင်းဆောင်ရွက်မှုကြောင့် ဆိုဗီယက် ပြည်ထောင်စုနှင့် ဝါဆောစာချုပ်အဖွဲ့ဝင် နိုင်ငံများက စိုးရိမ်မကင်း ဖြစ်လာကြသည်။ ထို့ကြောင့် ဝါဆော စာချုပ်အဖွဲ့ဝင်နိုင်ငံများဖြစ်သော ရုရှ၊ ပိုလန်၊ အရှေ့ဂျာမန်၊ ဟန်ဂေရီနှင့် ဗဲလဂျီယမ် စစ်တပ်များသည် ၁၉၆၈ ခုသြဂုတ်လတွင် ချက်ကိုဆလိုဗားကီးယားနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ တချိန်တည်းမှာပင်နိုင်ငံတွင်း၌လည်းဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ပါးရေးအတွက် လူထုဆန္ဒပြပွဲများကြောင့်အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။ ထို့ကြောင့်ချက်ခေါင်းဆောင်များအဖို့ အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရပြီး ပါတီခေါင်းဆောင် အပြောင်းအလဲများ ဖြစ်ပေါ် လာခဲ့သည်။ ၁၉၆၉ ခုနှစ် ဧပြီလတွင် ဒူဗချက်သည် ကွန်မြူနစ် ပါတီ ခေါင်းဆောင် အဖြစ်မှ နုတ်ထွက်လိုက်သောအခါ ဂူးစတပ်ဟူးဘတ်သည် ပါတီခေါင်းဆောင် ဖြစ်လာသည်။

၁၉၇၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ် ချားနစ်သည် ရာထူးမှ ထုတ်ပယ်ခြင်း ခံရကာ လူဗိုမာဆတရပ်ဂဲဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၇၅ တွင် သမ္မတ ဂျင်နရယ် ဆဗိုဗိုဒါနေရာတွင် ကွန်မြူနစ် ပါတီခေါင်းဆောင် ဂူးစတပ်ဟူးဘတ်ခန့်အပ်ခြင်း ခံခဲ့ရသည်။

၁၉၇၇ ခုနှစ်တွင် ပဋိညာဉ်စာတန်းဟု ခေါ်ဆိုသည့် လူအခွင့်အရေး ကြေငြာစာတန်းကြီး တစောင်ကို ပါတီခေါင်းဆောင် ၇၀၁ တို့က ဦးစီး၍ လက်မှတ် ရေးထိုးခဲ့လေသည်။

ချင်းပြည်နယ်။ ။ချင်းပြည်နယ်သည် အကျယ်အဝန်းအားဖြင့် ၁၃,၉၀၇ စတုရန်းမိုင်ရှိ၍ မြန်မာ တနိုင်ငံလုံး အကျယ်အဝန်း၏ ၅.၃၂ ရာခိုင်နှုန်း ရှိသည်။ ချင်းပြည်နယ်ကို မြို့နယ်ပေါင်း ကိုးမြို့နယ်နှင့် ကျေးရွာ အုပ်စုပေါင်း ၅၀၅ အုပ်စုဖြင့် ဖွဲ့စည်းထားသည်။ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး ရွေးချယ် တင်မြောက်နိုင်သော ပြည်နယ်ဖြစ်သည်။

ချင်းပြည်နယ်၏ လူဦးရေမှာ ၁၉၇၈ ခုနှစ် ခန့်မှန်းခြေစာရင်းအရ ၃၃၄,၆၉၈ ယောက်ရှိပြီးနှစ်စဉ်လူဦးရေတိုးနှုန်းမှာ ၂.၅၆ ယောက်ဖြစ်သည်။ တီးတိန်မြို့နယ်သည်လူဦးရေအများဆုံးဖြစ်ပြီး ဒုတိယလူဦးရေ အများဆုံး မြို့နယ်မှာ ပလက်ဝမြို့နယ်ဖြစ်သည်။ ကန်ပက်လက်မြို့နယ်သည်လူဦးရေအနည်းဆုံးဖြစ်သည်။

ချင်းပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းမှာလယ်ယာလုပ်ငန်းဖြစ်သည်။ အဓိက စိုက်ပျိုးသောသီးနှံများမှာစပါး၊ ပြောင်းနှင့် ပဲအမျိုးမျိုး ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာ စနစ်မှ လှေကားထစ် တောင်ယာ စိုက်ပျိုးရေး စနစ်သို့ ကူးပြောင်းလုပ်ကိုင်လာကြရာ မြို့နယ်အတော်များများတွင်

အောင်မြင်လျက်ရှိသည်။ ရေသင့်စိုက်ပျိုး လုပ်ငန်းများ ကြောင့်နှစ်စဉ် စပါး၊ဂျုံ၊ပြောင်းစိုက်ပျိုးမှုများ ပိုမိုဖြစ်ထွန်း လာသည်။ ချင်းပြည်နယ်တွင် ၁၉၇၇-၇၈ ယာယီစာရင်း အရ သီးနှံအမျိုးမျိုး စိုက်ပျိုးသည့် ဧရိယာက ၂.၅ သိန်း ရှိသည်။ သီးထပ်သီးညှပ် စိုက်ပျိုးသည့် ဧရိယာက ၄၅,၀၀၀ ကျော်ရှိသည်။ ၁၉၇၇-၇၈ ခုနှစ်အတွင်း ချင်းပြည် နယ်တွင် စပါး စိုက်ပျိုးသည့်ကေမှာ ဂ၂,၂၇၆ ကေဖြစ်၍ အောင်မြင်သည့်ကေမှာ ဂ၁,၄၂ ကေ ဖြစ်သည်။ တကေ အထွက်နှုန်းမှာ ၂၁.၃၀ တင်း ဖြစ်သည်။ ပြောင်းစိုက်ပျိုး သည့် ကေမှာ ၆၇,၀၉၁ ကေဖြစ်၍ အောင်မြင်သည့်ကေမှာ ၆၆,၇၆၀ ကေဖြစ်ပြီး တကေ အထွက်နှုန်းမှာ ၁၆.၃၀ တင်း ဖြစ်သည်။ နှံစားပြောင်းစိုက်ပျိုးသည့်ကေမှာ ၂,၂၅၈ ကေ ဖြစ်သည်။ တကေအထွက်နှုန်းမှာ ၇း၃၅ တင်း ဖြစ်သည်။

ချင်းပြည်နယ်သစ်တောများတွင် အဖိုးတန် သစ်မွေး၊ ထင်းရှူး၊ ကျွန်းသစ်၊ ကြိမ်တောများရှိသည်။ သစ်တော ကြိုးဝိုင်းဧရိယာ ၆၀၅ စတုရန်းမိုင်ရှိသည်။

မွေးမြူရေးလုပ်ငန်းကိုလည်း အစိုးရ မ,တည်ငွေဖြင့် စမ်းသပ်လုပ်ကိုင်ခဲ့ရာ အောင်မြင်လျက်ရှိသည်။ ပိုးမွေးမြူ ရေးကို တိုးခဲ့လုပ်ကိုင်လျက်ရှိရာ ၁၉၇၈-၇၉ ခုနှစ်တွင် ပိုး အိမ်ထုတ်လုပ်မှု ၄၃,၅၉၁ ပေါင်ခန့်ရှိသည်။

ချင်းပြည်နယ်တွင် သမဝါယမ အသင်း စုစုပေါင်း ၆၃၇ သင်းရှိပြီး အသင်းသားဦးရေ ၇၀,၅၈၃ ယောက် ရှိသည်။ ကျေးရွာသမဝါယမအသင်း ၅၆၇ သင်း၊ စားသုံးသူ သမ ဝါယမအသင်း ၂၆ သင်း၊ ငွေစုငွေချေး သမဝါယမအသင်း ၁၆ သင်း၊ စက်မှုကုန်ထုတ် သမဝါယမအသင်း ၇ သင်းတို့ကို ဖွဲ့စည်းထားသည်။

ထို့အပြင် မြို့နယ် သမဝါယမအသင်း၊ လယ်ယာကုန် ထုတ်သမဝါယမအသင်းနှင့် ပြည်သူရဲတပ်ဖွဲ့ သမဝါယမ အသင်းများကိုလည်း ဖွဲ့စည်းထားပြီး ပြည်နယ်၏စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိလေသည်။

ချင်းပြည်နယ်တွင် ၁၉၇၇-၇၈ ခုနှစ် ယာယီစာရင်းအရ မူလ တန်းကျောင်း ၅၀၀၊ အလယ် တန်းကျောင်း ၅၄ ကျောင်း၊ အထက်တန်းကျောင်း ၉ ကျောင်း ဖွင့်လှစ် ထားရှိပြီး ဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေး အထက် တန်းကျောင်း၊ အခြေခံ ယက်ကန်းကျောင်းနှင့် စိုက်ပျိုး မွေးမြူရေးအထူးလုပ်ငန်း ပညာသင်ကျောင်း တကျောင်းစီ ကိုလည်း ဖွင့်လှစ်ပေးထားသည်။

ချင်းပြည်နယ်တွင် ထင်းရှူး ဆီခဲနှင့် တာပင်တိုင်ဆီ ချက်လုပ်ရန်ရွှေပြေးစက်ရုံ ဖွင့်လှစ်ခဲ့ရာ အောင်မြင်လျက် ရှိသဖြင့် ထင်းရှူးဆီစက်ရုံသစ်များလည်း ထပ်မံ တည် ဆောက်လျက်ရှိသည်။

ဟားခါး-မတူပီ လမ်းမကြီးသည် ချင်းပြည်နယ် အတွက် အလွန်အားထားရသော ကူးသန်း သွားလာ ရေးလမ်းမကြီးပင် ဖြစ်လေသည်။

လှေကားထစ် တောင်ယာစိုက်ပျိုးရေးစနစ်သည် ချင်းပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သည်။





ချင်းသမ္မတနိုင်ငံ။ ။ ချင်းသမ္မတနိုင်ငံသည် အာဖရိက တိုက်တွင် တည်ရှိပြီး မြောက်ဖက်တွင်လစ်ဗျန်နိုင်ငံ အရှေ့ဖက်တွင်ဆူဒန်နိုင်ငံ၊တောင်ဖက်တွင် အလယ်ပိုင်း အာဖရိက သမ္မတနိုင်ငံ၊ အနောက် တောင်ဖက်တွင် ကင်မရွန်းနိုင်ငံနှင့် အနောက်ဖက်တွင် နိုင်ဂျာ နိုင်ငံတို့ တည်ရှိသည်။ ချင်နိုင်ငံသည် ၄၉၅,၇၅၂ စတုရန်းမိုင် ကျယ်ပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းချက် အရ လူဦးရေ ၄,၂၀၀,၀၀၀ ရှိသည်။

ချင်နိုင်ငံ၏ ရာသီဥတုမှာ ဆဟာရ သဲကန္တာရနှင့် နီးကပ်သဖြင့် ခြောက်သွေ့သည်။ တနှစ်တွင် မိုးရေချိန် ၂၉၀" ခန့်သာ ရွာသွန်းသည်။ စိုက်ပျိုးရေးသည် နိုင်ငံ၏အဓိက စီးပွားရေးလုပ်ငန်း ဖြစ်သည်။ ဝါဂွမ်း၊ ဆန်စပါးနှင့်မြေပဲတို့ကို စိုက်ပျိုးသော်လည်း ဝါဂွမ်းမှာ အဓိကစိုက်ပျိုးပင် ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအပြင် ကျွဲ၊ နွား၊ သိုးနှင့် ကုလားအုပ်မွေးမြူရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ကင်မရွန်းနိုင်ငံ အလယ်ပိုင်း အာဖရိက ပြည်သူ့သမ္မတနိုင်ငံနှင့် နိုင်ဂျာနိုင်ငံတို့ကို ရေကြောင်း လမ်းဖြင့် ဆက်သွယ်ထားသည်။ အဓိကပြည်တွင်းပြည်ပ လေကြောင်းနှစ်ခုရှိပြီး ကြီးကျယ်သော လေဆိပ်ကြီးများလည်းရှိသည်။ ချင်နိုင်ငံ၏မြို့တော်မှာ အင်ဂျမီနာ ဖြစ်သည်။

ချင်နိုင်ငံကို ၁၈၂၂ ခုနှစ်တွင် ဖြိုတီသျှခရီးသည် နှစ်ဦးဖြစ်သူ ဒန်ဟန်နှင့် ကလက်ပါတန်တို့က စတင်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ၁၈၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ပြင်သစ်စူးစမ်းရှာဖွေသူများက ချင်ရေကန်၏အရှေ့ဖက်နှင့် တောင်ဖက်ရှိနယ်မြေများကို ပြင်သစ်အုပ်ချုပ်မှုအောက်သို့ သွတ်သွင်းခဲ့ကြသည်။ ၁၉၁၀ မှအစပြု၍ တူဗန်ဂိရိုးနယ်တစိတ်တဒေသအဖြစ် ပြင်သစ်အီကွေတာပိုင်းအာဖရိကကိုလိုနီနယ်ကြီးအတွင်းသို့ သွတ်သွင်းခြင်းခံခဲ့ရသည်။ ၁၉၂၀ ပြည့်နှစ်တွင်သီးခြားကိုလိုနီနယ်တခု ဖြစ်လာသည်။

၁၉၄၆ ခုနှစ်တွင် ချင်နယ်သည် လူထုမဲဆန္ဒပေးပွဲဖြင့် ပြင်သစ်ပြည်ထောင်စုတွင်း အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနိုင်ငံတခုဖြစ်လာခဲ့သည်။ ထို့နောက် ချင်နိုင်ငံ၏ သမ္မတဖြစ်သော ဖရန်ဆွာတွမဲ ဗာလဗာယေး ခေါင်းဆောင်လျက် လုံးဝလွတ်လပ်ရေးအတွက် ကြိုးပမ်းလာခဲ့ရာ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် လွတ်လပ်သောသမ္မတနိုင်ငံဖြစ်လာခဲ့သည်။ ထိုနှစ်အတွင်းတွင်ပင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

၁၉၆၃ ခုနှစ်အတွင်းတွင် မအောင်မြင်သော အာဏာသိမ်းမှုတခု ဖြစ်ပွားပြီးနောက် သမ္မတ တွမ်ဗာလဗာယေးသည် ပဲ့စဉ်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တခုကို ထုတ်ပြန်ကြေငြာကာ အစိုးရအဖွဲ့သစ်ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ လစ်ဗျ၏ ထောက်ပံ့မှုရနေသော အာရပ်သူပုန်များသည် ၁၉၆၆ ခုနှစ်မှအစပြု၍ ချင်အစိုးရနှင့် ပြင်သစ်စစ်တပ်များကို တိုက်ခိုက်ခဲ့သည်။

၁၉၇၂–၇၄ ခုနှစ်တွင် ဆဟာရနိုင်ငံများတွင် မိုးခေါင်မှုဖြစ်ပွားရာ လူပေါင်း နှစ်သောင်းကျော် အစာငတ်မွတ်ခေါင်းပါးခြင်းဘေးဒုက္ခကို ခံစားခဲ့ရပြီး လူထောင်ပေါင်းများစွာ သေကြေပျက်စီးခဲ့ကြရသည်။

၁၉၇၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် အာဏာသိမ်းမှုတခု ဖြစ်ပွားပြန်ရာ သမ္မတတွမ်ဗာလဗာယေး အသတ်ခံခဲ့

ရသည်။ အာဏာသိမ်းပြီးနောက် အဖွဲ့ဝင်ကိုးဦးပါဝင်သော စစ်ကောင်စီက ဥပဒေပြုလွှတ်တော် အပါအဝင် အစိုးရ၏ လုပ်ငန်းတာဝန်အားလုံးကို လွှဲယူခဲ့သည်။ နိုင်ငံရေးပါတီများကိုလည်း တားမြစ်ခဲ့သည်။ စစ်ကောင်စီကို ဗိုလ်ချုပ်ဗဲလစ်မောလွမ်က ခေါင်းဆောင်သည်။ ၁၉၇၅ ခုနှစ် မေလတွင် မောလွမ်သည် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ လစ်ဗျနိုင်ငံကူညီခံ အာရပ်သူပုန်များ၏ တိုက်ခိုက်မှုမှာလည်း ပိုမိုပြင်းထန်လာခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ချင်နိုင်ငံမြောက်ပိုင်းရှိ ယူရေနီယမ်နှင့် သံသတ္ထုတွင်းများကို လစ်ဗျနိုင်ငံအကူအညီခံ သူပုန်များက သိမ်းယူခဲ့ကြလေသည်။ ၁၉၇၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ဗိုလ်ချုပ် ဖဲလစ်မောလွမ်အား ချင်ပြည်သူ သမ္မတနိုင်ငံ သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ တချိန်ထဲမှာပင် အချုပ်အခြာအာဏာပိုင်သော စစ်ကောင်စီကို ရုပ်သိမ်းလိုက်ပြီး မြောက်ပိုင်းလက်နက်ကိုင် အင်အား စုကောင်စီမှ သူပုန်ခေါင်းဆောင် မစ္စတာဟစ်ဆန်နီဟာဗရီကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

အိမ်နီးချင်း ဗင်နီဇွဲလားနိုင်ငံက ကိုင်ယာနာ နိုင်ငံ၏ အနောက်ဖက်ပိုင်းဒေသများကို ပိုင်ဆိုင်ပါသည်ဟု ယနေ့ထက်တိုင် အငြင်းပွားနေဆဲဖြစ်သည်။ ဆူရီနမ် နိုင်ငံနှင့်လည်း နယ်ခြားပြဿနာများ အငြင်းပွားနေဆဲဖြစ်သည်။

၁၉၇၀ ခုနှစ် နိုဝင်ဘာလအတွင်းက ဂျော့တောင်းမြို့အနောက်ဖက် မိုင် ၁၅၀ ကွာရှိ ကိုင်တူးမလေဆိပ်၏တောင်ဖက်မနီးမဝေးတွင်ရှိသော ဂျုံးစတောင်းမြို့မှ ဘုန်းတော်ကြီး ဂျင်ဂျုံးကြောင့် လူ ၉၀၀ ကျော်တပြိုင်နက် သေဆုံးခဲ့ကြရသည်။

အမေရိကန်နိုင်ငံ မက်သဒစ်ခရစ်ယန်ဂိုဏ်းမှဟု ဆိုနိုင်သော ဘုန်းတော်ကြီးဂျင်ဂျုံးဆိုသူသည် ဂိုင်ယာနာအစိုးရထံသို့ လယ်မြေသစ်စခန်း ထူထောင်ခွင့် ပြုလိုကြောင်း လျှောက်ထား လိုက်သည့်အတွက် နာမည်ကြီး အမေရိကန်နိုင်ငံရေး ခေါင်းဆောင်တို့နှင့် ရင်းနှီးသော ပုဂ္ဂိုလ်တဦးဖြစ်သောကြောင့် သူ၏လျှောက်လွှာကို ဂိုင်ယာနာအစိုးရက လက်ခံလိုက်လေသည်။

လယ်ယာမြေသစ် ထူထောင်ရေးအတွက် ကေ ၂၇,၀၀၀ ကို ဂရန်ပေးလိုက်သည်။ ဂိုင်ယာနာအစိုးရ၏

ဂေဟဗေဒ

(အီကော်လော်ဂျီ—၌။)

ကိုင်ယာနာသမ္မတနိုင်ငံ။ ။တောင်အမေရိကတိုက်၏ အရှေ့မြောက်ဖက် ကမ်းခြေတွင် တည်ရှိသော ဂိုင်ယာနာ သမ္မတ နိုင်ငံသည် အကျယ်အဝန်းစတုရန်းမိုင် ၈၃,၀၀၀ ရှိပြီး လူဦးရေ ၁၉၇၇ ခုနှစ်ခန့်မှန်းခြေအရ ၈၁၀,၀၀၀ ခန့်ရှိ၏။ မြို့တော်မှာ ဂျော့တောင်းမြို့ဖြစ်သည်



၁၇ ရာစုနှစ်က ဂိုင်ယာနာနိုင်ငံသည် ဒတ်ချတို့၏ကိုလိုနီနယ်ပယ် ဖြစ်ခဲ့သည်။ ၁၈၁၄ ခုနှစ်တွင် ဗြိတိသျှတို့က ဒတ်ချတို့ထံမှ လွှဲပြောင်းလက်ခံယူပြီး ၁၈၃၁ ခုနှစ်တွင် ဗြိတိသျှဂိုယာနာ ကိုလိုနီအမည်ဖြင့် ထူထောင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိပြီး ၁၉၆၆ ခုနှစ် မေလ ၂၆ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့လေသည်။ ၁၉၇၀ ပြည့်နှစ် သမ္မတနိုင်ငံ ထူထောင်ခဲ့သောအချိန်မှစ၍ ဂိုင်ယာနာ သမ္မတနိုင်ငံတွင် သမ္မတအဖြစ် မစ္စတာ အာသာခွန်းက ဆောင်ရွက်ခဲ့လေသည်။



လူပေါင်း ၉၀၀ ကျော် သေဆုံးခဲ့ရသည့် ဂျုံးစတောင်းစခန်းမှ အနီဋ္ဌာရုံ မြင်ကွင်းတခု၊

အဓိကရည်ရွယ်ချက်မှာ လယ်ယာမြေသစ်များ ပေါ်ထွက်ရေးနှင့် သီးထွက်ပိုမိုရရှိရေး ဖြစ်သည်။

'ပြည်သူဘုရားကျောင်း လယ်ယာစိုက်ပျိုးရေး ပရောဂျက်'ဟု အမည်တပ်ထားသော ဂျင်ဂျုံး၏လုပ်ငန်းအကဲ့ဂ် ဂရန်ပေးလိုက်ခြင်းဖြစ်ရာ ဘုန်းတော်ကြီးဂျင်ဂျုံး (ရဲဗရင့် ဂျုံး)သည် ထိုလယ်ယာမြေအနီးတွင် လူတထောင်ကျော် နေနိုင်သည့် အဆောက်အဦးငယ်များကို တည်ဆောက်ကာ 'ဂျုံးစတောင်း'မြို့ဟု အမည်ပေးလိုက်သည်။

ရဲဗရင့်ဂျုံးသည် အဟောကောင်း၏။ အပြောကောင်း၏။ ကြည်ညိုဘွယ် ရုပ်ဆင်းသဏ္ဌာန်နှင့်ပြည့်စုံ၏။ ထို့ကြောင့် နိုင်ငံရေးလောကမှာပင် နာမည်ကျော်လာသည်။ သူ၏စည်းရုံးရေးကို တိုးခဲ့လိုက်သည်။ ငွေကြေးကူညီ၍ စည်းရုံးသည့်အပြင် တရားဟော၊ တရားပြရင်း ဓိဖ ပါးဝေဒနာကို ကုသပေးလေသည်။

ထို့ကြောင့်လူဖြူ၊ လူမည်းအမြောက်အမြားသည် သူနှင့်အတူ ကိုင်ယာနာသို့လိုက်ကာ ဂျုံးစတောင်းစခန်း၌ ရှာသစ်ပြည်သစ်ထူထောင်ကြသည်။ များသောအားဖြင့် ကာလီဖိုးနီးယားမှ တပည့်ဉပသကာများ လိုက်သွားကြသည်။ မကြာမီ ဂျုံး၏ဒုစရိုက်သတင်းများ ထွက်လာသည်။

ထိုသတင်းသည် ကာလီဖိုးနီးယားအမတ် လီယိုရိုင်ယန်ထံသို့ ၁၉၇၇ ခုနှစ် ပြီလတွင် ရောက်ရှိလာသောအခါ မစ္စတာရိုင်ယန်သည် သတင်းစာဆရာများနှင့်အတူ ဆက်၍ ထောက်လှမ်းစုံစမ်းကြသည်။

ရိုင်ယန်ကိုယ်တိုင်က ဂျုံးအကြောင်းကို သိပြီးဖြစ်သည့်အပြင် ဂျိမ်းစတောင်းသို့ သွားသူအများအပြားမှာ သူ၏ကာလီဖိုးနီးယား နယ်သားများဖြစ်သောကြောင့် အကျယ်ချုပ်လို ခံစားနေရသော အမေရိကန်ပြည်သားများ လွတ်မြောက်ရေးအတွက် သူကြိုးစားလေတော့၏။ ထို့ကြောင့် လွတ်တော်အမတ် လီယိုရိုင်ယန်နှင့်အဖွဲ့ ဂျုံးစတောင်းမှ အပြန်တွင် ဂျုံး၏ တပည့်များက လေယာဉ်ကွင်းတွင် သေနတ်ဖြင့် ပစ်ခတ် လုပ်ကြံလိုက်ကြသည်။ ရိုင်ယန်နှင့်အတူ အဖွဲဝင်များ ပွဲချင်းပြီး သေဆုံးသည်။

နောက်မကြာမီမှာပင် ဂျုံးစတောင်းစခန်း၏ ဓမ္မာရုံ၌ စခန်းလုံးကျွတ် အစည်းအဝေးကြီး ကျင်းပသည်။ အစည်းအဝေး သဘာပတိဖြစ်သူ ရဲဗရင့်ဂျုံးက စခန်းသူစခန်းသားယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များအား အဆိပ်ပါသည့် ရသာရည်ကိုသောက်၍ သေရန် အမိန့်ပေးသည်။ အချို့က အဆိပ်ရည်ပါသော ဆေးထိုးအပ်ကို ကိုယ်တွင် ထိုးသွင်းကာ သေကြသည်။ မသေလိုသဖြင့် ငြင်းဆန်သူ၊ ထွက်ပြေးသူများကို သေနတ်ဖြင့်ပစ်သတ်သည်။ ဂျုံးသည် သူဇနီးနှင့်သားသမီးများကို ကိုယ်တိုင်ပစ်သတ်ပြီးနောက် သူကိုယ်တိုင်လည်း ပစ်သတ် အဆုံးစီရင်လိုက်လေသည်။ နောက်ဆုံးတွင် လူ ၉၀၀ ကျော်သေပြီး၊ ၇၉ ဦး အသက်မသေကျန်ရှိရစ်ကြောင်း သိရှိရလေသည်။

ဂျုံး၏ရိပ်သာကို ကိုင်ယာနာပုလိပ်အဖွဲက ဝင်ရောက်ရှာဖွေသောအခါ ငွေသားသက်သက် ဒေါ်လာ ၃ သန်းအပြင် ချက်လက်မှတ်များ၊လက်ဝတ်ရတနာများကို တွေ့ရှိရသည်။

ဂျုံးစတောင်းစခန်း လူသတ်မှုကျူးလွန်သူများကို ကိုင်ယာနာနိုင်ငံ တရားရုံးက ယနေ့ထက်တိုင် စစ်ဆေးလျက်ရှိလေသည်။

ဂန္ဓီ, အင်ဒီရာ (ခရစ် ၁၉၀၇)။ ။ အင်ဒီရာဂန္ဓီသည် ၁၉၇၇ ခုနှစ် မတ်လတွင် ကျင်းပသော အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ အရေးနိမ့်၍ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ရသည်။

အင်ဒီရာ၏ အစိုးရ အဖွဲ့ပြုတ်ကျ၍ မိုရာဂျီဒေဆိုင်းဦးဆောင်သော ဂျနာတာပါတီ အစိုးရတက်လာသည်။ ဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဓီ အုပ်ချုပ်စဉ်က အရေးပေါ်အခြေအနေ ကြေငြာ၍ တိုင်းပြည်ကို မတရားအုပ်ချုပ်ခဲ့သည်ဟု



အရေးပေါ် အုပ်ချုပ်ရေးကာလအတွင်း အဖြစ်အပျက်များနှင့် စပ်လျဉ်း၍ ရုံးတင် တရားစွဲဆိုခြင်းခံရသော အင်ဒီရာဂန္ဓီ

ဂျနာတာပါတီအစိုးရအဖွဲ့က စုပ်စွဲခဲ့သည်။ ယင်းတို့ကို စုံစမ်းစစ်ဆေးရန်တရားဝန်ကြီး မစ္စတာရှား ဦးဆောင်သော ကော်မရှင် အဖွဲ့ကို ဂျနာတာအစိုးရက ဖွဲ့စည်း ခဲ့သည်။ ရှားကော်မရှင်သည် အင်ဒီရာ အပေါ် ပြစ်မှုများ ထင်ရှား ကြောင်း ၁၉၇၈ ခုနှစ် ဇန္နဝါရီလ ၁၁ ရက်နေ့က ထုတ်ဖော် ကြေငြာပြီး ၎င်းအား တရားရုံးတွင် စွဲချက်များ တင်ရန် အစီရင်ခံခဲ့လေသည်။

ဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းသည် ၁၉၇၈ ခုနှစ် မေလ ၁၅ ရက်နေ့က ရှားကော်မရှင်၏ အစီရင်ခံစာကို အိန္ဒိယပါ လီမန်သို့ တင်ပြခဲ့သည်။ အင်ဒီရာဂန္ဒီသည် မိမိအာဏာတည် တံ့ရေးအတွက် အရေးပေါ်အခြေအနေကို ကြေငြာခဲ့ပြီး အတိုက်အခံပါတီဝင်များနှင့် ၎င်းအား ဆန့်ကျင်သူများကို ဖမ်းဆီးထောင်ချခဲ့သည်ဟု ယင်းအစီရင်ခံစာတွင် အတိ အလင်း ဖော်ထုတ်ခဲ့ပြီး ဗဟိုထောက်လှမ်းရေးအဖွဲ့က အင်ဒီ ရာကို အောက်တိုဘာလ ၃ ရက်နေ့က ဖမ်းဆီးခဲ့သည်။ သို့သော် နယူးဒေလီမြို့ တရားရုံးက ၎င်းအပေါ် ပြစ်မှု မထင် ရှားသဖြင့် အချုပ်မှလွှတ်စေဟု အမိန့်ချခဲ့လေသည်။

အင်ဒီရာဂန္ဒီသည် ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ဂ ရက်နေ့ တွင် တာနာတာကာပြည်နယ်ချစ်မာဂါလာမဲဆန္ဒနယ်ကြား ဖြတ်ရွေးကောက်ပွဲတွင် ပြန်လည် အနိုင်ရကာ နိုင်ငံရေး ဇာတ်စင်ပေါ် သို့ပြန်တက်လာခဲ့လေသည်။ ရွေးကောက်ပွဲ၌ အင်ဒီရာ အနိုင်ရလိုက်သောကြောင့် အင်ဒီရာ၏ ကွန်ဂရက် ပါတီသည် အောက်လွှတ်တော်အမတ် ၇၂ ဦးရရှိလာသဖြင့် ပါလီမန်တွင် အတိုက်အခံ ပါတီအဖြစ် အသိအမှတ်ပြုခြင်း ခံရသည်။

ရွေးကောက်ပွဲ အနိုင်ရသော အင်ဒီရာသည် လက် ရှိ ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာ ဆွာရန်ဆင်းနှင့် ဒီဇင်ဘာလ ၁၇ ရက်နေ့က တွေ့ဆုံခဲ့ပြီး ကွန်ဂရက်ပါတီနှစ်ပါတီ ပူးပေါင်း ကာ အာဏာရ ဂျနာတာပါတီကို အပြုတ်တိုက်မည်ဟုကြေ ငြာခဲ့သည်။

အင်ဒီရာအား ပါလီမန် အောက်လွှတ်တော် အမတ် အ ဖြစ်မှ ထုတ်ပယ်ရန်နှင့် ထောင်ဒဏ်ပေးရန် အိန္ဒိယဝန်ကြီး ချုပ် မိုရာဂျီဒေဆိုင်း၏ အဆိုကို ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့က ထောက်ခံမဲ ၂၇၉ မဲ၊ ကန့်ကွက်မဲ ၁၃၈ မဲ ဖြင့် ပါလီမန်က ဆုံးဖြတ် အတည်ပြုလိုက်သည်။ ထို့ကြောင့် ဝန်ကြီးချုပ်ဟောင်း အင်ဒီရာသည် ပါလီမန်အစည်းအဝေး ကျင်းပနေသည့် ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၆ ရက်နေ့ အထိ ထောင်ဒဏ်အပြစ်ပေးခြင်း ခံခဲ့ရလေသည်။

ယခုအခါ အသက် ၆၁ နှစ်ရှိပြီဖြစ်သော အင်ဒီရာဂန္ဒီ သည် ၁၉၇၂ ခုနှစ်တွင် ကုန်ဆုံးမည့် ယခုပါလီမန်သက်တမ်း အတွင်း ပါလီမန် အမတ်အဖြစ်မှ ထုတ်ပယ်ခြင်း ခံထားရ လေသည်။

ဂျပန်နိုင်ငံ။ ။ ၁၉၇၇ ခုနှစ်သည် တရုတ် ပြည်သူ သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံ နှစ်ပြည်ထောင်တို့ ဆက်ဆံရေး



တွင် အထူးပင် အရေး ကြီးသောနှစ်ဖြစ်သည်။ ထိုနှစ်တွင် တရုတ်-ဂျပန် ငြိမ်းချမ်းရေးနှင့် ချစ် ကြည်ရေးစာချုပ် ချုပ်ဆို ခဲ့ပြီး နှစ်ပြည်ထောင် ဆက်ဆံရေးအခန်းကဏ္ဍ သစ်တရပ်ဖွင့်လိုက်သည်။

ဂျပန်နိုင်ငံသည် တရုတ်–ဂျပန်ငြိမ်းချမ်းရေးနှင့် ချစ် ကြည်ရေးစာချုပ် ချုပ်ဆိုရေးကို ၁၉၇၂ ခုနှစ်ကစ၍ ကြိုး ပမ်းခဲ့သည်။ ထိုနှစ်တွင်ပင် အမေရိကန်သမ္မတ နစ်ဆင် သည် တရုတ်ပြည်သူ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ပြီး တရုတ်–အမေရိကန်ဆက်ဆံရေး တိုးတက် ကောင်းမွန်စေခဲ့ရာ ဂျပန်နိုင်ငံလည်း တရုတ်–ဂျပန်ဆက် ဆံရေးတိုးတက်ရန် ကြိုးပမ်းခဲ့သည်။ ထိုစဉ်က ဂျပန် ဝန် ကြီးချုပ် မစ္စတာ တာနာကာသည် တရုတ်ပြည်သူသမ္မတ နိုင်ငံသို့ သွားရောက်ဆွေးနွေးပြီး ၁၉၇၂ ခုနှစ် စက်တင်ဘာ လတွင် တရုတ်–ဂျပန်သံတမန်ဆက်သွယ်မှု ပြုလုပ်ခဲ့သည်။ ထို့ပြင် တရုတ်–ဂျပန်နှစ်နိုင်ငံ ကဲ့လဲ့နေသော သဘော ထားများကို တရားဝင် အဆုံးသတ်စေပြီး ငြိမ်းချမ်းရေး နှင့် ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုရန်လည်း သဘောတူ ညီချက်ရရှိခဲ့လေသည်။

ယင်းသဘောတူညီချက်အရ ဆက်လက် ဆွေးနွေးခဲ့ရာ လွန်ခဲ့သောသုံးနှစ်က ဆွေးနွေးမှုများရပ်တန့်နေခဲ့ပြီး ၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ဆွေးနွေးမှုများ ပြန်လည် စတင်၍ သဘောတူညီချက်များ ရရှိခဲ့လေသည်။

တရုတ်–ဂျပန်ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး စာချုပ် ကို ပီကင်းမြို့တွင် ၁၉၇၈ ခုနှစ် သြဂုတ်လ ၁၂ ရက်နေ့တွင် တရုတ်ပြည်သူသမ္မတ နိုင်ငံကိုယ်စား နိုင်ငံခြားရေးဝန်ကြီး ဟွမ်ဟွာကၜင်း၊ ဂျပန်နိုင်ငံ ကိုယ်စား နိုင်ငံခြားရေးဝန် ကြီး ဆူနာအိုကၜင်း အသီးသီး လက်မှတ်ရေးထိုးကြသည်။ စာချုပ်ရေးထိုးသည့် အခမ်းအနားသို့ တရုတ်ပြည်သူသမ္မတ နိုင်ငံ ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး ဟွာကိုဖုန်းနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖူကူဒါတို့ တက်ရောက်ခဲ့ကြသည်။

တရုတ်–ဂျပန်ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး စာချုပ် တွင် အပိုဒ်ငါးပိုဒ် ပါဝင်သည်။

အပိုဒ် (၁)

(က) ဤစာချုပ် ချုပ်ဆိုကြသော ကာယကံရှင် နိုင် ငံများသည် အချုပ်အခြာအာဏာနှင့် နယ်မြေ စုစည်းတည်တံ့မှုကို အပြန်အလှန် လေးစား



တရုတ် ဂျပန် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးစာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးပွဲနှင့် စာချုပ်လဲလှယ်ပွဲသို့ နှစ်နိုင်ငံခေါင်းဆောင်များတက်ရောက်ခဲ့ကြသည်။

ရေး၊ တနိုင်ငံက တနိုင်ငံကို မကျူးကျော်ရေး၊ တနိုင်ငံ၏ ပြည်တွင်းရေးကို တနိုင်ငံကဝင်ရောက် မစွက်ဖက်ရေး၊ တန်းတူရည်တူရှိရေး၊ နှစ်ဦးနှစ်ဖက် အကျိုးရှိရေးနှင့်ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေးဟူသော မူများ အခြေခံဖြင့် ရေရှည် ငြိမ်းချမ်းရေးနှင့်ချစ်ကြည်ရေး ဆက်ဆံမှုများကို ဖွံ့ဖြိုးတိုးတက်စေကြပါမည်။

(ခ) အထက်ဖော်ပြပါ မူများနှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတန်းတို့ကို လိုက်နာ စောင့်ထိန်းလျက် ဤစာချုပ် ချုပ်ဆိုကြသော ကာယကံရှင် နိုင်ငံများသည် မိမိတို့ အပြန်အလှန် ဆက်ဆံရေးတွင် အငြင်းပွားမှုမှန်သမျှကို အင်အား အသုံးပြုခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို အားမကိုးပဲ ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဖြေရှင်းကြမည်ဖြစ်ကြောင်း အတိအလင်း ကြေငြာကြပါသည်။

အပိုဒ် (၂)

စာချုပ် ချုပ်ဆိုကြသော ကာယကံရှင်နိုင်ငံများသည် အိမ်နီးချင်းကောင်း စိတ်ဓာတ်နှင့် ချစ်ကြည်ရေးစိတ်ဓာတ်အရင်း၊ တန်းတူရည်တူရှိရေး၊ နှစ်ဦးနှစ်ဝ အကျိုးရှိရေးနှင့် တနိုင်ငံ၏ ပြည်တွင်းရေးကို တနိုင်ငံကဝင်ရောက် မစွက်ဖက်ရေးမူများနှင့်အညီငင်း နှစ်နိုင်ငံစီးပွားရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေး ကိစ္စရပ်များကို ထပ်မံတိုးတက်စေရန်နှင့် နှစ်နိုင်ငံပြည်သူများ ဆက်ဆံရေး တိုးမြှင့်စေရန် ကြိုးပမ်းကြပါမည်။

အပိုဒ် (၃)

လက်ရှိ စာချုပ်သည် စာချုပ် ချုပ်ဆိုသော ကာယကံရှင် နိုင်ငံတနိုင်ငံ၏ အခြားနိုင်ငံများနှင့်ပတ်သက်သော အနေအထားကို ထိခိုက်စေလိမ့်မည်မဟုတ်ပါ။

အပိုဒ် (၄)

(က) လက်ရှိ စာချုပ်ကို အတည်ပြုရဦးမည် ဖြစ်ပြီး တိုကျိုမြို့တွင် အတည်ပြု စာချွန်တော်များ လဲလှယ်သည့် နေ့ရက်တွင် စတင် အသက်ဝင်စေရမည်။ လက်ရှိစာချုပ်သည် ၁၀ နှစ်ကာလအထိ အတည်ဖြစ်နေရမည်။ ၁၀ နှစ်ကာလ နောက်

ဂျပန်နိုင်ငံသည် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော ဝန်ကြီးချုပ်ဖူကူဒါခေါင်းဆောင်သည့်လစ်ဗရယ်ဒီမိုကရက်တစ်ပါတီ အစိုးရလက်ထက်တွင် နိုင်ငံခြား ကုန်သွယ်ရေးနှင့် နိုင်ငံရေးရာ ဆက်ဆံမှုတို့တွင် များစွာတိုးတက်လာခဲ့သည်။ သို့ရာတွင် ပြည်တွင်းရေးရာကိစ္စများ၌ နိုင်ငံရေးအရငင်း၊ လူမှုရေးအရငင်း မငြိမ်မသက်ဖြစ်ကာ အစိုးရပြောင်းလဲရသည်အထိ ကြုံခဲ့ရသည်။ အထူးအားဖြင့် ဝန်ကြီးချုပ် ဖူကူဒါသည် အမေရိကန်နှင့် အနောက် ဥရောပနိုင်ငံများက ဂျပန်နိုင်ငံအား ပြည်ပပို့ကုန်ပစ္စည်းများ ထုတ်လုပ်မှုလျော့ချ၍ ပြည်တွင်းသုံးများကို ပိုမိုအလေးပေးထုတ်လုပ်ရန် အကြပ်ကိုင် ခြိမ်းခြောက်လာသည့် အခြေအနေကို အဆင်ပြေပြေဖြစ်မြောက်စေရန်အတွက် အစိုးရကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထို့သို့အစိုးရသစ်ဖွဲ့စည်းပြီးနောက် မရွေးမနှောင်းမှာပင် ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ၁၉၇၀ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အမေရိကန်–ဂျပန်နှစ်နိုင်ငံ ကုန်သွယ်ရေးစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးခဲ့ကြသည်။ ဂျပန်နိုင်ငံသည် ၁၉၇၀ ခုနှစ်တွင် ငွေကုန်ငွေရာပေါင်း ၂၄ ဒသမ ၇၀ ဒေါ်လာကုန်သွယ် ပိုငွေပြခဲ့ရာ ၁၉၇၇ ခုနှစ်ထက် ဒေါ်လာငွေကုန်ငွေတရာ ပိုမိုမျှားပြားလာခဲ့သည်။ ထိုကြောင့် ဂျပန်နိုင်ငံ၏ ကုန်သွယ်ပိုငွေပြမှုကိုလျော့ချရန်အတွက် ဂျပန်အနေဖြင့် ပြည်ပသွင်းကုန်များကို ပိုမိုကင်းလွတ်ခွင့် ပေးရန်ကြိုးပမ်းမည်ဟု ဝန်ကြီးချုပ်ဖူကူဒါက ထုတ်ဖော်ကြေငြာခဲ့သည်။ ထို့အပြင် ဂျပန်နိုင်ငံသည် သံမဏိထည်ပစ္စည်းများ၊ ရုပ်မြင်သံကြားရေဒီယို စက်များ သဘော်နှင့် မော်တော်ယာဉ်များ၏ ပြင်ပထုတ်ကုန်ထိန်းချုပ်မည့်အပြင် ပြည်တွင်းသို့ပြည်ပမှ သွင်းသောအမဲသားကို ပိုမိုသွင်းယူစားသုံးမည်ဟုလည်း ကြေငြာခဲ့လေသည်။

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝါဒ၏ အဓိက ဦးတည်ဆောင်ရွက်ချက်မှာ ကုန်သွယ်ရေးပင်ဖြစ်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများနှင့်၎င်း၊ ဆိုဗီယက် ရုရှပြည်ထောင်စု တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အာရှ၊ အာဖရိကတိုက်ရှိ နိုင်ငံများနှင့်၎င်း ကုန်သွယ်မှု၊ အရင်းအနှီးမြှုပ်နှံမှုတို့ကို တိုးတက်ဆောင်ရွက်ခဲ့သည်။ နိုင်ငံခြားဆက်ဆံရေးတွင် ဂျပန်နိုင်ငံသည် ဆိုဗီယက် ရုရှနိုင်ငံနှင့် ၁၉၇၈ ဧပြီလ ၂၁ ရက်နေ့တွင် နှစ်နိုင်ငံ ငါးဖမ်းသဘောတူ စာချုပ် ချုပ်ဆိုခဲ့ပေသည်။

၁၉၇၈ ခုနှစ် အတွင်း ဂျပန်နိုင်ငံတွင် ပြည်တွင်းရေးမငြိမ်မသက်မှုများ ရှိခဲ့သည်။ စီးပွားရေးအရ ဂျပန်၏ယန်းငွေသည် ခိုင်မာ၍ တန်ဖိုးတက်လျက်ရှိသော်လည်း ပြည်တွင်းသုံးထုတ်လုပ်ရေးတွင် ခုနစ်ရာနှုန်းအထိ တိုးမြှင့်ထုတ်လုပ်ပါမည်ဟု ကတိပြုခဲ့သော ဝန်ကြီးချုပ် ဖူကူဒါ၏အစိုးရ ပိုင်းတွင် ဤအပိုဒ်၏ပိုဒ်ခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်တန်းကုန်ဆုံးသည့်တိုင် ဆက်လက် အတည်ဖြစ်နေရပါမည်။

(ခ) စာချုပ် ချုပ်ဆိုသော နိုင်ငံတနိုင်ငံသည် ၁၀ နှစ်ကာလ ကုန်ဆုံးချိန်တွင်ဖြစ်စေ၊ ၁၀ နှစ်ကာလ နောက်ပိုင်း နှစ်သက်ရာ အချိန်တွင်ဖြစ်စေ အခြား စာချုပ် ချုပ်ဆိုသော နိုင်ငံသို့ တနှစ်ကြိုတင်၍အကြောင်းကြားစာရေးသားပေးပို့ပြီး လက်ရှိ စာချုပ်ကို အဆုံးသတ်နိုင်ခွင့်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် မစ္စတာ ဖူကူဒါက ဂျပန်နှင့်တရုတ် နှစ်ပြည်ထောင်ဆက်ဆံရေးတွင် အခန်းကဏ္ဍသစ် တရပ်ကို ဖွင့်ပေးလိုက်ပြီ ဖြစ်ကြောင်း၊ ယခုနှစ် နှစ်ပြည်ထောင်ငြိမ်းချမ်းရေးနှင့်ချစ်ကြည်ရေးစာချုပ်ကိုချုပ်လိုက်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူတို့ သားစဉ်မြေးဆက် ငြိမ်းချမ်းချစ်ကြည်စွာ ဆက်ဆံနိုင်ရေးအခြေခံကို ဆတက်ထမ်းပိုးတိုး၍ ခိုင်မာစေခဲ့ပြီဟု မိမိယုံကြည်ကြောင်း၊ ဤစာချုပ်သည် မိမိတို့ နှစ်ပြည်ထောင်၏ အနာဂတ် အကျိုးအတွက် အထောက်အကူပြုသည်သာမကပဲ အာရှပစိဖိတ်ဒေသနှင့် ကမ္ဘာတဝန်းလုံး ငြိမ်းချမ်းတည်ငြိမ်ရေး တို့အတွက်လည်း ကြီးစွာ အထောက်အကူပြုကြောင်း ဖော်ပြခဲ့လေသည်။

ဩဂုတ်လ ၁၂ ရက်နေ့တွင် ပီကင်းမြို့၌စာချုပ်ကိုလက်မှတ်ရေးထိုးပြီးနောက် ထိုစာချုပ်ကို တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူကွန်ဂရက်အမြဲတမ်းကော်မတီက ဩဂုတ်လ ၁၆ ရက်နေ့တွင် အတည်ပြုခဲ့လေသည်။

ဂျပန်နိုင်ငံကလည်း တရုတ်ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးစာချုပ်ကို ဂျပန်အောက်လွှတ်တော်တွင် အောက်တိုဘာလ ၁၆ ရက်နေ့၌ အတည်ပြုခဲ့ပြီး ဂျပန် အထက်လွှတ်တော်တွင် အောက်တိုဘာလ ၁၈ ရက်နေ့၌ ထပ်မံအတည်ပြုခဲ့လေသည်။

ဆင်ကာကူကျွန်းစု ပိုင်ဆိုင်မှုကို ဂျပန်နိုင်ငံ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တိုင်းဝမ်တို့က အသီးသီးကြေငြာတောင်းဆိုခဲ့ကြပြီး အငြင်းပွားလျက်ရှိသည်။

၁၉၇၈ ခုနှစ် ဧပြီလက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငါးဖမ်းသဘောများသည် ထိုကျွန်းစု၏ ရေပြင်ပိုင်နက် ၁၂ မိုင်အတွင်းသို့ ဝင်ရောက်ခဲ့သော ပြဿနာတရပ် ဖြစ်ပွားခဲ့သည်။

သို့ရာတွင် တရုတ်–ဂျပန် ငြိမ်းချမ်းရေး နှင့် ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုပြီးနောက် တရုတ် ဒုတိယဝန်ကြီးချုပ် တိန့်ရှောင် ဖိန်က ဂျပန်နိုင်ငံအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ် ပါတီအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ နာကာဆိုနဲအား အဆိုပါပြဿနာမျိုး ထပ်မံ ပေါ်ပေါက်စေမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

သည် ထိုရည်မှန်းချက်ကိုမဖြည့်ဆည်းနိုင်ပဲရှိခဲ့သည်။ ထို့ပြင် အလုပ်လက်မဲ့ဦးရေမှာ တိုးသည်ထက် တိုးပွားလာခဲ့သည်။ ၁၉၇၈ ခုနှစ် ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေမှာ တနှစ်ပတ်လုံး၌ ပျမ်းမျှ ၁,၂၄၀,၀၀၀ ဖြင့် ဒုတိယ ကမ္ဘာစစ်ပြီးခေတ် စံချိန်ထူခဲ့သည်။ အလုပ်လက်မဲ့ဦးရေနှုန်းမှာ ၂ ဒသမ ၂ ဖြစ်ပြီး တတိယ အမြင့်ဆုံးစံချိန်ဖြစ်သည်။ ၁၉၅၅ ခုနှစ်က ၂ ဒသမ ၅ ရာနှုန်း၊ ၁၉၅၆ ခုနှစ်က ၂ ဒသမ ၃ ရာနှုန်းစသည်ဖြင့် အမြင့်ဆုံးရှိခဲ့ဖူးသည်။ အလုပ်နေရာချထားရေးအခြေအနေအရမူ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်လုပ်ငန်းတို့ဖက်တွင် အခြေအနေကောင်းမွန်လျက်ပင် ရှိသော်လည်း ထုတ်လုပ်ရေးနှင့် အခြားသော စက်မှုလုပ်ငန်းတို့တွင် နှေးကွေးထိုင်းမှိုင်းလျက်ရှိလေသည်။

ဝန်ကြီးချုပ် ဖူကူဒါအစိုးရသည် ထိုပြည်တွင်းရေးတွင် အောင်မြင်မှုကိုရရှိရန် ကြိုးပမ်းနေရဆဲတွင် အာဏာရ လစ်ဗရယ်ဒီမိုကရက်တစ် ပါတီတွင်း မကျေနပ်မှုများ၊ သင်းကဲ့အုပ်စုဖွဲ့မှုများကြောင့်ပါတီစည်းလုံးညီညွတ်ရေးကိုပျက်ပြယ်စေရန်ဖန်တီးလျက်ရှိသည်။ ဖူကူဒါခေါင်းဆောင်သောအုပ်စုကို အတိုက်အခံပြုမှုများ တိုးတက်များပြား လာခဲ့သည်။ အထူးအားဖြင့် ပြည်တွင်းရေးရာတွင် ပြည်သူတို့၏ စားဝတ်နေရေး၊ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတို့နှင့်စပ်လျဉ်း၍မကျေမနပ်ရှိလာခဲ့ကြသည်။ အာဏာရ လစ်ဗရယ်ဒီမိုကရက်တစ်ပါတီကို ဆက်လက်ပြီးဦးဆောင်ရန် ဖူကူဒါ၏ စွမ်းရည် အပေါ် သံသယရှိလာခဲ့ကြသည်။ ထို့ကြောင့် ပါတီဥက္ကဋ္ဌ နေရာအတွက် အခြေခံရွေးကောက်ပွဲကို ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပရာ၌ ဖူကူဒါသည် ပါတီအထွေထွေအတွင်းရေးမှူး အိုဟီရာနှင့် ယှဉ်ပြိုင်ရာတွင် အရေးရှုံးနိမ့်သွားခဲ့လေသည်။ သို့ဖြင့် ဝန်ကြီးချုပ် တာကေအို ဖူကူဒါ ခေါင်းဆောင်သော ဂျပန်နိုင်ငံ အစိုးရ အဖွဲ့တဖွဲ့လုံးသည် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရာထူးမှနုတ်ထွက်လိုက်ကြသည်။ မာဆာယိုရှိအိုဟီရာသည် အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြောက်ခံရသဖြင့် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြောက်ခံရသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် မာဆာယိုရှိအိုဟီရာသည် ဂျပန်နိုင်ငံ၏ ၄၃ ဦးမြောက်ဝန်ကြီးချုပ်ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးချိန်မှ စတင်ရေတွက်လျှင် ၁၄ ဦးမြောက်ဝန်ကြီးချုပ်ဖြစ်လေသည်။

ဂျမေးကားကျွန်း။ ။ (၃–၁၁၂—ရှ။) ဂျမေးကားကျွန်းသည် ဗြိတိသျှပိုင် အနောက်အိန္ဒိယကျွန်းစုတွင် အ



ကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်၍ နိုင်ငံအကျယ်အဝန်းမှာ စတုရန်း မိုင် ပေါင်း ၄,၂၃၂ မိုင် ရှိသည်။ ၁၉၇၇ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၂,၀၉၀,၀၀၀ ခန့်ရှိသည် ဆရစ်ယန် ဘာသာ ကိုးကွယ်ကြသူများ လူများစုဖြစ်ပြီး အင်္ဂလိပ် ဘာသာစကားများ အများသုံး ဘာသာစကား ဖြစ်သည်။ ကျူးဗားကျွန်း၏ တောင်ဖက် မိုင် ၉၀ ခန့် အကွာ တွင် တည်ရှိ လေသည်။

ရွေးအခါက ဤကျွန်းသည် ရက်စက်ကြမ်းကြုတ်သော ပင်လယ်ခားပြများ၏ စခန်းချရာဌာနဖြစ်ခဲ့ဘူးပြီး ကိုလံဗပ်တွေ့ရှိပြီးသည့်နောက် ၁၅ နှစ်ခန့်အကြာတွင် စပိန်လူမျိုးတို့ အခြေချခဲ့သည်။ ၁၆၅၅ ခုတွင် အင်္ဂလိပ်ပိုင် ကိုလိုနီတခုအဖြစ်ဖြင့် ဗြိတိသျှတို့က သိမ်းယူခဲ့သည်။ အုပ်ချုပ်ရေးတွင် ဂျမေးကားကျွန်းနှင့် တွဲဖက်ထားသော ကျွန်းငယ်များမှာ တာ့ကျွန်း၊ ကေးကပ်ကျွန်းနှင့် ကားမန်းကျွန်းများဖြစ်ကြ၏။

၁၉၄၄ ခုနှစ်တွင် အုပ်ချုပ်ရေးဥပဒေအရ ဘုရင်ခံက ဥပဒေပြုကောင်စီ ဖွဲ့စည်းကာအုပ်ချုပ်လေသည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ၁၉၄၀ ပြည့်နှစ်တွင် ဗြိတိသျှအစိုးရသည် ဂျမေးကားကျွန်းမှ နေရာတနေရာကို ရေတပ်စခန်းပြုလုပ်ရန်အတွက် အမေရိကန်ပြည်သို့ ငှားရမ်းခဲ့သည်။ ၁၉၆၂ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ဂျမေးကားကျွန်း လွတ်လပ်ရေးရခဲ့သည်။

ဂျမေးကားကျွန်းသည် ဗြိတိသျှဓနသဟာယအဖွဲ့ဝင်နိုင်ငံတနိုင်ငံဖြစ်လာ၍ နိုင်ငံဝန်ကြီးချုပ်မှာ မစ္စတာမိုက်ကယ်မင်လီဖြစ်သည်။ မိုက်ကယ်မင်လီမှာ ပြည်သူအမျိုးသားပါတီ ခေါင်းဆောင်ဖြစ်၍ အထွေထွေ ရွေးကောက်ပွဲတွင် သူ၏ပါတီက အနိုင်ရရှိသဖြင့် အစိုးရဖွဲ့သောအခါ သူသည် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဖြစ်လာခဲ့လေသည်။

ဂျမေးကားနိုင်ငံတွင် ဥပဒေပြုလွှတ်တော် နှစ်ရပ်ရှိရာ အောက်လွှတ်တော်ကို ပြည်သူအများက ရွေးချယ်တင်မြောက်သော အမတ်ဦးရေ ၅၃ ဦးဖြင့် ပါဝင်ဖွဲ့စည်း၍ အထက်လွှတ်တော်တွင် အမတ် ၂၁ ဦးဖြင့် ပါဝင်ဖွဲ့စည်းထားလေသည်။ ဂျမေးကားနိုင်ငံသုံးငွေကြေးမှာ ဂျမေးကားဒေါ်လာဖြစ်သည်။ ယင်းဒေါ်လာငွေကို ၁၉၇၇ ခုနှစ် ဧပြီလတွင်တကြိမ်၊ ၁၉၇၇ ခုနှစ် အောက်တိုဘာလတွင်တကြိမ် နှင့် ၁၉၇၈ ခုနှစ် ဇန္နဝါရီလတွင်တကြိမ် စုစုပေါင်းသုံးကြိမ် မျှတန်ဖိုးချခဲ့သည်။

၁၉၇၇ ခုမေလ၌ အမေရိကန်သမ္မတကတော် ရိုစလင် ကာတာသည် ကျမေးကားကျွန်းသို့ အလည်အပတ် သွားရောက်ခဲ့သည်။ ထိုနောက် ကျမေးကားနိုင်ငံသို့ အမေရိကန်အစိုးရ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအေဂျင်စီမှ အမေရိကန်ဒေါ်လာငွေ ၆,၃၄,၀၀,၀၀၀ ကို ထောက်ပံ့ချေးငှားခဲ့သည်။ များမကြာမီပင် ကျမေးကားဝန်ကြီးချုပ် မိုက်ကယ်မင်လီသည် အမေရိကန်သမ္မတ ဂျင်မီကာတာနှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့သို့ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် သွားရောက်ခဲ့သည်။

မိုက်ကယ်မင်လီသည် အောက်တိုဘာလကုန် ရက်များနှင့် နိုဝင်ဘာလဆန်းရက်များတွင် အနောက်ဥရောပ နေ့ဝေနှင့် ဆိုဒင်နိုင်ငံများသို့ သွားရောက်ကာ စီးပွားရေးနှင့် ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန် သဘောတူညီချက် ရခဲ့လေသည်။

ကျမေးကားနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စု အစိုးရနှင့် စီးပွားရေး ကျွမ်းကျင်မှု ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်အရ ကျမေးကားနိုင်ငံ အနောက်ပိုင်း၌ ဘိလပ်မြေစက်ရုံ တည်ဆောက်ရန် သယ်ဇာတခေတ်သတ္တုများ တူးဖော်ရန်နှင့် ရေအားလျှပ်စစ်အခြေအမြစ်များ လေ့လာရှာဖွေရန် ကိစ္စများအတွက် ဆိုဗီယက်အစိုးရက ကျမေးကားနိုင်ငံသို့ အမေရိကန် ဒေါ်လာငွေ သန်းပေါင်း ၇၀ ကူညီထောက်ပံ့ရမည်ဖြစ်ပေသည်။ ယင်းစာချုပ်အရ ကျမေးကားကျောင်းသားများသည် ဆိုဗီယက်ပြည်ထောင်စုရှိ စက်မှုအသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများတွင် တက်ရောက်သင်ကြားခွင့်ရှိပြီး ဆိုဗီယက် ကျောင်းဆရာများကိုလည်း ကျမေးကားနိုင်ငံသို့ စေလွှတ်ခဲ့လေသည်။

ကျွန်တော်လိုကျ (ဇရာပေဒ—ရှု။)

ကျာမနီနိုင်ငံ၊ပြည်ထောင်စုသမ္မတ။ ။ ပြည်ထောင်စုသမ္မတ ကျာမနီနိုင်ငံ၏ အကျယ်အဝန်းသည် ၉၅,၈၁၅ ရှိ၍ ၁၉၇၇ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၆၁,၄၀၀,၀၀၀ ခန့် ရှိသည်။ စက်မှု တိုးတက်ထွန်းကားသော နိုင်ငံများတွင် ရေနံ လောင်စာ စွမ်းအင် ပြဿနာကြောင့် စီးပွားရေး အ



ခက်အခဲနှင့် ကြုံတွေ့ခဲ့ရသလို ပြည်တွင်း တိုးတက်ထုတ်လုပ်မှု စံချိန်လည်း နှေးကွေးခဲ့ရလေသည်။ သို့သော် ငွေကြေးဖောင်းပွမှုဒဏ်ကိုကား ကာကွယ်နိုင်ခဲ့ရုံမျှမက တဟုန်ထိုးကျဆင်းလျက်ရှိသော အမေရိကန်ဒေါ်လာ၏ အခြေယိုင်မှုကိုလည်း ဖေးမ ကျားကန် ကူညီပေးနိုင်ခဲ့သည်။ ယခုအခါ အမေရိကန်၏ ရှေ့မျှားကိုဝယ်ယူ၍ ဒေါ်လာမတည်ငြိမ်မှုကို ထိန်းသိမ်းပေးလျက်ရှိသော နိုင်ငံတနိုင်ငံဖြစ်သည်။ တချိန်တည်းမှာပင် ပြည်တွင်းတိုးတက်ထုတ်လုပ်မှုကို ကြိုးပမ်းဆောင်ရွက်လျက် ပြည်ပထုတ်ကုန်တင်သွင်းမှုကို လျှော့ချရန် စီစဉ်လုပ်ဆောင်လျက်ရှိလေသည်။

ပြည်ထောင်စုသမ္မတ ကျာမနီနိုင်ငံ သမ္မတ ဝါလတာရှေးသည် ကမ္ဘာ့စီးပွားရေး အခက်အခဲ ဖြေရှင်းနိုင်ရေးကို ရှေးရှု၍ ကျပန်နိုင်ငံသို့ ကျပန် ဝန်ကြီးချုပ် ဖူကူဒါနှင့် ဆွေးနွေးရန် သွားရောက်ခဲ့သည်။ ၁၉၇၈ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် သမ္မတ ဝါလတာရှေးနှင့် ကျပန် ဝန်ကြီးချုပ် ဖူကူဒါတို့က စက်မှု တိုးတက်ထွန်းကားသောနိုင်ငံများသည် လက်ရှိစီးပွားရေး အခက်အခဲများကို ကျော်လွှန်နိုင်စေရန် ပိုမို ကြိုးပမ်းရမည်ဟု ဆွေးနွေး သဘောတူညီခဲ့ကြသည်။ အလားတူပင် ပြည်ထောင်စု သမ္မတကျာမနီနိုင်ငံဝန်ကြီးချုပ် ဟဲလမွတ်ရှမစ်သည်လည်း ကမ္ဘာ့စီးပွားရေး အခက်အခဲ ဖြေရှင်းနိုင်ရေးအတွက် အမေရိကန် ပြည်ထောင်စု၊ ကျပန်နိုင်ငံ၊ ဥရောပနိုင်ငံ ခေါင်းဆောင်များနှင့် အကြိမ်ကြိမ် တိုင်ပင် ဆွေးနွေးခဲ့လေသည်။

၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှ စတင်ကာ ပြည်ထောင်စု သမ္မတ ကျာမနီနိုင်ငံ ဗဟန်း မြို့တော်တွင် ကမ္ဘာ့အကြွယ်ဝချမ်းသာဆုံး စက်မှုနိုင်ငံ ခုနစ်နိုင်ငံတို့၏ ထိပ်သီးညီလာခံကို သုံးရက်ကြာ ကျင်းပခဲ့သည်။ ယင်း ထိပ်သီးညီလာခံသို့ အမေရိကန်ပြည်ထောင်စု သမ္မတ ဂျင်မီကာတာ၊ ဗြိတိသျှဝန်ကြီးချုပ် ဂျိမ်းကယ်လဟန်၊ ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ပီယဲအဲလီယော့ထရူးဒိုး၊ ပြင်သစ် ဝန်ကြီးချုပ် ဂစ္စကတ်ဒက်စတိုင်း၊ အီတလီနိုင်ငံ ဝန်ကြီးချုပ် အင်ဒရီ ရော့တီ၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် တာကေအို ဖူကူဒါနှင့် ပြည်ထောင်စု သမ္မတ ကျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟဲလမွတ်ရှမစ်တို့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။ ထိုညီလာခံတွင် ကမ္ဘာအနှံ့ တိုးတက်လျက်ရှိလာသော အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းရေး၊ ငွေဖောင်းပွမှု အန္တရာယ် ပြန့်ပွားမှုကို ကာကွယ်ရေး၊ ပြည်ပထုတ်ကုန်များကို ညှိနှိုင်း တင်သွင်းရေး၊ ပြည်တွင်းသုံး ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်ရေး၊ ဒေါ်လာငွေကြေး ကျဆင်းမှုကို ကျားကန်ပေးမှုပြုရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ထိုထိပ်သီး ညီလာခံမှ မမျှော်လင့်ပဲ ထွက်ပေါ်လာသော ရလဒ်တခုသည် ဝန်ကြီးချုပ် ဟဲလမွတ်ရှမစ်အဖို့ ခေါင်းခဲလျက်ရှိသောအကြမ်းဖက်

အာဖရိကတိုက်ရှိ နိုင်ငံများနှင့် လက်တင်အမေရိက နိုင်ငံများနှင့် တိုးတက် ဆက်ဆံနိုင်ခဲ့ပေသည်။

၁၉၇၈ ခုနှစ်တွင် အရှေ့ကျမန်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးချုပ် ဝါနာလမ်း ဘာသည် လစ်ဗျနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခဲ့စဉ် လစ်ဗျနိုင်ငံ ထရီပိုလီမြို့တော်အနီးတွင် ရဟတ်ယာဉ်ပျက်ကျသဖြင့် ကွယ်လွန်သွားခဲ့လေသည်။

၁၉၇၈ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် လစ်ဗျအာရပ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတကဒတ်ဖီသည် အရှေ့ကျမန်နိုင်ငံသို့ ချစ်ကြည်ရေး ခရီးအဖြစ် ရောက်ရှိလာခဲ့လေသည်။

အရှေ့ကျမန်နိုင်ငံသည် ပြည်ထောင်စုသမ္မတ ကျမန်နိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းရေးကိုလည်း၊ ဘာလင်မြို့ကို နယ်ခြားသတ်မှတ်ခြင်းမှ ကင်းလွတ်စေကာ လွတ်လပ်စွာ သွားလာရေးကိုလည်း ဆက်လက် ကြိုးပမ်း ဆွေးနွေးလျက်ရှိလေသည်။

ကျမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ။ ။အရှေ့ကျမန်နိုင်ငံဟူ၍ လူသိများသော ကျမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံသည်အရှေ့ဥရောပ ကွန်မြူနစ် နိုင်ငံများ အနက် စက်မှုလုပ်ငန်း အတိုးတက်ဆုံးနိုင်ငံအဖြစ် ရပ်တည်လျက် ရှိသည်။ နိုင်ငံ၏ အကျယ်အဝန်းမှာစတုရန်းမိုင်၄၀,၆၄၆ ရှိ၍ ၁၉၇၀ ခု ခန့်မှန်းခြေစာရင်းအရ လူဦးရေ ၁၆,၇၇၀,၀၀၀ ခန့်ရှိသည်။



၁၉၇၇–၇၀ ခုနှစ်အတွင်း ကမ္ဘာ့စက်မှုနိုင်ငံများတွင် ရေနံလောင်စာ ခက်ခဲမှုကြောင့် စွမ်းအင်ပြဿနာနှင့် ရင်ဆိုင်ရကာ စက်မှုလုပ်ငန်းများ ထိခိုက် နစ်နာခဲ့ကြရသော်လည်း အရှေ့ကျမန်နိုင်ငံအဖို့မူ ယင်းအခက်အခဲကို ကျော်လွှန်နိုင်ခဲ့၍ ကုန်ပစ္စည်းထုတ်လုပ်ရေး ထိခိုက်ခြင်းမခံခဲ့ရပေ။ ငွေဖောင်းပွမှု စီးပွားရေး အကျပ်အတည်းမရှိခဲ့သည့်အပြင် ကုန်သွယ်ရေးနှင့် ထုတ်လုပ်ရေးတို့ကို ဥရောပနိုင်ငံများထက် ဆက်လက်၍ တိုးတက်အောင် ဇောက်ချ၍ လုပ်ဆောင်နိုင်ခဲ့ပေသည်။

အရှေ့ကျမန်နိုင်ငံသည် အနောက်ဥရောပ ဒီမိုကရေစီနိုင်ငံများနှင့်၎င်း၊ ဂျပန်နှင့် အမေရိကန် ပြည်ထောင်စုနှင့်၎င်း သင့်မြတ်စွာ ဆက်ဆံကုန်သွယ်ခဲ့သော နိုင်ငံတနိုင်ငံဖြစ်သည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံများ၊

ကျော်ဒန်နိုင်ငံ။ ။ ကျော်ဒန်နိုင်ငံသည် ၁၉၄၈ ခုနှစ် မေလ ၁၄ ရက်နေ့တွင် အင်္ဂလိဝယ်နိုင်ငံကို ထူထောင်လိုက်ရာတွင် ယင်း နိုင်ငံသစ်ကို ဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြသည့် အာရပ်နိုင်ငံများနှင့်အတူ ပူးပေါင်း ပါဝင်တိုက်ရာ၌ ကျော်ဒန်မြစ် အနောက်ဖက်ကမ်းမြောင် ဒေသနှင့် ဂျရူးဆလမ်း မြို့တို့ကို



သိမ်းပိုက်ရရှိခဲ့သည်။ သို့ရာတွင် ခြောက်ရက်ကြာစစ်ပွဲဟု အမည်တွင်သော ၁၉၆၇ ခုနှစ် အာရပ် အင်္ဂလိယယ်တို့၏ တတိယ အကြိမ် ဖြစ်ပွားသော စစ်ပွဲတွင် အီဂျစ်နှင့် ဆီးရီးယားတို့ဖက်မှ ပါဝင်တိုက်ခိုက်ခဲ့ရာ၌ ယင်းနယ်မြေများ ဆုံးရှုံးလက်လွတ်ခဲ့ရသည်။ ထိုကာလမှစ၍ ယနေ့တိုင်အောင်ပင် ကျော်ဒန်မြစ် အနောက်ဖက်ကမ်းမြောင် ဒေသနှင့် ဂျရူးဆလမ်းမြို့တို့ကို ပြန်လည်ရရှိရေးသည် ကျော်ဒန်နိုင်ငံအဖို့ ကြီးလေးသော ပြဿနာတရပ်အဖြစ် ရပ်တည်လျက် ရှိလေသည်။

ကျော်ဒန်နိုင်ငံသည် ၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားသော အီဂျစ်၊ ဆီးရီးယား အာရပ်နှစ်နိုင်ငံနှင့် အင်္ဂလိယယ်တို့၏ စတုတ္ထအကြိမ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်း မရှိခဲ့သော်လည်း စစ်ရေးကူညီမှုကိုမူ ပေးခဲ့သည်။ ထိုစစ်ပွဲတွင် အာရပ်တို့ဖက်မှ ယခင်သိမ်းပိုက်ခြင်း ခံခဲ့ရသော

ဆိုင်းနိုင်းဒေသအချို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ယင်း စစ်ပွဲသည် ပိုမိုပြင်းထန်ကာကျယ်ပြန့်လာပြီး အာရှအလယ်ပိုင်း ငြိမ်းချမ်းရေးကိုသာမက ကမ္ဘာ့ငြိမ်းချမ်းရေးကိုပါထိပါးလာနိုင်ဖွယ်ရာရှိသည်ကို ဆင်ခြင်သုံးသပ်မိသဖြင့် ထိုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲခဲ့ကြသည်။

အပစ်အခတ် ရပ်စဲပြီးနောက် ငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းကြရာ၌ အင်္ဂရိယယ်နိုင်ငံသည် သိမ်းပိုက်ထားသော နယ်မြေအချို့ကို ဆက်လက် ထိန်းသိမ်းထားမြဲရှိသဖြင့် ငြိမ်းချမ်းရေးလည်းမရ၊ စစ်လည်းမတိုက်ရသော အခြေအနေတွင်ရပ်တန့်နေလျက်ရှိရာ ထိုတင်းမာမှုကိုလျော့ပါးကာ ငြိမ်းချမ်းရေးလမ်းစပျိုးစေရန် ရည်သန်သောအားဖြင့် အီဂျစ်သမ္မတ ဆဒတ်ကိုယ်တိုင် အင်္ဂရိယယ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ ထိုကာလမှစ၍ ယနေ့ တိုင်အောင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကို ဆွေးနွေးလျက်ပင် ရှိသည်။ ထိုသို့ဆွေးနွေးရာ၌ ကျော်ဒန်မြစ် အနောက်ဖက်ကမ်းမြောင်ဒေသကို လွှတ်လပ်ရေးပေးရန်နှင့် ဂျရူးဆလမ်းမြို့ အုပ်ချုပ်ပိုင်ဆိုင်ရေး ပြဿနာတို့သည် စေ့စပ်၍ မရလောက်အောင် အရေးကြီးဆုံး ပြဿနာအဖြစ် ရပ်တည်လျက်ရှိသည်။

ကျော်ဒန်နိုင်ငံတွင် ကျော်ဒန်မြစ်အနောက်ဖက် ကမ်းမြောင်ဒေသသည် လူနေအများဆုံး၊ စိုက်ပျိုးရေးအတွက် ကောင်းမွန် အစိုပြေဆုံး၊ စီးပွားရေး၊ လူမှုရေးအတွက် အချက်အချာ အကျဆုံးဒေသဖြစ်သည်။ ယင်းသို့ဖြစ်သည့် အလျောက် ဘုရင်ဟူစိန်သည် ပျော့ပျောင်းညင်သာသော နိုင်ငံရေးပရိယာယ်ကိုကျင့်သုံးလျက်၊ ကျင်းပလျက်ရှိသော အီဂျစ်၊အင်္ဂရိယယ် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ကိုယ်တိုင် ပါဝင်တက်ရောက်ခြင်း မပြုသော်လည်း ဆွေးနွေးပွဲကို ဆန့်ကျင်ကန့်ကွက်ခြင်း မရှိခဲ့ပေ။ ထို့ပြင် ဆီးရီးယား၊ လစ်ဗျနှင့် အယ်လဂျီးရီးယားစသော အီဂျစ်၊ အင်္ဂရိယယ်ဆွေးနွေးပွဲကိုဆန့်ကျင်သည့် တင်းမာသော အာရပ်နိုင်ငံတို့နှင့် လည်းပူးပေါင်းကာ ပယ်လက်စတိုင် လွှတ်မြောက်ရေးကို ဦးတည်ကာ ထောက်ခံခဲ့သည်။

ကျော်ဒန်နိုင်ငံဘုရင်ဟူစိန်သည် အမေရိကန်ပြည်ထောင်စုသို့ဌင်း၊ အိမ်နီးနားချင်း နိုင်ငံဖြစ်သော ဆအူးဒီအာရေဗျနိုင်ငံသို့ဌင်း ကျော်ဒန်မြစ် အနောက်ဖက်ကမ်းမြောင်ဒေသကိစ္စကို လွှန်းပျံသွားရောက် ဆွေးနွေးလျက်ရှိသည်။

အီဂျစ်၊ အင်္ဂရိယယ်နှင့် အမေရိကန်တို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ကျော်ဒန်နိုင်ငံပါဝင်ဆွေးနွေးရန် ဖိတ်ခေါ်ချက်ကို တရားဝင်အဖြစ် ထုတ်ပြန် ကြေငြာရာတွင် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ကမ္ဘာ့ ကုလသမဂ္ဂအထွေထွေညီလာခံ ၃၃ ကြိမ်မြောက် ကျင်းပရာ၌ ကျော်ဒန်နိုင်ငံခြားရေးဝန်ကြီး ဟက်ဆန် အီဗရာဟင်က "အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ကြိုးပမ်းရာတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းတရပ် ရရှိနိုင်ရန် အမေရိကန်ပြည်ထောင်စုနှင့် ဆက်လက်ဆွေးနွေးသွားမည်"ဟု ထုတ်ဖော်ကြေငြာခဲ့သည်။

ကျော်ဒန်ဘုရင်ဟူစိန်သည် ကျော်ဒန်မြစ် အနောက်ဖက်ကမ်းမြောင်ဒေသ၊ ဂျရူးဆလမ်းမြို့ နောင်ရေးနှင့်ပယ်လက်စတိုင်အရေးတို့ကို အမေရိကန်တွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိစဉ် အမေရိကန်ပြည်ထောင်စုဖွား အသက် ၂၆ နှစ်ရှိသော ပီဆာဟယ်လဗီ အမျိုးသမီးကို ၁၉၇၈ ခုနှစ်ဇွန်လ ၆ ရက်နေ့တွင် ထိမ်းမြားလက်ထပ်ယူ၍ ကျော်ဒန်နိုင်ငံ၏ ဘုရင်မအဖြစ် နူအာအယ်ဟူစိန် ဘွဲ့မည်ဖြင့် မိဖုရားကြီးအဖြစ် သိမ်းပိုက်တင်မြှောက်ခဲ့လေသည်။

၁၉၇၈ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စု သမ္မတကာတာက ကမကထပြု၍ အီဂျစ်သမ္မတ ဆဒတ်၊ အင်္ဂရိယယ်ဝန်ကြီးချုပ် ဗယ်ဂင်တို့ပါဝင်သော သုံးနိုင်ငံ ထိပ်သီးစည်းဝေးပွဲကို အမေရိကန်ပြည်ထောင်စု မေရီလင်းပြည်နယ် ဒေးဗစ်စခန်း၌ ကျင်းပခဲ့လေသည်။

ကျက်လေယာဉ်။ ။"သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှုရှိသည်" ဟူသော နယူတန်၏ တတိယ နိယမအပေါ် အခြေခံ၍ ကျက်အင်ဂျင်ကို တီထွင်ထားခြင်းဖြစ်သည်။ ကျက်အင်ဂျင်သည် နှစ်ဖက်စလုံး၌ အပိတ်မရှိသော ရေစည်နှင့် သဏ္ဌာန်တူပြီး ယင်း၏အလယ်ဗဟိုတွင် မီးလောင်ခန်းရှိသည်။ ကျက်အင်ဂျင်၏ အရှေ့ပိုင်းမှဝင်လာသော လေများသည် အရှိန်နှင့် လည်ပတ်လျက် ရှိသော ကျက်အင်ဂျင် ဒလက်များကို ဝင်တိုက်သည်။ ယင်းလေများသည် ကျက်အင်ဂျင် ဒလက်များ၏လည်ပတ်မှုကြောင့် မီးလောင်ခန်းအတွင်းသို့ ရုတ်ခြည်းဝင်သွားရပြီး ဖိအားပြည့်သိပ်အောင် ပိတ်လှောင်ခြင်း ခံရသည်။ ထို့နောက် ယင်းမီးလောင်ခန်းအတွင်း ဖိနှိပ်ထားသောလေကို အရည်လောင်စာနှင့် ရောစပ်မီအောင် ဖန်တီးပေးပြီး လောင်ကျွမ်းမှုကို ဖြစ်စေသည်။ ယင်းလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသော ဖိအားနှင့်အတူ လောင်ကျွမ်းပြီးသော ဓာတ်ငွေ့များသည်နောက်ဖက်မှကန်၍ထုတ်သွားကြသည်။ ကျက်အင်ဂျင်စက် တပ်ဆင်ထားသော ကျက်လေယာဉ်သည် ယင်းတွန်းကန်အားကြောင့် ပျံသန်းနိုင်ခြင်း ဖြစ်သည်။ နောက်သို့ ဓာတ်ငွေ့ပြင်းပြင်း ကန်၍ထုတ်လေလေ အဟုန်ပြင်းပြင်းနှင့် ပျံသန်းနိုင်လေလေ ဖြစ်သည်။



အသံထက်မြန်သော ဆိုဗီယက်နိုင်ငံလုပ် တီယူ ၁၄၄ ဂျက်လေယာဉ်ကြီးတစ်ခင်း

၁၉၃၀ ပြည့်နှစ်တွင် ဗြိတိသျှ သိပ္ပံပညာရှင် ဖရန့်ဝှစ်တဲလ်ဆိုသူက ဂျက်လေယာဉ်စက်ကို စတင်ကြံဆတီထွင်ခဲ့သည်။ တဖန် ၁၉၃၉ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ဂျာမန် သိပ္ပံပညာရှင် အန်းစတိုင်ကဲသည် ဂျက်လေယာဉ်ကို ပထမဆုံး တည်ဆောက်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံရှိ မတ်ဟူစတန် ကုမ္ပဏီက ပထမဆုံး ဂျက်အင်ဂျင်စက်ကို ထုတ်လုပ်ပြီး ၁၉၄၁ ခုနှစ်တွင် ယင်းဂျက်အင်ဂျင်တပ်ထားသော ဂလော့စတာအမည်ရှိ ဂျက်လေယာဉ်ကို စမ်းသပ်ပျံသန်းခဲ့သည်။ ယင်းအချိန်မှစ၍ ဂျက်လေယာဉ် ခေတ် စခဲ့သည်။

ဂျက်လေယာဉ်များသည် လေကိုအနည်းငယ် မျှသာ အသုံးပြုရသဖြင့် ရိုးရိုးပန်ကာတပ် လေယာဉ်များထက် ပိုမြန်သည်။ ထို့ကြောင့် စစ်ရေးများတွင် အသုံးပြုရန် အတွက် ဂျက်လေယာဉ်များ အပြိုင်အဆိုင် ထုတ်လုပ်ခဲ့ကြသည်။ ရုရှတို့သည် ဂျက်လေယာဉ်ကို ၁၉၄၂ ခုနှစ်တွင် တီထွင် စမ်းသပ်ခဲ့သော်လည်း ဒုတိယ ကမ္ဘာစစ်ကြောင့် နှောင့်နှေးခဲ့ရသည်။ ထို့နောက် ရုရှတို့သည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်လူမျိုး သိပ္ပံပညာရှင်တို့ထံမှ သိမ်းဆည်းရရှိခဲ့သည့် ဂျက်လေယာဉ် ထုတ်လုပ်ရေးဆိုင်ရာ အချက်များကို မိမိတို့ တီထွင်ထားသော နည်းများဖြင့် ပူးပေါင်းပြီး ၁၉၄၅ ခုနှစ် ဖေဖွဲ့ရီလတွင် လုပ်ငန်းပြန်လည် စတင်ခဲ့သည်။ ယင်း ၁၉၄၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ယက် ၁၅ အမျိုးအစား ဂျက်တိုက်လေယာဉ်နှင့် မစ် ၉ အမျိုးအစား ဂျက်တိုက်လေယာဉ်များကို ထုတ်လုပ်အသုံးပြုခဲ့သည်။ ထို့နောက် အဆင့်ဆင့် တိုးတက်ကြံဆခဲ့သော ကြောင့် ကမ္ဘာကျော် မစ် ၂၅ ဂျက်တိုက်လေယာဉ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ မစ် ၂၅ ဂျက်လေယာဉ်သည် ကမ္ဘာပေါ်တွင် အမြင့်ဆုံး၊ အမြန်ဆုံးနှင့် အဝေးဆုံးပျံသန်းနိုင်သော ဂျက်လေယာဉ် ဖြစ်သည်။

အမေရိကန်တို့သည် အိပ်စ်ပီ ၅၉ အေ အမျိုးအစား ဂျက်လေယာဉ်ကို ၁၉၄၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပထမဆုံးစမ်းသပ် ပျံသန်းခဲ့သည်။ ယင်းဂျက်လေယာဉ်သည် တနာရီလျှင် ၄၁၃ မိုင်နှုန်း ပျံသန်းနိုင်သည်။ ဆက်လက်၍ စမ်းသပ်မှုများပြုလုပ်ခဲ့ရာ ယခုအခါ

တွင် အသံထက် မြန်သော ကျက်တိုက်လေယာဉ် များပင် အသုံးပြုလျက် ရှိသည်။ ယင်း လေယာဉ်များ အနက် အက်ဖ ၁၆ ကျက်တိုက်လေယာဉ်သည် အသံထက် နှစ်ဆခွဲ ခန့် ပို၍မြန်အောင် ပံ့သန်းနိုင်သည်။အလားတူပင် ပြင်သစ် နိုင်ငံမှလည်း ကျက်အင်ကျင်တပ် အသံထက်မြန်သောမီးရပ် တိုက်လေယာဉ်များကိုထုတ်လုပ်လျက် ရှိသည်။

စစ်ရေးသုံး ကျက်လေယာဉ်များကို ယှဉ်ပြိုင်ထုတ်လုပ် ခဲ့ရာမှ ရရှိခဲ့သော အတွေ့အကြုံများကို မူတည်၍ သယ်ယူ ပို့ဆောင်ရေး ကျက်လေယာဉ်များကိုလည်း တည်ဆောက် ခဲ့ကြသည်။ ၁၉၅၃ ခုနှစ်တွင် ဗြိတိသျှ ပင်လယ်ရပ်ခြား လေကြောင်းသယ်ယူပို့ဆောင်ရေးကော်ပိုရေးရှင်းသည် ဒီဟဲ ဗလင် ကောမက် ကျက်လေယာဉ်များကို လေကြောင်း သယ်ယူပို့ဆောင်ရေး၌ ပထမဆုံး စတင်အသုံးပြုခဲ့သည်။ ထို့နောက် အမေရိကန်ပြည်ထောင်စုရှိ ဘိုးအင်း လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီက ကျက်အင်ကျင်တပ် ဘိုးရင်း ၇၀၇ ကျက်လေယာဉ်ကို ၁၉၅၄ ခုနှစ်တွင်၎င်း၊ ဆိုဗီယက် အဲရိုဖလုပ် လေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့က ကျက်အင် ကျင်တပ် တီယူ ၁၀၄ ကျက်လေယာဉ်ကို ၁၉၅၆ ခုနှစ်တွင်၎င်း အသီးသီး ထုတ်လုပ်ခဲ့သည်။ ယင်းသို့အားဖြင့် ကမ္ဘာ့လေ ကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ကျက်ခေတ်သို့ ကူးပြောင်းခဲ့သည်။ ယခုအခါအသံထက်မြန်သော သယ်ယူပို့ ဆောင်ရေး ကျက်လေယာဉ်များပင် အသုံးပြုနေပြီ ဖြစ်သည်။

၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ရုရှတို့သည် ကျက်အင်ကျင် လေးလုံးတပ် တီယူ ၁၄၄ အမျိုးအစား အသံ ထက်မြန်သော သယ်ယူပို့ဆောင်ရေး ကျက်လေယာဉ်ကို တနာရီမိုင် ၁၅၅၀ (အသံ၏မြန်နှုန်းမှာ တနာရီ ၇၆၁ မိုင် ဖြစ်သည်) အမြန်နှုန်းဖြင့် ပံ့သန်းပြခဲ့သည်။ ယင်းပံ့သန်းမှု မှာ ကမ္ဘာပေါ် တွင် ပထမဆုံးအကြိမ် အသံထက်မြန်သော သယ်ယူပို့ဆောင်ရေး လေယာဉ်ပံ့သန်းခြင်းပင် ဖြစ်သည်။ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံ တို့သည် အသံထက်မြန်သော ကွန်းကော့ အမည်ရှိ သယ်ယူပို့ဆောင်ရေး ကျက်လေယာဉ် ကို ဖက်စပ်တည်ဆောက်ပြီး ၁၉၆၉ ခုနှစ် မတ်လ ၂ ရက် နေ့တွင် စတင် ပံ့သန်း ပြခဲ့သည်။ ယင်းလေယာဉ်သည် တနာရီမိုင် ၁၄၀၀ အမြန်နှုန်းပံ့သန်းနိုင်သည်။ အမေရိကန် ပြည်ထောင်စုရှိ ဘိုးအင်း လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက တနာရီမိုင် ၁၈၀၀ အမြန်နှုန်းဖြင့် ပံ့သန်းနိုင်မည့် အသံထက် မြန်သော သယ်ယူပို့ဆောင်ရေးကျက်လေယာဉ်တည်ဆောက် ရန် စီမံကိန်းကို ချခဲ့သော်လည်း ယင်းကျက်လေယာဉ်များမှ ထွက်သော မီးခိုးသည် ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီး စေသည်ဟူ၍ ကန့်ကွက်ကြသောကြောင့် ယင်း စီမံကိန်းကို ၁၉၇၁ ခုနှစ်က ပယ်ဖျက်ခဲ့ရသည်။

ကျင်းနက်တစ်အင်ကျင်နီယာရင်း
(မျိုးဗီဇ အင်ကျင်နီယာပညာ—ရှု။)

ဂွာတီမားလ သမ္မတ နိုင်ငံ။ ။(၃ – ၁၀၅—ရှု။)
အမေရိကတိုက်အလယ်ပိုင်းတွင် တည်ရှိသော ဂွာတီမားလ



နိုင်ငံသည် အမေရိက တိုက် လူဦးရေ အများ ဆုံး နိုင်ငံ ဖြစ်သည်။ မူလက ယင်းနိုင်ငံသည် အမေရိကတိုက်အလယ် ပိုင်း ပြည်နယ် အဖွဲ့တွင် ပါဝင်ခဲ့ သော်လည်း ၁၈၃၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် သမ္မတနိုင်ငံဖြစ်လာခဲ့သည်။

ဂွာတီမားလနယ်သည် မက္ကဆီကိုနယ်၏ တောင်ဖက်၊ အယ်ဆယ်လဗာဒေါနိုင်ငံနှင့် ဟွန်ဒူးရပ်နယ်တို့၏ မြောက် ဖက်တွင် တည်ရှိသည်။ ကျဉ်းမြောင်းသော အနောက်ပိုင်း ဆင်ခြေလျှောဒေသမှာ မြေဩဇာကောင်းမွန်၍ လူနေအ များဆုံးဒေသ ဖြစ်သည်။ အတွင်္ကလန်တိတ် ကမ်းခြေဖက်တွင် တောင်များရှိ၍ မြောက်ဖက်တွင် ပေတင်လွင်ပြင်ရှိသည်။

ဂွာတီမားလနိုင်ငံအကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၄၂,၀၄၂ ရှိ၍ လူဦးရေမှာ ၁၉၇၆ ခုနှစ်လူဦးရေစာရင်းအရ ၆,၀၀၀,၀၀၀ ဖြစ်သည်။ မြို့တော်မှာ ဂွာတီမားလမြို့ ဖြစ် သည်။ ပင်လယ်ကမ်းရိုးတန်းမှာ ကယ်ရစ်ဗျန်ပင်လယ်ဖက် တွင် မိုင် ၇၀ မျှရှည်လျား၍ ပစိဖိတ်သမုဒ္ဒရာဖက်တွင် မိုင် ၂၀၀ မျှရှည်လျားသည်။

မိုးအနည်းငယ်သာရှာပြီး မီးတောင်ပေါများသည့် ဒေ သဖြစ်သောကြောင့် မြေဩဇာကောင်းမွန်၍ စိုက်ပျိုးရေး ဖြစ်ထွန်းသည်။ အဓိကအားဖြင့် ကာဖီပင်များ အကြီး အကျယ်စိုက်ပျိုးသည်။ ကိုကိုး၊ ကြံ၊ ငှက်ပျော၊ ဗနီလာအ မွှေးပင်များကိုလည်း စိုက်ပျိုးသည်။

ဂွာတီမားလနိုင်ငံမှ ရွှေ၊ ငွေ၊ ခဲ၊ သံဖြူ၊ ကြေးနီ၊ ပြဒါး၊ လချေးစသော ဓာတ်သတ္တုများထွက်သည်။

ဆပ်ပြာ၊ အိမ်ထောင်ပရိဘောဂနှင့် အိုးခွက်လုပ်ငန်း များမှာ ဂွာတီမားလ၏ လက်မှုလုပ်ငန်းများဖြစ်သည်။

ဂွာတီမားလနိုင်ငံ၏ လူဦးရေရာခိုင်နှုန်း ၅၃.၅ ခန့်မှာ တိုင်းရင်းသား အရွေအိန္ဒိယလူမျိုးများ ဖြစ်သည်။ ကျန် လူမျိုးများမှာ ၄၆.၅ ဖြစ်သည်။ ထိုလူမျိုးများ၏ ဒေသ အလိုက်ပြောဆိုကြသော ဘာသာစကားမှာ အမျိုးပေါင်း ၁၈ မျိုးခန့်ရှိ၍ အဝတ်အစား၊ ဓလေ့ထုံးစံတွင်လည်းကွဲပြား

ကြသည်။ အများဆုံးအသုံးပြုကြသော ဘာသာစကားမှာ စပိန်စကားဖြစ်သည်။

ဂွာတီမားလနိုင်ငံသည် စပိန်လက်အောက်ခံ ပြည်နယ် ဘဝမှ ၁၈၂၁ ခုနှစ်တွင် လွတ်မြောက်ခဲ့သည်။ အမေရိက တိုက်အလယ်ပိုင်း ပြည်နယ်များအပွဲကို ၁၈၃၉ ခုနှစ်တွင် ဖျက်သိမ်းလိုက်သောအခါ ဂွာတီမားလပြည်သည် သီးခြား သမ္မတနိုင်ငံဖြစ်လာသည်။

ဂွာတီမားလနိုင်ငံတွင် နိုင်ငံတော်သမ္မတကို ၄ နှစ်တ ကြိမ် ရွေးကောက်တင်မြှောက်ရသော စနစ်ဖြင့် အုပ်ချုပ် သည်။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးအဖွဲဝင် ၁၀ ဦးပါ ဝင်သော အစိုးရအဖွဲကို ဦးဆောင်ဖွဲစည်းရပြီး အမတ်ဦး ရေ ၆၁ ဦးပါဝင်သော အမျိုးသား ကွန်ဂရက်လွှတ်တော် ဖြင့် အုပ်ချုပ်လေသည်။

ဂွာတီမားလ သမ္မတနိုင်ငံ၏ အဓိကနိုင်ငံရေး ပါတီကြီး များမှာ အမျိုးသား လွတ်မြောက်ရေးအဖွဲ ဒီမိုကရက်တစ် ပါတီ၊ တော်လှန်ရေးပါတီနှင့် ခရစ်ယန်ဒီမိုကရက်တစ်ပါတီ တို့ ဖြစ်သည်။

ဂွာတီမားလ နိုင်ငံတွင် သမ္မတ ဂျလလေဒ့ဂျရပ်ဒ် လာစီယာသည် ၁၉၇၄ ခု ဇူလိုင်လ ၁ ရက်နေ့တွင် သမ္မတ လေးနှစ်သက်တမ်း ကုန်ခဲ့သည်။ ၁၉၇၈ ခုနှစ် မတ်လ ၅ ရက် နေ့တွင် သမ္မတသစ်ရွေးချယ်ပွဲ ပြုလုပ်ကျင်းပခဲ့သည်။ ထို ရွေးကောက်ပွဲတွင် ဗိုလ်ချုပ်ကြီး ဖာနန်ဒိုရီမီယိုလူကတ်စ လာစီယာက သမ္မတအဖြစ်ရွေးချယ်ခြင်းခံရပြီး ဒေါက်တာ ဖရန်စစ္စကို ဗီလာဂရန်ခရေမာက ဒုတိယသမ္မတအဖြစ် ရွေး ချယ်ခြင်းခံရလေသည်။ ၎င်းတို့နှစ်ဦးစလုံးသည် ၁၉၇၈ ခု နှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ရာထူးများအသီးသီးဆက်ခံ ဆောင်ရွက်ခဲ့ကြလေသည်။

ဂွာတီမားလနိုင်ငံတွင် ၁၉၇၆ ခုနှစ် ဖေဖွာရီလ ၄ ရက် နေ့က မြေငလျင်ပြင်းစွာတုန်လှုပ်ခဲ့ရာ လူပေါင်း ၂၂,၀၀၀ ခန့်သေကြေပျက်စီး၍ လူပေါင်း ၇၄,၀၀၀ ခန့် ဒဏ်ရာရခဲ့ ပြီး လူပေါင်း ၁ သန်းကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။

ဂွာတီမားလနိုင်ငံသည် အယ်လဆာဗာဒေါနိုင်ငံ၊ ပနား မားသမ္မတနိုင်ငံ၊ စပိန်နိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်ခေါ် ဗြိတိ သျှနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံများနှင့် မဟာ မိတ်အဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့လေသည်။

ငလျင်။ ။၁၉၇၈ ခုနှစ်အတွင်း ကမ္ဘာပေါ်တွင် ငလျင် ဒဏ်ကြောင့် လူပေါင်း နှစ်သောင်းခွဲကျော် သေဆုံးကြရ ကြောင်း အမေရိကန် ဘူမိဗေဒ လေ့လာရေးအဖွဲမှ ကြေငြာ



ငလျင်ဒဏ်သည် ဆိုးရွားမှုကြောက်စရာ ကောင်းလောက်အောင်ပင် အဆောက်အအုံ ပစ္စည်းနှင့် လူ့အသက်များစွာကို စက္ကန့်ပိုင်းအတွင်း ဆုံးရှုံးစေနိုင်သည်။

ခဲ့လေသည်။ ၁၉၇၈ ခုနှစ် ပထမ နှစ်ဝက်အတွင်း၌ပင် ရစ်ချတာ စကေးအတိုင်းအထွာတွင် အမြင့်ဆုံး ၉ မှတ်ရှိသည့် အနက် ၆.၅ မှတ်ခွဲအထိ ပြင်းထန်သော ငလျင် ၃၆ ကြိမ် တုန်လှုပ်ခဲ့ပြီး လူ ၁၀၀ သေဆုံးခဲ့ရလေသည်။

၁၉၇၈ ခုနှစ် တနှစ်ပတ်လုံးတွင် အပြင်းထန်ဆုံးနှင့် လူအသေအပျောက် အပျက်အစီး အများဆုံး ဖြစ်ခဲ့ရသော ငလျင်လှုပ်မှုတခုမှာ စက်တင်ဘာလ ၁၆ ရက်နေ့တွင် အီရန်နိုင်ငံ အရှေ့ပိုင်းဒေသ၌ လှုပ်ခဲ့သော ငလျင်ဖြစ်သည်။ ကဗားသဲကန္တာရ အစွန်းရှိ တာဘတ်စ်မြို့ အနီးတွင် ဗဟိုပြုကာ တုန်လှုပ်ခဲ့သော ယင်းငလျင်မှာ ရစ်ချတာစကေး ၇.၇ ရှိပြီး တမိနစ်ခန့်ကြာသည်။ ယင်းငလျင်ဒဏ်ကို အချင်းမိုင် ၁၀၀ ခန့် ပတ်ပတ်လည် ဒေသအထိခံခဲ့ရသည်။ တာဘတ်စ်မြို့မှာ မြို့လုံးကျွတ်နီးပါးမျှ ပျက်စီးခဲ့ရပြီး လူပေါင်း ၁၅,၂၀၀ ခန့် သေဆုံးခဲ့ရသည်။ တာဘတ်စ်မြို့ ပတ်လည်ရှိ ကျေးရွာပေါင်း ၄၀၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စုတို့နှင့် အီရန်နိုင်ငံ နယ်ခြားဒေသရှိ ကျေးရွာပေါင်း ၆၀ တို့မှာလည်း ငလျင်ဒဏ်ကို ခံခဲ့ကြရသည်။ ယင်းကျေးရွာ ၁၀၀ တွင် လူပေါင်း ၁၀၀၀၀ ခန့် သေဆုံးခဲ့သည်။

ငွေတောင်ဆည်

(ဆည်မြောင်းများ၊ မြန်မာနိုင်ငံ—ရှု။)

စပိန်နိုင်ငံ။ ။စပိန်နိုင်ငံသည် ဥရောပတိုက် အနောက်ဖက်တွင်ရှိသော အိုက်ဗီးရီးယန်း ကျွန်းဆွယ်ကြီးပေါ်တွင် တည်ရှိသော နိုင်ငံ ဖြစ်သည်။ စပိန်နိုင်ငံ၏ အကျယ်အဝန်းမှာစတုရန်းမိုင် ၁၉၄,၈၈၃ ခန့်ရှိပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းချက် အရ လူဦးရေ ၃၆,၃၅၀,၀၀၀ ရှိသည်။ မြို့တော်မှာ မဒရစ်မြို့ဖြစ်သည်။ စပိန်နိုင်ငံ အဓိပတိ ဂျင်နရယ်ဖရန်ကို ကွယ်လွန်ပြီးနောက် စပိန်နိုင်ငံသည် ဘုရင့်အစိုးရအုပ်ချုပ်သော နိုင်ငံဖြစ်ရမည်ဟူသော ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နန်းလျာဖြစ်သော ဟွမ်းကားလော့မင်းသားသည် စပိန်နိုင်ငံ၏ ပထမမြောက် ဟွမ်းကားလော့ ဘုရင်ဘွဲ့မည်ဖြင့် ဆက်ခံအုပ်ချုပ်ခဲ့သည်။ ထိုမင်းလက်ထက်တွင် စပိန်နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံအဖြစ်မှ ကမ္ဘာ့ထိပ်တန်း စက်မှုနိုင်ငံတနိုင်ငံ



အဖြစ် ပြောင်းလဲတိုးတက်လာခဲ့သည်။ ပြည်တွင်းပြည်ပ ဆက်ဆံရေးကိုလည်း လက်ဝဲစွန်း လက်ယာစွန်း နိုင်ငံရေးကို ရှောင်လျက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

စပိန်နိုင်ငံသည် အာဖရိကတိုက် အနောက်မြောက်ဖက်ကမ်းခြေရှိ ယခင်ကစပိန်ပိုင် စပင်းနစ်ဆဟာရ သဲကန္တာရ နယ်မြေကို စွန့်လွှတ်ကာ မိုရော့ကိုနှင့် မော်ရီတေးနီးယား နိုင်ငံတို့သို့ ၁၉၇၆ ခုနှစ်တွင် လွှဲအပ်ခဲ့လေသည်။ ထို့ပြင် ဗြိတိသျှတို့ စိုးမိုးအုပ်ချုပ်ခဲ့သော ဂျီဗရောတားနယ်မြေများ ပြန်လည်ရရှိရေးကို ဆွေးနွေးကြိုးပမ်းခဲ့သည်။

ပြည်တွင်းနိုင်ငံရေးကို ဖြေရှင်းရာ၌ ဟွမ်းကားလော့ ဘုရင်သည် စပိန်ပြည်နယ်များဖြစ်ကြသော ကာတာလုံးနီးယား၊ ဗက်၊ အန်ဒါလျူးရှား၊ အက်စတူးရီးယပ်နှင့် ဂါလစ်စီးယားပြည်နယ်များကို ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် အထူးစိုင်းပြင်း ဆောင်ရွက်ခဲ့သည်။ ထိုပြည်နယ်များအနက် စက်မှုလုပ်ငန်းထွန်းကားပြီး လူဦးရေထူထပ်သော စပိန်နိုင်ငံ အရှေ့မြောက်ရှိ ကာတာလုံးနီးယား ပြည်နယ်ကို ၁၉၇၇ ခုနှစ်တွင် ဒေသကိုယ်ပိုင် အုပ်ချုပ်ခွင့် ပေးခဲ့သည်။ ကာတာလုံးနီးယားပြည်နယ်သည် စပိန်နိုင်ငံ၏ အနှစ်လေးဆယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေး ပထမဦးဆုံးရရှိသော ပြည်နယ်ဖြစ်သည်။

စပိန်နိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးကို လိုလားတောင်းဆိုကြသော ပြည်နယ်များထဲတွင် စပိန်နိုင်ငံမြောက်ဖက် အလယ်ပိုင်းရှိ ဗက်ပြည်နယ်သည် အတက်ကြွဆုံးနှင့် အကြမ်းဖက်ဆုံး ပြည်နယ်ဖြစ်သည်။ ဗက်လူမျိုးတို့သည် သီးခြားခွဲထွက်ကာ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရန်အတွက် အကြမ်းဖက်လက်နက်စွဲကိုင် ဆန့်ကျင်လျက်ရှိကြသည်။ ဗစ္စကေးပင်လယ်အော်ရှိ ဗက်ပြည်နယ်တွင်းမှ လီမိုနစ်မြို့တွင် အနုမြူ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းကို အကြောင်းပြု၍ ဗက်ပြည်နယ်လုံး အုံကြွအကြမ်းဖက်ကာ ချီတက်ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။ ထို့ပြင် ပြန်ပေးဆွဲခြင်း၊ လုပ်ကြံခြင်းများ တိုး၍ ဆောင်ရွက်ခဲ့ကြသည်။

၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် မဒရစ်မြို့တော်၌ မေဂျာဂျင်နရယ် ဗိုလ်ချုပ်ဟွမ်းဆန်ချက်ရေးမိုးသည် ကိုယ်ရံတော်နှင့်အတူ မော်တော်ယာဉ်အတွင်း၌ ဗက်အကြမ်းဖက်သမားတို့၏ လုပ်ကြံခြင်းကို ခံခဲ့ရသည်။ ထိုသို့ နိုင်ငံရေးလှုပ်ရှားမှုပြင်းထန်လာသဖြင့် ဟွမ်းကားလော့ဘုရင်နှင့် ဝန်ကြီးချုပ် အဒေါ့ဖိုဆွာရက်တို့သည် ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် အထူး ကြိုးပမ်းခဲ့ကြသည်။ စပိန်နိုင်ငံဘုရင့်အစိုးရသည် ဗက်လူမျိုးတို့နှင့် သုံးလခွဲကြာ ညှိနှိုင်းဆွေးနွေးမှုများအပြီး ဗက်ပြည်နယ်ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးလိုက်ပြီဖြစ်ကြောင်း ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့လေသည်။

ဂျင်နရယ်ဖရန်ကို စပိန်နိုင်ငံကို အုပ်ချုပ်စဉ်က ရေးဆွဲခဲ့သော ဥပဒေများကို ပယ်ဖျက်၍ အခြေခံဥပဒေသစ်ဖြင့် အစားထိုး အုပ်ချုပ်ရန် စပိန်နိုင်ငံ ပါလီမန်နှစ်ရပ်က ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် ၁၉၇၉ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း ကြေငြာခဲ့ သည်။

စပိန်ဘုရင် ဟွမ်းကားလော့သည် ၁၉၇၈ ခုနှစ် ဇွန်လတွင် တရုတ်ပြည်သူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် သွားရောက်လည်ပတ်ခဲ့သည်။ ထို့နောက် အီရန်နိုင်ငံ အီရတ်နိုင်ငံနှင့် လက်တင် အမေရိက နိုင်ငံများသို့လည်း ချစ်ကြည်ရေး ခရီးထွက်ခဲ့သည်။

စာတတ်မြောက်ရေး လုပ်ငန်း။ ။ (နှစ်ချုပ် ၇၈–၁၄၅—ရှ။)မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး လုပ်ငန်းကို ပညာရေးနှင့် လူမှုရေး အမျိုးသားရေး လုပ်ငန်းကြီး တရပ်အဖြစ် သတ်မှတ်လုပ်ဆောင်လျက်ရှိသည်။ စမ်းသပ်ကာလဖြစ်သော ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ လူပေါင်း တသိန်း ခြောက်သောင်းကျော်နှင့် စာတတ်မြောက်ရေး လူထုလှုပ်ရှားမှု ကာလဖြစ်သော ၁၉၆၉ ခုနှစ်မှ ၁၉၇၇ ခုနှစ် အထိ လူဦးရေစုစုပေါင်း ကိုးသိန်းတသောင်းကျော် စာတတ်မြောက်လာခဲ့ကြသည်။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟို ကော်မတီက မြစ်ကြီးနား၊မြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ဘားအံမြို့နယ်၊ ဟားခါးမြို့နယ်၊ ဝန်းသိုမြို့နယ်၊ မြိတ်အရှေ့မြို့နယ်၊ သနပွင်မြို့နယ်၊ ရေစကြိုမြို့နယ်၊ မိုးကုတ်မြို့နယ်၊ ပေါင်မြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ပင်းတယမြို့နယ်၊ ဂွမြို့နယ်နှင့် မြောင်းမြမြို့နယ် အသီးသီးတို့ကို ၁၉၇၈ ခုနှစ် စာတတ်မြောက်ရေးနယ်မြေ ဒေသသစ်များအဖြစ် သတ်မှတ်ပေးခဲ့သည်။

၁၉၇၈ ခုနှစ် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းကို ဧပြီလမှ စတင် ဆောင်ရွက်ခဲ့သည်။ ပြည်နယ်နှင့် တိုင်း ၁၄ ခုမှ မြို့နယ်တခုစီကို ရွေးချယ်လျက် လုပ်ငန်းများ



တောင်ပေါ်တိုင်းရင်းသား ညီအကို မောင်နှမများလည်း စာတတ်မြောက်နေကြပြီ ဖြစ်သည်။

ဆောင်ရွက်စေခဲ့သည်။ ယင်းနှစ်တွင် ဖွင့်လှစ်ခဲ့သည့်စာတတ်မြောက်ရေးသင်တန်း စခန်းများမှာ မြစ်ကြီးနားမြို့နယ်တွင် ၃၃ ခု၊ လှိုင်ကော်မြို့နယ်တွင် ၂၁ ခု၊ ဘားအံမြို့နယ်တွင် ၆၅ ခု၊ ဟားခါးမြို့နယ်တွင် ၃၂ ခု၊ ဝန်းသိုမြို့နယ်တွင် ၁၉၉ ခု၊ မြို့တ်အင်္ဂရေမြို့နယ်တွင် ၂၅ ခု၊ သနပ်ပင်မြို့နယ်တွင် ၉၉ ခု၊ ရေစကြိုမြို့နယ်တွင် ၂၀၂ ခု၊ မိုးကုတ်မြို့နယ်တွင် ၉၆ ခု၊ ပေါင်မြို့နယ်တွင် ၄၆၀ ခု၊ ဂွမြို့နယ်တွင် ၃၇ ခု၊ တိုက်ကြီးမြို့နယ်တွင် ၇၇ ခု၊ ပင်းတယမြို့နယ်တွင် ၁၃၂ ခုနှင့် မြောင်းမြမြို့နယ်တွင် ၁၂၅ ခု အသီးသီးရှိရာ စုစုပေါင်း ၁,၆၀၃ ခု ဖွင့်လှစ်ခဲ့ပေသည်။ တက်ရောက်ကြသည့် သင်တန်းသူသင်တန်းသား စုစုပေါင်းမှာ ၉၅,၆၉၃ ဦးဖြစ်ပေသည်။

မြန်မာနိုင်ငံ တဝန်းလုံးရှိ စာတတ်မြောက်ရေး စခန်းများတွင် လုပ်အားပေးလူဦးရေ စုစုပေါင်းမှာ ၁၇,၁၄၉ ဦး ရှိသည်။

၁၉၇၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အင်ဗိုင်းခန်းမ၌ ကိုးကြိမ်မြောက် မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှုပြပွဲ ပြိုင်ပွဲကြီးကို စတင်ဖွင့်လှစ်ပြသခဲ့သည်။ ယူနက်စကိုက သတ်မှတ်ပေးသော ဆောင်ပုဒ်မှာ စာတတ်မြောက်ရေး လူအခွင့်အရေးဟူသော ဆောင်ပုဒ်ဖြစ်လေသည်။

ယင်းပြပွဲ ပြိုင်ပွဲတွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးခဲ့သမျှ လုပ်ငန်းများဆောင်ရွက်နေဆဲ လုပ်ငန်းများကို စာတ်ပုံ၊ မြေပုံ၊ ရုပ်ပုံ၊ စာရင်း ဇယားများနှင့် တကွစုစည်း တင်ပြထားလေသည်။

၁၉၇၉–၈၀ ခုနှစ်အတွင်း ပြည်နယ်နှင့်တိုင်းအလိုက် စာတတ်မြောက်ရေးလှုပ်ရှားမှု ဆောင်ရွက်ရန် စာတတ်မြောက်ရေးနယ်မြေ ဒေသသစ်များအဖြစ် မြို့နယ် ၁၆ မြို့နယ်ကို မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီက သတ်မှတ်ရွေးချယ်ပေးခဲ့သည်။

ယင်းမြို့နယ် ၁၆ မြို့နယ်တို့မှာ ဗန်းမော်မြို့နယ်၊ ဒီမော်ဆိုးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကောလင်းမြို့နယ်၊ လောင်းလုံမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ဆောမြို့နယ်၊ အောင်လံမြို့နယ်နှင့် စကု (မင်းဘူး)မြို့နယ်၊ မော်လမြိုင်မြို့နယ်၊ မော့ဘီမြို့နယ်၊ နောင်ချိုမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် ငပုတောမြို့နယ် တို့ ဖြစ်လေသည်။ ယင်းမြို့နယ် ၁၆ မြို့နယ်အတွက် စာတတ်မြောက်မှုလုပ်ငန်း လမ်းညွှန် ဆွေးနွေးပဲ့ကိုလည်း ကျင်းပခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ဖွင့်လှစ်မည့်မြို့နယ်မှ ကော်မတီဝင်များနှင့် ၁၉၇၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော မြို့နယ် ၁၄ မြို့နယ်မှ စာတတ်မြောက်ရေး ကော်မတီဝင်များ၏ လုပ်ငန်းအတွေ့အကြုံ တင်ပြညှိနှိုင်း ဆွေးနွေးပဲ့ကိုလည်း ကျင်းပခဲ့လေသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ မှန်ကန်သော လမ်းညွှန်မှု၊ ကောင်စီအဆင့်ဆင့်၏ ပံ့ပိုးမှု၊ လူထုလူတန်းစား အဖွဲ့အစည်းများ၏ စည်းရုံးဆောင်ရွက်မှုနှင့် စာတတ်မြောက်ရေး ကော်မတီဝင်များ၏ ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းသည် အောင်မြင်လျက်ရှိလေသည်။

စာပေဗိမာန်စာမူဆု။ ။စာပေနှင့် မြန်မာ့ယဉ်ကျေးမှု မြင့်တင်အားပေးရေးအတွက် စာပေလောကတွင် စာကောင်းပေကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၁၉၄၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စာပေဗိမာန်ဆုကို နှစ်စဉ်မပျက် ချီးမြှင့်ခဲ့သည်။ တော်လှန်ရေးအစိုးရ တက်လာ၍ ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ ဖြစ်လာသောအခါ ၁၉၆၂ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ အနုပညာ စာပေဆိုင်ရာဆုကိုဂုဏ်း၊ ၁၉၆၅ ခုနှစ်မှယနေ့အထိ အမျိုးသား စာပေဆုကိုဂုဏ်း စာပေဗိမာန်မှ တာဝန်ယူ၍ နှစ်စဉ်နှစ်တိုင်း ချီးမြှင့်ခဲ့သည်။ အမျိုးသား စာပေဆုအတွက် မူလက စာအုပ်ရော စာမူပါဝင်ရောက် ယှဉ်ပြိုင်နိုင်သော်လည်း ၁၉၆၉ ခုနှစ်မှစ၍ စာအုပ်များကိုသာ ရွေးချယ်ချီးမြှင့်လိုက်သောအခါ အကြောင်း အမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်း မပြုရသေးသော စာပေလုပ်သားတို့၏ ကောင်းမွန်ပြောင်မြောက်သည့် စာမူများကို စာအုပ်အဖြစ် ထွက်ပေါ်လာစေရန်နှင့် ယင်းစာအုပ်တို့ကို အမျိုးသားစာပေဆုအတွက် စဉ်းစားနိုင်ရန်ရည်သန်၍ စာမူများကို ပြိုင်ပွဲကျင်းပကာ ဆုချီးမြှင့်ရန် စာပေဗိမာန် စာမူဆုဟူ၍ တီထွင်ခဲ့သည်။

ဘာသာပြန်ဆုအတွက် မူရင်းစာအုပ်ကို စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့က ရွေးချယ်ပြဋ္ဌာန်းပေးပြီး ယင်းကို တိုက်ရိုက်ဖြစ်စေ၊ ဆီလျော်အောင်ဖြစ်စေ အဖွဲ့က ညွှန်ကြားသတ်မှတ်ပေးသည့်အတိုင်း ပြန်ဆိုရသည်။

ဘာသာရပ်တခုစီအလိုက် ချီးမြှင့်သည့်ဆုငွေမှာ ပထမဆုအတွက် ငွေ ၅၀၀၀၊ဒုတိယဆုအတွက်ငွေ ၃၀၀၀၊ တတိယဆုအတွက် ငွေ ၂၀၀၀ ဖြစ်သည်။ ထို့အပြင် ဘာသာပြန်ဆုမှအပ ကျန်ဆုရ စာမူအားလုံးကို စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့က သတ်မှတ်ထားသော ရာခိုင်နှုန်းဖြင့် ဝယ်၍ လိုအပ်သလို တည်းဖြတ်ကာ ပထမအကြိမ် ထုတ်ဝေပေးသည်။ ဘာသာပြန် စာပေဆုတွင်မူ ပထမဆုရသော စာမူကိုသာလျှင် သတ်မှတ်ထားသော ရာခိုင်နှုန်းဖြင့် ပုံနှိပ်ထုတ်ဝေပေးသည်။

၁၉၇၇ ခုနှစ် စာပေဗိမာန် စာမူဆုပြိုင်ပွဲ၌ လက်ခံရရှိခဲ့သည့် စာမူစုစုပေါင်းမှာ ၁၄၀ ဖြစ်သည်။ ယင်းစာမူများအနက် ၁၉၇၇ ခုနှစ် စာပေဗိမာန်စာမူဆု ချီးမြှင့်ခြင်းခံရသည့် စာမူများမှာ အောက်တွင် ဖော်ပြပါအတိုင်း ဖြစ်သည်။

ဝတ္ထုရှည်ဆု		
မိုင်း	မောင်ငြိမ်းဝေ	ပထမ ဆု
ဆီမီးရောင်	မောင်မိုးစွေ	ဒုတိယဆု
ကောင်းကင်ဘုံစွန်း မှာ ကွန်းခိုမည့်		
နေဝန်းနီ	မောင်နွယ်မြင့်	တတိယဆု
ဝတ္ထုတိုပေါင်းချုပ်ဆု		
ဝတ္ထုတိုပေါင်းချုပ်	လယ်တွင်းသား စောချစ်	ဒုတိယ ဆု
အပြာထဲက နေဝန်းနီနှင့် အခြား ဝတ္ထုတိုများ	သုသိဏ်	တတိယဆု
စာပဒေသာဆု		
ရွှေဆောင်လေသူရဲ	အောင်မန်း	
လင်းဗတ်	(စစ်တက္ကသိုလ်)	ဒုတိယ ဆု
ကလေးစာပေဆု		
အလုပ်ဂုဏ်နှင့် အခြား ဝတ္ထုတိုများ	တက္ကသိုလ် အောင်ကို	တတိယဆု
လူငယ်စာပေဆု		
မုန်တိုင်းထဲမှ ရဲသုံးဖော်	ဖျာပုံလှိုင်နွယ်	ဒုတိယဆု
ကျေးလက်မြင်ကွင်း စာပျိုးခင်း	သူရဇော်	တတိယဆု

စာပေးစာယူသင်တန်း။ ။တက္ကသိုလ် ပညာရေးကို နေရာဒေသမရွေး၊ အိမ်တိုင်ယာရောက် စက်ရုံ၊ အလုပ်ရုံသို့အရောက်၊ လယ်တော ယာတောသို့ အရောက် ကျယ်ကျယ်ပြန့်ပြန့် ပို့ချပေးကာ ဆိုရှယ်လစ်လောကတည်ဆောက်ရာ၌ ပါဝင် လုပ်အားပေးကြရသည့် လူငယ်လူရွယ်များအား တက္ကသိုလ်ပညာသင်ယူတတ်ကျွမ်းသူများဖြစ်လာအောင် စွမ်းဆောင် ဖန်တီးပေးလျက်ရှိသော အစီအစဉ်ကောင်းတရပ်ဖြစ်၍ ပြည်သူလူထုက ကြိုဆိုသော သင်တန်းဖြစ်သည်။

တက္ကသိုလ်ပညာကို အကြောင်း အမျိုးမျိုးကြောင့် ဆက်လက်မသင်နိုင်သော သူများအတွက် ပညာဆက်လက်သင်ကြားခွင့်ရမည့် နည်းလမ်းကို ရှာဖွေလာကြရာ၌ စာပေးစာယူနည်းသည် လွယ်ကူစွာ ပညာသင်ယူနိုင်သော နည်းတနည်းဖြစ်ကြောင်း တွေ့ရှိလာကြသည်။ ယင်းနည်းသည် ဥရောပတိုက်နှင့် အမေရိကတိုက်တို့တွင် ၁၉ ရာစုက စတင်ပေါ်ထွန်းခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၀ ရာစုမှ အခြေတည်လေသည်။

၁၉၆၈ ခုနှစ်၌ ပညာရေး (ဝိဇ္ဇာ) ဘွဲ့နှင့် ၁၉၇၀ ပြည့်နှစ်တွင် ပညာရေး ဒီပလိုမာ စာပေးစာယူ သင်တန်းများကို စတင်သင်ကြားခဲ့သည်။ သို့သော် ယင်းသင်တန်းများသည် ကျောင်းဆရာများအတွက် ဘွဲ့လွန်သင်တန်းများသာ ဖြစ်လေသည်။ တက္ကသိုလ်ပညာကို ကျယ်ကျယ်ပြန့်ပြန့် ဒေသမရွေး ဆည်းပူးခွင့်ပေးရန် ရည်မှန်းချက်ဖြင့် ဖွင့်လှစ်သော တက္ကသိုလ် စာပေးစာယူ သင်တန်းသည် ၁၉၇၅–၇၆ စာသင်နှစ်တွင် စတင်ခဲ့သည်။

တက္ကသိုလ် စာပေးစာယူ သင်တန်းဌာနကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲ၍ တာဝန်ခံ ပညာရှင်တဦးက အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ တက္ကသိုလ်စာပေးစာယူသင်တန်းဌာနတွင် ဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေ၊ စီးပွားရေး ဟူ၍ ပညာရပ်ဌာန လေးခုရှိသည်။ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စီးပွားရေးဘွဲ့ ရရန် လေးနှစ်သင်ကြားရပြီး ဥပဒေဘွဲ့ရရန် ငါးနှစ်သင်ကြားရသည်။

အခြေခံပညာ အထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီး တက္ကသိုလ်၊ ကောလိပ် တခုခုတွင် လုံးဝတက်ရောက်သင်ကြားခြင်း မရှိသူများနှင့် တက္ကသိုလ် ကောလိပ် တခုခုသို့ ဝင်ခွင့်ရပြီး အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်ခဲ့သူများ စာပေးစာယူသင်တန်းသို့ တက်ရောက်ခွင့် လျှောက်ထားနိုင်သည်။ ဝင်ခွင့် ရသူများသည် ဝင်ကြေး၊ မှတ်ပုံတင်ကြေး၊ ကျောင်းလခ၊ စာရွက်စာတမ်းကြေး၊ မဂ္ဂဇင်းကြေး၊ ခရာတ်ခဲ့ခန်းကြေး၊ ပထမနှစ်၊ ဒုတိယနှစ် စာမေးပွဲကြေး၊ တတိယနှစ်/စတုတ္ထနှစ် စာမေးပွဲကြေး စသည်တို့ကို လေးရစ်ခဲ့၍ ပေးသွင်းရသည်။

ပို့ချချက် စာအုပ်များ၊ လေ့ကျင့်ခန်းစာစဉ် မေးခွန်းများနှင့် စာစဉ်အဖြေလွှာ စာအုပ်များကို ကျောင်းသားများထံသို့ မြို့နယ်ပညာရေးမှူးများထံမှတဆင့် ပေးပို့သည်။ ကျောင်းသားများ ဖြေထားသော လေ့ကျင့်ခန်းစာစဉ်များကို ပါမောက္ခများ၏ လမ်းညွှန်မှုဖြင့် ဆရာ/ဆရာမများက စစ်ဆေးပြီး ရှင်းလင်းချက်၊ ဝေဖန်ချက်၊ လမ်းညွှန်ချက်များနှင့်တကွ ဖော်ပြ၍ အမှတ်ပေးသည်။ သင်ခန်းစာများနှင့် ဆွေးနွေးချက်များကို မြန်မာ့အသံမှ အသံလွှင့်ပို့ချသည်။ စာမေးပွဲကြီးမတိုင်မီ ရက်တိုသင်တန်းနှင့် လက်တွေ့သင်တန်းဖွင့်၍လည်း သင်ကြားပေးသည်။ အဓာန်းတင် စာမေးပွဲ၌ ဘာသာရပ်အားလုံး၏ ထက်ဝက်ထက်မနည်း



လေ့ကျင့်ခန်းများနှင့် အပြေလွှာများကို အချိန်မှန်ရရှိရေးအတွက် စနစ်တကျ စီစဉ်ပေးလျက်ရှိသည်။

အောင်မြင်သူများသည် ကျရှုံးသော ဘာသာများကို နောက်ဆက်တွဲ စာမေးပွဲတွင် ဖြေဆိုခွင့်ရှိသည်။ နှစ် နှစ် (စာမေးပွဲဖြေခွင့် ၄ ကြိမ်) ဖြေဆိုကျရှုံး၍ ကျနှစ်ကျ ဖြစ်သူအား ပြင်ပမှ တနှစ် (စာမေးပွဲဖြေခွင့်နှစ်ကြိမ်) ဖြေခွင့်ပေးသည်။

တက္ကသိုလ် စာပေးစာယူ သင်တန်းတွင် အခြေခံပညာအထက်တန်းစာမေးပွဲကို (က) အဆင့်မှ အောင်မြင်သူတိုင်း တက်ရောက်သင်ကြားခွင့်ရှိခြင်း၊ ပါမောက္ခများ၊ ကထိကများကိုယ်တိုင်ရေးသားပြုစုသည့် သင်ခန်းစာမှတ်စုများနှင့် လေ့ကျင့်ခန်း စာစဉ်များဖြင့် သင်ကြားပို့ချပေးမှု၊ လမ်းညွှန်မှုကို ခံယူရခြင်း၊ လုပ်ငန်းခွင်မပျက် ပညာဆက်လက် သင်ကြားနိုင်ခြင်း၊ ဝေးလံသောဒေသတွင် နေထိုင်ကြသူများအတွက် အိုးမက္ခ၊ အိမ်မက္ခ သင်ယူနိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စရိတ်စက အကုန်အကျ သက်သာခြင်းစသော ဝိသေသများနှင့် ပြည့်စုံလေသည်။

စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့။ ။ ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (အက်ဖအေအို) ကို ၁၉၄၅ ခုနှစ်အောက်တိုဘာလ ၁၆ ရက်နေ့တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့၏ အဓိက လုပ်ငန်းမှာ ကမ္ဘာတဝန်းလုံးရှိ စားနပ်ရိက္ခာများအရေအတွက် ပိုမိုများပြားလာရေးနှင့် အရည်အသွေး ပိုမို တိုးတက်ကောင်းမွန်လာရေးအတွက် ငါးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ စက်မှုလယ်ယာလုပ်ငန်းစသည်တို့ကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်ပင် ဖြစ်သည်။

ယနေ့ကမ္ဘာတွင်ဖြစ်ပေါ် နေသော စားနပ်ရိက္ခာအထွက်နှင့် လူဦးရေတိုးတက်မှု မမျှတသော ပြဿနာကိုဖြေရှင်းနိုင်ရန်အတွက် စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့သည် လယ်ယာဖွံ့ဖြိုးမှု အစီအစဉ်များ ချမှတ်ကာဆောင်ရွက် နေပေသည်။ ယင်းလယ်ယာဖွံ့ဖြိုးမှု အစီအစဉ်တွင် စိုက်ပျိုးရေး ပါရဂူ ၁,၅၀၀ ခန့်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေး အဖွဲ့သည် ၁၉၆၀ ပြည့်နှစ်က အငတ်ဘေး ကင်းဝေးရေးတိုက်ပွဲတရပ်ကို ဆင်နွှဲခဲ့ပြီး ၁၉၆၃ ခုနှစ်မှစ၍လည်း ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်တရပ်ကို စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပေသည်။

စားနပ်ရိက္ခာနှင့် လယ်ယာ စိုက်ပျိုးရေးအဖွဲ့တွင် အဖွဲ့ဝင် ၁၂၅ နိုင်ငံပါရှိပြီး အဖွဲ့၏ဌာနချုပ်ရုံးမှာ အီတလီနိုင်ငံ ရောမမြို့တွင် တည်ရှိလေသည်။

စိုးမြင့်၊ဦး၊ ရွှေစကြာ (မြန်မာ ၁၂၇၄–၁၃၄၀)။ ။ ရာဇဝင်ဝတ္ထုရေးဆရာကြီး အမည်ဖြင့် နိုင်ငံက အသိအမှတ်ပြုခြင်းခံရသော ရွှေစကြာဦးစိုးမြင့်သည် မြန်မာသက္ကရာဇ် ၁၂၇၄ ခု ဝါဆို လဆုတ် ၇ ရက်နေ့တွင် ဟင်္သာတခရိုင် ဒေါင့်ကြီး အရွှေဖက် ငါးအိမ်တန်းရွာ၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ မုံရွာ ဗန်ကျီနွယ်ဖြစ်သူ ကိုင်းသူကြီး ဦးထွန်းဦး၊ ဒေါ်ပိုးမှုန်ဖြစ်၍ ပဥ္စမမြောက်သားဖြစ်သည်။

အသက်ခြောက်နှစ်သားတွင် အစ်ကိုရင်းဖြစ်သူ အရှင်ကဝိန္ဒနှင့်အတူ မန္တလေးမြို့ မစိုးရိမ်တိုက်သို့ ရောက်ခဲ့ရာ ကျောင်းသားဘဝ၊ သာမဏေဘဝ၊ ရဟန်းဘဝနှင့် မန္တလေးမြို့တွင် နှစ်ပေါင်း ၂၀ တိတိ ပညာသင်ကြားခဲ့သည်။ သူ၏ရဟန်းဘွဲ့မှာ ရှင်ဝရဏဖြစ်သည်။ရဟန်းဘဝနှင့် မန္တလေး

မြို့ သက္ကသီဟ စာ
မေးပွဲ စာချုတန်း
တွင် ပါ ရာဇဝင်ကဏ်
အဋ္ဌကထာနှင့်သုတ်
သီလက္ခန် အ ဋ္ဌက
ထာ နှစ် ကျမ်း ကို
အောင်မြင်ခဲ့၍ အဋ္ဌ
သာလိနီအဋ္ဌကထာ
ကိုကား မဝင်ပဲဖြတ်
ထား ခဲ့ သည်။
ပခုက္ကူမြို့မဟာဝိသု
တာရာမတိုက်၊ ရန်
ကုန်မြို့ ဘုရား ဖြူ
တိုက်၊ မြင်း ခြံနယ်
ကန်မြဲစကြမ်း တို့၌
လည်း ပညာသင်ကြားခဲ့သေးသည်။



ရွှေစကြာ ဦးစိုးမြင့်

သက္ကသီဟ စာမေးပွဲအတွက် သင်ကြားရင်း ပူတကေ နှင့် နားခံတော်ဝတ္ထုကို ရွှေစကြာအမည်ဖြင့် ရေးသားခဲ့သည်။ ယင်းဝတ္ထုကို ၁၂၉၄ ခု နယုန်လဆုတ် ၁ ရက်နေ့ ထုတ် သူရိယရုပ်စုံ၌ အခန်းဆက် ဝတ္ထုအဖြစ် စတင်ထည့်သွင်းခဲ့သည်၊ ပုဂံဝန်ထောက်မင်း ဦးတင်၏ သမိုင်းမှတ်တမ်းများကို ကိုးကား၍ ယင်းဝတ္ထုကို ရေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင်က ၁၉၃၆ ခုနှစ်တွင် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းမှ ယင်းဝတ္ထုကို နာခံတော်အမည်ဖြင့် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေကာ ၁၉၃၇–၃၈ ခုနှစ်တွင် ဥပစာတန်း၌ ပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၄၀–၄၁ ခုနှစ်၌လည်း ယင်းဝတ္ထုကို တိုင်းရင်းဘာသာ နဝမတန်း၌ ပြဋ္ဌာန်းခဲ့ပြန်သည်။ ၁၉၆၇ ခုနှစ်တွင်လည်း အောင်မင်္ဂလာ ရုပ်ရှင်ကုမ္ပဏီမှ ဇာတိမာန်အမည်ဖြင့်ယင်းဝတ္ထုရုပ်ရှင်ရိုက်ကူးခဲ့သည်။

ရွှေစကြာသည် ရဟန်းဘဝနှင့်ပင် ခဲ့ထားကျော်ဂဏ္ဌိကို ရေးသားပြုစုခဲ့သည်။ ခဲ့ထားကျော်မှာ ကင်းဝန်မင်းကြီးနှင့် ယောမြို့စား ဗိုလ်မှူးဝန်ကြီး ဦးပုတို့ စုဆောင်းရေးသားခဲ့သော ကျမ်းဖြစ်သည်။ ယင်းခဲ့ထားကျော်ဂဏ္ဌိကို ပုဂံဝန်ထောက် ဦးတင်၏ တိုက်တွန်းချက်အရ ပုဂံဝန်ထောက် ဦးတင်နှင့်တိုင်ပင်ကာ ရေးသားခဲ့ခြင်းဖြစ်သည်။

စင်စစ် ပုဂံဝန်ထောက် ဦးတင်မှာ ဆရာကြီးရွှေစကြာအား မြန်မာစာသင်ကြားပေးခဲ့သော ဆရာဖြစ်၍ ပုဂံဝန်ထောက် ဦးတင်ကလည်း ဆရာကြီးရွှေစကြာထံမှ ပါဠိစာပေများကို ကြိုးကြားကြိုးကြား သင်ယူခဲ့သည်။

ရွှေစကြာသည် ရဟန်း ခုနစ်ဝါအရတွင် လူဝတ်လဲခဲ့သည်။ လူအမည်မှာ ဦးစိုးမြင့်ဖြစ်သည်။

ထို့နောက် ဝန်ကြီးဟောင်း ဦးထွန်းဖေနှင့်အတူ "မြန်မာ့နေ့စဉ်သတင်းစာ" ကို တည်ထောင်ကာ လက်ထောက်အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။

၁၉၃၈ ခုနှစ်မှစ၍ အာဇာနည်သတင်းစာတွင် တဲ့ဖက်အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ထို့သို့ လုပ်ကိုင်ယင်း လူပြန်တော် ပညာရှိအသင်းကို တည်ထောင်ကာ ဘုန်းကြီးလူထွက်များကို စည်းရုံးခဲ့သည်။

၁၉၄၀ ပြည့်နှစ်၌ ပထမဆုံး ဖွဲ့စည်းသော အစိုးရ ပါဠိဘာသာ ပညာရေးအဖွဲ့တွင် အဖွဲ့ဝင်လူကြီး အဖြစ်ဌင်း၊ ၁၉၄၁ ခုနှစ်တွင် တဲ့ဖက်ဥက္ကဋ္ဌအဖြစ်ဖြင့်ဌင်း တင်မြောက်ခြင်းခံရသည်။

ဘီအိုင်အေခေတ်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဗိုလ်မိုးကြီး တို့နှင့် အတူ ဗုဒ္ဓသာသနာ့ အစည်းအရုံး၌ ကော်မတီ ဟဦးအဖြစ်ဖြင့် ငါးလတိုင်တိုင် တာဝန်ယူခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ခရိုင်ဝါဒ ဖြန့်ချိရေးအရာရှိအဖြစ်ဖြင့် သထုံမြို့သို့ စေလွှတ်ခြင်းခံခဲ့ရသည်၊ တော်လှန်ရေးခေတ်တွင် မုတ္တမ စက်အမြောက်တပ်ခဲ့ ၅ နှင့်ပူးပေါင်းကာ ဖက်ဆစ်ဂျပန် တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။

စစ်ပြီးခေတ် ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ အစိုးရ ပါဠိဘာသာပညာရေးအဖွဲ့တွင် မစိုးရိမ်တိုက် ကိုယ်စားလှယ် ပါဠိပါရဂူအဖြစ်ဖြင့် အဖွဲ့ဝင်လူကြီး ထပ်မံခန့်ထားခြင်း ခံရပြန်သည်။ ၁၉၄၇ ခုနှစ်တွင် နဂါးနီဂျာနယ် အယ်ဒီတာချုပ်အဖြစ်ဖြင့်ဌင်း၊မဟာသဓာသတင်းစာအယ်ဒီတာချုပ်အဖြစ်ဖြင့်ဌင်း ဆောင်ရွက်ခဲ့သေးသည်။

၁၉၅၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်အထိ အစိုးရ သာသနာရေးဌာနသို့ ဝင်ရောက် လုပ်ကိုင်ခဲ့ရာ သာသနာရေးအရာရှိ၊ လက်ထောက်သာသနာ ညွှန်ကြားရေးဝန်၊ အစိုးရပါဠိပညာရေးဌာန အုပ်ချုပ်ရေးမှူး စသည်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် "အဓေဝါမဒါဌာ ဓာတုဝိဘာဝနီ" မည်သော လက်ဝဲအောက် စွယ်တော်သမိုင်းကို ရေးသားခဲ့သည်။ ထို့ပြင် ၁၉၅၄ ခုနှစ်မှစ၍ ဆဋ္ဌသံဂါယနာသမိုင်းရေး တာဝန်ခံ အရာရှိအဖြစ်ဖြင့်လည်း ဆောင်ရွက်ခဲ့ရသည်။

ရွှေစကြာဦးစိုးမြင့်သည် ပါဠိဘာသာကို မိခင်ဘာသာကဲ့သို့ အရေးအပြော နှစ်မျိုးလုံး ကျွမ်းကျင်သည်။

ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂီအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ သီဟိုဠ် (ယခု သီရိလင်္ကာ)တက္ကသိုလ်မှ ပါဠိပါမောက္ခ ဒေါက်တာမာလာလာဆေကရ မြန်မာနိုင်ငံသို့ ရောက်လာစဉ် လူပြန်တော်ပညာရှိအသင်းမှ ကြိုးမှူး၍ သာသနာရေး အသင်းအဖွဲပေါင်းစုံ ဖိတ်ကြားကာ ညစ်ခဲ့ပဲ့ပြုလုပ်ကျင်းပခဲ့သည်။ ယင်းညစ်ခဲ့ပဲ့၌ ရွှေစကြာဦးစိုးမြင့်

သည် မိနစ် ၄၀ ကျော်ကျော် ပါဠိဘာသာဖြင့် သြဘာစကား ပြောကြားခဲ့ရာ ဒေါက်တာမာလာလာဆေကရက မိမိကိုယ်တိုင်ပင် ဤမျှလောက် ပါဠိဘာသာဖြင့် တခမ်း တနား မပြောကြားနိုင်ကြောင်းဖြင့် တအံ့တသြ ဝန်ခံခဲ့ရဘူးသည်။

ရွှေစကြာ ဦးစိုးမြင့်သည် ရာဇဝင် ဝတ္ထုရှည်ကြီးပေါင်း ၂၀ ကျော်နှင့် ဝတ္ထုတိုပေါင်း မြောက်မြားစွာကို ရေးသားပြုစုခဲ့သည်။

၁၉၇၀ ခုနှစ် ဇူလိုင်လ ၇ ရက် ညနေ ၆ နာရီအချိန်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

စိုက်ပရပ်သမ္မတနိုင်ငံ။ ။စိုက်ပရပ် သမ္မတနိုင်ငံသည် အကျယ်အဝန်း စတုရန်းမိုင် ၃,၅၇၂ ရှိပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၆၉၀,၀၀၀ ရှိသည်။ ၁၉၇၇ ခုနှစ်သြဂုတ်လ ၃ ရက်နေ့တွင် ဘုန်းတော်ကြီး မကာရီယို့စ ကွယ်လွန်ခဲ့သဖြင့် ထိုလ ၃၁ ရက်နေ့တွင် စပိုင်ရှိ အာချိုလီးစကိုင်း ပရီယာနိုက သမ္မတအဖြစ် ဆောင်ရွက်ခဲ့သည်။



၁၉၇၈ ခုနှစ် ဖေဖွာရီလ အတွင်းက အီဂျစ် နိုင်ငံပိုင်လေယာဉ်တစဉ်းကို အကြမ်းဖက်သမားများက ပြန်ပေးဆွဲလာပြီး စိုက်ပရပ်နိုင်ငံ လာနာကာလေဆိပ်သို့ ဆင်းသက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ အီဂျစ်နိုင်ငံနှင့် အချင်းများခဲ့ရသည်။ အီဂျစ်ကွန်မင်ဒိုများက စိုက်ပရပ်နိုင်ငံ လာနာကာ လေဆိပ်သို့ စိုက်ပရပ်အစိုးရ၏ သဘောကူညီချက်မရရှိပဲ လေယာဉ်နှင့် ဓားခဲများကို ကယ်တင်ရန် ကြိုးစားခဲ့သဖြင့် စိုက်ပရပ် လုံခြုံရေးတပ်သားများနှင့် လေးဆယ်ငါးမိနစ်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ နောက်ဆုံးတွင် လေယာဉ်အကြမ်းဖက်သမားများက အီဂျစ်ကွန်မင်ဒိုများထံ အညံ့မခံပဲ စိုက်ပရပ် အစိုးရထံ အညံ့ခံလိုက်ကြသည်။ နှစ်နိုင်ငံ အငြင်းပွားတိုက်ပွဲများ ဖြစ်ပွားပြီးနောက် စိုက်ပရပ်နိုင်ငံရှိ အီဂျစ်သံတမန်အဖွဲဝင်များအား ပြန်လည်ရုပ်သိမ်းရန် အီဂျစ်အစိုးရ ဆုံးဖြတ်ပြီး သံအဖွဲဝင်များကို ပြန်လည်ခေါ်ယူခဲ့သည်။

စိုက်ပရပ်နိုင်ငံတွင် ဖြစ်ပေါ်နေသော ဂရိန္ဒယ်ဖွား စိုက်ပရပ်နိုင်ငံသားများနှင့် တူရကီန္ဒယ်ဖွား စိုက်ပရပ်နိုင်ငံသားများ၏ ပဋိပက္ခသည် ယနေ့ထက်တိုင်အောင်ပင် မပြေလည်သေးပေ။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန် သံတမန်တဦးကို တူရုကီနိုင်ငံသို့ စေလွှတ်၍ ဆွေးနွေးခဲ့သည်။

ကုလသမဂ္ဂတွင်လည်း စိုက်ပရပ် ပြဿနာကို ဆွေးနွေးခဲ့ကြသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံက စိုက်ပရပ်ပြဿနာသည် မြေထဲပင်လယ်ဒေသ၌ နိုင်ငံရေးတည်ငြိမ်မှုကို အန္တရာယ် ပြုနိုင်သည်ဟု သတိပေးခဲ့လေသည်။

စိုက်ပရပ်နိုင်ငံအတွင်းရှိ တူရကီန္ဒယ်ဖွားများနှင့် ဂရိန္ဒယ်ဖွားများ၏ပဋိပက္ခအကြားတွင်တာဝန်ထမ်းဆောင်နေသော ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲဝင်များကို ၁၉၇၉ ခုနှစ် ဇွန်လ ၁၅ ရက်နေ့အထိ သက်တန်း တိုးမြှင့်ထားရှိရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။

စိုက်ပရပ်နိုင်ငံ၌ နေတိုးစစ်စခန်းများပြုလုပ်ရန် သဘောတူညီခဲ့သည်ကို အရှေ့ဂျာမနီနိုင်ငံက ဆန့်ကျင် ကန့်ကွက်ခဲ့သည်။ စိုက်ပရပ်နိုင်ငံနှင့် အရှေ့ဂျာမနီ နိုင်ငံတို့သည် စိုက်ပရပ် ပြဿနာကို ငြိမ်းချမ်းစွာ အဖြေရှာရန် နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

စိုက်ပရပ်နိုင်ငံအတွင်း၌ အစိုးရအဖွဲ့ကို လုပ်ကြံရန် လျှို့ဝှက်လုပ်ကြံမှုများ ဖြစ်ပေါ်နေသည်ဆိုကာ သမ္မတပရီယာနိုက နီကိုးရားမြို့တော်ရှိ အနောက်ဂျာမနီသံရုံးမှ အရာရှိဟောင်းတဦးကို စိုက်ပရပ်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည်ဆိုကာ ပြည်နှင်ဒဏ်ပေးခဲ့သည်။

စစ်ကိုင်းတိုင်း။ ။မြန်မာနိုင်ငံ၏မြောက်ပိုင်းတွင် တည်ရှိသော စစ်ကိုင်းတိုင်း၏ အကျယ်အဝန်းသည် ၃၆,၅၃၄ စတုရန်းမိုင် ဖြစ်သဖြင့် စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံတွင် အကျယ်ဝန်းဆုံးသော တိုင်းတတိုင်းဖြစ်သည်။ ၁၉၇၀ ခုနှစ် ခန့်မှန်းခြေစာရင်းအရ လူဦးရေ ၃၄၇,၂၀၅ ခန့်ရှိပြီး တိုင်းအတွင်း နေထိုင်ကြသော တိုင်းရင်းသားများမှာ မြန်မာ၊ ကချင်၊ ချင်း၊ နာဂ၊ ရှမ်း၊ ကတူး၊ ကနန်း စသည်တို့ ဖြစ်လေသည်။

စစ်ကိုင်းတိုင်းတွင် မြို့နယ်ပေါင်း ၃၀ မြို့နယ်ပါဝင်သည်။ ယင်းတို့မှာ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ငါန်းဇွန်(ငဇွန်)၊ ဖောင်းပြင်၊ မော်လိုက်၊ တမူး၊ ကလေးဝ၊ ကလေးမြို့၊ မင်းကင်း၊ မုံရွာ၊ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ၊ ရွှေဘို၊ ခင်ဦး၊ ဝက်လက်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ ဒီပဲရင်း၊ တန့်ဆည်၊ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်သို့၊ ပင်လယ်ဘူး၊ ခန္ဓီး၊ ဟုမ္မလင်း လေရှီး၊ လဟယ်(အုံပါ) နှင့် နန်းယွန်းတို့ဖြစ်ကြပေသည်။ စစ်ကိုင်းတိုင်း၏မြို့တော်မှာ စစ်ကိုင်းမြို့ဖြစ်ပြီး မန္တလေးမြို့မှ ၁၃ မိုင် အကွာတွင် တည်ရှိကာအရောင်းအဝယ်စည်ကားသောမြို့တမြို့ဖြစ်သည်။



မြန်မာနိုင်ငံတွင် ဆီထွက်နေကြာ အများဆုံးစိုက်ပျိုးသော တိုင်းဖြစ်ပေသည်။ စစ်ကိုင်းတိုင်းအတွင်း အဖိုးတန် ကျွန်း သစ်တောကြီးများလည်း ရှိသဖြင့် သစ်ထုတ်လုပ်ရေး လုပ်ငန်းသည် အရေးပါသော စီးပွားရေးလုပ်ငန်းကြီး တခုဖြစ်သည်။ ကုန်ထုတ်စရိတ် လျော့ချရေး ဦးတည်ချက်ဖြင့် စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံမှ ကာယဉာဏလုပ်သားများသည် ၁၉၇၈ ခုနှစ်အတွက် စီမံကိန်း လျာထားချက်ထက် ၁၂၁.၃၉ ရာခိုင်နှုန်း ပိုမို ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ပြည်တွင်းထွက် သစ်ရွက်၊ သစ်ခက်၊ သစ်ခေါက်၊ သစ်မြစ်အစရှိသော သဘာဝမှ ရရှိသည့် ဆိုးဆေး သုတေသနလုပ်ငန်းကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပြီး စက်ရုံအတွက် အပိုပစ္စည်းများကိုလည်း တိုထွင်ပြုလုပ်နိုင်ခဲ့ကြသည်။

စစ်ကိုင်းတိုင်းအတွင်းရှိ စပါယ်တောင် တောင်ဖက်နှင့် ကြေးစင်တောင်တို့တွင် ကြေးနီထုတ်လုပ်ရေး စီမံကိန်းကို ၁၉၇၈-၇၉ ခုနှစ်မှစ၍ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၁၉၈၁-၈၂ ခုနှစ်တွင် စီမံကိန်းပြီးရန် ခန့်မှန်းထားသည်။ သတ္တုထုတ်လုပ်ရေး စီမံကိန်းကြီး ပြီးစီးပါက တနှစ်လျှင် ကြေးနီသတ္တုရိုင်း ၂,၄၀၀,၀၀၀ တန်နှင့် သန့်စင်ပြီး ကြေးနီ ၆၀,၀၀၀ တန် ထုတ်လုပ်နိုင်မည် ဖြစ်သည်။

လူဦးရေနှစ်သိန်းကျော် မှီတင်းနေထိုင်သော မုံရွာမြို့နယ်အပြင် ချောင်းဦး၊ အရာတော်၊ ဘုတလင်၊ ဒီပဲယင်း၊ ရေဦးမြို့နယ်များသာမက ချင်းတွင်းမြစ်ရိုး တလျှောက်ရှိ မြို့နယ်များမှ လုပ်သားပြည်သူများ အားကိုးနေကြရသည့် မုံရွာပြည်သူဆေးရုံအနီးတွင် ၁၉၇၂ ခုနှစ်က စတင်ပန္နက်ချခဲ့သော ကုတင် ၁၅၀ ဆံ့ ခေတ်မီအထူးကုဆေးရုံသစ်ကြီးကို တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံ၏ အကျယ်ဝန်းဆုံးတိုင်းဖြစ်သည်နှင့်အညီ တိုင်းအတွင်းရှိ အထက်တန်းပညာသင်ကြမည့် ကျောင်းသူ ကျောင်းသားများအတွက် မိမိတိုင်းအတွင်း၌ပင် အဆင်ပြေပြေ ပညာသင်ယူနိုင်ရေးအတွက် ဒေသကောလိပ်နှစ်ကျောင်းကို မုံရွာနှင့် ရွှေဘိုမြို့များတွင် ဖွင့်လှစ်ထားရှိသည်။ ။

စစ်ကိုင်းတိုင်း၏ အဓိကစီးပွားရေး လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည်။ စပါး၊ ဂျုံ၊ မြေပဲ၊ ပဲမျိုးစုံနှင့် ဝါဂွမ်းတို့ကို စိုက်ပျိုးကြသည်။ ဆီထွက်နေကြာကိုလည်း စီမံကိန်းချမှတ်စိုက်ပျိုးခဲ့ရာ ၁၉၇၈-၇၉ ခုနှစ်တွင် တိုင်းအတွင်း အမှန်စိုက်ပျိုးကေမှာ ၃၅,၀၀၀ ဖြစ်သဖြင့် စစ်ကိုင်းတိုင်းသည်

စိန်၊ ဦး၊ တိုးတက်ရေး (ခရစ် ၁၈၉၇–၁၉၇၈)။ ။ “ကြီးပွားချမ်းသာရေး”ခေါ်စာတအုပ်တည်းဖြင့် အောင်မြင်စွာ စာပေလောကတွင်းသို့ ခြေချနိုင်ခဲ့သော တိုးတက်ရေးဦးစိန်သည် ခရစ် ၁၈၉၇ ခုနှစ်တွင် နတ္တလင်းမြို့၌ အဖ ဦးဖိုးဆိတ်၊ အမိ ဒေါ်ဖွားစိန် တို့မှ ဖွားမြင်ခဲ့သည်။



တိုးတက်ရေး ဦးစိန်

မွေး ချင်း ကိုး ယောက် ရှိသည့် အ နက် ဦးစိန်သည် တ တိ ယ မြောက် ဖြစ် သည်။

ငယ်စဉ်ကဦးစိန် သည် နတ္တလင်းမြို့ ဆရာချယ်၏ လော ကဓာတ် ကျောင်း၌ ပညာ စတင် သင် ကြားခဲ့ပြီး ရန်ကုန် မြို့အစိုးရဟိုက်စကူး ကျောင်းသို့ပြောင်း ကာခုနစ်တန်းအထိ ပညာသင်ခဲ့သည်။

ကျောင်းမှထွက်ပြီးနောက် ရန်ကုန်မြို့ ဝိလ်ဂျက်ကုမ္ပဏီ တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ယင်းသို့ အလုပ်လုပ် ကိုင်ယင်း ရသမျှအချိန်ပိုကလေးများကို အလဟဿမကုန် စေပဲ ခရစ် ၁၉၂၀ ပြည့်နှစ်မှစ၍ ကြီးပွားချမ်းသာရေး စာ အုပ်ကို ရေးသားခဲ့ရာ ခရစ် ၁၉၃၀ ပြည့်နှစ်တွင် ပထမဆုံး အကြိမ်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ယင်းစာအုပ်ကို စတင်ရေး စဉ်က ဦးစိန်၏ အသက်မှာ ၂၃ နှစ်မျှသာ ရှိသေးသည်။

ဦးစိန်သည် ယင်းစာအုပ်ကို "ဦးပဂျိုင်" ဟူသော က လောင် အမည်ဖြင့်ရေးသားခဲ့သည်။ သူ၏မွေးချင်းများ တွင် သူသည် အရွယ်အဆိုးဆုံးဖြစ်သဖြင့် ပန်းချီဆရာပင် ပုံတူ မရေးနိုင်ပဲ ငိုရလောက်အောင် အရွယ်ဆိုးလှသော ကြောင့် ဘိုးဘွားမိဘသူငယ်ချင်းများက "ပဂျိုင်"ဟု ခေါ် လေ့ရှိကြသည်။ ထို့ကြောင့် ဦးပဂျိုင် ဟူသော ကလောင် အမည်ကို အသုံးပြုရခြင်းဖြစ်သည်ဟု စာအုပ်၏ နိဒါန်း၌ ရှင်းလင်း ဖော်ပြထားသည်။

ယင်းစာအုပ်၌ "ကြိုးစားကဘုရားဖြစ်နိုင်၏" ဟု ဦးစိန်က ကြွေးကြော်ခဲ့သည်။ ကြွေးကြော်သည့်အတိုင်း ယင်းစာ အုပ်သည် အောင်မြင်ခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ယင်းစာအုပ် ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေပြီး တနှစ်နှင့် သုံးလအတွင်း ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ရသည်။ ခုနစ်တန်းအတွက် ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခြင်း ခံခဲ့ရသည်။

ကြီးပွားချမ်းသာရေး စာအုပ်အပြင် ၁၉၃၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ တိုးတက်ရေးမဂ္ဂဇင်းကို ထုတ် ဝေခဲ့သည်။ ကြိုးစားက ဘုရားဖြစ်နိုင်၏ ဟူသော ဆောင် ပုဒ်ကိုပင် တိုးတက်ရေးမဂ္ဂဇင်း၏ ကြွေးကြော်သံအဖြစ် အသုံးပြုခဲ့သည်။

ကြီးပွားချမ်းသာရေး စာအုပ်ကဲ့သို့ပင် တိုးတက်ရေး မဂ္ဂဇင်းသည်လည်း အောင်မြင်ခဲ့ရုံမက မြန်မာနိုင်ငံမဂ္ဂဇင်း သမိုင်းတွင် မဂ္ဂဇင်းခေတ်တခေတ်ကိုပင် ခေါင်းဆောင်မှု ပေးနိုင်ခဲ့သည်။

၁၉၃၆ ခုနှစ် ဇွန်လ ၆ ရက် စနေနေ့မှစ၍ ဦးစိန်သည် ဘားမားဂျာနယ်ကို စတင်ထုတ်ဝေခဲ့သည်။ ထို့နောက် ၁၉၃၈ ခုနှစ် မေလ ၃ ရက် အင်္ဂါနေ့မှစ၍ တိုးတက်ရေး သတင်းစာကို စတင် ထုတ်ဝေခဲ့သည်။ တိုးတက်ရေး မဂ္ဂဇင်း၊ ဘားမားဂျာနယ်နှင့် တိုးတက်ရေးသတင်းစာ သုံး မျိုးစလုံးကို တပြိုင်တည်း ထုတ်ဝေနေခြင်းဖြစ်သည်။

ယင်းသို့ တိုးတက်ရေးမဂ္ဂဇင်း, တိုးတက်ရေး သတင်း စာတို့ကို အောင်မြင်စွာ ထုတ်ဝေခဲ့သောကြောင့် ဦးပဂျိုင် ဟူသောအမည်အပြင် တိုးတက်ရေး ဦးစိန်ဟူသော အမည် ဖြင့်လည်း စာပေလောက၌ ထင်ရှားခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် ၁၉၄၆ ခု ဖေဖွာရီလ ၂ ရက် စနေနေ့မှစ၍ ဦးစိန်သည် တိုးတက် ရေးဂျာနယ်ကို ထုတ်ဝေခဲ့ပြန်သည်။ လွတ်လပ်ရေးရပြီး နောက် တိုးတက်ရေးဂျာနယ်အဖြစ်မှ တိုးတက်ရေးသတင်း စာအဖြစ်သို့ ပြောင်းလဲကာ နေ့စဉ်ထုတ်ဝေခဲ့ရာ ၁၉၅၄ ခု နှစ်အထိ ဖြစ်သည်။

ဦးစိန်သည် ကြီးပွားချမ်းသာရေး စာအုပ်အပြင် ဆရာ ကြီး ပီမိုးနင်း–ဆရာကြီး ဒဂုန်နတ်ရွှင်တို့နှင့် တွဲဖက် ကာ တိုးတက်ရေးလက်စွဲကိုလည်း၊ ဆရာကြီး ပီမိုးနင်းနှင့်တွဲဖက် ကာ ဟန်ကျပန်ကျကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

ထို့ပြင်အလုပ်ကံနှင့်စိတ်တန်ခိုး၊ ဗမာ့ဘာဏ်နှင့် ငွေကြေး ပြဿနာ၊ ပြည်တွင်းငြိမ်းချမ်းရေးကမ္မဋ္ဌာန်းစာအုပ်များကို လည်း ရေးသားပြုစုခဲ့သေးသည်။

ထို့နောက် ဦးစိန်သည် ဝိပဿနာတရားများကို စွဲစွဲမြဲ မြဲလေ့လာလိုက်စားခဲ့သည်။ သူ၏ လေ့လာမှုသည် ထက် မြက်သောဝိပဿနာ သင်တန်းပြ ဓမ္မကထိက တဦးအဖြစ် ဆောင်ရွက်နိုင်သည့်အဆင့်အထိ ပါရမီမြင့်မားခဲ့သည်။

ထိုမှတပါး ဝိပဿနာအခြေခံနှင့် အဖြေမှန် စာ အုပ် ဂမ္ဘီရဝိပဿနာရှုဘွယ် သုံးတွဲတို့ကို ပြုစုရေးသား ထုတ်ဝေ ဖြန့်ချိခဲ့သည်။

တဆက်တည်းပင် ဦးစိန်သည် ပ သုံးလုံး ဝိပဿနာပြန့် ပွားရေးအဖွဲ့ကို တည်ထောင်ပြီးလျှင် ရန်ကုန်မြို့ ရွှေတိဂုံ ဘုရားလမ်းရွှေကျင်ဓမ္မာရုံတွင် ဝိပဿနာသင်တန်းများ သင် ကြားပို့ချခဲ့သည်။ ယင်းသင်တန်းအတွက် ဝိပဿနာကျမ်း စာနှစ်စောင်တွဲနှင့် ဝိပဿနာသည်ဒုလ္လဘ ဟူသော စာအုပ် များကို ရေးသားပြုစုခဲ့သည်။

ဦးစိန်သည် ၁၉၇၈ ခုနှစ် အောက်ထိုဘာလ ၅ ရက်နေ့ည အသက် ၈၁ နှစ်အရွယ်တွင် ကွယ်လွန် အနိစ္စဝေါက်သည်။

စံပြလုပ်သား စီမံကိန်း။ ။ ၁၉၆၄ ခုနှစ် ပြည် သူ့အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၃)၊ (ဂ) နှင့် (ဃ) တို့ကိုရည်ညွှန်းလျက် "စံပြလုပ်သားစီမံကိန်း" ကို ၁၉၆၄–၆၅ ခုနှစ်မှစတင်၍ အကောင်အထည် ဖော်ခဲ့သည်။

၁၉၇၆–၇၇ ခုနှစ်တွင်လည်း အရည်အချင်း "စံ" ကိုး ချက်နှင့်ကိုက်ညီသော စံပြလုပ်သား ၄၈၄ ဦးကို စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် လုပ်ကိုင်နေသော ကာယ ဉာဏ အလုပ်သမားများအနက်မှ ရွေးချယ်ခဲ့လေသည်။

စံပြလုပ်သားရွေးချယ်ရေးအတွက် သတ်မှတ်ထားသော "စံ" ကိုးရပ်မှာ –

၁။ အထူးကြိုးစားသော အလုပ်သမားဖြစ်ခြင်း၊
၂။ အလုပ်သမား အများစုက ယုံကြည်လေးစားရသူ ဖြစ်ခြင်း၊
၃။ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အများဆုံး ကြိုးပမ်းသူဖြစ်ခြင်း၊
၄။ အဖွဲ့လိုက်ဆောင်ရွက်သူ ဖြစ်ခြင်း၊
၅။ ဆက်ဆံမှုပြေပြစ်သူဖြစ်ခြင်း၊
၆။ အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ခြင်း၊
၇။ ရက်ပျက် အနည်းဆုံးရှိသူ ဖြစ်ခြင်း၊
၈။ စည်းကမ်းကိုရိုသေလိုက်နာသူဖြစ်ခြင်းနှင့်
၉။ လုပ်အားပေးနာရီကို အလုပ်ခွင် စည်းကမ်းဘောင် အတွင်းမှ အများဆုံး ပေးနိုင်သူ ဖြစ် ခြင်း တို့ ဖြစ်သည်။

စံပြလုပ်သား စီမံကိန်းကို ၁၉၆၄–၆၅ ခုနှစ်က စတင် အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်ရာ ၁၉၇၆–၇၇ ခုနှစ်တွင် (၁၃) ကြိမ်တိတိ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ၁၉၇၆–၇၇ ခုနှစ်တွင်လည်း စံပြလုပ်သားများကို ရွေးချယ်ခဲ့ရာတွင် ပထမဆင့်တွင် အမျိုးသား ၂၇ ဦးနှင့် အမျိုးသမီး ၂ ဦး၊ ဒုတိယဆင့်တွင် အမျိုးသား ၃၉ ဦးနှင့် အမျိုးသမီး ၈ ဦး တတိယဆင့်တွင် အမျိုးသား ၃၉၀ ဦးနှင့် အမျိုးသမီး ၂၀ ဦး စုစုပေါင်း ၄၈၄ ဦးကို တိုင်းပြည်က ရွေးချယ်၍ ဂုဏ်ပြုခဲ့ လေသည်။

ထိုကြောင့် ၁၃ နှစ်မြောက်သော အချိန်ကာလအထိ အလုပ်သမား ဝန်ကြီးဌာနက ရွေးချယ်ခဲ့ပြီးသော ဆိုရှယ် လစ်လုပ်သားကောင်း ပထမဆင့် စံပြလုပ်သား အမျိုး သား ၅၀၃ ဦးနှင့် အမျိုးသမီး ၃၁ ဦး၊ ဒုတိယဆင့် စံပြ လုပ်သား - အမျိုးသား ၁,၆၅၅ ဦးနှင့် အမျိုးသမီး ၁၂၈ ဦး၊ တတိယဆင့် စံပြလုပ်သား အမျိုးသား ၆,၀၀၇ ဦးနှင့် အမျိုးသမီး ၅၀၅ ဦးတို့ဖြစ်ရာ စုစုပေါင်း စံပြလုပ်သား ဦးရေ ၈,၈၂၉ ဦးရှိပြီးဖြစ်သည်။



လှိုင်ရောမော် စံပြအပန်းဖြေခန်းရောက် စံပြလုပ်သားကြီးများသည် အပန်းဖြေရင်း ဘုရားပုထိုးများ ပြန်လည်ပြင်ဆင် တည်ဆောက်ရေးတွင် ကုသိုလ်ပါဝင် လုပ်အားပေးခဲ့ကြသည်။

၁၉၇၆–၇၇ ခုနှစ်တွင် ရွေးချယ်ခံရသော စံပြလုပ်သား ၄၈၄ ဦးတို့အနက်၊ စံပြလုပ်သား ၁၈၈ ဦးမှာ ရန်ကုန်မြို့ရှိ အပန်းဖြေစခန်းတွင်၎င်း၊ စံပြလုပ်သား ၂၉၆ ဦးမှာ ဧရာ ဝတီတိုင်းရှိ လှိုင်ရောမော်အပန်းဖြေ စခန်းတွင်၎င်း အသီး သီး အပန်းဖြေအနားယူနိုင်ရန် အလုပ်သမားဝန်ကြီးဌာနမှ အစီအစဉ်ပြုလုပ်ပေးခဲ့လေသည်။

ရန်ကုန်မြို့ စံပြလုပ်သားအပန်းဖြေစခန်းမှ စံပြလုပ်သား များသည်၊ အလုပ်ရုံ စက်ရုံများကို လှည့်လည်လေ့လာခဲ့ ကြပြီး လှိုင်ရောမော်စခန်းမှ စံပြလုပ်သားများသည်၊ လယ် ယာဦးကြီးများ၏ လယ်ယာလုပ်ငန်း အခြေအနေများကို လေ့လာခွင့်ရရှိခဲ့သည်။

ဆဒတ်, အန္နဝါအယ်

(အီဂျစ်သမ္မတနိုင်ငံ—ရှု။)

ဆအူးဒီအာရေဗျနိုင်ငံ။ ။အာရေဗျကျွန်းဆွယ်ပေါ်ရှိ ဆအူးဒီအာရေဗျနိုင်ငံသည် စတုရန်းမိုင် ၈၇၃,၀၀၀ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၉,၅၂၀,၀၀၀ ရှိသည်။ မြို့တော်မှာ ရီယတ်မြို့ ဖြစ်သည်။ ဆအူးဒီအာရေဗျ နိုင်ငံ၏ လက်ရှိဘုရင်မှာ ခါလစ်အဗင် အဗ္ဒဒူအဇစ် ဖြစ်သည်။



ဆအူးဒီအာရေဗျနိုင်ငံသည် ဆိုမာလီယာနိုင်ငံနှင့် အီသီအိုးပီးယားစစ်ပွဲတွင် ဆိုမာလီနိုင်ငံအား စစ်ရေး အကူအညီ ပေးရန် ဆော်ဩခဲ့သည်။ ဆအူးဒီအာရေဗျ နိုင်ငံသည် အမေရိကန်နိုင်ငံမှ အလွန်ခေတ်မှီသောအသံထက် မြန်သည့် အက်ဖ် ၁၅ အီး အမျိုးအစား ဗုံးကြဲလေယာဉ်အစီးပေါင်း ခြောက်ဆယ်ကို ဝယ်ယူခဲ့သည်။ ယင်းသို့ ဝယ်ယူခဲ့ရာတွင် အမေရိကန်ပြည်ထောင်စု၏ သဘောတူညီချက်မရပဲ တပါး သောနိုင်ငံသို့ လွှဲပြောင်းခြင်း မပြုပါဟူသော သဘောတူစာချုပ်အရ ဝယ်ယူခဲ့လေသည်။ ထို့ပြင် အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင်များ၏ အကူအညီဖြင့် ဆအူးဒီအာရေဗျ နိုင်ငံတွင် နေထောင်ခြည် စွမ်းအင်အသုံးပြုရေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံနှင့် စိုက်ပျိုးရေး လုပ်ငန်း၊ ဆက်သွယ်ရေး လုပ်ငန်းများနှင့် အုပ်ချုပ်မှု လုပ်ငန်းများအတွက် သဘောတူစာချုပ် သုံးရပ် ချုပ်ဆိုခဲ့လေသည်။

အမေရိကန်ဒေါ်လာမှ အခြားငွေကြေး အစားထိုးသုံးစွဲခြင်း အဆိုပြုချက်များကို ငြင်းပယ်ခဲ့သော အာရပ်နိုင်ငံတနိုင်ငံ ဖြစ်သည်။ ဆအူးဒီအာရေဗျ နိုင်ငံသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ပြဿနာ အဖြေရှာရန် အီဂျစ် သမ္မတဆဒတ်နှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး အီဂျစ်နိုင်ငံသို့ ရင်းနှီးမြှုပ်နှံငွေ မြောက်မြားစွာ ပေးကမ်းထောက်ပံ့ခဲ့သည်။ အီဂျစ်နှင့် အဆက်အသွယ်မပြတ် ရှိနေသော်လည်း အီဂျစ်သမ္မတ ဆဒတ်၏ လုပ်ရပ်များကို ဝေဖန် ဆန့်ကျင်ခဲ့သည်။ ဒေးဗစ်စခန်း သဘောတူညီချက်ကို ကန့်ကွက်ခဲ့သည်။ ကမ္ဘာ့ရေနံ စျေးနှုန်းတိုးမြှင့်ရေးတွင် ဆအူးဒီအာရေဗျနိုင်ငံက ဆယ်ငါးရာခိုင်နှုန်း တိုးမြှင့်မည့်အစား ဆယ်ရာခိုင်နှုန်းသာ တိုးမြှင့်သင့်ကြောင်း ရေနံထုတ်ရှိသော အာရပ် နိုင်ငံများသို့ အဆိုပြုခဲ့သည်။ ဆအူးဒီအာရေဗျ နိုင်ငံ



မင်းသား ဗာဒ်သည် ဆအူးဒီအာရေဗျနိုင်ငံတွင် နေထောင်ခြည်စွမ်းအင် အသုံးပြုရေးကိစ္စကို အမေရိကန် သိပ္ပံပညာရှင်များနှင့် ဆွေးနွေးစဉ်။

သည့် ကူဝိတ်နိုင်ငံနှင့် ပထမဆုံး ထိပ်တန်း ပူးတွဲကော်မရှင် တရပ် ထူဆောင်ရန် သဘောတူခဲ့ကြသည်။ လက်ပန္နန် နိုင်ငံ ဘီရွတ်မြို့ အရှေ့ပိုင်းရှိ အရေးပါသော တံတားနှစ်ခုနှင့် စစ်ရေး အချက်အချာဖြစ်သော နေရာများမှ ရုပ်သိမ်းစေခဲ့သော ဆီးရီးယားတပ်များ၏နေရာတွင် ဆအူးဒီအာရေဗျ တပ်များကို အစားထိုး ချထားပေးခဲ့လေသည်။

ဆိထွက်သီးနှံပင်များ။ ။လူတို့ နေ့စဉ် ချက်ပြုတ်စားသောက်ရာ၌ မပါလျှင်မဖြစ်သည့် ဆီကို ထုတ်ယူနိုင်သော ဆိထွက်သီးနှံပင်များသည် စားသုံးဆီကိုသာမက ဆေးဝါးနှင့် လူသုံးပစ္စည်းအချို့ ပြုလုပ်ရာ၌ ထည့်သွင်းရသော ကုန်ကြမ်းဆီ တချို့ကိုပါ ပေးစွမ်းနိုင်သည့် အဖိုးတန်သီးနှံပင်များ ဖြစ်ကြသည်။

စားသုံးဆီအတွက် ကမ္ဘာ့နိုင်ငံ အသီးသီးတွင် အများဆုံးစိုက်ပျိုးကြသော ဆိထွက်သီးနှံပင်များမှာ နှမ်း၊မြေပဲ၊ နေကြာ၊ ဝါ၊ အုန်း၊ ဆီအုန်း၊ ပဲပုပ်၊ သံလွင်ပင်နှင့် စပါးပင်တို့ ဖြစ်သည်။ ဆေးဝါးနှင့် လူသုံးကုန်အချို့တွင် ထည့်သွင်းရသော ဆီကို ကလော၊ကလိမ်၊ ကြို၊ ကြက်ဆူ ဆူးပန်း၊ တဇင်း၊ တမာ၊ ပိုက်ဆံ၊ ပြောင်း၊ ဗာဒမ်၊ ဘီ

သွေ၊ မယ်ဇယ်(မည်စည်)မုန်ညင်းနှင့် လွန်ဖိုပင်တို့မှ ထုတ်ယူရရှိသည်။ ယင်းဆီထွက် သီးနှံပင်များမှာ သဘာဝပေါက်ပင်အဖြစ်လည်း တွေ့ရှိရသည်။ဆီထုတ်ရန် စိုက်ပျိုးယူရသော သီးနှံပင်များလည်း ရှိသည်။

နှမ်း–နှမ်းစေ့ကို ကြိတ်ယူပါက စားသုံးရန် အကောင်းဆုံး နှမ်းဆီကို ရရှိသည်။ နှမ်းပင်သည် ကမ္ဘာ့ အပူပိုင်းဒေသနှင့် တောင်သမပိုင်းဇုံတို့တွင် ဖြစ်ထွန်း၏။ ရေမဝပ်သော သဲဆန်သော မြေကို နှစ်သက်သည်။ စိုက်ပျိုးသည်မှ ရက်သတ္တမခြောက်ပတ်အတွင်း အပွင့်ပွင့်သည်။ နှမ်းစေ့တွင် အဆီခာတ် ၄၅ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းအထိ ပါဝင်သည်။ တကေလျှင် နှမ်းစေ့အများဆုံး တင်း ၂၀ အထိ ထွက်ရာ နှမ်းစေ့ ပိဿာချိန် တရာလျှင် ဆီပိဿာချိန် ၄၀ မှ ၄၅ အထိထွက်သည်။

နှမ်းဆီတွင် ပရိုတိန်း ဓာတ် ၁၆ မှ ၃၂ ရာခိုင်နှုန်းခန့် ပါဝင်သည်။ နိုင်ငံခြား တိုင်းပြည်အချို့၌ နှမ်းဆီကို ထောပတ်တုပြုလုပ်ရာ၌ ထည့်သွင်းအသုံးပြုသည်။ ခေါင်းလိမ်းဆီမွှေးနှင့် အလှကုန် ပစ္စည်း အချို ဖော်စပ်ရာ၌လည်း နှမ်းဆီကို သုံးရသည်။ ဆေးဝါးနှင့် ပိုးသတ်ဆေးထုတ်လုပ်ရာတွင်လည်း ကုန်ကြမ်းတခုအဖြစ် နှမ်းဆီကို ထည့်သွင်းရသည်။ အဆီထုတ်ပြီးသော နှမ်းဖတ်သည် တိရစ္ဆာန်များအတွက် အာဟာရဓာတ် ပြည့်ဝသော အစာဖြစ်သည်။ နှမ်းဖတ်ကို မြေဩဇာ အဖြစ်လည်း အသုံးပြုနိုင်၏။

မြေပဲ–မြေပဲပင်မှ မြေကြီးထဲ၌ သီးသော မြေပဲတောင့်ကို အခွံခွာ၍ အဆန်ကို ကြိတ်ယူခြင်းဖြင့် မြေပဲဆီကိုရရှိသည်။မူလပေါက်ရောက်သော ဒေသမှာ မြောက်အမေရိကနှင့် တောင်အမေရိကတိုက်၊ အာရှတိုက်ရှိ တရုတ်နိုင်ငံတို့ဖြစ်၏။ မြန်မာနိုင်ငံ၌ စိုက်ပျိုးယူသည်မှာ နှစ်တရာပင် မပြည့်တတ်သေးချေ။

တကေလျှင် မြေပဲတင်းပေါင်း ၃၀ မှ ၄၀ အထိ ထွက်ရာ မြေပဲမျိုးအောင်ပါက အတောင့်နှစ်တင်းခဲ့လျှင် အဆံတတင်း ရနိုင်သည်။ မြေပဲဆံ တတင်းလျှင် ဆီ ၆ ပိဿာမှ ၇ ပိဿာအထိ ထွက်၏။

မြေပဲဆံ အများဆုံးထွက်သော နိုင်ငံများမှာ အာဖရိက နိုင်ငံများ၊ ဥရောပတိုက် အပူပိုင်းဒေသ နိုင်ငံများနှင့် အမေရိကန် ပြည်ထောင်စုတို့ ဖြစ်၏။

မြေပဲဆီသည် ကြော်ချက်ရာ၌ အမြုပ်တက်ခြင်းမရှိသောကြောင့် စားသုံးဆီထဲတွင် ပထမတန်းစား ဆီအဖြစ် သတ်မှတ်နိုင်သည်။ ဟင်းချက်ဆီအဖြစ် သာမက မုန့်ဖုတ်ရာ၌လည်း ထည့်ဝင်အသုံးပြုနိုင်သည်။ အဆီကြိတ်ယူပြီး ကျန်သောပဲဖတ်သည်တိရစ္ဆာန်အစာအဖြစ်အသုံးဝင်သည်။ မြေဩဇာအဖြစ်လည်း အသုံးကျသည်။ (၉–၃၉၆—ရှ။)



စားသုံးဆီအဖြစ် အသုံးပြုနိုင်သော ဆီထွက်နေကြာပန်းခင်းတခင်း

နေကြာ–နေကြာပန်းပွင့်မှ အစေ့ကို ဆီထုတ်လျှင် စားသုံးဆီကို ရရှိသည်။ မူလပေါက်ရောက်ဒေသမှာ မြောက်အမေရိကတိုက် မက္ကဆီကို ပြည်နယ်ဖြစ်သည်။ မိုးရေချိန်လက်မ ၄၀ နှင့် ၅၀ အကြားရှိသော ဒေသတို့တွင် မိုးလယ်နှင့် ဆောင်းရာသီ၌ စိုက်ပျိုးနိုင်သည်။ မိုးများသော ဒေသတို့တွင် ဆောင်းရာသီ၌ စိုက်ပျိုး ဖြစ်ထွန်းနိုင်၏။ ကောင်းမွန်သော မြေဩဇာကို အထူးနှစ်သက်သည်။ အစေ့စားနေကြာနှင့် ဆီထွက်နေကြာဟူ၍ နှစ်မျိုးရှိသည်။ အစေ့စားနေကြာကိုလည်း ဆီထုတ်၍ရသည်။ သို့သော် ဆီထွက်နေကြာ (မဟူရာနေကြာ) မျိုးက ဆီထွက်ပို၍ကောင်းသည်။ စိုက်ပျိုး၍ သုံးလမှ လေးလအကြာတွင် အစေ့များ အောင်မြင် ဖြစ်ထွန်းသည်။ တကေလျှင် နေကြာစေ့တင်း ၂၀ ခန့်ထွက်၍ ဆီကြိတ်လျှင် ၆၄ ပိဿာခန့်ထွက်၏။ မြေပဲနှင့် နှမ်းတို့ထက် ဆီထွက်နှုန်းပို၍သာလွန်သည်။

နေကြာဆီကို စားသုံးဆီအဖြစ် သာမက လူသုံးကုန်ပစ္စည်းအချို့နှင့် အလှကုန်များတွင်၎င်း၊ သင်္ဘောဆေးဆပ်ပြာချက်လုပ်ငန်းတို့တွင်၎င်း အသုံးပြုရသည်။ နေကြာဆီ၌ ပရိုတိန်းဗီတာမင် ဘီအုပ်စုဝင်များနှင့် ဗီတာမင်အီ အီးတို့အပြင် သံဓာတ်နှင့် သတ္တုဓာတ်အချို့လည်း ပါဝင်

သည်။ ဆီကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည်။ နေကြာဆီအထွက် အများဆုံး စိုက်ပျိုးသောနိုင်ငံများမှာ ဆိုဗီယက်ပြည်ထောင်စု၊ လက်တင်အမေရိကနိုင်ငံ၊ ဥရောပ နိုင်ငံများ၊ အာရှနှင့် အာဖရိက နိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံ၌ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကြသည်။ ရန်ကုန်တိုင်းအတွင်း ၁၅ မြို့နယ်တို့၌လည်း ၁၉၇၇–၇၈ စိုက်ပျိုးရာသီမှစ၍ နေကြာပင်ကို ကေပေါင်း ၂,၇၁၇ အထိ စိုက်ပျိုးရန် လျာထားသည်။ (၆–၂၆—ရှု။)

၀ါ–ဝါပင်မှ အပွင့်ပွင့်ပြီးနောက် အသီးတောင့်များ ဖြစ်လာသည်။ ယင်းအသီးတောင့်မှ ဝါဂွမ်းဖတ်များကို ထုတ်ယူပြီးလျှင် ကျန်ရှိသော ဝါစေ့ကို အဆီကြိတ်၍ ရသည်။

ဝါပင်သည် ပူနွေးသော ရာသီဥတု၌ စိုက်ပျိုးဖြစ်ထွန်းသည့် ရေမဝပ်သော သဲမြေနုံနှင့် မြေစေးကို နှစ်သက်၏။ စိုက်ပျိုး၍ ရက်ပေါင်း ၂၀၀ ခန့်ကြာလျှင် ဝါသီးသီးသည်။ (၁၂–၃၁၆—ရှု။)

ဝါစေ့မှ အဆီကြိတ်ယူနိုင်ကြောင်းကို အမေရိကန်ပြည်ထောင်စုတွင် ၁၈ ရာစုခန့်ကမှ သိလာခဲ့၏။ ရှေးဟောင်းတရုတ်နှင့် အိန္ဒိယ ဆေးကျမ်းတို့၌ ဝါစေ့ဆီကို ဆေးအဖြစ် သုံးကြောင်း ပါရှိသည်။ ဝါစေ့ဆီကို ရှေးအခါက မီးထွန်းရန်လည်း အသုံးပြုခဲ့၏။

ဝါစေ့တွင် အပင်အမျိုးအစားကို လိုက်၍ အဆီဓာတ် ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ပါဝင်သည်။ ဝါစေ့ထွက်နှုန်းမှာလည်း အမျိုးအညှဲ့အကောင်းကို လိုက်၍ကွဲပြားလေသည်။ အီဂျစ်နိုင်ငံ၌ ပျမ်းမျှ တကေလျှင် ပေါင် ၁၀၀၀ ကျော် ရှိသော်လည်း အိန္ဒိယ နိုင်ငံရှိ အမျိုးညှဲ့သော စိုက်ခင်းမှ တကေလျှင် ပေါင် ၂၁၀ သာ ထွက်သည်။ ဝါစေ့ဆီ အများဆုံး ထွက်သော နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ တရုတ်၊ မက္ကဆီကို၊ အီဂျစ်၊ ဗဟုဇီး နိုင်ငံတို့ ဖြစ်သည်။

ဝါစေ့ဆီကို ဟင်းချက်ဆီအဖြစ်ရင်း၊ စည်သပ်ဗူးတွင်ရင်း၊ ထောပတ်တု ပြုလုပ်ရာတွင်ရင်း အသုံးပြုကြသည်။ ဝါစေ့ဆီအညှဲ့စားကိုမူ ဆပ်ပြာချက်လုပ်ငန်း၌ အသုံးပြုသည်။ ဝါစေ့ကြိတ်ဖတ်သည် ပရိုတိန်းဓာတ် ကြွယ်ဝလှသဖြင့် မုန့်လုပ်ရာ၌ရင်း၊ တိရစ္ဆာန် အစာအဖြစ်ရင်း အသုံးဝင်သည်။

အုန်း–အုန်းသီးအတွင်းသားကို အခြောက်ခံ၍ ကြိတ်လျှင် ဆီရသည်။ (၁၅–၄၁၀—ရှု။)

ပင်သက် ၇၀ ကျော်အထိ ခံသော နှစ်ရှည်ပင်မျိုးဖြစ်၏။ တပင်လျှင် နှစ်စဉ်ပျမ်းမျှ အလုံးရေ ၅၀ မှ ၆၀ အထိ သီးသည်။

အုန်းသားခြောက်၌ အဆီဓာတ် ရာခိုင်နှုန်း ၅၀ မှ ၆၀ အထိ ရှိသည်။

အုန်းဆီကို အချို့နိုင်ငံ၌ စားသုံးဆီအဖြစ် သုံးသည်။ လိမ်းဆေး၊ ခေါင်းလိမ်းဆီနှင့် ဆပ်ပြာချက် လုပ်ငန်းတို့၌လည်း ထည့်သွင်းအသုံးပြုကြသည်။ ဆီကြိတ်ရန် အုန်းသားခြောက်ကို အများဆုံး ထုတ်လုပ်ရောင်းချသော နိုင်ငံများမှာ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ သီရိလင်္ကာနှင့် ပစိဖိတ် သမုဒ္ဒရာ ကျွန်းစုများ ဖြစ်၏။

ဆီအုန်း–ဆီအုန်းပင်မှ အသီးသည် ဆီနှစ်မျိုးထွက်သည်။ ဆီအုန်းသီး၏ အပေါ်ယံ အလွှာကိုလည်း ဆီကြိတ်ယူ၍ ရသည်။ အတွင်းသားမှလည်း ဆီထုတ်ယူနိုင်သည်။

ဆီအုန်းပင်၏ မူလပေါက်ရောက်ရာ ဒေသမှာ အာဖရိကတိုက် အနောက်ဖက် အပူပိုင်း ဒေသဖြစ်သည်။ ဆီထွက်နှုန်းကောင်းသဖြင့် သီရိလင်္ကာကျွန်း၊ မလေးရှားနှင့် အရှေ့အိန္ဒိယ ကျွန်းစုတို့၌ စိုက်ပျိုးယူကြသည်။ ဆီအုန်းပင်



စားသုံးဆီအဖြစ် အသုံးပြုနိုင်သော ဆီအုန်းပင်

သည် ပူနွေးစွတ်စိုသော ရာသီဥတုကို နှစ်သက်၏။ တန့်စ်လုံး မိုးဖရချိန် မှန်မှန်ရလျှင် ကောင်းစွာ ဖြစ်ထွန်းသည်။ နှုန်းမြေနုတွင် စိုက်ပျိုး၍ရနိုင်သည်။ မြန်မာနိုင်ငံ တနင်္သာရီ ပြည်နယ်တွင် ဆီအုန်းပင်များ ဖြစ်ထွန်းနိုင်သော ရေမြေ ဥတုမျိုး ရှိသည်။ ၁၉၇၁ ခုနှစ်က ပုဂံဒေါ်နန်း ဆီအုန်းခြံ စီမံကိန်း အခြေစိုက်စခန်း၌ မြေက ၄၉၀ တွင် စမ်းသပ် စိုက်ပျိုးလာခဲ့ရာ ယခုအခါကေပေါင်း ၁,၄၄၀ ခန့် အထိ တိုးချဲ့ စိုက်ပျိုးထားပြီး ဖြစ်သည်။

ဆီအုန်းပင်သည် ပင်သက် လေးနှစ်မှ ခြောက်နှစ်အတွင်းတွင် အသီးစသီး၏။ ၁၂ နှစ်မှ ၁၅ နှစ်အတွင်းတွင် အသီးထွက် အများဆုံးဖြစ်သည်။ အသီး၏ အပေါ်ယံ အလွှာမှရသော အဆီကို အာဖရိက အနောက်ပိုင်း ဒေသတို့၌ ဟင်းချက်ရန်၊ မီးထွန်းရန် အသုံးပြုကြသည်။ ချောဆီ၊ စက်ဆီ၊ ဆပ်ပြာချက် လုပ်ငန်းတို့၌လည်း ထည့်သွင်းရသည်။ ဆီအုန်းအတွင်းသားမှ ကြိတ်ယူရရှိသော ဆီသည် ပို၍ကောင်း၏။ စားသုံးဆီအဖြစ် သုံးနိုင်သည်။ ထောပတ်တု ပြုလုပ်ရာ၌ ထည့်ရသည်။ ဆီကြိတ်ဖတ်ကို တိရစ္ဆာန် အစာအဖြစ် အသုံးပြုနိုင်သည်။

ဆီအုန်းတကေလျှင် အသီးလေးတန် ထွက်၍ အတွင်းသားမှာ တတန်နီးပါးခန့်ထွက်၏။ သဘာဝပေါက်ပင်ထက် စိုက်ပျိုးယူသော အပင်က ပို၍ ထွက်နှုန်းကောင်းသည်။ တကေလျှင် ဆီအုန်းဆီ ၉၃၃ ပိဿာခန့် ထွက်နိုင်သည်။ ဆီအုန်းဆီအများဆုံး ထုတ်လုပ်သောနိုင်ငံများမှာ အာဖရိကအနောက်ပိုင်း နိုင်ငံများနှင့် နိုင်ဂျီးရီးယား နိုင်ငံတို့ ဖြစ်၏။ ဆီကြိတ်ရန် အတွင်းသားကိုလည်း အခြောက်လှန်း၍ ထုတ်လုပ် တင်ပို့ကြသည်။

ပဲပုပ်—ပဲပုပ်ပင်မှ အသီးတောင့်အတွင်းရှိ ပဲပုပ်စေ့ကို ဆီကြိတ်၍ ရသည်။ (၆–၃၆၉—ရှု။)

ပဲပုပ်ပင်သည် ရေ၊ မြေ၊ ရာသီနှင့် စိုက်ပျိုးပုံကို လိုက်၍ အမျိုးကွဲပေါင်းများစွာ ကွဲပြားနေသည်။ အဝါရောင် ပဲစေ့ထွက်သော ပဲပုပ်မျိုးက ဆီထွက်အကောင်းဆုံး ဖြစ်သည်။ ပြောင်းဖူးစိုက်သော မြေ၌ ဖြစ်ထွန်းသည်။ ရေဝပ်သော မြေကို မနှစ်သက်ချေ။ ပူနွေးသော ရာသီ၌ ဖြစ်ထွန်းသည်။ နှိုက်ထရိုဂျင် ဓာတ်မြေ သြဇာထည့်ပေးသော မြေ၌ ပဲပုပ်အစေ့ထွက် ကောင်း၏။ ပဲသီးတောင့်၏ ၂၀ ရာခိုင်နှုန်းသည် အဆီခံတ်ပါဝင်သဖြင့် ဆီထွက်ကောင်းသော သီးနှံပင်ဖြစ်၏။ ပဲပုပ်ပင်သည် စိုက်ပျိုးပြီးနောက် နှစ်လခွဲအကြာတွင် အသီးရင့်မှည့်သည်။ အခွံကြသော ပဲပုပ်မျိုးမှာမူ သုံးလမှလေးလအထိ ကြာမြင့်သည်။ ရက်ကြာသည့်အမျိုးက အသီးထွားသည်။ မျိုးကောင်းသော စိုက်ခင်းမှ တကေလျှင် ပဲပုပ်စေ့ ပေါင်ချိန် ၁,၅၀၀ မှ ၂,၄၀၀ အထိ ထွက်သည်။

ပဲပုပ်ပင်ကို အကြီးအကျယ် စိုက်ပျိုးသော နိုင်ငံများမှာ တရုတ်၊ ကိုးရီးယား၊ ဂျပန် နိုင်ငံတို့ဖြစ်သည်။ ဂျာမနီ ဟန်ဂေရီ၊ အင်္ဂလန်၊ ဂျာမနီနှင့် အမေရိကန် နိုင်ငံတို့၌လည်း စိုက်ပျိုးကြသည်။

ပဲပုပ်စေ့မှာ အနှစ်ဓာတ်ရှိလွန်းသဖြင့် အနှံသတ်ထားသော ဆီအဖြစ် ပြုပြင်ယူရသည်။ အနှံသတ်ထားသော ဆီကို ဟင်းချက်ဆီ ထောပတ်တု၊ စည်သွပ်ဗူး စသည်တို့၌ အသုံးပြုသည်။ အနှံမသတ်ရသေးသော ပဲပုပ်ဆီကို ဆပ်ပြာချက်လုပ်ငန်း၊ အလှကုန်လုပ်ငန်းနှင့် အိမ်သုတ်ဆေး၊ မင် စသည်တို့ ပြုလုပ်ရာ၌ ထည့်သွင်း အသုံးပြုကြသည်။ ပဲပုပ် ကြိတ်ဖတ်ကို လူတို့စားသုံးနိုင်သည့်အပြင် တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုရသည်။

သဲလွင်–သဲလွင်ပင်မှ အသီးတွင်၎င်း၊ အစေ့တွင်၎င်း အဆီဓာတ်များစွာ ပါဝင်သည်။ (၁၃–၃၉၄—ရှု။)

သဲလွင်သီးမှ ထုတ်ယူရရှိသော အဆီကို ဥရောပနိုင်ငံများ၌ ဟင်းချက်ဆီအဖြစ်၎င်း၊ ဟင်းသီးဟင်းရွက်အစိမ်းသုပ်ရာ၌ ဆီစိမ်းအဖြစ်၎င်း အသုံးပြုကြသည်။ သဲလွင်ဆီအများဆုံး ထုတ်လုပ်သော နိုင်ငံများမှာ စပိန်၊ အီတလီ နိုင်ငံတို့ဖြစ်၏။ ဂရိနိုင်ငံ၊ ပေါ်တူဂယ်နှင့် တူနီးနစ်ရှား နိုင်ငံတို့မှလည်း အသင့်အတင့် ထွက်သည်။

စပါး–စပါးပင်မှရသော စပါးနှံကို ဆန်အဖြစ် ကြိတ်ယူရာတွင် ထွက်ရှိသော ဖွဲနုသည် အဆီဓာတ်အား ကောင်းသဖြင့် ဖွဲဆီအဖြစ် ကြိတ်ယူရသည်။ စပါးပင်သည် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ အဓိက စိုက်ပျိုးသော သီးနှံပင်ဖြစ်သည်။

ဖွဲနုတွင် အဆီဓာတ် ၁၅ မှ ၂၀ ရာခိုင်နှုန်းပါဝင်သည်။ ဖွဲနုဆီ၌ ပရိုတိန်းဓာတ် ၅ မှ ၈ ရာခိုင်နှုန်းပါဝင်၍ ကာဗိုဟိုက် ဒရိတ်ဓာတ်မှာ ၄၀ မှ ၅၀ ရာခိုင်နှုန်းရှိ၏။ ဖွဲနုဆီအကောင်းစားကို ထောပတ်တု ပြုလုပ်ရာ၌ ထည့်သွင်း အသုံးပြုနိုင်သည်။ ဖွဲနုဆီ အညံ့စားမှာ သံသုတ်ဆေး၊ ပိုးသတ်ဆေးနှင့် ဆပ်ပြာချက် လုပ်ငန်းတို့၌ အသုံးပြုရသည်။ ဆီကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည်။ ဖွဲနုဆီ၌ ၅ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ ပါဝင်သော ဖယောင်းဓာတ်ကို အရောင်တင်ဆေး၊ အလှကုန်နှင့် ဆေးဝါးဖော်စပ်ရာတို့၌၎င်း၊ မင်ခဲစက္ကူ လုပ်ငန်း၌၎င်း အသုံးပြုရသည်။

ဆေးဝါးအတွက် အဆီထုတ်ယူရရှိနိုင်သော သီးနှံပင်များ

ကလောပင်–ကလောသီးမှ အဆီကို ထုတ်ယူနိုင်သည်။ ကလောပင်သည် အမြဲစိမ်းလန်းသော သစ်တော်၌ ပေါက်ရောက်လေ့ရှိ၏။ မြန်မာနိုင်ငံ၌ ပဲခူးရိုးမ အရှေ့ပိုင်းနှင့်

တောင်ပိုင်း၊ မုတ္တမမြို့နယ်တို့၌ဌင်း၊ ဗင်္ဂလားဒေ့ ရှ နိုင်ငံ အရှေ့ပိုင်း စစ်တကောင်းမြို့နယ် တဝိုက်၌ဌင်း တွေ့ရှိနိုင်သည်။ (၁–၁၃၃—ရှ။)

အောက်မြန်မာနိုင်ငံ၌ သြဂုတ်၊ စက်တင်ဘာလတို့၌ အသီးရင့်မှည့်၏။ မိုးဥတု၌ အသီးမှည့်ကြွခြင်းကြောင့် သစ်တောထူထပ်ရာ ဒေသဖြစ်၍ လတ်ဆတ်သော အသီးကို ရနိုင်ရန် မလွယ်ကူချေ။ ရှေးဟောင်း ဟိန္နူဆေးကျမ်းတို့၌ ကလောသီးကို ကုဋ္ဌနူနာဆေး ဖော်စပ်ရာ၌ သုံးခဲ့ကြ၏။ မကြာမြင့်မီက အနောက်တိုင်း ဆေးကုထုံး၌ ကလောဆီကို ကုဋ္ဌနူနာနှင့် အရေပြား ဝေဒနာများအတွက် အသုံးပြုလာကြသည်။

ကလိမ်ပင်–ကလိမ်စေ့မှ အဆီထုတ်ယူနိုင်သည်။ ကလိမ်ပင်သည် ကမ္ဘာ့အပူပိုင်းဇုံ ပင်လယ်ကမ်းခြေများ၌ ပေါက်လေ့ရှိ၏။ မြန်မာနိုင်ငံ ကပွလီကျွန်းစု၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံ အပူပိုင်းဒေသများ၌ ပေါက်သည်။ တရုတ်နိုင်ငံ၌လည်း ဆေးဝါးအတွက် စိုက်ပျိုးယူသည်။ ကလိမ်စေ့ဆီကို နားပြည်ယိုပျောက်ဆေး၊ အဆစ်အမြစ်ကိုက် လိမ်းဆေးနှင့် မျက်နှာ အစက်အပြောက် ကင်းဝေးသော လိမ်းဆေးတို့တွင် ထည့်သွင်းဖော်စပ်ရ၏။

ကြို့ပင်–ပင်လယ်ပြင်အထက် ပေ ၃၀၀၀ မြင့်သော ကုန်းပိုင်းသစ်တောများ၌ပေါက်၏။ အမြင့်ပေ ၈၀ အထိမြင့်သော အပင်ကြီးမျိုးဖြစ်သည်။ မိုးပါးသော ဒေသ၌ဌင်း၊ မိုးများသော ဒေသ၌ဌင်း ပေါက်ရောက်နိုင်သည်။ ကြို့သီးမှ အဆီကို အရေပြားရောဂါ ပိုးသတ်ဆေးအဖြစ် အသုံးပြုနိုင်သည်။ အနာအသားနုတက်စေနိုင်သည်။ (၂–၁၄၄—ရှ။)

ကြက်ဆူ–ကြက်ဆူစေ့မှ အဆီထုတ်ယူနိုင်သည်။ ကြက်ဆူပင်သည် အပူပိုင်းဒေသများ၌ပေါက်သော နှစ်ရှည်ခံအပင်မျိုးဖြစ်သည်။ ကြက်ဆူရိုးနီ၊ ရိုးဖြူနှင့် သဘော်ကြက်ဆူခေါ် ကြက်ဆူရိုးကြီးဟူ၍ သုံးမျိုးရှိ၏။ ကြက်ဆူရိုးကြီးမှ အစေ့ကိုသာ အဆီထုတ်ကြသည်။ ကြက်ဆူဆီကို ဝမ်းနုတ်ဆေး၊ အန်ဆေးအဖြစ် သုံးကြသည်။ ဆပ်ပြာ၊ ဖယောင်းတိုင်နှင့် ချောဆီများလုပ်ရာ၌လည်း သုံးရသည်။ (၂–၁၆၂—ရှ။)

ဆူးပန်း–ဆူးပန်းစေ့မှ အဆီထုတ်ယူနိုင်သည်။ ဆူးပန်းပင်၏ မူလပေါက်ရာဒေသမှာ အာရှတိုက် အနောက်တောင်ပိုင်းရှိ တောင်ကုန်းထူထပ်ရာ ဒေသများနှင့် အီသီအိုးပီးယား နိုင်ငံတို့ဖြစ်၏။

ဆူးပန်းပင်သည် ၁ ပေမှ ၃ ပေအထိသာ မြင့်သော အပင်ပုမျိုး ဖြစ်၏။ စိုက်ပျိုးပြီးနောက် ရက်ပေါင်း ၁၂၀ အတွင်းတွင် အစေ့ဖြစ်ထွန်းသည်။ အပူးထွက်လာပြီး နောက်ပိုင်းတွင် ခြောက်သွေ့သော ရာသီဥတုရှိရန် လိုအပ်သည်။ ဆူးပန်းစေ့ အဆီကို စားသုံးဆီ အဖြစ်လည်း သုံးကြသည်။ ဟင်းရွက် လက်သုပ်များ၌ ဆီစိမ်းအတိုင်းဆမ်း၍စားသည်။ အရောင်တင်ဆေးနှင့် သုတ်ဆေးများဖော်စပ်ရာ၌လည်း ထည့်သုံးရသည်။ ဆူးပန်းဆီအများဆုံးထုတ်လုပ်ရာ နိုင်ငံမှာ အိန္ဒိယနိုင်ငံ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ အင်္ဂရိယယ်၊ တူရကီ၊ ကနေဒါ၊ အီဂျစ် စသည်တို့၌ ဆီထွက်သီးနှံအဖြစ် အကြီးအကျယ်စိုက်ပျိုးနေကြပြီဖြစ်၏။

တင်းပင်–တင်းစေ့မှ အဆီထွက်သည်။ တင်းပင်များသည် မြန်မာနိုင်ငံ မဲဇာဒေသ၊ ချင်းတွင်းမြစ်၊ ရွှေလီမြစ်နှင့် ရောဝတီမြစ်ရိုးတလျှောက်၌ဌင်း၊ မြစ်လက်တက်များ၌ဌင်း



စားသုံးဆီတမြစ် အသုံးပြုနိုင်သော အုန်းပင် ပျိုးခင်းများကို စနစ်တကျ စိုက်ပျိုးထားသည်ကို ဤသို့တွေ့မြင်ရသည်။

နှံးမြေတွင် ပေါက်ရောက်ဖြစ်ထွန်း၏။ ပုသိမ်၊ မန္တလေး၊ စဉ့်ကူ၊ ထီးချိုင့်၊ ကသာ၊ ပေါင်းပြင်၊ ဟုမ္မလင်း၊ မဘိန်းစသည်တို့၌ တင်းပင်များကို တွေ့နိုင်သည်။

တင်းစေ့ တပိဿာလျှင် ဆီ ၃၅ ကျပ်သား ခန့်ထွက်သည်။ တင်းဆီကို ဆပ်ပြာချက်ရာ၌ အမဲဆီအစားထည့်သွင်းအသုံးပြုနိုင်သော ကုန်ကြမ်းဖြစ်သည်။

တမာ—တမာသီးမှ အစေ့ကို ဆီကြိတ်၍ ရနိုင်သည်။ တမာပင် အမျိုးမျိုးရှိသည့်အနက် သဘော်တမာသည်သာ ဆေးဖက်ဝင်အဆီကို ရသည်။ အမြဲစိမ်းလန်းသော အပင်မျိုးဖြစ်၍ အမြင့်ပေ ၅၀ အထိရှိတတ်သည်။ မြေအမျိုးအစားမရွေး ဖြစ်ထွန်းနိုင်သည်။ ရေငွေ့ဓာတ် အနည်းငယ်မျှနှင့်ပင် လုံလောက်၏။ မြန်မာနှင့်အိန္ဒိယ နိုင်ငံတို့၌ စိုက်ပျိုးကြသည်။ အီရန်နိုင်ငံ၊ ဗလူချီစတန် နိုင်ငံနှင့် ကမ္ဘောဒီယပြည်နယ်တို့၌ သဘာဝပေါက်ပင်အဖြစ် တွေ့ရသည်။ တမာဆီကို ဆေးဝါး ဖော်စပ်ရာ၌၎င်း၊ သန်ကျဆေး အဖြစ်၎င်း အသုံးပြုကြသည်။ (၄–၄၀၈—ရှု။)

ပိုက်ဆံပင်—ပိုက်ဆံပင်မှ အစေ့ကို ဆီကြိတ်၍ ရနိုင်သည်။ ပိုက်ဆံပင်သည် တနှစ်ခံအပင်မျိုးဖြစ်၏။ ရှေးဟောင်းအိန္ဒိယနိုင်ငံ၌ လျော်ထုတ်ရန် စိုက်ပျိုးခဲ့ကြသည်။ ယခုအခါ လျော်အတွက်သာမက ဆီထွက်သီးနှံပင် အဖြစ်ဖြင့် အမြောက်အမြား စိုက်ပျိုးယူကြသည်။ စိုက်ပျိုးပြီးနောက် နှစ်လအကြာတွင် ပန်းအဝါရောင်လေးများ ပွင့်လာပြီး အစေ့တောင့်များဖြစ်လာ၏။ တကေလျှင် အစေ့ပေါင်ချိန် ၃၅၀ မှ ၄၀၀ အထိ ထွက်၏။ ပိုက်ဆံဆီကို သုတ်ဆေး၊ အရောင်တင်ဆေးနှင့် ပုံနှိပ်မင်ထုတ်လုပ်ရေးတို့၌ ထည့်သွင်းအသုံးပြုရသည်။ ပိုက်ဆံပင်ကို အကြီးအကျယ် စိုက်ပျိုးသော နိုင်ငံများမှာ အိန္ဒိယ၊ အာဂျင်တီးနား၊ နှင့် တရုတ်နိုင်ငံတို့ဖြစ်၏။ အစေ့ကို ဆီထုတ်ပြီး ကျန်သော ဆီကြိတ်ဖတ်ကို တိရစ္ဆာန် အစာအဖြစ် အသုံးပြုနိုင်သည်။

ဆေးဝါးအလွဲသုံးမှု။ ။ဆေးဝါးများအား လွဲမှားစွာအသုံးပြုသော အလေ့သည် ကူးစက်ရောဂါဆိုးကြီးသဖွယ် ကမ္ဘာတွင် ပြန့်နှံ့လျက်ရှိသည်။ ယင်းအလေ့ဆိုးကြောင့် လူငယ် အချို့သည် လူညွှန့်တုံးကာ ဘဝ ဆုံးရှုံး ရသည့် အန္တရာယ်များနှင့် ကြုံနေရသည်။ ထို့ကြောင့် ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများသည်၎င်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများသည်၎င်း နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်သောနည်းအမျိုးမျိုးဖြင့် အဆိုပါအလေ့အထ ပြန့်ပွားမှုကို နှိမ်နင်းကာကွယ်လျက် ရှိသည်။

ယခုခေတ်တွင် အသုံးပြုလျက်ရှိသော ဆေးဝါးများသည် အမျိုးအမည်အားဖြင့် များစွာရှိသည်။ ယင်းတို့မှာ သီးခြား ရည်ရွယ်ချက်များ အတွက်သာ အသုံးပြုရ လေသည်။ ပုံစံဆိုသော် အိပ်ဆေးသည် အိပ်မပျော်သူများအတွက်၎င်း၊ စိတ်ကြွဆေးသည် စိတ်ငယ်သူများအတွက်၎င်း၊ စိတ်ငြိမ်ဆေးသည် ကိုယ်စိတ် မတည်ငြိမ်သူများအတွက်၎င်း အထောက်အကူ ပြုနိုင်လေသည်။ သို့သော် အဆိုပါ ဆေးဝါးများအား တာဝန်သိသိဖြင့် မှန်ကန်စွာ မသုံးပဲ လွဲမှားစွာအသုံးပြုခဲ့လျှင် ဘေးအန္တရာယ်နှင့် ကြုံရတတ်လေသည်။

မျက်မှောက်ခေတ်လူအချို့တို့ လွဲမှားစွာ အသုံးပြုလျက်ရှိသော ဆေးအမျိုးအစားများကို သိပ်ပံပညာရှိတို့က သုတေသနပြု၍ အုပ်စုလိုက် ခွဲခြားသတ်မှတ်ထားသည်။ ယင်းတို့မှာ မူးယစ်ထုံထိုင်းတွေဝေစေသောဆေးများ၊ စိတ်တည်ငြိမ်စေသောဆေးများ၊ စိတ်ကြွစေသောဆေးများ၊ သွေးလေချောက်ချားစေသောဆေးများ၊ အကိုက်အခဲပျောက်ဆေးများနှင့် မူးယစ်ပြီး သွေးလေ ချောက်ချားစေသော ပစ္စည်းဟူ၍ အဓိကအုပ်စုခြောက်စု ခွဲခြားထားသည်။

မူးယစ်ထုံထိုင်း တွေဝေစေတတ်သောဆေးများ

အဆိုပါဆေးများသည် နာကိုတစ်အုပ်စု၏ ဆေးများဖြစ်သည်။ ယင်းအုပ်စုတွင် ဘိန်းကိုအခြေခံ ထုတ်လုပ်ရသော ဟယ်ရိုအင်၊ မော်ဖင်း၊ ကိုဒင်း၊ ဓာတုပေဒနည်းဖြင့် ဖော်စပ်ထားသော ပက်သဒင်းနှင့် မီသာဒုန်းတို့ ပါဝင်သည်။

ဟယ်ရိုအင်ခေါ် ဘိန်းဖြူသည် မော်ဖင်းကို ဓာတုပေဒနည်းဖြင့် ထပ်မံပြုပြင် စီမံထားသောဆေးဝါး ဖြစ်သည်။ ထို့ကြောင့် ယင်းသည် မော်ဖင်းထက် ခြောက်ဆခန့် ပိုမိုပြင်းထန်သောအာနိသင်ရှိသည်။ ယင်းကို ဆေးဝါးအဖြစ် အသုံးပြုခြင်း မရှိချေ။ သို့သော် အခေါ်သောသူတို့သည် ရှူဆေးအဖြစ်ဖြင့်၎င်း၊ ထိုးဆေးအဖြစ်ဖြင့်၎င်း၊ ဆေးလိပ် သို့မဟုတ် ဆေးတံတို့တွင် ထည့်၍၎င်း အသုံးပြုလေ့ရှိကြသည်။

ဟယ်ရိုအင်ကို ထိုးဆေးအဖြစ် အသုံးပြုသူများ၌ ဖြစ်တတ်သောအန္တရာယ်မှာ ဆေးထိုးအပ်မှတဆင့် ဗက်တီးရီးယားပိုးများ ခန္ဓာကိုယ်အတွင်း ဝင်ရောက်မှုကြောင့် အသဲရောင်ရောဂါ၊ ကိုယ်ရေပြား ပြည်တည်နာ၊ သွေးပြန်ကြောများရောင်ခြင်း၊ အဆုတ်အတွင်း သွေးစုခြင်းနှင့် အခြားကူးစက်ရောဂါအမျိုးမျိုးတို့ ဖြစ်သည်။

ဟယ်ရိုအင်သည် သုံးစွဲသူအား စွဲစေသည်။ ဆေးစွဲသွားသောအခါ၌လည်း ဆေး၏ပမာဏကို တကြိမ်ထက် တကြိမ် ပို၍သုံးစွဲခြင်းကို ပြုလာတော့သည်။ နောက်ဆုံး



အသုံးပြုမှားလျှင် လူကိုဒုက္ခပြစေသော စိတ်ငြိမ်စေသော ဆေးများ

တွင် ကိုယ်ခန္ဓာအစိတ်အပိုင်းများ မသန်မစွမ်း ဖြစ်လာပြီး အာရုံကြောများပျက်စီးကာ အသက်ဆုံးရတော့သည်။

ဟယ်ရိုအင်စံသူများသည် အနည်းဆုံး ၁၂ နာရီခန့်နှင့် အများဆုံး ၁၆ နာရီခန့် ဆေးပြတ်လျှင် သမ်းဝေခြင်း၊ နှာရည်ယိုခြင်း၊ မျက်ရည်ယိုခြင်း၊ ချွေးသီးချွေးပေါက်များထွက်ခြင်း၊ ကိုယ်ခန္ဓာရှိ ကြွက်သားများ မခံမရပ်နိုင်အောင် ကိုက်ခဲ၍ အကြောဆွဲခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ခြင်းနှင့် ကိုယ်ပူချိန်မြင့်လာခြင်း စသည်တို့ဖြစ်ကာ နောက်ဆုံးတွင် ဗဟိုအာရုံကြော အဖွဲ့အစည်းစနစ် ပျက်စီးပြီး အသက်သေရတော့သည်။ ထို့အပြင် ဟယ်ရိုအင်ကို အရောအနှောမပါပဲ ထိုးဆေးအဖြစ်ဖြင့် အသုံးပြုမိလျှင် ချက်ချင်း အသက်ဆုံးရှုံးရတော့သည်။

မော်ဖင်းကို ဒဏ်ရာအနာတရဖြစ်သောအခါ နာကျင်မှုပျောက်ရန် သော်၎င်း၊ ရောဂါဝေဒနာကြောင့် ကိုက်ခဲမှုရှိသောအခါ အကိုက်အခဲပျောက်ရန်သော်၎င်း ထိုးဆေးအဖြစ် အသုံးပြုသည်။

ကိုဒင်းကို ချောင်းဆိုးပျောက် ဆေးရည် များတွင် ထည့်၍သုံးသည်။ မီသာဒုန်းကို ဟယ်ရိုအင် ဆေးစွဲသူများ ဆေးပြတ်အောင် ကုသသောအခါ စားဆေးအဖြစ်ဖြင့်၎င်း၊ ထိုးဆေးအဖြစ်ဖြင့်၎င်း သုံးသည်။

ယင်းတို့၏အာနိသင်မှာ ၎ နာရီအထိခံပြီး အကိုက်အခဲပျောက်ခြင်း၊ သတိလျော့ပါးခြင်း၊ အော့အန်ခြင်း၊ အိပ်ငိုက်ခြင်းနှင့် အိပ်ပျော်ခြင်းတို့ ဖြစ်တတ်သည်။ သို့သော် ဆေးပမာဏကို အညွှန်းထက်ပိုသုံးစွဲမိလျှင် သတိမေ့မျောပြီး အသက်ပါဆုံးတတ်သည်။ ယင်းဆေးတို့သည်လည်း စွဲတတ်သည်။

စိတ်ငြိမ်စေသောဆေးများ

စိတ်ငြိမ်စေသော ဆေးဝါးအုပ်စုတွင် ဗာဒီကျူရိတ်ခေါ် ဆေး၊ ထရန်ကွိုလိုက်ဇာခေါ် ဆေး၊ အရက်အမျိုးမျိုးနှင့် နီကိုတင်တို့ ပါဝင်သည်။

ဗာဒီကျူရိတ်သည် ခါတုဗေဒနည်းဖြင့် ဖော်စပ်ထားသောဆေးတမျိုးဖြစ်သည်။ ဝေဒနာခံစားရသူ စိတ်ငြိမ်မှုရရှိကာ အိပ်ပျော်သွားရန် အသုံးပြုသည်။ ယင်းကို သွေးတိုးရောဂါကြောင့် စိတ်သောက ရောက်နေသူများအတွက်ပါ စိတ်ငြိမ်ဆေးအဖြစ် အသုံးပြုသည်။ အသုံးပြုရာ၌ စားဆေးအဖြစ်၎င်း၊ ထိုးဆေးအဖြစ်ဖြင့်၎င်း အသုံးပြုသည်။ အဆိုပါဆေး၏အာနိသင်မှာ လေးနာရီခန့်အထိသာရှိသည်။ ထို့ကြောင့် ဆေးစားသူသည် ဆေးစားအပြီး လေးနာရီအတွင်း၌ အိပ်ငိုက်တတ်ခြင်း၊ ပတ်ဝန်းကျင်ကို ဂရုပြုမှုယုတ်လျော့တတ်ခြင်း၊ အိပ်ပျော်သွား တတ်ခြင်းခြင်းနှင့် မိမိကို ပ်ကိုမိမိ စိတ်လက်ပေါ့ပါးသွားသည်ဟု ထင်တတ်ခြင်း ရှိလာသည်။ ဆေးစွဲသူများ ဆေးပြတ် သွားသော အခါ အကြောဆွဲဝေဒနာ ခံစားရတတ်သည်။ အကယ်၍ ဆေးအလွန်အကျွံပြုတ်ခဲ့သော် အကြောဆွဲဝေဒနာ ပြင်းထန်လာပြီး အသက်ပါဆုံးရှုံးတတ်သည်။ သို့သော် အဆိုပါဆေးကို အသုံးပြုရာ၌ ဆေးဆရာများညွှန်းသည့်ပမာဏထက် ပိုသုံးလျှင် သေတတ်သည်။

ထရန်ကွိုလိုက်ဇာဆေးများကို အရေးပါသောဆေးမျိုးနှင့် အရေးမပါသောဆေးမျိုး ဟူ၍ ယေဘုယျအားဖြင့် နှစ်မျိုးခွဲဝေသည်။

အရေးမပါသော ထရန်ကွိုလိုက်ဇာဆေးမျိုးကို စိုးရိမ်ကြောင့်ကြ ဖြစ်နေသူများနှင့် စိတ်လှုပ်ရှား နေသူများအတွက် စိတ်တည်ငြိမ်မှုရရန် စားဆေးအဖြစ် အသုံးပြုသည်။ သို့သော် ရောဂါကြောင့် ကိုယ်ခန္ဓာရှိ ကြွက်သားများ ကင်းမာနေသည့်အခါမျိုးတွင်လည်း ကြွက်သားများလျော့သွားရန် စားဆေးအဖြစ် အသုံးပြုသည်။ အရေးပါသော ထရန်ကွိုလိုက်ဇာကိုမူ စိတ္တဇဝေဒနာရှင်များအတွက် အသုံးပြုသည်။

ဆော်လမွန် ကျွန်းစု။ ။ဆော်လမွန်ကျွန်းစုသည် ပစိဖိတ်သမုဒ္ဒရာအနောက်တောင်ဖက်တွင် တည်ရှိ၍ မီးတောင်ကျွန်း၊ သန္တာ ကျွန်းများ ရောနှောနေသော ကျွန်းစုဖြစ်သည်။ ဩစတြေးလီးယား တိုက်၏ အရှေ့ မြောက်ဖက်တွင် တည် ရှိ သည်။ ဆော်လမွန် ကျွန်းစုတွင် ပါဝင်သော ကျွန်းများ အနက် ဗူဂိန်ဗီလီ၊ ဗူကာ၊ ချိုက်ဆူ၊ဂွါဒါကင်နယ်၊ဗလေတာ၊ နယူးဂျော်ဂျီယာ၊ ဆန်တာကရုနှင့် ဆန်တာအင်္ဇဗယ်ကျွန်းတို့သည် ကျွန်းကြီးများ ဖြစ်ကြသည်။ ပူအိုက်စိုစွတ်သော ရာသီဥတုကြောင့် သစ်တောကြီးများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။ ဆော်လမွန်ကျွန်းများတွင် မယ်လာနီးရှန်းလူမျိုးများ အများဆုံးနေထိုင်ကြပြီး ပိုလီနီးရှန်း၊ မိုက္ကရိနီးရှန်း၊ ဥရောပတိုက်သားများ၊ တရုတ် လူမျိုးများလည်း အနည်းငယ်စီ နေထိုင်ကြသည်။ အဓိကစီးပွားရေးလုပ်ငန်း အဖြစ် အုန်းသီးခြောက်လုပ်ငန်းကို လုပ်ကိုင်ကြသည်။



ဆော်လမွန်ကျွန်းစုကို ၁၅၆၇ ခုနှစ်တွင် စပိန်လူမျိုး အယ်လဗေရိုဒီမင်ဒါနာ ခေါင်းဆောင်သော နယ်သစ်ရှာဖွေရေးအဖွဲ့က စတင်တွေ့ရှိခဲ့သည်။ မင်ဒါနာသည် အဖော်ဖြစ်သူ ပီဒရိုကွီးရို့စ်နှင့် နောက်တကြိမ် ထပ်မံသွားရောက်ပြီး နောက် နှစ်ပေါင်း ၂၀၀ ကျော်သည်အထိ ဥရောပတိုက်သားများသည် ယင်းကျွန်းစုသို့ အရောက်အပေါက် မရှိကြတော့ပေ။

၁၈၄၅ ခုနှစ်မှစ၍ ခရစ်ယန် သာသနာပြုသူများနှင့် ကုန်သည်များ အကြိမ်ကြိမ် ရောက်ရှိလာကြပြန်သည်။ ၁၈၆၆ ခုနှစ်တွင် ဗြိတိသျှနှင့် ဂျာမနီတို့သည် ဂျာမနီက မြောက်ပိုင်း ကျွန်းများကိုငှင်း၊ ဗြိတိသျှက တောင်ပိုင်း ကျွန်းများကိုငှင်း အုပ်ချုပ်ကြရန် နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် ဆော်လမွန်ကျွန်းများကို ခွဲခြား အုပ်ချုပ်ကြသည်။ သို့သော်လည်း ၁၈၉၃ ခုနှစ်တွင် ဗူဂိန်ဗီလီ၊ ချိုက်ဆူနှင့် ဆန်တာအင်္ဇဗယ်တို့မှ လွဲ၍ ကျန်မြောက်ပိုင်းကျွန်းများသည် ဗြိတိသျှ ဒိုမီနီယံ နယ်မြေများ ဖြစ်လာကြလေသည်။

ဗြိတိသျှနိုင်ငံ၏ အကာကွယ်ခံအဖြစ် နှစ်ပေါင်း ၈၅ နှစ်ကြာ ကျရောက်နေခဲ့သော ဆော်လမွန်ကျွန်းစုသည် ၁၉၇၈ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့သည်။ ဆော်လမွန်ကျွန်းသားများသည်လွတ်လပ်ရေးရရှိရေး အတွက် ၁၉၇၀ ပြည့်နှစ်များကစပြီးဗြိတိန်နှင့် အပြင်းအထန် ဆွေးနွေးခဲ့ကြရပြီး ၁၉၇၇ ခုနှစ် လန်ဒန်မြို့တွင်ကျင်းပသော ဖွဲ့စည်းပုံရေးရာ ညီလာခံ၌ အပြီးသတ်ခဲ့သည်။ ဆော်လမွန်ကျွန်း၏ နိုင်ငံတော် အကြီးအကဲအဖြစ် ဘုရင်ခံချုပ် ဘတ်ဒီလေဒီဗီစီကငှင်း၊ ဝန်ကြီးချုပ်အဖြစ် ပီတာကီနီလိုယာရီကငှင်း အသီးသီး ရာထူး လက်ခံကြသည်။ ဆော်လမွန်ကျွန်းသည် နိုင်ငံတော် အကြီးအကဲအဖြစ် ဘုရင်မထားရှိသော ဖွဲ့စည်းပုံရေးရာ ဘုရင်စနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံ ဖြစ်လာသည်။ ဥပဒေပြု လွတ်တော်စနစ်နှင့် ဝန်ကြီးချုပ် ခေါင်းဆောင်သောအစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်။ လူဦးရေ နှစ်သိန်းကျော်နေထိုင်ကြသော ဆော်လမွန်ကျွန်း၏ မြို့တော်မှာ ဟိုနီယာရာဖြစ်သည်။ ဆော်လမွန်ကျွန်းသည် လက်ရှိတွင် ပစိဖိတ် ကော်မရှင် အဖွဲ့ဝင် ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီး၏ ၁၅၀ မြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်။ ဗြိတိသျှ ဓနသဟာယအဖွဲ့တွင် ၃၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံတနိုင်ငံ ဖြစ်လာသည်။

ဆိုဗီယက်ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတနိုင်ငံ။ ။ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံသည်ကမ္ဘာပေါ်တွင်အကျယ်ဝန်း ဆုံးသော နိုင်ငံဖြစ်သည်။ စတုရန်းမိုင်အားဖြင့် ၈,၆၄၇,၂၅၀ ရှိပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၂၅၈,၇၀၀,၀၀၀ ရှိလေသည်။



စတုတ္ထမြောက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်းကို ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက နှစ်ကြိမ်တိုင် ဆွေးနွေးညှိနှိုင်းပြင်ဆင် ဖြည့်စွက် အတည်ပြုချက်များကို ခံယူပြီး ၁၉၇၇ ခုနှစ်တွင် ကျင်းပသော ဥပဒေပြုဦးစီးလွတ်တော်ချုပ် နှစ်ရပ်ပေါင်း အထူးအစည်းအဝေးက အောက်တိုဘာလ ၇ ရက်နေ့တွင် ကန့်ကွက်သူ၊ ကြားနေသူမရှိ ထောက်ခံအတည်ပြုသည်။

ယင်းသို့ ပြင်ဆင် ဖြည့်စွက်မွမ်းမံသော အခြေခံဥပဒေသည် ၁၉၁၈ ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေ၌ ပါရှိသည့် ဆိုရှယ်လစ်သဘောတရား အနှစ်သာရများကို စွန့်လွတ်ဖယ်ရှားခြင်း မပြုပေ။

ဆိုဗီယက်ယူနီယံ၏ စက်ရုံအလုပ်ရုံ ကုန်ထုတ်လုပ်မှုသည် ၁၉၇၇ ခုနှစ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးခဲ့ပြီဟု ၁၉၇၈ ခုနှစ် ဇန္ဇဝါရီလ ၂၅ ရက်နေ့တွင် ထုတ်ပြန်သော အစိုးရကြေငြာချက်၌ ဖော်ပြထားသည်။ ၁၉၇၈ ခုနှစ်တွင်လည်း သီးနှံတန်ချိန် ၂၃၅ သန်းထွက်သဖြင့် သတ်မှတ်ထားသော တန်ချိန်ကို ကျော်လွန်ခဲ့ပေသည်။



ဆိုဗီယက် အာကာသယာဉ်မှူး
ယိုမင်နင်ကိုနှင့် ဂရက်ကို

ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံတို့၏ ဆက်ဆံရေးသည် ၁၉၇၇ ခုနှစ်ကထက် ပို၍ တင်းမာလာသည်။ နှစ်နိုင်ငံ၏ နယ်ခြားပြဿနာကို ၁၉၇၀ ခုနှစ်မေလတွင် ပြန်လည် ဆွေးနွေးကြသော်လည်း မပြီးပြတ်သေးပေ။ ဩဂုတ်လတွင် ချုပ်ဆိုသော တရုတ်ဂျပန် ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး စာချုပ်ကြောင့် တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် ဆက်ဆံရေး တင်းမာခဲ့ရပြန်သည်။

တရုတ်ပြည်သို့ ပြေးထွက်လာကြသော တရုတ်နွယ်ဖွားတောင်ဗီယက်နမ် အမျိုးသားများအရေးကြောင့် တရုတ်ပြည်နှင့် မသင့်မမြတ်ဖြစ်နေသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသည် ကိုမီကွန်ခေါ် စီးပွားရေး ကူညီယိုင်းပင်းဖလှယ်မှုအသင်းသို့ ပါဝင်သောကြောင့်၎င်း၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ဗီယက်နမ်–ဆိုဗီယက် ပူးပေါင်း ဆောင်ရွက်ရေး စာချုပ်ကို ချုပ်ဆိုသောကြောင့်၎င်း တရုတ်နှင့် ဆိုဗီယက်တို့ ပြန်လည် ချစ်ကြည်ရေးမှာ ဝေးသည်ထက် ဝေးသွားလေသည်။

ဆိုဗီယက်ပြည်ထောင်စုနှင့် ဂျပန်အစိုးရတို့ ဆက်ဆံရေးမှာလည်း ပြေလည်မှုမရှိသေးပေ။ နှစ်နိုင်ငံ ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုရန် ဆိုဗီယက်အစိုးရက ၁၉၇၀ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကမ်းလှမ်းခဲ့သည်ကို ဂျပန်အစိုးရက ပယ်ချခဲ့သည်။

၁၉၇၀ ခုနှစ် ဆိုဗီယက်သိပ္ပံရှင်တို့၏ ကြိုးစားမှုကြောင့် အာကာသသိပ္ပံပညာဖက်၌ သိသိသာသာ တိုးတက်ခဲ့သည်။

၁၉၇၀ ခုနှစ်တွင် ပင်တိုင် ကမ္ဘာပတ် အာကာသစခန်းယာဉ် ဆာလျု ၆ စခန်းသို့ ဆာယုခရီးသည်ယာဉ် ၂၆၊ ၂၇၊ ၂၀၊ ၂၉၊ ၃၀ နှင့် ၃၁ အပြင် လူမပါသော ပရိုဂရက်စ် ၁၊ ၂၊ ၃ နှင့် ၄ တို့ ချိတ်ဆက်ခြင်း ခွဲထွက်ခြင်းများ ပြုကြသည်။ ထို့အပြင် ဟင်းလင်းပြင်၌ ယာဉ်မှူးနှစ်ဦးသည် ရက်ပေါင်း ၁၄၀ နေခဲ့ကြသဖြင့် လေဟာပြင်တွင် အကြာရှည်ဆုံးနေသည့် စံချိန်ကို တင်ခဲ့လေသည်။

ကမ္ဘာပတ် အာကာသယာဉ်များ ပစ်လွှတ်အောင်မြင်ခဲ့သည့်အပြင် ဂြိုဟ်များသို့ ဦးတည်သည့် စကြာဝဠာယာဉ်များကိုပါ အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့လေသည်။

ကမ္ဘာနှင့် အနီးဆုံးဂြိုဟ်ဖြစ်သည့် ဗီးနတ်စခေါ် သောကြာဂြိုဟ်သို့ ဗိန်းရား ၁၁ နှင့် ဗိန်းရား ၁၂ ယာဉ်များကို ၁၉၇၀ ခုနှစ် စက်တင်ဘာလ ၉ ရက်နှင့် ၁၄ ရက်နေ့များတွင် အသီးအသီးပစ်လွှတ်ခဲ့ရာ ဗိန်းရား ၁၂ သည် ဒီဇင်ဘာလ ၂၁ နေ့တွင်၎င်း၊ ဗိန်းရား ၁၁ သည် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင်၎င်း ရောက်ရှိပြီးနောက် ဘတ်စခေါ် သတင်းပေး ပစ္စည်း ကရိယာ အစုံပါဝင်သည့် ဂြိုဟ်ဆင်းယာဉ်များကို အောင်မြင်စွာ ချထားနိုင်ခဲ့သည်။ အမှတ် ၁၂ ဗိန်းရား ၏ ကရိယာများသည် မိနစ် ၁၁၀ တိုင်တိုင် မြေပြင်ရှိ ကွပ်ကဲရေးစခန်းသို့ သတင်းပို့နိုင်ခဲ့လေသည်။

ဆိုမာလီယာ ဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ။

အာဖရိကတိုက် အရှေ့ပိုင်းတွင် အိန္ဒိယ သမုဒ္ဒရာဖက်သို့ စွန်းထွက် နေသော ဟွန်းအင်္ဂေါ် ဦး ချိုးစွန်းဒေသရှိ ဆိုမာလီဒီမိုကရက်တစ် သမ္မတ နိုင်ငံသည် ဧရိယာ ၂၄၆,၁၅၅ မိုင်ရှိပြီး ၁၉၇၇ ခု နှစ် ခန့်မှန်းခြေအရ လူဦးရေ ၃,၃၅၀,၀၀၀ ရှိသည်။ အီသီအိုးပီးယား နိုင်ငံကို စစ်ဆင်တိုက်ခိုက်ပြီဟု ဆိုမာလီသမ္မတ မိုဟာမက်ဆီအတ် ဘာရေးက ၁၉၇၀ ခု ဖေဖွဝါရီလ ၁၀ ရက်နေ့တွင် တရားဝင်ကြေငြာပြီးနောက် ဖေဖွဝါရီလ ၁၁ ရက်တွင် အရေးပေါ် အခြေအနေကို ကြေငြာခဲ့သည်။



ဆိုဗီယက်နိုင်ငံသည် အီသီအိုးပီးယားနှင့် ဆိုမာလီယာ နှစ်နိုင်ငံလုံးနှင့် မဟာမိတ်ဖြစ်ခဲ့သော်လည်း ယခုအရေးတွင် အီသီအိုးပီးယားအား ကူညီသောကြောင့် ဆိုမာလီယာနှင့် ဆက်ဆံရေးတွင် အဆင်မပြေဖြစ်ခဲ့ရလေသည်။

ဆိုဗီယက်၏ မဟာမိတ်ဖြစ်သော ထိုနှစ်နိုင်ငံတို့ စစ်ဖြစ်သည့် အခြေအနေသို့ ရောက်ရှိစေရန် ဖန်တီးလိုက်သော အချက်မှာ အိုဂါဒင်နယ်မြေ ဖြစ်သည်။

သဲမြေနီလွှမ်းသည့်အိုဂါဒင်နယ်သည် နှစ်နိုင်ငံအကြား၌ စတုရန်းမိုင် ၆၀,၀၀၀ ကျော် ကျယ်ဝန်းပြီး တိရစ္ဆာန် စားကျက်မြေပေါများရာဒေသဖြစ်သည်။

၁၈၀၀ ပြည့်နှစ်လောက်တွင် အီသီအိုးပီးယား ဘုရင်က အိုဂါဒင်သည် အီသီအိုးပီးယားပိုင်နယ်မြေဖြစ်သည်ဟု ကြေငြာခဲ့သည်။ ထိုကြေငြာချက်နှင့် နယ်နိမိတ်ကို ဗြိတိသျှ၊ ပြင်သစ်နှင့် ဣတလီတို့က အသိအမှတ် ပြုခဲ့သည်။

မိမိတို့ စွန့်လွှတ်ခဲ့ရသော အိုဂါဒင်နယ်မြေကို ပြန်လည် ရရှိရန် ဆိုမာလီ လူမျိုးတို့သည် အနောက်ပိုင်း ဆိုမာလီ လွတ်မြောက်ရေးတပ်ဦးကို ၁၉၆၀ ပြည့်နှစ်တွင် ဖွဲ့စည်းကာ အီသီအိုးပီးယားအစိုးရကို ဆန့်ကျင် တိုက်ခိုက်ခဲ့ကြသည်။

အနောက်ပိုင်း ဆိုမာလီလွတ်မြောက်ရေးတပ်ဦးသည် ဆိုမာလီအစိုးရထံမှ အကူအညီရရှိသဖြင့် လှုပ်ရှားတိုက်ခိုက်နိုင်ခြင်းဖြစ်သည်။ ၁၉၇၇ ခုနှစ် ဇွန်လတွင် ပို၍ ထိရောက်စွာ တိုက်နိုင်သဖြင့် ဂေါဒီးယားမြို့ကို ဇူလိုင်လတွင်ငင်း၊ စက်တင်ဘာလတွင် နယ်စပ်မှ မိုင် ၆၀ အကွာရှိ ဂျီဂျီဂါမြို့ကိုငင်း သိမ်းယူနိုင်ခဲ့သည်။

အီသီအိုးပီးယားတပ်တို့သည် ဆိုဗီယက်၊ ကျူးဗားနှင့် တောင်ယေမင်တပ်တို့ အကူအညီဖြင့် ၁၉၇၈ ခုနှစ် ဖေဖွာရီလဆန်းမှစ၍ ထိုးစစ်ဆင် တိုက်ခိုက် လာသော အခါ ဆိုမာလီ အစိုးရသည် စစ်ကြေငြာကာ ပါဝင် တိုက်ခိုက်ခဲ့လေသည်။

ဆိုမာလီနိုင်ငံအား ဆော်ဒီအာရေဗျ၊အီရန်နှင့်အာဖရိကနိုင်ငံ အချို့ အပါအဝင် ၁၃ နိုင်ငံက ကူညီ အားပေးခဲ့ကြသည်။

ဆိုမာလီတပ်တို့သည် ၁၉၇၈ ခု ဖေဖွာရီ လဆန်းတွင် ဂျီဂျီဂါမြို့၊ ဟာဇူမြို့တို့ကို လက်လွှတ်ခဲ့ရလေသည်။

အီသီအိုးပီးယားတပ်က ထိုးစစ်ဆင်ပြီး ရက် ၂၀ မျှ ကြာသောအခါ ဖေဖွာရီ ၂၃ ရက်နေ့တွင် စေ့စပ်ဆွေးနွေးရေးကို သမ္မတ ဘာရေးက လက်ကမ်းသော်လည်း အီသီအိုးပီးယားသမ္မတ မင်ဂျစ္စ်ထူဟေလီမာရီယံက လက်မခံခဲ့။

အီသီအိုးပီးယားတပ်က ဆက်၍ တိုက်ခဲ့ရာ ၁၉၇၈ ခု မတ်လ ၂၃ ရက်နေ့တွင် နယ်စပ်အနီးရှိ ဘဲယားကင်းစခန်းကို သိမ်းယူလိုက်ခြင်းဖြင့် အိုဂါဒင် ဒေသတခုလုံးကို ပြန်

လည်ရရှိခဲ့လေသည်။ အိုဂါဒင် ပြန်လည်ရရှိရေးအတွက်သာ မိမိတို့ တိုက်ခိုက်ကြပါမည်။ ဆိုမာလီနိုင်ငံထဲသို့ ဝင်ရောက်မတိုက်ပါဟု သမ္မတမင်ဂျစ္စ်ထူက ကြေငြာပြီး တိုက်ပွဲကို ပြီးဆုံးလိုက်လေသည်။

ဤအိုဂါဒင်စစ်တွင် အာဖရိက ညီညွတ်ရေး အဖွဲ့ချုပ် (အိုအေယူ)သည် စစ်ပြီးငြိမ်းရေး စေ့စပ်ဆွေးနွေးမည့်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသော်လည်း ထိထိရောက်ရောက် မလုပ်ဆောင်နိုင်ခဲ့ပေ။ ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ကလည်း တိုက်ပွဲမပြင်းမီက ကြိုတင်ဖြန်ဖြေပေးရန် ကြိုးစားခဲ့လေသည်။

ဆည်မြောင်းမျှား၊မြန်မာနိုင်ငံ။ ။လူတို့သည် ရေကို မှီ၍ စိုက်ရေးပျိုးရေးတို့ကို ဆောင်ရွက် ကြရလေသည်။ ရှေးနှစ်ပေါင်းမျှားစွာကပင် မြေသြဇာ ထက်သန်သော်လည်း ရေမရသဖြင့် အသုံးမဝင် ဖြစ်နေကြရသော မြန်မာနိုင်ငံ မိုးပါးရေရှား ရပ်ဝန်းမျှားရှိ မြေလပ်မျှားကို စိုက်ရေးပျိုးရေး လုပ်နိုင်ရန် လူတို့ ကြိုးပမ်း အားထုတ်ခဲ့ကြသည်။

မိုးပါးရေရှား ရပ်ဝန်းမျှားရှိ မြေလပ်မျှားကို ရေသွင်း စိုက်ပျိုးခြင်းထက် ရေလွှမ်းနေသော မြေနိမ့်ချိုင့်ဝှမ်း စိမ့်မြေတို့ကို ရေကာတာ၊ ရေလဲ့ ရေထုတ် မြောင်းမျှား တူး၍ ပြုပြင်ကာ စိုက်ပျိုး အသုံးချခြင်းက ပိုမို စိတ်ဝင်စားဖွယ်ကောင်းလေသည်။

ဗြိတိသျှ အစိုးရသည် အောက် မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးနောက် ၁၈၆၁ ခုနှစ်ခန့်တွင် ပြည်သူ့လုပ်ငန်းဌာနကို ဖွဲ့စည်းခဲ့သည်။ ၁၉၁၇ ခုနှစ်မှစ၍ ဆည်မြောင်းဌာနခဲ့ဟု သီးခြား ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ရာ ၁၉၇၂ ခုနှစ်အထိ ဖြစ်လေသည်။ ထိုနှစ်တွင်ပင် ဆည်မြောင်းဌာနခဲ့မှ ဆည်မြောင်း ဦးစီးဌာန အမည်သို့ ပြောင်းလဲ သတ်မှတ်ခဲ့ပြီး လုပ်ငန်းမျှား ဆောင်ရွက်လျက် ရှိလေသည်။

ဆည်မြောင်း ဦးစီးဌာနသည် မြန်မာနိုင်ငံ၌ စိုက်ပျိုးမှုတိုးတက် ဖွံ့ဖြိုးရေးအတွက် ရေစီမံမှုလုပ်ငန်းမျှားကို နှစ်ပိုင်းခဲ့၍ လုပ်ဆောင်လျက် ရှိလေသည်။

၁။ ဆည်ရေပေးဝေရေး လုပ်ငန်းမျှား

၂။ ရေဘေးကာကွယ်ရေး လုပ်ငန်းမျှား

၁။ ဆည်ရေ ပေးဝေရေး လုပ်ငန်းမျှားမှာ ရေလဲ့ဆည်မျှားနှင့် ရေလှောင်ကန်မျှား တည်ဆောက်၍ ရေပေးတူးမြောင်းမျှားဖြင့် ရေပေးဝေခြင်း၊ လူအား၊ တိရစ္ဆာန်အား၊ စက်အားတို့ဖြင့် ရေတင်၍ဆည်ရေပေးဝေခြင်း လုပ်ငန်းမျှား ဖြစ်လေသည်။

၂။ ရေဘေး ကာကွယ်ရေး လုပ်ငန်းမျှားမှာ မြစ်ချောင်းတို့မှ ရေလျှံမှု အန္တရာယ်ကို ရေကာတာမျှား တည်ဆောက် ကာကွယ်ခြင်း၊ ရေနစ်မြုပ်သော ချိုင့်ဝှမ်း



ရေဆင်းဆည်ကြီးသည် လယ်ယာမြေကေပေါင်း ၁၆၀,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးနိုင်ပြီဖြစ်သည်။

ဒေသမျှားတွင် ရေနုတ်မြောင်းမျှား တူးဖော်၍ ကာကွယ်ပေးခြင်း၊ ရေနုတ်မြောင်းဖြင့် ရေမထုတ်နိုင်သော ဒေသမှ ရေမျှားကို လူအား၊ တိရစ္ဆာန်အား၊ စက်အား တို့ဖြင့် ထုတ်နုတ်ပေးခြင်းနှင့် မြစ်ကြောင်း ထိန်းသိမ်း ကာကွယ်ပေးခြင်း လုပ်ငန်းမျှား ဖြစ်လေသည်။

ရေသွင်း စိုက်ပျိုးရေး နည်းစနစ်မျှားကို ရှေးခေတ်ကပင် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြကြောင်း မြန်မာ့သမိုင်းတွင် တွေ့ရှိရမည် ဖြစ်သည်။ ပုဂံခေတ် အနော်ရထာ မင်းသည် ကျောက်ဆည် ခရိုင်တွင် ပန်းလောင်မြစ်နှင့် ဇော်ဂျီမြစ် တို့ကို ဆည်မျှား တုတ်ခတ်၍ တူးမြောင်းမျှား တူးဖော်ဖောက်လုပ်ခဲ့ရာ ယခုတိုင် အကျိုးပြုလျက် ရှိလေသည်။ ကုန်းဘောင်ခေတ် တွင်လည်း မူး တူးမြောင်း ဖောက်လုပ်ခြင်း၊ မဟာနန္ဒာကန် တူးဖော်ခြင်းမျှားပြုခဲ့သည်။ မိတ္ထီလာကန်ကိုလည်း အနော်ရထာမင်း ပြုပြင်ခဲ့သည်ဟု ဆိုသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိသည့် အချိန်အထိ တည်ဆောက်ပြီးစီးပြီး ထိန်းသိမ်းထားသော ရေစီမံမှု လုပ်ငန်းမျှားတွင်ရေလှောင်တမံ ၁၀ ခုဖြင့်မြေရိယာ ၁၄၂,၃၀၄ ကေ၊ ရေလွှဲဆည် ၁၄ ခုဖြင့် မြေရိယာ ဂ၃၁,၅၉ဂ ကေ၊ စုစုပေါင်း ၉၇၃,၉၀၂ ကေကို ရေပေးသွင်း စိုက်ပျိုးနိုင်ခဲ့ပြီး ရေဘေး ကာကွယ်ရေး လုပ်ငန်း ၁၆ ခုဖြင့် မြေရိယာ ၁,၃၆၂,ဂ၃၃ ကေကို ရေဘေးမှ ကာကွယ်ပေးနိုင်ခဲ့သည်။

ဆည်မြောင်း ဦးစီးဌာနသည် လွတ်လပ်ရေး ရသည်မှ ၁၉၇၅-၇၆ ခုနှစ် အချိန်အထိ ရေစီမံမှု လုပ်ငန်းမျှားတွင် ရေလှောင်တမံ ၄၁ ခုဖြင့် ၂၀၀,၄၉၁ ကေ၊ ရေလွှဲဆည် ၁၀၇ ခုဖြင့် ၁,၀၄၇,၅၁၁ ကေ၊ စုစုပေါင်း ၁,၃၂၉,၀၀၂ ကေကို ရေပေးသွင်းနိုင်ခဲ့ပြီး၊ ရေဘေးကာကွယ်ရေး လုပ်ငန်းမျိုး ၃၂ ခုဖြင့် ၂,၇၀၁,၂၆၄ ကေကို ရေဘေး အန္တရာယ်မှ ကာကွယ်နိုင်ခဲ့လေသည်။

၁၉၆၂-၆၃ ခုနှစ်မှ ၁၉၇၅-၇၆ ခုနှစ်အတွင်း တည်ဆောက် ပြီးစီးခဲ့သည့် ရေစီမံမှု လုပ်ငန်း စီမံကိန်းမျှား အနက် အောက်ပါတို့သည် အဓိကကျသော လုပ်ငန်း စီမံကိန်းမျှား ဖြစ်ကြသည်။

ဝါတောင်သူကြီးမျှား သစ်ဆုံဆည်မှ ရေကိုလိုသလောက် အသုံးပြုနိုင်ပြီဖြစ်သည်။





မြောက်နဝင်းဆည် စီမံကိန်းသည် ပြည်မြို့နယ်အတွင်းရှိ နဝင်းချောင်း ပေါ်တွင် တည်ရှိပြီး မြေကေပေါင်း ၉၆,၇၂၀ ကို ရေသွင်းစိုက်ပျိုး နိုင်မည်ဖြစ်သည်။

ငဇတောင် ဆည်မြောင်းသည် ကယားပြည်နယ် ဒီမော ဆိုး မြို့နယ်တွင် တည်ရှိ၍ မြေကေ ၆,၇၂၅ ခန့်ကို ရေပေး သွင်းနိုင်လေသည်။

လက်ပန်ချီပေါ် ရေစုတ်စက် လုပ်ငန်းသည် မြင်းခြံခရိုင် ညောင်ဦး မြို့နယ်တွင် တည်ရှိ၍ ဇရာဝတီ မြစ်ရေကို ရေစုတ် စက်ဖြင့် စုတ်တင်ကာ မြေကေ ၁၀၀၀ ခန့်ကို ရေပေးသွင်း နိုင်လေသည်။

ဝါရှောင် ဆည်သည် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် အတွင်း ဝါရှောင် ကျေးရွာ အနီးတွင် တည်ရှိပြီး မြေကေ ၁၇,၄၅၀ ကို ရေပေးသွင်းနိုင်လေသည်။

မုန်တိုင် ရေလှောင်တမံသည် မန္တလေးတိုင်း မိတ္ထီလာ မြို့နယ်အတွင်း တည်ရှိသည်။ ယင်းတမံသည် မိတ္ထီလာကန်၏ ရေဝင်ချောင်းဖြစ်သော ရေဆင်းရေဒီယာ ၁၅၀ စတုရန်းမိုင် ရှိပြီး မုန်တိုင်ချောင်းပေါ်တွင် တည်ဆောက်ထားသည်။ မိတ္ထီလာမြို့အထက် ၁၀ မိုင်ခန့်အကွာတွင်တည်ရှိပြီး မိတ္ထီလာ ကန်အား ရေကူပေးရန်နှင့် နုန်းဝင်မှုများ သက်သာစေရန် အ တွက် တည်ဆောက်ထားသော စီမံကိန်းတခု ဖြစ်လေသည်။

ကဘော် ချိုင့်ဝှမ်း ဆည်မြောင်းသည် စစ်ကိုင်းတိုင်း တမူးမြို့နယ်တွင် တည်ရှိပြီး သနန်းကျေးရွာ အနီးရှိ တရာ ချောင်းမှ ရေကို ရေစုတ်စက်များဖြင့် ရေဝေကန် အတွင်းသို့ စုတ်တင်ပြီး လယ်မြေများကို ရေပေးသွင်းရာ ၇၉၀ ကေကို ရေပေးသွင်းနိုင်သည်။

ကြက်မောက်တောင်ဆည်သည် မန္တလေးတိုင်း ကျောက် ပန်းတောင်း မြို့နယ်တွင် တောင်ဆင်းချောင်းနှင့် ကျောက် ပုံချောင်းတို့ ဆုံရာ ဒေသ အထက်တွင် တည်ဆောက်ထား ပြီး ၎ကေ ၂၉,၇၀၆ ကို ရေပေးသွင်းနိုင်လေသည်။

မိုင်းဆတ် ချိုင့်ဝှမ်း ဆည်မြောင်း စီမံကိန်းတွင်မူ မြေ ၎ကေ ၁၀၀၀ ကို ရေပေးသွင်းနိုင်သော မယ်ဆတ်ရေလှဲဆည် နှင့် မြေကေ ၆၀၀ ကို ရေပေးသွင်းနိုင်သော ဆိုက်ခေါင် ရေလှဲဆည်တို့ ပါဝင်လေသည်။



ဖိုင်လုံဆည်သည် ရှမ်းပြည်နယ် မိုးနဲမြို့နယ် အတွင်းရှိ၍ မြေကေ ၅၀၀၀ ကို ရေပေးသွင်းနိုင်လေသည်။

ဆီမီးခုံ ရေစုတ်စက် လုပ်ငန်းသည် မြင်းခြံမြို့နယ်အတွင်း တည်ရှိ၍ ဇရာဝတီ မြစ်ရေကို ရေစုတ်စက်ဖြင့် စုတ်တင်ပြီး လယ်ယာများကို ရေပေးသွင်းလေသည်။ ရေပေးသွင်းနိုင် သော မြေကေမှာ ၁၅၀၀ ဖြစ်လေသည်။

ကလေးမြို့ ဒေသ ဆည်မြောင်းသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ဒေသအတွင်း တည်ရှိ၍ ချောင်းချောက် ချောင်း၊ သပြေချောင်း တာတမံနှင့် ရေတံခါး၊ တောင် ကျင်းချောင်းဆည် စသည့် လုပ်ငန်းသုံးမျိုး ပါဝင်ပြီး မြေ ကေ ၁၂၀၀ ကို ရေပေးသွင်းနိုင်၍ မြေကေ ၁၈၀၀ ခန့်ကို ရေလွှမ်းမိုးမှုဘေးမှ ကာကွယ်နိုင်ခဲ့လေသည်။

တောင်မန် တူးမြောင်းသည် မကွေးတိုင်း စကြမ္မိုနယ် အတွင်းရှိ အိုင်မရွာအနီးမန်းချောင်းပေါ်တွင် တည်ဆောက် ထားပြီး မြေကေ ၁၁,၉၅၀ ကို ရေပေးသွင်း စိုက်ပျိုးနိုင် ခဲ့လေသည်။



ပြောင်းပြာ ရေလှောင်တမံသည် မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် မလယ်ရွာ အနီးရှိ ပြောင်းပြာချောင်းပေါ် တွင် တည်ဆောက်ထားပြီး မြေကော ၇၀၀၀ ခန့်ကို ရေပေးသွင်းနိုင်သည်။

လက်ပံပင်နှင့် ငွေတောင်ဒေသ လယ်ယာဖော်ထုတ်ရေးစီမံကိန်းသည် ကယားပြည်နယ် လွိုင်ကော်မြို့နယ် အတွင်းရှိ ငွေတောင်ချောင်း နှင့် လက်ပံပင် ချောင်းများ၏ လက်ဝဲလက်ယာတွင် ရေများ နစ်မြုပ်လျက်ရှိသော မြေများကို ဖော်ထုတ်ရန်နှင့် ရေနုတ်မြောင်းများ တူးဖော်ရန်တို့ ဖြစ်လေသည်။ ယင်းစီမံကိန်းအရ ဖော်ထုတ်ပေးမည့် မြေကော တို့မှာ ၁၄,၀၀၀ ခန့်ဖြစ်ပြီး ယင်းအနက်မှ မိုးရာသီတွင် ရေသွင်းစိုက်ပျိုးနိုင်မည့် မြေကေမှာ ၇,၃၂၀ ဖြစ်လေသည်။

မုတ်ကျွန်း ရေလှမ်းမိုးမှ ကာကွယ်ရေး စီမံကိန်းသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်တို့ အတွင်းရှိ ဝါးဘလောက်သောက်ချောင်း အရှေ့ဘက်မှ လယ်မြေများအား ပင်လယ်ဆားငန်ရည် ဘေးမှ ကာကွယ်ရန် အတွက် လိုအပ်သည့် နေရာများတွင် တာတမံများ တည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေထုတ်တံခါးများ တပ်ဆင်ခြင်း စသည်တို့ လုပ်ဆောင်ရန် ဖြစ်သည်။ ယင်းစီမံကိန်းအရ မြေကေ ၇၀၀၀ ခန့်ကို ပင်လယ်ဆားငန်ရေ ဘေးမှ ကာကွယ်နိုင်ခဲ့လေသည်။

ခက်လန်း ရေလှောင်တမံသည် မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် ခက်လန်းရွာ အနီးရှိ ခက်လန်းချောင်းပေါ် တွင် တည်ဆောက်ထားပြီး မြေကေ ၇၀၀၀ ခန့်ကို ရေပေးသွင်း စိုက်ပျိုးနိုင်သည်။

ရေဇင်း ဆည်မြောင်း စီမံကိန်းသည် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ရန်ကုန် - မန္တလေး ကားလမ်းမကြီးပေါ် ရှိ ရေဇင်း ကျေးရွာအနီးတွင် တည်ရှိပြီး မြေကေ ၁၆,၀၀၀ ကို ရေပေးသွင်း စိုက်ပျိုးနိုင်လေသည်။

ရေနံသာတူးမြောင်းစီမံကိန်းသည် မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ချောင်းမကြီးချောင်း၏ လက်ယာဘက်ကမ်းဒေသများအား ဆည်ရေပေးသွင်းနိုင်ရန်အတွက် တူးမြောင်းများ တူးဖော်ရန်ဖြစ်၍ ပြီးစီးပါက မြေကေ ၁၈,၀၀၀ ကို ရေပေးသွင်းနိုင်မည် ဖြစ်လေသည်။

ဆည်မြောင်းဌာနသည် ၁၉၆၂-၆၃ ခုမှ ၁၉၇၅-၇၆ ခုအတွင်း အဓိကကျသော လုပ်ငန်း ၁၇ ခု တည်ဆောက် ပြီးစီးခဲ့၍ အောက်ပါ ရေစီမံကိန်း လုပ်ငန်းများကို တည်ဆောက်ဆဲ ရှိနေသေးသည်။

ဟိုပုန်း ချိုင့်ဝှမ်း ဆည်မြောင်း စီမံကိန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုန်းမြို့နယ်အတွင်းရှိ နန့်တဖက်ချောင်းနှင့် ယင်းချောင်း၏ လက်တက်များပေါ် တွင် တည်ဆောက်ရန်ဖြစ်သည်။ ယင်းစီမံကိန်းတွင် နန့်စွဲဆည်၊ နန့်ပေါင်းလင်းဆည်၊ နန့်မဲသာဆည်၊ နန့်တွတ်ဆည်နှင့် နန့်တဘက်ဆည် စသည်တို့ ပါဝင်၍ စုစုပေါင်းမြေ ကေ ၂၅,၀၀၀ ခန့်ကို ရေပေးသွင်း စိုက်ပျိုးနိုင်မည် ဖြစ်လေသည်။



ဆည်တော်ကြီး ရေလှောင်တမံ စီမံကိန်း အမြန်ပြီးစီးနိုင်ရေးအတွက် ဤသို့ခေတ်မီ မြေတူး မြေညှိစက်ကြီးများကို အသုံးပြုခဲ့သည်။

မြောက်နဝင်း ဆည်မြောင်း စီမံကိန်းသည် ပဲခူးတိုင်း ပြည်မြို့နယ် အတွင်း ဆီဆုံကုန်းကျေးရွာ အနီးရှိ နဝင်းချောင်းပေါ် တွင်တည်ရှိ၍ ပြီးစီးပါက မြေကေ ၉၆,၇၂၀ ကို ရေပေးသွင်းနိုင်မည် ဖြစ်လေသည်။

ချောင်းမကြီး ရေလှောင်တမံ စီမံကိန်းသည် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ဗောဓိကုန်း ကျေးရွာ အနီးရှိ ချောင်းမကြီး ချောင်းပေါ် တွင် တည်ရှိ၍ ပြီးစီးပါက မြေကေ ၉,၂၇၆ ကိုရေပေးသွင်းစိုက်ပျိုးနိုင်မည် ဖြစ်လေသည်။

အထက်ပါ အဓိကကျသော လုပ်ငန်းကြီးများ တည်ဆောက် ပြီးစီးပါက ရွှေလာမည့်နှစ်များတွင်လည်း ဆက်လက် အကောင်အထည်ဖော်သွားမည့် ရေစီမံကိန်း လုပ်ငန်းများကို စိစဉ်လျက် ရှိလေသည်။

ဇရာပေဒ။ ။ဇရာ၏သဘောနှင့် သရုပ်တို့ကို လေ့လာသော ပညာသည် သိပ္ပံဝေါဟာရအားဖြင့် ဂျရွန်တော်လို့ဂျီဟု ခေါ်သည်။

သိပ္ပံသဘောနှင့်ယှဉ်၍စဉ်းစားလျှင် ဇရာတည်းဟူသော အိုခြင်းတရားသည်သဝိညာဏကတို့နှင့်သာဆိုင်သည်မဟုတ်၊ အဝိညာဏကတို့နှင့်လည်း ဆိုင်၏။ နေလ နက္ခတ်တာရာစသည်တို့သည်၎င်း၊ ပထဝီ မြေဆီမြေသား စသည်တို့သည်၎င်း၊ တွင်းထွက်ခဲတ်သတ္တုစသည်တို့သည်၎င်း ကာလရွေ့လျောသည်ကိုလိုက်၍ ဟောင်းနွမ်းဆွေးမြေ့ အိုမင်းခြင်းသဘောသို့ ရောက်ကြကုန်၏။ သံပြားတခုကို နှစ်ရှည်လများသုံးစွဲ၍ ကြာလတ်သော် ထိုသံပြားသည် ညောင်း၍ ကျိုးပဲ့ပျက်စီး၏။ ဤသည်ကား သံပြားသည်ပင်လျှင် အိုသော ဟောင်းသော ဇရာသဘော၌ အကျုံးဝင်ခြင်း ဖြစ်၏။ သို့ရာတွင် ယခု ဆိုလတ္တံ့သော ဇရာပေဒ၏ အကြောင်းမှာ လူနှင့်သာဆိုင်သည်။

ဇာတိနှင့်ဇရာ သဘောတရားတို့သည် အသက်ဇီဝနှင့် တဆက်တည်းသော အစိတ်အပိုင်းများဖြစ်၍ ခန္ဓာကြီးထွားဖွံ့ဖြိုးခြင်း ဖြစ်စဉ်တရပ်ပင်တည်း။ ရုပ်တို့၏ ဖြစ်ထွန်းမှုဌိတ်အဆင့်တခုသို့ရောက်သော် ရင့်ကျက်သည့်အခြေသို့ဆိုက်၏။ ထိုရင့်ကျက် သောအဆင့်မှလွန်သော် အိုခြင်းသို့ရောက်၏။ ဇရာပေဒသည် ယင်းအဆင့်၌ရှိသော အိုခြင်းသဘောတရားကို လေ့လာဆင်ခြင်သော ပညာပင်ဖြစ်သည်။

အိုခြင်းသဘောကို လေ့လာရာ၌ လူအိုကို ပုဂ္ဂိုလ်တဦး အဖြစ်ဖြင့် လေ့လာသောအပိုင်း၊ လူ၏ သုံးဆယ့်နှစ်ကောဋ္ဌာသ အစိတ်အပိုင်းတို့ အိုကြသည်ကို လေ့လာသော အပိုင်း၊ လူအိုတို့နှင့် စပ်ဆိုင်သော လူမှုရေးပညာရပ်အပိုင်းဟူ၍ ကဏ္ဍသုံးခုခွဲကာ လေ့လာ၍ ရနိုင်သည်။

ဇာတိဟူ၍ ဖြစ်လာသော နေ့ကစ၍ ဇရာဟူသော သဘောတရား ရှိခဲ့ပါသော်လည်း ပညာရှင်တို့သည် ၁၉၄၀ ပြည့်နှစ် ခေတ်သို့ ရောက်မှသာလျှင် ဇရာ၏အကြောင်းကို စိတ်ပါဝင်စားစွာဖြင့် လေ့လာခဲ့ကြသည်။ ၂၀ ရာစုနှစ်အတွင်း လူသက်တမ်းတိုးသည်ဟု မှတ်ယူခဲ့ကြ၏။ ၁၉၀၀ ပြည့်နှစ်တွင် ဖွားမြင်သောကလေးသူငယ်သည် အသက် ၄၇ နှစ်အထိ နေရလိမ့်မည်ဟု စာရင်းဇယားတို့ဖြင့် တွက်ဆ ကြည့်နိုင်ခဲ့ကြ၏။ ၁၉၅၂ ခုနှစ်သို့ရောက်သော် ထိုနှစ် ဖွားသော ကလေးသည် ယောကျ်ားကလေးဖြစ်ပါမူ အသက် ၆၇ နှစ်အထိ နေရမည်။ မိန်းကလေးဖြစ်ပါမူ အသက် ၇၁ နှစ်အထိ နေရမည်ဟု တွက်ဆ၍ရ၏။ ဤသည်တွင် ကမ္ဘာ့လူဦးရေ စာရင်း၌ လူအိုဦးရေ တိုးပွားလာလေသော ကြောင့် ထိုလူအိုတို့၏ ပြဿနာကို စနစ်တကျ လေ့လာကြည့်ကြရလေသည်။ပျို့ရာမှအိုလာခြင်းသည်ပြုပြင်ပြောင်းလဲသောသဘာဝ ဖြစ်၏။ အိုသောအခါ ခန္ဓာကိုယ်အဆောက်အအုံနှင့်တကွ ဇီဝရုပ်တို့၏ လုပ်ငန်းဆောင်တာများ ပြောင်းလဲလာလေသည်။ ရောဂါကို ခံနိုင်ရည်ရှိသောသတ္တိ၊ဇီဝရုပ်တို့ယိုယွင်းခြင်းကိုပြန်လည်ပြုပြင်နိုင်သောသတ္တိ၊ မှတ်ဉာဏ်စွမ်းအား၊ တွေးပုံ ခေါ်ပုံ၊ အာဟာရအစရှိသော အခြင်းအရာတို့သည်လည်း ပြောင်းလဲသည်။

ပါးရေတွန့်ခြင်း၊ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ နားမကြားခြင်းစသော အပြောင်းအလဲတို့မှာ သာမညဟု ဆိုရမည်။ ထို့ထက်အရေးကြီးသော အပြောင်းအလဲမှာ ဤသို့ဖြစ်၏။ သက်ရှိတို့သည် ပြင်ပပယောဂ လှုံ့ဆော်ခြင်းကို တုံ့ပြန်တတ်သော သတ္တိရှိ၏။ အိုသောအခါ ထိုသတ္တိများ လျော့ပါးသည်။

ဒဏ်ရာအနာတရ ဖြစ်ခဲ့သော် ထိုဒဏ်ရာကိုပြန်ကောင်းအောင် သဘာဝအားဖြင့် ပြုပြင်ပေးခြင်းမှာလည်း နှေးကွေးသွားသည်။ သာဓကအားဖြင့် လူအို၌ ပွန်းပဲ့ ဒဏ်ရာရလျှင် ရုတ်တရက် အနာမကျက်သည်ကို ရှုပါလျှင် တွေ့ရမည်ဖြစ်သည်။

ထို့ပြင် အိုလာလျှင် အစားအသောက် နည်းသွားတတ်သည်။ ခန္ဓာကိုယ်က ပြုမူဆောင်ရွက်သော လုပ်ငန်းဆောင်တာတို့သည်လည်း စွမ်းရည် လျော့ပါးသွားသည်။ မှတ်ဉာဏ်စွမ်းရည် လျော့၍ သတိမေ့တတ်ပုံကို ကြည့်ပါ။ ကူးစက်တတ်သော ရောဂါပိုးတို့ကို တွန်းလှန်နိုင်သော အင်အားလည်း ကျဆင်းသည်။ ရောဂါရလျှင် ရောဂါလက္ခဏာတို့သည် ထင်ရှားစွာ ပေါ်လွင်ခြင်း မရှိချေ။ ထို့ကြောင့် လူအို့တို့၌ ရောဂါရင့်မှ ဆရာဝန်က သိရှိရသောကြောင့် ယင်းတို့ကို ကုသရာ၌ ခက်ခဲသည်။

အိုမင်းမစွမ်း ဖြစ်လာလျှင် အအေးဒဏ် အပူဒဏ်ကို ကောင်းစွာ မခံနိုင်တော့ချေ။အိုမင်းသောအရွယ်၌ဝအောင် မစားရသော် အန္တရာယ်ဖြစ်၏။ ဝသည်ထက် ပို၍စားမိလျှင်လည်း အန္တရာယ်ဖြစ်၏။ ရေဝအောင် မသောက်ရလျှင် ခန္ဓာကိုယ် သွေခြောက်၍ ဒုက္ခရောက်သည်။ ရေကို အလွန်အကျဲ သောက်ပြန်လျှင်လည်း အန္တရာယ်မကင်းချေ။

သို့ရာတွင် အိုမင်းပြီဟု ဆိုတိုင်းလည်း အရာခပ်သိမ်းကျဆင်းကုန်ပြီဟု မယူဆသင့်ချေ။ အိုသောအရွယ်၌ အထနေး အထိုင်နေး ဖြစ်တတ်သည် မှန်သော်လည်း အိုသူသည် အလွန်ငဲ့ကောင်းသည်။ ပြဿနာတို့ကို အဆုံးအဖြတ် ပေးရာ၌လည်း ထက်မြက်သည်။ အဆုံးအဖြတ်ပေးနိုင်ခြင်းသည် အတွေ့အကြုံများခြင်းအပေါ်၌ တည်သည်။ အိုသောသူ၌ အတွေ့အကြုံများစွာရှိသည်။

လူတို့သည် အရွယ်ထောင့်လာလျှင် သင်ယူတတ်ခြင်းသဘောသည် အတန်ငယ် နှေးကွေးသည်။ သို့ရာတွင် အသက် ၈၀ အရွယ် လူအိုတို့သည် အသက် ၁၂ နှစ်အရွယ် လူငယ်တို့ကဲ့သို့ပင် သင်အံ့လေ့ကျင့် မှတ် သား နိုင် သော

သတ္တိရှိသည်။ ပညာသင်၍ အကောင်းဆုံးအရွယ်မှာကား အသက် ၂၂ အရွယ် ဖြစ်၏။

လူကြီးတို့၌ဖြစ်ပွားတတ်သောရောဂါများမှာ သွေးလွှတ်ကြော မာကျစ်ခြင်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ရိုးဆက်ရောင်ရမ်းနာ၊ ဂေါက်နာ၊ ကင်ဆာရောဂါ စသည်တို့ဖြစ်သည်။ ယင်းတို့အပြင် မျက်စိနှင့်စပ်ဆိုင်သော ရောဂါ၊ အရေပြားနှင့် စပ်ဆိုင်သောရောဂါ စသည်တို့လည်း ရှိ၏။ လူအိုတို့၌ ရောဂါရလျှင် ရောဂါလက္ခဏာ ရုတ်တရက်မပေါ်လွင်ခြင်းကြောင့်၎င်း၊ ကိုယ်တွင်းမှစ၍ ရောဂါဖြစ်ပွားခြင်းကြောင့်၎င်း၊ အထွေထွေ အထူးထူးသော ရောဂါများ ရောပြွမ်းနေတတ်ခြင်းကြောင့်၎င်း၊ ခန္ဓာ အစိတ်အပိုင်းတို့ ယိုယွင်းခြင်းကြောင့်၎င်း ယင်းတို့ကို ကုသရာ၌ ရောဂါမပေါ်မီ ကြိုတင်၍ကုသခြင်း၊ အခက်အခဲမဖြစ်မီ ကြိုတင်၍ ကာကွယ်ခြင်းဟူသော စနစ်တို့ဖြင့် ကုသရန် အရေးကြီးသည်။ ဤသည်တို့ကား အိုခြင်း၏ သဘောကို ပုဂ္ဂိုလ် အလိုက် လေ့လာကြည့်သော အပိုင်းကဏ္ဍဖြစ်၏။

ဒုတိယပိုင်းဖြစ်သော ခန္ဓာကိုယ် အစိတ်အပိုင်းဆိုင်ရာ အိုခြင်း၏ဇီဝဗေဒ သဘောကို ကြည့်လျှင် သာမန်အားဖြင့် ခန္ဓာကိုယ်ကိုတည်ဆောက်ပေးသောဆဲ တို့၌လည်း အိုခြင်း သဘောရှိ၏။ သို့ရာတွင် ဆဲတို့သည် ရှင်ကျက်လာသော အခါ တခုမှန့်ခု၊ နှစ်ခုမှလေးခု စသည်ဖြင့် ပွားတတ်သည့် အဖြစ်ကြောင့် ဇီဝဗေဒ အလိုအားဖြင့် ဆဲ တို့၌ ဇရာ သဘောမရှိဟူ၍ပင် ဆိုကြ၏။ ခန္ဓာကိုယ်အစိတ်အပိုင်းတခုမှ ထုတ်ယူ၍ ဆဲ တခုကို လက်တွေ့ခန်း၌ မွေးမြူလျှင် ၄၀ နာရီ တကြိမ်ကျ အဆက်မပြတ် အာဟာရခွာတ်ကို ပေးနိုင်ပါက ထိုဆဲသည် မပျက်မစီး တည်နိုင်သည်။ အယ်လက္ကဆစ်ကာရယ်အမည်ရှိ ပုဂ္ဂိုလ်သည် ကြက်ကလေးဆဲ ကို ၁၉၁၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ ၃၄ နှစ် ကြာအောင် မွေးမြူခဲ့ဘူးသည်။

သို့သော် ဆဲ၏ အရန်ဝဘ္ဆုဖြစ်သော သွေး၊ ပြန်ရည်၊ တစ်ရှူးအရည်၊ တွယ်ဆက်တစ်ရှူး၊ အရိုး စသော ဝတ္ထုပစ္စည်းတို့ကား အိုမင်း ရင့်ရော်ခြင်းကို ဖြစ်စေသည်။ ထို့ကြောင့် အိုခြင်းနှင့် စပ်လျဉ်းသော အခြင်းအရာတို့ကို လေ့လာသောအခါ ယင်းဝတ္ထုပစ္စည်းတို့ကို လေ့လာရ၏။

လူမှုရေးပညာရပ်နှင့် ဆိုင်သော ဇရာ ဗေဒမှာကား အထက်၌ ပြဆိုခဲ့သော လူသက်တမ်း ရှည်လာခြင်းကြောင့် လူအိုဦးရေတိုးပွားသဖြင့် ပေါ်ပေါက်လာသော ပြဿနာတို့ကို လေ့လာခြင်းပင် ဖြစ်၏။ အမေရိကန်ပြည်ထောင်စုတွင် ၁၉၀၀ ပြည့်နှစ်က အသက် ၄၅ နှစ်အထက် လူကြီးဦးရေသည် တနိုင်ငံလုံး လူဦးရေ၏ ၁၂.၈ ရာခိုင်နှုန်းဖြစ်၏။ ၁၉၅၀ ပြည့်နှစ်သို့ ရောက်သော် ထိုလူဦးရေသည် ၃၀.၁ ရာခိုင်နှုန်းအထိ တိုးသည်။

ဤသည်တွင် သက်ကြီးရွယ်ကြီးများ၏ အလုပ်အကိုင်နှင့် စပ်လျဉ်း၍ ပြဿနာများ ပွားများ လာလေသည်။ အငြိမ်းစားလစာပေးခြင်း၊ အိမ်ယာနေရာချထားခြင်း၊ လူနှင့်လုပ်ငန်း သင့်လျော်အောင် စီစစ်ခြင်း၊ လူ၏ အရည်အချင်းတို့ကို တန်ဖိုးပိုင်းခြားပေးခြင်းဟူသော ကိစ္စတို့သည်လည်း များပြားလာလေသည်။ ထိုသက်ကြီးရွယ်အိုများကို စနစ်တကျ နေရာချထား မပေးနိုင်ခဲ့ပါလျှင် လူငယ် လူရွယ်တို့သည် မိမိတို့၏သားသမီးများကို ကျွေးမွေးသုတ်သင်ရသော လုပ်ငန်းအပြင် သက်ကြီးရွယ်ကြီးတို့ကိုပါ လုပ်ကျွေး ပြုစုရမည့်တာဝန် ရှိလာလိမ့်မည်။

၁၉၅၀ ပြည့်ခေတ် နောက်ပိုင်းတွင် အလုပ် မလုပ်နိုင်သော အဖိုးအိုတို့ကို နှစ်ရှည်လများ စောင့်ရှောက်ရသော ပြဿနာ၊ ရောဂါဘယကြောင့် စိတ်ဖောက်ပြန် သူတို့ကို စိတ်ရောဂါကုဌာနတို့၌ လက်ခံကုသရသော ပြဿနာစသည်တို့သည် အလွန်ကြီးကျယ်လာသည်။

အခြားလူမှုရေးပြဿနာများလည်း ရှိသေး၏။ သက်ကြီး ရွယ်အိုတို့ကြောင့် မိသားစု အဆောက်အအုံသည် တနည်းတဖုံ ပြောင်းလဲ၏။ ဤ ပြောင်းလဲခြင်းကြောင့် လူမှုအဆောက်အအုံ ဖွဲ့ဖြိုးတိုးတက်မှုလည်း ပြောင်းလဲ၏။ သက်တမ်း ရှည်လာသည်နှင့်အမျှ သက်ကြီးပညာရေး စနစ်ကို ပြန်လည်ပြုပြင် တီထွင်ဖို့ လိုလာ၏။ ဤအထွေထွေ အထူးထူးသော ပြဿနာတို့ကို ဂျရွန်တော်လိုဂျီ ပညာရပ်က ဖြေရှင်းပေးနိုင်အောင် ကြိုးစားလျက် ရှိလေသည်။

ဇလဗေဒ။ ။လေထု အတွင်းရှိ မိုးရေ၊ နှင်း စသည့် ရေခိုး ရေငွေ့နှင့် ပတ်သက်၍ ဖြစ်ပေါ်လာမည့်အခြေအနေတို့ကို စူးစမ်းလေ့လာသည့် ပညာရပ်ဖြစ်သည်။ ဇလဗေဒသည် မိုးလေဝသဗေဒနှင့်တိုးခွဲဆောင်ရွက်လာခဲ့သော လုပ်ငန်းရပ်တခု ဖြစ်လေသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံ ဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက်ရေကာတာများ၊ ဆည်မြောင်းများ၊ တာတမံများ၊ တံတားကြီးများ၊ ရေလှောင်ကန်များ ဆောက်လုပ်ရာတွင် ဇလဗေဒ အချက်အလက်များသည်အထူးအရေးကြီးပေသည်။ အခု၌ ရေလှောင်ကန်များ ရေအားနှင့် မမျှတသဖြင့် ကျိုက်ပေါက်ပျက်စီးခြင်းနှင့် အခု၌ရေလှောင်ကန်များ ရေအဝင်နည်း၍ ခန်းခြောက်မှုဖြစ်ရခြင်းတို့တွင် ဇလဗေဒ အချက်အလက်များ၏ မမှန်ကန်မှုသည် အဓိက အကြောင်း တခု ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၆၃ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထူးရန်ပုံငွေအဖွဲ့အကူအညီ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်

ဇလဗေဒနှင့် မိုးလေဝသလုပ်ငန်းများကိုစနစ်တကျစီမံကိန်းချ၍ ကျပ် ၅၄ သိန်းဖိုး အကုန်အကျခံပြီးတိုးချဲ့လုပ်ဆောင်ခဲ့သည်။ ဇလဗေဒနှင့်မိုး လေဝသအချက်အလက်များ စုံလင်စွာရရှိလာသဖြင့် ၁၉၆၆ ခုနှစ်မိုးရာသီမှစတင်၍ ရေကြီးမည်ကိုကြိုတင်ခန့်မှန်းလာနိုင်သည်။ ရေဘေးမှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်လာနိုင်ခဲ့ကြသည်။

မိုးလေဝသဌာနခွဲက ၁၉၆၃ ခုနှစ်တွင် တိုးချဲ့ လုပ်ကိုင်ခဲ့သော ဇလဗေဒ လုပ်ငန်းများသည် ရေကြီးမည့် ဘေးကိုကြိုတင်ခန့်မှန်းနိုင်ခဲ့သည်။ မြစ်ကမ်းပါးများ ရေတိုက်စား၍ကမ်းပြိုခြင်း၊ မြစ်ချောင်း အင်းအိုင် ကန်များတွင် နုန်းများတင်၍ တိမ်ကောသွားခြင်း၊ ခန်းခြောက်သွားခြင်း စသည်တို့ကို တိကျစွာလေ့လာနိုင်ခဲ့သည်။ ထို့ပြင် ဇလဗေဒဆိုင်ရာ အချက်အလက် များသည် မြန်မာနိုင်ငံ၏ သောက်သုံးရေ ပမာဏကို တွက်ချက်နိုင်ခဲ့သည့်အပြင် လယ်ယာစိုက်ပျိုးရေးအတွက် အထောက်အကူ ဖြစ်သည့် ဆည်မြောင်းတာတမံများ ဆောက်လုပ်ရာတွင်၎င်း၊ ရေရရှိရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင်၎င်း များစွာ အသုံးဝင်ခဲ့လေသည်။

မိုးလေဝသဌာနသည် သင့်လျော်သည့် နေရာများတွင် ဇလဗေဒအချက်အလက်များ တိုင်းတာမှတ်ယူရေး အချိန်ပြည့်နှင့် အချိန်ပိုင်းစခန်းများကို ဖွင့်လှစ်ထားရှိသည်။ ရေမှတ်တိုင်များနှင့် အလိုအလျောက် ရေမှတ်ချိန်တိုင်း ကရိယာများ တပ်ဆင်ထားရှိသည်။ ရေနမူနာများ ယူသည့်စက်များဖြင့်လည်း နုန်းများ၏ ပမာဏကို တိုင်းတာလျက်ရှိသည်။

ဇလဗေဒစီမံကိန်းအရ မြစ်များ၊ ချောင်းများ၏ ရေမှတ်ချိန်များ၊ ရေစီးနှုန်းများ၊ရေထဲတွင် ပါဝင်သော သဲနှင့် နုန်းများကို တိုင်းတာမှတ်သား လာနိုင်သဖြင့် ကူးသန်းရောင်းဝယ်ရေးအတွက် လှေနှင့် သဘော်ဘများ သွားလာနေသည့် မြစ်များ၊ချောင်းများ၊ တူးမြောင်းများ၌သော်ထွန်းခြင်း၊ ကမ်းပြိုခြင်း၊ မြစ်ချောင်းတူးမြောင်းများ တိမ်ကောခြင်း စသည်တို့ကို ကာကွယ် လာနိုင်တော့မည် ဖြစ်သည်။

မိုးလေဝသဌာနခွဲသည် ဇလဗေဒ လုပ်ငန်းရပ်များကို တိုးချဲ့လုပ်ကိုင်လျက်ရှိရာ မြစ်များနှင့် ချောင်းများပေါ်ရှိ အရေးပါသည့် နေရာများတွင် ရေစီး နှုန်း၊ ရေ အနိမ့်အပြင့် တိုင်းတာခြင်း၊ မြေဆီမြေလွှာများတွင်းရှိ ရေနှင့် မြေအောက် အပူချိန်များကို တိုင်းတာခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိလေသည်။ မြေဆီမြေလွှာများအတွင်းရှိ ရေနှင့် အပူချိန်တို့ကို စနစ်တကျအသုံးပြုကာ မြေနှင့် သင့်လျော်သော ကောက်ပဲသီးနှံများကို သိပ္ပံနည်းကျ စိုက်ပျိုးလာနိုင်မည့် အပြင် ဆည်မြောင်း တာတမံများ ဆောက်လုပ်နိုင်ရေးအတွက် အချက် အလက်များ ထုတ်ပေးနိုင်ခဲ့သဖြင့် ဆည်မြောင်း တာတမံများကို စရိတ် သက်သာသာဖြင့် သိပ္ပံနည်းကျတည်ဆောက်နိုင်လာခဲ့လေသည်။

ဇီယွန်ဝါဒ။ ။ဇီယွန်ဝါဒသည်ကား ယဟူဒီလူမျိုးတို့၏ နိုင်ငံရေး ဝါဒဖြစ်သည်။ ထိုဝါဒသည် "ပယ်လက်စတိုင်ဒေသကို ယဟူဒီလူမျိုးတို့၏ နိုင်ငံအဖြစ်ဖြင့် တရားဥပဒေနှင့်အညီ ထူထောင်ရန်"ဟူသော ဝါဒဖြစ်သည်။

မြန်မာနိုင်ငံတွင် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်နေသော မိုးလေဝသနှင့် ဇလဗေဒလုပ်ငန်း တစိတ်တဒေသ



ဇီယွန်ဟူသော ဝေါဟာရသည် သမ္မာကျမ်းစာ၌ ပါရှိသော ဇီယွန်တောင်ထွတ်ကို အစွဲပြုသော ဝေါဟာရ ပင်တည်း။ ဇီယွန်တောင်၌ ဂျူးဆလမ်မြို့တော် တည်ရှိသည်။ ယင်းမြို့တော်သည် ခရစ်တော် မပေါ်မီကပင်လျှင် ယဟူဒီအမျိုးသားတို့ စုဝေးနေထိုင်ရာဒေသ ဖြစ်ခဲ့ဘူး၏။ စင်စစ် ဘီစီ ၁၀၀၀ ခန့်တွင် ဒေးဗစ် (ဒါဝိတ်) ဘုရင်သည် ထိုဒေသနယ်ပယ်ကို ဟီးဗြူး အမျိုးသားနိုင်ငံတော် အဖြစ် တည်ဆောက်ခဲ့၏။ သို့သော် နောင်အခါ၌ ယုဒ (ဂျူဒီယာ) ပြည်နှင့် ဂျာသရေလ(အင်္ဂရိယယ်)ပြည် ဟု ကွဲသွားပြီးနောက် ယဟူဒီလူမျိုးတို့သည် နေရင်းဌာနီမှ ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့သွားခဲ့ကြရာ နိုင်ငံ အတည်အကျ မရှိသော လူမျိုးဘဝသို့ သက်ဆင်းခဲ့ရ၏။ သို့ပါသော်လည်း မိမိတို့ နေထိုင်ခဲ့ရာ ဇီယွန် တောင်ထွတ်ကို မျက်မှန်းတမ်း၍ ယဟူဒီလူမျိုးတို့၏ နိုင်ငံတော် တည်ဆောက်ရန် ရည်ရွယ်ချက်သည် ကမ္ဘာအရပ်ရပ်၌ လှည့်ပတ်နေထိုင်ကြသော ယဟူဒီတို့၏ စိတ်ထဲတွင် အမြဲကိန်းအောင်းလျက်ရှိနေသည်။

၁၈၉၄ ခုနှစ် ပြင်သစ် နိုင်ငံတွင် ပြင်သစ် နိုင်ငံသား ယဟူဒီလူမျိုး ဒရေဖတ်ဆိုသူကို အာဏာပိုင်တို့က တိုင်းပြည် သစ္စာဖောက်မှုနှင့်တရားစွဲဆိုရာ ထိုအမှုတွင် ယဟူဒီသွေးပါသော သတင်းထောက် တီအိုဒိုဟာစယ် (၁၈၆၀–၁၉၀၄)ကသတင်းထောက်သည်။ထိုအမှုသည် လည်ဆယ်မှုဖြစ်သောကြောင့် အမှုကို နှစ်ပေါင်းများစွာ အစစ်ဆေးခံရသော တရားခံသည် နောက်ဆုံး၌ တရားသေလွတ်သည်။ ဤသည်တွင် ဟာစယ်သည် ယဟူဒီလူမျိုးတို့ကို ပြင်သစ်တို့က နှိမ်နင်းကွပ်ညှပ်သည်ဟု အယူရှိပြီးလျှင် ၁၈၉၆ ခုနှစ်၌ "ယဟူဒီနိုင်ငံ" ဟူသော စာတမ်းကို ရေးသားပုံနှိပ်ထုတ်ဝေသည်။ ထိုနောက် သူနှင့် သဘောတူသူတို့ကို စည်းရုံး၍ ၁၈၉၇ ခုနှစ်တွင် ပထမအကြိမ် ဇီယွန်ဝါဒီကွန်ဂရက် အစည်းအဝေးကို ကျင်းပပြီးလျှင် ဇီယွန်အဖွဲ့ကို တည်ထောင်သည်။ ထိုအဖွဲ့သည် ဟေးဗရူး ဘာသာအယူနှင့် ယဟူဒီလူမျိုးတို့၏ နိုင်ငံရေး လမ်းစဉ်ကို ပေါင်းစပ်ထားသော ဝါဒဖြစ်လေသည်။

ထိုဝါဒအတိုင်း ကြိုးပမ်းရာ၌ ဟာစယ်သည် ဗြိတိသျှနိုင်ငံသား ယဟူဒီအမျိုးသားတို့၏ အကူအညီကိုရယူခဲ့ရာ ဗြိတိသျှအစိုးရတို့ကယူဂန်းဒါးပြည်နယ်ကိုယဟူဒီနိုင်ငံတော် တည်ထောင်မည်ဟု အကြံပြုခဲ့သေး၏။ သို့သော် ထိုယူဂန်းဒါး စီမံကိန်းကို အကောင်အထည် မဖော်ရသေးမီ ဟာစယ် ကွယ်လွန်သည်။

ထိုနောက် ပထမကမ္ဘာစစ် ဖြစ်ပွားသည်။ ထိုကာလအတွင်း အင်္ဂလန်နိုင်ငံ မန်ချက်စတာ တက္ကသိုလ်တွင် ဓာတုဗေဒကထိကအဖြစ်ဖြင့် ဆောင်ရွက်နေသော ချိမ်ဝိုက်ဇမန် (၁၈၇၄–၁၉၅၂)အမည်ရှိ ပုဂ္ဂိုလ်သည် ဇီယွန်အဖွဲ့ကို ဦးစီးခေါင်းဆောင်ပြုသည်။ ထိုပုဂ္ဂိုလ်သည် ရုရှနိုင်ငံ၌ မွေးဖွားသောယဟူဒီလူမျိုးဖြစ်၏။ပယ်လက်စတိုင်ဒေသကို ယဟူဒီနိုင်ငံအဖြစ် တည်ထောင်ရန် လှုံ့ဆော် စည်းရုံး၏။ ၁၉၁၇ ခုနှစ်တွင် ဗြိတိသျှတို့သည် ဂျူးဆလမ်း မြို့တော်နှင့် တကွသော ပယ်လက်စတိုင်ဒေသကို သိမ်းပိုက်သည်။ ထိုအခါ ဇီယွန်အဖွဲ့သည် ပိုမိုလှုပ်ရှား ထကြွလာပြီးလျှင် ယဟူဒီနိုင်ငံ တည်ဆောက်ရေးကို ဆော်သြ လေသည်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး အာသာ ဂျိမ်း ဗဲလဖိုးက ဗြိတိသျှဘုရင်မင်းမြတ်အစိုးရသည် ပယ်လက်စတိုင်ဒေသကို ယဟူဒီလူမျိုးတို့၏ နိုင်ငံအဖြစ် တည်ထောင်စေရန်လိုလားကြောင်း ကြေငြာသည်။ ထိုဒေသ၌ အစ္စလာမ် ဘာသာဝင်နှင့် ခရစ်ယန်ဘာသာဝင် အာရပ်လူမျိုးတို့ ၉၀ ရာခိုင်နှုန်းခန့် နေထိုင်ကြသည်။ ၁၉၂၃ ခုနှစ်တွင် ဗြိတိသျှတို့သည် နိုင်ငံပေါင်းစုံ အသင်းကြီးက ပေးအပ်သော ကြီးစိုးခွင့်အာဏာကို ရသည်နှင့် မူလက ထရန်စဂျော်ဒန်ဟု တွင်သောဒေသကြီး၏ ငါးပုံ လေးပုံခန့်ကို ပယ်လက်စတိုင်ပြည်နယ်ဟု ခေါ်တွင်စေ၍ စိုးမိုးလေသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသည်အထိယင်းပယ်လက်စတိုင်ဒေသနှင့် စပ်လျဉ်း၍ ယဟူဒီနှင့် အာရပ်တို့ မကြာခဏ အဓိကရုဏ်းဖြစ်ကြသည့်အပြင် အာရပ်တို့က ဗြိတိသျှတို့ကို တော်လှန်ပုန်ကန်ကြသည်။ သို့ရာတွင် ယဟူဒီ လူမျိုးတို့သည် ပယ်လက်စတိုင်၌ ခြေကုပ်ရအောင် ကြိုးပမ်းမြဲ ကြိုးပမ်းကြ၏။

ထို့ကြောင့် ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှအစိုးရက ပထမငါးနှစ်တွင် ယဟူဒီလူဦးရေ ၇၅,၀၀၀ ကို ပယ်လက်စတိုင်၌ နေရာချထားပေးမည်။ နောက် ငါးနှစ်အတွက်ကိုမူ အာရပ်တို့ သဘောတူချက်ရသလောက် နေရာ ချထားပေးမည်ဟု ကြေငြာသည်။ ယင်းကို ယဟူဒီတို့က မနှစ်သက်ကြချေ။ ထို့ကြောင့် ယင်းတို့ကလည်း ထကြွသောင်းကျန်းကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း ယဟူဒီတို့ကို နာဇီဂျာမနီတို့က နှိပ်ကွပ်လေသော် ယဟူဒီလူမျိုးတို့သည် ပယ်လက်စတိုင်ဒေသသို့ အင်တိုက်အားတိုက်ဝင်ရောက်လာကြသည်။ စစ်ကြီးပြီးသောအခါ ဇီယွန်အဖွဲ့၏ လှုပ်ရှားမှုတို့သည် ပိုမိုပြင်းထန်လာသောကြောင့် အင်္ဂလိပ်နှင့် အမေရိကန်တို့က ပူးပေါင်း၍ ပယ်လက်စတိုင်ဒေသ ပြဿနာကို ဖြေရှင်းကြရာ နောက်ဆုံးတွင် ကုလသမဂ္ဂသို့ တင်ပြ၍ အဆုံးအဖြတ်ကို ခံယူသည်။ ကုလသမဂ္ဂသည် ပယ်လက်စတိုင်ဒေသကို အင်္ဂရိယယ်နိုင်ငံ တည်ထောင်ရန် နယ်မြေနှင့် အာရပ်နယ်မြေဟု နှစ်ပိုင်းပိုင်းခြား ပေးလိုက်သည်။ ထိုအခါ ယဟူဒီအမျိုးသားတို့သည် ၁၉၄၈ ခုနှစ် မေလ ၁၄ ရက်နေ့တွင် အင်္ဂရိယယ်သမ္မတနိုင်ငံကို တည်

ထောင်ရာ၊ ဇီယွန် အဖွဲ့ခေါင်းဆောင် ဝိုက်ဇမန်သည် အင်္ဂရိယယ်နိုင်ငံ၏ ပထမဦးဆုံးသမ္မတ ဖြစ်လာလေသည်။

အင်္ဂရိယယ်နိုင်ငံ တည်ထောင်ပြီးသည့်နောက် ၁၉၅၁ ခုနှစ်တွင် အင်္ဂရိယယ် အမျိုးသားတို့သည် ဇီယွန်အဖွဲ့ ကွန်ဂရက်ခေါ် ယူပြီးလျှင် လူဝင်လူထွက်ကိစ္စ၊ နေရာချထားရေးကိစ္စ၊ ဘဏ္ဍာရေးကိစ္စ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုကိစ္စတို့အတွက် ဇီယွန်အဖွဲ့က ဦးဆောင်သော "ကျရှုးဆလမ်း ပရိုဂရမ်" ခေါ် အစီအစဉ်တရပ်ကို ချမှတ်သည်။ ယင်း အစီအစဉ်ကို ၁၉၆၈ ခုနှစ်တွင် ထပ်မံဖွဲ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်း၍ ကျူး(ယဟူဒီ)အမျိုးသား ညီညွတ်ရေး၊ အင်္ဂရိယယ်နိုင်ငံ တောင့်တင်း ခိုင်မာရေး၊ ဟေဗရူးပညာရေး ယဉ်ကျေးမှု ထွန်းကားရေး၊ ကမ္ဘာပေါ် ၌ရှိသော ကျူးအမျိုးသားအားလုံးတို့၏ အခွင့်အရေးကို ကာကွယ်ရေးစသော အစီအစဉ်တို့ကို ဖြည့်စွက် ချမှတ်သည်။

ဇင်ဗာဗွေနိုင်ငံ

(ရိုဒီးဇီးယားနိုင်ငံ—ရှ။)

ညှာ၊ ဆရာ၊ အေဝမ်း (မြန်မာ ၁၂၆၅–၁၃၄၀)။ ။ ဆရာညှာကို ၁၂၆၅ ခု ဝါဆိုလဘွင် မန္တလေးမြို့ မင်းတဲအနီကင်းရပ်တွင် အဖ ဦးခန့်ကြီး အမိဒေါ်လှကို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ စိန်ဖိုးဖြစ်သည်။ ငယ် စဉ် က သိမ်ကျောင်းဆရာတော် ဦးနန္ဒမာလာထံတွင် ပညာ သင် ကြား ခဲ့သည်။ ၁၀ နှစ်သား အရွယ်တွင် မျက်စိကွယ်ခဲ့သည်။



အေဝမ်း ဆရာညှာ

ဆရာညှာသည် ဘဝကို အရှုံးမပေးပဲ ပလေ့ ဆရာကြီး ဦးလှထံတွင် ပလေ့မှုတ် သင်ကြားခဲ့သည်။ ပလေ့မှုတ်တတ်လာပြီးနောက် နှဲဆရာဦးဌေး၊ ဦးစိုးဘူးနှင့် ဦးချစ်မောင်တို့ထံတွင် နှဲမှုတ်ပညာကို သင်ယူခဲ့ပြန်သည်။ နှဲမှုတ်ပညာ တတ်မြောက်လာသောအခါ မန္တလေးမြို့ ဆိုင်းတန်းရုပ်ရှင်ရုံ၌ အသံတိတ် ရုပ်ရှင်တီးဝိုင်းတွင် နှဲဆရာဖြစ်လာသည်။

မောင်ညှာသည် တေးရေးဆရာ ရတီစိန်ထံမှ သီချင်းစပ်နည်း သင်ကြား၍ တတ်မြောက်လာသောအခါ မန္တလေးမြို့ သီပေါရုပ်ရှင်ရုံတွင် ပြသသည့် အသံတိတ် ကားများအတွက် ကြော်ငြာသီချင်း၊ နောက်ခံသီချင်းများ ရေးစပ်ပေးရသည်။ ယင်း ရုပ်ရှင်ရုံတွင် တီးဝိုင်းဆရာ ဦးကျော်အေး၏ တီးဝိုင်းတွင်လည်း နှဲဆရာကြီး ဖြစ်လေသည်။ နောင်အခါတွင် ရုပ်ရှင်တီးဝိုင်းအဖွဲ့၌ သီချင်းရေးဆရာအဖြစ်ရင်း၊ တီးဝိုင်းအုပ်အဖြစ်ရင်း တာဝန် ထမ်းဆောင်ခဲ့သည်။ ဆရာညှာသည် နှဲအတတ်ပညာသာမက တယော၊ ထရံပက်နှင့်ကလာရီနက်များကိုလည်း တီးမှုတ်တတ်လာရကား မန္တလေးမြို့မတီးဝိုင်း၏ နာယကအဖွဲ့ဝင်အဖြစ် တင်မြှောက်ခြင်း ခံရသည်။

ဆရာညှာသည် စစ်ကြိုခေတ်၊ကျပန်ခေတ်၊ စစ်ပြီး လွတ်လပ်ရေးခေတ်မှစ၍ မျက်မှောက်ခေတ်တိုင်အောင် မြန်မာရုပ်ရှင်၊ ဓာတ်ပြား၊ မြန်မာအငြိမ့် ဇာတ်သဘင်၊ ပြဇာတ် အရပ်ဇာတ်နှင့် ရေသဘင် တီးဝိုင်းများအတွက် တေးသီချင်းအမြောက်အမြား ရေးသားပေးခဲ့လေသည်။ ကိုယ်တိုင် ပါဝင်တီးမှုတ်သည်လည်း ရှိသည်။

စစ်ကြိုခေတ်တွင် အေဝမ်းကုမ္ပဏီပိုင်ရှင်က ဆရာညှာ၏ပညာကို လေးစားသဖြင့် ခေါ် ယူမြှောက်စားကာ အေဝမ်းဓာတ်ပြားများအတွက် သီချင်းများ ရေးသားစပ်ဆိုစေခဲ့သည်။ ထိုအခါမှစ၍ အေဝမ်းဆရာညှာဟူ၍ ထင်ရှားလာလေသည်။

စစ်ကြိုခေတ်က ဆရာညှာရေးစပ်သော နာမည်ကျော် သီချင်းများမှာ ဂုဏ်တော်ဖွင့်၊ သုဝဏ္ဏသို့၊မေတ္တာဂုဏ်၊ချစ်ခြင်္သေ့ဟာ၊ မဟာမြတ်မုနိ၊ အနန္တငါးဖြာ၊ တေမိယ၊ ရွှေအင်းဝ၊ မဂ္ဂင်ရှစ်ပါး၊မြတ်ဒါန၊ မဟာဇနက၊တို့သာသနာနှင့် ချစ်ပန်းပွင့် စသောသီချင်းများဖြစ်သည်။

ကျပန်ခေတ် စစ်ကာလတွင် မန္တလေးမြို့၌ အမျိုးသားလွှဲဆော်ရေးတေးသီချင်းများရေးစပ်ခဲ့သည့်အပြင် ရွှေမန်းတင်မောင်ဇာတ်အဖွဲ့နှင့် တွဲဖက်ကာ ပြဇာတ်၊ ကဇာတ်တေးသီချင်းများ ရေးသားစပ်ဆိုပေးခဲ့ရာ မျက်မှောက်ခေတ်တိုင်အောင်ပင် ဖြစ်လေသည်။ ဆရာညှာသည် စစ်အောင်နိုင်ရေး တေးသီချင်းများနှင့် အလုပ်သမားအငြိမ့် သီချင်းများကိုလည်း မလွတ်တမ်း ရေးသားစပ်ဆိုပေးခဲ့လေသည်။

ရွှေမန်းတင်မောင် ညဉ့်ဝက်စနစ်တီတွင် ကပြသည့်အခါ ဆရာညှာသည် တီးဝိုင်းနှစ်ဝိုင်းတွင် ဝိုင်းအုပ်အဖြစ် တာဝန်ယူ၍ ကိုယ်တိုင်ပါဝင် နှဲမှုတ်ခဲ့သည်။ ထိုအတောအတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် ယဉ်ကျေးမှုဌာနမှ ဆရာညှာကို ဂီတအကြံပေးနည်းပြပုဂ္ဂိုလ်အဖြစ် ခန့်ထားခဲ့သည်။

ဆရာညာသည် မှတ်ဉာဏ်အလွန်ကောင်းသူဖြစ်ပြီး အနုပညာ ဂီတလောကဘွဲ့ လူချစ်လူခင်ပေါများသူ ဂီတပညာရှင်ကြီး ဖြစ်လေသည်။

ဆရာညာသည် ၁၉၇၈ ခု နိုဝင်ဘာလ ၄ ရက်နေ့အသက် ၇၅ နှစ်အရွယ်တွင် မန္တလေးမြို့ အိကင်းရပ်ကွက် နေအိမ်၌ ကွယ်လွန်ခဲ့သည်။

ဉာဏ်၊ဆရာ (၁၈၉၇–၁၉၇၈) ။ ။သီဟိုဠ်သားဖြစ်လျက် မြန်မာနိုင်ငံတွင် ထိပ်တန်းပညာရှိကြီးတဦးအဖြစ် ထင်ရှားခဲ့သော ဆရာဉာဏ်သည် သီဟိုဠ်ကျန်း (ယခု သီရီ လင်္ကာနိုင်ငံ) ဟောရာဏမြို့အပိုင်ကုလုပနုရွာဇာတိ ဖြစ်သည်။



ဆရာဉာဏ်

အဖသူကြွယ်မျိုး ဘခတိယန်နှင့် အမိ စမွော်ဟာမိတို့မှ ခရစ်နှစ် ၁၈၉၇-ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ အသက်ရှစ်နှစ်အရွယ်တွင်ဟောရာဏမြို့ ဝိနယာလင်္ကာရ ရာမတိုက်ဆရာတော် အရှင်ဝိနယာလင်္ကာရထံ၌ ရှင်သာမဏေပြုကာ သဒ္ဒါ သင်္ဂြိဟ်စသော ပိဋကတ်အခြေခံကျမ်းများကို စတင်သင်ယူခဲ့သည်၊ သာမဏေဘွဲ့မှာ ရှင်အမတဇောတိဖြစ်သည်။

မြန်မာ ၁၂၆၈ ခုနှစ်တွင် ရွှေကျင်နိကာယညွှန်ဌ ပဟာနာယက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ညောင်တုံးမြို့ ရွှေဟင်္သာ တောရတိုက် စံကျောင်း ဆရာတော်ဘုရားကြီးသည် သီဟိုဠ်ကျန်းသို့ ကြွလာတော်မူခိုက် ဆရာတော်အရှင် ဝိနယာလင်္ကာရက သာသနာတော်၌ အလားအလာရှိသော သီဟိုဠ်သား သာမဏေ အပါး ၂၀ တို့ကို မြန်မာနိုင်ငံ၌ ပညာသင်ကြားရန် စံကျောင်းဆရာတော်ဘုရားကြီးထံ အပ်နှံလိုက်သည်။

ယင်းသီဟိုဠ်သား သာမဏေ အပါး ၂၀ တွင် အသက် ၁၀ နှစ်အရွယ် ရှင်အမတဇောတိလည်း ပါဝင်သည်။ ရှင်အမတ ဇောတိတို့အဖွဲ့သည် ညောင်တုံးမြို့ ရွှေဟင်္သာတောရတိုက်သို့ ရောက်ရှိလာ၍ ယင်းတိုက်၌ ပညာသင်ယူနေစဉ် ရှင် အမတဇောတိသည် အလွန် ဉာဏ်ကောင်းလှသော ကြောင့် စံကျောင်းဆရာတော်ဘုရားကြီးက ရှင်ဝဇီရဉာဏဟု ဘွဲ့မည်သစ်ပေးခဲ့သည်။

ရှင်ဝဇီရဉာဏသည် ၁၂ နှစ်အရွယ်တွင် ရေနံချောင်း စာမေးပွဲ၌ ပထမငယ်တန်းကို အောင်မြင်ခဲ့သည်၊ တဆက်တည်းပင် အစိုးရပါဠိ ပထမပြန် စာမေးပွဲ၌လည်း အငယ်အလတ်တန်းတို့ကို သာမဏေ အဖြစ်ဖြင့်ပင် အောင်မြင်ခဲ့သည်၊ ရဟန်းဘဝသို့ ရောက်ရှိပြီးနောက် မကြာမီအစိုးရ ပထမကြီးတန်းကိုအောင်မြင်ခဲ့သည်။

ထို့နောက် ရှင်ဝဇီရ ဉာဏသည် မော်လမြိုင်မြို့ ကျိုက်သလ္လံဘုရား အနောက်ဖက်ကြံခင်းကျောင်းတိုက်၌ စာသင်တိုက်တည်ကာ စာပေပို့ချနေသော အရှင်အာဒိစ္စဝံသထံ၌ အရှင်သေဋ္ဌိလ (နိုင်ငံခြား သာသနာပြု ဦးသေဋ္ဌိလဆရာတော်)နှင့် ဆက်လက် ပညာသင်ကြားခဲ့သည်။

၁၂၇၀ ခုနှစ် ရဟန်းတဝါရချိန်တွင် သထုံမြို့ ပရိယတ္တိသာသနနုဂ္ဂဟ စာမေးပွဲကြီး၌ အရှင်ဝဇီရဉာဏသည် အမှတ်အများဆုံးဖြင့်ပထမကျော် အောင်မြင်ခဲ့သည်။

မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးထံ၌လည်း ပါဠိပိဋကများကို သင်ယူခဲ့ဘူးသည့်ပြင် ၁၂၇၉ ခုနှစ်တွင် မန္တလေးမြို့ သက္ကသိဟစာမေးပွဲကြီး၌အမှတ် အများဆုံးဖြင့် အောင်မြင်ခဲ့သည်။ အရှင်ဝဇီရဉာဏသည် ပါဠိ စာပေများအပြင်သက္ကတ စာပေများ၌လည်း ထူးချွန်ခဲ့သည်။

ထို့နောက် အရှင်ဝဇီရဉာဏသည် ဆရာဉာဏ် အမည်ခံယူကာ ရဟန်းဘဝမှ လုဘဝသို့ ကူးပြောင်းခဲ့သည်။ လူဝတ်လဲပြီးနောက် ၁၉၂၄ မှ ၁၉၄၃ အထိ ရန်ကုန်မြို့ သုဓမ္မဝတီပိဋကပုံနှိပ်တိုက်၌ ပါဠိဆရာအဖြစ်ဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထို့နောက် ဆရာဉာဏ်သည် ဟံသာဝတီပိဋကတ် ပုံနှိပ်တိုက်တွင် ပါဠိဆရာအဖြစ် ၁၉၄၃ မှ ၁၉၅၂ ခုနှစ်အထိကိုးနှစ်တိတိ လုပ်ကိုင်ခဲ့သည်။ ယင်းကိုးနှစ်အတွင်း ဆာဦးသင်ကြီးမှူးသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီးက ယခင်ပုံမနှိပ်ဘူးသေးသော စရိယာပိဋကအဋ္ဌကထာ ပဏ္ဏာသဋ္ဌိကာ စသော ပါဠိကျမ်းဂန်များကို ရိုက်နှိပ်ရာ၌ ဆရာဉာဏ်ကိုပင် ကြီးကြပ် ပြင်ဆင်ပေးရန် ယုံကြည်စွာ တာဝန် ပေးခဲ့ကြသည်။

ပိဋကတ်တော် မြန်မာပြန် စီမံကိန်းအရသာသနာရေးဝန်ကြီးဌာန လက်အောက်တွင် ၁၉၅၂ ခုနှစ်မှစ၍ အယ်ဒီတာအဖြစ်ဌင်း၊ ပိဋကတ်တော် မြန်မာပြန်ဌာန ဒုတိယအယ်ဒီတာချုပ် အဖြစ်ဌင်း၊ ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက် စာပြင်မှူးချုပ် အဖြစ်လည်းကောင်း၊ တဲ့ဖက်ပုံနှိပ်တိုက် အရာရှိအဖြစ်ဌင်း အဆင့်ဆင့်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။ ဆရာဉာဏ်

သည် မြန်မာ့စွယ်စုံကျမ်း စီစဉ်ရေးအဖွဲ့တွင် အဖွဲ့ဝင်လူကြီး အဖြစ်ဖြင့်လည်း တာဝန်ထမ်းခဲ့သည်။

ဆရာဥာဏ်သည် ရဟန်းဘဝဖြင့် ဥာဏ်အလင်းပြကျမ်းကို ရေးသားခဲ့သည်။ လူဝတ်လဲပြီးနောက် ပါဠိသဒ္ဒါချုပ်၊ အခြေပြုပါဠိ ဘာသာကျမ်း၊ ဝိပဿနာ အလင်းပြကျမ်း၊ မေတ္တာသုတ်အဖွင့်လင်္ကာစု၊ သြကာသဘုရားရှိခိုး အလင်းပြ၊ ပါဠိအင်္ဂလိပ်စကားသင်နည်း၊ ပစ္စယမာရာမိက မဟာထေရပုတ္တိ ဝတ္ထုနှာ စတုတ္ထဝတ္ထုနှာပါဠိတို့ကို ရေးသားပြုစုခဲ့သည်။ ဓာတုတ္ထဝတ္ထုနှာပါဠိကို သီဟိုဠ်ကျန်း၌ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ယင်းကျမ်းကို "ပါဠိဓာတ် အဘိဓာန်ကျမ်း" အမည်ဖြင့် မြန်မာနိုင်ငံ၌ မြန်မာလို ပြန်ဆိုထုတ်ဝေခဲ့သည်။

လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုသော မဂ္ဂင် ဒီပနီကျမ်းကိုလည်း သီဟိုဠ်ဘာသာဖြင့် ပြန်ဆိုခဲ့သည်။ ထို့ပြင် လောကတ္ထသင်္ဂဟဝဏ္ဏနာ ကျမ်းကို သီဟိုဠ်ဘာသာဖြင့် ရေးသားပြုစုကာ သီဟိုဠ်နိုင်ငံ၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ပါဠိပိဋကတ် ကျမ်းကျင်မှုကြောင့် သီဟိုဠ်ကျန်း မဟာသံဃအဖွဲ့ကြီးက ဆရာဥာဏ်အား ပါဠိပါမောက္ခဘွဲ့ကို ချီးမြှင့်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရကလည်း "မဟာပဉ္ဉာဗလ" ဘွဲ့ကိုချီးမြှင့်ခဲ့သည်။ တဖန် ၁၉၅၆ ခုနှစ်၌ပင် သီဟိုဠ်နိုင်ငံအစိုးရ ယဉ်ကျေးမှုဌာန ရှရီလင်္ကာသာဟိစွမဏ္ဍလ အသင်းကြီးက (အက်ဖ်-အယ်လ်-အေ) ခေါ် စာပေပါရဂူဘွဲ့ကို ချီးမြှင့်ခဲ့ပြန်သည်။ ယင်းပါရဂူဘွဲ့မှာ တကမ္ဘာလုံးတွင် ၁၂ ဦးသာ ရရှိသေးရာ ဗြိတိန်နိုင်ငံမှ နှစ်ဦးနှင့် မြန်မာနိုင်ငံမှ ဆရာဥာဏ်တို့ ပါဝင်လေသည်။

ဆရာဥာဏ်သည် ၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အသက် ၈၁ နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်။



တနင်္သာရီတိုင်း။ ။ ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၃ ရက်နေ့တွင် ပြဋ္ဌာန်းအတည်ပြုသော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တနင်္သာရီတိုင်း ၁ သည် မွန်ပြည်နယ်ဖြစ်လာပြီး၊ တနင်္သာရီတိုင်း ၂ သည် တနင်္သာရီတိုင်း ဖြစ်လာသည်။ ယင်းတိုင်းသည် ၁၃,၇၃၆ စတုရန်းမိုင်ကျယ်ဝန်းပြီး မြန်မာနိုင်ငံ၏ အရှေ့တောင်ဖက်ပိုင်းသို့ မိုင် ၅၀၀ ခန့်မြေကြောဆန့်လျက်ရှိသည့် တနင်္သာရီ ကမ်းမြောင်ဒေသပင်ဖြစ်သည်။ တနင်္သာရီတိုင်း၏ တိုင်းမြို့တော်မှာ ထားဝယ်မြို့ဖြစ်ပြီး၊ တိုင်းတခုလုံးတွင် လူဦးရေ ၈ သိန်းနီးပါး ရှိသည်။ ထားဝယ်၊ လောင်းလုံ၊ သရက်ခြောင်း၊ ရေဖြူ၊ မြိတ်အရှေ့၊ မြိတ်အနောက်၊ ဘုတ်ပြင်း၊ ပုလော၊ တနင်္သာရီ၊ ကော့သောင်ဟူသောမြို့နယ်ဆယ်

ခုနှင့် ကျေးရွာအုပ်စု ၃၁၇ ခုဖြင့် ပါဝင်ဖွဲ့စည်းထားသော တနင်္သာရီတိုင်းတွင် မြန်မာ၊ ထားဝယ်၊ကရင်၊ ပသျူး၊ ဆလုံတိုင်းရင်းသားများ နေထိုင်ကြလေသည်။

မြန်မာ့ကမ်းရိုးတန်း တလျှောက်၌ ကျွန်းပေါင်း ၁၀၀၀ ခန့်ရှိရာ တနင်္သာရီကမ်းရိုးတန်း တခုတည်း၌ပင် ကျွန်းပေါင်း ဂဝဝ ကျော်ရှိသည်။ ယင်းကျွန်းများအနက်သဘာဝအခြေအနေအရ မြိတ်မြို့နှင့် ဂ၅ မိုင် ကွာဝေးသော ပုလဲကျွန်း၌သာ ပုလဲများထုတ်လုပ်နိုင်လေသည်။ ထို့ကြောင့် ယင်းကျွန်းတဝိုက်၌ မုတ်ကောင်များ မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာရာ ၁၉၆၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ နှစ်စဉ်ကျင်းပသော မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲများတွင် ပုလဲရတနာ သိန်းတရာကျော်ဖိုး ရောင်းချနိုင်ခဲ့လေသည်။ တနင်္သာရီတိုင်း၏ အရေးပါသော စီးပွားရေးလုပ်ငန်းများတွင် သတ္တုထုတ်လုပ်မှုလည်း ပါဝင်လေသည်။ ခဲမဖြူသန့်စင်နှင့် အဖြိုက်နက်သန့်စင်တို့သည် တနင်္သာရီတိုင်းမှသာထွက်ရှိသည်။ ထို့ပြင် ခဲမဖြူအဖြိုက်နက် ရောရာ သတ္တုအထွက်နှုန်းမှာလည်း တနိုင်ငံလုံး၏ ၆၂.၇ ရာခိုင်နှုန်း ဖြစ်သည်။

နိုင်ငံတော်မှ ၆၀၉ သိန်း ရင်းနှီးမြှုပ်နှံခဲ့သော စီမံကိန်းဝင် ဟိန္ဒၽားသတ္တုတွင်း တည်ဆောက်မှုလုပ်ငန်းမှာ ၁၉၇၈ ခု ဒီဇင်ဘာ ၇ ရက်တွင် လုံးဝပြီးစီးသွားပြီဖြစ်သဖြင့် ဒီဇင်ဘာ လ ၁၂ ရက်တွင် စက်ရုံကိုစတင်လည်ပတ်၍ လုပ်ငန်းများကို လုပ်ကိုင်ခဲ့လေသည်။ ဆယ်နှစ် စီမံကိန်းဖြင့် တနှစ်လျှင် ခဲမဖြူ တန် ၁၀၀၀ ထုတ်လုပ်ရန် နိုင်ငံတော်က လျာထားခဲ့လေသည်။

တနင်္သာရီတိုင်းသည် ပင်လယ်နှင့်နီးကပ်နေသဖြင့် လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ရေလမ်းကို ပိုမိုအသုံးပြုကြသည်။ ထို့အပြင် တနင်္သာရီတိုင်းတွင် မီးရထားလမ်း မရှိသဖြင့်တိုင်းအတွင်းကားလမ်းနှင့်ရေလမ်းခရီးကိုပိုမိုအသုံးပြုကြရပေသည်။ မြိတ်မြို့နှင့်ထားဝယ်မြို့များ၌ လေယာဉ်ကွင်းများ ရှိသဖြင့်လေကြောင်းခရီးဖြင့်လည်း သွားလာနိုင်သည်။ မြိတ်မြို့လေယာဉ်ကွင်းတွင် လေယာဉ်ကြီးများ ရာသီမရွေး ဆင်းသက်နိုင်ရန် ကွင်းအကျယ် ပေ ၃၀၀ ကျော်၊ အရှည်ပေ ၅၀၀၀ ကျော်သောပြေးလမ်းပါဝင်သည့် ခေတ်မီလေယာဉ်ကွင်းကြီး တခုကို လေးနှစ်အတွင်း ဆောက်လုပ်



ရာဘာစေး အလွန်အထွက်ကောင်းသော ရာဘာခင်းတခင်းမှ ရာဘာစေးများ အချိန်မှန်ထုတ်ယူခြင်းဖြင့် တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားကို ဖြည့်ဆည်းပေးနိုင်သည်။

ပြီးစီးရန် စီမံချက်ချ၍ ၁၉၇၈ ခုနှစ် ဩဂုတ်လမှ စတင် ဆောက်လုပ်လျက်ရှိသည်။

၁၉၇၇ ခုနှစ်မှစတင်၍တနသ်ာရီတိုင်းအတွင်းမှ အထက်တန်းပညာ သင်ကြားကြမည့် ကျောင်းသူ ကျောင်းသား များအတွက် ဒေသကောလိပ် တကျောင်းကို ထားဝယ်မြို့တွင် ဖွင့်လှစ်ထားပေးခဲ့လေသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် တိန့်ရှောင်ဖိန်သည် တရုတ် ဂျပန်ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။

တရုတ်ပြည်သူသမ္မတနိုင်ငံ။ ။တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး စာချုပ်ကို ပီကင်းမြို့၌ ၁၉၇၈ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ချုပ်ဆို ခဲ့ကြသည်။ စာချုပ်လက်မှတ် ရေးထိုးသည့် အခမ်းအနားသို့ တရုတ်ပြည်သူသမ္မတနိုင်ငံကွန်မြူနစ် ပါတီ ဥက္ကဋ္ဌကြီး ဟွာကိုဖုန်းနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖူကူဒါတို့ တက်ရောက်ခဲ့ကြသည်။



တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး ဟွာကိုဖုန်းက တရုတ် ဂျပန် ငြိမ်းချမ်းရေးစာချုပ်သည် နှစ်နိုင်ငံ ပြည်သူတို့၏ အိမ်နီးချင်းကောင်း ပီသစွာ ဆက်ဆံမှုများ ခိုင်မာဖွံ့ဖြိုးရေးနှင့် ချစ်ကြည်မှု တိုးပွားရေးတို့အတွက် ကျယ်ပြန့်သော အလားအလာကောင်းများ ပေါ်ပေါက်စေမည်မှာ မုချဖြစ်ကြောင်း၊အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံများနှင့် ပြည်သူများ၏ ငြိမ်းချမ်းရေး ကာကွယ်ထိန်းသိမ်းရေးအတွက် အထောက်အကူ ဖြစ်လိမ့်မည် ဖြစ်ကြောင်း ပြောကြားခဲ့လေသည်။

စာချုပ်ချုပ်ဆိုပြီးသည့်နောက် စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်စက်မှုအတတ်ပညာ နယ်ပယ်များတွင် နှစ်နိုင်ငံ အပြန်အလှန် ဆက်သွယ်မှု တိုးမြင့်ကြီးမား လာခဲ့လေသည်။

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် ပထမဆုံး ရေရှည်ကုန်သွယ်ရေး သဘောတူ စာချုပ်တရပ်ကို ၁၉၇၈ ခုနှစ် ဖေဖွာရီလ ၁၆ ရက်နေ့က ချုပ်ဆိုခဲ့သည်။ အဆိုပါ စာချုပ်အရ တရုတ်ပြည်မှ ရေနံစိမ်းနှင့် ကျောက်မီးသွေးများကို ဂျပန်နိုင်ငံသို့ရင်း၊ ဂျပန်နိုင်ငံမှ စက်ရုံများ၊ စက်မှုပညာနှင့် ဆောက်လုပ်ရေး ပစ္စည်းများကို တရုတ်ပြည်သူသမ္မတနိုင်ငံသို့ရင်း တင်ပို့ ရောင်းချမည်ဖြစ်သည်။ ယင်းပုဂ္ဂလိက အဆင့် သဘောတူ စာချုပ်အရ လာမည့် ရှစ်နှစ်အတွင်း ဒေါ်လာကုဋေ ၂၀၀၀ ဖိုးခန့် တန်းဖိုးရှိသော ကုန်ပစ္စည်းများနှင့် ထွက်ကုန်များ ဖလှယ်နိုင်ရန် ရည်ရွယ်ခဲ့သည်။ စာချုပ်ကို တရုတ် ဒုတိယ ကုန်သွယ်ရေးဝန်ကြီး လူဆီဝင်နှင့် တရုတ်-ဂျပန် ရေရှည် ကုန်သွယ်ရေးအသင်း ခေါင်းဆောင်ကြီး မစ္စတာ ယိုရှိဟီရိုအီနာယာမာတို့က လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၇၈ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ဂျပန်နိုင်ငံဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးနှင့် တရုတ်ခေါင်းဆောင်ကြီးများတို့သည်။ဖေဖွာရီလက ချုပ်ဆိုခဲ့သောရှစ်နှစ်ရေရှည်ကုန်သွယ်ရေးစာချုပ်ကိုနောက်ထပ် ငါးနှစ် သက်တမ်းတိုးမြှင့်ရန် သဘောတူခဲ့သည်။

တရုတ်နိုင်ငံသိပ္ပံသုခမိန်အဖွဲ့မှ အဖွဲ့ဝင် ၁၀ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တဖွဲ့သည် စက်တင်ဘာလ ၁၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်သွားရောက်ခဲ့ပြီး တရုတ်စစ်မစ်ရှင်အဖွဲ့သည် ဂျပန်နိုင်ငံသို့ စက်တင်ဘာလအတွင်းက သွားရောက်ခဲ့သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် တိန့်ရှောင်ဖိန်သည် တရုတ်-ဂျပန် ပိုမိုရင်းနှီးစွာ ဆက်ဆံရေး

လုပ်ငန်း ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံသို့ အောက်တိုဘာလ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့ထိ သွားရောက် လည်ပတ်ခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီး ချုပ် ဂျပန်နိုင်ငံသို့ သွားရောက်ခြင်းသည် တရုတ်ခေါင်း ဆောင်ကြီးတဦးအနေဖြင့် ပထမဆုံးအကြိမ် သွားရောက်ခဲ့ ခြင်းဖြစ်သည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ သုံးကြိမ် မြောက် စုံညီအစည်းအဝေးကို ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့ရာ အဖွဲဝင် ၁၀၀ ပါသော စည်း ကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင်အဖွဲကို စုံညီစည်းဝေးပွဲမှ ရွေးချယ်တင်မြောက်ခဲ့ကြသည်။ ၁၉၇၉ ခုနှစ်မှ အစပြု၍ ဆိုရှယ်လစ် ခေတ်မီရေး လုပ်ငန်းများကို အသားပေး လုပ် ဆောင်ကြရန် တရုတ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ က ဆုံးဖြတ်ခဲ့သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ၁၉၇၈ နှစ်ဦးမှ အစ ပြု၍ ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းကို အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် နိုင်ငံခြားမှ ကမ္ဘာလှည့် ခရီးသည် ၁၀၀,၀၀၀ နှင့် အခြားဧည့်သည် ၃၀,၀၀၀ တို့သည် ပြည်သူ့ တရုတ်ပြည်သို့ အလည်အပတ် ရောက်ခဲ့ကြသည်။

၁၉၇၈ ခုနှစ် တနှစ်တည်းတွင် တရုတ်ပြည်သို့ လာရောက် ခဲ့သည့် နိုင်ငံခြားသား ဧည့်သည် ဦးရေသည် လွန်ခဲ့သည့် ၁၄ နှစ် အတွင်း လာရောက်ခဲ့သော ဦးရေနှင့် ညီမျှခဲ့လေ သည်။ ထို့အပြင် ပင်လယ်ရပ်ခြား တရုတ် အမျိုးသား ၄၀၀,၀၀၀ ခန့်ကိုလည်း တရုတ် ပြည်သူ့ သမ္မတနိုင်ငံရှိ ဆွေ မျိုးသားချင်းများထံသို့ ၁၉၇၈ ခုနှစ်အတွင်းက လာရောက် လည်ပတ်ခဲ့ကြသည်ကို ခွင့်ပြုခဲ့လေသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ဝင်ရောက် လည်ပတ်ကြ သော ခရီးသည်များသည် အလွန်များပြားလာသည့် အ လျောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် တရုတ်ပြည် အဓိကမြို့ကြီးများတွင် အမေရိကန် လေကြောင်းကုမ္ပဏီနှင့် အခန်း ၁၀၀၀ ပါ ဟော်တယ်ကြီးများ တည်ဆောက်ရန် သဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဟော်တယ်ကြီးများ တည်ဆောက်ရေးအတွက် တိုင်း တာရေးအဖွဲများသည် ပီကင်း၊ရွန်ဟဲနှင့် ကန်တုံမြို့များသို့ သွားရောက်ခဲ့ကြသည်။ ဟော်တယ်ကြီးများကို စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀ မျှ အကုန်အကျခံကာ ၁၉၈၁ ခုနှစ်တွင် အပြီး တည်ဆောက် သွားမည် ဖြစ် လေသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် အမေရိကန် ပြည် ထောင်စုနှင့်လည်း သံတမန် ပြန်လည်ဆက်သွယ်ကြရန် သဘောတူညီမှု ရရှိခဲ့သည်။

တူရကီသမ္မတနိုင်ငံ။ ။ တူရကီ သမ္မတ နိုင်ငံသည် အာရှမိုင်းနားကျွန်းဆွယ်တွင် အရွှေဖက်၌ အီရန်နိုင်ငံနှင့် ဆိုဗီယက် ပြည်ထောင်



စု၊တောင်ဖက်၌ အီရတ် နိုင်ငံနှင့် ဆီးရီးယားနိုင် ငံ၊အနောက်ဖက်၌ အေ ဂျင်ပင်လယ်၊ မြောက် ဖက်၌ ပင်လယ်နက်တို့ အကြားတွင် တည်ရှိ သည်။ အဂျယ်အဝန်း မှာ စတုရန်းမိုင်းပေါင်း ၃၀၁,၃၀၀ ခန့်ဖြစ်ပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၄၂,၁၃၀,၀၀၀ ရှိလေသည်။

တူရကီဘာသာစကားကို နိုင်ငံအနှံ့အပြားတွင် ပြောဆို ၍ လူဦးရေ ၉၉ ရာခိုင်နှုန်းသည် အစွဲလမ် ဘာသာဝင်များ ဖြစ်သည်။

နိုင်ငံ၏ မြို့တော်မှာ အင်ကာရာဖြစ်သည်။

တူရကီနိုင်ငံသည် ဥရောပဆိုင်ရာ စီးပွားရေးကော်မရှင်၊ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ (နေတိုး)နှင့်,အလယ်ပိုင်း စာချုပ်အဖွဲ(စင်တိုး)တို့၏ အဖွဲဝင်နိုင်ငံဖြစ်၍ ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂ ရက်တွင် ကုလသမဂ္ဂဝင် နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ နိုင်ငံ၏ စီးပွားရေးမှာ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်သည်။

တူရကီနိုင်ငံတွင် အောက်လွှတ်တော်နှင့် အထက်လွှတ် တော်ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိပြီး သမ္မတကို ယင်းလွှတ် တော်နှစ်ရပ်မှ ရွေးကောက် တင်မြှောက်သည်။ သမ္မတ၏ သက်တမ်းမှာ ခုနစ်နှစ်ဖြစ်ပြီး ဆက်လက်၍ ဒုတိယအကြိမ် အဖြစ် အရွေးခံခွင့် မရှိချေ။ ဝန်ကြီးချုပ်ကိုအောက်လွှတ် တော်၏ ထောက်ခံမှုကို ရယူ၍ သမ္မတက ခန့်အပ်သည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ် ၄၅၀ ဦးပါဝင်၍ အထက်လွှတ်တော်တွင် ကိုယ်စားလှယ် ၁၀၄ ဦးပါဝင်သည်။

၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တူရကီအစိုးရ ဝန်ကြီးချုပ် ဆူလေမန်ဒီမီရယ်သည် လွှတ်တော်၌ အယုံ အကြည်မရှိ အဆိုတင်သွင်းခံရ၍ ရာထူးမှ နုတ်ထွက်ခဲ့ ရသည်။

တူရကီနိုင်ငံ ရီဗတ်ဘလိကန် ပြည်သူပါတီ အာရ်ပီပီ ၏ ခေါင်းဆောင် ဘူးလင့်အက်စီဗစ် ဦးဆောင်သည့် တူရကီ အစိုးရသစ်တက်လာခဲ့သည်။ တူရကီအစိုးရသစ်သည် ၁၉၈၁ ခုနှစ်တွင် ကျင်းပရန် အစီအစဉ်ရှိသည့် အထွေထွေ ရွေး ကောက်ပွဲ ကာလအထိ နောက်ထပ်သက်တမ်း သုံးနှစ် တာ ဝန်ထမ်းဆောင်ခွင့်ရခဲ့လေသည်။

တူရကီနိုင်ငံသည် နေတိုးအဖွဲကို မထိခိုက်စေပဲ ဆိုဗီ ယက်ပြည်ထောင်စုနှင့် ပိုမိုရင်းနှီးစွာ ဆက်ဆံခဲ့သည်။

၁၉၇၄ ခုနှစ်က စိုက်ပရပ်တွင် ဂရိန္ဒယ်ဖွား စိုက်ပရပ်သားများနှင့် တူရကီန္ဒယ်ဖွားစိုက်ပရပ်သားများ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ တူရကီက စိုက်ပရပ်ကိုဝင်ရောက်တိုက်ခိုက်ခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန်က လှတ်တော်ထောက်ခံမှုအပြည့်ဖာဝင်ဖြင့် တူရကီနိုင်ငံသို့ လက်နက်များ တင်ပို့ရောင်းချမှုများကို ပိတ်ပင်ခဲ့လေသည်။

၁၉၇၈ ခုနှစ် ဇူလိုင်လတွင် တူရကီနိုင်ငံသည် စိုက်ပရပ်နိုင်ငံမှတူရကီတပ်သား ၁၇,၂၅၀ ရုပ်သိမ်းပေးခဲ့သည်။ တူရကီတပ်များသည် ၁၉၇၄ ခုနှစ် ဇူလိုင်လတွင် စိုက်ပရပ်မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်လေသည်။

တေဇနိယ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (မြန်မာ - ၁၂၅၉ - ၁၃၄၀)။ ။"တောင်ပြင် နဂါး" ဟု မန္တလေး ရဟန်းသံဃာ လောကၨ၌ ထင်ရှားသော ပြည်မြို့ ဇောတိကာရုံဆရာတော် သည် ဆင်မြီးဆွဲမြို့ တပ်မရွာ ဇာတိဖြစ်သည်၊ ခမည်းတော်ဦးထွန်းအေး မယ် တော် ဒေါ်ချင်းတို့မှ မြန်မာသက္ကရာဇ် ၁၂၅၉ ခုနှစ် ကဆုန်လဆန်း ဂ ရက် စနေနေ့တွင် ဖွားမြင်သည်။



ဆရာတော် ဦးတေဇနိယ

အသက် ၁၂ နှစ်သား အရွယ်တွင် ဘကြီးတော်ဖြစ်သူ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရသဲကုန်းမြို့နယ် ဇီးကုန်းကျော်ငး ဂိုဏ်းချုပ် ဆရာတော် ဦးပုညာဘိဓဇ ထံသို့ ရောက်ရှိကာ ရှင်သာမဏေပြုသည်။ သာမဏေဘွဲ့မှာ ရှင်တေဇနိယဖြစ်သည်။

၁၂၇၂ ခုနှစ်တွင် ဘကြီးတော်ဂိုဏ်းချုပ်ဆရာတော် ဘုရားကြီးသည် ပေါင်းတည်မြို့ဘုရားကြီးတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးကာ သာသနာပြုသောအခါ ရှင်တေဇနိယလည်း ဆရာတော်ကြီးနှင့်အတူ လိုက်ပါလာခဲ့သည်။

ရှင်တေဇနိယသည် ယင်း ဘကြီး တော်ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးထံ၌ အထက်တန်း ပရိယတ္တိစာပေများကို သင်ကြားယင်း အစိုးရ ပါဠိပထမပြန် စာမေးပွဲတွင် ပထမငယ်တန်း၊ပထမလတ်တန်းနှင့် ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ပထမကြီးတန်း၌ မြန်မာတနိုင်ငံလုံးတွင် အမှတ် (၁) ဖြင့်အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ အလုံရပ်ဇောတနာရုမ ဆရာတော် ဘုရားကြီးထံ၌ သက္ကတ စာပေများကို သင်ယူခဲ့သည်။

ပထမကြီးတန်း အောင်မြင်ပြီးနောက် ရှင်တေဇနိယသည် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသား ပရိယတ္တိ စာမေးပွဲ၌ လည်း ပထမကျော်တန်းကို အောင်မြင်သည်။

ဦးတေဇနိယသည် ရွှေကျောင်းကြီးတိုက်၌ ရဟန်း သံဃာတော် ၅၀ ကျော် တို့အား စာပေပို့ချကာ ပရိယတ္တိသာသနာပြုတော်မူခဲ့သည်။ရဟန်း ၇ ဝါအရောက်တွင်ဥပဇ္ဈာယ်ဖြစ်သူ ဘကြီးတော်ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး ထံ၌ မိုတင်း နေထိုင်ကြကုန်သော တပည့် ရဟန်း သာမဏေ မြောက်မြားစွာတို့အား စာပေပို့ချပေးပြီးနောက် မန္တလေးမြို့ အသောကာရုမတိုက် ဇောတိကာရုံအုတ်ကျောင်း သာသနဝုဿိကာရီ အုတ်ကျောင်းတို့ကို ခံယူတော်မူပြီးလျှင် စာပေပို့ချကာ ပရိယတ္တိ သာသနာတော်ကို အားသွန်ခွန်စိုက် ပြုစုတော်မူသည်။ တခါန်တည်းမှာပင် သာသနဝုဿိကာရီ စာမေးပွဲကြီးကိုလည်း ဦးစီးကျင်းပ ပြုလုပ်ခဲ့သည်။

ထိုစဉ်က ဦးတေဇနိယ စာချသောအခါ စာလိုက်သံဃာတော်များမှာ ၁၀၀၀ ကျော်ရှိရာ မန္တလေးမြို့ ပရိယတ္တိသာသနာ သမိုင်းတွင် အမြင့်ဆုံး စံချိန်တင်နိုင်ခဲ့သဖြင့် စနေသားဖြစ်သော ဦးတေဇနိယသည် မန္တလေး ရဟန်းသံဃာများလောကၨ၌ "တောင်ပြင် နဂါး"ဟု ထင်ရှားကျော်စောခဲ့သည်။

ယင်းသို့ စာလိုက် သံဃာတော် တထောင် ကျော်ကို အောင်မြင်စွာစာပေပို့ချနိုင်သဖြင့် မန္တလေးမြို့သက္ကသီဟပရိယတ္တိသာသန ဟိတ အသင်းကြီးကလည်း ဦးတေဇနိယအား သက္ကသီဟမူလ ဓမ္မာစရိယအဖြစ် ထောက်ပံ့ ကိုးကွယ်ခဲ့သည်။

၁၃၀၁ ခုနှစ်တွင် ပြည်မြို့ရှိ ပရိယတ္တိသာသနာ့ မာမကဖြစ်ကြသော ဒါယကာ ဒါယိကာမများသည် ၎င်းတို့ ပြည်မြို့၏ ပရိယတ္တိသာသနာကို အားမလိုအားမရ ဖြစ်ကြသဖြင့် ဦးတေဇနိယ၏ ဥပဇ္ဈာယ်ဆရာလည်းဖြစ် ဘကြီးတော်လည်းဖြစ်သော ပေါင်းတည်မြို့ ဂိုဏ်းချုပ် ဆရာတော် ဘုရားကြီး ထံအကူအညီ တောင်းကာ ဆရာတော် ဘုရားကြီး၏ အမိန့်စာဖြင့် ပြည်မြို့၌ သီတင်းသုံး၍ ပရိယတ္တိ သာသနာပြုရန် ဦးတေဇနိယအား သွားရောက် ပင့်လျှောက် ခဲ့ကြသည်။ သို့ဖြင့်ပင် ဦးတေဇနိယသည် ၁၃၀၁ ခုနှစ်တွင် ပြည်မြို့ ဇောတိကာရုံ တိုက်ကြီးကို အလှူခံကာ တပည့် ရဟန်း သာမဏေများအား ပရိယတ္တိစာပေများပို့ချလျက် သာသနာပြုတော်မူခဲ့သည်။ ထို့နောက် ပြည်ဇောတိကာရုံ ဆရာတော် အမည်ဖြင့် ထင်ရှားခဲ့သည်။

ဇောတိကာရုံ ဆရာတော်၏ ပြည်မြို့၌ ပရိယတ္တိသာသနာပြု လုပ်ငန်းကား ပြည်မြို့သာသနာ့သမိုင်းတွင် အမြင့်ဆုံးစံချိန်တင်နိုင်အောင် အောင်မြင်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော်(က)ပြည်မြို့ဇောတိကာရုံစာသင်တိုက်၌ စာသင်သားရဟန်း သာမဏေများမှာ အမြဲတမ်း ၁၅၀ ကျော် ရှိနေခြင်း။ (ခ) ၁၃၁၃ ခုနှစ် ပါဠိတက္ကသိုလ် ကျောင်းတိုက်များစတင်တည်ထောင်ချိန်ကပင် ဇောတိကာရုံတိုက်သည် ပါဠိတက္ကသိုလ် အဖြစ် အသိအမှတ်ပြု ချီးမြှောက်ခံခဲ့ရခြင်း။ (ဂ) သက္ကသီဟ ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ တပည့်ပေါင်း မြောက်မြားစွာ မွေးထုတ်ပေးနိုင်ခဲ့ခြင်း။ (ဃ) ဇောတိကာရုံကျောင်းခဲ့ တိုက်ခဲ့ပေါင်း ၃၀ ကျော် တိုးပွားလာခြင်း။ (င) ဝိနယ ပမုခစာမေးပွဲကို ဦးစီးကျင်းပနိုင်ခဲ့ခြင်း စသည်တို့ကြောင့် ဖြစ်သည်။

ဆရာတော်ပြုစုခဲ့သော ကျမ်းများမှာ ဝါကျနိယံကျမ်း၊ ကစ္စာယနသာရ ဋီကာနိဿျ၊ ဝစနတ္ထ ဇောတိဋီကာ နိဿျ၊ ဘေဒစိန္တာဒီပနီနိဿျ သုဗောဓာလင်္ကာရနိဿျ စသည်တို့ ဖြစ်သည်။

ထို့ပြင် ပါဠိတက္ကသိုလ် ဗဟို အဖွဲ့ ဥက္ကဋ္ဌ အဖြစ်ဌင်း၊ နိုင်ငံတော် ဝိနည်းဓိရ်အဖြစ်ဌင်း သာသနာ့တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သေးသည်။ ၁၃၁၆ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဇောတိကာရုံ ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ဆက်ကပ် လှူဒါန်းခဲ့သည်။

ဆရာတော်သည် ၁၃၄၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၉ ရက်နေ့တွင် သက်တော် ၈၂ နှစ်အရွယ် ပျံလွန်တော်မူခဲ့သည်။

တေဇော်၊ ဆရာ၊ စန္ဒယား(မြန်မာ ၁၂၆၁-၁၃၃၉)။ ။ မြန်မာဂီတပညာရှင်များထဲတွင် စန္ဒယားကို မြန်မာ့ဆိုင်းဝိုင်း တီး ကွက် ဖြင့် ပထမဆုံး တီထွင် တီး မှုတ် ခဲ့ သော ဆရာတော်ကသည် မြန်အောင် မြို့နယ် ကျန်း တော တိုက် ပိုင် ဆယ် ရွာ စုတွင် အဖ ဦးသော့၊ အမိ ဒေါ်ဖော့ တို့မှ မြန်မာ ၁၂၆၁ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဖွားမြင်ခဲ့သောဂီတပညာရှင် ဖြစ်သည်။



စန္ဒယား ဆရာတော်က

မွေးချင်း ခြောက် ဦး အနက် ဒုတိယမြောက် သား ဖြစ်လေသည်။

ဆရာတော်သည် ခေတ်ပညာ စတုတ္ထတန်းအောင်မြင်ပြီးနောက် ဘုန်းတော်ကြီးကျောင်း၌ လောကုတ္တရာစာပေများကို သင်ကြားခဲ့သည်။ အသက် ၁၁ နှစ်အရွယ်တွင် ပန်းထိမ်ပညာကို သင်ကြားခဲ့သည်။ ၁၃ နှစ်အရွယ်တွင် ကြံခင်းနယ်မှ အရပ်ဇာတ်ဆရာ ဦးပေသီး၏သား ဦးဖိုးသန်၊ ဦးဖိုးကြင်တို့ထံတွင် အဆိုအကပညာကို သင်ယူခဲ့လေသည်။ ထိုနောက် ပခုက္ကူမှ ဆိုင်းဆရာကြီးဦးဖေညွန့်နှင့် ဇာတ်မင်းသား ဦးဘလှတို့ထံတွင် ဆိုင်းပညာကိုသင်ယူလေသည်။ မင်းသားဦးဘလှခေါင်းဆောင်သော ဇာတ်သဘင်အဖွဲ့၌ ဆိုင်းဆရာ ဦးဖေညွန့်ထံတွင် တပည့်ခံယင်း ပတ်တီးလက်ထောက်အဖြစ်နှင့် တီးခဲ့ရသည်။ အသက် ၁၅ နှစ်အရွယ်တွင် ဆိုင်းဝိုင်းကြီးကို ကျမ်းကျင်စွာတီးနိုင်ပြီး ၁၆ နှစ်အရွယ်တွင် ပြည်မြို့ ဆိုင်းဆရာကြီး ဆရာပေထံတွင် တပည့်ခံ၍ ခြောက်နှစ်ခန့် တီးခဲ့သည်။ ထို့နောက် ပဲခူးနယ်မှ ဆိုင်းဆရာ ဦးချစ်လှထံတွင် နှည်းနာခံခဲ့လေသည်။

ထို့နောက် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး ယူနိယံအောင်သိန်းခင် အငြိမ့်အဖွဲ့တွင် ဒိုးတီးအဖြစ် ပါဝင်ခဲ့လေသည်။

ဆရာတော်သည် စန္ဒယားပညာကို ဆိုင်းဆရာဦးသိန်းဖေထံ၌ဌင်း၊ နာမည်ရဆရာကြီး စန္ဒယားဦးသာဒင်ထံ၌ဌင်း နည်းနာခံ၍ သင်ယူတတ်မြောက် လာသောအခါ ဆိုင်းဆရာဘဝမှ စန္ဒယားဆရာ ဘဝသို့ ကူးပြောင်းခဲ့ပြီး ရုပ်ရှင် ဇာတ်ကားများတွင် နောက်ခံတီးလုံးများ တီးခဲ့လေသည်။ မြန်မာအဆွေ ရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးသော မိုင်းဝေဝေ ဇာတ်ကားမှစ၍ တီးဝိုင်း ခေါင်းဆောင်အဖြစ်နှင့် နောက်ခံတီးလုံးများ တီးခဲ့သည်။ ရုပ်ရှင်တီးလုံးဆန်းများကိုလည်း တီထွင်ခဲ့သည်။

မြန်မာအဆွေ ရုပ်ရှင်ကုမ္ပဏီ၌ လုပ်ကိုင်လျက် ရှိစဉ်ပင် ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီနှင့် ဆက်သွယ်မိပြီး ဓာတ်ပြားများ သွင်းခဲ့သည်။ မြန်မာအဆွေမှ ထွက်ခဲ့ပြီးနောက် ရုပ်ရှင်ဇာတ်ကားများကို ကံထရိုက်စနစ်ဖြင့် တီးနေခဲ့လေသည်။ ထိုနောက်ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ ဓာတ်ပြားကုမ္ပဏီ သီးခြားဖွင့်လှစ်ထူတွင် လခစားအဖြစ် ဝင်ရောက်လုပ်ခဲ့လေသည်။

ဆရာတော်က စန္ဒယားတီး၍ အသံသွင်းခဲ့သော ဓာတ်ပြားများမှာ နဂရာမြင့် သီဆိုသော ဆန်းသဥ္ဇာညောင်၊ မကြည်အောင်သီဆိုသော နိဂြောဓသမင်နှင့် စိတ္တရဂီဝါ၊ မေမေဝင်းသီဆိုသော မြနန်းစေတီ၊ မင်းသားခင်မောင်ရင်သီဆိုသော ဥပေါသထဆင်နှင့် စိတ် သီချင်းများ အပြင် ပြည် မောင်ကြီး၊ မကြေနှင့် ခင်ခင်ရီစသော အဆိုတော်

များ၏သီချင်းများဖြစ်သည်။ အထက်ပါသီချင်းများအနက် စိတ္တရဂီဝါ၊ နိဂြောဓသမင်၊ စိတ်နှင့်ဥပေါသထ သီချင်းတို့ကို ကိုယ်တိုင် ရေးစပ်ခဲ့လေသည်။

ဓာတ်ပြားကုမ္ပဏီ၊ ရုပ်ရှင်ကုမ္ပဏီတို့တွင် အလုပ်လုပ်နေစဉ် ခေတ်ဟောင်း အသံလွှင့်ဌာနမှ ဆရာတောက်တူရိယာအဖွဲ့အမည်ဖြင့် သီချင်းကြိုးများကို အခါအားလျော်စွာ ထုတ်လွှင့်ခဲ့သည်။ မြန်မာလွှတ်လပ်ရေးခေတ်တွင် ရန်ကုန်ဆရာအတတ်သင် သိပ္ပံဌ ဂီတဖက်ဆိုင်ရာ လက်ထောက်ကထိကအဖြစ် ဒေါ်စောမြအေးကြည်နှင့်အတူ သုံးနှစ်တာမျှ အမှုထမ်းခဲ့သည်။

တော်လှန်ရေးအစိုးရတက်လာပြီးနောက် ဆရာတောက်သည် မြန်မာ့အသံ သီချင်းကြိုးစိစစ်ရေး အဖွဲဝင်လူကြီးအဖြစ်ဌင်း၊ မြန်မာနိုင်ငံဂီတကောင်စီ (ဗဟို)၏ အမြဲတမ်းနာယကအဖြစ်ဌင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာအကြံပေး အတိုင်ပင်ခံ လူကြီးအဖြစ်ဌင်း ဆောင်ရွက်နေယင်း ၁၉၇၈ ခုနှစ် ဖေဖွာရီလ ၂၄ ရက်၊ အသက် ၇၈ အရွယ်တွင်ကွယ်လွန်ခဲ့သည်။

တောက်ခြင်း။ ။တောက်ခြင်း ဆိုသည်မှာ အရာဝတ္ထုတမျိုးမျိုးနှင့် မတည့်သောကြောင့် အနာရောဂါ တခုခုရသော အခြေအနေမျိုး ပေါ်တတ်ခြင်းပင် ဖြစ်သည်။ အချို့လူများသည် အစားအသောက်နှင့် ဆေးဝါးတခုခုကို စားသောက်မိသောကြောင့် အင်ပျဉ်ထွက်ခြင်း၊ခေါင်းကိုက်ခြင်း၊ ဝမ်းသွားခြင်း၊ ဗိုက်အောင့်ခြင်း ဖြစ်တတ်သည်။ အချို့လူများသည် သားမွေး၊ သိုးမွေး၊ ကိုယ်လိမ်းပေါင်ဒါ၊ လိမ်းဆေး၊ ဆိုးဆေး၊ ဓာတုဗေဒ ဆေးဝါး စသည်တို့နှင့် ထိတွေ့မိသောကြောင့် အသားအရေ ယားယံခြင်းနှင့် အဖု အပိမ့်ထွက်ခြင်း ဖြစ်တတ်သည်။ အမွေးအမှင်၊ ဖုန်မှုန့်၊ ပန်းဝတ်မှုန်စသော နှာခေါင်းနှင့် လည်ချောင်းအတွင်း ဝင်ရောက်သော အရာဝတ္ထုများကြောင့် နှာစေးခြင်း၊ချောင်းဆိုးခြင်းလည်း ဖြစ်တတ်သည်။ ထို့ပြင် ထိုးဆေး၊မေ့ဆေး၊ သွေးကြည်ရည်တို့နှင့် မတည့်သူများလည်း ရှိသေးသည်။

မကြာသေးမီက တောက်ခြင်းနှင့်ပတ်သက်၍ လေ့လာသော ပညာရပ်ခွဲတခု ပေါ်ခဲ့သည်။ စမ်းသပ်လေ့လာချက်များအရ ယခင်က သွေးရိုး သားရိုးဟု ထင်ခဲ့ရသော ရောဂါအများအပြားမှာ လုံးလုံးလျားလျားသော်ငင်း၊ တစိတ်တဒေသသော်ငင်း တောက်ခြင်းကြောင့် ဖြစ်ရကြောင်း သိရှိလာကြရသည်။ မြတ်သီးနှာစေးဖျားမှာ အမှုန်စင်စစ် တောက်ခြင်းကြောင့်ဖြစ်တတ်သော ရောဂါတမျိုးဖြစ်သည်။ ပန်းနာ၊ အင်ပျဉ်၊ နှင်းခူ၊ မျက်မြွေးရောင်နာ၊ ခေါင်းတခြမ်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းသွားခြင်း၊ ဗိုက်အောင့်ခြင်းနှင့်တကွ အခြားတက်သော ရောဂါ အချို့မှာလည်း တောက်ခြင်းကြောင့် ဖြစ်တတ်သည်ကို တွေ့ရှိကြသည်။

ဆေးပညာ ပါရဂူအချို့က လူခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်း အားလုံးလိုလိုပင် တောက်ခြင်းဖြစ်နိုင်သည်ဟု ယုံကြည်ကြသည်။ လူဆယ်ယောက်တွင် တယောက်သည် တောက်ခြင်း ဖြစ်တတ်ပြီး လူဆယ်ယောက်တွင် ခြောက်ယောက်သည် တချိန်မဟုတ် တချိန်တွင် တခုခုကြောင့် တောက်ခြင်းဖြစ်ခဲ့ဘူးရမည်ဟု ယုံကြည်ကြသည်။ သို့သော် ရောဂါဖြစ်တိုင်း တောက်ခြင်းကြောင့် ဖြစ်ရမည်ဟူ၍ကား လွယ်လင့်တကူ မမှတ်ယူနိုင်ပေ။

တောက်ခြင်း သဘောသည် အချို့သော မိသားစုတွင် မျိုးရိုးလိုက်တတ်ဟန်ရှိကြောင်း တွေ့ရှိရသည်။ လူအချို့တွင် တောက်ခြင်းတမျိုးမျိုး အချိန်မှန်မှန် ဖြစ်ပေါ်လာတတ်သည်။ တဖန် လူတဦးတည်း၌ တသက်တာ အတွင်း တောက်ခြင်း အမျိုးမျိုး ဖြစ်တတ်ပုံကိုလည်း တွေ့ရှိရပြန်သည်။

ဖြစ်ပွားပုံ

အရာဝတ္ထုတခုသည် အခြားလူအများနှင့် တည့်ပါလျက် အဘယ်ကြောင့်တစုံတယောက်သောသူနှင့် မတည့်ရသနည်း ဟူသည့် အချက်ကို ကောင်းစွာ မသိရသေးပေ။ လူတယောက်၏ ခန္ဓာကိုယ်သည် လက်ဦးတွင် အရာဝတ္ထုတခုနှင့် ထိတွေ့သော်လည်း ဘာမျှဖြစ်ခဲ့ခြင်းမရှိပေ။ သို့သော် နောင်တွင် ထိုအရာဝတ္ထုနှင့် တဖြည်းဖြည်းမတည့်ဖြစ်လာပြီး နောက်ဆုံး၌ ထိုအရာဝတ္ထုအနည်းငယ်နှင့် ထိတွေ့ရုံမျှဖြင့် ခေါင်းကိုက်ခြင်း၊ ဖျားခြင်းစသော ရောဂါများ ဖြစ်ပေါ်လာတတ်သည်။ ထို့အတူ လူတယောက်သည် အစားအသောက်တမျိုးကို လက်ဦးတွင် စားသောက်၍ ရခဲ့ရာမှ နောင်အခါတဖြည်းဖြည်း ထိုအစားအသောက်နှင့် မတည့်ဖြစ်လာကာ ထိုအစားအသောက်ကို စားသောက်မိတိုင်း ဝမ်းနှင့်ပတ်သက်သော ရောဂါတခုခု ဖြစ်ပေါ်တတ်သည်ကိုလည်း တွေ့ကြရသည်။

မတည့်သော အရာဝတ္ထုများနှင့် ထိတွေ့သော အခါသွေးကြောများအတွင်းသို့ ဟစ္စတာမင်းခေါ် ဓာတ်ပစ္စည်းတမျိုး ဝင်ရောက်သွားသောကြောင့် ကျိကဲ့သို့ ဖြစ်ဟန်တူသည်ဟု ယုံကြည်ကြသည်။ လူခန္ဓာကိုယ်ရှိ ဆဲများအတွင်း၌ ဟစ္စတာမင်းကို တွေ့ရသည်။ သွေးကြောများ အတွင်းသို့ ဟစ္စတာမင်း ခပ်များများဝင်ရောက်လျှင် သွေးကြောနှင့် ပတ်ဝန်းကျင်ရှိ တစ်ရှူးများကို ရောင်ရမ်းစေတတ်သည်။ ဟစ္စတာမင်းကြောင့် နှာခေါင်းအတွင်းရှိ အမြှေးများ ရောင်ရမ်းလျှင် အမြှေးရောင်နာ ဖြစ်တတ်သည်။ အဆုတ်ပြန်

များ၏ အတွင်းနံရံများ ထောင်ရမ်းလျှင် ပန်းနာဖြစ်တတ်သည်။ ဦးနှောက်အတွင်းရှိ သွေးကြောများနှင့် တစ်ရှူးများ ထောင်ရမ်းလျှင် အတက်ထောဂါ၊ သို့မဟုတ် ခေါင်းကိုက်ထောဂါဖြစ်ဘတ်သည်။ အစာခြေ အင်္ဂါများ၏ အတွင်းနံရံများ ထောင်ရမ်းလျှင် ဝမ်းနှင့်ပတ်သက်သော ထောဂါများဖြစ်တတ်သည်။ သို့သော် တောက်ခြင်းကြောင့်ဖြစ်သော ထောဂါများကို အခြား သွေးရိုးသားရိုး ထောဂါများဟု မကြာခဏ အထင်မှားတတ်သောကြောင့် ကုသရေးအတွက် အခက်အခဲတွေ့ရတတ်သည်။

စမ်းသပ်နည်း

တောက်စေသော အထာဝတ္ထုကို သိရှိနိုင်ရန်အတွက် ဝေဒနာရှင်၏ အိမ်တွင်းနှင့် အလုပ်ဌာနတွင်းရှိ အထာဝတ္ထုအားလုံးကို သေချာစွာ အချိန်ယူ၍ လေ့လာရန်လိုသည်။ အိမ်မွေး တိရစ္ဆာန်တို့၏ ကိုယ်မှအမွေးနှင့် ဗောက်နာများ၊ ကိုယ်လိမ်း ပေါင်ဒါနှင့် ရေမွှေးစသော အလှပြုပြင်ရေးပစ္စည်းများ၊ အဝတ်အစားများမှ အမွေးအမင်များ၊ မွေ့ရာ ခေါင်းအုံးများ အတွင်း သုတ်ထားသော ပစ္စည်းများ၊ ဆိုးဆေး၊အိမ်သုံးဆေး၊ပိုးသတ်ဆေးမှအစ အစားအသောက်များ အားလုံးပင် ဝေဒနာရှင်အား တောက်ခြင်း ဖြစ်စေသည့် အထာဝတ္ထုများ ဖြစ်နိုင်သည်။ ထို့ကြောင့် သံသယဖြစ်သော အထာဝတ္ထုများကို တခုပြီး တခု လေ့လာ၍ ဝေဒနာရှင်၌ ထောဂါ သက်သာမှု ရမရ စမ်းသပ်ကြည့်ခြင်းဖြင့် တောက်ခြင်းဖြစ်ရသည့် အကြောင်းရင်းကို ရှာဖွေနိုင်သည်။ သို့ထုတ်ွင် ဤနည်း၌ တခါတရံ အခက်အခဲများ ရှိတတ်သည်။

ဆထာဝန်များ အသုံးပြုလေ့ရှိသော အလွယ်ကူဆုံး စမ်းသပ်နည်းတခုမှာ ခြစ်ထုဖြင့် စမ်းသပ်နည်းဖြစ်၏။ ဤနည်းတွင်ပထမဝေဒနာရှင်၏ လက်မောင်း၌ဖြစ်စေ၊ ကျောပေါ်၌ဖြစ်စေ ခြစ်ထုကလေးများ ပြုလုပ်ပေသည်။ ထို့နောက် ခြစ်ထုတခုစီပေါ်၌ သံသယဖြစ်သောအထာဝတ္ထုအနည်းငယ်မျှစီကို လိုက်တင်ထားသည်။ အကယ်၍တအောင့်လောက်ကြာသောအခါ ခြစ်ထုတခုခုသည် နီမြန်းလာမည်၊ ထောင်ရမ်းလာမည်၊ ယားယံလာမည်ဆိုပါက ထောဂါ ဖြစ်စေသော လက်သည်မှာ ထိုခြစ်ထုပေါ်၌ တင်ထားသောအထာဝတ္ထုပင် ဖြစ်ကြောင်း သိသာနိုင်သည်။

အစားအသောက်ကြောင့် ဖြစ်တတ်သော တောက်ခြင်းကို စမ်းသပ်ထု၌ ဖော်ပြပါ အရေပြားစမ်းသပ်နည်းမျိုးဖြင့် စမ်းသပ်ရန်မလွယ်ကူလှပေ။ အစားအသောက်တခုခုကြောင့် တောက်ခြင်းဖြစ်ရသည်ဟုထင်ရလျှင် လက်တွေ့အကောင်းဆုံးနည်းမှာ ပထမဦးစွာ ဝေဒနာရှင်အား တောက်ခြင်းလက္ခဏာများ လုံးဝ ကင်းစင်သွားသည် အထိ အလွန်ရိုးသော စားနေကျ အစားအသောက်များကိုသာ ခြိုးခြံစွာကျွေးရမည်။ ထို့နောက် အစားအသောက် အသစ်အဆန်းများကို တဖြည်းဖြည်းချင်း တိုး၍ ကျွေးကြည့်ရမည်။ ဤသို့အားဖြင့် ဝေဒနာရှင်သည် မည်သည့်အစားအသောက်နှင့်တည့်ပြီး မည်သည့်အစားအသောက်နှင့် မတည့်ကြောင်းကို တွေ့ရှိလာရသည်။ အစားအသောက်ကြောင့် တောက်ခြင်းဖြစ်ထုဥများသောအားဖြင့် ပရိုတင်းဓာတ်များကြောင့် ဖြစ်တတ်ခြင်း နည်းသည်။

ကုသနည်း

တောက်ခြင်းပျောက်ကင်းရန် အကောင်းဆုံးကုသနည်းမှာ မိမိနှင့် မတည့်သော အထာဝတ္ထုများကို တတ်နိုင်သမျှ သတိထား၍ ရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။

ရှောင်ကြဉ်ရန် ခက်သော အထာဝတ္ထုများ အတွက် တောက်ခြင်းမဖြစ်စေရန် ကုသပေးထု၌ သိလှယ်မှု လျော့ခြင်းနည်းကို အသုံးပြုလေ့ရှိကြသည်။ ဤနည်းတွင် မတည့်သော အထာဝတ္ထုကိုအင်ဂျက်ရှင်း ထိုးဆေးပြုလုပ်၍ ဝေဒနာရှင်အား လက်ဦးတွင် နည်းနည်းချင်း ထိုးပေးသည်။ နောက် တဖြည်းဖြည်း တိုး၍ ထိုးပေးသည်။ ဤနည်းဖြင့် ဝေဒနာရှင်သည် မိမိနှင့် မတည့်သော အထာဝတ္ထုများကိုပို၍ ခံနိုင်ရည် ရှိလာတတ်သည်။

အစားအသောက်ကြောင့် တောက်ခြင်း မဖြစ်စေရန် ကုသပေးထု၌ ရှေးဦးစွာ ဝေဒနာရှင်အား မတည့်သော အစားအသောက်ကို လပေါင်းအတော်ကြာမျှ လုံးဝရှောင်ကြဉ်ထားစေသည်။ နောက်မှ မတည့်သော ထိုအစားအသောက်ကို တဖြည်းဖြည်းချင်း အနည်းငယ်စီ ပြန်စားစေသည်။ ဤသို့အားဖြင့် ဝေဒနာရှင်သည် မတည့်သော အစားအသောက်ကို များများစားလာနိုင်တတ်သည်။အချို့သော ဝေဒနာရှင်များကို ဗီတာမင်စိန့်ဂ် ဗီတာမင်ဒီများ တိုက်ကျွေးခြင်းဖြင့်တောက်ခြင်းလျော့ပါးစေအောင်ပြုလုပ်ပေးနိုင်ကြောင်း တွေ့ကြရသည်။

တင်၊ဦး၊ မြန်မာ့အလင်း (ခရစ် ၁၈၉၇–၁၉၇၀)။ ။ မြန်မာ့အလင်း သတင်းစာတိုက်တွင် အစဉ်တစိုက် အမှုထမ်းခဲ့သဖြင့် အမည်တူ အခြားပုဂ္ဂိုလ်များနှင့် မလွဲမှားစေရန် မြန်မာ့အလင်း ဦးတင်ဟူ၍ ခေါ်တွင်ခဲ့သော ဦးတင်ကို ခရစ် ၁၈၉၇ ခုနှစ် သြဂုတ်လ ၁၇ ရက်နေ့တွင် ကြဲခင်းမြို့၌ ဖွားမြင်ခဲ့သည်။ မြန်မာ့အလင်းသတင်းစာတိုက်တွင် ၁၉၂၀ ခုနှစ်မှစ၍ ဘီလ်စာရေးအဖြစ် စတင် ဝင်ရောက်ခဲ့ရသော်လည်း သုံးနှစ်ကြာသောအခါ စာရင်းကိုင်ထူးကို ရသည်။



မြန်မာ့အလင်း ဦးတင်

၁၉၃၃ မှ ၁၉၄၈ အထိ တိုက်အုပ် အဖြစ် ဆောင် ရွက် ခဲ့ လေသည်။

မြန်မာ့ အလင်း ဦးတင်သည် ၁၉၄၂ ခုနှစ် အင်္ဂလိပ်များ မြန်မာနိုင်ငံမှ ဆုတ် ခွာသည့် အချိန်တွင် ရန်ကုန်မြို့ ငြိမ်ဝပ်ပိ ပြားရေး ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်ခဲ့သည်။ ဂျပန် များ မြန်မာနိုင်ငံကို အုပ်စိုးချိန်တွင် မြန်မာနိုင်ငံအစိုးရ အတိုင်ပင်ခံ လွှတ်တော် အဖွဲဝင်တဦး အဖြစ်ဖြင့် ဆောင်ရွက်ရသည်။

ဦးတင်သည် ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံ အစိုးရက စေလွှတ်သော ကိုယ်စားလှယ် အဖွဲကို ခေါင်းဆောင်လျက် အမေရိကန်၊ နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ပြင်သစ်နှင့် ဟော်လန် စသည့် နိုင်ငံများသို့ သွားရောက်ကာ သတင်း စာနှင့် ပုံနှိပ်လုပ်ငန်းများ လေ့လာခဲ့လေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်အခါ ဗိုလ်ချုပ် အောင်ဆန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဖ ဆ ပ လ အဖွဲချုပ် ၌ ငွေထိန်းတာဝန်ကိုယူခဲ့ရသည်။ ဦးတင်သည် ၁၉၄၈ ခုနှစ်တွင် ရန်ကုန်မြို့ သိမ်ဖြူ မဲဆန္ဒနယ်မှ၎င်း၊ ၁၉၅၂ ခုနှစ်တွင် ရွှေဘို မဲဆန္ဒနယ်မှ၎င်း၊ ၁၉၅၆ ခုနှစ်တွင် ကြည့်မြင်တိုင် တောင်ပိုင်း မဲဆန္ဒနယ်မှ၎င်း ပြည်သူလွှတ်တော် အမတ် အဖြစ် အရွေးခံခဲ့ရသည်။ မြန်မာအစိုးရအဖွဲတွင် ဘဏ္ဍာ ရေးနှင့် အခွန်တော်ဌာန ဝန်ကြီးအဖြစ်ဖြင့်၎င်း၊ ကုန်သွယ်မှု တိုးတက်ရေးနှင့် ထောက်ပံ့ရေး ဝန်ကြီးအဖြစ်ဖြင့်၎င်း ဆောင်ရွက်ခဲ့ရသည်။

၁၉၅၈ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ လက်ထက်တွင် ဦးတင်သည် ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ခြင်း ခံရ၍ ၁၉၆၀ ပြည့်နှစ် နှစ်ဦး အထိ တာဝန်ယူခဲ့ပြီး ထိုနှစ် ဧပြီလမှ စ၍ နိုင်ငံတော် အစိုးရ၏ အကြံပေးအဖွဲတွင် အဖွဲဝင် လူကြီးအဖြစ် ဆက် လက်ဆောင်ရွက်ခဲ့သည်။

ဦးတင်၏ လူမှုဝန်ထမ်း လုပ်ငန်းများတွင် အထင်ရှားဆုံး မှာ ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ လုပ်ငန်းပင် ဖြစ်သည်။ ဦးတင်သည် ယင်းနှင်းဆီကုန်း ဘိုးဘွား စောင့် ရှောက်ရေးအဖွဲတွင် ဥက္ကဋ္ဌအဖြစ် ၁၉၄၃ ခုနှစ်မှစ၍ ကွယ် လွန်ခါနီးအချိန်အထိပင် ဆောင်ရွက်ခဲ့သည်။

ဦးတင်အား ၁၉၆၁ ခုနှစ် ဇန္နဝါရီလ ၄ ရက် နေ့တွင် နိုင်ငံတော် သမ္မတက သတိုးသီရိ သုဓမ္မဘွဲကို ချီးမြှင့်ခဲ့ သည်။ ဦးတင်သည် အသက်အရွယ် ကြီးရင့်သောအခါ ဟရား အားထုတ်၍ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများ ခဲ့လေ သည်။

ဦးတင်သည် စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ၊ အဖွဲဝင် လူကြီး အဖြစ်၎င်း၊ ဗိုလ်ချုပ်နှင့်တက္ခ ကျဆုံးသောဝန်ကြီး များ၏မိသားစု များအတွက် တာဝန်ခံ ဘဏ္ဍာထိန်းအဖြစ် ၎င်း ဆောင်ရွက်ခဲ့လေသည်။ မြန်မာ့အလင်း ဦးတင်သည် ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

တောင်အာဖရိက သမ္မတနိုင်ငံ
(နမီးဗီးယား၊သမ္မတနိုင်ငံ—ရှု။)

တိန့်ရှောင်ဖိန်။ ။တိန့်ရှောင်ဖိန်ကို တရုတ်ပြည်သူ သမ္မတနိုင်ငံ အလယ်ပိုင်း၊ ဇီချမ်ပြည်နယ်၊ လိုရှန် မြို့အနီး ချီရှုတင်ရွာ၌ ခရစ် ၁၉၀၄ ခုနှစ် တွင် ဖွားမြင်သည်။

မူလတန်း ပညာ ကို ရွေးရိုး စဉ် လာ တ ရုပ် ကျောင်း ၌ စတင် သင်ကြားပြီး နောက်၊ ချီ ရှုတင် ရှိ အ လယ် တန်း ကျောင်း သစ် တ ကျောင်းတွင် ပညာ ဆက် လက် သင် ကြားသည်။ တရုတ် နိုင်ငံ အစိုးရက ပြင် သစ်နိုင်ငံသို့စေလွှတ်



ဒုဝန်ကြီးချုပ် တိန့်ရှောင်ဖိန်

မည့်ပညာတော်သင် ၉၂ ဦး ရွေးချယ်ရာတွင် တိန့်ရှောင်ဖိန် လည်း ပါဝင်သဖြင့် ၁၉၂၀ ပြည့်နှစ် စောစော ပိုင်း တွင် ပြင်သစ်နိုင်ငံသို့ ရောက်ရှိလေသည်။ ပြင်သစ်နိုင်ငံတွင်မူလက ရောက်ရှိနေသော ရဲဘော် ချင်ယီ၊ ရဲဘော်ချူအင်လိုင်းတို့ နှင့် တွေ့ဆုံရင်းနှီးကာ ၁၉၂၅ ခုနှစ်တွင် တရုတ်ကွန်မြူနစ် ပါတီတွင် ပါတီဝင်ဖြစ်ခဲ့သည်။

တိန့်ရှောင်ဖိန်ဟူသောအမည်သည် ကွန်မြူနစ်ပါတီတွင်း သို့ဝင်ရောက်ပြီး၊ တော်လှန်ရေး လုပ်ငန်းလုပ်သော အခါမှ

ပြောင်းလဲခေါ် ဝေါ် သော အမည်ဖြစ်သည်။ "ငြိမ်းချမ်းရေး ပျိုးပင်ငယ်"ဟု အဓိပ္ပါယ်ရသည်။ သူ၏အမည်ရင်းမှာ ကန် ဆီကော်ဖြစ်သည်။

၁၉၂၆ ခုနှစ် သြဂုတ်လ လယ်လောက်တွင် မောစကို မှ တရုတ်နိုင်ငံသို့ပြန်လာပြီး ပါတီစည်းရုံးရေးကို လျှို့ဝှက် လုပ်ကိုင်သည်။ တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီနယ်၊ ဆန် ယွန်မြို့ရှိ ဆွန်ယက်ဆင် စစ်ကျောင်းတွင် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ လူငယ်အများအပြားကို စစ်ပညာ သင်ပြပေးသည်။

၁၉၂၇ ခုနှစ်တွင် ချန်ကေရှိတ်၏ ကူမင်တန်တို့က ကွန် မြူနစ်ပါတီကို ဆန့်ကျင်လာသောအခါ တိန့်ရှောင်ဖိန်သည် ပါတီခေါင်းဆောင်လီလီစန်နှင့်အတူ ရှန်ဟဲတွင် လျှို့ဝှက် လုပ်ငန်းလုပ်ဆောင်နေခဲ့သည်။

ရှန်ကေရှိတ်ဖက်မှ အစိုးရအာဏာကို ချုပ်ကိုင်လိုက် သောအခါ တိန့်ရှောင်ဖိန်သည် ကွမ်စီနယ်တောင်ပိုင်းတွင် စည်းရုံးရေးနှင့်တိုက်ခိုက်ရေးတာဝန်ကို ၁၉၂၉ ခုနှစ် ဇူလိုင် လမှစ၍ ယူရသည်။

၁၉၃၂ ခုနှစ်တွင် ကိုင်စီနယ် စစ်ဌာနချုပ် ဝါဒဖြန့်ခြို ရေး ဌာနခွဲမှူးအဖြစ် ရွှေပြောင်းတာဝန်ယူခဲ့သည်။ယင်း သို့ လုပ်ဆောင်နေစဉ် ၁၉၃၄ ခုနှစ်၌ ခရီးရှည် ချီတက်ရေး ပြဿနာပေါ် လာသည်။

ယင်းကိစ္စတွင် ဥက္ကဋ္ဌ မော်စီတုန်း ဖက်မှ ခိုင်မာစွာရပ် တည်ခဲ့သည်။၁၉၃၅ ခုနှစ် ဆောင်းဦးပေါက်တွင် ရှန်စီသို့ ရောက်သောအခါ ပင်တိန်ဟွေး၏တပ်မကြီး၌ နိုင်ငံရေးမှူး အဖြစ်ခန့်ထားခြင်းခံရသည်။

၁၉၃၇ ခုနှစ် တရုတ်ဂျပန်စစ်ပွဲတွင် ကူမင်တန်နှင့် ကွန်မြူ နစ်ပါတီတို့ ညီညွတ်ရေးယူပြီး ခုခံတိုက်ခိုက်ကြသော ကာလ တွင် တိန့်ရှောင်ဖိန်သည် အမှတ် ၁၂၉ တပ်မကြီး၏ နိုင်ငံ ရေးမှူးဖြစ်လာသည်။

၁၉၄၃ ခုနှစ်တွင် ယင်းအန်ဌာနချုပ်ရှိ ပြည်သူတော် လှန်ရေးစစ်ကောင်စီ၌ အထွေထွေ နိုင်ငံရေးဌာနကိုတာဝန် ယူခဲ့သည်။

၁၉၄၅ ခုနှစ်တွင် ပါတီဗဟိုကော်မတီအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသည်။ ထိုနှစ်မှာပင် ဂျပန်တို့လက်နက် ချသည်။

၁၉၄၈ ခုနှစ် ကွန်မြူနစ်ပါတီတပ်မျှားကို ပြန်လည် ပြင် ဆင်ဖွဲ့စည်းသောအခါဟွာဟိုင်စစ်မြေပြင်အထွေထွေ ကော် မတီတွင် အတွင်းရေးမှူးဖြစ်လာလေသည်။

၁၉၄၉ ခုနှစ်တွင် ကွန်မြူနစ်ပါတီတပ်များသည် နယ်မြေ သိမ်းတိုက်ပွဲကို ဆင်နွှဲနိုင်သဖြင့် တိန့်ရှောင်ဖိန်တို့၏ တပ် ပေါင်းစုသည် ဧပြီလတွင် ယန်စီကျန်မြစ်ကို ဖြတ်ကူးကာ မြို့တော်ဟောင်း နန်ကင်းကိုသိမ်းပိုက်လိုက်သည်။

ကူမင်တန်တပ်များတိုင်းဝမ်ကျန်းဖက်သို့ ဆုတ်ခွာသော အခါ တိန့်ရှောင်ဖိန်သည် အရှေ့ပိုင်းတရုတ်ပြည် ကွန်မြူနစ် ပါတီဗဟို၏ ပထမအတွင်းရေးမှူးဖြစ်လာသည်။

၁၉၅၂ ခုနှစ်တွင် တိန့်ရှောင်ဖိန်ကို ပီကင်းသို့ခေါ် ယူကာ ပြည်သူတော်လှန်ရေးကောင်စီနှင့် ဗဟိုပြည်သူ အစိုးရအဖွဲ့ တွင် တာဝန်ပေးအပ်သည်။ ၁၉၅၂ ခုနှစ်တွင် ဝန်ကြီးချုပ် ချူအင်လိုင်း ခေါင်းဆောင်သော အစိုးရအဖွဲ့တွင် ရာထူးကို ပေးအပ်ခြင်းခံရသည်။ ထိုစဉ်အခိုက်တွင် ဒုတိယဝန်ကြီး ချုပ် ရာထူးကို အပ်နှင်းခြင်းခံရသည်။

အမျိုးသားစီးပွားရေး၊ ဘဏ္ဍာရေး၊ စီမံကိန်းရေးဆွဲ ရေးလုပ်ငန်းများကို ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်ခဲ့သောကြောင့် ၁၉၅၄ ခုနှစ်တွင် ပါတီအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ် ခြင်းခံရသည်။

၁၉၆၆ ခုနှစ် သြဂုတ်လတွင် ကျင်းပသော ဗဟိုကော် မတီ အစည်းအဝေး၌ ပါတီအတွင်းရေးမှူးချုပ် အဖြစ် ထပ်မံအရွေးခံရပြီး ပါတီ ခေါင်းဆောင်တို့၏ ဝါစဉ် အရ အမှတ် ၆ နေရာသို့ရောက်လာသည်။

နိုင်ငံတကာဆက်ဆံရေးတွင် များသောအားဖြင့် တိန့် ရှောင်ဖိန် ပါဝင်ခဲ့လေသည်။ ဆိုဗီယက်ပြည်ထောင်စု၌ ပြု လုပ်သောအစည်းအဝေးများတွင် ဥက္ကဋ္ဌမော်စီတုန်းနှင့်ဂင်း၊ ချူတေး၊ ချူအင်လိုင်း စသည်တို့နှင့်ဂင်း တက်ရောက်ခဲ့ သည့်အပြင် တခါတရံ မိမိဦးစီးပြီးတက်ရောက်ခဲ့ရသည်။

ထိုအတောအတွင်း ၁၉၆၅ ခုနှစ် ယဉ်ကျေးမှုတော်လှန် ရေး လှုပ်ရှားမှုပေါ် ထွက်လာပြီးနောက် လျှို့ရှောက်ချီနှင့် အယူအဆတူသည်ဆိုသော တိန့်ရှောင်ဖိန်ကို ဓနရှင်လမ်း ကြောင်း လိုက်သူဖြစ်သည်ဟု စွပ်စွဲကာ ၁၉၆၇ ခုနှစ်တွင် ရာထူးမှ ထုတ် ပယ် လိုက်ကြသည်။

၁၉၇၃ ခုနှစ် သြဂုတ်လတွင် ကျင်းပသော ဆယ်ကြိမ် မြောက်ပါတီကွန်ဂရက်က တိန့်ရှောင်ဖိန် အား ဒုတိယဝန် ကြီးချုပ်အဖြစ် ပြန်လည်တင်မြှောက် ခဲ့လေသည်။

၁၉၇၄ ခုနှစ်တွင် ဝန်ကြီးချုပ် ချူအင်လိုင်း မကျန်း မာစဉ် ယာယီ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၇၆ ခုနှစ် ဇန္နဝါရီလတွင် ချူအင်လိုင်း ကွယ်လွန် သောအခါ ဟွာကိုဖုန်းအား ယာယီ ဝန်ကြီးချုပ် အဖြစ် ခန့်အပ်ခဲ့လေသည်။

၁၉၇၆ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် တရုတ်နိုင်ငံ၌ အဓိကရုဏ်းများ ပေါ် ထွက်လာပြီးနောက် ဧပြီလ ၇ ရက် နေ့တွင် တိန့်ရှော င်ဖိန်အား ရာထူးအားလုံးမှ ရပ်စဲရန် ပါတီ ဗဟိုကော်မတီက ဆုံးဖြတ်သည်။

၁၉၇၆ ခု စက်တင်ဘာလ ၉ ရက်နေ့တွင် မော်စီတုန်း ကွယ်လွန်ပြီးသောအခါ ဝန်ကြီးချုပ် ဟွာကိုဖုန်းက လေးဦး ဂိုဏ်းခေါ် မဒမ်ကျန်ချင်းတို့ဂိုဏ်းကို ဖမ်းဆီးအရေးယူပြီး

တိန့်ရှောင်ဖိန် ကို ပြန်လည်ခေါ်ယူကာ ပါတီဒုတိယ ဥက္ကဋ္ဌ နှင့် ဒုတိယဝန်ကြီးချုပ်တာဝန်များကို ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြန်လည်အပ်နှင်းသည်။ ယင်းတာဝန်ပေးအပ်ခြင်းကို ၁၉၇၈ ခုနှစ် မတ်လတွင် ကျင်းပသော ပဉ္စမမြောက် ပြည်သူကွန်ဂရက် အမြဲတမ်းကော်မတီက လက်ခံအတည်ပြုသည်။ တိန့်ရှောင်ဖိန် သည် ကွန်မြူနစ်ပါတီ ဒုတိယ ဥက္ကဋ္ဌနှင့် စစ်ဦးစီးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ရာထူးတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ၁၉၇၈ ခုနှစ်တွင် တရုတ်ဂျပန်ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုရေးနှင့် တရုတ်အမေရိကန် သံတမန်ဆက်ဆံရေးလုပ်ငန်းစဉ်များကို ဦးစီးဆောင်ရွက်ခဲ့လေသည်။

ထရိန်ဒက်နှင့် တိုဘာဂိုသမ္မတနိုင်ငံ။ ။ ထရိန်ဒက်နှင့် တိုဘာဂိုသမ္မတနိုင်ငံသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့်ကာရစ်ဘီယံ ပင်လယ် အကြား တောင်အမေရိကတိုက် အရှေ့မြောက်ဖက် ကမ်းလွန်ရှိ အနောက်အိန္ဒိယ ကျွန်းစုများ အနက်မှ ထရိန်ဒက်နှင့် တိုဘာဂိုကျွန်းကြီး နှစ်ကျွန်း အပြင် အခြားကျွန်းငယ်ကလေးများပါ ပူးပေါင်းဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည်။



ထရိန်ဒက်နှင့် တိုဘာဂိုသမ္မတနိုင်ငံသည် စတုရန်းမိုင် ပေါင်း ၁,၉၇၉ ခန့်ကျယ်ဝန်း၍ ၁၉၇၅ ခုနှစ် ကုလသမဂ္ဂခန့်မှန်းခြေစာရင်းအရ လူဦးရေမှာ ၁,၀၈၀,၀၀၀ ရှိသည်။ မြို့တော်မှာ ပို့အော့(ဖ)စပိန်ဖြစ်သည်။ နိဂၢိုးလူမျိုးများမှာ လူများစုဖြစ်ပြီး အရှေ့တိုင်းမှ အိန္ဒိယလူမျိုးများအပြင် တရုတ်လူမျိုးအနည်းငယ်နှင့် ဥရောပသား နှစ်ရာခိုင်နှုန်းခန့် နေထိုင်ကြသည်။ အင်္ဂလိပ် ဘာသာစကားသည် တရားဝင် ရုံးသုံး ဘာသာစကားဖြစ်သည်။

နေ့အခါအလွန်ပူပြီး ညအချိန်တွင် အေးသောအပူပိုင်း ဒေသရာသီဥတုရှိသည့် ထရိန်ဒက်နှင့်တိုဘာဂိုနိုင်ငံ၏အဓိက စီးပွားရေးလုပ်ငန်းမှာ ရေနံထုတ်လုပ်ခြင်း၊ ရေနံချက်ခြင်း၊ ကတ္တရာတူးဖော်ခြင်း လုပ်ငန်းများပင် ဖြစ်သည်။

၁၆၃၂ ခုနှစ်မှစ၍ ဒတ်ချ်လူမျိုးများသည် တိုဘာဂို ကျွန်းတွင် စတင်လာရောက် နေထိုင်ခဲ့ကြသည်။ ၁၇၉၇ ခုနှစ်မှ စတင်ဖြစ်ပွားသော အင်္ဂလိပ်–စပိန် စစ်ပွဲအပြီး ၁၈၀၂ ခုနှစ်တွင် ထရိနိဒက်ကျွန်းမှာ ဗြိတိသျှတို့လက်

အောက်သို့ လုံးဝကျရောက်ခဲ့သည်။ ၁၈၁၄ ခုနှစ်တွင် တိုဘာဂိုကျွန်းကိုပါ ဗြိတိသျှတို့ ပိုင်ဆိုင်ခွင့် ရလာပြီးနောက် ၁၈၉၉ ခုနှစ်တွင် ယင်းကျွန်းနှစ်ကျွန်းကို ပူးပေါင်းကာ ဗြိတိသျှကိုလိုနီနယ်တခုအဖြစ် သတ်မှတ်ခဲ့လေသည်။

၁၉၅၉ ခုဇူလိုင်လ ၂၀ ရက်နေ့တွင် ဥပဒေပြုကောင်စီကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အုပ်ချုပ်ရေးစနစ်သစ်အရ ဘုရင်ခံချုပ်က ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးကိစ္စများကို ပြည်သူကိုယ်စားလှယ်များလက်သို့ လွှဲပြောင်းပေးခဲ့ရသည်။

နှစ်ပေါင်း ၁၆၅ နှစ်မျှ ဗြိတိသျှကိုလိုနီဘဝဖြင့် နေခဲ့ရသော ထရိန်ဒက်၊ တိုဘာဂိုနိုင်ငံသည် ၁၉၆၂ ခုနှစ် သြဂုတ်လ ၃၁ ရက်နေ့မှစ၍ ဗြိတိသျှဓနသဟာယအဖွဲ့ဝင် လွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့သည်။ ၁၉၆၂ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အမေရိကန် နိုင်ငံများအဖွဲ့၊ ကာရစ်ဘီယံဒေသ လွတ်လပ်စွာကုန်သွယ်မှုအဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်လာသည်။

ထရိန်ဒက်၊ တိုဘာဂိုနိုင်ငံအစိုးရအနေဖြင့် ကာရစ်ဘီယံနိုင်ငံများနှင့်စုစည်းညီညွတ်စွာ ဆက်ဆံရေးကိုနိုင်ငံခြားရေးဝါဒတွင် ပထမဦးစားပေးအဖြစ် ပြဋ္ဌာန်းထားသည်။

၁၉၇၃ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ရေနံစျေးနှုန်းများ မြင့်တက်လာပြီး ရေနံမှ ဝင်ငွေများစွာရရှိလာခြင်း၊ ကမ်းလွန်ရေနံတွင်းများ ထပ်မံတွေ့ရှိ လာခြင်းများကြောင့် နိုင်ငံစီးပွားရေး ကောင်းမွန်လာသည်။ ၁၉၇၄ ခုနှစ် ကမ္ဘာ့သကြားစျေး မြင့်တက်လာခြင်းကြောင့် အစိုးရမှာ အမြတ်များစွာ ရရှိခဲ့သည်။ယခုအခါတနေ့လျှင် ရေနံစည်ပေါင်း ၂၂၇,၀၀၀ ကျော်ထုတ်ရှိပြီး နိုင်ငံသားတဦး၏ ပျမ်းမျှဝင်ငွေသည် ဒေါ်လာ ၁,၆၈၀ အထက်တွင် ရှိလေသည်။

၁၉၇၆ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ သမ္မတနိုင်ငံ ဖွဲ့စည်းပုံဥပဒေအရ သမ္မတ အုပ်ချုပ်မှုစနစ်ကို စတင်ကျင့်သုံးသဖြင့် သမ္မတကိုပါလီမန်မှ ငါးနှစ်တကြိမ်ရွေးချယ်ရသည်။

ယင်းနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ဘုရင်ခံချုပ်ဟောင်း မစ္စတာကလပ်အား နိုင်ငံ၏ ယာယီ သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ ဒေါက်တာအီးရစ်ဝီလျံ့ ဦးဆောင်သည့် အာဏာရပါတီသည် လက်ရှိအောက်လွှတ်တော်အမတ် ၂၄ နေရာရရှိသဖြင့် ခေါင်းဆောင် အီးရစ်ဝီလျံ့ပင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရကာ အစိုးရအဖွဲ့ကို ဖွဲ့နိုင်ခဲ့လေသည်။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် လွှတ်တော်အမတ်များက သမ္မတငါးနှစ် သက်တမ်းအတွက် ယာယီသမ္မတ မစ္စတာအဲလ်လစ် အီးအင်နိုစင့်ကလပ်ကိုပင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဝန်ကြီးချုပ် အီးရစ်ဝီလျံ့က ထရိန်ဒက်၊ တိုဘာဂို သမ္မတနိုင်ငံ၏ ၁၉၇၇ ခုနှစ် ရသုံးခန့်မှန်းခြေ စာရင်းမှာ

ဒေါ်လာသန်း ၅,၀၀၀ ရှိပြီး နိုင်ငံသား ၁၀၀၀ လျှင်ဒေါ်လာ ငါးသန်းခန့် သုံးစွဲခဲ့သည်ဟု ဆိုသည်။ ၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် အင်တာ အမေရိကန်ဖွဲ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် မြို့တော်ပို့အော့စပိန်သို့ လာရောက်၍ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ထရိန်ဒက်နှင့် တိုဘာဂိုသမ္မတနိုင်ငံက ဒေါ်လာရှစ်သန်းကျော် ချေးငှား အကူအညီပေးရန် ညှိနှိုင်းခဲ့သည်။

၁၉၇၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့မှစ၍ သုံးလ ကြာမျှကျင်းပမည့် ကုလသမဂ္ဂ၏ ၃၃ ကြိမ်မြောက် အထွေထွေညီလာခံတွင် ထရိန်ဒက်နှင့် တိုဘာဂိုသမ္မတနိုင်ငံမှကိုယ်စားလှယ်ကိုလည်း အလှည့်ကျ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့လေသည်။

ထင်အောင်၊ ဒေါက်တာ (ခရစ်နှစ် ၁၉၁၀-၁၉၇၈)။ မြန်မာ အမျိုးသားထဲမှ ကမ္ဘာ့ စာပေပညာရှင်စာရင်းတွင် ပါဝင် လာ အောင်ထင် ရှား ကျော် ကြားခဲ့သောဒေါက်တာ ထင်အောင်ကို အရေးပိုင်ဦးဖိန်းနှင့် ဒေါ်မိမိ တို့မှ ခရစ် ၁၉၁၀ ပြည့်နှစ် မေလတွင် ဖွားမြင် ခဲ့သည်။ ဦးတင်ထွတ်၊ ဦးကျော်မြင့်၊ဦးမြင့်သိန်းနှင့် ဒေါက်တာထင်အောင်ဟူ၍ ညီအစ်ကို ငါးယောက်ရှိရာ ဒေါက်တာ ထင်အောင်မှာ စတုတ္ထမြောက်ညီဖြစ်သည်။



ဒေါက်တာထင်အောင်

ဒေါက်တာ ထင်အောင်သည် ပေါက်မြို့ ဇာတိဖြစ်၍ အစိုးရ အရာထမ်းဖြစ်သော ဖခင်ပြောင်းလွှဲရာသို့ လိုက်ပါ ယင်း ပညာသင်ကြားခဲ့ရာ တက္ကသိုလ် ဝင်ခွင့်ရနိုင်သည့် အသက်မပြည့်မီ ဆယ်တန်းအောင်မြင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့ရာ အင်္ဂလိပ်သာဘာတွင် (ဝိဇ္ဇာဂုဏ်ထူး) ဘွဲ့နှင့် မဟာဝိဇ္ဇာဘွဲ့ တို့ကို ဆုတ်ခူးခဲ့သည်။ ထို့နောက်အင်္ဂလန်နိုင်ငံတွင် ဝတ်လုံတော်ရဘွဲ့အတွက်ဥပဒေပညာသင်ကြားခဲ့ပြီး တဆက်တည်း ပင် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့ ထရင်နီတီကောလိပ်မှ အင်္ဂလိပ်စာပေပါရဂူ(ဒေါက်တာ)ဘွဲ့ကို ရရှိခဲ့သည်။

ထို့ပြင် ပြင်သစ်နိုင်ငံ ဆိုဗွန်းတက္ကသိုလ်မှ ပထဝီဝင် ဘာသာရပ်ဆိုင်ရာ ဒေါက်တာဘွဲ့ကိုလည်း၊ နယ်သာလင်နိုင်ငံ လေဒင်တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရပ် ဒေါက်တာဘွဲ့ကိုလည်း ဆွတ်ခူးရရှိခဲ့လေသည်။

ဒေါက်တာထင်အောင်သည် အမေရိကန် ပြည်ထောင်စု စသော နိုင်ငံအချို့တွင် ည့ဉ်သည်တော် ပါမောက္ခအဖြစ် အမှုထမ်းခဲ့ရာမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ အပ်နှင်းခြီး မြှင့်ခြင်း ခံခဲ့ရလေသည်။

ဒေါက်တာထင်အောင်သည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ် စာဌာနတွင် ပါမောက္ခအဖြစ် မြန်မာ အမျိုးသားထည်းမှ ပထမဆုံးခန့်အပ်ခြင်း ခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ထို့နောက် ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးအရာရှိအဖြစ်ရင်း၊ ပါမောက္ခ ချုပ်အဖြစ်ရင်း၊ ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဒုတိယအဓိပတိ အဖြစ်ရင်း အဆင့်ဆင့်အမှုထမ်းခဲ့လေသည်။

ပြိတိသျှခေတ် တက္ကသိုလ် အရံတပ်တွင် စစ်ဗိုလ်လေး အဖြစ် တာဝန်ထမ်းခဲ့ဘူးသော ဒေါက်တာထင်အောင်သည် မြန်မာ့လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်သမ္မတ၏ဂုဏ် ထူးဆောင်ကိုယ်ရံတော်အဖြစ် နှစ်အတန်ကြာမျှ ဆောင် ရွက်ခဲ့ရသည့်အပြင် ဗမာ့တပ်မတော်မှလည်း ဂုဏ်ထူးဆောင် ဗိုလ်မှူးကြီးဘွဲ့ ခြီးမြှင့်ခြင်းခံခဲ့ရသည်။

ဒေါက်တာထင်အောင်သည်ခရစ်၁၉၃၄-၄၈ ခုနှစ်အတွင်း အမျိုးသားပညာရေးကောင်စီ၏ အကျိုးဆောင် အတွင်း ရေးမှူးအဖြစ် ဆောင်ရွက်စဉ် အမျိုးသား ကျောင်းများ အတွက် ရန်ပုံငွေရှာပေးရာ၌၎င်း၊ စာပေ သင်ကြားပို့ချရာ၌ ၎င်း ကူညီဆောင်ရွက်ပေးခဲ့သည်။

၁၉၅၈ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော မြန်မာနိုင်ငံ အိမ်စောင့်အစိုးရ လက်ထက်တွင် ဒေါက်တာ ထင်အောင်သည် သီဟို (သီရိလင်္ကာ) နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရလေသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံယူနက်စကိုညီလာခံနှင့် ဘက်မလိုက်နိုင်ငံ များ ကွန်ဖရင့်စသည်များသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက် ဆွေးနွေးခဲ့ရပြီး ၁၉၆၂ ခုနှစ်တွင် ကိုလံဘိုစီမံ ကိန်းကောင်စီ နာယကအဖြစ် ဆောင်ရွက် ခဲ့ရလေသည်။ သံအမတ်ကြီးရာထူးမှ အနားယူပြီးသောအခါ ဒေါက်တာ ထင်အောင်သည် နိုင်ငံခြားတက္ကသိုလ်များသို့ သွားရောက် လျက် စာပေဟောပြောပို့ချနေရာမှ အသက်အရွယ်ကြီးမှင့် သဖြင့် အမိနိုင်ငံသို့ ပြန်လာခဲ့လေသည်။

ဒေါက်ထင်အောင်သည်အင်္ဂလိပ်ဘာသာဖြင့်ဆောင်းပါး များ၊ ကဗျာများနှင့် စာအုပ်အများအပြား ရေးသားခဲ့ရာ မြန်မာပြဇာတ်များ (၁၉၃၇)၊ မြန်မာ့ရိုးရာ ပုံပြင်များ (၁၉၄၈)၊ မြန်မာ့ဥပဒေပုံပြင်များ (၁၉၆၁)၊ မြန်မာဗုဒ္ဓ ဘာသာရိုးရာ အခြေအမြစ်များ (၁၉၆၂)၊ အခွင့်ခံ ဒေါင်း

အိုးဝေ (၁၉၆၅)၊ မြန်မာ့သံသာ့ပုံပြင်များ(၁၉၆၆)၊ အင်္ဂလိပ်မြန်မာစစ်ပွဲတာစူချိန် နှစ်နိုင်ငံ အပြန်အလှန် ပေးစာများ(၁၉၆၇)၊ မြန်မာနိုင်ငံသမိုင်း(၁၉၆၇)နှင့် ၁၂၈၇ ခုနှစ်မတိုင်မီက မြန်မာ့သမိုင်း စသော စာအုပ်များ ပါဝင်ခဲ့လေသည်။

ဒေါက်တာထင်အောင်သည် ၁၉၇၈ ခုနှစ် မေလ ၁၀ ရက်နေ့ အသက် ၆၈ နှစ် အရွယ်၌ ကွယ်လွန် ခဲ့လေသည်။

ထိုင်းနိုင်ငံ။ ။အရှေ့တောင် အာရှဒေသတွင် တည်ရှိသော ထိုင်းနိုင်ငံသည် ၁၉၇၇ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၄၄,၁၆၀,၀၀၀ ရှိပြီး နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်း မိုင်ပေါင်း ၁၉၈,၄၅၅ ခန့်ရှိသည်။ မြို့တော်မှာ ဗန်ကောက်မြို့ဖြစ်သည်။



၁၉၇၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ စစ်ပြေးဒုက္ခသည်ပေါင်း ၉၂,၀၀၀ ခန့် ရှိရာ ထက်ဝက်ကျော်မှာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ကမ်ပူးချားသမ္မတနိုင်ငံနှင့် လောသမ္မတနိုင်ငံတို့မှ ဖြစ်ကြသည်။ အင်ဒိုချိုင်းနား စစ်ပြေးဒုက္ခသည်များပြဿနာသည် ထိုင်းနိုင်ငံနှင့် အင်ဒိုချိုင်းနား နိုင်ငံများ၏ ဆက်ဆံရေးအတွက် အနှောင့်အယှက် တခုဖြစ်ခဲ့သည်ဟု ဆိုသည်။ ထိုင်းအစိုးရသည် အင်ဒိုချိုင်းနား ဒုက္ခသည်များအပေါ် ကူညီမှုများကို နှစ်လအတွင်း ရပ်ဆိုင်းမည်ဟု ကြေငြာခဲ့သည်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီး အူပါဒစ်ပတ်ချာရီယောင်ကွန်ကယာယီဒုက္ခသည်ပေါင်း ၁၆၀,၀၀၀ကျော်မှာ မိမိတို့နိုင်ငံသို့ ဗီယက်နမ်စစ်ပွဲပြီးဆုံးစဉ်ကပင် ရောက်ရှိနေရာ ယခုဆိ စစ်ပြေးဒုက္ခသည်ပေါင်း ၁၁၀,၀၀၀ ကျော်ရှိနေရာ ယင်းဒုက္ခသည်များအား နိုင်ငံအများက ယာယီနိုင်ငံရေး ခိုလှုံခွင့်များပေးခြင်းဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကို တောင်းဆိုကြောင်း ကုလသမဂ္ဂတွင် တင်ပြခဲ့သည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ကရီယန်ဆတ်ချိမာနန်သည် အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့(အေစီယင်)နိုင်ငံများသို့ ၁၂ ရက်ကြာ ခရီးလှည့်လည်ရန်အတွက် ၁၉၇၈ ခု ဖေဖွာရီလ ၁၇ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံသို့ စတင်ခရီးထွက်ခွာခဲ့သည်။ ဗိုလ်ချုပ်ကရီယန်ဆတ်သည် အင်ဒိုနီးရှားသမ္မတ ဆူဟာတို၊ မလေးရှား ဝန်ကြီးချုပ် ဒါတွတ်ဟူစိန်အုန်း၊ ဖိလစ်ပိုင်သမ္မတ မားကို့စ၊ စင်္ကာပူ ဝန်ကြီးချုပ် လီကွမ်ယူ တို့နှင့် တွေ့ဆုံကာ နိုင်ငံတကာရေးရာ ကိစ္စများကို အဓိကထား ဆွေးနွေးခဲ့လေသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးဥပါဒစ်ပချာရီယောင်ကွန်းနှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဗော့ချတာကူစူမတ်မဂျာတို့သည် နှစ်နိုင်ငံပင်လယ်ကြမ်းပြင် နယ်နိမိတ် သတ်မှတ်ရေး သဘောတူညီချက်တခုကို ၁၉၇၈ ခု ဖေဖွာရီလ ၁၈ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ကြသည်။

၁၉၇၈ ခု မတ်လ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံသည် ဘတ်ငွေနှင့် အမေရိကန် ဒေါ်လာတို့၏ ပုံသေ ငွေလဲလှယ်နည်းကို ပယ်ဖျက်လိုက်ကြောင်း ကြေငြာခဲ့သည်။ ထိုသို့ မပယ်ဖျက်မီက ပုံသေလဲလှယ်နှုန်းမှာ အမေရိကန် တဒေါ်လာလျှင် ၂၀ ဒသမ ၃၀ ဘတ်ရှိခဲ့သည်။ ထိုသို့ လုပ်ဆောင်မှုကြောင့် ထိုင်းနိုင်ငံ၏ ကုန်သွယ်ရေးနှင့် ငွေပေးငွေယူရှင်းတမ်း လိုငွေဘတ် သန်းပေါင်းများစွာ ဖြတ်တောက်နိုင်မည်ဟု ထိုင်းအစိုးရက ကြေငြာခဲ့သည်။

ထိုင်းနှင့် လောနိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေး သဘောတူညီချက်တရပ်ကို ၁၉၇၈ ခုမေလ ၁၁ ရက်နေ့တွင် ပဏာမ လက်မှတ် ရေးထိုးကြသည်။

ဗန်ကောက်မြို့ အရှေ့တောင်ဘက် ပတ္တယာကမ်းခြေတွင် ၁၉၇၈ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် ၁၁ ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အေစီယင်) ဝန်ကြီးများအဆင့် အစည်းအဝေး၌ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံတို့နှင့် ဆွေးနွေးခဲ့သည်များကို ပြန်လည် သုံးသပ်ခဲ့သည်။ ထိုအစည်းအဝေး၌ အရှေ့တောင်အာရှ ငြိမ်းချမ်းရေး ဇုံ လွတ်လပ်ရေးနှင့် ကြားနေဒေသ ဖန်တီးရေးတို့ကို ထပ်လောင်း အတည်ပြုခဲ့လေသည်။

ထိုင်းနိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲကို ၁၉၇၉ ခုနှစ် ဧပြီလမတိုင်မီ ကျင်းပမည်ဟုထိုင်းဝန်ကြီးချုပ် ကရီယန်ဆတ်က ကြေငြာပြီး အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လမ်းဖွင့်ပေးမည့် အခြေခံဥပဒေသစ်ကို ထိုင်းအမျိုးသားလွှတ်တော်တွင် တင်ပြဆွေးနွေးခဲ့ကြသည်။ ပုဒ်မပေါင်း ၁၉၁ ခု ပါဝင်သော ဤအခြေခံဥပဒေသစ်သည် အတည်ပြုခြင်းခံရလျှင် ၄၆ နှစ်အတွင်း ၁၃ ခုမြောက်သော ထိုင်းနိုင်ငံ၏ အခြေခံဥပဒေ ဖြစ်လာမည်ဖြစ်သည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေသစ်မူကြမ်းကို အဖွဲ့ဝင် ၃၅၉ ဦးရှိသည့် လွှတ်တော်က ထောက်ခံမဲ ၂၇၆ မဲဖြင့် ၁၉၇၈ ခုဇူလိုင်လ ၁၂ ရက်တွင် အတည်ပြုခဲ့လေသည်။

၁၉၇၈ ခု ဇူလိုင်လ ၁၅ ရက်နေ့တွင် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံ နယ်စပ်ပြဿနာများ ဖြေရှင်းရေး၊ ကုန်သွယ်မှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ သံအမတ်ကြီးများစေလွှတ်ရေးအပေါ် သဘောတူညီမှု ရရှိပြီးဟု ထိုင်းနိုင်ကကြေငြာသည်။ ၁၉၇၈ ခုဇူလိုင်လ ၁၆ ရက်နေ့

တွင် ကမ္ဘောဒီးယား ဒုဝန်ကြီးချုပ် မီယန်ဆရီနှင့်ထိုင်းဝန်ကြီးချုပ် ကရီယန်ဆတ်ချိမာနန်တို့သည် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဗန်ကောက်မြို့၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

၁၉၇၈ ခု ဩဂုတ်လအတွင်း ထိုင်းဝန်ကြီးချုပ် ကရီယန်ဆတ်ချိမာနန် အစိုးရအဖွဲ့ အတွင်းဝန်ကြီး အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ ဝန်ကြီးချုပ်ကိုယ်တိုင် ကာကွယ်ရေးဝန်ကြီး ဌာနကိုတာဝန်ယူခဲ့သည်။

၁၉၇၈ ခု စက်တင်ဘာလ ၄ ရက်နေ့တွင် ထိုင်းနိုင်ငံ ရောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဒီဂူရင်ဂတ်သည် ထိုင်းဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီး စီးပွားရေးရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ၁၉၇၈ ခု စက်တင်ဘာလ ၇ ရက်နေ့ ထိုင်းနိုင်ငံသို့ အလယ်အပတ် ရောက်ရှိနေသော ဗီယက်နမ် ဝန်ကြီးချုပ် ဖန်ဗန်ဒေါင်းနှင့် ထိုင်းဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံ တရားဝင် ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ကရီယန်ဆတ်ချိမာနန် ခေါင်းဆောင်သော အစိုးရသစ်သည် အမျိုးသား ညီညွတ်ရေး ကိစ္စရပ်များကို အလေးထား ဆောင်ရွက်ရင်း စည်းမျဉ်းခံ ဘုရင်စနစ်ကို ကာကွယ်ကာ အိမ်နီးချင်း နိုင်ငံများနှင့်ပါ ချစ်ကြည်ရင်းနှင်းမှု ရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့လေသည်။

ထွန်းမြတ်၊ ဦး၊ နိုင်ငံတော် ကောင်စီဝင် (၁၉၀၆–၁၉၇၈)။ ။နိုင်ငံတော် ကောင်စီဝင် ဦးထွန်းမြတ်ကို ပြည်ခရိုင်၊ ပေါင်းတလည်တိုက်နယ် ပန်းပြင်ကြီး ကျေး ရွာတွင် အဘဦးစံအေး၊ အမိဒေါ်ရွှေမယ် တို့က ၁၉၀၆ ခုနှစ်တွင် ဖွားမြင်သည်။ ပြည်မြို့အထက်တန်းကျောင်း မှ ၁၉၂၃ ခုနှစ်တွင် ဆယ်တန်းအောင် မြင် သည်။ ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ ဘွဲ့ ကို ၎င်း၊ ၁၉၃၇ ခုနှစ်တွင် ပညာရေး ဝိဇ္ဇာဘွဲ့ ကို၎င်းရရှိခဲ့သည်။၁၉၃၀ ပြည့်မှ ၁၉၃၅ ခုနှစ်အထိနှင့် ၁၉၃၇ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ပျဉ်းမနားမြို့အထက်တန်းကျောင်း ကျောင်းအုပ်ကြီးအဖြစ်၎င်း၊ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိသုံးဆယ်မြို့၊ မြို့မအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ပညာအုပ်အဖြစ်၎င်း၊ ၁၉၄၅ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ ပြန်ကြားရေးအရာရှိနှင့် အသံလွှင့်ဌာန ဒုတိယ ညွှန်ကြားရေးဝန်အဖြစ်၎င်း၊ ၁၉၄၉ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တပ်မတော်ပညာရေး တပ်ဖွဲ့အရာရှိ၊ တပ်မတော် အသံလွှင့်ဌာန ဦးစီးအရာရှိ၊ မင်္ဂလာဒုံနှင့် မိတ္ထိလာ တပ်မတော် အထက်တန်းကျောင်းများ ကျောင်းအုပ်နှင့် မေမြို့တပ်မတော် ပညာရေးကျောင်း တပ်မှူးအဖြစ်၎င်း တာဝန်များ ထမ်းဆောင်ခဲ့သည်။



နိုင်ငံတော်ကောင်စီဝင် ဦးထွန်းမြတ်

၁၉၆၂ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ မေမြို့ တပ်မတော် ပညာရေးကျောင်းနှင့် တပ်မတော် ဥပဒေ သင်တန်းတပ်မှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်သော စစ်ကိုင်းရွာသစ်ကြီး တိုင်းရင်းသား ဖွံ့ဖြိုးရေး သိပ္ပံညွှန်ကြားရေးမှူးအဖြစ် ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ အခြေခံပညာရေး ဦးစီးဌာန၊ ပညာရေး အထူးအရာရှိအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီးနောက် အငြိမ်းစားယူခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ပြည် မဲဆန္ဒနယ် အမှတ် ၂ ပြည်သူလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး ၁၉၇၈ ခုနှစ် ဒုတိယအကြိမ် ပြည်သူလွှတ်တော်တွင် နိုင်ငံတော် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

ဦးထွန်းမြတ်သည် နိုင်ငံတော် ကောင်စီဝင်အဖြစ် တာဝန် ထမ်းဆောင်ဆဲ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်အသက် ၇၄ နှစ် အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ဇနီးဒေါ်အေးအေးမြင့်နှင့် သားသမီးလေးယောက် ကျန်ရစ်သည်။

ထွန်းရွှေ၊ ဦး၊ ကဗျာ့စွယ်စုံ (မြန်မာ ၁၂၆၈–၁၃၄၀)။ ။ကဗျာ့စွယ်စုံကျမ်းပြုဆရာအဖြစ်ဖြင့် ထင်ရှားသော ဦးထွန်းရွှေသည် သထုံခရိုင် ကျိုက္ကော်ရွာတွင် အဖ ဦးသာဖူး အမိဒေါ်ညိမ်းသူတို့မှ မြန်မာ သက္ကရာဇ် ၁၂၆၈ ခုနှစ် နှောင်းတန်ခူး လဆုတ် ၃ ရက် စနေနေ့၌ ဖွားမြင်ခဲ့သည်။ မွေးချင်း ကိုးယောက်ရှိသည့်အနက် ခြောက်ယောက်မြောက် ဖြစ်သည်။

ငယ်စဉ်က ခုနစ်တန်းအထိ ပညာသင်ကြားခဲ့ပြီး ရဟန်းဘဝနှင့် ဓမ္မာစရိယတန်းအထိ ပညာသင်ကြားခဲ့သည်။ ရဟန်းဘွဲ့မှာ ဦးနန္ဒမေဓာ ဖြစ်သည်။ မန္တလေးမြို့၊ ပခုက္ကူ



ကဗျာ့စွယ်စုံ ဦးထွန်းရွှေ

မြို့နှင့် မြင်းခြံ နယ်မှူလဋ္ဌိကာ နာမည်ကျော် ဖက်ပင်အိုင် ဆရာတော်၊ ရမည်းသင်းနယ် ညောင်လွန် တောရဆရာတော် စသည်တို့ထံ၌ ပညာ သင်ကြားခဲ့သည်။

ပခုက္ကူမြို့မဟာဝိသုတာ ရာမတိုက်၌ ပညာ သင်ကြားယင်း အသက် ၂၀ အရွယ်မှစ၍ သူရိယမဂ္ဂင်း၊ဒဂုန်မဂ္ဂင်း စသည်တို့တွင် ဆောင်းပါး, ကဗျာတို့ကို စတင်ရေးသားခဲ့သည်။

သထုံမြို့ ပုပ္ပဝါရုံစာသင်တိုက်၌ ရဟန်းဘဝဖြင့်စာချယင်း ကဗျာစွယ်စုံကျမ်းကြီး (၁၂၉၂) ကို ရေးသားပြုစုခဲ့သည်။ ထို့ပြင် ပိဋကတ်လက်ညှိုးကျမ်း(၁၂၉၀)၊ ယောဂီလမ်းညွှန်နှင့် ယောဂီရှင်းတမ်း (၁၂၉၆)၊ ပဌမ်ထွက်ရပ်ကျမ်း (၁၂၉၇) စသည်တို့ကိုလည်း ရဟန်းဘဝနှင့် ရေးသားခဲ့သည်။

အသက် ၃၂ နှစ်တွင် လူဝတ်လဲခဲ့ပြီးနောက် စစ်ကြို ခေတ်က ဇီဝဋ္ဌာယီဦးစံလှ ထုတ်ဝေခဲ့သော ရွှေမေတ္တာမဂ္ဂဇင်းတွင် ဘုရားဟော ကျန်းမာရေးနှင့် ကံဉာဏ်ဝိရိယပြုပြင်ရေး(၁၂၉၇) ဘောဂပေဒပညာ (၁၂၉၈) စသော ပုံသေအခန်းများကို ပင်တိုင်ဆောင်းပါးရှင် အဖြစ်ဖြင့် လစဉ် တာဝန်ယူ ရေးသားခဲ့သည်။ ထိုအချိန်က ဦးထွန်းရွှေ၏ ကလောင်အမည်များမှာ ဘရွှေ၊ ကလောင်ရွှေ၊ ခင်ထွေး၊ ထွန်းရွှေ မေခ–စသည်တို့ ဖြစ်သည်။

စစ်ပြီးခေတ်၌ ဗုဒ္ဓဓမ္မလောက စာစောင်တွင် အယ်ဒီတာအဖြစ်ဖြင့်ရင်း၊ ဘွင်းဘွင်းသတင်းစာ၌ အယ်ဒီတာအဖွဲဝင်နှင့် ပင်တိုင်ဆောင်းပါးရှင် အဖြစ်ဖြင့်ရင်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

အလွတ်ပညာသင်ကျောင်းများ၌ အထက်တန်းပြဆရာ အဖြစ်လုပ်ကိုင်ခဲ့သည်။ အလွတ်ပညာသင်ကျောင်းများကို ပြည်သူပိုင် ပြုလုပ်ပြီးသောအခါ အစိုးရကျောင်းများနှင့် ညကျောင်းများတွင် အထက်တန်းပြ ဆရာအဖြစ် ဆက်လက်လုပ်ကိုင်ခဲ့ပြန်သည်။

ဦးထွန်းရွှေသည် ဝိုင်အမ်ဘီအေခေါ်–ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းတွင် အမှုဆောင်အဖြစ်ဖြင့်ရင်း၊ အစိုးရတောင်တန်း သာသနာပြု အဖွဲ့ကြီးတွင် တွဲဖက်အတွင်းရေးမှူးအဖြစ်ဖြင့်ရင်း၊ ပါဠိမြန်မာပညာရှိကြီးများ အစည်းအရုံးတွင် အတွင်းရေးမှူးအဖြစ်ဖြင့်ရင်း နှစ်ပေါင်းများစွာ တာဝန်ယူ လုပ်ကိုင်ခဲ့သည်။

ထိုသို့လုပ်ကိုင်ယင်း ၁၃၁၆ ခုနှစ်၌ တောင်တန်း သာသနာ ခြောက်နှစ်တာ၊ အခြေပြုဗုဒ္ဓဘာသာ သင်ခန်းစာ၊ ဩကာသ အလင်းပြ စာအုပ်များကို ရေးသားခဲ့သည်။ ယင်းကျမ်း စာအုပ်များအနက် အခြေပြု ဗုဒ္ဓဘာသာသင်ခန်းစာမှာ တောင်တန်းသာသနာပြု ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်းခံရသည်။

ခရစ် ၁၃၂၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရ၏ ပန်ကြားချက်အရ ကချင်ပြည်နယ် ကျောင်းဆရာများအား မင်္ဂလာသင်တန်း သွားရောက်ပြသစဉ်က "၃၀–ဖြာ မင်္ဂလာကဗျာ" ကို ဖွဲ့ဆိုရေးသားခဲ့သည်။ ယင်းနှစ်၌ပင် 'ပဉ္စသီဓမ္မဂီတိအချိုးကဗျာများ' ကိုလည်း ဖွဲ့ဆိုရေးသားခဲ့သေးသည်။

ဦးထွန်းရွှေသည် ဆဋ္ဌသံဂါယနာခေတ်တွင် 'သံဂါယနာဖြစ်စဉ်ကျမ်း' (၁၃၁၆)ကို ရေးသားကာ ကိုယ်တိုင်ထုတ်ဝေခဲ့သည်။

ထိုနှစ်မှာပင် ဆာဦးသွင် တောင်းပန်ချက်အရ "ဗိုလ်တထောင် စေတီတော် သမိုင်းသစ်"ကို ရေးသားခဲ့သည်။ သို့သော် စာအုပ်အဖြစ် မရိုက်ဖြစ်ခဲ့ပေ။

၁၃၁၉ ခုနှစ်တွင် ဆာဦးသွင် တောင်းပန်သောကြောင့်ပင် "ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ အတ္ထုပ္ပတ္တိသမိုင်းကျမ်းကြီး" ကို ရေးသားခဲ့ရာ ကမ္ဘာအေးဗုဒ္ဓသာသနာ့ ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ထို့ပြင် ကျောင်းသားများအတွက် ကျောင်းသားများအဖို့ မြန်မာစာ(၁၃၂၀)။ အခြေပြု စာစီစာကုံး(၁၃၂၁)၊ အခြေပြု ကဗျာဖွဲ့နည်း (၁၃၂၃)၊ ဂုဏ် ရသ အလင်္ကာစိစစ် ဖြေဆိုနည်း (၁၃၃၀)၊ အခြေပြု မြန်မာသဒ္ဒါနှင့် အသုံးအနှုန်း(၁၃၃၂) စသည်တို့ကိုလည်း ရေးသားခဲ့သေးသည်။ ယင်းတို့အနက် အခြေပြု ကဗျာဖွဲ့နည်းမှာ ၁၃၂၈ ခုနှစ်မှစ၍ အထက်တန်းကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်းခံရသည်။ သူ၏ 'ကဗျာစွယ်စုံကျမ်းကြီး' မှာကား ၁၃၂၂ ခုနှစ်ကပင် တက္ကသိုလ်ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

ဦးထွန်းရွှေသည် အသက် ၇၀ ကျော်တွင် "ကျွန်ုပ်၏ ဘဝ မှတ်တမ်းကဗျာ ဒဿနိကကျမ်း" အမည်ရှိ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကျမ်းကိုလည်း သံပေါက် ကဗျာများဖြင့် ရေးသားပြုစုခဲ့သေးသည်။

ဦးထွန်းရွှေသည် ပထမဆုံးဖွဲ့စည်းသော မြန်မာစာကော်မရှင်တွင် အဖွဲဝင်တဦးအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဦးထွန်းရွှေသည် ၁၉၇၈ ခုနှစ်တွင် ရန်ကုန်မြို့မှ ဇာတိဖြစ်သော ကျိုက္ကော်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ယင်းသို့နေထိုင်ရင်း ၅ လမျှအကြာ ၁၉၇၈ ခု အောက်တိုဘာလ ၁၃ ရက် အသက် ၇၂ နှစ်အရွယ်တွင် ကျိုက္ကော်၌ပင်ကွယ်လွန် အနိစ္စဓောက်ခဲ့သည်။

ဒေသကောလိပ်။ ။တိုင်းပြည်၏ ကုန်ထုတ် လုပ်မှုကို အထောက်အကူပြုသော အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြား တတ်မြောက်ရေးကို အလေး အနက်ထား၍ ဒေသကောလိပ်များကို ဖွင့်လှစ်ခဲ့သည်။ ဒေသအလိုက် ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုသော အသက်မွေးဝမ်းကျောင်းပညာရပ်များကို အထက်တန်း ပညာသင်အဆင့်၌ ကျယ်ကျယ် ပြန့်ပြန့် သင်ကြားပို့ချ ပေးနိုင်ရန် နိုင်ငံတော် အစိုးရက စီမံဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်လေသည်။

၁၉၇၆–၇၇ ခုနှစ်မှအစပြု၍ ဒေသကောလိပ်များကို ဖွင့်လှစ်ခဲ့ရာ ၁၉၇၈ ခုနှစ် ၌ တိုင်းနယ်ပြည်နယ် ပေါင်း ၁၂ ခု၌ ဒေသကောလိပ် ပေါင်း ၂၀ တိတိဖွင့်လှစ် နိုင်ခဲ့ပြီးဖြစ်လေသည်။

တိုင်းနယ်၊ ပြည်နယ်များ၌ ဖွင့်လှစ်ထားသည့် ဒေသကောလိပ်များသည် အခြေခံ အထက်တန်းစာမေးပွဲကို "က" အဆင့်ဖြင့် စာမေးပွဲ အောင်မြင်ခဲ့သူများနှင့် စက်မှုလက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်း ကျောင်း များမှ အထူးအောင်မြင်ခဲ့သူများကိုလက်ခံ သင်ကြားပေးလေသည်။ ဒေသကောလိပ်၏ ပညာသင်ကာလမှာ နှစ်နှစ် ဖြစ်သည်။ ဒေသကောလိပ် အသီးသီးမှ စာမေးပွဲ အောင်မြင်ခဲ့သူများကို ဒီပလိုမာ လက်မှတ်ပေးအပ်မည်ဖြစ်လေသည်။

ဒေသကောလိပ်မှ စာမေးပွဲအောင်မြင်ခဲ့ကြောင်း ဒီပလိုမာ လက်မှတ်ရရှိပြီး အလုပ်ခွင်သို့ဝင်ရောက် အသက် မွေးဝမ်းကျောင်းပြုလိုသူများသည် အစိုးရနှင့် သမဝါယမပိုင် စက်ရုံ အလုပ်ရုံများသို့ သွားရောက်၍ လုပ်ငန်း များကို လက်တွေ့လုပ်ကိုင် သင်ကြားကြရမည်ဖြစ်သည်။ လက်တွေ့



စာပေဗိမာန် ပုံနှိပ်တိုက်တွင် ပုံနှိပ်ပညာရပ်များကို သင်ယူနေကြသော ဒေသကောလိပ် ဒုတိယနှစ်သင်တန်းမှ ကျောင်းသား ကျောင်းသူများ၊

၁၉၇၀-၇၉ ခု ပညာသင်နှစ်တွင် ဒေသကောလိပ်အသီးသီးရှိ သင်ကြားပေးလျက်ရှိသောလုပ်ငန်းအတတ်ပညာများ

အ	လုပ်ငန်းအတတ်ပညာများ ဒေသကောလိပ်များ	ဧည့်သွယ်ရေး	လယ်ယာစီးပွား	သစ်တောစီးပွား	သတ္တုတွင်းလုပ်ငန်း	တိရစ္ဆာန်ထွက်ကုန်	ရေလုပ်ငန်း	စက်မှုလုပ်ငန်း	ဓာတုဗေဒ	ဆေးပညာရေး	ကျောင်းဆရာ	ဘဏ္ဍာရေး	ကုန်သွယ်ရေး	ဘဏ်လုပ်ငန်း	ရုပ်ပုံဆွဲခြင်း	ဗိသုကာ	ဗဟုသုတ	ဝန်ထမ်းဆိုင်ရာ
၁	မြစ်ကြီးနား					×			×		×					×			×
၂	ဘားအံ					×			×		×					×			
၃	မုံရွာ				×	×			×		×				×	×			
၄	ရွှေဘို				×	×			×		×				×	×			
၅	ထားဝယ်		×					×		×		×							×
၆	ပဲခူး					×	×		×	×	×				×	×			
၇	ရွှေတောင်	×				×		×	×		×				×	×			
၈	ပခုက္ကူ။					×	×				×					×			×
၉	ရေနံချောင်း					×	×				×					×			×
၁၀	မန္တလေး	×				×	×	×	×	×	×				×	×			×
၁၁	မိတ္ထီလာ	×				×		×	×		×				×	×			×
၁၂	မော်လမြိုင်		×			×	×		×	×	×	×			×	×			×
၁၃	စစ်တွေ			×		×	×		×		×				×	×			×
၁၄	ရန်ကုန် (၁)	×		×		×	×	×	×	×	×	×	×	×	×	×	×		×
၁၅	ရန်ကုန် (၂)	×		×		×	×	×	×	×	×	×	×	×	×	×		×	×
၁၆	ရန်ကုန် (၃)	×		×		×	×	×	×	×	×	×	×	×	×	×			×
၁၇	တောင်ကြီး		×	×		×			×		×				×	×			
၁၈	လားရှိုး		×			×			×		×					×			×
၁၉	ပုသိမ်					×	×	×	×	×	×				×	×			×
၂၀	ဟသံဝတီ																		

လုပ်ငန်းခွင်သင်တန်းကာလမှာ တနှစ်ဖြစ်သည်။ လုပ်ငန်းခွင်သင်တန်းမှ အောင်မြင်ခဲ့သူများအား လုပ်ငန်းခွင်ကျမ်းကျင်မှုလက်မှတ်များ ပေးအပ်မည်ဖြစ်လေသည်။

လုပ်ငန်းခွင်သင်တန်း အသီးသီးသို့ တက်ရောက်၍ ပညာမဆည်းပူးလိုသူများသည် တက္ကသိုလ်ဝင်ခွင့် ရွေးချယ် စီစစ်ရေး အစီအစဉ်အရ တက္ကသိုလ်များသို့ ဆက်လက် တက်ရောက်နိုင်ကြမည် ဖြစ်လေသည်။

၁၉၇၇-၇၈ ခုနှစ် ပညာသင်နှစ်တွင် ပထမနှစ် သင်တန်းသား ၁၇,၄၂၂ နှင့်ဒုတိယနှစ်သင်တန်းသား ၁၀,၁၉၆ ရှိခဲ့ပြီး ၁၉၇၈-၇၉ ခုနှစ် ပညာသင်နှစ်တွင် ပထမ နှစ် သင်တန်းသား ၁၆,၄၂၅ ယောက်နှင့် ဒုတိယနှစ် သင်တန်းသား ၁၅,၉၃၉ ယောက် ရှိလေသည်။

ပညာရေးဝန်ကြီး ဌာနသည် ဒေသကောလိပ် စီမံချက်ကိုအကောင် အထည် ဖော်ရာ၌ သက်ဆိုင်ရာ တိုင်းနယ်၊ ပြည်နယ် ပြည်သူကောင်စီများနှင့် ပူးပေါင်းညှိနှိုင်း၍ လုပ်သားပြည်သူများ၏ အကူအညီကို ရယူဆောင်ရွက်ခဲ့သည်။ လုပ်ငန်းအတတ်ပညာများကို ထိရောက်စွာ သင်ကြားပေးနိုင်ရေးအတွက်၎င်း၊ လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက်၎င်း ဝန်ကြီးဌာနအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့လေသည်။

ဓနသဟာယနိုင်ငံများ။ ။ယခုအခါ ဓနသဟာယဟူ၍ ထင်ရှားသော အဖွဲ့အစည်း၏ အမည် အပြည့်အစုံမှာ ငြိတိသျ ဓနသဟာယ နိုင်ငံများဟူ၍ ဖြစ်သည်။ တချိန်က ငြိတိသျ အင်ပိုင်ယာတွင် ပါဝင်ခဲ့ပြီးနောက် လွတ်လပ်ရေး ရရှိလာခဲ့ကြသော နိုင်ငံများကို စုစည်း ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် ကျင်းပခဲ့သော အင်ပီးရီးယယ် ကွန်ဖရင့်တခုမှ ငြိတိသျ ဓနသဟာယ နိုင်ငံများအဖွဲ့ကို ဖွဲ့စည်းရန် သဘောတူညီခဲ့ပြီး ၁၉၃၁ နှစ်တွင်ဝက်စမင် စ တာစတက်က်ျ။ဖြင့် ထိုအဖွဲ့ကို ဖွဲ့စည်း အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပေသည်။ အဖွဲ့ဝင် နိုင်ငံများသည် စီးပွားရေး၊ သိပ္ပံ၊ ပညာရေး၊ ဘဏ္ဍာရေး၊ တရားဥပဒေရေးနှင့် စစ်ရေး ကိစ္စများတွင် အချင်းချင်း တိုင်ပင်ညိနှိုင်းကာ ယိုင်းပင်းဆောင်ရွက်ကြပေသည်။

ယခုအခါ ဓနသဟာယ နိုင်ငံများအဖွဲ့တွင် အဖွဲ့ဝင် ၃၅ နိုင်ငံ ရှိသည်။ ယင်းတို့မှာ ငြိတိန်၊ ဩစတြေးလီးယား၊ ဗဟားမား၊ ဗင်္ဂလားဒေ့ရှ၊ ဗာဗေးဒို့၊ ဗေဉ့ဆွာနာ၊ ကနေဒါ၊ စိုက်ပရပ်၊ ဖီဂျီ၊ ကမ်ဗီယာ၊ ဂရေနေဒါ၊ အိန္ဒိယ၊ ဂျမေကာ၊ လီဆိုသို့၊ မာလာဝီ၊ မလေးရှား၊ မော်လတာ၊ မောရစ်ရပ်၊ နယူးဇီလန်၊ ပါးပူးဝါးနယူးဂင်းနီ၊ ဆီယားရာလီအွန်း၊ စင်္ကာပူ၊ ဆွာဇီလန်၊ တွန်ဂါ၊ အနောက်ဆာမိုဝါး၊ ဇမ်ဘီးယား၊ ဂါနာ၊ ဂိုင်ယာနာ၊ ကင်ညာ၊ နိုင်ဂျီးရီးယား၊ သီရိလင်္ကာ၊ တန်ဇားနီးယား၊ ထရင်နီဒက်နှင့် တိုဗားဂို၊ ဆေရှဲနှင့် ယူဂန်းဒါး နိုင်ငံတို့ဖြစ်ကြသည်။ နော်ရူနိုင်ငံသည် ငြိတိသျ ဓနသဟာယတွင် အထူးအဖွဲ့ဝင် နိုင်ငံဖြစ်သည်။ အင်တီဂွာ၊ ဒိုမီနီကာ၊ဗာဘျုင်စသည့် ကယ်ရစ်ဗျန် ပင်လယ်တွင်းမှ ကျွန်းငယ်များသည်လည်း ငြိတိသျ ဓနသဟာယ လှုပ်ရှားမှုများတွင် ပါဝင်လေ့ ရှိကြသည်။

ဓနသဟာယ အဖွဲ့ဝင် နိုင်ငံများ အားလုံး၏ စုစုပေါင်း အကျယ်အဝန်းသည် ဧရိယာ စတုရန်း မိုင်ပေါင်း ၁၀ သန်း ကျော်ရှိပြီး၊ လူဦးရေ သန်းပေါင်း ၉၀၀ ခန့်ဖြစ်ပေသည်။

အဖွဲ့ဝင် နိုင်ငံများ၏ အမြဲတမ်း အတွင်းရေးမှူးအဖွဲ့ကို ၁၉၄၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင် နိုင်ငံများမှ ဝန်ကြီးချုပ်များ အစည်းအဝေးနှင့် ဘဏ္ဍာရေး ဝန်ကြီးများ အစည်းအဝေးကိုလည်း အလျင်းသင့်သလို ကျင်းပကာ အဖွဲ့ဝင် နိုင်ငံအချင်းချင်းညိနှိုင်းတိုင်ပင်ကြပေသည်။

၂၁ ကြိမ်မြောက် ဓနသဟာယ နိုင်ငံအကြီးအကဲများ အစည်းအဝေးကို လန်ဒန်မြို့တွင် ၁၉၇၇ ခုနှစ် ဇွန်လ ဂ ရက် နေ့မှ ၁၅ ရက်နေ့ထိ ကျင်းပခဲ့ရာ အဖွဲ့ဝင် နိုင်ငံ ၃၃ နိုင်ငံမှ နိုင်ငံအကြီးအကဲ ၂၆ ဦးနှင့် ဝန်ကြီးအဆင့်ရှိသူ ခုနစ်ဦး တက်ရောက်ခဲ့ကြသည်။ ယင်းအစည်းအဝေးမှ နိုင်ငံရေး၊ လူအခွင့်အရေး၊ စီးပွားရေးတို့နှင့် ပတ်သက်သော ကြေညာချက်တစောင်ကို ထုတ်ပြန်ကြေငြာခဲ့သည်။

ဓာတုဗေဒ ကုန်ထုတ်လုပ်ငန်း။ ။ဓာတုဗေဒ ကုန်ထုတ်လုပ်ငန်း ဆိုသည်မှာ ကျောက်မီးသွေး၊ ဆား၊ ထုံးကျောက်၊ ကန်၊ လေ၊ ရေနှင့် ရေနံကဲ့သို့သော ကုန်ကြမ်းမျိုးကို အခြေခံ၍ အခြားစက်မှုလုပ်ငန်းတွင် အသုံးပြုနိုင်မည့် ဒြပ်ပေါင်းများ ဖြစ်အောင် ပြုလုပ်သည့် လုပ်ငန်းပင် ဖြစ်သည်။ တနည်းဆိုရသော် ဒြပ်စင်များနှင့် ဒြပ်ပေါင်းများကို အသုံးပြုပြီး ဆင်သီစစ်ခေါ် ဓာတ်ပေါင်းစပ်နည်းဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းပင် ဖြစ်သည်။

ဓာတုဗေဒ ကုန်ထုတ်လုပ်ငန်းသဘောကို စတင်စဉ်းစားမိသူမှာ ပြင်သစ်လူမျိုး သိပ္ပံပညာရှင် နီကိုဗပ် လီဘလန့်ပင် ဖြစ်သည်။ ၁၇၉၀ ပြည့်နှစ်တွင် လီဗလန့် သည် ဂိုးဂိုးဆားကို အခြေခံပြီး ဆိုဒီယမ် ကာဗွန်နိတ် ဖြစ်အောင် စမ်းသပ်ပြုလုပ်ခဲ့သည်။ ဤအောင်မြင်မှုကို အခြေခံ၍ အခြားသိပ္ပံပညာရှင်များက ဆက်လက်၍ သုတေသန ပြုလုပ်ပြီ ဆိုဒီယမ် ကာဗွန်နိတ်ကို စီးပွားဖြစ် အကြီးအကျယ် ထုတ်လုပ်ခဲ့သည်။ ဤကဲ့သို့ ဆိုဒီယမ် ကာဗွန်နိတ်ကို ထုတ်လုပ်



ဓာတုဗေဒနည်းဖြင့် ပေါ်စပ်ထားသော ဆေးများဖြင့် ပြောင်းဖူးများ၏ ကြီးထွားမှုစံနှုန်းကို စမ်းသပ်နေပုံ

စဉ် ဟိုက်ဒရိုကလောရစ် အက်ဆစ်သည် ဘေးထွက်ပစ္စည်း အဖြစ် ထွက်လာကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက တွေ့ရှိခဲ့ပြန်သည်။ စူးစမ်းမှုများကို ဆက်လက်ပြုလုပ်ခဲ့ရာ၌ ဟိုက်ဒရိုကလိုရစ် အက်စစ်ကို မန်ဂနိ ဒိုင်အောက်ဆိုက်ဖြင့် ဓာတ်တိုးခြင်း ပြုပေးပါက ကလိုရင်းဓာတ်ငွေ့ကို ရနိုင်ကြောင်း သိရှိခဲ့သည်။ ထို့ပြင် ယင်းကဲ့သို့ ရရှိသော ကလိုရင်းဓာတ်ငွေ့ကို ဖောက်ထားသော ထုံးဖြင့် ပေါင်းစပ် ပေးလျှင် အရောင်ချွတ်ဆေးမှုန့် ရကြောင်း ထပ်မံ သိခဲ့ရပြန်သည်။ သို့သော် ယင်းနည်း၌ မန်ဂနိ ကလိုရိုက်များ အနည်ထိုင်ကျန်ရစ်ခဲ့သည်ကို တွေ့ရသဖြင့် ဘဂဂ္ဂ ခုနှစ်မတိုင်မီ ထို့ထက် ကောင်းမွန်သော နည်းဖြင့် အရောင်ချွတ်ဆေးမှုန့် ထုတ်လုပ်မှုကို တီထွင်ခဲ့သည်။

ဘဂ္ဂဖ ခုနှစ်တွင် ဗြိတိသျှသိပ္ပံပညာရှင် ဝီလျံ ဟင်နရီ ပါကင် သည် ကျောက်မီးသွေးမှ ထွက်သော ကတ္တရာကို ကုန်ကြမ်းအဖြစ်သုံးပြီး ဇီဝဓာတုဗေဒနည်းဖြင့် ပစ္စည်းထုတ်လုပ်ရန်စူးစမ်းခဲ့သည်။ နောင်အခါ ပလပ်စတစ်သုတ်ဆေး၊ ရေမွှေး၊ ဆိုးဆေး၊ ဆေးဝါး၊ ပုံနှိပ်မင်၊ ဆောက်လုပ်ရေးပစ္စည်း၊ ပေါင်းပင် သတ်ဆေးနှင့် ပိုးသတ်ဆေး စသော ပစ္စည်းများကို ကတ္တရာမှ ထုတ်လုပ်လာကြသည်။ စူးစမ်းမှုများ ဆက်လက်လုပ်ဆောင်ခဲ့ရာမှ ကတ္တရာကို အသုံးပြု၍ ဆိုးဆေးများကို အောင်မြင်စွာ ထုတ်လုပ် နိုင်ခဲ့သည်။ ပါကင်သည် ဘဂ္ဂဂ ခုနှစ် ဒီဇင်ဘာလတွင် ဆိုးဆေးစက်ရုံ တရုံကို တည်ဆောက်ပြီး ဆိုးဆေးများ ထုတ်လုပ် ရောင်းချခဲ့သည်။ ထို့နောက် အဆိုပါ ဆိုးဆေးလုပ်ငန်းမှာ ဗြိတိန်နိုင်ငံမှတဆင့် အခြားနိုင်ငံများသို့ ပျံ့နှံ့သွားခဲ့သည်။

ထိုအချိန်၌ပင် သိပ္ပံပညာရှင် အချို့ကလည်း ဇီဝဓာတုဗေဒနည်းဖြင့် ကုန်ချော ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ကုန်ကြမ်းများကို စူးစမ်းရှာဖွေခြင်းပြုရာမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ကြောင်း ထပ်မံတွေ့ခဲ့ကြပြန်သည်။ သဘာဝဓာတ်ငွေ့တွင် ပါဝင်သော မက်သိန်းဓာတ်ငွေ့မှ တဆင့် ကုန်ချောများ ထုတ်လုပ်ရာ၌ အသုံးပြုနိုင်သည့် ဒြပ်ပေါင်းများ ပြုလုပ်နိုင်ကြောင်း ထပ်မံသိခဲ့ရပြန်သည်။ နောင်အခါ သိပ္ပံ ပညာရှင်များသည် မက်သိန်းဓာတ်ငွေ့ကို အခြေခံ၍ ရာဗာတု၊ ပလပ်စတစ်၊ ချည်မျှင်တု၊ ချေးချွတ်ဆေး၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ စသော ပစ္စည်းများကို ထုတ်လုပ်ကြသည်။

ယခုအခါ ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သော ပစ္စည်းများကို နေရာတကာ၌ အသုံးပြုနေကြသည်။ လယ်သမားများသည် သီးနှံပင်များအတွက် ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ပေါင်းပင်သတ်ဆေး တို့ကို အသုံးပြုခြင်းဖြင့် သီးနှံအထွက် ကောင်းအောင် ကြိုးစားနိုင်သည်။ အလားတူပင် မွေးမြူရေးသမားများ အနေဖြင့်လည်း မိမိတို့မွေးထားသော တိရစ္ဆာန်များကြီးထွားစေရန်အတွက် ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သော ဗီတာမင်များကို တိုက်ကျွေးကြသည်။ တဖက်ကလည်း တိရစ္ဆာန်များ ရောဂါမစွဲကပ်နိုင်အောင် ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သော ပဋိဇီဝဆေးများကို တိုက်ကျွေးကြသည်။ ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်သော ချည်တုဖြင့် ရက်လုပ်ထားသည့် အင်္ကျီဖျင်၊ အိပ်ရာခင်းမှအစ အထည်အမျိုးမျိုးတို့ကိုလည်း တွေ့ရသည်။ ဆောက်လုပ်ရေး ပစ္စည်းများထဲ၌လည်း သတ္တုထည်များ အစား ဓာတုဗေဒ နည်းအရ ထုတ်လုပ်ထားသည့် ပလပ်စတစ် ဆောက်လုပ်ရေး ပစ္စည်းအမျိုးမျိုးကို တွေ့ရသည်။ အိုး၊ ခွက်၊ ပန်းကန်စသော မီးဖို ချောင်သုံး ပစ္စည်းအမျိုးမျိုးကိုလည်း ပလပ်စတစ်များဖြင့် လုပ်သည်။ မီးရထား၊ သင်္ဘော၊ မော်တော်ယာဉ်များ ဆောက်လုပ်ရာ၌ပင် ပလပ်စတစ် ပစ္စည်းများကို ထည့်သုံးကြသည်။ ထို့ပြင် လေယာဉ်များတွင် အသုံးပြုသော လောင်စာဆီနှင့် ချောဆီများတွင်လည်း အပူဒဏ်ခံနိုင်ရည် ရှိစေရန်အတွက် ဓာတုဗေဒနည်းဖြင့် စီမံပြုလုပ်ထားသော ဆီအတုများကို ရော၍အသုံးပြုကြသည်။ ယခုအခါ အများဆုံးသုံးစွဲနေကြသော ဆေးဝါးများမှာလည်း ဓာတုဗေဒ နည်းဖြင့် စီမံထားသော ဆေးဝါးများသာဖြစ်သည်။ ရေမွှေး၊ ခေါင်းလိမ်းဆီမှအစ အလှကုန်ပစ္စည်း အမျိုးမျိုးကိုလည်း ဓာတုဗေဒကုန်ကြမ်းများသုံး၍ ထုတ်လုပ်ကြသည်။ လူမှုဆက်ဆံရေး လုပ်ငန်းတွင် အရေးပါသည့် တယ်လီဖုန်း၊ ကြေးနန်း၊ ရေဒီယို၊ ရုပ်မြင်သံကြားစက်၊ ကွန်ပျူတာစက်၊ ဓာတ်ပုံ၊ မင်တံ၊ မင်၊ စက္ကူ၊ ခဲတံ၊ ဝိုင်ယာကြိုးအမျိုးမျိုး ကဲ့သို့သော စက်ပစ္စည်းများကို ထုတ်လုပ်ရာ၌ ပလပ်စတစ် နှင့် ရာဗာတုကဲ့သို့သော ဓာတုဗေဒနည်းဖြင့် ဖော်စပ်ထားသည့် ပစ္စည်းများကို ရောဖက်၍ အသုံးပြုကြသည်။

နမီးဗီးယား သမ္မတနိုင်ငံ။ ။အာဖရိကတိုက်၏ အနောက်တောင်ဖက်တွင် တည်ရှိသဖြင့် အနောက်တောင် အာဖရိက နိုင်ငံ ဟူ၍ ၎င်း၊ထိုဒေသအနောက် မြောက်ပိုင်းရှိ နား မစ်ဘ်သဲကန္တာရကို အစွဲပြု၍ နမီးဗီးယားဟူ၍ဌင်း ခေါ်တွင်သော နမီးဗီးယား ဒေသသည် အာဖရိကတိုက် အနောက်ဖက် အတ္တလန္တိတ် သမုဒ္ဒရာကို မျက်နှာမူလျက် တည်ရှိသော နိုင်ငံတနိုင်ငံဖြစ်သည်။



နမီးဗီးယား နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်း မိုင် ပေါင်း ၃၁၀,၂၆၁ ရှိ၍ ၁၉၇၆ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ဂျ၂,၀၀၀ ကျော်ရှိသည်။ မြို့တော်မှာ ဝင်းဟုတ်ခ် ဖြစ်သည်။

နမီးဗီးယား အရေးနှင့် ပတ်သက်၍ ၁၉၆၆ ခုနှစ်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက နမီး ဗီးယားအား တောင်အာဖရိက နိုင်ငံ၏ ထိန်းသိမ်း စောင့် ရှောက်ခံ နယ်မြေအဖြစ် သက်တမ်း ကုန်ဆုံးကြောင်း ဆုံးဖြတ်ခဲ့သည်။ အဖိုးတန်လှသည့် ယူရေနီယံ သတ္တုမျိုး တူးဖော်တွေ့ရှိထားရာ အာဖရိကတိုက်တောင်ပိုင်း၏ ရတနာ သိုက် တခုဖြစ်နေသော နမီးဗီးယား နယ်မြေကို တောင် အာဖရိက နိုင်ငံက လက်မလွှတ်ခဲ့ချေ။ နမီးဗီးယား ပြည်သားတို့၏ ကိုယ်စားလှယ်အဖြစ် ကုလသမဂ္ဂက လက်ခံ ထားသော ဆွာပိုအဖွဲ့သည် ပြောက်ကျားအင်အား ၄၀၀၀ ခန့်ဖြင့် ၁၉၆၆ ခုနှစ်မှစ၍ ပြောက်ကျားစစ်ပွဲ ဆင်နွှဲပြီး တောင်အာဖရိက၏ အုပ်စိုးမှုကို ဆန့်ကျင်တွန်းလှန်ခဲ့သည်။

၁၉၇၆ ခုနှစ် ဇန္နဝါရီလ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက နမီးဗီးယားဒေသကို တောင်အာဖရိက သမ္မတနိုင်ငံက မတရား သိမ်းပိုက်ထားခြင်းကို ရှုတ်ချ၍ နမီးဗီးယား ဒေသမှ တောင်အာဖရိက အုပ်ချုပ်ရေးကို ရုပ်သိမ်းပြီး ကုလသမဂ္ဂအဖွဲ့၏ ကြီးကြပ်မှုဖြင့် လွတ်လပ် သော ရွေးကောက်ပွဲများ ကျင်းပပေးရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။

၁၉၇၇ ခုနှစ် နိုဝင်ဘာလမှစ၍ အာဖရိက ရွှေတန်း ငါးနိုင်ငံဖြစ်သော ဇမ္ဗီးယား၊ ဗော့ဆွာနာ၊ တန်ဇားနီးယား၊ မိုဇမ်ဗစ်၊ အန်ဂိုလာအစိုးရများ၏ နမီးဗီးယားဒေသ လွတ် လပ်ရေး အဆိုပြုချက်များကို တောင်အာဖရိက သမ္မတ နိုင်ငံက ၁၉၇၈ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် လက်ခံ လိုက်လေသည်။

နမီးဗီးယားလွတ်လပ်ရေးအတွက်တင်ပြသောအနောက် အုပ်စု၏ အစီအစဉ်ကိုအနောက်တောင် အာဖရိက ပြည်သူ့ အဖွဲ့ (ဆွာပို) ဥက္ကဋ္ဌဆမ်နုကျိုမာက ဇူလိုင်လ ၁၂ ရက်နေ့ တွင် လက်ခံလိုက်သည်။ အနောက်အုပ်စု၏ အစီအစဉ်ကို ဆွာပိုက လက်ခံသည့်ကိစ္စနှင့်ပတ်သက်၍ တောင်အာဖရိက အစိုးရက တုံ့ပြန်ရာတွင် နမီးဗီးယား၌ အချင်းပွားမှုများ မရပ်စဲသေးသမျှ တောင်အာဖရိက တပ်များကို နမီး ဗီးယားမှ ရုပ်သိမ်းမည်မဟုတ်ကြောင်း ကြေညာသည်။

နမီးဗီးယား လွတ်လပ်ရေးပေးရန် အနောက်အုပ်စု၏ အဆိုပြုချက်များကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် လက်ခံအတည်ပြုခဲ့ သည်။ နမီးဗီးယားဒေသ လွတ်လပ်ရေးအတွက် အစီအစဉ် များ အကောင်အထည်ဖော်ရန် နည်းလမ်းများ လေ့လာ သုံးသပ်ရန် အထူးကိုယ်စားလှယ် တဦးကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အနေဖြင့် ခန့်ထားပေးရန် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ခဲ့သည်။ ယင်းလုံခြုံရေးကောင်စီကပင် နမီးဗီးယားနိုင်ငံ ထူထောင်သည့်အခါ ဗော်လဗစ် ပင်လယ် အော်ဆိပ်ကမ်းနယ်မြေကို နမီးဗီးယား နိုင်ငံက ပိုင်ဆိုင် ရမည်ဟု မဲဖြင့် ဆုံးဖြတ်ခဲ့သည်။ တောင်အာဖရိက သမ္မတ နိုင်ငံကမူ ယင်းဒေသကို မိမိတို့သာ ပိုင်ဆိုင်သည်ဟု ဖော်ပြ ကန့်ကွက်သည်။

ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသို့ တင်ပြထားသည့် အစီအစဉ်ကို အနောက်တောင် အာဖရိက ပြည်သူ့အဖွဲ့ ခေါင်းဆောင် နူကျိုးမားက ၁၉၇၈ ခု စက်တင်ဘာလ ၉ ရက်နေ့တွင် လက်ခံကြောင်း ကြေငြာသည်။ လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက် ရုပ်လုံးဖော်ရေးကို ဦးတည်လျက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည်ဟု မစ္စတာနူကျိုးမား က ကတိပြုခဲ့သည်။

နမီးဗီးယား လွတ်လပ်ရေးအတွက် တောင်းဆိုချက်များ ကို အားရ ကျေနပ်ဖွယ် လိုက်လျောခြင်းမရှိလျှင် မိမိတို့ က တောင်အာဖရိက ဆန့်ကျင်ရေး ပြောက်ကျားတိုက်ပွဲကို ဆက်လက်ဆင်နွှဲမည် ဖြစ်ကြောင်းဖြင့် အနောက်တောင် အာဖရိက ပြည်သူ့အဖွဲ့ ဆွာပို ခေါင်းဆောင် နူကျိုးမားက ကြေငြာသည်။

နမီးဗီးယားဒေသလွတ်လပ်ရေးရရှိရန်အတွက်အနောက် အုပ်စု အစီအစဉ်ကို ကုလသမဂ္ဂ၏ ကြီးကြပ်မှုဖြင့် အကောင် အထည်ဖော်ရန်ဖြစ်သော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာကိုကုလသမဂ္ဂလုံခြုံရေးကောင်စီက ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် လက်ခံ အတည်ပြုလိုက် သည်၊နမီးဗီးယားဒေသတွင် အာဏာလွှဲပြောင်းရေးအတွက် တရားမဝင်သော တောင်အာဖရိက အစိုးရက အခြားနည်း ဆောင် ရွက် လျှင် တရားမဝင်ကြောင်းဖြင့် လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်၌ ဖော်ပြဆားသည်။

နမီးဗီးယားအရေးသည် လိပ်ခဲတည်းလည်း မပြီးပြတ် သေးပဲ နမီးဗီးယားသည် နိုင်ငံတနိုင်ငံအဖြစ် ရပ်တည်ခြင်း မရှိသေးသော်လည်းအပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့ (အိုင်အယ်အို) ၏ ၁၃၇ ခုမြောက် အဖွဲ့ဝင်နိုင်ငံ အဖြစ် ၁၉၇၈ ခု ဇွန်လ ၂၃ ရက်နေ့တွင် အသိအမှတ်ပြု လက်ခံလိုက်သည်။

၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပ လျက်ရှိသော အထွေထွေ ညီလာခံတွင် အနောက်အုပ်စု ငါးနိုင်ငံနှင့် အာဖရိက သုံးနိုင်ငံတို့က နမီးဗီးယား အရေး နှင့် ပတ်သက်၍ ကုလသမဂ္ဂ ကြီးမှူးသော ရွေးကောက်ပွဲ ကျင်းပရေး အဆိုမူကြမ်းကို လုံခြုံရေး ကောင်စီသို့ တင် သွင်းသည်။

၁၉၇၀ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင်အနောက်တောင် အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပို)အား ဂဂ နိုင်ငံမြောက် ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဘက်မလိုက်နိုင်ငံများအဖွဲ့က အသိအမှတ်ပြုခဲ့သည်။

နမိးဗိးယားလွတ်လပ်ရေးအတွက် ကုလသမဂ္ဂ၏ ပြေလည်ရေး အစီအစဉ်ကိုနှစ်ဦးနှစ်ဖက် အကြေအလည် လက်ခံလိုက်ပါက သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ၁၉၇၉ ခုနှစ်အတွင်း နမိးဗိးယား နိုင်ငံသည် လွတ်လပ်သောနိုင်ငံတနိုင်ငံအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်လေသည်။

နာဂိန္ဒ၊အရှင်၊အဂ္ဂမဟာပဏ္ဍိတ၊ဇီးဖြူကုန်းဆရာတော်
(မြန်မာ ၁၂၄၄ – ၁၃၄၀)။



ဇီးဖြူကုန်းဆရာတော် အရှင်နာဂိန္ဒ

။ ဇီးဖြူကုန်း ဂိုဏ်းအုပ်ဆရာတော် အရှင်နာဂိန္ဒသည်ရွှေဘိုမြို့ ယင်းမာကန်ရွာ ဇာတိ ဖြစ်၍ ခမည်းတော် ဦးဝယ် မယ်တော် ဒေါ်မှိန်းတို့မှ မြန်မာ သက္ကရာဇ် ၁၂၄၄ ခုနှစ် တန်ခူးလဆန်း ၄ ရက် စနေနေ့၌ ဖွားမြင်တော်မူသည်။

အသက်ခုနစ်နှစ်အရွယ်တွင် အဖိုးတော်သူရင်းမာကန် ကျောင်းဆရာတော်အရှင်သံဝရထံတွင် စတင်ပညာသင်ယူခဲ့သည်။ ထို့နောက် ဆရာတော် အရှင်သံဝရထံ၌ပင် ရှင်သာမဏေ ပြုသည်။ သာမဏေဘွဲ့မှာ ရှင်နာဂိန္ဒ ဖြစ်သည်။ ဆရာတော် အရှင်သံဝရမှာ မဟာဗိုလ်ဂိုဏ်းကြီး၏ ဝိနည်းဓိရ်ဖြစ်သဖြင့် ရွှေဘိုတနယ်လုံးက လေးစား ကြောက်ရွံ့ရသော ပုဂ္ဂိုလ်ထူးဖြစ်သည်။

ရှင်သာမဏေပြုပြီးနောက် ဆရာတော် အရှင်သံဝရက ရှင်နာဂိန္ဒအား မန္တလေးမြို့ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဝိဇ္ဇာယာရုမတိုက် ဆရာတော်ဘုရားကြီးထံ စာဖြင့် အပ်နှံစေလွှတ်သဖြင့် မန္တလေးမြို့သို့ ပညာသင် ရောက်ရှိခဲ့ရသည်။

သာမဏေဘဝဖြင့် စာသင်နေစဉ် အသက် ၁၉ နှစ်အရောက်တွင် ဝါးခယ်မမြို့မှ အမိန့်တော်ရ ရွှေနေဦးဖိုးဆင်နှင့် ဇနီးဒေါ်ရွှေမှင်တို့က မန္တလေးမြို့သို့လာ၍ ဒုတိယ ရွှေကျင်သာသနာပိုင် ဖြစ်တော်မူသော မဟာဝိသုဒ္ဓာရုံ ဆရာတော်ဘုရားကြီးထံ စာတော်သော ရဟန်းလောင်းတပါး အလိုရှိကြောင်း လျှောက်ထား ကြသဖြင့် မိုးကောင်းကျောင်းမှ စာချဘုန်းကြီး ဦးစန္ဒောဘာသက ရှင်နာဂိန္ဒကို ရည်ညွှန်းရာမှ ရှင်နာဂိန္ဒအား ခေါ်ယူတွေ့ဆုံ မေးမြန်းသည်တွင် မဟာဝိသုဒ္ဓာရုံ ဆရာတော်ဘုရားကြီးကလည်းသဘောကျ၊ ဦးဖိုးဆင် ဒေါ်ရွှေမှင်တို့ကလည်း ကြည်ညိုလှသဖြင့် ရှင်နာဂိန္ဒကို ရဟန်းတကာ တကာမများက ဝါးခယ်မမြို့သို့ပင့်ဆောင်လာကာ ရဟန်းခံပေးကြသည်။

မဟာဝိသုဒ္ဓာရုံ ဆရာတော်ဘုရားကြီးကိုယ်တိုင် ဝါးခယ်မမြို့သို့ ကြွရောက်ကာ ဥပဇ္ဈာယ်ဆရာအဖြစ် ချီးမြှင့်ရုံမက ဝါးခယ်မမြို့၌ သုံးညတိုင်တိုင် တရားချီးမြှင့်တော်မူသည်။

ယင်းသို့ မဟာဝိသုဒ္ဓာရုံ ဆရာတော်ကြီးကိုယ်တိုင် ကြွရောက် ချီးမြှင့်ရုံမက ဝါးခယ်မမြစ်တွင်း၌ သဘော်ကြီးကို ရေသိမ်ပြုလုပ်ကာ ရဟန်းခံသဖြင့် ရှင်နာဂိန္ဒသည် ၁၂၆၄ ခုနှစ်နယုန်လဆန်း ၁၀ ရက်နေ့တွင်ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

ရဟန်းဖြစ်ပြီးနောက် မဟာဝိသုဒ္ဓာရုံ ဆရာတော်ကြီးနှင့်အတူ မန္တလေးမြို့သို့ ပြန်ကြွလာကာ ရွှေနေရာဟောင်းဖြစ်သော ဝိဇ္ဇာယာရုမတိုက်၌ပင် ပြန်လည်နေထိုင်၍ ဆက်လက် ပညာသင်ခဲ့သည်။ ရဟန်းတော် အရှင်နာဂိန္ဒသည် မန္တလေးမြို့မှ ဝိဇ္ဇာယာရုမဆရာတော်အပြင်အခြား 'ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ လက်ံာရုမဆရာတော်၊ ခေမာသီဝံဆရာတော် စသည်တို့ထံတွင်လည်းပါဠိပိဋကတ်များကိုအဋ္ဌကထာ ဋီကာနှင့်တကွ ဆရာနည်းရအောင် သင်ယူခဲ့သည်။

အရှင်နာဂိန္ဒသည် ရဟန်းသုံးဝါအရတွင် ရဟန်းတကာများ၏ ပင့်လျှောက်ချက်အရ ရန်ကုန်မြို့သို့ ကြွရောက်ကာ ပုဇွန်တောင် ညောင်ကုန်းတိုက် တော်ကူးဆရာတော်ဘုရားကြီးထံ၌ ပညာသင်ကြားသည်။

ယင်းသို့ သင်ကြားနေခိုက် လေးဝါအရတွင်ပုဇွန်ဘောင် နော်မံကျောင်းကြီး၌ ပဲ့စားကြီး ဆာဘိုးသာ ပဲ့ကတော်ကြီး ဒေါ်ပုတို့ ပြုလုပ်ကျင်းပသော ဝိနည်းဓိရ်စာပြန်ပဲ့တွင် ဝိနည်းလေးစောင် ပြန်ဆိုခဲ့သည်။ တဆက်တည်းပင် ယင်းနှစ် တပေါင်းလတွင် ပဲခူးတောင် နီဗွာန်ရွာ စာပြန်ပဲ့၌လည်း သဒ္ဒါ၊ သင်္ဂဟ၊ အာဘိဓာန်၊ ဘေဒစိန္တာ၊ ကစ္စာယန သာရကျမ်းများကို ပြန်ဆိုအောင်မြင်ခဲ့သည်။

ရဟန်းငါးဝါအရ တန်ဆောင်မုန်းလတွင်နော်မံကျောင်းတိုက် ဝိနည်းစာပြန်ပဲ့၌ ဝိဘင်းပါဠိတော်ကြီး နှစ်ကျမ်းကို တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ မျက်မှောက်မှာပင် ကောင်းမွန်စွာ ပြန်ဆို အောင်မြင်ခဲ့သည်။ သာသနာပိုင် ဆရာတော်ကြီး၏အကြံပေးချက်အရ ရဟန်းတော် အရှင်နာဂိန္ဒသည် "မဟာဝိဘင်္ဂရ ဘဒ္ဒန္တနာဂိန္ဒဘိဝံသ"ဟူသော ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည်။

ရဟန်း ခြောက်ဝါအရတွင် ယင်း နော်မံကျောင်းတိုက် ဝိနည်းစာပြန်ပွဲမှာပင် ပါဆုဇီကဏ်ပါဠိတော်၊ ပါစိတ်ပါဠိတော်၊ မဟာဝါပါဠိတော်ကြီး သုံးကျမ်းကို အောင်မြင်ပြန်သည်။ ကျန်စုဥဝါ ပါဠိတော်နှင့် ပရိဝါပါဠိတော်ကြီးများကို ပြန်ဆိုရန် ကျက်နေဆဲ ရှစ်ဝါမြောက်တွင် ကျေးဇူးရှင် တော်ကူးဆရာတော်ဘုရားကြီး ပံ့လွန်တော်မူသဖြင့် မဖြေခဲ့ရချေ။ ထိုနောက် ဗဟန်းရပ် အောင်မြေဘုံစံကျောင်းတိုက်၌ စာချအဖြစ်ဖြင့် ရောက်ရှိလာခဲ့သည်။

ယင်းသို့စာချနေစဉ် ပဲခူးတောင်ဖက် ရစ်ကန်ကြီးရွာ၌ စာမေးပွဲတခု ပေါ်ပေါက်လာရာ ယင်းစာမေးပွဲ၌ ဝိနည်း ငါးကျမ်းပါဠိတော်နှင့် အဋ္ဌကထာများကို ရေးဖြေအောင်မြင်သောကြောင့် "မဟာဝိနယဓရ ဘဒ္ဒန္တ နာဂိန္ဒဘိဝံသ" ဟူသော ဘွဲ့တံဆိပ် ရရှိခဲ့ပြန်သည်။

ထို့နောက် ဒါးပိန်မြို့ တကာများ ပင့်လျှောက်သဖြင့် အောင်မြေဘုံစံ ဆရာတော်ဘုရားကြီး၏ အမိန့်အရ ၁၂၇၆ ခု ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် ဒါးပိန်မြို့ ဇီးဖြူကုန်းကျောင်းတိုက်ကို ဓာလှူခံကာ စာသင်တိုက်အဖြစ် စာပေပို့ချခဲ့သည်။ ဒါးပိန်မြို့ သံဃာတော်များက ဂဏာဓိပတိအဖြစ် တင်မြှောက်ကြသဖြင့် ဇီးဖြူကုန်းဂိုဏ်းအုပ် ဆရာတော်အဖြစ်ဖြင့် ထင်ရှားလာသည်။

စာပေပို့ချယင်း မဟာဗောဓိ မဂ္ဂင်္ဂကထာကျမ်း၊ သုစရိတဝိနိစ္ဆယကျမ်း၊ရင်းမာကန်ရွာ မဟာထေရုပ္ပတ္တိကျမ်းစသည်တို့ကိုလည်း ပြုစုခဲ့သည်။ ထို့ပြင် ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယသံဃာနာယကအဖြစ်ဖြင့်လည်း တာဝန်ယူခဲ့ရသည်။ ဝေဠုဝန် နိကာယ ဂဏရက္ခိတလည်း ဖြစ်တော်မူသည်။

ယင်းသို့ သီလဝန္တ ပရိယတ္တိဆေက ဂန္ထကာရကဖြစ်တော်မူသောကြောင့် ၁၃၂၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာ့ဝန်များကို ယင်းကဲ့သို့ ထမ်းဆောင်ယင်း ၁၉၇၈ ခုနှစ် မေလ ၁ ရက်သက်တော် ၉၆ အရွယ်တွင် ပံ့လွန်တော်မူသည်။

နာဆာအဖွဲ့။ ။အမေရိကန် ပြည်ထောင်စုအစိုးရသည် လေယာဉ်ပညာနှင့် အာကာသ စူးစမ်း ရှာဖွေရေးလုပ်ငန်းတို့ကို သုတေသနပြု၍ တီတွင်လုပ်ကိုင် စေရန်အလို့ငှာ အမျိုးသား လေယာဉ်ပညာနှင့် အာကာသဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့ကို ၁၉၅၈ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ကွန်ဂရက်လွှတ်တော်၌ ပြဋ္ဌာန်း၍ ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ယင်းအဖွဲ့၏အမည်ကို အတိုကောက်အားဖြင့် နာဆာ ဟုခေါ်သည်။ ဤအဖွဲ့ ဖြစ်ပေါ်လာခြင်းမှာ အမေရိကန် ပြည်ထောင်စုနှင့် ရုရှနှစ်နိုင်ငံတို့ အာကာသ သုတေသန လုပ်ငန်းကို အပြိုင်အဆိုင် ပြုလုပ်ရာမှ ဖြစ်သည်။

မူလအစဉ် အမေရိကန် ပြည်ထောင်စုသည် ၁၉၁၅ ခုနှစ်တွင် အမျိုးသား လေယာဉ် ပညာအကြံပေး ကော်မတီကို အစိုးရ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းရန်ပုံငွေ ဒေါ်လာ ၅,၀၀၀ မတည်၍ ဖွဲ့စည်းသည်။ ဖွဲ့စည်းစဉ်က ရည်ရွယ်ချက်မှာ လေယာဉ်ပျံသန်းမှုနှင့် ဆိုင်သော အသိပညာတို့ကို တိုးပွားစေရန် ဖြစ်သည်။ ထိုအဖွဲ့သည် တစတစနှင့် ကြီးပွားလာခဲ့ရာ ၁၉၅၈ ခုနှစ်မတိုင်မီ ကာလသို့ ရောက်သောအခါ အဖွဲ့ထဲ၌ လုပ်သားဦးရေ ၈,၀၀၀ အထိ ဖြစ်လာပြီးလျှင် သုတေသန လုပ်ငန်းဌာန ငါးခုမှ တိုးပွားလာလေသည်။ ယင်း ကော်မတီကို အတိုကောက်အားဖြင့် နာကာဟု ခေါ်သည်။

ဤအတွင်း ရုရှနိုင်ငံသည် ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အချင်း ၂၃ လက်မရှိ၍ ၁၈၄ ပေါင်လေးသော စပွတ်နစ် ၁ ကို အာကာသထဲသို့ လွှင့်တင်လိုက်လေသည်။ ထိုနောက်တဖန် ၁၉၅၇ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ပေါင်ချိန် ၁,၁၂၀ လေးသောစပွတ်နစ် ၂ ကို ထပ်မံ၍ အာကာသထဲသို့ လွှတ်သည်။ ဤအကြိမ်၌ ရုရှတို့သည် ဂြိုဟ်တုထဲတွင် ခွေးကလေး တကောင်ကိုပါ ထည့်၍ လွှတ်သည်။ တတိယ အကြိမ်အားဖြင့် ၁၉၅၈ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ၂,၉၂၅ ပေါင်လေးသော စပွတ်နစ် ၃ ကိုလွှတ်တင်ပြန်သည်။ (၁၄–၃၁၇၊ အာကာသ စူးစမ်းရှာဖွေခြင်း — ရှု။)

ထိုအခါအမေရိကန်တို့က ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၆ရက်နေ့တွင် ပထမ ဗန်ဂတ် ဂြိုဟ်တုကို လွှတ်တင်ရာ မီးလောင်ပျက်စီးသွားသည်။ ၁၉၅၈ ခု ဇန္နဝါရီလ ၃၁ ရက်နေ့တွင် ၁၈ ပေါင် သာသာမျှ လေးသော အိတ်စပလိုရာဂြိုဟ်တုကို လွှင့်တင်သောအခါ၌ကား အောင်မြင်၍ ဗန်အဲလင် ရောင်ခြည်ဖြာထွက်ခြင်း သဘာဝကို ရှေးဦးစွာ တွေ့ရလေသည်။ နောင်သောအခါ ဗန်ဂတ်ဂြိုဟ်တု အစီအစဉ်များကို ဆက်လက်လွှတ်တင်ရာ အောင်မြင်သည်။

ဤသည်တွင် သမ္မတ အိုက်ဆင်ဟောင်းဝါးသည် အတက်၌ ဆိုခဲ့သော ပြဋ္ဌာန်းချက်ကို ကွန်ဂရက် လွှတ်တော်၌ အတည်ပြုစေပြီးသော် နာကာအဖွဲ့ကို ဖျက်သိမ်း၍ နာဆာအဖွဲ့ကို တည်ထောင် ဖွဲ့စည်းသည်။ မူလနာကာ အဖွဲ့၏ သုတေသနဗဟိုဌာနမှာ ဗာဂျီနီယာပြည်နယ်ဟမ်ပတန် အရပ်တွင် တည်ရှိသော လန်ဂလေ သုတေသနဌာန ဖြစ်သည်။ ထိုဌာနကို နာဆာအဖွဲ့က သိမ်းပိုက်၍ အခြားသော အဖွဲ့ပေါင်းများစွာ တို့ကိုလည်း ယင်း၏လက်အောက်သို့ ကံတရိုက်စနစ်ဖြင့် ပူးပေါင်း သိမ်းသွင်းသည်။



ကမ္ဘာ့မြေပြင်နှင့် အာကာသကို အိမ်ဦးနှင့်ကြမ်းပြင်ပမာဥဒဟိုသွားလာနိုင်မှု၏ ပထမခြေလှမ်းအဖြစ် အသုံးပြုရန် အာကာသသွား လွန်းပျံအာကာသယာဉ် အင်တာပရိုက်(စ) ကို ဂျက်လေယာဉ်ကြီး ထစင်း၏ ကျောပေါ်တွင်တင်၍ အာကာသသို့ သယ်ဆောင်သွားစဉ်

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း၌ ဟစ်တလာသည် ဗို့တူးဒုံးလက်နက်ကို သုံးစွဲသည်။ ယင်းလက်နက်ကို တီထွင်သူကား ဂျာမန်လူမျိုး ဗာနာဖွန်ဗရောင်း ဖြစ်သည်။ (နှစ်ချုပ် ၇၈ — ရှု။) ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသောအခါ အမေရိကန် တပ်မတော်သည် ဖွန်ဗရောင်းနှင့်တကွ သူ၏ တပ်ဦးတပန်း ၁၁၈ ဦးတို့ကို အမေရိကန်သို့ ခေါ်ဆောင်သည်။ ထိုနောက် ဗို့တူးနှင့် စပ်ဆိုင်သော ဒုံးပျံလက်နက်တို့ကို သုတေသနပြုသည်။ သမ္မတ အိုက်ဆင်ဟောင်းဝါး လက်ထက်၌ ထိုဂျာမန် ပညာရှင်တို့သည် အမေရိကန်နိုင်ငံသားအဖြစ် ခံယူပြီးလျှင် အဖွဲ့ဝင် အင်ဂျင်နီယာပေါင်း ၄,၆၀၀ ဖြင့် နာဆာအဖွဲ့၏သုတေသန လုပ်ငန်းတို့ကို ဆက်လက်လုပ်ဆောင်ကြသည်။

သို့ရာတွင် ရုရှတို့ပင်လျှင် အာကာသ လုပ်ငန်း၌ အောင်မြင်မှုတခုပြီးတခု ရနေသည်။ ၁၉၆၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ယူရီဂါဂါရင်သည် ဂြိုဟ်တုတွင် သွားကိုယ်တိုင်လိုက်ပါ၍ ကမ္ဘာကို တပတ်ပတ်လေသည်။ ထိုအခါ သမ္မတ ကနေဒီ လက်ထက်သို့ ရောက်နေပြီဖြစ်ရာ ကနေဒီသည် မူလ အုပ်ချုပ်သူ ဂလင်နင်၏ နေရာ၌ ဂျိမ်းဝတ်ကို အစားထိုး၍ နာဆာအဖွဲ့၏ လုပ်ငန်းဆောင်တာတို့ကို ပိုမိုကောင်းမွန်အောင် ပြုပြင်စီမံလေသည်။ ကနေဒီ၏ လက်ထက်တွင် ပါမောက္ခ ဟာဦးယူရေနှင့် ရောဗတ် ဂျက်စထရိုးတို့က လဗိမာန်သို့ လူသွားရောက်ရန် စီမံကိန်းများကို ချမှတ်၍ တိုက်တွန်းအားပေး လုပ်ဆောင်ကြသည်။ ယခုခေတ်၌ မူကား ဂျိမ်းဖလက်ချားက နာဆာအဖွဲ့ကို ဦးဆောင်၍ အုပ်ချုပ်လျက်ရှိသည်။

နာဆာအဖွဲ့ကို ဖွဲ့စည်းစဉ်က ရည်ရွယ်ချက် ရှစ်မျိုးကို ချမှတ်ခဲ့သည်။ ပထမ ရည်ရွယ်ချက်မှာ လေထုနှင့် အာကာသဟု ခေါ်သော စကြာဝဠာ၌ ရှိသည့် ဟင်းလင်းပြင်ထဲတွင် ဖြစ်ပျက်နေသမျှ အခြင်းအရာတို့ကို သိရှိနားလည်အောင် စူးစမ်းလေ့လာရန် ဖြစ်သည်။

ထိုရည်ရွယ်ချက်နှင့် သုတေသန ပြုသောအခါ ကမ္ဘာ့လေထုတွင် ဖြစ်ပေါ်နေသော တိမ်ထုအကြောင်း၊ သံလိုက်စက်ကွင်းအကြောင်း၊ ဖြာထွက်ရောင်ခြည် အကြောင်းစသည်တို့ကို သိရှိလာကြသည်။ ကမ္ဘာ မြေကြီးသည်

လိမ္မော်သီးသဏ္ဌာန်ဟု ကျွန်ုပ်တို့ ဆိုခဲ့ကြ၏။ သို့သော် ယခုသော်ကား ယင်းသို့မဟုတ် ထိပ်တွင်အနည်းငယ်စူ၍ အောက်ခြေတွင် အနည်းငယ် ချိုင့်သော သစ်သေ့သီးပုံ သဏ္ဌာန်ရှိမည်ဟု သိလာကြ၏။

ဒုတိယ ရည်ရွယ်ချက်ကား လေထုထဲ၌ဝင်း၊ ဟင်းလင်းပြင်ထဲ၌ဝင်း ယာဉ်ပျံသန်းသောအခါ အကောင်းဆုံး၊ အမြန်ဆုံး၊ အန္တရာယ်အကင်းဆုံး ဖြစ်အောင် ပျံသန်းနိုင်ဖို့ရာ သုတေသန ပြုဖို့ဖြစ်သည်။ ဤသုတေသန လုပ်ငန်းကြောင့် ယခုအခါ ကောင်းကင်သို့ မြေပြင်မှထ၍ ပျံသန်းသောအခါ ယာဉ်သည် အထက်သို့ တည့်တည့်မတ်မတ် တက်နိုင်အောင် ဆင်းနိုင်အောင် ဆောင်ရွက်သောနည်း နိသျတို့သည် အောင်မြင်စပြုလျက်ရှိသည်။ အာကာသထဲ၌ ယာဉ်ပျံသန်းသောအခါ ဝန်စည်စလယ်၊ ကရိယာ တန်ဆာပလာ၊ စားနပ်ရိက္ခာ၊ သက်ရှိပင်မျိုး၊ အကောင်မျိုး စသည်တို့ကို သယ်ပိုးနိုင်ရန် သုတေသန ပြုခြင်းသည်လည်း တတိယ ရည်ရွယ်ချက်ဖြစ်၏။ ဤရည်ရွယ်ချက်အတိုင်း အောင်မြင်ခြင်းကြောင့် အမေရိကန်တို့က ရှေးဦးစွာယာဉ်ထဲတွင် လူလိုက်ပါ၍ လ ဗိမာန်ပေါ် သို့ ဆင်းသက်ပြီးလျှင် ကမ္ဘာမြေပြင်သို့ ချောမောစွာ ပြန်လည် သက်ဆင်းနိုင်ခြင်းဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နိုင်ခြင်းကြောင့် အာကာသထဲတွင် စိုက်ပျိုး၍ ရနိုင်သော အယ်လဂီအပင်များနှင့်တကွ ယင်းအပင်တို့ဖြင့် စီမံပြုလုပ်သော စားနပ်ရိက္ခာကိုပင်လျှင် ထုတ်လုပ်နိုင်ဖွယ်ရှိသည်။ စတုတ္ထ ရည်ရွယ်ချက်အရ လေထုနှင့် အာကာသထဲတွင် ဆောင်ရွက်ဖွယ်ရှိသည်တို့ကို ဆောင်ရွက်နိုင်ခြင်းကြောင့် လူထု ဆက်သွယ်ရေး ပစ္စည်းတို့သည် အဖိုးနည်း ဝန်ပါဖြစ်၍ လွန်စွာထိရောက်လာသည်။ မိုးလေဝသ ခန့်မှန်းချက်တို့ မှာလည်း ပို၍ မှန်ကန်လာသည်။

ပဉ္စမရည်ရွယ်ချက်မှာ လေထုနှင့် အာကာသ သုတေသန လုပ်ငန်း၌ အမေရိကန်တို့ ဦးဆောင်နိုင်ဖို့ရာ ရည်ရွယ်သည်။ ဆဋ္ဌမနှင့် သတ္တမ ရည်ရွယ်ချက် တို့မှာကား အမေရိကန် ပြည်ထောင်စုတွင်း၌ရှိသော သုတေသနဌာန အချင်းချင်းတို့က သုတေသနဆိုင်ရာ သိမှတ်ဖွယ်တို့ကို အလဲအလှယ် ပြုလုပ်နိုင်ကြစေရန်နှင့် အခြားအခြားသော သုတေသီ နိုင်ငံများနှင့်လည်း သိမှတ်ဖွယ် အလဲအလှယ် ပြုလုပ်နိုင်ကြစေရန် ရည်ရွယ်သည်။ အဋ္ဌမ ရည်ရွယ်ချက်ကား သုတေသန လုပ်ငန်းတို့ကိုလုပ်ဆောင်ကြရာ၌ သုတေသီနိုင်ငံအချင်းချင်း လုပ်ငန်း မထပ်စေပဲ သူတမျိုး ငါတမုံ အသီးသီး သုတေသန ပြုနိုင်ကြစေရန် ရည်ရွယ်သည်။

ထိုရည်ရွယ်ချက်အရ ယနေ့အမေရိကန် ပြည်ထောင်စုက ဆောင်ရွက်နေသော လုပ်ငန်းများမှာ များလှစွာ၏။ ယာဉ်ပျံသန်းစဉ် ဖိအား၊ အပူချိန်၊ အမြန်နှုန်း စသည်တို့နှင့် စပ်လျဉ်းသော သုတေသန လုပ်ငန်းများမှသည် ယာဉ်ကို နှင့်ပေးသော စွမ်းအင် အမျိုးမျိုးကို ရှာဖွေခြင်း လုပ်ငန်းများအထိ တွန်းအား ပေါင်ချိန်တသန်းခဲ့ ရောက် အောင်ဆောင်ရွက်သောနည်း နိသျမှသည် နှုံးကလီးယား အင်အားနှင့် စေလွှတ်သော ဒုံးပျံတည်ဆောက်သောနည်း နိသျအထိ အမျိုးမျိုးရှိလေသည်။ ထို့မျှမကသေး နောင် အနာဂတ်တွင် မြေပြင်မှနေ၍ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်စသည်တို့ ရှိရာသို့ လူပါသော ယာဉ်ကို ဖြစ်စေ၊ လူမပါသော ယာဉ်ကိုဖြစ်စေ လွှတ်နိုင်ရန်ကိုလည်း ကြိုးစားနေကြသည်ဖြစ်ရာစကြာဝဠာတံတိုင်းထဲ၌လှည့်လည်ရင်းနှင့် အခြားအခြားသော လက်ရှိသဘ္ဘာဝါတို့ကိုပင်လျှင် တွေ့နိုင်ဖွယ်ရှိမရှိ စသည်တို့ကို ဆက်လက် စူးစမ်းရှာဖွေလျက်ရှိလေသည်။

နာဆာအဖွဲ့၏ ကြိုးပမ်းမှုကြောင့် အာကာသ သုတေသန လက်တွေ့ စမ်းသပ်ခန်းများ ပါဝင်သော အာကာသ အလုပ်ရုံများကို အစမ်းသဘောဖြင့် တည်ဆောက်၍ အာကာသထဲ၌ လွှင့်တင်ထားနိုင်ခဲ့သည်ဖြစ်ရာ နောင်အနာဂတ်တွင် ထိုစမ်းသပ်ရုံ အာကာသ သဘော်ကြီးများရှိရာသို့ မြေပြင်မှ ကူးတို့ယာဉ်များ အသွားအပြန် စုံချည် ဆန်ချည် ဘွားလာနိုင်လိမ့်မည်ဟု ယူဆရန် ရှိလေသည်။

နိုပေါနိုင်ငံ။ ။နိုပေါနိုင်ငံသည် ဘုရင် စနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံ ဖြစ်သည်။ ဟိမဝန္တာ တောင်တန်းကြီး၏ တောင် ဖက် တွင် ရှိသည်။ နိုင်ငံ အကျယ် အဝန်းမှာ ၅၄,၃၆၂ စတု ရန်း မိုင် ရှိ သည်။ ၁၉၇၁ ခုနှစ်ခန့်မှန်းခြေ အရ လူဦးရေ ၁၂ သန်း ခဲ့ရှိသည်။



နိုပေါ နိုင်ငံသည် ယခင်က နယ်ပယ်ကလေးများ ပေါင်းစု ဖွဲ့စည်းထားသော နိုင်ငံဖြစ်လေသည်။ ၁၃၀၀ ပြည့်နှစ် မတိုင်မီက နိုပေါနိုင်ငံတွင် နေထိုင်ကြသော လူမျိုးများမှာ မွန်ဂိုလီယန်းအနွယ်များ ဖြစ်ကြသည်။ ဂေါ်ရခါးနှင့် အခြားဟိန္နူလူမျိုးစုတို့သည် တောင်ပိုင်းဒေသမှ ဝင်ရောက်လာကြပြီး မြေညီဧာကောင်းမွန်သော မြေနိမ့်ပိုင်းဒေသ၌ နေထိုင်ကြကာ မွန်ဂိုလီယန်းတို့နှင့် ပေါင်း၍ ဘုရင့်နိုင်ငံငယ်များကို စုစည်းကြသည်။ အဆိုပါလူများအား နိဝါးဟု ခေါ်ကြ၍ နိုင်ငံကို နိုပေါနိုင်ငံဟု ခေါ်သည်။

၁၇၆၉ ခုနှစ်တွင် ဂေါ်ရခါးတို့သည် နီပေါနိုင်ငံရှိ လူမျိုးစုများတွင် ထင်ရှားလာသည်။ ဗြိတိသျှတို့နှင့် ၁၈၁၄ ခုနှစ်တွင် စစ်ပွဲဖြစ်ပွားပြီး နောက်ပိုင်းတွင် မိတ်ဆွေဖြစ်လာခဲ့သည်။

၁၈၄၆ ခုနှစ်၌ ဘုရင်၏ အာဏာကို ရုနာ မိသားစုက အဓမ္မသိမ်းပိုက်၍ ဆွေစဉ်မျိုးဆက်ဝန်ကြီးချုပ်အဖြစ် ဆက်ခံနိုင်ရန် စီမံလေသည်။ ရုနာမဟာရုဇာတို့သည် ၁၉၅၁ ခုနှစ်တိုင်အောင် အုပ်ချုပ်ခွင့်အာဏာများ ရရှိကြသည်။

၁၉၅၁ ခုနှစ်၌ ရုနာတို့အား ပုန်ကန်မှုများ ဖြစ်ပေါ်ခဲ့ပြီး ပရုဘတ်ကွိုင်ရုလာသည် ဝန်ကြီးချုပ်ဖြစ်လာသည်။

ယင်း တော်လှန်ရေး လှုပ်ရှားမှုများကြောင့် ရုနာဆွေစဉ်မျိုးဆက် အာဏာသိမ်းပိုက်ထားမှုမှာ အဆက်ပြတ်ကာ ၁၀၄ နှစ်တိုင်အောင် အာဏာလက်လွှတ်ခဲ့ရသော ဘုရင်တို့ပြန်လည် တန်ခိုးထွားလာသည်။ နောက် ၁၀ နှစ်အတွင်း နိုင်ငံရေးပါတီအမျိုးမျိုးပေါ်ပေါက်လာသည်။ ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာ ၁၆ ရက်နေ့၌ ဘုရင် မဟိန္ဒရုက ဒီမိုကရေစီ အခြေခံကျသော နိုင်ငံတနိုင်ငံအဖြစ်သို့ ရောက်ရှိစေရန် ရည်ရွယ်၍ တိုက်ရိုက်အုပ်ချုပ်သည်။

၁၉၆၃ ခုနှစ် ဧပြီလ၌ တိုင်းပြည်နိုင်ငံရေး အခြေအနေ တည်ငြိမ်သွားသည်။ ဘုရင်က ဝန်ကြီးချုပ်နှင့် အခြား ဝန်ကြီး ခုနစ်ဦးပါဝင်သော ဝန်ကြီးအဖွဲ့ကို ခန့်ထားသည်။ ထိုနှစ် ဧပြီလ ၂ ရက်နေ့တွင် အဖွဲ့ဝင် ၆၉ ဦး ပါဝင်သော နိုင်ငံတော် ကောင်စီ(ရတ်ရှ်ဆဗာ)ကို ဖွဲ့စည်းသည်။ ယင်းအဖွဲ့သည် ဘုရင်အား နိုင်ငံတော်အရေး ကိစ္စများ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေနှင့်ပတ်သက်သော ကိစ္စများနှင့် ထီးနန်းလျာ ဥပရုဇာ ရွေးချယ်ရေးကိစ္စများတွင် အကြံဉာဏ်များပေးရန် ဖြစ်သည်။ နိုင်ငံရေးပါတီ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းကို တားမြစ်သည့်ဥပဒေတရပ်ကိုလည်း ထုတ်ပြန်သည်။

ဘုရင် မဟိန္ဒရုဘာဘိကရမ်ရုးဒေဝသည် သီးခြားတည်ရှိနေသော နိုင်ငံတော်အား ခေတ်မီ တိုးတက်စေရန် ကြိုးစားရင်း သူ၏အုပ်ချုပ်မှုသက်တမ်း ၁၇ နှစ်သို့အရောက် ၁၉၇၂ ခုနှစ် ဇန္ဒဝါရီလ ၃၁ ရက်နေ့၌ ကွယ်လွန်သွားသည်။ သူ၏ထီးနန်းအရိုက်အရုကို အိမ်ရှေ့မင်းသား ဗီရိန္ဒရုက ဆက်ခံသည်။

နီပေါနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဘိုက်ဆီစဝါ ပရုဆတ်ကွိုင်ရုလာသည် အိန္ဒိယနိုင်ငံသို့ မိမိသဘော အလျောက် ထွက်ခွါသွားခဲ့ရုမှ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် နီပေါနိုင်ငံသို့ပြန်လာသည်။ ခတ္တမန္ဒူလေဆိပ်သို့ ရောက်သည်နှင့် အမျိုးသားရေးလှုပ်ရှားမှုများကို ဆန့်ကျင်သည်ဟုဆိုကာ အဖမ်းခံရပြန်သည်။

မစ္စတာကွိုင်ရုလာသည် အိန္ဒိယနိုင်ငံ၌ ရှိနေစဉ် နိုင်ငံရေးလှုပ်ရှားခွင့် မရရှိခဲ့ပေ။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့၌ ဘုရင်ဗီရိန္ဒရုသည် နိုင်ငံမှ တိမ်းရှောင်၍ထွက်သွားသော မတရားအသင်းကြေငြာခြင်းခံရသည့် အဖွဲ့မှ အပြစ်ဒဏ် ကျရောက်သူ ၁၂ ယောက်အား လွှတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။

၁၉၇၆ ခုနှစ် အတွင်း နီပေါနိုင်ငံအစိုးရသည် အိန္ဒိယ၊ တရုတ်နှင့် ရုရှနိုင်ငံတို့နှင့် ဆက်ဆံရေးခိုင်မြဲစေရန် အထူးကြိုးစားခဲ့သည်။

ထိုနှစ်မေလတွင် ဝန်ကြီးချုပ် တူဆီဂီရီသည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်သည်။ နီပေါဘုရင် ဗီရိန္ဒရုသည်လည်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ထိုနှစ် နိုဝင်ဘာလအတွင်း ရုရှနိုင်ငံသို့ ရောက်ရှိစဉ် ဘုရင် ဗီရိန္ဒရုက နီပေါနိုင်ငံအား မည်သည့်နိုင်ငံကမှ စစ်ရေးစစ်ရုအရ အသုံးပြုမှုမျိုးကို မလိုလားကြောင်း၊ တနိုင်ငံနှင့်တနိုင်ငံ ဆန့်ကျင်ရေးကိုလည်း မလိုလားကြောင်း။ မိမိနိုင်ငံအား 'ငြိမ်းချမ်းရေးနယ်မြေ' အဖြစ်ကြေငြာလိုကြောင်းဖြင့် အလေးအနက် ပြောဆိုခဲ့လေသည်။

၁၉၇၇ ခုနှစ် မေလ ၁၇ ရက်နေ့တွင် နီပေါနိုင်ငံ အစိုးရအဖွဲ့ အပြောင်းအလွဲဖြစ်ခဲ့သည်။

နော်ရူးသမ္မတနိုင်ငံ။ ။ နော်ရူးသမ္မတ နိုင်ငံ သည် ပစိဖိတ်သမုဒ္ဒရု အနောက် အလယ်ပိုင်းတွင်ရှိသည့် သန္တာကျွန်း နိုင်ငံ ဖြစ်သည်။ အီကွေတာ တောင်ဖက် ၃၇ မိုင်ခန့်သာ ကွာဝေးသဖြင့် ရုသီဥတုမှာ တနှစ်ပတ်လုံး ပူအိုက်စွတ်စိုသည်။ စတုရန်းမိုင် ၈.၄ ကျယ်ဝန်းသော နော်ရူးကျွန်းတွင် ပေါ်လီနီးရှင်းနှင့် မိုက်ခရိုနီးရှင်း အမျိုးအနွယ် နော်ရူးကျွန်းသားများ၊ တရုတ် နိုင်ငံသားများနှင့် ဥရောပ နိုင်ငံသားများ နေထိုင်ကြသည်။ ၁၉၇၆ ခုနှစ် ကုလသမဂ္ဂခန့်မှန်းခြေစာရင်းအရ လူဦးရေ ၆,၇၆၈ ရှိသည်။ ပရိုတက်စတင့်၊ရိုမန်ကက်သလစ်ဘာသာများကို ကိုးကွယ်ကြပြီး တရားဝင်ရုံးသုံးအဖြစ် နော်ရူးနှင့် အင်္ဂလိပ်ဘာသာစကားကို အသုံးပြုသည်။ မြို့တော်မှာ နော်ရူးမြို့ဖြစ်သည်။



ပုလဲဆင့်ကျွန်းဟု မူလအမည်တွင်ခဲ့သည့် နော်ရူးကျွန်းကို ၁၇၉၈ ခုနှစ်တွင် ဗြိတိသျှနယ်သစ်ရှာဖွေသူ ကက်ပတိန်ဖန်းက စတင်တွေ့ရှိခဲ့သော်လည်း မသိမ်းပိုက်ခဲ့ပေ။ ၁၈၈၈ ခုနှစ်တွင် ဂျာမန်တို့က ကိုလိုနီနယ်မြေအဖြစ် သိမ်းပိုက်ပြီး နော်ရူးကျွန်းဟု အမည်ပြောင်းလိုက်သည်။ ၁၉၀၀ ပြည့်

နှစ်တွင် နော်ရူးကျွန်း၌ ဖော့စဖိတ်သိုက်များကို စတင်တွေ့ရှိကြသဖြင့် သြစတြေး လီးယား တွင် အခြေစိုက်သော ဗြိတိသျှကုမ္ပဏီက ဂျာမန်အစိုးရနှင့် သဘောတူညီချက်ရယူပြီး ၁၉၀၁ ခုနှစ်တွင် စတင်တူးဖော်ခဲ့ကြသည်။ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားချိန် ၁၉၁၄ ခုနှစ်တွင် သြစတြေးလီးယားတပ်များက နော်ရူးကျွန်းကို သိမ်းယူလိုက်သည်။ စစ်ကြီးပြီးဆုံးသွားသောအခါ နိုင်ငံပေါင်းချုပ် အသင်းကြီးက နော်ရူးကျွန်းကို အသင်းကြီး၏စောင့်ရှောက်ခံ နယ်မြေအဖြစ်သတ်မှတ်ပြီး ဗြိတိသျှ၊သြစတြေးလီးယားနှင့် နယူးဇီလန် သုံးနိုင်ငံလက်အောက်သို့ လွှဲပြောင်းပေးလိုက်သည်။ သုံးနိုင်ငံကိုယ်စား သြစတြေးလီးယားနိုင်ငံက တာဝန်ယူ အုပ်ချုပ်ခဲ့၏။ တဖန် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြန်သောအခါ နော်ရူးကျွန်းကို ဂျပန်တို့က သိမ်းပိုက်လိုက်သည်။ ၁၉၄၅ ခုနှစ်တွင် သြစတြေးလီးယားတပ်များက ပြန်လည်သိမ်းယူပြီး ကုလသမဂ္ဂ စောင့်ရှောက်ခံနယ်မြေအဖြစ် သတ်မှတ်လိုက်သည်။ ဗြိတိသျှ၊ သြစတြေးလီးယားနှင့် နယူးဇီလန် သုံးနိုင်ငံလက်အောက်သို့ လွှဲပြောင်းပေးရာ သြစတြေးလီးယားနိုင်ငံကပင် တာဝန်ယူအုပ်ချုပ်ခဲ့သည်။ သြစတြေးလီးယားအစိုးရသည် နော်ရူးလွတ်လပ်ရေး အက်ဥပဒေကို ၁၉၆၇ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုပြဋ္ဌာန်းပေးပြီး ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကုလသမဂ္ဂ အဖွဲ့ကြီး၏ စောင့်ရှောက်ခံ နယ်မြေအဖြစ် ထားရှိမှုသဘောတူညီချက် ပယ်ဖျက်လိုက်ပြီး နော်ရူးနိုင်ငံ လွတ်လပ်ရေးပေးခဲ့သည်။ ထိုနှစ်မေလတွင် နော်ရူး ဥပဒေပြုလွှတ်တော်က ဟမ်းမား ဒီရိုးဘတ်အား နော်ရူးနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလတွင် နော်ရူးပါတီမှ မစ္စတာ ဘားနဒ်ဒိုဝီယိုရိုးသည် သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၈ ခု ဧပြီလတွင် ဖော့စဖိတ်လုပ်ငန်းမှ အခွန်အကုတ်နှုတ်သက်ပြီး အစိုးရကတင်သွင်းသော ဥပဒေတရပ်ကို ကန့်ကွက်သဖြင့် သမ္မတယိုရိုး ရာထူးမှ နုတ်ထွက်လိုက်သည်။ ထို့ကြောင့် နော်ရူးပါတီမှ မင်္ဂတာလာရူမော့ဟဲရစ်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သော်လည်း သမ္မတလာရူမော့ဟဲရစ်ကိုယ်တိုင်ပင် ထိုနှစ် မေလ ၁၁ ရက်နေ့၌ နုတ်ထွက်သွားသဖြင့် မင်္ဂတာဒီရိုးဘတ်သည် သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခံရသည်။ မင်္ဂတာဒီရိုးဘတ်သည် အဖွဲ့ဝင် လေးဦးပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

နော်ရူးနိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ ဖော့စဖိတ်တူးဖော်ရေးပင် ဖြစ်သည်။ သေးငယ်သော နိုင်ငံကလေးပင် ဖြစ်လင့်ကစား ကမ္ဘာပေါ်တွင် ဖော့စဖိတ်အမျှားဆုံးထုတ်လုပ်သော နိုင်ငံတခုဖြစ်သည်။အမျိုးအစား အထူး ကောင်းမွန်သော ဖော့စဖိတ်သိုက် တည်ရှိခြင်းကြောင့် နော်ရူးနိုင်ငံသည် ကမ္ဘာ့စီးပွားရေးတွင် အရေးပါသော နယ်ပယ်တခု ဖြစ်လာလေသည်။ နှစ်စဉ် သြစတြေးလီးယားဒေါ်လာ ၁၃၂ သန်းခန့် တန်ဖိုးရှိသော ဖော့စဖိတ်များကို ပြည်ပသို့တင်ပို့ရသည်။ ဖော့စဖိတ် တူးဖော်ခြင်းနှင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းကို ဗြိတိန်၊ သြစတြေးလီးယားနှင့် နယူးဇီလန်နိုင်ငံတို့က နော်ရူးနိုင်ငံနှင့် ကုလသမဂ္ဂကြီးကြပ်မှုဖြင့် လုပ်ကိုင်ဆောင်ရွက်သည်။ အခွန်အတုတ်များ နှစ်စဉ် ၁၀ သန်းကျော်ရရှိသဖြင့် နော်ရူးနိုင်ငံသည် ကမ္ဘာပေါ်တွင် တဦးချင်းဝင်ငွေ အမြင့်ဆုံးရရှိသည့် နိုင်ငံတနိုင်ငံဖြစ်သည်။

၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် နော်ရူးနိုင်ငံသည် ဗြိတိသျှဓနသဟာယ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ ဓနသဟာယအဖွဲ့ဝင် ထိပ်သီးဆွေးနွေးပွဲများသို့ တက်ရောက်ခွင့်မရှိသော်လည်း အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ အကျိုးခံစားခွင့်ရရှိသည်။ ဓနသဟာယ စက်မှုဆိုင်ရာ အကူအညီများကိုလည်း အပြည့်အဝ ရရှိသည်။

နိုဗဲဆုများ။ ။နိုဗဲဆုသည် ကမ္ဘာပေါ်တွင် ဂုဏ်အဆင့်အတန်းအားဖြင့်၎င်း၊ ငွေကြေး ပမာဏအားဖြင့်၎င်း၊ အမြင့်ဆုံးနှင့် အများဆုံးဆုဖြစ်သည်။ (နှစ်ချုပ်–၇၀–၁၀၉—ရှု။) လူလောကကောင်းကျိုးအတွက် မိမိတို့၏သက်ဆိုင်ရာပညာရပ်များတွင် ထူးထူးချွန်ချွန်ထွန်းထွန်းပေါက်ပေါက်ဆောင်ရွက်နိုင်သော ပညာရှင်များအား ဂုဏ်ပြုသောအားဖြင့် ၁၉၀၁ ခုနှစ်မှစ၍ နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ချီးမြှင့်လေ့ရှိသည်။

နိုဗဲဆုတွင် စာပေဆု၊ ငြိမ်းချမ်းရေးဆု၊ စီးပွားရေးဆု၊ ရူပဗေဒဆု၊ဓာတုဗေဒဆုနှင့် ဆေးပညာဆုဟူ၍ ဆုခြောက်မျိုးပါဝင်သည်။

၁၉၇၈ ခုနှစ်အတွက် စာပေနိုဗဲဆုကို ပိုလန်နိုင်ငံဖွား ဂျူးအမျိုးသား အမေရိကန် စာရေးဆရာကြီး အိုင်ဇက် ဘက်ရှီဗစ်ဆင်းဂါး ဖြင့် နှစ်အား ချီးမြှင့်ခဲ့သည်။ ဆင်းဂါးသည် သူဝတ္ထုများကို ဂျူးလူမျိုးတို့၏ ဧရှးဟောင်း ဘာသာစကားဖြစ်သော ယီဒစ်ရှ် ဘာသာစကားဖြင့် ရေးသားလေ့ရှိသည်။ သူဝတ္ထုများတွင် တစ္ဆေသရဲများ၊ ဝိညာဉ်များနှင့် မကောင်းဆိုးဝါးများကို ဇာတ်ကောင်အဖြစ် ဖန်တီး၍ လူသဘာဝနှင့် လူစိတ်ဓာတ်အကြောင်းကို ဖွဲ့ဆိုထားသည်။ ယခုအချိန်အထိ ကလေးစာပေများအပါအဝင် ဝတ္ထုစာအုပ် ၃၀ ကျော်မျှ ရေးသားခဲ့ပြီး ဖြစ်သည်။ ရရှိသည့်ဆုငွေမှာ ဒေါ်လာငွေ ၁၆၄,၇၅၅ ဖြစ်သည်။

ငြိမ်းချမ်းရေး နိုဗဲဆုကို အီဂျစ်သမ္မတ အနှုဝါအယ်ဆဒတ်နှင့် အဇ္ဇရီယယ် ဝန်ကြီးချုပ် မီနာချင်ဗယ်ဂင်တို့နှစ်ဦးတွဲရရှိခဲ့ကြသည်။ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် အလားအလာရှိသော လုပ်ရပ်များကို ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက်ငှင်း၊ အနာဂတ်တွင် ငြိမ်းချမ်းရေးအတွက် တိုးတက်ဆောင်ရွက်လိုစိတ်ကို အားပေးရန် အတွက်ငှင်း အဆိုပါ ခေါင်းဆောင်ကြီးနှစ်ဦးတို့အားဆုကြီးကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။



ငြိမ်းချမ်းရေး ဆုနှင်းသဘင်ကို ဆွီဒင် နိုင်ငံ၊ အိုစလိုမြို့တွင်ကျင်းပခဲ့ရာ ဆုနှင်းပွဲသို့ ဗယ်ဂင်ကိုယ်တိုင် တက်ရောက်၍ဆုယူခဲ့သော်လည်းဆဒတ်ကမူ ကိုယ်စားလှယ် လွှတ်၍ဆုကို ယူခဲ့သည်။ ငြိမ်းချမ်းရေး ဆုငွေမှာ ဒေါ်လာ ၁၆၀,၀၀၀ ဖြစ်သည်။

စီးပွားရေး ပညာရပ်ဆိုင်ရာ နိုဗဲဆုကို ကာနက်ဂျီ–မယ်လွန်တက္ကသိုလ်မှ အမေရိကန်အမျိုးသား ပါမောက္ခဟားဘတ်၊ အေ၊ ဆိုင်မွန် ၆၂ နှစ်အား ချီးမြှင့်ခဲ့သည်။ ပါမောက္ခဆိုင်မွန်သည် စီးပွားရေးလုပ်ငန်းများ၌ စျေးကွက်နှင့် စားသုံးသူတို့၏ အခြေအနေမှန်ကို အတိအကျလေ့လာပြီးနောက် အရင်းငွေမြှုပ်နှံမှု၊ အမြတ်ငွေ သတ်မှတ်မှုနှင့် စျေးနှုန်းသတ်မှတ်မှုတို့ဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် ပတ်သက်သော ရှေ့ဆောင် သဘောတရားများကို ဖော်ထုတ်နိုင်ခဲ့သောကြောင့် နိုဗဲဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ သူသည် စီးပွားရေးပညာရပ်ဆိုင်ရာ စာအုပ်ပေါင်း ၁၅ အုပ်မျှ ရေးသားခဲ့ပြီးဖြစ်သည်။ ပါမောက္ခဆိုင်မွန်သည် ဤဆုအတွက် ဒေါ်လာ ၁၆၅,၀၀၀ ရရှိခဲ့သည်။

ရူပဗေဒဆိုင်ရာ နိုဗဲဆုကို ပညာရှင်မူသုံးဦးတို့က ခွဲဝေရရှိခဲ့ကြသည်။ ၎င်းတို့မှာ အမေရိကန် နိုင်ငံ၊ ဘဲလ်တယ်လီဖုန်းကုမ္ပဏီမှ သိပ္ပံ ပညာရှင်များ ဖြစ်ကြသောအာနိုပင်းဇီးယက်စ် ၄၅ နှစ်၊ ရောဘတ်ဝီလဆင် ၄၂ နှစ်နှင့် ရုရှအမျိုးသား သိပ္ပံ ပညာရှင်ကြီးပျိုးတာကာပစ္စတာ ၈၄ နှစ်တို့ ဖြစ်ကြသည်။ ပင်းဇီးယက်စ်နှင့် ဝီလဆင်တို့သည်စကြာဝဋ္ဌာဗေဒပညာရပ်နှင့် ပတ်သက်သောအချက်အလက်သစ်များကိုဖော်ထုတ်နိုင်ခဲ့ကြပြီး ကာပစ္စတာကမူ ခန္ဓာကိုယ်အပူချိန်နှင့် ပတ်သက်သော ရှေ့ဆောင် စူးစမ်းမှုများကို ပြုလုပ်နိုင်ခဲ့သည်။

ဓာတုဗေဒဆိုင်ရာ နိုဗဲဆုကို ရရှိသူမှာ အင်္ဂလိပ် အမျိုးသား ဇီဝဓာတုဗေဒပညာရှင် ပီတာမစ်ချယ် ၅၈ နှစ်ဖြစ်သည်။ မစ်ချယ်သည် ၁၉၆၄ ခုနှစ်တွင် အီဒင်ဘာရာ တက္ကသိုလ်မှ နုတ်ထွက်ပြီး ကိုယ်ပိုင်ဓာတ်ခွဲခန်း ထူထောင်ကာ ဓာတုဗေဒ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်နေခဲ့သည်။ သူသည် ဇီဝစွမ်းအင် ပညာရပ်နှင့်

ငြိမ်းချမ်းရေး နိုဗဲဆုတံဆိပ် (အပေါ်ပုံ) နှင့်ငြိမ်းချမ်းရေးနိုဗဲဆု ဆွတ်ခူးရရှိခဲ့သူ
အဇ္ဇရီယယ်ဝန်ကြီးချုပ် မီနာချင်ဗယ်ဂင်နှင့် အီဂျစ်သ ဘ အနှုဝါအယ်ဆဒတ် (အောက်ပုံ)



ပတ်သက်သော သဘောတရားသစ်တရပ်ကို တိုးတက် ဖော်ထုတ်နိုင်ခဲ့သောကြောင့် ဤဆုဖြင့် ဂုဏ်ပြုခံခဲ့ရခြင်း ဖြစ်သည်။

ဆေးပညာဆိုင်ရာ နိုဗဲဆုကို ဆွစ်ဇာလန်နိုင်ငံ၊ ဘေဆယ် တက္ကသိုလ်မှ ပါမောက္ခ ဝါနာအာဘာ ၄၉ နှစ်၊ အမေရိကန်နိုင်ငံ၊ ဂျွန်ဟော့ကင်း တက္ကသိုလ်မှ ဒေါက်တာ ဟယ်မစ်လတန်၊ အို၊ စမစ် ၄၇ နှစ်နှင့် ဒေါက်တာ ဒင်နီယယ်နာသန် ၄၉ နှစ်တို့က ပူးတွဲရရှိခဲ့ကြသည်။ သုံးဦးစလုံးပင် အဏုဇီဝဗေဒ ပညာရှင်များဖြစ်ကြသည်။ ၎င်းတို့သည် လူခန္ဓာကိုယ်အတွင်းရှိ အင်ဇိုင်းဓာတ်များနှင့် ပတ်သက်သော စူးစမ်း တွေ့ရှိချက်များကို တိုးတက် ဖော်ထုတ်နိုင်ခဲ့ကြသောကြောင့် နိုဗဲဆုကြီးကို ရရှိခဲ့ကြခြင်းဖြစ်သည်။ ဆုငွေမှာ ဒေါ်လာ ၁၆၅,၀၀၀ ဖြစ်လေသည်။

နက္ခတ္တဗေဒ။ ။ ၁၉၇၈ ခုနှစ်သည် စကြာဝဋ္ဌာနှင့် ပတ်သက်သည့် တွေ့ရှိချက်များ၊ သီအိုရီများ၊ ဟောကိန်းများဖြင့် အထူးတလည် ပြည့်စုံနေသောနှစ် ဖြစ်လေသည်။

နက္ခတ္တရူပဗေဒပညာရှင်ဟွိုင်းသည် ၁၉၇၈ ခုနှစ်တွင် စောက်ချ၍ပြုလုပ်သော "ဟင်းလင်းပြင်မှ သက်ရှိပစ္စည်းပင်ရင်း" သုတေသန၏ပဏာမ သုံးသပ်ချက်အရတုပ်ကွေးရောဂါဖြစ်စေတတ်သော ဗိုင်ရပ်ပိုးများပြန့်ပွားပုံမှာ ကြယ်တံခွန်မှ တဆင့်ဖြစ်သည်ဟုဆိုသည်။ ကမ္ဘာပေါ်၌ အသက်စတင်ဖြစ်ပေါ်မှုမှာလည်း နက္ခတ္တပစ္စည်းတခုခုနှင့် ကမ္ဘာတို့ထိခိုက်မိသောအချိန်မှစတင်သည်ဟူ၍ဖြစ်သည်။၁၉၇၈ ခုနှစ်တွင်အဆုံးအဖြတ်မပေးနိုင်သော်လည်း အတော်အတန် ခိုင်လုံသည့် ကိစ္စတရပ်မှာ နေမှထုတ်လွှတ်သော နျူထရီနိုပြဿနာပင်ဖြစ်သည်။ ၁၀ နှစ်ကျော်ခန့် ပြုလုပ်ခဲ့ရသော ရူပဗေဒပညာရှင် ဒေဗီ၏လုပ်ရပ်မှ သုံးသပ်ချက်မှာ မျှော်လင့်ထားသည့်အရေအတွက်၏ သုံးချိုးတချိုးမျှ တွေ့ရှိရခြင်းပင်ဖြစ်သည်။ နေမှနျူထရီနို လုံးဝ မထုတ်လွှတ်ဟုဆိုလျှင် လက်ရှိနျူးကလီးယားရူပဗေဒ လွဲမှားနေချေမည်။ ယင်းပြဿနာ၏အဖြေမှာ စွမ်းအင်မြင့်ရူပဗေဒမှ ရှာလျှင်တွေ့နိုင်သည်ဟုယူဆကြသည်။စွမ်းအင်မြင့်ရူပဗေဒမှ ၁၉၇၀ ပြည့်နှောင်းပိုင်းတွင် တွေ့ရှိသည်မှာ လက်ပတွန်အမှုန်ခြောက်မျိုးဖြစ်ပြီး နျူထရီနိုမှာ သုံးမျိုးဖြစ်သည်။ ဒေဗီတွေ့ရှိသည်မှာနျူထရီနိုတမျိုးသာ ဖြစ်နိုင်ဖွယ်ရှိသည်။

၁၉၇၈ ခုအတွက် ရူပဗေဒနိုဗဲဆုကို နက္ခတ္တရူပဗေဒပညာရှင် ပင်းဇီရပ်နှင့် ဝီးလဆင့်တို့အား ပေးအပ်ခဲ့သည်။ စကြာဝဋ္ဌာကိုမွေးဖွားပေးခဲ့သည့် ပြင်းထန်သောပင်မပေါက်ကွဲမှုမှ စတင်လွှင့်စဉ်လာသော အပူချိန်၃ ကေရှိ အနက်ထည်မိုက်ကရိုလှိုင်းများကို ရေဒီယိုနက္ခတ္တ အဝေးကြည့် မှန်ပြောင်းဖြင့် တွေ့ရှိခဲ့သည့်အတွက် ဆုချီးမြှင့်ခြင်းခံရသည်။ ၁၉၇၈ ခုနှစ်တွင် ခိုင်လုံစွာ သိရှိလက်ခံ ထားချက်တခုမှာ စကြာဝဋ္ဌာ သက်တမ်း နှစ်ပေါင်း ကုဋ္ဌေတထောင့်ရှစ်ရာခန့် ဟူ၍ဖြစ်သည်။ ဟီအိုနက္ခတ္တဂြိုဟ်တုတွင်ပါရှိသည့် အိပ်စ်ရောင်ခြည်မှန်ပြောင်းဖြင့် အိပ်စ် ရောင်ခြည် ပင်ရင်းများ လေ့လာရာမှ ၁၉၇၈ ခုနှစ်ဆုံးလောက်တွင် စတင်သိရှိရသည်မှာ စကြာဝဋ္ဌာသည် ဆက်လက်ပြန့်ကား၍သာ နေမည်ဖြစ်ပြီး ပြန်လည်စုစည်းပြီး ကျှုံဝင်ကာ ဇီဝိန်ချုပ်မည်မဟုတ်ပေ။

၁၂ နှစ်လောက်မှစ၍ ပေါ်ထွက်လာသော တွင်းနက်ရူပဗေဒနှင့် ပြင်းအားလွန်ကဲဒြပ်ဆွဲသီအိုရီတို့၏ တွက်ချက်မှုများ၊ ဖြေရှင်းချက်များသည် ၁၉၇၈ ခုနှစ်တွင် ခိုင်ခိုင်လုံလုံရှိလာသည်ကို တွေ့ရှိရသည်။ ဥပမာ ဗာဂို – ကွန်စတဲလေရှင်းမှ အမ် ၈၇ ဂဲလက်ဆီတွင် တွင်းနက်အထောက်အထားကို ခိုင်လုံစွာတွေ့ရှိခဲ့သည်။ တွင်းနက်မှာပြင်းထန်လွန်ကဲသော ဒြပ်ဆွဲအားရှိသည့် နက္ခတ္တအဖွဲ့အစည်းဖြစ်၍ အနီးအနားဖြတ်သွားသော အလင်းလှိုင်းကိုပင် စုပ်ယူနိုင်သည်။ ၁၉၇၈ ခုနှစ်တွင်ထွက်ပေါ်လာသောသုံးသပ်ချက်တခုမှာ ကျွန်ုပ်တို့၏ ဂလက်ဆီ၏ ဗဟိုဌ်လည်း တွင်းနက်တခုရှိခဲ့သည့် အထောက်အထားဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် တွင်းနက်သီအိုရီနှင့် ပြင်းအားလွန်ကဲဒြပ်ဆွဲ သီအိုရီပြုစုခဲ့သည့် အင်္ဂလိပ်ရူပဗေဒ ပညာရှင်ဟောကင်းအား အမေရိကန်ပြည်ထောင်စု၏ အမြင့်ဆုံးသိပ္ပံဆုဖြစ်သော အိုင်စတိုင်ဆုဖြင့်ချီးမြှင့်လိုက်၏။

တွင်းနက်သီအိုရီမှာ နက္ခတ္တဗေဒပညာတွင် ပြဿနာများစွာတို့ကို အတော်အတန် ပြေလည်စွာ ဖြေရှင်းပေးနိုင်ပြီဖြစ်၍ ယင်းသီအိုရီပြုစုခဲ့သူ ရူပဗေဒပညာရှင် ဟောကင်းနှင့်ပင်းဂို့တို့အား အင်္ဂလိပ်နှင့်ဥရောပတိုက်ရှိ တော်ဝင်ရူပဗေဒနှင့် နက္ခတ္တရူပဗေဒပညာဆိုင်ရာ အဖွဲ့အစည်းများ၊ အမေရိကန်ပြည်ထောင်စုရှိ ရူပဗေဒနှင့် နက္ခတ္တအဖွဲ့စည်းများက ၁၉၇၀ ပြည့်နှစ်မှစ၍ ဆုများဖြင့်ချီးမြှင့်ကာ ယင်းတို့၏ သီအိုရီကို အသိအမှတ်ပြုခဲ့ကြပြီ ဖြစ်သည်။

၁၉၇၈ ခုနှစ်အတွက် အရေးပါသော တွေ့ရှိချက်တခုမှာ ယေဘုယျရီလေတီဗီတီ၏ ဟောကိန်းတခုဖြစ်သော ဒြပ်ဆွဲလှိုင်းများ သဘာဝတွင်ရှိသည့် အထောက်အထားဖြစ်၏။ ပါလဆာ (လည်၍နေသော နျူထရွန်ကြယ်) တွင်းနက်စုံတွဲသည့် ဒြပ်ဆွဲလှိုင်းကို ထုတ်လွှတ်ခြင်းဖြင့် ယင်းတို့၏ ပတ်လမ်းအတွက် လွှဲချိန်ကိုနှေးသွားစေသည်။ နက္ခတ္တရူပဗေဒပညာရှင် ဟေလာ၏တွေ့ရှိချက်အရ တနှစ်တာအတွက် ပတ်လမ်းလွှဲချိန် ပြောင်းလဲနှုန်းမှာ စက္ကန့်တထောင်တွင် လေးစက္ကန့်ဖြစ်ပြီး သီအိုရီအရမှာ စက္ကန့်တထောင်တွင် တစက္ကန့် ဖြစ်၏။ သုတေသနစမ်းသပ်ခန်းများတွင် တွေ့ရှိ



နက္ခတ္တဗေဒပညာများကို လေ့လာရာတွင် ဤကဲ့သို့ အားကောင်းသော အဝေးကြည့် မှန်ပြောင်းကြီးများကို တပ်ဆင်အသုံးပြုရသည်။ ပုံမှာ ချီလီနိုင်ငံတွင် တည်ဆောက်ထားသော အမေရိကန် အလင်းပြန် မှန်ပြောင်းကြီး၊ ကမ္ဘာ့တောင်ဖက်ခြမ်းတွင် အကြီးဆုံးမှန်ပြောင်းကြီး ဖြစ်သည်။ (ယာပုံ) ဆိုဗီယက်နိုင်ငံ ကောကေးဆပ် တောင်တန်းကြီးများ ပေါ်တွင် တည်ဆောက်ထားသော အဝေးကြည့် မှန်ပြောင်းကြီး (ဝဲပုံ)

နိုင်ရန်၊ စမ်းသပ်နိုင်ရန်အတွက် အားပေးအားမြောက်ပြုသည့် လုပ်ငန်းရပ်ပင်ဖြစ်သည်။

ဤပဆဲအားသည် စကြာဝဠာ၏ သက်တန်းကြီးလာသည်နှင့်အမျ ပျော့၍သွားမည်ဟု ၁၉၃၇ ခုနှစ်တွင် အင်္ဂလိပ် ရူပဗေဒပညာရှင် ဒီရက်က ဟောကိန်းထုတ်ခဲ့၏။ ၁၉၇၃ နှင့် ၇၄ ခုနှစ်တွင် ဒီရက်သည် ယင်းသီအိုရီကို ဆက်လက်ပြုစု၍တင်ပြခဲ့သည်။ ယင်းသီအိုရီကို "ကိန်းကြီးများသီအိုရီ" ဟု သုတေသန ဂျာနယ်များတွင် ခေါ်ကြသည်။ ၁၉၇၈ ခုနှစ်တွင် အမေရိကန် နက္ခတ္တရူပဗေဒပညာရှင် ကနုတိုနှင့် အဖွဲက နက္ခတ္တရူပဗေဒနှင့် စကြာဝဠာဗေဒပညာရပ်များ၏ အချက်အလက်များနှင့် LNH ကိုက်ညီကြောင်းကို ဖော်ပြထား၏။ ဒီရက်၏ ကိန်းကြီးသီအိုရီအရ လျှပ်စစ်အားနှင့် ဤပဆဲအားတို့မှာ ဆက်နွယ်လျက်ရှိသည်။ ယင်းအားနှစ်မျိုး၏ အချိုးမှာ အလွန်ကြီးသော နံပါတ် ($\sim 10^{40}$) နှင့်တိုက်ရိုက် ဆက်နွယ်လျက်ရှိသည်။ ယင်းကိန်းကြီးသီအိုရီမှ ရလဒ်များသည် စကြာဝဠာအစတွင် ဖြစ်ပေါ်ခဲ့သော နျူးကလီးယားဖြစ်စဉ်များ၊ အပူချိန် ၃ ကေ ရှိ မိုက်ကရိုလှိုင်း တွေ့ရှိချက်နှင့် စကြာဝဠာသည် ဆက်လက်ပြန့်ကားလျက်သာ ရှိမည်ဆိုသည့် အချက်များနှင့် အံဝင်ခွင်ကျရှိလှသည်။

တဖန်လျှပ်စစ် သံလိုက်စက်ကွင်းနှင့် ဤပဆဲစက်ကွင်းတို့ကိုပေါင်းစပ်ပြီး ယေဘုယျရီလေတီဗီတီထက် ပိုမိုကျယ်ပြန့်သော သီအိုရီတခုကို ရူပဗေဒပညာရှင်များ ရှာဖွေခဲ့သည်မှာ အနှစ် ၅၀ ပင် ကျော်လာခဲ့ပေပြီ။ တိကျသည့်အဖြေကို မရရှိသေးစေကာမူ နက္ခတ္တပစ္စည်းများအတွက် အချက်အချာစက်ကွင်းနှစ်ခုကို ပေါင်းစပ်ပေးနိုင်မည့်လမ်းစကို ရိပ်စားမိကြပြီဖြစ်သည်။ ဒီရက်သည် ၁၉၇၄ ခုနှစ်တွင်ပင် လမ်းစကို ကျကျနန ဖော်ပြခဲ့သည်။ စွမ်းအင်မြင့် ရူပဗေဒတွင်လည်း လျှပ်စစ်သံလိုက်အားနှင့် အားပျော့တို့ကို ရူပဗေဒပညာရှင် ဆလမ်းနှင့် ဝိုင်းဗက်တို့က အောင်မြင်စွာ ပေါင်းခဲ့စပ်ပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် အကြီးဆုံး အနီအောက် ရောင်ခြည် အဝေးကြည့် မှန်ပြောင်းကို အမေရိကန်ပြည် ဝိုင်အိုမင်း တောင်ပေါ်တွင် တည်ဆောက်ပြီး၍ ၁၉၇၈ ခု ဇူလိုင်လ ကုန်မှ စတင်အသုံးချခဲ့သည်။ ကြယ်များဖြစ်ထွန်းမှုနှင့် ဇီဝိန်ချုပ်ကြပုံကို ပိုမိုပီပြင်စွာ လေ့လာနိုင်မည်ဖြစ်၏။ သောကြာဂိုဟ်သည် စကြဝဠာအတွင်း အဏုမြူဗုံးတခု အလား ပူပြင်းလာဖွယ်ရှိသည်ဟု နက္ခတ္တဗေဒ ပညာရှင် ဂွဒ်ဒွင်က ၁၉၇၈ ခုနှစ်ကုန်တွင် ဟောကိန်းထုတ်သည်။ နေစွမ်းအင်သုံးဂိုဟ်တုများမှ မိုက်ကရိုလှိုင်း ဖြာထွက်မှုသည် ရေဒီယိုနက္ခတ္တ မှန်ပြောင်းများကို ပျက်စီးစေလိမ့်မည်ဟု အင်္ဂလိပ်နက္ခတ္တဗေဒပညာရှင် ဆာဗားနက်လိုဗဲလ်က စိုးရိမ်တကြီး ၁၉၇၈ ခု နိုဝင်ဘာလအတွင်း လန်ဒန်မြို့တော်ဝင် သိပ္ပံအသင်းစွမ်းအင် အစည်းအဝေးတွင် ထုတ်ဖော်ပြောဆို

ခဲ့သည်။ ယင်းဂြိုဟ်တုများသည် နေရောင်ခြည်ကို လျှပ်စစ်စွမ်းအင်အဖြစ်ပြောင်းယူပြီး ကမ္ဘာသို့ မိုက်ကရိုလိုင်းဖြာထွက်မှုအဖြစ် ပို့ဆောင်မည်ဖြစ်သည်။ သာမန်ရေဒီယိုအဝေးကြည့်မှန်ပြောင်းများ လေ့လာနိုင်သည့် ဖြာထွက်မှုပြင်းအားထက် အဆပေါင်းများစွာကြီးနေ၍ ရေဒီယိုနက္ခတ္တဗေဒပညာကို ကမ္ဘာပေါ်တွင် ဆိတ်သုဉ်းစေမည်ဟု သတိပေးထားသည်။

၁၉၇၈ ခုနှစ်အထိ မဖြေရှင်းပေးနိုင်သေးသည့် ပြဿနာအချို့မှာ ဂလက်ဆီအမျိုးပေါင်းများစွာကိစ္စ၊ ဂလက်ဆီဗဟိုရှိ သိပ်သည်းသော ဒေသငယ်မှ ဖြာထွက်မှုကိစ္စနှင့် အလင်း အလျင်ထက်သာလွန်သော အလျင်ဖြင့် ရွှေ့ရှားနေသော ကွေ့ဆာနှင့်ဂလက်ဆီတို့ ပြဿနာများဖြစ်ပေသည်။ ကွေ့ဆာနှင့်ဆင်တူရှိုးမှားဖြစ်သော ဗီအဲလက်ဆာတေ့ဂလက်ဆီများ စူပါနိုဗာပေါက်ကွဲမှုအကြွင်းများ အစရှိသည်တို့ကို သက်ဆိုင်ရာ သဘာဝဂုဏ်သတ္တိတို့ဖြင့် သေချာကျနစွာ ခွဲခြားနိုင်မှုမရှိသေးပေ၊ရောထွေးလျက်ရှိကြသည်။ ဂလက်ဆီဗဟိုဏ်လှုပ်ရှားမှုဟု ယေဘုယျအားဖြင့် ခေါ်ထားသော ပြဿနာမှာလည်း အတော်ပင် ကျယ်ပြန့်လှ၍ပီပြင်စွာရှင်းပြနိုင်ရန် မရှိသေးပေ။ နက္ခတ္တရူပဗေဒပညာရှင်အများစုက အလွန်ကြီးမားသော တွင်းနက်များ ယင်းဂလက်ဆီဗဟိုများတွင် ကိန်းအောင်း၍၊ ပတ်ဝန်းကျင်မှ ဓာတ်ငွေ့အစရှိသည့် ပစ္စည်းများကို စုပ်ယူကာဖြာထွက်မှုများကို ဖြစ်ပေါ်စေသည်ဟု ယူဆကြသည်။ အချို့ပညာရှင်များကမူ ရူပဗေဒသီအိုရီ အသစ်အဆန်းဖြင့်သာ ဖြေရှင်း၍ရမည်ဟုယူဆကြသည်။

ပဒုမ၊ ဦး၊ အဂ္ဂမဟာပဏ္ဍိတ၊ တောကျောင်းတိုက် ဆရာတော်(မြန်မာ ၁၂၄၂–၁၃၄၀)။ ။တောကျောင်းတိုက်ဆရာတော် ဦးပဒုမသည် မြိတ်မြို့ဇာတိ ဖြစ်သည်။ မြိတ်မြို့ထားဝယ်စုရပ်တွင် ခမည်းတော် ဦးရွှေအိုး၊ မယ်တော်ဒေါ်နုတို့မှ မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၈ ရက် ကြာသပတေးနေ့နံနက် ၈ နာရီအချိန်တွင် ဖွားမြင်သည်။

အသက် ၇ နှစ်အရွယ်တွင် စတင်ကျောင်းနေပြီး အသက် ၁၂ နှစ်အရွယ်တွင် မြိတ်မြို့ ကံသာကျောင်း ဆရာတော် ဦးပညာထံ ရှင်သာမဏေပြုသည်။ သာမဏေဘွဲ့မှာ ရှင်ပဒုမဖြစ်သည်။

ရှင်သာမဏေ နှစ်ဝါအရတွင် မြိတ်မြို့ ပလောကျောင်းဆရာတော် ဦးပါသာဒ၏ခေါင်းဆောင်မှုကြောင့် မန္တလေးမြို့



အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဦးပဒုမ

မြောက်ဖက် ကပိုင်ရွာရေနားဂိုဏ်းချုပ်ဆရာတော် အရှင်သဒ္ဓမ္မထံ ရောက်ရှိကာ သဒ္ဒါ သင်္ဂြိုဟ်စသော အခြေခံသင်ရိုး စာပေများကို သင်ယူခဲ့သည်။

၁၂၆၁ ခုနှစ်တွင် ရေနားဂိုဏ်းချုပ်ဆရာတော် အရှင်သဒ္ဓမ္မထံ၌ပင်ရဟန်းအဖြစ်သို့ ရောက်သည်။ ရဟန်းတော် ဦးပဒုမသည် မန္တလေးမြို့ ဘုံကျော်တိုက် ခင်မကန်တိုက်တို့တွင် ပါဠိအဋ္ဌကထာဋီကာ နေ့ဝါညဝါများကို အာစရိယဟတ္ထမုဋ္ဌိ လက်ဆုပ်ပိုင်ပိုင်ရရှိအောင်ကြိုးစားသင်ယူခဲ့သည်။

ထို့နောက် မြိတ်မြို့ တောကျောင်း ဆရာတော် ဦးဂုဏပုံလွန်တော် မူသောကြောင့် တောကျောင်း ဒါယကာ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ ၁၂၇၀ ပြည့်နှစ်တွင် မြိတ်မြို့သို့ ပြန်လည် ရောက်ရှိခဲ့သည်။ ၁၂၇၄ ခုနှစ်တွင် ဒါယကာ ဒါယိကာမများ တောကျောင်းကို အပ်ကြသဖြင့် တောကျောင်းဆရာတော် ဦးပဒုမ အမည်ဖြင့် ထင်ရှားခဲ့သည်။

ဆရာတော် ဦးပဒုမသည် တောကျောင်းတိုက် တွင်တပည့် ရဟန်းသာမဏေ များအား စာပေပို့ချ ပေးကာ သီတင်းသုံးနေရာမှ မဟာစေတီစသော သမိုင်းဝင် ဘုရားများကို ဖူးမြော်ရန်အတွက် သီဟိုဋ္ဌကျွန်းသို့ ကြွရောက်ကာ နှစ်နှစ်နေထိုင်ခဲ့သည်။ ထို့နောက် တောကျောင်းတိုက်သို့ ပြန်လည်ကြွရောက် သီတင်းသုံးခဲ့သည်။

၁၂၈၁ ခုနှစ်တွင် နိုင်ငံကျော်ဆရာတော်ဦးဥတ္တမ စသော နိုင်ငံရေးခေါင်းဆောင်များ၏ လှုံ့ဆော်မှုကြောင့် မြန်မာနိုင်ငံအရပ်ရပ်တွင် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ ယင်းနိုင်ငံရေးလှုပ်ရှားမှုကို မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဝံသာနုအရေးတော်ပုံဟု ခေါ်သည်။

ယင်း ဝံသာနုအရေးတော်ပုံ အတွင်း ၁၂၈၂ ခုနှစ်တွင် မြန်မာနိုင်ငံအရပ်ရပ်၌ သံဃသာမဂ္ဂီအသင်းများ ဖွဲ့စည်းကြကာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား လွတ်မြောက်ရေး အတွက် လှုပ်ရှားကြသည်။ သို့ဖြစ်ရာ မြိတ်မြို့နယ်လုံးရှိ

သံဃာတော်များသည်လည်း မြိတ်မြို့၌ သံဃသာမဂ္ဂီအသင်းကို ဖွဲ့စည်းကာ တောကျောင်းဆရာတော်ဦးပဒုမကို အကျိုးဆောင်အဖြစ် တင်မြှောက်ကြသည်။

ထိုအချိန်က မြန်မာနိုင်ငံမြို့တိုင်း၌ ဂျီစီဘီအေ အသင်းများ ဖွဲ့စည်းပြီး ဖြစ်နေသည့်အတိုင်း မြိတ်မြို့၌လည်း ဂျီစီဘီအေအသင်း ဖွဲ့စည်းပြီး ရှိနေပေပြီ၊ သို့ဖြစ်ရာ မြိတ်မြို့၌ ဂျီစီဘီအေအသင်းနှင့် ဘုန်းကြီးသံဃသာမဂ္ဂီအသင်းတို့ ပူးတွဲကာ နိုင်ငံခြားပစ္စည်း သပိတ်မှောက်ရေး၊ တိုင်းရင်းဖြစ်ဝတ်ဆင်ရေး စသည်တို့ကို လုပ်ဆောင်ခဲ့ကြသည်။ ယင်းလုပ်ဆောင်ချက်များသည် မြိတ်မြို့၌ ထိုစဉ်က အောင်မြင်ခဲ့သည်။ အမျိုးသား ညီညွတ်ရေးသည် မြင့်မားလာခဲ့သည်။ ရာဇဝတ်မှုနှင့် တရားမမှုများပင် သိသိသာသာကြီး လျော့ပါးလာရာ မြိတ်မြို့ရှိ တရားရုံးများ၌ အမှုအခင်းများ နည်းပါးလာပေသည်။

သို့သော် မြိတ်မြို့ရှိ နယ်ခွဲလက်ပါးစေ ဗြိုရိုကရက် အရာရှိများက မြိတ်မြို့ သံဃသာမဂ္ဂီအသင်းကို မျက်မုန်းကျိုးခဲ့သည်။

ထိုအတွင်း မြန်မာနိုင်ငံသို့ အသစ်ရောက်ရှိ လာသော ဒိုင်အာခီ အုပ်ချုပ်ရေးကြောင့် ဂျီစီဘီအေ အသင်းချုပ်ကြီးမှာ ဒိုင်အာခီနှင့် ဟုမ္မရူးဟု နှစ်ခြမ်းကွဲသွားရာ တောကျောင်းဆရာတော် ဦးပဒုမ ခေါင်းဆောင်သော သံဃသာမဂ္ဂီမှာ ဟုမ္မရူးနှင့် ပေါင်းခဲ့သဖြင့် ဗြိုရိုကရက်များက ပို၍ မျက်မုန်းကျိုးလာကြသည်။

ထို့ကြောင့် မြိတ်မြို့ အင်္ဂလိပ်အရေးပိုင်က ဆရာတော် ဦးပဒုမအား သပိတ်မှောက်ဥပဒေဖြင့် ရုံးတင် တရားစွဲခဲ့သည်။ အရေးပိုင်က ဆရာတော်ဦးပဒုမအား "ဝမ်းနည်းပါသည်။ အစိုးရအလိုလိုက်ပါမည်" စသော အချက် ၄ ချက် လက်မှတ် ထိုးပါက အမှုမှ လွှတ်မည်ဟု ဆိုသော်လည်း ဦးပဒုမက ငြင်းပယ်လိုက်သည်။ ထို့ကြောင့် ဦးပဒုမမှာ ထောင်ဒဏ် ၆ လ ကျခံခဲ့ရသည်။ သို့သော် ရန်ကုန်ရုံးကြီး၌ အယူခံရာတွင် ထောင်ကျရက် ၁၈ ရက်နှင့် ရန်ကုန်ထောင်ကြီးမှ လွှတ်မြောက်လာခဲ့သည်။

ဂျပန်ခေတ် ၁၃၀၄ ခုနှစ်၌ ဆရာတော် ဦးပဒုမအား မြိတ်ခရိုင်လုံးဆိုင်ရာ သံဃာဂိုဏ်းကြီး ၉ ဂိုဏ်းက ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ခဲ့ကြသည်။

၁၃၁၀ ပြည့်နှစ်တွင် သီဟိုဠ်မှ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော် များနှင့် ဗောဓိပင်များ ရန်ကုန်သို့ ကြွချီလာရာ ဆရာတော် ဦးပဒုမ၏ ညွှန်ကြားချက် အရ မြိတ်မြို့မှလည်း ပင့်ဖိတ်သဖြင့် မြိတ်မြို့သို့ ဓာတ်တော်များ ကြွရောက် အပူဇော်ခံသည်။ ထိုအကြိမ်က ယင်းဓာတ်တော်များမှာ မြန်မာနိုင်ငံ၌ ရန်ကုန်မြို့နှင့် မြိတ်မြို့နှစ်မြို့သာ အပူဇော်ခံသဖြင့် ဆရာတော် ဦးပဒုမ၏ လုပ်ဆောင်ချက်ကို ချီးကြူးမဆုံး ဖြစ်ခဲ့ကြသည်။ ထိုစဉ်က ဓာတ်တော်များနှင့် အတူ ပါရှိလာသော သီဟိုဠ် ဆရာတော်များကို မြိတ်မြို့ ဂိုဏ်းပေါင်းစုံမှ ဆရာတော်များနှင့် ဆွေးနွေးပြောဆိုရာတွင် သီဟိုဠ်လိုတတ်သောဆရာတော်ဦးပဒုမမှာ စကားပြန်အဖြစ် ဆောင်ရွက်ခဲ့ရသည်။

ဆဋ္ဌသံဂါယနာတင် ပဲတွင်လည်း ဆရာတော် ဦးပဒုမသည် နာယကဆရာတော်အဖြစ် တာဝန်ယူခဲ့ရ၍ သီဟိုဠ် ဆရာတော်နှင့်မြန်မာဆရာတော်များကြားတွင် စကားပြန် ပြုလုပ်ပေးခဲ့ရသေးသည်။ ၁၃၇၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာတော်ဦးပဒုမအား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော် ဦးပဒုမသည် ယင်းသို့ သာသနာ့တာဝန်များကို ထမ်းဆောင်ရင်း ၁၃၄၀ ပြည့်နှစ် ကဆုန်လဆန်း ၁ ရက်နေ့တွင် ပျံလွန်တော်မူသည်။ ထိုအချိန်၌ဆရာတော် ၈၆ သက်တော်မှာ (၉၉)နှစ်ရှိပြီ ဖြစ်သည်။

ပါကစ္စတန်သမ္မတနိုင်ငံ။ ။၁၉၇၈ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ စစ်အစိုးရအဖွဲ့ ခေါင်းဆောင်



ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက်က အရပ်သားနိုင်ငံရေး သမားများနှင့် အရပ်သား အစိုးရဖွဲ့မည့် အစား စစ်အုပ်ချုပ်ရေး မှူးချုပ်အဖြစ် အာဏာဆက်ယူ ထား မည် ဟု ကြေငြာခဲ့သည်။ ရွေးကောက်ပွဲ ကျင်းပပေးရန်နှင့် အာဏာ ပြန်အပ်နှင်းရန်မှာ လေလေဆယ်တွင် မဖြစ်နိုင်သေးဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အဖွဲ့ဝင် ၂၂ ဦးပါဝင်သော ပါကစ္စတန်အစိုးရ အဖွဲ့သစ် ကျမ်းသစ္စာ ကျိန်ဆိုသည့် အခမ်းအနားကို ၁၉၇၈ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့က ရာဝါပင်ဒီမြို့တွင် ကျင်းပသည်။ ယင်းအခမ်းအနားတွင်ဗိုလ်ချုပ်ကြီးဇီယာအူးလဟက်ကလက်ယာဝါဒီ ပါကစ္စတန်အမျိုးသား မဟာမိတ်အဖွဲ့နှင့် သဘောတူညီမှု မရတော့သည့်အတွက် မိမိသဘောအတိုင်း အစိုးရအဖွဲ့သစ် ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့လေသည်။ ၁၉၇၈ ခုနှစ် ဇန်နဝါရီလက ဖွဲ့စည်းခဲ့သော အကြံပေးကောင်စီနေရာတွင် ယခုအစိုးရအဖွဲ့နှင့် အစားထိုးလိုက်ခြင်းဖြစ်ရာ အကြံပေးအဖွဲ့ဝင် ၁၃ ဦးသည် အစိုးရအဖွဲ့တွင် ပါဝင်လာသည်။ အစိုးရအဖွဲ့ ဖွဲ့ပြီးနောက် ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက်၏ အစိုးရအဖွဲ့က ပါကစ္စတန်နိုင်ငံတွင် နိုင်ငံရေးလှုပ်ရှားမှုများ



ပါကစ္စတန် နိုင်ငံ၏ အဓိက ပြည်ပပို့ကုန်ဖြစ်သော ဝါဂွမ်းထုပ်များ သင်္ဘောတင်နေစဉ်

လုံးဝပိတ်ပင်ထားခြင်းကို ဆက်လက်ထားရှိသွားရန် ဆုံးဖြတ်ကြောင်း တရားဝင်ကြေငြာခဲ့လေသည်။

ပါကစ္စတန် အမျိုးသား မဟာမိတ်အဖွဲ့ (ပီအင်အေ) အတွင်းရှိ စိတ်ဝင်စားသော ပါတီများမှ ဝန်ကြီးအများစုပါဝင်မည့် အစိုးရ အဖွဲ့သစ်ကို မကြာမီ ဖွဲ့စည်းလိမ့်မည်ဟု ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက်နှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုများ ပြုပြီးနောက် ပီအင်အေ ဥက္ကဋ္ဌ မတ်ဖတီမာမွတ်က သြဂုတ်လ ၁၉ ရက်နေ့က ပြောကြားခဲ့သည်။

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း တဦးဖြစ်ခဲ့သူ အသက် ၅၁ ရှိ၊ ဇူလဖီကာ အလီဘူတိုအား ဆန့်ကျင်ဖက် နိုင်ငံရေးသမားတဦးကို လုပ်ကြံခဲ့ရာတွင် ပါဝင်ခဲ့သည်ဟူသော စွဲချက်ဖြင့် ပါကစ္စတန် တရားရုံးက သေဒဏ် အပြစ်ပေးခဲ့သည်။ ယင်းအပြစ်ပေးခဲ့သည်ကို ပါကစ္စတန် တရားလွှတ်တော်ကလည်း အတည်ပြုခဲ့သည့်အတွက် ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အလီဘူတိုအား ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီ ထောင်တွင်း၌ ၁၉၇၉ ခုနှစ် ဧပြီလ ၄ ရက်နေ့ နံနက် ၂ နာရီတွင် ကွပ်မျက်ခဲ့ပြီး ဆိုင်းပြည်နယ်ရှိ ၎င်း၏ ဇာတိမြို့အနီး၌ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြောင်းဖြင့် ပါကစ္စတန်အစိုးရက တရားဝင်ထုတ်ပြန် ကြေငြာခဲ့လေသည်။

ပဲခူးတိုင်း။ ။ဧရိယာ ၁၅,၂၁၄ စတုရန်းမိုင်ကျယ်ဝန်းသည့် ပဲခူးတိုင်းတွင် ဧရာဝတီမြစ်ဝကျွန်းပေါ် အရှေ့ပိုင်းနှင့် အောက်ပိုင်း၊ စစ်တောင်းမြစ်ဝှမ်းတို့ ပါဝင်သည်။ အရှေ့ဖက်သည် စစ်တောင်းမြစ် အခြမ်းဖြစ်၍ အနောက်ဖက်သည် ဧရာဝတီမြစ်အခြမ်းဖြစ်သည်။

ပဲခူးတိုင်းတွင် ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ဇီးကုန်း၊ နတ္တလင်း၊ မိုးညို၊ ကြို့ပင်ကောက်၊ တောင်ငူ၊ ရေတာရှည်၊ ကျောက်ကြီး၊ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်၊ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင် ဟူ၍ မြို့နယ်ပေါင်း ၂၀ မြို့နယ်နှင့် ကျေးရွာပေါင်း ၁,၆၂၃ ရွာပါဝင်လေသည်။

ပဲခူးတိုင်းအတွင်းရှိ ဆွာမြို့မှ အထပ်သားစက်ရုံ



ပဲခူးတိုင်း၏မြို့တော်မှာ ပဲခူးမြို့ဖြစ်ပြီး ရန်ကုန်မြို့မှ မိုင် ၅၀ ကျော်သာ ကွာဝေးသည်။ ၁၉၇၃ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ သုံးသန်းခန့် ရှိသည်။

ပဲခူးတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရောဝတီတိုင်းမှ လွဲလျှင် ပဲခူးတိုင်းသည် ဒုတိယ စပါးအများဆုံးထွက်သောဒေသဖြစ်သည်။ မြစ်ဝှမ်းမြေနုကျွန်းနှင့် ချောင်းကမ်းပါးများတွင် ဆန်စပါး၊မြေပဲ၊ ပဲမျိုးစုံ၊ ဂုန်လျော်၊ ဆေးရွက်ကြီးနှင့် ကြံပင်များစိုက်ပျိုး၍ အထူးအောင်မြင်ဖြစ်ထွန်းသည်။ နှစ်စဉ် ရောဝတီမြစ်ရေကြီးမှုကို အထောက်အကူပြုနေသည့် နဝင်းချောင်းမှ ရေများကို သိုလှောင်ထားကာ စိုက်ပျိုးရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်မည့် မြောက်နဝင်းဆည်ကြီးကို နိုင်ငံတော်က ငွေကျပ်သိန်းပေါင်း ၂,၅၀၀ ရင်းနှီးမြှုပ်နှံကာ ၁၉၆၇–၆၈ နှစ်မှ အစပြု၍ စတင်တည်ဆောက်ခဲ့သည်။ စီမံကိန်းအရ ၁၉၈၁–၈၂ ခုနှစ်တွင် လုံးဝပြီးစီးမည့် ယင်းဆည်ကြီးသည် ရေပြင်ကျယ်ရိယာ ကေပေါင်း ၈,၈၀၀ ဖြစ်လာမည်ဖြစ်ပြီး ရေလှောင်ပမာဏမှာ ၂၉,၁၀၀ ကေဖြစ်မည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးဆည်များတွင် အကြီးဆုံးဖြစ်သည်။ ကြက်မောက်တောင်ဆည်ထက် သုံးဆ၊ ရေဆင်းဆည်ထက်ငါးဆမျှ ပိုမိုကြီးမားသည်။ ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ သဲကုန်းမြို့နယ်များအတွင်းရှိ စိုက်ပျိုးမြေကေ ၉၆,၇၆၉ ကို တူးမြောင်းများနှင့် ရေသွင်းမြောင်းများမှ တဆင့် ရေသွင်းစိုက်ပျိုးနိုင်ရန် ရည်ရွယ်ထားသည်။

၁၉၇၈ ခုနှစ်မှ စတင်ပြီး ဆည်ရေသောက် စိုက်ပျိုးကေပေါင်း ၂၀,၀၀၀ ကို ရေပေးသွင်းစိုက်ပျိုးခဲ့ရာ စပါး၊ နှမ်းလျင်၊ မတ်ပဲ၊ ချည်မျှင်ရှည်ဘ၊ ကုလားပဲနှင့် သီးနှံပင်များကို သီးထပ်၊သီးညှပ် စိုက်ပျိုးခဲ့ကြသည်။ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်မြို့နယ်များမှ လယ်မြေများ ရေသွင်းစိုက်ပျိုးရေး အတွက် ပေါက်ခေါင်း မြို့နယ်အတွင်းတည် ဆောက်မည့် တောင်နဝင်းဆည် စီမံကိန်းကိုလည်း ၁၉၇၇



ခုနှစ်တွင် မြေတိုင်းဌာနမှ စတင်ဆောင်ရွက် အကောင်အထည်ဖော်နေပြီ ဖြစ်သည်။

ဆီစားနေကြာ တိုးခဲ့စိုက်ပျိုးရေးနှင့် တဒကထွက်နှုန်း တိုးရေးတို့အတွက် ရွှေကျင်မြို့နယ်ကို နေကြာမြို့တော်ဖြစ် စေရမည်ဟူသော ဆောင်ပုဒ်အတိုင်း တိုးခဲ့ စိုက်ပျိုးခဲ့ရာ အချင်း ၁၄ လက်မမှ ၁၆ လက်မအထိ ကြီးမားသောနေကြာ ပွင့်ကြီးများ ဖြစ်ထွန်းအောင်မြင်ခဲ့သည်။ တဧကလျှင် တင်း ပေါင်း ၆၀ မှ ၇၀ အထိ ထွက်ရှိသည်ကို တွေ့ရပေသည်။

ပန်းတောင်းမြို့နယ် အတွင်းရှိ ပုသိမ်၊ မဲရွာလမ်းမကြီး ပေါ် ရှိ သူရဲတန်းချောင်းတံတားကြီးမှာ လုံးဝဆောက်လုပ် ပြီးစီးခဲ့သဖြင့် ၁၉၇၈ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင် ဖွင့်လှစ်ခဲ့သည်။ ဆောက်လုပ်ရာတွင် ကျပ်ငွေ ၈၉.၈၉ သိန်း ရင်းနှီးမြှုပ်နှံခဲ့ရသော ယင်းတံတားကြီးမှာ ခန်းဖွင့် ၁၈ ခု ပါဝင်သည့် အစွန်းထုတ် မေးတင် သံကွန်ကရစ် အမျိုး အစားဖြစ်သည်။ ၁,၂၆၄ ပေ ၄ လက်မရှည်လျား၍ ပဲခူး တိုင်းတတိုင်းလုံးတွင် အရှည်ဆုံးတံတားကြီး ဖြစ်သည်။

ပဲခူးရိုးမမှ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်းစသော အဖိုး တန်သစ်များထွက်ရှိသဖြင့် နိုင်ငံ၏ စီးပွားရေးကို အထောက် အကူပြုလျက်ရှိပေသည်။ ပဲခူးတိုင်းဒေသမှ ၁၉၇၈–၇၉ ခုနှစ် တွင် ကျွန်းသစ်တန်ချိန် တသိန်းထုတ်လုပ်ခွန် လျာထားခဲ့ရာ တသိန်း နှစ်သောင်းအထိ ထုတ်လုပ်နိုင်ခဲ့ပေသည်။ မြန်မာ နိုင်ငံ သစ်လုပ်ငန်း ကော်ပိုရေးရှင်းမှ သစ်လွှာအထပ်သား များ တိုးခဲ့ရ လုပ်ကိုင်နိုင်ရေးအတွက် ကြိုးပမ်းလျက် ရှိရာ ၁၉၇၈–၇၉ ခုနှစ်အတွက် အထပ်သားချပ်ရေ ၁၅ သိန်းမှ သိန်း ၂၀ အထိ တိုးထုတ်ရန် လျာထားသည်။ ဆွာမြို့ရှိ အထပ်သားစက်ရုံမှ စံချိန်မီ အထပ်သား ချပ်ရေပေါင်းများ စွာကို ထုတ်လုပ်ပေးနေသည်။

ပဲခူးတိုင်း အတွင်းတွင် ဆရာအတတ်သင် သိပ္ပံကျောင်း သုံးကျောင်း၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းနှစ် ကျောင်းနှင့် အထက်တန်း ယက်ကန်းကျောင်း တကျောင်း တို့ကိုပါ တိုးခဲ့ ဖွင့်လှစ်ပေးထားသည်။ ၁၉၇၇ ခုနှစ်မှ စ၍ ပဲခူးမြို့နှင့်ရွှေတောင်မြို့များတွင် ဒေသကောလိပ်နှစ်ကျောင်း ဖွင့်လှစ်ပေးခဲ့သည်။

၁၉၇၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင် ဆန်း၏ မြင်းစီးကျောက်ရုပ်ကြီးကို ပြည်မြို့မီးရထားဘူတာရုံ အနီးတွင် အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့လေသည်။

ပေါ်တူဂယ်သမ္မတနိုင်ငံ။ ။ပေါ်တူဂယ် သမ္မတနိုင်ငံသည် ဥရောပတိုက်ရှိ အိုင်ဘာရီယန်ကျွန်းဆွယ်မှ နိုင်ငံ တနိုင်ငံဖြစ်သည်။ ပေါ်တူဂယ် နိုင်ငံသည် စတုရန်း မိုင်ပေါင်း ၃၅,၅၉၈ ခန့်ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်း



ခြေအရ လူဦးရေ ၉,၇၃၀,၀၀၀ ခန့် ရှိသည်။

မြို့တော်မှာ လစ်စဘွန်း ဖြစ်သည်။ လူဦးရေ ၉၀ ရာခိုင်နှုန်းသည် ဗရင်ကျိဘာသာဝင်များ ဖြစ်သည်။

၁၈ ရာစုမှစ၍ ၂၀ ရာစုအစအထိ ဘုရင်စနစ်ဖြင့် အုပ် ချုပ်သောနိုင်ငံတနိုင်ငံဖြစ်သည်။

၁၉၁၀ ပြည့်နှစ်တွင် ဘုရင်စနစ်ကို လက်နက်ကိုင်တော် လှန်ခဲ့ကြသည်။ ၁၉၁၀ ပြည့်နှစ်နှင့် ၁၉၂၆ ခုနှစ်အတွင်းတော် လှန်ရေးပေါင်း ၂၄ ကြိမ်ဖြစ်ပွားခဲ့သည်။ ၁၉၂၆ ခုနှစ် မေလ တွင် ဗိုလ်ချုပ်ဒါကောစတာက စစ်အာဏာရှင်စနစ်ဖြင့် အုပ် စိုးခဲ့သည်။ ၁၉၂၆ ခုနှစ်မှာပင် ဗိုလ်ချုပ်ကာမွန်နာကဗိုလ်ချုပ် ဒါကောစတာကို ဖြုတ်ချပြီး သမ္မတနိုင်ငံထူထောင်ခဲ့သည်။ ၁၉၂၆ ခုနှစ်မှ ၁၉၅၁ ခုနှစ်ထိ ဗိုလ်ချုပ်ဒါကောစတာသည် ပေါ်တူဂယ်နိုင်ငံသမ္မတအဖြစ်အုပ်ချုပ်ခဲ့သည်။ ၁၉၂၇ ခုနှစ် တွင် ဒေါက်တာဆယ်လာသည် ဘဏ္ဍာရေးဝန်ကြီး အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၃၂ ခုနှစ်မှစ၍ ၁၉၆၈ ခုနှစ် အထိ ဝန်ကြီးချုပ်အဖြစ် ဒေါက်တာ ဆယ်လာသည် တာဝန်ယူ အုပ်ချုပ်ခဲ့သည်။ ၁၉၆၁ ခုနှစ်မှစ၍ အန်ဂိုလာတွင်ငင်း၊ ၁၉၆၃ ခုနှစ်မှစ၍ ပေါ်တူဂယ်ပိုင်ဂိနီတွင်ငင်း၊ ၁၉၆၄ ခုနှစ် မှစ၍ မိုဇမ်ဘစ်တွင်ငင်း တိုင်းရင်းသားများ၏လက်နက်ကိုင် တော်လှန်ရေးတိုက်ပွဲများကို နှိမ်နင်းနေရသော ပြဿနာ များနှင့် ရင်ဆိုင်နေရသည်။

၁၉၆၈ ခုနှစ်တွင် ဆယ်လာ နာမကျန်း ဖြစ်လာ၍ ကေတာနိုဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ကိုလိုနီအရေးအခင်းများနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ကြီး စပီနိုလာနှင့် အစိုးရအဖွဲ့တို့ သဘောကွဲကြသဖြင့် စပီနိုလာနှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂိုမဲ့ရ်တို့ ရာထူးမှ နုတ်ထွက်ခဲ့ရ သည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီး ၂ ဦး ပူးပေါင်းပြီး အဖွဲ့ဝင် ၇ ဦး ပါဝင်သော အမျိုးသားကယ်တင်ရေးအဖွဲ့ဟူသည့် စစ် အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့သည် ၁၉၇၄ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် အာဏာသိမ်းခဲ့သည်။ မေလ ၁၅ ရက်တွင် ယာယီအစိုးရဖွဲ့စည်း၍ ကြားဖြတ်အစိုးရ အဖွဲ့ကို ဖွဲ့စည်းပြီး အခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့သည်။ ပါမောက္ခ အဒီလီမိုပါလ်မာကာကွိစ်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ စပီနိုလာသမ္မတသစ်ဖြစ်လာသည်။ ယာယီ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ပြည်သူဆန္ဒခံယူ၍ အတည် ပြုရန် တောင်းဆိုသော အစိုးရအဖွဲ့၏ တောင်းဆိုချက်ကို နိုင်ငံတော် ကောင်စီက မလိုက်လျောသဖြင့် ဇွန်လတွင်

ဝန်ကြီးချုပ်နှင့်အခြားဝန်ကြီးလေးဦးနုတ်ထွက်ခဲ့ရာ အစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်ရသည်။ ထို့ကြောင့် ဗိုလ်မှူးကြီး ဗက်စလို ဂွန်ဆားလ်ဗက်အား ဝန်ကြီးချုပ်သစ်တင်မြှောက်ပြီး ၁၇ ဦးပါဝင်သော ညွှန်ပေါင်းအစိုးရအဖွဲ့ကို ဖဲ့စည်းခဲ့လေသည်။ စက်တင်ဘာလတွင် စပိန်လာ သမ္မတဆုထူးမှ နုတ်ထွက်ခဲ့သည်။

ဗိုလ်ချုပ်ကြီး ဂိုမဲ့ရှ်အား သမ္မတ အဖြစ် နိုင်ငံတော်ကောင်စီက တင်မြှောက်ခဲ့သည်။ အောက်တိုဘာလတွင် အစိုးရသစ်ကိုဖွဲ့စည်းလိုက်ပြီး ဂွန်ဆားလ်ဗက်အား ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူစေသည်။ ယင်းအစိုးရ အဖွဲ့သစ်က အမေရိကန်-ပေါ်တူဂယ် နှစ်နိုင်ငံပူးတွဲကြေငြာချက်တရပ် ထုတ်ပြန်ခဲ့သည်။ ဆိုဗီယက်နှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊ ရွှမေးနီးယားနိုင်ငံနှင့် ယဉ်ကျေးမှုနှင့် သိပ္ပံဆိုင်ရာ သဘောတူစာချုပ်လက်မှတ် ရေးထိုးခြင်း၊ ယူဂိုစလားဗီးယား၊ တရုတ်နိုင်ငံတို့နှင့် ဆက်သွယ်ခြင်းများ ဆောင်ရွက်လေသည်။

မတ်လတွင် စပိန်လာက အာဏာပြန်သိမ်းရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခြင်းမရှိ။ ထို့နောက်ပိုင်း နိုင်ငံတော်ကောင်စီနှင့် အမျိုးသားကယ်တင်ရေးအဖွဲ့ကို ဖျက်သိမ်းပြီး တော်လှန်ရေးကောင်စီကို ဖဲ့စည်းခဲ့သည်။

တော်လှန်ရေးကောင်စီက အရင်းမဲ့ အာဏာရှင်စနစ်အစား ဆိုရှယ်လစ်ပါတီစုံစနစ်ကို ကျင့်သုံးမည်ဟု ကြေငြာခဲ့သည်။ လယ်ယာနှင့်စက်မှုလုပ်ငန်းကြီးများကို ပြည်သူပိုင်သိမ်းရန် ကြေငြာခဲ့သည်။ ဂွန်ဆားလ်ဗက်ကို ဝန်ကြီးချုပ်အဖြစ်ဦးဆောင်ပြီး အစိုးရသစ်ကို ပြန်လည်ဖွဲ့စည်းခဲ့သော်လည်း စက်တင်ဘာလတွင် ဂွန်းဆားလ်ဗက် အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ပြန်သည်။

၁၉၇၆ ခုနှစ်တွင် တိမော့ဒ် ဆိုရှယ်လစ်ပါတီ အနိုင်ရရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆဲခဲ့သည်။ ဘဏ်များကို ပြည်သူပိုင်သိမ်းခဲ့သည်။ မေလတွင် အင်ဒိုနီးရှားနှင့် အရေးအခင်းဖြစ်၍ ၉ လကြာတိုက်ပွဲများဖြစ်ပွားခဲ့ရသည်။

၁၉၇၆ ခုနှစ် ဇွန်လတွင် ပေါ်တူဂယ်နိုင်ငံသို့ အနောက်အုပ်စုနိုင်ငံများက ဒေါ်လာ သန်းပေါင်း ၇၅၀ ချေးငှားခဲ့သည်။ ၁၉၇၈ ခုနှစ် ဩဂုတ်လတွင် နိုဘာဒါကော်စတာအား ဝန်ကြီးချုပ်သစ် တင်မြှောက်ပြီး အစိုးရသစ် ဖဲ့စည်းလိုက်သည်။

ပေါ်တူဂယ်နိုင်ငံသည် လယ်ယာစိုက်ပျိုးသောနိုင်ငံဖြစ်သည်။ ပေါ်တူဂယ်၏ အဓိကထွက်ကုန်မှာ ဝိုင်အရက်ဖြစ်သည်။ ပေါ်တူဂယ်နိုင်ငံသည် နှစ်တိုနှစ်ရှည်စီးပွားရေး စီမံကိန်းများချမှတ်၍ တိုင်းပြည်ကို ပြုပြင်လျက် ရှိပေသည်။

ပေါ်တူဂယ်သမ္မတနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး နေတိုး စစ်စာချုပ်အဖွဲ့ဝင် နိုင်ငံဖြစ်လေသည်။

ပေါ၊ ပဥ္စမမြောက်ရဟန်းမင်းကြီး
(ပုပ်ရဟန်းမင်းများ—၌။)

ပေါဂျန်၊ ရဟန်းမင်းကြီး
(ပုပ်ရဟန်းမင်းများ—၌။)

ပိုလန်ပြည်သူ့သမ္မတနိုင်ငံ။ ။အရှေ့ဥရောပ ဆိုရှယ်လစ် နိုင်ငံတနိုင်ငံဖြစ်သော ပိုလန်ပြည်သူ့သမ္မတနိုင်ငံသည် ၁၂၀,၇၂၅ စတုရန်းမိုင် ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းချက် အရ လူဦးရေ ၃၄,၇၀၀,၀၀၀ ရှိသည်။ ပိုလန်နိုင်ငံတွင် နေထိုင်ကြသူများ၏ ၉၈ ရာခိုင်နှုန်းသည် ပိုလန် လူမျိုးများ ဖြစ်၍ အများအားဖြင့် ခရစ်ယန်ဘာသာကို ကိုးကွယ်ကြသည်။



အကဲ့ကဲ့အပြားပြား သီးခြားတည်ရှိနေသော လူမျိုးစုတို့သည် ၉ ရာစုနှစ်တွင် စည်းလုံးညီညွတ်သော ပိုလန်နိုင်ငံကို စတင် ထူထောင်ခဲ့ကြရာ ၁၀၂၅ ခုနှစ်တွင် လွတ်လပ်သော နိုင်ငံတနိုင်ငံဖြစ်လာသည်။ သို့သော် တူရကီ၊ ဆွီဒင်၊ ရုရှလူမျိုးတို့နှင့် မကြာခဏ စစ်ဖြစ်ခဲ့ရလေရာ ပိုလန်နိုင်ငံပိုင်နယ်မြေတို့သည်တစတစနှင့်လျော့ပါးသွားလေသည်။ ၁၇၇၂၊ ၁၇၉၃ နှင့် ၁၇၉၅–၉၆ ခုနှစ်များတွင် ရုရှ၊ ပရပ်ရှား၊ ဩစတြီးယားနှင့် အိမ်နီးချင်းနိုင်ငံတို့က ပိုလန်နိုင်ငံ၏ နယ်မြေများကို ကျူးကျော် ခွဲဝေယူကြပြန်ရာ လွတ်လပ်သော ပိုလန်နိုင်ငံသည် လုံးဝကွယ်ပျောက်၍ သူတပါးလက်အောက်သို့ ကျရောက်ခဲ့ရလေသည်။

ပထမ ကမ္ဘာစစ်ကြီးအတွင်း ပိုးမျိုးချစ်ခေါင်းဆောင်တို့၏ လွတ်လပ်ရေး ကြိုးပမ်းခဲ့မှုကြောင့် ၁၉၁၈ ခုနှစ် နိုဝင်ဘာလတွင် လွတ်လပ်ရေးကို တရားဝင် ကြေငြာနိုင်ခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် ပါဒါရူးစကီးအား သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ ပိုလန်နိုင်ငံတွင် အစိုးရ အပြောင်းအလဲ မကြာခဏဖြစ်ပွားပြီးနောက် ဝီးတော့ဦးဆောင်သော အစိုးရကိုဖွဲ့ခဲ့ရာ ပီးဆွစ်စကီးနှင့် လက်ဝဲပါတီများက မကျေနပ်၍ ၁၉၂၆ ခုနှစ်တွင် အာဏာသိမ်းခဲ့လေသည်။

ဒုတိယ ကမ္ဘာစစ်ကာလတလျှောက်လုံးတွင် ပိုလန်နိုင်ငံသည် မဟာမိတ်များနှင့် လက်တွဲတိုက်ခိုက်ခဲ့သည်။

၁၉၅၂ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တရပ်ကို ပြဋ္ဌာန်းပြီး ပိုလန်နိုင်ငံကို ပြည်သူသမ္မတ နိုင်ငံဟု ခေါ်တွင်စေခဲ့သည်။ ဖွဲ့စည်းပုံသစ်အရ သမ္မတနေ ရာတွင် နိုင်ငံတော်ကောင်စီဖြင့် အစားထိုးရာ ကောင်စီ ဥက္ကဋ္ဌမှာ အလက်ဇန္ဒား ဇာဝက်စကီးဖြစ်လာသည်။

၁၉၇၀ ပြည့်နှစ်တွင် အစိုးရက စားကုန် သောက်ကုန် ဈေးနှုန်း တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့် ဆိပ်ကမ်းမြို့ အချို့ရှိ အလုပ်သမားများ ဆန္ဒပြခဲ့ကြသည်။ ထိုနှစ်တွင်ပင် သမ္မတ စပိုင်ခဲ့လ်စကီးနှင့် ဝန်ကြီးချုပ် စိုင်ရန်ကီးဝစ်တို့ ရာထူးမှ နုတ်ထွက်ကြပြန်ရာ လွှတ်တော် အထူးအစည်းအ ဝေးက ပျို့တာဂျာရော့ ဇီဝစ်အား ဝန်ကြီးချုပ်အဖြစ် ရွေး ချယ် တင်မြှောက်ပြီး ဟင်နရီဂျက်လွှန်စကီးအား သမ္မတ အဖြစ် ၁၉၇၂ ခုနှစ် ပြည်သူလွှတ်တော် အစည်းအဝေးက ရွေးချယ်တင်မြှောက်ခဲ့လေသည်။ ၁၉၇၆ ခုနှစ်တွင် အစိုးရ က ကုန်ဈေးနှုန်းများ ပြန်လည် တိုးမြှင့်လိုက်ကြောင်းကြေ ငြာသောကြောင့် မြို့ကြီးများစွာတွင် အဓိကရုဏ်းများ ဖြစ် ပွားခဲ့ရသည်။



ဓာတုဗေဒနည်းဖြင့် ဖော်စပ်ထားသော ပိုးသတ်ဆေးများဖြင့် ဆန်အိတ်များပိုးမထိုးရန် အချိန်မှန် ပက်ဖျန်းပေးရသည်။

ပိုးသတ်ဆေး။ ။ပိုးသတ်ဆေး ဆိုသည်မှာ ပိုးကောင် ပိုးမွှားတို့ကို သုတ်သင်ရန်အတွက် ဓာတုဗေဒနည်းဖြင့် စီမံ ဖော်စပ်ထားသော အဆိပ်ဖြစ်သည်။

လူတို့၏ ပတ်ဝန်းကျင်တွင် အကျိုးပြုသော ပိုးမွှား သဘာဝါများရှိသကဲ့သို့ ဖျက်ဆီးတတ်သော ပိုးမွှားသဘာဝါ များလည်း ရှိပေသည်။ အဖျက်ပိုးမွှား ဆိုရာတွင် အဓိက အားဖြင့် လူတို့ စိုက်ပျိုးထားသော ကောက်ပဲသီးနှံတို့ကို ဖျက်ဆီးတတ်သော ပိုးမွှားနှင့် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသော ရောဂါပိုးများ ဖြစ်သည်။ ထို့ပြင်လူတို့၏ အသုံးအဆောင် ပစ္စည်းများကို ဖျက်ဆီးတတ်သော ပိုးမွှား သဘာဝါများလည်း ပါဝင်ပေသည်။

ယင်းဆေးကို မူလက စစ်အတွင်း အဆိပ်လက်နက် အဖြစ် သုံးစွဲရန် စမ်းသပ်ခဲ့ကြသော်လည်း နောင်အခါ လူသားတို့အကျိုးအတွက် အသုံးချနိုင်မည့် ပိုးသတ်ဆေး အဖြစ် တွေ့ရှိလာကြခြင်း ဖြစ်သည်။ ပိုးသတ်ဆေးများ အနက် အစောဆုံး ထုတ်လုပ်သော ဆေးမှာ ဒီဒီတီ ဖြစ် သည်။ (၅–၂၆၈—ရှု။)

ဒီဒီတီ၏ နောက်ပိုင်းတွင် ပိုးသတ်ဆေးများ အသစ် အသစ် ထုတ်လုပ်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုတခု တည်းမှပင် ၁၉၄၇ ခုနှစ်တွင် ပိုးသတ်ဆေး ၁၂၄,၂၅၉,၀၀၀ ပေါင်ထုတ်လုပ်ခဲ့ရာမှ ၁၉၆၀ ပြည့်နှစ်တွင် ၆၃၇,၆၆၆,၀၀၀ ပေါင်အထိ ငါးဆမျှ တိုးမြှင့်ထုတ်လုပ်ခဲ့ရသည်။

ယနေ့ဆိုမူ လူသားတို့သည် ခေတ်နှင့်အညီ ပေါ်ပေါက် လာသော အလွန်တန်ခိုးထက်မြက်သည့် ပိုးသတ်ဆေးများ ကို အလျှံပယ် သုံးစွဲလျက် ရှိကြပေသည်။ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ စက်မှုလက်မှု၊ သစ်တောသစ်ပင် စသည်တို့ တွင် ကျယ်ပြန့်စွာ အသုံးပြုနေကြပေသည်။

တဖက်တွင် ကမ္ဘာ့လူဦးရေသည် ဒီရေအလား တိုးပွား နေ၏။ ၂၀၀၅ ခုနှစ်ရောက်လျှင် ယခုလက်ရှိထက် နှစ်ဆ ဖြစ်လာမည်ဟု ကျမ်းကျင်သူတို့က ခန့်မှန်းထားကြသည်။ သို့ဖြင့် တိုးပွားလာသော ပါးစပ်ပေါက်များကို ကျွေးမွေး ရန်အတွက် ကောက်ပဲသီးနှံများ တိုးထုတ်ကြရ ပေလိမ့် မည်။ ကောက်ပဲသီးနှံ အထွက်တိုးရန်မှာ စိုက်နည်း ပျိုး နည်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ အပေါ်တွင် မူတည်သည်။

မြန်မာနိုင်ငံတွင်လည်း စပါးအပါအဝင် ကောက်ပဲသီးနှံများ အထွက်တိုးရန် ကြိုးပမ်းလျက်ရှိသည်။ ဤတွင် ပိုးသတ်ဆေးမှာလည်း မသုံးမဖြစ် ပါဝင်လာရပေသည်။ ထို့ကြောင့် မြန်မာ့လယ်ယာဦးကြီးတို့အနေဖြင့် အဆိပ်တည်းဟူသော ပိုးသတ်ဆေးများကို အန္တရာယ် ကင်းရှင်းစွာနှင့် အကျိုးရှိအောင် သုံးစွဲတတ်ကြရန်မှာ လွန်စွာအရေးကြီးလာသည့်အလျောက် ယင်းပိုးသတ်ဆေးများ၏အကြောင်းချင်းရာနှင့် အကျိုးအာနိသင်များကို ကြိုတင်သိရှိထားသင့်ကြပေသည်။

ပိုးသတ်ဆေးများကို အမှုန့်၊ အရည်၊ အခဲဟူ၍ သုံးမျိုး ခွဲခြားထုတ်လုပ်သည်။ အမှုန့်အမျိုးအစား ပိုးသတ်ဆေးများမှာ လင်ဒိန်း ပီ ၁၃၀၊ ဂမ္မင်း ဒီ ဝ၂၅၊ အော်လ်ဒရင်း ပီ ၂ ဒသမ ၅၊ ၄၀၊ ၅၀၊ ဒီဒီတီ ပီ ၅၊ သင်းမက် ၁၀ ဂျီ၊ အာဂရိဘန်ဂျီအင်၊ ဒီလ်ဒရင်း ၅၀ နှင့် လင်ဒိန်း ပီ ဝ၆၅ တို့ဖြစ်ကြ၏။ အဆိုပါ ဆေးအမည်များ၏နောက်မှ ဂဏန်းများမှာ အဆိပ်ရာခိုင်နှုန်းများကို ဖော်ပြထားခြင်းဖြစ်သည်။ ဤပိုးသတ်ဆေးမှုန့်များအပြင် စပါးခင်း၊ မြေပဲခင်းများထဲသို့ မကြာခဏ ဝင်ရောက်ဖျက်ဆီးတတ်ကြသော ကြွက်များကို သုတ်သင်ရန်အတွက် ဇင့်ဖော့စ်ဖိုက်နှင့် ဆိုင်းမက် ဆေးမှုန့်များလည်း ရှိကြသည်။ ဆေးမှုန့်များကိုသုံးရာတွင် အခွံကို အမှုန့်အတိုင်းကြဲပက်ရသော်လည်း အခွံကို ရေနှင့်ဖျော်၍ သုံးစွဲရသည်။

အရည်အဖြစ် ထုတ်လုပ်သော ပိုးသတ်ဆေးများမှာ အင်ဒရင်း ၁၉၊ ၅၊ လင်ဒိန်းအယ်လ ၂၀၊ အင်းဒရင်း အယ်လ ၁၉၊ ၅၊ ဆာလဖိနက်၊ ဒီဒီတီအယ်လ ၂၅၊ မာလာသိုင်ယွန်အယ်လ ၅၀၊ အယ်လဗိုနီယမ်၊ ဒီကိုဒိန်း ၂၀၅၊ ဒီလ်ဒရင်း ၂၀၊ အော်လဒရင်း ၃၀ တို့ဖြစ်ကြ၏။ ဤဆေးရည်များကို ဆေးဖျန်းကရိယာတွင်ထည့်၍ အသုံးပြုရသည်။ သို့ရာတွင် ယခုဖော်ပြခဲ့သော ဆေးရည်တို့အနက် မာလာသိုင်ယွန် ဆေးကိုကား လက်ရှိ ဆေးဖျန်းကရိယာများနှင့် အသုံးမပြုနိုင်ပဲ သီးခြားဆေးဖျန်းကရိယာလိုအပ်သည်ဟု သိရ၏။

ပိုးသတ်ဆေးအခဲသည် ပီဒီစီဘီနှင့် ပရုပ်ခဲများဖြစ်၏။ ယင်းတို့ကို သစ်သီးဝလံပင်များတွင် ကျရောက်တတ်သော ပင်စည်ထိုးပိုးများ သုတ်သင်ရာ၌သာ သုံးစွဲရသည်။

ပိုးသတ်ဆေး အမှုန့်၊ အရည်၊ အခဲတို့ အသုံးမပြုနိုင်သော နေရာဒေသများတွင် အဆိပ်ငွေ့မှုံးတိုက်နည်းဖြင့် ပိုးမွှားများကို အထိရောက်ဆုံး ဖျက်ဆီးနိုင်သည်။ စပါးကျီးကိုဒေါင်တို့ဖြင့် အမြောက်အများ သိုလှောင်ထားသော ပဲစေ့၊ မျိုးစေ့များအတွင်း၌ ဝင်ရောက်စုံကပ်နေသည့် ပိုးများကို အဆိပ်ငွေ့မှုံးတိုက်ခြင်း နည်းဖြင့် လုံးဝသုတ်သင်နိုင်ပေ၏။ ယင်းသို့ နှိမ်နင်းရာတွင် အခြေအနေကိုလိုက်၍ အနည်းဆုံး သုံးနာရီမှ အများဆုံး တရက်၊ နှစ်ရက်အထိ ထားရလေသည်။ ဤနည်းကို အခြားသော ဆေးရွက်၊ အာလူး၊ သစ်သီးခြောက် သိုလှောင်ရုံနှင့် စာကြည့်တိုက်စသည့် နေရာများ၌လည်း အသုံးပြုနိုင်သည်။ အဆိပ်ငွေ့အားလုံးသည် လွန်စွာပြင်းထန်သဖြင့် အငွေ့အနည်းငယ်မျှကို ရှူမိရုံနှင့် လူ၏အသက်ဘေးကိုပင် ထိခိုက်စေနိုင်သောကြောင့် သုံးစွဲရာ၌ အထူးသတိပြုသင့်သည်။

ပိုးသတ်ဆေးဆိုလျှင် မည်သည့်ဆေးသုံးသုံး တွေ့ရာပိုးမွှားအားလုံးကို သေစေနိုင်သည်ဟု ယူဆလျှင် အမှားကြီးမှားပေမည်။ လူတို့ ဖျားနာသည့်အခါ အနာနှင့် ဆေးတည့်အောင်ပေးရသောသဘောရှိ၏။ ထိုနည်းတူစွာ စိုက်ပျိုးသော အပင်အမျိုးအစားနှင့် ယင်းတွင်ကျရောက်တတ်သော ပိုးမွှားအမျိုးအစားတို့ကိုလိုက်၍ သင့်လျော်ရာ ပိုးသတ်ဆေးကို သေချာစွာ ရွေးချယ်သုံးစွဲရသည်။

ပိုးသတ်ဆေးတမျိုးသည် ပိုးတမျိုးကို ထိရုံမျှဖြင့် သေစေနိုင်သော်လည်း အခြားပိုးမွှားများကိုမူ မည်သို့မျှ မစွမ်းသာပေ။ ဤသို့ဖြစ်ရသည်မှာ ပိုးတို့၏သဘာဝကြောင့်ဖြစ်သည်။ ထိုသဘာဝမှာ အခွံပိုးများတွင် အသီး၊ အရွက်၊ အပွင့်တို့ကို ကိုက်ဖြတ်စားသောက်နိုင်သော ပါးစပ်မျိုးပါရှိ၍ အခွံတွင် သီးနှံပင်မှ ဩဇာဓာတ်အရည်ကို စုတ်ယူနိုင်သော ပြွန်ချောင်းသဏ္ဌာန် နှုတ်သီးပါရှိလေသည်။ ထို့ပြင် နှမ်း၊ ဝါ၊ မြေပဲ၊ ဆေးတို့ကိုဖျက်ဆီးတတ်သော ပိုးတို့သည် အမှားအားဖြင့် ခွူကောင်ဘဝအဆင့်၌ ဖျက်ဆီးကြခြင်းဖြစ်သည်။ ခွူကောင်တို့သည် အသက်ရှူရန် နှာခေါင်းဟူ၍ သီးသန့်မပါရှိပဲ ကိုယ်ခန္ဓာ နံဘေးတလျှောက်၌ လေဝင်ပေါက်ကလေးများသာ ရှိကြသည်။ ထိုအပေါက်ကလေးများ ပိတ်ဆို့သွားပါမူ ခွူကောင်သည် အသက်မရှူနိုင်ပဲ သေဆုံးရလေသည်။ သီးနှံဖျက်ပိုးတို့၏ ဤသို့သော သဘာဝများကို မူတည်ပြီး ပိုးသတ်ဆေးများကို တီထွင်ဖော်စပ်ထားခြင်းဖြစ်၏။ အခွံပိုးဆိုလျှင် ပိုးသတ်ဆေးပင် အသုံးမပြုနိုင်သော အခြေအနေမျိုးတွင် ရှိနေ၏။ စပါးရွက်လိပ်များထဲ၌ နေ့အခါ ပုန်းအောင်းနေ၍ ညအခါမှ ထွက်တတ်သောပိုးကို မည်သည့်ပိုးသတ်ဆေးဖျန်း၍မျှ မနှိမ်နင်းနိုင်ချေ။ အမှိုက်ပုံကလေးများ ထားပေးခြင်း၊ ကြိုးတန်းတိုက်ခြင်း နည်းတို့ဖြင့်သာ နှိမ်နင်းလေသည်။

ပိုးသတ်ဆေးဖျန်းသည့် အခါ၌လည်း နေပူ၊ မိုးရွာ၊ လေတိုက်ပုံတို့ကိုထည့်သွင်းစဉ်းစားရပေသေးသည်။အကြောင်းမူ ဆေးဖျန်းပြီး မိုးသည်းထန်စွာ ရွာချပါက ဆေးများ မိုးရေထဲ ပါသွားနိုင်သည်။ လေပြင်းထန်စွာ တိုက်ခတ်နေပါက ဆေးမှုန့်များပက်ဖျန်းရာတွင် တခြားသို့လွင့်ပါဆုံးရှုံးရတတ်သည်။ နေအပူရှိန် ဒီဂရီများနေပါကလည်း ဆေးတန်ခိုးသတ္တိ ပျက်ပြယ် လျော့ပါး တတ်သည်။ အထူး သဖြင့်

အော်လဒရင်း ကဲ့သို့သော ပိုးသတ်ဆေးရည်သည် အပူရှိန် ပြင်းလျှင် အငွေ့အဖြစ်သို့ လျင်မြန်စွာ ပြောင်းလဲသွားလေ့ ရှိသည်။

ဆေးပက်ဖျန်းမည့် သီးနှံသည် မကြာမီ ရိတ်သိမ်းရတော့မည့် သီးနှံဖြစ်ပါမူ အဆိပ်တန်ခိုးမပြယ်မီ လူသူ ကျွဲနွားတို့ စားသုံးမိခြင်းမရှိစေရန် အထူးဂရုပြုရမည်။ အထူးသဖြင့် အရွက်ကိုစားသုံးရသောဂေါ်ဖီထုပ်၊ ဆလတ်စသော ဟင်းသီး ဟင်းရွက် မျိုးကို ဆေးဖျန်းပြီး ခုနစ်ရက်မှ ၂၁ ရက်ကြာမှ ဆွတ်ခူးစားသုံးသင့်သည်။

ပိုးသတ်ဆေးများသည် မီးတောက် လောင်ကျွမ်းတတ်သော သဘောရှိသဖြင့် မီးနှင့်ဝေးသောနေရာတွင် သိမ်းဆည်းထားသင့်သည်။ ထို့ပြင် ပိုးသတ်ဆေးများကို ငါးဖမ်းသည့် နေရာတွင် အလွဲသုံးစား မပြုကြပဲ သီးနှံဖျက်ပိုးမွှားများကို နှိမ်နင်းသုတ်သင်ရာတွင်သာ နည်းလမ်းတကျ သုံးစွဲကြရန် အရေးကြီးသည်။ ပိုးသတ်ဆေး အလွဲသုံးစားပြုခြင်းကဲ့သို့ပင် ပိုးသတ်ဆေးကို အလွန်အကျွံ သုံးစွဲခြင်းသည်လည်း အန္တရာယ်ကြီးလှသည်။

ပတ်ဝန်းကျင် သဘာဝလောကကြီးသည် သီးခြားတည်ရှိနေသည် မဟုတ်၊ အခြား သက်ရှိ သတ္တဝါ အမျိုးမျိုးတို့နှင့် အပြန်အလှန်ဆက်သွယ်မှုရှိနေသည်။ ထို့ကြောင့် ပိုးတမျိုးကိုသုတ်သင်ရန် ပိုးသတ်ဆေးများ အနှိုင်းအဆမရှိ သုံးစွဲလိုက်ခြင်းသည် အခြားမဆိုင်သော သက်ရှိသတ္တဝါတို့ကိုပါ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်သေကြေစေနိုင်လေသည်။ အချို့သော ကျေးငှက်များမှာ ပိုးသတ်ဆေး ထိသဖြင့် ဥအခွံများ တဖြည်းဖြည်း ပါးလွှာလာကြပြီး အကောင်ပေါက်ပွားမှု ယုတ်လျော့သွားသည်။ ဤနည်းဖြင့် မျိုးတုံးလုနီး ဖြစ်ကြရသည်။

ဤသို့ ပိုးသတ်ဆေးများ အလွန်အကျွံ သုံးစွဲသဖြင့် ပတ်ဝန်းကျင် သဘာဝတရားကြီးတခုလုံး ဖောက်လဲဖောက်ပြန် ဖြစ်ရမည့်အန္တရာယ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကုဖာလဟိုင်း ကိုယ်တိုင်က ၁၉၇၅ ခုနှစ် မတ်လ ၅ ရက်နေ့က ထုတ်ဖော်သတိပေးခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အလိုအရ ယနေ့ကမ္ဘာတွင် ပိုးသတ်ဆေးသုံးစွဲမှု ပမာဏသည် တနှစ်လျှင် တန်ချိန်တသန်းကျော် ရှိနေသည်ဟု သိရ၏။ ထို့ကြောင့် ပိုးသတ်ဆေးကြောင့် မတော်တဆ အဆိပ်မိမှုများမှာ တနှစ်လျှင် ငါးသိန်းဖြစ်ပွားနေသည်။ ယင်းသို့ မတော်တဆ အဆိပ်မိရာမှ သေဆုံးရသော နှုန်းသည် ၁ ရာနှုန်းနှင့် ၁၀ ရာနှုန်းအကြားတွင် ရှိသည်။

ပိုးသတ်ဆေးများကို တနေရာမှ တနေရာသို့ သယ်ယူပို့ဆောင်ရာတွင်ရင်း၊ သိုလှောင်ရာတွင်ရင်း နည်းစနစ်မကျ နမှုသည်လည်း မတော်တဆ အဆိပ်မိသည့် အန္တရာယ်ကို တိုးပွားစေလေသည်။

ယနေ့ မြို့ကြီးပြကြီးများ၌ နေထိုင်သူများသည် ခေတ်အမီဆုံး၊ အပြင်းထန်ဆုံးသော ခြင်ဆေး၊ ကြမ်းပိုးဆေး၊ ကြွက်ဆေး၊ ပိုးဟပ်သတ်ဆေး စသည့် ပိုးသတ်ဆေးတို့ကို လိုသည်ထက် ပိုမို သုံးစွဲနေကြခြင်းမှာလည်း ဆင်ခြင်သတိပြုဘွယ်ရာ ကောင်းလေသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှု။ ။ပတ်ဝန်းကျင် ညစ်ညမ်းမှု အမျိုးမျိုးရှိသည်။ ယင်းတို့မှာ လေထုညစ်ညမ်းမှု၊ရေထု ညစ်ညမ်းမှုနှင့် မြေဆီလွှာညစ်ညမ်းမှုများဖြစ်သည်။ ညစ်ညမ်းမှုများသည် လူတို့ကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ပတ်ဝန်းကျင်ရှိ သဘာဝ အစိတ်အပိုင်းများသည် တခုနှင့်တခု ဆက်စပ်လျက်ရှိသောကြောင့် သဘာဝအစိတ်အပိုင်းတနေရာ၌ ညစ်ညမ်းမှု ဖြစ်လျှင် အခြား သဘာဝအစိတ်အပိုင်း နေရာများသို့လည်း ပြန့်နှံ့သွားနိုင်သည်။

လူတို့သည် နှစ်စဉ်နှစ်တိုင်း တန်ချိန်သန်းပေါင်း များစွာရှိသော ဓာတ်ငွေ့နှင့် အမှုန်ကလေးများကို လေထု အတွင်းသို့ စွန့်ထုတ်ခြင်းဖြင့် လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ မော်တော်ကားကဲ့သို့သော ယာဉ်များကြောင့်ငင်း၊ ဓာတ်ဆီ၊ ကျောက်မီးသွေး စသော လောင်စာများ လောင်ကျွမ်းမှုကြောင့်ငင်း လေထုညစ်ညမ်းမှု အများဆုံး ဖြစ်ရသည်။ လောင်စာများမှ ထွက်လာသော လေထုကို ညစ်ညမ်းစေသည့် အညစ်အကြေးများကို အရောင်မဲ့အဆိပ်ငွေ့များအဖြစ်ငင်း၊ ထူထဲမှောင်မည်းသော မီးခိုးလုံးကြီးများအဖြစ်ငင်း တွေ့ကြရသည်။ လေထု ညစ်ညမ်းမှုသည် မျက်စိနာ ဖြစ်စေနိုင်သည်။ ပန်းနာရင်ကျပ်နှင့် အဆုတ်ရောင် ရောဂါများကိုလည်း ဖြစ်စေနိုင်သည်။ ကင်ဆာရောဂါကိုပင် ဖြစ်စေနိုင်သည်ဟု အချို့သိပ္ပံပညာရှင်များက ယုံကြည်သည်။ လေညစ်ညမ်းမှုသည် အပင်များရှင်သန်ရေးကိုလည်း ထိခိုက်စေနိုင်သည်။ အသုံးအဆောင်ပစ္စည်းများနှင့် တိုက်တာအဆောက်အအုံများကိုလည်း ပျက်စီးလွယ်စေနိုင်သည်။ လေထုညစ်ညမ်းမှုသည် ရာသီဥတု ကိုလည်း ဖောက်ပြန်စေနိုင်သည်။ လေထုထဲရှိအမှုန်နှင့် ဓာတ်ငွေ့များသည် သဘာဝအပူချိန်ကို ပြောင်းလဲစေနိုင်သဖြင့် ရာသီဥတု ဖောက်ပြန်မှုများ ဖြစ်လာနိုင်သည်။

စက်မှုလက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် မိလ္လာစွန့်ပစ်ရေး လုပ်ငန်းများကလည်း တနှစ်တနှစ်လျှင် ဂါလံသန်းပေါင်းများစွာရှိသော စွန့်ပစ္စည်းများကို ရေထုအတွင်းသို့ စွန့်ပစ်ကြသည်။ ယင်းကဲ့သို့သော စွန့်ပစ္စည်းများထဲတွင်

ဓာတုပစ္စည်းများ၊ အပင်နှင့် တိရစ္ဆာန်များ၏ စွန့်ပစ်စည်းများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ပါဝင်သည်။ စက်ရုံအလုပ်ရုံနှင့် လျှပ်စစ် ဓာတ်အားပေးရုံများမှ စွန့်ပစ်သော ရေများကြောင့် လူတို့ကို အကျိုးပြုသည့် ရေထဲရှိ ငါး၊ ပိုးမွှား တိရစ္ဆာန်နှင့် အပင်များ သေကျေပျက်စီးနိုင်သည်။

မြေဆီလွှာ ညစ်ညမ်းမှုသည် စိုက်ပျိုးပင်များ အတွက် ရေကြီးသော ကမ္ဘာ့မြေအပေါ်ယံရှိ မြေဆီလွှာကို ပျက်စီးစေသည်။ သဘာဝအလျောက် နှစ်ထောင်ပေါင်းများစွာ အချိန်ယူ၍ ဖြစ်ပေါ်ခဲ့ရသော မြေဆီလွှာသည် လူတို့၏ ပေါ့လျော့မှုကြောင့် နှစ်အနည်းငယ်အတွင်း ပျက်စီးသွားနိုင်သည်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို အလွန်အကဲ့ အသုံးပြုခြင်းသည် မြေကြီးအတွင်းရှိ လူ့အကျိုးပြု ဗက်တီးရီးယားနှင့် အခြားသက်ရှိများကို သေစေနိုင်သည်။ လေနှင့် ရေတို့၏ တိုက်စားမှုကြောင့်လည်း မြေဆီလွှာ အမြောက်အမြား ဆုံးပါးရသည်။ တောင်ယာ လုပ်ရန် အတွက် သစ်ပင်နှင့် မြက်ပင်များကို ခုတ်ထွင် ပစ်ရာ၌ အကာအကွယ်မဲ့ဖြစ်ရသော မြေဆီလွှာသည် လေနှင့်မိုးရေတို့၏ တိုက်စားခြင်းဒဏ်ကို ခံရသည်။ လမ်းများဖောက်ရန် အတွက်ၜင်း၊ စက်ရုံများ တည်ဆောက်ရန် အတွက်ၜင်း၊ တောတောင်များကို ရှင်းလင်းပစ်ကြရာ၌ၜင်း မြေဆီလွှာ ပြုန်းတီးကြရပြန်သည်။





ပြင်သစ်ကမ်းခြေ တနေရာတွင် အမေရိကန်ပိုင် ရေနံတင် သင်္ဘောကြီးတစင်း နှစ်မြုပ်ခဲ့စဉ်။ (အပေါ်ပုံ) ရေနံများ ဖိတ်စဉ်မှုကြောင့်ပင်လယ်အတွင်းရှိ ငါးများ၊ ငှက်များ သေကျေပျက်စီးခဲ့သည်။ ငှက်သေတကောင်နှင့် လုပ်အားပေး အမျိုးသမီးတဦး (ယာပုံ) ရေနံတင် သင်္ဘောမှ ဖိတ်စဉ်ခဲ့သော ရေနံများသည် သင်္ဘောနစ်မြုပ်ရာ ကမ်းခြေအနီးတဝိုက်ရှိ ရေထုကို ညစ်ညမ်းမှုဖြစ်စေခဲ့သည်။ (အောက်ပုံ)



တန်ခိုန်များစွာရှိသော စွန့်ပစ္စည်းများကို လမ်းဘေး၊ မြစ်ချောင်း အင်းအိုင်နှင့် အပိုက်ပုံများ၌ နှစ်စဉ်စွန့်ပစ်ကြသောကြောင့် ပတ်ဝန်းကျင်သဘာဝအလှကို ပျက်ပြားစေသည်။ အပိုက်ပုံများကြောင့် ပိုးဟပ်၊ ကြွက်စသော ရောဂါပိုး သယ်ဆောင်ကြသည့် ပိုးမွှားတိရစ္ဆာန်များ ပေါက်ပွားလာရသည်။အခြို့သောစွန့်ပစ္စည်းများကို မီးရှို့၍ ဖျက်ဆီးပစ်နိုင်သော်လည်း ထွက်ပေါ်လာမည့် မီးခိုးများက လေထုကို ညစ်ညမ်းစေသည်။ ယင်းတို့ကို ရေထဲသို့ စွန့်ပစ်ပြန်လျှင်လည်း ရေထုကိုညစ်ညမ်းစေသည်။

မြို့ကြီးများတွင် စက်ရုံအလုပ်ရုံများမှ အများဆုံးကြားနေရသည့် ကျယ်လောင်သော အသံများသည် လူတို့ကို စိတ်ညစ်ညူးစေသည်။ ဆိုးရွားလွန်းသော အသံများဆိုလျှင် နားကိုပင် ပင်းစေနိုင်သည်။ ထိုကြောင့် ဆိုးရွားသော အသံဗလံများကို ပတ်ဝန်းကျင် ညစ်ညမ်းမှု အကြောင်းတရပ် အဖြစ် ယူဆကြသည်။ အနုမြူ လျှပ်စစ် ဓာတ်အားပေး စက်ရုံများနှင့် အီလက်ထရွန်နစ် ကရိယာများမှလည်း ဖြာထွက်ရောင်ခြည်များ အနည်းနှင့်အများ ထွက်လျက်ရှိရာ ယင်းတို့နှင့် အများအစား အတွေ့အထိခံရလျှင် ကင်ဆာနှင့် တကွ အခြားရောဂါများ ရစေနိုင်သည်။ ဒီဒီတီကဲ့သို့သော ပိုးသတ်ဆေးများကြောင့် ငှက်များ၊ ငါးများနှင့် အခြားတိရစ္ဆာန်များ အများအပြား သေကျေခဲ့ရသည်။ စက်မှုလက်မှုလုပ်ငန်းများ၌ အသုံးပြုသည့် လောင်စာများမှ ထွက်လာသော ပြဒါးဆိပ်နှင့် ခဲဆိပ်များကလည်း လူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ပတ်ဝန်းကျင် ညစ်ညမ်းမှု အန္တရာယ်သည် ကမ္ဘာအရပ်ရပ်၌ တနေ့တခြား ကြီးထွားလာလျက် ရှိနေသဖြင့် ယခုအခါ နိုင်ငံအစိုးရများနှင့် လူမှုရေး အဖွဲ့အစည်းများက ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့နည်းစေရန် ကြိုးစားလျက်ရှိသည်။

ပဏ္ဍိတ၊ အရှင်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဇေယျမေဒနီဆရာတော် (မြန်မာ ၁၂၆၁–၁၃၃၉)။ ။ဇေယျမေဒနီဆရာတော် အရှင် ပဏ္ဍိတသည် ငါးသိုင်းချောင်းမြို့နယ် သီတာကုန်းပြင်ကြီးရွာ ဇာတိဖြစ်သည်။

ခမည်းတော် ပဲစားကြီး ဦးအောင်မြတ် မယ်တော် ဒေါ်ပုမတို့မှ မြန်မာသက္ကရာဇ် ၁၂၆၁ ခုနှစ် တပေါင်းလပြည့်ကျော် ဂ ရက် ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။

ဇေယျမေဒနီ လောင်းလျာကို ဖွားမြင် ပြီး နောက် မှ ဦးအောင်မြတ် ဒေါ်ပုမတို့သည် ကုန်းပြင်ရွာမှ ငါးသိုင်းချောင်းမြို့ သရက်ကုန်း ရပ်ကွက်သို့ ပြောင်ရွှေ့လာခဲ့ကြသည်။ ထို့ကြောင့် အခု‌ိက 'ဇေယျမေဒနီဆရာတော်သည်



အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ အရှင်ပဏ္ဍိတ

ငါးသိုင်း ချောင်းမြို့သ ရက် ကုန်း ရပ်ကွက်၌ ဖွား မြင်သည်ဟု အမှတ်မှားကာ ရေးသား နေကြသည်။ သို့သော် 'ဂန္ဆာဘရဏ ဘာသာဋီကာ 'နိဂုံးတွင် 'ကုန်းပြင် နာမေ မဟာဂါမေဇာတေန ဇာတိယာသုခံ' ဟု ဆရာတော် ကိုယ်တိုင် ရေးသားထားသဖြင့် ကုန်းပြင်ရွာဇာတိ ဖြင်ကြောင်း ထင်ရှားသည်။ အသက် ၁၄ နှစ်အရွယ်တွင် ငါးသိုင်းချောင်းမြို့ ဆွဲလဲကုန်းဆရာတော် အရှင်အာသဘထံ၌ ရှင်သာမဏေပြုသည်။ ၁၂၀၁ ခုနှစ်တွင် ယင်းဆွဲလဲကုန်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ အရှင်ပဏ္ဍိတဖြစ်သည်။

ရဟန်းတော် အရှင်ပဏ္ဍိတသည် ဥပဇ္ဈာယ် ဆရာဖြစ်သူ ဆွဲလဲကုန်း ဆရာတော်နှင့် ကျုံပျော်မြို့ဝေဠုဝန် ဆရာတော် အရှင်ပညာဗလတို့ထံ၌ ပါဠိပိဋကတ် အခြေခံကျမ်းစာများနှင့် သက္ကတစသော ဘာသန္တရကျမ်းစာများကို သင်ယူခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ ပထမ ဝေဠုဝန် ဆရာတော် အရှင်ပဏ္ဍဝထံတွင် ပါဠိပိဋကက ကျမ်းများကို ထပ်မံသင်ယူသည်။ အထူးသဖြင့် အလွန်ခက်သည်ဟု နာမည်ကြီးလှသော မူလဋီကာကို ဆရာနည်းရအောင် သင်ယူခဲ့သည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် နာယကဆရာတော်များဖြစ်ကြသော အရှင်ပညာ၊ အရှင်နန္ဒဝံသနှင့် အရှင်သုန္ဒရတို့ထံ၌ နိကာယ်ငါးရပ် ပါဠိတော်ကြီးများကို အဋ္ဌကထာ–ဋီကာများနှင့် တဲ့ဖက်ကာ နှံ့စပ် ပေါက်မြောက်အောင် သင်ကြားတတ်မြောက်ခဲ့သည်။

မန္တလေးမြို့ မဟာဝေယန်ဘုံသာ (တောင်ပေါက်) ဆရာတော်ထံတွင်လည်း ပါဠိပိဋကအပြင် သက္ကတစသော ဘာသန္တရများကို ဦးစားပေး သင်ကြားခဲ့သည်။

၁၂၉၅ ခုနှစ် ပြာသိုလဆန်း ဂ ရက်နေ့တွင် အရှင်ပဏ္ဍိတသည် မြောင်းမြမြို့၌ ဇေယျမေဒနီ စာသင်တိုက်ကြီးကို စတင် တည်ထောင်တော်မူသည်။ တပည့် ရဟန်း သာမဏေများအား ပိဋကစာပေများနှင့်ဘာသန္တရစာပေများကို ပို့ချသင်ကြား ပေးခဲ့သည်။ ထိုအချိန်မှစ၍ ဇေယျမေဒနီ ဆရာတော်ဟု ထင်ရှားကျော်စောခဲ့သည်။

ဇေယျမေဒနီ ဆရာတော်သည် ပိဋကတ်ဉာဏ်၊ ဘာသန္တရဉာဏ်နှင့် ဝိနိစ္ဆယဉာဏ်များ ထူးချွန်လှသည့်အတိုင်း စာပေပို့ချရုံမျှမက အားလပ်သောအချိန်များတွင် အနုဝါဒါဒိကရဏဆုံးဖြတ်စာ၊သရဏဂဟနဝိနိစ္ဆယ၊ အတ္တဒိဋ္ဌိဝိနိစ္ဆယ၊ အတ္တဃာတနဝိနိစ္ဆယ၊ သုရာပါနဝိနိစ္ဆယနှင့် ဒုလ္လဘဥပသမ္ပဒဝိနိစ္ဆယစသော အဆုံးအဖြတ် ဝိနိစ္ဆယကျမ်းများကို ရေးသား ပြုစုခဲ့သည်။

ထို့ပြင် လူတိုင်းလူတိုင်းအဘိဓမ္မာနှင့် ဝိနည်းကိုအလွယ်တကူ နားလည်နိုင်ကြစေရန် သဘောပြအဘိဓမ္မာနှင့် သဘောပြ ဝိနည်းကျမ်းများကိုလည်း ရေးသား ပြုစုခဲ့သေးသည်။

ထို့မှတပါး ကေသမုတ္တိဘာသာပြန်နှင့် ဂန္ဆာဘရဏဘာသာဋီကာတို့ကိုလည်း ရေးသားပြုစုခဲ့သည်။

သို့ဖြင့် ဇေယျမေဒနီဆရာတော်သည် ကျမ်းဂန်ပေါင်း ၄၀ ကျော် ရေးသားပြုစုခဲ့သည်ဟု သိရှိရသည်။

ဇေယျမေဒနီဆရာတော်သည် ပါဠိဘာသာရေး၌ ထူးချွန်လှသောကြောင့် မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်၊ ညောင်တုံးမြို့ ရွှေဟသ်ာတောရစံကျောင်းဆရာတော်၊ ရန်ကုန်မြို့ မဟာစည်ဆရာတော်နှင့် ရွှေကျင်ကိုဏ်းဆရာတော်များ၏ ချီးကျူးခြင်းကို ခံယူခဲ့ရသည်။

ထို့ပြင် ဆရာတော်သည် မြောင်းမြခရိုင်လုံးဆိုင်ရာ ရွှေကျင်ကိုဏ်း၏ ဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း၊ ခုံဝိနည်းဓိုရ်အဖြစ်ဖြင့်၎င်း၊ ဆဋ္ဌသင်္ဂါယနာ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိဝိသောဓကအဖွဲ့ခေါင်းဆောင်အဖြစ်ဖြင့်၎င်း သာသနာ့တာဝန်များကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

ယင်းကဲ့သို့ သာသနာ့တာဝန်များကို အားသွန်ခွန်စိုက် ထမ်းဆောင်တော်မူသည့်ပြင် သီလဝန္တ၊ သိက္ခာကာမ၊ ဟရိယတ္တိဆေက၊ ဂန္ဆကာရကစသော ဂုဏ်ထူးဝိသေသတို့နှင့် ပြည့်စုံတော်မူသောကြောင့် မြန်မာသက္ကရာဇ် ၁၃၂၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဇေယျမေဒနီ ဆရာတော်အား 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဇေယျမေဒနီ ဆရာတော်၏ ထူးခြားချက်မှာ ရဟန်းဖြစ်ချိန်မှ ပျံလွန်တော်မူသည်အထိ မည်သူ့ထံမှအလှူမခံခဲ့ခြင်းပင်ဖြစ်သည်။ "တကာ တကာမများထံ အလှူခံရမှာလောက် ရွက်စရာကောင်းတဲ့အလုပ် လောကမှာမရှိဘူး" ဟုလည်း မိန့်ကြားတော်မူလေ့ရှိသည်။

ထို့ကြောင့်ဇေယျမေဒနီဆရာတော်သည် ရွှေကျင်ကိုဏ်း၊ ဒွါရကိုဏ်း၊သုဓမ္မာကိုဏ်း သုံးကိုဏ်းလုံးကပင် လေးစားခြင်းခံခဲ့ရပေသည်။

၁၃၃၉ ခု တန်ခူးလဆန်း ၄ ရက် အင်္ဂါနေ့၊ သက်တော် ၇၈ နှစ်အရွယ်တွင် ဆရာတော်ပျံလွန်တော်မူသည်။

ပုပ်ရဟန်းမင်းများ။ ။(၇-၆၂—ရှု။) ပုပ်ရဟန်းမင်း ဟူသည် ခရစ်ယန် ဘာသာတွင် ရောမကက်သလစ်အသင်းတော်(၀၀) ဗရင်ဂျီဂိုဏ်း၏ အကြီးအမှူး သာသနာပိုင်ဖြစ်သည်။ သာသနာပိုင် ပုပ်ရဟန်းမင်းများသည် ခရစ်ယန်ဘာသာကို တည်ထောင်ခဲ့သော တမန်တော် ယေရှု ခရစ်၏ တပည့်သားသာဝကကြီးများအဖြစ်ခရစ်ယန်သာသနာပြန့်ပွားရေးနှင့် အခွန့်ရှည်ရေးတို့အတွက် အဓိက တာဝန်ရှိသော သာသနာ့အကျိုးဆောင် ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။

ဗရင်ဂျီဂိုဏ်း၀င်တို့၏ အဆိုအရ ခရစ်ယန်သာသနာ၀င်တွင် ခရစ်တော်၏ညာလက်ရုံး သာဝကကြီး ၁၂ ပါးရှိသည့် အနက် စိန်ပီတာသည် အရေးပါဆုံးဖြစ်သည်။ တနည်းအားဖြင့် ခရစ်ယန်သာသနာတော်ကို ခရစ်တော် ကိုယ်စား စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်အပ်နှင်းခြင်း ခံရသော ပထမဦးဆုံး မဟာသာဝကကြီး (၀၀) သာသနာပိုင် ရဟန်းမင်းကြီးပင်ဖြစ်သည်။

အစပထမတွင် စိန်ပီတာသည် ခရစ်တော်၏ ကိုယ်စားလှယ်တော်ရဟန်းမင်း (သာသနာပိုင်) အဖြစ်ဖြင့် ရောမမြို့တော်တွင် သီတင်းသုံး စိုးစံခဲ့သည်။ နောက်ပိုင်းတွင်မူ ပုပ်ရဟန်းမင်းများသည် ဣတလီနိုင်ငံ၊ ရောမမြို့အတွင်းရှိ ဗက်တီကင်းမြို့တော် ဗက်တီကင်း မြို့၀က်ကို သာသနာ့မြို့ပြုနိုင်ငံအဖြစ် တည်ထောင်ကာ အချုပ်အခြာအာဏာပိုင်အဖြစ်ဖြင့် အစဉ်အဆက် အုပ်ချုပ်လာခဲ့ကြသည်။ (အကျယ်အ၀န်း သုညဒသမ ၁၇ စတုရန်းမိုင်၊ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၁၀၀၀)ခန့် ရှိသည်။

ခရစ်ယန်၀ိနည်းတော်အရ ကာဒင်နယ်ခေါ် ဂိုဏ်းချုပ်ကြီးများသာလျှင် ပုပ်ရဟန်မင်းများအဖြစ် အရွေးချယ်ခံခွင့်ရှိရာ ကာဒင်နယ်များ၏ ကောလိပ်ခေါ် ကာဒင်နယ်ဂိုဏ်းချုပ်များ အဖွဲ့၀င်များက လျှို့၀ှက်မဲစနစ်ဖြင့် ပုပ်ရဟန်းမင်းကို ရွေးချယ်ကြရသည်။

ဆဋ္ဌမမြောက် ပုပ်ပေါ

စိန်ပီတာမှစ၍ ရေတွက်လျှင် ယခုအချိန်ထိ ပုပ်ရဟန်းမင်းဆက်ပေါင်း ၂၆၄ ဆက်ရှိခဲ့ပြီး ဖြစ်သည်။

၁၉၅၈ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ၂၃ ဦးမြောက် ပုပ်ဂျွန်ဘွဲ့ခံယူသော ၂၆၁ ဆက်မြောက် ပုပ်ရဟန်းမင်းသည် ၁၉၆၃ ခုနှစ်တွင် ပျံလွန်တော်မူရာ ဆဋ္ဌမမြောက် ပုပ်ပေါသည် ၂၆၂ ဆက်မြောက် ပုပ်ရဟန်းမင်း ဖြစ်လာခဲ့သည်။

ဆဋ္ဌမမြောက် ပုပ်ပေါ၏ အမည်ရင်းမှာ ဂျီယိုဗန်နီဗာတစ္စတာမွန်တီနီ ဖြစ်သည်။ သူသည် ပုပ်ရဟန်းမင်းအဖြစ် ၁၅ နှစ်တိုင်တိုင် စံစားခဲ့ပြီးနောက် သက်တော် ၈၀ အရွယ် ၁၉၇၈ ခုနှစ်၊ဩဂုတ်လ ၆ ရက်နေ့တွင် ပျံလွန်တော်မူသည်။



ပုပ်ရဟန်းမင်းအဖြစ် ရက်ပေါင်း ၃၄ ရက်မျှသာ စံစားခဲ့ရသော ပထမမြောက် ဂျန်ပေါ (အဒပါပုံ) နှင့် ဆက်ခံသူ ပိုလန်အမျိုးသား ကာဒင်နယ်ဗို့ငျှင်တီဝါသည် ဒုတိယမြောက် ဂျန်ပေါဘွဲ့ကို ခံယူကာ ပုပ်ရဟန်း မင်းကြီးဖြစ်လာသည်။(ယာပုံ)



ပုပ်ပေါသည် ရဟန်းမင်းကြီး အဖြစ်ဖြင့် နိုင်ငံပေါင်းများစွာသို့ ခရီးထွက်၍ ကမ္ဘာ့ခေါင်းဆောင်ကြီးများနှင့် ချစ်ကြည်ရင်းနှီးမှုကို ရှာဖွေပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မနားမနေ ကြိုးပမ်းခဲ့သည်။ ထို့ကြောင့်လည်း သူအား "ငြိမ်းချမ်းရေးခရီးသည် ရဟန်းပင်း" ဟူ၍ တကမ္ဘာလုံးက ကင်ပွန်းတပ်ခဲ့ကြခြင်း ဖြစ်သည်။

ပထမမြောက် ဂျန်ပေါ

ပုပ်ပေါ ကွယ်လွန်ပြီးနောက် ဗင်းနစ်မြို့ဂိုဏ်းချုပ်ကြီး ဖြစ်သူ အယ်လဘီနိုလူစီယာနီ (သက်တော် ၆၆ နှစ်) အား ပထမမြောက် ဂျန်ပေါဟူသောဘွဲ့ဖြင့် ၂၆၃ ဆက်မြောက် ပုပ်ရဟန်းမင်းအဖြစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ရွေးချယ် တင်မြှောက်ခဲ့သည်။ ဂျန်ပေါဟူသောဘွဲ့ကို ယူခဲ့ခြင်းမှာ ၂၃ ဦးမြောက်ပုပ်ဂျန်နှင့် ဆဋ္ဌမမြောက် ပုပ်ပေါတို့အား လေးစား ဂုဏ်ပြုသောအားဖြင့် ထိုပုဂ္ဂိုလ်ကြီး နှစ်ဦးတို့၏ ဘွဲ့မည်များကို ပေါင်းစပ်ယူခဲ့ခြင်း ဖြစ်သည်။

ပထမမြောက် ဂျန်ပေါကို ၁၉၁၂ ခုနှစ်တွင် ဣတလီ နိုင်ငံ၊ အယ်လပိုင်းတောင်တန်းဒေသမှ ဂါနာလေဒဂိုဒို ရွာကလေး၌ ဖွားမြင်သည်။

အရွယ်မတိုင်မီက ယာမြေလုပ်သားဘဝဖြင့် ဆင်းရဲသော မိဘများအား ကူညီခဲ့ရပြီး ၁၁ နှစ်သား အရွယ်မှ စ၍ သာသနာပြုကျောင်း၌ ကျမ်းစာများ သင်ကြားခဲ့သည်။ အရွယ်ရောက်သောအခါ သာသနာ့ဘောင်သို့ ဝင်ရောက်လျက် ကျမ်းစာသင် ပါမောက္ခအဖြစ် လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင် သင်းအုပ်၊ ဂိုဏ်းအုပ်နှင့်ဂိုဏ်းချုပ်စသည်ဖြင့် အဆင့်ဆင့် တိုးတက်လာခဲ့သည်။

ပထမမြောက် ဂျန်ပေါသည် ဆင်းရဲသားပြည်သူများ၏ အကျိုးစီးပွားကို အထူးလိုလားသူအဖြစ် ထင်ရှားသည်။ ချမ်းသာသူများက မိမိတို့ပိုင် စိန်ရွှေ ရတနာများကို ရောင်းချ၍ ဆင်းရဲသားများအား ဝေငှပေးကမ်းကြရန် အမြဲတမ်း ဟောပြောလေ့ရှိသည်။ နက်နဲသော ဘာသာရေး သဘောတရားများကို စာမတတ်သူများပင် နားလည်သဘောပေါက်အောင် လွယ်ကူသော နည်းလမ်းများဖြင့် ဟောကြားမှုကို အထူး ကြိုးပမ်းခဲ့သည်။

ဂျန်ပေါသည် ရဟန်းမင်းအဖြစ် ရက်ပေါင်း ၃၄ ရက်မျှသာ စံစားခဲ့ရပြီးနောက် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် နှလုံးရောဂါဖြင့် ငြိမ်းချမ်းစွာ ကွယ်လွန်သွားခဲ့လေသည်။

ဒုတိယမြောက် ဂျန်ပေါ

ပထမမြောက်ဂျန်ပေါကို ဆက်ခံသူမှာ ပိုလန်အမျိုးသား ကာဒင်နယ်ဂိုဏ်းချုပ်ကြီး ကရိုလဗို့ငျှင်တီဝါ(သက်တော် ၅၈ နှစ်) ဖြစ်သည်။ ကာဒင်နယ်ဗို့ငျှင်တီဝါသည် ဒုတိယမြောက် ဂျန်ပေါဘွဲ့ကိုခံယူကာ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ပုပ်ရဟန်းမင်းဖြစ်လာခဲ့သည်။ ယခင်အခါများကပုပ်ရဟန်းမင်းရာထူးအတွက် ဣတလီ အမျိုးသားများကိုသာလျှင်

ပြင်သစ်သမ္မတနိုင်ငံ။ ။ပြင်သစ် သမ္မတ နိုင်ငံသည် ဥရောပတိုက်အနောက်ပိုင်း၏ အချက်အချာကျသောနေရာ



တွင် တည်ရှိပြီး နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၁၁,၀၀၀ ရှိသည်။ ၁၉၇၇ ခုနှစ် သန်းခေါင်စာရင်း အရ လူဦးရေ ၅၃,၀၇၀,၀၀၀ ရှိသည်။ မြို့တော်မှာ ပဲရစ်မြို့ဖြစ်သည်။ ပြင်သစ် နိုင်ငံသည် ပါတီစုံစနစ်ကို ကျင့်သုံးသောနိုင်ငံ တနိုင်ငံ ဖြစ်သည်။

၁၉၆၉ ခု ဇွန်လတွင် ကျင်းပသည့် သမ္မတရွေးကောက်ပွဲ၌ ဂေါလစ်ပါတီမှ ဂျော့ပွန်ပီဒိုး အနိုင်ရရှိသည်။ သမ္မတ ပွန်ပီဒိုးသည် ၁၉၆၄ ခု နှစ် ဧပြီလတွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဖြစ်သူ ဗလာရီဂစ္စကတ်ဒင်္ဂစတိုင်းသည် ၁၉၇၄ တွင် ပြင်သစ်နိုင်ငံ၏ သမ္မတဖြစ်လာသည်။

မစ္စတာ ဂစ္စကတ်သည် ရီပတ်ဘလစ်ကင်ပါတီမှ ဖြစ်ပြီး ရွေးကောက်ပွဲတွင် ဆိုရှယ်လစ် ပါတီမှ ပြိုင်ဖက် သမ္မတ လောင်း ဖရန်ဆွာမစ်ထရန်ကို အနိုင်ရရှိခဲ့သည်။ သမ္မတ ဂစ္စကတ်ဒင်္ဂ စတိုင်းသည် ညွှန့်ပေါင်း အစိုးရအဖွဲ့၏ ဝန်ကြီး ချုပ်အဖြစ် ဂေါလစ်ပါတီ ခေါင်းဆောင် ဂျက်ချီရက်ကို ရွေး ချယ်ခန့်အပ်ခဲ့လေသည်။

စစ်ပြီးခေတ် ဥရောပ စက်မှုဖွံ့ဖြိုးမှုကို အဆုံးသတ်စေ ခဲ့သည်။ လောင်စာစွမ်းအင် အကျပ်အတည်း စတင် ပေါ် ပေါက်ချိန်တွင် ပြင်သစ်နိုင်ငံ သမ္မတရာထူးကို ရရှိခြင်းမှာ ဂစ္စကတ်ဒင်္ဂစတိုင်းအဖို့ ကံဆိုးခြင်းပင်ဖြစ်သည်ဟု ဆိုကြ သည်။

ယင်းသို့သော စီးပွားရေး အခက်အခဲများကို ရင်ဆိုင် နေရချိန်တွင် သမ္မတနှင့် သဘော ကွဲလွဲမှု ရှိလာသော ဂေါလစ်ပါတီခေါင်းဆောင် ဝန်ကြီးချုပ် ဂျက်ချီယက်သည် ၁၉၇၆ ခုနှစ် ဩဂုတ်လတွင် ရာထူးမှ နုတ်ထွက် သွားခဲ့လေ သည်။ သမ္မတ ဂစ္စကတ်သည် ဝန်ကြီးချုပ် ရာထူးတွင် တည်ငြိမ်အေးဆေးသည့် နိုင်ငံရေး ဘောဂဗေဒ ပညာရှင် ရေမွန်ဗားကို အစားထိုး ခန့်အပ်ခဲ့သည်။

၁၉၇၀ ခုနှစ်တွင် ကျင်းပသော ပြင်သစ် နိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲများကို မတ်လ ၁၂ ရက် နေ့နှင့် ၁၉ရက် နေ့များတွင် ကျင်းပခဲ့သည်။ ထိုရွေးကောက် ပွဲတွင် အာဏာရ ညွှန့်ပေါင်း အစိုးရ အင်အားစုများက အတိုက်အခံ လက်ဝဲအင်အားစုများကို အနိုင် ရရှိခဲ့သည်။ အကယ်၍ လက်ဝဲအင်အားစုများ အနိုင်ရရှိခဲ့လျှင် ပြင်သစ်

အများအားဖြင့် ရွေးချယ်ခဲ့ကြရာ ယခုကဲ့သို့ ကွတာလံ့လူမျိုးမဟုတ်သူတဦးက ပုပ်ရဟန်းမင်း ဖြစ်လာခြင်းမှာ နှစ်ပေါင်း ၄၅၅ နှစ် ကာလအတွင်း ပထမဦးဆုံး အကြိမ် ဖြစ်သည်။

ကရိုလင်ဂျီတီဝါကို ပိုလန်နိုင်ငံ၊ ဝါဒိုစစ် စက်မှုလက်မှုမြို့၌ ၁၉၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ဖခင်မှာ စစ်မှုထမ်းတဦး ဖြစ်သည်။ သုံးနှစ်သား အရွယ်တွင် မိခင်ကွယ်လွန်ပြီး ၂၁ နှစ်သား အရွယ်တွင် ဖခင်ကွယ်လွန်ခဲ့ရာ ဖခင်၏ပင်စင်လစာဖြင့် ပညာဆက်သင် ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ကရာကောင်းမြို့၊ ဓာတုဗေဒ စက်ရုံတခုတွင် အလုပ်ဝင်လုပ်ရင်း တဖက်ကလည်း နာဇီ ရန်ကြောင့် မြေအောက်ကျမ်း စာသင်ကျောင်း၌ ပညာ ဆည်းပူးခဲ့သည်။ ထိုစဉ် အလုပ်သမားများ၏ ပညာရေး နှင့် အလုပ်ခွင် သာယာတိုးတက်ရေးတို့အတွက် ရွေ့တန်းမှ ဦးဆောင် လှုပ်ရှားခဲ့သည်။

စစ်ကြီးပြီးသောအခါ ဘာသာရေး ကျမ်းစာများကို တက္ကသိုလ်များ၌ ဆက်လက်ဆည်းပူးသည်။ ဒဿနဗေဒ နှင့် ဘာသာရေးဗေဒဘွဲ့ရရှိပြီး ကျမ်းစာသင်ပါမောက္ခ ဖြစ် လာခဲ့သည်။

၁၉၄၆ ခုနှစ်တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ သည်။ ၁၉၅၈ ခုနှစ်တွင် ကရာကောင်းမြို့၌ တွဲဖက်သင်းအုပ်၊ ၁၉၆၄ ခုနှစ်တွင် ဂိုဏ်းအုပ်၊ ၁၉၆၇ ခုနှစ်တွင် ဂိုဏ်းချုပ် ဖြစ်လာခဲ့သည်။

ဒုတိယမြောက် ဂျွန်ပေါသည် စကားပြောနှင့် တရား ဟောကောင်းသူအဖြစ် ထင်ရှားသည်။ အင်္ဂလိပ်နှင့်ပြင်သစ် ဘာသာ စကားများကိုလည်း ကျွမ်းကျင်စွာ တတ် မြောက်သည်။

ဖက်စစ်ဝါဒကို တလျှောက်လုံး ဆန့်ကျင်လာခဲ့သည်။ စစ်အတွင်းက ကျမ်းစာသင်ဘဝတွင် နာဇီဆန့်ကျင်ရေး မြေ အောက်သတင်းစာကိုထုတ်ဝေခဲ့သောကြောင့် သူအားနာဇီ များက အဓိက ရန်သူအဖြစ် ဝရမ်းထုတ်ခံခဲ့ရသည်။ စစ် ကာလတလျှောက်လုံး မြေအောက်ဝရမ်းပြေးဘဝဖြင့် နေခဲ့ ရပြီး ပိုလန်နိုင်ငံ လွတ်လပ်သောအခါမှ အပြင်လောကသို့ ထွက်လာခဲ့ရသည်။

ဒုတိယမြောက် ဂျွန်ပေါသည် လူသားဆံသော ဘုန်း တော်ကြီး၊ ဘဝကိုမမေ့သောပုဂ္ဂိုလ်၊အားကစားနှင့် ဂီတကို အထူး ဝါသနာပါသူ၊ ကျန်းမာရေးလိုက်စား၍ အရွယ်ထက် နုပျိုသူ လူငယ်ကျောင်းသားများနှင့် ချစ်ကြည်ရင်းနှီးသူ အဖြစ် ထင်ရှားသည်။ သူသည် တက္ကသိုလ်ကျောင်းများ ၌ ဘာသာရေးကျမ်းစာ သင်ကြားရေးကိုလည်း အထူ တလည်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံသည် နှစ်ပေါင်း ၃၀ အတွင်း တရားဝင် အာဏာကို ကွန်မြူနစ်ပါတီဝင်များလက်သို့ ခွဲဝေပေးရသည့် ပထမဆုံး သော အနောက်ဥရောပ နိုင်ငံ တနိုင်ငံ ဖြစ်လာနိုင်သော ကြောင့် အဆိုပါ ရွေးကောက်ပွဲသည် ခေတ်သစ်ပြင်သစ် နိုင်ငံသမိုင်းတွင် အရေးကြီးဆုံး ရွေးကောက်ပွဲတခု ဖြစ်ခဲ့ သည်ဟု ဆိုကြသည်။

ပထမအကြိမ် ရွေးကောက်ပွဲကို ၁၉၇၈ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ကျင်းပရာ မဲဆန္ဒရှင် အများစုက ဒုတိယ ကမ္ဘာစစ်ပြီးကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် လက်ဝဲ အင်အားစုများကို ဆန္ဒမဲ အများစု ပေးကြသဖြင့် အတိုက် အခံ လက်ဝဲ အင်အားစုများက ဆန္ဒမဲအားလုံး၏ ၁ ဒသမ ၁ ရာခိုင်နှုန်း ပုတ်ကာသီကာ အသာရရှိခဲ့သည်။

မတ်လ ၁၉ ရက်နေ့တွင် ဒုတိယအကြိမ်နှင့် အပြီးသတ် ရွေးကောက်ပွဲကို ကျင်းပရာ ညွှန့်ပေါင်း အစိုးရ အင်အားစု များကပင် အမတ်အများစုဦးရေဖြင့် အပြီးသတ် အနိုင်ရရှိ ခဲ့လေသည်။

၁၉၇၈ ခု ဧပြီလ ၆ ရက်နေ့တွင် ပြင်သစ်သမ္မတနိုင်ငံ၏ အစိုးရအဖွဲ့ကို အသစ် ထပ်မံဖွဲ့စည်းခဲ့လေသည်။ အဆိုပါ အစိုးရအဖွဲ့သစ်တွင် အထင်ရှားဆုံး ပြောင်းလဲမှု တခုမှာ ဘဏ္ဍာရေးဝန်ကြီး ရာထူးကို ဖျက်သိမ်းလိုက်ခြင်းပင် ဖြစ် လေသည်။

၁၉၇၈ ဇွန်လ ၂၈ ရက်နေ့တွင် သမ္မတ ဂစ္စကတ်ဒင်စတိုင်းသည် စပိန်နိုင်ငံသို့ လေးရက်ကြာတရားဝင် လည်ပတ် ရန် သွားရောက်ခဲ့သည်။ လေးရက်ကြာလည်ပတ်ပြီးနောက် စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် အနောက်ဥရောပ၌ ငွေကြေး တည်ငြိမ်မှု ပိုမိုရရှိရေးအတွက် နည်းလမ်းသစ်များ ရှာဖွေနေသည်ဟု မိန့်ကြားခဲ့လေသည်။

ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသောလက်နက်ဖျက်သိမ်း ရေး စည်းဝေးပွဲများသို့ မတက်ရောက်ပဲ နေခဲ့သော ပြင်သစ် နိုင်ငံသည် ဇွန်လ ၂၈ ရက်နေ့တွင်အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စုတို့နှင့်အတူ လက်နက် ဖျက်သိမ်းရေး စည်းဝေးပွဲသို့ တက်ရောက်ရန် သဘောတူ ခဲ့သည်။ သို့သော် ပြင်သစ်နိုင်ငံသည် ဂူလိုင်လ အတွင်း၌ ပစိဖိတ် တောင်ပိုင်း မူရူရိုဝါကျွန်းပေါ်တွင် နျူးကလီယား စမ်းသပ် ဖောက်ခဲ့မှု ၂ ကြိမ် ပြုလုပ်ခဲ့သည်ဟုဆိုသည်။

၁၉၇၈ ခု နှစ်တွင် ပြင်သစ်နိုင်ငံ၏ စီးပွားရေး ကျဆင်းမှု မှာ ဆက်လက် ကြီးမားလျက် ရှိသည်။ စက်တင်ဘာလ အတွင်းတွင် ပြင်သစ်နိုင်ငံ၌ စက်ရုံအလုပ်ရုံများ ပိတ်ပစ် ရသည့်အတွက် အလုပ်လက်မဲ့ ဦးရေများ များပြားလာ သည်။ ဩဂုတ်လအတွင်းတွင် ပြင်သစ်နိုင်ငံ၌အလုပ်လက်မဲ့ ဦးရေ ၂ ရာခိုင်နှုန်းခန့် တိုးပွားလာရာ ဆက်လက်တိုးပွား လျက်ပင်ရှိသည်ဟု ဆိုသည်။ သို့ကြောင့် သမ္မတ ဂစ္စကတ်ဒင် တွင် ပြင်သစ် အစိုးရက ဖရန့်ငွေ မြောက်များစွာ အရင်း အနှီး ထပ်မံထည့်သွင်းပြီး လုပ်ငန်း အုပ်ချုပ်ရေးကို အစိုးရ လက်အောက်တွင် ထားကာ လုပ်ငန်း ဖွဲ့စည်းပုံ တခုလုံး ပြောင်းလဲဖွဲ့စည်းရန် စီစဉ်ခဲ့ရသည်။

သို့သော်လည်း အခြေအနေ ကုန်ဆုံးသည့်တိုင်အောင် တိုးတက်လာသည်ကို မတွေ့ခဲ့ရပေ။ ပြင်သစ်နိုင်ငံ၏ စီးပွား ရေးကျဆင်းနေမှုအခြေအနေမှာ ၁၉၇၈ ခုနှစ်ကုန်ဆုံးသည့် တိုင်အောင် ကောင်းမွန်မလာသေးသည်ကို တွေ့ရလေသည်။

ဖရေဇာ့ဂျန်မာလကွန် (ခရစ် ၁၉၃၀)။ ။ဩစတြေး လျနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာသူ ဂျန်မာလကွန်ဖရေဇာ



ဂျန်မာလကွန်ဖရေဇာ

ကို ၁၉၃၀ ပြည့်နှစ်၊ မေလ ၂၁ ရက်နေ့တွင် ဝိတိုရိယ ပြည်နယ်၊ မဲလဘုန်း မြို့တော်၌ ဖွား မြင်သည်။

ဖရေဇာ သည် မဲလဘုန်းမြို့ သန္ဓိကျောင်းတွင် စတင်သင် ကြား ခဲ့ ပြီး နောက် အင်္ဂလန်နိုင်ငံအောက်စ်ဖို့ဒ်တက္ကသိုလ်သို့သွားရောက် ပညာသင်ကြားခဲ့ရာ ယင်း တက္ကသိုလ် မှ နိုင်ငံရေးပညာ၊ ဒဿနိကဗေဒနှင့် ဘောဂဗေဒ ဘာသာ တွဲဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဘွဲ့ယူပြီး သြစတြေးလျနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အခါ လွတ်တော် ရွေးကောက်ပွဲတွင် ဝိတိုရိယပြည်နယ် အနောက်တောင်ပိုင်း ဝမ်ဒန် မဲဆန္ဒနယ်မှ အမတ်အဖြစ် အရွေးခံရသည်။

ဖရေဇာသည် တသီးပုဂ္ဂလ ပါလီမန်အမတ်အဖြစ်ဖြင့် နိုင်ငံခြားရေးရာ ပူးတွဲကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ၁၉၆၂ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ထို့နောက် အစိုးရ သိုးမွေးလုပ်ငန်း ကော်မတီ၊ အိုးအိမ်ရေးရာကော်မတီ၊ ရိက္ခာနှင့် စိုက်ပျိုးရေးကော်မတီ၊ စက်မှုဆက်သွယ်ရေးနှင့် သုတေသန ကော်မတီ၊ သိပ္ပံနှင့်ဆက်သွယ်ရေးလုပ်ငန်းများ ကော်မတီ အသီးသီးတို့တွင်လည်း အကွင်းရေး

မှုးအဖြစ်ဌင်း၊ အပ္ပံဝင်အဖြစ်ဌင်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှစ၍ သြစတြေးလျ အမျိုးသားတက္ကသိုလ် ကောင်စီလူကြီးတဦးအဖြစ် ဆောင်ရွက်ခဲ့ရာ ၁၉၆၆ ခုနှစ်အထိ ဖြစ်သည်။

၁၉၆၄ ခုနှစ်တွင် အစိုးရပါတီမှ ကိုယ်စားလှယ်တဦးအဖြစ်အမေရိကန်နိုင်ငံသို့ နှစ်လမျှ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ အပြန်တွင် ဗီယက်နမ် မလေးရှားနှင့် စင်္ကာပူနိုင်ငံသို့ ဝင်ရောက် လည်ပတ်သည်။ ၁၉၆၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

၁၉၆၆ ခုနှစ်၌ ကြည်းတပ်မတော်ဆိုင်ရာ အတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၆၈ ခုနှစ်၌ သြစတြေးလျနိုင်ငံ ပညာရေးနှင့် သိပ္ပံရေးရာဝန်ကြီး ဖြစ်လာခဲ့သည်။

၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီး ဖြစ်လာသည်။ထိုရာထူးမှ နုတ်ထွက်လိုက်ပြီး ခြောက်လအကြာတွင် ပညာရေးနှင့် သိပ္ပံရေးရာဝန်ကြီးတာဝန်ကို ပြန်လည် ထမ်းဆောင်ရသည်။ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ၌ သြစတြေးလျ ညွှန်ပေါင်းအစိုးရ ပြုတ်ကျသောအခါ ဖရေဇာသည် ပညာရေးဝန်ကြီးအဖြစ် ရှိနေခဲ့သည်။ သူသည် ဖိလစ်ပိုင်၊ ထိုင်း၊ လာအို၊ မလေးရှားနှင့် ဂူတလီနိုင်ငံများသို့ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီး သွားရောက်ခဲ့သည်။

၁၉၇၂ ခုနှစ်၌ သြစတြေးလျနိုင်ငံတွင် လေဘာအစိုးရတက်လာသောအခါ အတိုက်အခံပါတီ၏ စက်မှုရေးရာ၊ အလုပ်သမားရေးရာ ဌာနတို့ကို တာဝန်ယူခဲ့ရသည်။၁၉၇၅ ခုနှစ် နိုဝင်ဘာလတွင် ပါလီမန်ကို ဖျက်သိမ်းလိုက်သောအခါ အိမ်စောင့်အစိုးရ၏ ဝန်ကြီးချုပ်ရာထူးကို ထမ်းရွက်ရသည်။ ဒီဇင်ဘာလအတွင်း ပါလီမန် ရွေးကောက်ပွဲကို ကျင်းပသောအခါ ဖရေဇာပါဝင်သော လစ်ဘရယ် နေရှင်နယ် ပါတီနှစ်ရပ်ပေါင်းအပ္ပံက မဲအများဆုံးရရှိသဖြင့် ဒီဇင်ဘာလ ၁၃ ရက်နေ့မှစ၍ ဝန်ကြီးချုပ်အဖြစ် အစိုးရအပ္ပံကို ဆက်လက်၍ ခေါင်းဆောင်ခဲ့လေသည်။ ၁၉၇၇ ခုနှစ်တွင် မဲဆန္ဒနယ်များကို ပြန်လည်သတ်မှတ်၍ စုစုပေါင်း အမတ်နေရာ ၁၂၄ နေရာ ရှိလာပြီး ရွေးကောက်ပွဲ ကျင်းပပြန်သောအခါ လစ်ဘရယ်နေရှင်နယ် ပါတီနှစ်ရပ်ပေါင်းကပင် အနိုင်ရရှိသဖြင့် ဝန်ကြီးချုပ်အဖြစ် ဆက်လက်၍ ထည်မြဲခဲ့လေသည်။

သြစတြေးလျ ဝန်ကြီးချုပ်အဖြစ်ဖြင့် သြစတြေးလျ ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ကာ ၁၉၇၆ ခုနှစ်တွင် နယူးဇီလန်နိုင်ငံတွင် ကျင်းပသည့် ပစိဖိတ်တောင်ပိုင်း ဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုနှစ် ဇွန်လတွင်ပင် ဂျပန်နိုင်ငံတို့ကျို့မြို့သို့ သွားရောက်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုမှအပြန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ပြီး ဝန်ကြီးချုပ် ဟွာကိုဖွန်းနှင့် ချစ်ကြည်ရေး ဆွေးနွေးခဲ့သည်။ ထိုနှစ် အတွင်း၌ပင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံနှင့် အိုလံပစ်ပွဲတော်များသို့ တက်ရောက်ခဲ့သည်။

သြစတြေးလျ ဝန်ကြီးချုပ်သည် ၁၉၇၇ ခုနှစ်အတွင်း၌လည်း အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက် နိုင်ငံများသို့ တလကြာ ခရီးထွက်ခဲ့ပြန်သည်။ မလေးရှားနိုင်ငံကွာလာလမ်ပူမြို့၌ ၁၉၇၇ ခုနှစ် သြဂုတ်လတွင် ကျင်းပသော အေဆီယင် အပ္ပံဝင်နိုင်ငံများ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

မစ္စတာမာလကွန်ဖရေဇာသည် ၁၉၅၆ ခုနှစ်တွင် တာမာရာပက်စဆိုသူ အမျိုးသမီးနှင့် လက်ဆက်ခဲ့ပြီး သားသမီးလေးဦး ထွန်းကားခဲ့သည်။ ယခုအခါ ဝန်ကြီးချုပ်အဖြစ် ကင်ဘာရာမြို့ အစိုးရအိမ်တော်၌ နေထိုင်လျက် ရှိသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ။ ။ဖိလစ်ပိုင် သမ္မတ နိုင်ငံ၏ အကျယ်အဝန်းသည် ၁၁၅,၇၀၇ စတုရန်းမိုင်ရှိပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၄၅, ၀၃၀,၀၀၀ ရှိသည်။ မြို့တော်မှာ မနီလာမြို့ဖြစ်သည်။ ၁၉၄၆ ခုနှစ် ဇူလိုင်လ ၄ ရက် နေ့တွင် လွတ်လပ်ရေး ရရှိခဲ့သည်။



ဖိလစ်ပိုင် သမ္မတ မားကို့စသည် ၁၉၆၅ ခုနှစ်တွင်သမ္မတအဖြစ် စတင်အရွေးခံရသည်။ ၁၉၆၉ နှင့် ၁၉၇၂ ခုနှစ် ရွေးကောက်ပွဲများတွင်လည်း သမ္မတ မားကို့စပင် ပြန်လည်အရွေးခံခဲ့ရလေသည်။

၁၉၇၈ ခုဇွန်လ ၂ ရက်နေ့ ဖိလစ်ပိုင် နိုင်ငံတွင် အုပ်ချုပ်ရေးဖက်၌ အုပ်ချုပ်ရေး ပုံစံ ပြောင်းလဲရေး အတွက် သမ္မတ မားကို့စက အမိန့် ထုတ်ပြန်ခဲ့လေသည်။ ယင်းအမိန့်အရ ဖိလစ်ပိုင်နိုင်ငံ၏ အုပ်ချုပ်ခရေးကို သမ္မတ အုပ်ချုပ်ရေးစနစ်မှ လွှတ်တော် အုပ်ချုပ်ရေးစနစ်သို့ ၎င်း၊ ထို့ပြင် နိုင်ငံတွင်းရှိ အစိုးရဌာနကြီးများကို ဝန်ကြီးဌာနများအဖြစ်သို့ ၎င်း ပြောင်းလဲခဲ့လေသည်။ အစိုးရဌာနကြီးများအား အုပ်ချုပ်သောအတွင်းဝန်များကို ဝန်ကြီးများဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့လေသည်။



ဂျပန်နိုင်ငံသို့ အစိုးရည့်သည်တော်အဖြစ် သွားရောက်ခဲ့စဉ်က ဖိလစ်ပိုင်နိုင်ငံ သမ္မတ ဖာဒီနန်မားကို့စနှင့် ဇနီးတို့အား ဝန်ကြီးချုပ်ဖူကူဒါနှင့်အတူတွေ့မြင်ရပုံ

၁၉၇၀ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် သမ္မတ မားကို့စသည်ဖိလစ်ပိုင်နိုင်ငံ၏ပထမဦးဆုံးသောလွတ်တော်ကိုအခမ်းအနားဖြင့်ဖွင့်လှစ်ပေးခဲ့သည်။ သို့သော်စစ်အုပ်ချုပ်ရေးကိုမူ ရုပ်သိမ်းခြင်း မပြုသေးပေ။ အမျိုးသား လွတ်တော်က မစ္စဘာမားကို့စအား သမ္မတ အဖြစ် ခန့်အပ်ခဲ့သည်။

ဖိလစ်ပိုင် နိုင်ငံသည် နိုင်ငံရေးဖက်တွင်သာမက စီးပွားရေးဖက်တွင်ပါ တိုးတက်မှု ရှိအောင် ဆောင်ရွက်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် လာမည့်တန္နစ်အတွင်း၌ နိုင်ငံခြားမှ ငွေချေးမှုကို အနည်းဆုံး ၅၀ ရာခိုင်နှုန်း လျှော့ချပစ်ရန် စီစဉ်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံ၏ လက်ရှိ ကြွေးမှာ ဒေါ်လာ သန်းပေါင်း ၆၀၀၀ ခန့်ရှိရာ ယင်းငွေပမာဏသည် ဖိလစ်ပိုင် နိုင်ငံခြားဝင်ငွေ၏ ၁၇ ရာခိုင်နှုန်းခန့် ရှိသည်။ ယင်းနိုင်ငံခြားကြွေးကို ၁၉၈၂ ခုနှစ်အမီ ရှစ်ရာခိုင်နှုန်းသို့ လျှော့ချသွားမည်ဖြစ်ကြောင်း သမ္မတနှင့် ဝန်ကြီးချုပ်ဖြစ်သူ မားကို့စက ဇွန်လ ၁၅ ရက်နေ့တွင် ကျင်းပသော လွတ်တော်အစည်းအဝေး၌ ပြောကြားခဲ့လေသည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း ပလာဝင်ကျွန်း ကမ်းလွှန်ပင်လယ်ပြင်၌ ရေနံမြေနှစ်ခုကို တွေ့ရှိခဲ့သည်။ ယင်း ရေနံမြေများမှ စီးပွားရေးအတွက် ရေနံထုတ်လုပ်မှုကို ၁၉၇၉ ခုနှစ်မှ အစပြု၍ ထုတ်လုပ်သွားမည်ဟု ဖိလစ်ပိုင် ဓာတ်အားစွမ်းအင် ဝန်ကြီးက ထုတ်ပြန်ကြေငြာခဲ့လေသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၁၉၇၈ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ပူဂေးရီးယား နိုင်ငံနှင့် ယဉ်ကျေးမှု သိပ္ပံနှင့် ပညာရေး ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်မှု တိုးခဲ့ပြုလုပ်သွားရန် သဘောတူစာချုပ်တရပ် ချုပ်ဆိုခဲ့သည့်အပြင် စက်တင်ဘာလ ၁၉ ရက်နေ့၌ အရှေ့တောင်အာရှဒေသတွင်ငြိမ်းချမ်းရေး၊ အမှီအခိုကင်းလွတ်ရေး၊ ကြားနေရေးနှင့် တည်ငြိမ်မှုရှိရေးတို့အတွက် အရှေ့တောင်အာရှနိုင်ငံများအားလုံးဆက်လက်၍ ချစ်ကြည်စွာ ပူးပေါင်းဆက်ဆံသွားကြရန်ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က လိုလားကြောင်း ပူးတွဲ ကြေငြာချက်တရပ် ထုတ်ပြန်ခဲ့သည်။ ထိုကြေငြာချက်ကို ဖိလစ်ပိုင်နိုင်ငံသို့ ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ဒေါင်း လာရောက် လည်ပတ်စဉ်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၁၉၇၈ ခုနှစ် အတွင်းတွင် ဖိလစ်ပိုင်နိုင်ငံသည် သဘာဝဘေးဒဏ်ဖြစ်သော လေမုန်တိုင်းဒဏ်ကို အလူးအလဲ ခံခဲ့ရသည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် တိုက်ခတ်ခဲ့သော လေမုန်တိုင်းဒဏ်ကြောင့် လူဇုန်ကျွန်း အနောက်ဖက်ကမ်းခြေရှိငါးလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းများထွန်းကားရာ ပန်ဂါဆီနန်ဒေသတွင် မြို့ ၁၅ မြို့ကို ရေလွှမ်းခဲ့ပြီးစပါးစိုက်ခင်း ဟက်တာ ၃၁၂,၀၀၀ ခန့် ပျက်စီးသွားခဲ့ရာ ပြည်ပသို့ဆန်တင်ပို့မှုဒေါ်လာ သန်း ၆၀ ဖိုးခန့် လျော့နည်းသွားခဲ့လေသည်။

ဖင်လန် သမ္မတနိုင်ငံ။ ။ဥရောပတိုက်၏ မြောက်ဖက်ပိုင်းတွင် တည်ရှိသော ဖင်လန်သမ္မတနိုင်ငံသည် ၁၃၀,၁၁၉ စတုရန်းမိုင် ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းချက် အရ လူဦးရေ ၄,၇၄၀,၀၀၀ ရှိသည်။ တနိုင်ငံလုံး အကျယ်အဝန်း၏ ၇၀ ရာခိုင်နှုန်းသည်သစ်တောများဖြစ်၍ ၉ ရာခိုင်နှုန်းသည် အင်းအိုင်များ ဖြစ်သည်။ ကျောက်ဆောင် ထူထပ်သော ကမ်းရိုးတန်းတလျောက်တွင် ကျွန်းပေါင်း ၁၀,၀၀၀ ကျော် ရှိသည် အင်းအိုင်ပေါင်း ၆၀,၀၀၀ ကျော် ရှိသောကြောင့် ဖင်လန်နိုင်ငံကို ရေပေါများသောနိုင်ငံဟု ခေါ်ကြသည်။



လူဦးရေ၏ ၉၀ ရာခိုင်နှုန်းမှာ ဖင်းလူမျိုးများ ဖြစ်ပြီး ကျန် ၁၀ ရာခိုင်နှုန်းမှာ ဆွိလူမျိုးများဖြစ်ကြသည်။ တောင်ပိုင်းသည် မြောက်ပိုင်းထက် လူနေများပြား၍ မြို့ကြီးများသည်လည်း တောင်ဖက်၌သာများသည်။ ဖင်လန်နိုင်ငံ၏ မြို့တော်မှာ ဟဲလဆင်းကီးမြို့ ဖြစ်သည်။

၁၉၇၅ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့နိုင်ငံ ၃၅ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်သော ဥရောပလုံခြုံရေး စာချုပ်လက်မှတ်ရေးထိုးပွဲ ထိပ်သီးအစည်းအဝေးကို ဟဲလဆင်းကီးမြို့၌ ကျင်းပခဲ့သည်။ ယင်းနှစ် နိုဝင်ဘာလတွင် အိမ်စောင့်အစိုးရအဖွဲ့က ခြောက်လတာဝန်ယူပြီးနောက် ရွေးကောက်ပွဲ ကျင်းပပေးရာ ဗဟိုပါတီမှ မတ်တီဖီတူနမ် ဦးဆောင်ပြီး ညွှန့်ပေါင်းအစိုးရကို ဖွဲ့စည်းခဲ့သည်။ သို့ရာတွင် ပြည်တွင်း၌ သပိတ်မှောက်မှုများ ဆက်တိုက် ပေါ်ပေါက်လာခဲ့သဖြင့် ၁၉၇၆ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် မတ်တီဖီတူနမ်သည်ရာထူးမှ နုတ်ထွက်ခဲ့သည်။ နုတ်ထွက်ပြီး ၁၂ ရက်အကြာတွင် သုံးပါတီ ညွှန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ယင်းသုံးပါတီ ညွှန့်ပေါင်းအစိုးရအဖွဲ့သည်လည်း ၁၉၇၇ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ဖျက်သိမ်းရပြန်သည်။ ထိုအခါ သမ္မတ ယူရိုခက်ကိုနမ်က အစိုးရအဖွဲ့ကို ဖွဲ့စည်းရန် တိုက်တွန်းခဲ့ရာ ယင်းနှစ် မေလ ၁၅ ရက်နေ့တွင် မစ္စတာ ကလီဗီဆိုဆာ ဦးဆောင်သည့် ငါးပါတီ ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းခဲ့သည်။

သမ္မတ ယူရိုခက်ကိုနမ်နှင့် ဝန်ကြီးချုပ် ဆိုထာတို့က ငါးပါတီ ညွှန့်ပေါင်း အစိုးရအဖွဲ့သည် နောက်တကြိမ် ရွေးကောက်ပွဲ ကျင်းပမည့် ၁၉၇၉ ခုနှစ်အထိ ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားသည်။ ယင်းနှစ် ဧပြီလ ၅ ရက်နေ့တွင် ဖင်လန်နိုင်ငံသုံးငွေကို ၅.၇ ရာခိုင်နှုန်း တန်ဖိုးလျှော့ ချခဲ့လေသည်။

၁၉၇၈ ခုနှစ် ဇန္ဓဝါရီလတွင် ကျင်းပသော ရွေးကောက်ပွဲတွင် ဒေါက်တာ ယူရိုခက်ကိုနမ်သည် နောက်ထပ် ၆ နှစ်သက်တန်းအတွက် သမ္မတအဖြစ် ပြန်လည် ရွေးကောက် တင်မြှောက်ခြင်းခံရသည်။ ယင်းနှစ် ဖေဖွာရီလ ၁၆ ရက်နေ့တွင် ဝန်ကြီးချုပ် ကလီဗီဆိုဆာက ဖင်လန်သုံးငွေကို တန်ဖိုးလျှော့ချခဲ့ရသဖြင့် အစိုးရအဖွဲ့မှနုတ်ထွက်ခွင့်ကို သမ္မတထံ တင်သွင်းခဲ့သည်။ ယင်းနှစ် ဖေဖွာရီလ ၂၁ ရက်နေ့တွင် သမ္မတခက်ကိုနမ်က နောက်ထပ်ငါးပါတီ ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းပေးပါရန် တောင်းပန်သဖြင့် ဝန်ကြီးချုပ်ဆိုဆာသည် အစိုးရအဖွဲ့ နုတ်ထွက်လွှာကို ပြန်လည်ရုပ်သိမ်းပြီး လစ်ဗရယ်ပါတီမှ ပုဂ္ဂိုလ် နှစ်ဦး ထပ်ဖြည့်၍ မတ်လ ၁ ရက်နေ့တွင် ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် သဘောတူခဲ့သည်။

အသစ် ပြန်လည် ဖွဲ့စည်းလိုက်သော အစိုးရအဖွဲ့သည် အလုပ်လက်မဲ့ ပြဿနာနှင့် ရင်ဆိုင်နေရရာ အလုပ်လက်မဲ့ ပြဿနာများကို ဖြေရှင်းနိုင်ရန် နိုင်ငံခြား ချေးငွေ အယောက်အပံ့ဖြင့် အလုပ်အကိုင် အသစ်များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆိုဆာက ကြေငြာခဲ့သည်။

ဖင်လန်နိုင်ငံတွင် နိုင်ငံတော် သမ္မတကို ၆ နှစ် တကြိမ် ရွေးကောက်သည်။ အမတ် ၂၀၀ ပါဝင်သော ဥပဒေပြုလွှတ်တော်တရပ်ရှိသည်။ အသက် ၂၁ နှစ်ပြည့်သူ ကျားမမဟူ မဲပေးနိုင်ခွင့်ရှိသည်။ ဥရောပနိုင်ငံများအနက် ဖင်လန်နိုင်ငံသည် အမျိုးသမီးများ မဲပေးခွင့် ဦးစွာရရှိသော နိုင်ငံတနိုင်ငံဖြစ်သည်။

ဖန်ပြန်သန္ဓေသား။ ။ဖိုနှင့်မ ဆက်ဆံခြင်းဖြင့် သန္ဓေအစမပျိုးစေပဲ ဖိုမျိုးကောင်နှင့် မမျိုးဥတို့ကို ဆေးသိပ်နည်းကျကျ စိမ်ဖန်တီးထားသည့် ဖန်ပြန်အတွင်း၌ တွေ့



ဖန်ပြန်သန္ဓေသားကို အောင်မြင်စွာ မွေးဖွားပေးခဲ့သူ မီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ပက်ထရစ်စထက်ထိုနှင့် ဇီဝကမ္မပညာရှင် ဒေါက်တာ အက်ဒွပ်

ဆုံပေါင်းစပ် ပေးလိုက်ခြင်းဖြင့် သန္ဓေအစပျိုးခဲ့သော သန္ဓေသားကို ဖန်ပြန်တွင်းသန္ဓေသားဟုတင်စား ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ ဤဖန်ပြန်တွင်း၌ သန္ဓေအစပျိုးခဲ့သော လူသားလေးမှာ ကလာပ်စည်းတခုမှ နှစ်ခုသို့ကွဲခဲ့စိတ်ခဲ့ပြီး နှစ်ခုမှ လေးခုသို့ ဆက်လက် စိတ်ကွဲခဲ့ပေသည်။ နှစ်ရက်ခွဲအကြာတွင် ဤလူသားလောင်းလေးမှာ ကလာပ်စည်းရှစ်ခုပေါင်းစပ်နေသော အရွယ်သို့ရောက်လာသည်။ ဤအချိန်အရွယ်တွင် သန္ဓေလက်ခံမည့် မိခင်လောင်း၏ သားအိမ်ထဲသို့ ပြန်ပိုက်မှတဆင့် ပြောင်းရွှေစေလျက် သန္ဓေဆက်လက်တည်စေခဲ့သည်။

ဖန်ပြန်တွင်း၌ ပျိုးထားသော သန္ဓေကို ပထမဦးဆုံးလက်ခံခဲ့သူ အမျိုးသမီးမှာ မစ္စစ်လက်စ လေဗရောင်း ဖြစ်



ဆေးသိပ္ပံနည်းစနစ်ဖြင့် ဖိုမျိုးကောင်နှင့် မမျိုးဥတို့ ဖန်ပြုန်အတွင်း ပေါင်းဆုံပေးကာ သန္ဓေအစပျိုးစေခဲ့သည်။ (အပေါ်ပုံ)
ရှစ်ပတ်မြောက် သန္ဓေသား (ယာပုံ)



သည်။ ဖန်ပြုန် သန္ဓေသားသည် ဤအမျိုးသမီး၏သား အိမ်တွင်း၌ ဆက်လက်ကြီးထွားခဲ့ပြီး ၁၉၇၈ ခုနှစ် ဇူလိုင် ၂၅ ရက်နေ့ ည ၁၁ နာရီ ၄၇ မိနစ်တွင် မွေးဖွားခဲ့သည်။ မိန်းကလေးဖြစ်ပြီး ကိုယ်အလေးချိန်မှာ ၅ ပေါင် ၁၂ အောင်စ ရှိလေသည်။

အဆိုပါကလေးကို အင်္ဂလန်နိုင်ငံအိုဒမ်(မ်) မြို့ရှိ အထွေထွေ ရောဂါကု ဆေးရုံကြီးတွင် မွေးဖွားခဲ့သည်။ နေ့စေ့ရက်စေ့မွေးဖွားခြင်းမဟုတ်ပဲ မိခင်၏ သွေးတိုးရောဂါမှာ ကလေးမွေးဖွားစဉ်တွင် ဒုက္ခပေးနိုင်သောအခြေအနေ ရှိနေ၍ သဘာဝအလျောက် မွေးဖွားခြင်းကို သိပ္ပံပညာရှင်တို့က မစောင့်ဆိုင်းတော့ပဲ ဗိုက်ခွဲ၍ မွေးဖွား လိုက်ရသည်။ မမွေးမီကပင် ဆေးရုံရောက်နေသော သားဖွား မိခင်မှာ ခေတ်မှီစက်ကရိယာ အကူအညီများဖြင့် အမျိုးမျိုး စမ်းသပ်စစ်ဆေး ခံခဲ့ရသည်။

စမ်းသပ်ဖန်ပြုန် သန္ဓေသားကို လက်ခံခဲ့သော မစ္စစ် ဗရောင်း၏ အသက်မှာ ၃၂ ဖြစ်သည်။ သူမ၏သားအိမ်၌ ပြုန်ပိတ်ရောဂါရှိခဲ့သဖြင့် ခင်ပွန်းသည်၏ သုတ်ပိုးနှင့် သူမ၏ မျိုးဥတို့ တွေ့ဆုံခွင့်မရသောကြောင့် ကလေးမရနိုင်သော အခြေအနေရှိနေသော မိခင်လောင်းတဦးဖြစ်သည်။ ယခင်က စမ်းသပ်စစ်ဆေးမှုအမျိုးမျိုး၊ ခဲ့စိတ်ကုသမှု အဖုံဖုံပြုလုပ်ခဲ့ပါသော်လည်း အောင်မြင်မှု မရရှိခဲ့ချေ။ မိခင်၏ ကိုယ်ပြင်ပ ဖန်ပြုန်တွင်း၌ သန္ဓေပျိုးစေပြီး၊ မိခင်၏ သားအိမ်မှနေ၍ မွေးရိုး မွေးစဉ်အတိုင်း မွေးဖွားရာတွင် ယခု အကြိမ်သည် ပထမဆုံးအောင်မြင်မှု ဖြစ်သည်။ ကလေးနှင့် မိခင်ပါ ကျန်းမာ၍ အခြေအနေတိုးတက် ကောင်းမွန်ကြောင်း အိုဒမ်(မ်) ဒေသဆိုင်ရာကျန်းမာရေးတာဝန်ရှိသူ ကပြောကြားခဲ့လေသည်။

အဆိုပါ အောင်မြင်မှုကို စွမ်းဆောင် နိုင်ခဲ့သူမှာ မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ပက်ထရစ် စတက်တို ဖြစ်သည်။ သူလုပ်ဖော် ကိုင်ဖက်တဦးမှာ ဇီဝကမ္မ ပညာရှင် ဒေါက်တာအက်ဒွပ်ဆိုသူဖြစ်သည်။

ခဲ့စိတ်ကုသ၍ မရနိုင်သော သားအိမ်ပြုန် ပိတ်ဆို့မှု မျိုးကြောင့်သားသမီးရလိုပါလျက် မရနိုင်ရှာသည့် အမျိုးသမီးများအား အခုအချိန်အခါတွင် ယင်းတို့ အနေ ဖြင့် ဆန္ဒပြည့်အကူအညီပေးနိုင်လိမ့်မည်ဖြစ်ပေသည်။

ဤကဲ့သို့သော အောင်မြင်မှုများ ရရှိရန်အတွက်ဒေါက်တာ စတက်တိုအနေဖြင့် ၁၂ နှစ်တာမျှ သုတေသန ပြုလျက် ကြိုးပမ်းခဲ့ရသည်ဟုဆိုလေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။ ။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် သမိုင်းစဉ်တလျောက် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဥမက္ခ

သိုက်မပျက် ကောင်းတူဆိုးဖက် လက်တွဲ နေထိုင်ခဲ့ကြလေသည်။

တိုင်းရင်းသား ပြည်သူအပေါင်းသည် နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲတလျှောက်တွင် အနိုင်မခံ၊ အရှုံးမပေးသော တိုင်းချစ် ပြည်ချစ် စိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ အချင်းချင်း ယိုင်းပင်းကူညီမှု၊ ကိုယ်ကျိုးစွန့်မှုတို့ကို အရင်းတည်ကာ လွတ်လပ်ရေး တိုက်ပွဲအတွက် ဇွဲမာန်သတ္တိဖြင့် ကြိုးပမ်းလျက် ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့ကို မျှော်မှန်းခဲ့ကြလေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေဟောင်း၏ ပျော့ကွက်၊ ဟာကွက်များနှင့် ဓနရှင် ပါလီမန် ဒီမိုကရေစီစနစ်၏ ဆိုးကျိုးများကြောင့် ပဒေသရာဇ်၊ မြေရှင်၊ အရင်းရှင်တို့၏ အာဏာလွှမ်းမိုးမှုသည် တနေ့ထက်တနေ့ ကျယ်ပြန့် ခိုင်မြဲလာပြီးလျှင် ဆိုရှယ်လစ်ရေးမှာ ဆိတ်သုဉ်းပျောက်ကွယ်လုနီးပါး အခြေအနေသို့ ဆိုက်ရောက်ခဲ့ရလေသည်။

ဆိုရှယ်လစ်လူဘောင်ကို တည်ဆောက်ရန် သမိုင်းပေးတာဝန်အရ ပေါ်ပေါက်ခဲ့ရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ချမှတ်၍၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့လေသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် တိုင်းရင်းသား လုပ်သားပြည်သူများ မျှော်မှန်း တောင်းတခဲ့ကြသော ဆိုရှယ်လစ် လူဘောင်ကို တည်ဆောက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို အောက်ပါအတိုင်း အဆင့်ဆင့်ရေးဆွဲခဲ့လေသည်။

ဆိုရှယ်လစ် ဒီမိုကရေစီနိုင်ငံတော်ကို ဖွဲ့စည်းတည်ထောင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေးသည် ပဓာနကျသော လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် တော်လှန်ရေးကောင်စီတို့သည် နိုင်ငံရေး၊ တိုင်းရင်းသား လုပ်သားပြည်သူတရပ်လုံး၏ အရေးနှင့် ဆိုရှယ်လစ်ရေးတို့ကို မျက်ခြည်ပြတ်မခံပဲ ဆောင်ရွက်ခဲ့ကြလေသည်။

၁၉၇၁ ခုနှစ်တွင် ကျင်းပသော ပထမအကြိမ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ညီလာခံတွင် ယင်းကိစ္စကို အလေးအနက်ထား၍ ဦးစားပေးဆွေးနွေးခဲ့ကြသည်။ ပြည်သူတို့၏ ဆန္ဒနှင့် သဘောထားများကို အလေးအနက်ထားခဲ့ကြသည်။

၁၉၇၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်တွင် အဖွဲ့ဝင် ၉၇ ဦးပါဝင်ပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယုက ဦးဆောင်ခဲ့လေသည်။

အခြေခံဥပဒေ ပထမမူကြမ်း ရေးဆွဲနိုင်ရေးအတွက် ကော်မရှင်အဖွဲ့သို့ အကြံဉာဏ်များ ပေးကြပါရန် ပြည်သူတို့အား ဖိတ်ခေါ်ခဲ့သည်။ ယင်းဖိတ်ခေါ်ချက်အရ ပြည်သူတို့ထံမှပေးပို့အကြံဉာဏ်ပြုသော စာပေါင်း ၅,၉၉၀ လက်ခံရရှိခဲ့လေသည်။

ထို့နောက် ပထမမူကြမ်း ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာ နယ်မြေဒေသရှိ ပြည်သူများ ဆန္ဒသဘောထားများနှင့် အကြံဉာဏ်များကို တောင်းယူခဲ့သည်။ ယင်းဆန္ဒပေးပို့သို့ စိတ်ဝင်စားကြသူ ပြည်သူတိုင်း တက်ရောက်ပြီး လွတ်လပ်စွာတင်ပြခဲ့ကြသည်။ ထိုစဉ်က ပြည်သူပေါင်း ၁၀၅,၀၀၀ ကျော် တက်ရောက် ဆန္ဒပေးခဲ့ကြသည်။

ဤသို့ အခြေခံဥပဒေ ပထမမူကြမ်းကို ရေးသားပြုစုပြီးသောအခါ ကော်မရှင် အဖွဲ့ခွဲ ၁၅ ဖွဲ့ ဖွဲ့စည်းကာ အနယ်နယ် အရပ်ရပ်သို့ ကွင်းဆင်း၍ ပြည်သူတို့အား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြသည်။ ပြည်သူတို့အား ရှင်းလင်း တင်ပြရာတွင် ထပ်ဆင့်ရှင်းလင်းရေးအဖွဲ့ပေါင်း ၁၃,၉၆၉ ဖွဲ့ကို အဖွဲ့ဝင်ပေါင်း ၅၈,၄၅၀ ဖြင့် ဖွဲ့စည်းစေခဲ့ပြီး ရှင်းလင်း တင်ပြခဲ့လေသည်။ အခြေခံဥပဒေမူကြမ်းကို တနိုင်ငံလုံးရှိ ပြည်သူ ခုနစ်သန်းကျော် လေ့လာခွင့်ရခဲ့သည်။

အခြေခံ ဥပဒေ ဒုတိယမူကြမ်းကို ရေးဆွဲရာတွင်လည်း ပြည်သူတို့၏ ဆန္ဒနှင့် သဘောထားများကို စုဆောင်း၍ အဖွဲ့ပေါင်း ၁၇,၃၂၀ ဖွဲ့နှင့် အဖွဲ့ဝင်ပေါင်း ၆၃,၂၅၆ အထိတိုးချဲ့ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ရာ ပြည်သူလူထု ရှစ်သန်းကျော် ပါဝင် လေ့လာခွင့်ရခဲ့ကြသည်။

ထိုမှတဖန် အခြေခံဥပဒေ တတိယမူကြမ်းကို ပြုပြင်ရေးသားခဲ့သည်။ အခြေခံဥပဒေကို အဆင့်ဆင့် ရေးသားခဲ့ရာ ပထမမူကြမ်းတွင် အခန်း ၁၆ ခန်းနှင့် ပုဒ်မပေါင်း ၂၁၀ ပါဝင်ခဲ့သည်။ ဒုတိယမူကြမ်းတွင် အခန်း ၁၆ ခန်းနှင့် ပုဒ်မပေါင်း ၂၂၀ ပါဝင်ပြီး တတိယမူကြမ်းတွင် အခန်း ၁၆ ခန်းနှင့် ပုဒ်မပေါင်း ၂၀၉ ဖြစ်လာခဲ့လေသည်။

အခြေခံ ဥပဒေရေးဆွဲရေး ကော်မရှင်သည် ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့မှ ၁၉၇၁ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့အထိ နှစ်နှစ်တာမျှ အချိန်ယူပြီး လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ညီလာခံ၏ အတည်ပြုချက်ဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ကျင်းပပြဋ္ဌာန်းရန် တော်လှန်ရေးကောင်စီ သို့လွှဲအပ်ခဲ့သည်။

တော်လှန်ရေးကောင်စီက ဦးဆောင်၍ အခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံတဝန်းလုံးတွင် ကျင်းပပြုလုပ်ခဲ့သည်။ တနိုင်ငံလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူပေါင်း ၁၄,၇၆၀,၀၃၆ ဦး ရှိသည့်အနက် ၁၃,၃၁၂,၈၀၁ ဦးက ထောက်ခံမဲပေးခဲ့၍ ဤအခြေခံ

ဥပဒေသည် ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းကျော် ရရှိခဲ့သည့် ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့မှစ၍ အသက်ဝင်ခဲ့လေသည်။ သို့သော် တနိုင်ငံလုံး၏မဲစာရင်းများကို ရေတွက်ပြီးနောက် တော်လှန်ရေးကောင်စီက ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင်မှ ကြေငြာချက်အမှတ် ၁၁၀ ဖြင့် ထုတ်ပြန်ကြေငြာခဲ့လေသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြု ပြဋ္ဌာန်းလိုက်သော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်းတွင် မြန်မာနိုင်ငံ၏ နောက်ခံသမိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူလဇာစ်မြစ်များ၊ နိုင်ငံတော်တွင် ကျင့်သုံးမည့်စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စနစ်တို့၏ အခြေခံရည်မှန်းချက်များနှင့် ပတ်သက်သောအချက်များကို ထည့်သွင်းဖော်ပြထားလေသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အောက်ပါအတိုင်း အခန်းပေါင်း (၁၆) ခန်း ပါဝင်သည်။

အခန်း ၁။ နိုင်ငံတော်
အခန်း ၂။ အခြေခံမူများ
အခန်း ၃။ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ
အခန်း ၄။ ပြည်သူလုတ်တော်
အခန်း ၅။ နိုင်ငံတော်ကောင်စီ
အခန်း ၆။ ဝန်ကြီးအဖွဲ့
အခန်း ၇။ ပြည်သူ့တရားသူကြီးအဖွဲ့
အခန်း ၈။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့
အခန်း ၉။ ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့
အခန်း ၁၀။ ပြည်သူ့ကောင်စီများ
အခန်း ၁၁။ နိုင်ငံသားများ၏ မူလ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ
အခန်း ၁၂။ ရွေးချယ်တင်မြှောက်ပုံစနစ်
အခန်း ၁၃။ တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း၊ နုတ်ထွက်ခြင်း အစားထိုး ရွေးချယ် တင်မြှောက်ခြင်း
အခန်း ၁၄။ နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊သီချင်းနှင့်မြို့တော်
အခန်း ၁၅။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်း
အခန်း ၁၆။ အထွေထွေပြဋ္ဌာန်းချက်များ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတရပ်လုံးက တက်ညီလက်ညီ ပါဝင်ရေးသားပြုစုခဲ့သော အခြေခံဥပဒေဖြစ်သည်။ တိုင်းရင်းသားလုပ်သားပြည်သူတရပ်လုံးက မျှော်မှန်း တောင်းတခဲ့သောဆိုရှယ်လစ် အခြေခံများဖြင့်ပြီးသော အခြေခံ ဥပဒေဖြစ်သည် သာမက ဒီမိုကရေစီ ကျစ်စာ စနစ်တကျ ရေးသားပြဋ္ဌာန်းထားသော အခြေခံဥပဒေလည်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ၊ စရိုက်၊ လက္ခဏာ၊ ထုံးဓလေ့ အခြေအနေ ပတ်ဝန်းကျင်တို့နှင့် လိုက်ဖက်ညီညွတ်အောင် ပြုစုထားသော ဥပဒေလည်းဖြစ်၍ တိုင်းပြည်တည်ဆောက်ဖွဲ့စည်းရာတွင် ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေသည် အဓိက မဏ္ဍိုင်တခုဖြစ်လေသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ။ ။၁၉၇၅ ခုတွင် ပေါင်းစည်းညီညွတ်သော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံကို တည် ထောင်လိုက် သော အ ခါ ယင်းနိုင်ငံ၏ ရှေ့အလား အလာကို တကမ္ဘာလုံးက စိတ်ဝင်စားစွာအကဲခတ်ကြည့်ရှုခဲ့ကြသည်။



၁၉၇၀ ခု မေလ အတွင်းတွင် ဗီယက်နမ် တောင်ပိုင်းနှင့်မြောက်ပိုင်း အသီးသီးတွင် စနစ်ဟောင်းအရ ရိုက်နှိပ်ထုတ်ဝေ အသုံးပြုလျက်ရှိသော ငွေများကို စိမ်ချက်ချ၍ စနစ်တကျ ပြန်လည် ရုပ်သိမ်းပြီးနောက် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ တဝန်းလုံးတွင် တခုတည်းသော ငွေကြေးစနစ်ကို ၁၉၇၀ ခု မေလ ၆ ရက်နေ့မှစ၍ အသုံးပြုနိုင်ခဲ့လေသည်။

အိမ်နီးချင်း ကမ်ပူးချားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် နှစ်နိုင်ငံ၏နယ်နိမိတ်များ တလျှောက်၌ ၁၉၇၅-၇၆ မှစ၍ပင် လက်နက်ကိုင်တိုက်ပွဲများ မကြာခဏဖြစ်ပွားခဲ့သည်။

ဗီယက်နမ်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် ၁၉၇၀ ခု နိုဝင်ဘာ ၃ ရက်နေ့တွင် မောစကိုမြို့၌ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို ချုပ်ဆိုခဲ့ပြီး ဗီယက်နမ် နိုင်ငံသည် ၁၉၇၀ ခု ဇွန်လ ၂၉ ရက်နေ့တွင် ကိုမီကွန်ခေါ် အရှေ့ဥရောပ နိုင်ငံများ၏ စီးပွားရေးအပြန်အလှန်ပူးပေါင်း ဆောင်ရွက်ရေးကောင်မရှင်အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့သည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံတို့သည် ဗီယက်နမ် နှစ်နိုင်ငံနယ်နိမိတ်ကိစ္စ၊ ဗီယက်နမ်ရောက် တရုတ်လူမျိုးများကိစ္စ၊ စီးပွားရေးအကူအညီများ ရပ်ဆိုင်းလိုက်သည့်ကိစ္စ၊ ကောင်စစ်ဝန်ချုပ်ရုံးများ ပိတ်လိုက်သည့် ကိစ္စစသော နှစ်နိုင်ငံဆက်ဆံရေးကိစ္စ

အဝဝနှင့်ပတ်သက်၍ အပြန်အလှန်စွပ်စွဲဝေဖန်ပြောဆိုမှုများသည် ၁၉၇၈ ခု တနှစ်လုံးတွင် ပြင်းထန်ခဲ့လေသည်။

၁၉၇၈ ခု စက်တင်ဘာနှင့် အောက်တိုဘာအတွင်း၌ ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ဒေါင်းခေါင်းဆောင်သော ချစ်ကြည်ရေး အဖွဲ့သည် အေစီယင်အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ သွားရောက်ခဲ့လေသည်။ ရောက်လေရာနိုင်ငံတိုင်း၌ သက်ဆိုင်ရာနိုင်ငံနှင့် နှစ်ပြည်ထောင်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြလေသည်။

၁၉၇၇-၁၉၇၈ ခုနှစ်များအတွင်း ရာသီဥတု ဖောက်ပြန်မှုနှင့် ၁၉၇၈ ခုနှစ်မတိုင်မီ အအေးဓာတ် လွန်ကဲမှုကြောင့် သုံးနှစ်လုံးလုံး ဆက်တိုက်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆုတ်ယုတ်ပျက်စီးခဲ့ရသည်။

ဗီယက်နမ် မြောက်ပိုင်း နယ်မြေများတွင် မြေဧရိယာ ဟက်တာပေါင်း ၃၀၀,၀၀၀ ခန့် စိုက်ပျိုးရေးတွင် ထိခိုက်ခဲ့သည်။

၁၉၇၉-၈၀ ခုနှစ် ငါးနှစ်စီမံကိန်း အရ ၁၉၇၈ ခုနှစ်တွင် စိုက်ပျိုးရန် လျာထားသော လယ်မြေဧရိယာ၏ ၇၂.၃ ရာခိုင်နှုန်းကိုသာ စိုက်ပျိုးနိုင်ခဲ့သည်။

ထို့ကြောင့် ဗီယက်နမ်၏ အဓိကပြဿနာမှာ စားနပ်ရိက္ခာဖူလုံမှုရရှိရေးပင်ဖြစ်သည်။ ၁၉၇၇ ခုနှစ်တွင် ဂျုံနှင့် ဆန်တန်ချိန် ၈၀၀,၀၀၀ ခန့် တင်သွင်းခဲ့ရလေသည်။ ဆိုဗီယက်ပြည်ထောင်စု၊ကနေဒါနိုင်ငံ၊ ဥရောပဘုံစျေးနိုင်ငံများ၊ အိန္ဒိယနှင့် အခြား နိုင်ငံများမှ တင်သွင်းခြင်း ဖြစ်သည်။ ၁၉၇၈ ခုနှစ် စားနပ်ရိက္ခာဖူလုံရေးကိစ္စမှာ ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ကြရလေသည်။

ဆန်စပါး အထွက်နှုန်းကို နှစ်စဉ် တန်ချိန် တသိန်းခန့် တိုးမြှင့်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၉၀ ဗီယက်နမ်သို့ ထုတ်ချေးရန်သဘောတူ ဆုံးဖြတ်ခဲ့လေသည်။

၁၉၇၈ ခုနှစ်တွင်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအတွက် စီးပွားရေးတွင်၎င်း၊ နိုင်ငံရေးတွင်၎င်း အခက်အခဲများစွာနှင့် ရင်ဆိုင်ရသောနှစ် ဖြစ်လေသည်။ ၁၉၇၅ ခုနှစ်က ရရှိလိုက်သောအောင်မြင်မှုများကို တည်တံ့ ခိုင်မြဲအောင် အားသစ်အင်သစ်လောင်းပေးရန်နှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံကို မားမားမတ်မတ် ထူထောင်ရန်အတွက် ဆက်လက်ကြိုးပမ်းအားထုတ်နေရသောနှစ်တနှစ်ဖြစ်လေသည်။

ဗယ်ဂင်, မီနာချင်
(အဇူရီယယ်နိုင်ငံ—ရှု။)

ဗိုလစ်ဗီးယား သမ္မတနိုင်ငံ။ ။ဗိုလစ်ဗီးယား နိုင်ငံသည် တောင်အမေရိကတိုက်၏ ပဉ္စမမြောက် အကျယ်ဝန်းဆုံးသော နိုင်ငံဖြစ်သည်။ မြောက်ဖက်တွင် ဗရာဇီးနိုင်ငံ၊ အရှေ့ဖက်တွင် ဗရာဇီးနှင့် ပါရဂွေးနိုင်ငံ၊ တောင်ဖက်တွင် အာဂျင်တီးနားနိုင်ငံ၊ အနောက်ဖက်တွင် ချီလီနှင့် ပီရူးနိုင်ငံတို့ ဝန်းရံလျက်ရှိသည်။ ယင်းနိုင်ငံကို တောင်အမေရိကတိုက် မျိုးချစ်ပုဂ္ဂိုလ်ကြီး ဆိုင်မွန် ဗိုလစ်ဗားကို ဂုဏ်ပြုသောအားဖြင့် ဗိုလစ်ဗီးယားနိုင်ငံဟု ခေါ်တွင်ခဲ့သည်။



ဗိုလစ်ဗီးယားနိုင်ငံသည် ၄၂၄, ၁၆၂ စတုရန်းမိုင် ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် လူဦးရေ ခန့်မှန်းခြေစာရင်းအရ လူဦးရေ ၅,၇၉၀,၀၀၀ ရှိသည်။ အင်ဒီးယန်းလူမျိုး တဝက်ကျော်ပါဝင်သည်။ လူဖြူလူမျိုး ၁၅ ရာခိုင်နှုန်းခန့်ရှိ၍ လူဖြူကပြား မတ်စတီဇိုလူမျိုးကား ၃၂ ရာခိုင်နှုန်းရှိသည်။

ဗိုလစ်ဗီးယားနိုင်ငံ၏ လူဦးရေ ၃ ပုံ ၂ ပုံ ခန့်သည် လယ်ယာစိုက်ပျိုးလုပ်ကိုင်ကြသော်လည်း တနိုင်ငံလုံး၏ ၂ ရာခိုင်နှုန်းမျှသော မြေတွင်သာ စိုက်ပျိုး လုပ်ကိုင်ကြသည်။ အဓိကစိုက်ပျိုးရေး ထွက်ကုန်များမှာ ကကေးအိုး၊ သကြား၊ ပြောင်း၊ မုယော၊ အာလူး၊ ကာဖီ၊ ကြက်ပေါင်စေးတို့ ဖြစ်ကြသည်။ ဗိုလစ်ဗီးယားနိုင်ငံသည် တောင်အမေရိကတိုက်တွင် ကြက်ပေါင်စေး ဒုတိယ အများဆုံးထွက်သော နိုင်ငံဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် ကျူးဗားနိုင်ငံမှ အန်နက်စတို ချီဂွေဗာရာဦးဆောင်သည့် ပြောက်ကျားတပ်ဖွဲ့များက ဗိုလစ်ဗီးယားနိုင်ငံအတွင်း တော်လှန်ရေးတရပ် ဆင်နွဲခဲ့သည်။ ၁၉၆၇ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ချီဂွေဗာရာအား ဖမ်းဆီးမိခဲ့သည်။ ၁၉၇၄ ခုနှစ် နိုဝင်ဘာလတွင် ဗိုလ်ချုပ်ကြီး ဂျူအန်ဂျိုတိုရီ၏ အစိုးရကို ဗိုလ်ချုပ်ကြီးဘန်ဇာ ဦးဆောင်ပြီး အာဏာသိမ်းလိုက်သည်။ အာဏာသိမ်း အစိုးရအဖွဲ့သည် အရပ်သားပုဂ္ဂိုလ်များကို အစိုးရအဖွဲ့မှ ထုတ်ပစ်လိုက်ပြီး နိုင်ငံရေးပါတီများနှင့် အလုပ်သမား သမဂ္ဂများကိုလည်း ပိတ်ပင်လိုက်သည်။

၁၉၇၇ ခုနှစ် နိုဝင်ဘာလတွင် သမ္မတဘန်ဇာက ၁၉၇၈ ခုနှစ် ဇူလိုင်လတွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ထို့ပြင် ပိတ်ပင်ထားခဲ့သော နိုင်ငံရေး အဖွဲ့အစည်းများကိုလည်း ပြန်လည်ခွင့်ပြုလိုက်သည်။ ၁၉၇၈ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် အထွေ

ထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။ ယင်းရွေးကောက်ပွဲသည် ဗိုလ်ချုပ်ကြီး ဂျူအန်ပီရိဒါ သမ္မတနေရာ ရရှိရေးအတွက် လှည့်ဖျားလိမ်ညာသော ရွေးကောက်ပွဲသာ ဖြစ်ကြောင်း သိရှိကြရသဖြင့် အမျိုးသားရွေးကောက်ပွဲအဖွဲ့က ယင်းရွေးကောက်ပွဲကို ဇူလိုင်လ ၁၉ ရက်နေ့တွင် ဖျက်သိမ်းလိုက်သည်။ဗိုလ်ချုပ်ကြီး ပီရိဒါသည် စစ်ဖက်နှင့် အရပ်ဖက်အကူအညီများဖြင့် သမ္မတဘဒန်ဇာအား ရာထူးမှ နုတ်ထွက်ခိုင်းပြီး အစိုးရအာဏာကို လွှဲပြောင်းပေးရန် တောင်းဆိုသည်။ မကြာမီပင် ဗိုလ်ချုပ်ကြီး ပီရိဒါအား သမ္မတအဖြစ် ခန့်အပ်လိုက်သည်။

သမ္မတ ပီရိဒါသည် ဇူလိုင်လ ၂၅ ရက်နေ့တွင် စစ်ဖက်ဆိုင်ရာ ပုဂ္ဂိုလ်သုံးဦးပါသော အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ယင်းနှစ် သြဂုတ်လ ၆ ရက်နေ့တွင် ကျင်းပသော ၁၅၃ ကြိမ်မြောက် ဗိုလ်စစ်ဗိုးယားနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့တွင် သမ္မတ ပီရိဒါက ၁၉၇၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကို ကျင်းပပေးမည် ဖြစ်ကြောင်း ကြေငြာသည်။ သြဂုတ်လ ၁၁ ရက်နေ့တွင် နိုင်ငံ၏ အရေးပေါ်အခြေအနေကို ရုပ်သိမ်းလိုက်ပြီး ဥပဒေ ၂ ရပ်ကိုလည်း ပယ်ဖျက်လိုက်သည်။ ထို့ပြင် ရွေးကောက်ပွဲ မတိုင်မီက ပိတ်ထားသော တက္ကသိုလ်များကို ပြန်ဖွင့်ပေးခဲ့လေသည်။

ဘွဲ့တံဆိပ်များ။ ။(စွယ်စုံ ၈–၁၉၅—ရှ။) ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မခွဲ(ခ) နှင့် နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၂၀ တို့အရ ဂုဏ်ထူးဆောင်ဘွဲများ ဂုဏ်ထူးဆောင် တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ၁၃၄၀ ပြည့်နှစ် ဝါဆိုလဆန်း ၇ ရက်(၁၉၇၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းပြဋ္ဌာန်းချက်အရ ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်ရာတွင် ဆိုရှယ်လစ်စနစ်အောင်မြင်စွာ တည်ဆောက်ရေးအတွက် ရှေဆောင်ရွေရွက်ပြုသည့် ပုဂ္ဂိုလ်များအား၎င်း၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တိုးတက်ဖြစ်ပေါ်မှုအတွက် ကုန်ထုတ်လုပ်မှု မြင့်မားရေး အပိုင်းတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား၎င်း နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား၎င်း၊ နိုင်ငံခြား ခေါင်းဆောင်များ၊ သံတမန်များအား၎င်း ဂုဏ်ထူးဆောင်ဘွဲများ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ပါ အချက်အလက်များနှင့် ညီညွတ်ပါက စွမ်းဆောင်မှုအတွက်ဖြစ်စေ၊ စွမ်းရည်သတ္တိအတွက်ဖြစ်စေ နိုင်ငံတော်က ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲများ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းမည် ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်ကထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ၊ တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ၌ ချီးမြှင့်အပ်နှင်းခြင်း ခံထိုက်သော ပုဂ္ဂိုလ်များတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပိုင်းဆိုင်ရာ တာဝန်များကိုထမ်းဆောင်နေသော ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် တာဝန်ယူ ထမ်းဆောင်နေကြသော ပြည်သူ့ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများ၊ စက်မှုလက်မှု အလုပ်သမားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲဝင်များ ပြည်သူ့စစ်အဖွဲဝင်များ၊ အထက်ပါ ပုဂ္ဂိုလ်များတွင် အကျုံးဝင်ခြင်းမရှိသော တိုထွင်သူများ၊ အနုပညာရှင်များနှင့် လူမှုရေးလုပ်ငန်းများတွင် ဆောင်ရွက်ကြသောပုဂ္ဂိုလ်များ ပါဝင်သည်။

ထို့ပြင် နိုင်ငံတော်အတွင်းရှိ ရဟန်းသံဃာတော်များအားလည်း ရှိရင်းစွဲ စည်းကမ်း၊ စည်းမျဉ်းများနှင့် အညီ သာသနာရေးဆိုင်ရာဘွဲ၊ တံဆိပ်များဖြစ်သော အဘိဓဇ မဟာရဋ္ဌဂုရုဘွဲနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲများကို နိုင်ငံတော်က ဆက်ကပ်လှူဒါန်းမည် ဖြစ်လေသည်။

လုပ်သား ပြည်သူများအား ဂုဏ်ထူးဆောင်ဘွဲများကို ချီးမြှင့်အပ်နှင်းရာတွင် ဆိုရှယ်လစ်စနစ် အောင်မြင်စွာ တည်ဆောက်ရေးအတွက် ရှေဆောင်ရွေရွက် ပြုသူများအား စွမ်းဆောင်မှုအတွက် အောင်ဆန်းတံခွန်ဘွဲ၊ ပြည်ထောင်စုတံခွန်ဘွဲနှင့် တံခွန်ဘွဲဟူ၍ ချီးမြှင့်အပ်နှင်းမည် ဖြစ်သည်။

ဆိုရှယ်လစ် စီးပွားရေးစနစ် တိုးတက်ဖြစ်ပေါ်မှုအတွက် ကုန်ထုတ်လုပ်မှု အပိုင်းတွင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သူများနှင့် ဆိုရှယ်လစ် ဒီမိုကရေစီ ထွန်းကားရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက် သူများအား စွမ်းဆောင်မှုအတွက် လမ်းစဉ်ဌာနည်ဘွဲ၊ ပြည်ထောင်စုဌာနည်ဘွဲ၊ ဌာနည်ဘွဲများကို ချီးမြှင့်မည် ဖြစ်သည်။

စွမ်းရည်သတ္တိအတွက် ဂုဏ်ထူးဆောင်ဘွဲများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များအား အောင်မြင်စွာ တည်ဆောက်ရေးအတွက် ရှေဆောင်ရွေရွက် ပြုသူများအား စွမ်းဆောင်မှုအတွက် အောင်ဆန်းတံခွန်ဘွဲ၊ ပြည်ထောင်စုတံခွန်ဘွဲနှင့် တံခွန်ဘွဲဟူ၍ ချီးမြှင့်အပ်နှင်းမည် ဖြစ်သည်။ ယင်းဘွဲများကို တပ်မတော်အဖွဲ့အစည်းများသာမက သက်ဆိုင်ရာတိုင်း စစ်ဌာနချုပ် နယ်မြေကြီးများတွင် နိုင်ငံတော်လုံခြုံရေးနှင့် သောင်းကျန်းမှု နှိမ်နင်းရေးအတွက် သီးခြားတွဲဖက်ပေးထားသော ပြည်သူ့ရဲတပ်ဖွဲဝင်များ၊ ပြည်သူ့စစ်အဖွဲဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် လုပ်သားပြည်သူများကိုလည်း စွမ်းရည်သတ္တိအတွက် သတ်မှတ်ထားသော အရည်အချင်းများ ပြည့်မီအောင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ပါက ချီးမြှင့်အပ်နှင်းမည် ဖြစ်သည်။ အထူးသဖြင့် အောင်ဆန်းသူရိယဘွဲကို သတ်မှတ်ထားသော စွမ်းရည်သတ္တိ အရည်အချင်းတရပ်ရပ်နှင့် ပြည်စုံပါက တပ်

အဖွဲ့အစည်းလိုက်သော်ငင်း၊ တပ်မတော်သား တဦးချင်း အလိုက်သော်ငင်း ချီးမြှင့်အပ်နှင်းမည် ဖြစ်လေသည်။

ထို့ပြင် ဆိုရှယ်လစ်စီးပွားရေးစနစ် တိုးတက်ဖြစ်ပေါ်မှုအတွက် ကုန်ထုတ်လုပ်မှု မြင့်မားရေးပိုင်းတွင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များအား ဆိုရှယ်လစ်စီးပွားရေး စွယ်စုံထူးချွန်တံဆိပ်၊ လယ်ယာစီးပွား ထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ)၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) ချီးမြှင့်မည်ဖြစ်သည်။

ဆိုရှယ်လစ် ဒီမိုကရေစီ ထွန်းကားရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များအား ဆိုရှယ်လစ် ဒီမိုကရေစီ စွယ်စုံထူးချွန်တံဆိပ်၊ စီမံထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) များနှင့် လူမှု ထူးချွန်တံဆိပ် (ပထမ၊ ဒုတိယ၊ တတိယ) များ ချီးမြှင့်မည် ဖြစ်သည်။ ဆိုရှယ်လစ် စီးပွားရေး စွယ်စုံထူးချွန်တံဆိပ်နှင့် ဆိုရှယ်လစ် ဒီမိုကရေစီ စွယ်စုံထူးချွန်တံဆိပ်တို့သည် မိမိတို့အစုဌာန အမြင့်ဆုံးဖြစ်၍ တခုနှင့်တခု အဆင့်ချင်း တူညီကြသည်။ လယ်ယာစီးပွား ထူးချွန်တံဆိပ်၊ စက်မှုစီးပွား ထူးချွန်တံဆိပ်၊ စီမံထူးချွန်တံဆိပ်နှင့် လူမှုထူးချွန်တံဆိပ်များကို စက်ရုံ၊ အလုပ်ရုံ၊ အဖွဲ့အစည်းများအား သက်ဆိုင်ရာ အရည်အချင်းများနှင့် ကိုက်ညီပြည့်စုံမှုအလိုက် ချီးမြှင့်မည် ဖြစ်သည်။

တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု အတွက် ချီးမြှင့်အပ်နှင်းမည့် ဂုဏ်ထူးဆောင် တံဆိပ်များမှာ အောင်ဆန်းတံဆိပ်၊ သီဟဗလတံဆိပ်၊ သူရဲကောင်း မှတ်တမ်းဝင်တံဆိပ်၊ အရေးတော်ပုံတံဆိပ်၊ လွတ်လပ်ရေး စည်းရုံးမှုတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့သားကောင်းတံဆိပ်၊ စွန့်လွှတ်သူတံဆိပ်၊ နိုင်ငံတော် စစ်မှုထမ်းတံဆိပ်၊ ပြည်ပရန်နှိမ်တံဆိပ်နှင့် ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်တို့ ဖြစ်သည်။ ဂုဏ်ထူးဆောင်တံဆိပ်များကိုချီးမြှင့်အပ်နှင်းရာတွင် တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုအတွက် သာမက ပြည်သူ့ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုအတွက်လည်း ချီးမြှင့် အပ်နှင်းမည်ဖြစ်ရာ ပြည်သူ့ရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စွမ်းရည်သတ္တိအတွက်နှင့် စွမ်းဆောင်မှုအတွက်ဟူ၍ ခွဲခြား ချီးမြှင့်မည်ဖြစ်သည်။ စွမ်းရည်သတ္တိအတွက် ရဲသီဟတံဆိပ်၊ ရဲသူရဲတံဆိပ်နှင့် ရဲဗလတံဆိပ်များအတွက် ရဲသီဟတံဆိပ်၊ ရဲသူရဲတံဆိပ်နှင့် ရဲဗလတံဆိပ်များ ချီးမြှင့်အပ်နှင်းမည်ဖြစ်ပြီး စွမ်းဆောင်မှုအတွက် ရဲသူရိန်တံဆိပ်၊ ရဲကျော်စွာတံဆိပ်၊ ရဲကျော်သူတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်နှင့် နိုင်ငံတော် ရဲမှုထမ်းတံဆိပ်တို့ကို အသီးသီး ချီးမြှင့်အပ်နှင်းမည်ဖြစ်သည်။

ထို့ပြင် စွမ်းရည်သတ္တိဘွဲများဖြစ်ကြသော အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့နှင့် သူရဘွဲ့တခုခုဖြင့် ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များသည် တလုံးတခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေခံစားခွင့်ရှိသည်။ ထိုနည်းတူ စက်မှုစီးပွားထူးချွန်တံဆိပ် သို့မဟုတ် လူမှုထူးချွန်တံဆိပ် တခုခု ချီးမြှင့်အပ်နှင်းခြင်း ခံရသူသည်လည်း တလုံးတခဲတည်းချီးမြှင့်ငွေကို ခံစားခွင့်ရှိလေသည်။ အထက်ပါ ထူးချွန်တံဆိပ်များအတွက် ချီးမြှင့်သော ငွေကြေးသည် ပုဂ္ဂိုလ်အတွက်သာဖြစ်၍ စက်ရုံ၊ အလုပ်ရုံ အဖွဲ့အစည်းအတွက် အကျုံးမဝင်ပေ။ ချီးမြှင့်အပ်နှင်းခြင်း ခံရသော ဂုဏ်ထူးဆောင်ဘွဲ့များ၏ အဆောင်အယောင်တံဆိပ်များ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ယင်းတို့၏ ပုံတူတံဆိပ်ငယ်များကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီနိုင်ငံတော် အခမ်းအနားများတွင် တပ်ဆင်နိုင်လေသည်။

ချီးမြှင့်အပ်နှင်းခြင်းခံရသော ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များကို အောက်ပါအကြောင်းတရပ်ရပ်ကြောင့် နိုင်ငံတော်က ပြန်လည်ရုပ်သိမ်းခွင့် ရှိလေသည်။

(က) နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း။

(ခ) အကျင့်စာရိတ္တနှင့် ပတ်သက်သော ပြစ်မှုကျူးလွန်၍ တရားရုံးတခုခု၏ အပြစ်ပေးခံရခြင်း။

(ဂ) ဌာနဆိုင်ရာ အရေးယူခြင်းခံရပြီး အပြစ်ရှိကြောင်း ပေါ်ပေါက်သဖြင့် ရာထူးမှထုတ်ပယ်ခြင်း၊ နုတ်ပယ်ခြင်း၊ ရပ်စဲခြင်းစသော ပြစ်ဒဏ်တရပ်ရပ် အပေးခံရခြင်း။

(ဃ) ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံထိုက်ကြောင်း အဆင့်ဆင့် ထောက်ခံတင်ပြသည်နှင့်အညီ နိုင်ငံတော်ကောင်စီက ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် ချီးမြှင့် အပ်နှင်းပြီးနောက် မူလ ထောက်ခံချက်ပါ အချက်အလက် အကြောင်းအရာများနှင့် ပတ်သက်၍ မမှန်မကန်တင်ပြမှု ပြုခဲ့ကြောင်း ပေါ်ပေါက်တွေ့ရှိခြင်း။

(င) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူခြင်း၊ ပြောဆိုခြင်း၊ တရပ်ရပ်ကို ကျူးလွန်ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း။

(စ) နိုင်ငံတော်ကောင်စီက ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်အား ပြန်လည် ရုပ်သိမ်းသင့်သည့် လုံလောက်သော အကြောင်းအချက် တရပ်ရပ် တွေ့ရှိပေါ်ပေါက်ခြင်း။

အထက်ပါ အကြောင်းတရပ်ရပ်ကြောင့် ဂုဏ်ထူးဆောင်ဘွဲ့ တံဆိပ်များ ပြန်လည် ရုပ်သိမ်းပါက ယင်းတို့၏ အဆောင်အယောင်တံဆိပ်၊ ပုံတူတံဆိပ်ငယ်နှင့် ဂုဏ်ပြုစာလွှာများကိုပါ ပြန်လည် ရုပ်သိမ်းမည့်အပြင် ခံစားခွင့်ပြုထားသော ငွေကြေး ချီးမြှင့်မှုများကိုလည်း ရပ်စဲမည် ဖြစ်လေသည်။

ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဘွဲ့တံဆိပ်များ

သီဟသူရဘွဲ့

၁၉၆၂ ခုနှစ်အတွက်

၁။ ကြည်း ၇၇၆၁ ဗိုလ် (ယခု ဒု–ဗိုလ်မှူးကြီး) လှကြည်၊ တပ်ရင်းမှူး၊ အမှတ်(၅)၊ ဗမာ့သေနတ်ကိုင်တပ်ရင်း။

၁၉၇၅ ခုနှစ်အတွက်

၁။ ကြည်း ၁၁၀၆၄ ဗိုလ်ညွှန့်ခင်(ကျဆုံး)

၁၉၇၀ ခုနှစ်အတွက်

၁။ ကြည်း ၁၁၇၁၆ ဗိုလ်ကြီးသူရစစ်မောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သုတေသနဌာနစု၊ ကာကွယ်ရေးဝန်ကြီးဌာန။

၂။ ကြည်း ၁၃၇၆၉ ဒု–ဗိုလ်စိုးလွင် (ကျဆုံး)

၃။ အမှတ် ၂၇၀၁၄၃ တပ်ကြပ်ထွန်းကြည် (ကျဆုံး)

၄။ အမှတ် ၃၇၀၇၀၀ တပ်သားညိုအေး (ကျဆုံး)

၁၉၇၉ ခုနှစ်အတွက်

၁။ ကြည်း ၁၂၀၁၉ ဗိုလ်မှူးသိန်းထွန်းတင်၊ လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။

သီဟဗလ တံဆိပ်

၁၉၆၂ ခုနှစ်အတွက်

၁။ လေ ၁၁၀၆ ဗိုလ်ကြီးကျော်ဝင်း (ကျဆုံး)

စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

၁၉၇၉ ခုနှစ်အတွက်

၁။ ဦးအောင်ကြီး၊ တွင်းတူးလုပ်သား အဆင့်(၃) မန်းရေနံမြေ၊ မြန်မာ့ရေနံကော်ပိုရေးရှင်း။

၂။ ဦးကျော်ဝင်း၊ တွင်းတူးလုပ်သား အဆင့်(၂) မန်းရေနံမြေ၊ မြန်မာ့ရေနံကော်ပိုရေးရှင်း။

ရဲသူရတံဆိပ်

၁၉၇၉ ခုနှစ်အတွက်

၁။ ဦးလှမောင် အထက်တန်းစာရေး (လေယာဉ်ကွင်းအုပ်) မန္တလေးလေဆိပ်ဝင်းအတွင်း၊ မန္တလေးမြို့။

ရဲဗလတံဆိပ်

၁၉၇၉ ခုနှစ်အတွက်

၁။ လ ၄၀၆၀၉ ရဲတပ်ကြပ်ကြီးကျော်သန်း၊ သတင်းတပ်ဖွဲ့မှူးရုံး၊ ရန်ကုန်မြို့။

၂။ လ ၂၃၀၉၆ ရဲ ဒု–တပ်ကြပ် ထွန်းငွေ၊ ဖဆပန်မြို့နယ်ပြည်သူရဲတပ်ဖွဲ့။

၃။ စ ၀၁၀၀ ဒု-စုံစမ်းစစ်ဆေးရေးမှူး ဦးကြည်ထွန်း၊အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်မြို့။

၄။ ဒေါ်သွယ်သွယ်ဝင်း (ကွယ်လွန်) လေယာဉ်မယ်။

ပြည်ထောင်စုဂျွေတံဆိပ် (သူရသတ္တိအတွက်)

၁၉၇၂ ခုနှစ်အတွက်

၁။ လ ၄၁၀၄ ဒု-ကြီးကြပ်ရေးမှူး (ယခုရဲအုပ်ကြီး)ဦးမြင့်မြို့နယ်ပြည်သူရဲတပ်ဖွဲ့မှူး၊ ပုတာအိုမြို့။

၂။ လ ၅၆၃၇၅ ဒု–လုံခြုံရေးမှူး (ယခုရဲအုပ်)ဦးကိုကိုကြီး ရဲအုပ် အမှတ်(၂)လေ့ကျင့်ရေးကျောင်း၊ ဝက်ထီးကန်မြို့။

၃။ လ ၆၁၄၆၅ ရဲတပ်ကြပ်ရွှေသိန်း၊ ပုဇွန်တောင်မြို့နယ်၊ ပြည်သူရဲတပ်ဖွဲ့၊ ရန်ကုန်မြို့။

၄။ လ ၆၁၄၉၃ ရဲတပ်ကြပ် (ယခုရဲတပ်ကြပ်ကြီး) ရွှေလှဖြူ၊ အမှတ် (၁) လုံခြုံမှု ထိန်းသိမ်းရေး တပ်ရင်း၊ ရန်ကုန်မြို့။

၁၉၇၄ ခုနှစ်အတွက်

၁။ လ ၁၉၃၉၂ ဒု–လုံခြုံရေးမှူး (ယခု ဒု–ရဲအုပ်၊စခန်းမှူး)ဦးဘတင်၊ ပြည်နယ်ပြည်သူရဲတပ်ဖွဲ့မှူးရုံး၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၉၇၇ ခုနှစ်အတွက်

၁။ လ ၁၉၄၀၃ ရဲအုပ် (ယခု ဒု–ရဲအုပ်၊စခန်းမှူး) ဦးစံကြည်(အငြိမ်းစား) အနန်းကုန်း အုပ်စု၊ သုခိတာလမ်း၊ ကျိုက္ကော် သိမ်ဆိပ်စာတိုက်၊ သထုံမြို့။

၂။ လ ၂၅၉၉၂ ဒု–ရဲအုပ် ဦးကျော်မြ (ကျဆုံး)

၁၉၇၀ ခုနှစ်အတွက်

၁။ လ ၂၆၀၁၇ ဒု–ရဲအုပ် ဦးဘဖြူ၊ အမ်းမြို့နယ် ပြည်သူရဲတပ်ဖွဲ့။

၂။ လ ၁၆၇၇၀ ဒု–ရဲအုပ် (စခန်းမှူး)ဦးထွန်းကြည် (ကျဆုံး)။

၃။ လ ၆၇၇၃၀ ရဲဒု–တပ်ကြပ်တလာကျုံး(ကျဆုံး)

သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ(ခ) တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအရ အမိန့်ကြော်ငြာစာအမှတ် ၁–၇၉ ဖြင့် အောက်တွင် ဖော်ပြပါ ဆရာတော်ကြီးများအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းလိုက်သည်။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတိက္ခ၊ ပဉ္စင်္လသိမ်ကုန်းကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း။

၂။ ဘဒ္ဒန္တကောဿလ္လ၊ ပိဋ္ဌကတ်တိုက်ကျောင်း၊ မုဒွန်းရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်။

၃။ ဘဒ္ဒန္တပဏ္ဍိတသီရိ၊ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဦးဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက) ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂။ ဦးဣန္ဒက၊ ပဌာန်းသိပ္ပံချောင်၊ စစ်ကိုင်းတောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဦးဇောတယ(ရွှေကျင်သာသနာပိုင်) မဟာဝိသုဒ္ဓါရုံတိုက်၊ အရွှေပြင်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၄။ ဦးစန္ဒောဘာသ၊ ပရိယတ္တိနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၅။ ဦးဇာနေယျဗုဒ္ဓိ၊ ပိုက်ကျုံးဆရာတော်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ (အနောက်ပြင်) မန္တလေးမြို့၊ မန္တလေးတိုင်း။

၆။ ဦးနရိန္ဒ၊ တောင်ကျောင်းကြီး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၇။ ဦးဂန္ဓမာ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊မကွေးတိုင်း။

၈။ ဦးပဏ္ဍိတ၊ ဝေဠုဝန်တိုက်၊ မင်းလှမြို့၊ ပဲခူးတိုင်း။

၉။ ဦးလောကိဿရ၊ ကပိုင်ကျေးရွာကျောင်းဟန်းတနော်မြို့နယ်၊ ရောဝတီတိုင်း။

၁၀။ ဦးနာရဒ၊ ပဌာန်းကျောင်းတိုက်၊ ပြည်လမ်း၊ရန်ကုန်မြို့၊ ရန်ကုန်တိုင်း။

မကွေးတိုင်း။ ။မကွေးတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး တိုင်းအကျယ်အဝန်းမှာ ၁၇,၃၀၅ စတုရန်းမိုင်ရှိပြီး ၁၉၇၈ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေသုံးသန်းနီးပါးခန့် ရှိလေသည်။ တိုင်းမြို့တော်မှာ မကွေးမြို့ဖြစ်သည်။ မကွေးတိုင်းအတွင်း မြို့နယ် ၂၅ ခုနှင့် ကျေးရွာအုပ်စု ၁,၆၉၄ စုတို့ပါဝင်ပြီး မြို့နယ်အများစုမှာ ရောဝတီမြစ်အနောက်ဖက်ခြမ်းတွင် တည်ရှိကြသည်။ မကွေးတိုင်းတွင် ပါဝင်သော မြို့နယ်များမှာ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊



မလေးရှားပြည်ထောင်စု။ ။မလေးရှားပြည်ထောင်စုသည် စတုရန်းမိုင် ၁၂၇,၃၂၇ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရလူဦးရေ ၁၂,၆၀၀,၀၀၀ ရှိသည်။ မြို့တော်မှာ ကွာလာလမ်ပူမြို့ ဖြစ်သည်။



၁၉၇၀ ပြည့်နှစ်တွင် တွန်ဟာဂျီအဗ္ဗဒူရာဇတ်သည် မလေးရှား ပြည်ထောင်စု၏ဝန်ကြီးချုပ်ဖြစ်လာပြီး ၁၉၇၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ ဒါတုတ်ဟူစိန်အုန်းသည် ဝန်ကြီးချုပ်ဖြစ်လာသည်။

၁၉၇၆ ခုနှစ်တွင် ဝန်ကြီးချုပ် ဟူစိန်အုန်းက ကွန်မြူနစ်တို့၏ ထိုးစစ်ဆင်မှုကို တိုက်ခိုက်ရန် စစ်တပ်အင်အား တိုးခဲ့ခဲ့သည်။ ထိုင်းနိုင်ငံနှင့် ပူးပေါင်းပြီး နယ်စပ်ရှိ ကွန်မြူနစ်ပြောက်ကျားတပ်ဖွဲ့များကို နှိမ်နင်းရန် ကြိုးပမ်းခဲ့သည်။ ၁၉၇၇ ခုနှစ် ဇန်နဝါရီလတွင် မလေးရှားပြည်ထောင်စု စစ်ဦးစီးချုပ်သည် ထိုင်းနိုင်ငံသို့ သွားရောက်၍ ထိုင်း–မလေးရှားပူးပေါင်းစစ်ဆင်ရေးကို ဆွေးနွေးခဲ့ပြီး ဇန်နဝါရီလ ၁၄ ရက်နေ့တွင် မလေးရှားတပ်ဖွဲ့များသည် ထိုင်းနိုင်ငံ နယ်စပ်ရှိ မလေးရှား ပြောက်ကျားစခန်းများကို တိုက်ခိုက် နှိမ်နင်းခဲ့လေသည်။

မလေးရှား ပြည်ထောင်စုတွင် ပဉ္စမ အကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကို ၁၉၇၈ ခုနှစ် ဇူလိုင်လ တရက်နေ့တွင် ကျင်းပခဲ့ရာ အာဏာရ အမျိုးသား တပ်ဦးကပင် အနိုင် ရရှိခဲ့သည်။ ယင်းအထွေထွေ ရွေးကောက်ပွဲတွင် မလေးရှား ပြည်ထောင်စု၏ ဝန်ကြီးချုပ်ဖြစ်သူ ဒါတုတ်ဟူစိန်အုန်းသည် ဂျီဟိုမဲဆန္ဒနယ်မြေမှ ပြန်လည်အရွေးခံခဲ့ရသည်။

ရွေးကောက်ပွဲကျင်းပခဲ့ရာတွင်တရုတ်လူမျိုးတို့၏ထောက်ခံမှုကို အဓိက အားထားသော ဒီမိုကရက်တစ် လှုပ်ရှားမှုပါတီက တရုတ်လူမျိုးတို့၏ တောင်းဆိုချက်ဖြစ်သော ပညာရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့တွင် တန်းတူ အခွင့်အရေးရရှိရန် လှုံဆော်ကြိုးပမ်းခဲ့သည်။ အာဏာရ တပ်ဦးကမူမလေးလူမျိုးစုကို ပညာနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းတို့တွင် တရုတ်တို့နှင့် ရင်ဘောင်တန်းလိုက်နိုင်အောင် ကြိုးပမ်း မြှင့်တင်ပေးရန် လှုံဆော်ခဲ့သည်။ အစ္စလမ် ပါတီကမူ အခြေခံဥပဒေတွင် မလေးကြီးစိုးမှုကို ပြဋ္ဌာန်းရန် လှုံဆော်ခဲ့လေသည်။

ဝန်ကြီးချုပ် ဒါတုတ်ဟူစိန်အုန်းသည် သြစတြေးလျနှင့် စင်္ကာပူနိုင်ငံမှ ဝန်ကြီးချုပ်များနှင့် ဆွေးနွေးခဲ့ပြီး မလေးရှားနိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အေစီ

မကွေး၊ ရေနံချောင်း၊ ချောက်၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိတ်ဖြူ၊ ဆော၊ ဂန့်ဂေါ၊ ထီးလင်း၊ စကု၊ မင်းဘူး၊ ပွင့်ဖြူ၊ ငဖဲ၊ စလင်း၊ စေတုတ္တရာ၊ သရက်၊ မင်းလှ၊ မင်းတုန်း၊ ကမ္မ၊ အောင်လံနှင့် ဆင်ပေါင်ဝဲ မြို့နယ်တို့ဖြစ်သည်။

မကွေးတိုင်း၏ အဓိက ထွက်ကုန်များမှာ နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ဆေး၊ ပြောင်း၊ဝါနှင့် အာလူးတို့ဖြစ်ကြသည်။ သဘာဝ မြေအနေအထားအရ နှမ်း၊ ဝါ၊ မြေပဲတို့ ဖြစ်ထွန်းအောင်မြင်သဖြင့် မကွေးတိုင်းသည် စားသုံးဆီ အထွက်ဆုံးတိုင်းဖြစ်ပေသည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ မကွေးတိုင်း မန်းရေနံမြေကို စတင်တွေ့ရှိခဲ့ပြီးနောက် တူးဖော်ပြီးစီးခဲ့သည့် ရေနံစီမံးများမှာ စုစုပေါင်း ပီပါ ၃၅ သန်းခန့်ရှိသည်။စုစုပေါင်း ရေနံတွင်း ၁၉၃ တွင်းရှိပြီး ၁၉၇၈ ခုနှစ်တွင် တနေ့လျှင် ရေနံစည်ပေါင်း ၂၁,၀၀၀ ခန့် ရရှိနေပြီ ဖြစ်လေသည်။

မကွေးတိုင်း မင်းဘူးမြို့နယ်မှ ကြက်သွန်ခင်းတခင်း



ယင်) နိုင်ငံများနှင့် ပူးပေါင်း၍ စီးပွားရေး ကိစ္စများကို ဆောင်ရွက်သွားမည်ဟု ကြေငြာခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် တိန့် ရှောင်ဖိန် သည် ၁၉၇၈ ခုနှစ် နိုဝင်ဘာလအတွင်းက မလေးရှား ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိခဲ့ပြီး နှစ်နိုင်ငံ စီးပွားရေးပြဿနာများကို ဆွေးနွေးခဲ့လေသည်။

မလေးရှားနိုင်ငံသည် ရာဘာနှင့် ကိုကိုးမျှားကို အဓိကထား၍ စိုက်ပျိုးသော နိုင်ငံဖြစ်သည်နှင့်အညီ ရာဘာနှင့် ကိုကိုးပင်စိုက်ကေများကို ကေပေါင်း ၇၃,၅၀၀ ခန့် အောင်မြင်စွာ တိုးခဲ့၍စိုက်ပျိုးနိုင်ရန် ကမ္ဘာ့ဘဏ်မှ မလေးရှားပြည်ထောင်စုသို့ အမေရိကန်ဒေါ်လာ ၂၇ သန်း ထောက်ပံ့ချေးငှားရန် သဘောတူညီခဲ့လေသည်။



မဟာဗျူဟာ ထက်နက်ကန့်သတ်ရေး ဒုတိယအဆင့် စာချုပ် ချုပ်ဆိုရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ဆိုဗီယက်ခေါင်း ဆောင် ဗရက်ဇ်ညက်နှင့် အမေရိကန်ပြည်ထောင်စု သမ္မတ ကာတာ

မဟာဗျူဟာ လက်နက် ကန့်သတ်ရေး။ ။ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့၏ မဟာဗျူဟာ လက်နက်ကန့်သတ်ရေး ပထမအဆင့် (ဆော့ ၁) စာချုပ်ကို ၁၉၇၂ ခုနှစ် အောက်တိုဘာလက တရားဝင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။ (နှစ်ချုပ် ၇၈—၇၉။) မဟာဗျူဟာ လက်နက်ကန့်သတ်ရေး ပထမအဆင့်စာချုပ်သည် သက်တမ်း၀ါးနှစ်သာရှိပြီး ၁၉၇၇ ခုနှစ် အောက်တိုဘာလက သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်၍ မဟာဗျူဟာ လက်နက်ကန့်သတ်ရေး ဒုတိယအဆင့် စာချုပ်ကို ချုပ်ဆိုရန် လိုအပ်လာပေသည်။

၁၉၇၈ ခုနှစ် မေလအတွင်းက အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တွင် အမေရိကန်ပြည်ထောင်စုသမ္မတ ကာတာနှင့် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုတို့ တွေ့ဆုံကာ မဟာဗျူဟာလက်နက်ကန့်သတ်ရေး ဒုတိယအဆင့်အတွက် ဆွေးနွေးခဲ့ကြသည်။ ယင်းဆွေးနွေးပွဲ၌ ဒုတိယအဆင့်အရ ကန့်သတ်မည့် မဟာဗျူဟာ လက်နက်များ စာရင်းတွင် ဆိုဗီယက်တို့၏ ခရီးရှည်သွား ဘက်ဖိုင်းယား ဗုံးကြဲလေယာဉ်အမျိုးအစားကို ထည့်သွင်းခြင်းမပြုရန် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုက အလေးအနက် ပြောကြားခဲ့လေသည်။

ထို့နောက် မဟာဗျူဟာလက်နက်ကန့်သတ်ရေး ဆွေးနွေးပွဲများကို ၁၉၇၈ ခုနှစ် ဩဂုတ်လအတွင်းက ဂျီနီဗာမြို့တွင်တကြိမ်၊ အောက်တိုဘာလအတွင်းက ဝါရှင်တန်မြို့တွင် တကြိမ် ဆက်လက်ကျင်းပခဲ့လေသည်။ အောက်တိုဘာလ စတုတ္ထပတ်အတွင်းတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗန့်စသည် ဆိုဗီယက်ပြည်ထောင်စု မောစကိုမြို့သို့ သွားရောက်ခဲ့ပြီး ဆိုဗီယက်ခေါင်းဆောင်များနှင့် မဟာဗျူဟာလက်နက်ကန့်သတ်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။ ယင်းသို့ဆွေးနွေးရာတွင် ခရူစ်ဒုံးကျည်များ ကန့်သတ်ရေး၊ မဟာဗျူဟာ ဒုံးကျည်အသစ်များ ထိန်းချုပ်ရေး၊ မဟာဗျူဟာလက်နက်များ လျော့ချရေး အတွက် အချိန်ဇယားရေးဆွဲရေးနှင့် ဘက်ဖိုင်းယားဗုံးကြဲလေယာဉ်ကြီးများ ထိန်းချုပ်ရေးပြဿနာများ ပါဝင်လေသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်စနှင့် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုတို့သည် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဂျီနီဗာမြို့တွင် သုံးရက်ကြာတွေ့ဆုံကာ မဟာဗျူဟာ လက်နက်ကန့်သတ်ရေးကိစ္စများကို ထပ်မံဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် နျူးကလီးယား စစ်ပွဲဟန့်တားရေးနှင့် လက်နက်ကန့်သတ်ရေးအတွက် ထပ်မံကြိုးပမ်း အကောင်အထည်ဖော်ရေးကို ဦးတည်ဆွေးနွေးခဲ့ကြသည်။

မဟာဗျူဟာ လက်နက်ကန့်သတ်ရေးအတွက် ၁၉၇၈ ခုနှစ်၏နောက်ဆုံးဆွေးနွေးပွဲဖြစ်သော ဗန့်စနှင့်ဂရိုမီကိုတို့၏ အထက်ပါ ဂျီနီဗာဆွေးနွေးပွဲသည် ဆုံးဖြတ်ချက်တစုံတရာ ချမှတ်နိုင်ခြင်းမရှိပဲ ပြီးဆုံးခဲ့လေသည်။ ၁၉၇၉ ခုနှစ်အတွင်းတွင် အမေရိကန်ပြည်ထောင်စု သမ္မတ ကာတာနှင့် ဆိုဗီယက်ခေါင်းဆောင် ဗရက်ဇ်ညက်တို့ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း၊ ထိုထိပ်သီးဆွေးနွေးပွဲ ကျမှသာလျှင် မဟာဗျူဟာလက်နက်ကန့်သတ်ရေး ဒုတိယအဆင့် စာချုပ် ဆော့ ၂ ကို ချုပ်ဆိုနိုင်ရေးအတွက် ပြီးပြတ်လိမ့်မည်ဖြစ်ကြောင်း ဂျီနီဗာဆွေးနွေးပွဲအပြီးတွင် ထုတ်ပြန်ကြေငြာခဲ့လေသည်။

မာလစ်, အဒမ် (ခရစ် ၁၉၁၇ ဖွား)။ ။အင်ဒို နီးရှား နိုင်ငံခြားရေး ဝန်ကြီး အဖြစ် ၁၉၆၆ ခုနှစ်မှ စ၍ ဆောင်ရွက်လာသော အဒမ်မာလစ်သည် ဆူမတြာကျွန်း မြောက်ပိုင်းရှိ ပီမာတန်ဆီယံတာရွာ၌ ၁၉၁၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ဖွားမြင်သည်။ ငယ်စဉ်က ဒတ်ချမူလတန်း ကျောင်း၌ရော၊ အစ္စလာမ် ဘာသာရေးကျောင်း တခု၌ပါ အခြေခံပညာများကို သင်ယူ၍ ၁၇ နှစ် အရွယ်တွင် ဇာတိ အရပ်နှင့် မီဒန်ဒေသတို့တွင် အင်ဒိုနီးရှား လွတ်လပ်ရေး လှုပ်ရှားမှုကို ဝင်ရောက်ဆောင်ရွက်သဖြင့် ၁၉၃၄ ခုနှစ်တွင် ဒတ်ချအစိုးရက ဖမ်းဆီးထောင်ချခြင်း ခံရသည်။

ဆူကာနိုအပါအဝင် လူငယ်တော်လှန်ရေးသမားတစုနှင့် အတူ ၁၉၃၇ ခုနှစ်တွင်မူ မစ္စတာမာလစ်သည် (နောင်တွင် အန္တာရာသတင်းဌာနဟု လူသိများသော) အန္တာရာသတင်း ဗျူရိုကို ဂျာဗားကျွန်း၌ ဖွင့်လှစ်သည်။ ထိုမှ ၁၉၄၀-၄၁ ခုနှစ်၌ ဂျာရင်ဒိုပါတီဝင်အဖြစ်ဖြင့်ရင်း၊ ယင်း၏ အလုပ် အမှုဆောင် ဘုတ်အဖွဲ့၌ရင်း ဝင်ရောက် ဆောင်ရွက်ကာ လွတ်လပ်ရေးထိန်းသိမ်းရေးလှုပ်ရှားမှု တပ်ဦးအဖွဲ့ဝင် ဖြစ်လာသည်။ မာလစ်အား ဒတ်ချအစိုးရက ဖမ်းဆီးထောင်ချထားပြန်ရာ ၁၉၄၂ ခုနှစ်တွင် ဂျပန်တို့ အင်ဒိုနီးရှားကို ဝင်ရောက်သိမ်းပိုက်သည့်အခါကျမှ ထောင်က လွတ်သည်။

၁၉၄၆ ခုနှစ်တွင် ပြည်သူပါတီကို ပါဝင် တည်ထောင်လေသည်။ ၁၉၄၇ ခုနှစ်တွင် သမ္မတဆူကာနိုက မာလစ်သည် လုပ်ကြံမှုတွင် ကြံရာပါ ဖြစ်သည် ဆိုကာ ဖမ်းဆီး ထောင်ချသည်။ မာလစ်က သူသည် အင်ဒိုနီးရှားနိုင်ငံနှင့် တကွ သမ္မတကြီးဆူကာနိုအပေါ် ကျေးဇူးသစ္စာရှိကြောင်း ပေးရာတာဝန်ကျေပွန်အောင် ထမ်းဆောင်မည်ဖြစ်ကြောင်း အတိအလင်း ကြေငြာသည်။ ၁၉၅၆ ခုနှစ်တွင်အဒမ်မာလစ် သည် အင်ဒိုနီးရှားနိုင်ငံ၏ အောက်လှတ်တော် အမတ် အဖြစ် အရွေးခံရသည်။ ၁၉၅၉ ခုနှစ်တွင် အကြံပေး ကောင်စီချုပ် (ယာယီ) အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရသည်။ ထိုနောက် သူသည် ရုရှနိုင်ငံနှင့် ပိုလန်နိုင်ငံဆိုင်ရာ အင်ဒိုနီး ရှားသံအမတ်ကြီး အဖြစ် သွားရောက်အမှုထမ်းခဲ့သည်မှာ ၁၉၆၅ ခုနှစ်အထိ ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် ကုန်သွယ်ရေး ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။

အင်ဒိုနီးရှားတပ်မတော်မှ နိုင်ငံတွင်းရှိ ကွန်မြူနစ်ပါတီ ဝင်နှင့် ပါတီလိုလားသူပေါင်းများစွာအား ဖမ်းဆီးမှုစသော ပြဿနာအရေးကြီးလာသဖြင့် ၁၉၆၅ ခုနှစ် စက်တင်ဘာလ တွင် သမ္မတဆူကာနိုက ဒုတိယဗိုလ်ချုပ်ကြီး ဆူဟာတိုအား အုပ်ချုပ်ရေးအာဏာများလွှဲပြောင်းပေးလိုက်သည်။ ဆူဟာ တို၏ မိတ်ဆွေရင်းချာ တဦးဖြစ်သော အဒမ်မာလစ်သည် ၁၉၆၅ ခုနှစ်တွင် လမ်းညွှန်စီးပွားရေး အဖကောင်အထည် ဖော်ရေးဆိုင်ရာ ဝန်ကြီးအဖြစ်၎င်း၊ ၁၉၆၆ ခုနှစ်မတ်လမှစ၍ နိုင်ငံခြားရေးဝန်ကြီးအဖြစ်၎င်း ခန့်အပ်ခြင်း ခံရသည်။ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ရင်း ၁၉၇၁-၇၂ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ညီလာခံ သဘာပတိအဖြစ် တင်မြှောက်ခံရသည်။

မီကိုယန်, အနတ်တတ်အီဗာနိုဗစ် (ခရစ်၁၈၉၅–၁၉၇၈) ဆိုဗီယက် ခေါင်းဆောင်ကြီး လီနင်နှင့်အတူလက်တွဲ၍ နိုင်ငံ ရေးဆောင်ရွက်ကာ ဆိုဗီယက် သမ္မတ ရာထူးကိုရရှိခဲ့ဘူးသူ အနတ်တတ်အီဗာနိုဗစ်မီကိုယန် သည် ၁၈၉၅ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် အမေနီးယား ပြည်ထောင်စု သမ္မတ အဖွဲ့ဝင် နိုင်ငံ ဆနိမ်းမြို့၌ဖွားမြင်ခဲ့သည်။ ငယ်စဉ်က တစ်ဖလစ်မြို့ရှိ အာမေနီးယန်း ခရစ်ယန် သာသနာပြု ကျောင်းတွင် ပညာသင်ခဲ့ရလေသည်။



ဆိုဗီယက်နိုင်ငံ ဦးစီးလွှတ်တော်ချုပ် သဘာပတိအဖွဲ့ဝင် မီကိုယန်

မီကိုယန်သည် ၁၉၁၅ ခုနှစ်တွင် ရုရှကွန်မြူနစ်ပါတီသို့ ဝင်ခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် ဗာကူဒေသဆိုင်ရာ ပါတီ စည်းရုံးရေးခေါင်းဆောင် ဖြစ်လာသည်။ ၁၉၁၈ ခုနှစ်ခန့် တွင် ရုရှနိုင်ငံ ကော့ကေးဆပ်ဒေသဖက်တွင် ဆိုဗီယက်တို့ စစ်ရေးသာနေ၍ မီကိုယန်သည် ရာထူးအမျိုးမျိုးတွင် အမှု တော်ထမ်းခဲ့ရလေသည်။

မီကိုယန်သည် ၁၉၂၃ ခုနှစ်တွင် ကွန်မြူနစ်ပါတီ ဗဟို ကော်မတီဝင် ဖြစ်လာပြီး ၁၉၂၆ ခုနှစ်မှ ၁၉၃၅ ခုနှစ်ထိ ပေါ်လစ်ဗျူရိုအရန်အဖွဲ့ဝင် ဖြစ်လာသည်။ တဖန် ၁၉၃၅ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ တင်းပြည့် ပေါ်လစ်ဗျူရို အဖွဲ့ဝင် ဖြစ်ခဲ့သည်။ မီကိုယန်သည် ၁၉၃၀ မှ ၁၉၃၄-ခုနှစ်အထိ ပြည်သူထောက်ပံ့ရေးဌာန ကြီးမှူးတာဝန်ကို ထမ်းဆောင် ရပြီး ၁၉၃၄ ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ စားနပ်ရိက္ခာလုပ် ငန်းဌာနကြီးမှူးအဖြစ် ဆောင်ရွက်ခဲ့လေသည်။

မီကိုယန်သည် ၁၉၄၂ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ နိုင်ငံ တော်ကာကွယ်ရေးကော်မတီဝင် ဖြစ်လာပြီး လွတ်မြောက်

ပြီးသော နယ်မြေများအတွက် စီးပွားရေး ပြန်လည် ထူထောင်ရန် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ အဖွဲ့ဝင်တဦး အဖြစ် ပါဝင်သည်။ ၁၉၅၃ မှ ၁၉၅၅ အထိ ပြည်ထဲရေးဝန်ကြီးအဖြစ်ဖြင့်ငင်း၊ နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီးအဖြစ် ဖြင့်ငင်း ဆောင်ရွက်ခဲ့လေသည်။

မီကိုယန်သည် ၁၉၅၅ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ရုရှနိုင်ငံ ဝန်ကြီးများကောင်စီ၏ ပထမဆုံးသော ဒုတိယဥက္ကဋ္ဌ (ဒုတိယ ဝန်ကြီးချုပ်) အဖြစ် တာဝန် ထမ်းဆောင်ရပြီး ၁၉၆၆ ခုနှစ်အထိ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ သဘာပတိအဖွဲ့ဝင်တဦးလည်း ဖြစ်ပေသည်။ ၁၉၆၄–၆၅ တွင် သူသည် ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံဦးစီးလွှတ်တော်ချုပ် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ(ဝါ)နိုင်ငံတော် သမ္မတရာထူးကို ဆက်ခံခဲ့ရသည်။ ၁၉၆၅ ခုနှစ် နောက်ပိုင်း တွင်မူ ဦးစီးလွှတ်တော်ချုပ် သဘာပတိအဖွဲ့ဝင် အဖြစ်ဖြင့်သာ ဆက်လက်တာဝန် ထမ်းရွက်နေလေသည်။

မီကိုယန်သည် မောစကိုမြို့ရှိ ပြိတိသျှနှင့် အမေရိကန် သာသနာပြုလုပ်ငန်းများတွင်လည်း ပါဝင်ကူညီခဲ့သူဖြစ်ပြီး မိမိအတ္ထုပ္ပတ္တိကို မိမိကိုယ်တိုင်ရေးသားခဲ့ကာ ၁၉၆၈ ခုနှစ်တွင် စာအုပ်အဖြစ် ထုတ်ဝေခဲ့လေသည်။ မီကိုယန်အား ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ အစိုးရက လီနင်ဘွဲ့ တံဆိပ်လေးခု၊ ဆိုရှယ်လစ် လုပ်သားသူရဲကောင်းဘွဲ့တခု၊ အောက်တိုဘာ တော်လှန်ရေး ဘွဲ့တံဆိပ်တခု၊ အောင်လံနီဘွဲ့တံဆိပ်တခုနှင့် တူတံစဉ်ရွှေတံဆိပ်(၁၉၄၃ ခုနှစ်)တခု ချီးမြှင့်ခဲ့လေသည်။

မီကိုယန်သည် ကျန်းမာရေး ချို့တဲ့ လာသောကြောင့် ၁၉၇၆ ခုနှစ်တွင် နိုင်ငံရေးမှ အနားယူပြီးနောက် ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် မောစကိုမြို့၌ ကွယ်လွန်သည်။

မေယာ, မစ္စက် ကိုလဒါ (အင်္ဂရိယယ်နိုင်ငံ—ရှု။)

မယ်ရီယန္နားကျန်းများ။ ။အမေရိကန် ပြည်ထောင်စု၊ ကယ်လီဖိုးနီးယား ပြည်နယ်မှမိုင် ပေါင်း ခြောက်ထောင် ကျော် ကွာ ဝေး ကာ ပစိဖိတ် သမုဒ္ဒရာ အနောက်ဖက် ပိုင်းတွင် တည်ရှိသည့် ကျွန်းစု များ ဖြစ်သည်။ ဖီလစ် ပိုင်နိုင်ငံပိုင် ကျွန်းများ ၏ အရှေ့ဖက်တွင် တည် ရှိသည်။မီးတောင်ကျွန်း



များ ဖြစ်ပြီး မြောက်ဖက်မှတောင်ဖက်သို့ တန်းတန်းမတ် မတ်တည်ရှိပြီး မိုင် ၆၀၀ ခန့်ရှည်လျားသည်။ အက်ဂရီဟန်၊ ပါဂန်၊ အန်တာဟန်၊ ဆေပန်၊ တီနီယံ၊ရှိုတာနှင့် ဂူအမ်ကျွန်း တို့သည် ကျွန်းကြီးများဖြစ်သည်။ ဆေပန်၊တီနီယံ၊ရှိုတာနှင့် ဂူအမ်ကျွန်းတို့တွင် လူနေထူထပ်ဆုံးဖြစ်သည်။ တောင်ပေါ် များသော ကျွန်းများဖြစ်ပြီး မြောက်ပိုင်းကျွန်းများမှ မီး တောင်များ ပေါက်ကွဲပြီးသည်မှာ မကြာသေးပေ။ တောင် ပိုင်း ကျွန်းများမှာလည်း မီးတောင်ဟောင်းမှ ကျန်ခဲ့သော ချောက်ရည်များကြောင့် မြေသြဇာ အလွန်ကောင်းမွန်သည်။ ခြောက်သွေ့သောရာသီမှာ အချိန်တိုတောင်းပြီး တနှစ်ပတ် လုံး လိုလိုပင် စိုစွတ်ထိုင်းမှိုင်းနေသည်။ နှစ်စဉ် မိုးရေချိန် လက်မ ၈၀ အထိ ရရှိသည်။ အုန်းပင်၊ ကြံပင်၊ ဟင်းသီး ဟင်းရွက်များ စိုက်ပျိုး ဖြစ်ထွန်းလေသည်။

မယ်ရီယန္နားကျန်းများကို ၁၅၂၁ ခုနှစ်တွင် ပေါ်တူ ဂယ်လူမျိုး နယ်ပယ်သစ် ရှာဖွေသူ မဂျလင်တွေ့ရှိခဲ့ခြင်းဖြစ် သည်။ ကျွန်းများ၏ မူလအမည်မှာ လက်ဒရုန်းဟူ၍ ဖြစ် ပြီး၊ ဒမြများကျွန်းဟု အဓိပ္ပာယ်သက်ရောက်သည်။

စပိန်ဘုရင်စတုတ္ထမြောက် ဖီလစ်၏ မိဖုရား မာရီယာ အင်နာကို ဂုဏ်ပြုသောအားဖြင့် ၁၆၆၈ ခုနှစ်တွင် မယ်ရီ ယန္နားကျွန်းများဟု ပြောင်းလဲ မှည့်ခေါ် ခဲ့သည်။ ၁၈၉၉ ခုနှစ်အထိ စပိန်ပိုင်ကျွန်းများဖြစ်ပြီး ဂူအမ်ကျွန်းကို အမေရိ ကန်အား ပေးအပ်လိုက်ရပြီးနောက် ကျန်ကျွန်းများကို ဂျာမနီသို့ ရောင်းချခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် ယင်းကျွန်း များကို ဂျာမနီတို့ထံမှ ဂျပန်က သိမ်းယူပြီး ဂျပန်ဩဇာခံ နယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဂျပန် လူမျိုး ၄၃,၅၅၅ ယောက်သည် ယင်းကျွန်းများ ပေါ်တွင် အခြေချနေထိုင်ခဲ့ကြသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ဂူအမ်ကျွန်းကို ဂျပန် က သိမ်းပိုက်ခဲ့သည်။၁၉၄၄ ခုနှစ် ဇွန်လတွင် အမေရိကန် တပ်များက မယ်ရီယန္နားကျွန်းများကို ပြန်လည် တိုက်ခိုက် သိမ်းယူခဲ့ရာ ဂျပန်တို့က ဂူအမ်၊ ဆေပန်နှင့် တီနီယံကျွန်း များကို ချန်၍ ကျန်ကျွန်းများကိုအမေရိကန်သို့ ပြန်ပေးခဲ့ လေသည်။ အမေရိကန်တို့ကလည်း ရရှိသောကျွန်းများ ပေါ်တွင် စစ်အခြေခံစခန်းများ တိုးချဲ့ခဲ့ကြသည်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးသောအခါ ဂူအမ်ကျွန်းကို လက်ရှိ အခြေ အနေအတိုင်း အမေရိကန်သို့ ပြန်လည် ပေးအပ်ခဲ့သည်။ အခြားကျွန်းများကိုမူ ပစိဖိတ်သမုဒ္ဒရာတွင်းရှိ ထိန်းသိမ်း ခံကျွန်းများအဖြစ် ထားရှိလေသည်။ဂျပန်လူမျိုးအမြောက် အမြားကိုလည်း အမိနိုင်ငံသို့ပြန်ပို့ခဲ့သည်။

ယင်းကျွန်းများသည် မြောက်ပိုင်း မယ်ရီယန္နားကျွန်း များ ဓနသဟာယအမည်ဖြင့် ၁၉၇၈ ခုနှစ်ဇန္နဝါရီလ ၉ ရက်

နေ့တွင် အမေရိကန်ပိုင်နက် နယ်မြေများဖြစ်လာပြန်သည်။ ပစိဖိတ် သမုဒ္ဒရာတွင်းရှိကျွန်း ၁၆ ကျွန်းပါဝင်သော မယ်ရီယန္နားကျွန်းများသည် စတုရန်းမိုင် ၃၀၀ ကျယ်ဝန်းပြီး ချာမိုရိုလူမျိုးစုများ အများဆုံးနေထိုင်ကြသည်။

မိုရို,အယ်လဒို
(ကွတလီနိုင်ငံ—ရှု။)

မိုက်ခရိုနီးရှားကျွန်းစု။ ။ အီကွေတာ မြောက်ပိုင်း ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းပေါင်း ၂,၁၀၀ ကျော် ပါဝင်သော ကျွန်းစု ဖြစ်သည်။ ဗိုနင်၊ ကာရိုလင်း၊ မယ်ရီယန္နား၊ ဂီးလဘတ်၊ မာရှယ်တို့မှာ ကျွန်းကြီးများဖြစ်ပြီး ကျန်ကျွန်းများမှာ ကျွန်းငယ် ကလေးများဖြစ်သည်။ မယ်ရီယန္နားကျွန်းစုမှ လွဲ၍ ကျန်ကျွန်းစုများ အားလုံးကိုယေဘုယျအားဖြင့် သေးငယ်သည် ယူဆကာ မိုက်ခရိုနီးရှားကျွန်းများဟု ခေါ်တွင်သည်။ မိုက်ခရိုနီးရှားမှာ ဂရိဘာသာစကားဖြစ်ပြီး သေးငယ်သော ကျွန်းများဟုအဓိပ္ပါယ်ရသည်။ မြေနိမ့်ကျွန်းများဖြစ်ပြီး အမျိုးတူ သန္တာကျောက်ဆောင်များ ပေါများသည်။



ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများကို အမေရိကန်ထိန်းသိမ်းခံနယ်မြေများအဖြစ် သတ်မှတ် လိုက်သည်။ ယင်း ကျွန်းများတွင် မိုက်ခရိုနီးရှားကျွန်းစုလည်း ပါဝင်လေသည်။ ၁၅ နှစ်တာကာလလွတ်လပ်စွာ ပေါင်းစည်းရေးပုံစံဖြင့် အာဏာအပြည့်အဝရှိသော ပြည်တွင်း ကိုယ်ပိုင် အုပ်ချုပ်ရေး အစိုးရ ဖွဲ့စည်း ခွင့်ကို ၁၉၇၈ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် အမေရိကန်က ပေးအပ်သည်။ ထိုပုံစံအရ ဖွဲ့စည်းအုပ်ချုပ်မည့် မိုက်ခရိုနီးရှားသည် မိမိ၏ နိုင်ငံခြားရေးပြဿနာရပ်များကို ကိုယ်တိုင် ကိုယ်ကျကိုင်တွယ် ဖြေရှင်းမည်ဖြစ်သော်လည်း အမေရိကန်အစိုးရ၏ စစ်ရေးကြီးကြပ်ကုပ်ကဲမှုအောက်တွင် ဆက်လက် ရှိနေမည်ဖြစ်သည်။ အမေရိကန်အဖို့ မိုက်ခရို နီးရှားတွင် အမေရိကန်စစ်စခန်းများ ထူထောင်ခွင့်ရှိပြီး အမေရိကန်၏ လုံခြုံရေးအကျိုးစီးပွားကို ထိခိုက်နိုင်သော နိုင်ငံခြားရေး ဝါဒလုပ်ဆောင်ချက်များအပေါ် ဗီတိုအာဏာသုံးကာ ပယ်ချနိုင်သည့် အခွင့်အရေးမျိုးလည်း ပါဝင်သည့် အချက်ရှစ်ချက်ပါ မူဝါဒများ ကြေငြာချက် သဘောတူ စာချုပ်ကို

ဟာဝိုင်ယီကျွန်း ဟီလိုမြို့တွင် အမေရိကန်သမ္မတ၏ အထူးကိုယ်စားလှယ် ဗီတာရိုခင်ဘလက်နှင့် မိုက်ခရိုနီးရှား ကျွန်းစု အဆင့်အတန်းကော်မရှင် ခေါင်းဆောင်သုံးဦးတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ မိုက်ခရိုနီးရှားကျွန်းစုတွင် နေထိုင်ကြသော လူမျိုးအများစုမှာ မိုက်ခရိုနီးရှန်းများ ဖြစ်သည်။

မင်းစိန်၊ ဒေါက်တာ (ခရစ် ၁၈၉၈ - ၁၉၇၈) ။ ။ တောင်ဝင်ဘွဲ့ရ သမားတော်ကြီး သိရိပျံချီ ဒေါက်တာ ဦးမင်းစိန်သည်ဖျာပုံမြို့၌ တိုဖြစ်ပြီး ၁၈၉၈ ခု ဒီဇင်ဘာလ ၂၆ ရက် နေ့တွင်အဘဦးဆိုင်ဟူ၊ အမိ ဒေါ်ရင် ကိန်း တို့မှ ဖွားမြင်သည်။ ၁၉၂၅ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ်မှ ဆရာဝန် ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ အယ်(လ်)၊အာ၊ စီ၊ ပီဘွဲ့၊ ၁၉၂၉ ခုတွင် အမ်၊ အာရ်၊ စီ၊ ပီ (လန်ဒန်) ဘွဲ့၊ ၁၉၅၉ ခုတွင် အက် (ဖ) အာရ်၊ စီ၊ ပီ ဘွဲ့စသည်တို့ကို ရရှိခဲ့သည်။ ၁၉၂၆-၂၇ ခုနှစ်တွင် အစိုးရဆေးကျောင်း၌ လက်ထောက်ကထိကအဖြစ် ဆောင်ရွက်ခဲ့သည်။



သိရိပျံချီ ဒေါက်တာမင်းစိန်

ထိုနောက် ၁၉၃၁ ခုနှစ်တွင် အိန္ဒိယ ဆေးဘက် ဝန်ထမ်းတဦး (အိုင်၊အမ်၊အက် (စ)) ဖြစ်လာသည်။ ၁၉၃၄ ခုမှ ၁၉၄၂ ခုနှစ်အထိ ဦးမင်းစိန်သည် မြန်မာနိုင်ငံ ပြည်သူ့ဆေးဘက်ဌာနသို့ ပြောင်းရွှေ့အမှုထမ်းခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဒုတိယ သမားတော်ကြီးအဖြစ်နှင့် ဆေးအတတ်ပညာ ကထိက အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၆ ခုနှစ်အထိ ဆေးဘက်ဆိုင်ရာ စစ်မှုထမ်းအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာ ဗိုလ်မှူးကြီး ရာထူးအဆင့်အထိ တိုးမြှင့် ချီးမြှင့်ခံရ၍ 'ကာနယ်မင်းစိန်'ဟု အမည်တွင်ခဲ့သည်။

စစ်ပြီးခေတ် ဆေးတက္ကသိုလ်တွင် ဆေးပညာဆိုင်ရာ ပါမောက္ခအဖြစ်ဖြင့်၎င်း၊ ရန်ကုန်ဆေးရုံအုပ်ကြီးအဖြစ်ဖြင့်၎င်း ရန်ကုန်ဆေးတက္ကသိုလ်နှင့် မန္တလေး ဆေးတက္ကသိုလ်တို့၏ ပါမောက္ခချုပ်အဖြစ်၎င်း အမှုထမ်းခဲ့သည်။

ဆေးဘက်ဆိုင်ရာ စာတန်းပေါင်း များစွာကို ပြုစုပြီး အင်္ဂလန် နိုင်ငံမှ ဆေးဂျာနယ်များ၊ အိန္ဒိယ နိုင်ငံမှ ဆေးဂျာနယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးဂျာနယ်များသို့ ပို့ခဲ့သည်။

မြန်မာ တိုင်းရင်းဆေးဆိုင်ရာ ဘာသာရပ်နှင့်သုတေသန လုပ်ငန်းအဖွဲ့များတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းဆေးစာတန်းအဖြစ် အိမ်သုံးဆေးများနှင့် လက်ရှိ တိုင်းရင်းဆေး အခြေအနေ စာတန်းတစောင်ကို ပြုစုခဲ့သည်။

ဒေါက်တာ မင်းစိန်သည် မြန်မာနိုင်ငံ ဆေးကောင်စီ၏ အဖွဲ့ဝင်လူကြီး၊ မြန်မာနိုင်ငံ ဆရာဝန်များ အသင်း ဥက္ကဋ္ဌ၊ အမျိုးသား ကိုယ်လက် ကြံ့ခိုင်ရေးကောင်စီ အဖွဲ့ဝင် လူကြီး၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်.အဖွဲ့ချုပ်ဥက္ကဋ္ဌ(၁၉၄၈)၊ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ၏ ဥက္ကဋ္ဌ(၁၉၄၈)၊မြန်မာ နိုင်ငံ ဂေါက်ကလပ် အသင်း၏ ဥက္ကဋ္ဌ (၁၉၄၈)၊မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌစသည်ဖြင့် ၁၉၅၃ ခုမှ ၁၉၆၃ ခုနှစ် ထိ ဆောင်ရွက်ခဲ့ပြီး ဇီဝိတဒါနဆေးရုံ၏ စေတနာ့ဝန်ထမ်း သမားတော်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။

ဒေါက်တာ ဦးမင်းစိန်သည် နိုင်ငံတကာ ဆေးဘက် ကွန်ဖရင့်များကို တက်ရောက် ဆွေးနွေးခြင်းအားဖြင့်၎င်း၊ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့များတွင် ပါဝင်၍၎င်း နိုင်ငံ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဒေါက်တာဦးမင်းစိန်အား ဗြိတိသျှ အစိုးရက အိုး၊ ဘီ၊ အီးဘွဲ့ (၁၉၄၇)ကိုဎင်း၊ မြန်မာနိုင်ငံ အစိုးရက သီရိပျံချီဘွဲ့ (၁၉၄၉)ကိုဎင်း ချီးမြှင့်ခဲ့သည်။

ဒေါက်တာဦးမင်းစိန်၏နိဗ္ဗာန်သို့ ဒေါက်တာ ဒေါ်ရင်မေသည် မြန်မာနိုင်ငံတွင် ထင်ရှား ကျော်ကြားသော မီးယပ်နှင့် သားဖွားဘက်ဆိုင်ရာ သမားတော်ကြီးတဦးဖြစ်သည်။

ဒေါက်တာ ဦးမင်းစိန်သည် ၁၉၇၈ ခု နိုဝင်ဘာလ ၉ ရက်နေ့ အသက်(၈၀)နှစ်အရွယ်တွင် ရန်ကုန်မြို့အမှတ် ၅၁ ပြည်ထောင်စုရိပ်သာလမ်း နေအိမ်တွင်ကွယ်လွန်ခဲ့သည်။

မန္တလေးတိုင်း။ ။(နှစ်ချုပ် ၇၈–၂၄၇—ရှ။) မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိသော မန္တလေးတိုင်း၏ အကျယ်အဝန်းသည် ၁၄,၂၉၅ စတုရန်းမိုင်ရှိပြီး ၁၉၇၈ ခုနှစ် ခန့်မှန်းခြေစာရင်းအရ လူဦးရေလေးသန်းခွဲသောင်းကျော် ရှိလေသည်။မန္တလေးအရှေ့တောင်၊ မန္တလေးအရှေ့မြောက်၊ မန္တလေး အနောက်တောင်၊ မန္တလေး အနောက်မြောက်၊ အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူ၊ မိုးကုတ်၊ မေမြို့၊ သပိတ်ကျင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်၊မြစ်သား၊တံတားဦး၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်း၊



ပုဂံ(ညောင်ဦး)၊ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး၊ မိတ္ထီလာ၊ မလှိုင်၊သာစည်၊ ဝမ်းတွင်း ဟူ၍ မြို့နယ်ပေါင်း ၂၉ မြို့နယ်နှင့် ကျေးရွာအုပ်စု ၁,၇၉၇ ခု တို့ ပါဝင်ဖွဲ့စည်းထားသည့် မန္တလေးတိုင်းတွင် မန္တလေးမြို့ သည် တိုင်းမြို့တော်ဖြစ်သည်။

မန္တလေးတိုင်း



မြန်မာ့ဆေးပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသော မန္တလေးမြို့မှ တိုင်းရင်းမြန်မာဆေးသိပ္ပံကျောင်း

မန္တလေးတိုင်းအတွင်းရှိ စမုံချောင်းကို ဖြတ်ကူးသော စမုံချောင်း တံတားသစ် တည်ဆောက်ခြင်း လုပ်ငန်းကို ၁၉၇၂-၇၃ မှ စတင်ဆောင်ရွက်လာခဲ့ရာ ကျပ်ငွေပေါင်း ၆၅ သိန်းကျော် ရင်းနှီး မြှုပ်နှံခဲ့ရသည်။ ယင်းတံတားသစ်ကြီးကို ၁၉၇၈ ခုနှစ် မေလ ၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ မန္တလေးမြို့မှ မိုင် ၅၀ ကျော် အကွာတွင် ရှိသော စမုံချောင်း တံတားသစ်ကြီးမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး မြန်မာပြည်တွင် အရှည်ဆုံးဖြစ်သည် ပေ ၁၂၀ ရှည် ကြိုတင်အားဖြည့် ယက်မကြီးမျှားကို ပထမဆုံးအသုံးပြုထားသောတံတားကြီးဖြစ်သည်။ တံတားတခုလုံး၏အရှည်မှာ ပေပေါင်း ၄၈၀ ရှည်ပြီး ယာဉ်သွားလမ်းမှာ ၂၄ ပေ ကျယ်ဝန်းသည်။ ဘေးတဖက်တချက်တွင် နှစ်ပေခွဲအကျယ် လူသွားလမ်းမျှားကိုလည်း ထားရှိပေးထားလေသည်။

မန္တလေးတိုင်းသည် မိုးခေါင်ရေရှား ရပ်ဝန်း အတွင်း တည်ရှိနေသဖြင့် စိုက်ပျိုးရေးအတွက် ဆည်မြောင်းတာတမံမျှားမှာ အဓိကလိုအပ်ချက်ဖြစ်သည်။ တိုင်းအတွင်း ရေသွင်းစိုက်ပျိုးရေးအတွက် အားထားနေရသော ဆည်ကြီးမျှားမှာ မိတ္ထိလာမှ မုန်တိုင်ဆည်၊ ကျောက်ပန်းတောင်းမှ ကြက်မောက်တောင်ဆည်၊ နွားထိုးကြီးမှ ပြောင်းပြာဆည်၊ ရေနီချောင်းဆည်၊ ပျော်ဘွယ်သစ်ဆုံဆည်၊ ပျဉ်းမနားရေဇင်းဆည်တို့ ဖြစ်သည်။ စိုက်ပျိုးရေးတွင် ယင်းဆည်မျှားနှင့် မလုံလောက်သဖြင့် မတ္တရာမြို့နယ်အတွင်း၊ ဆည်တောင်ကြီးစီမံကိန်းကို ၁၉၇၆-၇၇ မှ စတင်၍ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံကိန်းအရ မတ္တရာမြို့နယ်အတွင်း စီးဆင်းလျက်ရှိသောချောင်းမကြီးကို တမံပိတ်၍ ရေလှောင်ကန်ကြီး တည်ဆောက်နေခြင်း ဖြစ်သည်။ စီမံကိန်းကြီး လုံးဝပြီးစီးသွားပါက ကန်ရေပြည့်အနက် ၁၁၆ ပေ၊ ကန်ပြည့် ဧရိယာ ၇,၅၅၀ ကေဖြစ်ပြီး ရေလှောင်အားမှာ ၃၅၉,၀၀၀ ဧက ပေရှိမည်ဖြစ်သည်။ ယင်းဆည်တော်ကြီး ရေလှောင်တမံမှ ရေမျှားကို မတ္တရာ မြို့နယ်၊ မန္တလေးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီး မြို့နယ်မျှားရှိ လယ်မြေကေ ၁၂၇,၀၀၀ ကို ရာသီမရွေး ရေပေးသွင်းနိုင်မည် ဖြစ်သည်။

ပုပ္ပါးတောင် အနီး တဝိုက်ရှိ ကာကွယ်တောများတွင် ကျူးကျော်ကာ တောင်ယာခုတ်၊ မီးရှို့ကြသောကြောင့် သစ်တောများ တစတစပြုန်းတီး လာသဖြင့် ပုပ္ပါးတောင်ပြန်လည် စိမ်းလန်း စိုပြေရေးနှင့် ကြက်မောက်တောင်ဆည်ကြီးရေဝေရေလဲပိုမိုကောင်းမွန်လာရေးအတွက် မြေယာပြန်လည် ထိန်းသိမ်း၍ သစ်ပင်များ စိုက်ပျိုးရန် သုံးနှစ် စီမံချက်ဖြင့် ဆောင်ရွက်လျက် ရှိသည်။ ယင်းစီမံချက်အရ ၁၉၇၈ ခုနှစ်မှစ၍ ကျောက်ပန်းတောင်းမြို့နယ်တွင် တနှစ်လျှင် ၄၅ ကေနူန်းဖြင့် ဒေသအလိုက် ဖြစ်ထွန်းလွယ်သော ယူကလစ်၊ မဲဇလီ၊ တမာစသည့် အပင်ပေါင်း ၅,၄၀၀ ကို စတင် စိုက်ပျိုးခဲ့ကြသည်။

မန္တလေးတိုင်းတွင် အထက်တန်းပညာသင်ကြား နေကြသော ကျောင်းသားဦးရေမှာလည်း တနှေ့တခြား တိုးတက်များပြားလာသည်နှင့်အညီ ဒေသကောလိပ်နှစ်ကျောင်းကို မန္တလေးမြို့နှင့် မိတ္ထီလာမြို့များ၌ ၁၉၇၇ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ထားပေးခဲ့လေသည်။

မုန်တိုင်ဆည်
(ဆည်မြောင်းများ၊ မြန်မာနိုင်ငံ—ရှု။)

မျိုးဗီဇအင်ဂျင်နီယာပညာ။ ။မျိုးဗီဇ ပညာမှာ ၁၉၅၃ ခုနှစ်နောက်ပိုင်းတွင် အဟုန်ကြီးစွာဖြင့် တိုးတက်လာခဲ့ရသည့်အကြောင်းမှာ အခြေခံအကျဆုံးသိပ္ပံဘာသာရပ်နှစ်ခုဖြစ်သော ရူပဗေဒနှင့် ဓာတုဗေဒ ပညာရပ်များကို တွင်ကျယ်စွာ အသုံးပြုခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

၁၉၃၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် အင်္ဂလိပ်ရူပဗေဒပညာရှင် အက်(စ)ဖြူရီသည် ဒီအင်အေကို အိုက်(စ)ရေးလှိုင်း ကွေနည်းဖြင့် စတင်လေ့လာခဲ့ပြီး မော်လီကျူးဇီဝဗေဒဟူသောအမည်ကို စတင်အသုံးပြုခဲ့သည်။ ၁၉၃၅ ခုနှစ်ခန့်တွင် အိုင်ယာလန်ပြည်သား ရူပဗေဒပညာရှင် ဗာနာ(လ)သည် ပရိုတင်းနှင့် ဗိုင်းရပ်များကို အိုက်(စ)ရောင်ခြည်လှိုင်းကွေနည်းဖြင့် စတင်လေ့လာခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ၁၉၁၅ ခုနှစ် ရူပဗေဒ နိုဗယ်ဆုရှင် ဗရက်ခေါင်းဆောင်ပြီး ကိန်းဗရစ်ရူပဗေဒဌာနမှ ခရစ်၊ပီရု(စ)၊ကင်ဒရူးနှင့် အမေရိကန်ပြည်မှ သုတေသနလာရောက်လုပ်ကိုင်နေသူ ဝပ်ဆင်တို့ပါဝင်သည့်အဖွဲ့နှင့် လန်ဒန်တက္ကသိုလ်မှ ရူပဗေဒပညာရှင်ဝီး(လ)ကင်းခေါင်းဆောင်သော အဖွဲ့နှစ်ဖွဲ့သည် ပရိုတင်းနှင့် ဒီအေအင် တို့၏ သုံးဖက်တိုင်းတည်ဖွဲ့ပုံကိုအိုက်(စ)ရောင်ခြည်လှိုင်းကွေနည်းဖြင့် ဖော်ထုတ်ခဲ့လေသည်။

ရူပဗေဒပညာရှင် ကင်ဒရူးနှင့် ပီရု(စ) တို့သည် ပရိုတင်းသုတေသနအတွက် ၁၉၆၂ ခုနှစ်တွင် ဓာတုဗေဒနိုဗယ်ဆုကိုရရှိခဲ့ကြပြီး ယင်းပညာရှင်နှစ်ဦး၏ ပါရဂူကျောင်းသားများဖြစ်သော ရူပဗေဒပညာရှင်ခရစ်နှင့် ဝပ်ဆင်တို့သည် ဒီအင်အေ သုတေသနအတွက် ရူပဗေဒပါမောက္ခဝီး(လ)ကင်းနှင့်အတူ ၁၉၆၂ ခုနှစ်အတွက် ဇီဝကမ္မဗေဒနှင့် ဆေးပညာနိုဗယ်ဆုကို ရရှိသွားကြသည်။

၁၉၆၃ ခုနှစ်တွင် ဗာနာ(လ)၏ ပါရဂူကျောင်းသူဖြစ်ခဲ့သော ဒေါ်ရသီဟော(ချ)ကင်းသည်ဗစ်တာမင်ဘီ-၁၂ ကို အိုက်(စ) ရောင်ခြည်လှိုင်းကွေနည်းဖြင့် လေ့လာမှုအတွက် ဓာတုဗေဒနိုဗယ်ဆု ရရှိခဲ့ပြန်သည်။ ပရိုတင်းသုတေသနနှင့် ဒီအင်အေ သုတေသနများအတွက် ဓာတုဗေဒ အခြေခံမှာ အမေရိကန် ဓာတုဗေဒနိုဗယ်ဆုရှင် လိုင်းနပ်ပေါင်းလင်း၏ လုပ်ငန်းပင်ဖြစ်သည်။ မျိုးဗီဇပညာပိုင်းတွင်မူ ရှားဂပ်၏ နိယာမများကို အသုံးပြုရသည်။

မျိုးဗီဇအင်ဂျင်နီယာပညာမှာ မော်လီကျူးဇီဝဗေဒဟု ခေါ်အပ်သော ဇီဝ၊ ဓာတု၊ ရူပ၊ သခ်ၤာ စသည့် သိပ္ပံနယ်ပယ်အများအပြားနှင့် ဆက်နွယ်နေသော ဘာသာရပ်မှ ရလဒ်များကိုအသုံးပြုပြီး ရုက္ခနှင့်ဇီဝမျိုးဗီဇကို ပြုပြင် ပြင်ဆင်ရန် ကြိုးပမ်းနေသော ပညာပိုင်းဖြစ်သည်။ မျိုးဗီဇအင်ဂျင်နီယာပညာသည် ဒီအင်အေ၊ အာအင်အေနှင့် ပရိုတင်းတို့၏ ဆောင်ရွက်ချက်များအပေါ် မူတည်ပြီး လေ့လာရသောပညာရပ်ဖြစ်၍ ယင်းဓာတုဇီဝပစ္စည်း သုံးမျိုးတို့အကြောင်းကို အကျဉ်းမျှသိရှိအပ်ပေသည်။

ဒီအင်အေသည် မျိုးရိုးကိစ္စ၊ အသက်ဆက်ရေးရုပ်သွင်ဖန်တီးမှုကိစ္စ၊ ဆင့်ကဲပြောင်းလဲမှုကိစ္စတို့နှင့် ဆက်စပ်နေသည်။ ဒီအင်အေမှာ နယူကလစ်အက်ဆစ်တမျိုး ဖြစ်ပြီး နယူကလီယိုတိုက်ကွင်းဆက်များဖြင့်ပြီးသော "ခါန်းကြိုး" သဖွယ်ရှည်လျားသော မော်လီကျူးဖြစ်သည်။ ဒီအင်အေတွင် ကြိုးနှစ်မျှင်ကို လိမ်၍ဖွဲ့တည်ထား၏။ (ကြောင်လိမ်လှေကားသဘောမျိုးဖြစ်သည်) နယူကလီယို တိုက်တခုတွင် သကြား၊ ဖော့စဖိတ်၊ ဗေဟူ၍ ဓာတုဇီဝပစ္စည်းသုံးမျိုး ပါရှိလေသည်။ နှစ်မျှင်စလုံးအတွက် သကြားနှင့်ဖော့စဖိတ်မှာ ကျောရိုးဖြစ်ပြီး ဘေးတွင်ဗေမျာ် တွယ်ဆက်ထားသည်။ ကြိုးနှစ်မျှင်ကို ဆက်ပေးထားသည်မှာ ဗေမျာ်းဖြစ်သည်။ ဒီအင်အေတွင်ပါဝင်သော ဗေမျာ်းမှာ အတိုကောက်အားဖြင့် A,C,G နှင့် T ခေါ် ဗေမျာ်းဖြစ်သည်။ ဗေမျာ်း ဆက်သွယ်ပုံမှာ စနစ်တကျ ရှိလှသည်။ A – T အတွဲနှင့် C – G အတွဲကိုသာလက်ခံပြီး အခြားအတွဲများကို လက်မခံပေ။ (ဆက်ထားသော "ဗေမျာ်း"သည် ကြောင်လိမ်"လှေကားထစ်များ" အလားဖြစ်သည်။) ဆဲတခုထဲရှိ ဒီအင်အေမှာ သုံးပေခန့်ရှည်ပြီး လူတဦး၏ ကိုယ်တွင်းမှ ဒီအင်အေကို ဖြန့်လိုက်လျှင် နေအဖွဲ့အစည်း အစွန်းအထိ ရောက်နိုင်လောက်အောင် ရှည်လျားလေသည်။

သုံးပေခန့်ရှိသော နှစ်မျှင်လိမ် ဒီအင်အေကို တစ်လက်မ ကို အစိတ်ပေါင်းတထောင်စိတ်သော် တစိတ်ခန့်သာ အရွယ် ရှိသော ဆဲထဲတွင် ထုပ်ထားသည်။ ခရစ်နှင့် ဝပ်ဆင် တို့ အဆိုပြုချက်အရ ဆင့်ကဲပွားပုံမှာ ဒီအင်အေနှစ်မျှင်သည် အလိမ်ပြေသွားပြီး ဆဲထဲရှိ နယူကလီယို တိုက်များဖြင့် ပေါင်းစပ်ခါ A–T, C–G အတွဲအတိုင်း နှစ်မျှင်လိမ်နှစ်ခု ပွားစေသည်။ဒီအင်အေတွင် စုဆောင်းထားသောသင်္ကေတ ဝှက်များကို ဖော်ပြသည်မှာ ဗေဒအစဉ်ဖြင့်ပင် ဖြစ်သည်။ သင်္ကေတဝှက်များကို စီစဉ်ထားပုံမှာ စာအုပ်တအုပ်ထဲမှ စာတကြောင်းကဲ့သို့ပင် ဖြစ်သည်။ ယင်းစာကြောင်းတွင် အမှားများပါဝင်တတ်သည်။ ပါတတ်သည့် အမှားများမှာ စာလုံး အမှန်တလုံးကို အမှားတလုံးဖြင့် အစားထိုးခြင်း၊ တလုံးကို အပိုသွင်းခြင်း၊ ရှိရင်းစွဲစာလုံးကို ဖျက်ပစ်ခြင်း၊ စာလုံး အနေအထား ရွေ့နောက် ပြောင်းပြန်ထားခြင်း၊ တရံတခါ အဓိပ္ပာယ်လုံးဝ ကင်းမဲ့သည့် စာလုံးများဖြင့် အစားထိုးခြင်းတို့ ဖြစ်လေသည်။

ဆဲတခု၏ နယူကလီယ အတွင်း၌ ခရိုမိုဆုံးများရှိသည်။ ခရိုမိုဆုံးများကို မျိုးရိုးဗီဇပစ္စည်းဖြင့်ပြီးသော ကြိုးမျှင်ဟုဆိုနိုင်၏။ ခရိုမိုဆုံးအတွင်း၌ ပရိုတင်းနှင့် ဒီအင်အေတို့ ရှိသည်။ ၁၉၇၀ ခုနှစ်မှစတင် သိရှိရသည်မှာ ခရိုမိုဆုံးသည် တမျှင်လိမ်မော်လီကျူးဖြစ်ပြီး ယင်းအမျှင်မှာ နယူကလီယိုဆုံး နှင့်ပြီးသည်။ နယူကလီယိုဆုံးများတွင် ဟစ်(စ)တုန်း ပရိုတင်းမျှင်ကို နှစ်မျှင်လိမ် ဒီအင်အေဖြင့် ပတ်ထားသည်။

နယူကလီယထဲရှိ ဒီအင်အေမှ "သတင်းပို့" အာအင်အေ အမျှင်ကို ရရှိသည်။ ဗေမျှားမှာ A,C G,U ဖြစ်သည်။ အာအင်အေသည် နယူကလီယအပြင်ဖက်ရှိ ဆိုက်တိုပလာဆမ်ထဲမှ ရိုင်ဗိုဆုံးနှင့် သွားချိတ်ဆဲသည်။ ဆိုက်တိုပလာဆမ်ထဲရှိ "ပြောင်းရွေ့" အာအင်အေသည် အေမီနိုအက်ဆစ်များကို သယ်ဆောင်ပြီး ရိုင်ဗိုဆုံးများ၌ "သတင်းပို့" အာအင် အဖြင့်လာချိတ်ဆက်သည်။ ယင်းသို့ "ပြောင်းရွေ့" အာအင် အမျှားသည် အေမီနိုအက်ဆစ်များကို ပေါ်လိပက် ပတိုက် "ချိန်းကြိုး" တခု ဖြစ်ပေါ်သည့်ထိ တလှည့်စီ သွား ရောက်ပို့ဆောင်ကြသည်။ ဤနေရာ၌ အာအင်အေနှစ်မျှင် တွဲပုံမှာ A – U နှင့် C – G အတွဲဖြင့်သာ ဖြစ်သည်။ ယင်းသို့ ဒီအင်အေမှ ဖော်ထုတ်ပေးလိုက်သော ပရိုတင်းမှာ သက်ရှိ ဆဲများ၏ သဘာဝကို ဖော်ထုတ် ပေး နိုင်သော အချက်အချာမော်လီကျူးများဖြစ်သည်။ ပရိုတင်းသည် ကွင်းဆက်များဖြင့်ပြီးသော ရှည်လျားသော မော်လီကျူးဖြစ်သည်။ ပရိုတင်း၏ ကွင်းဆက်များမှာ အေမီနို အက်ဆစ်များဖြစ်သည်။ ယင်းတမျှင်လိမ်ကြိုးကိုခွေထား၍ မော်လီကျူးမှာ စက်လုံး သဏ္ဌာန် ဖြစ်နေသည်။ ဆဲ



ဒီအင်အေပွားခြင်းကို ပြသောပုံ



ပရိုတင်းဖွဲ့စည်းပုံကို ပြသောပုံ

အတွင်း၌ ပရိုတင်းများ၏ လုပ်ဆောင်ချက်မှာ စက်ရုံတရုံသဖွယ်ပင်ဖြစ်သည်ဟု ယူဆနိုင်သည်။ ပရိုတင်း၏ "ကွင်းဆက်" အမီနိုအက်ဆစ်များကို ဗေသုံးမျိုးတွဲပြီး စဉ်ထားသည်။

မျိုးရိုးသင်္ကေတဝှက်၏ အစီအစဉ်မှာ အရေးကြီးလှသည်။ မျိုးဗီဇ ပစ္စည်း၏ ပြောင်းလဲမှုမှာ ဒီအင်အေ ဗေများ၏ ပြောင်းလဲမှုပေါ်တည်သည်။ ဇီဝအဖွဲ့အစည်းတခုအတွင်း ပြောင်းလဲမှုမှာ ပရိုတင်းများ၏ အမီနိုအက်ဆစ်အစဉ်၏ ပြောင်းလဲမှုကြောင့်ဖြစ်သည်။ မျိုးဗီဇပစ္စည်းတွင် အနည်းငယ်မျှလောက် ပြောင်းလဲစေကာမူ ဇီဝအဖွဲ့အစည်းပျက်စီးစေနိုင်လောက်သည်ပင်ဖြစ်သည်။ ဗီဇပစ္စည်း ပြောင်းလဲ၍ အမျိုးကောင်းသည်ထက် ကောင်းအောင် အရည်အသွေး တိုးတက်လာစေသည့် မျိုးစပ်နည်းများလည်းရှိပေသည်။ ဒီအင်အေကိုပြုပြင်ခြင်း၊ ဖာထေးခြင်း၊ အစားထိုးခြင်းများ ပြုလုပ်သည်ကိုပင် မျိုးဗီဇ အင်ဂျင်နီယာပညာဟုခေါ်ကြသည်။ အမေရိကန်နိုင်ငံနှင့် ဥရောပတိုက်တို့တွင် ဒီအင်အေသုတေသနကို မပြုလုပ်သင့်ဟု သိပ္ပံနှင့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများက စိုးရိမ်တကြီးတားမြစ်ကြသည်ကို ၁၉၇၀ ပြည့်နှစ်နှောင်းပိုင်းတွင် ပို၍ပို၍ကြားသိကြရလေသည်။ အကြောင်းမှာ

- သက်ရှိသတ္တဝါများတွင် ဗီဇပစ္စည်းနှင့် သင်္ကေတဝှက်ကိုပြောင်းလိုက်သောအခါ ဖရင်ကင်စတိုင်း၏ သတ္တဝါကဲ့သို့ မနှစ်လိုဖွယ် ကိစ္စရပ်များ၊ ပြဿနာများဖြင့် ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် လူသတ္တဝါတို့နှင့်နီးစပ်သောသက်ရှိသတ္တဝါများမှအပ အင်းဆက်ပိုးများ၊ အပင်များဖြင့်သာ စမ်းသပ်သင့်ပါသည်ဟု ယူဆကြသည်။
- ဗီဇမျိုးစေ့ကိုပို့ဆောင်ပေးမည့်ယာဉ် (ပလက်စမစ်) ထဲသို့ထည့်၍ ပရိုတင်း ထုတ်ဖော်ရာ၌ အသုံးပြု၍ ရလျှင်စိုးရိမ်ဖွယ်ရှိသည်။ ပရိုတင်းမထုတ်ဖော်စေပဲ ပြောင်းလဲမှု တမျိုးမျိုးကိုသာ ဖြစ်ပေါ်စေမည်ဆိုလျှင် သုတေသနလုပ်သင့်သည်ဟု ဆိုလေသည်။
- ဒီအင်အေ သုတေသနမှာ သက်ရှိများအတွင်းရှိ ဒီအင်အေကို လိုသလိုဖြတ်တောက်ပြီး ပြန်ကပ်လိုက်သည်။ သက်ရှိပစ္စည်းဖြစ်သော ဗက်တီးရီးယားများတွင် အရေးကြီးသော အင်ဇိုင်း (ပရိုတင်း) နှစ်မျိုးကို ယင်းကိစ္စအတွက် တွေ့ရှိထားသည်။ ဖြတ်တောက်နိုင်သည့်အင်ဇိုင်းမှာ "လစ်ဂေ့" ဖြစ်ပြီး ဖာထေးပေးနိုင်သည့်အင်ဇိုင်းမှာ "နယူကလေ့" ဖြစ်သည်။ တဖန်လိုအပ်သည့် ဒီအင်အေကို ဗက်တီးရီးယားထဲသို့ ရောက်စေရန် ပို့ဆောင်ပေးမည့် ယာဉ်တမျိုးနှင့် တူသည့်ပစ္စည်းမှာ "ပလက်စမစ်"

ဖြစ်သည်။ "ပလတ်စမစ်"မှာ အရွယ်အစားအားဖြင့်သေးသော ဒီအင်အေတမျိုးဖြစ်ပြီး ဗက်တီးရီးယားအတွင်းရှိ ဒီအင်အေဖြင့်လဲလှယ်နိုင်လေသည်။ ဒီအင်အေသုတေသနပြုစဉ် အခါ၌ မျိုးဗီဇပစ္စည်းများ သုတေသနပြုသူ၏ အဆုတ်နှင့် အရေပြားအတွင်း ဝင်ရောက်ခါ ဥပဒ်ပေးနိုင်သည်ကိုလည်း ပညာရှင်များ သတိကြီးစွာထားကြရလေသည်။

၁၉၇၀ ခုနှစ်အတွက် အောင်မြင်မှုတရပ်မှာ လူ၏အင်စူလင်ကို မျိုးဗီဇအင်ဂျင်နီယာပညာဖြင့် ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ တဖန် ကင်ဆာရောဂါကိုဖြစ်စေသော ဗိုင်းရပ်(SV 40)၏ ဗီဇအစဉ်ကို စတင်သိရှိပြီဖြစ်သည်။ ယင်းဗိုင်းရပ်မှာ ဗေတဲ့ပေါင်း ၅၃၇၅ တဲ့ပါရှိသော စက်ဝိုင်းသဏ္ဌာန် ဒီအင်အေဖြင့် ပြီးသည်။ တဖန် ရှရှ ပညာရှင်များသည်လည်း အိက်(စ) ရောင်ခြည်လှိုင်းကွေ့ခြင်းကို အသုံးမပြုပဲ ပရိုတင်းတခု၏ အမီနိုအက်ဆစ်အစဉ်ကို ထုတ်ဖော်လိုက်နိုင်ပြီဖြစ်လေသည်။

မျက်ခမ်းစပ်ရောဂါ။ ။အာဖရိကန်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊လက်တင်အမေရိကနိုင်ငံများ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံများတွင် မျက်ခမ်းစပ်ရောဂါ အထူးဖြစ်ပွားသည်။ ယင်း ရောဂါသည် ကျန်းမာရေးနှင့် မညီညွတ်သော မိုးခေါင်ရေရှား ဒေသများတွင် ပိုဖြစ်တတ်သည်။ ရောဂါဖြစ်စအချိန်တွင် အထူး ကူးစက်တတ်သည်။ မသန့်ရှင်းသော လက်များကြောင့်ဝင်း၊လက်ကိုင်ပုဝါနှင့် မျက်နှာသုတ်ပုဝါများကြောင့်ဝင်း၊ ယင်ကောင်နှင့် ဖြုတ်ကောင်များ နားသောကြောင့်ဝင်း ကူးစက်နိုင်သည်။မျက်ခမ်းစပ်ရောဂါသည်များမှ ထွက်သော မျက်ဝတ်သည် အထူးကူးစက်စေတတ်သည်။

မျက်စိအတွင်းသို့ ကလာမီးဒီးယား တြက်ကိုးမားတစ်ခေါ် ရောဂါပိုး ဝင်ရောက်အန္တရာယ် ပြုခြင်းကြောင့် မျက်ခမ်းစပ်ရောဂါ ဖြစ်ရသည်။ မျက်ခမ်းစပ်ရောဂါဖြစ်ပွားပုံကို အဆင့်လေးဆင့်ခွဲ၍ ဖော်ပြနိုင်သည်။ ပထမဆင့်တွင် ရောဂါပိုးဝင်ရောက်သောကြောင့် မျက်စိများ ယားယံလာပြီး မျက်မြေး ရောင်လာသည်။ မျက်မြေးအောက်ရှိ သွေးကြောများမှ သွေးဖွဲ့ဥများ ထွက်လာကာ ကြာဆူးကလေးများ အပြုံလိုက် ဖြစ်ပေါ်လာသည်။ ဤကဲ့သို့ ရောဂါပိုး ဝင်ရောက်စ ပထမအဆင့်တွင် ဝေဒနာခံစားမှု မရှိလှပေ။ မျက်ခွံယားခြင်းနှင့် မျက်ဝတ် အနည်းငယ် ထွက်ခြင်းလောက်သာ ရှိသည်။

မျက်ခမ်းစပ် ရောဂါသည် ဤအဆင့်တွင် ကြာရှည်စွာ ရပ်တည်မနေပဲ ဒုတိယအဆင့်သို့ ကူးပြောင်းသွားသည်။

မြေဆီလွှာပြုန်းတီးခြင်း



မျက်ခမ်းစပ်ရောဂါ ဝဝဖနာရှင်များသည် မျက်စိကို ပါရဂူ များနှင့် စနစ်တကျ ဆေးဝါး ကုသမှုခံယူမှသာ ဤမျက်ခမ်းစပ်ရောဂါဘေးမှ ကင်းဝေးမည်ဖြစ်သည်။

မျက်ခမ်းစပ်ရောဂါ၏ ထူးခြားချက်မှာ ထိုသို့ဖြစ်ပေါ်လာသော အမာရွတ်များမှတဆင့် ရောဂါ ဆင့်ပွားမှုများ ဖြစ်ရခြင်းပင်ဖြစ်သည်။ အမာရွတ်များ ဖိညှပ်သောကြောင့်၎င်း၊ သွေးပြုဥများက တန်ပြန်တိုက်ခိုက်သောကြောင့်၎င်း မျက်ခမ်းစပ် ရောဂါပိုးများ ပျောက်ကွယ်ကာ ရောဂါလည်း ပျောက်ကင်းသွားရသည်။ ဤအဆင့်တွင် မျက်ခွံပြောင်းလဲမှုသာမက မျက်ကြည်အပေါ် လွှာရောင်ခြင်းလည်း လျော့ပါးသွားပြီး သွေးကြောငယ်များလည်း ပျောက်သွားသည်။

မျက်ခမ်းစပ်ရောဂါ လုံးဝ ပျောက်ကင်းပြီဟု ဆိုရခြားသော်လည်း စတုတ္ထဆင့်တွင် တတိယဆင့်မှရရှိခဲ့သော ရောဂါ ဆင့်ပွားမှုဒဏ်ကြောင့် မျက်မမြင်ဘဝသို့ ရောက်တတ်သည်။ မျက်မြွေးတွင် အမာရွတ်များ ပေါ်လာပြီးနောက် မျက်ခွံအတွင်းဖက်ရှိ အမာရွတ်များကချုပ်ဆွဲသောကြောင့် မျက်ခမ်းအတွင်းသို့ ကုပ်ဝင်သွားသည်။ အတွင်းသို့ မျက်ခမ်း ကုပ်ဝင်သောကြောင့် မျက်တောင်မွေးများ အတွင်းသို့ စိုက်ကာ မျက်စိအမြင်ကို ခွုတ်ယွင်းစေသည်။ ထို့ပြင် မျက်ကြည်နာလည်း ဖြစ်လာသည်။ ထိုသို့ မျက်ကြည်နာဖြစ်လာသောအခါ မျက်ခွံကို ပင့်တင်ပေးသော ကြွက်သားများသေကာ မျက်စိကို မှေးစေသည်။ မျက်ရည်လည်း ခန်းခြောက်လာပြီး မျက်ကြည်နှင့် မျက်ဖြူတပြင်လုံး ခြောက်သွေ့လာသည်။ ထို့နောက် တိမ်သလာများဖုံးလွှမ်းလာကာ မကြာမီမှာပင် မျက်မမြင်ဘဝသို့ ရောက်ရသည်။

မျက်ခမ်းစပ်ရောဂါကို ကုသရာ၌ အာနိသင်အထက်ဆုံးဆေးဝါးများမှာ ဆာလဖာ ဆက်တမိုက်မျက်စဉ်း၊ ဆာလဖာနမိုက်စားဆေး၊ တက်တြာဆိုက်ကလင်း မျက်စဉ်းနှင့် တက်တြာဆိုက်ကလင်း ဖယောင်းချက်များ ဖြစ်သည်။ ထို့ပြင် ခဲစိတ်ကုသသင့်သည့် လူနာများကိုလည်း ခဲစိတ်ကုသပေးရသည်။

မျက်ခမ်းစပ် ရောဂါပိုးဝင်ပြီးနောက် လပိုင်းလောက်အကြာတွင် ဒုတိယအဆင့်သို့ ကူးပြောင်းလာသည်။ ထိုအဆင့်၌ မျက်ခွံအောက်ရှိ ကြွာဆူးများမှာ သာဂူစေ့များပမာ ကြီးထွားလာသည်။ မျက်ခွံလည်း လေးကျလာပြီး မျက်စိကို မှေးစေးသည်။ မျက်ခွံကိုလှန်လိုက်လျှင် ကြွာဆူးများကြားမှ သွေးများကျလာနိုင်သည်။ ဒုတိယဆင့်တွင်ထူးခြားချက်မှာ မျက်ကြည်သို့ ရောဂါပြန့်နှံခြင်းပင်ဖြစ်သည်။ မျက်ကြည် အပေါ်လွှာ ရောင်ရမ်းလာသည်။ မျက်မြွေးပေါ်မှ သွေးကြောများ မျက်ကြည်ဝန်းကို ဖြတ်သန်းကာ မျက်ကြည်ပေါ်သို့ တက်လာကြသည်။ ဤဖြစ်ရပ်တို့ကို မျက်ကြည် အပေါ်ပိုင်းတွင်၎င်း၊ ရောဂါ ပြင်းထန်လျှင် မျက်ကြည် တပြင်လုံးတွင်၎င်း တွေ့ရတတ်သည်။ ဤအဆင့်တွင် ထူးခြားချက်မှာ ရောဂါ ကြာမြင့်စွာ လျော့ချည်တိုးချည်ဖြစ်နေခြင်းပင်ဖြစ်သည်။ ရောဂါတက်ချိန်များတွင် မျက်မြွေး အပြင်းရောင်နာ ဖြစ်တတ်သည်။ ဤ ဒုတိယဆင့်၌ ဖြစ်ပေါ်တတ်သောရောဂါလက္ခဏာများကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ ကျောင်းသား ကလေးသူငယ်များတွင် အထူးတွေ့ရတတ်သည်။

မျက်ခမ်းစပ်ရောဂါ တတိယအဆင့်တွင် အမာရွတ်များစတင်ပေါ်လာတော့သည်။ မျက်ခွံအတွင်းရှိ ကြွာဆူးများမှတဆင့် အမာရွတ်များဖြစ်လာသည်။ မျက်မြွေးသည်လည်း ယခင်ကကဲ့သို့ သွေးကြောငယ်များ ရှက်သန်းပြီး ပန်းရောင်ထနေရမည့် အစား ဖြူဖတ်ဖြူယော် ဖြစ်လာသည်။

မြေဆီလွှာပြုန်းတီးခြင်း။ ။ မြေဆီလွှာ ပြုန်းတီးခြင်းသည် ရာသီဥတုကြောင့်၎င်း၊ လူတို့ကြောင့်၎င်း ဖြစ်ရသည်။ ရာသီဥတုကြောင့်ပြုန်းတီးရာတွင် အပြင်လိုက်ရေတိုက်စားခြင်း၊ မြောင်းဖြစ်ရေတိုက်စားခြင်းနှင့် လေတိုက်စားခြင်းတို့ကြောင့် ဖြစ်သည်။

အပြင်လိုက် ရေတိုက်စားခြင်းမျိုးသည် မိုးရေအလွန်များ၍ ရေလွှမ်းမိုးသည့်အခါတွင်၎င်း၊ မြစ်ရေနှင့် ချောင်းရေလျှံသဖြင့် အနီးပတ်ဝန်းကျင်ဒေသများ ရေလွှမ်းမိုးခြင်းခံရသည့်အခါမျိုးတွင်လည်း၎င်း ဖြစ်တတ်သည်။

မြောင်းဖြစ်ရေတိုက်စားခြင်းမျိုးသည် မိုးရွာသွန်းသည့် အခါ မိုးစက်များ မြေပြင်သို့ကျသဖြင့် မြေပြင်၌ မြောင်းငယ်ကလေးများ ဖြစ်ပေါ်ပြီး တိုက်စားခြင်းမျိုး ဖြစ်

သည်။ ယင်းသို့ တိုက်စားခြင်းမျိုးသည် မြေဆီလွှာတွင်ရှိ အပင်ကလေးများအတွက် အာဟာရမျှ ဆုံးရှုံးတတ်သဖြင့် အဆိုးဝါးဆုံးတိုက်စားခြင်းဟုဆိုရပေမည်။

လေဖြင့်တိုက်စားခြင်းမှာ ရာသီဥတုကြောင့် မြေဆီလွှာသည် စိုချည်ခြောက်ချည် ဖြစ်တတ်သော ဒေသမျိုးတွင် ဖြစ်ပေါ်လေ့ရှိသည်။ ယင်းဒေသမျိုးတွင် တိုက်သောလေသည် မြေဆီလွှာ၏ စွတ်စိုသော မြေမှုန့်ကလေးများကို ခြောက်သွေ့သွားစေကာ ယင်းမြေမှုန့်ကလေးများကို သယ်ဆောင်သွားခြင်းဖြင့် မြေဆီလွှာဆုံးရှုံးစေသည်။

လူတို့ကြောင့် မြေဆီလွှာပြုန်းတီးရခြင်းမှာ သဘာဝပေါက်ပင်များကို ထင်းအဖြစ်အသုံးပြုရန် ခုတ်လှဲပစ်ခြင်း၊ တောင်ယာလုပ်ကိုင်ရန်တောမီးရှို့ခြင်းနှင့် ကျွဲနွားများအတွက် စားကျက်ချလွှန်ကဲခြင်းတို့ကြောင့်ပင်ဖြစ်သည်။

သို့ဖြစ်ရာ မြေဆီလွှာကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ပေသည်။ မြေဆီလွှာ ထိန်းသိမ်းရေးအတွက် နည်းလမ်းအမျိုးမျိုးရှိသော်လည်း အောက်ပါ ထိန်းသိမ်းနည်းများသည် အသင့်တော်ဆုံးသော နည်းများဖြစ်သည်ဟု သိပ္ပံပညာရှင်များက ဆိုပေသည်။ ယင်းတို့မှာ ရေနှင့်လေတို့ကြောင့် တိုက်စားခြင်း များလွန်သော နေရာဒေသမျိုးတွင် မြက်ပင်များကိုဂင်း၊ သစ်ပင်များကိုဂင်း စိုက်ပျိုးပေးခြင်း၊ မြောင်းဖြစ် ရေတိုက်စားခြင်းကိုကာကွယ်ရန် စိုက်ပျိုးမြေများတွင်တာရိုး သို့မဟုတ် ကန်သင်းရိုးများဖို့၍ တားဆီးပေးခြင်း၊ ကုန်းပြင်မြင့်နေရာမျိုးတွင် သီးနှံများ စိုက်ပျိုးသောအခါ မြေမျက်နှာပြင်အနေအထား အနိမ့်အမြင့်ကို လိုက်၍ ထွန်ယက်စိုက်ပျိုးခြင်းဖြင့် အပြင်လိုက်ရေတိုက်စားခြင်းကိုကာကွယ်နိုင်ခြင်း၊ သီးထပ်စိုက်ပျိုးသော မြေဆီလွှာများတွင် သီးနှံများရိတ်သိမ်းပြီးနောက် အနည်းဆုံးနှစ်နှစ်နှင့် အများဆုံးခြောက်နှစ်ခန့် မြက်ပင်များ ဆက်တိုက်စိုက်ပျိုးပေးခြင်းနှင့် စိုက်ပျိုးသည့် မြေနေရာများတွင် လူနှင့်တိရစ္ဆာန်တို့၏ အညစ်အကြေးများ၊ သားသတ်ရုံများမှ စွန့်ပစ်ညစ်များ၊ အမှိုက်များ၊ သစ်ဆွေးများ၊ နှမ်းဖတ်ပဲဖတ်ကဲ့သို့သော သဘာဝမြေဩဇာများနှင့် လိုအပ်သောဓာတ်မြေဩဇာများကို စိုက်ပျိုးရာသီတွင် ဖြည့်တင်းပေးခြင်းတို့ ဖြစ်လေသည်။



ထောင်ကထုံးဘဝ ရောက်နေသော တူရွင်းတောင်တန်းကြီးကို သစ်တောများပြန်လည် စိုက်ပျိုးရေးထုပ်နေ်းများဖြင့် မြေဆီလွှာ မပြုန်းတီးအောင် ထိန်းသိမ်း ကာကွယ်ပေးရန် စီမံကိန်းချထားပြီ ဖြစ်သည်။

မြေမဲ့စိုက်ပျိုးရေး။ ။အပင်များကို မြေဆီလွှာပေါ်တွင် စိုက်ပျိုးခြင်းမပြုပဲ ရေနှင့် အာဟာရ ဖြစ်စေသော ဓာတုပစ္စည်းများကိုသုံး၍ စိုက်ပျိုးခြင်းကို မြေမဲ့စိုက်ပျိုးခြင်းဟုခေါ်သည်။

အာဟာရ လေ့လာမှု

ဂြိတိသျှသိပ္ပံပညာရှင် အက်ဖ ဝုဒ် ဝါဒ်ကသည် ရေကို အဓိကထား၍ သစ်ပင်တို့၏ အာဟာရအကြောင်းကို ၁၆၉၉ ခုနှစ်တွင် လက်တွေ့စူးစမ်းခဲ့ရာ ရေ၏ အရေးပါမှုကို သိခဲ့ရသည်။ ယင်းနောက် ၁၇ ရာစုနှင့် ၁၈ ရာစုနှစ်များအတွင်း၌ ဓာတုဗေဒပညာမှာ ပိုမိုထွန်းကားလာသဖြင့် အပင်များကို ရှင်သန်ကြီးထွားစေသည့် ဒြပ်စင် ကိုးမျိုးကိုလည်း စူးစမ်းသိရှိခဲ့ကြသည်။

မြေမဲ့စိုက်ပျိုးရေးအစ ဓာတ်ခဲ့ခန်းက

ဂျာမန် သိပ္ပံပညာရှင်များ ဖြစ်သော ဆာချားနှင့် ကနော့ဗ်တို့သည် မြေမဲ့စိုက်ပျိုးရေးစနစ်အောင်မြင်ရန် ၁၈၅၉ ခုနှစ်မှ ၁၈၆၅ ခုနှစ်တိုင် ဓာတ်ခဲ့ခန်းအတွင်း၌ လက်တွေ့စမ်းသပ်မှုအမျိုးမျိုး ပြုလုပ်ခဲ့သည်။ ဓာတုပစ္စည်းတမျိုးကို ရေနှင့်ရောစပ် အသုံးပြုလိုက်ခြင်းဖြင့် ရေသည်အပင်တို့၏ အာဟာရဖြစ်သွားကြောင်းကိုသိခဲ့ရသည်။ ထို့နောက် ၁၉၂၀ ပြည့်နှစ်ခန့်တွင် သိပ္ပံပညာရှင်တို့သည် ဓာတ်ခဲ့ခန်းအတွင်း၌ သာ မြေမဲ့စိုက်ပျိုးရေးကို စူးစမ်းခဲ့သည်။

ထို့ကြောင့် ၁၉၂၀ ခုနှစ် ရောက်သည့်တိုင် မြေမဲ့စိုက်ပျိုးရေးဟူသော ဝေါဟာရကို မကြားရပေ။ ယင်းနှစ်ထဲမှာပင် အမေရိကန်နိုင်ငံနယူးဂျာစီမြို့ရှိ သုတေသနဌာနမှ သိပ္ပံပညာရှင် ရိုဆန်က အပင်များစိုက်ပျိုးရာ၌ မြေမပါပဲ သဲချည်းသက်သက်ဖြင့် စိုက်ပျိုးခြင်းက ပိုကောင်းကြောင်း အကြံပေးခဲ့သည်။ အိုဟိုင်ယို တက္ကသိုလ်မှ သိပ္ပံပညာရှင် လောရီကလည်း သန့်စင်ထားသော သဲတမျိုးတည်းကို အသုံးပြုပြီး

သီးသန့်ဆောက်လုပ်ထားသော စိုက်ပျိုးအိမ်အတွင်းစားပင်သီးပင်များကို စမ်းသပ် စိုက်ပျိုးကြည့်ရာ အောင်မြင်ခဲ့ကြောင်း စာတန်းထုတ်ပြန်ခဲ့သည်။

တဖန် ကာလီဖိုးနီးယား တက္ကသိုလ်မှ သိပ္ပံပညာရှင်ဒဗလျူအော်ဖ ဂီရိစ်သည် ၁၉၂၉ ခုနှစ်တွင် မြေမဲ့စိုက်ပျိုးရေးနည်းတရပ်ကိုစမ်းသပ်တီထွင်ခဲ့ပြန်သည်။ယင်းနည်းမှာ စိုက်ပျိုးမည့်အပင်များအမြစ်တွယ်နိုင်ရန် ကျောက်ခဲကဲ့သို့သော အစိုင်အခဲပစ္စည်းနှင့် သစ်ပင်တို့အတွက် အာဟာရဖြစ်စေမည့် အရည်များထည့်ထားသောအိုးထဲတွင် စိုက်ပျိုးသောနည်းဖြစ်သည်။သို့သော် အဆိုပါနည်းမှာ အပင်များအတွက် အရည်အတွင်း၌ ကြီးထွားရန် ခက်ခဲသည်ဟူ၍၎င်း၊ အမြစ်များအောက်ဆီဂျင် လုံလောက်စွာရရှိရန် ခက်ခဲသည်ဟူ၍၎င်း သိပ္ပံပညာရှင်အချို့က ယူဆခဲ့သည်။

ယင်းသို့ဖြင့် အခြားသိပ္ပံပညာရှင် တစုကလည်း နည်းသစ်များကို တီထွင်ကြပြန်သည်။ ပထမ နည်းသစ်များ၌ စိုက်ပျိုးသည့်အပင်များအတွက် အမြစ်တွယ်နိုင်မည့်ပစ္စည်းကို ထည့်မသုံးတော့ပဲ အပင်များအဖို့ အာဟာရဖြစ်စေမည့် အရည်ကိုသာ စစ်ယူထိန်းသိမ်းပေးနိုင်သော ပစ္စည်းများပါဝင်သော ခွက်၌ စိုက်ပျိုးသောနည်းဖြစ်၏။ နောက်တနည်းမှာ အပင်များ စိုက်ပျိုးထားသည့် ခွက်ထဲသို့ အာဟာရဖြစ်စေမည့် အရည်ကို လိုအပ်သလို အချိန် မှန်မှန်လောင်းပေးခြင်းဖြင့် စိုက်ပျိုးသော နည်းပင် ဖြစ်သည်။ သို့သော် ယင်းနည်းတို့မှာ ငွေအကုန်အကျ များရုံသာမက တွင်ကျယ်ခြင်းလည်းမရှိပေ။ အထွေထွေလုပ်ဆောင်ဘွယ်ရာ လုပ်ငန်းများပိုလာခြင်းကြောင့် မလုပ်မဖြစ်သည့် အခြေအနေမျိုးတွင် ခြွင်းချက်ဖြင့် လုပ်ဆောင်လေ့ရှိသည်။

ဓာတ်ခဲ့ခန်း ပြင်ပ၌ စိုက်ပျိုးခြင်း

၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း၌ ကမ္ဘာ့နိုင်ငံအများတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ဖူလုံရေးအတွက် မြေမဲ့စိုက်ပျိုးရေးနည်းဖြင့် အဖြေရှာခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးသည့်နောက်ပိုင်း၌ မြေမဲ့စိုက်ပျိုးရေးကို အမေရိကန်လေကြောင်း သယ်ယူပို့ဆောင်ရေးကုမ္ပဏီတခုက ပထမဆုံး ပြုလုပ်ခဲ့သည်။ ယင်းကုမ္ပဏီသည် လေယာဉ်ဝန်ထမ်းများနှင့် ခရီးသည်များ လတ်ဆတ်သောဟင်းသီးဟင်းရွက်များ စားသုံးနိုင်ရန်အတွက် ပစိဖိတ်သမုဒ္ဒရာအလယ်ရှိ ဝိပ်ကျွန်းတွင် မြေမဲ့စိုက်ပျိုးရေးကိုအောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။

ထို့နောက် အီရက်နိုင်ငံရှိ သဲကန္တာရ ဒေသဖြစ်သော ဟာဗန်းနီယာ ဗြိတိသျှလေတပ် အခြေစိုက် စခန်း၌၎င်း၊ ပါရှင်းပင်လယ်ကွေ့ ဗာရိန်းကျွန်းရှိ ဗြိတိသျှစစ်စခန်းများ၌၎င်း မြေမဲ့စိုက်ပျိုးရေးကို ပြုလုပ်ခဲ့သည်။ အလားတူပင် ဗြိတိသျှ ဂိယာနာနိုင်ငံ(ယခုဂိုင်ယာနာနိုင်ငံ)ရှိဗြိတိသျှစစ်စခန်း၊ အိုင်အိုးဂျီမားကျွန်းရှိ အမေရိကန်စစ်စခန်း၊ အဆန်းရှင်းကျွန်းရှိ အမေရိကန် စစ်စခန်းနှင့် ဂျပန်နိုင်ငံရှိ အမေရိကန် စစ်စခန်းများတွင်လည်း မြေမဲ့စိုက်ပျိုးရေး လုပ်ငန်းများကို ဒုတိယကမ္ဘာစစ်ပြီးစအချိန်တွင် ပြုလုပ်ခဲ့ကြသည်။

ကျောက်ခဲ၊ ချော်ခဲနှင့် သဲတို့တွင် စိုက်ပျိုးခြင်း

၁၉၄၆ ခုနှစ်တွင် မြေမဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ အများလက်ခံနိုင်မည့် အလွယ်ဆုံး နည်းသစ်များကို အိန္ဒိယနိုင်ငံဗင်္ဂလားပြည်နယ်ရှိ သုတေသန ဌာနတွင် စတင်စူးစမ်းခဲ့သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် နည်းသစ်တရပ်ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့သည်။အဆိုပါနည်းမှာ ကျောက်ခဲ၊ရေစိမ့်ဝင်နိုင်သော ချော်ခဲ၊ ကျောက်စရစ်ခဲ၊ အုတ်ခဲကျိုးနှင့် သဲတို့သာပါဝင်သော နေရာမျိုးတို့တွင် ပျိုးပင်များကို စိုက်ပျိုးပြီးအပင်များ ရိတ်သိမ်းနိုင်သည့် အချိန်အထိ စိုက်ခင်း၏ နေရာအကျယ်အဝန်းကိုလိုက်၍ ဓာတ်ဆားကို လိုအပ်သလို ဖြည့်ပေးကာ ရေကို ရေမှုန်ကလေးများအဖြစ်ဖြင့် မှန်မှန်ပေး၍ စိုက်ပျိုးသောနည်းဖြစ်သည်။ ဤနည်းမှာ ငွေအကုန်အကျသက်သာပြီး ရာသီဥတုမရွေး၊ နေရာ ဒေသမရွေး ပြုလုပ်နိုင်သဖြင့် ယခုအခါကမ္ဘာ့နိုင်ငံအများအပြားတွင်အသုံးပြုလျက်ရှိနေကြသည်။

မြေမဲ့စိုက်ပျိုးရေးကို ယခုအခါကျယ်ပြန့်စွာ လုပ်ကိုင်လျက်ရှိသောနိုင်ငံများမှာ အမေရိကန်၊ ဂျူး၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါ၊ ဣတလီ၊ ဂျပန်၊ အိန္ဒိယ၊ တောင်အာဖရိက၊ သြစတြေးလျ၊ နယူးဇီလန်၊ ကူဝိတ်နှင့်ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံတို့ ဖြစ်ကြသည်။

အကျိုးအမြတ်

မြေမဲ့စိုက်ပျိုးခြင်းသည် မြေနေရာ ကျယ်ကျယ်မလိုပဲ ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးနိုင်သောနည်းဖြစ်သည်။ ထို့ကြောင့် လူဦးရေများသော မြို့ကြီးများ၌ပင် တိုက်တာများ ခေါင်မိုးများ၌ ပန်းအိုးများဖြင့် စိုက်ပျိုးနိုင်သည်။

မြေမဲ့စိုက်ပျိုးသော အပင်များသည် မြေဆီလွှာမှတဆင့် စုံကပ်သောအပင်ရောဂါမျိုး မရှိချေ။ ပေါင်းပင်များလည်း ကင်းရှင်းသည်။ သာမန်နည်းဖြင့် စိုက်ပျိုးသော အပင်များထက် ကြီးထွားမှုနှုန်း ပို၍ လျင်မြန်သည့်အပြင် အနှံအရသာတို့မှာလည်း မည့်ချေ။ သီးနှံထွက်နှုန်းလည်း မြေမဲ့စိုက်ပျိုးရေးနည်းက သာမန် စိုက်ပျိုးရေး နည်းထက် ပိုကြောင်းတွေ့ရသည်။ မြေမဲ့စိုက်ပျိုးနည်းသည် နေရောင်ခြည်ရပြီး ရေအနည်းငယ်ရရုံဖြင့် စိုက်ပျိုးနိုင်သောနည်းဖြစ်သဖြင့် သဲကန္တာရကဲ့သို့သော နေရာများနှင့် မြေဩဇာမကောင်းသော နေရာများ၌ ဤနည်းကို သုံးနိုင်သည်။

ထို့ကြောင့် မြေမဲ့စိုက်ပျိုးရေးလုပ်ငန်းတွင် ဟင်းသီးဟင်းရွက်များသာမကပဲ အခြားကောက်ပဲ သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးလာ ကြသည်ကို တွေ့ရသည်။ယင်းသို့ စိုက်ပျိုးသော ကောက်ပဲသီးနှံများမှာ ပဲအမျိုးမျိုး၊ သခွား၊ ခရမ်း၊ ဖရဲ၊ မုန်လာဥ၊ ငရုတ်၊ ဗူး၊ ဖရုံ၊ နှံစားပြောင်း၊ ပြောင်းဖူး၊ စပါးနှင့် ဂျုံတို့ဖြစ်သည်။

စီးပွားဖြစ်စိုက်ပျိုးခြင်း

အမေရိကန်နိုင်ငံ အရှိုနာပြည်နယ်ရှိ ဂလန်းဒေးလ်မြို့တွင် ကုမ္ပဏီတခုသည် စိုက်ပျိုးရေး ဖန်အိမ်ကြီးတခုတွင် ခရမ်းချဉ်ပင်များကို ကွန်ကရိမြောင်းများထဲ၌ မြေမဲ့စိုက်ပျိုးရေးနည်းဖြင့် စိုက်ပျိုးလေသည်။ စိုက်ပျိုးထားသော အပင်များ ရေအဖို့အာဟာရဖြစ်စေမည့်အရည်၊ လိုအပ်မည့် အပူနှင့် အအေးဓာတ်စသည်တို့ကို လိုအပ်သလို အလို အလျောက် ပေးနိုင်ရန် ကွန်ပျူတာ စက်များနှင့် အီလက်ထရွန်နစ် ကရိယာများကို တပ်ဆင်ထားသည်ဟုဆိုသည်။

အလားတူပင် ဟိုက်ဒရိုကားလချားကုမ္ပဏီကြီးကလည်း ဂလန်းဒေးလ်၌ပင် မြေအကျယ် ၄ဂ ဟက်တာခန့်ရှိသော နေရာတွင် စိုက်ပျိုးရေးဖန်အိမ်များဖြင့် ခရမ်းချဉ်၊ သခွား၊ ဆလတ်နှင့် ဖရဲတို့ကို မြေမဲ့စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးသည်။ အမေရိကန်နိုင်ငံတွင် ယင်းကဲ့သို့ ကုမ္ပဏီပေါင်း များစွာရှိသည်ဟု သိရသည်။

ဣတလီနိုင်ငံရှိ ကုမ္ပဏီကြီး တခုကလည်း စတုရန်းမီတာ ၅၀,၀၀၀ ခန့်အကျယ်ရှိသော စိုက်ပျိုးရေး ဖန်အိမ်ကြီးတခုကို စစ္စလီကျွန်းတွင် တည်ဆောက်၍ ခရမ်းချဉ်၊ သခွားနှင့် အခြား ဟင်းသီးဟင်းရွက်ပင်များကို မြေမဲ့ စိုက်ပျိုးရေးနည်းဖြင့် အကြီးအကျယ်စိုက်ပျိုးထုတ်လုပ် ရောင်းချလျက် ရှိသည်။ ယင်းကုမ္ပဏီသည် မြေမဲ့ စိုက်ပျိုးရေးလုပ်ငန်း၌ ဥရောပတိုက်တွင် အကြီးဆုံးဖြစ်နေသည်။

ကူဝိတ်နိုင်ငံသည် မြေမဲ့စိုက်ပျိုးရေးနည်းဖြင့် ခရမ်းချဉ်ပင်များကို အကြီးအကျယ်စိုက်ပျိုးကာ ပြည်တွင်း ဖူလုံရေး အတွက် ကြိုးပမ်းလျက်ရှိသည်။

ဂျပန်နိုင်ငံတွင်လည်း မြေမဲ့စိုက်ပျိုးနည်းဖြင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးသော ကုမ္ပဏီပေါင်း များစွာ ရှိသည်။ တိုကျိုမြို့တွင်ရှိသော ကုမ္ပဏီတခုသည် ငါးကေခန့် ကျယ်ဝန်းသော စိုက်ပျိုးရေး ဖန်အိမ်ကြီးတခုကို တည်ဆောက်၍ ဟင်းသီးဟင်းရွက်များကို မြေမဲ့စိုက်ပျိုးရေးနည်းဖြင့် စိုက်ပျိုးရောင်းချလျက် ရှိပေသည်။

မြောက်နဝင်းဆည်
(ဆည်မြောင်းများ၊ မြန်မာနိုင်ငံ—ရှု။)

မြန်မာနိုင်ငံတော်၊ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ။ ၁၉၇၈ ဇန္နဝါရီလ ၁ ရက် နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်နယ်နှင့်တိုင်းအသီးသီးတို့တွင် ဒုတိယ အကြိမ် ပြည်သူလွှတ်တော်နှင့် ပြည်သူကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပရာတနိုင်ငံလုံးမှလူဦးရေသန်းပေါင်း ၃၀ ကျော်ရှိသည့်အနက် ဆန္ဒမဲပေးနိုင်သည့် ပြည်သူ ၁၆ သန်းကျော်က ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၄၆၄ ဦး၊ ပြည်နယ်တိုင်းနှင့် ပြည်သူကောင်စီဝင် ၉၇၆ ဦး၊ မြို့နယ်ပြည်သူကောင်စီဝင် ၂၂,၀၄၆ ဦးနှင့်ရပ်ကွက်နှင့်ကျေးရွာ ပြည်သူကောင်စီဝင် ၁၅၄,၃၅၃ ဦးတို့ကိုရွေးချယ် တင်မြှောက်ခဲ့သည်။

ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပထမအစည်းအဝေးကို မတ်လ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ အလုံလမ်း သမ္မတအိမ်ဝင်းအတွင်းရှိ ဗဟိုစည်းဝေးခန်းမ၌ ကျင်းပရာ ပြည်သူလွှတ်တော်ကိုယ်စားလှယ် ၄၆၂ ဦးတက်ရောက်၍နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌကြီးအဖြစ် မရမ်းကုန်းမြို့နယ် အမှတ် ၁ မှ လွှတ်တော် ကိုယ်စားလှယ်ဦးနေဝင်းအားထင်း၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးအဖြစ် ဗဟန်းမြို့နယ်မှ လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ချုပ်ကြီး စန်းယုအားထင်း၊ ဝန်ကြီးချုပ်အဖြစ်လှိုင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ခအားထင်း ရွေးချယ် တင်မြှောက်သည်။

ဒုတိယအကြိမ် ပြည်သူလွှတ်တော် ဒုတိယ အစည်းအဝေးကို အောက်တိုဘာလ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပသည်။

၁၉၇၈ ခုနှစ်အတွင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို ဖေဖွာရီလတွင်ထင်း၊ စတုတ္ထအကြိမ် ဗဟိုကော်မတီ အစည်းအဝေးကို မေလတွင်ထင်း၊ ပဉ္စမအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို အောက်တိုဘာလတွင်ထင်း၊ ဆဋ္ဌမအကြိမ်အစည်းအဝေးကို ဒီဇင်ဘာလတွင်ထင်း အသီးသီးကျင်းပခဲ့သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်း သည် ဖေဖွာရီလအတွင်းက အနောက်မြောက်တိုင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေများသို့ ၎င်း၊ မတ်လအတွင်းက အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်း နယ်မြေများသို့၎င်း၊ ဇူလိုင်လ အတွင်းက အလယ်ပိုင်းတိုင်း၊ အနောက်ပိုင်းတိုင်းနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေများသို့၎င်း လှည့်လည်သွားရောက် စစ်ဆေးကြည့်ရှု၍လိုအပ်သည်များကို ညွှန်ကြားခဲ့လေသည်။

၁၉၇၈ ခုနှစ်အတွင်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယု သည်



ဒုတိယအကြိမ် ပြည်သူလွှတ်တော်အစည်းအဝေး

ဇော်ဝတီတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း မျှားသို့ သွားရောက်ကာ ပါတီဝင်မျှား၊ လူထုလူတန်းစား အဖွဲ့အစည်းမျှားမှ ကိုယ်စားလှယ်မျှား၊ အာဏာပိုင် အဖွဲ့အစည်းမျှားနှင့် တပ်ရင်းစည်းရုံးရေး ကော်မတီအသီးသီးမှ အဖွဲဝင်မျှားနှင့်တွေ့ဆုံကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စည်းရုံးရေး အခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယုသည် ၁၉၇၈ ခု ဇူလိုင်လ ၁၆ ရက်နေ့က အသက် ၆၀ ပြည့်သဖြင့် တပ်မတော်မှ သက်ပြည့်ပင်စင် ယူခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ တာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိသည်။

၁၉၇၈ ခုနှစ် အတွင်းပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်အများအပြားတွင်မူးယစ်ဆေးဝါး ကာကွယ်ရေးပညာပေးရေး ပြပွဲများကို ကျင်းပပြုလုပ်ခဲ့၍ တောင်ထိပ်ပန်း စစ်ဆင်ရေး၊ မိုးဟိန်း စစ်ဆင်ရေးကဲ့သို့သော စစ်ဆင်ရေးများကို ပြုလုပ်ကာ ဘိန်းစိုက်ခင်းကော ထောင်ပေါင်းများစွာကို ဖျက်ဆီးခဲ့ပြီး ဘိန်းချက် ဆေးဝါးနှင့်ဘိန်းများကို စံချိန်တင်သိမ်းပိုက် ဖျက်ဆီးနိုင်ခဲ့သည်။

နယ်စပ်ဒေသရှိ သောင်းကျန်းသူများကို ရဲမင်းအောင် စစ်ဆင်ရေးကို ပြုလုပ်၍ရင်း၊ သြဂုတ်လအတွင်း ကလေးမာန်အောင် စစ်ဆင်ရေးကို ပြုလုပ်၍ရင်း တပ်မတော်မှ နှိမ်နင်း တိုက်ခိုက်ခဲ့ရာ အောင်ပွဲများ အဆင့်ဆင့်အလိလိ ရရှိခဲ့သည်။

ယခင်နှစ်များက စတင်ခဲ့သော စပါးအထူးထွက်တိုးလုပ်ငန်းများကို ၁၉၇၈ ခုတွင် တိုးချဲ့လုပ်ကိုင်ကာ မြစိမ်းရောင်စစ်ဆင်ရေး၊ ရွှေဝါလေးစစ်ဆင်ရေး၊ ရွှေဝါမြေစစ်ဆင်ရေး အစရှိသောစစ်ဆင်ရေးများနှင့် တပ်မတော်တပ်ရင်းစည်းရုံးရေးကော်မတီအဆင့်ဆင့်မှ ဦးဆောင်ကာ တပ်မတော်သားများနှင့် ပြည်သူလူထုပူးပေါင်း၍ စပါးရိတ်သိမ်းပွဲများ စသည့်လယ်ယာလုပ်ငန်းကူ လုပ်အားပေးပွဲများကို ကျင်းပခဲ့ရာ များစွာမှပင် အောင်မြင်ခဲ့လေသည်။

ဧပြီလ ၂၄ ရက်နေ့တွင် တောင်သူလယ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးပွဲကို ကျင်းပခဲ့ပြီး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အလုပ်သမားအစည်းအရုံး ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကိုကျင်းပရာ ဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ခ တက်ရောက်မိန့်ခွန်းပြောကြားသည်။ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဒုတိယအကြိမ် လမ်းစဉ်လူငယ် နှီးနှောဖလှယ်ပွဲကို ကျင်းပရာ ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဦးစန်းယု တက်ရောက် မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသော လူငယ်ကိုယ်စားလှယ်များအား ပါတီဥက္ကဋ္ဌကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။

၁၉၇၈ ခုနှစ်ဇွန်လ ၂၇ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများအဖွဲ့ ဒုတိယအကြိမ် ဗဟိုဦးစီးအစည်းအဝေးကိုကျင်းပရာ နိုင်ငံတော်သမ္မတကြီးနှင့်အတူ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယုတို့ တက်ရောက်ခဲ့ကြသည်။

ယူဂိုစလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတညသျှောင်အဖွဲ့ ဒုတိယသမ္မတနှင့် ဇနီးသည်ဌင်း၊ တရုတ်ပြည်သူသမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် တိန့်ရှောင် ဖိန်နှင့် အဖွဲ့သည်ဌင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည်။ အင်ဒိုနီးရှားသမ္မတနိုင်ငံ ပြည်သူ့လွှတ်တော် ဒုတိယနာယကကြီးနှင့်အဖွဲ့ စသည့် ချစ်ကြည်ရေးအဖွဲ့များ မြန်မာနိုင်ငံသို့ ဝင်ရောက်လည်ပတ်ခဲ့ကြသည်။

ဆိုရှယ်လစ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် ဆိုရှယ်လစ်စနစ် အောင်မြင်ရေးအတွက် ရှေ့ဆောင် ရှေ့ရှက်ပြုသူ စွမ်းစွမ်းတမံ ဆောင်ရွက်သူတို့အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်များ အပ်နှင်းရန် ပြဋ္ဌာန်း ချက်တရပ်ကို ၁၉၇၈ ခုနှစ်အတွင်းက နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်ခဲ့လေသည်။

မွန်ပြည်နယ် ။ ။မွန်ပြည်နယ်သည် တနင်္သာရီ ကမ်းမြောင်ဒေသ၏ မြောက်ပိုင်းတွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၄,၇၄၈ စတုရန်းမိုင်ရှိသည်။ ၁၉၇၇ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၁,၃၆၇,၉၄၂ ရှိလေသည်။

မွန်ပြည်နယ်ကို မြို့နယ် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၄၄၃ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်၏ မြို့တော်မှာ မြန်မာနိုင်ငံ၌ တတိယ အကြီးဆုံး မြို့ဖြစ်သော မော်လမြိုင်မြို့ဖြစ်သည်။

မွန်လူမျိုးများအပြင် ကရင်၊ ထားဝယ်၊ ပအို၊ မြန်မာ၊ ရှမ်း စသည့် တိုင်းရင်းသားများ နေထိုင်လျက် ရှိကြသည်။

ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည်။ စပါး၊ ရာဘာ၊ ကြံ၊ ကွမ်းသီး၊ အုန်းသီး တို့ကို အထူးစိုက်ပျိုးလုပ်ကိုင်ကြသည်။ ၁၉၇၇-၇၈ ခုနှစ် စပါးစိုက်ကေမှာ ၆၆၅,၄၆၂ ဖြစ်ပြီး စပါးတင်းရေ ၂၂၃ သိန်းကျော် ထွက်သည်။ ရာဘာ စိုက်ကေမှာ ၇၁,၈၃၃ ဖြစ်ပြီး ရာဘာပေါင်ချိန် ၁၃၅ သိန်းကျော် ထွက်ရှိသည်။ ထို့ပြင် မြေပဲတင်းနှစ်သိန်းကျော်နှင့် ကြံရင့်တန်ချိန် ၁ သိန်းကျော်ထွက်သည်။

ပြည်နယ်အတွင်း ပြည်သူပိုင် စက်ရုံပေါင်း ၄၀ ခန့်ရှိသည်။ စက်မှု လုပ်ငန်း ထွန်းကား၍ ကျေးကြားသော မြို့နယ်သည် ချောင်းဆုံမြို့နယ်ဖြစ်သည်။

မွန်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ် အတွင်းမှ ၁၉၇၈ ခုနှစ် ဧပြီလ၊ မေ၊ ဇွန် သုံးလအတွင်း ရာဘာ ပေါင်ချိန် ၂၅ သိန်းနီးပါးခန့် ဝယ်ယူရရှိခဲ့လေသည်။ ယမန် နှစ်ကထက် ရာဘာ ပေါင်ချိန် နှစ်ဆခန့်တိုး၍ ဝယ်ယူ ရရှိခဲ့သည်။ ၁၉၇၈-၇၉ ခုနှစ်အတွင်း ရာဘာပေါင်ချိန် စုစု ပေါင်း ၁၂၉ သိန်းကျော်ကို နိုင်ငံတော်အစိုးရက စီမံကိန်း ချ၍ ဝယ်ယူရန် လျာထားဆောင်ရွက်လျက်ရှိလေသည်။

သတ္တု တူးဖော်ရေး လုပ်ငန်းများကိုလည်း ပြည်နယ် အတွင်းလုပ်ကိုင်လျက်ရှိရာ ၁၉၇၇-၇၈ ခုနှစ်တွင် ပြည်သူပိုင် ကျောက်မိုင်းများမှ ခနောက်စိမ်းသတ္တုတန် ၃၀၀၊ ရွှံစေးဖြူ တန် ၁,၇၆၀ နှင့် ကျောက်ကျင်းပေါင်း နှစ်သောင်းနီးပါးတူး ဖော်ထုတ်လုပ်နိုင်ခဲ့သည်။ အလားတူပင် သမဝါယမကဏ္ဍမှ ၈၀ကျောက်၊ ၈၀အုပ်ပြား၊ ရေတွင်းကျောက်များ တူး ထုတ် လုပ်ခဲ့သည်။



ဘီလူးကျွန်း ကျောက်သင်ပုန်းတောင်မှ ကျောက်ပြားများတူး ဖော်နေသောလုပ်သားတစု



ယူဂန်းဒါးသမ္မတနိုင်ငံ။ ။အာဖရိကတိုက် အရှေ့အလယ်ပိုင်းရှိ ယူဂန်းဒါး သမ္မတ နိုင်ငံသည် စတုရန်းမိုင် ၉၁,၁၃၄ စတုရန်းမိုင် ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၁၂,၃၅၀,၀၀၀ ရှိသည်။ မြို့တော်မှာ ကမ်ပါလာမြို့ဖြစ်သည်။



ယူဂန်းဒါးနိုင်ငံတွင် ဘုန်းတော်ကြီး လွန်ဝန်နှင့် ဝန်ကြီးနှစ်ဦး ခေါင်းဆောင်သော အာဏာသိမ်းရေးကြံစည်မှုတွင် ပါဝင်သည်ဆိုသော တရားခံ ၁၇ ဦးကို ဒုတိယဗိုလ်မှူးကြီးဂျုမာအလီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အဖွဲဝင် ၅ ဦးပါ စစ်ခုံရုံးက ၁၉၇၀ သြဂုတ်လ ၂၃ ရက်နေ့တွင် စတင် စစ်ဆေးပြီးနောက် စက်တင်ဘာလ ၉ ရက်နေ့တွင် ပူးပေါင်းကြံစည်သူ ၁၅ ဦးကို သေဒဏ်ပေးခဲ့သည်။ ကမ်ပါလာမြို့ နာရီစဉ်အနီး၌ တရားခံ ၁၅ ဦးကို တန်းစီစေကာ အဖွဲဝင် ၁၃ ဦးပါသော သေနတ်ပစ် အာဏာ ပါးကွက်သားတို့က သေနတ်ဖြင့် ပစ်သတ်ပြီး အဆုံးစီရင်လိုက်ခြင်း ဖြစ်သည်။ ဤလုပ်ကြံမှုမှာ ခုနစ်နှစ်အတွင်း ၁၃ ကြိမ်မြောက် လုပ်ကြံမှုဖြစ်သည်။

၁၉၇၀ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ယူဂန်းဒါးတပ်မျှားသည် တန်ဇားနီးယားနိုင်ငံ၏ အနောက်မြောက်ပိုင်း အင်းအိုင်ခရိုင် ဒေသအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

ထိုနယ်ဒေသမှာ ဝိတိုရိယအိုင်ကြီး၏ အနောက်ဖက်တွင် ကပ်လျက် တည်ရှိလေသည်။ ထိုနယ်တွင် ကဂီးရားမြစ်သည် အနောက်မှ အရှေ့သို့ စီးကာ အိုင်ကြီးအတွင်းသို့ စီးဆင်းသည်။ ယူဂန်းဒါး–တန်ဇားနီးယား နယ်နိမိတ်ကို ထိုမြစ်ဖြင့် မသတ်မှတ်ပဲ လတ္တီတွဒ်မျဉ်းဖြင့် ဗြိတိသျှအစိုးရက ပိုင်းခြားထားခဲ့သည်။ မြစ်အကွေ့အဝိုက်တွင် ပါနေသော တန်ဇားနီးယား နယ်မြေကို သိမ်းပိုက်ရန် ယူဂန်းဒါးတပ်တို့က ဝင်ရောက်ခြင်းဖြစ်သည်။

၁၉၇၀ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် မူလယူဂန်းဒါးနယ်စပ်မှ ၁၉ မိုင်ဝေးဘော ကဂီးရား မြစ်ကူးတံတားသို့ ယူဂန်းဒါးတပ်မျှားက ဝင်ရောက် သိမ်းပိုက်ခဲ့ကြသည်။

စတုရန်းမိုင် ၇၂၀ ခန့် ကျယ်ဝန်းသော ထိုအင်းအိုင်ခရိုင်မြေကို ယူဂန်းဒါး နိုင်ငံအတွင်းသို့ သွင်းယူသိမ်းပိုက်လိုက်သည်ဟု သမ္မတ အိုင်ဒီအာမင်က ကြေငြာခဲ့သည်။

တပ်သားအင်အား ၃၀၀၀ ကျော်ပါဝင်သော ယူဂန်းဒါးတပ်နှင့်အတူ သမ္မတ အာမင်သည် ရွှေတန်းစစ်မျက်နှာသို့ လိုက်ပါသွားခဲ့သည်။

၁၉၇၁ ခုနှစ်တွင် အာဏာသိမ်းယူခြင်း ခံခဲ့ရသော မိလတန်အိုဘိုတေးသည် တန်ဇားနီးယား နိုင်ငံတွင် ခိုလှုံနေထိုင်လျက်ရှိစဉ် သူ၏ နောက်လိုက်နောက်ပါတို့သည် ယူဂန်းဒါးပြည်တွင်းသို့ မကြာခဏ ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ သို့ကျူးလွန်တိုက်ခိုက်မှုကို တန်ဇားနီးယားအစိုးရက အားပေးအားမြှောက် ပြုခဲ့ကြသည်ဆိုကာ သမ္မတ အာမင်သည် တန်ဇားနီးယားသမ္မတ ညီရေးရေးကိုမကျေမနပ်ဖြစ်ခဲ့လေသည်။

၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အိုဘိုတေး၏ လူမျှားနှင့် တန်ဇားနီးယား တပ်သားအချို့သည် ယူဂန်းဒါးနယ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဤအကြောင်းမျှားကြောင့် ယူဂန်းဒါးတပ်က လက်တုံ့ပြန်တိုက်ခြင်းဖြစ်သည်ဟု ကြေငြာခဲ့လေသည်။

ကမ္ဘာ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၊ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်နိုင်ငံတို့က နှစ်နိုင်ငံတိုက်ခိုက်မှုမျှားရပ်စဲကြရန် မေတ္တာရပ်ခံသည်။ အာဖရိက နိုင်ငံမျှား ညီညွတ်ရေးအဖွဲ့ (အိုအေယူ) ကလည်း ဖြန်ဖြေပေးခဲ့သည်။ အာဖရိက ညီညွတ်ရေးအဖွဲ့သည် ဖြန်ဖြေမှုကိုသာပြုပြီး ယူဂန်းဒါးကို ပြစ်တင် ဝေဖန်ခြင်းမပြုသောကြောင့် သမ္မတ ညီရေးရေးက အာဖရိကညီညွတ်ရေးအဖွဲ့ကို မကျေနပ်ခဲ့ပေ။

လစ်ဗျနိုင်ငံက ယူဂန်းဒါးနိုင်ငံကို ထောက်ခံသည်။ အယ်လဂျီးရီးယား နိုင်ငံက တန်ဇားနီးယားနိုင်ငံကို ကူညီသည်။ ကင်ညာနှင့် မိုဇမ်ဘစ်နိုင်ငံတို့က ယူဂန်းဒါး နိုင်ငံကို ဝေဖန်သည်။

သမ္မတဟောင်း အိုဘိုတေးကို အားပေးကူညီခြင်း မပြုလျှင် တပ်ရုပ်မည်ဟူ၍ရင်း၊ တန်ဇားနီးယားက တန်ပြန်ထိုးစစ်မဆင်လျှင် တပ်မျှားရုပ်သိမ်းမည်ဟုရင်း၊ အာမင်အစိုးရကို အသိအမှတ်ပြုလျှင် တိုက်ပွဲရပ်စဲပေးမည်ဟုရင်း ယူဂန်းဒါးက တောင်းဆိုသည်ကို သမ္မတ ညီရေးရေးက ပြန်လည်ဖြေကြားခြင်း မပြုခဲ့ပေ။ ၁၉၇၀ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့၌ ယူဂန်းဒါးတပ်မျှား ရုပ်သိမ်းကြောင်း သမ္မတ အာမင်က ကြေငြာပြီးသည့်နောက် တန်ဇားနီးယား တပ်တို့သည် အင်းအိုင် ဒေသအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

တန်ဇားနီးယားပြည်သူတို့သည် သမ္မတ အာမင်ကို အခဲမကျေကြသဖြင့် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ယူဂန်းဒါးနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ကလဲ့စားချေကြသည်။ ကြေးစားအင်္ဂား တပ်သား ၅၀၀ ပါဝင်သော တန်ဇားနီးယားတပ်သည် မိမိတို့ ယူဂန်းဒါးနယ်အတွင်းသို့ ကျူးကျော် တိုက်ခိုက်နေသည်ဟု ယူဂန်းဒါး အသံလွှင့်ဌာနက တိုင်ကြားလိုက်သည်။ ယူဂန်းဒါး တပ်အတွင်း၌မူ သမ္မတ အာမင်ကို မကျေနပ်သူများ ပေါ်ထွက်လာ၏။ မအောင်မြင်သော ထိုးစစ်အတွက် သမ္မတ အာမင်ကို ဝေဖန်ခဲ့ကြသော အထက်တန်း စစ်အရာရှိကြီးအချို့ကို ထုတ်ပစ်ခဲ့လေသည်။

ယေမင်ပြည်သူ ဒီမိုကရက်တစ်သမ္မတနိုင်ငံ။ ။

ယေမင်ပြည်သူ ဒီမိုကရက်တစ် သမ္မတနိုင်ငံသည် ၁၁၁,၀၇၄ စတုရန်းမိုင် ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းချက် အရ လူဦးရေ ၁,၈၀၀,၀၀၀ ရှိ လေသည်။ မြို့တော်မှာ မဒီနာ အယ်အက်ရှစ်မြို့ဖြစ်သည်။



ယေမင်အာရပ် သမ္မတနိုင်ငံ (မြောက်ယေမင်)၏ သမ္မတဖြစ်သူ ဂါရှ်မီကွယ်လွန်သည့်ကိစ္စနှင့် ပတ်သက်၍ အကြမ်းဖက် လုပ်ကြံသူတို့အား ယေမင်ပြည်သူဒီမိုကရက်တစ်သမ္မတ ရှုဘေယီအလီက ချက်ချင်းပင် ပြစ်တင်ဝေဖန်ခဲ့လေသည်။

ယင်းသို့ သမ္မတက ဝေဖန်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရန်ယေမင်ပြည်သူဒီမိုကရက်တစ်သမ္မတနိုင်ငံအမျိုးသား လွှတ်မြောက်ရေးပါတီ ဗဟိုကော်မတီ၏ အရေးပေါ်အစည်းအဝေးကို ဆင့်ခေါ်ခဲ့သည်။ ထိုအစည်းအဝေးသို့ သမ္မတ ရှုဘေယီကို တက်ရောက်ဆွေးနွေးရန် ဖိတ်ကြားခဲ့လေသည်။

ယေမင်ပြည်သူဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ တခုတည်းသောပါတီဖြစ်သည့် မာ့က်စ်ဝါဒီ အမျိုးသား လွှတ်မြောက်ရေးပါတီတွင် ဩဇာအကြီးဆုံးပုဂ္ဂိုလ်မှာ အဗ္ဗဒူဖဟတာ အစ္စမိုင်းဖြစ်သည်။ မစ္စတာအစ္စမိုင်း ကြီးမှူးသည့် ပါတီဗဟိုကော်မတီက မိမိအား ဖိတ်ကြားခြင်းသည် အရေးယူရန် ဖိတ်ကြားခြင်း ဖြစ်သည်ဟုဆိုကာ ထိုအစည်းအဝေးသို့ မတက်ရောက်နိုင်ဟု ပြန်ကြားခဲ့သည့်အပြင် သမ္မတရာထူးမှ လည်း နုတ် ထွက် ကြောင်း စာ ရေး အ ကြောင်း ကြား ခဲ့သည်။

တချိန်တည်းမှာပင် မစ္စတာ အစ္စမိုင်းကို ဖမ်းဆီးရန် သမ္မတ ရှုဘေယီက ညွှန်ကြားလိုက်သည့်အပြင် ပါတီအစည်းအဝေးကျင်းပသည့် အဆောက်အဦကိုလည်း လေယာဉ်ဖြင့် ဗုံးကြဲခြင်း၊ မြေပြင်အမြောက်တပ်မှ အမြောက်ဖြင့် ပစ်ခတ်ခြင်းများကို ပြုလုပ်ခဲ့သည်။

ဤတွင် ဝန်ကြီးချုပ် အလီနက်ဆာမိုဟာမက်ဟတ်ဆန်နီနှင့် ပါတီအထွေထွေအတွင်းရေးမှူး မစ္စတာအစ္စမိုင်းတို့သည် သင်တန်းအတွေ့အကြုံ ရင့်ကျက်သော ပြည်သူ့စစ်များ၊ ရဲအဖွဲ့များ အကူအညီဖြင့်သမ္မတအိမ်တော်ကို ဝိုင်းဝန်း၍ ပြန်လည်တိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲ ဖြစ်ပွားပြီးနောက် သမ္မတ ရှုဘေယီ လက်နက်ချခဲ့သည်။

သမ္မတရှုဘေယီ ပေါလစ်ဗျူရိုနိုင်ငံရေးဦးဆောင်အဖွဲဝင် ဇာအင်းဆာလက်နှင့် သဘာပတိကောင်စီ အတွင်းရေးမှူး အလီဆာလင်အာလ်အာဝါတို့ကို ဖမ်းဆီးကာ အထူး ခုံရုံး ဖွဲ့၍ စစ်ဆေးစေသည်။ ခုံရုံး၏ စီရင်ချက်ကို ပါတီ ဗဟို ကော်မတီက လက်ခံပြီးနောက် ထိုနှစ်ဦးမှာပင် ၎င်းတို့ သုံးဦးကို သေနတ်ပစ်အဖွဲ့ဖြင့် အဆုံးစီရင်ခဲ့လေသည်။

ထိုနောက် အသက် ၃၉ နှစ်အရွယ်ရှိ ဝန်ကြီးချုပ် ဟတ်ဆန်နီအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

၁၉၇၁ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့မှစ၍ ဝန်ကြီးချုပ်ဖြစ်လာခဲ့သော ဟတ်ဆန်နီသည် ဗြိတိသျှ အစိုးရကို ဆန့်ကျင် တော်လှန်ခဲ့သူဖြစ်သည်။

ယေမင် အာရပ် သမ္မတနိုင်ငံ။ ။ယေမင် အာရပ် သမ္မတနိုင်ငံ (မြောက်ယေမင်) သည် စတုရန်း မိုင်ပေါင်း ၇၅,၂၉၁ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းချက် အရ လူဦးရေ ၇,၀၈၀,၀၀၀ ရှိသည်။ မြို့တော်မှာ ဆန်နာမြို့ဖြစ်သည်။



၁၉၇၈ခုနှစ်အောက်တိုဘာလ ၁၀ ရက်နေ့တွင် ယေမင်အာရပ် သမ္မတနိုင်ငံ (မြောက်ယေမင်)သမ္မတ အီဗရာဟင်မိုဟာမက်အယ်ဟာမီဒီနှင့် ညီဖြစ်သူ ဒုတိယဗိုလ်မှူးကြီး အဗ္ဗဒူလာမိုဟာမက်အယ်ဒီတို့မှာ ဆန်နာမြို့တွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။

ယင်းသတင်း ထွက်လာသည်နှင့် တပြိုင်နက် အိမ်နီးချင်းတိုင်းပြည်ဖြစ်သော ယေမင်ပြည်သူ ဒီမိုကရက်တစ် သမ္မတနိုင်ငံ (တောင်ယေမင်) အစိုးရက ဝမ်းနည်းကြေကွဲကြောင်း သဝဏ်လွှာကို အောက်တိုဘာ ၁၂ ရက်နေ့တွင် ပေးပို့ခဲ့သည်။ ယခုကဲ့သို့ အကြမ်းဖက် သတ်ဖြတ် သူတို့သည် တောင်နှင့် မြောက်ယေမင် နှစ်နိုင်ငံတို့၏ ချစ်ကြည်ရေးကို ပျက်ပြားစေရန် ကြိုးပမ်းကြခြင်း ဖြစ်သည်ဟု စွပ်စွဲခဲ့လေသည်။

ထိုသတ်ဖြတ်မှုတွင် တောင်ယေမင် အစိုးရ၏ ပယောဂမပါကြောင်း ထင်ရှားစေရန် တောင်ယေမင်သမ္မတ ဆလင် ရှုဘေယီအလီက အေဒင်မြို့တော်မှနေ၍ အချိန်မီသဝဏ်စာ ပါးခဲ့ရခြင်းဖြစ်သည်။

ကွယ်လွန်သူ သမ္မတ ဟာမီဒီ၏ နေရာတွင် ဒုတိယဗိုလ်မှူးကြီး အာမက်အာလ်ဂါရှ်မီ ဦးစီးသော လူသုံးဦး ပါရှိသည့် သဘာပတိအဖွဲ့ကို စစ်ဦးစီး ကောင်စီက အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဖွဲ့စည်း တင်မြှောက်ခဲ့သည်။ ထိုသုံးဦး

သဘာဝတိအဖွဲ့တွင် ဗိုလ်မှူး အဗ္ဗဒုလာအဇစ်အာလ်ဂနီနှင့် ဗိုလ်မှူး အဗ္ဗဒုလာအယ်လ်အလင်တို့ ပါဝင်လေသည်။

၁၉၇၈ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပသော တိုင်းပြည်ပြုလုပ်တော် အထူးအစည်းအဝေးတွင် ဒုတိယ ဗိုလ်မှူးကြီး အာလ်ဂါရှိမီကို သမ္မတအဖြစ် တည်တည့်တ်တည်း တင်မြှောက်ခဲ့ကြသည်။ တာဝန်များ ထမ်းဆောင်နေစဉ် နှစ်လအကြာတွင် လျှို့ဝှက်ပါရှိလာသောဗုံးပေါက်ကွဲသဖြင့် သမ္မတ အာလ်ဂါရှိမီ ကွယ်လွန်သည်။

တောင်ယေမင်သမ္မတ ရွှေဘေယီအလီက စေလွှတ်လိုက်သော သံတမန်ကို ၁၉၇၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် လက်ခံတွေ့ဆုံစဉ် ထိုသံတမန် ယူဆောင်လာခဲ့သော အိတ်တွင် ပါရှိသည့် ဗုံးပေါက်ကွဲ ထိမှန်သဖြင့် သံတမန်နှင့်အတူ သေဆုံးခြင်းဖြစ်သည်။

ကွယ်လွန်သူ သမ္မတဂါရှိမီ၏နေရာတွင် ဒုတိယ ဗိုလ်မှူးကြီး အလီအဗ္ဗဒုလာဆာလက်ကို ဇူလိုင်လ ၁၇ ရက်နေ့တွင် တင်မြှောက်သည်။ အမျိုးသား ဥပဒေပြုလွှတ်တော် အထူးအစည်းအဝေး ကျင်းပကာ ထောက်ခံမဲ ၆၇ မဲ၊ မဲမပေးသူ တမဲဖြင့် ရွေးချယ်ကြခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်။ ။ရခိုင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အနောက်ဖက်အကျဆုံး ပြည်နယ်ဖြစ်သည်။ အကျယ်အဝန်းမှာ စတုရန်း မိုင်ပေါင်း ၁၄,၂၀၀ ရှိသည်။ ၁၉၇၈ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၁,၇၆၉,၁၆၁ ရှိသည်။

ရခိုင်ပြည်နယ်၏ အရေးပါဆုံး စီးပွားရေးလုပ်ငန်းမှာ စပါးစိုက်ပျိုးရေးဖြစ်သည်။ ၁၉၇၇-၇၈ ခုနှစ်တွင် စပါးစိုက်ကေ ၈၄၀,၁၁၅ ရှိပြီး စပါး တင်းပေါင်း ၂၆၉ သိန်းကျော် ထွက်ရှိခဲ့သည်။ ငရုတ်စိုက်ပျိုးသည့်ကေမှာ ၉,၇၁၀ ရှိပြီး ငရုတ်ပိသာချိန် ၁၁ သိန်းကျော်ထွက်ရှိခဲ့ပြီး မြန်မာ့ဆေးပိသာချိန် ၁၅ သိန်း ထွက်ရှိခဲ့လေသည်။ ရခိုင်ပြည်နယ်အတွင်း၌ သီးနှံအမျိုးမျိုး စိုက်ပျိုးသည့် ဧရိယာမှာ ၈က ပေါင်း ၉ သိန်းကျော် ရှိလေသည်။ဆားငန်ရေ ဝင်ရောက်နိုင်သည့်ပင်လယ်ကမ်းခြေဒေသများမှ မြေလွှတ်မြေရိုင်းများကို ဆည်ဖို့ကာကွယ်၍ လယ်မြေများ ဖော်ထုတ်လျက်ရှိသည်။

ရခိုင်ပြည်နယ်၏ ထွက်ကုန်များမှာ ဆန်စပါး၊ဆေးရွက်ကြီး၊ အုန်းသီး၊ ကွမ်းသီး၊ တည်ငုံသီး၊ ငါးပိ ငါးခြောက် မျိုးစုံနှင့် ဆားထွက်သည်။ ၁၉၇၇–၇၈ ခုနှစ်တွင် ဆား တန်ချိန် ၅၆၃ တန် ထုတ်လုပ်နိုင်ခဲ့သည်။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အတွင်းရှိ နေပူတောင်မှ အမျိုးအစားကောင်းမွန်သော ကျောက်ပြားများ ရရှိ





နိုင်၍ ကျောက်ပြားထုတ်လုပ်သော လုပ်ငန်းကိုလည်း စတင် ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်တွင် မြို့နယ် သမဝါယမ အသင်း ၁၇၊ စက်မှု ကုန်ထုတ် သမဝါယမအသင်း ၂၀၊ ကျေးရွာသမဝါယမအသင်း ၉၇၀၊ စားသုံးသူ သမဝါယမ အသင်း ၁၁၇ သင်း ဖွဲ့စည်းထားသည်။ ထို့ပြင် လယ်ယာ ကုန်ထုတ်သမဝါယမအသင်းများ၊ ငါးဖမ်း ကုန်ထုတ် သမ ဝါယမ အသင်းများ၊ တပ်တွင်း သမဝါယမ အသင်းများ၊ ပြည်သူရဲတပ်ဖွဲ့ သမဝါယမအသင်းများနှင့် ငွေစု ငွေချေး သမဝါယမအသင်းများလည်း တိုးခဲ့၍ ဖွဲ့စည်း ထားလျက် ရှိသည်။

ရခိုင်ပြည်နယ်တွင် မူလတန်းကျောင်း ၁,၃၃၉၊ အလယ် တန်းကျောင်း ၇၆၊ အထက်တန်းကျောင်း ၂၅ ကျောင်း ဖွင့်လှစ် ထားသည်။ ထို့ပြင် ဆရာ အတတ်သင်ကျောင်း၊ စိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်း၊ အထက်တန်း ယက်ကန်းကျောင်း၊ စစ်တွေ ကောလိပ်နှင့် ဒေသကောလိပ် ကျောင်းတကျောင်းစီ ဖွင့်လှစ်ထားလေသည်။

ရခိုင်ပြည်နယ်တွင် ဆန်စက်၊ သစ်စက်နှင့် လျှပ်စစ်ဓာတ် အားပေးစက် စသည့် ပြည်သူပိုင် စက်ရုံ အလုပ်ရုံပေါင်း ၃၆ ရုံရှိသည်။

၁၉၇၈ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ နဂါးမင်းစိမံချက် အရ နိုင်ငံသား၊ နိုင်ငံခြားသား စစ်ဆေးခြင်းကို ရင်မဆိုင်ဝံ့ သဖြင့် ရခိုင်ပြည်နယ် အတွင်းရှိ ဘူးသီးတောင် မြို့နယ်၊ မောင်းတောမြို့နယ်နှင့် အခြားမြို့နယ်များမှ ဗင်္ဂလားဒေ့ရှ နိုင်ငံအတွင်းသို့ တိမ်းရှောင် ထွက်ပြေးခဲ့သူများကို ဟသံ်ာ စိမံချက်ဖြင့် စနစ်တကျ ပြန်လည် လက်ခံလျက်ရှိသည်။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ နှင့် ဗင်္ဂလားဒေ့ရှနိုင်ငံ အစိုးရတို့ ၁၉၇၈ ခု ဇူလိုင်လ ၉ ရက်နေ့တွင် လက်မှတ်ရေးထိုး သဘော တူညီချက် အရ ဗင်္ဂလားဒေ့ရှနိုင်ငံဖက်သို့ ထွက်ပြေး တိမ်းရှောင် သွားကြ သူများအား ပထမ အသုတ်အနေဖြင့် ၃၁-၈-၇၈ နေ့တွင် တောင်ပိုလက်ဝဲစခန်း၌ စတင် ပြန်လည်လက်ခံခဲ့လေသည်။

ရေဆင်းဆည်
(ဆည်မြောင်းများ၊ မြန်မာနိုင်ငံ—ရှု။)

ကျောက်ပြားထုတ်လုပ်သော
လုပ်ငန်းများကို စတင်အကောင်
အထည်ဖော်နေပြီ ဖြစ်သော
ရခိုင်ပြည်နယ်မှ ကျောက်ပြား
စက်ရုံ

ရိုဒီးဇီးယားသမ္မတနိုင်ငံ။ ။အာဖရိကတိုက်တွင် တည်ရှိသော ရိုဒီးဇီးယားနိုင်ငံသည် စတုရန်း မိုင်ပေါင်း ၁၅၀,၀၀၀ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၆,၇၄၀,၀၀၀ ရှိသည်။



ရိုဒီးဇီးယား နိုင်ငံ နေ လူဖြူများမှာ လူနည်းစုဖြစ်သည်။ အင်္ဂလိပ်ဘာသာ စကားကို ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်သည်။ ရိုဒီးဇီးယားကို လူမည်းတိုင်းရင်းသားများက ဇင်ဗာဗွေဟု ခေါ်ကြသည်။

၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မျက်နှာဖြူလူနည်းစုကို ကိုယ်စားပြုသည့် ဝန်ကြီးချုပ် အီယန်စမစ် အစိုးရက ရိုဒီးဇီးယား လွတ်လပ်ရေးကို တဖက်သတ် ကြေငြာခဲ့လေသည်။

လူဖြူလူနည်းစုကို ကိုယ်စားပြုသော အီယန်စမစ် အစိုးရကို ဗြိတိန်နိုင်ငံက တရားမဝင်သော သူပုန် အစိုးရအဖြစ် ကြေငြာသည်။ ရိုဒီးဇီးယား၏ တဖက်သတ် လွတ်လပ်ရေး ကြေငြာခြင်းကို ကုလသမဂ္ဂမှ ပြစ်တင်ရှုတ်ချခဲ့သည်။ ကုလသမဂ္ဂက စီးပွားရေးပိတ်ဆို့မှုဖြင့် ရိုဒီးဇီးယားနိုင်ငံကို အရေးယူခဲ့သည်။

ဝန်ကြီးချုပ် အီယန်စမစ်သည် လူမည်းတိုင်းရင်းသား ခေါင်းဆောင်များနှင့် စေ့စပ်ညှိနှိုင်းမှု အကြိမ်ကြိမ် လုပ်သော်လည်း ပျက်ပြားခဲ့သည်။ ၁၉၇၂ ခုနှစ်မှစတင်၍ ဇမ်ဘီးယားနိုင်ငံအတွင်းအခြေစိုက်သည့် ဇာနူးတိုင်းရင်းသားအဖွဲ့က လူဖြူလူနည်းစုဖြစ်သည့် စမစ် အစိုးရအဖွဲ့ကို ဖြုတ်ချရန် လက်နက်ကိုင် ပြောက်ကျားစစ်ပွဲကို ဆင်နွှဲခဲ့သည်။

၁၉၇၇ ခုနှစ် ပထမ ခြောက်လတွင် ရိုဒီးဇီးယားနိုင်ငံတွင် အခြေစိုက် နေထိုင်ခဲ့သော လူဖြူ ၅၀၀၀ ခန့် ထွက်ခွာ သွားခဲ့သည်။

ပြောက်ကျားစစ်ပွဲကြောင့် ၁၉၇၈ ခုနှစ် ဧပြီလ အထိ ပြောက်ကျား ၄,၃၀၀ ဦး၊ အစိုးရစစ်သား ၄၉ ဦး၊ လူဖြူ ၁၄၆ ဦး အပါအဝင် အရပ်သား ၁,၇၄၂ ဦးသေဆုံးခဲ့သည်ဟု ရိုဒီးဇီးယားစစ်ဌာနချုပ်က ကြေငြာခဲ့လေသည်။ စစ်ရေးကြောင့် လူဦးရေနှင့် စီးပွားရေး လျော့ကျလာသည်။ နိုင်ငံတကာ၏ နိုင်ငံရေး၊ စီးပွားရေး ဝိုင်းဝန်းအကျပ်ကိုင်မှုများကြောင့် ဝန်ကြီးချုပ် အီယန်စမစ်၏ လူဖြူလူနည်းစု အစိုးရသည် လူမျှားစု အုပ်ချုပ်ရေးအသွင်သို့ ကူးပြောင်းပေးရန်ကို စဉ်းစားခဲ့ရသည်။

ပြောက်ကျားတိုက်ပွဲများ အရှိန်မြင့်လာသဖြင့် ရိုဒီးဇီးယားပြည်တွင်း အခြေအနေသည် ဆိုးဝါးခဲ့သည်။ ဗြိတိန် နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့က ဝင်ရောက် ဆွေးနွေး စေ့စပ်ပေးခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။

၁၉၇၇ ခုနှစ်ဩဂုတ်လ ၃၁ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပသည်။ လွတ်တော်တွင် အမတ်နေရာ ၆၆ နေရာတွင် အီယန်စမစ်တပ်ဦး၏ပါတီမှ အမတ်နေရာ ၅၀ ကို ရခဲ့သည်။

ဇင်ဗာဗွေ ပြည်သူညီညွတ်ရေးအဖွဲ့တို့နှင့် အီယန်စမစ်သည် ဆွေးနွေးခဲ့သည်။ လူမျှားစု အုပ်ချုပ်ရေးတွင် လူဖြူလူနည်းစုတို့အတွက်အာမခံချက်များ ပါဝင်သည့် ဖွဲ့စည်းပုံဥပဒေတရပ် ရေးဆွဲရန် သဘောတူညီခဲ့ကြသည်။

ပထမဆုံးအကြိမ် ကြားဖြတ် အစိုးရကို ဖွဲ့စည်းသည်။ အီယန်စမစ်သည် အစိုးရ အဖွဲ့ဝန်ကြီးချုပ်နှင့် အုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင်ဖြစ်လာသည်။ လူမည်းခေါင်းဆောင်များလည်း အုပ်ချုပ်မှုကောင်စီတွင် ပါဝင်ခွင့်ရလာသည်။ အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ်ယင်းအုပ်ချုပ်မှုကောင်စီဝင်တို့သည် အလှည့်ကျ ဆောင်ရွက်သွားရမည်ဟု သတ်မှတ်သည်။

ဇင်ဗာဗွေ အာဖရိကန် ပြည်သူ့ယူနီယံ (ဇာပူး) အဖွဲ့နှင့် ဇင်ဗာဗွေ အာဖရိကန် နေရှင်နယ်ယူနီယံ (ဇာနူး) အဖွဲ့တို့ အပေါ် နိုင်ငံရေးပိတ်ပင်ထားမှုများကို ရုပ်သိမ်းပေးခဲ့လေသည်။

၁၉၇၈ ခုနှစ် မေလ ၂ ရက်နေ့တွင် အုပ်ချုပ်မှု ကောင်စီသည် ရိုဒီးဇီးယားနိုင်ငံ၌ လူတကိုယ် မဲတမဲ ရရှိရေး၊ လက်နက်စွဲကိုင် တော်လှန်သူများကို ပြန်လာရေးနှင့် လုံခြုံမှုပေးရေးတို့ကို အာမခံကြောင်း ကြေငြာချက် တရပ်ကို ထုတ်ပြန် ကြေငြာခဲ့လေသည်။

ရိုဒီးဇီးယား နိုင်ငံရေးခေါင်းဆောင် မူဇိုရီဝါကို ထောက်ခံအားပေးသူများနှင့်အတူ တွေ့မြင်ရပုံ။



JJ8

ရင်မေ၊ ဒေါ်၊ ဒေါက်တာ (ခရစ် ၁၉၀၀–၁၉၇၀)။ ။ သမားတော်ကြီး သီရိပျံချီ ဒေါက်တာဒေါ်ရင်မေကို အဘ အရေးပိုင် မင်းကြီးဦး ကျော်၊ အမိ ဒေါ်ထား အိတို့မှ ၁၉၀၀ ပြည့်နှစ်တွင် ပြည်မြို့၌ မွေးဖွားသည်။ ဒေါက်တာ ဒေါ်ရင်မေသည် ၁၉၂၅ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် အင်္ဂလန် နိုင်ငံမှ အယ် (လ်) အာ၊ စီ၊ ပီ ဘွဲ့နှင့် အမ်၊ အာရ်၊ စီ၊ အက်(စ်)(လန်ဒန်) ဘွဲ့များကိုလည်း၊ ၁၉၂၉ ခုနှစ်တွင် အက်(ဖ)အာရ်၊ စီ၊ အက်(စ) (အီဒင်ဘာရာ) နှင့် အက်(ဖ)၊ အာရ်၊ စီ၊ ပီ (အီဒင်ဘာရာ) ဘွဲ့များကိုလည်း၊ ၁၉၅၅ ခုနှစ်တွင် အက်(ဖ)အာရ်၊စီ၊ အို၊ ဂျီ (လန်ဒန်) ဘွဲ့ကိုလည်း အသီးသီးရရှိခဲ့လေသည်။ဒေါက်တာ ဒေါ်ရင်မေသည် ဗဟို သားဖွားဆေးရုံကြီးတွင် ဒုတိယ ဆေးရုံအုပ်ကြီးအဖြစ် အမှုထမ်းခဲ့သည်။



ဒေါက်တာဒေါ်ရင်မေ

မြန်မာ ဆရာဝန်များ မျိုးချစ်စိတ်ရှိရှိဖြင့် တိုင်းပြည် တာဝန်များကို ထမ်းဆောင်ပြီး အမိမြန်မာနိုင်ငံမှ မထွက် သွားကြရန် ဒုတိယကမ္ဘာစစ်ကြီး အတွင်းက စည်းရုံးခဲ့သူဖြစ်သည်။ မိမိကိုယ်တိုင်တိုင်းတပါးသို့မထွက်ခွာပဲ ဂျပန် ခေတ်တလျှောက်လုံးတွင် ရန်ကုန်မြို့ ဗျိုင်းရေအိုးစင်လမ်းရှိ နိုင်ငံတော် ဆေးရုံကြီး၌ သားဖွားနှင့် မီးယပ် ရောဂါများ ဖက်ဆိုင်ရာ တာဝန်ခံ ဆရာဝန်ကြီးအဖြစ် အမှုထမ်းဆောင်ခဲ့လေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက် ဗဟိုသားဖွား ဆေးရုံကြီးတွင် မြန်မာတိုင်းရင်းသူ ဆေးရုံ အုပ်ကြီး အဖြစ် ပထမဆုံးလက်ခံ အုပ်ချုပ်ခဲ့သူ ဖြစ်သည်။

၁၉၄၇ ခုနှစ်မှ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်တွင် မီးယပ်နှင့် သားဖွားဖက်ဆိုင်ရာ ပါမောက္ခ အဖြစ် အမှုထမ်းခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် အငြိမ်းစားယူခဲ့လေသည်။

၁၉၄၉ ခုနှစ်တွင် နိုင်ငံတော် အစိုးရက ဒေါက်တာဒေါ်ရင်မေအား သီရိပျံချီဘွဲ့ ချီးမြှင့်ခဲ့သည်။ သူ၏ ခင်ပွန်း ဒေါက်တာ ဦးမင်းစိန်မှာ မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြား ခဲ့သော သမားတော်ကြီးတဦးဖြစ်သည်။

ဒေါက်တာ ဒေါ်ရင်မေသည် သားအိမ်ခွဲ၍ ကလေးမွေးဖွားနည်းကို မြန်မာနိုင်ငံတွင် ပထမဆုံး ကျင့်သုံးခဲ့သူ ဖြစ်သည်။ ဝမ်းကိုက်ပိုးကြောင့် သားအိမ်တွင်းမှ အဖြူဆင်းခြင်း သုတေသန စာတန်းဖြင့် ကျော်ကြားခဲ့သူ ဖြစ်သည်။

ဒေါက်တာ ဒေါ်ရင်မေသည် ၁၉၇၀ ခု စက်တင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့လေသည်။

ရန်ကုန်တိုင်း။ ။ရန်ကုန်တိုင်းသည် မြို့နယ်ပေါင်း ၃၉ မြို့နယ်နှင့် ကျေးရွာ အုပ်စုပေါင်း၁,၁၄၄ စုဖြင့် ဖွဲ့စည်းထားသည်။ရန်ကုန်တိုင်းတွင် အင်းစိန်၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ သင်္ကန်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊စမ်းချောင်း၊အလုံ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ လသာ၊ဗိုလ်တထောင်၊ ပုစွန်တောင်၊ ကျောက်တံတား၊ ဒဂုံ ၊ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒေါပုံ၊ဆိပ်ကမ်း၊ ဒလ၊ ဆိပ်ကြီး(ခနောင်တို)၊ ကိုကိုးကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ ဝဲ၌တား၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ မှော်ဘီ၊



လှည်းကူး၊ တိုက်ကြီး ထန်းတပင် မြို့နယ်တို့ ပါဝင်ပြီး တိုင်း တခုလုံး၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၃,၉၂၇ ရှိသည်။ ၁၉၇၀ ခုနှစ် ခန့်မှန်းခြေ စာရင်းအရလူဦးရေ သုံးသန်းခွဲခန့် နေထိုင်လျက် ရှိသည်။ တိုင်းမြို့တော်မှာ မြန်မာနိုင်ငံ၏ မြို့တော် ရန်ကုန်မြို့ပင်ဖြစ်သည်။

ရန်ကုန်တိုင်းသည် မိုးရေချိန်ကောင်းစွာရရှိသော မြစ်ဝကျွန်းပေါ် ဒေသတွင် တည်ရှိသဖြင့် ရန်ကုန်တိုင်းအတွင်းရှိ စိုက်ပျိုးရေးမြို့နယ်များမှာ စပါးအထူးဖြစ်ထွန်း အောင်မြင်သည်။ စပါး အထူးအထွက်တိုးရေး၊ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးရေးတို့အတွက် ရန် ကုန် တိုင်း အ တွင်း တိုက်ကြီးမြို့နယ်တွင် ရွှေဝါထွန်းစစ်ကြောင်း၊ မှော်ဘီမြို့နယ်တွင် မနော်ဟရီစစ်ကြောင်း၊ လှည်းကူးမြို့နယ်တွင် ပေါ်ဆန်းမွေးစစ်ကြောင်းနှင့် ခရမ်းမြို့နယ်တွင် တောင်ထိပ်ပန်းစစ်ကြောင်းဟူ၍ လေးမြို့နယ်တွင် စစ်ကြောင်းကြီး လေးကြောင်းဖြင့် စပါးရိတ်ခြင်း၊ ကောက်လိုင်းစည်းခြင်း၊ သယ်ယူခြင်း၊ ကောက်လိုင်းနယ်ခြင်းမှစ၍ စပါးအဝယ်ဒိုင်အထိ ရောက်အောင်ပို့ပေးခြင်း၊ ရေနုတ်မြောင်း၊ တာတမံ၊သောက်ရေ သုံးရေ ကန်များ တူးဖော်ခြင်းစသည့်လယ်ယာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ရွှေဝါမြေစစ်ဆင်ရေး အမည်ဖြင့် ၁၉၇၀ ဒီဇင်ဘာ ၁ ရက်မှစ၍ နှစ်လကြာ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်မြို့တော်အတွင်း စည်ပင်သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ခိုးဆိုးလုယက် ခါးပိုက်နှိုက်များ၊ အခြေအနေမဲ့ လေလွင့် တောင်းစားသူများ၊ မူးယစ်ဆေးဝါး လောင်းကစားမှု ကျူးလွန်သူများ၊ တန်းစီတိုးစား မှောင်ခိုရောင်းဝယ်သမားများအား ဂဠုန်စီမံချက်ကို အရှိန်အဟုန်မြှင့်တင်ကာ အရေးယူ ဆောင်ရွက်ခဲ့သည်။ ထို့ပြင်မြို့တော်နယ်နိမိတ်အတွင်း ယာဉ်တိုက်ခိုက်မှုလျော့နည်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးတို့အတွက် ဂျီးဖြူစီမံချက် အဆင့် ၂ ကို ၁၉၇၇ ခုနှစ် အောက်တိုဘာ ၅ ရက်မှ

နိုင်ငံတကာနှင့် အဆက်အသွယ်ပြုလုပ်နိုင်ရန် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို မြန်မာနိုင်ငံတွင် အကောင်အထည် ဖော်နိုင်ခဲ့ပြီဖြစ်သည်။ ပုံမှာ ရန်ကုန်မြို့အနီး တိုးကြောင်ကလေးရှိ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်စခန်းဖြစ်သည်။



စ၍ ပညာပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ၁၉၇၈ ခုနှစ် ဖေဖွဲ့ရီ ၁ ရက်မှစ၍ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများအား ပညာပေးခြင်း မပြုတော့ပဲ တရားဥပဒေအရ အရေးယူဆောင်ရွက်ခဲ့လေသည်။

ရန်ကုန်မြစ်ဝမှ ရန်ကုန်ဆိပ်ကမ်းအထိ မိုင် ၄၀ ရှည်လျားသည့် ရန်ကုန်မြစ်ကြောင်း တလျှောက် ပင်လယ်ကူးသင်္ဘောကြီးများ ညအခါခိုန် အန္တရာယ်ကင်းစွာ ဝင်ထွက်နိုင်ရေးအတွက် သံလျှောင်အိမ်များဖြင့် တီထွင် တပ်ဆင်ထားသော ရေကြောင်း လမ်းညွှန် မီးပြများကို ၁၉၇၉ ခုနှစ် ဇန္နဝါရီလ ၂၀ ရက်နေ့မှစ၍ ချထားပေးခဲ့သည်။

၁၉၇၁-၇၂ ခုနှစ်မှစ၍ ဘင်္ဂလားရေး ခွင့်ပြုငွေ ကျပ် ၁၇၇ သိန်းကျော် ကုန်ကျခံကာခုနစ်နှစ်စီမံကိန်းဖြင့် တည်ဆောက်ခဲ့သော ရန်ကုန်မြို့ပြည်ထောင်စု ရိပ်သာလမ်းရှိ ကုတင် ၄၀၀ ဆံ့ ကလေးဆေးရုံသစ်ကြီးမှာ လုံးဝတည်ဆောက် ပြီးစီးခဲ့ပြီဖြစ်သည်။ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ ကျပ်ငွေ ၂၂၅ သိန်းတန် အလျား ၃၈၄ ပေ၊ အနံ ၈၂ ပေရှိ နှစ်ထပ် ခေတ်မီ အဆောက်အဦကြီးမှာပြီးစီး သွားပြီဖြစ်သဖြင့် တနှေ့လျှင် ရေခဲတန် ၅၀ ထုတ်လုပ်နိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံ၌ ဆက်သွယ်ရေး ဖွံ့ဖြိုးမှု စီမံကိန်းများကို စတင် အကောင်အထည် ဖော်နေပြီဖြစ်ရာ စီမံကိန်း တခု ဖြစ်သော ဂြိုဟ်တု ဆက်သွယ်ရေး စီမံကိန်းအခြေစိုက်စခန်းကို ရန်ကုန်မြို့ တိုးကြောင်ကလေး၌ ၁၉၇၈ ခုနှစ် နိုဝင်ဘာလမှ စတင် တည်ဆောက်ခဲ့သည်။ ဂြိုဟ်တုဆက်သွယ်ရေး စနစ်ကို ၁၉၇၉ ခုနှစ် ဖေဖွဲ့ရီလ ၁၂ ရက်မှ စ၍ အသုံးပြုနိုင်ခဲ့လေသည်။

ရန်ကုန်တိုင်းသည် အထက်တန်းပညာ သင်ကြားကြမည့် ကျောင်းသူကျောင်းသားအများဆုံးရှိသည့် တိုင်းဖြစ်သည့်နှင့်အညီ ၁၉၇၆ ခုနှစ်တွင်ဒေသကောလိပ်အမှတ် ၁ နှင့် ၂ ကို ဖွင့်လှစ်ထားပြီး ၁၉၇၉ ခုနှစ်တွင် ဒေသကောလိပ်အမှတ် ၃ ကိုပါ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ လေသည်။

ရုပ်ရှင်ထူးချွန်ဆုများ၊ မြန်မာနိုင်ငံ။ ။ မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်း တိုးမြှင့်ရေးကို ရည်သန်၍ မြန်မာနိုင်ငံ အစိုးရသည် မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကို ၁၉၅၁ ခုနှစ် ဇွန်လ ၂၃ ရက်နေ့၌ စတင်ဖွဲ့စည်းခဲ့သည်။ ပထမဆုံး ဖွဲ့စည်းခဲ့သော ရုပ်ရှင်အကဲဖြတ်အဖွဲ့၌ ပြန်ကြားရေးဌာန အတွင်းဝန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ယဉ်ကျေးမှုဌာနအတွင်းဝန်၊ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်၊ အသံလွှင့်ဌာန ညွှန်ကြားရေးဝန်၊ရုပ်ရှင် နှင့် ပြဇာတ်ဌာန ညွှန်ကြားရေးဝန်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခ ဦးဘ၊ ရန်ကုန်တက္ကသိုလ် ပဋ္ဌကတ်တိုက်မှူး ဦးသိန်းဟန်တို့ ပါဝင်ကြပြီး ရုပ်ပြ ဗဟုသုတ ပြန့်ပွားရေးအဖွဲ့ အုပ်ချုပ်ရေး အရာရှိက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့လေသည်။

ထိုစဉ်က မြန်မာရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေးအဖွဲ့သည် တနှစ်အတွင်း ရိုက်ကူးပြသခဲ့သော ရုပ်ရှင်ကားများအနက် အကောင်းဆုံးဟု သတ်မှတ်သော ရုပ်ရှင်ကားကို ရွှေစင်ရုပ်ဆု ချီးမြှင့်ပြီး အခြားသင့်လျော်သော ရုပ်ရှင်ကားများကို ဒုတိယဆု၊ တတိယဆုဟူ၍ ဆုအဆင့်အတန်းကို ခွဲခြားထားသော ငွေစင်ရုပ်ဆု၊ ကြေးစင်ရုပ်ဆုများကို ချီးမြှင့်ခဲ့လေသည်။ရုပ်ရှင်ကားများကိုရွေးချယ်ရာ၌ ဓာတ်ပုံပညာ၊ ဇာတ်လမ်း၊ ညွှန်ကြားပြသခြင်း၊ ဇာတ်ဆောင်တို့၏ အမူအရာတို့ကိုပါ ထည့်သွင်း အကဲဖြတ်ခဲ့သည်။ ထိုစဉ်က ချီးမြှင့်သော ရုပ်ရှင်ထူးချွန်ဆုတွင် ဇာတ်ဆောင်ဆုကို အဓိက ဇာတ်ဆောင်ဆုနှင့် ဇာတ်ရံဆု ခွဲခြားခြင်းမရှိပဲ ပေါင်းခြုံ၍သာ ချီးမြှင့်ခဲ့လေသည်။

၁၉၅၄ ခုနှစ်တွင် အကောင်းဆုံး ဒါရိုက်တာဆုတဆုကိုပါ တိုးချဲ့ချီးမြှင့်ခဲ့လေသည်။ ၁၉၅၅ ခုနှစ်တွင် ဇာတ်ကားဆုကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုဟူ၍ ခွဲခြားခြင်းမပြုပဲ အကောင်းဆုံး ဇာတ်ကား ဆုတဆုတည်းကိုသာ စတင် ချီးမြှင့်သည်။ သို့ဖြစ်၍ အကောင်းဆုံးဇာတ်ကားဆု အကောင်းဆုံး အမျိုးသား ပညာသည်ဆု၊ အကောင်းဆုံး အမျိုးသမီး ပညာသည်ဆု၊ အကောင်းဆုံး ဒါရိုက်တာဆုဟူ၍ ဆုပေါင်း လေးဆုတိတိ ဖြစ်လာသည်။

၁၉၅၆ ခုနှစ်တွင် အကောင်းဆုံးဓာတ်ပုံ ထူးချွန်ဆုတဆု ထပ်မံတိုးလာပြီး ၁၉၆၂ ခုနှစ်တွင် အကောင်းဆုံး အမျိုးသား ဇာတ်ရံဆုနှင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ရံဆုတို့ကို ထပ်မံတိုးမြှင့် ချီးမြှင့်ခဲ့လေသည်။ ထို့ကြောင့် ရုပ်ရှင်ထူးချွန်ဆုပေါင်းမှာ ခုနစ်ဆုတိတိ ဖြစ်လာသည်။

ယင်းတို့မှာ

(၁) အကောင်းဆုံး ဓာတ်ပုံဆု
(၂) အကောင်းဆုံး အမျိုးသား ဇာတ်ရံဆု
(၃) အကောင်းဆုံး အမျိုးသမီး ဇာတ်ရံဆု
(၄) အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆု
(၅) အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု
(၆) အကောင်းဆုံး ဒါရိုက်တာဆု
(၇) အကောင်းဆုံး ဇာတ်ကားဆု

တို့ဖြစ်လေသည်။

(၁၉၅၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ရုပ်ရှင်ထူးချွန်ဆု ရရှိသူများ၏ စာရင်းကို တဖက်မျက်နှာတွင် နှစ်အလိုက် ဖော်ပြထားသည်)

မြန်မာရုပ်ရှင် ထူးချွန်ဆုများ (၁၉၅၂-၁၉၇၇)

၁၉၅၂ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ချစ်သက်ဝေ ဒါရိုက်တာ ဦးတင်မောင်အောင်မြင့်ရုပ်ရှင်
ဒုတိယဆု။ ။မယားနဲ့လူပျို ဒါရိုက်တာ ဦးလှတင်အောင်ဇေယျရုပ်ရှင်
တတိယဆု။ ။ချစ်ရှိခေါ်ထု ဒါရိုက်တာ ဦးချန်ထွန်းဖြိုတီသျှဘာသားများရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ကျော်ဝင်း မာလာရီ
ကြည်ကြည်ဌေး ချစ်သက်ဝေ

၁၉၅၃ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ရတနာပုံ ဒါရိုက်တာ ဦးတင်မောင်အောင်မြင့်ရုပ်ရှင်
ဒုတိယဆု။ ။သည်ဆောင်းဟေမန် ဒါရိုက်တာ ဦးသုခဖြိုတီသျှဘာသားများရုပ်ရှင်
တတိယဆု။ ။မြဟောဝန် ဒါရိုက်တာ ဦးချင်းစိန်အောင်မြင့်ရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
မောင်တင်မောင် ရတနာပုံ
မေမြင့် ပွဲခဲညောင်ရေ

၁၉၅၄ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ရွှေဘုန်းတင် ဒါရိုက်တာ ဦးတင်မောင်အောင်မြင့်ရုပ်ရှင်
ဒုတိယဆု။ ။ဖြူစင်ကြယ် ဒါရိုက်တာ ဦးသုခဖြိုတီသျှဘာသားများရုပ်ရှင်
တတိယဆု။ ။ဆုတောင်းပြည့် ဒါရိုက်တာ ဦးချစ်ဖေမြင့်ရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ဖြူစင်ကြယ် ဖေမြင့်
ဆုတောင်းပြည့် ဝဏ္ဏီ

၁၉၅၅ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ဖြူစင်ကြယ် ဒါရိုက်တာ ဦးတင်မောင်အောင်မြင့်ရုပ်ရှင်
ဒုတိယဆု။ ။ဆုတောင်းပြည့် ဒါရိုက်တာ ဦးသုခဖြိုတီသျှဘာသားများရုပ်ရှင်
တတိယဆု။ ။ဝဏ္ဏီ ဒါရိုက်တာ ဦးချစ်ဖေမြင့်ရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ဖြူစင်ကြယ် ဖေမြင့်
ဆုတောင်းပြည့် ဝဏ္ဏီ

၁၉၅၆ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ဖြူစင်ကြယ် ဒါရိုက်တာ ဦးတင်မောင်အောင်မြင့်ရုပ်ရှင်
ဒုတိယဆု။ ။ဆုတောင်းပြည့် ဒါရိုက်တာ ဦးသုခဖြိုတီသျှဘာသားများရုပ်ရှင်
တတိယဆု။ ။ဝဏ္ဏီ ဒါရိုက်တာ ဦးချစ်ဖေမြင့်ရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ဖြူစင်ကြယ် ဖေမြင့်
ဆုတောင်းပြည့် ဝဏ္ဏီ

၁၉၅၇ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ရတနာပုံ ဒါရိုက်တာ ဦးတင်မောင်အောင်မြင့်ရုပ်ရှင်
ဒုတိယဆု။ ။သည်ဆောင်းဟေမန် ဒါရိုက်တာ ဦးသုခဖြိုတီသျှဘာသားများရုပ်ရှင်
တတိယဆု။ ။မြဟောဝန် ဒါရိုက်တာ ဦးချင်းစိန်အောင်မြင့်ရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
မောင်တင်မောင် ရတနာပုံ
မေမြင့် ပွဲခဲညောင်ရေ

၁၉၅၈ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ဆုတောင်းပြည့် ဒါရိုက်တာ ဦးသုခဖြိုတီသျှဘာသားများရုပ်ရှင်
ဒုတိယဆု။ ။ဝဏ္ဏီ ဒါရိုက်တာ ဦးချစ်ဖေမြင့်ရုပ်ရှင်
တတိယဆု။ ။ဖြူစင်ကြယ် ဒါရိုက်တာ ဦးတင်ယုအောင်မြင့်ရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ဦးသုခ ဆုတောင်းပြည့်
ဝဏ္ဏီ ဖေမေ
ဒါရိုက်တာထူးချွန်ဆု
ဦးသုခ ဆုတောင်းပြည့်
ဦးချစ်ဖေမြင့် ဝဏ္ဏီ

၁၉၅၉ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ဖြူစင်ကြယ် ဒါရိုက်တာ ဦးတင်မောင်အောင်မြင့်ရုပ်ရှင်
ဒုတိယဆု။ ။ဆုတောင်းပြည့် ဒါရိုက်တာ ဦးသုခဖြိုတီသျှဘာသားများရုပ်ရှင်
တတိယဆု။ ။ဝဏ္ဏီ ဒါရိုက်တာ ဦးချစ်ဖေမြင့်ရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ဖြူစင်ကြယ် ဖေမြင့်
ဆုတောင်းပြည့် ဝဏ္ဏီ

၁၉၆၀ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ဆုတောင်းပြည့် ဒါရိုက်တာ ဦးသုခဖြိုတီသျှဘာသားများရုပ်ရှင်
ဒုတိယဆု။ ။ဝဏ္ဏီ ဒါရိုက်တာ ဦးချစ်ဖေမြင့်ရုပ်ရှင်
တတိယဆု။ ။ဖြူစင်ကြယ် ဒါရိုက်တာ ဦးတင်ယုအောင်မြင့်ရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ဦးသုခ ဆုတောင်းပြည့်
ဝဏ္ဏီ ဖေမေ
ဒါရိုက်တာထူးချွန်ဆု
ဦးသုခ ဆုတောင်းပြည့်
ဦးချစ်ဖေမြင့် ဝဏ္ဏီ

၁၉၆၁ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ပထမဆု။ ။ဆုတောင်းပြည့် ဒါရိုက်တာ ဦးသုခဖြိုတီသျှဘာသားများရုပ်ရှင်
ဒုတိယဆု။ ။ဝဏ္ဏီ ဒါရိုက်တာ ဦးချစ်ဖေမြင့်ရုပ်ရှင်
တတိယဆု။ ။ဖြူစင်ကြယ် ဒါရိုက်တာ ဦးတင်ယုအောင်မြင့်ရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ဦးသုခ ဆုတောင်းပြည့်
ဝဏ္ဏီ ဖေမေ
ဒါရိုက်တာထူးချွန်ဆု
ဦးသုခ ဆုတောင်းပြည့်
ဦးချစ်ဖေမြင့် ဝဏ္ဏီ

၁၉၆၂ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ဒေါက်တာ အောင်ကျော်ဦး ဒါရိုက်တာ ရွှေဒုံးဘီအောင်ဖြိုတီသျှဘာသားများရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ထွန်းဝေ ဖိုလ်မြဒင်
မြင့်မြင့်ခင် ချစ်ညီမ
ဒါရိုက်တာထူးချွန်ဆု
ရွှေဒုံးဘီအောင် ဒေါက်တာ အောင်ကျော်ဦး
ဓာတ်ပုံထူးချွန်ဆု
ထွန်းလှိုင် မြတ်ပန်းဝတ်ရည်

ဓာတ်ပုံထူးချွန်ဆု
ဦးထွန်းမြင့် စွဲတဲ့မေတ္တာ
* ဦးကျော်သောင်းမှာ အဓိကသရုပ်ဆောင်အဖြစ်မဟုတ်၊ အရံသရုပ်ဆောင်သာ ဖြစ်သည်။

၁၉၆၃ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ချစ်တော့ချစ်တယ် ဒါရိုက်တာ သုခနှင့် မျိုးအောင်စန်းသော်တာရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ထွန်းဝေ ချစ်တော့ချစ်တယ်
ဖိုလ်အောင်နိုင်
ကကြီးရေက သုံးကားပေါင်း
မြတ်မွန် ကကြီးရေက
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရံ)
ဒေါ်ခင်ညွန့် ကကြီးရေက
ဒါရိုက်တာထူးချွန်ဆု
သာဓု ကကြီးရေက
ဓာတ်ပုံထူးချွန်ဆု
ဦးဘကြည် ဖိုလ်အောင်နိုင်

၁၉၆၄ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
စွဲတဲ့မေတ္တာ ဒါရိုက်တာ ဦးမြမောင်မြင့်ဇော်လင်း
သရုပ်ဆောင်ထူးချွန်ဆု
ဦးကျော်သောင်း * ဖြေလျော့ခွေ
မြင့်မြင့်ခင် ဖြေလျော့ခွေ
ဒါရိုက်တာထူးချွန်ဆု
ဦးအုန်းခင် ဖြေလျော့ခွေ

၁၉၆၅ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ရေမြေဆုံးတိုင် ဒါရိုက်တာတက္ကသိုလ်ဝင်းမေမန္တလေးရွှေရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
မောင်သင် ရေမြေဆုံးတိုင်
ချစ်သွေးသစ္စာ
စိုးပါနဲ့မေရယ်သုံးကားပေါင်း
မေသစ် မေတ္တာရွှေရည်



ပုံ(၂၃) ၁၉၆၆ ခုနှစ် ဂုဏ်ထူးချွန်ဆု ချီးမြှင့်ပုံတွင် ဆုရရှိသူများအရှေ့တန်းဝယ် ရွှေဝင်ရွှမ်များနှင့် အတူတွေ့ပြင်ရပုံ

ဒါရိုက်တာထူးချွန်ဆု
သာဓု — အငိုလွယ်သည်
ဓာတ်ပုံထူးချွန်ဆု
ဦးတင်ယု — မေတ္တာရှေ့ရည်

၁၉၆၁ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ကိုယ်ပိုင်မေတ္တာ — ဒါရိုက်တာ လှမြင့်
မန္တလေးရှယ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
မြတ်လေး — အမှန်၏ နောက်ဝယ်
ခင်ယုမေ — ကိုယ်ပိုင်မေတ္တာ
ဒါရိုက်တာထူးချွန်ဆု
တက္ကသိုလ်ဝင်းမေ — ပြည်တန်တဲ့ကျည်ဆံ
ဓာတ်ပုံထူးချွန်ဆု
ဦးမောင်ကလေး — ကိုယ်ပိုင်မေတ္တာ

၁၉၆၂ ခုနှစ်
သရုပ်ဆောင်ထူးချွန်ဆု
သီသီ — အတွေ့
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
ဦးကျော်လုံး — အတွေ့
ဒေါ်မေနွဲ့ — ရွှေရင်သိမ်းသစ်

၁၉၆၃ ခုနှစ်
ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းအစီအစဉ်မှာ အကြောင်းအမျိုးမျိုးကြောင့် တနှစ်မျှ ရပ်ဆိုင်းသွားသည်။

၁၉၆၄ ခုနှစ်
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
ဦးကျော်ဇော်လုံး — ရင်ဝယ်တသိမ့်သိမ့်
ဒေါ်မေသစ် — ရင်ဝယ်တသိမ့်သိမ့်
ဓာတ်ပုံထူးချွန်ဆု
ဦးဘကြည် — ချိန်းမိလေသောည

၁၉၆၅ ခုနှစ်
သရုပ်ဆောင်ထူးချွန်ဆု
ဝါဝါဝင်းရွှေ — ချစ်သမီး
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
ဦးကျော်လုံး — ချစ်သမီး
တင်တင်မူ — သံလွန်စ

၁၉၆၆ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ဆောင်း — ဒါရိုက်တာ မောင်လှမျိုး အောဝမ်းရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
စံရှားတင် — ဆောင်း
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
စိုးရွှေ — ရင်မှာမွှင့်သော မေတ္တာဟန်း

၁၉၆၇ ခုနှစ်
သရုပ်ဆောင်ထူးချွန်ဆု
ဝင်းဦး — ဆောင်းအိမ်မက်
ခင်သန်းနု — ကိုယ်ရယ် တိုးရယ် စိုးစိုးရယ်

ဒါရိုက်တာထူးချွန်ဆု
ဦးတင်မောင် — ကိုယ်ရယ် တိုးရယ် စိုးစိုးရယ်

၁၉၆၈ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
စကားပြောသော အသဲနှလုံး — ဒါရိုက်တာ သုခ၊ သုခရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ညွှန့်ဝင်း — ဗန်ဒိုလူကလေးနှင့် သူငှာ
စန္ဒာ — နှစ်မွှာအသဲ
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
ဦးသိန်းမောင် — စကားပြောသော အသဲနှလုံး
ခင်မိုးမိုး — အပယ်ရတနာ
ဒါရိုက်တာထူးချွန်ဆု
သုခ — စကားပြောသော အသဲနှလုံး
ဓာတ်ပုံထူးချွန်ဆု
ဦးသန်းမောင် — နှစ်မွှာအသဲ

၁၉၆၉ ခုနှစ်
သရုပ်ဆောင်ထူးချွန်ဆု
ကောလိပ်ကျင်နေဝင်း — ပယင်းထောင်
ဝါဝါဝင်းရွှေ — ချောင်းကိုပစ်၍ မြစ်ကိုရွာ
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
ဒေါ်သိန်းရွှင် — အသက်ကိုနှင်း၍
ဓာတ်ပုံထူးချွန်ဆု
ကိုစံအေး — မေတ္တာကိုယ်စားနှင်းပါ့မယ်

၁၉၇၀ ခုနှစ်
သရုပ်ဆောင်ထူးချွန်ဆု
ဝင်းဦး — မုံ့ရွှေရည်
တင်တင်ခွဲ — ကျမမှာမိန်းမသား
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
ဇိုလ်ဗကို — သီတာပြုံး
ကြည်ကြည်ရွှေး — နုနုငယ်ငယ်
ဒါရိုက်တာထူးချွန်ဆု
သုခ — ကျမမှာမိန်းမသား

၁၉၇၁ ခုနှစ်
သရုပ်ဆောင်ထူးချွန်ဆု
ညွှန့်ဝင်း — ချစ်သူငိုင်းဝိုင်းလည်
ဒေစီကျော်ဝင်း — အားနွဲ့သူပါရှင်
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
ဇိုလ်ဗကို — တက္ကတကမ္ဘာ
အေးအေးသင်း — မာယာထောင်ချောက်
ဒါရိုက်တာထူးချွန်ဆု
မောင်ဝဏ္ဏ — ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း
ဓာတ်ပုံထူးချွန်ဆု
ဆန်နီတင် — တခြားကမ္ဘာကချစ်သူ

၁၉၇၂ ခုနှစ်
ဒါရိုက်တာထူးချွန်ဆု
မောင်တင်ဦး — နေထွက်သောည
ဓာတ်ပုံထူးချွန်ဆု
ဦးလှဖေ — နေထွက်သောည

* ဆုရ အရေအတွက်နည်းပါးသဖြင့် ၁၉၇၃ ခုနှစ် ဆုပေးပွဲတွင်မှ စုပေါင်းချီးမြှင့်သည်။

၁၉၇၃ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ဘယ်သူ့ပြိုင်လို့ လှပါတော့နိုင် — ဒါရိုက်တာသုခ၊ သုခရုပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
မြင့်မြင့်ခင် — မုန်းပါတယ်မောင့်ကို
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
အံ့ကျော် — ဘယ်သူ့ပြိုင်လို့ လှပါတော့နိုင်
အေးအေးသင်း — ဇာခန်းဆီး နောက်ကွယ်မှာ
ဒါရိုက်တာထူးချွန်ဆု
သုခ — ဘယ်သူ့ပြိုင်လို့ လှပါတော့နိုင်
ဓာတ်ပုံထူးချွန်ဆု
ဦးစန်းမြင့် — အိပ်မက်တံတား

၁၉၇၄ ခုနှစ်
သရုပ်ဆောင်ထူးချွန်ဆု
နွဲ့နွဲ့မူ — နောင်ကူးမ
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
အောင်လွင် — နောင်ကူးမ

၁၉၇၅ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
ရွှေခြည် ငွေခြည် တန်းပါလို့ — ဒါရိုက်တာသုခ၊ မင်းသူရိန်ရှပ်ရှင်
သရုပ်ဆောင်ထူးချွန်ဆု
ခင်ယုမေ — ရွှေခြည် ငွေခြည် တန်းပါလို့
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
မြင့်နိုင် — ကျေးဂျူးကမ္ဘာ
ဒေါ်မေနွဲ့ — ရွှေခြည် ငွေခြည် တန်းပါလို့
ဒါရိုက်တာထူးချွန်ဆု
သုခ — ရွှေခြည် ငွေခြည် တန်းပါလို့
ဓာတ်ပုံထူးချွန်ဆု
ဆန်နီတင် — ကျနော်နှင့် ကိုဘကျော်

၁၉၇၆ ခုနှစ်
ဇာတ်ကားထူးချွန်ဆု
နှလုံးသားနှင့်စစ်တာဝန် — ဒါရိုက်တာစိန်ဖေတင် ပြည်ကျော်ရှပ်ရှင်
ဒါရိုက်တာထူးချွန်ဆု
စိန်ဖေတင် — နှလုံးသားနှင့်စစ်တာဝန်
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
ဒေါ်မေသစ် — နွဲ့မျိုးစုံလင် နွဲ့လိုက်ချင်
ဓာတ်ပုံထူးချွန်ဆု
ဦးစန်းမောင် — ကျွန်းကလေးမှာ နှစ်ယောက်ထဲ

၁၉၇၇ ခုနှစ်
သရုပ်ဆောင်ထူးချွန်ဆု
စိန်မြင့် — အဖေတခု သားတခု
ဝါဝါဝင်းရွှေ — မိန်းကလေးရှင်ရဲ့ဆန္ဒ
သရုပ်ဆောင်ထူးချွန်ဆု (ဇာတ်ရုံ)
ဆွေငင်ထိုက် — မိန်းကလေးရှင်ရဲ့ဆန္ဒ
ရှပ်ရှင်ထူးချွန်ဆု အထူးဆု
မောင်အောင်ထွန်း — အဖေတခု သားတခု
ဓာတ်ပုံထူးချွန်ဆု
ဦးပန်းအေး — နေခြည်ပြာမှ နွေးသော်ကြောင့်



ယူနက်စကိုအဖွဲ့ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံအစိုးရတို့ ပူးပေါင်းပြုပြင်နေသော ဗောရောဗုဒ္ဓဝဂ္ဂဘုရားကြီး

ရှားဘုရင်၊ မိုဟာမက်, ရီဇပါလဗီ
(အီရန်နိုင်ငံ—ရှ။)

ရွေးဟောင်းဒေသနှင့်အဆောက်အအုံများပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း။ ။ကုလသမဂ္ဂပညာ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ကြီးသည် နိုင်ငံတကာရှိ ရွေးဟောင်းအဆောက်အအုံများ၊ ရွေးဟောင်း မြေနေရာဒေသများ ပြန်လည် ပြုပြင်ထိန်းသိမ်းရေးအတွက် ကြီးကြပ် ကွပ်ကဲ ဆောင်ရွက်ခဲ့လေသည်။ ခရစ် ၁၉၆၆ ခုနှစ်တွင် အက်ဆွမ် ဆည်ကြီး ကျိုးပေါက်၍ ရေလွှမ်းခံခဲ့ရသော အီဂျစ်နိုင်ငံရှိ ရွေးဟောင်း "အဘူဆင်ဘဲလ်" ဂူဘုရား ပြန်လည် ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းတွင် ထိရောက်စွာ ကူညီခဲ့လေသည်။ ယခုအခါ အင်ဒိုနီးရှားသမ္မတနိုင်ငံရှိ ဗော့ရောဗုဒ္ဓဝဂ္ဂဘုရား ပြန်လည် ပြုပြင် ထိန်းသိမ်းရေးအတွက် စီမံချက်များ ရေးဆွဲပြီး အကောင်အထည်ဖော်လျက် ရှိလေသည်။

ဗောရောဗုဒ္ဓဝဂ္ဂဘုရားသည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဆိုင်ရာ ဂူဘုရားများအနက် အကြီးဆုံးဖြစ်၏။ (၈ – ၇၅ —ရှ။) ယင်းသည်အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျာကာတာမြို့မှ မိုင် ၃၀ ခန့် အကွာ အုတ်ကျိုးအုတ်ပဲ့တို့ဖြင့် အတိပြီးသော ကုန်းကမ္ဘတခုပေါ်တွင် တည်ရှိလေသည်။ ခရစ် ရှစ်ရာစုခန့်တွင် တည်ထားခဲ့သည်ဟု အဆိုရှိပေသည်။ ခရစ် ၁၉၀၆ ခုနှစ်မှ ၁၉၁၁ ခုနှစ်အထိ ဒတ် (ချ) တို့က ပြုပြင် ထိန်းသိမ်းခဲ့လေသည်။ သို့ရာတွင် မိုးရေများ စနစ်တကျ စီးဆင်းစေရန် မလုပ်ဆောင်ခဲ့သဖြင့် ၂၀ ရာစုနှစ်သို့ ရောက်သောအခါ ပြိုလုနီးနီး ပျက်စီးခဲ့ရလေသည်။

ဤဘုရားကြီး ယိုယွင်းပျက်စီးနေခြင်းမှ ပြန်လည်ပြုပြင် ထိန်းသိမ်းရန်အတွက် ၁၀ နှစ်အတွင်း အပြီး ဆောင်ရွက်ရန် ယူနက်စကိုအဖွဲ့ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံအစိုးရတို့ ပူးတွဲ စီမံဆောင်ရွက်လျက်ရှိပေသည်။

ဤဘုရားကြီး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းကို ခရစ် ၁၉၇၃ ခုနှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ခရစ်

၁၉၇၂ ခုနှစ်တွင် ပြီးစီးရန် ခန့်မှန်း၍ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၇ သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းခဲ့လေသည်။ ဤလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်နေသူမှာ အင်ဒိုနီးရှား ရွှေဟောင်း သုတေသနပညာရှင် "ဆွဲခ်မိုဒို" ဖြစ်လေသည်။

ကမ္ဘာ့ရွှေဟောင်း မြေနေရာ ဒေသများအနက် လူသိများ၍ ထင်ရှားကျော်ကြားသော အခြား နေရာတခုကား "လုမ္ဗဏီ ဥယျာဉ်တော်" ဖြစ်ပေသည်။ ဂေါတမ ဗုဒ္ဓ အလောင်းတော် သိဒ္ဓတ္ထမင်းသားကိုမီးရှူးသန့်စင် ဖွားမြင်ခဲ့သည့် နေရာဖြစ်လေသည်။ လုမ္ဗဏီ ဥယျာဉ်တော်သည် ယခုအခါ နီပေါလ်နိုင်ငံထဲတွင် တည်ရှိလေသည်။ ဤဥယျာဉ်တော်ကို ပြန်လည် ထိန်းသိမ်းရေး၊ ခေတ်နှင့် အညီ မွမ်းမံပြင်ဆင်ရေးအတွက်လည်း ကုလသမဂ္ဂ ယူနက်စကို အဖွဲ့က စဉ်းစား စီစဉ်လျက်ရှိပေသည်။ ခရစ် ၁၉၇၁ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ ဗီသုကာ ပါမောက္ခကင်ဇိုတန်ဂီ အမှူးပြုသော ကျွမ်းကျင်သူ ပညာရှင်များ စည်းဝေး ဆွေးနွေးကာ လုမ္ဗဏီ ဥယျာဉ်တော်ကို သုံးကွက် ပိုင်းခြားမည်ဖြစ်သည်။ ဗဟို အချက်အချာ တမိုင်ပတ်လည် နေရာကို ဗုဒ္ဓ ဖွားမြင်တော်မူခဲ့ရာ အထူတ်အမြတ်နေရာအဖြစ် ပကတိအတိုင်း ထိန်းသိမ်းထားရှိမည်။ မြောက်ဖက်ကွက်လပ်နေရာကိုမူ ကျောင်း သံခိမ်းတော် (၀၀) ရဟန်းတော်များအတွက် ပရဝုဏ်နေရာအဖြစ် သတ်မှတ် ထားရှိမည်။ ယင်းနေရာ၏ မြောက်ဖက်စူးစူး တမိုင်ပတ်လည်နေရာကို ကမ္ဘာလှည့် ခရီးသည်များတည်းခို အပန်းဖြေရန် နေရာအဖြစ် မွမ်းမံ ထားရှိကာ "လုမ္ဗဏီ ဥယျာဉ်တော်သစ်" ဟု ခေါ်တွင်စေမည် ဖြစ်လေသည်။ လုမ္ဗဏီ ဥယျာဉ်တော် ရွှေဟောင်း မြေနေရာ၏ ပတ်လည် ဒေသကိုမူကား စိုက်ပျိုးရေးဇုံအဖြစ် သတ်မှတ်ထားရှိမည် ဖြစ်သည်။ ဤပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအားလုံးအတွက် ကုန်ကျ စရိတ်ကို အမေရိကန် ဒေါ်လာ ၅,၆၆၀,၀၀၀ ကျော်ခန့် ကုန်ကျလိမ့်မည်ဟု သက်ဆိုင်ရာတို့က ခန့်မှန်းထားလေသည်။

ရှမ်းပြည်နယ်။ ။ရှမ်းပြည် နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ လေးပုံတပုံခန့် အကျယ်အဝန်းရှိ၍ အကြီး ဆုံးပြည်နယ်ဖြစ်သည်။ အကျယ်အဝန်းမှာ ၆၀,၁၅၅ စတု ရန်းမိုင်ရှိသည်။ မြို့နယ် ၅၂ မြို့ နယ်၊ ကျေးရွာ အုပ်စုပေါင်း ၁,၆၂၈ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ ၁၉၇၈ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၃,၀၉၅,၆၅၇ ရှိသည်။

ရှမ်းပြည်နယ်၏ အဓိကလုပ်ငန်းမှာ လယ်ယာလုပ်ငန်း ဖြစ်သည်။ အဓိက သီးနှံများမှာ စပါး၊ လက်ဖက်၊ မြေပဲ၊ ဂျုံ၊ ပဲမျိုးစုံနှင့် အာလူးတို့ဖြစ်သည်။ စပါးကို အများဆုံး

ရှမ်းပြည်နယ်ရှိ ကွန်ဟိန်းတံတားကြီး၊ ၁၉၇၈ ခုနှစ် ဖေဖွဲ့ဝါရီလ ၁၂ ရက်နေ့၊ ၃၁ ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။



ရှမ်းပြည်နယ်


ရှမ်းပြည်
လားရှိုး
ကျောက်မဲ
လွိုင်လင်
တောင်ကြီး
ကျိုင်းတုံ
နမ့်ခမ်း
မိုးမိတ်
ကွတ်ခိုင်
ဆိပ်ဖြူ
ပင်းတယ
ပင်လောင်
ကလော
ဟိုပုန်း
ရေဒေသကြီး
ပင်းလေး
ကျောက်ဆည်
ပင်းတလဲ
ပင်းဒေး
ပင်းယဉ်
ပင်းယော်
ပင်းယွန်း
ပင်းတုံ
ပင်းဝဲ
ပင်းခေါင်
ပင်းခေး
ပင်းဆော်
ပင်းကြတ်
ဟားခါကော်
ကွမ်းလုံ
ကွမ်းခိုင်
သီထီး
ပန်ဆိုင်
ပင်းဟိုင်း
ပင်းကိုင်
ပင်းကြီး
ပင်းဟိန်း
ပင်းဟော်
ပင်းဟန်
ပင်းဟား
ပင်းဟေ
ပင်းဟွဲ
ပင်းဟွန်း
ပင်းဟိုက်
ပင်းဟိုင်း
ပင်းဟိုက်
ပင်းဟိုင်း
ပင်းဟိုက်
ပင်းဟိုင

မိုင်းစိပ်ဆည်ကိုဌင်း၊ အခြားဆည်မြောင်း တာတမံလုပ်ငန်း များကိုဌင်း အစဉ်တစိုက် ဆောင်ရွက် အကောင်အထည် ဖော်လျက် ရှိလေသည်။ ရှမ်းပြည်နယ် စိုက်ပျိုးရေးတွင် ဆည်မြောင်းတာတမံဖြင့် ရေသွင်းစိုက်ပျိုးသည်ဖြစ်ရာ ဆည် ရေသောက်လယ်ကေပေါင်းမှာ ၅၂,၉၁၃ ကေရှိသည်။

ရှမ်းပြည်နယ်၏ သစ်တောကြိုးဝိုင်း ဧရိယာမှာ ၃,၁၃၇ စတုရန်းမိုင် ရှိသည်။ သစ်တောထွက် ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ရွားစေး၊ သစ်ခေါက်၊ လျှော်၊ ထင်းရှူးဆီ၊ လင်းနို့ချေး၊ သစ်စေးတို့ကို တနှစ်ထက်တနှစ် ပိုမို ထုတ်လုပ် လျက်ရှိသည်။

ရှမ်းပြည်နယ်တွင် ခဲ၊ သွပ်၊ ငွေ၊ ကြေးနီ၊ သံရိုင်း၊ ကျောက်မီးသွေး၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ခဲမဖြူနှင့် အဖိုးတန် ကျောက်မျက် ရတနာများကို တူးဖော် ရရှိသည်။ သတ္တုတူးဖော်ရေး လုပ်ငန်းသည် ရှမ်းပြည်နယ်၏ ဒုတိယ အရေးကြီးဆုံး စီးပွားရေး လုပ်ငန်းဖြစ်သည်။ ၁၉၇၇-၇၈ ခုနှစ်တွင် ပြည်သူပိုင်ကဏ္ဍမှ ခဲမဖြူသန့်စင် ၅ တန်၊ အဖြိုက်နက် သန့်စင် ၂၅ တန်၊ ငွေစင် (ဘော်) အောင်စ ၄၁၀၊ ခဲစင် ၅,၁၉၈ တန်၊ ခနောက်စိမ်းသတ္တု၊ ဂေဒန် ကျောက်၊ ကျောက်မီးသွေးနှင့် အခြားသတ္တုများ တနှစ်ထက် တနှစ် တူးဖော် ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ပြင် သမဝါယမ ကဏ္ဍမှ ဖြူးကျောက်၊ မီးခဲမြေစေး၊ ဂေဒန်ကျောက်များကို တူး ဖော်လုပ်ကိုင်လျက်ရှိသည်။

ငွေ့ကျပ် သိန်းပေါင်း ၁၈၀ ကုန်ကျသော ကွန်ဟိန်း တံတားကြီးကို ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် တည်ဆောက် ပြီးစီးခဲ့သည်။ ယင်းတံတားသစ်ကြီးကို ၁၉၇၈ ခုနှစ် ဖေဖော် ဝါရီလ ၁၂ ရက်နေ့ ၃၁ ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် ဖွင့်လှစ်ပေးခဲ့လေသည်။

ရှမ်းပြည်နယ်တွင် ပြည်သူပိုင် စက်ရုံ အလုပ်ရုံ ၁၄၂ ရုံ ရှိသည်။ ပြည်နယ်အတွင်းသမဝါယမအသင်းများဖွဲ့စည်းထား ရှိရာ ၁၉၇၇-၇၈ ခုနှစ်အတွင်း မြို့နယ် သမဝါယမ အသင်း ၄၄ သင်း၊ စက်မှုလက်မှု ကုန်ထုတ် သမဝါယမအသင်း ၃၅ သင်း၊ ကျေးရွာသမဝါယမအသင်း ၉၃၅ သင်း၊ စားသုံးသူ သမဝါယမအသင်းပေါင်း ၁၄၉ သင်းနှင့် အခြား လယ်ယာ ကုန်ထုတ် သမဝါယမ အသင်းများကို ဖွဲ့စည်းထားသည်။

ရှမ်းပြည်နယ်တွင် မူလတန်း ကျောင်းပေါင်း ၁,၃၉၀၊ အလယ်တန်းကျောင်း ၁၁၀၊ အထက်တန်းကျောင်း ၄၄ ကျောင်း ဖွင့်လှစ်ထားသည်။ ထို့ပြင် ဆရာ အတတ်သင် ကျောင်း၊ စက်မှုလက်မှုသိပ္ပံ၊ စက်မှု လက်မှု အထက်တန်း ကျောင်း၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ အထက် တန်း ယက်ကန်းကျောင်း၊ အခြေခံ ယက်ကန်း ကျောင်း၊ တောင်ကြီး ကော လိပ် နှင့် ဒေသ ကော လိပ် ကျောင်း တကျောင်းစီ ဖွင့်လှစ်ထားလေသည်။

ရွှေဝယ်၉ (မြန်မာ ၁၂၅၄-၁၃၄၀)။ ။ကွယ်လွန်ခါနီး အချိန်အထိ စာပေကို ခင်တွယ်မြတ်နိုးစွာ ရေးသားသွား ခဲ့သောစာရေးဆရာ ကြီး ရွှေဝယ်သည် မြန်မာ သက္ကရာဇ် ၁၂၅၄ ခုနှစ် တန်ခူး လတွင် ထားဝယ်မြို့ ဇရစ်ရပ်၌ ဖွားမြင်ခဲ့ သည်။ အမည် ရင်း မှာ ဦးဘဇင် ဖြစ် သည်။



စာရေးဆရာ ရွှေဝယ်၉

မိဖများမှာ ကုန်သည် ဦးရွှေသောင်နှင့် ဒေါ်မြိုင် သူ ဖြစ်၍ မွေး ချင်း သုံးယောက် အနက် ဦးဘသည် ဒုတိယ မြောက်ဖြစ်သည်။

ငယ်စဉ်ကပင် စာပေဝါသနာပါသူ ဖြစ်သည့်အလျောက် စတုတ္ထတန်း၌ သင်ကြားနေစဉ် ရန်ကုန်မြို့မှ တပတ်တကြိမ် ထုတ် ဟံသာဝတီ သတင်းစာပါ ဆောင်းပါး ကဗျာများကို ဖတ်ရှုမှတ်သားခဲ့သည်။ ပါဝင်ရေးသားရန် စုံစမ်းမေး မြန်းခဲ့သည်။

လေ့လာစရာ စာအုပ်စာတန်း စာနယ်ဇင်း ရှားပါးလှသော ထိုခေတ်တွင် ဦးဘသည် စာပေဝါသနာ ပြင်းပြသူ ဖြစ်သဖြင့် ရှားပါးလှသော စာအုပ်စာတန်းများကို ခက်ခက်ခဲခဲ ရှာဖွေ ဖတ်ရှုခဲ့ရသည်သာမက နည်းပါးလှသော စာနယ်ဇင်းများကို ဝယ်တန်သည်ကို ဝယ်ယူ၍ ငှားတန်သည်ကို ငှားရမ်းလေ့လာခဲ့ရသည်။ အထူးသဖြင့် ဟံသာဝတီ သတင်းစာပါ ဆောင်းပါး, ကဗျာများကို အများဆုံး လေ့ လာခွင့် ရရှိခဲ့သည်။

ထိုအချိန်က ဟံသာဝတီသတင်းစာ၌ ပါရှိသော ဆောင်း ပါး, ကဗျာ များမှာ လောကကြောင်း လောကရေးရာထက် ဓမ္မကြောင်း ဓမ္မရေးရာက ပိုမိုများပြားသည်။

ဦးဘသည် ယင်း ဟံသာဝတီ သတင်းစာပါ ဆောင်း ပါးများ၊ကဗျာများကိုလေ့လာယင်း ဆဋ္ဌမတန်းသို့အရောက် ခရစ် ၁၉၁၂ ခုနှစ်လောက်တွင် ဟံသာဝတီ သတင်းစာ၌ ဆောင်းပါး, ကဗျာများကို ထားဝယ်သူ မပြုံးကြည် အမည် ဖြင့် စတင်ရေးသားခဲ့သည်။

ဦးဘသည် မြန်မာသတ္တမတန်းနှင့် အလယ်တန်းဆရာ အဖြစ် စာမေးပွဲအောင်မြင်ပြီးနောက် ထားဝယ်မြို့မှာပင် အလယ်တန်းပြဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ထိုသို့လုပ်ကိုင်

ယင်း သူရိယသတင်းစာ ကူးသန်းရောင်းဝယ်ရေးသတင်းစာ၊ လစ်ဘာတီသတင်းစာ၊ အောင်မြန်မာသတင်းစာနှင့် သစ္စဝါဒီ သတင်းစာ စသည်တို့တွင်ရင်း၊ သူရိယမဂ္ဂဇင်း၊ ဝတ္ထုညွှန့်ပေါင်းမဂ္ဂဇင်း၊ တိုးတက်ရေး မဂ္ဂဇင်းနှင့် မြန်မာ့ရုပ်ရှင်မဂ္ဂဇင်းတို့တွင်ရင်း ထားဝယ်သူ မပြုံးကြည် ကလောင်အမည်ဖြင့်ပင် ရေးသားခဲ့သည်။ ဒီဆူဇာ ဆေးတိုက်မှ ထုတ်ဝေသောသက်စောင့် မဂ္ဂဇင်းနှင့် ဝပ်ဆင်ကုမ္ပဏီမှ ထုတ်ဝေသော ကောဇာသစ်မဂ္ဂဇင်းတွင်လည်း ရေးသားခဲ့ဘူးသည်။

ထိုအချိန်က အောင်မြန်မာသတင်းစာ သစ္စဝါဒီသတင်းစာများ၌ ထားဝယ်သူမပြုံးကြည်အမည်ဖြင့် ရေးခဲ့သော ဆောင်းပါးနှင့်ကဗျာများမှာ ပဟေဠိများ၊ အမေးပုစ္ဆာများအများအပြားပါဝင်သည်၊ မပြုံးကြည်နှင့် အမေးအဖြေ ပြုလုပ်ခဲ့သော ကလောင်ရှင်များမှာ "တောင်မင်းပြောင်–မောင်သင်းမောင်" နှင့် ပုသိမ်ညွှန့် မီးခြစ်စက်ရုံမှ "ညွှန့်ညွှန့်"စသူတို့ဖြစ်သည်။ မပြုံးကြည်သည် သစ္စဝါဒီသတင်းစာ၌ ပါရှိသော ပဟေဠိကို အောင်မြန်မာသတင်းစာမှ နေ၍ ဖြေသည့်အခါဖြေပြီး အောင်မြန်မာ၌ပါရှိသော အမေးပုစ္ဆာကို သစ္စဝါဒီ သတင်းစာမှနေ၍ ဖြေသည့်အခါလည်း ဖြေခဲ့သည်။

စစ်ကြို့ခေတ်ရောက်လာသောအခါ ဦးဘသည် "ရွှေဝယ်အေး"အမည်သို့ပြောင်းကာ ကြီးပွားရေး မဂ္ဂဇင်းတွင် စတင်ရေးသားခဲ့ရာ ကွယ်လွန်သည်အထိ ရွှေဝယ်ကလောင်အမည်ကိုပင် အသုံးပြုခဲ့သည်။

ဂျပန်ခေတ်တွင် ကျောင်းဆရာမလုပ်တော့ပဲ အခြားအလုပ်အကိုင်များကို လုပ်ကိုင်ခဲ့သည်။ သို့သော် စစ်ပြီးသောအခါ ထားဝယ်မြို့ ရှမ်းမလည်ဆွဲရပ်၌ မူလတန်းကျောင်းအုပ်အဖြစ် ပြန်လည်လုပ်ကိုင်ခဲ့ပြီးနောက် ခရစ် ၁၉၅၂ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

ဦးဘသည် စစ်ပြီးခေတ်၌ ဟံသာဝတီ၊ ပြည်ထောင်စု၊ မဏ္ဍိုင်၊ လုပ်သားပြည်သူနေ့စဉ် စသော သတင်းစာများ၌ဌင်း၊ ရှုမဝ၊ သွေးသောက်၊ အလင်းရောင်၊ လူထုပညာ၊ ယဉ်ကျေးမှု၊ စာပေဗိမာန်၊ မြဝတီ၊ ဌေတာရီ၊ စသော မဂ္ဂဇင်းများ၌ဌင်း စာပေ၊ ဂီတနှင့် ရိုးရာယဉ်ကျေးမှု ဆောင်းပါးများကို ရေးခဲ့သည်။ အထူးသဖြင့် ထားဝယ် ယဉ်ကျေးမှု၊ ထားဝယ် ဒိန်းသံ ဆောင်းပါးများကို ရေးခဲ့သည်။ ထို့ပြင် ထားဝယ်မြို့ သမိုင်းစာအုပ်ကိုလည်း ရေးသားခဲ့လေသည်။

ဦးဘသည် လူပျိုကြီးဖြစ်ရာ အသက်အရွယ် ကြီးရင့်လာသောအခါ၌ ငယ်စဉ်က တပည့်ဖြစ်ခဲ့ဘူးသည့် ထားဝယ်မြို့မှ ဘုန်းတော်ကြီးတပါး၏ ကျောင်း၌ နေထိုင်ယင်း ကျောင်းသား ကျောင်းသူများအား စတုတ္ထတန်းအထိ သင်ကြားပြသပေးခဲ့သည်။

ခရစ် ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၇ ရက် အသက် ၈၆ နှစ်အရွယ်တွင် ထားဝယ်မြို့ ရှမ်းမလည်ဆွဲရပ် နေအိမ်၌ ကွယ်လွန်ခဲ့လေသည်။

မကွယ်လွန်မီ "ရွှေဝယ်၏ နရုပ္ပတ္တိအကျဉ်းချုပ်" ဟူသော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ရေးခဲ့ရာ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလထုတ် မိုးဝေမဂ္ဂဇင်း၌ ထည့်သွင်းဖော်ပြခဲ့သည်။

လီချ်တင်စတိုင်းနိုင်ငံ ။ ။လီချ်တင်စတိုင်း နိုင်ငံသည် ဥရောပတိုက် အလယ်ပိုင်း၌ရှိပြီး ၆၁ စတုရန်းမိုင်သာ ကျယ်ဝန်းသည့် နိုင်ငံငယ်ကလေးဖြစ်သည်။ ၁၉၇၇ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၂၀,၀၀၀ ရှိသည်။ မြို့တော်မှာ ဗာဒုဇ်မြို့ ဖြစ်သည်။ သြစတြီးယား နိုင်ငံနှင့် ဆွစ်ဇာလန် နိုင်ငံတို့ အကြား၌ တည်ရှိသည်။ လီချ်တင်စတိုင်းနိုင်ငံတွင် နေထိုင်ကြသူများမှာ ဂျာမန် အနွယ်ဝင်များဖြစ်ကြ၏။ တရားဝင် ရုံးသုံးအဖြစ် ဂျာမန်ဘာသာကို အသုံးပြုသည်။ စိုက်ပျိုးရေးကို နိုင်ငံစီးပွားရေးအတွက် အဓိကထား လုပ်ကိုင်သည်။



နပိုလီယန် လက်ထက်တွင် ပြင်သစ်တို့ သိမ်းပိုက်ခြင်းကို ခံရပြီး ၁၈၁၅ ခုနှစ်တွင် ဂျာမန်နိုင်ငံနှင့်ဌင်း၊ ၁၈၆၆ ခုနှစ်တွင် သြစတြီးယား နိုင်ငံနှင့်ဌင်း ပူးပေါင်းခဲ့သည်။ ပထမကမ္ဘာစစ်ကြီးအပြီး ၁၈၁၅ ခုနှစ်တွင် လီချ်တင်စတိုင်းသည် သြစတြီးယား နိုင်ငံ လက်အောက်မှ လွတ်မြောက်ကာ လွတ်လပ်ရေး ကြေငြာခဲ့သည်။ ၁၉၂၁ ခုနှစ်တွင်ဒီမိုကရက်တစ် နိုင်ငံ ထူထောင်ကာ ဆွေစဉ်မျိုးဆက် ထီးမွေ့နန်းမွေ့ဆက်ခံသည့် စည်းမျဉ်းခံ ဘုရင်ခံစနစ်ကို ကျင့်သုံးမည့် အခြေခံ ဖွဲ့စည်းပုံ ဥပဒေကို ပြဋ္ဌာန်းအတည်ပြုခဲ့သည်။

၁၉၂၃ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံနှင့် အကောက်ခွန်သမဂ္ဂဖွဲ့စည်းခဲ့သဖြင့် ဆွစ်ဇာလန် နိုင်ငံက လီချ်တင်စတိုင်းနိုင်ငံ၏ ကာကွယ်ရေး၊ နိုင်ငံခြား ဆက်သွယ်ရေးနှင့် လူမှုဝန်ထမ်းရေးရာများကို တာဝန်ယူ ဆောင်ရွက်လာခဲ့သည်။ ငွေကြေး အနေဖြင့်လည်း ဆွစ်ဖရန့်ကို အသုံးပြုသည်။ ၁၉၃၀ ခုနှစ်မှစ၍ ၁၉၇၀ ပြည့်နှစ်အထိ ညွှန့်ပေါင်း အစိုးရအဖွဲ့ကို တိုးတက်သောပြည်သူများ ပါတီကသာ ဦးဆောင်လာခဲ့ရာ ၁၉၇၀ ပြည့် ရွေးကောက်ပွဲ၌ မျိုးချစ် သမဂ္ဂက ပထမအကြိမ် အနိုင်ရရှိပြီး အစိုးရ အဖွဲ့ကို ဦးဆောင် လာခဲ့သည်။ ၁၉၇၈ ခုနှစ် ရွေးကောက်ပွဲတွင် မျိုးချစ်သမဂ္ဂက ဒုတိယအကြိမ်မြောက် လွှတ်တော်အမတ်နေရာ အများစုကို

အနိုင်ရရှိကာ အစိုးရသစ် ဖွဲ့သည်။ နိုင်ငံ ဥသျောင်မှာ မင်းသားကြီး ဒုတိယမြောက် ဖရန့် ဂျိုးဇက်ဖြစ်ပြီး ဝန်ကြီး ချုပ်မှာမျိုးချစ်သမဂ္ဂပါတီ ခေါင်းဆောင်ဟန်ဇ်ဘရွန်းအတ် ဖြစ်သည်။ လိချိတင်စတိုင်းနိုင်ငံ ၏ လမ်းပန်းဆက်သွယ်ရေး တွင် လေဆိပ်နှင့် ဆိပ်ကမ်းများမရှိသော်လည်း အိမ်နီးချင်း နိုင်ငံများနှင့် ဆက်သွယ်ထားသည့်မော်တော်ကားလမ်းများ ရှိသည်။ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်နှင့် သြစတြီးယားနိုင်ငံ ဗီယင်နာမြို့တော်တို့ကိုဆက်သွယ်ထားသော မီးရထားလမ်း ရှိလေသည်။

လူငယ်စည်းရုံးရေး။ ။မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီသည် နိုင်ငံ့ရင်သွေး လူငယ်ကလေးများကို ပါတီ၏ အရံ အင်အားဖြစ်လာရေး၊ ပါတီ၏ စည်းရုံး လှုပ်ရှားမှု ထက်မြက်ရှင်သန်ရေး၊ လူငယ်ထုအတွင်း လမ်းစဉ် အတွေး အခေါ်များ ပြန့်နှံ့ရေးနှင့် ဆိုရှယ်လစ်စနစ် တည်ဆောက် သူများနှင့် ကာကွယ်စောင့်ရှောက်သူများ ဖြစ်လာရေးတို့ အတွက် လမ်းစဉ်လူငယ်၊ ရွှေဆောင်လူငယ်နှင့် တေဇ လူငယ်ဟူ၍ လူငယ်များကို အသက်အပိုင်းအခြားအလိုက် စည်းရုံး ပျိုးထောင် လေ့ ကျင့် ပညာပေးလျက်ရှိလေသည်။

နှစ်အလိုက် လမ်းစဉ်လူငယ် ဖွဲ့စည်းမှု အခြေအနေမှာ ၁၉၇၄ ခုနှစ်တွင် အဆိုပြုလွှာ တင်သွင်းသူ ၄၅၄,၇၆၂ ဦး အနက် ၃၆၁,၃၉၀ ဦးကိုဝင်း၊ ၁၉၇၅ ခုနှစ်တွင် အဆိုပြုလွှာ တင်သွင်းသူ ၅၀၃,၇၂၇ ဦးအနက် ၄၈၅,၉၉၅ ဦး ကို ဝင်း၊ ၁၉၇၆ ခုနှစ်တွင် အဆိုပြုလွှာတင်သွင်းသူ ၆၈၄,၁၄၇ ဦး အနက် ၅၇၅,၃၅၆ ဦးကိုဝင်း၊ ၁၉၇၇ ခုနှစ်တွင် အဆိုပြုလွှာ တင်သွင်းသူ ၈၀၁,၈၀၅ ဦးအနက် ၆၈၆,၄၁၀ ဦးကိုဝင်း၊ ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ အဆိုပြုလွှာ တင်သွင်းသူ ၉၆၆,၀၉၀ ဦးအနက် ၈၂၉,၅၀၈ ဦးကိုဝင်း စိစစ်၍ အဖွဲ့ဝင်များအဖြစ် အသိအမှတ် ပြုခဲ့သည်။

ရွှေဆောင်လူငယ် ဖွဲ့စည်းမှု အခြေအနေမှာ ၁၉၇၄ ခုနှစ် တွင် ၁၆၂,၀၅၀ ဦး၊ ၁၉၇၅ ခုနှစ်တွင် ၁၃၇,၃၄၈ ဦး၊ ၁၉၇၆ ခုနှစ်တွင် ၂၀၅,၂၅၅ ဦး၊ ၁၉၇၇ ခုတွင် ၂၀၅,၂၈၃ ဦးနှင့် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ၂၆၅,၁၄၀ ဦး အသီးသီး ရရှိသည်အထိ စည်းရုံးဖွဲ့စည်းခဲ့သည်။

တေဇလူငယ်ဖွဲ့စည်းမှု အခြေအနေမှာ ၁၉၇၄ ခုနှစ်တွင် ၆၄၀,၅၂၉ ဦး၊ ၁၉၇၅ ခုနှစ်တွင် ၉၃၃,၉၂၂ ဦး၊ ၁၉၇၆ ခုနှစ် တွင် ၁,၂၂၁,၇၅၈ ဦး၊ ၁၉၇၇ ခုနှစ်တွင် ၁,၆၃၉,၄၃၀ ဦးနှင့် ၁၉၇၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့တွင် ၂,၂၁၃,၈၃၇ ဦး ရရှိသည်အထိ တိုးချဲ့စည်းရုံးနိုင်ခဲ့သည်။

ဂုန်နီစက်ရုံ ဆောက်လုပ်ရေးစီမံကိန်းတွင် လုပ်အားပေးကြမည့် တက္ကသိုလ်ကောလိပ်များမှ လမ်းစဉ်လူငယ်အဖွဲ့ဝင်များ



လူငယ်များကိုအသက်အရွယ်အလိုက် အဖွဲ့ အစည်းများဖွဲ့စည်းပေးကာ စနစ်တကျ စည်းရုံး လှုပ်ရှားပေးလျက်လည်း ရှိပေသည်။

နိုင်ငံရေး သဘောတရားရေး သင်တန်းများ၊ လမ်းစဉ်လူငယ် စီမံခန့်ခွဲမှုသင်တန်း၊ မှမ်းမံသင်တန်း၊ လမ်းစဉ်လူငယ်ခေါင်းဆောင်သင်တန်း၊ ရှေ့ဆောင် လူငယ် ခေါင်းဆောင်သင်တန်း၊ တေဇလူငယ်ခေါင်းဆောင်သင်တန်း၊ လမ်းစဉ်လူငယ်အဖွဲ့ဝင်သင်တန်း၊ ရှေ့ဆောင်လူငယ်အဖွဲ့ဝင်သင်တန်း တေဇလူငယ် လေ့ကျင့်မှု လုပ်ငန်းများ၊ လူငယ် အခြေခံစစ်ပညာ သင်တန်းနှင့် လူငယ် ဝါသနာပါရာ လေ့ကျင့်မှု သင်တန်းစသည်ဖြင့် သင်တန်း အမျိုးမျိုးဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။

ထို့ပြင် နွေရာသီ ရပ်ဝေးအခြေစိုက် လူငယ် လုပ်အားပေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံနှင့် ဌာနဆိုင်ရာလုပ်အားပေး လုပ်ငန်းများ၊ အခြေခံပညာ အထက်တန်းအောင် လုပ်အားပေး လုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အခြေစိုက် လုပ်အားပေး လုပ်ငန်းများ၊ မိုးရာသီတက္ကသိုလ် လုပ်အားပေး လုပ်ငန်းများ၊ စဉ်ဆက်မပြတ် လုပ်အားပေး လုပ်ငန်းများ၊ စာတတ်မြောက်ရေး လုပ်အားပေး လုပ်ငန်းများ အပြင် ဆိုရှယ်လစ် စီးပွားရေးစီမံကိန်း အောင်မြင်ရေးတွင် လူငယ်များ ပါဝင်စေခြင်းနှင့် နိုင်ငံတော် လုံခြုံရေးနှင့် အဖျက်သမားခြေမှုန်းရေးတွင် လူငယ်များ ပါဝင်စေခြင်းဖြင့် စည်းရုံး လှုပ်ရှားလျက်ရှိပေသည်။

လူငယ်စည်းရုံးလှုပ်ရှားမှုနှင့် စပ်လျဉ်း၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ လမ်းစဉ်လူငယ် စည်းရုံးရေး ဗဟိုကော်မတီသည် မြို့နယ်လမ်းစဉ်လူငယ် စည်းရုံးရေး ကော်မတီပေါင်း ၂၉၂ ခုနှင့် တက္ကသိုလ်ကောလိပ်နှင့် သိပ္ပံ လမ်းစဉ်လူငယ် စည်းရုံးရေး ကော်မတီပေါင်း ၂၂ ခုကို ဖွဲ့စည်းနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုအခါ လမ်းစဉ်လူငယ် စည်းရုံးရေး ဗဟိုကော်မတီသည် ကျန်ရှိနေသေးသော မြို့နယ်များကို ဆက်လက် စည်းရုံးယင်း ဒုတိယအကြိမ် လမ်းစဉ်လူငယ် နှီးနှောဖလှယ်ပွဲမှ ချမှတ်ထားသည့်အတိုင်းစည်းရုံး ဖွဲ့စည်းမှု ကျစ်လစ်ခိုင်မာရေး၊ အရည်အသွေး မြှင့်တင်ရေးနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် လူငယ်များ ပိုမို တက်ကြွစွာ ပါဝင်ရေးတို့ကို ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၁၉၇၇–၇၈ နှစ်အတွင်းတွင် ရန်ကုန်မြို့ ပြည်သူ လှတ်တော်တည်ဆောက်ရေး၊ တံတေး ပျော်ဘွယ်လေးချောင်း ချောင်းလှဲဖောက်လုပ်ရေး၊ ထားဝယ် ပေါက်တိုင်း ချောင်းကူးတံတား တည်ဆောက်ရေး၊ တန့်ဆည်–ကလေးဝလမ်း ဖောက်လုပ်ရေး၊ရေဇင်းစိုက်ပျိုးရေးတက္ကသိုလ်တည်ဆောက်ရေးနှင့်နန္ဒင်းကျန်းတာတမံ တည်ဆောက်ရေးဟူ၍လုပ်အားပေးစခန်း ခြောက်ခု ဖွင့်လှစ်ရာ လူငယ်ပေါင်း ၁,၄၅၀ လုပ်အားပေးခဲ့ကြသည်။

ထို့ပြင် ရန်ကုန် မန္တလေး ကားလမ်းတိုးချဲ့ ဖောက်လုပ်ရေး၊ မြောင်းမြ ဂုန်နီစက်ရုံ တည်ဆောက်ရေးနှင့် ပုသိမ် မှန်ပြားစက်ရုံ တည်ဆောက်ရေးတို့တွင်လည်း လူငယ် ၆၀၀ လုပ်အား ပေးခဲ့ကြလေသည်။ ထို့မှတပါး မြန်မာ နိုင်ငံတဝန်းလုံးရှိ တက္ကသိုလ် ကောလိပ်နှင့် သိပ္ပံများမှ လမ်းစဉ်လူငယ် ၂၀၀ တို့သည်ကြုံခင်း ဘိလပ်မြေစက်ရုံတွင်လုပ်အားပေးစခန်းဖွင့်ကာ လုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။ ထိုနှစ်အတွင်း ကြုံခင်း ဘိလပ်မြေ စက်ရုံတခုတည်းတွင်ပင် လုပ်အားပေး စခန်း သုံးကြိမ်ဖွင့်လှစ်၍ လုပ်အားပေးခဲ့ကြလေသည်။ တဖန် ကလော၊ ချောက်၊ ပြည်၊မန္တလေးနှင့် အင်းစိန်စက်မှုသိပ္ပံများမှ လုပ်အားပေးကျောင်းသား ၁၀၀ နှင့် ကျောင်းသူ ၅၀ တို့သည် ရန်ကုန်စက်မှုတက္ကသိုလ်တွင် စခန်းချကာ စိုက်ပျိုးရေး သုတေသနဗီမာန် စိုက်ကွင်းများ စိမ်းလန်း စိုပြေရေးအတွက် လုပ်အား ပေးခဲ့ကြသည်။ မြန်မာနိုင်ငံဒေသကောလိပ် ၁၁ ခုမှ လူငယ်မောင်မယ် ၂၀၀ တို့သည်လည်း ရန်ကုန်မြို့ အမှတ် ၂ ဒေသကောလိပ်အတွက် လမ်းမကြီးကို စည်ပင်သာယာ လုပ်သားကြီးများနှင့် ပူးတွဲကာ လုပ်အားပေး ဖောက်လုပ်ခဲ့ကြသည်။

လူရည်ချွန်စီမံကိန်း။ ။ လူရည်ချွန် စီမံကိန်းကို ၁၉၆၄ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ရာ ၁၉၇၈ ခုနှစ်တွင် သက်တမ်းအားဖြင့် ၁၄ နှစ်တင်းတင်းပြည့်ခဲ့ပြီး အကြိမ်အားဖြင့် ၁၅ ကြိမ်တိုင်တိုင်ဖော်ဆောင်ပြီးခဲ့လေသည်။

လူရည်ချွန်စီမံကိန်းကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန၏ကွပ်ကဲမှုဖြင့် လူရည်ချွန်စီမံကိန်း ဗဟိုကော်မတီ ဖွဲ့စည်း၍ အကောင်အထည်ဖော်နေခြင်းဖြစ်လေသည်။ ကျောင်းသားလူငယ်များထဲမှ အနာဂတ်တွင် ထူးချွန်သောဆိုရှယ်လစ် လုပ်သားကောင်းများ ကျွမ်းကျင်သောအသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးကို ဦးတည်၍ လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်သည်။

လူရည်ချွန်များကို စနစ်သစ်ပညာရေးက မွေးထုတ်ပေးခြင်းဖြစ်ရာ စီမံကိန်းစတင်သည့် ၁၉၆၄ ခုနှစ်တွင် လူရည်ချွန် ၂၅၄ ဦး၊ ၁၉၆၅ ခုနှစ်တွင် ၂၉၆ ဦး၊ ၁၉၆၆ ခုနှစ်တွင် ၃၀၀ ဦး၊ ၁၉၆၇ ခုနှစ်တွင် ၃၀၆ ဦး၊ ၁၉၆၈ ခုနှစ်တွင် ၃၀၅ ဦး၊ ၁၉၆၉ ခုနှစ်တွင် ၃၁၉ ဦး၊ ၁၉၇၀ ပြည့်နှစ်တွင် ၃၂၂ ဦး၊ ၁၉၇၁ ခုနှစ်တွင် ၃၂၄ ဦး၊ ၁၉၇၂ ခုနှစ် တွင် ၃၁၁ ဦး၊ ၁၉၇၃ ခုနှစ်တွင် ၃၀၉ ဦး၊ ၁၉၇၄ ခုနှစ် တွင်



မြစ်မင်းဧရာ အပန်းဖြေစခန်းဝင် လူရည်ချန်
မောင်မယ်များ ကို လမ်းစဉ်လူငယ်များနှင့်
ကျောင်းသားကျောင်းသူများက
လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။

၃၁၀ ဦး၊ ၁၉၇၅ ခုနှစ်တွင် ၂၆၅ ဦး၊ ၁၉၇၆ ခုနှစ်တွင် ၃၁၂ ဦး ၁၉၇၇ ခုနှစ်တွင် ၃၁၃ ဦးနှင့် ၁၉၇၈ ခုနှစ်တွင် ၃၂၀ ဦး စုစုပေါင်းလူရည်ချန် ၄,၅၆၆ ဦး မွေးထုတ်ခဲ့ပြီးဖြစ်လေသည်။

ယင်းတို့အထဲမှ နှစ်ထပ်ကွမ်း လူရည်ချန် ၇၃၄ ဦး၊ သုံးထပ်ကွမ်း လူရည်ချန် ၃၁၇ ဦး၊ လေးထပ်ကွမ်း လူရည်ချန် ၉၄ ဦး၊ ငါးထပ်ကွမ်းလူရည်ချန် ၁၄ ဦးနှင့် ခြောက်ထပ်ကွမ်း လူရည်ချန် ၅ ဦးတို့ပါဝင်လေသည်။

နှစ်စဉ် နွေရာသီ ကျောင်းပိတ်ရက်များ အတွင်း လူရည်ချန်များကို၊ ငပလီ၊ အင်းလေး၊ မြစ်မင်းဧရာနှင့် ရန်ကုန်ဗဟိုစခန်းများတွင် အပန်းဖြေ နိုင်စေရန် နိုင်ငံတော်က စနစ်တကျ စီစဉ်ပေးခဲ့လေသည်။

လက်ဗန္ဓန်သမ္မတနိုင်ငံ။ ။လက်ဗန္ဓန်သမ္မတနိုင်ငံသည် ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသတွင် တည်ရှိသောအာရပ်နိုင်ငံ ငယ်တနိုင်ငံ ဖြစ်သည်။ စတုရန်းမိုင် ၄,၀၁၅ ခန့်သာ ကျယ်ဝန်းသည်။ ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၃,၀၆၀,၀၀၀ ခန့် ရှိသည်။ လက်ဗန္ဓန် နိုင်ငံသည် မိမိနိုင်ငံ၏တောင်ဖက်ပိုင်းတွင် အခြေစိုက်ထားသော ပယ်လက်စတိုင်ပြောက်ကျားစခန်းများကြောင့် အဇ္ဇရီယယ်နိုင်ငံနှင့် မကြာခဏ တိုက်ခိုက်မှုများနှင့် ကြုံတွေ့နေရသောနိုင်ငံဖြစ်သည်။



အဇ္ဇရီယယ် ခရီးသည်တင် မော်တော်ယာဉ် သုံးစင်းကို လက်ဗန္ဓန်နိုင်ငံတွင်းရှိ ပယ်လက်စတိုင် ပြောက်ကျားတို့က တိုက်ခိုက်ခဲ့ရာ အဇ္ဇရီယယ်ပြည်သူ ၃၄ ဦးသေဆုံးခဲ့ရသည်ကို အကြောင်းပြု၍ အဇ္ဇရီယယ်တပ်မကြီးများသည် လက်ဗန္ဓန်နိုင်ငံ တောင်ပိုင်းသို့ အကြီး အကျယ်ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး၊ လက်ဗန္ဓန်နိုင်ငံတောင်ပိုင်းကိုအဇ္ဇရီယယ်တပ်များက ၉၁ ရက်ကြာ သိမ်းပိုက်ထားခဲ့ကြသည်။ လက်ဗန္ဓန်နိုင်ငံတောင်ပိုင်းကို အဇ္ဇရီယယ်လက်နက်ကိုင် တပ်များက အလုံးအရင်းဖြင့် ဝင်ရောက်သိမ်းပိုက်ထားခဲ့ခြင်းကိုအရေးယူတားဆီးပေးရန် လက်ဗန္ဓန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မေတ္တာရပ်ခံခဲ့လေသည်။

၁၉၇၈ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် လက်ဗန္ဓန် အဇ္ဇရီယယ်နိုင်ငံ နှစ်နိုင်ငံအချင်းပွားမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးခဲ့ကြသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယင်းကိစ္စကိုဖြန်ဖြေပေး၍ ဆုံးဖြတ်ချက်နှစ်ရပ်ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်နှစ်ရပ်မှာ လက်ဗန္ဓန်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်နှင့် လက်ဗန္ဓန်နိုင်ငံ၏ပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သော အဇ္ဇရီယယ်တပ်များလက်ဗန္ဓန်နိုင်ငံတွင်းမှ ချက်ချင်းထွက်ခွာသွားရန်တို့ ဖြစ်လေသည်။

ထို့နောက် လက်ဗန္ဓန်နိုင်ငံ တောင်ပိုင်း နယ်မြေများသို့ ကုလသမဂ္ဂ အရေးပေါ် တပ်ဖွဲ့များ ဝင်ရောက်တပ်စွဲ၍ နှစ်နိုင်ငံပစ်ခတ်မှုများကို ထိန်းသိမ်းပေးခဲ့လေသည်။ အဇ္ဇရီယယ်တပ်များသည် ၁၉၇၈ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် မိမိတို့ဝင်ရောက်တပ်စွဲထားသော လက်ဗန္ဓန်နိုင်ငံတောင်ပိုင်းမှ စတင်ရုပ်သိမ်းပေးခဲ့လေသည်။

ယခုအခါ လက်ဗန္ဓန်နိုင်ငံတွင် ကုလသမဂ္ဂအရေးပေါ် တပ်ဖွဲ့များနှင့် ဆီးရီးယားတပ်များဖြင့် အဓိကဖွဲ့စည်းထားသော အာရပ်ငြိမ်းချမ်းရေးတပ်သား ၃၀,၀၀၀ အပြင် ပယ်



စစ်ဒဏ်ကြောင့်ပျက်စီးနေသော အဆောက်အအုံများကြားတွင်
ဖြစ်သလိုနေထိုင်နေရရှာသော လက်ဗန္ဓနှင့်ပြည်သူများ

လက်စတိုင် ပြောက်ကျားတပ်များလည်းရှိနေသည်။ နိုင်ငံတကာသို့ အနှံ့အပြားဝင်ရောက်နေထိုင်နေသော ပယ်လက်စတိုင် ဒုက္ခသည် လေးသန်းနီးပါးအနက် လက်ဗန္ဓနှင့်နိုင်ငံဘွင် ပယ်လက်စတိုင် ဒုက္ခသည် သုံးသိန်းနီးပါးခန့် ရှိနေလေသည်။

လက်ဗန္ဓနှင့်နိုင်ငံတွင် လက်ယာအင်အားအဖွဲ့ကို ခေါင်းဆောင်ထားသော သမ္မတဟောင်း ချာမွန်၏ အမျိုးသားလစ်ဗရယ်ပါတီနှင့် ဂီမာရဲခေါင်းဆောင်သော ဖလန်ဂျစ်ပါတီတို့သည် အင်အားအကောင်းဆုံးဖြစ်သည်။ လက်ဗန္ဓနှင့်နိုင်ငံသမ္မတဆာကစ်သည် ဆီးရီးယားနိုင်ငံနှင့်တကွ အာရပ်နိုင်ငံအများသို့ လှည့်၍ လက်ဗန္ဓနှင့်နိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆက်လက်ဆွေးနွေးနေဆဲပင် ဖြစ်သည်။

အလုပ်သမားများသည် အလုပ်ရုံ၊ စက်ရုံများတွင်သက်ဆိုင်ရာ အလုပ်သဘာဝကိုလိုက်၍ စက်ကရိယာအမျိုးမျိုးကို ကိုင်တွယ်ရသည့်အပြင် ပစ္စည်း အမျိုးမျိုးနှင့်လည်း ထိတွေ့နေရသည်။ ဘေးအန္တရာယ်သည် နေရာတကာ၌ ရှိကြောင်း အလုပ်သမားများအဖို့ သတိမမူ ဂူမမြင် ဖြစ်တတ်ပေသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားများ၏လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်က တာဝန်ယူအကောင်အထည် ဖော်လျက်ရှိသည်။

စက်ရုံ၊ အလုပ်ရုံများတွင် မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းသည် ရုပ်ပိုင်းဆိုင်ရာ၏ ချွတ်ယွင်းချက်နှင့် လူ၏ချွတ်ယွင်းချက်များကြောင့်ဖြစ်သည်။ယင်းတို့မှာဘေးအန္တရာယ်ရှိသော စက်ကရိယာများကို လုံလောက်စွာ ကာရံမထားခြင်း၊ ချွတ်ယွင်းသော စက်ကရိယာများကို အချိန်မှီမပြုပြင်ခြင်း၊ စက်ကရိယာများ၏ စွမ်းဆောင်နိုင်သောဝန်နှင့် ကုန်ထုတ်လုပ်မှုအင်အားမမျှခြင်း၊ အလင်းရောင်လုံလောက်စွာမရရှိခြင်း၊ အလုပ်သမားများကပြဋ္ဌာန်းထားသော ဥပဒေစည်းကမ်းများ၊ ညွှန်ကြားချက်များကို တိကျစွာမလိုက်နာခြင်းနှင့် စီမံခန့်ခွဲသူများ၏ ကွပ်ကဲမှု လျော့နည်းခြင်း

လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး။ ။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုသည်မှာ အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရမှု၊ လုပ်ငန်းကြောင့် ရောဂါဘယစွဲကပ်မှုတို့ မရှိစေရန်လိုအပ်သော ကာကွယ်မှုများ ပြုလုပ်ပေးခြင်းဖြစ်သည်။



အပူရှိန်ခံဝတ်စုံများဝတ်ဆင်၍
လုပ်ငန်းခွင်ဝင်နေသော ဆို ဗီယက်နိုင်ငံမှ
လုပ်သားတဦး (အပေါ်ပုံ)၊
အလုပ်သမား တဦးအား သိပ္ပံနည်းအရ
လုပ်ခွင်အန္တရာယ် ကင်းရှင်းမှုရှိမရှိ
စမ်းသပ်စစ်ဆေးနေပုံ (အောက်ပုံ)



စသည်တို့ဖြစ်သည်။ သို့ဖြစ်ရာအလုပ်သမားတိုင်း နားလည်စေသည့်ရှပ်ပြပုံများ၊ လက်ကမ်းစာစောင်များ၊ ပိုစတာများဖြင့် ပညာပေးခြင်း၊ စက်ခွဲ၊ အလုပ်ရုံ လုပ်ငန်းဌာနအလိုက်ဆွေးနွေး ဟောပြောမှုများဖြင့် အသိပညာ ပြန့်ပွားစေခြင်း၊ လေ့ကျင့်မှုများ ပြုလုပ်ပေးခြင်း၊ တိကျသော အလုပ်ခွင်စည်းကမ်း သတ်မှတ်ပေးခြင်း၊သိပ္ပံ နည်းစနစ်ဖြင့် သေချာစွာ ထိန်းချုပ်ကြီးကြပ်ပေးခြင်းအားဖြင့် လုပ်ငန်းခွင် ရောဂါရရှိမှုနှုန့် မတော်တဆထိခိုက်မှုကို ကာကွယ်နိုင်မည်ဖြစ်သည်။

ယခုအခါ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး အတွက်တာဝန်ရှိသူများသည်။ ပြဋ္ဌာန်းထားသော ဥပဒေစည်းကမ်းများ၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာစေရေးအတွက် စစ်ဆေးကြပ်မတ်ပေးခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရမှုများနှုန့် စပ်လျဉ်း၍ သုတေသနပြုခြင်း၊ အလုပ်ရှင်နှုန့် အလုပ်သမားများကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် နည်းအမျိုးမျိုးဖြင့် ပညာပေးခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

အလုပ်သမားများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးသည် ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှုန့် စီမံကိန်းလျာထားချက်များပြည့်မီရေးအတွက် အခိကလိုအပ်ချက်တရပ် ဖြစ်သဖြင့်စက်ရုံအလုပ်ရုံနှုန့် ရုံးဌာနအလိုက် တာဝန်ရှိကြသော အလုပ်သမားများနှုန့် တာဝန်ယူ ကြီးကြပ် သူများသည် မိမိတို့လုပ်ငန်းအပေါ်တွင် အလေးအနက်ထားကာ တက်တက်ကြွကြွတာဝန်ရှိရှိဖြင့် ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပေသည်။

လွင်၊ ဦး၊ နိုင်ငံတော်ကောင်စီဝင် (၁၉၁၂ - ၁၉၇၈)။ နိုင်ငံတော်ကောင်စီဝင်ဦးလွင်ကို ၁၉၁၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အဘဦးလှကျော်၊ အမိ ဒေါ်မျင်တို့မှ မွေးဖွားခဲ့သည်။ ငယ်စဉ်က ရန်ကုန်မြို့အရှေ့ပိုင်း ရေကျော်ရပ်ကွက် ဆရာဦးကျောက်လုံးကျောင်း၊ နေရှင်နယ်စလင်းကျောင်းနှုန့် မက်သဒစ် ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

၁၉၃၀ ခုပြည့်နှစ်တွင် ဆင်းကားကုမ္ပဏီ၌ စာရေးအဖြစ် အမှုထမ်းခဲ့သည်။ တို့ဗမာ အစည်းအရုံးသို့ ဝင်ရောက် ခဲ့ပြီး ကျောက်မြောင်း တို့ဗမာအစည်းအရုံးတွင် အတွင်းရေးမှူးအဖြစ်ဌင်း၊ ရန်ကုန်စီရင်စု တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖြစ်ဌင်း ဆောင်ရွက်ခဲ့လေသည်။

၁၃၀၀ ပြည့် အရေးတော်ပုံတွင် ထောက်ခံရေးတရားပွဲများ ကျင်းပခဲ့မှုကြောင့် ဗြိတိသျှအစိုးရ၏ တရားစွဲခံခဲ့ရသည်။ မော်လမြိုင် တို့ဗမာအစည်းအရုံး ညီလာခံနှုန့် ပဲခူး



နိုင်ငံတော်ကောင်စီဝင် ဦးလွင်

ညီလာခံ များဆို တို့ဗမာ အစည်းအ ရုံး ညီလာခံ ကိုယ် စား လှယ် အ ဖြစ် တက် ရောက် ခဲ့ သည်။

၁၉၄၂ ခုနှစ်တွင် ဘိအိုင်အေ (မြန်မာ ပြည် အောက်ပိုင်း စစ်ဌာနချုပ်) တွင် တာဝန်ထမ်းဆောင် ခဲ့သည်။ ၁၉၄၅ ခု နှစ် တွင် ပဲခူးတိုင်းမှ ပါဝင်ကာ ဖက်ဆစ် တော် လှန် ရေး ကို ဆင်နွှဲခဲ့သည်။ ထိုနှစ်မှာပင် ဗိုလ်အဖြစ်အရွေးခံရပြီး မြင်းခြံ မြို့နှင့် မေမြို့လေ့ကျင့်ရေးတပ်များတွင် တာဝန်ထမ်း သည်။

၁၉၄၈ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ မန္တလေးမြို့ မန္တလေး ဖို့ခ် တွင် တပ်ရင်း(၁)၌ ဗိုလ်ကြီးအဆင့်ဖြင့်ရင်း၊ မြောက် ပိုင်းတိုင်းစစ်ဌာနချုပ် မေမြို့တွင် ဗိုလ်မှူး အဆင့်ဖြင့်ရင်း တာဝန်ထမ်းဆောင်ခဲ့လေသည်။

၁၉၆၆ ခုနှစ်ထိ ဗိုလ်မှူးကြီး တပ်မတော် ထောက် လှမ်းရေး ညွှန်ကြားရေးမှူး၊ ၁၉၆၆ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ပြည်ထောင်စုသမ္မတ ဂျာမနီပြည်ဆိုင်ရာ မြန်မာသံအမတ် ကြီး၊ ၁၉၇၁ ခုနှစ်မှ ၁၉၇၅ ခုနှစ်ထိ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ်နှင့် ၁၉၇၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ အမေရိကန်ပြည်ဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ် စက်တင် ဘာလတွင် မကွေး(၂) မဲဆန္ဒနယ်မှ ပြည်သူလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၇၅ ခုနှစ် အောက်တိုဘာလမှ ၁၉၇၇ ခုနှစ် မတ်လအထိ ပြန်ကြားရေး ဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ တတိယအကြိမ် ပါတီညီလာခံ ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ် ခံရပြီး သတ္တမအကြိမ် ပြည်သူလွှတ်တော်မှ နိုင်ငံတော်ကောင်စီဝင် အဖြစ် ရွေးချယ်ခံရသည်။

နိုင်ငံတော် ကောင်စီဝင် ဦးလွင်သည် ၁၉၇၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ကွယ်လွန်ခဲ့သည်။

ဝီလဆင်,ဟားရိုး(ခရစ် ၁၉၁၆ ပွား)။ ။ဗြိတိန်နိုင်ငံ၏ ထင်ရှား ကျော်ကြားသော နိုင်ငံရေး ခေါင်းဆောင်ကြီးများ စာရင်းတွင် ဝီလဆင်သည် ထိပ်တန်းမှ ပါဝင်သူ ဖြစ် သည်။ ဝီလဆင်ကို ၁၉၁၆ ခု မတ်လ ၁၁ ရက် နေ့တွင် မွေးဖွားသည်။ မူလတန်းနှင့် အလယ်တန်းပညာကို ဟတ် ဒါးစဖီးရှိ မင်းစဗရစ် နှင့် ရိုက်စဟော ကျောင်းတို့တွင် သင်ယူ ခဲ့သည်။ မူလတန်းမှ စ၍ ပညာသင် ဆုများဆက် တိုက် ရရှိခဲ့သည်။ အထက်တန်း ပညာကို ဝိုင်ရယ်ဂရမ္မာ ကျောင်းတွင် သင်ယူခဲ့ပြီး အောက်စ်ဖို့ တက္ကသိုလ်မှ ဘွဲ့ရ ခဲ့သည်။ ဒဿနိကဗေဒ၊ ဘောဂဗေဒ၊ နိုင်ငံရေးသိပ္ပံ ဘာ သာရပ်များတွင် ထူးချွန်သဖြင့် ဂလက်စတုန် အထိမ်းအ မှတ် ဆုတံဆိပ်ရရှိခဲ့သည်။ အသက် ၂၁ နှစ် အရွယ်တွင် အောက်စဖို့ တက္ကသိုလ် နူးကောလိပ်၌ ဘောဂဗေဒ ကထိ က ဖြစ်လာသည်။ လေ့ဗဗရစ်၏ လက်ထောက် သုတေ သန အရာရှိအဖြစ် အမှုထမ်းရင်း အရေးပါသော လူမှုဖူလုံ ရေး စီမံကိန်းများ ရေးဆွဲရာတွင်၎င်း၊အလုပ်လက်မဲ့ပြဿနာ များ ဖြေရှင်းရာတွင်၎င်း ထိုပုဂ္ဂိုလ်ကြီးအား ကူညီခဲ့သည်။

ဒုတိယ ကမ္ဘာစစ် ဖြစ်ပွားလာသောအခါ ဝီလဆင်က စစ်မှုထမ်းလိုသော်လည်း အစိုးရက ဝီလဆင်အား အရေး ပါသော ဝန်ကြီးဌာနများတွင် အသုံးပြုရန်ဆုံးဖြတ်ခဲ့သည်။ လောင်စာနှင့် စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်း ဝန်ကြီး ဌာနများတွင် အမှုထမ်းရင်း စက်မှုလုပ်ငန်း အရပ်ရပ် အ ကြောင်းကို ကောင်းစွာနားလည် ကျွမ်းကျင်သူ ဖြစ်လာ သည်။ ၁၉၄၅ ခုနှစ်တွင် အိုဘီအီးဘွဲ့ ပေးအပ်ခြင်းခံရပြီး နောက် အစိုးရအမှုထမ်းအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၄၅ ခု ဇူလိုင်တွင် လန်ကာရှိုင်းယာနယ် အုပ်စုကပ်မြို့မှ လေ ဘာအမတ်အဖြစ် ရွေးချယ် တင်မြောက်ခြင်း ခံရသည်။

လွတ်တော်အမတ်ဖြစ်ပြီး မကြာမီပင် ပြည်သူ့လုပ်ငန်း ဝန်ကြီးဌာန၏ ပါလီမန်အတွင်းဝန် ဖြစ်လာ ပြန်သည်။ ၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေး အဖွဲ့၏ အစည်းအဝေးကို တက်ရောက်ရန် ဗြိတိသျှ အဖွဲ့ကို ခေါင်းဆောင်လျက် ဝါရှင်တန်သို့သွားရောက်ခဲ့သည်။ ၁၉၄၇ ခုတွင် ကုန်သွယ်ရေး ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ခဲ့ရာမှ ဂျီနီဗာ၌ ကျင်းပခဲ့သော ကမ္ဘာ့ကုလ သမဂ္ဂ၏ ကုန်သွယ်ရေး စည်းဝေးပွဲများကို မကြာခဏ ဦး ဆောင် တက်ရောက်ခဲ့ရသည်။ ကုန်သွယ်ရေး ဝန်ကြီးနေရာ ကို ရရှိပြီးနောက် ရုရှနိုင်ငံသို့ သွားရောက်ပြီး ကုန်သွယ်ရေး သဘောတူညီမှု တရပ်ကို အောင်မြင်စွာ ပြုလုပ်ခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် လန်ကာရှိုင်းယာနယ် ဟွေတန်မြို့မှ လေဘာအမတ် အဖြစ် ထပ်မံရွေးချယ်တင် မြောက်ခြင်းခံရသည်။ အလားတူပင် ကုန်သွယ်ရေးဝန်ကြီး အဖြစ်ကိုလည်း ဒုတိယ အကြိမ်ပေးအပ်ခြင်း ခံရသည်။ ထိုရာထူးမှ ၁၉၅၁ ခုနှစ် ဧပြီလတွင် နုတ်ထွက်ခဲ့သည်။ လေဘာပါတီ အတိုက်အခံပါတီ အဖြစ်သို့ ရောက်ရှိလာပြီး နောက် ပါတီဖွဲ့စည်းပုံ တိုးတက်ကောင်းမွန်ရန် ပြုလုပ်ရာ

တွင်ငင်း၊ ပါတီဝါဒ သဘောတရားများ ရွေးချယ်ချမှတ်ရာ တွင်ငင်း ဝီလဆင်သည် များစွာ အရေးပါခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ရဲဒိုးကက်ဘိနက် ခေါ်သည့် အတိုက် အခံဝန်ကြီး အဖွဲဝင် ဖြစ်လာသည်။ ထိုကြောင့် ၁၉၅၅ မှ ၁၉၆၁ အထိ အတိုက်အခံ ပါတီ၏ ခေါင်းဆောင်ကြီးနေရာ ကို ယူလျက် ပါတီ၏ ဘဏ္ဍာရေးနှင့် စီးပွားရေး မူဝါဒများ ကို တာဝန်ယူပုံဖော်ခြင်း၊ အောက်လွတ်တော်တွင် ပါတီ၏ ဆန္ဒသဘောထားများကို ဖော်ထုတ်ပြောဆိုခြင်း၊ နိုင်ငံခြား ရေး ကိစ္စများကို ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ရသည်။

အတိုက်အခံပါတီ ခေါင်းဆောင်ဘဝဖြင့်ငင်း၊ ဝန်ကြီး ချုပ်ဘဝဖြင့်ငင်း ဝီလဆင်သည် ကမ္ဘာအနှံ့အပြားသို့ ခရီး လှည့်လည်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဥရောပ ဘုံစေ့းအဖွဲ ဝင် နိုင်ငံ ခြောက်နိုင်ငံသို့ သွားရောက်ခဲ့သည်။ နယူးယောဉ်၊ အော့တဝ၊ မောစကို၊ ဝါရှင်တန် စသည့် မြို့ကြီးများသို့ လည်း အကြိမ်ကြိမ် ရောက်ရှိခဲ့သည်။ ရိုဒီးရှား အရေးပြေ ရှင်းရန် အကြံဖြင့် အာဖရိကရှိ ဖြိတိသျှ ဓနသဟာယ နိုင် ငံများသို့လည်း သွားရောက်လည်ပတ်ပြီး စမစ်နှင့်နှစ်ကြိမ် ဆွေးနွေးခဲ့သည်။

ဝီလဆင်ကို ကမ္ဘာ့ တက္ကသိုလ်ပေါင်း များစွာတို့က ဂုဏ်ထူးဆောင် ပါရဂူဘွဲများ ပေးအပ်ခဲ့သည်။ ဝီလဆင် သည် ဗရက်ဖို့ တက္ကသိုလ်၏ အဓိပတိကြီး ဖြစ်သည်။ စာအုပ်ပေါင်း ရှစ်အုပ် ရေးသား ထုတ်ဝေခဲ့သည်။ ယခု အခါ လေဘာပါတီ၏ ဥက္ကဋ္ဌကြီး တာဝန်ကို ထမ်းဆောင် လျက်ရှိသည်။

သီရိလင်္ကာသမ္မတနိုင်ငံ။ ။သီရိလင်္ကာ သမ္မတနိုင်ငံသည် စတုရန်းမိုင် ၂၅,၃၃၂ ကျယ်ဝန်းပြီး ၁၉၇၂ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၁၃,၉၇၀,၀၀၀ ရှိလေသည်။



သီရိလင်္ကာအစိုးရသစ် အနေဖြင့် နိုင်ငံခြားရေးဝါဒတွင် ဘက်မလိုက် ဝါဒကို ဆက်လက် ကျင့်သုံးခဲ့သည်။ ဝန်ကြီးချုပ် ဂျေယျဝါဒိနီသည် သီရိလင်္ကာ သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ၁၉၇၈ ခုနှစ် ဖေဖွဝါရီလ ၄ ရက်နေ့ နံနက် ပိုင်းက ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ကျဆင်းနေသော စီးပွားရေးကို ကုစားနိုင်ရေးအတွက် ၁၉၇၅-၇၆ ခုနှစ် အတွင်းတွင် နိုင်ငံ တကာ ငွေကြေး ရန်ပုံငွေအဖွဲမှ အမေရိကန်ဒေါ်လာ ၁၈ သန်းကျော် ချေးငှားခဲ့သည်။ ထို့ပြင် အခြား တိုင်းပြည်များ မှလည်း စီးပွားရေးအတွက် အကူအညီများနှင့် ငွေများချေး ယူခဲ့သည်။ ၁၉၇၇ ခုနှစ် သြဂုတ်လတွင် စားသောက်ကုန် ပစ္စည်းခဲ့တမ်းများကို တိုးပေးပြီးကုန်ပစ္စည်းအချို့၏ဈေးနှုန်း များကို လျော့ချပေးခဲ့သည်။

သီရိလင်္ကာ နိုင်ငံရေးသည် စိုက်ပျိုးရေးအပေါ် မှီခိုအား ထားနေရသည့်နိုင်ငံဖြစ်ရာ အဓိကအားဖြင့် စပါး၊ လက်ဖက်၊ ရာဗာ၊ ကိုကိုးနှင့် ကာဖီစသည်များကို တိုးခဲ့စိုက်ပျိုးထုတ် လုပ်လျက်ရှိသည်။ လက်ဖက်မှာ နှစ်စဉ်ကိလိုဂရမ်သန်း ၂၂၀ ထွက်ရှိလျက်ရှိရာ ၁၉၇၆ ခုနှစ်တွင် ကိလိုဂရမ် ၁၉၆ သန်း နှင့် ၁၉၇၇ ခုနှစ်တွင် ကိလိုဂရမ် ၂၀၈ သန်းသာ ထွက်ရှိခဲ့ သည်။ သီရိလင်္ကာနိုင်ငံ၏အဓိကပို့ကုန်ဖြစ်သော လက်ဖက် လုပ်ငန်းသည် ၁၉၇၈ ခုနှစ်တွင်လည်း ကိလိုဂရမ် ၂၀၈ သန်းခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားခဲ့သည်။

၁၉၇၆-၇၇ ခုနှစ်တွင် စိုက်ပျိုးရေးကောကို ၁၉၇၅-၇၆ ခုနှစ် ကထက် ၉၃,၄၁၇ ကေ တိုးခဲ့ကာ ကေပေါင်း ၁,၁၄၁,၃၆၀ စိုက်ပျိုး ခဲ့သည်။ စပါး အထွက်နှုန်းကို ၁၉၇၇-၇၈ ခုနှစ်တွင် ယခင်နှစ်များကထက်ဘူရှယ် ၃၀ ပိုမိုပြီး ဘူရှယ် ၉၀ အထိ ထွက်ရှိနိုင်မည် ဟု ခန့်မှန်းထားနိုင်ခဲ့လေ သည်။

သီရိလင်္ကာနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်မှ စ၍ ဆန်ကို ပြည်ပမှ နှစ်စဉ် ဆန်တန်ချိန် ငါးသိန်းခန့် တင်သွင်းလာခဲ့ရာမှ ၁၉၇၈ ခုနှစ်တွင် နိုင်ငံခြားသို့ ဆန်တန် ချိန် တသိန်းတင်ပို့ရောင်းချရန် လျာထား ပြီးသည့်အပြင် နှစ်ကုန်တွင်လည်း ဆန်တန်ချိန် ငါးသိန်းခန့် ပိုလျှံလာမည် ဟု ဆိုလေသည်။

သီရိလင်္ကာနိုင်ငံတွင် လယ်ယာများကို တိုးခဲ့စိုက်ပျိုး နိုင်ရန် မြေရိုင်းကေများစွာ ရှိသော်လည်း ရေအခက်အခဲ ကြောင့် မဟာဝေလီမြစ်ဝှမ်းစီမံကိန်းကို ရေးဆွဲ အကောင် အထည်ဖော်ခဲ့ရာ ၁၉၈၆ ခုနှစ်လောက်တွင် ပြီးစီးမည် ဟု ခန့်မှန်း ထားခဲ့သည်။

ထိုစီမံကိန်း အတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည် ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီနှင့် ဖွံ့ဖြိုးပြီးသော နိုင်ငံများ၏ အကူအညီများကို ရယူခဲ့ရသည်။

၁၉၇၈ ခုနှစ် နှစ်စပိုင်းက အလုပ်လက်မဲ့ဦးရေ ၁၅၀,၀၀၀ ခန့်ကို အစိုးရက နေရာချထားပေးနိုင်ခဲ့သည်။ စီမံကိန်းတရပ် လုံး အောင်မြင် ပြီးစီးသွားပါက မြို့ပေါ်မှ အလုပ်လက်မဲ့ ဦးရေလေးသိန်းခန့်နှင့် ကျေးလက်မှ မိသားစု နှစ်သိန်းခန့်တို့ ပါ အလုပ်အကိုင် ရရှိသွားနိုင်မည် ဖြစ်သည်။ ယခုလော လောဆယ်တွင် အလုပ်လက်မဲ့တဦးလျှင် တလရှပီး ၅၀ ပေး ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သစ်ဆုံဆည်
(ဆည်မြောင်းမျှား၊ မြန်မာနိုင်ငံ—ရှ။)

သန်းခေါင်စာရင်း။ ။ သန်းခေါင်စာရင်း ဆိုသော စကားရပ်ကို အကြမ်းအားဖြင့် လူအများနားလည်လက်ခံထားကြသည်မှာ ၁၀ နှစ်တကြိမ် လူဦးရေ ရေတွက်ခြင်းနှင့် လူဦးရေစာရင်းများ ကောက်ယူခြင်းဟူ၍ ဖြစ်သည်။ သန်းခေါင်စာရင်း ဆိုသည့် စကားရပ်သည် ၁၈၇၂ ခုနှစ် ဗြိတိသျှတို့မြန်မာပြည်တွင် ပထမဆုံးအကြိမ်လူဦးရေစာရင်း ကောက်ယူခဲ့သည့် အချင်းအရာကိုစဲ၍ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ထိုစဉ်အခါက စာရင်းကောက်ယူသည့် နယ်မြေအတွင်း သတ်မှတ်ထားသောနေ့၏ ည၌ သန်းခေါင်ယံအချိန်တွင် တနယ်လုံး၌ တပြိုင်တည်း စာရင်းအင်းများ ကောက်ယူသည်ကို အစွဲပြု၍ သန်းခေါင်စာရင်း ဟု ခေါ်တွင်လာသည်။

ခရစ်တော် မပေါ်မီ နှစ်ပေါင်းများစွာကပင် ကမ္ဘာပေါ်ရှိ အချို့သော နိုင်ငံတို့၌ လူဦးရေ ရေတွက်ခြင်းကို စတင်ပြုလုပ်ခဲ့ကြပါသည်။ အီဂျစ်တွင် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၂၀၀ ခန့်နှင့် တရုတ်ပြည်တွင် ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်ကပင် လူဦးရေ ရေတွက်ခြင်းကို စတင် ဆောင်ရွက်ခဲ့ကြောင်းဖြင့် ဆိုကြသည်။ မြန်မာနိုင်ငံတွင် ရှေးမြန်မာ ဘုရင်များ လက်ထက်ကပင် လူဦးရေ ရေတွက်ခြင်းကို အာဏာစက် ပြန့်နှံ့ရာဒေသများ၌ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရှိရပေသည်။ ခရစ် မပေါ်မီ နှစ်ပေါင်း ၅၀၀ ခန့်က တကောင်းမင်းဆက် သတိုးဇမ္ဗူဒီပ မဟာဓဇ ရာဇာမင်း လက်ထက်တွင် ထိုမင်းစိုးမိုးသော နယ်မြေအတွင်း လူဦးရေကို သိရှိရန် ဘုရားတည်တော်မူရာယင်း ဘုရားတည်တော်မူရာသို့ တအိမ်ထောင်လျှင် အုတ်တချပ်စီ ပေးလှူစေခြင်းဖြင့် လူဦးရေကို သိရန်စီစဉ်ခဲ့ကြောင်းကို အမေရိကန် ပြည်ထောင်စု ကွန်ဂရက်စာကြည့်တိုက်တွင် ရှိသော "ကမ္ဘာရှိထူးဆန်းသော သန်းခေါင်စာရင်း"ဟူသည့် စာအုပ်ထဲတွင် ရေးသားထားကြောင်း သိရှိရပါသည်။

မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်(ခရစ် သက္ကရာဇ် ၁၆၂၉–၄၀) သာလွန်မင်းတရားကြီး လက်ထက်နှင့် မြန်မာသက္ကရာဇ် ၁၁၄၅ ခုနှစ်(ခရစ်သက္ကရာဇ် ၁၇၀၂–၁၀၁၉)ဘိုးတော် ဘုရားလက်ထက်တွင်လည်း လူဦးရေ ရေတွက်ခြင်းများကို ပြုလုပ်ခဲ့သည်။ ယင်းလူဦးရေ ရေတွက်ခြင်းများနှင့် ဆက်စပ်လျက် စစ်သား ၁၀၀ စုဆောင်း၍ ရရှိသည့်ရွာကို ရာစုရွာ၊ စစ်သား ၁၀၀၀ စုဆောင်း၍ ရရှိသည့်ရွာကို ထောင်စုရွာ စသည်ဖြင့် ဒေသ အခေါ် အဝေါ်များ တွင်ခဲ့လေသည်။

ဗြိတိသျှတို့ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ၁၈၇၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် သန်းခေါင် စာရင်း ကောက်ယူခဲ့လေသည်။ သန်းခေါင်စာရင်းကြီးကို အိန္ဒိယ နိုင်ငံနှင့် တပြိုင်တည်း ၁၈၇၁ ခုနှစ်တွင်ပင် ကောက်ယူရန်စီစဉ်ခဲ့သော်လည်း အချိန်အခါ မသင့်၍ မြန်မာနိုင်ငံ၌ ၁၈၇၂ ခုနှစ် ဩဂုတ်လတွင် ပြောင်းလွဲကောက်ယူခဲ့ရလေသည် ဒုတိယအကြိမ်မြောက် သန်းခေါင်စာရင်းကို ၁၈၈၁ ခုနှစ်တွင်ငင်း၊ တတိယအကြိမ် သန်းခေါင်စာရင်းကို ၁၀ နှစ်ခြား၍ ၁၈၉၁ ခုနှစ်တွင်ငင်း ကောက်ယူခဲ့လေသည်။

စတုတ္ထအကြိမ် ကောက်ယူသော ၁၈၉၁ ခုနှစ် သန်းကောင်စာရင်းတွင် ၁၈၈၅ ခုနှစ်၌ ဗြိတိသျှတို့ အထက်မြန်မာပြည်ကိုပါ သိမ်းပိုက်ခဲ့ပြီးဖြစ်၍ အုပ်ချုပ်ရေး စိုက်ထူပြီးသော နယ်မြေများ ပါဝင်ပါသည်။ ၁၈၈၁ ခုနှစ် ဒုတိယအကြိမ် သန်းခေါင်စာရင်းမှစ၍ စစ်မဖြစ်မီ ၁၉၄၁ ခုနှစ်အထိ ရှစ်ကြိမ်မြောက် သန်းခေါင်စာရင်း အထိ ၁၀ နှစ်တကြိမ် အချိန်မှန် သန်းခေါင်စာရင်းများကို ကောက်ယူခဲ့လေသည်။ ၁၉၄၁ ခုနှစ် သန်းခေါင်စာရင်း ကြီးသည် စာရင်းများ ထုတ်လုပ်၍ မပြီးမီ စစ်ကြီးဖြစ်ပွားခဲ့၍ စာရင်းဇယားများ ပျက်စီးခဲ့ရသည်။ စစ်ပြီးခေတ်တွင် ၁၉၅၃ ခုနှစ်နှင့် ၁၉၅၄ ခုနှစ်တို့၌ သန်းခေါင်စာရင်းများကို ကောက်ယူခဲ့သော်လည်း တိုင်းပြည်၏လုံခြုံမှု အခြေအနေများကြောင့် တနိုင်ငံလုံးကို ခြုံငုံမိသော သန်းခေါင်စာရင်း ကို မကောက်ယူနိုင်၍ အပိုင်းလိုက်ကောက်ယူခြင်း စနစ်ကိုသာ ကျင့်သုံးခဲ့ရလေသည်။ ထိုနောက် တိုင်းပြည် အခြေအနေ အရ သန်းခေါင်စာရင်း ကို ကောက်ယူခြင်း မပြုနိုင်ခဲ့ချေ။ ၁၉၇၃ ခုနှစ်တွင်မှ သန်းခေါင် စာရင်း နှစ်ဟူ၍ သတ်မှတ်ကာ တပြည်လုံးတွင် သန်းခေါင် စာရင်း များကို ကောက်ယူခဲ့လေသည်။

ယခုခေတ် သန်းခေါင်စာရင်း သည် လူဦးရေ ရေတွက်ခြင်းနှင့် ပတ်သက်သည့် ကိုယ်ရေး အကြောင်းအရာအားလုံးကို တကြိမ်တည်း၊ တပြိုင်တည်း ကောက်ယူသော စာရင်းဖြစ်သည်။ ယင်းတို့တွင် ၁။ လူဦးရေဆိုင်ရာစာရင်း ၂။ အိုးအိမ်ဆိုင်ရာစာရင်း ၃။ စိုက်ပျိုးရေးဆိုင်ရာစာရင်း ၄။ စက်မှု လက်မှုဆိုင်ရာစာရင်း ၅။ စီးပွားကုန်သွယ်ရေးဆိုင်ရာစာရင်း စသည်တို့ ပါဝင်ပါသည်။

သာမန်အားဖြင့် အခြေခံစာရင်းအင်းများသာပါသော သန်းကောင်စာရင်းကြီးကို ၁၀ နှစ် တကြိမ် သို့မဟုတ် ငါးနှစ် တကြိမ် ကောက်ယူလေ့ရှိပါသည်။ သို့ရာတွင် လူမှုရေး၊ စီးပွားရေး အကြောင်းအရာ အရပ်ရပ်တို့၏ အသေးစိတ် စာရင်းအင်းများကိုမူ နမူနာနည်းဖြင့် ကောက်ယူခြင်း သို့မဟုတ် အပြည့်အဝ ကောက်ယူခြင်း။ လစဉ် သို့မဟုတ်

နှစ်စဉ် သို့မဟုတ် နှစ်နှစ် တကြိမ် သို့မဟုတ် သုံးနှစ် တကြိမ် စသဖြင့် စာရင်းအင်းအမျိုးမျိုး အစားစားနှင့် လုပ်ဆောင်မည့် စီမံကိန်း အမျိုးအစားတို့အပေါ် မူတည်၍ ဆောင်ရွက်ရပါသည်။

ထိုကြောင့် ခေတ်အခေါ် သန်းခေါင်စာရင်း များမှာ ပြည်သူများထံမှ မေးမြန်း ကောက်ယူရသော အချိန်မှန် ကောက်ယူသည့် အခြေခံစာရင်း အင်းများနှင့် အခါအား လျော်စွာ ကောက်ယူသည့် စီးပွားရေး လူမှုရေးစာရင်း အင်းများ ပါဝင်သည်။

ရှေးအခါက သန်းခေါင်စာရင်း ကောက်ယူခြင်း တနည်း အားဖြင့်ဆိုသော် ထိုစဉ်က လူဦးရေရေတွက်ခြင်း၏ ရည်ရွယ်ချက်မှာ စစ်သားစုဆောင်းရေး၊ လူခွန်တော်ကောက်ခံ ရေးနှင့် လုပ်အားအတွက် လူအင်အား သိရှိရေးတို့အတွက် အဓိက ဖြစ်ပါသည်။

ကမ္ဘာအရပ်ရပ်တွင် စီးပွားရေးစနစ်နှင့် လူမှုရေးစနစ် တိုးတက် ပြောင်းလဲလာသည်နှင့်အမျှ သန်းခေါင်စာရင်း ကောက်ယူခြင်း၏ ရည်ရွယ်ချက်နှင့် တကွ နည်းနိဿမျာ းလည်း ပြောင်းလဲလာခဲ့သည်။

ယခုခေတ်တွင် သန်းခေါင်စာရင်း ကောက်ယူခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူမှုရေး၊စီးပွားရေးနှင့်အုပ်ချုပ်ရေး စီမံကိန်းများ ရေးဆွဲရေးအတွက် အခြေပြုရန် လိုအပ် မည့်စာရင်းအင်းများ ရရှိခြင်းဌာ ဖြစ်လေသည်။

သိန်းဖေမြင့်၊ ဦး (၁၉၁၄–၁၉၇၈) ။ ။မူလအမည်ရင်း ဦးသိန်းဖေ ခေါ် ဦးသိန်းဖေမြင့်၊ ကလောင်အမည် သိန်းဖေ



စာရေးဆရာ ဦးသိန်းဖေမြင့်

မြင့်ကို ၁၉၁၄ ခုနှစ် ဇူလိုင်လ ၁၀ ရက် နေ့တွင် အဖ မြေ တိုင်းစာရေး ဦးဘ၊ အမိ ဒေါ်မြင့်တို့က ဘုတလင် မြို့၌ မွေး ဖွားခဲ့၏။

သိန်းဖေမြင့်သည် ဘုတလင်မြို့ ဦးဖိုးဥဏ်ကျောင်း တွင်မူလတန်း ပညာကို သင်ယူခဲ့ပြီး မုံရွာမြို့ အမျိုးသား ကျောင်းနှင့် ဗုဒ္ဓဘာသာ ကျောင်းတို့ထွင် အထက်တန်း ပညာကိုသင်ယူခဲ့သည်။ ၁၉၃၂–၃၃ တွင် မန္တလေးဥပစာကောလိပ်၌ ဥပစာတန်း သင်ခဲ့ပြီး ၁၉၃၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက် ပညာသင်ခဲ့ရာ ၁၉၃၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကိုရခဲ့သည်။

မန္တလေးဥပစာကောလိပ်တွင် နေစဉ်ကပင် ကလောင် သွေးခဲ့သော်လည်း အထ မမြောက် ခဲ့ပေ။ ပထမဆုံး ပုံနှိပ်မှုအဖြစ် အဖော်ပြခံရသော စာမူမှာ ၁၉၃၃ ခုနှစ် ဇန္နဝါရီလ ၂ ရက်နေ့ထုတ် သူရိယသတင်းစာပါ "မန္တလေး အင် တာ မီ ဒီယိတ် ခေါ် ဥပစာ ကျောင်း၌ အပို မြန်မာစာ သင်ပြ ပို့ချ သင့် ခြင်း"အမည်ရှိ ဆောင်းပါး ဖြစ်သည်။ ထိုစဉ်က ကလောင်အမည်မှာ 'စနေငဘေ' ဖြစ်၏။ ထို့နောက် 'စနေငဘေ(တက္ကသိုလ်)' ကလောင်အမည်ဖြင့် ပထမဆုံး ပုံနှိပ်မှုအဖြစ် အဖော်ပြ ခံရသော ဝတ္ထုတို့မှာ ၁၉၃၃ ခုနှစ် စက်တင်ဘာလထုတ် ဒဂုန်မဂ္ဂဇင်းပါ "ခင် မျိုးချစ်" ဟူသော ဝတ္ထုတို့ဖြစ်သည်။ ထိုအချိန်မှစ၍ ဒဂုန်၊ မြန်မာ့အလင်း၊ ဒီးဒုတ်တို့တွင် ဝတ္ထုတို့များ ရေး ခဲ့၏။

၁၉၃၄ ခုနှစ်တွင် မူလကလောင်အမည် "စနေငဘေ" အစား "သိန်းနေနွယ်" ကလောင်အမည်ကို ခံယူ၍ ဒဂုန် မဂ္ဂဇင်း၌ "မိန်းမသူရဲကောင်း" အခန်းဆက် ဝတ္ထုရှည်ကို ရေးခဲ့သည်။

၁၉၃၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရပြီးနောက် ကျောင်းမှ ထွက်၍ စာရေးခြင်းဖြင့် အသက်မွေးသည်။ ၁၉၃၆ ခုနှစ် ဧပြီလတွင် အိန္ဒိယပြည် လတ်ကနောင်းမြို့၌ ကျင်းပသော အိန္ဒိယပြည်လုံးဆိုင်ရာ ကွန်ဂရက်အစည်းအဝေးသို့ မြန်မာ့ အလင်း သတင်းထောက်အဖြစ် တက်ရောက် အမှုထမ်းခဲ့ သည်။

လတ်ကနောင်း ကွန်ဂရက် အစည်းအဝေး အပြီးတွင် ကလကတ္တား၌ ဆက်လက်နေထိုင်၍ ဥပဒေပညာနှင့် မဟာ ဝိဇ္ဇာ (ပါဠိ) တန်းတွင် ပညာ ဆည်းပူးသည်။ ထိုစဉ်တွင် ဗင်္ဂလားပြည် ကျောင်းသားအဖွဲ့ချုပ်၌ နိုင်ငံခြားဆက်သွယ် ရေးတာဝန်ကို ယူခဲ့သည်။

၁၉၃၇ ခုနှစ် "သိန်းနေနွယ်" ကလောင် အမည်ကို ခံယူခဲ့ပြီးချိန်မှစ၍ "သိန်းနေနွယ်" ကလောင် အမည်ကို ပင်တိုင်ထား၍ ရေးသားခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် တက် ဘုန်းကြီး ဝတ္ထု ထွက်လာ၏။ထိုအခါ ကလောင်အမည်မှာ အမည်ရင်း "သိန်းဖေ" ဖြစ်သည်။ သို့သော်လည်း တက် ဘုန်းကြီး ဝတ္ထုထွက်ပြီး နောက်ပိုင်း ၁၉၄၉ ခုနှစ်အထိ ရေးသမျှစာများ၏ အဓိက ကလောင်အမည်မှာ "တက် ဘုန်းကြီးသိန်းဖေ" ဟူ၍ ဖြစ်လာ၏။

သိန်းဖေမြင့်သည် စာပေလောကဘွဲ့သာမက နိုင်ငံရေး လောကဘွဲ့လည်း ထင်ရှား၏။ ၁၉၃၄–၃၅ တွင် ရန်ကုန်

သူရေးခဲ့သော ဝတ္ထုရှည်များ အနက် ထင်ရှားသော ဝတ္ထုရှည်အချို့တွင် တက်ခေတ် နတ်ဆိုး (၁၉၄၀) နှင့် အရွှေက နေဝန်းထွက်သည့်ပမာ (၁၉၅၈) တို့သည်လည်း ပါဝင်ခဲ့သည်။ သူ၏ဝတ္ထုတိုပေါင်းချုပ်ကို ၁၉၆၆ ခုနှစ်တွင် ထုတ်ဝေခဲ့၏။ ဆရာလွန်း အတ္ထုပ္ပတ္တိ (၁၉၃၇) နှင့် ဇာတ် ဆရာ ဦးဖိုးစိန် (၁၉၅၂) တို့သည် သိန်းဖေမြင့်၏ ထင်ရှားသော အတ္ထုပ္ပတ္တိ စာပေအချို့ဖြစ်၏။ စစ်အတွင်းခရီးသည် (၁၉၆၈) နေရစ်တော့ ခေတ်ဟောင်း (၁၉၅၂)၊ မြစ်ဖျားရော ရောင်စုံဖြာ (၁၉၇၃)တို့သည် သိန်းဖေမြင့်၏ ထင်ရှားသော ခရီးသွားစာပေအချို့ဖြစ်၏။ သိန်းဖေမြင့်သည် မိမိ၏ နိုင်ငံရေး၊ စာပေနှင့် ဘဝအတွေ့အကြုံများကို နိုင်ငံရေးအတွေ့အကြုံများ (၁၉၅၆)၊ ကျွန်တော်၏ အချစ်ဦး (စာပေ ဘဝဇာတ်လမ်းစုံ ၁) (၁၉၇၄)၊ တက်ခေတ် တက်လူ တက်ဘုန်းကြီး သိန်းဖေ (စာပေဘဝဇာတ်လမ်းစုံ ၂) (၁၉၇၅) နှင့် တခုသော ငွေရတုသဘင် (၁၉၇၃) နှင့် တိုက်ပွဲဝင် စာများ (၁၉၇၃) အမည်ရှိ စာပေရေးရာစာအုပ်များတွင် ရေးခဲ့သည်။

ရေးသား ပြုစုခဲ့သော စာအုပ်များ အနက် အရွှေက နေဝန်းထွက်သည့်ပမာ ဝတ္ထုဖြင့် ၁၉၅၈ ခုနှစ် စာပေဗိမာန်ဆု၊ ဝိသေသတိုင်း သမိုင်းအစ စာအုပ်ဖြင့် ၁၉၆၇ ခုနှစ် အမျိုးသားစာပေ၊ စာပဒေသာ ပထမဆုနှင့် သီတာပြုံး ဝတ္ထုဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည် တတိယဆုတို့ကို ရခဲ့သည်။

သိန်းဖေမြင့်သည် ၁၉၇၈ ခုနှစ် ဇန္နဝါရီလ ၁၅ ရက် နေ့တွင် ကွယ်လွန်ခဲ့လေသည်။

သွေးလွန်တုပ်ကွေး။ ။သွေးလွန်တုပ်ကွေးသည် မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်ခန့်မှစ၍ လူသိရှင်ကြားအဖြစ် များလာသော ရောဂါဖြစ်သည်။ ထို့အရင်က အနည်းအကျဉ်းသာဖြစ်သဖြင့် လူသိမများလှချေ။ ရိုးရိုးတုပ်ကွေးဖျားကဲ့သို့ အပြင်းဖျားပြီး ကိုယ်လက်အင်္ဂါများ ကိုက်ခဲသည့် လက္ခဏာများနှင့် တူသဖြင့် တုပ်ကွေးကြီးဟု ခေါ်ခဲ့ကြသည်။ ယင်းသို့ကိုက်ခဲဖျားလာရုံမက သွေးလွန်လက္ခဏာများဖြစ်သည့် သွေးအန်ခြင်း၊ဝမ်းမည်းမည်းသွားခြင်းစသည်တို့ ဖြစ်တတ်သောကြောင့် သွေးလွန်တုပ်ကွေးဟု ခေါ်ဝေါ်ခြင်းဖြစ်သည်ဟု ဆိုသည်။

သွေးလွန်တုပ်ကွေးသည် ၁၉၃၅ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့သည်။ ထို့နောက် ၁၉၅၈ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် မြောက်ဗီယက်နမ်နိုင်ငံတွင်၎င်း၊ ၁၉၆၀ ပြည့်နှစ်တွင် စင်္ကာပူနိုင်ငံတွင်၎င်း၊ ၁၉၆၇ ခုနှစ်တွင် မလေးရှားနိုင်ငံ

တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၌ အလုပ်အမှုဆောင်၊ ၁၉၃၆–၃၇ တွင် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး တဲ့ဖက်အတွင်းရေးမှူး၊ ၁၉၃၇–၃၈ တွင် နဂါးနီ စာအုပ်အသင်း ပညာရေးအဖွဲ့ငယ် အမှုဆောင်၊ ၁၉၄၁–၄၂ တွင် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများ၏ စည်းရုံးရေးမှူး၊ ၁၉၄၅–၄၆ တွင် ဗမာပြည် ကွန်မြူနစ် ပါတီ အထွေထွေအတွင်းရေးမှူး၊ ၁၉၄၆ တွင် ဖဆပလ အဖွဲ့ချုပ် တဲ့ဖက်အတွင်းရေးမှူး၊ ၁၉၅၂ တွင် ပြည်သူ ညီညွတ်ရေး ပါတီ တည်ထောင်သူအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်ခဲ့သော ကြားဖြတ် အစိုးရအဖွဲ့တွင် ခေတ္တမျှ ပါဝင်တာဝန်ယူခဲ့၏။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ဒုတိယ ဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

သိန်းဖေမြင့် သည် စာ ရေး ဆ ရာ၊ နိုင်ငံ ရေး သ မား တယောက်အပြင် သတင်းစာဆရာ တယောက်အဖြစ်လည်း ထင်ရှား၏။ ၁၉၅၈ တွင် ဗိုလ်တထောင် သတင်းစာကို တည်ထောင်ပြီး အယ်ဒီတာချုပ်နှင့် အုပ်ချုပ်မှုဒါရိုက်တာ အဖြစ် တာဝန်ယူခဲ့သည်။

ရုပ်ရှင်လောကသို့ ဝင်ရှိလည်း ဒုတိယကမ္ဘာစစ် မတိုင်မီက "ယောကျ်ားကုန်ရည်" အမည်ရှိ ရုပ်ရှင် တကားကို ရိုက်ခဲ့သည်။ ဒုတိယကမ္ဘာစစ် နောက်ပိုင်းတွင် "ရွှေမိုးငွေမိုး"၊ "ဘဲလာရေး"၊ "စိမ်းရောင်စို" ပြဇာတ် များကိုလည်း စီစဉ်ညွှန်ကြားခဲ့၏။

စာရေးဆရာ၊ သတင်းစာ ဆရာနှင့် နိုင်ငံရေး သမား အဖြစ် အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများ၊အိုဂျစ်၊ တရုတ်၊ ဂျပန်နှင့် ဗီယက်နမ် နိုင်ငံများသို့လည်း ခရီးလှည့်လည်ခဲ့သည်။

သိန်းဖေမြင့်သည် သူ၏ ပထမဆုံးဝတ္ထုတို စု စာအုပ်ဖြစ်သော မင်းတိုင်ပင် စာအုပ်ကို ၁၉၃၇ ခုနှစ်တွင် ကလောင်အမည် "သိန်းနေနွယ်" ဖြင့် ထုတ်ဝေခဲ့သည်။ ထို နှစ်မှာပင် ဆရာလွန်းအတ္ထုပ္ပတ္တိ ကို အမည်ရင်း "မောင်သိန်းဖေ ဘီ–အော" အမည်ဖြင့် ထုတ်ဝေခဲ့၏။ ထို့နောက် ပိုင်းတွင် "တက္ကသိုလ်ကျော့"၊ "ဦးကျောက်လုံး" စသည့် ကလောင် အမည်များကို ခံယူ၍လည်း စာရေးခဲ့သည်။ ဦးစောဗိလတ်သွား ပြဇာတ် (၁၉၄၁)ကိုမူ "တကောင်ကြွက်" ကလောင်အမည်ဖြင့် ရေးခဲ့၏။ ၁၉၄၉ ခုနှစ်တွင် လမ်းစပေါ်ပြီ ဝတ္ထုမှစ၍ "သိန်းဖေမြင့်"ဟူသော ကလောင် အမည်ကို ခံယူခဲ့သည့်အပြင် ပုဂ္ဂိုလ်ရင်း အမည်ကိုလည်း "ဦးသိန်းဖေမြင့်" ဟု ပြောင်းလဲခဲ့၏။

သိန်းဖေမြင့်သည် ဝတ္ထု တိုရှည်များနှင့် ဆောင်းပါးများ၊ ခရီးသွားစာပေများ၊ နိုင်ငံရေးစာပေ၊ စာပေရေးရာ ဆောင်းပါး အများအပြား ရေးသားခဲ့သည်။



ကလေးရောဂါအထူးကု ဆရာဝန်ကြီးတဦးက
ကလေးငယ်တဦး အား စမ်းသပ်ကုသပေးနေပုံ

ဌ်ဌင်း၊ ၁၉၆၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံဌ်ဌင်း စတင်ဖြစ်ပွားခဲ့ကြပြီးနောက် မြန်မာနိုင်ငံဖက်သို့ ၁၉၇၀ ပြည့်နှစ်တွင် ကူးစက်ပြန့်ပွားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် ခြင်အမျိုးပေါင်း ၂,၄၀၀ ခန့်ရှိသည့် အနက် သွေးလွန်တုပ်ကွေးကို ကူးစက်စေသောခြင်ကို သတ္တဗေဒအမည်ဖြင့် အီးဒီးအီးဂျစ်ပ်ဟု ခေါ်ဆိုသည်။ အသင့်သဖွာန်ကိုလိုက်၍လွယ်လွယ်ကူကူနားလည်နိုင်ရန်ခြင်ကျားဟု ခေါ်ဝေါ်သုံးစွဲခဲ့ခြင်း ဖြစ်သည်။

ခြင်ကျား၏ မူရင်းဒေသမှာ အာဖရိကတိုက်တောမျှားမှ ဖြစ်သည်။ တောနေခြင်ရိုင်းဘဝမှ အိမ်နေခြင် ယဉ်ဘဝကို ဖြစ်လာရသော အကြောင်းတွင် လျှပ်စစ်မီးများ ထွန်းခြင်းဓလေ့ပေါ် ပေါက်လာခြင်းသည် အချက်တချက် အနေဖြင့် ပါဝင်သည်ဟု ကိမိလဗေဒပညာရှင်များက ယူဆကြသည်။ ယင်းခြင်ကျားသည် ရေသန့် ရေသေတွင် ပေါက်ဖွားတတ်ပြီး ရောက်ရာအရပ်တွင် တသက်လုံးနေထိုင် သွားတတ်သည့်ပြင် နေ့လယ်နေ့ခင်းတွင်သာ ကိုက်တတ်သည်။

ရောဂါဖြစ်ခြင်း

သွေးလွန်တုပ်ကွေးရောဂါသည် အသက် ၁၀ နှစ်အောက် ကလေးများတွင် အဖြစ်များသည်။ ယင်းအနက် အသက် သုံးနှစ်မှ ခြောက်နှစ်အတွင်း ပိုမိုဖြစ်တတ်ပြီး အဖိတ်အစဉ် လည်း အများဆုံးဖြစ်ကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးရောဂါ ဟုတ်မဟုတ် ၁၄ ရက်ခြား၍ ရယူသော သွေးနှစ်မျိုးကို တပြိုင်နက်စစ်ဆေးကြည့်ပြီးမှသာလျှင် အတတ်ပြောနိုင်သည်ဟု ဆိုသည်။

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာကို ဖြစ်စတွင် သိသာရန် ခဲယဉ်းသည်။ ယင်းရောဂါလက္ခဏာအား အတွေ့အကြုံရှိသော ဆရာဝန်ကြီးများနှင့် သွေးလွန်တုပ်ကွေးရောဂါကို သီးခြား သုတေသနပြုနေသူများပင်လျှင် စမ်းသပ်ကြည့်ပြီးမှ ၂၅ ရာခိုင်နှုန်းခန့် မှန်ကန်အောင် ပြောဆိုနိုင်သည်။ သွေးလန့် သွေးဆုတ်သော အခြေအနေမျိုး ရောက်သည့်အခါတွင်မှ သွေးလွန်တုပ်ကွေးဟု ရာခိုင်နှုန်းပြည့်ရောဂါလက္ခဏာစမ်းသပ်ချိန့်ပြောနိုင်ကြသည်။

ဒင်းဂီးနှင့် ချီကွန်ဂူးဗိုင်းရပ်ပိုးများကို သယ်ဆောင်လာသော ခြင်ကျားအကိုက်ခံရပါကခန္ဓာကိုယ်ထဲ၌ ရောဂါပျိုးချိန် ငါးရက်ခန့်ယူပြီးနောက် ကလေးအားစတင် တိုက်ခိုက်တတ်သည်။

ယေဘုယျရောဂါလက္ခဏာ

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လာပါက ကလေးငယ်သည် ရုတ်တရက် အပြင်းဖျားတတ်သည်။ အဖျားမှာ ၁၀၃ ဒီဂရီမှ ၁၀၆ ဒီဂရီအထိ ရှိနေတတ်သည်။ နှာရည်ယို၊ အာခေါင်ရောင်၊ ချောင်းအနည်းငယ် ဆိုးတတ်သည်။ ရိုးတွင်းချဉ်ဆီထဲမှနေ၍ အရိုးအဆစ်များကိုက်ခဲတတ်သည်။ ဗိုက်အောင့်တတ်ပြီး ကယောင်ကတန်းပြောတတ်သည်။ တက်တတ်သည်။ အန်သည့်အခါ ကာဖီနှစ်ရောင် ညှိုညစ်ညစ်များပါတတ်သည်။ ဖျားစ တရက်နှစ်ရက်အတွင်း ခန္ဓာကိုယ်အနှံ့အပြား အရေပြားပေါ်တွင် တခါတရံ အနီရောင်အစက်အပြောက်လေးများ ထွက်ပေါ်လာတတ်သည်။

အခြို့ကလေးများတွင် လည်ပင်း၊ ချိုင်း၊ ပေါင်ရင်းတို့တွင် သင်္ကေတ အကျိတ်များ ရောင်ရမ်းနေတတ်သည်။ စမ်းသပ်ကြည့်လျှင် အသည်းကြီးနေသည်ကိုလည်း တွေ့ရတတ်သည်။ အပေါ်ယံဆံခြည်မျှင်သွေးကြောကလေးများ ပျက်စီးသဖြင့် နှာခေါင်းသွေးယိုခြင်း၊ အရေပြားပေါ်တွင် အလိုအလျောက် သွေးခြည်အုခြင်း၊ အနည်းငယ်ထိခိုက်မိရုံမျှဖြင့် သွေးခြည်အုခြင်းတို့ ဖြစ်တတ်သည်။

ကလေးသည် အပြင်းဖျားလာရာမှ အဖျားမကျပဲ သုံးရက်မှ ခုနစ်ရက်အတွင်း ခြေဖျားလက်ဖျားများ အေးစက်နေတတ်ပြီး ပါးပြင်နွေးနေတတ်သည်။ မျက်နှာမှာ နီမြန်းပြီး ခွေးများဖြင့် နစ်နေတတ်သည်။ အသက်ရှူနှုန်းမြန်တတ်သည်။ သွေးခုန်နှုန်းအားကျဉ်းမြောင်းနေတတ်သည်။ ဆေးထိုးပေးသည့်နေရာများမှ သွေးတစိမ့်စိမ့်ယိုထွက်ခြင်း၊ နှုတ်ခမ်းနှင့်ခြေသည်း လက်သည်းများ ပြာရောင်သမ်းခြင်း၊

သွေးအန်ခြင်း၊ သွေးဝမ်းသွားခြင်းများလည်း ဖြစ်လာတတ်သည်။ အရုပ်ကြိုးပြတ်သကဲ့သို့ မှိန်းနေတတ်သည်။ ယင်းသို့သောအဆင့်သို့ ရောက်ရှိနေပါက ဆေးကုသရန် အတော်ပင် ခက်ခဲသည်ဟု ဆိုသည်။

ရောဂါပျံနှံခိုန်လွန်သော် ကလေး၏ ဆံခြည်မျှင်သွေးကြောများ ပျက်စီးလာသည်။ ထိုအခါ သွေးထဲမှ ဆားဓာတ်ရေဓာတ်၊ သွေးပရိုတိန်းဓာတ်တို့သည် သွေးကြောပြင်သို့ စိမ့်ထွက်ကုန်ကြသည်။ ထို့ထက်သွေးနီဥများပါ ထွက်ကုန်ကြသည်။ အရေဓာတ်များထွက်သွားသောအခါ လှည့်ပတ်နေသော သွေးထုထည်ပမာဏသည် နည်းပါးပြီး သွေးသည် ပျစ်ခဲသွားသည်။ ထို့ကြောင့် မူလအတိုင်း သွေးသည်မလည် ပတ်နိုင်တော့ပဲ တဖြည်းဖြည်း သွေးဆုတ်လာလေသည်။ တဖြည်းဖြည်း သွေးဆုတ်လာရာမှ ဦးနှောက်ကဲ့သို့သော အရေးကြီးသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းသို့ သွေးမရောက်ပဲ အသက်ဆုံးရှုံးရသည်။

သွေးလွန်တုပ်ကွေးဖြစ်နေသော လူနာ အဖျားမတက်မီ တရက်နှင့် ဖျားပြီး ငါးရက်တွင် ခြင်ကျားလာ၍ကိုက်ပါက ယင်းခြင်ကျားတွင် ရောဂါပိုးများ ပါသွားတတ်ပြီး ယင်းခြင်ကျားသည် ရှစ်ရက်မှ ၁၁ ရက်အတွင်း အခြားသူတဦးအား ကိုက်မိပါက ရောဂါ ကူးစက်တတ်သည်။

ကုသခြင်း

သွေးလွန်တုပ်ကွေးကို ဖြစ်စေသော ဒင်းဂ်ီး ဗိုင်းရပ်ပိုးများကို သတ်ရန်အတွက် ယနေ့ထက်တိုင် ဆေးဝါးမရှိသေးပေ။ ရောဂါကိုခံနိုင်ရည်ရှိရန်အတွက် အထောက်အကူပြုပေးခြင်းနှင့် စောင့်ကြပ်ပြုစုခြင်းဖြင့်သာလျှင် ကုသပေးနေရသည်။

ပျက်စီးသွားသော သွေးကြောကလေးများမှ စိမ့်ယိုထွက်သွားသော ရေဓာတ်၊ ဆားဓာတ်နှင့် ပရိုတိန်းဓာတ်များကို လိုသည့်ဓာတ်ဆားရည်၊ သွေးရည်ကြည်ပမာဏကို ပွားများစေသော အရည်၊ သွေးရည်ကြည် အစရှိသည်တို့ဖြင့် လိုအပ်သလို အားဖြည့် အစားသွင်း ကုသပေးရပေသည်။ ကိုယ်ခန္ဓာအတွင်း သွေးထွက်သဖြင့် အပြောင်းအလဲဖောက်ပြန်မှုများကို မျက်ခြည်မပြတ်ကုသပေးခြင်း၊ သွေးလွန်သော အဆင့်သို့ ရောက်သွားမှသာ သွေးသွင်းပေးခြင်းနှင့် အခြားရောဂါများဝင်မလာအောင် ကာကွယ်ခြင်းတို့ဖြင့် အတတ်နိုင်ဆုံးပြုစုကုသရပေသည်။ ယင်း သွေးလွန်တုပ်ကွေးသည် ခုခံအားပေါ်တွင်လိုက်၍ ၇၅ ရာခိုင်နှုန်းသည် အလိုလိုပျောက်ကင်းတတ်သည်ဟု ဆိုသည်။



သွေးလွန်တုတ်ကွေးရောဂါ ခံစားနေရသော ကလေးငယ်များ အား စနစ်တကျဆေးကုသပေးမှသာလျှင် အသက်ချမ်းသာရာ ရပေမည်ဖြစ်သည်။

ကာကွယ်ရေး

သွေးလွန်တုပ်ကွေး ရောဂါအတွက် ကျောက်၊ပလိပ်၊ဝမ်းရောဂါတို့ကဲ့သို့ ကာကွယ်ရန် ထိုးဆေး၊ သောက်ဆေးစသည်တို့ မရှိသေးချေ။ သို့သော် သွေးလွန်တုပ်ကွေး ဖြစ်ပေါ်စေသော ဗိုင်းရပ်ပိုးများကို သယ်ဆောင်လာသည့် ခြင်ကျားနှိမ်နင်းရေးသည် တခုတည်းသော အကောင်းဆုံး ကာကွယ်ရေး ဖြစ်သည်။ ပိုးလောက်လန်းဘဝတွင် နှိမ်နင်းခြင်းသည် အကောင်းဆုံးဖြစ်သည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီးသည် သွေးလွန် တုပ်ကွေးနှင့် ပတ်သက်သော ကျမ်းကျင်မှုဆိုင်ရာ အကြံပေး ကော်မတီတခုကိုဖွဲ့စည်းလျက် ယင်းရောဂါ တိုက်ဖျက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဟားရိုးလ်ရော်ဗင် (၁၉၁၅ ခုနှစ်ဖွား)။ ။ဟားရိုးလ် ရော်ဗင်၏ အမည်ရင်းမှာ ဖရန်းစစ်ကိန်း ဖြစ်သည်။ အမေရိကန် နိုင် ငံ၊ နယူးယောဲ့ မြို့တွင် မွေးဖွားသည်။ထိုအချိန်၌ သူ အ မည်မှာ ဟား ရိုး ရွာဘင် ဟု ပြော င်း ခဲ့ သ ည်။ နောင်အခါ စာပေရေးသားရာ၌ ထိုအမည်ကိုပင် အခြေပြုလျက် ဟား ရိုးလ် ရော်ဗင်ဟူသော အမည်ကို ကလောင်အ မ ည် အ ဖြ စ် ပြောင်းလဲ သုံးစွဲခဲ့ရာထိုအမည်ဖြင့်ပင် တွင်လာလေသည်။



စာရေးဆရာဟားရိုးလ်ရော်ဗင်

ဟားရိုးလ် ရော်ဗင်၏ ဝတ္ထုမျှားသည် အနောက်တိုင်း ဝတ္ထုလောကတွင် ရောင်းပန်းအသွက်ဆုံးဖြစ်သည်။

ဟားရိုးလ် ရော်ဗင် ရေးသားခဲ့သော လုံးချင်းဝတ္ထုရှည်များမှာ ၁၁ အုပ်မျရှိခဲ့ပြီဖြစ်သည်။ သူလက်ရာ ဝတ္ထုများမှာ အပျင်းလည်းပြေ၊ စဲ့မက်စရာ အဖွဲ့အနွဲ့ကလည်း ကောင်းသဖြင့် အင်္ဂလိပ်စာဖတ်သူတို့လောကဌ္ဌ လူကြိုက် များလှသည်။ ထိုဝတ္ထုများကို ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုရေးသား ထုတ်ဝေလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ဟားရိုးလ်ရော်ဗင်၏ စာအုပ်ရောင်းရသော အရေအတွက်မှာ နေ့စဉ် ၂၅,၀၀၀ ကျော်မျ ရှိလိမ့်မည်ဟု ခန့်မှန်းကြသည်။ တနှစ်လျှင် ရောင်းရစာအုပ်ရေ ၉,၀၀၀,၀၀၀ ထက် နည်းမည်မဟုတ်ဟုလည်း ဆိုကြသည်။ စာရေးဆရာသည် ထိုစာအုပ်များကို ရောင်းရသောဝင်ငွေမှ စာမူခ ခိုင်ကြေးခအားဖြင့် တနှစ်လျှင် ဒေါ်လာ တသန်းမျ ရရှိနေသည်။ ထို့ကြောင့် အများကြိုက် ပေါ်ပင် စာရေးဆရာများအနက် ဝင်ငွေ ကောင်းလှသော သန်းကြွယ် ကလောင်ရှင်တဦးဖြစ်သည်။

ဟားရိုးလ်ရော်ဗင်၏ ကြွယ်ဝသမျှမှာ ဒေါ်လာငွေသန်း ၄၀ ၏ အထက်၌ ရှိမည်ဟုဆိုသည်။ သူနေထိုင်ရာ အရပ်မှာ အမေရိကန်နိုင်ငံ အနောက်ဖက်ကမ်းရိုးတန်းရှိ ဟိုလိဝုဒ် ရုပ်ရှင်မြို့တော် တည်ရှိရာ အရပ်ဖြစ်သည်။

ဟားရိုးလ်ရော်ဗင်၏ ဘဝအစမှာ နုနှံ့နဲ့သော အခြေမှ စခဲ့သည်။ သူကို ၁၉၁၅ ခု နှစ်တွင် ဖွားမြင်သည်။ မွေးစားသားအဖြစ် နေခဲ့ရပြီးနောက် အသက် ၁၅ နှစ် အရွယ်တွင် အိမ်မှထွက်ခဲ့သည်။ ထိုအချိန်မှာ အမေရိကန်ပြည်တွင် စီးပွားပျက်ကပ်ဆိုက်ချိန်ဖြစ်သောကြောင့် သူမှာ အလုပ်ဟူ၍ မယ်မယ်ရရ မရှိပဲ ရရာအလုပ်ကိုဝင်၍ လုပ်ရသည်။

သူဘဝ၌ စာရေးဆရာအဖြစ် ထင်ပေါ် ကျော်ကြားရန် လမ်းစမှာ အမေရိကန် အရှေ့ဖက်ကမ်းမှ အနောက်ဖက်ကမ်းရှိ ရုပ်ရှင်မြို့တော်သို့ ပြောင်းရွှေ့ အလုပ်လုပ်ရာမှ စတင်ခဲ့သည်။ ဟိုလိဝုဒ်သို့ ရောက်ပြီးနောက် ယူနီဘာဆယ် ရုပ်ရှင်ကုမ္ပဏီတွင် ကုန်တင် ကုန်ချ စာရေးကလေးအဖြစ်ဝင်၍ လုပ်ကိုင်ရသည်။ အဆင့်ဆင့် ကြိုးစားခဲ့ပြန်ရာ ရုပ်ရှင်ကုမ္ပဏီ၏ စီမံခန့်ခွဲရေးပိုင်းဌ ညွှန်ကြားရေးမှူးဖြစ်လာသည်။ ထိုအချိန်မှာ ၁၉၄၀ ပြည့်မှ ၁၉၄၆ ခုနှစ်အတွင်း ကာလဖြစ်သည်။

ဟားရိုးလ်ရော်ဗင်သည် သူ၏ မျက်စိအောက်တွင်ဝင်ငွေ မျိုးမျိုးမြက်မြက်ရသော ရုပ်ရှင် လုပ်ငန်းကြီးကို တွေ့မြင်နေရပေရာ ရုပ်ရှင် ဇာတ်ညွှန်းရေးသားရန် အားထုတ်ခြင်းဖြင့် ကလောင်ကိုကိုင်မိသည်။

သူပထမဆုံး ရေးသားသော ဝတ္ထုမှာ "တစိမ်းပြင်ပြင် မချစ်ကြင်နှင့်" ဖြစ်သည်။ ၁၉၄၆ ခုနှစ်၌ စာအုပ် ဖြစ်လာသည်။ မိဘမဲ့ကလေးတဦး ဒုစရိုက်လောကဌ္ဌ ဘုရင် ဖြစ်လာပုံကို ဇာတ်လမ်းဖွဲ့ထားသည်။ ထိုစာအုပ်ဖြင့် နာမည်ရလာခဲ့သည်။

"အိပ်မက်ကုန်သည်များ" အမည်ရှိစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ဟိုလိဝုဒ် ရုပ်ရှင်လောကမှ ထုတ်လုပ်သူ၊ ညွှန်ကြားသူ၊ သရုပ်ဆောင်သူ မင်းသား မင်းသမီးတို့၏ အတွင်းရေးများကို ဇာတ်လမ်း ဖွဲ့ထားခြင်းဖြစ်သည်။

မေတ္တာ တ ရား အ ကြောင်း ကို ပင် တန် ဖိုး ထား ပုံကို "၇၉၊ ဥယျာဉ်ရိပ်သာလမ်း" စာအုပ်၌ တွေ့နိုင်သည်။ ကြေးစား အမျိုးသမီးကြီး တဦး၏ ဇာတ်လမ်းကို ရေးဖွဲ့သည်။ ထို့နောက် ပိတ်ကားပေါ်သို့ ရောက်သည်။

နောက်ထပ်ရေးသော ကားပက်ဗက်ဂါး ဝတ္ထုမှာ မြို့ကနေ၍ တောကိုဆင်းသော ခေါင်းပုံဖြတ် လူလည်များ၏ အကြောင်းကို ဇာတ်လမ်း ဖွဲ့ထားသည်။ ရုပ်ရှင်မင်းသမီးကြီး ဂျင်း ဟာလို၏ အကြောင်း ဖြစ်သည်ဟုဆိုသည်။ ထိုကားကို ရုပ်ရှင်ရိုက်ဖြစ်သည်။ ဝတ္ထုအဖြစ် ၁၉၆၁ ခုနှစ်တွင် ပြီးစီးသည်။

သူ၏ နောက်ပိုင်း လက်ရာများတွင် ဤသို့သော အကြောင်းအရာများကိုသာ ရေးဖွဲ့လာခဲ့သည်။ သွက်သွက်ရောင်းရ၍ နာမည်ကြီးသည့်နှင့်အမျ စာရေးဆရာဌ္ဌငွေစုရှင်လာခဲ့သည်။ စာဖတ်ပရိသတ်၏ အားနည်းချက်ကို အခွင့်ကောင်းယူ၍ ရေးသည်ဟုလည်း ဝေဖန်ခံရသည်။

သူ၏လက်ရာများ အနက် ဟိုလိဝုဒ် ရုပ်ရှင်လောက၏ အရှုပ်တော်ပုံအကြောင်းကို ရေးသားသော တတိယအုပ်မှာ

အမွေခံများအမည်ရှိ စာအုပ်ဖြစ်သည်။ ဤတာလံ့ ရုပ်ရှင်မင်းသမီးကြီး ဆိုဖီယာလောရင်း၏ အကြောင်းကို စောင်းမြောင်း ခွိတ်ဖွဲ့၍ ရေးသည်ဟုလည်း ဆိုကြသည်။

ဗက်ဆီအမည်ရှိ ဝတ္ထုမှာ မော်တော်ကား လုပ်ငန်းကို ပိုင်ဆိုင်သောမိသားစုကြီးတစု အကြောင်းကို ရေးသားထားခြင်းဖြစ်သည်။

ဤကဲ့သို့ အညီအဟောက်၊ ယမ်းငွေ့ယမ်းနံ့၊ ဒုစရိုက် အနိဋ္ဌာရုံတို့ဖြင့် ပြမ်းသော ဇာတ်လမ်းများကို ရေးသားပြီး ပေါ်ပင်အကြိုက်ကို ဖန်တီးလေ့ရှိခြင်းအတွက် ကမ္ဘာကျော် နယူးစ်ဝိမဂ္ဂင်းက ဟားရိုးလ် ရော်ဗင်အား အဆင့်အတန်းမရှိသော ဂန္ဆဝင်မြောက် မဖြစ်နိုင်သည့်စာများကိုရေးသားသည်ဟု ဝေဖန်ခဲ့သည်။

ထိုသို့ ဝေဖန်ပြောဆိုမှုများကို စာရေးသူက ချေပရာ၌ အာဏာ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများနှင့် အနိဋ္ဌာရုံများကို ဖယ်ရှားနိုင်ပါမှ ကမ္ဘာကြီးတွင် ငြိမ်းချမ်းစည်ပင်လိမ့်မည်ဟု မိမိဦးတည်ရေးသားခြင်းဖြစ်ကြောင်း၊ သံဝေဂတရား ရစေလိုရှိ၍ဖြစ်ကြောင်း ပြန်ကြားခဲ့သည်။

အများဝေဖန်ကြသည့်အတိုင်း ဟားရိုးလ် ရော်ဗင်၏ စာများသည် ဂန္ဆဝင် တွင်ကျန်ရစ်မည့်စာမျိုးမဟုတ်သည့်တိုင် ကမ္ဘာ့စာဖတ်ပရိသတ်အတွက် သြဇာ ကြီးမားသော စာရေးဆရာတဦးဖြစ်နေသည်မှာကား ငြင်းကွယ်၍မရသော အချက်ဖြစ်လေသည်။

ဟူစိန်,အီဗင်တဲလားလ်၊ကျော်ဒန်ဘုရင် (ခရစ် ၁၉၃၅ ဖွား)။ ။ကျော်ဒန်နိုင်ငံ၏ တတိယမြောက် ဘုရင်ဟူစိန် ကို ၁၉၅၅ နိုဝင်ဘာ ၁၄ ရက် နေ့ တွင် ဟက် ရှိ မိုက် မင်း ဆက်၏ ဒုတိ ယ မြောက် ဘု ရင် တဲ လားလ်နှင့် ဇိန်တို့မှ မွေးဖွားခဲ့သည်။ဟူ စိန်တွင် မောင် နှ မ ရင်း ချာ သုံး ဦး ရှိ သည်။ မို ဟာ မက် သည် ညီ လတ် ဖြစ် ပြီး ဟာဆန်မှာ ညီ ထွေးဖြစ်သည်။ညီမ ငယ် ၏ အ မည် မှာ ဗက်စမာဖြစ်သည်။



ကျော်ဒန်ဘုရင် ဟူစိန်

ဟူစိန် သည် အီဂျစ်ပြည် အလက်ဇန္ဒြာရီးယားမြို့ရှိ ဗစ်ကိုရီးယားကောလိပ်နှင့် အင်္ဂလန်ပြည်တို့တွင် ပညာသင်ယူခဲ့သည်။ အင်္ဂလန်ပြည် ဟဲရိုးကျောင်း၌ ပညာသင်ကြားပြီးနောက် ဆင်းဟတ် ဘုရင့် စစ်တက္ကသိုလ်၌ စစ်ပညာသင်ယူခဲ့သည်။ စစ်ပညာသင်ယူခြင်း မပြီးဆုံးမီ ဖခင်တဲလားလ် စိတ်ဝေဒနာကြောင့် နန်းစွန့်ရသဖြင့် ၁၉၅၂ ဩဂုတ် ၁၁ ရက်နေ့တွင် ကျော်ဒန်ထီးနန်းကို ဆက်ခံခဲ့ရသည်။ သို့သော် ၁၇ နှစ်သားမျှသာ ရှိသေးသဖြင့် ဆင်းဟတ်စစ်တက္ကသိုလ်၌ တနှစ်ဆက်လက်ပညာသင်ယူပြီး အခြိန်အရွယ်ရောက်သည့် ၁၉၅၃ ခုမေလကျမှ ကျော်ဒန်သို့ပြန်၍ အုပ်ချုပ်ရေး အာဏာကို လွှဲပြောင်းယူသည်။

၁၉၅၅ ခုနှစ်တွင် ဆအူးဒီအာရေဗျနိုင်ငံမှ ဟက်ရှိမိုက် အနွယ်ဝင် တဦးဖြစ်သော မင်းသမီး ဒီနာနှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ ဒီနာနှင့် နှစ်နှစ်ခန့်သာပေါင်းပြီး ကွဲကွာသွားခဲ့သည်။ ကျော်ဒန်နိုင်ငံသို့ ဗြိတိသျှမစ်ရှင်ခေါင်းဆောင်အဖြစ် ရောက်ရှိလာသော ဒုတိယ ဗိုလ်မှူးကြီး၏ သမီးအန်တိုင်းနက်ဂါဒီနာကို ၁၉၆၁ ခုတွင် လက်ထပ်ခဲ့ပြန်သည်။ အန်တိုင်းနက်အား အစ္စလာမ် ဘာသာဝင်လည်း မဟုတ်လူမျိုး ကွဲလည်းဖြစ်သဖြင့် မိဖုရားဘွဲ့မပေးပဲ မင်းသမီးဘွဲ့သာ ပေးခဲ့သည်။အန်တိုင်းနက်မှ ထွန်းကားသော ရင်သွေးများကို နန်းမွေဆက်ခံခွင့် မပေးပါဟု ပြည်သူလူထုအား ကတိပေး၍ လက်ထပ်ခဲ့ရခြင်းဖြစ်သည်။ သို့သော် အန်တိုင်းနက်သည် မူနာအယ် ဟူစိန် ဟူသော မွတ်ဆလင်အမည်ကို ခံယူလျက် အစ္စလမ်ဘာသာဝင်ခဲ့သည်။ ၁၉၆၈ ခုနှစ် ဧပြီလတွင် မူနာနှင့်ကွဲပြီး ၁၉၇၂ ခုနှစ်တွင် အလီယာအယ်ဟူစိန်ကို လက်ထပ်ပြန်သည်။ အလီယာသည် ၁၉၇၈ ခုနှစ် ဖေဖွာရီလတွင် လေယာဉ်ပျက်၍ ကွယ်လွန်သွားရာ ထိုနှစ်ဇွန်လတွင် အယ်လဇ်ဗက်ဟာလဗီဆိုသူ အမေရိကန်သူနှင့် စတုတ္ထအကြိမ် လက်ထပ်ပြန်လေသည်။

၁၉၅၇ ခု ဝန်ကြီးချုပ် နာဘူဒီ၏ လုပ်ကြံမှုကြီး ပေါ်ပေါက်ပြီးမှ တိုင်းပြည်ကို ပြတ်ပြတ် သားသား အုပ်ချုပ်ရန် စတင်အားထုတ်သည်။ ဟူစိန်၏ နန်းသက် ၂၄ နှစ်အတွင်း သူ၏အသက်ကို ၁၀ ကြိမ်မက လုပ်ကြံခံရဘူးသော်လည်း တကြိမ်တခါမျှ ထိခိုက် ဒဏ်ရာရခြင်းပင် မရှိခဲ့ချေ။ ဟူစိန်သည် အီရတ် ဘုရင် ဖိုင်ဆယ် (၎င်း၏ အကိုဝမ်းကွဲ)လုပ်ကြံခံရခြင်း၊ ၎င်းကိုယ်တိုင် လက်ဝဲယိမ်းသူ ဝန်ကြီးချုပ် နာဘူလ်ဆီ၏ လုပ်ကြံမှုကို အခြိန်မီ တားဆီးခဲ့ရခြင်းများကြောင့်တကြောင်း၊ နန်းသက်တလျှောက်လုံးတွင် အင်္ဂလိပ်အမေရိကန်တို့၏ အထောက်အပံ့နှင့် မကင်းကွာနိုင်သောကြောင့် တကြောင်း၊ လက်ဝဲဝါဒကို မုန်းတီးပြီး ကျော်ဒန်နိုင်ငံအတွင်း ထိုဝါဒ ပြန့်ပွားလာခြင်းကို အပြင်းအထန် နှိပ်ကွပ်ခဲ့သည်။

ဂျော်ဒန်လူဦးရေ၏ ထက်ဝက်ကျော်မျှသော ပယ်လက်စတိုင် ဒုက္ခသည်များကိုလက်ခံထားခြင်းက ဟူစိန်၏မျိုးချစ်စိတ်ဓာတ်ကို ဖော်ကျူးခြင်းဖြစ်သည်။ အာရပ်ကမ္ဘာတွင် နန်းသက်အရှည်ဆုံး ဘုရင်တပါး ဖြစ်သည့်အလျောက် နိုင်ငံရေးနှင့်အုပ်ချုပ်ရေး ပရိယာယ်ကြွယ်ဝသည်။ထို့ကြောင့်ပင် ကမ္ဘာ့နေရာအနှံ့အပြား၌ ကေရာင်ပဒေသရာင် စနစ်များကို သမ္မတ နိုင်ငံစနစ် ဆို့ရှယ်လစ်စနစ်များဖြင့် အစားထိုး နေချိန်တွင် ဟူစိန်ကသူ၏ရာဇပလ္လင်ကို အနှစ် ၂၀ ကျော် ခိုင်မြဲစေနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ သူ၏အစောပိုင်း လုပ်ရပ်များကြောင့် ၁၉၆၀ ပြည့်နှစ် လောက်အထိ အာရပ်ကမ္ဘာ၌ မျက်နှာပန်း မလှခဲ့ခြင်းကိုလည်း ယခုအခါ အဖတ်ဆယ်နိုင်လာခဲ့ပြီး အာရပ်ကမ္ဘာတွင် အရေးကိစ္စကြုံတိုင်း ဘဝတူအာရပ်နိုင်ငံများနှင့် စည်းလုံးစွာ ရပ်တည်မှုကိုလည်း ပြုခဲ့သည်။ သို့သော် ယနေ့ဂျော်ဒန်နိုင်ငံသည် ဆူးနှစ်ဆူးကြား ပွင့်နေသည့်ပန်းသဖွယ် ပယ်လက်စတိုင် ပြောက်ကျားတို့က တဖက်၊ အင်္ဂရိယယ်နိုင်ငံက တဖက် မည်သည့်ဘက်ကိုမျှ မတိမ်းရဲ မည်တော်ရဲသည့် ဘဝတွင်ရှိရာ ဂျော်ဒန်ကို အုပ်စိုးနေရသော ဟူစိန်အဖို့လည်း အခက်အခဲများစွာနှင့် ကြုံကြိုက်လျက် ရှိပေသည်။

ဟူစိန်နှင့် ဂျော်ဒန်နိုင်ငံသည် တနေ့တခြား အင်အားတိုးပွားပြီး ကမ္ဘာ့နိုင်ငံများက တနေ့ထက်တနေ့ ပို၍နေရာပေးခြင်း ခံရသော ပယ်လက်စတိုင် ပြောက်ကျားတို့၏ ဝါးမျိုခြင်းကိုလည်း ခံရသည်။ လွန်ခဲ့သော ၂၄ နှစ်ကာလလုံးလုံး ဟူစိန်သည် တရံမလပ်လှုပ်ခါနေခဲ့သော ၎င်း၏ ရာဇပလ္လင်ကို မြဲမြံစွာ ဆုပ်ကိုင်ထားခဲ့သည်။ အတိတ်ကာလကမူ အခြေအနေနှင့် အချိန်ကာလကို လိုက်၍သူ၏ နိုင်ငံရေး လမ်းစဉ်များကို အောင်မြင်စွာပြောင်းလဲသုံးစွဲနိုင်ခဲ့လေသည်။

ခြားသားဟူ၍ သတ်မှတ်ရန်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင်းသို့ ဥပဒေမဲ့ ခိုးဝင်သူ နိုင်ငံခြားသားများကို ဖော်ထုတ် အရေးယူသွားနိုင်ရန် ဆောင်ရွက် ခြင်းလည်း ဖြစ်သည်။

ယင်းစိမ်ခြက်ကို ဆောင်ရွက်ရာ၌ အခြားတိုင်းနှင့် ပြည်နယ်များတွင် အခက်အခဲပြဿနာ မရှိခဲ့သော်လည်း ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်းတောမြို့နယ်များတွင် ဥပဒေနှင့်အညီစစ်ဆေးမှုကို ရှောင်ရှားလို၍ ထွက်ပြေးတိမ်းရှောင်သူများရှိခဲ့သည်။ အချို့သူများမှာ တဖက်အိမ်နီးချင်း ဗင်္ဂလားဒေ့ရှနိုင်ငံသို့ ရောက်ရှိအောင် ထွက်ပြေး တိမ်းရှောင်သွားခဲ့ကြသည်။

ထွက်ပြေး တိမ်းရှောင်သွားသူ ၁၉၇၈ ခု၊ ဇွန်လ ၅ ရက်ရက်နေ့အထိ စုစုပေါင်းမှာ ဘူးသီးတောင်မြို့နယ်မှ ၃၅,၅၉၆ ဦး၊ မောင်းတောမြို့နယ်မှ ၈၅,၃၀၅ ဦးနှင့် စစ်တွေရေသတောင်၊ ကျောက်တော်၊ ပေါက်တော၊မင်းပြားမြို့နယ်များမှ ၂၂,၆၀၁ ဦးဖြစ်ကြောင်း သိရသည်။

ထွက်ပြေးကြသူများမှာ သက်ဆိုင်ရာ ပါတီ ကောင်စီ အဆင့်ဆင့်မှ ရှင်းလင်း ဆွေးနွေး၍ တားသည့် အကြားက ထွက်ပြေးခဲ့ကြခြင်းဖြစ်သည်။ မိမိတို့နေထိုင်မှုမှာ အထောက်အထား မခိုင်လုံသဖြင့် စိစစ်မှု၊ စစ်ဆေးမှုများကို မခံလိုသောကြောင့်၎င်း၊ မသမာသူတစု၏ သွေးထိုး လှုံဆော်မှုကြောင့်၎င်း ထွက်ပြေးကြခြင်းဖြစ်သည်။

ထွက်ပြေးတိမ်းရှောင်သွားသူများအနက် အချို့မှာ မိမိတို့ပိုင် နေအိမ်အဆောက်အအုံနှင့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ထွက်မပြေးလိုသူများ၏ အိမ်ယာများကို မီးရှို့ ပြီးလူများကို အတင်းအဓမ္မ ခြိမ်းခြောက်လျက် ခေါ်ယူသွားကြသူများလည်းရှိခဲ့သည်။ တဖက်နိုင်ငံသို့ ရောက်ရှိနေသူများ၏မတရား လှုံဆော်လုပ်ကြံသတင်းများကို ယုံကြည်ပြီး ထွက်ပြေးသွားကြသူများလည်း ပါဝင်သည်။

မြန်မာနိုင်ငံမှ ထွက်ပြေးသူများ အနက် ဥပဒေနှင့်အညီ နေထိုင်ခဲ့သူများအား ခုနစ်ရက်အတွင်း မိမိတို့ မူလနေထိုင်ရာ ကျေးရွာများသို့ ပြန်လည် လာရောက် နေထိုင်ရန် ကြေငြာချက် အမှတ် (၁) ကို ထုတ်ပြန်ခဲ့ပြီးနောက် ကြေငြာချက် အမှတ် (၂) ဖြင့် ရက်ထပ်မံတိုး၍ ပေးခဲ့သည်။

ဤကဲ့သို့ နှစ်နိုင်ငံ ဆွေးနွေး ဖြေရှင်းရန်ကိစ္စ ပေါ်လာသည့်အလျောက် ဗင်္ဂလားဒေ့ရှနိုင်ငံမှ အထူးသံတမန် စေလွှတ်လိုကြောင်း အကြောင်းကြားချက်ကို လက်ခံ၍ ယင်းအဖွဲ့ကို သမ္မတကြီးက လက်ခံ တွေ့ဆုံခဲ့သည်။ ဗင်္ဂလားဒေ့ရှနိုင်ငံမှ အထူး သံတမန် ရောက်ရှိပြီး တပတ်ဘတွင်း မှာပင် နိုင်ငံခြားရေး ဌာနဝန်ကြီးခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၁၃ ရက်နေ့တွင် ဗင်္ဂလား

ဟိုပုန်းချိုင့်ဝှမ်းဆည်
(ဆည်မြောင်းများ၊ မြန်မာနိုင်ငံ—ရှေ့။)

ဟသ်ာစိမ်ခြက်။ ။ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန လက်အောက်ရှိ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနသည် ၁၉၇၈ ခုနှစ် ဧပြီလ အတွင်း၌ နဂါးမင်းစိမ်ခြက် ခေါ် စိမ်ခြက်တရပ်ကို စတင်ပြုလုပ်သည်။ ယင်းစိမ်ခြက်၏ ရည်ရွယ်ရင်းမှာ နိုင်ငံတော်အတွင်း နေထိုင်လျက်ရှိသူ တဦးချင်းကို စနစ်တကျ စိစစ်ပြီးလျှင် ဥပဒေနှင့်အညီ နိုင်ငံသား သို့မဟုတ် နိုင်ငံ



မြန်မာနှင့် ဗင်္ဂလားဒေ့ရှ နှစ်နိုင်ငံကိုယ်စားလှယ်များ၏ ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်က ဟင်္သာစီမံချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဒေ့ရှနိုင်ငံသို့ သွားရောက်လျက် နှစ်နိုင်ငံအကျိုးတူ ကိစ္စများကို ဆွေးနွေးခဲ့သည်။

နဂါးမင်း စီမံချက်ကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ဘာသာရေး၊ နိုင်ငံရေး ပြဿနာကြီးတခု ဖြစ်စေရန် မတရား ဖန်တီးလိုသူတို့၏ အားထုတ်မှုမှာ နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးဖြေရှင်းခြင်းဖြင့် ပြေပြစ်ခြောမောခဲ့သည်။ ဤသို့ဖြင့် ၁၉၇၈ ခု၊ ဇူလိုင်လ ၉ ရက်နေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုး သဘောတူညီချက်အရ ဗင်္ဂလားဒေ့ရှသို့ ထွက်ပြေး တိမ်းရှောင် သွား ကြသူများ ဟင်္သာ စီမံချက်ဖြင့် ၁၉၇၈ ခု ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ ပြန်လည် လက်ခံရေးကို လုပ်ငန်းစခဲ့ကြသည်။

ယင်းသို့ လက်ခံခဲ့ရာတွင် နေအိမ်များ၊ ဆေးပေးခန်းများ၊ ရိက္ခာများကို အသင့် စီစဉ်ပေးထားသည်။ ဆိုင်ရာ ကျေးရွာများသို့ အပြန်ခရီးတွင် လုံခြုံရေးအတွက် တပ်မတော်က လိုက်ပါ စောင့်ရှောက်ပေးသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှလည်း အဝတ် အထည်များ ပေးပို့ လှူဒါန်းခဲ့သည်။

တိမ်းရှောင်သွားသူများအား လက်ခံရေးအတွက်လက်ခံရေးစခန်း ၁၀ ခု ထားရှိရာ ဝေလာတောင်၊ တောင်ပို့လက်ဝဲ၊ တောင်ပို့လက်ျာ၊ ကွမ်းသီးပင်၊ သဲချောင်း၊ ဇီးပင်ချောင်း၊ ငခူရ၊ ရွက်ညိုတောင်၊ ပြင်ဖြူနှင့် မကျီးချောင်းဟူသော စခန်းများကို ဖွင့်လှစ်ပေးသည်။

ပထမဦးစွာ လက်ခံသော တောင်ပို့လက်ဝဲ စခန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်သည့် နတ်မြစ်၏ တဖက်၌ ခေါင်းတုံးစခန်းရှိသည်။ ထိုစခန်းမှ တဖက်နှင့်တဖက် ဝါးတံတားခင်း၍ ဆက်သွယ် ပြောဆိုကာ လက်ခံကြသည်။

ပြန်လည်ဝင်ရောက်လာသောသူများအား လက်ခံရာ၌ ပြည်သူ့ကောင်စီ၊ လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာန၊ ကျန်းမာရေး ဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊ ကယ်ဆယ်ရေး ဦးစီးဌာန တို့မှ အကြီးအကဲနှင့် ဝန်ထမ်းများက ကြီးကြပ် စီမံစောင့်ရှောက် ပေးကြသည်။ စာရင်းအင်းများစစ်ဆေးကောက်ယူ၍ အမှတ်အသားပြုကြသည်။ ဗင်္ဂလားဒေ့ရှနိုင်ငံ ဖက်မှ ဒုက္ခသည်များ ပြန်လည် နေရာချထားရေး မင်းကြီးနှင့်

တဖက်နိုင်ငံမှ ပြန်လည် ဝင်ရောက်လာသူများအား တာဝန်ရှိ သူများက စနစ်တကျ စစ်ဆေးမှုများပြုလုပ်၍ ပြန်လည်နေ ရာချထားပေးခဲ့သည်။



အဖွဲ့လည်း ပါဝင်သည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်လည်း ပါဝင်လေသည်။

ဟသ်ာစီမံချက်ဖြင့် ပြန်လည် ဝင်ရောက်လာသူများမှာ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် တသိန်းကျော်(၁၀၁,၅၉၂)ဦး ရှိပြီးဖြစ်သည်။ ၎င်းတို့အနက် မောင်းတောမြို့နယ်မှ ၆၈,၇၀၁ ဦး၊ ဘူးသီးတောင်မြို့နယ်မှ ၃၂,၈၈၂ ဦးနှင့် ရသေ့တောင်မြို့နယ်မှ ကိုးဦး ဖြစ်သည်။

မူလ ကျေးရွာ ဒေသများတွင် ပြန်လည်အခြေစိုက်ကြသူများ၏ ဒေသအလိုက် ဖွံ့ဖြိုးရေးအတွက် စာသင်ကျောင်းများ၊ ပလီများ၊ ရေကန်တံတားများ ဆောက်လုပ်ရန် ကျပ်ငွေ လေးသိန်းနှင့် ပျက်စီးသွားသော လယ်ယာမြေများ ပြုပြင်ရေး၊ ပလပ်မြေများ ပြန်လည် စိုက်ပျိုးရေးနှင့် မြေရိုင်းများ ဖောက်ထုတ်ရေးအတွက် ကျပ်ငွေ ခုနစ်သိန်း ကျော်ကို နိုင်ငံတော်မှ ခွင့်ပြုထားပြီး ဖြစ်သည်။ ဟသ်ာစီမံချက် အတွက် သယ်ယူပို့ဆောင်ရေး၊ ပြန်ကြားရေး၊ လက်ခံရေးစခန်းများ၊ ကျန်းမာရေး၊ကျေးမွေးစောင့်ရှောက်ရေး၊မှတ်ပုံတင်လုပ်ငန်းနှင့်လုံခြုံရေးတို့အတွက် နိုင်ငံတော်မှ ကျခံခဲ့သော အသုံးစရိတ်များမှာ ၁၆၇ သိန်းကျော် ဖြစ်လေသည်။

ဟမ့်ဖရေ, ဟူးဗတ်ဟိုရေးရှိုး (၁၉၁၁–၁၉၇၀)။ ။ အမေရိကန် နိုင်ငံရေး လောကတွင် ဒီမိုကရစ်တစ်ပါတီ ခေါင်းဆောင်အဖြစ် ထင်ရှား၍ အမေရိကန် ပြည်ထောင်စု ဒုတိယသမ္မတ ဖြစ်ခဲ့သူ ဟမ့်ဖရေကို ၁၉၁၁ ခုနှစ် မေလ ၂၇ ရက်နေ့၌တောင် ဒါကိုတာ ပြည်နယ်၊ ဝေါလေ အရပ်တွင် ဖွားမြင်ခဲ့သည်။ အမေရိကန် ပြည်ထောင်စု မင်နီဆိုတာတက္ကသိုလ်လက် အောက်ဒင်ဗာဆေးဝါးပညာ ကောလိပ်မှဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပြီး လူဝီစီယာနာတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ဆက်ခူးခဲ့သည်။



ဒုတိယသမ္မတဟောင်း ဟမ့်ဖရေ

ဟမ့်ဖရေသည် သမ္မတ လင်ဒန်ဘီကျန်ဆင်၏ လက်ထက်၌ ဒုတိယသမ္မတအဖြစ် ဆောင်ရွက်ခဲ့သည်။ ယခင်က ဆေးဝါးပညာရှင်၊ ကျောင်းဆရာ၊ နိုင်ငံရေးသမားနှင့် အမေရိကန် ဆီးနိတ်လွှတ်တော်အမတ် စသည်ဖြင့် ဘဝအမျိုးမျိုး ကျင်လည်ခဲ့သည်။

ဟမ့်ဖရေသည် ဒုတိယကမ္ဘာစစ် ကာလအတွင်း ခရစ် ၁၉၄၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်ထိ စစ်ဖက် ထုတ်လုပ်ရေး သင်တန်းနှင့် အလုပ်ပြန်လည်ခန့်ထားရေးဌာန၏ ညွှန်ကြားရေးမှူးအဖြစ်၎င်း၊ ၁၉၄၃ ခုနှစ်တွင် စစ်ဖက်လူအင်အား ကော်မရှင်၏ ဒေသဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး အဖြစ်၎င်း၊ ၁၉၄၃ မှ ၁၉၄၄ ခုနှစ်အထိ မာကယ်လက်စတာ ကောလိပ်တွင် နိုင်ငံရေးသိပ္ပံ ပါမောက္ခအဖြစ်၎င်း၊ ၁၉၄၄ မှ ၁၉၄၅ အထိ ရေဒီယိုသတင်း ဝေဖန်ရေး ဆရာအဖြစ်၎င်း ဆောင်ရွက်ခဲ့ပြီးလျှင် ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ မင်နီယာပိုလစ်မြို့တော်ဝန် ဖြစ်လာခဲ့သည်။ ၁၉၄၈ မှ ၆၄ ခုနှစ်အထိ အမေရိကန် ဆီးနိတ်လွှတ်တော်အမတ် ဖြစ်လာသည်။ အမေရိကန် ဆီးနိတ်လွှတ်တော် အမတ်အဖြစ်ဖြင့် လက်နက်ဖျက်သိမ်းရေး ဆပ်ကော်မတီ၏ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ သမ္မတဂျွန်ဆင်၏လက်ထက် ဒုတိယသမ္မတအဖြစ် ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်ထိ အမှုတော် ထမ်းခဲ့လေသည်။

ဟမ့်ဖရေသည် အမေရိကန်ပြည်ထောင်စု၏ ဒုတိယသမ္မတအဖြစ်နှင့် ကမ္ဘာအနှံ့ ခရီးဆန့်ခဲ့သူဖြစ်ပြီး ၁၉၆၈ ခုနှစ်မှစ၍ သမ္မတရွေးပွဲ ငါးကြိမ်တိတိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဘူးသည်။ ၁၉၆၉ မှ ၁၉၇၀ အထိ စိန့်ပေါရှိ မာကယ်လက်စတာကောလိပ်နှင့် မင်နီယာပိုလစ်ရှိ မင်နီဆိုတာတက္ကသိုလ်တို့တွင် ပူးတွဲ ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့လေသည်။

၁၉၅၆–၅၇ ခုနှစ်တွင် ဟမ့်ဖရေအား ကမ္ဘာ့ ကုလသမဂ္ဂသို့ အမေရိကန်ပြည်ထောင်စု၏ ကိုယ်စားလှယ်တော်အဖြစ် ရွေးချယ်စေလွှတ်ခဲ့လေသည်။ ထိုမှတပါး ဟမ့်ဖရေသည် အမျိုးသားလေကြောင်းနှင့် အာကာသကောင်စီ နာယက၊ ငြိမ်းချမ်းရေးတပ်ဖွဲ့များ အကြံပေးကောင်စီ နာယက၊အမျိုးသားလုံခြုံရေးကောင်စီဝင်၊ စမစ်ဆိုးနီးယန်း သိပ္ပံအဖွဲဝင်နှင့်အမေရိကန်နိုင်ငံရေးသိပ္ပံအဖွဲဝင် စသည်ဖြင့် တာဝန်အသီးသီး ထမ်းဆောင်ခဲ့၍ ဂုဏ်ထူးဆောင်ဘွဲ့များဖြင့် ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။

အလုပ်မျိုးစုံလုပ်ဘူး၍ အတွေ့အကြုံ စုံလင်ကြွယ်ဝသူ ဟမ့်ဖရေအား အမေရိကန် ပြည်ထောင်စု လက်ရှိသမ္မတများကပင် ချစ်ခင်လေးစားခဲ့လေသည်။

ဟမ့်ဖရေသည် ၁၉၆၄ ခုနှစ်၌ လူဘဝ၏ဇာစ်မြစ်၊ ဆင်းရဲမှု စစ်ပွဲစာအုပ်နှင့် ကျောင်းအမျိုးအစားခဲ့ခြားမှု စာအုပ်ကို၎င်း၊ ၁၉၇၀ ပြည့်နှစ်တွင် နယူးဒီးလ်စနစ်ကို ဖော်ပြသော နိုင်ငံရေးအတွေးအခေါ် စာကို၎င်း ရေးသားခဲ့ရုံသာမက

ဗြိတိသျှစွယ်စုံကျမ်း ဘုတ်အဖွဲ့ဝင်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့လေသည်။ ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့ အသက် ၆၆ နှစ်အရွယ်ထွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။

ဟွန်ဒူရပ်သမ္မတနိုင်ငံ။ ။ဟွန်ဒူရပ်သမ္မတနိုင်ငံသည် တောင်အမေရိကတိုက်အလယ်ပိုင်းတွင် တည်ရှိသည်။ ဟွန်ဒူရပ်နိုင်ငံ၏ တောင်ဖက်တွင် ပစိဖိတ်သမုဒ္ဒရာရှိပြီး ဖွန်စီကာ ပင်လယ်ကွေ့ ကမ်းရိုးတန်းသည် မိုင် ၄၀ ခန့် ရှည်လျားကာ မြောက်ဖက်ရှိကယ်ရစ်ဗျန် ပင်လယ်ကမ်းရိုးတန်းမှာ မိုင် ၅၀၀ ခန့် ရှည်လျား၏။ နိုင်ငံ အကျယ်အဝန်းမှာ ၄၃,၂၇၇ စတုရန်းမိုင်ရှိသည်။ ၁၉၇၃ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၂,၇၃၀,၀၀၀ ရှိသည်။ မြို့တော်မှာ တေဂူဆီဂါဝါမြို့ဖြစ်သည်။ ဟွန်ဒူရပ်နိုင်ငံတွင် စိုက်ပျိုးရေးကို အဓိက ထားလုပ်ကိုင်ကြသည်။ ပြည်ပပို့ကုန်များ၏ ထက်ဝက်ခန့်မှာ ငှက်ပျောသီးများဖြစ်၏။ ကျန်းသစ်များကိုလည်း တင်ပို့သည်။ ကာဖီ၊ဝါဂွမ်း၊ ဆေးရွက်ကြီးများကို အမြောက်အမြား စိုက်ပျိုးကြသည်။ ဟွန်ဒူရပ်နိုင်ငံတွင် နေထိုင်ကြသော လူမျိုးအများစုမှာ မက်စတီဇိုလူမျိုးများ ဖြစ်ကြပြီး ကော့ကေးရှမ်း၊အင်ဒီယန်းနှင့် နီဂရိုး လူမျိုးများကိုလည်း အနည်းအကျဉ်းတွေ့ရသည်။ ရိုမန်ကက်သလစ် ဘာသာဝင်များဖြစ်ကြပြီး ရုံးသုံးအဖြစ် စပိန်ဘာသာစကားကို အသုံးပြုသည်။ မြောက်ဖက်ကမ်းရိုးတန်းဒေသများတွင်မူ အင်္ဂလိပ်ဘာသာစကားကို ပြောဆိုကြသည်။



ဟွန်ဒူရပ်သမ္မတနိုင်ငံသည် ၁၈၂၁ ခုနှစ် စက်တင်ဘာလတွင် စပိန်တို့လက်အောက်မှ လွတ်မြောက်ခဲ့ပြီး ၁၈၃၈ ခုနှစ်တွင် အမေရိကတိုက် အလယ်ပိုင်း နိုင်ငံများမှ ခွဲထွက်ကာ လွတ်လပ်ရေးရရှိခဲ့သည်။ ၁၉၅၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ရိုမန်ဗီလက်ဒါမိုရေးကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်သည်။ ၁၉၆၃ ခုနှစ် အောက်တိုဘာ ၃ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အော့စဝေလ်ဒိုလိုပက်ဇအာရီလာနိုကာအာဏာသိမ်းယူပြီး စစ်အုပ်ချုပ်ရေး ပြောင်းလဲလိုက်သည်။ ၁၉၆၅ ခု ဇွန်လ ၆ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းကာ သမ္မတ အုပ်ချုပ်ရေးပြောင်းလဲပြီး အာရီလာနိုကိုပင် သမ္မတအဖြစ်ရွေးချယ် တင်မြှောက်ကြသည်။ ၁၉၇၁ ခုနှစ် မတ်လ ၂၈ ရက်တွင် အခြေခံဥပဒေအရ ရွေးချယ် တင်မြှောက်သဖြင့် ရေမွန်အာနက်စတိုခရင်သည် သမ္မတဖြစ်လာသည်။ ၁၉၇၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးလိုပက်ဇဟာရီလာနိုကသမ္မတရေမွန်ကို ဖြုတ်ချကာ စစ်အစိုးရ အုပ်ချုပ်ရေးဖြင့် ပြန်လည် အုပ်ချုပ်ခဲ့လေသည်။ ၁၉၇၅ ခုနှစ် ဧပြီလသို့ ရောက်သောအခါ ဗိုလ်ချုပ်ကြီး မယ်ဂါကတ်စထရိုက ဗိုလ်ချုပ်ကြီးအာရီလာနိုထံမှ အာဏာ သိမ်းယူလိုက်ပြန်သည်။ ဗိုလ်ချုပ်ကြီး မယ်ဂါကတ်စထရိုသည် သမ္မတ ဖြစ်လာပြီး နောက် ၁၉၇၈ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် လက်နက်ကိုင်တပ်များ၏အကြီးအကဲများ ပါဝင်သော စစ်အုပ်ချုပ်ရေးအဖွဲ့က သမ္မတကို ဖြုတ်ချပြီး အာဏာ လွှဲပြောင်းယူလိုက်လေသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့။ ။အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ လွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ခရစ်ယန်ကုန်သွယ်ရေးအဖွဲ့ သုံးခုကို ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။ယင်းကို အင်္ဂလိပ်ဘာသာဖြင့် အိုင်တီယူဟု အတိုကောက်ခေါ်သည်။

အပြည်ပြည်ဆိုင်ရာ လွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့ကို ၁၉၄၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံပေါင်း ၁၀၂ နိုင်ငံမှ အဖွဲ့ဝင် ၅၇ သန်းပါဝင်သည်။ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့သည် ဆိုရှယ်လစ် နိုင်ငံများမှ ကုန်သွယ်ရေးနှင့် အလုပ်သမားအသင်းများကို စုစည်းထားခြင်းဖြစ်ပြီး အဖွဲ့ဝင်ဦးရေ သန်း ၁၂၀ ခန့် ပါဝင်သည်။ ယင်းအဖွဲ့ကို ၁၉၄၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ခရစ်ယန်ကုန်သွယ်ရေးအဖွဲ့သည် ခရစ်ယန်ဘာသာ ကိုးကွယ်သောနိုင်ငံများမှ ကုန်သွယ်ရေးနှင့် အလုပ်သမားအသင်းများကို စုစည်းထားခြင်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် စတင် တည်ထောင်ခဲ့ပြီး အဖွဲ့ဝင်ဦးရေ ခြောက်သန်းခန့် ပါဝင်သည်။ ခရစ်ယန်ဘာသာဝင် မဟုတ်သူများကိုလည်း အဖွဲ့ဝင်အဖြစ် လက်ခံသည်။

အထက်ပါ အဖွဲ့သုံးဖွဲ့ကို စုစည်းထားသောအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့သည် ကမ္ဘာ့ကုန်သွယ်ရေး၊ အလုပ်သမားရေးနှင့် စက်မှုထုတ်ကုန်တိုးတက်ရေး ကိစ္စရပ်များကို ဆောင်ရွက်သည်။ ယင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် စာအုပ်စာတန်းများကိုလည်း ထုတ်ဝေသည်။ အဖွဲ့၏ ဌာနချုပ်ကို ဗဲလ်ဂျီယမ် နိုင်ငံ ဗရပ်ဆယ်မြို့တွင် ဖွင့်လှစ်ထားသည်။

အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့။ ။ အပြည်ပြည်ဆိုင်ရာ ကြေးနန်း ဆက်သွယ်ရေးအဖွဲ့ (အိုင်တီယူ)ကို ၁၈၆၅ ခုနှစ်တွင် ပဲရစ်မြို့၌စတင်တည်ထောင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၄၇ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးက အတည်ပြု လက်ခံခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်း ဆက်သွယ်ရေးအဖွဲ့သည် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းတခု ဖြစ်လာခဲ့သည်။ ကုလသမဂ္ဂ၏ လက်အောက်ခံ အဖွဲ့အစည်းများတွင် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့သည် သက်တမ်းအရင့်ဆုံးဖြစ်၏။

အဖွဲ့၏ရည်ရွယ်ချက်မှာ နိုင်ငံအားလုံးတွင် ကြေးနန်း၊ ကြိုးမဲ့ကြေးနန်း၊ စကားပြောကြေးနန်း၊ အသံလွှင့်လုပ်ငန်း ရုပ်မြင်သံကြား၊ ရေဒီယိုဆက်သွယ်ရေး အစရှိသော ကြေးနန်း ဆက်သွယ်ရေး လုပ်ငန်းအားလုံး တည်ရှိနေစေရန်ပင် ဖြစ်၍ ယင်းလုပ်ငန်းများ တည်ရှိစေရန်နှင့် ပိုမိုတိုးတက်ကောင်းမွန် လာစေရန်လည်း အဖွဲ့က ကူညီအားပေးလျက်ရှိပေသည်။

ထို့အပြင် အဖွဲ့သည် ကြေးနန်းဆက်သွယ်မှုတွင် ကြုံတွေ့ရတတ်သည့် အနှောင့်အရှက် အဖျက်အဆီးများကို ကာကွယ်ရန် နည်းလမ်းများ ရှာဖွေပေးပြီး ကြေးနန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုဆိုင်ရာအကူအညီ တောင်းခံလာသောနိုင်ငံတိုင်းနှင့်လည်း ပူးပေါင်းဆောင်ရွက် နေပေသည်။ အပြည်ပြည်ဆိုင်ရာ ကြေးနန်း ဆက်သွယ်ရေးအဖွဲ့သည် ယခုအခါတွင်မူ အာကာသ အဆက်အသွယ်ကဲ့သို့သော နည်းသစ်များကို ဖန်တီးနိုင်ရန် အထူးကြိုးပမ်းလျက်ရှိ၏။

အပြည်ပြည်ဆိုင်ရာ ကြေးနန်း ဆက်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင် ၁၄၇ နိုင်ငံ ပါဝင်ပြီး အဖွဲ့၏ ဌာနချုပ်မှာ ဆွစ်ဇာလန် နိုင်ငံ ဂျီနီဗာမြို့တွင် ရှိသည်။

အပြည်ပြည်ဆိုင်ရာ ဥဋေကြး ရန်ပုံငွေအဖွဲ့။ ။ ၁၉၄၄ ခု ဇူလိုင်လကတည်းက အမေရိကန်ပြည် ဗရက်တန်ဝုဒ်မြို့တွင် တည်ဆောက်ခဲ့သော ကမ္ဘာ့ဥဋေကြး ပူးပေါင်းဆောင်ရွက်မှု စနစ်သည် ၁၉၇၃ ခုနှစ် မတ်လတွင် ပြိုပျက်သည်။ ၁၉၇၁ ခု ဩဂုတ်လတွင် ဒေါ်လာကို ရွှေဖြင့် လဲပေးတော့မည် မဟုတ်ကြောင်း အမေရိကန်အစိုးရက ကြေငြာသည်။ ထိုနှစ် ဒီဇင်ဘာလတွင် ၃၅ နှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် ဒေါ်လာတန်ဖိုးကို လျှော့ချလိုက်သည်။ ၁၉၇၃ ခု ဖေဖော်ဝါရီလတွင် ဒေါ်လာတန်ဖိုးကို ဒုတိယအကြိမ် လျှော့ချပြန်သည်။ ထိုနှစ်မတ်လတွင် ဥရောပ စီးပွားရေးအဖွဲ့ဝင် နိုင်ငံများက မိမိတို့၏ ငွေကြေးတန်ဖိုးကို ဒေါ်လာနှင့် တလျှောက်လုံး ချိတ်

ဆက်ထားခဲ့ရာမှ လွတ်ကင်းစွာ တန်ဖိုး သတ်မှတ်နိုင်ရန် အတွက် ထိုချိတ်ဆက် ဖြုတ်လိုက်သည်။ ထိုအချိန်မှ စ၍ ကမ္ဘာ့ငွေကြေးဖလှယ်နှုန်းများ မတည်ငြိမ် ဖြစ်လာသောကြောင့် နိုင်ငံအများသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ငွေချေးယူ၍ မိမိတို့၏ နိုင်ငံခြား ငွေအခက်အခဲကို ဖြေရှင်းကြရသည်။

ဗရက်တန်ဝုဒ် ငွေကြေးစနစ် ပြိုပျက်ပြီးနောက် ငွေကြေးစနစ်အသစ်တခု တည်ဆောက်ရန် အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ကြိုးစားသည်။ နိုင်ငံအချင်းချင်း ငါးနှစ်မျှ ဆွေးနွေးကြပြီးနောက် ၁၉၇၈ ခု ပြီလတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က သဘော တူညီမှုစာချုပ်ကို ဒုတိယအကြိမ် ပြင်ဆင်ခြင်းဖြင့် ကမ္ဘာ့ငွေကြေးပူးပေါင်းဆောင်ရွက်မှု စနစ်သစ်ကို တည်ထောင်သည်။

ဒုတိယ ပြင်ဆင်ချက်သည် ကမ္ဘာ့ငွေကြေး စနစ်၏ လက်ငင်းပြောင်းလဲ နေသော အခြေအနေကို ဥပဒေဘောင်အတွင်း သိမ်းသွင်းလက်ခံယူသည်။ ထို့အပြင် အဖွဲ့ဝင် နိုင်ငံများ ဦးတည်ချိတ်နိုင်သော ရည်ရွယ်ချက်များ ချမှတ်ပေးသည်။ တည်ငြိမ်သော ငွေကြေး ဖလှယ်နှုန်းများထားရှိခြင်းဖြင့် ကုန်ပစ္စည်းဈေးနှုန်းအတော်အတန် တည်ငြိမ်စေကာ ကမ္ဘာ့ ကုန်သွယ်ရေး ပမာဏ တိုးတက်စေ၍ စနစ်ကျနစွာသော စီးပွားဖွံ့ဖြိုးမှု ရရှိစေရန် ရည်ရွယ်သည်။

ဒုတိယ ပြင်ဆင်ချက်သည် ယနေ့ကမ္ဘာ့ ငွေကြေးစနစ်တွင် ပေါ်ပေါက်နေသော ပြဿနာများကို သုံးသပ်ဖြေရှင်းနိုင်ရန် လက်တွေ့ မူဝါဒများနှင့် လုပ်ထုံး များကို ချမှတ် ပေးသည့် အပြင် အဖွဲ့ဝင် နိုင်ငံများ၏ ငွေကြေးဖလှယ်နှုန်းဆိုင်ရာ မူဝါဒများကို ကြီးကြပ်နိုင်ရန် ဥပဒေသများနှင့် လုပ်ထုံးများကိုလည်း ချမှတ်ပေးသည်။ အဖွဲ့ဝင် နိုင်ငံသည် မိမိ အကျိုးသက်သက်ကို မျှော်ကိုး၍ အများအကျိုးကို ထိခိုက်စေမည့် ငွေကြေး ဖလှယ်နှုန်း ပြောင်းမှုများကို မပြုလုပ်ရတော့ချေ။

၁၉၇၈ ခု စက်တင်ဘာလတွင် အဖွဲ့ဝင် နိုင်ငံများ၏ ရန်ပုံငွေ ထည့်ဝင် အစုကို အထူးငွေထုတ်ခွင့် တန်ဖိုးကုဋေ ၃၉၀၀ အထိ တိုးမြှင့် လိုက်သည်။ မြန်မာနိုင်ငံ၏အစုသည် အထူး ငွေထုတ်ခွင့် ၇၃ သန်း ဖြစ်လာသည်။

အပြည်ပြည်ဆိုင်ရာစာပို့လုပ်ငန်းအဖွဲ့။ ။ ၁၈၇၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဗန်းမြို့၌ ကျင်းပခဲ့သည် စာပို့လုပ်ငန်းကွန်ဂရက်မှ စတင်ပေါ်ပေါက်လာသော အဖွဲ့အစည်းတရပ်ဖြစ်သည်။ မူလနာမည်မှာ အထွေထွေ စာပို့လုပ်ငန်းအဖွဲ့ ဖြစ်သော်လည်း ၁၈၇၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်းအဖွဲ့ (ယူပီယူ)

ပန်းပုဆရာ၊ ရုပ်ရှင်ထုတ်လုပ်သူ စသည်အနုပညာမူပိုင်ခွင့်ကို လည်း အဖဲ့က ကာကွယ် စောင့်ရှောက်ပေးသည်။

အပြည်ပြည်ဆိုင်ရာ ပညာပစ္စည်းများ ကာကွယ် စောင့်ရှောက်ရေးအဖဲ့တွင် စက်မှုပစ္စည်းဆိုင်ရာ အဖဲ့ခဲ့နှင့်မူပိုင်ခွင့် ဆိုင်ရာအဖဲ့ခဲ့ဟူ၍ အဖဲ့ခဲ့နှစ်ရပ်ရှိသည်။ စက်မှုပစ္စည်းဆိုင်ရာ အဖဲ့ခဲ့တွင် အဖွဲဝင် ၇၂ နိုင်ငံ ပါဝင်ပြီး၊မူပိုင်ခွင့်ဆိုင်ရာ အဖဲ့ခဲ့တွင် အဖွဲဝင် ၅၄ နိုင်ငံပါဝင်သည်။ အဖဲ့ခဲ့တခုစီတွင် ညှိနှိုင်းစီစဉ်ရေး ကော်မတီတခုစီ ရှိသည်။

အပြည်ပြည်ဆိုင်ရာ ပညာပစ္စည်းများ ကာကွယ် စောင့်ရှောက်ရေး အဖဲ့တွင် အတွင်းရေးမှူးအဖဲ့က နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်သည်။ အဖဲ့၏ဌာနချုပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဖွင့်လှစ်ထားရှိသည်။

အပြည်ပြည်ဆိုင်ရာဖဲ့ဖြိုးရေးအဖဲ့။ ။ကမ္ဘာ့ဘဏ်၏ တဲ့ဖက်အဖဲ့အစည်းတရပ်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ဖဲ့ဖြိုးရေးအဖဲ့(အိုင်ဒီအေ)ကို ၁၉၆၀ ပြည့်နှစ်တွင်စတင် ဖဲ့စည်းခဲ့သည်။ (နှစ်ချုပ် ၇၀–၁၁၄—ရှု။) အပြည်ပြည်ဆိုင်ရာ ဖဲ့ဖြိုးရေးအဖဲ့သည် မဖဲ့ဖြိုးသေးသော အဖွဲဝင်နိုင်ငံများ၏ အရေးကြီးသော စီမံကိန်းများအတွက် သာမန်စည်းကမ်း သတ်မှတ်ချက်များထက် သက်သာသော နှုန်းထားဖြင့် ငွေထုတ်ချေးကာ အဖွဲဝင်နိုင်ငံများ၏ စီးပွားရေးတိုးတက် ဖွံ့ဖြိုးမှုကို ကူညီလျက်ရှိပေသည်။

အပြည်ပြည်ဆိုင်ရာ ဖဲ့ဖြိုးရေးအဖဲ့သည် နိုင်ငံတနိုင်ငံသို့ ငွေထုတ်ချေးရာတွင် ထိုနိုင်ငံ၏ စီးပွားရေးကို ကြံ့ခိုင်တောင့်တင်းစေနိုင်လောက်အောင် အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းများအတွက်သာငွေချေးခြင်း ဖြစ်ပေသည်။အဖွဲဝင် နိုင်ငံများ၏ ဖဲ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအတွက် အဖွဲက ထုတ်ချေးခဲ့သောငွေမှာ ဒေါ်လာသန်းပေါင်း ၂,၀၀၀ ကျော် ပြီဖြစ်သည်။ ယင်းချေးငွေများ၏ လေးပုံသုံးပုံမှာအာရှနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများအတွက် ဖြစ်ပြီး၊ ကျန်လေးပုံတပုံမှာ အာဖရိကနှင့် လက်တင်အမေရိကန် နိုင်ငံများအတွက်ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာ ဖဲ့ဖြိုးရေးအဖဲ့တွင် အဖွဲဝင် ၁၁၄ နိုင်ငံရှိပြီး အဖဲ့၏ဌာနချုပ်မှာ ဝါရှင်တန်မြို့တွင် ရှိသည်။

အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း။ ။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(အိုင်အက်ဖစီ)သည် ကမ္ဘာ့ဘဏ်နှင့်ဆက်စပ်တဲ့ဖက်လျက်ရှိပြီး ကမ္ဘာ့ဘဏ်၏ ငွေချေးငှားရေး လုပ်ငန်းများကို ဖြည့်စွက်ဆောင်ရွက်ရန်အတွက် ၁၉၅၆ ခုနှစ်က တည်ထောင်ဖွဲ့စည်း ခဲ့ခြင်း

ဟူ၍ ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ၁၉၄၇ ခုနှစ်ဇူလိုင်လ ၅ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာစာပို့လုပ်ငန်းအဖဲ့ ညီလာခံဆုံးဖြတ်ချက် အရ ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်းအဖဲ့သည်ကုလသမဂ္ဂ၏ လက်အောက်ခံအဖဲ့အစည်းတခု ဖြစ်လာခဲ့ပေသည်။

ယင်းအဖဲ့၏ လုပ်ငန်းများမှာ အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်းများ ကောင်းမွန်ချောမောရေးအတွက် ဆောင်ရွက်ပေးရန်၊ စာပို့ခန္ဓာန်းထားများ သတ်မှတ်ရန် စာပို့လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများ မွေးထုတ်ပေးရန် စသည်တို့ဖြစ်ပေသည်။ အဖဲ့၏လုပ်ငန်းများ အောင်မြင်မှုကြောင့်ကမ္ဘာတဝန်းလုံးတွင် နှစ်စဉ်ချောစာ သန်းပေါင်း ၅,၀၀၀ ကျော် လိုရာအရပ်သို့ ရောက်ရှိနေပေသည်။

အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်းအဖဲ့၏ ညီလာခံကို ငါးနှစ်တကြိမ်ကျင်းပပြီး အမှုဆောင်ကော်မတီနှင့်အမြဲတမ်း အတွင်းရေးမှူးအဖဲ့ကို ညီလာခံမှ ရွေးချယ်ပေးသည်။ အဖဲ့လုပ်ငန်းများကိုအမြဲတမ်း အတွင်းရေးမှူးအဖဲ့က တာဝန်ယူဆောင်ရွက်ရသည်။

ကုလသမဂ္ဂအဖဲ့ဝင် နိုင်ငံတိုင်းလိုလိုပင် အပြည်ပြည်ဆိုင်ရာ စာပို့လုပ်ငန်းအဖဲ့တွင်ပါဝင်ကြပေရာ အဖွဲဝင် ၁၅၄ နိုင်ငံရှိသည်။ အဖဲ့၏ဌာနချုပ်မှာ ဗန်းမြို့တွင် တည်ရှိသည်။

အပြည်ပြည်ဆိုင်ရာ ပညာပစ္စည်းများ ကာကွယ် စောင့်ရှောက်ရေးအဖဲ့။ ။ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ၁၈၁၃ ခုနှစ်က အပြည်ပြည်ဆိုင်ရာ စက်မှုပစ္စည်းကာကွယ် စောင့်ရှောက်ရေးအဖဲ့ကို ဖဲ့စည်းတည်ထောင်ခဲ့သည်။ ထို့နောက် ၁၈၈၃ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံဗန်းမြို့၌ အပြည်ပြည်ဆိုင်ရာ စာပေနှင့် အနုပညာမူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေး အဖဲ့ကို ဖဲ့စည်းတည်ထောင်ခဲ့သည်။ ၁၈၉၃ ခုနှစ်တွင် အထက်ပါ အဖဲ့နှစ်ဖဲ့ကို စုစည်းကာ အပြည်ပြည်ဆိုင်ရာ ပညာပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးအဖဲ့ဟူ၍ တည်ထောင်ခဲ့သည်။ ယင်းအဖဲ့ကို အင်္ဂလိပ်ဘာသာဖြင့် ဘီအိုင်အာပီအိုင်ဟု အတိုကောက်ခေါ်သည်။

အပြည်ပြည်ဆိုင်ရာ ပညာပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးအဖဲ့၏ လုပ်ငန်းများမှာ စက်မှုလက်မှုဆိုင်ရာ တီထွင်မှုများ၊ ကုန်အမှတ်တံဆိပ်များ၊ စက်မှုပစ္စည်းပုံစံနှင့် ဒီဇိုင်းများ၊ ကုန်ပစ္စည်း နာမည်များ စသည်တို့ကိုတဦးနှင့်တဦး ဆင်တူယိုးမှားပြုခြင်း၊ ပုံတူကူးယူခြင်း မရှိအောင် ကာကွယ်စောင့်ရှောက်ရန်ဖြစ်၏။ ထို့ပြင်စာရေးဆရာ၊ သီချင်းရေးဆရာ၊ စာအုပ်ထုတ်ဝေသူ၊ ပန်းချီဆရာ၊ ဓာတ်ပုံဆရာ၊

ဖြစ်သည်။ကော်ပိုရေးရှင်း၏ အဓိကရည်ရွယ်ချက်မှာ မဖွံ့ဖြိုးသေးသော ဒေသများရှိ ပုဂ္ဂလိကလုပ်ငန်းများတွင် အစိုးရ၏ အာမခံချက်မပါရှိပဲ အရင်းအနှီးမြှုပ်နှံခြင်းဖြင့် စီးပွားဖွံ့ဖြိုးမှုကို အားပေးမြှင့်တင်ရန်ပင် ဖြစ်သည်။

မဖွံ့ဖြိုးသေးသော နိုင်ငံများတွင် ပုဂ္ဂလိကအရင်းအနှီးကို သက်သာသော နှုန်းထားဖြင့် လုံလောက်စွာ မရရှိနိုင်သော အခါဝယ် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းသည် ပုဂ္ဂလိက အရင်းအနှီးမြှုပ်နှံသူများနှင့် တဲ့ဖက်ကာ ပုဂ္ဂလိက လုပ်ငန်းများအတွက် အစိုးရ၏အာမခံချက်မပါရှိပဲ ငွေရင်းများ ထုတ်ပေးသည်။ ပုဂ္ဂလိကကုမ္ပဏီများ၊ စက်မှုလုပ်ငန်းများ၊ သတ္တုတွင်းလုပ်ငန်းများ စသည်တို့နှင့် စပ်လျဉ်းသော အရင်းအနှီးမြှုပ်နှံရေး အဆိုပြုချက်အားလုံးကို ဆင်ခြင်သုံးသပ် အကဲဖြတ်ရန်အတွက် ကော်ပိုရေးရှင်းသည် ကမ္ဘာ့ဘဏ်၏ ကိုယ်စား တာဝန်ယူဆောင်ရွက်ရပေသည်။

အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်းသည် အဓိကအားဖြင့် သံ၊ သံမဏိ၊ သတ္တု၊ စက္ကူ၊ အထည်အလိပ်နှင့် မြေဩဇာထုတ်လုပ်ရေး ကုမ္ပဏီများကို ငွေအရင်းအနှီးချေးငှားလေ့ရှိသည်။ ကော်ပိုရေးရှင်းတွင် အဖွဲ့ဝင်နိုင်ငံ ၁၀၀ ပါရှိပြီး ကော်ပိုရေးရှင်း၏ ဌာနချုပ်မှာ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် တည်ရှိသည်။

အပြည်ပြည်ဆိုင်ရာ မြို့ပြ လေကြောင်း အဖွဲ့။ ။ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ (အိုင်စီအေအို) သည် ကုလသမဂ္ဂနှင့် ဆက်စပ်လျက်ရှိသော အပြည်ပြည်အစိုးရဆိုင်ရာ အဖွဲ့အစည်းတရပ်ဖြစ်ပြီး၊ ၁၉၄၇ ခုနှစ်တွင် စတင်တည်ထောင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့၏အဓိက လုပ်ငန်းမှာ အပြည်ပြည်ဆိုင်ရာ လေကြောင်း သယ်ယူပို့ဆောင်ရေးတွင်လုံခြုံမှုနှင့် အရည်အချင်းပြည့်ဝမှုကို တိုးမြှင့်ပေးရန်ပင် ဖြစ်ပေသည်။

လေယာဉ်ပျံတစင်းသည် မည်သည့်နေရာ ဒေသတွင် ပျံသန်းသွားလာနေသည်ပင်ဖြစ်စေ လုံခြုံမှုရှိပြီး တူညီသော အခွင့်အရေးများကို အပြည့်အဝ ခံစားခွင့်ရှိရမည် ဟူ၍ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့က အာမခံချက်ထားရှိပေးပေသည်။ ထို့ပြင် ကမ္ဘာ့လေကြောင်းလမ်းများတလျှောက်တွင် ခေတ်မှီလေယာဉ်များ လုံခြုံစိတ်ချစွာဖြင့် ပျံသန်းသွားလာနိုင်ရေးအတွက် အဖွဲ့က စီရင် ဆောင်ရွက်ပေး၏။

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ လေကြောင်းဥပဒေကို ပြဋ္ဌာန်းထားရှိ၏။ အပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် ထားရှိသော လူဝင်မှု ကြီးကြပ်ရေးဌာန၊ ကျန်းမာရေးဌာန၊ အကောက်ခွန်ဌာန စသည်တို့၏ တင်းကြပ်လွန်းသည့် စည်းကမ်းများကိုလျော့ပါးသက်သာစေရန်လည်း အဖွဲ့က ကူညီဆောင်ရွက်ပေးလသည်။လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာစာရင်းအင်းများနှင့် စီးပွားရေးလေ့လာချက်များကိုလည်း အဖွဲ့က စုဆောင်းကာ လေကြောင်းကုမ္ပဏီများသို့ ဖြန့်ချီပေး၏။ ဖွံ့ဖြိုးစနိုင်ငံများတွင် ကျွမ်းကျင်သော လေကြောင်း ပို့ဆောင်ရေးပညာရှင်များ ပေါ်ထွက်လာစေရန်လည်း အဖွဲ့ကကူညီသင်ကြားပေးလျက်ရှိ၏။

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ ၁၂၉ နိုင်ငံပါရှိပြီး အဖွဲ့၏ ဌာနချုပ်ကို ကနေဒါနိုင်ငံ မွန်ထရီအော်မြို့တွင် ဖွင့်လှစ်ထားရှိသည်။

အပြည်ပြည်အစိုးရဆိုင်ရာ ရေကြောင်း အတိုင်ပင်ခံအဖွဲ့။ ။အပြည်ပြည် အစိုးရ ဆိုင်ရာရေကြောင်းအတိုင်ပင်ခံအဖွဲ့ (အိုင်အမ်စီအို) သည် ကုလသမဂ္ဂ အဖွဲ့ကြီးက ဖွဲ့စည်းတည်ထောင်ထားသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတရပ်ဖြစ်ပြီး ၁၉၅၉ ခုနှစ် ဇန္နဝါရီလတွင် စတင်တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့၏ ရည်ရွယ်ချက်မှာ ပင်လယ်တွင်း ရေကြောင်းခရီး သွားလာမှု ကောင်းမွန်ချောမောရေးနှင့် လုံခြုံစိတ်ချရရေးတို့ကို တိုးမြှင့်ပေးရန်ပင် ဖြစ်သည်။ ထို့ပြင် ရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်ပတ်သက်ပြီး နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရာတွင်လည်း ပြေပြစ်ချောမောစေရန် ယင်းအဖွဲ့က ကူညီဆောင်ရွက်ပေးသည်။

အဖွဲ့၏ လုပ်ငန်းဆောင်တာများတွင် ရေကြောင်းဆိုင်ရာသတင်းအချက်အလက်များကို ကျယ်ပြန့်စွာ ဖလှယ်ရေးနှင့် ရေကြောင်းဖြင့် ကုန်သွယ်မှုလုပ်ငန်း တိုးတက်ရေးတို့လည်း ပါဝင်လေသည်။ ကုန်သွယ်မှုတိုးချဲ့ရေးအတွက် သဘော သားလာ သယ်ယူပို့ဆောင်မှုများကို အဆင့်အတန်း မခွဲခြားပဲ တိုးမြှင့်လာရန်နှင့် သဘော်ဘကုမ္ပဏီများ၏ မတရားချုပ်ချယ်မှု အလေ့အထများကို ရပ်စဲပစ်ရန်လည်း ကူညီဆောင်ရွက်လျက်ရှိသည်။

အပြည်ပြည် အစိုးရဆိုင်ရာ ရေကြောင်းအတိုင်ပင်ခံအဖွဲ့သည် ရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်များကို အကြမ်းရေးဆွဲကာ အပြည်ပြည်ဆိုင်ရာ ညီလာခံများကိုလည်း စီစဉ်ကျင်းပပေးပေသည်။ယင်းအဖွဲ့တွင် အဖွဲ့ဝင် ၈၉ နိုင်ငံပါရှိပြီး အဖွဲ့၏ဌာနချုပ်မှာလန်ဒန်မြို့တွင် တည်ရှိသည်။

အမေရိကန်နိုင်ငံများအသင်း။ ။ကိုလုံးဗီးယားနိုင်ငံဗို ဂိုးတာရီမြို့တွင် ၁၉၄၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ကျင်းပသော နဝမအကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ အမေရိကန်နိုင်ငံများ ညီလာခံက အမေရိကန်နိုင်ငံများ အသင်းစာချုပ်ကို ရေးဆွဲချမှတ်ပေးခဲ့သည်။ ယင်းစာချုပ် အရအမေရိကန် နိုင်ငံများအသင်း ပေါ်ပေါက်လာရသည်။ ယင်းအသင်းကို အင်္ဂလိပ်ဘာသာဖြင့် အိုအေအေက်စဟု အတိုကောက်ခေါ်သည်။

အမေရိကန်နိုင်ငံများ အသင်း၏ ရည်ရွယ်ချက်များမှာ ငြိမ်းချမ်းရေးနှင့် တရားမျှတရေး၊ အမေရိကန်နိုင်ငံများ အချင်းချင်း ညီညွတ်ရေး၊ လွတ်လပ်မှုကို ကာကွယ်ရေးနှင့် အဖွဲ့ဝင်နိုင်ငံ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးပွားရေးတို့ဖြစ်သည်။

အမေရိကန်နိုင်ငံများအသင်းတွင် အဖွဲ့ဝင်အဖြစ်တောင်နှင့်မြောက် အမေရိကတိုက်များမှ နိုင်ငံများ ပါဝင်ကြ၏။ အဖွဲ့ဝင် ၂၅ နိုင်ငံရှိပြီး ယင်းတို့မှာ အာဂျင်တီးနား၊ ဗာဗေးဒိုး၊ ဗိုလစ်ဗီးယား၊ ဗရာဇီး၊ ချီလီ၊ကိုလုံးဗီးယား၊ကောဇ်စတာရီကာ၊ ကျူးဗား၊ ဒိုမီနီကန်၊ အက်ကွာဒေါ၊ အယ်ဆလာဗာဒို၊ ဂရေနာဒါ၊ ဂွာတီမာလာ၊ ဟေတီ၊ ဟွန်ဒူးရပ်၊ ဂျမေကာ၊ မက္ကဆီကို၊ နစ်ကရာဂွ၊ပနားမာ၊ ပါရာဂွေး၊ ပီရူး၊ ထရီနီဒက်၊ တိုဗာဂို၊ အမေရိကန်ပြည်ထောင်စု၊ ဥရုဂွေးနှင့် ဗင်နီဇွဲလား နိုင်ငံတို့ဖြစ်သည်။ အမေရိကန်နိုင်ငံများအသင်းသည် ၁၉၆၂ ခုနှင့်မှ စ၍ကျူးဗားနိုင်ငံကို အသင်း၏ လှုပ်ရှားမှုများတွင် ပါဝင်ခွင့် မပြုတော့သော်လည်း အဖွဲ့ဝင်အဖြစ်မှ ဆက်လက် လက်ခံထားသည်။

အမေရိကန်နိုင်ငံများအသင်း၏ လုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်အမြဲတမ်းအလုပ်အမှုဆောင် အဖွဲ့များအဖြစ် ကောင်စီအဖွဲ့နှင့် အမေရိကန်ဒေသစုံ အဖွဲ့တို့ကိုဖွဲ့စည်းထားရှိသည်။ အမေရိကန်နိုင်ငံများအသင်း၏ ရုံးချုပ်ကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ တွင်ထားရှိသည်။

အမေရိကန်ပြည်ထောင်စု။ ။အမေရိကန် ပြည်ထောင်စုတွင် ၁၉၇၇ ခုနှစ် **ခန့်မှန်း**ခြေအရ လူဦးရေ ၂၁၆,



၈၂၀,၀၀၀ ရှိသည်။ ၁၉၇၀ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၄,၀၀၀ တန်ဖိုးရှိသော အမေရိကန် ပြည်ထောင်စုမှ ခေတ်မီ စစ်လေယာဉ်များကို နိုင်ငံခြားသို့ ရောင်းချရန်အဆိုတရပ်ကို အမေရိကန်သမ္မတ ကာတာက ကွန်ဂရက်သို့ တင်သွင်းခဲ့သည်။ ယင်းအဆိုပြုချက်တွင် အက်ဖ် ၁၅ တိုက်လေယာဉ် ၁၅ စင်းနှင့် အက်ဖ် ၁၆ ဗုံးကြဲတိုက်လေယာဉ် ၇၅ စင်းကို အင်္ဂရိယယ် နိုင်ငံသို့ရင်း၊ အက်ဖ် ၁၅ တိုက်လေယာဉ်အစင်း ၆၀ ကို ဆော်ဒီအာရေးဗီးယား နိုင်ငံသို့ ရင်း၊ အက်ဖ် ၅ အီးတိုက်လေယာဉ်အစင်း ၅၀ ကို အီဂျစ် နိုင်ငံသို့ရင်း ရောင်းချရန် ဖြစ်သည်။ ယင်းအဆိုပြုချက်ကြောင့် အရှေ့ အလယ်ပိုင်းဒေသနှင့် အမေရိကန် ပြည်ထောင်စု အတွင်းတွင် ကြီးမားစွာ ဂယက်ရိုက်ခဲ့သည်။ ထို့ကြောင့် မေလဆန်းတွင် ယင်း အဆိုပြုချက်ကို ပယ်ချရေးအတွက် ဆန့်ကျင် အဆိုပြုချက်များကို ပြုလုပ်ခဲ့ကြသည်။ ပထမတွင် အထက်လွှတ်တော်နိုင်ငံခြား ဆက်ဆံရေးကော်မတီ၌ မဲခွဲဆုံးဖြတ်ကြရာ ဂ မဲစီဖြင့် မဲမျှနေခဲ့သည်။ ထို့နောက်အောက်လွှတ်တော်တွင် မဲခွဲကြရာ ကန့်ကွက်မဲ ၁၅ မဲနှင့် ထောက်ခံမဲ ၂၂ မဲရရှိသဖြင့် ဆန့်ကျင်အဆိုဖက်မှ အနိုင်ရရှိခဲ့သည်။ သို့သော် မေလ ၁၅ ရက်နေ့ အထက်လွှတ်တော်၌မဲခွဲသောအခါ ကန့်ကွက်မဲ ၅၄ မဲနှင့်ထောက်ခံမဲ ၄၄ မဲ ရရှိသဖြင့် ဆန့်ကျင်အဆိုပြုချက်မှာ ရှုံးခဲ့ရသည်။ယင်း ဆန့်ကျင်အဆိုပြုချက်မှာ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံးတွင် အနိုင် မရရှိခဲ့သဖြင့် သမ္မတ ကာတာ၏ စစ်လေယာဉ်များ ရောင်းချရေးအဆိုမှာ အောင်မြင်ခဲ့လေသည်။

အမေရိကန်ပြည်ထောင်စု၌ ၁၉၇၈ ခုနှစ်အတွင်း ကုန်စျေးနှုန်းများတက်လာရာ ဖေဖွာရီလအတွင်းတွင်လူသုံးကုန်ပစ္စည်း၏ စျေးနှုန်းမှာ ၀ ဒသမ ၆ ရာခိုင်နှုန်းသို့ရင်း၊ စားသောက်ကုန်ပစ္စည်း၏ စျေးနှုန်းမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းသို့ရင်း မြင့်တက်ခဲ့သည်။တန္ခစ်အတွင်း ငွေဖောင်းပွသည့် နှုန်းမှာ ဂ ဒသမ ၄ ရာခိုင်နှုန်းခန့်ဖြစ်ပြီး စားသောက်ကုန်ပစ္စည်း စျေးနှုန်းတက်မှုမှာ ၁၄ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။ ပြည်သူတို့၏ အလုပ်လက်မဲ့ အခြေအနေမှာလည်း ဖေဖွာရီလ၌ အလုပ် လက်မဲ့ဦးရေမှာ အလုပ်ရှိသူ ဦးရေ၏ ၆ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး မတ်လ၌ အလုပ်လက်မဲ့ဦးရေ ၀ ဒသမ ၁ ရာခိုင်နှုန်း ထပ်မံတိုးလာခဲ့လေသည်။

ဒေါ်လာ တန်ဖိုးမှာလည်း ၁၉၇၈ ခုနှစ် ဧပြီလတွင် တခြေါလာလျှင် ဂျပန်ယန်းငွေ ၂၂၀ ဒသမ ၄၀ နှင့် ညီမျှနေသဖြင့် ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဒေါ်လာ၏တန်ဖိုးမှာ အနိမ့်ဆုံး အခြေအနေသို့ ရောက်နေသည်။ ထို့ကြောင့် သမ္မတကာတာသည် ဒေါ်လာကယ်တင်ရေးအတွက် အခွန်အကောက်ဒေါ်လာသန်း ၂၅,၀၀၀ ဖြတ်တောက်ရန် ၁၉၇၉ ခု ဘဏ္ဍာရေးနှစ်တွင် ရသုံးမှန်းခြေစာရင်းအား ဒေါ်လာသန်း ၅၀၀,၂၀၀ သတ်မှတ်ရုန်နှင့်ငွေဖောင်းပွမှု တိုက်ဖျက်ရန် အစီအစဉ်တို့ကို ကြေငြာခဲ့လေသည်။



ဝါရှင်တန်မြို့တွင် ကျင်းပခဲ့သော နေတိုးထိပ်သီးအစည်းအဝေးပွဲ၏ ဖွင့်ပွဲအခမ်းအနားကို တွေ့မြင်ရပုံ၊ ယင်းစည်းဝေးပွဲသို့ ၁၄ နိုင်ငံမှ ထိပ်တန်းခေါင်းဆောင်များ တက်ရောက်ခဲ့သည်။

အမေရိကန်သမ္မတ ဂျင်မီကာတာသည် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ပိုလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခဲ့သည်။ သမ္မတ ကာတာသည် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အီရန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ရှားဘုရင်နှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကိစ္စ၊ လောင်စာစွမ်းအင် ပြဿနာ၊ ဆင်းရဲသော နိုင်ငံများနှင့် ချမ်းသာသော နိုင်ငံများအကြားကွာဟမှု စသည်တို့ကို ဆွေးနွေးခဲ့လေသည်။

၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သမ္မတကာတာသည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ပြီး အိန္ဒိယသမ္မတ ရက်ဒီနှင့်ဂင်း၊ အိန္ဒိယဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းနှင့်ဂင်း တွေ့ဆုံ၍ အိန္ဒိယ သမုဒ္ဒရာအတွင်း အင်အားကြီး နိုင်ငံများ စစ်အင်အား တိုးခဲ့မှု၊ မဟာဗျူဟာ လက်နက်ကန့်သတ်ရေး ကိစ္စရပ်၊ အရှေ့ အလယ်ပိုင်း ငြိမ်းချမ်းရေး ကိစ္စ တို့ကို ဆွေးနွေးခဲ့သည်။ အိန္ဒိယနိုင်ငံမှတဆင့် ဆအူးဒီအာရေးဗျ နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

သမ္မတကာတာသည် ဇန်နဝါရီလ ၄ ရက်နေ့တွင် အီဂျစ် နိုင်ငံသို့ ရောက်ရှိပြီး အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆောင်ရွက်ချက်များကို အီဂျစ်သမ္မတ ဆဒတ်နှင့်တွေ့ဆုံ ဆွေးနွေးခဲ့သည်။ ဇန်နဝါရီလ ၅ ရက်နေ့တွင် သမ္မတကာတာသည် ပြင်သစ်နိုင်ငံသို့ ရောက်ရှိပြီး ပြင်သစ်သမ္မတ ဂစ္စကတ်

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကိစ္စကို ဆွေးနွေးရန် သမ္မတအိမ်ဖြူတော်သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာသော အီဂျစ်သမ္မတ ဆဒတ်အား အမေရိကန်သမ္မတက ဝမ်းပန်းတသာ လှိုက်လှဲစွာကြိုဆိုနေပုံ၊ သမ္မတဆဒတ်နှင့် အတူ ၎င်း၏ဇနီးနှင့် ဆိုင်းရပ်ဗန္ဓစ တို့လည်း လိုက်ပါလာခဲ့ကြသည်။ (ရဟတ်ယာဉ်မှ ဆင်းနေပုံ)





၁၉၇၇ ခုနှစ် အတွက် အမျိုးသားစာပေ
ဆုနှင်းသဘင်တွင် ပြန်ကြားရေး ဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်ဌေးက ဆုရရှိသူ
စာရေးဆရာ ဖျာပုံ လှမိုးနွယ်အား ဆုချီးမြှင့်စဉ်

ဒက်စတိုင်းနှင့်အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကိစ္စ၊ဆိုမာလီနှင့်အီသီအိုးပီးယား ပဋိပက္ခကိစ္စနှင့် ပြင်သစ် ချူးကလီးယား ပြဿနာတို့ကို ဆွေးနွေးခဲ့သည်။

အမေရိကန် ပြည်ထောင်စုတွင် အလုပ်လက်မဲ့ ဦးရေ တိုးတက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားလာခြင်းတို့ကြောင့် ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဝင်ငွေခွန်ဒေါ်လာ ၂၃ ဘီလီယံ ဖြတ်တောက်ရေး၊ ငွေကြေးဖောင်းပွမှုနည်းသွားရန် စီးပွားရေးလုပ်ငန်းတို့ကို ပိုမို အားပေးရင်း လုပ်ခနည်းသည့် အလုပ်သမားများ စုဆောင်းရေး၊ ပြည်သူလုပ်ငန်း ၂၂၅,၀၀၀ အား တိုးချဲ့ရေး၊ လူငယ် အလုပ်အကိုင် နေရာချထားရေးတို့ အတွက် ဒေါ်လာ သန်းပေါင်း ၇၀၀ တို့ကို တိုးချဲ့ သုံးစွဲရေးတို့ကို ဆောင်ရွက်မည် ဖြစ်ကြောင်း သမ္မတကာတာက ၁၉၇၈ ခုဇန္နဝါရီလ ၁၉ ရက်နေ့တွင် ကြေငြာခဲ့လေသည်။

၁၉၇၈ ခုနှစ် ဇူလိုင်လတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး၊အီဂျစ်နိုင်ငံခြားရေးဝန်ကြီးနှင့်အင်္ဂရိယယ်နိုင်ငံခြားရေးဝန်ကြီးတို့ ပါဝင်သော အရှေ့အလယ်ပိုင်း ဒေသ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပဲ့ကို လန်ဒန်မြို့ရှိ လိဒ်ရဲတိုက်တွင် ပြုလုပ်ခဲ့သည်။ ဩဂုတ်လ ၇ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဗန်စသည် အီဂျစ်နှင့် အင်္ဂရိယယ် နိုင်ငံများသို့ သွားရောက်ကာ နှစ်နိုင်ငံ ခေါင်းဆောင်များနှင့် ဆွေးနွေး၍ သမ္မတကာတာထံမှ ငြိမ်းချမ်းရေး ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားစာကို ပေးအပ်ခဲ့သည်။ ထို့နောက် အမေရိကန်သမ္မတကာတာ၊ အီဂျစ်သမ္မတ ဆဒတ်နှင့် အင်္ဂရိယယ်ဝန်ကြီးချုပ် ဗယ်ဂင်တို့ ပါဝင်သော အရှေ့ အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် ထိပ်သီးအစည်းအဝေးကို အမေရိကန် ပြည်ထောင်စု မေရီလင်းပြည်နယ်ရှိ ဒေးဗစ်စခန်းတွင် စက်တင်ဘာလ ၅ ရက်နေ့မှ စတင်သော ၁၃ ရက်ကြာ ညှိနှိုင်းဆွေးနွေးပဲ့ ပြုလုပ်ခဲ့လေသည်။

အမေရိကန် ပြည်ထောင်စုသည် ၁၉၇၉ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် သံတမန်ဆက်သွယ်ရေး ထူထောင်ရန် သဘောတူပြီး ဖြစ်သည်နှင့် အညီ ၁၉၇၉ ခုနှစ် မတ်လ ၁ ရက်နေ့တွင် နှစ်နိုင်ငံသည် သံအမတ်များခန့်ထား၍ ဆက်သွယ်တော့မည် ဖြစ်ကြောင်း သမ္မတကာတာက ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်ကြေငြာချက်တရပ် ထုတ်ပြန်ခဲ့လေသည်။

အမျိုးသားစာပေဆု။ ။၁၉၄၇ ခုနှစ်တွင် စတင်ဖွဲ့စည်းသော မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်းသည် လူထုပညာရေးတိုးပွားကောင်းမွန်လာမှုကို ရှေးရှု၍ မြန်မာစာပေနှင့် မြန်မာ့အနုပညာရပ်များကို စူးစမ်း ရှာဖွေရန် စူးစမ်းရှာဖွေမှုကို အားပေးရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် စာပေဗိမာန်ဆု ဟူသော စာပေဆုတရပ်ကို တီထွင်ချီးမြှင့်ခဲ့သည်။ (၃–၁၉၉—ရှ။) ၁၉၄၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စာပေဗိမာန်ဆု အမည်ဖြင့် ချီးမြှင့်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှစ၍ အနုပညာ စာပေဆိုင်ရာဆုဟု အမည် ပြောင်းလိုက်သည်။ တဖန် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရချီးမြှင့်သော အနုပညာစာပေဆိုင်ရာဆုများသည် တမျိုးသားလုံးအတွက် ချီးမြှင့်သော ဆုများဖြစ်သည်ဟူသော သဘောသက်ဝင်ငံ့မိစေရန် ၁၉၆၅ ခုနှစ်မှ အစပြုကာ အမျိုးသားစာပေဆုဟူသော အမည်သို့ ပြောင်းလဲ၍ ချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ် ရွေးချယ်ရေး ကော်မတီသည် ၁၉၇၇ ခုနှစ်အတွင်း ပုံနှိပ်သူများနှင့်ထုတ်ဝေသူများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ပြီး ဘာသာရပ် ၁၂ မျိုးတွင် စည်းကမ်းနှင့်ညီညွတ်သော စာအုပ် ၃၂၁ အုပ်ကို ဖတ်ရှုစဉ်းစား၍ ၁၉၇၇ ခုနှစ် အတွက် အောက်ဖော်ပြပါ စာအုပ်များကို အမျိုးသားစာပေဆု ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဝတ္ထုရှည်

ကေသာရစ်ခွေ ပန်ပါလေ (ဖျာပုံလှမိုးနွယ်)။

ကဗျာ

ခယောင်းမြေမှုန်ရွှေတခက် (နုယဉ်)။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ

နောက်အော်နာဂ (မနုဿကျော်ဝင်း)။

၁၉၇၇ ခုနှစ် အမျိုးသားစာပေဆုပေးပွဲ အခမ်းအနားကို မြန်မာ့အသံမြက်ခင်းပြင်၌ ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် (၁၃၄၀ ပြည့်နှစ် နတ်တော်လဆန်း ၁ ရက်) နေ့တွင် ကျင်းပခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်ဌေး တက်ရောက် မိန့်ခွန်း ပြောကြားပြီး ဆုရပုဂ္ဂိုလ်များအား ဆုအသီးသီး ချီးမြှင့်ခဲ့သည်။

အလီ,မိုဟာမက်(ခရစ် ၁၉၄၂ ဖွား)။ ။မိုဟာမက် အလီသည် ၁၉၄၂ ခုနှစ် ဇန္နဝါရီလ ၁၇ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု လူးဝီးစ္စဗီးလမြို့၌ မွေးဖွားခဲ့သည်။ ဆင်းရဲသားကပွလီ လူမည်း မောင်နှံ ဖြစ်သော ကတ်စီးယတ်စမာစီလတ်စကလေး(စီနီယာ)နှင့် အိုဒက်ဆာ ကလေးတို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ ကတ်စီးယတ်စ မာစီလတ်စ ကလေး (ဂျူနီယာ) ဖြစ်သည်။ အခြား ကပွလီလက်ဝှေ့သမားများထက် သူ၏ မိဖများက စီးပွား ရေး ချောင်လည်သောကြောင့် ငယ်စဉ်ကပင် ပညာသင် ကြား နိုင်ခဲ့သည်။ ကလေးသည် ငယ်စဉ် ကတည်းက လူကောင်ကြီးထွားသည်။

ပညာသင်ကြားစဉ်က ကလေး၏ မှတ်စု စာအုပ်များ တွင် ကျောင်းစာများ ရေးမှတ်ထားခြင်းမရှိပဲ လက်ဝှေ့ သမားများနှင့် ကောင်းဘွိုင်ပုံများကိုသာ ရေးဆွဲလေ့ရှိ ခဲ့သည်။ အသက် ရှစ်နှစ်အရွယ်ကပင် အားကစားမျိုးစုံကို လေ့လာလိုက်စားခဲ့သည်။ ထိုစဉ်က ရေကူးနည်းကို ပိုမို အားသန်ပြီး ထူးချွန်ခဲ့သည်။ လူးဝီးစ္စဗီးလမြို့ ဝိုင်အမ်စီ အေ အသင်းမှ အားကစား ထူးချွန်သူ လူငယ် ၆၃ ဦး ရွေးချယ်ရာတွင် အသက် ရှစ်နှစ်သာ ရှိသေးသူ ကလေး လည်း တဦးအပါအဝင်ဖြစ်သည်။ ငယ်ရွယ်စဉ်က ခရစ်ယန် သီလရင်ကျောင်း စာကြည့်တိုက်၌ သန့်ရှင်းရေး လုပ်၍ မုန့်ဖိုးရှာခဲ့သည်။

အသက် ၁၂ နှစ်အရွယ်တွင် လက်ဝှေ့ နည်းပြဆရာ ဂျိုးမာတင်ထံတွင် လက်ဝှေ့ထိုးပညာကို သင်ယူခဲ့သည်။

ကလေးသည် အသက် ၁၂ နှစ်အရွယ်ကပင် ကိုယ် အလေးချိန် ၁၁၂ ပေါင်ရှိနေခဲ့သည်။ ကလေးသည် ပွဲဦး ထွက် အပျော်ထမ်း လက်ဝှေ့ပွဲအဖြစ် ရွန်နီအိုကီဖေး ဆိုသူ



ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ မိုဟာမက်အလီ

လူဖြူလူငယ်တဦးနှင့် သုံးချီထိုးသတ်ရာ အမှတ်ဖြင့် အနိုင် ရခဲ့သည်။

အမေရိကန် ပြည်ထောင်စု၏ အပျော်ထမ်း လက်ဝှေ့ ပြိုင်ပွဲတွင် အရေးအပါဆုံးဖြစ်သော "ရွှေလက်အိတ်များ လက်ဝှေ့ပြိုင်ပွဲ"အတွက် လူရွေးပွဲကျင်းပရာ ကတ်စီးယပ်စ ကလေး ရှုံးနိမ့်သဖြင့် နည်းပြဆရာ ဂျိုးမာတင်ထံမှ နည်း ပြဆာ စတုန်းနာထံသို့ ရွှေပြောင်းလေ့ကျင့်ခဲ့လေသည်။

၁၉၅၉ ခုနှစ် ရွှေလက်အိတ်များ လက်ဝှေ့ပြိုင်ပွဲ၌ ကတ် စီးယတ်စကလေးသည် လိုက်ဟဲဗီးဝိဘ်တန်း၌ ဗိုလ်စွဲခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရွှေလက်အိတ်များ ပြိုင်ပွဲနှင့် အမေ ရိကန်နိုင်ငံများ ဟူသော ပြိုင်ပွဲ နှစ်ရပ်စလုံးတွင် ကလေး ဗိုလ်စွဲခဲ့သည်။ ထိုနှစ်ရောမကမ္ဘာ့အိုလံပစ်ပွဲအတွက် အမေ ရိကန် လက်ဝှေ့လူရွေးပွဲကို စံဇရန်စစ္စကိုမြို့၌ ကျင်းပခဲ့ရာ လိုက်ဟဲဗီးဝိတ်တန်းမှ ရွေးချယ်ခြင်း ခံခဲ့ရသည်။ ကလေး သည် အသက် ၁၈ နှစ် အရွယ်တွင် ရောမအိုလံပစ် လက်ဝှေ့ ပြိုင်ပွဲတွင် ဗိုလ်စွဲ၍ ရွှေတံဆိပ်ရခဲ့သည်။

ရောမအိုလံပစ်ပွဲမှ ပြန်လာပြီးနောက် ၁၉၆၀ ပြည့် နှစ် အောက်တိုဘာလတွင် ကြေးစား လက်ဝှေ့ သမား အဖြစ် ခံယူကာ နည်းပြဆရာသစ် အန်ဂျလိုဒန်ဒီနှင့် လေ့ ကျင့်ခဲ့လေသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင် ကလေးသည် လူးဝီးစ္စဗီးလမ်မြို့၌ ပထမဆုံး ကြေးစား ဟဲဗီးဝိတ် လက်ဝှေ့ပွဲအဖြစ် တန်နေဟန်ဆာကာနှင့် စတင်ထိုးသတ်ရာ ၆ ချီထိုးပြီး အနိုင်ရသည်။ ဒေါ်လာငွေ ၂၀၀၀ ရသည်။ ထိုနှစ်ဒီဇင်ဘာ ၂၇ ရက်နေ့၌ ကြေးစားပွဲ ဒုတိယပွဲကို မိယာမီတွင် ဟတ်ဆီလာ ဆိုသူနှင့် ထိုးသတ်ရာ ကလေးက စတုတ္ထအချီ၌ အလဲထိုး အနိုင်ရသည်။ ယင်းပွဲနိုင်၍ ဒေါ်လာငွေ ၂၀၀ ရသည်။

ကလေးသည် ၁၉၆၁ ခုနှစ်အတွင်း ကြေးစား ပွဲပေါင်း ရှစ်ပွဲထိုးသတ်ခဲ့ရာ ရှစ်ပွဲစလုံးတွင် အနိုင်ရခဲ့သည်။

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း ပက်တာဆင်သည် အသက် ၂၁ နှစ်အရွယ်တွင် ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ရာ ကလေးက အသက် ၂၀ အရွယ်တွင် ကမ္ဘာ့ချန်ပီယံဖြစ်ရန် ကြိုးပမ်းခဲ့သည်။

ကလေးသည် ကြေးစားပွဲပေါင်း ၁၉ ပွဲ ထိုးသတ်အနိုင်ရခဲ့ပြီးမှ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ သရဖူလုပွဲကို ၁၉၆၄ ခုနှစ် ဖေဖွဝရီ ၂၅ ရက်နေ့တွင် မိယာမီ၌ ချန်ပီယံ ဆန်နီ လစ်စတန်နှင့် ထိုးသတ်ရာ ၇ ချီတွင် ဒိုင်ပွဲရပ် အနိုင်ရသဖြင့် ကမ္ဘာ့ ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဖြစ်လာလေသည်။ နောက်တနေ့ (အောက်တိုဘာလ ၂၆ ရက်)တွင် သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး သူသည် ခရစ်ယန်ဘာသာဝင် အဖြစ်မှ အစ္စလမ် ဘာသာဝင်အဖြစ်သို့ ပြောင်းလဲကာ အမည်မှာလည်း မိုဟာမက်အလီ ဟု ခေါ်တွင်မည် ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ထို့နောက် အလီသည် ကုလသမဂ္ဂဘာသာချုပ်နှင့် အာဖရိကတိုက်မှ ဂါနာနိုင်ငံနှင့် အီဂျစ်နိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့သည်။

အလီသည် ၁၉၆၄ ခုနှစ်ဩဂုတ်လတွင် အစ္စလမ် ဘာသာဝင် ကပွလီအမျိုးသမီးဆွန်ဂျီနှင့် ထိမ်းမြား လက်ထပ်သည်။

အလီသည် ၁၉၆၅ ခုနှစ် မေ ၂၅ ရက်နေ့တွင် လူးဝစ်စတွန်၌ ဆန်နီလစ်စတန်နှင့် ဒုတိယအကြိမ် ထိုးသတ်ခဲ့ရာ ပထမအချီမှာပင် အလဲထိုးအနိုင်ရခဲ့သည်။

အလီသည် ၁၉၆၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့တွင် လတ်စဗေးဂတ်စ်၌ ချန်ပီယံဟောင်း ပက်တာဆင်နှင့် ထိုးသတ်ခဲ့ရာ ၁၁ ချီ၌ အလဲထိုးပြီး အနိုင်ရခဲ့သည်။ ထို့နောက် သရဖူကာကွယ်ပွဲ ငါးပွဲဆက်တိုက် ထိုးသတ်ခဲ့ရာ လေးပွဲအလဲထိုးနိုင်ပြီး တပွဲသာ အမှတ်ဖြင့် နိုင်သည်။

ထို့နောက် ၁၉၆၇ ခုနှစ် ဖေဖွဝရီ ၆ ရက်နေ့တွင် ဟူစတန်၌ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် ချန်ပီယံအာနီတာရဲလနှင့် ထိုးသတ်ရာ ၁၅ ချီထိုး၍ အမှတ်ဖြင့် အနိုင်ရသည်။

၁၉၆၇ ခုနှစ် ဧပြီလဘွင် စစ်မှုထမ်းရန် ဆင့်ခေါ်မှုကို ငြင်းဆန်သဖြင့် မိုဟာမက်အလီကို လက်ဝှေ့ ထိုးသတ်ခွင့် ပိတ်ပင်လိုက်ပြီး ချန်ပီယံအဖြစ်မှလည်းဖယ်ရှားခဲ့လေသည်။ အမေရိကန်တရားရုံးတွင် အမှုကို ရင်ဆိုင် ရလေသည်။

၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် မိုဟာမက်အလီကို အမေရိကန်တရားရုံးက အနိုင်ပေး ခွင့်လွှတ်လိုက်ရာ လက်ဝှေ့ထိုးသတ်ခွင့်လည်း ပြန်လည်ရလာသည်။ ထို့နှစ်အောက်တိုဘာ ၂၆ ရက်နေ့တွင် အက်လန်တာ၌ ဂျယ်ရီကွာရီနှင့် စတင်ထိုးသတ်ရာ သုံးချီ၌ အလဲထိုး အနိုင်ရသည်။ ထို့နှစ်

မိုဟာမက်အလီသည် နယူးအော်လင်းမြို့၌ ချန်ပီယံစပင်နှင့် ဒုတိယအကြိမ်ဆုံတွေ့၍ ၁၅ ချီအပြည့်ထိုးသတ်ပြီး အမှတ်ဖြင့် အပြတ်အနိုင်ရကာ ဟဲဗီးဝိတ်လက်ဝှေ့ သရဖူကို တတိယအကြိမ် ပြန်လည်ရယူနိုင်ခဲ့သည်။



၁၉၇၆ ခုနှစ် ဇွန် ၂၆ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျို မြို့၌ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ အလီနှင့် ကမ္ဘာ့ နပမ်းချန်ပီယံ အန်တိုနီယိုအီနိုကီတို့ ပြိုင်ပွဲကျင်းပရာ ကမ္ဘာ တဝန်းလုံးမှ မကြုံစဖူး ထူးကဲသော ပွဲကြိုးအဖြစ် စိတ်ဝင် စားခဲ့ကြသည်။

၁၉၇၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်နေ့တွင် ကင်နော် တန်နှင့် နယူးယောဂ်၌ တတိယ အကြိမ် ထိုးသတ်ရာ ၁၅ ချီ အပြည့် ထိုးသတ်ရပြီးနောက် အလီ အမှတ်ဖြင့် အနိုင်ရခဲ့သည်။

၁၉၇၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့တွင် ကင်နော်တန်နှင့် နယူးယောဂ်၌ တတိယ အကြိမ် ထိုးသတ်ရာ ၁၅ ချီ အပြည့် ထိုးသတ်ရပြီးနောက် အလီ အမှတ်ဖြင့် အနိုင်ရခဲ့သည်။

၁၉၇၇ ခုနှစ်တွင် အလီသည် သရဖူကာကွယ်ပွဲနှစ်ပွဲ သာ ထိုးသတ်ခဲ့ပြီး နှစ်ပွဲစလုံး အမှတ်ဖြင့် အနိုင်ရခဲ့ သည်။ ၁၉၇၈ ခုနှစ် ဖေဖော်ဝရီ ၁၅ ရက်နေ့၌ ထိပ်တန်း စိန်ခေါ်သူ ၁၀ ဦး စာရင်းဝင် လီယွန်စပင့်နှင့် လက်စပေး ဂတ်စမ်းပွဲ၌ ထိုးသတ်ခဲ့ရာ ၁၅ ချီအပြည့် ထိုးသတ်ရပြီး အလီ အမှတ်ဖြင့် ရှုံးနိမ့်သွားသည်။ ဟဲဗီးဝိတ်လက်ဝှေ့ သရဖူကို ဒုတိယအကြိမ် စွန့်လွှတ်လိုက်ရသည်။

၁၉၇၈ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် နယူးအော်လင်း၌ အလီနှင့် ချန်ပီယန်စပင့်တို့ ဒုတိယအကြိမ် ဆုံတွေ့ရာ ၁၅ ချီ အပြည့်ထိုးရပြီး အလီက အမှတ်ဖြင့် အပြတ်အနိုင် ယူကာ ဟဲဗီးဝိတ်လက်ဝှေ့သရဖူကို တတိယအကြိမ် ရယူနိုင် ခဲ့သည်။ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့သမိုင်း၌ သရဖူကို ဒုတိယ အကြိမ်စွန့်လွှတ်ခဲ့ရပြီးမှ တတိယအကြိမ်ပြန်လည်ရယူနိုင်သူ တဦးမျှ မရှိသေးပဲ အလီတဦးသာ ရှိပေသေးသည်။

အလီသည် ပထမအိမ်ထောင်ရှင် ဆွန်ဂျီနှင့် ၁၉၆၅ ခုနှစ် ဇွန် ၂ ရက်နေ့တွင် ကွာရှင်းခဲ့ပြီးနောက် ဘလင်ဒါဘို့ကြ် ဆိုသူကပွလီမကလေးနှင့် လက်ထပ်ခဲ့ရာ သမီးသုံးဦး၊ သား တဦး မွေးဖွားခဲ့သည်။ ထိုနောက် ဂျိုးဖရေဇီယာနှင့် မနီလာ တွင် တတိယပွဲထိုးပြီးနောက် အသားညို ကပွလီမကလေး ဗာရိုနီကာနှင့်လက်ထပ်ပြန်ရာ ကလေးတဦးရသည်။

မိုဟာမက်အလီသည် ကမ္ဘာအနှံ့သို့ သွားရောက်လည် ပတ်ခဲ့ရာ ဆိုဗီယက်ပြည်ထောင်စုသို့လည်း ရောက်ရှိခဲ့သည်။ ကိုလန်ဘီယာရုပ်ရှင်ကုမ္ပဏီမှ အလီ၏ အတ္ထုပ္ပတ္တိ စာအုပ်ကို ရုပ်ရှင်ရိုက်ကူးခဲ့ရာ အလီကိုယ်တိုင် ပါဝင် သရုပ်ဆောင်ပြီး သူနည်းပြဆရာ ဒန်ဒီအဖြစ် ကမ္ဘာကျော် မင်းသားကြီး အားနက်စ်ဘိုဂါနင်က သရုပ်ဆောင်လေသည်။ အလီသည် ၁၉၇၉ ခုနှစ် ဖေဖော်ဝရီလထိ လက်ဝှေ့မထိုးပဲ အနားယူလျက် ရှိလေသည်။

အာကာသစူးစမ်းရှာဖွေခြင်း။ ။အမေရိကန်ပြည် ထောင်စုသည် လ,ဗီမာန်သွား အပိုလိုအစီအစဉ်ကို ၁၉၇၂ ခုနှစ် ဒီဇင်ဘာလတွင် ရပ်ဆိုင်းခဲ့ပြီးနောက် အမေရိကန်

ဒီဇင်ဘာ ၇ ရက်နေ့တွင် နယူးယောဂ်၌ ဒုတိယ ပွဲစဉ် အဖြစ် အော်စကာ ဘိုနာဗီးနားနှင့် လက်ရည် စမ်းခဲ့ရာ ၁၅ ချီ၌ အလဲထိုးအနိုင်ရခဲ့သည်။

၁၉၇၁ ခုနှစ် မတ်လ ဂ ရက်နေ့တွင် နယူးယောဂ်၌ ဂျိုးဖရေဇီယာနှင့် သရဖူလုပွဲပြုလုပ်ခဲ့ရာ ဂျိုးဖရေဇီယာက မိုဟာမက်အလီကို ၁၅ ချီ အပြည့်ထိုးသတ်ပြီး အမှတ်ဖြင့် အနိုင်ရကာ ချန်ပီယံ ဖြစ်လာခဲ့သည်။ အလီအဖို့ ကြေးစား လက်ဝှေ့သမား ဘဝတွင် ပထမ ဦးစွာ ရှုံးနိမ့်ခြင်း ဖြစ်သည်။

ချန်ပီယံသရဖူကို စွန့်လွှတ်ခဲ့ရသူ အလီသည် ဇူလိုင် ၂၆ ရက်နေ့တွင် ဟူစတန်၌ ဂျင်မီအဲလစ်စနှင့် ထိုးသတ်ခဲ့ရာ ၁၂ ချီတွင် အလဲထိုးပြီး အနိုင်ရခဲ့သည်။ ဖရေဇီယာကို ရှုံးပြီးနောက် အလီသည် ၁၀ ပွဲဆက်တိုက် အနိုင်ရခဲ့သည်။ ၁၉၇၃ မတ်လ ၃၁ ရက်တွင် ဆန်ဒီဂို၌ ကင်နော်တန်နှင့် ထိုးသတ်ခဲ့ရာ ၁၂ ချီ အပြည့်ထိုးရပြီး အလီ အမှတ်ဖြင့် ရှုံးနိမ့်သွားရသည်။ ပထမအချီကပင် အလီ မေးရိုးကျိုး သွားရသည်။ စက်တင်ဘာလ ၁၀ ရက်နေ့ ကင်နော်တန်နှင့် စိတ်မကျေပွဲကို လော့စအိန်ဂျလီစ၌ ပြုလုပ်ခဲ့ရာ ၁၂ ချီ အပြည့်ထိုးသတ်ရပြီး အလီအမှတ်ဖြင့် အနိုင်ရသည်။

အလီသည် ဟဲဗီးဝိတ်သရဖူကို ဒုတိယအကြိမ် ပြန်လည် ရယူနိုင်ရန် အလီကြိုးပမ်းနေစဉ် ချန်ပီယံ ဂျိုးဖရေဇီယာ ကို ဂျော့ချ်ဖိုမန်က အလဲထိုးအနိုင်ရပြီး ချန်ပီယံသရဖူကို ရယူသွားသည်။

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံ သရဖူကို စွန့်လွှတ်ထားရသူ ဂျိုးဖရေဇီယာနှင့် ၁၉၇၄ ခုနှစ် ဇန္နဝါရီ ၂၈ ရက်နေ့ နယူး ယောဂ်မြို့တွင် ဒုတိယ အကြိမ်မြောက် ဆင်နွှဲခဲ့ရာ ၁၂ ချီ အပြည့်ထိုးသတ်ရပြီး အလီအမှတ်ဖြင့်နိုင်ကာ ပထမအကြိမ် ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့သည်။ တဖန် ၁၉၇၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့တွင် ဇိုင်ယာနိုင်ငံ ကင်ရှာဆာ မြို့၌ ချန်ပီယံဂျော့ချ်ဖိုမန်နှင့် အလီ ယှဉ်ပြိုင် ထိုးသတ်ခဲ့ရာ ရှစ်ချီတွင် အလီက အလဲထိုး အနိုင်ယူလိုက်သဖြင့် ဟဲဗီး ဝိတ်လက်ဝှေ့သရဖူကို ဒုတိယ အကြိမ် ပြန်လည် ရယူနိုင် ခဲ့သည်။

၁၉၇၅ ခုနှစ်တွင် သုံးပွဲ နိုင်ပြီးနောက် အလီသည် ဂျိုးဖရေဇီယာနှင့် တတိယအကြိမ် ယှဉ်ပြိုင်ပွဲကို ဖိလစ်ပိုင် နိုင်ငံမနီလာမြို့၌ ပြုလုပ်ခဲ့သည်။ထိုပွဲတွင် ၁၄ ချီ၌ ဒိုင်ပွဲရပ် ဖြင့် အလီအနိုင်ရခဲ့သည်။

အလီသည် ၁၉၇၆ ခုနှစ်တွင် ဂျိန်းပီရီကွတ်ပ်မန်းကို ငါးချီ၌အလဲထိုး အနိုင်ရပြီးနောက် ဂျင်မီယန်းကို ၁၅ ချီ အပြည့်ထိုးရကာ အမှတ်ဖြင့်သာ အနိုင်ရသည်။ ထိုနှစ် တတိယပွဲစဉ်၌ ဥရောပ ချန်ပီယံ ရစ်ချတ်ဒန်းကို ပဉ္စမ အချီ တွင် အလဲထိုးအနိုင်ရသည်။



အမေရိကန်ပြည်ထောင်စုက ပစ်လွှတ်ထားသော ဗွိုင်ယေဂျာ ၁ စကြာဝဋ္ဌာ ယာဉ်သည် ၁၉၇၉ ခုနှစ် ဆန်းတွင် ကြာသပတေးဂြိုဟ်၏ ဓာတ်ပုံများကို မြေပြင်သို့ ပြန်လည်ပေးပို့နိုင်ခဲ့သည်။ ပုံမှာ ကြာသပတေးဂြိုဟ်ကို လှည့်ပတ်နေသော လနှစ်ခုကို အနီးကပ်တွေ့ ရသည်။

ယာဉ်အပိုလိုနှင့် ရုရှယာဉ်ဆာယုတို့သည် ၁၉၇၅ ခုနှင်တွင် ပူးတွဲပျံသန်းခဲ့ကြသည်။ ထိုအပိုလိုပျံသန်းမှု အစီအစဉ်ကို ၁၉၇၉ ခု နှစ်ကုန်သည်အထိ ဆိုင်းထားလိုက်ပြီးနောက် အာကာသလွန်းပျံခရီးစဉ်ကို ၁၉၇၇ ခုနှစ်တွင် အောင်မြင်စွာ စမ်းသပ်ပျံသန်းခဲ့သည်။

ကမ္ဘာမြေပြင်နှင့် အာကာသကို အိမ်ဦးနှင့် ကြမ်းပြင်ပမာ ဥဒဟို သွားလာနိုင်မှု၏ ပထမခြေလှမ်း အနေဖြင့် ၁၉၇၇ ခုနှစ် ဩဂုတ်လအတွင်း အင်တာပရိုက်စ် ဟု အမည်ပေးထားသော အာကာသလွန်းပျံယာဉ် အိုဗွီ (အော်ဘစ်တာဗီဟီကယ်လ်) ၁၀၁ ကို ၅ မိုင် ပတ်ဝန်းကျင်အမြင့်မှ မြေပြင်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သည်။

အမေရိကန် အာကာသာ လွန်းပျံ ခရီးစဉ်၏ အခြေခံသဘောမှာ ယခင်က အာကာသအတွင်းသို့ လွှတ်တင်ခဲ့သော ဒုံးယာဉ်များကဲ့သို့ အပြန်ခရီးတွင် သမုဒ္ဒရာအတွင်းသို့ မသက်ဆင်းစေပဲ မြေပြင်ပေါ်သို့ လေယာဉ်တစီးပမာ မောင်းနှင်ဆင်းသက်နိုင်ရေးကို ဦးတည်ခဲ့လေသည်။

ပထမဦးဆုံး စမ်းသပ်လွှတ်ပစ်သော အာကာသလွန်းပျံယာဉ်ကို အင်တာပရိုက်စ်ဟု အမည်ပေးထားသည်။အင်တာပရိုက်စ်သည် ခရီးသည်တင် ဂျက်လေယာဉ် အငယ်စားခန့် ရှိပြီး အလေးချိန်အားဖြင့် ဇိမ်ခံကားအစီး ၄၀ ခန့်သာရှိလေသည်။

ထိုလွန်းပျံ အင်တာပရိုက်စ်ကို ဘိုရင်း ၇၄၇ လေယာဉ်ကြီး၏ ကျောပေါ်တွပ် တင်၍ ကောင်းကင်သို့ ပေ ၂၇,၀၀၀ အမြင့်အထိ ယူဆောင်သွားကာ အင်တာပရိုက်စ်ကို ဘိုးရင်း ၇၄၇ ယာဉ်ကြီးမှ ဖြုတ်ပစ်လိုက်သည်။

အင်တာပရိုက်စ် ယာဉ်မှူးတို့သည် ကမ္ဘာ့ လေထုလွှာအထက်တွင် ပျံသန်းသောအခါ ဒုံးပျံ မော်တာငယ်များ ပစ်ဖောက်ခြင်းအားဖြင့် ထိန်းကျောင်းမည်ဖြစ်ပြီး လေထုအတွင်းပျံသန်းစဉ်တွင်မူ သမရိုးကျ လေယာဉ်ပဲ့ဖြင့် ထိန်းကျောင်းနိုင်ရန် တည်ဆောက်ထားလေသည်။

ယာဉ်မှူးဖရက်ဒ်ဟော့စ်နှင့် တွဲဖက် လေယာဉ်မှူး လက်ဖတင်နင်ချားလ်ဂေါ်ဒန်ဖူလတန်တို့သည် လေထဲတွင် ၅ မိနစ်နှင့် စက္ကန့် ၂၀ ကြာမျှ ပျံဝဲပြီးနောက် တနာရီလျှင် ၂၁၁ မိုင်နှုန်းဖြင့်မြေပြင်သို့ ချောမောစွာ သက်ဆင်းခဲ့လေသည်။

လွန်းပျံခရီးကို ဖွင့်လှစ်နိုင်လျှင် ယာဉ်မှူးနှစ်ဦးတို့သည် သိပ္ပံပညာရှင်နှင့် အတတ်ပညာရှင်များ အပါအဝင်ခရီးသည် ခုနစ်ဦးကို သယ်ယူပို့ဆောင်နိုင်မည် ဖြစ်သည်။ ခရီးသည်များပါရှိမည့် အင်တာပရိုက်စ်၏ ပထမဆုံး ပျံသန်းမှုကို ၁၉၇၉ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် စတင်ရန် စီစဉ်ထားလေသည်။

ဂြိုဟ်များသို့ လေ့လာရေးယာဉ်များလွှတ်ခြင်း။ ။နေကို လှည့်ပတ်နေသော ဂြိုဟ်များတွင် အကြီးဆုံး ဖြစ်သည့်ဂျူ



ကြာသပတေးဂြိုလ်ဆီသို့ ပစ်လွှတ်ထားသော ဗွိုင်ယေဂျာ စကြာဝဠာယာဉ်

ပီတာခေါ် ကြာသပတေးဂြိုဟ်နှင့်စနေဂြိုဟ်သို့ အမေရိကန်ပြည်ထောင်စုက ပစ်လွှတ်ထားသော ဗွိုင်ယေဂျာ ၁စကြာဝဠာယာဉ်သည် ၁၉၇၉ ခုနှစ်ဆန်းတွင် ဂျူပီတာ၏ ဓာတ်ပုံများကို မြေပြင်သို့ ပေးပို့နိုင်ပြီဖြစ်သည်။

ဗွိုင်ယေဂျာမှ ရရှိသောပုံတွင် ဂြိုဟ်၏ရောင်စုံစက်ဝိုင်းများ၊ ကြီးမားသော အနီပြောက်ကြီးတခုနှင့် အဖြူရောင်တိမ်များလျှမ်းနေသည့် ဂြိုဟ်မျက်နှာပြင်ကို တွေ့ရှိရသည်။ ဂျူပီတာကို ဝိုင်းပတ်နေသော လ လေးစင်းအနက် နှစ်စင်း၏ ပုံကိုပါ တွေ့ရှိနိုင်ပြီ ဖြစ်သည်။

ဗီးနပ်စ် သောကြာဂြိုဟ်ရောက် ပိုင်အိုနီယာ အမှတ် ၁ နှင့် ၂ မှပို့သော ဓာတ်ပုံများမှာလည်း အလွန်ကြည်လင်လှပေသည်။ ၁၉၇၈ ခုနှစ် မေလနှင့် သြဂုတ်လတို့တွင် အသီးအသီး ပစ်လွှတ်လိုက်သည့် ပိုင်အိုနီယာ ၁ နှင့် ၂ သည်ဒီဇင်ဘာလတွင် ဗီးနပ်စ်သို့ ရောက်ရှိပြီး ဘတ်စ်ခေါ်ထောက်လှမ်းရေးဂြိုဟ်ဆင်းပစ္စည်းကရိယာများကို မြေပြင်သို့ ပေးပို့နိုင်ခဲ့သည်။ ပိုင်အိုနီယာပင်မယာဉ်သည် ဗီးနပ်စ်ကို လှည့်ပတ်ပျံသန်းနေဦးမည်ဖြစ်သည်။

ထိုထောက်လှမ်းကရိယာများမှ ပေးပို့သောသတင်းအရ သောကြာဂြိုဟ်တွင် လေထုသည် မျက်နှာပြင်အထက် မိုင် ၄၀ အထိရှိကြောင်း၊ မိုးတိမ်များမှ ၅ မိုင် ၆ မိုင်အထိ လွှင့်ပျံနေကြောင်း၊ တနာရီလျှင် မိုင် ၂၀၀ ကျော် လေပြင်းများ တိုက်ခတ်နေကြောင်း မျက်နှာပြင်၏ အပူချိန်မှာ ဖာရင်ဟိုက် ၉၀၀ ဒီဂရီရှိကြောင်း သိရှိရသည်။ တိမ်ထုတွင် ဆာလ်ဖြူရစ်အက်စစ်ဓာတ်ပြည့်ဝနေပြီး လေထုတွင် အာဂွန် ၃၆ ဓာတ်ပြည့်ဝနေကြောင်းစသည်တို့ကို စုံစမ်း သိရှိရပေသည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်။ ။ယာဉ်မှူးနှစ်ဦးလိုက်ပါသောဆာယု ၂၆ ယာဉ်ကို ဆိုဗီယက်ယူနီယံက ပစ်လွှတ်သည်။ထိုအာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပျံပင်တိုင်အာကာသစခန်း ဆားလျှု ၆ နှင့် နောက်နေ့တွင် ချိတ်ဆက်သည်။

၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်။ ။ဆာယု ၂၇ ကို ဆိုဗီယက်က လွှတ်တင်ပြန်သည်။ ထိုယာဉ်တွင် အာကာသယာဉ်မှူး နှစ်ဦးပါရှိသည်။ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အာကာသဘူတာ ဆားလျှု ၆ နှင့် ချိတ်မိပြန်သည်။

၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်။ ။အာကာသယာဉ် ဆာယု ၂၆ သည် ကမ္ဘာမြေပြင်သို့ ပြန်ဆင်းသည်။

၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်။ ။ပရိုဂရက်စ် ၁ ကုန်တင်ယာဉ်ကို ဆားလျှု ၆ ဘူတာစခန်းသို့ လွှတ်ပို့သည်။ လူမပါသော ထိုယာဉ်သည် ဆားလျှု ၆ သို့ ၂၂ ရက်နေ့တွင် ရောက်ရှိသည်။နောက်ရက်သတ္တပတ် နှစ်ပတ်မျှ ကြာသောအခါ ထိုယာဉ်ကို ဟင်းလင်းပြင်သို့ ပစ်ချစွန့်ပစ်လိုက်သည်။



ဗွိုင်ယေဂျာ ၁ သည် ပို၍ကြည်လင်သော ကြာသပတေးဂြိုဟ် ဓာတ်ပုံများကို ရိုက်ကူးပေးပို့ခဲ့သည်။ ကြာသပတေးဂြိုဟ်တွင် ဝိုင်းပတ်နေသော တိမ်များကိုပါ တွေ့ရှိရသည်။

၁၉၇၈ ခုနှစ် မတ်လ ၂ ရက်။ ။ယာဉ်မှူး ၂ ဦးပါ ဆာယု ၂၀ အာကာသယာဉ်ကို ထပ်မံပစ်လွှတ်ရာ ထိုယာဉ်သည် ဘူတာစခန်းသို့ နောက်တရက်တွင် ရောက်ရှိသည်။

၁၉၇၈ ခုနှစ် မတ်လ ၁၆ ရက်။ ။ဆာယု ၂၀ ယာဉ်မြေပြင်သို့ ပြန်ဆင်းသည်။

၁၉၇၈ ခုနှစ် ဇွန်လ ၁၆ ရက်။ ။ဆာယု ၂၉ အာကာသယာဉ်သည် ယာဉ်မှူးနှစ်ဦးနှင့်အတူ မြေပြင်မှ ဆားလျှို့ ၆ သို့ တက်လာချိတ်ဆက်သည်။

၁၉၇၈ ခုနှစ် ဇွန်လ ၂၃ ရက်။ ။ဆာယု ၂၀ ယာဉ်သည် ယာဉ်မှူးနှစ်ဦးနှင့် အတူ မြေပြင်မှ တက်လာပြီး နောက်နေ့တွင် ဘူတာယာဉ်နှင့် ချိတ်ဆက်သည်။ ဇူလိုင်လ ၅ ရက်နေ့တွင် ဆာယု ၃၀ ပြန်ဆင်းသည်။

၁၉၇၈ ခုနှစ် ဇူလိုင်လ ၇ ရက်။ ။လူမဲ့ပရိုဂရမ်စ် ၂ ရိကွာကုန်တင်ယာဉ်ကို ဘူတာစခန်းယာဉ်သို့ ပစ်လွှတ်လိုက်ရာ နောက်နေ့တွင် ချိတ်ဆက်မိသည်။ ကုန်ပစ္စည်းများကို ယာဉ်မှူးတို့က လွှဲပြောင်းသယ်ယူပြီးနောက် ဟင်းလင်းပြင်သို့ ပရိုဂရမ်စ် ၂ ကို ပစ်ချလိုက်သည်။

၁၉၇၈ ခုနှစ် သြဂုတ်လ ၈ ရက်။ ။ကုန်တင်ယာဉ် ပရိုဂရမ်စ် ၃ ကို ထပ်လွှတ်သည်။ ထိုယာဉ်မှ ရိကွာပစ္စည်းကရိယာများကို ကွဲယူပြီးနောက် လေဟာပြင်သို့ အလားတူ ဖြုတ်ချလိုက်သည်။

ထို့နေ့မှာပင် ဗီးနပ်စ်ပိုင်အိုနီယာ ၂စကြာဝဠာယာဉ်ကို ဗီးနပ်စ်ဂြိုဟ်ခေါ် သောကြာဂြိုဟ် (၀၊) ကြယ်နီပေါ်သို့ အမေရိကန်ပြည်ထောင်စုက ပစ်လွှတ်သည်။

၁၉၇၈ ခုနှစ် သြဂုတ်လ ၂၆ ရက်။ ။ဆာယု ၃၁ အာကာသယာဉ်သည် ယာဉ်မှူးနှစ်ဦးနှင့်အတူ ဆားလျှို့ ၆ သို့ မြေပြင်မှ ပုံတက်ချိတ်ဆက်သည်။ ယခင်က ချိတ်ဆက်ပုံသန်းနေသော ဆာယု ၂၉ သည် စက်တင်ဘာလ ၃ ရက်နေ့တွင် ပြန်ဆင်းသည်။

၁၉၇၈ ခုနှစ် စက်တင်ဘာလ ၉ ရက်။ ။ဗီနိုးရား ၁၁ စကြာဝဠာယာဉ်ကို ဗီးနပ်စ် သောကြာဂြိုဟ်သို့ ဆိုဗီယက်ယူနီယံက ပစ်လွှတ်သည်။

၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်။ ။သူလျှိုဂြိုဟ်တု လွှတ်တင်ထားရှိသည့် အကြောင်းကို အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသကြီးကြပ်မှု(နာဆာ)အဖွဲ့အကြိမ် ၂၀ မြောက်နှစ်ပတ်လည် အခမ်းအနားတွင် အမေရိကန်သမ္မတဂျင်မီကာတာက ကြေငြာသည်။

၁၉၇၈ ခုနှစ် အောက်တိုဘာလ ၆ ရက်။ ။လူလိုက်မပါသော ပရိုဂရမ်စ် ၄ ကုန်တင်ယာဉ်ကို ဆိုဗီယက်တို့က ပစ်လွှတ်ပြီး ဆားလျှို့ ၆ စခန်းယာဉ်နှင့် ချိတ်ဆက်စေပြီးနောက် အသုံးပြုပြီးသောအခါ ဘူတာစခန်းရှိ ယာဉ်မှူးတို့က ထိုကုန်တင်ယာဉ်ကို ပစ်ချလိုက်သည်။

ထို့နေ့မှာပင် ဂြိုဟ်တုသိပ္ပံဖလှယ်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ဆိုဗီယက်ယူနီယံသို့ ကမ်းလှမ်းသည်။

၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၂ ရက်။ ။ဆိုဗီယက်အာကာသယာဉ်မှူး ၂ ဦးသည် ဆာယု ၃၁ ယာဉ်ဖြင့် ဆားလျှို့ ၆ မှ မြေပြင်သို့ ပြန်ဆင်းလာခြင်းဖြင့် အာကာသလွန်းပုံ သွားလာမှုကို အောင်မြင်ကြောင်းဖော်ပြလိုက်သည်။

၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်။ ။အမေရိကန် ပြည်ထောင်စုမှ ပစ်လွှတ်သော ဗီးနပ်စ်ပိုင်အိုနီယာ ၂ ယာဉ်သည် ဗီးနပ်စ်သောကြာဂြိုဟ်သို့ ရောက်ရှိပြီး ဂြိုဟ်ဆင်းယာဉ်များ ချပေးသည်။ ထို့နောက် ၉ ရက်နေ့တွင် ဗီးနပ်စ်ပိုင်အိုနီယာ ၁ ယာဉ်လည်း ရောက်ရှိကာ အလားတူ ဘတ်စ်ခေါ်လေ့လာရေးပစ္စည်းများ ချပေးသည်။ ထိုယာဉ် တို့သည် သောကြာဂြိုဟ်ကို ဓာတ်ပုံရိုက်ယူပြီး မြေပြင်သို့ ပို့ပေးသည်။

၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်။ ။ဆိုဗီယက်ယူနီယံက ပစ်လွှတ်သော ဗနီးရား ၁၂ ယာဉ်သည် ဗီးနပ်စ်သို့ ရောက်ရှိသည်။ ဗနီးရား ၁၁ ယာဉ်သည်လည်း ဒီဇင်ဘာ ၂၅ ရက်တွင် ရောက်သည်။ ဗီးနပ်စ်ရှိ လေထုပတ်ဝန်းကျင် သတင်းအကြောင်းအရာတို့ကို မြေပြင်သို့ ပေးပို့သည်။

၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်။ ။အမေရိကန် ကမ္ဘာပတ်လွှန်းပုံယာဉ်များသည် ကောင်းကင်၌ ပျံသန်းယင်း အရေးပေါ်ကိစ္စကြုံကြိုက်လာခဲ့သော် ဂျပန်ပြည်တောင်ပိုင်း၊ အိုကီနာဝါကျွန်းရှိ ကဒိနာလေတပ်အခြေစိုက်စခန်း၌ ဆင်းသက်ခွင့်ပြုရန် ဂျပန်အစိုးရသို့ အမေရိကန်က ကမ်းလှမ်းသည်။

၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်။ ။၁၉၇၇ ခုနှစ် စက်တင်ဘာလက ဂျူပီတာ ကြာသပတေးဂြိုဟ်တို့သို့ ပစ်လွှတ်ထားသော ပိုင်ယေဂျာ ၁ စကြာဝဠာယာဉ်သည် ဂျူပီတာ အနီးရောက်ရှိကာ ဓာတ်ပုံများ စတင် ပေးပို့သည်။ ၂၅ ရက်နေ့တွင် ပို့သောပုံများတွင် ဂျူပီတာနှင့် ဂျူပီတာ၏ လ နှစ်ခု၏ ပုံပါရှိသည်။ ဂျူပီတာနှင့်ပို၍ နီးကပ်လာသောပိုင်ယေဂျာ ၁ သည် ပို၍ ကြည်လင်ထင်ရှားသောပုံများကို ပေးပို့ရာ၌ ဂျူပီတာတွင် ဝိုင်းပတ် နေသောတိမ်များကိုပါ တွေ့ရှိရလေသည်။

အာဇိဏ္ဏ၊ အရှင်၊ ခြောက်ထပ်ကြီးဆရာတော် (မြန်မာ ၁၂၇၇ - ၁၃၄၀)။ ။ဒုတိယခြောက်ထပ်ကြီးဆရာတော် အရှင် အာဇိဏ္ဏသည် ဟံသာဝတီခရိုင် ခရမ်းမြို့နယ် စပယ်ကုန်းရွာ ဇာတိဖြစ်သည်။

ခမည်းတော် ဦးစံဘော် မယ်တော် ဒေါ်ငြိမ်းမြတို့မှ မြန်မာသက္ကရာဇ် ၁၂၇၇ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ ရက်



ဆရာတော် အရှင်အာစိဏ္ဏ

တနင်္ဂနွေ နေ့တွင် ဖွားမြင်တော် မူခဲ့သည်။ မွေး ချင်း ငါးယောက် ရှိသည့် အနက် ဒုတိယ မြောက်ဖြစ်၍ ငယ် မည်မှာ မောင်အေး ဖေဖြစ်သည်။

ငယ်စဉ်ကစပယ် ကုန်းရပ် ဆရာ ဦး ဘိုးထင် ကျောင်း တွင် စတင် ပညာ သင်ကြား သည်။ ထို့နောက် ရန်ကုန် မြို့ စက်ဘူရပ် ဆရာ ဦးဖိုးလှိုင် - ဒေါ်ငြိမ်းမယ် ကျောင်းတွင် ဆက်လက် ပညာ သင်ကြားသည်။

ယင်းကဲ့သို့ ငယ်စဉ်က ဘုန်းကြီးကျောင်း၌ ပညာမသင် စေပဲ လောကဓာတ်ကျောင်း၌ ပညာသင်စေခြင်းမှာ မိဖ ဘိုးဘွားများက လောကဓာတ် ခေတ်ပညာမှ လူရာဝင်သည် ဟု ယူဆသောကြောင့် ဖြစ်သည်။

ရန်ကုန်မြို့၌ ပညာ သင်ကြားနေစဉ် ၁၂၇၁ ခုနှစ် အိန္ဒိယနိုင်ငံ ဘုံဘေမြို့၌ ဖြစ်ပွားသော ပလိပ်ရောဂါကြီး သည် ရန်ကုန်မြို့သို့ ကူးစက်လာရာမှ မောင်အေးဖေတွင် ပလိပ်ရောဂါ အပြင်းအထန် ကပ်ရောက်ခဲ့သည်။ သူ၏ မိဘ ဘိုးဘွားများက ရန်ကုန်မြို့မှ ခရမ်းမြို့သို့ ပြန်ခေါ်ကာ ကု သခဲ့သောကြောင့်သာ မောင်အေးဖေမှာ သေကံမရောက် သက်မပျောက်ဖြစ်ခဲ့ရသည်။

ယင်းသို့ မောင်အေးဖေအား ပလိပ်ရောဂါ စွဲကပ်လိုက် ခြင်းသည် သူ၏ ပညာရေး လမ်းကြောင်းကို တမျိုးတဖုံ ပြောင်းလဲစေခဲ့သည်။

သို့ဖြင့်ပင် ၁၂၇၁ ခုနှစ်တွင် ခရမ်းမြို့နယ် ညောင်ပင်ရွာ သုံးထပ်ကျောင်းဆရာတော် အရှင်တေဇဝန္တထံ၌ လော ကုတ္တရာ စာပေများကို သင်ကြားစေခဲ့သည်။ ၁၂၇၅ ခုနှစ် တွင် မောင်အေးဖေသည် သုံးထပ်ကျောင်း၌ပင် သာမဏေ ပြု၍ သာမဏေဘွဲ့မှာ ရှင်အာစိဏ္ဏဖြစ်သည်။

၁၂၇၈ ခုနှစ်တွင် တောင်ငူခရိုင် ရေတာရှည်မြို့နယ် ပုဂံတောင် တောရကျောင်းဆရာတော် အရှင် တေဇဝန္တ ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်ရောက်ရှိခဲ့သည်။ ယင်း အရှင် တေဇဝန္တကား ညောင်ပင်ရွာ သုံးထပ်ကျောင်းမှ အရှင်အာစိဏ္ဏအား လောကုတ္တရာ စာပေများကို စတင် သင်ကြားပေးခဲ့သော အရှင်တေဇဝန္တပင်ဖြစ်သည်။

ရဟန်းတော် အရှင် အာစိဏ္ဏသည် ဥပဇ္ဈာယ်ဆရာ ဖြစ် သူ ဆရာတော် အရှင် တေဇဝန္တ အပြင် ပခုက္ကူမြို့၊ မန္တ လေးမြို့၊ အမရပူရမြို့နှင့် စစ်ကိုင်းမြို့များ၌ ပါဠိအဋ္ဌကထာ ဋီကာများကို အာစရိယ ဟတ္ထမုဋ္ဌိ လက်ဆုပ်လက်ကိုင် ရရှိ အောင် သင်ကြားခဲ့သည်။ အထူးသဖြင့် ပခုက္ကူမြို့ မဟာ ဝိသုတာရာမတိုက် နာယက ဆရာတော်များထံ သင်ကြား ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ကာ ပရိ ယတ္တိ စာသင်တိုက်ကြီးများ တည်ထောင်ဖွင့်လှစ်ပြီး ပိဋကတ စာပေများပို့ချခဲ့သည်။

ရန်ကုန်မြို့မှ ဆာဘိုးသာ လေဒီသာတို့၏ ပင့်လျှောက် ချက်အရ ဆရာတော် အရှင်ကောဏ္ဍညသည် ၁၂၉၃ ခုနှစ် ၌ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားတွင် ဘုရားကြီးတိုက် အမည်ဖြင့် စာသင်တိုက် တည်ထောင်ဖွင့်လှစ်ရာ အရှင်အာ စိဏ္ဏလည်း လက်ရင်းတပည့်ကြီးတပါးအဖြစ် ပါဝင်ခဲ့သည်။

ဘုရားကြီးတိုက်ကို စတင်တည်ထောင်စက စာသင်သား သံဃာ ၈၀ မျှသာ ရှိသော်လည်း ပထမ မဟာနာယက ဆရာတော် အရှင်ကောဏ္ဍညနှင့် အရှင် အာစိဏ္ဏ စသော စာချဆရာတော်များ၏ သင်ကြားပို့ချချက် ကောင်းမွန်မှု ကြောင့် စာသင်သားသံဃာ ၅၀၀ ကျော် ၆၀၀ နီးပါးထိ အောင် တိုးတက်လာခဲ့သည်။

ယင်းသို့ စာပေပို့ချနေခဲ့ရာမှ ပထမ မဟာနာယကဖြစ် သော ဆရာတော်အရှင် ကောဏ္ဍည ပျံလွန်တော်မူသော အခါ၌ ပခုက္ကူမြို့ မဟာဝိသုတာ ရာမတိုက် အဂ္ဂမဟာပဏ္ဍိ တ 'အဘိဓဇမဟာရဋ္ဌဂုရု' ဆရာတော် အရှင် သုန္ဒရ စသော ဆရာတော်ကြီးများ၏ တိုက်တွန်း နှိုးဆော်ချက်အရ အရှင် အာစိဏ္ဏသည် ဘုရားကြီးတိုက်ကြီး၏ ဦးစီး နာယကအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။ ထိုအချိန်မှစ၍ ဘုရားကြီး ဆ ရာတော် အရှင်အာစိဏ္ဏ အမည်ဖြင့် ထင်ရှားလာခဲ့သည်။

ဆရာတော် အရှင် အာစိဏ္ဏသည် တပည့်ရဟန်း သာ မဏေများအား စာပေများကို ဖိဖိစီးစီး သင်ကြားယင်း အားလပ်သော အချိန်များ၌ အိမ်တွင်း အုပ်ချုပ်ရေး ဥပဒေ ကျမ်း၊ ကမ္ဘာဦးနှင့် ကမ္ဘာပျက်ကျမ်း၊ သတိပဋ္ဌာန ဒီပနီ ကျမ်း၊ သံယုတ္တဂါထာယောဇနာ၊ အံ့သကုဋ္ဌကသာဝါဒိဝိ နီစ္ဆယ်၊ မဇ္ဈိမပဏ္ဏာသ သောဒုသဂါထာ စုဒ်စောဒနာ အထုတ် အတက်ကျမ်း၊ ထေရဂါထာနိသျ၊ ထေရီဂါထာ နိသျ၊ ဆန္ဒ သခေ်ပကျမ်း၊ ဘုရားကြီးတိုက် ဆရာတော်၏ ထေရုပ္ပတ္တိခေါ် မဟာထေရာပဒါန်၊ ဘဒ္ဒန္တတေဇဝန္တ ထေရုပ္ပတ္တိ၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်သမိုင်း၊ မူလ ခြောက်ထပ်ကြီး ရှေသာလျောင်း ဘုရားကြီးသမိုင်းနှင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းကျမ်းစသည်တို့ကို ရေးသားပြုစု ခဲ့သည်။

ပြင်မည်ဟု သမ္မတဒါအုတ်က ကတိပေးသော်လည်း နှောင့်နှေးကြန့်ကြာလျက်ရှိသည့်အပြင် သမ္မတသည် အာဏာချုပ်ဆန်ဆန် ကျင့်သုံးလုပ်ဆောင်သည်ဆိုသည်။

နိုင်ငံရေးဦးဆောင်မှုအဖွဲ့ ပေါ်လစ်ဗျူရိုဝင် ပဂ္ဂိုလ်များ ရွေးချယ်ခန့်ထားမှု ပြုရမည့် အလုပ်ကိုလည်း သမ္မတအစိုးရက စီမံခြင်း မပြုပေ။ ကာဘူးလ်မြို့၌ မကြာမီက ကျင်းပသော အစည်းအဝေးတွင် ယင်းလစ်ဟင်းမှုများကို လက်ဝဲပါတီဝင်တို့က ဝေဖန်ပြောကြားခဲ့လေသည်။

အာဖဂန်စတန် ကွန်မြူနစ်ပါတီခေါင်းဆောင် အက္ကဘာခဘီးရ်သည် ၁၉၇၈ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ချောင်းမြောင်းပစ်သတ်ခြင်း ခံခဲ့ရသည်။ ယင်းသို့ ပစ်သတ်ခြင်းခံရသည့်အတွက် ဆန္ဒပြချီတက်ကြရန် စီစဉ်နေစဉ် စီစဉ်သူ ပါတီခေါင်းဆောင်တဦးကို ဒါအုတ်အစိုးရက ဖမ်းဆီးလိုက်လေသည်။

ထို့နောက် အမျိုးသားတော်လှန်ရေးကောင်စီနှင့် ပြည်သူဒီမိုကရက်တစ်ပါတီခေါ် လက်ဝဲဦးစီးသည့် ပါတီက ဧပြီ ၂၇ ရက်နေ့တွင် စတင်ပုန်ကန်ရာ ၂၈ ရက်နေ့တွင် အောင်မြင်ပြီးစီးခဲ့လေသည်။

ဗိုလ်မှူး မိုဟာမက်အစ္စလမ်သည် ကာဘူးလ် မြို့တော်၏ ဆင်ခြေဖုံးရှိ တင့်ကား တပ်စခန်းမှ တင့်ကား ကိုးစီးကို မောင်းနှင်လာကာ သမ္မတဒါအုတ်၏ နန်းတော်ကို ဝိုင်းလိုက်သည်။ လက်နက်ချကြဟု နန်းတော်စောင့် တပ်မျာ်းကို အမိန့်ပေးခဲ့သော်လည်း တပ်သား ၂၀၀၀ အင်အားရှိသော ခြေလျင်တပ်မက စက်သေနတ်ဖြင့် ပြန်လည် ပစ်ခတ်ခဲ့လေသည်။

တချိန်တည်းမှာပင် ဒုတိယ ဗိုလ်မှူးကြီး (နောင်တွင် ဗိုလ်ချုပ်) အဗ္ဒဒူလ်ကဒီးရ်၏ လေတပ်က နန်းတော်ကို ဗုံးကြဲပစ်ခတ်တိုက်ခိုက်သောအခါ နန်းစောင့်တပ်သားများ အရှုံးပေးအညံ့ခံခဲ့ကြသည်။

လေယာဉ်မှ ပစ်ချလိုက်သော ဒုံးကျည်တခုသည် နန်းတော်၏ မိန်းမဆောင်ပေါ်သို့ ကျခဲ့၍ ဘုရင်ဒါအုတ်၏ မိသားစုအချို့သေဆုံးခဲ့သည်။

တော်လှန်ရေးဘက်သား ခြေလျင် တပ်သားတစုသည် ဒါအုတ်၏သားတယောက်နှင့် မိသားစုကို ဝိုင်းမိထားစဉ် ဒါအုတ်၏သားဖြစ်သူက သူ၏ဇနီးနှင့် ကလေးများကို ပစ်သတ်လိုက်ပြီးနောက် သူကိုယ်သူပြန်အဆုံးစီရင်ခဲ့လေသည်။

နန်းတော်၏အခန်းတခုတွင် သမ္မတဒါအုတ်၊ ၎င်း၏ညီ နာအင်နှင့်ဝန်ကြီးနှစ်ဦး ပေါင်းလေးဦးတို့သည် သတ်ဖြတ်ခြင်းခံခဲ့ရသည်။

တိုက်ပွဲများတွင် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ် ဂူလမ်ဟိုင်ဒါရာဆူလီ၊ ဒုတိယသမ္မတ ဆယက်အဗ္ဒဒူလာအီလာဟိလ်၊ ပြည်ထဲရေးဝန်ကြီးအဗ္ဒဒူလ်ကရင်နှင့် လေတပ်ဦးစီးမှူး

ထို့ပြင် ပခုက္ကူ မဟာဝိသုတာရာမိက နိကာယ်၏ အနုဝိနာယက၊ ဘုရားကြီးတိုက် ဆင်ဒသံဃာယနာ မူလပါဠိဝိသောဓက အဖွဲ့အကျိုးဆောင်၊ ဆင်ဒသံဃာယနာ ပါဠိဝိသောဓက အဖွဲ့ဝင်၊ တိပိဋကာခရ နာယကအဖွဲ့ ဥက္ကဋ္ဌ၊ တောင်တန်းသာသနာပြုအဖွဲ့ ဩဝါဒါစရိယ၊ ကျောင်းထိုင်ဆရာတော်များ အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ၊ ရွှေတိဂုံ၊ဆူးလေဗိုလ်တထောင် စေတီတော်များ၏ ဩဝါဒစရိယ၊ စေတီယင်္ဂဏာအသင်းနှင့် ပရိယတ္တိသာသနာ နုဂ္ဂဟအသင်းတို့၏ ဩဝါဒါစရိယ အစရှိသော သာသနာ့ တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သေးသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက ၁၃၂၃ ခုနှစ်တွင် ဆရာတော် အရှင်အာစိဇ္ဇအား 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ တံဆိပ် ဆက်ကပ် လှူဒါန်းခဲ့သည်။

ယင်းကဲ့သို့ များပြားလှစွာသော သာသနာ့ တာဝန်များကို ထမ်းဆောင်နေစဉ် ၁၃၄၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၃ ရက်နေ့ ညနေ ၆း၄၅ နာရီ အချိန် သက်တော် ၈၃ နှစ် အရွယ်တွင် ပျံလွန်တော်မူသည်။

အာဖဂန်စတန်သမ္မတနိုင်ငံ။ ။အာဖဂန်စတန် သမ္မတ နိုင်ငံသည် စတုရန်းမိုင် ၂၅၃,၀၆၁ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၂၀,၃၄၀,၀၀၀ ရှိသည်။ မြို့တော်မှာ ကာဘူးလ်မြို့ ဖြစ်သည်။



အာဖဂန်စတန် သမ္မတ မိုဟာမက် ဒါအုတ်၏ အစိုးရ အဖွဲ့ကို အမျိုးသား တော်လှန်ရေး ကောင်စီက ၁၉၇၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ဖြုတ်ချခဲ့သည်။ ယင်းသို့ ပုန်ကန်တော်လှန်ကြောင်းကို အာဖဂန်စတန် အသံလွှင့်ဌာနမှ တော်လှန်ရေးကို မည်သူ ခေါင်းဆောင်သည်ဆိုသည်ကိုမူ ထိုနေ့က ထုတ်ဖော်ပြောကြားခြင်းမပြုပေ။

တော်လှန်ပုန်ကန်မှု၏အဓိကအခြေခံအကြောင်းရင်းမှာ ဆိုဗီယက်ပုံစံမျိုးဖြစ်သောတပါတီ အုပ်ချုပ်ရေးစနစ်ကို ထူထောင်လိုသောကြောင့်ဖြစ်သည်။ သမ္မတဒါအုတ်လက်ထက် ၁၉၇၇ ခုနှစ်တွင် လိုယာဂျီဂါဥပဒေပြု လွှတ်တော်ကြီးက ပြဋ္ဌာန်းခဲ့သော သမ္မတ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေသည် သမ္မတလက်သို့အာဏာစုပုံအပ်နှင်းထားသောကြောင့် ယင်း အခြေခံဥပဒေကို ပြင်ဆင်လိုကြသည်။ ၁၉၇၉ ခုနှစ် မကုန်မီ

လက်ဖတင်နှင်ဂျင်နရယ်(ဗိုလ်ချုပ်)မိုဟာမက်မူဆာတို့ သေဆုံးခဲ့ကြသည်။ ဂျမိယတ်အလီဟာဒစ်ခေါ် လက်ယာဘာသာရေးနိုင်ငံရေး ပါတီခေါင်းဆောင် မော်လာနာဂူလ်ရှားအာဖဂန်ကိုလည်း သေဆုံးခဲ့လေသည်။

စုစုပေါင်း လူ ၁၀၀ မျှ သေဆုံးသည် ဟု အာဏာသိမ်းအစိုးရက ကြေငြာခဲ့သည်။ ကမ္ဘာစစ်ပြီးသည်မှစ၍ ယခု ၁၉၇၈ ခုနှစ်ကုန်အထိ အာဏာသိမ်းမှု လေးကြိမ်ဖြစ်ပွားခဲ့ရာ ယခု အကြိမ်တွင် လူအများဆုံးသေဆုံးခဲ့ခြင်းဖြစ်လေသည်။

၁၉၇၃ ခုနှစ်တွင် ယောက်ဖဖြစ်သူ ဘုရင်မိုဟာမက်ဇာဟာရှားဘုရင်ကို ထီးနန်းမှချခဲ့သော ဒါအွတ်သည် ၁၉၇၈ ခုနှစ်တွင် ထီးနန်းကို စွန့်လွှတ်ရသောအခါ၌ ဒါရှားမင်းဆက်ပြတ်သွားခဲ့လေသည်။

အမျိုးသားတော်လှန်ရေး ကောင်စီသည် 'ခလတ်'ပါတီခေါင်းဆောင် ဒုံးမိုဟာမက်တာရကီကို နိုင်ငံအကြီးအကဲနှင့် ဝန်ကြီးချုပ်ခန့်အပ်ခဲ့သည်။ ဝန်ကြီးချုပ်တာရကီနှင့်ကောင်စီသည် ဝန်ကြီး ၂၁ ဦးပါသော ကက်ဘိနက်အဖွဲ့ကို ဖွဲ့စည်းလိုက်ရာ ထိုကက်ဘိနက်တွင် ဗိုလ်မှူးကဒီရ်သည် ကာကွယ်ရေးဝန်ကြီး ဖြစ်လာသည်။ မစ္စတာ ဘဒရတ်ကာမားလ်က ဒုတိယသမ္မတနှင့် ဒုတိယဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

သမ္မတသစ်တာရကီနှင့် အစိုးရအဖွဲ့သည် အချက် ၃၀ ပါသော နိုင်ငံတော်လုပ်ငန်းစဉ်ကို မေလ ၁၀ ရက်နေ့တွင် ကြေငြာရာ လယ်ယာမြေ ပြုပြင်ရေး၊ ပြည်သူစီးပွားရေးနှင့် လုပ်ငန်းများ ထူထောင်ရေး၊ ပညာရေးစနစ် ပြုပြင်ရေး စသည်တို့ ပါဝင်သည်။

မိမိတို့အစိုးရသည် ဆိုရှယ်လစ်၊ ကွန်မြူနစ်အစိုးရမဟုတ်ဟုမစ္စတာတာရကီက ပြောကြားသည်။ ခလတ်ပါတီကိုလည်း ပြည်သူ ဒီမိုကရက်တစ်ပါတီ ဟု ခေါ်တွင်စေကာတိုးချဲ့စည်းရုံးခဲ့လေသည်။

သမ္မတအသစ် မိုဟာမက်တာရကီသည် အာဖဂန်စတန်ဆိုင်ရာ အမေရိကန် သံရုံးဌာ ပြန်ကြားရေးအရာရှိ ဖြစ်ခဲ့ဘူးသဖြင့် ဝါရှင်တန်မြို့၌ နေထိုင်ခဲ့ဘူးသည်။ ၁၉၆၀ ပြည့်နှစ်များတွင် နိုင်ငံရေးလောကသို့ တင်းပြည့် ကျပ်ပြည့်ဝင် ရောက်လုပ်ကိုင်ရာ ၁၉၆၅ ခုနှစ်တွင် ပါချမ်ပါတီမှ ခလတ်လူထုပါတီကို ခွဲထွက်ထူထောင်ခဲ့သည်။ အာဖဂန်စတန်သမ္မတသစ်အဖြစ် အာဏာရရှိသည့် ၁၉၇၈ ခုနှစ်တွင် သူ၏အသက်သည် ၆၀ ခန့် ရှိပြီဖြစ်လေသည်။

မစ္စတာ တာရကီ၏ တော်လှန်ရေးတွင် အားတက်သရော ပါဝင်ခေါင်းဆောင်သူတဦးမှာ အသက် ၃၀ ကျော် အရွယ်ရှိသော လေတပ် ဒုတိယဦးစီးမှူး ဗိုလ်မှူးကြီးကဒီးရ်ဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် ဇာဟာရှားဘုရင်ကို ဖြုတ်ချရာ၌လည်း မစ္စတာ ဒါအွတ်နှင့်အတူ လက်တွဲ လုပ်ဆောင်ခဲ့သူဖြစ်သည်။

မစ္စတာ တာရကီ အစိုးရကို ဆိုဗီယက် ပြည်ထောင်စုက စောဦးစွာ အသိအမှတ်ပြုခဲ့သည်။

ဆိုဗီယက် နိုင်ငံက အာဖဂန်စတန်သို့ ဒေါ်လာငွေသန်းပေါင်း ၁၀၀၀ ခန့် ကူညီထောက်ပံ့ခဲ့သည့်အပြင် စစ်ဖက်ဆိုင်ရာ အကူအညီများ ပေးခဲ့သည်သာမက တပ်မတော်နှင့် လေတပ်အရာရှိများကို စစ်သင်တန်းများ ပို့ချပေးခဲ့သည်။ အခြားသော စက်မှုသိပ္ပံ ကျွမ်းကျင်မှုများကိုလည်း ကူညီခဲ့လေသည်။

ဝန်ကြီးချုပ် တာရကီသည် ဆိုဗီယက်ယူနီယံသို့ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် သွားရောက်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးစာချုပ် ချုပ်ဆိုခဲ့သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် စစ်ရေး ပူးပေါင်းဆောင်ရွက်မှုကို စာချုပ်တွင် ကတိပေးလက်မှတ်ရေးထိုးခဲ့ကြလေသည်။

အာဖရိက ဒေသဆိုင်ရာ စီးပွားရေးကော်မရှင်။ ။ အာဖရိက ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်သည် ကုလသမဂ္ဂ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီက ကြီးမှူးဖွဲ့စည်းထားသော ကော်မရှင်တရပ်ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် စတင်တည်ထောင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

အာဖရိကဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်၏ လုပ်ငန်းများမှာ အဖွဲ့ဝင်နိုင်ငံများ၏ သန်းခေါင်စာရင်း ကောက်ယူမှု လုပ်ငန်းများကို အကူအညီပေးရန်၊ လူဦးရေစီမံကိန်းများရေးဆွဲရန်၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန် ပမာဏကို မြှင့်တင်ပေးရန်၊ သယံဇာတပစ္စည်း ရှာဖွေရေးနှင့် စက်မှုလုပ်ငန်းများကို အကူအညီပေးရန်၊ အဖွဲ့ဝင်နိုင်ငံများအား စိုက်ပျိုးရေးဆိုင်ရာ ပစ္စည်းကရိယာနှင့် ကျွမ်းကျင်သူများကို အကူအညီပေးရန်၊ စီးပွားရေးလုပ်ငန်းများတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် စသည်တို့ ဖြစ်ပေသည်။

အာဖရိက ဒေသဆိုင်ရာ စီးပွား ကော်မရှင်တွင်အဖွဲ့ဝင် ၄၄ နိုင်ငံ ပါရှိပြီး ကော်မရှင်၏ ရုံးချုပ်ကို အီသီအိုးပီးယားနိုင်ငံ အဒစ်အဗာဗာမြို့တွင် ဖွင့်လှစ်ထားရှိသည်။

အာရှအားကစားပြိုင်ပွဲ။ ။အာရှ အားကစားပြိုင်ပွဲပြုလုပ်ရန်အတွက် ၁၉၄၈ ခုနှစ်က လန်ဒန်မြို့၌ ကျင်းပသော ကမ္ဘာ့အိုလံပစ်ပွဲတွင် အိန္ဒိယနိုင်ငံက လှုံဆော်ဆွေးနွေးခဲ့သည်။ လေးနှစ်လျှင် တကြိမ်ကျင်းပရန် စီစဉ်ခဲ့သည်။ ပထမအကြိမ် အာရှအားကစားပြိုင်ပွဲကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၁၉၅၁ ခုနှစ်က စတင်ကျင်းပခဲ့ရာ အာရှနိုင်ငံစုံပါ

နိုင်ခြင်းမရှိခဲ့သော်လည်း မြန်မာနိုင်ငံမှ ပါဝင် ယှဉ်ပြိုင်သည်။ယင်းပြိုင်ပွဲတွင် ဂျပန်ဗိုလ်စွဲပြီး အိမ်ရှင်အိန္ဒိယဒုတိယရခဲ့သည်။

ဒုတိယ အကြိမ်မြောက် အာရှ အားကစား ပြိုင်ပွဲကို ၁၉၅၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်၌ ပြုလုပ်ခဲ့ရာ ပထမအကြိမ်ထက် ပြိုင်ပွဲဝင်နိုင်ငံဦးရေ တိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံလည်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဂျပန်ပင် ဗိုလ်စွဲပြီး အိမ်ရှင်ဖိလစ်ပိုင် ဒုတိယရခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဂျပန်နိုင်ငံတို့ကျိုမြို့၌ တတိယအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၁၉၅၈ ခုနှစ်က ဂျပန်နိုင်ငံတို့ကျိုမြို့၌ ပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်နိုင်ငံပို၍ တိုးတက်လာခဲ့သည်။သို့သော် အာရှမှ တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့မူ တတိယအကြိမ်အထိ မပါဝင်သေးပေ။မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဂျပန်ပင်ဗိုလ်စွဲပြီးကိုရီးယားသမ္မတနိုင်ငံ ဒုတိယရသွားသည်။

အင်ဒိုနီးရှားနိုင်ငံဂျကာတာမြို့၌ စတုတ္ထအကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲကို ၁၉၆၂ ခုနှစ်က ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သည်။အင်ဒရိယယ်နှင့်တိုင်းဝမ်တို့ကိုအင်ဒိုနီးရှားနိုင်ငံက မဖိတ်သဖြင့် ကမ္ဘာ့အားကစားအဖွဲ့ချုပ်အခွဲက ယင်းပြိုင်ပွဲကို အသိအမှတ် မပြုခဲ့ချေ။ ဂျပန်ပင် ဗိုလ်စွဲပြီး အိန္ဒိယဒုတိယရခဲ့သည်။ ပဉ္စမအကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၁၉၆၆ တွင် ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာဘောလုံးသင်းက နောက်ဆုံးဗိုလ်လုပွဲ၌အီရန်ကို ၁ ဂိုး ဂိုးမရှိဖြင့် နိုင်ကာ ပထမအကြိမ် ဗိုလ်စွဲရွှေတံဆိပ်ရခဲ့သည်။ ပြိုင်ပွဲတွင် ဂျပန်အပြတ်အသတ်ဗိုလ်စွဲပြီး ကိုရီးယား သမ္မတနိုင်ငံဒုတိယရခဲ့သည်။

ဆဋ္ဌမအကြိမ်မြောက်အာရှအားကစားပြိုင်ပွဲကို ၁၉၇၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံဗန်ကောက်မြို့၌ပင် ပြုလုပ်ခဲ့ရသည်။ ယခုအကြိမ်၌လည်း မြန်မာဘောလုံးသင်းသည် နောက်ဆုံးဗိုလ်လုပွဲတွင် ကိုရီးယားသမ္မတနိုင်ငံနှင့် ပူးတွဲဗိုလ်စွဲကာ ရွှေတံဆိပ်ဆုရခဲ့သည်။ ဂျပန်ပင် အပြတ်အသတ်အသာဖြင့် ဗိုလ်စွဲပြီး တောင်ကိုရီးယား ဒုတိယရခဲ့သည်။

သတ္တမ အကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲကို ၁၉၇၄ ခုနှစ်တွင် အီရန်နိုင်ငံတီဟီရန်မြို့၌ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအများဆုံးပါဝင်ယှဉ်ပြိုင်ခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့လည်း ပထမအကြိမ်ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ တိုင်းဝမ်ကို အာရှအားကစားအဖွဲ့ချုပ်မှ ဦးစွာထုတ်ပယ်ပြီး အင်ဒရိယယ်ကိုလည်း အာရှဘောလုံးအဖွဲ့ချုပ်မှ ထုတ်ပယ်ခဲ့သည်။ သို့သော်အာရှအားကစားအဖွဲ့ချုပ်တွင်မူ အင်ဒရိယယ်ဆက်လက်ပါဝင်နိုင်ခဲ့သည်။ ဂျပန်ပင်ဗိုလ်စွဲပြီး အိမ်ရှင် အီရန်ဒုတိယ၊ တရုတ်တတိယ၊ကိုရီးယားသမ္မတနိုင်ငံစတုတ္ထ၊ ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ပဉ္စမရခဲ့ကြ



ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သော အာရှအားကစားပွဲပိုင်ပွဲ မီတာ ၁၅၀၀ ပြေးပွဲတွင် မြန်မာနိုင်ငံမှ ဂျင်မီကရမ်တန် (အမှတ်စဉ် ၀၀၇)က အာရှစံချိန်သစ်တင်ခဲ့သည်။

သည်။ ထိုနှစ်က ပြိုင်ပွဲများတွင် အာရပ်နိုင်ငံများနည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အဇ္ဇရီယယ်နှင့် ဆုံတွေ့သည်အခါ မယှဉ်ပြိုင်ပဲ နေခဲ့ကြသည်။

အဋ္ဌမအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ၁၉၇၈ ခုနှစ်ကပါကစ္စတန်နိုင်ငံတွင် ပြုလုပ်ရန် စီစဉ်ခဲ့ပြီးမှ မပြုလုပ်နိုင်တော့ဟု ဆိုသောကြောင့် ထိုင်းနိုင်ငံက လက်ခံပြုလုပ်ပေးခဲ့ရသည်။ ထိုင်းနိုင်ငံတွင် ပြုလုပ်နိုင်ရေး အတွက် ဆအူးဒီအာရေဗျ၊ဂျပန်၊ကာတာ၊ကူဝိတ်စသည့် နိုင်ငံများက ဒေါ်လာငွေများ ထောက်ပံ့ထည့်ဝင်ခဲ့ရသည်။ မြန်မာနိုင်ငံလည်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ဂျပန်ဗိုလ်စွဲပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယရကာ ကိုရီးယား သမ္မတနိုင်ငံတတိယ၊ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ စတုတ္ထရခဲ့သည်။

အာရှ အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်ဆုရယူနိုင်ခဲ့သူများအနက် အလေးမတွင် ထွန်းမောင် (၁၉၅၄)နှင့် အောင်ကြီး(၁၉၇၄)၊ လက်ဝှေ့တွင် သိန်းမြင့် (၁၉၅၈)၊ ပြေးခုန်ပစ်မှ ဂျင်မီကရမ်တန် (၁၉၇၀) နှင့် (၁၉၆၆)ခုနှစ်နှင့် (၁၉၇၀) ပြည့်နှစ်မှ မြန်မာလက်ရွေးစဉ် ဘောလုံးသမားများဖြစ်ကြသည်။

နဝမအကြိမ်မြောက်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံနယူးဒေလီမြို့၌ ပြုလုပ်ရန် စီစဉ်ထားသည်။

အာဝမ်းဒါးသမ္မတနိုင်ငံ။ ။အာဝမ်းဒါး သမ္မတနိုင်ငံသည်မြောက်ဖက်တွင် ယူဂန်းဒါးသမ္မတနိုင်ငံ၊အရှေ့ဖက်တွင် တန်ဇားနီးယား သမ္မတနိုင်ငံ၊ အနောက်ဖက်တွင် ဇိုင်ယာသမ္မတနိုင်ငံ၊ တောင်ဖက်တွင် ဗူရွန်ဒီ သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်လျက် ရှိကြသည်။ မြို့တော်သည် ကိဂါလီမြို့ဖြစ်သည်။



အာဝမ်းဒါးနိုင်ငံ၏ မြေမျက်နှာပြင်သည် အဓိကအားဖြင့် အရှေ့ဖက်တွင် ရေအိုင်များ၊ အနောက်ဖက်တွင် တောင်တန်းများနှင့် အလယ်ပိုင်းတွင် ကုန်းပြင်မြင့်တို့ဖြင့် ပြီးသည်။ ရာသီဥတုသည် သမမျှတသည်။ နှစ်စဉ် ပျမ်းမျှ အပူချိန်မှာ ၆၈ ဖာရင်ဟိုက် ရှိသည်။ မိုးရေချိန်မှာ နှစ်စဉ် လက်မ ၁၀၀ နှင့် ၁၀၀ ကျော်အတွင်း ရှိသည်။

အာဝမ်းဒါး နိုင်ငံသည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၁၀,၁၆၉ ရှိသည်။လူဦးရေမှာ ၁၉၇၇ ခုနှစ်ခန့်မှန်းခြေအရ ၄,၄၆၀,၀၀၀ ရှိသည်။ အာဖရိကတိုက်တွင် လူနေအထူထပ်ဆုံး နိုင်ငံများတွင် တနိုင်ငံ ဖြစ်သည်။ နိုင်ငံသားတို့သည် ဗရင်ဂျီဘာသာနှင့် ရိုးရာနတ် ကိုးကွယ်သူများ၍ ပရိုတက်စတင့် ဘာသာ၊ အစ္စလမ် ဘာသာ တို့ကို ကိုးကွယ်ကြသူ အသင့်အတင့်ရှိသည်။

အာဝမ်းဒါးနိုင်ငံသည် စိုက်ပျိုးရေးအခြေခံ နိုင်ငံ ဖြစ်သည့်အတိုင်း ကာဖီကို အဓိက ထား၍ စိုက်ပျိုးသည်။ အခြားစိုက်ပျိုးပင်များမှာ နာနတ်လျှော်၊ပြောင်း၊ဆီအုန်း၊ ကန်ဇွန်းဥ၊ငှက်ပျော၊ ပီလောပီနံ၊ မြေပဲ၊ လူးဆပ်၊ ဝါဂွမ်းနှင့် ဆေးရွက်တို့ ဖြစ်ကြသည်။ ဒုတိယအကြီးဆုံး လုပ်ငန်းမှာ တိရစ္ဆာန် မွေးမြူရေးဖြစ်သည်။ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့်ဝက်တို့ မွေးမြူကြသည်။ မွေးမြူရေးနှင့်အတူ သားရေလုပ်ငန်း ဖြစ်ထွန်းသည်။ ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက်၊ သံဖြူစသည်တို့ကို တူးဖော်ရရှိသည်။ ဂီဆီယင်မြို့အနီးတွင် မီသိန်းဓာတ်ငွေ့ တွေ့ရှိထားသည်။

အာဝမ်းဒါး နယ်မြေ ဒေသသို့ ၁၈၅၄ ခုနှစ်တွင် ဥရောပတိုက်သား စူးစမ်းရှာဖွေသူများ ပထမဆုံး အကြိမ်ရောက်ရှိလာကြသည်။ ယင်းတို့အနက် ဂျာမန်လူမျိုးဂရပ်ဖဗွန်ဂတ်ဇင်ဆိုသူလည်း ပါဝင်ခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် ထိုဒေသကို ဂျာမနီနိုင်ငံက သိမ်းပိုက်လိုက်ပြီး ဂျာမန်ပိုင် အရှေ့အာဖရိက၏ အစိတ်အပိုင်းတခုအဖြစ်အုပ်စိုးခဲ့သည်။ ပထမကမ္ဘာစစ် အတွင်း ၁၉၁၆ ခုနှစ်တွင် ဗဲလဂျီယမ်တပ်များက တဖန်လာရောက်သိမ်းပိုက်ကြသည်။ စစ်ပြီးသောအခါ နိုင်ငံပေါင်းချုပ် အသင်းကြီး၏ဆုံးဖြတ်ချက်အရဂင်း၊ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရဂင်း၊ ဗဲလဂျီယမ်နိုင်ငံ၏စောင့်ရှောက်ခံ နယ်မြေအဖြစ်ပင် ဆက်လက် ထားရှိစေသည်။

ဗဲလဂျီယမ် အာဏာပိုင်တို့က ယင်းတို့ပိုင် ကွန်ဂိုနိုင်ငံ (ယခု ဇိုင်ယာ)နှင့် ပူးတွဲ၍ အာဝမ်းဒါးကို အုပ်ချုပ်ကြသည်။ ၁၉၆၀ ပြည့်နှစ်ဇွန်လ ၃၀ ရက်နေ့တွင် ကွန်ဂိုနိုင်ငံ လွတ်လပ်ရေး ရရှိသော အခါတွင်မှ ပြန်လည် ခွဲထုတ်လိုက်သည်။၁၉၆၁ ခုနှစ် စက်တင်ဘာလထဲတွင်ကုလသမဂ္ဂမှ ကြီးမှူး၍ ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲများ ကျင်းပသည်။ သို့ဖြင့် ပဉ္စမမြောက် ကီဂါလီဘုရင် ပြုတ်ကျသွားပြီး အာဝမ်းဒါးတွင် ရာစုနှစ်ပေါင်း များစွာ အခြေတည်လာသည့် ပဒေသရာဇ် စနစ်သည်လည်း ချုပ်ငြိမ်းသွားတော့သည်။

၁၉၆၂ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ကျင်းပသော ၁၆ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက အာဝမ်းဒါးနိုင်ငံအား ဗဲလဂျီယမ်နိုင်ငံ၏ အထိန်းသိမ်း စောင့်ရှောက်ခံ နိုင်ငံ အဖြစ်မှ ဖျက်သိမ်းကြောင်း ဆုံးဖြတ်

ကြေငြာသည်။ သို့ဖြင့် ထိုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် အာဝမ်းဒါး သမ္မတနိုင်ငံ ဖြစ်လာသည်။ ပထမဆုံးသမ္မတအဖြစ် ဂရေး ဂျိုင်းကာယီဗန်ဒါအား ရွေးကောက် တင်မြှောက်လိုက်ကြသည်။ ၁၉၇၃ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ကာကွယ်ရေး ဝန်ကြီး မေဂျာဂျင်နရယ် ယူဗေးနော်ဟာဗျာ လိမာနာက သမ္မတကာယီဗန်ဒါအစိုးရအား ဖြုတ်ချ၍ အာဏာသိမ်းပိုက်ခဲ့လေသည်။

ဣတလီနိုင်ငံ။ ။ ဣတလီသမ္မတနိုင်ငံသည် စတုရန်းမိုင် ၁၁၆,၃၀၃ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၅၆,၄၅၀,၀၀၀ ရှိသည်။ မြို့တော်မှာ ရောမမြို့ ဖြစ်သည်။



ခရစ်ယန်ဒီမိုကရက်တစ် ပါတီသည် ၁၉၅၃ ခုနှစ်မှစ၍ ၁၉၇၆ ခုနှစ် ဇွန်လ ၂၀ ရက်နေ့ အထွေထွေ ရွေးကောက်ပွဲ **မတိုင်မီအချိန်အထိ မိမိ၏** အင်အားဖြင့် အစိုးရ မဖွဲ့စည်းနိုင်သဖြင့် အခြားပါတီများနှင့် ပူးပေါင်း၍ ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းခဲ့ရသည်။ ညွှန့်ပေါင်းအစိုးရ အဖွဲဝင်များမှာ လည်း မကြာခဏ အချင်းချင်း အယူအဆကွဲမှုများဖြစ်ရာ အစိုးရသစ်များကို အကြိမ်ကြိမ် ဖွဲ့စည်းခဲ့ရသည်။ ယင်းသို့ဖြင့် ဒုတိယကမ္ဘာစစ်ပြီးကာလ၌ ဣတလီနိုင်ငံတွင် ၃၃ နှစ်အတွင်း အစိုးရအဖွဲပေါင်း ၃၈ ဖွဲ့ကို ဖွဲ့စည်းခဲ့ရာ အစိုးရအဖွဲ့၏ သက်တမ်းမှာ အများဆုံး ၁၀ လခန့်သာ ရှိခဲ့လေသည်။

ဣတလီကွန်မြူနစ်ပါတီသည် ၁၉၂၆ ခုနှစ်တွင် ပါတီဝင် တသန်းခုနစ်သိန်း ရှိသဖြင့် အနောက်ဥရောပတွင် အင်အားအကောင်းဆုံး ကွန်မြူနစ်ပါတီ တခုဖြစ်သည်။ ပြည်တွင်း၌လည်း ယင်းအချိန်က အာဏာရ ဒီမိုကရက်တစ် ပါတီက လွဲလျှင် အင်အားအကောင်းဆုံး ပါတီဖြစ်သည်။ ဥရောပ၏ နိုင်ငံတကာ စစ်အေးတိုက်ပွဲကြောင့် ဣတလီကွန်မြူနစ် ပါတီသည်၊ အစိုးရ အဖွဲတွင် ပါဝင်ခွင့် ရပ်စဲခံရသည်။ ထို့ကြောင့် ဣတလီ ကွန်မြူနစ်ပါတီသည် လွတ်လပ်၍ တိုင်းတပါးအား အမှီအခိုကင်းသည့် ဣတလီ ဆိုရှယ်လစ် တည်ဆောက်ရေး လမ်းစဉ်ဖြင့် ပြည်သူလူထုကို ကျယ်ပြန့်စွာ စည်းရုံး လှုပ်ရှားခဲ့သည်။ ထိုအချိန်မှစ၍ ပြည်သူလူထု ထောက်ခံမှုကို ရရှိခဲ့သဖြင့် ရွေးကောက်ပွဲ တကြိမ်ထက်တကြိမ် မဲပိုမို ရရှိခဲ့လေသည်။

၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့မတိုင်မီ တည်ရှိသော အစိုးရအဖွဲမှာ ခရစ်ယန် ဒီမိုကရက်တစ် ပါတီနှင့် ရီပတ် ဘလစ်ကန် ပါတီတို့ပါဝင်ပြီး ဆိုရှယ်လစ်ပါတီက ထောက် ခံသော ညွှန့်ပေါင်းအစိုးရအဖွဲ့ ဖြစ်သည်။ ယင်းအစိုးရအဖွဲ့ တွင် ခရစ်ယန်ဒီမိုကရက်တစ် ပါတီဝင် အဲလ်ဒိုမိုရိုက ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဇန်နဝါရီလ ၇ ရက်နေ့ တွင် ဆိုရှယ်လစ်ပါတီက ညွှန့်ပေါင်းအစိုးရ၏ စီးပွားရေး ပေါ်လစီကို ဆက်လက်မထောက်ခံသဖြင့် ညွှန့်ပေါင်းအစိုးရ နုတ်ထွက်ပေးခဲ့ရသည်။ ထို့နောက် အဲလ်ဒိုမိုရိုသည် အိမ်စောင့် အစိုးရအဖွဲတွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူရင်း အခြားပါတီများနှင့် စေ့စပ်ခဲ့ရာ ဆိုရှယ်လစ် ပါတီကလည်း ယခင်က မိမိကန့်ကွက်ချက်များကို ရုပ်သိမ်းခဲ့ပြီး ပြန်လည် ထောက်ခံခဲ့သည်။ ထို့ကြောင့် ဖေဖွဝါရီလ ၁၁ ရက်နေ့တွင် ဒီမိုကရက်တစ်ပါတီဝင် အနည်းစုပါဝင်သော အစိုးရအဖွဲကို ဖွဲ့စည်းခဲ့လေသည်။

ယင်းအစိုးရအဖွဲသည် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော နိုင်ငံရေး မငြိမ်သက်မှုနှင့် စီးပွားရေး ကျပ်တည်းမှုများကို မဖြေရှင်းနိုင်ခဲ့ချေ။ ထို့ကြောင့် ဧပြီလ ဂ ရက်နေ့တွင် အင်အား ၃၀၀ ခန့်ရှိ လက်ဝဲအစွန်းရောက် ဆန္ဒပြသူများက ခရစ်ယန် ဒီမိုကရက်တစ် ဌာနချုပ်နှင့် တရားရေးဝန်ကြီး ဌာနကို လက်ပစ်ဗုံးဖြင့် ဖစ်ခတ်တိုက်ခိုက်ရာ လူအတော် များများသေခဲ့သည်။ အလားတူပင် ဘုရင့်ဂိုဏ်းသား အ ချို့ကလည်း ဣတလီ လူမှုလှုပ်ရှားမှု အဖွဲဝင်တို့အား လုပ် ကြံသတ်ဖြတ်ခြင်း၊ ဖက်ဆစ်ဂိုဏ်းသားများက တက်ဆက် ကိုး ရေနံကုမ္ပဏီပိုင် ပစ္စည်းများနှင့် ဖီးယက်မော်တော်ကား ထုတ်လုပ်သည့် စက်ရုံများကို မီးတင်ရှို့သည့် ကိစ္စများဖြစ် ပေါ်ခဲ့လေသည်။



ဝန်ကြီးချုပ် အဲလ်ဒိုမိုရို ပြန်ပေးဆွဲ ခံရမှုနှင့် စပ်လျဉ်း၍ ဣတလီရဲများက သက်ဝမကင်းဖြစ်သူ ခရီးသည်များကို စစ်ဆေးနေပုံ

နိုင်ငံရေးနှင့် စီးပွားရေး အကျပ်အတည်းများကြောင့် ခရစ်ယန် ဒီမိုကရက်တစ် ပါတီဝင် အနည်းစုပါဝင်သော အစိုးရအဖွဲ့သည် စီးပွားရေး ပေါ်လစီနှင့်ပတ်သက်၍ အဆိုတင်သွင်းရန် စီစဉ်ခဲ့သည်။ သို့သော် ဆိုရှယ်လစ်ပါတီက စီးပွားရေး ပေါ်လစီရေးဆွဲရာတွင် ကွန်မြူနစ်ပါတီကိုပါ ပါဝင် ရေးဆွဲခွင့်ပြုရန် အစိုးရအား တောင်းဆိုသည်။ အဆိုပါ တောင်းဆိုချက်ကို ခရစ်ယန်ဒီမိုကရက်တစ် ပါတီကငြင်းပယ်ခဲ့သဖြင့် ဆိုရှယ်လစ်ပါတီက ခရစ်ယန် ဒီမိုကရက်ပါတီအား မိမိထောက်ခံထားချက်များကို ပြန်လည် ရုပ်သိမ်းခဲ့သည်။ ထို့ကြောင့် မိုရိုအစိုးရအဖွဲ့မှာ ပါလီမန်၌ မဲအများမရနိုင်သည့် အခြေအနေရှိနေသဖြင့် စီးပွားရေးပေါ်လစီကို မတင်သွင်းပဲ နုတ်ထွက်လိုက်ရသည်။

သမ္မတ ဂျီယိုဗန်နီလီယွန်သည် ဖွဲ့ပြီးလေးနှစ်မျှသာ ရှိသေးသော ပါလီမန်ကို သက်တမ်းမပြည့်မီ တန္ခစ်အလို မေလ ၁ ရက်နေ့တွင် ဖျက်သိမ်း၍ အထွေထွေ ရွေးကောက်ပွဲကို ဇွန်လ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင် ကျင်းပပေးမည်ဖြစ်ကြောင်း မေလ ၃ ရက်နေ့တွင် ကြေငြာခဲ့သည်။

ထို့နောက် သတ်မှတ်ထားသည့် ရက်များအတွင်း အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ခရစ်ယန် ဒီမိုကရက်တစ် ပါတီမှာ မဲအများဆုံး ရရှိခဲ့သဖြင့် ခရစ်ယန် ဒီမိုကရက်တစ် ပါတီဝင် ဂီယူလီယိုအန်ဒရီယော့တီက ဝန်ကြီးချုပ်အဖြစ် ဦးဆောင်၍ ဇူလိုင်လ ၂၉ ရက်နေ့တွင် အစိုးရဖဲ့စည်းခဲ့လေသည်။

၁၉၇၇ ခုနှစ်တွင် အကြမ်းဖက်သမားများကဆန္ဒပြခြင်း၊ ဆူပူလှုပ်ရှားခြင်းများ ပြုလာသည်။ ယင်းဆူပူမှုများကြောင့် လက်ဝဲကျံ၀ါဒီ ၉၄ ဦးနှင့် ဖက်ဆစ် လက်သစ်၀ါဒီ ၂၁ ဦးတို့ သေဆုံးခဲ့ရလေသည်။ အစိုးရသည် ယင်းသို့အကျပ်အတည်းများအပြင် နိုင်ငံရေးနှင့် စီးပွားရေး အကျပ်အတည်းများကိုပါ ရင်ဆိုင်နေရသဖြင့် ၁၉၇၈ ခုနှစ် ဇန္နဝါရီလ ဒုတိယပတ်တွင် နုတ်ထွက်ခဲ့ရသည်။

ထို့နောက် ခရစ်ယန် ဒီမိုကရက်တစ် ပါတီသည် ကွန်မြူနစ်ပါတီနှင့်၎င်း၊ အင်အားကြီးအခြား နိုင်ငံရေးပါတီလေးခုနှင့်၎င်း စေ့စပ်ဆွေးနွေးမှုပြုပြီး အင်ဒရီယော့တီ ဦးဆောင်သော အစိုးရအဖွဲ့ကို မတ်လ ၁၂ ရက်နေ့ ဖဲ့စည်းခဲ့သည်။ မတ်လ ၁၆ ရက်နေ့တွင် အစိုးရသစ်သည် အယုံအကြည်ရှိကြောင်း အဆိုကို ပါလီမန်၌ တင်သွင်းရာ ဖက်ဆစ်လက်သစ်ပါတီနှင့် လက်ယာလစ်ဘရယ်ပါတီတို့က ကန့်ကွက်ပြီး ကျန်ပါတီတို့က ထောက်ခံသဖြင့် အတည် ပြုနိုင်ခဲ့သည်။

ယင်းနေ့ပင် ခရစ်ယန် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ အဲလ်ဒိုမိုရိုမှာ နေအိမ်မှ လှတ်တော်သို့ အသွားလမ်းတွင် တပ်နီအဖွဲ့ဝင်ငါးဦး၏ ပြန်ပေးဆွဲခြင်းကို ခံရသည်။ ပြန်ပေးဆွဲသူများက အစိုးရ အကျဉ်းထောင်တွင် ချုပ်နှောင်ထားသော တပ်နီခေါင်းဆောင် ရာတာနီတာစီယိုနှင့် တပ်နီအဖွဲ့ဝင် ၁၅ ဦးတို့အား လွှတ်ပေးရန်နှင့် ယင်းတောင်းဆိုချက်အား ၂၄ နာရီအတွင်း မလိုက်လျောလျှင် မိုရိုအား ကွပ်မျက်မည်ဟု ကြေငြာခဲ့လေသည်။ အစိုးရသည် တပ်ဦးတို့တောင်းဆိုချက်တို့ကို မလိုက်လျောသောကြောင့် မေလ ၉ ရက်နေ့တွင် တပ်နီတို့က မိုရိုအား သတ်ပစ်လိုက်ကြပြီး အလောင်းကို လူစည်ကားရာ အရပ်တခုတွင် မော်တော်ကားပေါ်တင်၍ ထားခဲ့လေသည်။

အီကော်လောဂျီ။ ။အီကော်လောဂျီဟူသည့် ပညာရပ်သည် ဇီဝဗေဒပညာနှင့်နှီးနွယ်သည်။လူ၊တိရစ္ဆာန်စသော သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင် အကြားဆက်သွယ်ပုံကို လေ့လာသော ပညာရပ်တရပ် ဖြစ်သည်။ ယင်းသို့လေ့လာရာတွင် သဘာဝပတ်ဝန်းကျင်ကအပင်နှင့် တိရစ္ဆာန်တို့၏ ပုံသဏ္ဌာန်၊ အလေ့အထနှင့် ပျံ့နှံ့တည်ရှိပုံတို့ကို ထည့်သွင်းစဉ်းစားရသည်။ အပြန်အလှန်အားဖြင့် တိရစ္ဆာန်နှင့် အပင်တို့က သဘာဝ ဝန်း ကျင် အ ပေါ် သက် ရောက်စေသော အကျိုး တရားများ ကိုလည်း လေ့လာသည်။ ထို့ကြောင့် အီကော်လောဂျီ ပညာရပ်ဟုဆိုရာ၌ အပင်အီကော်လောဂျီနှင့် တိရစ္ဆာန်အီကော်လောဂျီဟူ၍ နှစ်ပိုင်းခဲ့ခြားထားသည်။

အီကော်လောဂျီပညာရှင်တို့သည် ရာသီဥတုနှင့် ရေမြေသဘာဝတို့ကို လေ့လာ မှတ်သားရ၏။ အကြောင်းမှာ အပင်နှင့် တိရစ္ဆာန်တို့ကို သဘာဝ ပတ်ဝန်းကျင်က ပြုပြင်

ဝေလငါး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး အဖွဲ့များက ဝေလငါးဖမ်း သင်္ဘောများကို စစ်ဆေးပြီး ပင်လယ်သို့ ဝေလ ငါးဖမ်းမထွက်ရန် တားမြစ်နေပုံ



စီရင်နေသောကြောင့် ဖြစ်သည်။ တိရစ္ဆာန်တို့၏ ပုံသဏ္ဌာန်နှင့် အလေ့အထတို့ကို ရာသီဥတုနှင့် ရေမြေ သဘာဝက ပြဋ္ဌာန်းပေးသည်။

ပတ်ဝန်းကျင်၌ အပြောင်းအလဲ ရှိလျှင် ရှိသလို ထိုဒေသရှိ တိရစ္ဆာန်နှင့် အပင်စသော သက်ရှိတို့တွင် အပြောင်းအလဲ ဖြစ်ပွား စေတတ်သည်။ အလင်း၊ ပြင်းထန်သော လေမျိုးမှ အကာအကွယ်ရမှု၊ မြေဆီလွှာ အပြောင်းအလဲစသည့် အချက်များသည် သက်ရှိ အမျိုးအစားနှင့် အရေအတွက်တို့ကိုအပြောင်းအလဲဖြစ်စေနိုင်သည်။ အပြန်အလှန် အားဖြင့် တိရစ္ဆာန်နှင့် အပင်တို့၏ အမျိုးအစား၊ အရေအတွက် ပြောင်းလဲမှုများသည် ယင်းတို့တည်ရှိရာ သဘာဝ ပတ်ဝန်းကျင်ကို ပြောင်းလဲစေနိုင်ပြန်သည်။ ဥပမာ– ရေအိုင်တခု၏ ကမ်းစပ်အခြေတလျှောက်၌ ရေအောက် အပင်ငယ်ကလေးများ ရှင်သန်ပေါက်ပွားလျက်ရှိသည်။ အချိန်တန်၍ ထိုအပင်ငယ်များ သေသွားသောအခါ ယင်းအပင်သေများသည် ရေအိုင်အောက်ခြေသို့ နစ်မြုပ်သွားကြလေသည်။ ထိုသို့ နစ်မြုပ်သွားသော အပင်သေများနှင့် အတူ အခြားသက်ရှိတို့သည်လည်း ရောနှောတွယ်ကပ်လျက် ပါသွားလေ့ ရှိသည်။ ယင်းနစ်မြုပ်သွားသော ပင်ခြောက်များကြောင့် ရေအိုင်၏ ရေစီးရေလာသည် တန့်သွားရတော့သည်။ ရွှံးကကဲ့သို့ မသွက်တော့ချေ။ ရေစီးရေလာ တန့်သွားသောအခါ ရေနှင့် အတူ ပါလာသော သဲနှင့်ရွှံများသည် ထိုနေရာ တဝိုက်တွင် ပို၍အနည်ကျ ထိုင်လာကြသည်။ ဤနည်းဖြင့် ယင်း ရေအိုင်သည် တဖြည်းဖြည်း တိမ်ကောလာ၏။ အပင်တို့သည်လည်း ရေအောက်တွင် အမြစ်စွဲကာ ရေပေါ် သို့ ထိုးထွက်လာကြသည်။ အပင်တို့က တဖက်မှ ပေါက်ပွားမှု များလာလေလေ၊ တဖက်၌လည်း အပင်များပျက်စီးမှုသည်လည်း များလာလေလေဖြစ်သည်။ ဤသို့ဖြင့် အပင်သေများ ရေအောက်သို့ ကျရောက်ခြင်းကြောင့် နောက်ဆုံးတွင် ရေပြင်ပျောက်၍ မြေပြင်အဖြစ်သို့ ရောက်လာတော့သည်။ ထိုမြေပြင် ထက်၌ နောင်တွင် အပင်ကြီးများ ပေါက်လာတော့သည်။ ဤသို့ အားဖြင့် သဘာဝ ပတ်ဝန်းကျင်သည် ယခင်နှင့် မတူတော့ပဲ လုံးဝ ပြောင်းလဲ သွားရပေသည်။

အရပ်ဒေသတခု၏ စားပင် သီးပင် အနည်းအများသည်လည်း အရေးပါသော အချက်တရပ်ဖြစ်သည်။ စိမ်းစိုလတ်ဆတ်သော အသီးအရွက်တို့သည် သက်ရှိများအတွက် တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ အစာအာဟာရအဖြစ် ထောက်ပံ့သည်။ များစွာသော တိရစ္ဆာန်တို့သည် အသီးအရွက်တို့ကို မှီဝဲစားသုံးကြသည်။ သို့ဖြစ်လေရာ အရပ်ဒေသတခု၏ အပင်အမျိုးအစား၊ အရေအတွက်သည် ထိုဒေသတွင် ပေါက်ပွားနေထိုင်သည့် တိရစ္ဆာန် အမျိုးအစားကို ပြဋ္ဌာန်းပေးသည်။ အသားစား သတ္တဝါများသည်လည်း ယင်းတို့အတွက် သားကောင်ပေါများသော အရပ်ဒေသများကိုရှာဖွေကျက်စားကြသည်။

အခြို တိရစ္ဆာန်တို့သည် တမျိုးတည်းသော အပင်ကိုသာ စားကြသည်။ ဥပမာ– အခြို့သော ခူကောင်၊ ဘောက်ဖတ်ကောင်မျိုးသည် တမျိုးတည်းသော အပင်၏ အရွက်များကိုသာ စားသုံးကြသည်။ ထိုအပင်မျိုးမပေါက်ရောက်သော အရပ်ဒေသတို့တွင် ယင်း ခူကောင်၊ ဘောက်ဖတ်ကောင်မျိုးများ မနေနိုင်ကြချေ။ တိရစ္ဆာန်နှင့် အပင်တို့သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အပြန်အလှန် မှီခိုနေထိုင်ကြရ၏။ ဗက်တီးရီးယား၊ တီကောင်နှင့် ပိုးကောင်တို့သည် အခြားသက်ရှိ သတ္တဝါတို့အပေါ် မှီခိုစားသောက်ကြရသော ကပ်ပါးပိုးမျိုးဝင်များဖြစ်ကြသည်။ တခါတရံ သက်ရှိ နှစ်မျိုးသည် အတူတကွ ပူးပေါင်း နေထိုင်ခြင်းဖြင့် အကျိုးတူ ခံစားကြရသည်လည်းရှိသည်။ယင်းအခြေအနေကို (ဆင်ဘိုင်အိုစစ် (ဝါ) သဟဇီဝန) ဟု ခေါ်သည်။ ဥပမာ– ခြပိုး၏ အူအတွင်း၌ အလွန်သေးငယ်သော "ပရိုတိုဇွာ" မျိုး အကောင်ကလေးများ နေထိုင်ကြခြင်း ဖြစ်သည်။ ပရိုတိုဇွာ မျိုးအကောင်ကလေးများသည် ခြပိုး၏ ဝမ်းထဲသို့ ရောက်လာသော အစာများကို ယူငင် စားသုံးကြသည်။ သို့သော် ခြပိုးသည် ယင်းတို့၏ အစာထဲမှ သစ်သား "ဆယ်လူလို့" များကိုမူ ချေဖျက်မစား နိုင်ကြပေ။ ယင်းအလုပ်ကို ပရိုတိုဇွာမျိုး အကောင်ကလေးများက ဆောင်ရွက်ပေးနိုင်ကြလေသည်။

အီကော်လောဂျီပညာရပ်ကို လေ့လာ သင်ကြားခြင်းဖြင့် လူသည် မိမိ ပတ်ဝန်းကျင်ရှိ သဘာဝတရားကြီးအား ညီညွတ်မျှတစေရန် ထိန်းသိမ်း စောင့်ရှောက် နိုင်သည်။ သဘာဝတရား၏ ညီညွတ်မျှတမှု အနေအထားကို "ဟန်ချက်"မပျက် ထိန်းသိမ်းထားရှိရန်မှာ များစွာအရေးကြီးပေသည်။

တခါတရံ လယ်ယာ မြေများ ဖော်ထုတ် စိုက်ပျိုးခြင်း၊ သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် သဘာဝတရားတွင် အပြောင်းအလဲ ဖြစ်ပေါ်တတ်သည်။ ထိုအခါ အပင်နှင့် တိရစ္ဆာန်တို့တွင် ပြောင်းလဲမှုများ ရှိမလာစေရန် ကြိုတင်ကာကွယ် ပေးနိုင်သည်။ ထို့ပြင် မီး၊ ရေ၊ လေတို့၏ အဖျက်စွမ်းအား စုများကို တွန်းလှန် တားဆီးနိုင်သည်။ အချုပ်အားဖြင့် အီကော်လောဂျီ ပညာရပ်၏ အခြေခံမူများကို ကျွမ်းကျင် နှံ့သိထားသော သူသည် မိမိမြေမှ သဘာဝ သယံဇာတ အဖိုးတန် ပစ္စည်းများကို အရှည်သဖြင့် ထိန်းသိမ်းထားရှိပြီး မိမိ အပါအဝင် လူသားအားလုံး၏ အကျိုးစီးပွားအတွက် ယူငင်သုံးစွဲ သွားနိုင်ပေသည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ။ ။အီဂျစ်အာရပ် သမ္မတနိုင်ငံသည် ၃၀၆,၀၂၂ စတုရန်းမိုင် ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၃၇,၇၄၀,၀၀၀ ရှိသည်။ မြို့တော်မှာ ကိုင်ရိုမြို့ဖြစ်သည်။



အီဂျစ် နိုင်ငံ အစွန်းလီးယားမြို့ တွေ့ဆုံဆွေးနွေးပွဲသည် ကင့်ဒေးဗစ် ခေါ် ဒေးဗစ်စခန်း ဆွေးနွေးပွဲလမ်းကို ဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။ အီဂျစ်သမ္မတ ဆဒတ်သည် အမေရိကန်သမ္မတ ဂျင်မီ ကာတာနှင့် တွေ့ဆုံဆွေးနွေးရသောအခါ ငြိမ်းချမ်းရေး ဆွေးနွေးရန် စိတ်အားထက်သန်ခဲ့သည့်အလျောက် အမေရိကန်သမ္မတ ကာတာနှင့် အင်္ဂရိယယ် ဝန်ကြီးချုပ် မီနာချင် ဗယ်ဂင်တို့နှင့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့အနီးရှိ သမ္မတများ အနားယူစခန်းဖြစ်သော ကင့်ဒေးဗစ်စခန်း၌ ၁၉၇၈ ခု စက်တင်ဘာလ ၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ နေ့ရောညပါ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး ပထမ ခြေလှမ်းဟုခေါ်ဆိုရမည့် သဘောတူညီချက်တရပ်ကို ပဏာမ လက်မှတ် ရေးထိုးနိုင်ခဲ့လေသည်။

အင်္ဂရိယယ်ဖက်မှ နိုင်ငံခြားရေးဝန်ကြီး မိုရှေဒါယန်းနှင့် ကာကွယ်ရေးဝန်ကြီး အီဇာဝိုက်ဇ်မင်းတို့ တက်ရောက်ပြီး အီဂျစ်ဖက်မှ နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်အီဗရာဟင်ကာမဲလ်တို့က ပါဝင် ကူညီပေးခဲ့ကြသည်။

အီဂျစ်၊ အင်္ဂရိယယ် နှစ်ဖက်သဘောတူညီချက် စာတန်းတွင် အပိုဒ် ၉ ပိုဒ်နှင့် နောက်ဆက်တွဲများ ပါရှိလေသည်။

ယခုချုပ်ဆိုသော ကင့်ဒေးဗစ် ငြိမ်းချမ်းရေး စာချုပ်ဘောင်အတွင်း၌ အာရပ်နိုင်ငံများနှင့် အင်္ဂရိယယ် နိုင်ငံတို့သည် ဆက်လက်ဆွေးနွေးသင့်သည်ဟု အချီးနှိဒါန်းရေးပြီး နောက် ဆန္ဒညီသည့် အချက်များကို အောက်ပါအတိုင်း ဖော်ပြထားသည်။

(၁) အီဂျစ်နှင့်အင်္ဂရိယယ်စစ်ကို အပြီးသတ်ကြမည်၊ ဆိုင်းနိုင်းကျွန်းဆွယ်နယ်မြေရှိ အင်္ဂရိယယ်တပ်များကို အဆင့်နှစ်ဆင့်ခွဲပြီး ရုပ်သိမ်းမည်။

(၂) အီဂျစ်နှင့် ယခင် ပယ်လက်စတိုင် နယ်မြေအကြားရှိ နယ်နိမိတ်ဟောင်းသည် အီဂျစ်နှင့် အင်္ဂရိယယ် အကြားရှိ နယ်နိမိတ်ဖြစ်ရမည်။ ဂါဇာကမ်းမြောင်ဒေသကို အင်္ဂရိယယ်လက်အောက်တွင်ပင် ထားရှိမည်။

(၃) အီဂျစ်အင်္ဂရိယယ် နိုင်ငံတို့သည် သံခင်းတမန်ခင်းပုံမှန်ဆက်ဆံကြကာ စီးပွားရေး၊ လူမှုရေးပါ အဆက်အသွယ်ပြုလုပ်သွားမည်။

(၄) နှစ်နိုင်ငံ လုံခြုံရေးအစီအစဉ်များကို စွမ်းအားရှိသမျှ လုပ်ဆောင်သွားကြမည်။

(၅) ဆူးအက်တူးမြောင်းအတွင်း၌ အင်္ဂရိယယ် သင်္ဘောများ ဖြတ်သန်းသွားလာခွင့်ပြုကာ တိုင်ရန် ရေလက်ကြားနှင့် အက္ကဘာပင်လယ်ကွေကို နိုင်ငံတကာ ရေပြင်ဟု သတ်မှတ်ရမည်။

(၆) ဤစာချုပ်ကို နှစ်နိုင်ငံအကြား ချုပ်ဆိုထားခဲ့သော အခြားစာချုပ်များထက် ဦးစားပေးရမည်။

(၇) အငြင်းပွားမှုများကို ညှိနှိုင်း ဆွေးနွေးခြင်းဖြင့် ဖြေရှင်းကြမည်။

(၈) နှစ်ဖက်သက်ဆိုင်သော တောင်းဆိုချက်များ၊ လျော်ကြေးများကို ရှင်းလင်းမည့် ကော်မရှင်တရပ် ဖွဲ့စည်းမည်။

(၉) ဤစာချုပ်၏ နောက်ဆက်တွဲ အပိုဒ်များကို စာချုပ်၏ အပိုင်းကဏ္ဍအဖြစ် အသိအမှတ်ပြုမည်။ ကုလသမဂ္ဂ ပဋိညာဉ်အမှတ် ၁၀၂ အရ ဤစာချုပ်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သို့ ပေးပို့မည်။

စာချုပ်၏ နောက်ဆက်တွဲများတွင် အင်္ဂရိယယ်က သိမ်းပိုက်ထားသော ဂါဇာဒေသ၊ ဂျော်ဒန်မြစ် အနောက်ဖက်ကမ်း ဒေသများနှင့် ပတ်သက်သော သဘောတူညီချက်များ ပါရှိသည်။

(၁) ထိုနယ်မြေ ဒေသများ၌ အင်္ဂရိယယ်တို့ စိုးမိုးအုပ်ချုပ်မည့် ကာလသည် ၅ နှစ်ထက်မပိုစေရ။ ယင်း ၅ နှစ်ကာလကို ကြားကာလဟု ခေါ်တွင်မည်။

(၂) ထိုဒေသများ၌ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရ ထူမှုကို အီဂျစ် အင်္ဂရိယယ်နှင့် ဂျော်ဒန်နိုင်ငံတို့ သဘောတူညီရမည်။

(၃) ကြားကာလမကုန်ဆုံးမီ အင်္ဂရိယယ်နှင့် ဂျော်ဒန်နိုင်ငံတို့ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုကြမည်။

(၄) ယင်းဒေသများအား ကိုယ်ပိုင် အုပ်ချုပ်ရေးပေးရေးအတွက် စေ့စပ်ဆွေးနွေးကြရာတွင် အီဂျစ်၊ အင်္ဂရိယယ်နှင့် ဂျော်ဒန်တို့မှ ကိုယ်စားလှယ်များအပြင် ဒေသခံ ပြည်သူတို့၏ ကိုယ်စားလှယ်များ ပါရှိစေရမည် စသည်တို့ပါရှိသည်။

ကင့်ဒေးဗစ် သဘောတူညီမှုကို သက်ဆိုင်ရာ ပါလီမန်တို့၏ အတည်ပြုချက်ယူပြီး နောက်ဆုံး အပြီးသတ်စာချုပ်ကို နှစ်လအတွင်း လက်မှတ် ရေးထိုးကြမည် စသည်တို့ ပါရှိလေသည်။

ထိုကင့်ဒေးဗစ် သဘောတူညီချက်ကို ကြေငြာလိုက်သောအခါ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၊ ဥရောပစီးပွားရေး အုပ်စုနိုင်ငံများ၊ နီပေါ၊ ဆူဒန်၊ မြောက်ယေမင်စသည်တို့က ထောက်ခံကြသည်။ ဆီးရီးယား၊ လစ်ဗျ၊ တောင်



ဖြတ်သန်းခွင့်ရသည်ကို လက်ပြန့်တ်ဆက်နေသော အီဂျစ်အမျိုးသား တဦး

ယေမင်၊ အယ်လ်ဂျီးရီးယား၊ ပယ်လက်စတိုင်အဖွဲ့၊ အီရတ်၊ ဂျော်ဒန်၊ ဆအူးဒီအာရေဗျ၊ ကူဝိတ်၊ တျူနစ်ဇီးယားနိုင်ငံ စသော အာရပ်နိုင်ငံများနှင့် ဆိုဗီယက် ပြည်ထောင်စုတို့က အပြင်းအထန် ကန့်ကွက် ပြစ်တင်ခဲ့ကြသည်။

ဆီးရီးယား၊ အီရတ်၊ အယ်လ်ဂျီးရီးယား၊ လစ်ဗျ၊ တောင်ယေမင် ငါးနိုင်ငံနှင့် ပယ်လက်စတိုင် အဖွဲ့တို့သည် အမာခံ အာရပ်အဖွဲ့ဟု ဖွဲ့စည်းလိုက်သောကြောင့် အာရပ်လိဂ်ခေါ် အာရပ်အမျိုးသား အဖွဲ့ချုပ်သည် ကဲ့ခဲ့ရပြန်သည်။

အမာခံအာရပ် ငါးနိုင်ငံတို့ ခေါင်းဆောင်သော အာရပ်ထိပ်သီး အစည်းအဝေးကို အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပခဲ့ပြီး ကင်ဒေးဗစ်သဘောတူညီချက်ကို ကန့်ကွက်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထိုစာချုပ်ကို အီဂျစ်က လက်မှတ်ရေးထိုးလျှင် နိုင်ငံရေး၊ စီးပွားရေး အဆက်ဖြတ်မည်ဟု ပြဋ္ဌာန်းကြသည်။

အီဂျစ်ပြည်သူတို့ကမူ ကင်ဒေးဗစ်မှပြန်လာသော သမ္မတ ဆဒတ်အား သောင်းသောင်းဖျဖျ ကြိုဆိုခြင်းဖြင့် စာချုပ်ကို ထောက်ခံကြသည့်အပြင် အီဂျစ်ကက်ဘိနက်နှင့် ပါလီမန်တို့က အတည်ပြုပေးသည်။ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အီဗရာဟင်ကာမဲလ်ကမူ စောစောကပင် ကန့်ကွက်ပြီး ရာထူးမှ နုတ်ထွက်သွားခဲ့လေသည်။ ဝန်ကြီးချုပ် မူစတာဖာ ခါလစ် ဦးစီးသော ကက်ဘိနက်အဖွဲ့ကို အောက်တိုဘာလ ၅ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းလိုက်သည်။

ခါလစ်အစိုးရသစ် ဖွဲ့စည်းပြီးနောက် သုံးရက်အကြာတွင် ဇန္နဝါရီ ၈ ရက်အဖွဲ့ခေါ် လက်ဝဲတယူသန်ဂိုဏ်းသား ၈၅ ဦးကို အီဂျစ်လုံခြုံရေး ရဲအဖွဲ့က ဖမ်းဆီးလိုက်သည်။ အစိုးရကို ဖြုတ်ချရန် ကြံစည်မှုဖြင့် ထိုဂိုဏ်းဝင် ၁၆ ဦးကို အောက်တိုဘာလ ၂၆ ရက်နေ့၌ တရားစွဲဆိုခဲ့လေသည်။

တချိန်တည်းမှာပင် သမ္မတ ဆဒတ်သည် တင်းကြပ်သော တပါတီစနစ်ကို လျော့ချသည့်အနေဖြင့် အပြုသဘောပါသော အတိုက်အခံပါတီ ဖွဲ့စည်းလိုက်သောအခါ သမ္မတ၏ အမျိုးသား ဒီမိုကရက်တစ် ပါတီအပြင် လယ်ယာဌာန ဝန်ကြီးဟောင်း အီဗရာဟင်ရှုကရီ ခေါင်းဆောင်သော ဆိုရှယ်လစ်အလုပ်သမား (လေဘာ) ပါတီသည် နိုဝင်ဘာလတွင် ပေါ်ထွက်လာခဲ့သည်။ မစ္စာပါတီငယ်ကမူ အမျိုးသား ဒီမိုကရက်တစ် ပါတီသို့ ပူးပေါင်း ပါဝင်လာသည်။

အာရပ် အင်ဂရီယယ်စစ်ဒဏ်ကို ထိပ်ဆုံးက ခံခဲ့ရသော အီဂျစ်နိုင်ငံတွင် စီးပွားရေး ပြန်လည်ထူထောင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားရာ၌ ဆအူးဒီအာရေဗျ၊ ကူဝိတ် စသော ရေနံထွက် အာရပ်နိုင်ငံများထံမှလည်း၊ အမေရိကန်၊ ဂျပန်စသော အနောက်အုပ်စု နိုင်ငံများထံမှလည်း အကူအညီများ ရရှိရန် ကြိုးပမ်းလျက်ရှိရာ အမေရိကန်နှင့် ဂျပန်ပြည်မှ ဆူးအက်တူးမြောင်းဒေသရှိ မြို့များ ပြန်လည် ထူထောင်ရေးအတွက် အမေရိကန်မှ ဒေါ်လာသန်း ၁၉၀ ကူမည်ဖြစ်သည်။ သွင်းကုန်ပစ္စည်း လုပ်ငန်းများအတွက်



အီကျစ်သမ္မတ အနုဝါဆဒတ်သည် ဆအူးဒီအာရေဗျ နိုင်ငံသို့ စီးပွားရေးကိစ္စများ ဆွေးနွေးရန် သွားရောက်ခဲ့သည်။

ဒေါ်လာငွေသန်း ၄၀ ကို ၃ ဒသမ ၅ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် ဂျပန်နိုင်ငံကလည်း အီကျစ်သို့ ချေးပေးမည့်စာချုပ်ကို ၁၉၇၉ ခု၊ ဇန္နဝါရီလ ၃၁ ရက်နေ့၌ ကိုင်ရိုမြို့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

၁၉၇၇ ခုနှစ်တွင် သမ္မတ ဖြစ်လာသော အမေရိကန် ပြည်ထောင်စု သမ္မတ ဂျင်မီကာတာနှင့် ဝါရှင်တန်တွင် တွေ့ကြုံဆွေးနွေးရသောအခါ အီကျစ်သမ္မတ ဆဒတ်သည် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကို ဆက်လက်ဆောင်ရွက်ရန် အားတက်လာခဲ့သည်။ သမ္မတ ကာတာ၊ အင်္ဂလိ ယယ်ဝန်ကြီးချုပ် မိနာချင်ဗယ်ဂင်တို့နှင့် ၁၃ ရက်ကြာ ဆွေးနွေးပြီးနောက် အီကျစ်သမ္မတ ဆဒတ်ကို ချီးကျူးဂုဏ်ပြုကြသူ အများအပြား ပေါ်ထွက်ခဲ့ရာ အီကျစ်ပြည်သူတို့၏ ကြိုဆိုမှုမှာ ထူးခြားခဲ့လေသည်။ ကိုင်ရိုမြို့လေဆိပ်မှ ဂမိုင်ကွာသော ဂီဇာမြို့ သမ္မတစံအိမ်အထိ လမ်းတလျှောက်တွင် အီကျစ်ပြည်သူတို့က ငြိမ်းချမ်းရေး သူရဲကောင်းကြီးအနေဖြင့် လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။

နိုဗဲ ငြိမ်းချမ်းရေးဆုကို နိုဗဲဆုကော်မတီက သမ္မတ ဆဒတ်နှင့် အင်္ဂလိယယ်ဝန်ကြီးချုပ် မိနာချင်ဗယ်ဂင်တို့အား ပူးတွဲ ဆုချီးမြှင့်ခဲ့သည်။ သမ္မတ ဆဒတ်နှင့် ဝန်ကြီးချုပ် ဗယ်ဂင်တို့အားနှစ်သုံးဆယ်ကျော်ရန်မီးကို အေးငြိမ်းအောင်ကြိုးပမ်းကြသူများ ဖြစ်သည် ဆိုသော အကြောင်းခံဖြင့် အပ်နှင်းခြင်းပင် ဖြစ်သည်။

၁၉၇၇ ခုနှစ်တွင် ဂျရူးဆလမ်းမြို့သို့ စွန့်စားသွားရောက်လုပ်ဆောင်ခဲ့သည်မှ စ၍ မစ္စတာ ဆဒတ်သည် နိုဗဲဆုနှင့် ထိုက်တန်သည်ဟု ယူဆလာကြသည်။ နိုဗဲငြိမ်းချမ်းရေးဆုနှင့် ထိုက်တန်ပေသည်ဟု နိုင်ငံအရပ်ရပ်က တင်သွင်းသူ ၅၀ အနက်မှ သူတို့နှစ်ဦးကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။ ဆဒတ်အား အဆိုပြုသူများတွင် နိုဗဲဆုရှင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဟင်နရီကစ်ဆင်းဂျားလည်း ပါဝင်သည်။ ထိုဆုအတွက် ပေးအပ်သည့် ငွေကြေးပမာဏမှာ ဒေါ်လာ ၁၇၅,၀၀၀ ဖြစ်၏။

ထိုဆုအပ်နှင်းသည့် ပွဲသဘင်သို့ ကိုယ်တိုင်တက်ရောက်မည်ဟု ရည်သန်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ဆုနှင်းသဘင်ကျင်းပရာ နော်ဝေနိုင်ငံ၊ အော်စလိုမြို့တော်သို့ မသွားရောက်နိုင်ခဲ့ပေ။ လက်ထောက်ဖြစ်သူ ဆာယိမာရေးက သူ့ကိုယ်စား သွားရောက်လက်ခံလေသည်။

အီရန်နိုင်ငံ။ ။အီရန်နိုင်ငံသည် စတုရန်းမိုင် ၆၃၆,၃၆၃ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၃၇,၅၉၃,၀၀၀ ရှိသည်။ မြို့တော်မှာ တီဟီရန်မြို့ ဖြစ်သည်။



အီရန် နိုင်ငံသည် အစဉ်အလာ အားဖြင့် ဘုရင်စနစ်ကို ကျင့်သုံးလာသော နိုင်ငံ ဖြစ်သည်။ သယံဇာတ ပစ္စည်းပေါကြွယ်ဝပြီး ကမ္ဘာတွင် ဒုတိယအများဆုံး ရေနံတင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ အစိုးရ၏ အဓိကဝင်ငွေမှာ ရေနံမှပင် ရရှိလေသည်။

ခေတ်နောက်ကျနေသော အီရန်နိုင်ငံကို ခေတ်မှီလာအောင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ရှားဘုရင်က စီမံကိန်းများ ချမှတ်ဆောင်ရွက်လာခဲ့ရာ ငွေကုန်ကြေးကျများပြားလာပြီး စီးပွားရေး ကျပ်တည်းလာသည့်အပြင် ဘာသာရေး ခေါင်းဆောင်အချို့နှင့် ပြည်သူအများကလည်း မကျေမနပ်ဖြစ်လာကာ ဆန္ဒပြကြရာမှ လူအများသေဆုံးခဲ့ရလေသည်။

ရှေးရိုးရာအယူအဆရှိသည့် မွတ်ဆလင်များနှင့် ဘာသာရေး ခေါင်းဆောင်အများက အီရန်နိုင်ငံအား အနောက်တိုင်းဆန်ဆန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်ကို မလိုလားကြပေ။ ရှားဘုရင်အား ဆန့်ကျင်နေသူများ၏ ဘာသာရေး အဓိကခေါင်းဆောင်မှာ အာယာ တိုလာ ခိုမေနီ ဖြစ်လေသည်။ ခိုမေနီမှာ လွန်ခဲ့သည့် ၁၅ နှစ်လောက်ကပင် နိုင်ငံခြားသို့ ရောက်ရှိနေသည်။ ရှားဘုရင်သည် အီရန်နိုင်ငံ၏ ရှေးရိုးစဉ်လာတို့ကို ဖျက်ဆီးနေသည်ဟု စွပ်စွဲကြပြီး အစွန်လမ်းနိုင်ငံတော် တည်ထောင်ရန် ခိုမေနီကို လိုလား

သူများက တောင်းဆိုခဲ့ကြသည်။ ဘာသာရေးသမားများ ကသာမက လက်ဝဲလက်ယာနှင့် အလယ်အလတ် လူတန်းစားများကပါ ရှားဘုရင်၏ အုပ်စိုးမှုကို ဆန့်ကျင်သော ဆန္ဒပြမှုများ ပြုလာကြသည်။

စီးပွားရေး ကျပ်တည်းမှုနှင့် မတည်ငြိမ်မှုများ ဖြေရှင်းနိုင်ရေးအတွက် ရှားဘုရင်က အစိုးရအဖွဲ့များ မကြာခဏ ပြောင်းလဲ ဖွဲ့စည်းခဲ့လေသည်။ သို့သော် မငြိမ်သက်မှုများမှာ လျော့ပါးလာသည်ဟု မရှိပဲ ပိုမို ပြင်းထန်လာသဖြင့် ၁၉၇၈ ခုနှစ် စက်တင်ဘာလတွင် မြို့တော်နှင့်တကွ အချို့မြို့ကြီးများတွင် စစ်အုပ်ချုပ်ရေး အမိန့်များ ထုတ်ပြန်ခဲ့ရလေသည်။



အီရန်နိုင်ငံ တီဟီရန်မြို့လယ်တွင် ရှားဘုရင်အား ဆန့်ကျင် ဆန္ဒပြနေသော ပြည်သူများ

သို့သော်လည်း ဆူပူမှုများမှာ ရပ်စဲသွားသည်ဟု မရှိပဲ ပိုမိုများပြား ပြင်းထန်လာသည်။ ဆူပူလှုပ်ရှားသူများသည် အကြမ်းဖက်၍ အဆောက်အအုံ များဖျက်ဆီးခြင်း၊ သန်းပေါင်းများစွာ တန်ဖိုးရှိပစ္စည်းများ လုယူ ဖျက်ဆီးခြင်း စသည်တို့ကိုပါ ပြုလုပ်ကြရာ ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၅ ရက် တရက်တည်း၌ပင် ဘဏ်တိုက်ပေါင်း ၄၀၀ ခန့်မျှ ဖျက်ဆီးခြင်းခံခဲ့ရသည်။ ဆန္ဒပြဆူပူသူများနှင့် စစ်တပ်မှာလည်း မကြာခဏ အဓိကရုဏ်းဖြစ်ခဲ့ရပြီး လူများ သေဆုံးခဲ့ရလေသည်။

သပိတ်မှောက် ဆန္ဒပြသူ အလုပ်သမားပေါင်းမှာလည်း တပြည်လုံးတွင် တသန်းကျော် ရှိခဲ့သည်။ အီရန်နိုင်ငံ၏ စီးပွားရေး လုပ်ငန်းကို အထိခိုက်ဆုံးသော သပိတ်မှာ ၃၇,၀၀၀ ကျော်ရှိသော ရေနံမြေ အလုပ်သမားများ၏ သပိတ်မှောက်မှုပင် ဖြစ်သည်။ ယင်းသပိတ်ကြောင့် နေ့စဉ် ရေနံပီပါပေါင်း ခြောက်သန်းခွဲ ထုတ်နိုင်ခဲ့ရာမှ ပီပါပေါင်း ၁ ဒသမ ၂ သန်းသာ ထုတ်လုပ်သည့်အဆင့်သို့ ကျဆင်းခဲ့ရလေသည်။

ရှားဘုရင်က ဖွဲ့စည်းပေးခဲ့သော အရပ်သားအစိုးရများမှာ တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားမှုနှင့် စီးပွားရေး ကျဆင်းမှုများကို ထိန်းသိမ်းနိုင်ခြင်း မရှိပေ။ ထို့ကြောင့် ရှားဘုရင်သည် ၁၉၇၈ ခုနှစ် နိုဝင်ဘာလတွင် လက်နက်ကိုင်တပ်များ၏ စစ်ဦးစီးချုပ်ဖြစ်သူအား ခေါင်းဆောင်စေပြီး အရပ်သားများနှင့် စစ်ဖက်အရာရှိကြီးများ ပါဝင်သော အစိုးရကို ဖွဲ့စည်းစေသည်။ ဝန်ကြီးချုပ်သစ်သည် နိုင်ငံ ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတို့အတွက် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခဲ့လေသည်။

ယခင်ဝန်ကြီးချုပ်ဟောင်း ဟိုဗေဒါနှင့် ဆာဗတ်ခေါ်လျှို့ဝှက်အကြီးအကဲဟောင်း နာစီရီနှင့်တကွ အရာရှိကြီး ၃၀ ကျော်ကို အစိုးရသစ်က အရေးယူ စစ်ဆေးခဲ့သည်။ ဘုရင့်ဆွေမျိုးတော်များ၏ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍လည်း ခုံဖွဲ့စစ်ဆေးမည်ဟု ရှားဘုရင်က ကြေငြာခဲ့လေသည်။

အစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှုများကြောင့် အခိုက်အတန့်အားဖြင့် ဆူပူလှုပ်ရှားမှုများနှင့် ဆန္ဒပြမှုများ လျော့ပါးသွားခဲ့ဟန်ရှိခဲ့သည်။ သို့သော်လည်း ဒီဇင်ဘာလအတွင်းတွင် ရှားဘုရင်အား ဆန့်ကျင်ဆန္ဒပြသူများ ပိုမိုများပြားတိုးတက်ပြင်းထန်လာပြီး ဆန္ဒပြသူများနှင့် အစိုးရသစ်တို့ အဓိကရုဏ်းများ ဆက်တိုက် ဖြစ်ပေါ်လာခဲ့လေသည်။

ရှားဘုရင်အပေါ် မကျေနပ်မှုများ ပြင်းထန်လာကာ ရှားဘုရင်အား ထီးနန်းစွန့်ရန်နှင့် အီရန်နိုင်ငံတွင် လောလောဆယ်ဆယ် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ အကျပ်အတည်းများ ဖြေရှင်းနိုင်ရန်အတွက် ကြားဖြတ်

အစိုးရ ဖွဲ့စည်းရန် အတိုက်အခံ ခေါင်းဆောင်များက တောင်းဆိုခဲ့လေသည်။

ထို့ကြောင့် ရှားဘုရင်သည် အစိုးရ ပြန်လည် ဖွဲ့စည်းရေးကို ပါတီစုံမှ ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ပြီး အမျိုးသားပါတီမှ ပါတီဝင်တဦးဖြစ်သူ ဒေါက်တာ ရှာပူရ ဘတ်တီယာအား အစိုးရသစ်ကို ဦးဆောင်ဖွဲ့စည်းရန် တာဝန်ပေးလိုက်လေသည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဝန်ကြီးချုပ် ဘတ်တီယာတင်ပြသော အစိုးရအဖွဲ့ကို ရှားဘုရင်က သဘောတူညီခဲ့လေသည်။

ရှားဘုရင်၏ အဓိက အတိုက်အခံ ခေါင်းဆောင်တဦးဖြစ်သူ ပြည်ပရောက် ဘာသာရေးခေါင်းဆောင် ခိုမေနီကမူ ရှားဘုရင် အာဏာအောက်တွင် ဖွဲ့စည်းသော မည်သည့် အစိုးရ အဖွဲ့အစည်းမျိုးကိုမျှ အသိအမှတ်ပြုမည် မဟုတ်ကြောင်း ကြေငြာခဲ့လေသည်။ တချိန်တည်းလိုပင် ရှားဘုရင်သည် မကျန်းမမာ ဖြစ်လာသဖြင့် ဆေးကုသခံရန်နှင့် အနားယူရန်အတွက် ပြင်ပသို့ ခေတ္တထွက်ခွာသွားလိမ့်မည်ဟု သတင်းများ ဖြစ်ပေါ်ခဲ့ပြီး ၁၉၇၈ ခုနှစ် ဇန်နဝါရီလတွင် အီရန်နိုင်ငံမှ ထွက်ခွာခဲ့လေသည်။

၁၉၇၈ ခုနှစ်အတွင်း ဆူပူဆန္ဒပြ လှုပ်ရှားမှုများနှင့် အဓိကရုဏ်းများကြောင့် လူပေါင်း ၁၀၀၀ နီးပါး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းကြောင့် ဘေးဒုက္ခအဖုံဖုံ တွေ့ခဲ့ရသော အီရန်နိုင်ငံသည် သဘာဝ ဘေးအန္တရာယ်ဖြစ်သော မြေငလျင်ဒဏ်ကိုလည်း အပြင်းထန်ဆုံး ခံခဲ့ရလေသည်။

၁၉၇၈ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံ၏ အလယ်ပိုင်း ဒေသများ၌ ငလျင်အပြင်းအထန် လှုပ်ရှားခဲ့ရာ လူပေါင်း ၁၅,၀၀၀ ကျော်သေဆုံးခဲ့ရပြီး ကျေးရွာပေါင်း ၄၀ ကျော် ပျက်စီးခဲ့ရသည်။ ဒီဇင်ဘာလတွင် ထပ်မံငလျင်လှုပ်ပြန်ရာ ကျေးရွာပေါင်း ၁၀၀ ကျော် ငလျင်ဒဏ်ခံခဲ့ရပြီး လူပေါင်း ၄၀ ကျော် သေဆုံးခဲ့ရပြန်သည်။

အီးစီအေ
(အာဖရိကဒေသဆိုင်ရာ စီးပွားရေးကော်မရှင်—ရှ။)

အီး၊ အက်ဖ၊ တီ၊ အေ
(ဥရောပ လွတ်လပ်စွာ ကုန်သွယ်ရေးအသင်း—ရှ။)

ဥရောပ ကျောက်မီးသွေးနှင့် သံမဏိအဖွဲ့။ ။ ၁၉၅၁ ခုနှစ် ဧပြီလ ၁၈ ရက်နေ့က ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ချုပ်ဆိုခဲ့သည့် စာချုပ်အရ ၁၉၅၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ဥရောပ ကျောက်မီးသွေးနှင့် သံမဏိအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

အဖွဲ့၏လုပ်ငန်းများမှာ ကျောက်မီးသွေးနှင့် သံမဏိထုတ်လုပ်မှုကို တိုးမြှင့်ရန်နှင့် ယင်းတို့ကိုအခြေပြု၍ စီးပွားရေး တိုးတက် ဖွံ့ဖြိုးရန်ပင် ဖြစ်သည်။ ဥရောပကျောက်မီးသွေးနှင့် သံမဏိအဖွဲ့သည် ကျောက်မီးသွေး၊ သံရိုင်းနှင့် သံတိုသံစ ဘုံစျေးကို ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်ဝင်း၊ သံမဏိဘုံစျေးကို ၁၉၅၃ ခုနှစ် မေလ ၁ ရက်နေ့တွင်ဝင်း၊ အထူးသံမဏိဘုံစျေးကို ၁၉၅၄ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင်ဝင်း အသီးသီး ဖွင့်လှစ်ခဲ့သည်။ အဖွဲ့၏ လက်အောက်တွင် အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဆိုင်ရာ ဝန်ကြီးများ ပါဝင်သည့် ဝန်ကြီးများ ကောင်စီနှင့် အတိုင်ပင်ခံကော်မတီ ရှိသည်။

ဥရောပ ကျောက်မီးသွေးနှင့် သံမဏိအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် ဗဲလ်ဂျီယမ်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ ဣတလီ၊ လူဇင်ဘတ်နှင့် နယ်သာလန်တို့ ပါဝင်ပြီး အဖွဲ့၏ ဌာနချုပ်ကို လူဇင်ဘတ်မြို့တွင် ဖွင့်လှစ်ထားရှိသည်။

ဥရောပဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်။ ။ ဥရောပ ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်သည် ကုလသမဂ္ဂ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီက ကြီးမှူးဖွဲ့စည်းထားသော ကော်မရှင်တရပ် ဖြစ်သည်။ ၁၉၄၇ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သည်။ ဥရောပဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်တွင် အဖွဲ့ဝင်များအဖြစ် ဥရောပတိုက်မှ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများနှင့်အမေရိကန် ပြည်ထောင်စုတို့ ပါဝင်၍ စုစုပေါင်း ၃၄ နိုင်ငံရှိသည်။

ဥရောပဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်၏လုပ်ငန်းများမှာဥရောပတိုက်နိုင်ငံများ၏ စီးပွားရေးကို မြှင့်တင်ရန် ဥရောပတိုက်နိုင်ငံများ၏ . အချင်းချင်းအပြန်အလှန် ကုန်သွယ်မှုကို တိုးတက်စေရန်၊ ဥရောပတိုက် နိုင်ငံများ၏ စီးပွားရေး စီမံကိန်းများကို အကူအညီပေးရန်နှင့် သိပ္ပံနှင့် စက်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးရန် စသည်တို့ ဖြစ်ပေသည်။

ဥရောပ ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်၏ လက်အောက်တွင် လျှပ်စစ်စွမ်းအင်၊ စက်မှု လက်မှု၊ သယ်ယူပို့ဆောင်ရေး၊ သတ္တု၊ သစ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ ကုန်သွယ်မှုဖွံ့ဖြိုးရေး စသည်ဖြင့် လုပ်ငန်းအလိုက် ဆောင်ရွက်

ရန် ဖွဲ့စည်းထားသော အဖွဲ့ငယ်များလည်း ရှိသည်။ ယင်း အဖွဲ့ငယ်များသည် ကော်မရှင်၏ လမ်းညွှန်မှုကို ခံယူ၍ မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်းများကို သီးခြားဆောင်ရွက် ကြလေသည်။ ကော်မရှင်၏ရုံးချုပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် ဖွင့်လှစ်ထားရှိသည်။

ဥရောပဘုံစျေးအဖွဲ့။ ။ဥရောပ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ခေါ် ဥရောပဘုံစျေး အဖွဲ့သည် ကမ္ဘာ ပေါ်တွင် ကုန်သွယ်မှုအင်အား ကြီးမားသော အဖွဲ့အစည်း တရပ် ဖြစ်သည်။

၁၉၅၇ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ဂျာတလီနိုင်ငံ ရောမမြို့၌ ဥရောပကျောက်မီးသွေးနှင့် သံမဏိအဖွဲ့ဝင်နိုင်ငံ များမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဥရောပ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွဲ့စည်းရေး သဘောတူညီချက် စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ယင်း စာချုပ်အရ ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဥရောပ စီးပွားရေး ပူး ပေါင်းဆောင်ရွက်မှုအဖွဲ့ခေါ် ဥရောပဘုံစျေးအဖွဲ့ကို တည် ထောင်ဖွဲ့စည်းခဲ့သည်။ ဥရောပဘုံစျေးအဖွဲ့၏ မူလအဖွဲ့ဝင် နိုင်ငံများမှာ ဗဲလဂျီယမ်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ လူဇင်ဘတ်၊ ဂျာတလီနှင့် နယ်သာလန် ခြောက်နိုင်ငံ ဖြစ် သည်။ ထို့နောက် ဗြိတိန်၊ အိုင်ယာလန်နှင့် ဒိန်းမတ်နိုင်ငံ တို့သည် ၁၉၇၃ ခုနှစ်တွင် ဥရောပဘုံစျေးအဖွဲ့သို့ ဝင်ရောက် ခွင့် ရကြသဖြင့် အဖွဲ့ဝင် နိုင်ငံ ကိုးနိုင်ငံ ဖြစ်လာသည်။ ထို့ပြင် ကယ်ရစ်ဗျန်ဒေသနှင့် ပစိဖိတ်ဒေသမှ နိုင်ငံများနှင့် အာဖရိကတိုက်မှ ဗြိတိသျှခနသဟာယ အဖွဲ့ဝင် နိုင်ငံများ သည်လည်း ဥရောပ ဘုံစျေး အဖွဲ့တွင် အရန်အဖွဲ့ဝင်များ အဖြစ်ပါဝင်ကြ၏။ စပိန်၊ လက်ဗန်နွန်၊ အီရန်၊ အင်ဒရိယယ် နှင့် ယူဂိုစလားဗီးယားနိုင်ငံတို့သည် ဥရောပဘုံစျေးအဖွဲ့နှင့် ကုန်သွယ်ရေး သဘောတူညီမှု စာချုပ်ချုပ်ဆို ထားကြ လေသည်။

ဥရောပဘုံစျေး အဖွဲ့တွင် ဘုံစျေးလွှတ်တော်၊ ဘုံစျေး ကော်မရှင်၊ ဝန်ကြီးများကောင်စီ၊ တရားရုံး၊ စီးပွားရေးနှင့် လူမှုရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဘဏ်၊ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေနှင့် လူမှုရေးရန်ပုံငွေအဖွဲ့တို့ ပါဝင်ဖွဲ့စည်းထားသည်။

ဥရောပဘုံစျေးအဖွဲ့၏ ရည်ရွယ်ချက်များမှာ အဖွဲ့ဝင် နိုင်ငံအချင်းချင်း ကုန်သွယ်ရာ၌ အကောက်ခွန် ကောက်ခံ သည့်စနစ်ကို ပယ်ဖျက်ရန်၊ အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများ



ရောမမြို့တွင်ပြုလုပ်သော ဥရောပဘုံစျေး အနှစ် ၂၀ မြောက် အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ပြင်သစ်၊ ဗဲလဂျီယမ်၊ အနောက်ဂျာမနီ နှင့် ဗြိတိန်နိုင်ငံတို့မှ ခေါင်းဆောင်ကြီးများ တွေ့ဆုံခဲ့စဉ်

နှင့်ကုန်သွယ်ရာ၌ တပြေးညီစွာအကောက်ခွန် ကောက်ခံသည့်စနစ်ကို ကျင့်သုံးရန်၊ စီးပွားရေး လုပ်ငန်းများကို တပြေးညီစွာ တိုးတက်ဖွံ့ဖြိုးလာအောင် မြှင့်တင်ရန်နှင့် အဆက်မပြတ် တိုးချဲ့ရန်၊ စီးပွားရေးပိုမိုတည်ငြိမ်ရန်၊ အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရန်၊ စီးပွားရေးနှင့် နိုင်ငံရေးကိစ္စများတွင် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် စသည်တို့ ဖြစ်သည်။

ဥရောပ ဘုံစျေး အဖွဲ့သည် မူလအဖွဲ့ဝင် ခြောက်နိုင်ငံ အကြား ကုန်သွယ်မှု အကောက်ခွန် ကောက်ခံခြင်းမပြုရန် ပြဋ္ဌာန်းပြီးဖြစ်သော်လည်း မူလ အဖွဲ့ဝင် ခြောက်နိုင်ငံနှင့် နောက်တိုးအဖွဲ့ဝင် သုံးနိုင်ငံ အကြားတွင်မူ အကောက်ခွန်စနစ်ကိုကျင့်သုံးမြဲကျင့်သုံးခဲ့သည်။ သို့သော်ယင်းအကောက်ခွန်စနစ်ကိုလည်း မကြာမီ ပယ်ဖျက်တော့မည်ဖြစ်ကြောင်း ဘုံစျေးအဖွဲ့ချုပ်က ၁၉၇၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကြေငြာချက်ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ဘုံစျေးအဖွဲ့ဝင်နိုင်ငံများမှထွက်သော စက်မှုနှင့် လယ်ယာထွက်ကုန်ပစ္စည်းများကို လွတ်လပ်စွာ သယ်ယူရှေ့ပြောင်း ရောင်းချနိုင်တော့မည် ဖြစ်သည်။ သို့သော် ဘုံစျေးအဖွဲ့ဝင် ကိုးနိုင်ငံသည် ဘုံစျေးအဖွဲ့ဝင်မဟုတ်သော နိုင်ငံများမှ ကုန်ပစ္စည်းများအပေါ်တွင်မူ ဘုံအကောက်ခွန်စနစ်ကို ကျင့်သုံးသွားမည် ဖြစ်သည်။

ဘုံစျေးအဖွဲ့ဝင် ခေါင်းဆောင်များ၏ အစည်းအဝေး တရပ်ကို ၁၉၇၇ ခုနှစ် ဇွန်လ ၂၉ နှင့် ၃၀ ရက်နေ့များက လန်ဒန်မြို့တွင် ကျင်းပခဲ့သည်။ ယင်း အစည်းအဝေးမှ ငွေဖောင်းပွမှု၊ အလုပ်အကိုင်နေရာချထားရေး၊ ကုန်သွယ်မှု တိုးတက်ရေးတို့နှင့် စပ်လျဉ်းသော ပူးတွဲ ကြေငြာချက် တစောင်ကို ထုတ်ပြန်နိုင်ခဲ့သည်။ သို့သော် သံမဏိလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ သင်္ဘောတည်ဆောက်မှု လုပ်ငန်း၊ ဖိနပ်လုပ်ငန်းတို့နှင့် စပ်လျဉ်း၍မူ အဖွဲ့ဝင်နိုင်ငံအချင်းချင်း မကြေလည်မှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ပြင် ဥရောပဘုံစျေးအဖွဲ့သည် ရေနံပြဿနာနှင့် စပ်လျဉ်း၍လည်း ကြေငြာချက်ထုတ်ပြန်ထားသည်။ ကြေငြာချက်တွင် ရေနံထုတ်လုပ်သော နိုင်ငံများ၏ ရေနံ ပိတ်ဆို့ဖြတ်တောက်မှုမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သော် အဖွဲ့ဝင်နိုင်ငံများအတွင်း ရေနံကို ခွဲဝေသုံးစွဲရေးနှင့် ရေနံကြမ်းခင်းစျေးနှုန်းတရပ် သတ်မှတ်ရေး စသည့် အချက်များ ပါဝင်သည်။ ဘုံစျေးအဖွဲ့သည် အရှေ့အလယ်ပိုင်းနှင့် ပါရှန် ပင်လယ်ကွေ့ရှိ ရေနံထုတ်လုပ်သည့် နိုင်ငံများနှင့်လည်း တရားဝင် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။

ဘုံစျေးအဖွဲ့သည် ပင်လယ်ပြင် ငါးဖမ်းဇုံကို မိုင် ၂၀၀ သတ်မှတ်ထားသည်။ ဘုံစျေးအဖွဲ့ ရေပြင် အတွင်း ပူးတွဲ ငါးဖမ်းရေးမူဝါဒ တရပ် ချမှတ်၍ ငါးဖမ်းလျက် ရှိသည်။

အကောက်ခွန် အဟန့်အတားများကို ပယ်ဖျက်နိုင်ခဲ့သောကြောင့် ဖွံ့ဖြိုးတိုးတက်ခဲ့သည့် ဘုံစျေးအဖွဲ့၏ ကုန်သွယ်မှု အရှိန်အဟုန်သည် ယခုအခါ အကျဖက်သို့ ယိမ်းယိုင်လျက်ရှိသည်။ ၁၉၇၂ ခုနှစ်က ဥရောပဘုံစျေးအဖွဲ့၏ ကုန်သွယ်မှု စုစုပေါင်း တန်ဖိုး၏ ၅၂ ရာခိုင်နှုန်းမှာ အဖွဲ့ဝင်ကိုးနိုင်ငံအကြား ကူးလူးကုန်သွယ်ရာမှ ရရှိခဲ့ခြင်းဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် အဖွဲ့ဝင်ကိုးနိုင်ငံ အကြား ကုန်သွယ်မှုတန်ဖိုးမှာ စုစုပေါင်းကုန်သွယ်မှု တန်ဘိုး၏ ၄၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ ၁၉၇၅ နှင့် ၁၉၇၆ ခုနှစ်တွင် အတန်ငယ် ဦးမော့လာခဲ့သော်လည်း ၁၉၇၂ ခုနှစ် စံချိန်ကို မမှီသေးပေ။ ယင်းသို့ ကုန်သွယ်မှု ကျဆင်းရခြင်းမှာ ကမ္ဘာ့ကုန်ပစ္စည်းများ စျေးတက် လာသောကြောင့်လည်း တကြောင်း ဖြစ်သည်။

ထိုသို့ ကုန်သွယ်မှုစီးပွားရေးကျဆင်းခြင်းကိုအကြောင်းပြုကာ ဘုံစျေးအဖွဲ့ဝင် နိုင်ငံများတွင် အလုပ်လက်မဲ့ဦးရေ တိုးနေသည်။ ၁၉၇၇ ခုနှစ် ဇွန်လ ခန့်မှန်းခြေအရ ဘုံစျေးအဖွဲ့ဝင်နိုင်ငံများ အတွင်း အလုပ်လက်မဲ့ဦးရေ ငါးသန်းခန့် ရှိသည်ဆို၏။

ထို့ကြောင့် အလုပ်လက်မဲ့များအတွက် အလုပ်အကိုင်သစ်များ ဖန်တီးပေးရန်အတွက် ဒေါ်လာ သန်း ၁၂,၀၀၀ ရှိသော ရန်ပုံငွေ တရပ်ကို ထူထောင်ကြရန်လည်း ဘုံစျေးအဖွဲ့က စီစဉ်လျက်ရှိသည်။

ဥရောပ ဘုံစျေး အဖွဲ့ကို ယခုထက် ပို၍ ကျယ်ပြန့်စွာ ဖွဲ့စည်းသွားရန် စီစဉ်နေသည်။ ဩစတြီးယား၊ ဆွီဒင်၊ ဆွစ်ဇာလန်၊စပိန်၊ ပေါ်တူဂယ်နှင့်စိုက်ပရပ်နိုင်ငံတို့သည် ဘုံစျေးအဖွဲ့တွင် အရန် အဖွဲ့ဝင် နိုင်ငံများအဖြစ် ဝင်ခွင့်တောင်းခံခဲ့ကြသည်။ အမေရိကန် ပြည်ထောင်စုကလည်း မိမိနိုင်ငံနှင့် ဥရောပဘုံစျေးအဖွဲ့တို့ အပြန်အလှန် အခွန်ကောက်ခံမှုလျှော့ပေါ့ရေးကို ဆွေးနွေးရန် အဆိုပြုထားသည်။ ဂျပန်၊ အိန္ဒိယ၊ အယ်လဂျီးရီးယား၊မိုရော့ကိုနှင့်ကျူနစ်ဇီးယားနိုင်ငံတို့သည်လည်း ဥရောပဘုံစျေးကို ချဉ်းကပ်နေကြသည်။ ဂရိနိုင်ငံသည်လည်း ၁၉၇၆ ခုနှစ်က ဥရောပဘုံစျေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ရာ ၁၉၇၈ ခုနှစ်ဦးပိုင်းတွင် လက်ခံဖွယ်ရာရှိ၏။ သို့ဖြစ်၍ ဂရိနိုင်ငံသည် ဒသမမြောက် ဘုံစျေးအဖွဲ့ဝင် နိုင်ငံဖြစ်ရန် အလားအလာ ကောင်းလျက်ရှိသည်။

ဥရောပ ဘုံစျေးအဖွဲ့တွင် ဘုံစျေးလွှတ်တော်၊ ဘုံစျေး ကော်မရှင်နှင့် ဝန်ကြီးများ ကောင်စီတို့သည် အဆင့်မြင့် အာဏာပိုင်အဖွဲ့အစည်းများ ဖြစ်ကြသည်။ ဘုံစျေး လွှတ်တော်တွင် အဖွဲ့ဝင် နိုင်ငံများမှ လွှတ်တော် အမတ်များ အချိုးကျ ပါဝင်သည်။ ဘုံစျေးကော်မရှင်တွင်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် တဦးကျစီ ပါဝင်သည်။

ဝန်ကြီးများကောင်စီတွင် အဖွဲ့ဝင် နိုင်ငံများမှ ဝန်ကြီး အဆင့်ရှိသူ ကိုယ်စားလှယ် တဦးကျစီ (အများအားဖြင့် နိုင်ငံခြားရေးဝန်ကြီး) ပါဝင်သည်။ ဝန်ကြီးများ ကောင်စီသည် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့် အခွင့်အာဏာ ရှိသည်။ လက်ရှိ ဘုံစျေး အဖွဲ့ ဝန်ကြီးများ ကောင်စီ၏ ဥက္ကဋ္ဌမှာ ဗဲလ်ဂျီယမ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဟင်နရီ ဆီမိုနက်ဖြစ်သည်။

ဥရောပ ဘုံစျေးအဖွဲ့၏ ဌာနချုပ်ကို ဗဲလ်ဂျီယမ်နိုင်ငံ ဗရပ်ဆဲ မြို့တွင် ဖွင့်လှစ်ထားရှိသည်။

ဥရောပဘုံစျေး အဖွဲ့၏ ရှေး အလားအလာ များမှာ အကယ်၍ ဂရိနိုင်ငံသည် ဘုံစျေးအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပါက ဘုံစျေးအဖွဲ့၏သြဇာသည် အရှေ့မြေထဲပင်လယ်ဒေသသို့တိုင် တိုးခဲ့လျှလာမည် ဖြစ်သည်။ ဘုံစျေး အဖွဲ့၏ စီးပွားရေးနှင့် ဒေကြေးသမဂ္ဂထူထောင်ရန်လိုအပ်သည့် လုပ်ဆောင်ဖွယ်ရာ များကိုလည်း ၁၉၈၀ ပြည့်နှစ်တွင် အပြီးသတ် လုပ်ဆောင် နိုင်ရန် လျာထားသည်။

ဥရောပဘုံအဖွဲ့။ ။ဥရောပဘုံအဖွဲ့ဆိုသည်မှာ ဥရောပ ဘုံစျေးအဖွဲ့၊ ဥရောပ ကျောက်မီးသွေးနှင့် သံမဏိအဖွဲ့၊ ဥရောပ အနုမြူစွမ်းအင်အဖွဲ့ဟူသည့် အဖွဲ့သုံးဖွဲ့ကို ပေါင်း စည်းထားသော ဘုံအဖွဲ့အစည်းတရပ် ဖြစ်သည်။ ဥရောပ ဘုံစျေးအဖွဲ့ကို ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ (ဥရောပဘုံစျေးအဖွဲ့ —ရှု။) ဥရောပကျောက်မီးသွေးနှင့် သံမဏိအဖွဲ့ကို ၁၉၅၂ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ (ဥရောပကျောက်မီးသွေးနှင့် သံမဏိအဖွဲ့—ရှု။) ဥရောပအနုမြူစွမ်းအင်အဖွဲ့ကို ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင် ဖွဲ့စည်း တည်ထောင်ခဲ့သည်။ (ဥရောပ အနုမြူစွမ်းအင်အဖွဲ့—ရှု။) ထို့နောက် ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ ယင်း အဖွဲ့သုံးဖွဲ့ကို စုစည်းကာ ဥရောပဘုံအဖွဲ့ဟူ၍ ခေါ်ဝေါ် ခဲ့သည်။ ထိုသို့ စုစည်းထားသော်လည်း မူလအဖွဲ့များကား သီးခြားရှိမြဲပင် ဖြစ်သည်။

ဥရောပဘုံအဖွဲ့တွင် ဝန်ကြီးများကောင်စီ၊ ကျွမ်းကျင်သူ ကော်မရှင်၊ ဥရောပ လွှတ်တော်နှင့် တရားရုံးဟူ၍ အမြဲ တမ်းအဖွဲ့အစည်း လေးခုရှိသည်။ ယင်းအမြဲတမ်း အဖွဲ့ အစည်းလေးခုတွင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ အချို့ကျ ပါဝင်ရသည်။

ဥရောပဘုံအဖွဲ့၏ ရည်ရွယ်ချက်များမှာ အဖွဲ့ဝင်နိုင်ငံ များ၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရန်၊ လူမှုရေးလုပ်ငန်း များတွင် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံရေးရာ ကိစ္စများတွင် ပူးပေါင်း ဆောင်ရွက်ရန်တို့ ဖြစ်သည်။

ဥရောပဘုံအဖွဲ့တွင် တင်းပြည့်အဖွဲ့ဝင် ကိုးနိုင်ငံပါရှိသည်။ ယင်းတို့မှာ ဗဲလ်ဂျီယမ်၊ ဒိန်းမတ်၊ ပြင်သစ်၊ အနောက် ဂျာမနီ၊ အိုင်ယာလန်၊ လူတလီ၊ လူဇင်ဗတ်၊ နယ်သာလန် နှင့် ဗြိတိန်နိုင်ငံတို့ဖြစ်သည်။ အဖွဲ့၏ ဌာနချုပ်ကိုလူဇင်ဘတ် နိုင်ငံ လူဇင်ဗတ်မြို့တွင် ထားရှိသည်။

ဥရောပလွတ်လပ်စွာကုန်သွယ်ရေးအသင်း။ ။၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နော်ဝေ၊ ဆွစ်ဇာလန်၊ ဒိန်းမတ်၊ဆွီဒင်၊ ပေါ်တူဂယ်၊ သြစတြီးယားနှင့် ဗြိတိန်နိုင်ငံ တို့သည် ဥရောပ စီးပွားရေးအဖွဲ့ (ဥရောပဘုံစျေး) နှင့် ဆက်သွယ်၍ ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေး ဒေသ တခုကိုဖန်တီးရန်အတွက် စာချုပ်တရပ် ချုပ်ဆိုခဲ့ကြသည်။ (ဥရောပဘုံစျေး — ရှု။)ယင်းစာချုပ်အရ ၁၉၆၀ ပြည့်နှစ် မေလ ၃ ရက်နေ့တွင် ဥရောပ လွတ်လပ်စွာ ကုန်သွယ်ရေး အသင်း (အီးအက်ဖတီအေ) ဟူ၍ ပေါ်ပေါက်လာပြီး အထက်ပါ နိုင်ငံ ခုနစ်နိုင်ငံတို့သည် အဖွဲ့ဝင်များအဖြစ်ပါဝင် ကြသည်။ ၁၉၆၁ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖင်လန် နိုင်ငံသည် ယင်းအသင်းနှင့် ပူးပေါင်းဆောင်ရွက်လာသည်။

ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအသင်း၏ ရည်ရွယ် ချက်မှာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အကောက်ခွန်မဲ့ လွတ် လပ်စွာ ကူးသန်းရောင်းဝယ် နိုင်ရေးပင် ဖြစ်သည်။ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍အဖွဲ့ဝင်နိုင်ငံ အချင်းချင်း အကောက်အခွန်မဲ့ ကူးသန်းရောင်းဝယ်ရေးကို စတင် အကောင်အထည်ဖော်ခဲ့သည်။သို့သော် အကောက်အခွန်မဲ့ ကူးသန်း ရောင်းဝယ်ရေးတွင် စက်မှုကုန်ပစ္စည်း များသာ အကျုံးဝင်၍ လယ်ယာကုန်ပစ္စည်းများ မပါဝင်ချေ။

ဥရောပလွတ်လပ်စွာ ကုန်သွယ်ရေးအသင်းတွင် အထွေ ထွေလုပ်ငန်းများကို စီမံခန့်ခွဲ ဆောင်ရွက်ရန်အတွက် ကောင်စီအဖွဲ့ ရှိသည်။ အဖွဲ့ဝင်နိုင်ငံတိုင်းမှ ကိုယ်စား လှယ်တဦးကျစီသည် ကောင်စီဥက္ကဋ္ဌအဖြစ် ခြောက်လ တကြိမ်အလှည့်ကျ ဆောင်ရွက်ရသည်။ ဥရောပ လွတ်လပ် စွာ ကုန်သွယ်ရေးအသင်း၏ ဌာနချုပ်ကို ဆွစ်ဇာလန် နိုင်ငံ ဂျီနီဗာမြို့တွင်ထားရှိသည်။

ဥရောပအနုမြူစွမ်းအင်အဖွဲ့။ ။၁၉၅၇ ခုနှစ် မတ်လ ၂၅ ရက်နေ့က လူတလီနိုင်ငံ ရောမမြို့တွင် ချုပ်ဆိုခဲ့သည့် စာချုပ်အရ ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင်

ဥရောပ အနုမြူစွမ်းအင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ အနုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ ပူးပေါင်း အသုံးချရေးပင် ဖြစ်၏။ အဖွဲ့သည် အနုမြူစွမ်းအင်ကို စစ်ရေးအတွက် အသုံးချရေး ဆောင်ရွက်ချက်များနှင့် လုံးဝ မပတ်သက်ပေ။ အဖွဲဝင်နိုင်ငံများအား အနုမြူစွမ်းအင်ကို စစ်ရေးကိစ္စတွင် အသုံးမပြုရန်လည်း ပိတ်ပင်တားမြစ်ထားသည်။

ဥရောပ အနုမြူစွမ်းအင် အဖွဲ့သည်ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုတို့မှ အနုမြူစွမ်းအင်အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူ စာချုပ်များ ချုပ်ဆိုထားသည်။ ဥရောပ အနုမြူစွမ်းအင်အဖွဲ့တွင် အဖွဲဝင်အဖြစ် ဗဲလ်ဂျီယမ်၊ ပြင်သစ်၊ နယ်သာလန်၊ အနောက်ဂျာမနီ၊ လူတလီနှင့် လူဇင်ဗတ် နိုင်ငံတို့ပါဝင်ပြီး အဖွဲ့၏ဌာနချုပ်ကို ဗဲလ်ဂျီယမ်နိုင်ငံ ဗရပ်ဆဲမြို့တွင် ထားရှိသည်။

ဥရောပ အနုမြူစွမ်းအင်အဖွဲ့၏ လက်အောက်တွင် အဖွဲဝင်ငါးဦး ပါဝင်သည့် ကော်မရှင်အဖွဲ့၊ အဖွဲဝင် ၂၀ ပါဝင်သည့် သိပ္ပံနှင့် စက်မှုကော်မတီ၊ အဖွဲဝင် ၁၀၁ ဦးပါဝင်သည့် စီးပွားရေးကော်မတီနှင့် အဖွဲဝင်ခြောက်ဦး ပါဝင်သည့် ဝန်ကြီးများကောင်စီတို့ ရှိသည်။ ဝန်ကြီးများကောင်စီသည် ဆုံးဖြတ်ချက် ချမှတ်နိုင်သော အာဏာပိုင်အဖွဲပင်ဖြစ်သည်။

ရောဝတီတိုင်း။ ။ပုသိမ်အရှေ့၊ ပုသိမ်အနောက်၊ သာပေါင်း၊ငပုတော၊ကျုံပျော်၊ရေကြည်၊ကျောင်းကုန်း၊ဟသ်ာတ၊ ဇလွန်၊လေးမျက်နှာ၊မြန်အောင်၊ကြံခင်း၊အင်္ဂပူ၊ မြောင်းမြ၊ အိမ်မဲ၊လပွတ္တာ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲဟူသော မြို့နယ် ၂၆ မြို့နယ်နှင့် ကျေးရွာအုပ်စု ၂,၁၂၉ ခုတို့ဖြင့် ပါဝင်ဖွဲ့စည်း ထားသည့် ရောဝတီတိုင်းသည် ၁၃,၅၆၇ စတုရန်းမိုင် ကျယ်ဝန်းပြီး တိုင်းအတွင်း လူဦးရေ လေးသန်းခွဲကျော် မှီတင်း နေထိုင်လျက်ရှိသည်။ အများစုမှာ ကရင်၊မြန်မာ တိုင်းရင်းသားများ ဖြစ်ကြသည်။ ပင်လယ်ကူးသဘော်ကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်သော ပုသိမ်မြို့မှာ ရောဝတီတိုင်း၏ တိုင်းမြို့တော်ဖြစ်သည်။

ရောဝတီတိုင်းတွင် စပါးတိုးထွက်ရေး စီမံကိန်းအရ စပါး(၁)နှင့် (၂) တို့ကို ချမှတ် အကောင်အထည် ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှု စရိတ်အသက်သာဆုံးဖြင့် စပါးပိုမိုထွက်ရှိရန် ဤစီမံကိန်းက ရည်ရွယ်သည်။ မြစ်ဝကျွန်းပေါ် အလယ်ပိုင်းဒေသနှင့် မြစ်ဝကျွန်းပေါ် အောက်ပိုင်းဒေသတို့သည် သဘာဝ အနေအထားချင်း မတူညီသည့်အတွက် စီမံကိန်းစပါး(၁)ကို ဝါးခယ်မ၊ လပွတ္တာ၊ ဖျာပုံ၊ ငပုတောနှင့် ဘိုကလေးမြို့နယ်များတွင်၎င်း၊ စီမံကိန်းစပါး(၂) ကို မအူပင်၊ ကျိုက်လတ်၊ ဘိုကလေး၊ လပွတ္တာနှင့် သန်လျင်မြို့နယ်များတွင်၎င်း အကောင်အထည် ဖော်ရန် ဖြစ်သည်။ မြစ်ဝကျွန်းပေါ် အလယ်ပိုင်းဒေသကို ကိုယ်စားပြုသည့် ဝါးခယ်မမြို့နယ် ရွှေလောင်းကျွန်း စီမံကိန်းတွင် စပါးစိုက်ပျိုးမှု တိုးတက်ရန်စိုက်မြေ ၃၀,၆၀၀ ဧကော၊ ပလပ်မြေ ၄,၄၀၀ ဧကနှင့် မြေရိုင်း ၃,၀၀၀ ဧကကို တိုးချဲ့စိုက်ပျိုးရန် ရည်ရွယ် ထားသည်။ မြစ်ဝကျွန်းပေါ် အောက်ပိုင်းဒေသကို ကိုယ်စားပြုသည့် ဖျာပုံမြို့နယ် ဇင်းဘောင်ကျွန်း စီမံကိန်းတွင် စပါးစိုက်ပျိုးမှုတိုးတက်ရန် စိုက်မြေ ၄,၂၀၀ ဧကနှင့် ပလပ်မြေ ၂,၉၀၀ ဧက အထိ တိုးတက်စိုက်ပျိုးရန် ဖြစ်သည်။



အယ်ဆာဗာဒိုသမ္မတနိုင်ငံ။ ။အယ်ဆာဗာဒို နိုင်ငံသည် လွတ်လပ်သော အမေရိကတိုက် အလယ်ပိုင်းနိုင်ငံတနိုင်ငံဖြစ်၍ ဂွာတီမာလာ၊ ဟွန်ဒူးရပ်နှင့် မိုင် ၁၆၀ မျှရှိသော ပစိဖိတ် ကမ်းခြေတို့က ဝိုင်းရံလျက်ရှိသည်။အကျယ်အဝန်းမှာ ၇,၂၆၀ စတုရန်းမိုင် ဖြစ်ပြီး ၁၉၇၆ ခုနှစ်ခန့်မှန်းခြေအရ လူဦးရေ ၄,၁၂၀,၀၀၀ ရှိသည်။ မြို့တော်မှာ စန်ဆာဗာဒိုမြို့ဖြစ်သည်။



စပိန်ဘာသာစကားကို သုံးစွဲကြသည်။ဘာသာရေးတွင် ရိုမင်ကက်သလစ်ဘာသာဝင်များကအများစုဖြစ်လေသည်။

ကော်ဖီကို အကြီးအကျယ် စိုက်ပျိုးပေရာ ကမ္ဘာ့ အဋ္ဌမမြောက် ကော်ဖီအထွက်ဆုံးနှင့် အများအပြားတင်ပို့ရာနိုင်ငံဖြစ်လေသည်။

၁၆ ရာစုနှစ်မှ စ၍ ၁၈၂၁ ခုနှစ်သို့တိုင်အောင် အယ်ဆာဗာဒိုနိုင်ငံအား စပိန်တို့က အုပ်စိုးခဲ့လေသည်။ ၁၈၂၁ ခုနှစ်သို့ ရောက်မှ အလယ်ပိုင်း အမေရိကန် ပြည်နယ်များ အဖွဲ့အစည်းဝင်နိုင်ငံဖြစ်လာသည်။ ၁၈၃၉ ခုနှစ်၌ လွတ်လပ်ရေးရရှိခဲ့သည်။ ၁၉၄၈ ခုနှစ် တော်လှန်ရေး ပြီးဆုံးပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ၁၉၅၀ ပြည့်နှစ်တွင်ပြဋ္ဌာန်းလေသည်။

၁၉၆၉ ခုနှစ် ဇူလိုင်လတွင် ဟွန်ဒူးရပ် နိုင်ငံတွင်းသို့ ဆာဗာဒိုနိုင်ငံသား အလုပ်သမားများနှင့် အခြားသူများ သုံးသိန်းမျှ ရောက်ရှိနေမှုနှင့်ပတ်သက်ပြီး အငြင်း ပွားကြရာမှ နှစ်နိုင်ငံစစ်မက်ဖြစ်ပွားခဲ့ကြရာ လူပေါင်း ၂၀၀၀ မျှ သေဆုံးရလေသည်။

၁၉၇၇ ခုနှစ် ဖေဖွာရီလ ၂၀ ရက်နေ့က ရွေးချယ်တင်မြှောက်လိုက်သောသမ္မတသစ်မှာ ဗိုလ်ချုပ်ကြီးကာလိုစ် ဟမ်ဘာတိုရိမီရို ဖြစ်သည်။

၁၉၇၇ ခု ဇူလိုင်လ ၁ ရက်နေ့တွင်သမ္မတဖြစ်လာသော ကာလိုစ်ဟမ်ဘာတိုရိမီရိုသည် ဇူလိုင်လဆန်းတွင် ဝန်ကြီးအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့လေသည်။

ထိုအချိန်တွင် ဇူလိုင်လ ၂၀ ရက်နေ့အတွင်း နိုင်ငံမှ ထွက်ခွာသွားရန် အကယ်၍ မထွက်ခွာပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်း ခံခဲ့ကြရသောဘုန်းတော်ကြီး ၄၇ ပါးအား အစိုးရက ထိန်းသိမ်းထားခဲ့လေသည်။ ဂျီးဆပ် အသင်း၏ အကြီးအမှူးချုပ် ဖြစ်သော ဘုန်းတော်ကြီး ပီဒရိုအာရုပီသည် ဩဂုတ်လတွင် လက်တင်အမေရိကနိုင်ငံများသို့ သွား

ရောဝတီတိုင်း

ရောဝတီတိုင်းတွင် ရေလမ်းခရီးသည် အဓိက လမ်းပန်းဆက်သွယ်ရေး ဖြစ်သည်။ မီးရထားလမ်းဟူ၍ ကြုံခင်း၊ ဟသ်ာတ၊ပုသိမ် တလမ်းသာရှိ၏။ မြစ်ခွဲ ချောင်းခွဲများစွာရှိသဖြင့် တံတားများလည်း လိုအပ်လျက်ရှိရာ ပုသိမ်နှင့် ဟသ်ာတကြား ဓားကမြစ်ကို ဖြတ်၍ အရှည် ပေ ၅၀၀ ရှိကြိုတင်အားဖြည့် သံကူကွန်ကရိအမျိုးအစား တံတားတခုကို ၁၉၇၈ ခုနှစ်မှ စတင်တည်ဆောက်လျက်ရှိသည်။ ယင်းတံတားအတွက် ကျပ် ၈၂ သိန်းကုန်ကျမည်ဖြစ်ပြီး ၁၉၈၂ ခုနှစ်တွင် ပြီးစီးမည် ဟု ခန့်မှန်းထားသည်။ မြစ်ချောင်းအင်းအိုင်ပေါများသည့်ပြင် ပင်လယ်နှင့် ကပ်လျက်တည်ရှိသောကြောင့် တိုင်းအတွင်း ရေချို၊ ရေငန် ငါးဖမ်းလုပ်ငန်းကိုလည်း ပုဂ္ဂလိကသာမက သမဝါယမများကပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။

ပန်းတနော်မြို့နယ်မှ တော်တရကြီးအင်း၊ မအူပင်မြို့နယ်မှ မိုးမခအင်းနှင့် ကျုံပျော်မြို့နယ်မှ အင်းရဲကြီးအင်းတို့မှာ ရောဝတီတိုင်းအတွင်း ထင်ရှားဆုံး အင်းများဖြစ်သည်။

ရောဝတီတိုင်းအတွက် ဒေသကောလိပ်ကို ပုသိမ်မြို့တွင် ၁၉၇၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၇၈ ခုနှစ်တွင် ဟသ်ာတမြို့၌ ဒေသကောလိပ် တခု ထပ်မံ ဖွင့်လှစ်ပေးခဲ့လေသည်။



ပုသိမ်မြို့ အရှေ့မြို့နယ် ဘဲဂရက် အမှတ် ၂ စပါးဒိုင်မှ စပါးများကို အမိုးအကာအောက် အမြန်ရောက်ရှိရန် သယ်ပိုးလုပ်အားပေးနေသော လူငယ်များ

ရောက်လည်ပတ်ခဲ့လေသည်။ သို့သော် သူ၏ ခရီးစဉ်တွင် အယ်ဆာဗာဒိုနိုင်ငံ မပါဝင်ခဲ့ပေ။

လတ်တလောတွင် အယ်ဆာဗာဒို နိုင်ငံတွင်း၌ ဘုန်းတော်ကြီးများကို ဖမ်းဆီးထိန်းသိမ်းခြင်း ညှဉ်းပန်းခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်း စသည်တို့ကို ကန့်ကွက် ဆန္ဒပြသည့် အနေနှင့် စန်ဆာဗာဒိုဂိုဏ်းအုပ် ဘုန်းတော်ကြီးအော်စကာ ရိုမီယိုနှင့် အခြားဂိုဏ်းအုပ်များသည် ဇူလိုင်လ ၁ ရက်နေ့က ကျင်းပသော သမ္မတရိုမီရိုရာထူး လက်ခံသည့်အခမ်းအနားကို မတက်ရောက်ကြပဲ သပိတ်မှောက်ခဲ့ကြလေသည်။

ဩစတြေးလီးယားနိုင်ငံ။ ။ကမ္ဘာပေါ်ရှိ တိုက်ကြီးခြောက်တိုက်အနက်အငယ်ဆုံးဖြစ်သည့် ဩစတြေးလီးယားတိုက်သည် ၂,၉၆၅,၃၆၈ စတုရန်းမိုင် ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၁၄,၀၇၀,၀၀၀ ရှိသည်။



ဩစတြေးလီးယားတိုက်သည် ကမ္ဘာပေါ်တွင် စက်မှုလက်မှု လုပ်ငန်း အထွန်းကားဆုံးနိုင်ငံများအနက် တနိုင်ငံ အပါအဝင်ဖြစ်သည်သာမက ဩစတြေးလီးယားတိုက်အမျိုးသား ဝင်ငွေ၏ ၅၀ ရာနှုန်းကိုလည်း လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ ရရှိခဲ့သည်။

ဗြိတိသျှ ကိုလိုနီလက်အောက်ခံ နယ်ပယ် ဖြစ်ခဲ့သော ဩစတြေးလီးယားတိုက်သည် ၁၉၃၁ ခုနှစ်မှစ၍ ဗြိတိသျှ ဓနသဟာယအဖွဲ့ဝင် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော နိုင်ငံဖြစ်လာသည်။ သို့သော် နိုင်ငံ အကြီးအကဲ ဥသျှောင်အဖြစ် ဗြိတိသျှဘုရင်မကိုယ်စား ဘုရင်ခံချုပ်ကို ထားရှိပြီး အစိုးရအဖွဲ့ကိုမူ ပြည်သူတို့က ရွေးကောက် တင်မြှောက်၍ ဖွဲ့စည်းသည်။

ဩစတြေးလီးယားနိုင်ငံသည် ပါတီစုံစနစ်ကျင့်သုံးသော နိုင်ငံဖြစ်သည်။ အဓိက နိုင်ငံရေးပါတီများမှာ လေဘာပါတီ၊ လစ်ဗရယ်ပါတီ၊ ကန်ထရီပါတီနှင့် ဒီမိုကရက်တစ် လေဘာပါတီတို့ ဖြစ်သည်။ ပါလီမန်တွင် လစ်ဗရယ်နှင့် ကန်ထရီပါတီတို့သည် မဟာမိတ်ညွှန့်ပေါင်း ဖွဲ့ထားသည်။ ကွန်မြူနစ်ပါတီ ဖွဲ့စည်းတည်ရှိခွင့်ကိုမူ ၁၉၅၁ ခုနှစ် က ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ ပိတ်ပင်ခဲ့သည်။

၁၉၇၅ ခုနှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ် ဝှစ်တလမ် အစိုးရသည် ရသုံးမှန်းခြေဘတ်ဂျက်ကို အတည်ပြုရန် အောက်လွှတ်တော်သို့ တင်သွင်းရာ လက်ခံအတည်ပြုခဲ့သည်။ အထက်လွှတ်တော်သို့ ဆက်လက် တင်ပြရာတွင် အထက်လွှတ်တော်ဂွာ အတည်ပြုရန် ရွှေ့ဆိုင်း ထားခဲ့သည့် အတွက် ဘုရင်ခံချုပ်က ဝန်ကြီးချုပ်သည် ဘတ်ဂျက်ကို ပါလီမန်မှ ခွင့်ပြုချက် ရအောင် မဆောင်ရွက်နိုင်သဖြင့် ဩစတြေးလီးယား နိုင်ငံတွင် နိုင်ငံရေး အကျပ်အတည်း ပေါ်ပေါက်ခဲ့ရသည့်ပြင် ဒီမိုကရေစီကျပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်ညီညွတ်သော ဖြေရှင်းချက်ကို မလုပ်ဆောင်နိုင်သောကြောင့် တိုင်းပြည်ကို အုပ်ချုပ်နိုင်စွမ်း မရှိဟူ၍ အကြောင်းပြကာ ဂေါ့ဝှစ်တလမ်ကို ဝန်ကြီးချုပ် ရာထူးမှ ထုတ်ပယ်ခဲ့သည်။ အထွေထွေရွေးကောက်ပွဲကို ၁၉၇၅ ခု ဒီဇင်ဘာလတွင် ပြန်လည်ကျင်းပရာ အထက် လွှတ်တော်၊ အောက်လွှတ်တော် နှစ်ရပ်စလုံးတွင် လစ်ဗရယ် ကန်ထရီ ညွှန့်ပေါင်းအဖွဲ့က အများစု ရွေးကောက်ခြင်းခံရပြီး လစ်ဗရယ်ပါတီခေါင်းဆောင် မဲလ်ကွန်ဖရေဇာ ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

ဖရေဇာအစိုးရ တက်လာချိန်တွင် ဩစတြေးလီးယား နိုင်ငံသည် စီးပွားရေးအကျပ်အတည်း၊ ငွေကြေးဖောင်းပွမှု၊ ကုန်စျေးနှုန်း မြင့်တင်မှု၊ အလုပ်လက်မဲ့များ တိုးပွားလာမှု တို့ကို ရင်ဆိုင်ရခြင်းကြောင့် ပြည်သူလူထုသည် အစိုးရ အဖွဲ့အပေါ် ယုံကြည်ကိုးစားမှု နည်းပါး လာလေသည်။ ထို့ကြောင့် လစ်ဗရယ်ကန်ထရီ အစိုးရသည် ပါလီမန်ကို ဖျက်သိမ်းကာ တနှစ်စောပြီးရွေးကောက်ပွဲပြန်လည်ကျင်းပသည်။ လစ်ဗရယ်ကန်ထရီအစိုးရအဖွဲ့ပင် ဆက်လက်အနိုင်ရရှိသဖြင့် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်အစိုးရ အဖွဲ့သစ် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့လေသည်။ ရွေးကောက်ပွဲတွင် လေဘာပါတီသည် ထပ်မံအရေးနိမ့်သဖြင့် ဂေါ့ဝှစ်တလမ်သည် ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သွားရာ လေဘာပါတီ ခေါင်းဆောင်သစ်အဖြစ် ငွေတိုက် ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူဂျော့ဝီလျံမေဟဒင်ကိုခေါင်းဆောင် အဖြစ် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ရွေးချယ် တင်မြှောက်လိုက်ခဲ့လေသည်။

အိုမန်နိုင်ငံ။ ။အိုမန်နိုင်ငံသည် အာရေဗျကျွန်းဆွယ်၏ အရှေ့တောင်ဖက်စွန်းတွင် တည်ရှိပြီး ယေမင် ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် အရှေ့ဖက် နယ်နိမိတ်ချင်း စပ်လျက် ရှိသည်။ စတုရန်း မိုင်ပေါင်း ၈၂,၀၀၀ ခန့် ကျယ်ဝန်းသည်။၁၉၇၇ ခုနှစ် ကုလသမဂ္ဂ၏ ခန့်မှန်းချက် အရ လူဦး



ရေ ဂ၂၀,၀၀၀ ရှိပြီး အများစုမှာ အာရပ်အမျိုးသားများ ဖြစ်သည်။ အိန္ဒိယ၊ ဗလူချီ၊ နီဂရိုးစသည့် လူမျိုးများလည်း နေထိုင်ကြသည်။ လူများစုသည် အစွလမ်ဘာသာကို ကိုးကွယ်ကြပြီး အာရေဗျ ဘာသာ စကားကိုပြောဆိုကြသည်။

အိုမန်နိုင်ငံသည် စူလတန် ဘုရင် အုပ်ချုပ်သော နိုင်ငံဖြစ်ပြီး မူလက မတ်စကတ်နှင့် အိုမန် ဟူသော အမည်ဖြင့် လူသိများခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အိုမန်နိုင်ငံ၏ အကြီးအကဲ စူလတန်ဘုရင် ဆက်ဗင်တိုင်မူ၏ လက်မှ သားဖြစ်သူ ကဗတ်ဗင်ဆက်က အာဏာသိမ်းယူခဲ့သည်။ စူလတန် ဘုရင်သစ် ကဗတ်ဗင်ဆက်သည် နိုင်ငံကို မတ်စကတ်နှင့် အိုမန်နိုင်ငံဟူသော အမည်မှ အိုမန် ဘုရင့် နိုင်ငံတော် ဟူသော အမည်သို့ ပြောင်းလဲခဲ့သည်။ ကဗတ်ဗင်ဆက်၏ လက်ထက်တွင် နိုင်ငံတွင်း၌ လက်ဝဲပြောက်ကျားများ ပုန်ကန်ထကြွရာ အီရန်နိုင်ငံမှလူနှင့် လက်နက် အကူအညီများရယူပြီး ပုန်ကန်သူများကို နှိမ်နင်းခဲ့ရသည်။

အိုမန်နိုင်ငံတွင် ၁၉၆၄ ခုနှစ်မှစ၍ ရေနံကိုရှာဖွေတွေ့ရှိခဲ့ပြီး ၁၉၆၇ ခုနှစ်မှစ၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။ ယခုအခါ အိုမန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံအများဆုံး ထုတ်လုပ်သော နိုင်ငံများ စာရင်း၌ နံပတ် ၁၇ နေရာတွင် ရှိသည်။ အခြားထင်ရှားသော ထုတ်ကုန်များမှာ ငါးခြောက်၊ သံပုရာသီး၊ သလဲသီး၊ ငှက်ပျောသီး ကျုံ၊ အုန်းသီးစသည့် စားကုန်များ ဖြစ်သည်။

အိုမန်နိုင်ငံသည် ကမ္ဘာ့ကုလ သမဂ္ဂအဖွဲ့နှင့် အာရပ်အဖွဲ့ချုပ်တို့တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်။ မြို့တော်မှာ မတ်စကတ်မြို့ ဖြစ်သည်။



ဂျပန်နိုင်ငံ ဝန်ကြီးချုပ် အိုဟီရာ

အိုဟီရာ သည် ၁၉၅၂ ခုနှစ်တွင် ဂျပန်ပါလီမန်အောက်လွှတ်တော် အမတ်အဖြစ် ရွေးကောက်တင်မြောက်ခြင်း ခံရပြီး နောက် ကိုးကြိမ် ဆက်တိုက်ပင် လွှတ်တော် အမတ်ဖြစ် လာ သည်။ ၁၉၇၉ ခုနှစ် ဇွန်လမှ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ အထိ အောက်လွှတ်တော် ပညာရေးကော်မတီ နာယကအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၆၀ ပြည့်ဇူလိုင်လမှ ၁၉၆၂ ခုနှစ်ဇူလိုင်လအထိ ဝန်ကြီးချုပ် အီကေဒါ၏ အစိုးရအဖွဲ့တွင် အတွင်းဝန်ချုပ်ရာထူးတွင် ထမ်းဆောင်ခဲ့သည်။ ၁၉၆၂ ခု ဇူလိုင်လမှ ၁၉၆၄ ခုနှစ် ဇူလိုင်လအထိ ယင်းအစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာလေသည်။

မစ္စတာ အိုဟီရာသည် ၁၉၆၇ ခုနှစ် နိုဝင်ဘာလမှ ၁၉၆၈ ခုနှစ် နိုဝင်ဘာလအထိ ဂျပန်နိုင်ငံ လစ်ဗရယ်ဒီမိုကရက်တစ်ပါတီ၌ ပေါ်လစီရေးရာ သုတေသနကောင်စီ၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၆၈ ခုနှစ် နိုဝင်ဘာလမှ ၁၉၇၀ ပြည့်နှစ် ဇန္နဝါရီလအထိ ဝန်ကြီးချုပ်ဆာတို့၏ အစိုးရအဖွဲ့တွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့်စက်မှုလက်မှုလုပ်ငန်းဌာန ဝန်ကြီးဖြစ်လာသည်။

တဖန် ၁၉၇၂ ခုနှစ် ဇူလိုင်လမှ ၁၉၇၄ ခုနှစ် ဇူလိုင်လအထိ တာနာကာ အစိုးရ အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီး အဖြစ်ဖြင့်ထမ်းဆောင်ခဲ့ပြီး ၁၉၇၄ ခု ဇူလိုင်လမှ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလအထိ ယင်းအစိုးရအဖွဲ့တွင်ပင် ဘဏ္ဍာရေးဝန်ကြီးဖြစ်လာခဲ့သည်။ ၁၉၇၄ ခု ဒီဇင်ဘာလမှ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလအထိ အသစ်တက်လာသော ဝန်ကြီးချုပ် မိကီ၏ အစိုးရ အဖွဲ့တွင်ဆက်လက်၍ ဘဏ္ဍာရေးဝန်ကြီးတာဝန် ထမ်းဆောင်ရလေသည်။

ထိုနောက် မစ္စတာအိုဟီရာသည် ၁၉၇၆ ခုနှစ်ဒီဇင်ဘာလမှ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလဆန်းအထိ အစိုးရအဖွဲ့ဝင်အဖြစ် မပါဝင်တော့ပဲ လစ်ဗရယ်ဒီမိုကရက်တစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်သာ ပါတီလုပ်ငန်းကို အချိန်ပြည့် လုပ်ကိုင်နေခဲ့သည်။ ထိုနောက် အိုဟီရာသည် ပါတီရွေးကောက်ပွဲတွင် အနိုင်ရရှိကာ ယင်းပါတီ၏ ဥက္ကဋ္ဌဖြစ်လာလေသည်။

အိုဟီရာ, မာဆာယိုရှိ (ခရစ် ၁၉၁၀ ပြည့်ဖွား)။ ။ ဂျပန်နိုင်ငံ လက်ရှိ ဝန်ကြီးချုပ်အိုဟီရာသည် ကာဂါဝါခရိုင် မီတိုယိုဂွန်းနယ်၊ တိုယိုဟာမာချိုမြို့၌ ၁၉၁၀ ပြည့်နှစ် မတ်လ ၁၂ ရက်နေ့တွင်ဖွားမြင်ခဲ့သည်။ ယခု ဟီတိုဆူဘာရှိ တက္ကသိုလ်ဟု ထင်ရှားသော တိုကျိုကူးသန်းရောင်းဝယ်ရေးကောလိပ်မှ ၁၉၃၆ ခုနှစ်က ဘွဲ့ရခဲ့ပြီးလျှင် ထိုနှစ်တွင်ပင် ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၌ အလုပ်ဝင်ရောက်လုပ်ကိုင်သည်။

ထို့နောက် အိုဟီရာသည် ယိုကိုဟားမားအကောက်ခွန်ရုံးအုပ်အဖြစ်၎င်း၊ ဆင်ဒိုင်အကောက်ခွန် ကြီးကြပ်ရေးဗျူရိုနှင့် တိုကျိုဘဏ္ဍာရေးဗျူရို ညွှန်ကြားရေးမှူး အဖြစ်၎င်း၊ ဂျပန်စီးပွားရေး တည်ငြိမ်မှုဘုတ်အဖွဲ့၏ ပြည်သူ့ လုပ်ငန်းဌာနခွဲညွှန်ကြားရေးမှူးအဖြစ်၎င်း၊ ဂျပန်ဘဏ္ဍာရေးဝန်ကြီး၏အတွင်းရေးအတွင်းဝန်အဖြစ်၎င်းဆောင်ရွက်ခဲ့လေသည်။

အိုဟီရာ လစ်ဗရယ်ဒီမိုကရက် ပါတီဥက္ကဋ္ဌဖြစ်လာသော အခါ ပါတီဥက္ကဋ္ဌဟောင်း ဝန်ကြီးချုပ် ဖူကူဒါက ဝန်ကြီး ချုပ်ရာထူးမှနုတ်ထွက်လိုက်သဖြင့် အိုဟီရာသည် ဂျပန်နိုင်ငံ၏ဝန်ကြီးချုပ်ရာထူးကို ဆက်ခံရရှိလေသည်။ ၁၉၇၀ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှစ၍ ဂျပန်နိုင်ငံဝန်ကြီးချုပ်ရာထူး တွင် ထမ်းဆောင်ခဲ့သော အိုဟီရာသည် ရာထူးရချိန်တွင် အသက် ၆၈ နှစ်ကျော်ပြီ ဖြစ်သည်။

အိုဟီရာသည် ၁၉၅၄ ခုနှစ်တွင် ဂျပန်ဘာသာဖြင့် ဆူဂါဝိုနိုဒိုင်ဂီရှိခေါ် ပါလီမန်အမတ်အကြောင်း စာအုပ်ကိုရင်း၊ ၁၉၅၆ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် အစိုးရဘဏ္ဍာရေး အတွေးအမြင်များ စာအုပ်ကိုရင်း ရေးသား ထုတ်ဝေခဲ့ လေသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ။ ။အရွှေတောင် အာရှမှ အင်ဒိုနီးရှားသမ္မတနိုင်ငံသည် စတုရန်းမိုင်ပေါင်း ၇၄၄,၀၀၀ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၁၄၃,၂၀၀,၀၀၀ ရှိသည်။ မြို့တော်မှာ ဂျာကာတာမြို့ ဖြစ်သည်။



သမ္မတ ဆူဟာတို့သည် မလေးရှား ဆန့်ကျင်ရေးဝါဒကို ၁၉၆၆ ခုနှစ် ဩဂုတ်လတွင် တရားဝင်အဆုံးသတ်ခဲ့ပြီး ၁၉၆၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် အင်ဒိုနီးရှားနှင့် မလေးရှား အချိန်ပြည့် သံတမန် ဆက်သွယ်မှု ပြုခဲ့သည်။ထို့နောက် ၁၉၇၀ ခုနှစ် မေလ ၁၇ ရက်နေ့တွင် သမ္မတ ဆူဟာတိုသည် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် သွားရောက်ကာ မလေးရှား ဝန်ကြီးချုပ် ဒါတုတ်ဟူစိန်အုန်းနှင့် နှစ်နိုင်ငံအကျိုး စီးပွားရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

၁၉၇၀ ခု မေလ ၁၀ ရက်နေ့တွင် အင်ဒိုနီးရှား နိုင်ငံအမျိုးသားလုံခြုံရေးတပ်ဖွဲ့၏ ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ် ဒါယတ်မိုအား အင်ဒိုနီးရှားလွှတ်တော်ဥက္ကဋ္ဌအဖြစ် အင်ဒိုနီးရှား လွှတ်တော်က တညီတညွတ်တည်း ရွေးချယ် တင်မြှောက်ခဲ့လေသည်။

အင်ဒိုနီးရှားနိုင်ငံသည် အထူးသဖြင့် ရေနံထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန် ကြိုးစားခဲ့သည်။ ရေနံတင်ပို့ ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)သည် ယင်း၏အဖွဲ့ဝင် နိုင်ငံများအား ရေနံလျှော့ထုတ်ရန် မေတ္တာရပ်ခံခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံ သတ္တုတွင်းဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာ ဆူဟရိုတို့က အင်ဒိုနီးရှားအနေဖြင့် ရေနံထုတ်လုပ်မှုကို လျှော့ချမည်မဟုတ်ကြောင်း ၁၉၇၈ ခုနှစ် မေလ ၂၆ ရက်နေ့က ကြေငြာချက်တရပ် ထုတ်ပြန်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ရေနံရှာဖွေရေး လုပ်ငန်း အခြေအနေမှာ အဲ့သြလောက်အောင် တိုးတက်လာခဲ့သည် ဟု ဆိုသည်။ ၁၉၇၈ ခုနှစ် ပထမ ငါးလအတွင်း ဒေါ်လာသန်းပေါင်း ၂၆၀ အထိ ရေနံလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏အသုံးစရိတ် ၅၅ ရာခိုင်နှုန်းကို ရေနံမှ ရရှိသဖြင့် ရေနံသည် နိုင်ငံဝင်ငွေတွင် အဓိကကျသော စီးပွားရေးလုပ်ငန်းဖြစ်သည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိ ရေနံသုံးစွဲမှုအခြေအနေအရ လာမည့် ၁၄ နှစ်ကာလ အတွင်း အင်ဒိုနီးရှားနိုင်ငံသည် ရေနံတင်ပို့ရောင်းချနေသည့် နိုင်ငံအဖြစ်မှ ရေနံဝယ်ယူသုံးစွဲနေရသည့် နိုင်ငံအဖြစ် ရောက်သွားနိုင်ကြောင်း သုတေသနနှင့် နည်းပညာဆိုင်ရာ ဝန်ကြီးက လွှတ်တော်သို့ တင်ပြခဲ့သည်။ ပြည်တွင်းရေနံသုံးစွဲမှုမှာ ၁၉၇၂ ခုနှစ်တွင် စည်ပေါင်း သန်း ငါးဆယ် သုံးစွဲခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် စည်ပေါင်း ၆၁၅.၄ သန်းခန့် တိုးတက် သုံးစွဲလာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ တတိယငါးနှစ် စီမံကိန်း ကာလတွင် အင်ဒိုနီးရှား နိုင်ငံထွက်ကုန်များတွင်



အင်ဒိုနီးရှားနိုင်ငံ တောနက်ကြိုးများအတွင်း ရေနံတူးဖော်ရန် ပြင်ဆင် နေသော ပညာရှင် အုပ်စုများ

ရေနံတင်ပို့ရောင်းချခြင်းထက် ရေနံမဟုတ်သည့် ကုန်ပစ္စည်းများ တင်ပို့ရောင်းချရေးကို တိုးမြှင့်ရန် ကြိုးပမ်းကြမည်ဟု ဆိုကြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဘိလပ်မြေထုတ်လုပ်မှု စံချိန်ကိုလည်း မြှင့်တင်နိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဘိလပ်မြေထုတ်လုပ်သောကုမ္ပဏီငါးခုသည် ထိုင်းနိုင်ငံသို့ ဘိလပ်မြေတန်ချိန် ငါးသောင်းရောင်းချရန် စာချုပ်တခုကို ၁၉၇၈ ခုနှစ် စက်တင်ဘာလအတွင်း ချုပ်ဆိုခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံနှင့် ကျွမ်းကျင်မှုပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံမှ ပါရဂူများ ပါဝင်သောပူးတဲ့ လုပ်ငန်းအဖွဲ့သည် ၁၉၇၈ ခုနှစ် ဇွန်လအတွင်းက ဂျကာတာမြို့၌ ဆွေးနွေးခဲ့ကြသည်။

ပေါ်တူဂယ် ကိုလိုနီဟောင်းဖြစ်သော အရှေ့တီမောသို့ ပြည်သူလူထုသွားလာ လည်ပတ်နိုင်ရန် အင်ဒိုနီးရှားအစိုးရက လမ်းဖွင့်ပေးခဲ့သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံသည် ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှစ၍အင်ဒိုနီးရှားနိုင်ငံသုံး ရူပီးယားငွေတန်ဖိုးကို ၅၀ ရာခိုင်နှုန်းလျှော့ချခဲ့လေသည်။ ထိုသို့ချလိုက်ခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုဝင်ရောက်လာပြီး ကမ္ဘာလှည့်ခရီးသည် လုပ်ငန်း ထွန်းကားတိုးတက်မည်ဟု အာဏာပိုင်များက မျှော်လင့်တားခဲ့သည်။ သို့သော် ယင်းသို့ ငွေတန်ဖိုးချပြီးနောက် အင်ဒိုနီးရှားတွင် အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လာမှုကို ရင်ဆိုင်ခဲ့ရလေသည်။ ထို့ကြောင့် ကုန်ဈေးနှုန်း မြင့်တင်သည့် ကုန်သည်နှင့် စီးပွားရေး လုပ်ငန်းရှင်များကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် အပြစ်ပေးမည်ဟု အမျိုးသား လုံခြုံရေးအဖွဲ့ အကြီးအကဲရေတပ်ဗိုလ်ချုပ်ဆူဒိုမိုကကြေငြာခဲ့ရလေသည်။

ဤသို့ရူပီးယားငွေတန်ဖိုးချလိုက်ခြင်းသည် ပြည်တွင်းရှိ အလုပ်လက်မဲ့များ နိုင်ငံခြားသို့ သွားရောက် လုပ်ကိုင်လိုစိတ်များပြားလာဖွယ်ရာရှိသဖြင့် အလုပ်လက်မဲ့ဦးရေလျော့လာနိုင်ကြောင်း လူအင်အားဝန်ကြီးဌာနဝန်ကြီး ဟာရွန် ဇိန်းက ပြောကြားခဲ့သည်။ လက်ရှိ အခြေအနေတွင် အင်ဒိုနီးရှားနိုင်ငံ၌ အလုပ်လက်မဲ့လေးသန်းနီးပါးရှိလေသည်။

အင်ဒိုနီးရှားနိုင်ငံ၏ တတိယငါးနှစ်စီမံကိန်းကို လာမည့် ၁၉၇၉ ခုနှစ် ဧပြီလတွင် စတင် အကောင်အထည်ဖော်မည် ဖြစ်ပေသည်။



နိုင်ငံတော်ကောင်စီဝင် ဦးအောင်ဒင်

အောင်ဒင်၊ ဦး၊ နိုင်ငံတော် ကောင်စီဝင် (ခရစ် ၁၉၁၀–၁၉၇၈)။ ။ဦးအောင်ဒင်သည် ပြည်ခရိုင် ထုံးဘို ရွာ ဇာတိဖြစ်ပြီး အဖဦးစော်ဘွား၊ အမိဒေါ်သဲတို့မှ ခရစ် သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်တွင် ဖွားမြင်သည်။ ငယ်စဉ်ကပင် ပညာထူးချွန်သဖြင့် လေး တန်း မှ စစ် တက္ကသိုလ် တိုင် အောင် စ ကော လားရှစ်ဆုများ ချီးမြှင့်ခြင်း ခံရသည်။ သို့သော် ၁၉၂၀ပြည့် နှစ်တွင် အမျိုးသား ပညာ ရေး တည် ဆောက်ရေးအတွက် ရန်ကုန် တက္ကသိုလ် သပိတ်မှောက် လှုပ် ရှားမှုကြီး ဖြစ်ပွားခဲ့ ရာ သပိတ်မှောက် ခေါင်း ဆောင် ၁၁ ဦးတွင် ဦးအောင်ဒင်သည်လည်း တဦးအပါအဝင်ဖြစ်သဖြင့် သစ္စာဆိုထားကြသည့်အတိုင်း ဦးဘဦး၊ ဦးဘခင်၊ ဗိုလ်မှူးဖိုး ကွန်းတို့နည်းတူ ရန်ကုန်တက္ကသိုလ်သို့ လုံးဝ ကျောင်းပြန် မတက်သူဖြစ်သည်။ သပိတ်မှောက်ကာလတွင် ဗဟန်းရပ် ဦးအရိယကျောင်းဝင်းသို့ ဖိနပ်စီးပြီးဝင်လာသော ရန်ကုန် တက္ကသိုလ်ကျောင်းအုပ်ကြီး မက်သယူးအန်းတား အပြု အမူကို အကြောင်းပြု၍ ရှေတိဂုံစေတီတော်တွင် ရှိသော ဥရောပတိုက်သားများမှတပါး မည်သူမျှ ဖိနပ်မစီးရဟူသည့် ဆိုင်းဘုတ်ကို သူငယ်ချင်း ကိုလှနှင့်အတူ ဖြုတ်ချပြီး မည်သူမျှဖိနပ်မစီးရ ဟူသော ဆိုင်းဘုတ် ကို ပြောင်း တပ် ခဲ့ သူ ဖြစ်သည်။

ထိုနောက် ဦးအောင်ဒင်သည် တရားရုံးချုပ်တွင် တာဝန်ထမ်းဆောင်၍ ၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း နယ်ခဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့သည့်ပြင် ဒို့ဗမာအစည်းအရုံးအတွက် ကူညီဆောင်ရွက်ပေးခဲ့သည်။

ဦးအောင်ဒင်သည် စစ်မဖြစ်မီက ရန်ကုန်အနောက်ပိုင်းလှည်းတန်းတွင် နေထိုင်ခဲ့ရာ ၎င်း၏နေအိမ်သည် ရဲဘော်သုံးကျိပ် နိုင်ငံခြားသို့ သွားရောက်ရာတွင် ခေတ္တစောင့်ဆိုင်းရာဖြစ်ပြီး သခင်အောင်ဆန်း သွားအတူဖြင့် ဂျပန်မှ ရန်ကုန်သို့ ပြန်ခဲ့စဉ်က ဦးအောင်ဒင်၏ နေအိမ်တွင်ပင် အာဇာနည်ခေါင်းဆောင်ကြီး သခင်မြတို့နှင့်အတူ လျှို့ဝှက်အစည်းအဝေး ပြုလုပ်ခဲ့သည်။

ဦးအောင်ဒင်သည် အမျိုးသားစိတ် အစဉ်နိုးကြားနေစေရန် ရည်ရွယ်၍ အမျိုးသားနေ့ အထိမ်းအမှတ်ပွဲများကို နှစ်စဉ်မပြတ် ဦးစီးဆောင်ရွက်ခဲ့သည့်ပြင် ၁၉၇၀ ပြည့်နှစ် အမျိုးသားနေ့ ရှေ့ရတုသဘင် အခမ်းအနားတွင် အလုပ်

အမှုဆောင်အဖွဲ့ အတွင်းရေးမှူးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၁၉၇၈ ခုနှစ် ဒုတိယအကြိမ် ပြည်သူလွှတ်တော်နှင့် ပြည်သူကောင်စီ အဆင့်ဆင့် ရွေးချယ်ပဲ့ကြိုးတွင် သက်နိုးကျန်းမြို့နယ် မဲဆန္ဒနယ် အမှတ် ၂ မှ ပြည်သူလွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရပြီး နိုင်ငံတော် ကောင်စီဝင် ဖြစ်လာသည်။ ဦးအောင်ဒင်သည် ၁၉၇၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့ ည ၉ နာရီအချိန်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မြမြင့်နှင့် သားသမီး နှစ်ယောက် ကျန်ခဲ့လေသည်။

အိုင်ဗရီကိုစသမ္မတနိုင်ငံ။ ။အိုင်ဗရီကိုစ သမ္မတနိုင်ငံသည် အာဖရိကတိုက် အနောက်ပိုင်းတွင်တည်ရှိ၍ မြောက်ဖက်တွင် မာလီသမ္မတနိုင်ငံနှင့် အထက် ဗိုလ်တာ သမ္မတနိုင်ငံ၊ အရှေ့ဖက်တွင် ဂါနာ သမ္မတနိုင်ငံ၊ တောင်ဖက်တွင် ဂင်းနီပင်လယ်အော်၊ အနောက်ဖက်တွင် လိုက်ဗီးရီးယား သမ္မတ နိုင်ငံနှင့် ဂင်းနီသမ္မတနိုင်ငံတို့ ဝန်းရံတည်ရှိကြသည်။



စတုရန်းမိုင်ပေါင်း ၁၂၄,၅၀၃ ကျယ်ဝန်း၍ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၆,၅၀၀,၀၀၀ ရှိသည်။ မြို့တော်မှာ အဗစ်ဂျန်မြို့ဖြစ်သည်။ အာဖရိက တိုင်းရင်းသား ဘာသာစကား ၆၀ ကျော်ရှိပြီး ပြင်သစ် ဘာသာစကားသည် တရားဝင် ရုံးသုံးဘာသာစကား ဖြစ်သည်။ အိုင်ဗရီကိုစ နိုင်ငံ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှာ နတ်ကိုးကွယ်သူများ ဖြစ်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်မှာ အစ္စလမ် ဘာသာဝင်များနှင့် ၁၄ ရာခိုင်နှုန်းမှာ ခရစ်ယန်ဘာသာဝင်များ ဖြစ်ကြသည်။

၁၉၆၀ ပြည့်နှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ပြင်သစ် နိုင်ငံ ပဲရစ်မြို့၌ အိုင်ဗရီကိုစနိုင်ငံ လွတ်လပ်ရေးအတွက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၆၀ ပြည့်နှစ် သြဂုတ်လ ၇ ရက်နေ့တွင် လွတ်လပ်ရေးရရှိသည်။ ယင်းနှစ်စက်တင်ဘာလ ၂၀ ရက်နေ့တွင် ၉၁ နိုင်ငံမြောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

၁၉၆၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနိုင်ငံ ဖြစ်ပြီး အုပ်ချုပ်ရေးအာဏာကို သမ္မတလက်ဝယ် အပ်နှင်းထားသည်။ သမ္မတကို ငါးနှစ်တကြိမ် ပြည်သူဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရသည်။ သမ္မတသည် နိုင်ငံအကြီးအကဲဖြစ်ပြီး လက်နက်ကိုင် တပ်မျာ်း၏ ဦးစီးချုပ်လည်း ဖြစ်သည်။ လွှတ်တော်တရပ်စနစ်ကိုကျင့်သုံး၍ အမျိုးသား

လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၂၀ ရှိပြီး ငါးနှစ်တကြိမ် ပြည်သူဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရသည်။ အဖွဲ့ဝင် ၁၇ ဦးပါဝင်သော ဝန်ကြီးအဖွဲ့ကို သမ္မတက ဦးဆောင်ဖွဲ့စည်းသည်။ သမ္မတမှာ ဗဲလစ်ဟူးဖွက်ဘွိုင်ဒီဖြစ်၍ အိုင်ဗရီကိုစ ဒီမိုကရက်တစ်ပါတီသည် တခုတည်းသော နိုင်ငံရေးပါတီဖြစ်သည်။

အိုင်ဗရီကိုစနိုင်ငံသည် အာဖရိကတိုက် အနောက်ပိုင်းရှိ နိုင်ငံများအနက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဆုံးသော နိုင်ငံတနိုင်ငံဖြစ်သည်။ ကုန်ထုတ်လုပ်မှု တန်ဘိုးစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး၊ သစ်တော ထုတ်ပစ္စည်းနှင့် ငါးဖမ်းလုပ်ငန်းတို့မှ ရရှိပြီး ၂၀ ရာခိုင်နှုန်းသည် သစ်ထုတ်လုပ်မှု၊ ကာဖီနှင့် ကိုကိုးထုတ်လုပ်မှု၊ အထည်အလိပ်၊ မော်တော်ကား တပ်ဆင်ထုတ်လုပ်မှုနှင့် ရေနံချက်လုပ်ငန်းတို့မှ ရရှိသည်။

အိုင်ယာလန် သမ္မတ နိုင်ငံ။ ။ အိုင်ယာလန် သမ္မတနိုင်ငံတွင် အဓိကနိုင်ငံရေးပါတီကြီးသုံးခုရှိသည်။ယင်းတို့မှာ ဖီယာနာဖေးလ် ပါတီ (၀၁) ရိုပတ်ဗလစ်ကန် ပါတီ၊ ဖိုင်းဂေးလ်ပါတီ (၀၁) ယူနိုက်တစ် အိုင်ယာလန် ပါတီနှင့် လေဘာ ပါတီတို့ ဖြစ်ကြသည်။ ဖီယာနာဖေးလ် ပါတီကို ၁၉၆၂ ခုနှစ်က



တည်ထောင်၍ ပါတီခေါင်းဆောင်မှာ ဂျွန်လင့်ချ် ဖြစ်သည်။ ၁၉၇၃ ခုနှစ် ဖေဖွဝါရီလရွေးကောက်ပွဲ၌ အမတ်နေရာ ၁၄၄ ရှိသောအောက်လွှတ်တော်တွင်ဖီယာနာဖေးလ်ပါတီက ၆၉ နေရာရရှိသည်။ ဖိုင်းဂေးလ်ပါတီကို ၁၉၃၃ ခုနှစ်တွင် တည်ထောင်၍ ပါတီခေါင်းဆောင်မှာ လက်ရှိဝန်ကြီးချုပ် လီယမ်ကွိုဂရေဗ်ဖြစ်သည်။ ထိုပါတီသည် ကွန်ဆာဗေးတစ် အယူအဆကို ထောက်ခံသည်။ အောက်လွှတ်တော်တွင် အမတ်နေရာအများဆုံးရရှိခဲ့သည်။လေဘာပါတီကို ၁၉၁၂ ခုနှစ်တွင်တည်ထောင်၍ပါတီခေါင်းဆောင်မှာ ဘရင်ဒန်ကောရစ်ရှဖြစ်သည်။ ဖိုင်းဂေးလ်ပါတီနှင့် လေဘာပါတီတို့၏ ညွှန်ပေါင်းအစိုးရအဖွဲ့သည် အောက်လွှတ်တော်၌ အမတ်ဦးရေ ၇၃ ဦး ရှိသည်။

အခြားထင်ရှားသော ပါတီတခုမှာ အိုင်ယာလန်တောင်နှင့်မြောက် ခွဲခြားထားမှုကို ဆန့်ကျင်ပြီး အိုင်ယာလန်မြောက်ပိုင်းမှ ဗြိတိသျှတို့ လုံးဝထွက်ခွာသွားရေးကို ဦးတည်သော ဆင်ဖိန်းပါတီဖြစ်သည်။ အိုင်ယာလန်လွှတ်လပ်ရေးအတွက် ကြိုးပမ်းရာတွင် ဦးဆောင်ပါဝင်ခဲ့သော ဆင်ဖိန်း

ပါတီက လွတ်လပ်ရေး တိုက်ပွဲဝင်နေစဉ်ကာလ၌ ဗရင်ဂျီဘာသာဝင်အချို့သည် အိုင်းရစ်ရီပတ်ဗလစ်ကန် လက်နက်ကိုင်အဖွဲ့(အိုင်ရာအေ)ကို ဖွဲ့စည်းခဲ့ကြသည်။ ပထမ ကမ္ဘာစစ်အတွင်း ယင်းတပ်ဖွဲ့သည် လွတ်လပ်ရေးရရှိရန်တိုက်ပွဲဝင်ခဲ့သည်။ လွတ်လပ်ပြီးနောက်လည်း ဗြိတိသျှ အစိုးရက အိုင်ယာလန် နှစ်ပိုင်းခွဲခြားထားခြင်းကို ဆက်လက်ဆန့်ကျင်နေကြသည်။ ယင်းတို့အနေဖြင့် မြောက်အိုင်ယာလန်အား အိုင်ယာလန် သမ္မတ နိုင်ငံတွင် ပေါင်းစည်းပါဝင်စေလိုသည်။ ထို့ကြောင့် ဗြိတိသျှ အစိုးရကို အကြမ်းဖက်တိုက်ခိုက်လေသည်။ ၁၉၃၁ ခုနှစ်တွင် အဖွဲ့ဥက္ကဋ္ဌကိုယ်တိုင်က တရားမဝင်သော အဖွဲ့အစည်းအဖြစ် ကြေငြာခဲ့သည်။ သို့သော် အဖွဲ့ဝင်များက ဆက်လက်တိုက်ပွဲ ဝင်နေကြဆဲဖြစ်သည်။

အိုင်ယာလန် သမ္မတ နိုင်ငံဆိုင်ရာ ဗြိတိသျှ သံအမတ်ကြီး ခရစ္စတိဖာ အဲဝပ်ဗစ်အား ၁၉၇၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့က သူ၏ကားအတွင်း၌ မိုင်းဗုံးထောင်၍ သတ်ဖြတ်ပစ်ခဲ့သည်။ ယင်းသို့လုပ်ကြံ သတ်ဖြတ်ခြင်းကို အိုင်ယာလန် သမ္မတနိုင်ငံ ဝန်ကြီးချုပ် ကွိုစ်ဂရေဗ်က ရှုတ်ချကြောင်း ကြေငြာပြီး ထိုနေ့ကို ဝမ်းနည်းကြေကွဲခြင်းနေ့ သတ်မှတ်လိုက်သည်။ ဗြိတိသျှနိုင်ငံတွင် ဗုံးထောင်လူသတ်ပြီး အိုင်ယာလန်သမ္မတနိုင်ငံသို့ လာရောက် ခိုလှုံသူများကို ပြစ်ဒဏ်စီရင်နိုင်သော ဥပဒေကြမ်းကို ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ အိုင်ယာလန် မြောက်ပိုင်းတွင် ကျူးလွန်သော လေယာဉ် ပြန်ပေးဆွဲမှု၊ လူသတ်မှု၊ မီးရှို့ဖျက်ဆီးမှု၊ လူပြန်ပေးဆွဲမှုနှင့် လက်နက် ခဲယမ်းမီးကျောက်များ လက်ဝယ်ထားရှိမှု စသော ပြစ်မှုတို့ပါ ထိုဥပဒေကြမ်းတွင် အကျုံးဝင်သည်။

၁၉၇၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဒဗ္ဗလင်မြို့တော်နှင့် အခြားမြို့တစ်မြို့တွင် ဗုံးပေါက်ကွဲမှု လေးကြိမ် ဖြစ်ပွားခဲ့ရာ လူ ၃၀ ကျော် သေဆုံးပြီး ၁၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြသည်။ သို့ဖြင့် အိုင်ယာလန် သမ္မတနိုင်ငံ အစိုးရသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့သို့ ပို့ထားသော မိမိတပ်ဖွဲ့များကို ပြန်လည်ခေါ်ယူပြီး အိုင်ယာလန်မြောက်ပိုင်းနှင့် ထိစပ်နေသည့် မိုင် ၃၀၀ ရှည်နယ်စပ်တလျှောက်တွင် အစောင့်ချထားလိုက်သည်။

ထိုအတွင်း အိုင်ယာလန် သမ္မတ နိုင်ငံ၏ စတုတ္ထမြောက် သမ္မတ အာ့စကင် အိတ်ချ်ချီလဒါစသည် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားသည်။ လစ်လပ်သွားသော သမ္မတနေရာအတွက် ယခင်က တရားဝန်ကြီးချုပ်ဖြစ်သူ မစ္စတာ ကာရိုးလဒါလီအား နိုင်ငံရေးပါတီကြီး သုံးခုက တစိတ်တဝမ်းတည်း ရွေးကောက် တင်မြှောက်လိုက် ကြသည်။

သမ္မတသစ် မစ္စတာ ဒါလီသည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် သူ၏ရာထူး၌ စတင်တာဝန်ထမ်းဆောင်သည်။ လာမည့် ၁၉၈၀ ပြည့်နှစ်တွင်မှ သက်တမ်းကုန်မည် ဖြစ်သော်လည်း ၁၉၇၆ ခုနှစ် အရောက်တွင် မစ္စတာ ဒါလီသည် သမ္မတရာထူးမှ နုတ်ထွက်သွားရာသမ္မတသစ် တင်မြောက်ခြင်း မပြုတော့ဘဲ ဝန်ကြီးချုပ် လီယမ်ကွိုစ်ဂရေဗ်ကပင် သမ္မတတာဝန်ကို ပူးတွဲထမ်းဆောင်နေသည်။

အင်္ဂရီယယ်နိုင်ငံ။ ။အင်္ဂရီယယ်နိုင်ငံသည် စတုရန်းမိုင် ၇,၀၁၇ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၃,၆၁၀,၀၀၀ ရှိသည်။မြို့တော်မှာ ဂျရူးဆလမ်းမြို့ ဖြစ်သည်။ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် အင်္ဂရီယယ် အစိုးရသည် အီဂျစ် အစိုးရနှင့် အဆက်မပြတ်ဆွေးနွေး ညှိနှိုင်းနေစဉ် လက်ဗန္ဓနနိုင်ငံကို အခြေစိုက်သော ပယ်လက်စတိုင်ပြောက်ကျားတို့နှင့် မကြာခဏ ပစ်ခတ်တိုက်ခိုက်ခဲ့ရသည်။



အင်္ဂရီယယ်တို့သည် လက်ဗန္ဓန် နယ်နိမိတ်ကို ဖြတ်ကျော်ကာ ပယ်လက်စတိုင်စခန်းများကို သွားရောက် တိုက်ခိုက်လေ့ရှိရာ ၁၉၇၈ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် အင်္ဂရီယယ်တပ်တို့သည် လက်ဗန္ဓနတောင်ပိုင်းသို့ ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။

အင်္ဂရီယယ် ခရီးသည်တင် ဘတ်စ်ကားသုံးစီးကို ပယ်လက်စတိုင်တို့က တိုက်ခိုက်ခဲ့ရာ အင်္ဂရီယယ်ပြည်သူ ၃၄ ဦး သေဆုံးရသည်ကို လက်စားချေသည့်အနေဖြင့် ယခုကဲ့သို့ ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်ဟု အင်္ဂရီယယ် နိုင်ငံက ကြေငြာခဲ့သည်။

ယင်းအပြုအမူကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၌ မတ်လ ၁၈ ရက်နေ့တွင် အရေးယူ ဆွေးနွေးကာ အချင်းဖြစ်ပွားရာ နယ်မြေသို့ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များပို့ရန်ဆုံးဖြတ်ခဲ့ကြသည့်အပြင် အင်္ဂရီယယ်တပ်များ ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့လေသည်။

ထို့ကြောင့် လက်ဗန္ဓနတောင်ပိုင်း နယ်မြေများကို ငြိမ်းချမ်းရေးတပ်များလက်သို့ လွှဲအပ်ကာအင်္ဂရီယယ် တပ်များသည် ဧပြီလ ၃ ရက်နေ့တွင် စတင်ရုပ်သိမ်းကြသည်။

၁၉၇၇ ခုနှစ် နှစ်ဦးပိုင်းတွင် အမေရိကန်သမ္မတဖြစ်လာသော ဂျင်မီကာတာအစိုးရသစ်၏ ကြိုးပမ်းချက်အရ အင်္ဂရီ



ရွေးကောက်ပွဲတွင် အနိုင်ရရှိသော အင္ဒရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်ကို သမီးလီယာက ဝမ်းပန်းတသာ ဤသို့နှုတ်ဆက်ကြို ဆိုခဲ့သည်။

ယယ်နှင့် အီဂျစ်ခေါင်းဆောင်တို့သည် စေ့စပ်ဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်ခဲ့ကြသည်။

၁၉၇၈ ခု ဇူလိုင်လတွင် အီဂျစ်နိုင်ငံခြားရေး ဝန်ကြီး မိုဟာမက်အီဗရာဟင်ကာမဲလ်၊ အင္ဒရီယယ် နိုင်ငံခြားရေး ဝန်ကြီး မိုရှေဒါယန်းနှင့် အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေး ဝန်ကြီး ဆိုင်းရပ်စ်ဗန့်စတို့သည် အင်္ဂလန်ပြည် လိဒ်ရဲတိုက်ကြီး အတွင်းတွင် အကြိုညှိနှိုင်းမှုများ ပြုလုပ်ကြပြီးနောက် သုံးနိုင်ငံ ထိပ်သီး ဆွေးနွေးပွဲသည် ၁၉၇၈ ခု စက်တင်ဘာလ ၆ ရက်နေ့တွင် စတင်ပေါ်ထွက်ခဲ့သည်။

အင္ဒရီယယ်ဝန်ကြီးချုပ် မစ္စတာ ဗယ်ဂင်၊ အီဂျစ်သမ္မတ မစ္စတာ ဆဒတ်နှင့် အမေရိကန် သမ္မတ မစ္စတာ ကာတာတို့သည် ၁၀ ရက်နေ့အထိ နေ့ရောညပါ ဆွေးနွေးကြပြီးနောက် သဘောတူညီချက်တခုကို ချမှတ်ခဲ့ကြသည်။

ယင်း သဘောတူညီချက်ကို အင္ဒရီယယ် ဝန်ကြီးများအဖဲ့ ကက်ဘီနက်တွင် တင်ပြခဲ့ရာ ထောက်ခံသူ ၁၅ ဦးကန့်ကွက်သူမရှိဖြင့် ၁၉၇၈ ခုစက်တင်ဘာလ ၂၄ ရက်နေ့တွင် ယင်း သဘောတူညီချက်ကို လက်ခံခဲ့ကြသည်။ ကျန်းမာရေး ဌာန ဝန်ကြီး အီလီဇာရှိစတတ်နှင့် စွမ်းအင်ဌာန ဝန်ကြီး ယစ်ဇတ်မိုဒိုင်းတို့က မဲမပေးပဲနေကြသည်။

စက်တင်ဘာလ ၂၅ ရက်နေ့တွင် ပါလီမန် လွှတ်တော်၌ ယင်းကင့်ဒေးဗစ် သဘောတူညီချက်ကို ဆက်၍တင်ပြဆွေးနွေးကြသောအခါ ဗယ်ဂင်၏ ဟီရွတ်ပါတီဝင် အမျိုးသမီး အမတ်တဦးဖြစ်သူ ဂွယ်ယူးလား ကိုဟင်းက အပြင်းအထန် ကန့်ကွက်ခဲ့သည်။

ဝန်ကြီးချုပ် ဗယ်ဂင် ရှင်းပြ၍ မဖြစ်နိုင်အောင် မစ္စက် ကိုဟင်းက နှောင့်ယှက်နေသဖြင့် ၎င်းအား လွှတ်တော် အစည်းအဝေး ခန်းမဆောင်မှ ဆွဲထုတ်ခဲ့ကြရသည်။ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ထောက်ခံသူ ၈၅ ဦး၊



အင္ဒရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်၊ အီဂျစ်သမ္မတ ဆဒတ်နှင့် အမေရိကန်သမ္မတ ကာတာတို့သည် ဒေးဗစ်စခန်း စေ့စပ် ဆွေးနွေးပွဲမှရရှိခဲ့သော ပဏာမ သဘောတူညီချက်များကို လက်ခံလက်မှတ်ထိုးခဲ့ကြသည်။

စက်တင်ဘာလ ၂၇ ရက် နေ့တွင် ထောက်ခံသူ ၈၅ ဦး၊ ကန့်ကွက်သူ ၁၉ ဦး၊ မဲမပေးသူ ၁၆ ဦးဖြင့် ကင်ဒေးဗစ် သဘောတူညီချက်ကို လက်ခံကြသည်။ ကန့်ကွက်သူများတွင် ဟီရွတ်ပါတီဝင်နှင့် ကွန်မြူနစ်ပါတီဝင်တို့ ပါဝင်သည်။ အတိုက်အခံ လေဘာပါတီက ထောက်ခံသည်။

သို့ ပါလီမန် လွှတ်တော်က လက်ခံစေကာမူ လူ ၂၀၀၀ ကျော် ၃၀၀၀ က လွှတ်တော်သို့ ချီတက် ကန့်ကွက်ဆန္ဒပြကြသည်။ အထူးသဖြင့် အခြေစိုက် စခန်းသစ်များ တည်ဆောက်မှုမပြုရန်နှင့် ရပ်စဲရန် သဘောတူထားမှုကို ကန့်ကွက်ကြခြင်း ဖြစ်လေသည်။

အီဂျစ်သို့ ပြန်လည် ပေးအပ်မည်ဆိုသော ဆိုင်းနိုင်း ဒေသတွင်အင်္ဂရိယယ်အခြေစိုက်စခန်းများကို တည်ဆောက်ပြီး ဖြစ်ခဲ့ရာ လူ ၃,၅၀၀ သည် ထိုစခန်းများ၌ နေထိုင်လျက်ရှိသည်။ ယင်းစခန်းများကို ဖျက်ပေးရမလိုလို ဖြစ်နေသည်ကို မကျေနပ်ခဲ့ကြချေ။ ဂါဇာဒေသနှင့် ဂျော်ဒန်မြစ်အနောက်ဖက်ကမ်းခြေ ဒေသ၌ အခြေစိုက်စခန်း တည်ဆောက်မှု၌ ချုပ်ချယ် ကန့်သတ်သည်ကိုလည်း သဘောမကျကြပေ။

မစ္စတာဗယ်ဂင် အစိုးရ၏ လုပ်ဆောင်မှုကို သဘောမကျသူများသည့် အကြမ်းဖက် ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်လာကြသည်။ ထိုကန့်ကွက်မှုကို ဂတ်ရှ်အီမူနှင်ခေါ် လက်ျာအမျိုးသားရေး ဂိုဏ်းက ဦးဆောင်ခဲ့သည်။ ထို ဂိုဏ်းခေါင်းဆောင်များတွင် ဘုန်းကြီး လီဗင်ဂါ မစ္စက်ကိုဟင်း မိုရှီရှမီးဒေါ့ဗ်စမီလန်စကီနှင့် ဘုန်းကြီး ဒရပ်မန်းတို့ပါဝင်ခဲ့လေသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ကင်ဒေးဗစ် စခန်း၌ အမေရိကန် သမ္မတ ကာတာ၊ အီဂျစ် သမ္မတ ဆဒတ်တို့ စက်တင်ဘာလ ၆ ရက်နေ့မှစ၍ အကြိတ်အနယ် ဆွေးနွေးခဲ့ရာ ၁၈ ရက်နေ့ ညနေ ၅ နာရီ ၃၀ မိနစ် အချိန်တွင်မှ သဘောတူညီချက် ရရှိခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် အမေရိကန် ကာကွယ်ရေး ဝန်ကြီးဟယ်ရိုးဘရောင်း၊ နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန်စ်၊ အကြံပေး အရာရှိ ဘရင်စကီ၊ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် အီဗရာဟင် ကာမဲလ်တို့ တက်ရောက်သည်။

အင်္ဂရိယယ်နိုင်ငံမှ ဝန်ကြီးချုပ် ဗယ်ဂင် နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး မိုရှေဒါယန်းနှင့် ကာကွယ်ရေး ဝန်ကြီး အီဇာဝိုက်ဇ်မင်းတို့ပါဝင် ဆွေးနွေးခဲ့ကြသည်။ထိုဆွေးနွေးပွဲတွင် ရုံးလုပ်ငန်း အရာထမ်း ၆၀ ကျော်ကို အသုံးပြုခဲ့ရသည်။

တချိန်တည်းမှာပင် ကမ္ဘာတဝန်းက အလေး အမြတ်ထားကြသော နိုဗယ်ဆုကော်မတီက အီဂျစ်သမ္မတ ဆဒတ်နှင့် အင်္ဂရိယယ် ဝန်ကြီးချုပ် ဗယ်ဂင်တို့နှစ်ဦးကို ငြိမ်းချမ်းရေးဆုချီးမြှင့်ခဲ့လေသည်။

နော်ဝေနိုင်ငံ အော်စလိုမြို့တော်တွင် ၁၉၇၈ ခုနှစ်ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြုလုပ်သော နိုဗယ်ငြိမ်းချမ်းရေးဆုချီးမြှင့်ပွဲသို့ မစ္စတာ ဗယ်ဂင်တက်ရောက်၍ ဆုကို လက်ခံခဲ့လေသည်။

ဥက္ကဋ္ဌ၊ အရှင်၊ တောင်တွင်းကြီး ဆရာတော် (မြန်မာ ၁၂၅၉–၁၃၄၀)။ ။တောင်တွင်းကြီး ဆရာတော် အရှင် ဥက္ကဋ္ဌသည် တောင်တွင်းကြီးမြို့ အရှေ့ဖက် တမိုင် ခွဲခန့် အကွာ ဆီမီး ထွန်းရွာတွင်ခမည်းတော် မွန်း ရှေ ထပ်၊ မယ်တော် မယ်လှဝါတို့မှ မြန်မာ သက္ကရာဇ် ၁၂၅၉ ခုနှစ် တော်သလင်း လပြည့် ကျော် ၉ ရက်တနင်္ဂနွေနေ့၌ ဖွားမြင် ခဲ့သည်။ မွေး ချင်း ငါးယောက်တွင် အငယ်ဆုံး ဖြစ်၍ လူမည်မှာ မောင်အောင်ဇံထွန်းဖြစ်သည်။


တောင်တွင်းကြီးဆရာတော် အရှင် ဥက္ကဋ္ဌ

ရွှစ်နှစ်သားအရွယ်တွင် ရတနာပင်စည်တောရကျောင်း၌ ရှင်သာမဏေပြုသည်။ ဘွဲ့အမည်မှာ ရှင်ဥက္ကဋ္ဌဖြစ်သည်။ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓာရုံတိုက်ဟောင်းမှ တိုက်အုပ်ဆရာတော် ဦးသုန္ဒရသည် မိခင်ဖက်မှ ဦးကြီးတော်၍ ၎င်းတိုက်မှ စာချဆရာတော် ဦးတေဇောဘာသသည် အစ်ကို တော်သည်။ဦးကြီးနှင့်အစ်ကိုတို့၏ခေါ် ယူမှုဖြင့် ရှင်ဥက္ကဋ္ဌသည် ၁၁ နှစ်အရွယ်တွင် မဟာဝိသုဒ္ဓာရုံတိုက်ဟောင်းသို့ ပညာသင်ရောက်ရှိလာခဲ့သည်။

လအနည်းငယ်အကြာတွင် အနောက်ပြင်မဟာဝိသုဒ္ဓာရုံတိုက်သစ်သို့ ပြောင်းရွှေ့ခဲ့ရပြီး ရှေ့ကျင် သာသနာပိုင် မဟာဝိသုဒ္ဓာရုံ ဆရာတော်ဘုရားကြီး၏ ခြေရင်း၌ ပညာရင်နှီသောက်စို့ခဲ့ရသည်။

ငါးနှစ်ကြာပညာသင်ကြားပြီးလျှင် သာသနာပိုင်မဟာဝိသုဒ္ဓာရုံဆရာတော်ဘုရားကြီး ပံ့လွန်တော်မူရာ ရှင်ဥက္ကဋ္ဌသည်လည်း ဝိသုဒ္ဓာရုံတိုက်မှ ထွက်ခွါလာခဲ့သည်။ တောင်တွင်းကြီးမြို့ ရှင်မဟာသီလဝံသာဓိမ် ဟုထင်ရှားသော သိမ်တွင် ရဟန်းခံခဲ့သည်။

ရဟန်းဖြစ်ပြီးနောက် ပဲခူးမြို့ကြခတ်ဝိုင်း ကျောင်းတိုက်၌ နှစ်ဝါ၊ ကမာစဲရွာ၌တဝါ၊ စာပေပို့ချပြီး ၁၉၂၃ ခုနှစ်တွင် အိန္ဒိယသို့ထွက်ခွာသွားခဲ့သည်။အိန္ဒိယနိုင်ငံသို့မကြွမီ အရှင်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံစာနယ်ဇင်းများတွင် စာပေများ ရေးသားသည့်အပြင် "စိန်တင့်ကြီး"ဝတ္ထုလေးတွဲကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

အရှင်ဥက္ကဋ္ဌသည်အိန္ဒိယသို့ရောက်၍ကာလကတ္တားတွင် နိုင်ငံကျော်ဆရာတော် အရှင်အာဒိစ္စဝံသနှင့် ကိုးရက်ကြာ အတူနေထိုင်ခဲ့ပြီးနောက် ဗုဒ္ဓဂါယာသို့ ကြွသွားခဲ့သည်။ ဗုဒ္ဓဂါယာတွင် ဗုဒ္ဓဘာသာကွန်ဖရင့်ကြီးနှင့် ကြုံကြိုက်ကာ ညွှန်ခံကော်မတီတွင် ပါဝင်တာဝန်ယူခဲ့ရသဖြင့် အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာဗုဒ္ဓဘာသာ ခေါင်းဆောင်များနှင့် ရင်းနှီးခွင့်ရခဲ့သည်။ အထူးသဖြင့် ရှေး ဟောင်း ပစ္စည်း စောင့်ရှောက်ရေးတာဝန်ခံ ဗင်္ဂါလီပညာရှင် ကတ်စတိုးရီးယား၊ ရဟန်းဖြစ်ခါနီး ကိုရင်ကြီးဘဝနှင့် ရှိသေးသော ရာဟုလာသံကစ္စည်း၊ သီဟိုဠ်မှ အရှင်အာနန္ဒာကောသလ္လတို့နှင့်အတူ ဆောင်ရွက်ကာ ရင်းနှီးချစ်ကြည်ခဲ့ရသည်။ အိန္ဒိယနိုင်ငံမြို့ကြီးများတွင် ခုနစ်နှစ်ကျော်နေထိုင်ကာ အင်္ဂလိပ်၊ ဗင်္ဂါလီ၊ နာဂရီ၊ ဟိန္ဒီ၊ သက္ကတ၊ အူရဒူနှင့်အာရဗီစသော စာပေများကို သင်ယူခဲ့သည်။ ထို့ပြင် လက်တင် ပြင်သစ်နှင့် ဆစ်ဂ် စာပေများကိုလည်း တီးခေါက်မိအောင် လေ့လာသည်။ ခရစ်ယန်ဘာသာ၊ မဟာမေဒင်ဘာသာနှင့် ဟိန္ဒူဘာသာတို့ကိုလည်း လေ့လာခဲ့သည်။ တချိန်တည်းမှာပင် အိန္ဒိယနိုင်ငံအတွင်း၌ လှည့်လည်ကာ သာသနာပြုယင်း ဝိသုဒ္ဓိမဂ်၊ ကထာဝတ္ထုတို့ကို အင်္ဂလိပ်ဘာသာဖြင့်ဂင်း၊ ဓမ္မပဒကို အူရဒူဘာသာဖြင့်ဂင်း ပြန်ဆို ထုတ်ဝေခဲ့သည်။

အရှင်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော အခါ ပထမတွင် မြို့သစ်မြို့၊ထို့နောက်တောင်တွင်းကြီးမြို့တွင် အင်္ဂလိပ် မြန်မာ နှစ်ဘာသာသင် ဗုဒ္ဓသာသနာပြုကျောင်းကို နေရွှင်နယ် အထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့သည်။

ထိုကျောင်းမှ နယ်ခွဲဆန့်ကျင်ရေး အမျိုးသားလှုပ်မြောက်ရေးတိုက်ပွဲတွင် ပါဝင်လှုပ်ရှားခဲ့သော နိုင်ငံရေးခေါင်းဆောင်များ အထူးသဖြင့်သခင်ခေါင်းဆောင်များကိုလည်း မြောက်မြားစွာ မွေးထုတ်ပေးနိုင်ခဲ့သေးသည်။

ဆရာတော်အရှင်ဥက္ကဋ္ဌသည် လယ်တီတရားသတင်းစာ၊ ဟံသာဝတီမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ တိုးတက်ရေး မဂ္ဂဇင်း၊ ပြုပြင်ရေးမဂ္ဂဇင်း၊ စာဆိုတော်မဂ္ဂဇင်းနှင့် ဘားမားဂျာနယ်စသည်တို့တွင် စာပေ၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးဆောင်းပါးများကိုလည်း ရေးခဲ့သေးသည်။ ယင်းဆောင်းပါးများကို အရှင်ဥက္ကဋ္ဌဟူသော အမည်အပြင် "မောင်မေတ္တာ" "ဘိုးမေတ္တာ" "ဆာဒူးကြီး"စသော ကလောင်အမျိုးမျိုးတို့ဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံမှ

ထုတ်ဝေသော မဟာဗောဓိဂျာနယ်၌ကား အရှင်ဥက္ကဋ္ဌဟူသော အမည်ဖြင့်ပင် ရေးသားခဲ့သည်။ ထို့ပြင် နယူးဘားမား အင်္ဂလိပ်သတင်းစာ၌ ဗုဒ္ဓဘာသာ အကြောင်းအင်္ဂလိပ်ဘာသာဖြင့် မေးမြန်းသည်များကိုလည်း အင်္ဂလိပ်ဘာသာဖြင့်ပင် ပြန်လည် ဖြေဆိုခဲ့ပေသည်။

စစ်ပြီးခေတ် ၁၉၄၇ ခုနှစ်တွင် အရှင်ဥက္ကဋ္ဌသည် အိန္ဒိယနိုင်ငံသို့ကြွကာ တနှစ်တာမျှ သာသနာပြုခဲ့သည်။ ထိုစဉ်က "ကြိုက်ရာရွေး လမ်းနှစ်သွယ်" စာအုပ်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့သည်။

၁၉၅၂–၅၃ ခုနှစ်တွင် ဗုဒ္ဓအဘိဓမ္မာ ကျမ်းစာအုပ်များ ထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်တရားဟောပြော သာသနာပြုခဲ့သည်။

၁၉၅၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပသော အာရှ အာဖရိက စာပေညီလာခံသို့ မြန်မာနိုင်ငံစာရေးဆရာအဖွဲ့ကို ခေါင်းဆောင်ကာ တက်ရောက်ခဲ့သည်။

၁၉၅၇–၅၈ ခုနှစ်တွင် ဆို့ဒင်နိုင်ငံစတော့ဟုမ်းမြို့၌ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံသို့ မြန်မာအဖွဲ့ကိုခေါင်းဆောင်ကာ တက်ရောက်ခဲ့သည်။တဆက်တည်းပင် ဥရောပဆိုရှယ်လစ်နိုင်ငံများ၊ ဆိုဗီယက် ပြည်ထောင်စု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ပါ လှည့်လည်လေ့လာခဲ့သည်။

၁၉၅၈ ခုနှစ်၌ အရှင်ဥက္ကဋ္ဌရေးသည့် "လူသေလူဖြစ်" စာအုပ်ကြောင့်ပင် သုဓမ္မာဂိုဏ်းမှ အချို့ဆရာတော် သံဃာတော်များက ဆရာတော်အရှင်ဥက္ကဋ္ဌအား ပကာသနိယကံ ပြုခဲ့ကြသည်။ ဆရာတော်သည် ကျမ်းစာအုပ်ပေါင်း ၄၀ ကျော် ရေးသားပြုစုခဲ့သည်။

ဤသို့ ရေးသားပြုစုယင်း ၁၃၄၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်နေ့ သက်တော် ၈၂ နှစ်အရွယ်တွင် ပျံလွန်တော်မူသည်။

အိန္ဒိယ ပြည်ထောင်စု သမ္မတနိုင်ငံ။ ။အိန္ဒိယပြည်ထောင်စု သမ္မတနိုင်ငံသည် စတုရန်းမိုင်ပေါင်း ၁,၂၂၉,၇၃၇ ကျယ်ဝန်းပြီး ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၆၂၅,၀၂၀,၀၀၀ ရှိသည်။ မြို့တော်မှာ နယူးဒေလီမြို့ဖြစ်သည်။



၁၉၇၀ ခုနှစ် အတွင်း၌ အိန္ဒိယ နိုင်ငံပြည်တွင်းရေးတွင် ထူးခြားသော ဖြစ်ရပ်နှစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ၁၉၇၁

ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် လက်ရှိအာဏာရ ကွန်ဂရက်ပါတီအား အနိုင်ရရှိခဲ့သော ဂျာနာတာပါတီအတွင်း ညီညွတ်မှု ပျက်ပြားခြင်းသည်၎င်း၊ ကွန်ဂရက် ပါတီအတွင်း၌ ပါတီတွင်းတိုက်ပွဲဖြစ်ပွားခြင်းအနေဖြင့် ကွန်ဂရက်(အိုင်)ဟူ၍ ပါတီသစ် သီးခြားတခုထူထောင်မှုသည်၎င်း ထူးခြားသောဖြစ်ရပ်များ ဖြစ်ခဲ့လေသည်။

ဂျာနာတာပါတီဟူ၍ဆိုစေကာမူ၌စည်းမှုတွင်ကွန်ဂရက်၊ ဂျန်ဆန်၊ ဘာရတ်တီယာလော့(ခ)ဒါလ်၊ ဆိုရှယ်လစ်ပါတီနှင့် ဒီမိုကရေစီ ကွန်ဂရက်သစ်ပါတီ ငါးခုတို့ စုစည်းထားခြင်း ဖြစ်သည်။ လက်ယာအဖွဲ့အစည်း ၂ ရပ်ဖြစ်သော နိုင်ငံခြားရေးဝန်ကြီး ဗတ်(ချ)ပါရီ၏ ဂျန်ဆန်ပါတီ၊ ပြည်ထဲရေးဝန်ကြီး ချာယန်ဆင်း ဦးဆောင်သော ဘီအယ်(လ်)ဒီပါတီတို့သည် ဂျာနာတာပါတီတွင် အင်အားကြီးနှစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိနေသည်။ ပါတီ၏ ထိပ်တန်းခေါင်းဆောင် သုံးဦးတို့မှာ ဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်း၊ ပြည်ထဲရေးဝန်ကြီး ချာယန်ဆင်းနှင့် ဟရီဂျန် (ဇာတ်နိမ့်ဟိန္နူဘာသာဝင်)တို့၏ ခေါင်းဆောင်ကြီး ကာကွယ်ရေးဝန်ကြီး ဂျပ်ဂျီဗန်ရမ်ဖြစ်ကြသည်။ ဂျာနာတာပါတီသည် အိန္ဒိယပြည်မြောက်ပိုင်း ဟင်ဒီဘာသာ စကားပြောသောလူမျိုးများ၏ ကိုယ်စားပြုသော ပါတီဖြစ်၍ အင်ဒီရာဂန္ဒီ၏ ကွန်ဂရက်ပါတီသည် အိန္ဒိယပြည်တောင်ပိုင်းကို အားပြုရသော ပါတီဖြစ်လေသည်။

အရေးပေါ်ကာလအတွင်း ဂျာနာတာပါတီ ခေါင်းဆောင်တို့သည် အိန္ဒိယနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်မှုကို ပြန်လည် ဖော်ထုတ်နိုင်မည်ဟု ကြေငြာခဲ့သည်။ အိန္ဒိယနိုင်ငံ ပါလီမန်လွှတ်တော်သည် ၁၉၇၈ ခုနှစ်ဇူလိုင်လ ၁၉ ရက်နေ့တွင် ပြည်တွင်းလုံခြုံမှု အက်ဥပဒေ(၁၉၇၁)ကို ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

အင်ဒီရာဂန္ဒီ၏ အရေးပေါ်ကာလအတွင်း ဥပဒေမဲ့ လွှန်ကြူးမှုများအပေါ် အရေးယူရန် ကိစ္စနှင့်ပတ်သက်၍ ဂျာနာတာပါတီ၏ထိပ်သီးခေါင်းဆောင်နှစ်ဦး သဘောထားကွဲလွဲခဲ့သည်။ မစ္စတာချာယန်ဆင်းသည် အင်ဒီရာဂန္ဒီအပေါ် ပြင်းထန်စွာ ပြစ်ဒဏ်စီရင်မှုကို ပြုလုပ်ရန်လိုလားခဲ့သည်။ ထိုစဉ်က ဖျက်သိမ်းခြင်းမပြုရသေးသော ပြည်တွင်းလုံခြုံမှု ထိန်းသိမ်းရေး အက်ဥပဒေအရ အင်ဒီရာဂန္ဒီအား ချက်ချင်းဖမ်းဆီးအရေးယူရန် ဇွန်လ ၂၇ ရက်နေ့က မစ္စတာချာယန်ဆင်းက ထုတ်ဖော်ပြောခဲ့လေသည်။



မစ္စတာချာယန်ဆင်းသည် ဒုတိယဝန်ကြီးချုပ်အဖြစ် သမ္မတကြီး ဆန်ဂျီဗာရယ်ဒီ၏ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုနေပုံ

လက်ရှိအာဏာရဂျာနာတာပါတီအတွင်း ခေါင်းဆောင်မှု ဗိုလ်လုပ်ဖွဲ့များဖြစ်ပွားနေစဉ် အတိုက်ခံပါတီများ၏ ခေါင်းဆောင်နေရာကို ရရှိလာသော အင်ဒီရာဂန္ဓီသည် မိမိလက်လွှတ်လိုက်ရသော နိုင်ငံရေးအာဏာကို ပြန်လည်ရရှိအောင် ပြုလုပ်နိုင်ခဲ့လေသည်။ ဂျာနာတာပါတီသည် ဇာတ်ကြီးဟိန္ဒူများနှင့် မြေပိုင်ရှင်ကြီးများကိုသာ ကိုယ်စားပြုသော ပါတီသာဖြစ်ကြောင်း၊ မြေယာမဲ့ တောင်သူလယ်သမားများအကျိုးကို မပြုသောပါတီဖြစ်ကြောင်း၊ အင်ဒီရာဂန္ဓီက စပ်စဲ့၍ ရွေးကောက်ပဲ့ဝင်ခဲ့ရာ ၁၉၇၇ ခုနှစ် မတ်လ အထွေထွေရွေးကောက်ပွဲတွင် ပြန်လည်ရရှိခဲ့သည်။

ဂျာနာတာပါတီအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားနေစဉ် အင်ဒီရာဂန္ဓီသည် အခွင့်ကောင်းယူ၍ ကွန်ဂရက်ပါတီမှ ဥက္ကဋ္ဌဖြစ်သူ မစ္စတာရယ်ဒီ နုတ်ထွက်သွားပြီးနောက် ကွန်ဂရက်ပါတီနှစ်ခု ပြန်လည်ပေါင်းစည်းရန် ကြိုးစားမှု ပြုလုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော်လည်း ၁၉၇၈ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ကွန်ဂရက်ပါတီနှစ်ခု၏ ဥက္ကဋ္ဌများဖြစ်ကြသော အင်ဒီရာဂန္ဓီနှင့် မစ္စတာဆွာရန်ဆင်းတို့ တွေ့ဆုံကြပြီးနောက် ပါတီနှစ်ခုသည် ညီညွတ်ရေး အရယူပြီး ဂျာနာတာပါတီအား ယှဉ်ပြိုင် တိုက်ခိုက်မည် ဖြစ်ကြောင်း ကြေငြာချက်တရပ် ထုတ်ပြန်ခဲ့ပေသည်။

၁၉၇၈ ခုနှစ် အတွင်း ဂျာနာတာအစိုးရ အနေဖြင့် အရေးကြီးသော မူဝါဒလမ်းစဉ် ချမှတ်မှုများကို ပြုလုပ်ခဲ့သည်။ ဝန်ကြီးချုပ် မစ္စတာဒေဆိုင်းသည် အင်္ဂလိပ်ဘာသာကို နိုင်ငံတော်၏ ဘာသာစကားတရပ်အနေဖြင့် ဆက်လက်၍ ပြဋ္ဌာန်းထားမည် ဖြစ်ကြောင်း သြဂုတ်လ အတွင်း၌ ကျင်းပခဲ့သော ပါလီမန်လွှတ်တော်၌ ကြေငြာခဲ့သည်။ ဟင်ဒီဘာသာကိုမူ ရုံးသုံးဘာသာရပ်အဖြစ် ဥပဒေအရ ပြဋ္ဌာန်းရန် မလိုလားကြောင်း တင်ပြခဲ့သည်။

ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော သတင်းစာ ရှင်းလင်းပွဲ၌ အိန္ဒိယပြည်အနေဖြင့် အနုမြူဗုံး ပြုလုပ်သော အနုမြူနိုင်ငံအဖြစ်ကို မည်သည့်အခါမျှ ခံယူမည် မဟုတ်ကြောင်း ထုတ်ဖော်ကြေငြာခဲ့သည်။ အိန္ဒိယပြည် တရားလွှတ်တော်ချုပ်မှ တရားသူကြီး ချန်ဒရာချတ်ကို နိုင်ငံတော် တရားသူကြီးအဖြစ်၎င်း၊ ဗိုလ်ချုပ်ကြီး အိုပီမဟိုတရာကို ကြည်းတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အဖြစ်၎င်း၊ လေတပ်ဗိုလ်ချုပ်ကြီး လာတစ်ကို လေတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အဖြစ်၎င်း ခန့်ထားခဲ့လေ သည်။

ထို့အပြင် အစိုးရအနေဖြင့် အရေးပါသော စုံစမ်းရေးကော်မရှင်အဖွဲ့များကို ဖွဲ့စည်းပေးခဲ့သည်။ ယင်းကော်မရှင်များတွင် လူနည်းစုများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် လူနည်းစုကာကွယ်ရေး ကော်မရှင်စသည်တို့ကို ဖွဲ့စည်းပေးခဲ့သည်။

ထိမ်းမြားမင်္ဂလာ ပြုလုပ်ရာ၌ အငယ်ဆုံး သက်တန်းကို မိန်းကလေးတို့အတွက် အသက် (၁၅) နှစ်မှ (၁၈) နှစ်သော်၎င်း၊ ယောကျ်ားကလေးများအတွက် အသက် (၁၈) နှစ်မှ (၂၁) နှစ် အထိသော်၎င်း တိုးမြှင့် အက်ဥပဒေကို ၁၉၇၈ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

၁၉၇၈ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ အစိုးရအဖွဲ့သည် ဆူပူမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၁၉၇၈ ခုနှစ် သြဂုတ်လနှင့် စက်တင်ဘာလအတွင်း အိန္ဒိယပြည်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ရေဘေးဒုက္ခများ ခံစားခဲ့ရသည်။

မှောင်ခိုငွေမဲ့ ပိုင်ရှင်များ၏ ငွေကြေးကစားမှုကို ကာကွယ်ရန် ၁၉၇၈ ခုနှစ် ဇန္နဝါရီလတွင် ထုတ်ပြန်သော ကြေငြာချက်အရ ငွေစက္ကူ ၁၀၀၀၊ ၅၀၀၀ နှင့် ၁၀,၀၀၀ တန် ဖိုးရှိ ငွေစက္ကူများကို တရားဝင်သုံးစွဲခြင်းမှ ရပ်စဲခဲ့သည်။ ယင်းတရားမဝင် ငွေစက္ကူများကို လဲလှယ်ရန် သုံးရက်မျှသာ အချိန်ပေးခဲ့သည်။

ထိုသို့ တန်ဖိုးကြီးငွေ စက္ကူများကို တရားမဝင် ကြေငြာခြင်းမှာ ယခုအကြိမ်နှင့် ဆိုပါလျှင် ဒုတိယအကြိမ်ဖြစ်၍ ပထမအကြိမ်မှာ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ဖြစ်ခဲ့လေသည်။

ဂျာနာတာပါတီ အစိုးရ၏ စီးပွားရေးလမ်းစဉ်မှာ လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများကို အားပေးရေး ဖြစ်သည်။

သုံးနှစ်ဆက်တိုက် သီးနှံစိုက်ပျိုးမှု၌ အောင်မြင်ခဲ့သည်။ ၁၉၇၈ ခုနှစ် သီးနှံအထွက်မှာ ၁၂၆ သန်းတန်ဖြစ်သည်။

အိမ်နီးချင်း ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရာတွင် တိုးတက်မှုရှိခဲ့သည်။ အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးသည် ပါကစ္စတန်နိုင်ငံသို့ ချစ်ကြည်ရေး ခရီးထွက်ခဲ့လေသည်။

အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးမှာ ၁၉၇၁ ခုနှစ် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ အရေးအခင်းကြောင့် ပျက်ပြားခဲ့ရာ ယခုနှစ် ဇန္နဝါရီလအတွင်း အမေရိကန် သမ္မတကာတာ၏ အိန္ဒိယခရီးစဉ်နှင့် အိန္ဒိယဝန်ကြီးချုပ်၏ ဇွန်လအတွင်း အမေရိကန် ခရီးစဉ်တို့ကြောင့် နွေးထွေးလာခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည် ကောင်းမွန်ခဲ့လေသည်။ ထို့နောက် ၁၉၇၈ ခုနှစ် သြဂုတ်လ ၂၆ ရက်နေ့တွင် အမေရိကန်နိုင်ငံက ဒေါ်လာသန်းပေါင်း ၆၀ အကူအညီ ပေးရန် စာချုပ်တရပ်ကို ချုပ်ဆိုခဲ့သည်။

အိန္ဒိယနိုင်ငံ တရုတ်ပြည်သူသမ္မတနိုင်ငံတို့၏ ဆက်ဆံရေး အခြေအနေမှာလည်း ကောင်းမွန် တိုးတက်ခဲ့သည်။ တရုတ်ပြည်သူသမ္မတနိုင်ငံမှ ကုန်သွယ်ရေး ကိုယ်စားလှယ် အဖွဲ့တဖွဲ့သည် ဒေလီမြို့သို့ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ဂ ရက်နေ့က သွားရောက်ခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်ရေး ကိစ္စများကို ဆွေးနွေးခဲ့လေသည်။

၁၉၇၈ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ

(မြန်မာ)

ဇန္နဝါရီလ

၁ ဗိုလ်မှူးကြီး ဖေသက် ၅၈ နှစ်၊

၆ ဇေယျကျော်ထင် ဦးဂွမ်ရှိန် ၅၄ နှစ်၊
မော်ကွန်းဝင် ဒုတိယဆင့်၊ ဗိုလ်မှူးကြီးဟောင်း၊

၁၅ **ဦးသိန်းဖေမြင့်** ၆၄ နှစ်၊
သတင်းစာဆရာ၊ စာရေးဆရာ။

၂၇ **စည်သူ ဦးမောင်မောင်ကြီး** ၈၀ နှစ်၊

မတ်လ

၂၅ **မဝင်းမြင့်** ၆၀ နှစ်၊ စာရေးဆရာမ။

ဧပြီလ

၂၃ **ဦးဘသိန်းတင်**
ရန်ကုန်ဟိုက်စကူး ကျောင်းအုပ်ဟောင်း၊

၃၀ **ကထိက ဦးသက်တင်** (မြို့မ)

မေလ

၁ **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂိန္ဒာဘိဝံသ**
သက်တော် ၉၆၊ ဝါတော် ၇၆၊
ဒါးပိန်ဆရာတော်။

၅ **ဦးလှစိုး၊ တက္ကသိုလ်စိုး၊**
သိမ်ချင်းရေးဆရာ။

၇ **အဂ္ဂမဟာပဏ္ဍိတ ဦးပဒုမ**
သက်တော် ၉၈ နှစ်၊ ဝါတော် ၇၈ ဝါ၊
မြိတ်မြို့ တောကျောင်းဆရာတော်။

၈ **ဒေါ်အိမ်စိုး၊**
ဆရာတော်ဦးဥတ္တမ၏ညီမ။

ဇွန်လ

၁ **နာဂ တောင်တန်း**
မောင်ကြည်ဇင်၊ ၄၇ နှစ်၊
အမျိုးသားစာပေဆုရ စာရေးဆရာ။

၁၄ **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇနိယ**
သက်တော် ၈၂၊ ဝါတော် ၆၂၊
ပြည်မြို့ ပါဠိတက္ကသိုလ် ကျောင်းတိုက်။

၁၈ **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏ၊**
သက်တော် ၈၂၊ ဝါတော် ၆၂၊
ခြောက်ထပ်ကြီး ကျောင်းတိုက်၊

ဇူလိုင်လ

၁ နိုင်ငံတော်ကောင်စီဝင် ဦးလွင် ၆၆ နှစ်။

၇ **ရွှေကြာ ဦးစိုးမြင့်** ၆၆ နှစ်၊
စာရေးဆရာ။

၂၃ **မဟာပညာဗလ ဆရာဥာဏ်** ၈၃ နှစ်၊
မြန်မာစာ ကော်မရှင် အဖွဲဝင်။

၂၈ **မူလဒ္ဓါရ သာသနာပိုင် ဘဒ္ဒန္တ ထေရာနန္ဒ၊**
သက်တော် ၉၅၊ ဝါတော် ၇၆၊
အင်္ဂပူကျောင်းတိုက်။

၃၀ **နိုင်ငံတော်ကောင်စီဝင် ဦးအောင်ဒင်** ၇၈ နှစ်၊

သြဂုတ်လ

၃ **သီရိပျံချီ ဒေါက်တာ ချန်တိတ်** ၈၅ နှစ်၊
မြန်မာနိုင်ငံတွင် ပထမဆုံး မျက်စိ ခွဲစိတ်ကု
ဆရာဝန်ကြီး။

စက်တင်ဘာလ

၂၉ **သီရိပျံချီ ဒေါက်တာ ဒေါ်ရင်မေ** ၈၁ နှစ်၊
မြန်မာနိုင်ငံတွင် ပထမဆုံး အမျိုးသမီး
ဆေးပညာပါမောက္ခ၊ မီးယပ်သားဖွား
ဆေးပညာ ပါရဂူ။

အောက်တိုဘာ

၃ **မြန်မာ့အလင်း ဦးတင်** ၈၁ နှစ်၊
ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့
ဥက္ကဋ္ဌ။

၅ **တိုးတက်ရေး ဦးစိန်** ၈၁ နှစ်၊
စာရေးဆရာ။

၉ **ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးမြင့်ဆွေ၊**

၂၃ **ဗန်းမော် တင်အောင်** ၅၄ နှစ်၊
စာရေးဆရာ။

၂၄ **သံမဏိ ဦးစိုးလင်း** ၇၃ နှစ်၊
မော်ကွန်းဝင် တတိယဆင့်၊ ၁၉၄၆ ခုနှစ်၊
သံမဏိ ပုလိပ် သပိတ်ခေါင်းဆောင်။

နိုဝင်ဘာလ

၄ **အောဝမ်း ဆရာညာ ၇၆ နှစ်၊**
အနုပညာဦးစီးဌာန၊ ဂီတအကြံပေးပုဂ္ဂိုလ်။

၇ **ရွှေဝယ်ဇ (ဦးဘဇ) ၈၈ နှစ်၊ စာရေးဆရာ။**

၇ **သီရိပျံချီ ဒေါက်တာ ဦးမင်းစိန် ၈၀ နှစ်။**
ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်မျာ
ပါမောက္ခချုပ်ဟောင်း။

၂၇ **ရှင်ဥက္ကဋ္ဌ သက်တော် ၈၂၊ ဝါတော် ၆၂၊**
ဇတောင်တွင်းကြီး နတ်မှိတောရ ဆရာတော်။

ဒီဇင်ဘာလ

၁၇ **နိုင်ငံဇတော်ကောင်စီဝင် ဦးထွန်းမြတ် ၇၄ နှစ်၊**

(နိုင်ငံတကာ)

ဇန္နဝါရီလ

၁၄ **ဟိုရေးရှိုး ဟူးဗတ် ဟမ့်ဖရေး**
အမေရိကန် ဒုတိယ သမ္မတဟောင်း။

မတ်လ

၇ **ဝါနာ လမ်းဘာ**
အရှေ့ဂျာမနီ ကွန်မြူနစ် ပါတီ ဗဟိုကော်မတီ
အထွေထွေ အတွင်းရေးမှူးချုပ်။

ဧပြီလ

၂၇ **မိုဟာမက်ဒါဝတ်၊**
အာဖဂန်နီစတန် သမ္မတ။

ဂျန်ပေါလ်, အယ်လ်ဗီနီလူစီယာနီ၊
ဗရင်ဂျီသာသနာပိုင် ပထမမြောက်။

မေလ

၆ **စတီပင်, ပီတာဖီ ၇၂ နှစ်၊**
ရူမေးနီးယား နိုင်ငံတော်ကောင်စီ၊
ဒုတိယဥက္ကဋ္ဌ၊ ရူမေးနီးယား ကွန်မြူနစ်ပါတီ
ဗဟိုကော်မတီဝင်။

၉ **အယ်လဒိုမိုရို ၆၁ နှစ်၊**
ဂွတလီ ဝန်ကြီးချုပ်ဟောင်း၊
ခရစ်ယန် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်။

၂၉ **အလီဆွာလီ ၄၃ နှစ်၊**
ကိုမိုရိကျွန်းစုနိုင်ငံ သမ္မတ။

၃၀ **တက်ဆူကာတာ ၉၀ နှစ်၊**
ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း၊
ဂျပန်ဆိုရှယ်လစ် ပါတီခေါင်းဆောင်။

ဇွန်လ

၁၂ **ကိုမိုးကြိုး ၈၆ နှစ်၊**
တရုတ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်၊
ပြည်သူကွန်ဂရက် အမြဲတမ်းကော်မတီ
ဒုတိယဥက္ကဋ္ဌ။

၁၅ **အလီယက်ဆင်**
ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့
ညွှန်ကြားရေးမှူး။

၂၄ **အာမက်ဟူစိန် အယ်ဂါရှမီ**
မြောက်ယီမင်နိုင်ငံ သမ္မတ။

ဇူလိုင်လ

၇ **ဖရန်စစ္စကိုပင်းဒက်စ်**
ဂင်းနီဗစ်ဆောနိုင်ငံ အကြီးအကဲ။

သြဂုတ်လ

၆ **ဂီယိုဗန်နီဗက်တစ္စာ မွန်တီနီ ၈၀ နှစ်၊**
ဆင္ဒမမြောက် ပေါလ်၊ ဗရင်ဂျီသာသနာပိုင်။

၂၂ **ကင်ညတ်တာ,ယိုမို ၈၅ နှစ်၊**
ကင်ညာနိုင်ငံ သမ္မတ၊ အာဖရိကတိုက် ကနဦး
အမျိုးသား ခေါင်းဆောင်နှင့် ကင်ညာနိုင်ငံ၏
အမျိုးသား ခေါင်းဆောင်ကြီး။

၃၁ **ဂျန်ရက်ဟော ၆၅ နှစ်။**
ရိုဒီးဇီးယားသမ္မတ။

အောက်တိုဘာလ

၂၁ **မကုယန် ၈၃ နှစ်၊**
ဆိုဗီယက် ဦးစီးလွှတ်တော်ချုပ်
သဘာပတိအဖွဲ့ ဥက္ကဋ္ဌဟောင်း။

ဒီဇင်ဘာလ

၈ **မစ္စက်ဂိုလဒါမီယာ ၈၀ နှစ်၊**
အင်ဒိယယ် ဝန်ကြီးချုပ်ဟောင်း။

၂၇ **ဗူမီဒီယင်,ဟူဝါးရီ**
အယ်လ်ဂျီးရီးယားနိုင်ငံ သမ္မတ။

အကျွမ်းရာစဉ်အညွှန်း

(၁၉၇၀ - ၁၉၇၉ ခုနှစ် အကျွမ်းရာစဉ်အညွှန်း)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါအကြောင်းရပ်မျာ်းကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အကျွမ်းရာစဉ်၍ ထည့်သွင်းဖော်ပြထာ်းပါသည်။မြန်မာ့စွယ်စုံကျမ်း၌ အသုံးပြုထာ်းသော ကာရန်စနစ်အတိုင်း စီစဉ်ထည့်သွင်းပါသည်။ဦး၊ ဒေါ်၊ ဆရာ စသည့် အသုံးအနှုန်းမျာ်းကိုအမည်၏ နောက်၌ ထာ်းရှိပါသည်။ ဂဏန်းအမည်းမျာ်းမှာ စွယ်စုံနှစ်ချုပ်နှစ်စဉ်ကို ညွှန်းပါသည်။ ဂဏန်း အဖြူမျာ်းမှာ စာမျက်နှာကိုညွှန်းပါသည်။ ပုံစံဆိုသော် ကချင်ပြည်နယ် ၇၉–၈၀။ ၇၈–၈၂။ဟု ဖော်ပြထာ်းရာ ကချင် ပြည်နယ် အကြောင်းရပ်သည် နှစ်ချုပ် ၁၉၇၉ စာမျက်နှာ ၈၀ တွင်၎င်း၊ နှစ်ချုပ် ၁၉၇၈ စာမျက်နှာ ၈၂ တွင်၎င်း ဖော်ပြထာ်းကြောင်းကို ညွှန်းဆိုပါသည်။ အကြောင်းရပ်ခြင်း ဆက်စပ်၍ဖတ်ရှုနိုင်ရန် ဖြစ်ပါသည်။

က

ကချင်ပြည်နယ် ၇၉ - ၈၀။
၇၈ - ၈၂
ကတက်စတြော်ဖီသီအိုရီ ၇၉ - ၈၁။
ကတန်းဂါးနိုင်ငံ ၇၉ - ၆၁။
ကဒတ်ဖီ,ကာနယ်မူအမ္မာအယ် ၇၉ - ၆၅။
၇၈ - ၈၂။
ကနေဒါနိုင်ငံ ၇၉ - ၈၂။
၇၈ - ၈၃။
ကဘော်ချိုင့်ဝှမ်းစီမံကိန်း ၇၉ - ၈၂။
ကယားပြည်နယ် ၇၉ - ၈၂။
၇၈ - ၈၄။
ကရာတေး ၇၈ - ၈၅။
ကရူရွှေ့,ဆာဂျီရီဗစ်နီကိတာ ၇၈ - ၈၆၊၁၆၄။
ကရင်ပြည်နယ် ၇၉ - ၈၄။
၇၈ - ၈၆။
ကရိုင်ယိုဂျင်းနစ် ၇၈ - ၈၇။
ကရမ်တန်,ဂျင်မီ ၇၉ - ၂၇၄။
ကလေဘင် ၇၉ - ၁၃၆။
ကလိုရင်း ၇၉ - ၇၅။
ကလိမ်ပင် ၇၉ - ၁၃၇။
ကအွန်ဒါ,ကင်းနက် ၇၈ - ၉၀၊၁၇၃။
ကာတာ,ဂျင်မီ ၇၉ - ၂၆၁၊၂၆၉၊
၂၇၈၊၂၈၀၊၂၉၃။
၇၈ - ၉၁။

ကာဖီလုပ်ငန်း ၇၉ - ၉၄။
ကာလသားရောဂါ ၇၈ - ၉၂။
ကားပေါ့,အန်နာတိုလီ ၇၉ - ၈၅။
ကုလသမဂ္ဂ ၇၉ - ၈၆။
၇၈ - ၄၁၊၈၀။
ကုလသမဂ္ဂ တက္ကသိုလ် ၇၈ - ၉၂။
ကုလသမဂ္ဂ ကလေးသူငယ်မျာ်း၏
ရန်ပုံငွေအဖွဲ့ ၇၈ - ၉၄။
ကုလသမဂ္ဂပညာ၊သိပ္ပံနှင့်ယဉ်
ကျေးမှုအဖွဲ့ (ယူနက်စကို) ၇၈ - ၉၅၊၁၄၇။
ကူဝိတ်နိုင်ငံ ၇၈ - ၉၇၊၂၆၀။
ကယ်လဆီယမ်ကာဗွန်နိတ် ၇၉ - ၇၃။
ကယ်လဆီယမ်ဆာလဖိတ် ၇၉ - ၇၃။
ကယ်လဟန်,ဂျိမ်း ၇၉ - ၁၁၇။
၇၈ - ၉၈။
ကဲကုလ ၇၈ - ၉၈။
ကောဇောနိုင်ငံ ၇၈ - ၉၉။
ကိုကိုးကျွန်း ၇၉ - ၂၃၀။
ကိုဆီဂင်,အလက်ဆီနီကိုလျက်ဗစ် ၇၈ - ၉၉။
ကိုဒင်း ၇၉ - ၄၁၅၊၅၀၊၁၃၈။
ကိုမိုရိုကျွန်းစုသမ္မတနိုင်ငံ ၇၉ - ၉၂။
၇၈ - ၁၀၀။
ကိုမိုးကြိုး ၇၉ - ၉၃။
ကိုရီးယား ဒီမိုကရက်တစ်
ပြည်သူသမ္မတနိုင်ငံ ၇၉ - ၂၇၄။
၇၈ - ၁၀၃၊၁၀၇။

အကွရာစဉ်အညွှန်း

ကိုရီးယားသမ္မတနိုင်ငံ	၇၈ - ၁၀၃။
ကိုလံဗိုစီမံကိန်း	၇၈ - ၁၀၁။
ကိုလုံးဗီးယားသမ္မတနိုင်ငံ	၇၉ - ၉၄။
ကက်စထြို့ဖီဒယ်	၇၈ - ၁၀၄၊၁၁၆။
ကောက်ရိုးစစ်ဆင်ရေး	၇၉ - ၄၇။
ကင့်ဒေးဗစ်	၇၉ - ၂၇၈၊၂၉၄။
ကင်ဆာရောဂါ	၇၉ - ၉၅။
ကင်ညာသမ္မတနိုင်ငံ	၇၈ - ၁၀၅။
ကင်ညတ်တာ,ယိုမို	၇၈ - ၁၀၆။
ကင်နက်ဆစ်	၇၈ - ၁၀၆။
ကင်အီဆွန်း	၇၈ - ၁၀၇။
ကောင်းကင်မြေတိုင်း	၇၈ - ၁၀၈။
ကစ်ဆင်းဂျား,ဟင်နရီအဲဖရက်	၇၉ - ၆၉၊၂၈၀။
	၇၈ - ၁၀၈။
ကုတ်ကင်း	၇၉ - ၄၁၊၄၄။
ကုန်သွယ်ရေကြောင်း သယ်ယူ ပို့ဆောင်ရေး	၇၈ - ၁၁၀။
ကပ္ပားကောင်	၇၉ - ၉၆။
ကိပ်ဗာဒီသမ္မတနိုင်ငံ	၇၉ - ၉၇။
ကမ်ပူးချားသမ္မတနိုင်ငံ ဒီမိုကရက်တစ်	၇၈ - ၁၁၁။
ကမ္ဘောဇနိုင်ငံ	၇၈ - ၁၁၄။
ကမ္ဘာ့ကျန်းမာရေးအဖွဲ့	၇၈ - ၁၁၂၊၁၁၉။
ကမ္ဘာ့တင်းမာမှု လျော့ပါးရေး	၇၈ - ၁၁၃။
ကမ္ဘာ့ပင်လယ်ပြင်ဥပဒေ	၇၈ - ၅၁။
ကမ္ဘာ့ဖလားဘောလုံးဗိုလ်လုပ္ပဲ	၇၉ - ၉၈။
ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်	၇၉ - ၉၈။
ကမ္ဘာ့ဘဏ်	၇၈ - ၁၁၄။
ကမ္မရှန်းပြည်ထောင်စုသမ္မတနိုင်ငံ	၇၈ - ၁၁၄။
ကမ်းလွန်ရေနံ	၇၈ - ၁၁၆။
ကျူးဗားသမ္မတနိုင်ငံ	၇၈ - ၁၀၄၊၁၁၆။
ကျောက်ကပ်	၇၉ - ၅၂၊၅၄။
ကျောက်ကပ်စက်	၇၈ - ၁၁၆။
ကျောက်မျက်ရတနာပြပွဲ၊မြန်မာ့	၇၉ - ၁၀၀။
	၇၈ - ၁၁၈။
ကျောက်ရောဂါ	၇၈ - ၁၁၉။
ကျိုင်းကောင်	၇၉ - ၁၀၂။
ကြယ်ပေါက်ကွဲခြင်း	၇၈ - ၁၂၀။
ကြို့ပင်	၇၉ - ၁၃၇။
ကြက်ဆူ	၇၉ - ၁၃၇။
ကြက်မောက်တောင်ဆည်	၇၉ - ၁၀၃။
ကွေဆာ	၇၈ - ၁၂၀။
ကွတ်ကျွန်းစု	၇၉ - ၁၀၃။
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ	၇၉ - ၆၂။
	၇၈-၁၂၂၊၁၇၂၊၂၄၄။
ကွန်ဂိုပြည်သူသမ္မတနိုင်ငံ	၇၈ - ၁၂၂၊၁၇၂။
ကွန်စတင်တိုင်းဘုရင်	၇၈ - ၁၂၉။
ကွန်တိန်နာစနစ်	၇၈ - ၁၂၁။
ကွန်ပျူတာ	၇၈ - ၅၅။

ခ

ခမာနိုင်ငံ	၇၈ - ၁၂၃။
ခရီးသွားလာရေးလုပ်ငန်း	၇၈ - ၁၂၃။
ခရုစ်ဒုံးပျံ	၇၈ - ၇၅။
ခါခါဘိုဇီယာတောင်	၇၈ - ၁၂၅။
ခဲဆိပ်သင့်ခြင်း	၇၉ - ၁၀၄။
ခိုစီးဂလိုက်ဒါ	၇၉ - ၁၀၄။
ခိုမေနီ, အာယတိုလာ	၇၉ - ၁၀၅။
ချီလီသမ္မတနိုင်ငံ	၇၉ - ၁၀၆။
ချူတေး	၇၈ - ၁၂၅၊ ၁၇၇။
ချူအင်လိုင်း	၇၈ - ၁၂၆၊၁၄၃၊၁၆၄၊ ၁၇၇။
ချက်ကိုဆလိုဗားကီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ	၇၉ - ၁၀၇။
ချက်ပလင်, ချာလီ	၇၈ - ၁၂၇။
ချင်းပြည်နယ်	၇၉ - ၁၁၀။
	၇၈ - ၁၂၇။
ချဒ်သမ္မတနိုင်ငံ	၇၉ - ၁၀၈။
ချန်ကေရှိတ်	၇၈- ၁၂၈၊၁၇၇၊၁၈၁။

ဂ

ဂရိနိုင်ငံ	၇၈ - ၁၂၉။
ဂရေနဒါနိုင်ငံ	၇၈ - ၁၃၀။
ဂရိမီကို, အန်ဒရေးအန်ဒရီးယက်ဗစ်	၇၈ - ၁၃၁။
ဂဋ္ဌုန်စီမံချက်	၇၉ - ၂၃၁။
ဂါနာသမ္မတနိုင်ငံ	၇၈ - ၁၃၂။
ဂါဗွန်သမ္မတနိုင်ငံ	၇၈ - ၁၃၂။
ဂေဟဗေဒ	၇၈ - ၁၁၁။
ဂင်းနီသမ္မတနိုင်ငံ	၇၈ - ၁၃၃။
ဂင်းနီဗစ်ဆောသမ္မတနိုင်ငံ	၇၈ - ၁၃၃။
ဂိုင်ယာနာသမ္မတနိုင်ငံ	၇၉ - ၁၁၁။
	၇၈ - ၁၃၄။

အကွရာစဉ်အညွှန်း

ဂစ္စကတ် ဒက်စတိုင်း, ဗလာရီ	၇၉ - ၂၆၃။
	၇၈ - ၁၃၄။
ဂန္ဓီ, အင်ဒီရာ	၇၉ - ၁၁၂။
	၇၈- ၁၃၅၊၁၈၉၊၃၁၈။
ဂမ္ဗီယာသမ္မတနိုင်ငံ	၇၈ - ၁၃၇၊
ဂျပန်နိုင်ငံ	၇၉ - ၁၁၃၊၂၃၆၊၂၇၄၊ ၂၇၉၊၂၈၀၊၂၈၄၊ ၂၈၉၊၂၉၀။
	၇၈ - ၁၃၇၊၂၂၈။
ဂျမေးကား	၇၉ - ၁၁၆။
ဂျရွန်တော်လိုဂျီ	၇၉ - ၁၁၇။
ဂျာမနီနိုင်ငံ၊ ပြည်ထောင်စုသမ္မတ	၇၉ - ၁၁၇၊
	၇၈- ၁၃၈၊၂၁၇၊၃၁၀။
ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ	၇၉ - ၁၁၈။
	၇၈ - ၁၄၀။
ဂျီဗူတီသမ္မတနိုင်ငံ	၇၈ - ၁၄၁။
ဂျေယျဝါဒီနီ, ဂျူးနီးယပ်ရစ်ချတ်	၇၈ - ၁၄၁၊၂၈၀။
ဂျော်ဒန် နိုင်ငံ	၇၉ - ၁၁၈၊၂၅၃၊၂၇၈၊ ၂၇၉။
	၇၈ - ၁၄၂၊၂၀၅။
ဂျိုးဖြူစီမံချက်အဆင့် (၂)	၇၉ - ၂၃၁။
ဂျိုးမာတင်	၇၉ - ၂၆၄။
ဂျက်လေယာဉ်	၇၉ - ၁၁၉။
ဂျင်းနက်တစ်အင်ဂျင်နီယာရင်း	၇၉ - ၁၂၁။
ဂျုံး, ဂျင်	၇၉ - ၁၁၁။
ဂွာတီမားလသမ္မတနိုင်ငံ	၇၉ - ၁၂၁။

င

ငရဲပန်းစစ်ဆင်ရေး	၇၉ - ၄၇။
ငလျင်	၇၉ - ၁၂၂။
ငွေတောင်ဆည်	၇၉ - ၁၂၃။

စ

စကိုင်းလက်	၇၈ - ၃၀၁။
စနိုး,အဂ္ဂါပတ်	၇၈ - ၁၄၃။
စပင်းနစ်ဆဟာရ	၇၈ - ၁၄၄။
စပတ်စကီ, လက်ဖ်ပေါလုဂေရက်	၇၉ - ၈၆။
စပိန်	၇၉ - ၆၄၊ ၁၂၃၊ ၂၈၃၊ ၂၈၄။
	၇၈- ၁၄၅၊၂၀၁၊၂၁၀။
စမစ်, အီယန်	၇၉ - ၆၈။
	၇၈ - ၂၆၂။
စာတတ်မြောက်ရေးလုပ်ငန်း	၇၉ - ၁၂၄။
	၇၈ - ၁၄၅၊ ၂၇၁။
စာပေဗိမာန်စာမူဆု	၇၉ - ၁၂၅၊ ၂၆၃။
	၇၈ - ၁၄၈၊ ၂၉၃။
စာပေးစာယူသင်တန်း	၇၉ - ၁၂၆။
စာမတတ်သူပပျောက်ရေး	၇၈ - ၁၄၈။
စာရာမေတိ	၇၈ - ၁၅၀။
စားနပ်ရိက္ခာနှင့်လယ်ယာ စိုက်ပျိုးရေးအဖွဲ့	၇၉ - ၁၂၇။
စီမီးယား	၇၈ - ၁၅၀။
စီအမ်အီးအေ	၇၈ - ၁၅၀။
စီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် တိုးတက်ရေးအဖွဲ့	၇၈ - ၁၅၀။
စီးပွားရေးအပြန်အလှန် ကူညီမှုကောင်စီ	၇၈ - ၁၅၀။
စောနောင်၊ ဗိုလ်	၇၈ - ၁၅၁။
စိုးမြင့်၊ ဦး၊ ရွှေစကြာ	၇၉ - ၁၂၇။
စက္ကူရွှေ	၇၈ - ၁၅၂။
	၇၉ - ၁၂၉။
စိုက်ပရပ်သမ္မတနိုင်ငံ	၇၈ - ၁၅၂၊ ၂၃၂။
စက်ဝပူသမ္မတနိုင်ငံ	၇၈ - ၁၅၂၊ ၂၆၉။
စင်းတိုး	၇၈ - ၁၅၃၊ ၂၉၇။
စစ်ကိုင်းတိုင်း	၇၉ - ၁၂၉။
	၇၈ - ၁၅၃။
စစ်စာချုပ်ဝင်နိုင်ငံများ	၇၈ - ၁၅၄။
စစ်တောင်းစက္ကူစက်	၇၈ - ၂၅၁။
စိန်၊ ဦး၊ တိုးတက်ရေး	၇၉ - ၁၃၀။
စံပြလုပ်သားစီမံကိန်း	၇၉ - ၁၃၂။
	၇၈ - ၁၅၄။

ဆ

ဆဒတ်, အနွဝါ အယ်	၇၉ - ၆၅၊ ၁၁၉၊ ၁၃၃၊ ၂၆၂၊၂၆၃၊၂၇၉၊ ၂၈၀၊၂၉၄၊၂၉၅။
	၇၈ - ၁၅၅၊၂၂၄၊၂၇၅၊ ၃၀၃၊၃၀၈၊၃၁၆။
ဆဗိုဗိုဒါ, ဂျင်နရယ်	၇၉ - ၁၀၈။
ဆအူးဒီအာရေဗျ	၇၉ - ၁၃၃၊၂၆၁။
	၇၈ - ၁၅၇၊၂၆၀။

ဆာယု ၇၉ - ၂၆၇။
၇၀ - ၃၀၁။
ဆာလျှံ ၆ ၇၉ - ၂၆၀။
ဆာအိုတိုမီနှင့်ပရင်စီပီ
ဒီမိုကရက်တစ် သမ္မတနိုင်ငံ ၇၀ - ၁၅၇။
ဆီတိုးအဖွဲ့ ၇၀ - ၁၅၇၊ ၂၉၆။
ဆီထွက်သီးနှံပင်မျိုး ၇၉ - ၁၃၃။
ဆီနီပဆူမိုချို ၇၀ - ၁၀၃။
ဆီးရီးယား ၇၉ - ၂၇၀။
၇၀ - ၁၄၂၊၁၉၆၊၂၂၅၊ ၃၀၃။
ဆူကာနို, အာမက် ၇၀- ၁၅၇၊၁၆၁၊၃၁၄။
ဆူပါနိုဗာ ၇၀ - ၁၅၀။
ဆူဗန်နိုဗောင်မင်းသား ၇၀- ၁၅၉၊ ၂၇၄၊ ၂၀၁။
ဆူရီနမ်သမ္မတနိုင်ငံ ၇၀ - ၁၅၉၊
ဆူဟာတို ၇၀- ၁၅၀၊၁၆၀၊၃၁၄။
ဆူးအက်တူးမြောင်း ၇၉ - ၂၇၀။
၇၀ - ၁၅၆၊၁၆၁၊၁၉၆၊ ၃၀၀။
ဆေးခြောက် ၇၉ - ၄၀။
ဆေးဂန္ဓမာ ၇၀ - ၁၆၂။
ဆေးဝါးအလွဲသုံးမှု ၇၉ - ၁၃၀။
ဆော်လဇာနီဆင်, အယ်လက်ဇန္ဒာ ၇၀ - ၁၆၃။
ဆော်လမွန်ကျွန်းစုနိုင်ငံ ၇၉ - ၉၂၊၁၄၀။
ဆိုဗီယက်ပြည်ထောင်စု
ဆိုရှယ်လစ်သမ္မတနိုင်ငံ ၇၉ - ၁၄၀၊၁၄၂။
၇၀ - ၁၆၄။
ဆိုမာလီယာဒီမိုကရက်တစ်
သမ္မတနိုင်ငံ ၇၉ - ၁၄၁။
ဆိုရှယ်လစ်ဒီမိုကရေစီ ၇၀ - ၁၆၅၊၁၆၇၊၃၁၀။
ဆင်ကာကူကျွန်းစု ၇၉ - ၁၁၅။
ဆင်နီဂေါသမ္မတနိုင်ငံ ၇၀ - ၁၆၀၊ ၂၃၆။
ဆင်း, ဆွာရန် ၇၉ - ၁၁၃။
ဆိုင်ဗာနက်တစ် ၇၀ - ၁၆၀။
ဆိုင်းရပ်စ်ဗန်စ ၇၉ - ၂၉၄။
ဆည်မြောင်းမျိုး၊ မြန်မာနိုင်ငံ ၇၉ - ၁၄၂။

ဇ

ဇနကာဘိဝံသ၊ အရှင် ၇၀ - ၁၆၉။
ဇရာဗေဒ ၇၉ - ၁၄၇။
ဇလဗေဒ ၇၉ - ၁၄၀။

ဇီယာအူးရ်ရာမန် ၇၀ - ၁၇၀၊၂၂၇။
ဇီယာအူးလဟာ့်, မိုဟာမက် ၇၀ - ၁၇၁၊ ၂၀၀။
ဇီယွန်ဝါဒ ၇၉ - ၁၄၉။
ဇီရော့်စက် ၇၀ - ၁၇၁။
ဇင်ဗာဗွေနိုင်ငံ ၇၉ - ၁၅၁၊ ၂၂၉။
၇၀ - ၁၇၂၊ ၂၆၁။
ဇင်းဘောင်ကျွန်းစီမံကိန်း ၇၉ - ၂၀၆။
ဇိုင်ယာသမ္မတနိုင်ငံ ၇၉ - ၆၁။
၇၀ -၁၇၂၊၂၅၂၊၃၁၇။
ဇမ္မီးယားသမ္မတနိုင်ငံ ၇၉ - ၆၇၊ ၆၉။
၇၀ - ၁၇၂။

ည

ညီရေးရေး, ဂျူးလယ်ပ်ကမ်ဗားရာဂေ ၇၉ - ၂၂၅။
၇၀ - ၁၇၄၊ ၁၀၀။
ညွှာဆရာအော်မ်း ၇၉ - ၁၅၁။
ညာဏစာရီ၊ ဒေါ် ၇၀ - ၁၇၃။
ညာဏ်၊ ဆရာ ၇၉ - ၁၅၂

တ

တတိယကမ္ဘာ ၇၀ - ၁၇၄။
တနင်္သာရီတိုင်း ၇၉ - ၁၅၃။
၇၀ - ၁၇၅။
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၇၉ - ၉၃၊ ၁၁၃၊ ၁၅၅၊
၂၆၃။
၇၀ - ၁၇၆။
တီမောကျွန်း ၇၀ - ၁၇၀။
တူရကီသမ္မတနိုင်ငံ ၇၉ - ၄၉၊ ၁၅၆။
၇၀ - ၁၅၂။
တေဇနိယ၊ဘဒ္ဒန္တ၊အဂ္ဂမဟာပဏ္ဍိတ
တေဇလူငယ် ၇၉ - ၂၄၀။
၇၀ - ၁၇၉။
တို့ဗမာအစည်းအရုံး ၇၉ - ၂၄၉။
တောက်၊ ဆရာ၊ စန္ဒယား ၇၉ - ၁၅၀။
တောက်ခြင်း ၇၉ - ၁၅၉။
တင်၊ ဦး၊ မြန်မာ့အလင်း ၇၉ - ၁၆၀။
တင့်ကား ၇၀ - ၇၂၊ ၂၁၆။

တင့်ကား, တီ ၆၂ ၇၀ - ၇၃။
တောင်အာဖရိကသမ္မတနိုင်ငံ ၇၀ - ၁၇၉။
တိုင်းဝမ်ကျန်း ၇၀ - ၁၀၁။
တန်ဇားနီးယားပြည်ထောင်စု သမ္မတနိုင်ငံ ၇၀ - ၁၀၀။
တိန့်ရှောင်ဖိန် ၇၉ - ၁၆၁၊ ၁၅၅။

ထ

ထရီနိဒက်နှင့် တိုဘာဂိုသမ္မတနိုင်ငံ ၇၉ - ၁၆၃။
ထရူးဒိုး, ပီယဲအဲလီဟော့ ၇၉ - ဂ၂၊ ၁၁၇။
၇၀ - ဂ၃၊ ၁၀၁။
ထရူးမင်း ၇၀ - ၁၂၉။
ထရန်စကိုင်းနိုင်ငံ ၇၀ - ၁၀၂။
ထရန်စစ္စတာ ၇၀ - ၁၀၂။
ထရန်နေရှင်နယ် ၇၀ - ၁၀၃။
ထင်အောင်၊ ဒေါက်တာ ၇၉ - ၁၆၄။
ထိုင်းနိုင်ငံ ၇၉ - ၁၆၅။
၇၀ - ၁၀၃။
ထန်တလန်မြို့နယ် ၇၀ - ၁၂၀။
ထွန်းဖေ၊ ဦး ၇၀ - ၁၀၄။
ထွန်းမြင့်၊ ဦး၊ လင်းခေး ၇၀ - ၁၀၆။
ထွန်းမြတ်၊ဦး၊နိုင်ငံတော်ကောင်စီဝင် ၇၉ - ၁၆၆။
ထွန်းရွှေ၊ ဦး၊ ကဗျာ့စွယ်စုံ ၇၉ - ၁၆၆။

ဒ

ဒဗလျူအိပ်ချအို ၇၀ - ၁၀၇။
ဒါယန်း, မိုရှေ ၇၀ - ၁၀၇။
ဒါဟိုမီနိုင်ငံ ၇၀ - ၁၀၈။
ဒီမောဆိုး ၇၉ - ၁၂၅။
ဒီအင်အော ၇၀ - ၁၀၈။
ဒူဗချက်,အလက်ဇန္ဒြား ၇၉ - ၁၀၈။
ဒေဆိုင်း, မိုရာဂျီ ၇၉ - ၂၉၈။
၇၀ - ၁၃၆၊ ၁၀၈၊ ၃၁၉။
ဒေသကောလိပ် ၇၉ - ၁၆၈။
ဒေးဗစ်စခန်း ၇၉ - ၂၆၃၊ ၂၇၀။ ၂၉၄။
ဒင်းဂိုးဗိုင်းရပ်ပိုး ၇၉ - ၂၅၀။
ဒုံးခွင်းဒုံးပျံများ ၇၀ - ၇၆။
ဒုံးပျံ ၇၀ - ၇၆။

ဓ

ဓနသဟာယနိုင်ငံများ ၇၉ - ၁၇၀။
ဓာတုဗေဒကုန်ထုတ်လုပ်ငန်း ၇၉ - ၁၇၀။
ဓာတ်ပုံရိုက်မှုန်ပြောင်း ၇၀ - ၁၉၁။

န

နဂါးမင်းစီမံချက် ၇၉ - ၂၅၄။
နပမ်းဗုံး ၇၀ - ၇၀။
နမီးဗီးယား သမ္မတနိုင်ငံ ၇၉ - ၀၀၊ ၉၂၊ ၁၇၁။
၇၀ - ၁၀၉။
နာဂိန္ဒ၊ အရှင် ၇၉ - ၁၇၃။
နာဆာအဖွဲ့ ၇၉ - ၁၇၄။
နီပေါနိုင်ငံ ၇၉ - ၁၇၆။
နေကြာ ၇၉ - ၁၃၄။
နေတိုးအဖွဲ့ ၇၀ - ၁၀၉။
နော်ရူးသမ္မတနိုင်ငံ ၇၉ - ၁၇၇။
နိုဗဲဆုများ ၇၉ - ၁၇၀၊ ၂၉၅။
၇၀ - ၁၀၉။
နက္ခတ်ကြည့်မှန်ပြောင်း ၇၀ - ၁၉၁။
နက္ခတ္တဗေဒ ၇၉ - ၁၀၀။
နက်ဖသားကတ္တရာစေး ၇၀ - ၁၉၆။
နိုင်ဂျာသမ္မတနိုင်ငံ ၇၀ - ၁၉၂။
နိုင်ဂျီးရီးယား သမ္မတနိုင်ငံ ၇၀ - ၁၉၃။
နိုင်ငံစုံလုပ်ငန်းဖြန့်ကော်ပိုရေးရှင်း ၇၀ - ၁၉၄။
နစ်ဆင်, ရစ်ချတ် ၇၉ - ၁၁၃။
၇၀ - ဂ၀၊ ၁၀၀၊ ၁၁၃၊ ၁၂၇၊ ၁၆၅၊ ၁၇၇၊ ၂၉၃။
နတ်ဆာ, အဗ္ဗဒယ်ဂမယ် ၇၀ -၁၅၅၊၁၆၁၊၁၉၆။
ချူးထရွန်ဗုံး ၇၀ - ၇၀၊ ၁၉၆၊ ၂၃၅။
ချူးကလီးယား ၇၀ - ၂၃၄။
နှလုံးခုန်နှုန်းထိန်းစက် ၇၀ - ၁၉၆။
နှင်းပန်းစစ်ဆင်ရေး ၇၉ - ၄၇။

ပ

ပဒုမ၊ ဦး ၇၉ - ၁၀၂။
ပနားမားတူးမြောင်း ၇၀ - ၁၉၇။

ပနားမားသမ္မတနိုင်ငံ ၇၀ - ၁၉၇။
ပါကစ္စတန်သမ္မတနိုင်ငံ ၇၉ - ၁၈၃။
၇၀ - ၁၇၁၊ ၁၉၉၊ ၂၂၇၊ ၂၃၀၊ ၂၅၇၊ ၃၁၃။
ပါပူယာနယူးဂင်းနီနိုင်ငံ ၇၀ - ၂၀၀။
ပီကာဆို, ပက်ဗလို ၇၀ - ၂၀၁။
ပီရွန်, ဟွန်ဒိုမင်ဂို ၇၀ - ၂၀၂။
ပီအယ်အို။ ပယ်လက်စတိုင် လွှတ်မြောက်ရေးအဖွဲ့ ၇၉ - ၂၇၉။
၇၀- ၁၄၂၊ ၂၀၃၊ ၃၀၄။
ပဲခူးတိုင်း ၇၉ - ၁၈၄။
၇၀ - ၂၀၂။
ပေါ်ဆန်းမွေးစစ်ကြောင်း ၇၉ - ၂၃၁။
ပေါ်တူဂယ်သမ္မတနိုင်ငံ ၇၉ - ၅၀။
ပေါ်ပီပင် ၇၉ - ၄၀။
ပေါ်လီဗိုင်နယ်ကလိုရိုက် ၇၀ - ၂၀၅။
ပေါ်လီမာ ၇၀ - ၂၀၅။
ပေါ့, ပဒ္မမြောက် ရဟန်းမင်းကြီး ၇၉ - ၁၈၇။
ပေါ်ဂျန်, ရဟန်းမင်းကြီး ၇၉ - ၁၈၇။
ပိုလာရိုက်လန်းကင်မရာ ၇၀ - ၂၀၅။
ပိုလန်ပြည်သူသမ္မတနိုင်ငံ ၇၉ - ၁၈၇။
ပိုးသတ်ဆေး ၇၉ - ၁၈၈။
ပိုက်ဆံပင် ၇၉ - ၁၃၈။
ပတ်ချုန်ဟီး ၇၀ - ၂၀၆။
ပတ်ဝန်းကျင်ညစ်ညမ်းမှု ၇၉ - ၁၉၀။
ပဏ္ဍိတ၊ အရှင် ၇၉ - ၁၉၂။
ပုပ်ရဟန်းမင်းများ ၇၉ - ၁၉၃။
ပြဒါးလင်းဂူ ၇၀ - ၂၀၆။
ပြင်သစ်သမ္မတနိုင်ငံ ၇၉ - ၂၅၉၊ ၂၆၂၊ ၂၉၀။
၇၀ - ၂၀၈။

ဖ

ဖရေဇာ, ဂျွန်မာလကွန် ၇၉ - ၁၉၆။
ဖရေဇီယာ ၇၉ - ၂၆၆။
ဖရန်ကို, ဂျင်နရယ် ၇၉ -၁၂၃၊
၇၀ - ၁၄၅၊ ၂၁၀။
ဖိလစ်ပိုင်သမ္မတနိုင်ငံ ၇၉ - ၁၉၇
၇၀ - ၂၁၀၊ ၂၃၆၊ ၂၃၇၊ ၂၉၅။

ဖူကူဒါ, တာကေအို ၇၉ - ၁၁၃၊၁၁၅၊၁၁၆၊ ၁၁၇၊ ၂၉၀။
၇၀ - ၁၃၈၊ ၂၁၁။
ဖေမောင်တင်၊ ဦး ၇၀ - ၂၁၂။
ဖိုးကွန်း၊ ဗိုလ်မှူး ၇၀ - ၂၁၃။
ဖင်လန်သမ္မတနိုင်ငံ ၇၉ - ၁၉၈။
၇၀ - ၈၀၊ ၁၁၃၊ ၂၀၅။
ဖန်ပြန်သန္ဓေသား ၇၉ - ၁၉၉
ဖန်ဗန်ဒေါင်း ၇၀ - ၂၁၄။
ဖွဲ့စည်းပုံအခြေခံဥပဒေ၊ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာ နိုင်ငံတော် ၇၉ - ၂၀၀

ဗ

ဗထော်ဇီ ၇၉ - ၉၉၊ ၂၆၁။
ဗရက်ဇညက်,လီယိုနစ်အီလီယစ် ၇၀ - ၂၁၅။
ဗဆောင်း,ဝမ်ဟာဗွန် ၇၀ - ၂၁၆။
ဗရန့်,ဝီလီ ၇၀ - ၂၁၇။
ဗရန်းဒေ့,အေဗရီ ၇၀ - ၂၁၀။
ဗာဆတိုလန် ၇၀ - ၂၁၀။
ဗာဗီကျူရိတ် ၇၉ - ၄၀။
ဗာဗေးဒိုးနိုင်ငံ ၇၀ - ၂၁၀။
ဗာမျူဒါတြိုက် ၇၀ - ၂၁၉။
ဗာရိန်းနိုင်ငံ ၇၀ - ၂၂၀။
ဗာလဗာယေး, ဖရန်ဆွာတွမ် ၇၉ - ၁၀၉။
ဗားနတ်, ခရစ်ဖျင် ၇၉ - ၅၆။
ဗားလဟိုင်း,ကု ၇၀ - ၂၂၁။
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ၇၉ - ၂၀၂၊ ၂၉၆။
၇၀ - ၂၂၁။
ဗူမီဒီယင်, ဟူဝါးရီ ၇၉ - ၆၅။
၇၀ - ၂၂၂။
၇၀ - ၂၂၂။
ဗူရွန်ဒီသမ္မတနိုင်ငံ ၇၉ - ၂၅၄။
၇၀ - ၂၂၃။
ဗယ်ဂင်, မီနာချင် ၇၉ - ၁၁၉၊ ၂၀၃၊ ၂၆၃၊ ၂၉၄၊ ၂၉၅။
၇၀ - ၂၂၃။
ဗယ်နင်ပြည်သူသမ္မတနိုင်ငံ ၇၀ - ၂၂၄။
ဗဲလကျိယမ်နိုင်ငံ ၇၉ - ၅၀၊ ၆၂၊ ၉၉၊ ၁၀၀၊ ၂၅၇၊ ၂၅၄၊ ၂၀၃၊ ၂၀၄၊ ၂၀၅၊

အကွရာစဉ်အညွှန်း

ဗော့ဆွာနာသမ္မတနိုင်ငံ ၇၈ - ၂၂၅။
ဗိုကာဆာ,ဂျင်းဗီဒဲ ၇၈ - ၂၂၆။
ဗိုလတာနိုင်ငံ ၇၉ - ၂၉၂။
ဗိုလီဗာ, ဆိုင်မွန် ၇၉ - ၉၄။
ဗိုလစ်ဗီးယားသမ္မတနိုင်ငံ ၇၉ - ၂၀၃။
ဗင်နီဇွဲလား ၇၉ - ၉၄၊၁၁၁၊ ၂၆၁။
ဗဂ်လားဒေ့ရှ ပြည်သူ့သမ္မတနိုင်ငံ ၇၉ - ၂၂၈၊၂၅၄၊၂၅၅၊ ၂၅၆။
၇၈ - ၂၂၆။
ဗိုင်းရပ်ပိုး ၇၉ - ၉၆။
ဗိုင်းအော့ပစီ ၇၉ - ၉၇။

ဘ

ဘမော်၊ ဒေါက်တာ ၇၈ - ၂၂၈။
ဘရဇင်စကီ ၇၉ - ၂၉၅။
ဘာဗေး,ဗီနိုဗာ ၇၈ - ၂၂၉။
ဘူတို,ဇူလဖီကာအလီ ၇၈ - ၂၃၀။
ဘက်မလိုက်နိုင်ငံများ ၇၈ - ၂၃၀။
ဘိန်းဖြူ ၇၉ - ၄၅။
ဘိန်းမဲ ၇၉ - ၄၀၊ ၄၅။
ဘွဲ့တံဆိပ်များ ၇၉ - ၂၀၄။

မ

မကာရီယိုစ ၇၉ - ၁၂၉။
၇၈ - ၂၃၂။
မနော်ဟာရီစစ်ကြောင်း ၇၉ - ၂၃၁။
မကွေးတိုင်း ၇၉ - ၂၀၇။
၇၈ - ၂၃၃။
မလေးရှားပြည်ထောင်စု ၇၉ - ၂၀၈။
၇၈ - ၂၃၄။
မဟာဗျူဟာလက်နက်ကန့်သတ်ရေး ၇၉ - ၂၀၉။
၇၈ - ၇၂၊ ၂၃၄။
မာရီယံ, မင်ဂျစ္စထူဟေလီ ၇၉ - ၁၄၂။
မာလတီနေရှင်နယ် ၇၈ - ၂၃၅။
မာလာဂါဆီနိုင်ငံ ၇၈ - ၂၃၅။
မာလီသမ္မတနိုင်ငံ ၇၉ - ၂၉၂။
၇၈ - ၂၃၆။
မာလစ်,အဒမ် ၇၉ - ၂၁၀။
မားကို့စ,ဖာဒီနန်အီး ၇၈ - ၂၃၆။
မီကိုယန်,အနတ်တတ်အီဗာနိုဗစ် ၇၉ - ၂၁၀။
မူးယစ်ဆေးဝါးအန္တရာယ်
ကာကွယ်ရေး ၇၉ - ၄၀။
၇၈ - ၂၃၇။
မေထုန်မဲ့သားစပ်ခြင်း ၇၈ - ၂၄၀။
မေယာ,မစ္စက်ဂိုလဒါ ၇၉ - ၂၁၁။
၈၇ - ၂၄၁။
မယ်ရီယန္ဒားကျွန်းများ ၇၉ - ၂၁၁။
မဲလုံးစစ်ဆင်ရေး ၇၉ - ၄၇။
မော်စီတုံး ၇၈ - ၂၄၂။
မော်ရီတေးနီးယားအစ္စလာမ်
သမ္မတနိုင်ငံ ၇၈ - ၂၄၃။
မိုဇမ်ဗစ်ပြည်သူ့သမ္မတနိုင်ငံ ၇၈ - ၂၄၃။
မိုဗူတူး, ဂျင်နရယ် ၇၉ - ၆၂။
၇၈ - ၂၄၄။
မိုရော့ကိုနိုင်ငံ ၇၈ - ၂၄၅။
မိုရို,အယ်လဒို ၇၉ - ၂၁၂။
မိုးဟိန်းစစ်ဆင်ရေး ၇၉ - ၄၇။
မက်ဒါဂက်စကာဒီမိုကရက်တစ်
သမ္မတနိုင်ငံ ၇၈ - ၂၄၆။
မက်လူးအန်,ဟားဗတ်မာရှယ် ၇၈ - ၂၄၆။
မိုက်ခရိုနီးရှားကျွန်းစု ၇၉ - ၂၁၂။
မင်းစိန်၊ ဒေါက်တာ ၇၉ - ၂၁၂။
မန္တလေးတိုင်း ၇၉ - ၂၁၃။
၇၈ - ၂၄၇။
မုန်တိုင်ဆည် ၇၉ - ၂၁၅။
မျိုးဗီဇအင်ဂျင်နီယာပညာ ၇၉ - ၂၁၅။
မျက်ခမ်းစပ်ရောဂါ ၇၉ - ၂၁၇။
မြေဆီလွှာပြုန်းတီးခြင်း ၇၉ - ၂၁၈။
မြေမဲ့စိုက်ပျိုးရေး ၇၉ - ၂၁၉။
မြက်ခြောက်စစ်ဆင်ရေး ၇၉ - ၄၇။
မြောက်နဝင်းဆည် ၇၉ - ၂၂၁။
မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ ၇၈ - ၂၄၈။
မြန်မာနိုင်ငံ၊ ပြည်ထောင်စု
ဆိုရှယ်လစ်သမ္မတ ၇၉ - ၂၂၁။
၇၈ - ၂၄၉။
မွန်ပြည်နယ် ၇၉ - ၂၂၃
၇၈ - ၂၅၁။

ယ

ယူဂိုစလားဗီးယား ၃၉ - ၉၉။
၇၈ - ၁၇၅။
ယူဂန်းဒါးသမ္မတနိုင်ငံ ၃၉ - ၂၂၅။
၇၈ - ၂၅၂၊ ၃၀၄။
ယူနီဆက် ၇၈ - ၉၄၊ ၉၅၊ ၁၁၂။
ယူနက်စကို ၇၈ - ၂၅၃။
ယူနိုက်တက်ကင်းဒမ်း ၇၈ - ၂၅၃။
ယူရာတမ် ၇၈ - ၂၅၄။
ယေမင်ပြည်သူ ဒီမိုကရက်တစ်
သမ္မတနိုင်ငံ ၃၉ - ၂၂၆၊ ၂၈၈။
၇၈ - ၂၅၄။
ယေမင်အာရပ်သမ္မတနိုင်ငံ ၃၉ - ၂၂၆။
၇၈ -၁၉၆၊ ၂၅၄
ယန်း, ဂျင်မီ ၃၉ - ၂၆၆။

ရ

ရခိုင်ပြည်နယ် ၃၉ - ၂၂၇
၇၈ - ၂၅၆။
ရာဇတ်, တွန် အဗ္ဗဒူ ၇၈ - ၂၅၆။
ရာဗင်, ယစ်ဇတ် ၇၈ - ၃၁၆။
ရာမန်, ရိုတ်မူဂျီဗူ ၇၈ - ၂၂၇၊ ၂၅၇။
ရူဘေယီအာလီ ၇၉ - ၂၂၆။
ရူမေးနီးယားနိုင်ငံ ၃၉ - ၉၉၊ ၁၀၇။
ရေဆင်းဆည် ၃၉ - ၂၂၈။
ရေဒီယိုတယ်လီစကုပ် ၇၈ - ၂၅၉။
ရေဒီယိုနက္ခတ္တဗေဒ ၇၈ - ၂၅၉။
ရေဒီယိုမှန်ပြောင်း ၇၈ - ၁၉၂၊ ၂၅၉။
ရေဒီယမ်ရောင်ခြည် ၇၉ - ၉၇။
ရေနံ ၇၈ - ၂၅၉။
ရေနံတင်ပို့ရောင်းချသော
နိုင်ငံများ အဖွဲ့ ၇၈ - ၂၆၀။
ရေနံဒေါ်လာ ၇၈ - ၂၆၁။
ရိုဒီးဇီးယား သမ္မတနိုင်ငံ ၃၉ - ၆၉၊ ၉၂၊ ၂၂၉။
၇၈ - ၂၅၄။ ၂၆၁။
ရိုမီယို ၇၉ - ၂၀၀။
ရက်ဒီ ၃၉ - ၂၆၂၊ ၂၉၇။
ရင်မေ၊ ဒေါ်၊ ဒေါက်တာ ၃၉ - ၂၃၀။
ရန်ကုန်တိုင်း ၃၉ - ၂၃၀
၇၈ - ၂၆၂။
ရုပ်ရှင်ထူးချွန်ဆုများ၊ မြန်မာနိုင်ငံ
ရှမစ်, ဟယ်လမွတ် ၃၉ - ၂၃၂။
၃၉ - ၁၁၇။
၇၈ - ၁၃၉၊ ၂၆၃။
ရှာပူရ်ဘက်တီယာ ၃၉ - ၂၀၂။
ရှားဘုရင်၊ မိုဟာမက်, ရီဇပါလဗီ ၃၉ - ၂၃၅။
ရွှေဆောင်လူငယ် ၇၉ - ၂၄၀။
၇၈ - ၂၆၄။
ရွှေဟောင်းဒေသနှင့်အဆောက်
အအုံများ ပြန်လည်ပြုပြင်
ထိန်းသိမ်းခြင်း ၃၉ - ၂၃၅။
ရိုတ်မူဗာရက် ၇၈ - ၉၇။
ရိုန်၊ ဦး၊ ကာယဗလ ၇၈ - ၂၆၄။
ရှမ်းပြည်နယ် ၃၉ - ၂၃၆။
၇၈ - ၂၆၅။
ရွှေပြည်အေး၊ စန္ဒယား ၇၈ - ၂၆၆။
ရွှေလောင်းကျန်းစီမံကိန်း ၃၉ - ၂၀၆။
ရွှေဝါထွန်းစစ်ကြောင်း ၃၉ - ၂၃၁။
ရွှေဝါမြေစစ်ဆင်ရေး ၃၉ - ၂၃၁။
ရွှေဝယ်ဇ ၃၉ - ၂၃၀။
ရွှေဥဒေါင်း ၇၈ - ၂၆၇။

လ

လိချိတင်စတိုင်းနိုင်ငံ ၃၉ - ၂၃၉။
လီကွမ်ယူ ၇၈ - ၂၆၀။
လီဆိုဇိုသိုန်ိုင်ငံ ၇၈ - ၂၆၉။
လူငယ်စည်းရုံးရေး ၃၉ - ၂၄၀။
၇၈ - ၂၇၀။
လူမဲ့ပရိုဂရက်စ် ၂ ၃၉ - ၂၆၉။
လူရည်ချွန်စီမံကိန်း ၇၉- ၂၄၁။
၇၈ - ၂၇၂။
လူအရိပ်အကဲ ဟန်ပန်လေ့လာမှု
ပညာ ၇၈ - ၂၇၃။
လေဇာရောင်ခြည် ၇၈ - ၂၇၄။
လောနိုင်ငံ၊ ပြည်သူဒီမိုကရက်တစ်
သမ္မတနိုင်ငံ ၇၈ - ၁၀၁၊၁၅၉၊၁၈၃၊
၂၆၅၊ ၂၇၄၊ ၂၈၁။

လက်ဗန္ဓန်သမ္မတနိုင်ငံ ၇၉ - ၂၄၂၊ ၂၈၃၊ ၂၉၃။
၇၈ - ၂၇၅။
လိုက်ဗီးရီးယား သမ္မတနိုင်ငံ ၇၉ - ၂၉၂။
လစ်ဗျအာရပ် ပြည်သူသမ္မတနိုင်ငံ ၇၉ - ၂၇၈။
၇၈ - ၈၃၊ ၁၄၂၊ ၁၉၂၊ ၂၇၆။
လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရေး ၇၉ - ၂၄၃။
လမ်းစဉ်လူငယ်အဖွဲ့ ၇၉ - ၂၄၀။
၇၈ - ၂၇၁၊ ၂၇၆။
လွင်၊ ဦး၊ နိုင်ငံတော်ကောင်စီဝင် ၇၉ - ၂၄၄။

ဝ

ဝါဆောစာချုပ်အဖွဲ့ ၇၉ - ၁၀၈။
၇၈ - ၂၇၆။
ဝီလဆင်, ဟားရိုး ၇၉ - ၂၄၅။
၇၈ - ၂၅၃။
ဝေဘူဆရာတော်၊ ဦးကုမာရ ၇၈ - ၂၇၇။

သ

သပြေပင်ဆရာတော် ၇၈ - ၂၇၈။
သမရိုးကျဂလိုက်ဒါ ၇၉ - ၁၀၅။
သီရိလင်္ကာသမ္မတနိုင်ငံ ၇၉ - ၂၄၆။
၇၈ - ၁၀၁၊၁၄၁၊၁၇၀၊ ၁၇၅၊၂၇၉။
သီဟာနု, နိုရိုဒွန် ၇၈ - ၁၁၁၊ ၂၈၀။
သုဝဏ္ဏဖူးမား၊ မင်းသားကြီး ၇၈ - ၂၇၄၊ ၂၈၁။
သူတပါးထိခိုက်မှုအာမခံစနစ် ၇၈ - ၂၈၁။
သက်ကြီးပညာသင်ကြားရေး ၇၈ - ၂၈၂။
သခ်္ဂျာသစ် ၇၈ - ၂၈၂။
သိုင်းရွိုက်ဂလင်း ၇၉ - ၉၆။
သစ်ဆုံဆည် ၇၉ - ၂၄၇။
သစ်မွေး ၇၈ - ၂၈၃။
သတ္တုတူးဖော်ရေးလုပ်ငန်း ၇၈ - ၂၅၁။
သန့်၊ ဦး ၇၈ - ၉၂၊ ၂၂၁။
သန်းခေါင်စာရင်း ၇၉ - ၂၄၇။
သိန်းဖေမြင့်၊ ဦး ၇၉ - ၂၄၈။
သိမ်းမောင်၊ ဦး ၇၈ - ၂၈၃။
သွေးလွန်တုပ်ကွေး ၇၉ - ၂၄၉။

ဟ

ဟာမီဒီ, သမ္မတ ၇၉ - ၂၂၇။
ဟားရိုးလ်ရော်ဗင် ၇၉ - ၂၅၂။
ဟူစိန်, အိဗင်တဲလားလ် ၇၉ - ၁၁၉၊ ၂၅၃။
ဟူးဗားဂျန်, အက်ဂါ ၇၈ - ၂၈၄။
ဟူးဘတ်, ဂူးစတပ် ၇၉ - ၁၀၈။
ဟယ်ရိုအင် ၇၉ - ၄၀၊၁၃၈။
ဟော်လန်နိုင်ငံ ၇၉ - ၇၈၊ ၉၉။
ဟိုချီမင်း ၇၈ - ၂၁၅။
ဟိုပုန်းချိုင့်ဝှမ်းဆည် ၇၉ - ၂၅၄။
ဟိုဗာယာဉ် ၇၈ - ၂၈၅။
ဟိုက်ဒရိုပလိန်း ၇၈ - ၂၈၆။
ဟိုက်ဒရိုဖွိုင်ယာဉ် ၇၈ - ၂၈၇။
ဟသ်ာစီမံချက် ၇၉ - ၂၂၈၊ ၂၅၄။
ဟတ်ဆန်နီ ၇၉ - ၂၂၆။
ဟန်ဂေရီ ပြည်သူသမ္မတနိုင်ငံ ၇၉ - ၆၀၊ ၉၉၊ ၁၀၈။
ဟမ့်ဖရေ,ဟူးဗတ်ဟိုရေးရှိး ၇၉ - ၂၅၆။
ဟွကိုဖုန်း ၇၉ - ၁၁၃။
၇၈ - ၁၇၇၊ ၂၈၈။
ဟွန်ဒူးရပ်စသမ္မတနိုင်ငံ ၇၉ - ၁၂၁၊ ၂၅၇၊ ၂၆၁။
ဟွမ်းကားလော့၊ ဘုရင် ၇၉ - ၁၂၃။

အ

အကောက်ခွန်များနှင့်ကုန်သွယ်မှုဆိုင်ရာ
အထွေထွေသဘောတူချက် ၇၈ - ၂၈၉။
အဆုတ် ၇၉ - ၅၆။
အထူးငွေထုတ်ခွင့်များ ၇၈ - ၂၈၉။
အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု
ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ၇၉ - ၂၅၇။
အပြည်ပြည်ဆိုင်ရာ ကြေးနန်း
ဆက်သွယ်ရေးအဖွဲ့ ၇၉ - ၂၅၈။
အပြည်ပြည်ဆိုင်ရာငွေကြေး
ရန်ပုံငွေအဖွဲ့ ၇၉ - ၂၅၈။
အပြည်ပြည်ဆိုင်ရာစာပို့လုပ်ငန်းအဖွဲ့ ၇၉ - ၂၅၈။
အပြည်ပြည်ဆိုင်ရာပညာပစ္စည်းများ
ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ၇၉ - ၂၅၉။
အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ ၇၉ - ၂၅၉။

အပြည်ပြည်ဆိုင်ရာဘက္ကာရေး
ကော်ပိုရေးရှင်း ၃၉ - ၂၅၉။
အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်း
အဖွဲ့ ၃၉ - ၂၆၀။
အပြည်ပြည်အစိုးရဆိုင်ရာရေကြောင်း
အတိုင်ပင်ခံအဖွဲ့ ၃၉ - ၂၆၀။
အပြည်ပြည်ဆိုင်ရာအလုပ်သမား
ရေးရာအဖွဲ့ ၃၀ - ၂၉၂။
အမေရိကန်နိုင်ငံများအသင်း ၃၉ - ၂၆၁။
အမေရိကန်ပြည်ထောင်စု ၃၉ - ၂၆၁။
၃၀ - ၂၉၃။
အမျိုးသားစာပေဆု ၃၉ - ၂၆၃။
၃၀ - ၂၉၃။
အရှေ့တောင်အာရှစာချုပ်အဖွဲ့
(ဆီးတိုး) ၃၀ - ၂၉၅။
အရှေ့တောင်အာရှနိုင်ငံများအဖွဲ့
(အေစီယင်) ၃၀ - ၁၃၀၊ ၂၅၇၊ ၂၉၆၊
၃၁၀။
အရှေ့ဥရောပနိုင်ငံများအပြန်အလှန်
ကူညီရေးအဖွဲ့ (ဝါဆော) ၃၀ - ၂၉၇။
အလီ, မိုဟာမက် ၃၉ - ၂၆၄။
အလယ်ပိုင်းစာချုပ်အဖွဲ့ ၃၀ - ၂၉၇။
အလယ်ပိုင်းအာဖရိကအင်ပိုင်ယာ ၃၀ - ၂၉၀။
အသားရောင်ခွဲခြားခြင်းစနစ် ၃၀ - ၂၉၉။
အသုံးလုံးကျေသင်တန်း ၃၀ - ၃၀၁။
အာကာသစူးစမ်းရှာဖွေခြင်း ၃၉ - ၂၆၆၊
၃၀ - ၃၀၁။
အာစီဏ္ဏ၊ အရှင် ၃၉ - ၂၆၉။
အာဆီမော့ဗ်, အိုင်ဆက် ၃၀ - ၃၀၂။
အာဆတ်, ဟာဖစ် ၃၀ - ၃၀၃။
အာဖဂန်စတန်သမ္မတနိုင်ငံ ၃၉ - ၂၇၁။
အာဖရိကညီညွတ်ရေးအဖွဲ့
(အိုအေယူ) ၃၉ - ၆၀။
၃၀ - ၃၀၃။
အာဖရိကဒေသဆိုင်ရာ
စီးပွားရေးကော်မရှင် ၃၉ - ၂၇၂။
အာဖရိကပြည်သူညီညွတ်ရေးအဖွဲ့
(ဇာပူး) ၃၉ - ၆၈။
အာဖရိကအမျိုးသားညီညွတ်ရေး
အဖွဲ့(ဇာနူး) ၃၉ - ၆၈။
အာမင် အီဒီ ၃၉ - ၂၂၅။
၃၀ - ၂၅၂၊ ၃၀၄။
အာရဖတ်, ယာဆာ ၃၉ - ၆၅။
၃၀ - ၂၀၄၊ ၃၀၄။
အာရပ်စော်ဘွားနယ်ပေါင်းစုနိုင်ငံ ၃၀ - ၃၀၅။
အာရပ်အမျိုးသားအဖွဲ့ချုပ် ၃၀ - ၃၀၆။
အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာစီးပွား
ရေးနှင့် လူမှုရေးကော်မရှင် ၃၀ - ၃၀၇။
အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) ၃၉ - ၂၄၆။
၃၀ - ၃၀၆။
အာရှအားကစားပြိုင်ပွဲ ၃၉ - ၂၇၂။
အာဝမ်းဒါးသမ္မတနိုင်ငံ ၃၉ - ၂၇၄။
ဣတလီနိုင်ငံ ၃၉ - ၂၇၅။
အီကော်လောဂျီ ၃၉ - ၂၇၆။
အီကွေတိုရီယယ်ဂင်းနီသမ္မတနိုင်ငံ ၃၀ - ၃၀၈။
အီဂျစ်အာရပ်သမ္မတနိုင်ငံ ၃၉ - ၂၆၁၊ ၂၇၈၊ ၂၉၄။
၃၀ - ၁၅၅၊ ၁၆၂၊ ၁၉၆
၃၀၈။
အီရတ်နိုင်ငံ ၃၉ - ၂၇၉။
အီရန်နိုင်ငံ ၃၉ - ၂၆၂၊ ၂၈၀။
အီသီအိုးပီးယားဆိုရှယ်လစ်နိုင်ငံ ၃၉ - ၅၈၊ ၁၀၃၊ ၁၄၂။
၃၀ - ၁၆၅၊ ၃၀၃၊ ၃၀၉။
အီးစီအေ ၃၉ - ၂၈၂။
အီး၊ အက်ဖ၊ တီ၊ အေ ၃၉ - ၂၈၂။
ဥရောပကျောက်မီးသွေးနှင့်
သံမဏိအဖွဲ့ ၃၉ - ၂၈၂။
ဥရောပဒေသဆိုင်ရာ စီးပွားရေး
ကော်မရှင် ၃၉ - ၂၈၂။
ဥရောပဘုံစျေးအဖွဲ့ (အီးအီးစီ) ၃၉ - ၂၈၃။
ဥရောပဘုံအဖွဲ့ ၃၉ - ၂၈၅။
ဥရောပလွတ်လပ်စွာ
ကုန်သွယ်ရေးအသင်း ၃၉ - ၂၈၅။
ဥရောပအနုမြူစွမ်းအင်အဖွဲ့ ၃၉ - ၂၈၅။
အူဗရစ်, ဝေါ်လတာ ၃၀ - ၁၄၀၊ ၃၁၀။
အေစီယင် ၃၀ - ၃၁၀။
အေဒီဘီ ၃၀ - ၃၁၀။
ဧရာဝတီတိုင်း ၃၉ - ၂၈၆။
၃၀ - ၃၁၁။
အယ်ဆာဗာဒိုသမ္မတနိုင်ငံ ၃၉ - ၂၈၇။
အော်တိုမေးရှင်း ၃၀ - ၃၁၂။
ဩစတြေးလီးယား ၃၉ - ၂၈၈။
ဩဘာသောင်း၊ ဒေါ် ၃၀ - ၃၁၂။
အိုပက် ၃၀ - ၂၁၃။
အိုမန်နိုင်ငံ ၃၉ - ၂၈၈။

အိုဟီးဝ, မာဆာယိုရှိ ၇၉ - ၁၁၆၊ ၂၀၉။
အာက်စကက် ၇၀ - ၃၁၃။
အာက်စပါရန်တို ၇၀ - ၃၁၃။
အီက်စရေးဓာတ်မှန် ၃၉ - ၉၇။
အီက်စရေးရောင်ခြည် ၃၉ - ၉၇။
အင်ဒိုနီးရှားသမ္မတနိုင်ငံ ၃၉ - ၂၃၅၊ ၂၉၀။
၇၀ - ၁၅၀၊ ၁၆၀၊ ၃၃၄။
အောင်ဆန်း၊ ဗိုလ်ချုပ် ၃၉ - ၂၄၉။
၇၀ - ၁၅၁၊ ၁၇၆၊ ၂၁၃။
အောင်ဒင်၊ ဦး၊ နိုင်ငံတော် ကောင်စီဝင် ၃၉ - ၂၉၁။
အိုင်ဗရီကိုစသမ္မတနိုင်ငံ ၃၉ - ၂၉၂။
အိုင်ယာလန်သမ္မတနိုင်ငံ ၃၉ - ၂၉၂။
၇၀ - ၉၀၊ ၂၅၃။
အိုင်အာအေ၊ အိုင်းရစ်ရီပတ်ဗလစ် ကန် လက်နက်ကိုင်အဖွဲ့ ၃၉ - ၂၉၃။
အိုင်အယ်အို ၇၀ - ၃၁၅။
အစ္စလာမ်မာဗတ်မြို့ ၇၀ - ၃၁၅။
အင်္ဂရိယယ်နိုင်ငံ ၃၉ - ၀၇၊ ၉၀၊ ၁၁၀၊ ၂၄၅၊ ၂၆၁၊ ၂၇၀၊ ၂၀၃၊ ၂၉၃။
၇၀ - ၀၃၊ ၁၄၅၊ ၁၉၆၊ ၂၀၄၊ ၂၄၁၊ ၂၅၅၊ ၂၆၆။
ဥက္ကဋ္ဌ၊ အရှင် ၃၉ - ၂၉၅။
အန်ဂိုလာပြည်သူ့သမ္မတနိုင်ငံ ၇၀ - ၃၁၇။
အိန္ဒိယပြည်ထောင်စုသမ္မတနိုင်ငံ ၃၉ - ၁၁၂၊ ၂၉၆၊ ၇၀ - ၃၁၀။
အုန်း, ဟူစိန်မင်း ၃၉ - ၂၀၀၊ ၇၀ - ၃၁၉။
အပ်စိုက်ကုသခြင်း ၇၀ - ၃၁၉။

၆၇၄
စာကြည့်ထိုက်
ဗိုလ်ကာသာပြန်နာရေး
ဖြန့်ချိရေးအဖွဲ့